www.burmeseclassic.com

အတွဲ (၁၅) အမှတ် (၄)
ဇာတ်ရှုခင်း ပြေးလ

# ဘုရားပွင့်

မဂ္ဂင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္ဒဿိ ခတ္တိယော တပတိ၊
ဗျာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သမ္မ မဟော ရတ္တိ
မုဒ္ဒါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
မုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သဗ္ဗေ ပ္ပရေန္တု သင်္ဂဟာ။ ။

# အရှင်ဘုရား

မဂ္ဂဇင်း

အတွဲ (၁၅) အမှတ် (၄)
၂၀၁၅ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အကဲအရေးဆောင်းပါးများ


၅ လွတ်လပ်စွာကိုးကွယ်ခွင့်
**မဟာဗောဓိဖြူဆရာတော်ဘုရားကြီး**

၆ ရှေ့ကိုးနောက်ဆုတ်(၁)
**မဟာဗောဓိဖြူဆရာတော်ဘုရားကြီး**

၁၃ ဒေါင်းပရိတ်မွန်း
**မြဝင်း(ဒဿန)**

၁၅ ဒုလ္လဘနှင့်စိတ္တဟတ္ထမထေရ်
**မိုးတော်အောင်**

၁၇ ကမ္ဘာအဲ့ချီးမကုန်
မြတ်ရွှေတိဂုံရင်ပြင်တော်မှ
ထင်ရှားကျော်ကြားစေတီဘုရားများ
**ကံဝင်း**

၂၂ တံခွန်တိုင်၏သဘောအဓိပ္ပာယ်နှင့်
ငွေတောင်ပြည်တံခွန်တိုင်ပွဲတော်
သစ္စာအဓိဋ္ဌာန်
**ကိုရွှေမြသန်း(သမိုင်း)**

၂၇ စွယ်တော်ရှင်ရွှေမုဋ္ဌေနှင့်
လွမ်းမောဖွယ်ကျွဲပတိုဂုံမြေ
**ချစ်ဆန်းသစ်**

၃၁ ဘုန်းကံကြီးများ မင်းကောရင်းများနှင့်
အစီအရင်အဆောင်ဂါထာများ(၄)
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၃၃ လမ်း-ရထားနှင့်ရထားထိန်း
**နတ်ထီးလှိုင်**

၃၅ ရှင်ဥပဂုတ္တမထေရ်နှင့်
ကိုးသဲလေးထပ်ဆရာတော်ဘုရားကြီး
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၃၇ မြဆင်းတုတော်ဌာပနာကိန်းဝပ်တော်
မူသော ဆုတောင်းပြည့်
မြစေတီရေးဟောင်းဘုရား
**မောင်စိမ်းထွေး(ကားဝယ်)**

၄၃ ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကရေ
ဆရာတော်ဘုရားကြီး၏ဩဝါဒတော်
များ
**ပန်းပြိုင်လယ်-စိန်ဝင်း**

၄၉ သမိုင်းဝင် ကချင်ပြည်နယ် ဗန်းမော်
မြို့၏ ရွှေကိုးနားမဟာစေတီတော်မြတ်
ကြီးနှင့်အိုက်ခါတော်စေတီတော်မြတ်
**ခင်ခင်ဝင်း(မောရဝတီ)**

၅၉ သာသနာ့အာဇာနည်ဆရာတော်ဦးဗုဒ္ဓ
**နေဝင်းဝင်း(လွန်ဆေး)**

၆၂ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၇၃ ကန္တာရဝတီမှတန်ခိုးကြီးဘုရားနှင့်
ထူးခြားဆန်းကြယ်သောနေရာများဆီသို့
ခရီးတစ်ခေါက်
**ရိရိဌေး**

၈၀ ထူးထူးခြားခြား
ရေဆန်ကျွန်းသစ်စေတီများ
**သစ်ထူးအိမ်**

၈၃ တောင်ပုလုတောရ
ကမ္ဘာအေးဆရာတော်ကြီးအမှတ်တရ
**တင်အောင်(စက်မူတက္ကသိုလ်)**

၉၀ သေကြောင်းတရား၊ အသက်ရှည်မှုနှင့်
မသေရာဌာန
**ဖျာပုံတင်နိုင်ဝင်း**

၉၃ ကိုယ့်ပြည်တွင်းကဗျဒဂယာ
သတ္တသတ္တာဟ ဖူးကြဝေးမကွာ
**ရာမည-သွေးမွန်**

၉၈ ကျွန်ုပ်နှင့် ဓမ္မစေတီမင်းတရားကြီး
ပူဇော်ခဲ့သော စိန္တာမဏိဂါထာ
**ဘုန်းခေါင်**

၁၁၃ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်
မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များ
လာရောက်ဖူးမြော်ခြင်း၊ ကျွတ်တမ်းဝင်
ကြခြင်းများနှင့်ထူးခြားမှုများ
**ဘိုဘို(ရွှေကံကူ)**

၁၂၀ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၁၉)
**ထုံးတောင်-အရှင်ဓမ္မပိယ(မြောင်)**

၁၃၅ သာသနာ့အောင်မြေနှင့်
ထူးခြားကြည်ညိုဖွယ်
ဆရာတော်ကြီးများ
**တိုက်ကြည့်(စဉ့်ကိုင်)**

၁၃၈ စန္ဒကူးသပိတ်တစ်လုံးနှင့်
တန်ခိုးပြာဋိဟာ
**မောင်မောင်မိုးအောင်**
**(စာပေဗိမာန်စာမူဆုရ)**


## သုတရသဆောင်းပါး


၂၅ ပေးနိုင်တဲ့သူနှင့်ပေးရဲသောသူ
**ဦးတင်ဝင်း(ဆန်းသပြေ)**

၆၆ ဖျာပုံမြို့ ရှေးဟောင်းသမိုင်းဝင်
ပဲ့နင်းကြီးဦးရွှေပေါ်ကောင်းမှု
မင်းကျောင်းကြီး
**မင်းနန္ဒာရိုး**

၇၀ မှတ်သားဖွယ်ရာသုတအဖြာဖြာ(၂)
**ဉာဏ်လွင်မြင့်**

၇၂ မှတ်သားကျင့်ဆောင်ရန်
အဖိုးတန်အလိမ္မာစာစဉ်များ
**ဆရာဦးစိန်လှိုင်(ကျွန်းလတ်)**


www.burmeseclassic.com

www.burmeseclassic.com


ဘီလူးကျွန်း ချောင်းဆုံပြိုနယ်မှ
ဘာသာရေးအစဉ်အလာကောင်းများ
နှင့် ကွမ်ရိုက်ရွာ
**မြတ်သက်ကျော်**

တို့ရွှမ်းပြိုဟောင်းတစ်နေရာ
**အောင်ရွှေစိုး**

ကျေးငှဲးရှင်
စစ်ကွင်းဆရာတော်ကြီး၏တပည့်၊
မဟာပထမဝံပညာ၏မြေပြင်ဂိုဏ်းချုပ်
ဒေါက်တာမီရှင်ဆရာကြီးဦးထွန်းမြိုင်(၁)
**ပထမံဆရာဦးအေးရွှေ**

သူငယ်ချင်းနှင့်မိတ်ဆွေ
**စိန်စိန်အေး**

ကုပန်ခေတ်
ကုပန်-မြန်မာသစ်ထုတ်ရေးအဖွဲ့.
**ထွန်းထက်**

အရိုးများကုန်း
**ဝန်ချီထူးလှ**
**(ရေးဟောင်းသုတေသန)**

သားသမီးရတနာနှင့်ဇရာဒုဗ္ဗလ
**ရာမည-သွေးမွန်**

လောကီကိစ္စဗဟုသုတ
**မုဒိတာ(ကျိုက်လတ်)**

မြောက်ဦးခေတ်လယ်
ဒုခိုင်အမျိုးသမီးများ၏ဆင်ယင်ထုံးဖွဲ့မှု
**နင်းဦး**

ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**

ခွစ်သူများရဲ့ဒဏ္ဍာရီထဲက
ခွစ်သူတွေရဲ့သင်္ကေတ
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေ-သု)**

ရေဆင်တကယ်ပင်ရှိသလား
**ရွှေချိုအောင်(ငပလီ)**

တံဆိပ်ခေါင်းများပေါ်က
ဗောရောဗုဓေစေတီတော်ကြီး
**ကြည်လွင်**

မြန်မာနိုင်ငံမီးရထားဌာန၏
မှတ်တမ်းဝင်အင်းဝတံတားကြီး
**တင်ထွန်း**
**(စက်မှု-၂ ငြိမ်း)**

သဘာဝဓမ္မ
**ချောင်းဆုံအုန်းသွင်**

ဘုရင်ခံဆာဟာကုတ်ဘတ္တလာနှင့်
ယွန်းခင်ခင်
**လှဖိုး(ပညာရေး)**

စကားဖိုး စကားမ
**ရဲရဲထွန်း(ဟသံတ)**

၂၉၄ The Purple Plain ခရမ်းရောင်လွင်ပြင်
မှ မြန်မာမင်းသမီး ဝင်းမင်းသန်း
**ကိုတိုး(ရန်ကင်း)**

၂၉၇ ကွဲ၊ နွား၊ သိုး၊ ဆိတ်
အနာဝိုးလောက်တက်သော်ကုနည်း
**နတ်မောက်မင်းချစ်နော်**

၃၀၃ မြန်မာပြည်တွင်
မြန်မာတို့အဖို့လိုက်နာရသည်
**ရန်နိုင်**

၃၁၅ ပြွေအန္တရာယ်သတိပြုဖွယ်
**အောင်သိန်းဝင်း(ပွင့်ပြု)**

၃၂၉ မိန်တပေါင်း၏ဝိသေသဂုဏ်ရည်များ
**မင်းရှိန်အောင်**

၃၅၁ အသချေ့ယျသခ်ျာ
**ဦးလှထွန်းအောင်**
**(အငြိမ်းစားအထက၀ကျောင်းအုပ်ကြီး)**

၃၅၄ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၆၈)
**မောင်သန်းဆွေ(ထားဝယ်)**

**သူရဇ္ဇဝိုင်းရင်းဆေး**

၄၇ ဖြူ-နီ-ညို့ကွက်ဆေးစွမ်းထက်
**နေမင်(နတ်မောက်)**

၇၈ ဝမ်းပျက်ဝမ်းလျှောရောဂါအတွက်
ဆေးနည်းကောင်းတစ်လက်
**စနေထွန်း(မြစ်သား)**

၁၀၂ ဆီးချို၊ ဆီးအောင့်၊ ဆီးနည်း၊
ဆီးကျောက်တည်သူများအတွက်
ဆေးနည်းကောင်းတစ်လက်
**စနေသား(မြောင်းမြ)**

၁၉၃ နွားများတွင်ဖြစ်သောအနာ
ပျောက်ကင်းစေရန်
**စုစန္ဒာအောင်(ကျောက်ပုံ)**

၂၁၇ ဆင်တုံးမန္တယ် ဆေးဝါးအဖြစ်အသုံးပြု
နိုင်သည့် သုတေသနလုပ်ဆောင်မှုများ
**စွမ်းထက်နောင်**

၂၃၅ မျက်စိဝေဒနာရှင်များအတွက်
**နေပြည်တော်ကျော်ကျော်စိုး**

၂၅၈ လေးဖက်နာအတွက်
တောဖရုံဆေးရွက်(၃)
**နေဝင်းဝင်း(လွှန်ဆေး)**

၂၇၇ မီးယပ်ဖြူဆင်းပျောက်ကင်းလိုလျှင်
**သန္ဓိ(ဥပဒေ)**

၂၉၇ ခါးကိုက်လျှင်သောက်လိုက်ပါ
**နေမင်(နတ်မောက်)**

၃၀၅ ရုပ်ပျိုကိုယ်နကျန်းမာရှင်လန်းစေသည့်
နည်းကောင်းတစ်လက်
**စိုးထွန်း(ဥပဒေ)**

၃၂၀ နွားနို့နှင့်မတွဲဖက်သင့်သည်များ
**သန္ဓိ(ဥပဒေ)**

၃၂၇ ပျိုမေများ အသားအရေလုပ်စိုပြည်
စေရန် ရှောင်သင့်၊ ဆောင်သင့်သည့်
လှပြုဂုဏ်ချက်များ
**ဦးမင်းဇင်(ရွှေနဝင်း)**

၃၅၀ ဆူးသမာ(ဆူးပဆုပ်) ပျောက်ဆေးနည်း
**ဉာဏ်မြင့်(တောင်တွင်း)**

၃၇၈ အစာလည်ဆေး ဆေးလည်းအစာ
ရောဂါလည်းပျောက် လွှာလည်
လောက်သည့် ရသာစုံလင် ဆေးဖက်
ဝင်ဟင်းလျာများ(၄)
**ရွှေနဝင်း(ပုသိမ်)**

၃၉၇ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**

**သူရဇ္ဇဝတ္ထုတို**

၁၄၆ ပရိတ်ပန်းကြောင့်
လောကအစုံဟာလန်းနေတော့တယ်
**မောင်သင်းထုံ(ကျောက်မဲ)**

၁၆၆ ထူးဆန်းတဲ့နပန်းပွဲကြီး
**အောင်မြင့်ထွန်း(မသုံးထုံး)**

၁၇၄ နတ်ဆက်ဓားနှင့်သိုင်းသမား
**ရောမြေ-ကျော်ဝေ**

၁၇၈ သင်္ကြန်ကိုစိတ်နာကြသူများ
**ရွှေပြည်စိုး(မိုးကုတ်)**

၁၉၀ ဦးအော်နှင့်ကွမ်းရိုးမြား
**ဇွစိုး(ရွှေကြန့်မြေ)**

၂၀၂ သရေခေတ္တရာမုပျဘုရားကြီး
**ဆရာကြီးနတ်စက်ရောင်**

၂၂၀ အုတ်ဂူပေါ်ကနွားရုပ်လေး၏ရာဇဝင်
**မင်းဟိန်းခိုင်**

၂၂၆ တမလွန်ရွာကိုကျောခိုင်း၍
**ကောင်းသော်**

၂၆၂ ကဝေမလေးကိုချစ်မိလေသောကြောင့်
**ရဲရဲထွန်း(ဟသံတ)**

၂၇၀ ကာကွယ်ရေးကျော်သောင်းနှင့်
ရွာသာကုန်းရွာကလေးအကြောင်း
**သန့်ဝင်**

၂၈၂ ကြိမ်ဗျစ်တောကမြွေနီဆန်း
**ဖိုးကျော့**

၂၈၆ မြင်းမိုရ်ထက်မုစုန်သောရေ
**ဝေး(ရောဝတီ)**

၂၉၈ ဂျပန်သိုက်
**အောင်ကြည်သန်း(အောင်တော်သီ)**

၃၁၀ ငေါင်းခြေတစ်ချောင်းစီးကောင်း
**ရီရီဌေး**


www.burmeseclassic.com

www.burmeseclassic.com

၃၁၆ ရုက္ခစိုးကြီးစောင်မ၌
သေဘေးမှလွတ်ခဲ့ရသူလေး
**စာတ်ပုံ-မောင်မောင်အေး**

၃၂၂ ကျွန်တော်နှင့်
သစ္စာရှိသောမုဆိုးရဲဘက်များ
**ထောင်မှုကြီးသိန်းဝင်း**

၃၃၄ သရဲကိုအနိုင်ယူကုသော
ဆရာစုအကြောင်း
**အဏ္ဏဝါလှိုင်း**

၃၄၆ ဖုန်းဆိုးရွာမှင်စာလေးတွေ့ိုတဲ့ညည
**ခင်မမငင်း(ကလော)**

၃၆၂ မကွယ်လွန်မီကသေဆုံးခဲ့ကြသူများ
**မျိုးသစ်**


## သူရဿအခန်းဆက်ဝတ္ထုရှည်


၃၆၆ ပညာရှင်(၆)
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**


## သူရဿ ပညာရပ်


၂၁၄ မလွဲသင့်သောနင်းကြမ်း
**မင်းမြည့်**

၂၄၅ နာမ်နှင့်ရုပ်မချုပ်သမျှ မရနိဗ္ဗာန်
**သူရိန်ထွန်း-ဝိဇ္ဇာစရဏ(မြည်)**

၂၅၃ ဝိဇ္ဇာရေ
မြန်မာ့အဂ္ဂိရတ်ပညာအစဉ်အလာ(၄၉)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုမွေဒ)**

၂၇၅ သရောဒယခရီးသည်(၆)
**သရောဒယခရီးသည်**

၃၄၁ ဂန္ဓာရီဝိဇ္ဇာမယ
လောကီပညာနယ်အတွင်းမှ
စမ္ဘာနဝင်းအင်းများ
**ကြိုရတနာ-ဆရာဇေယျာလင်း**
**(ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း)**

၃၅၈ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရောသုတေသီ)**
**မိုးကောင်း**

၃၈၀ ဖုန်းရွှေပညာသိကောင်းစရာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၈၉ အလွယ်လေ့လာလက္ခဏာပညာ
**ဆရာမော်**


## သူရဿလက်တွေ့အသုံးချ


၈၂ ၂၀၁၅ ခုနှစ်၊ ဧပြီလ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၁၁၂ ၂၀၁၅ ခုနှစ်၊ ဧပြီလ
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**မိုန်းအောင်(ကရိုရ)**

၁၄၉ အခါကြီးရက်ကြီးများ၌
ကန်တော့နည်းအမျိုးမျိုး
**သော်တာအောင်(ကျောက်တောင်)**

၁၅၁ များစွာသောစီးပွားဥစ္စာရစေရန်
သံဃာဂုဏ်တော်ကိုအဓိဋ္ဌာန်ပြီး
ပူဇော်ရအောင်
**သန္ဓ(နဝင်းပြိုးတော်)**

၂၀၅ ပြည်မြန်မာ့
၂၀၁၅ ခုနှစ် မိဿရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရိန်အောင်**

၃၀၈ မဟာသမ္မသုခ၊ မဟာသမ္မလာဘ၊
မဟာသိဒ္ဓိရစေနိုင်သောအဓိဋ္ဌာန်
**ပညာကျော်**

၃၅၃ ကျော်စောပွင့်လန်းဘေးမသန်းစေသော
ပဥ္စပွတ်အဆောင်
**ဆရာဦးစိန်လှိုင်(ကရိုက်လတ်)**

၃၈၄ ၂၀၁၅ ခုနှစ်၊ ဧပြီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဓေါ်ခင်စံသူ (B.Sc)**

၃၈၆ အောင်ကြောင်းဝေဖြာ
နှစ်ဦးမင်္ဂလာယာကြာ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၉၃ ၂၀၁၅ ခုနှစ်၊ ဧပြီလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၆ ၂၀၁၅ ခုနှစ်၊ ဧပြီလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရိန်အောင်**

၃၉၈ နှစ်ဦးလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၀၄ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၀၅ ၂၀၁၅ ခုနှစ်၊ ဧပြီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဖေသန်းသန်း(ခ)
ဖေနွေသီရိခိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ထေဝဲလဲ့ထွတ်

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွတ်တော်ချုပ်ရုံးရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

**မှော်နာရုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သူရဿစာရုံးချိန်ခိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဒဏ်**
color king
**မှော်နာရုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၊၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၀၆၇၄

**မြန်ခိုရေးမှူး**
အောင်မြင့်သန်း

**ကွန်ပြူတာစာစီ**
စုစုဝိုင်း၊ ချမ်းမြေကျော်၊ အိမွန်ထွန်း
နှင်းသန္တာကျော်

**ရုံးအဖွဲ့**
တင်မိုးခိုင်၊ အေးအေးစန်း၊ စုမွန်
စုစုဝိုင်း၊ နန္ဒမြို့ရာနာ၊ ဝန်းမြင့်ထွန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်မြန်ခိုရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်း
မြန်ခိုရေး- ၀၁-၃၀၇၇၁၈
စာမူနှင့်ကြော်ငြာ -၀၁-၂၄၀၆၉၀
**မန္တလေး**
တင်ဦးတည်၊ ကိုယ်စားလှယ်
ထွန်ဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း သရဖူ ရွှေရည်ဝင်း
**မော်လမြိုင်-**ကျော်ကျော်စာပေ
**ရွှေတောင်ကယား-**ဂင်္ဂါနဒီ ဝိလှိုက
**ပဲခူး-** သင်ဇင်စာပေ
**ဟင်္သာတ-**တာလေးမောင်၊ ရွှေမောင်း
**မကွေး -**ရွှေပြည်မိုး
**တောင်ငူ-**ဦးထွန်း ဦးလှမောင်
**မြန်အောင်-**လှထူမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားသြဇာ ( ၂၇၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# လွတ်လပ်စွာ ကိုးကွယ်ခွင့်

- ဤအာရုံစု ဤပုံပြုက
  ကောင်းမှုလည်းဖြစ်
  အပြစ်လည်းကင်း စိတ်သန့်ရှင်းလိမ့်။
- ထိုစိတ်ရင်းက
  လက်ငင်းဖြစ်စေ နောင်ဖြစ်စေ
  အခြေတင့်ပေလိမ့်။
- မည်သူမဆို ကိုယ့်ယုံကြည်ချက်
  ကိုယ်နှစ်သက်ရာ ကိုယ်ဘာသာကို
  အာသာဆန္ဒ ပြင်းပြပြဖြင့်
  တမ်းတစိတ်ပွား မျှော်စောင့်စား
  အားထားနေရာလိမ့်။
- ဤသို့လျှင်သာ
  ချင့်စာနာတတ် မင်းကောင်းမြတ်တို့
  ထားအပ်စေတနာ ခွင့်ပြုလွှာပင်
  ဘာသာအခင်း လွတ်လပ်ခြင်းဟု
  ထင်လင်းကျန ဖွင့်ဆိုရ၏။
- ထိုသည့်ခရီး လွတ်လပ်နည်းကား
  တားဆီးမရှိ မိမိယုံမှတ် ဘာသာရပ်
  ဆည်းကပ်ဝတ်ပြုခြင်း။
- သဒ္ဓါရည်တူ ကိုယ်လိုသူများ
  အယုံပွားရန် လှုံ့ဆော်သံ
  နာခံဟောပြောခြင်း။
- ပွဲလည်းခင်းကျင်း
  လမ်းထွင်လည်းလျှောက် ရိုးရာမြောက်
  ပုံထောက်မြှင့်တင်ခြင်း။
- ဤသည့်ကျင့်ဝတ် ခွင့်အလွှတ်၌
  လွတ်လွတ်ကင်းကင်း ကိုးကွယ်ခြင်း
  တင်းလင်း ပါပါ၏။
- လွတ်လွတ်ကင်းကင်း ဖျက်ဆီးခြင်း
  အလျှင်းမပါပေ။
- သူ့တိုင်းပြည်လာ သူ့ဘာသာကို
  ခဝါချသိမ်း ဧည့်သူစိမ်းတို့
  စောင့်ထိန်းအပ်ရာ လူ့သိက္ခာအား
  မကွာနေညာ မလွတ်ကြနှင့်
  သမစိတ်ထား လူသိများဖြင့်
  တရားနှင့်ယှဉ် သုံးသပ်ဆင်လော့။
- သင့်လျှင်အားကိုး သင်မြတ်နိုးသော
  တန်ဖိုးပြည့်ပါ ရတနာကို
  ပျက်ရာပျက်ကြောင်း စိတ်သရောင်းဖြင့်
  နောက်ကြောင်းကပ်လျက် သူလိုက်ဖျက်၍
  ကွဲအက်ပျက်ကြေ ဆုံးရှုံးလေသော်
  သင့်နေစိတ်ထား ဘယ်လိုများ
  ခံစားရပေလိမ့်။ ။

BURMESE CLASSIC

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

# မဟာဟောဓိမြို့ဆရာတော်ဘုရားကြီး
# ရေတိုး၊ နောက်ဆုတ် ၁

❑ *ပုဗ္ဗ မေ အာရုယ္ဟာတိ၊*
*ပစ္ဆာက်ံ နိဝတ္တတိ၊*
*ကတ ပုည အနောကာသော၊*
*ကမ္မ ဗီဇ အသုဒ္ဓတ္တာ။ ။*

**မေ မယာ** - ငါသည်. . . ၊ **ပုဗ္ဗံ** - ရှေ့သို့၊ **အာရုယ္ဟာ** - တက်လိုက်စဉ်၊ **ပစ္ဆာက်ံ** - နောက်ကိုသာ၊ **နိဝတ္တတိ** - လည်ထွက်ခဲ့ရပါ၏။။

**ဣတိ** - ဤသို့၊ **မေ** - ငါ့အား၊ **ကတပုည အနောကာသော** - ကောင်းရောဟုံပြု ရှေးကောင်းမှုက တောင်းဆုခွင့်ရေး အသင့်မပေးခြင်းသည်၊ **ကမ္မဗီဇ အသုဒ္ဓတ္တာ** - ထားခဲ့သရွေ့ ကံမျိုးစေ့က ဟိုဝေ့ သည်လည် မစင်ကြယ်ခဲ့သောကြောင့်တည်း။

**တသ္မာ** - ထို့ကြောင့်၊ **မေ** - ငါသည်၊ **ပုဗ္ဗံ** - ရှေ့သို့၊ **အာရုယ္ဟာ** - တက်လိုက်တိုင်း၊ **ပစ္ဆာက်ံ သံဝတ္တတိ** - နောက်ကိုသာ ပြန်လှည့်ခဲ့ရခြေ၏တကား. . . ။

**အမှိုက်ပုံကြားကအတိုအစလေးများ**

ဤအကြောင်းအရာများက ရေးပြီးသွားသော (အသွားမတော်တစ်လှမ်း) ထဲ ပါပြီးသား ဖြစ်၏။။ သို့သော် မထင်မရှားမျှသာ။

ယင်းကို ဤ၌ ခဲ့ကား၍ ထင်သာမြင်သာ ရေးပြရပါလျှင် ကောင်းမလားဘဲ. . . ဤအတွေးက စိတ်ရှေ့ပြေးဝင်လာသောအခါ အလုပ်ပိုတစ်ခုအဖြစ် ပြုစုရပြန်၏။။

ဤ၌ ခဲ့ပြချင်နေသောအရာများမှာ. . . ငါတို့ မဟာမြို့ဝင်မှနေ မိုးမိတ်သို့ ခရီးထွက်ခွာလာစဉ်တုန်းက. . .

(က) ကျောက်မြောင်းမှ စဉ့်ကိုင်ဘက် ဇက်ဖြင့်ကူးရန် ကြိုးစားလျက်က မကူးဖြစ်ဘဲ နောက်ဆုတ်ပြီး မန္တလေးမှ ပတ်ထွက်ခဲ့ရသော အကြောင်းအရာ။

(ခ) မိုးမိတ်အရောက် အရှေ့နေရာယူ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သူရဖွမဂ္ဂဓင်း
အတွဲ (၁၆) အမှတ် (၄) ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ

www.burmeseclassic.com

ပြီး (ကျောက်မဲဘက် နေရာယူမိထားပြီးမှ) မှ အနောက် မတိန်းဘက်ထွက်ရန် နောက်ဆုတ်ခဲ့ရသော အကြောင်းအရာ . . . ။

(၈) မိုးမိတ်တွင် ၂-လမျှနေပြီးနောက် ဧရာဝတီကျော်ဖြတ်၍ အနောက်မလည်နယ်ဘက်သို့ ပြန်လှည့်ထွက်ခဲ့ရသော အကြောင်းအရာ . . . ။

အထက်ပါ သုံးချက်တို့သည် တိုက်ဆိုင်မှုပဲဆိုဆို၊ ကံအစီအရင်ပဲပြောပြော တစ်ခရီးထဲ၏ အချိုးညီသုံးကွေ့များ ဖြစ်နေသည်ကို တွေ့ကြရ၏။

ယင်းကို ငါတို့ စိတ်ဝင်စားမိသောကြောင့် ထိုခရီးစဉ်အား ထပ်မံရေးမိရ၏။ အမှိုက်ပုံကြီးအကြားမှ ခေါင်းထောင်ပြနေသော အတိုအစလေးများပမာဆင်၏။

ထိုအတိုအစလေးများက . . . . အကောင်းဘက်ကနေ တွေးကြည့်လျှင် . . . . ရတနာသိုက်ရှိရာသို့ မရောက်ရောက်အောင် လေ့သွင်းသွင်းပေးသလိုမျိုး သဘောပေါက်မိ၏။ အဆိုးဘက်ကနေတွေးကြည့်က . . . ဟောင်းကျောပေး အသစ်ဘက်ထွက်ပြေးချင်သူ ပြေးစမ်း . . . ထပ်ပြေးစမ်းတို့ဖြင့် ဒဏ်ထမ်းခိုင်းနေသလိုမျိုး ထင်မိပြန်၏။

မဟာမြိုင်မှ မိုးမိတ်ပြောင်းစဉ်က ဖြစ်ခဲ့သော အထက်ပါ ဖြစ်စဉ်များအတိုင်းလည်း ငါတို့၏ အကျင့်စခန်းသွား စိတ်ဉာဏ်ဖဝါးများကလည်း ရွှေတိုးမလိုနှင့် နောက်ဆုတ်ခဲ့သည်များ ဖြစ်ပွားခဲ့ဖူးလေပြီ။

ထိုစဉ် . . . မှော်ဘီ သဲသုမာတောင်တုန်းက ဝိပဿနာဉာဏ် အထွတ်အထိပ်သို့ ရောက်ပြီးကာမှ ပြန်ဆုတ်ခဲ့ရခြင်း . . . ။

ထိုစဉ်က လေးလတစ်ကြိမ်လာ (ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်းလပြည့်လာ) ရန်ကုန်ပရိသတ်က တိုက်ဖျက်ချလိုက်သဖြင့် ပြန်ကျခဲ့ရ၏။

တစ်ဖန် . . . စစ်ကိုင်း အရှေ့ပရက္ကမချောင်တုန်းကလည်း ထိုနေရာမှ ပင် ပြန်ဆုတ်ခဲ့ရ၏။ ထိုစဉ်က မန်းတက္ကသိုလ်ဆရာများအဖွဲ့က ပတ္တမြားစေတီခြေတော်ရင်းရှိ ရွှေဂူချောင် လှုချင်၍ ဆိုကာ ပရက္ကမသို့ လာကြရာမှ ပျက်ခဲ့ရ၏။

ထိုဆရာများက ငါတို့ဆီအထိ မရောက်၊ ပရက္ကမဆရာတော်နှင့် စကား ပြောပြီး ငါတို့အား လာလျှောက်ပင့် ပင့်ရန်လာကြစဉ် ပရက္ကမဂူကိုကြည့်၍ 'သည်လောက်ကောင်းမွန်ကြီးမားသော ဂူကြီးထဲမှ သေးငယ်သည့် ဂူလေးသို့ ငါတို့ ပင့်မသွားသင့်' အတွေးဝင်ကာ ပြန်လှည့်သွားကြဆို၏။

အထက်ပါ နှစ်ကြိမ်စလုံး ရှေ့တိုး၍နောက်ဆုတ်ခဲ့ရသည်ချည်းသာ။ ကျန်ဌာနများ ထိုဌာန နှစ်ခုလောက် အားထုတ်ခွင့်မရခဲ့ပါ။

**ရှေ့ကိုလျှောက်၍ အနောက်ကိုအဝင်**

ဤအဖြစ်အပျက်က လေးနှစ်လောက်တော့ ကြာသွားပြီ။

လွန်ခဲ့သော ၁၃၇၀ ပြည့်နှစ်၏ တပို့တွဲ၊ တပေါင်းလများလောက်ဆီက ဖြစ်၏။

ထိုစဉ်က ပရိသတ်အဖူးသာခံပြီး အတွေ့မခံကာလ။ သို့သော် ၇၁ ခုနှစ်ထဲရောက်လျှင် အတွေ့မခံ မဖြစ်တော့သောအခြေအနေ . . . ။ သို့ကြောင့် ငါတို့ အတွေးဝင်နေမိခဲ့၏။

"မဟာဗောဓိမြိုင်ဆရာတော်ဘုရား ကြီးဆိုသော သည်ငှါနာမည်ကြောင့် ဤမဟာမြိုင်တောကြီး ရှုပ်ထွေး ညစ်ပေတော့မည်။ တစ်ဖန် . . . မဟာမြိုင်ဆိုသော သည်တောကြီးမဟာကြောင့်လည်း ငါသည်လည်း လူအမျိုးမျိုးတို့၏ အတိုးအဝှေ့ ခံရဦးတော့မည်" ဤအတွေး . . . ။

ထိုအတွေးနှင့်အတူ "ငါကြောင့် ဤမဟာမြိုင်တောမြတ် မညစ်ပေစေရ" စိတ်ထဲမှ ဆုံးဖြတ်လိုက်သည်။ သည့်နောက် နေရာသစ်ကို စိတ်ထဲမှနေရာဖွေရာ . . . ဟိမဝန္တာ၏အရှေ့ဘက်နေရင်ခွင်ပိုက် ချိုင့်ဝှမ်းနေရာကို စိတ်ကူးရလာ၏။

စိတ်ကူးအတိုင်း . . . ၊ စိတ်ကူးဖြင့် . . .

မချမ်း၍ မပူသေးသော တပေါင်းလဆန်း ၁၃၊ ၁၄ ရက်နေ့ညများ လောက်တွင် အကျတ်အလွတ် ခြေရင်းမှနေ မော်လိုက်ဘက်သွားမည်။ မော်လိုက်အနီး ချင်းတွင်းမြစ်၏ ကမ်းနဖူးရောက်သော် ကမ်းရိုးလျှောက်ကာ ဖောင်းပြင်ဘက် ခရီးဆက်မည်။ ကားလမ်းဆိုက တစ်ဦးမတွေ့ တစ်ဦးတွေ့သွားနိုင်၍။ ဖောင်းပြင်ရောက်ကာနီး မြစ်ကိုဖြတ်၍ အနောက်ခရီးဆက်မည် . . . တွေးမိခဲ့၏။

မကြာမီ မိပန်က နေ့တွေး ည ရောက်လာ၏။ အိပ်မက်ထဲမှာ . . .

"အရှင်ဘုရား . . . အဲသည်ဘက်ကြွလျှင် ရာဟုထောင့် မန်ကျည်းပင်ကြီး အောက်ကနှင့် ရင်ဆိုင်ရပါမည်။ အနိုင်ရမှသာ လိုရာဘက် ခရီးဆက်ခွင့်ရပါမည် . . . "

လာလျှောက်၏။

နောက်နေ့ "အင်း - မိပန် သည်ဘက်ကို တို့ မသွားစေချင်ဘူးနဲ့တူရဲ့" သို့အတွေးပေါက်ကာ ထိုသည်ဘက် မသွားတော့ဘဲ မူလဆုံးဖြတ်ချက်အတိုင်းသည် မဟာမြိုင်မှာပဲ နေတော့အံ့ စိတ်ဦးခေါင်းပြန်လှည့်ထားလိုက်ရ၏။

နောက်တစ်ဖန် . . . အတွေးက နောက်ပြန်ပြေးမိပြန်၏။ ဆိုခဲ့ပြီးကာလများမှ နောက်သုံးရက်ခန့်အကြာတွင် ထင်မိ၏။ အတွေးတစ်မျိုးပေါ် လာပြန်၏။

"အင်း - ငါနှင့်ပတ်သက်ရာ ပရိသတ်များ မဟာမြိုင်အလာမခံဘဲ ငါကပင် ရန်ကုန်၊ ပျဉ်းမနား၊ သာစည်၊ သုဝဏ္ဏသျှ်။ နတ်တလူဒေသများသို့ သွားရောက်ကာ အဖူးအတွေ့ ခံရရင် . . . ထိုဒေသများက အဘိုး၊ အဘွားများလည်း ဖူးခွင့်ရကြရာ၏။ ဤ မဟာမြိုင်တောကြီးလည်း သန့်မြဲသန့်စေရာ၏"

သည်အတွေးကို မိပန်ရောတို့ဘက်နေ တာဝန်ခံများကပါ အရေးဖော်မခံကြပါ။ သို့ဖြင့် နေ့ ငါကတွေး၊ ည သူတို့က အရေးဆိုကြပြီ . . . ။

"အရှင်ဘုရား . . . တပည့်တော်တို့ကိုထားခဲ့ပြီး အရှင်ဘုရား တစ်ပါးတည်း ကြွသွားတယ်ဆိုရင်တော့ တပည့်တော်များ စိတ်ဆင်းရဲပြီး ကျန်နေခဲ့တော့မှာပဲဘုရား . . . ။" ဖြင့်။

ယင်းကို စကားဖြင့်လည်း ပြောကြား၏။ အမှုရာများကလည်း မျက်စောင်းထိုးလျက်သားဖြင့် ပြသထားကြ၏။ ပုံထဲ၌ ငါသည်ကား ဆိုက်ကားတစ်စီး၏ နောက်ခုံတွင် နောက်ပြန်ကြီး စီးလျက်က။

ဤအိပ်မက်ကြောင့် နောက်နေ့ နံနက်တွင် အပြီးသတ် ဆုံးဖြတ်ချက်ချလိုက်သည်။ "ငါသည် ဤမဟာမြိုင် ဤအကျတ်အလွတ်မှာပင် ဦးခေါင်းချအံ့။ မည်သည့်ကိစ္စကြောင့်ဖြစ်ဖြစ် ဤနေရာ ငါမစွန့်လွှတ်တော့ပြီ . . . ဟူ၍။

သို့ဖြင့် ထိုသည်ငါ အတွေးဖြင့်ပင် ရှေ့လျှောက် နောက်ဝင် မပြင်ဆင်တော့ဘဲ ၇၁ ခုနှစ်မှ ၇၃ ခုနှစ်အထိ သုံးနှစ်

www.burmeseclassic.com

တိုင်တိုင် ပရိသတ်အဖွားအတွေ့ခံပေး၏။ ပြည်တွင်း၊ ပြည်ပ လာကြသမျှအားလုံး ထိုက်တန်စွာ နေရာပေးကာ ဧည့်ခံ၏။

ဆရာတော်ကြီးများလည်းပါ၏။ ဒကာတော်ကြီးများလည်းပါ၏။ နိုင်ငံကျော်များလည်း ပါ၏။ တိုင်းကျော် ခရိုင်ကျော်များလည်းပါ၏။ ထိုစဉ် ၇၁ ခုနှစ်၏ နှစ်ကုန်ပိုင်းလောက် အရောက်တွင် ငါတို့ဆီ . . .

ပထမ ရသေ့ကြီးနှင့် နောက်လိုက် ရဟန်း (၆) ပါးတို့ ကြွရောက်လာကြ၏။ ယင်းတို့ကား မိပန်နန်းရှေ့၌ အဓိဌာန်ဝင် ပြီးစီးသွားကြသဖြင့် ငါတို့အား လာရောက် ဂါရဝပြုအပြီး ပြန်ကြရန်အတွက်ဟု ဆို၏။

သည့်နောက် ရှပ်ရှင်မင်းသား တစ်ဦးနှင့် (ချက်မရေ ဘုရားတည်မည့် တာဝန်ခံ) ဆရာတော်တစ်ပါး ကြွရောက်လာကြ၏။

ထိုစဉ် ဆရာတော်က ချက်မရေတွင် ဘုရားတည်မည့်အကြောင်း လျှောက်ထား၏။ သူ. . . ဤမဟာပြိုင်သို့ တစ်ခါမှ မရောက်ဖူးဘဲလျက် ရောက်လာရပုံ လျှောက်၏။ ယင်းမှာ . . . မှော်ဘီနေရင်းက ပြည်ပြို့သို့ အလုပ်သွားခွင့်စိတ်ပေါ်နေ၍ သွားပါ၏။ ပြည်ပြို့သို့ရောက်သော် ပြည်တစ်ဖက်ကမ်းသို့ ကူးခွင့်စိတ် ပေါ်လာသဖြင့် ကူးသွားပါ၏။ ပြည်တစ်ဖက်ကမ်းရောက်သော်. . . မဟာမြိုင်သို့လာခွင့်စိတ်ပေါ်လာသဖြင့် လာရကြောင်း လျှောက်၏။

ဤ၌ ငါတို့ သဘောပေါက်သွားသည်မှာ သည်အရှင်မြတ် ဓာတ်နင်းပြီး ဒွတ္တဘောင်လုပ်ပြီး လိုက်လာသူ ဟူ၍ . . . ။ သို့ဖြင့် ငါတို့သည် ထိုအရှင်မြတ်၏ ဘုရားတည်ရာ၌ အထောက်အပံ့အဖြစ် ရည်ရွယ်ကာ . . .

တော်ဝင်နန်းမြင့်ကဲ့သို့ အတိတ်ဆောင် အလင်းတိုင်များ ပေးလှူ၏။

အောင်သိဒ္ဓိ ကံပွင့်ကဲ့သို့ အတိတ်ဆောင် နံ့သာတိုင်များ ပေးလှူ၏။

အထောက်အကူပြုအဖြစ် တောင်ဝှေး (တုတ်ကောက်) တစ်ချောင်းပါ ပေးလှူ၏။ သို့ ပေးလှူပြီးနောက် ငါတို့က စကားလက်ဆောင်ပါးလိုက်၏။

"အရှင်ဘုရားအား ဘုရားတပည့်တော်များက ဘေးကနေ ပံ့ပိုးထောက်ပံ့ရဲ့ တတ်နိုင်ပါမည်။ ကြွင်း ဘုရားတည်ရေး ကိစ္စကိုတော့ ကိုယ့်မိန်းမနှင့်ကိုယ် တိုင်ပင်နှီးနှောပြီး ဆောင်ရွက်ပါဘုရား . . ." ဟူ၍ပင်။ မိပန်နှင့် တိုင်ပင်၍ အရှင်ဘုရား ဆောင်ရွက်ပါ လျှောက်ထားလိုက်သောစကား. . . ။

ထိုအရှင်မြတ်ကလည်း ထိုစကား အလွန်သဘောကျ လက်ခံသွားသော ဟူ၏။

သည့်နောက် ၇၂ ခုနှစ်အရောက်တွင် ချက်မရေ၌ တည်မည့်ဘုရား အတွက် ကဆုန်လပြည့် အင်္ဂါနေ့တွင် ပန္နက်တင်၏။ ပြီးသော် ငါတို့အား ဘုရားဘွဲ့ တော်ပေးရန် ထိုအရှင်မြတ် လျှောက်ထားသဖြင့် မွေးကလေးအား မဟာဘုတ်ဖြင့် တွက်ချက်၍ နာမည်ပေးနည်းအတိုင်း. . .

ကဆုန်လပြည့်ဖွား ထိုဘုရားကို လည်း မဟာဘုတ်နည်းဖြင့် တွက်ချက်ကာ 'စည်သာမုနိ' ဘွဲ့အမည် ပေးလိုက်၏။ ထို၌ . . .

စည်ကား . . . နိုင်ငံတော်ကြီး စည်ကား တိုးတက်ရန်၏နိမိတ်။

သာကား . . . နိုင်ငံတော်ကြီး သာယာဝပြောရန်၏နိမိတ်။

မုနိကား . . . လူသုံးပါးတို့ အားထားကိုးကွယ်ရာ၏သိသိက်တော်။

သည်သို့ အညွှန်းများပါ ရေးထိုး၍ ပေးအပ်လိုက်၏။ သို့သော် ထွက်လာသည့်ဘွဲ့တော်ကား လေးကျွန်းရန်အောင်ဟူ၏။

သည့်နောက် ထို ၇၂ ခုနှစ်ထဲတွင် ထင်မိ၏။

သူတို့စခန်း၌ ရေမရှိသဖြင့် ငါတို့အနီးရှိ သက်ရင်းချောင်းမှ ရေကိုစုပ်ယူခွင့်ပြုရန် ထိုအရှင်မြတ်သည် နောက်ပါတင်ဝင်းထွန်းကုမ္ပဏီ၏ မန်နေဂျာ ဒကာကြီး ဦးလှရွှေရော လယ်ယာနှင့် ဆည်မြောင်းဌာနမှ အမှုထမ်းများပါခေါ်၍လာလျှောက်၏။ ငါတို့ကလည်း ကြည်ဖြူစွာ ခွင့်ပြု၏။ သို့ခွင့်ပြုရာ၌ . . .

"ဘုရားတပည့်တော်များ၏ခေါင်းနှန်းပလ္လင်ရှိ ကျောင်းတိုင်း၊ ကျောင်းတိုင်းမှာ မိုးရေခံ ကန်များ အသီးအသီး လုံလောက်စွာ ထားရှိကြသဖြင့် လုံလောက်ကြပါသည်။ ထိုသက်ရင်းချောင်းနေ ရေများ မသုံးဖြစ်ကြပါ။ သို့ကြောင့် အရှင်ဘုရားများ လိုသလို သွယ်ယူ အသုံးပြုနိုင်ကြပါသည်"

သည်စကားဖြင့် ငါတို့စေတနာပေါ် လွင်လောက်ပါသည်။ သည့်နောက် ရေထွက်အားကိုကြည့်၍ ရေပိုက်တပ်ဆင် စုပ်ယူရန် အကြံပြုမိ၏။ သို့ဖြင့် ရေတောင်းခန်း တစ်ခန်းရပ်လိုက်၏။

တစ်ဖန် . . . ထိုနှင့် မရွေ့ မနှောင်းမှာပင် ထိုအရှင်မြတ်နှင့်အတူ ပါလာသော သစ်လုပ်ငန်းမန်နေဂျာ ဦးလှရွှေနှင့်စကားပြော၏။ ထိုအထဲ. . . ကုမ္ပဏီက ဆည်ဆောက်သော သဏ္ဌာယ်ကျင်းရွာအနီးရှိ ဦးဒုဇ္ဇနရေလှောင်တမံရေနေ၊ မနေ မကြည့်မိ၏။ တစ်ဖန် ငါတို့ရောက်စက စိတ်ကူးယဉ်ကြည့်မိခဲ့သော မြစ်ရေတင်စီမံကိန်းအကြောင်းလည်းပါ၏။ သို့နှင့် ပွဲသိမ်လိုက်ကြ၏။

နောက်သော်. . . ဤမြစ်ရေတင်စီမံကိန်းအကြောင်း ပြောခြင်းသည် သက်ရင်းချောင်ကရေ မပေးလို၍ ပြောသောစကားဟု ယူဆကာ ထိုအရှင်မြတ်က ဤ သက်ရင်းချောင်းရေမယူတော့ဘဲ မိပန်၏အနီးအနားမှာပင် အဝီစိတွင်းတူးကြောင်း ကြားလိုက်ရသည်။

သည့်နောက်တော့ ထိုအရှင်မြတ်နှင့် မဆုံဖြစ်တော့ပါ။ သို့သော် မလုံလောက်သောဆန်အတွက် ဤခေါင်းနှန်းပလ္လင်၏ တာဝန်ခံကြီး ဒေါက်တာသန်းထွေးအောင်က ပေးနေရကြောင်းကား သတင်းကြားရမြဲပင်. . . ။

## ခွန်(ခုနှစ်)သုံး လွန်ထုံး ပြေရောထင်

၇၃ ခုနှစ်၏ မိုးကျစကာလများတွင် ထင်မိ၏။

နဂိုခွန် တာဝန်ခံ ထုတ်ဝေလျက်ရှိသော နဘယံမဂ္ဂဇင်းတစ်အုပ် ငါတို့ဆီရောက်လာ၏။ ထိုမဂ္ဂဇင်းထဲ၌ ငါတို့အတွက် သတင်းထူးတစ်ပုဒ် ပါလာသည်။ ယင်းမှာ . . . "မဟာဗောဓိမြို့ဆရာတော် ပျံတော်မူပြီ ဆိုတာ ဟုတ်သလား . . . ။"

ဤသတင်းသည် ချက်မရေဘုရားတည်တာဝန်ခံ ထိုအရှင်မြတ်က ထုတ်လွှင့်လိုက်သော သတင်းဖြစ်နေသည်။ ထုတ်လွှင့်ပေးပုံက . . .

ဤသတင်းကို ထိုအရှင်မြတ်က ရန်ကုန်နေ ဗီလ်မှူးမြသန်းစံ (ငြိမ်း) သို့ ဖုန်းဖြင့်လှမ်းမေးလိုက်သည်။ တစ်ဖန် . . . ဗီလ်မှူးမြသန်းစံက မကြားမိသဖြင့် နဂိုခွန်ဆီ လှမ်းဖုန်းဆက်မေး . . . ။ တစ်ဖန် နဂိုခွန်ကလည်း မကြားမိသဖြင့် ခွေးမသား (မြတ်သူ) ဆီ လှမ်းဖုန်းဆက်မေး. . . ။ တစ်ဖန် ခွေးမသားကလည်း မကြားမိသေး၍ ရွှေဘိုနေ ဒေါက်တာအိုကေထံ လှမ်းဖုန်းဆက်မေး. . . ။ ဖုန်းဖုန်းချင်း စဉ်တိုက်ကြီး အမေးလည်းကုန်ကြပြီ။

ရွှေဘိုနေ ဒေါက်တာအိုကေထံ



www.burmeseclassic.com

www.burmeseclassic.com

ရောက်လေမှ ဖုန်းသက် အဆက်ပြတ်သွားသည်။

"လုံးဝ မဟုတ်ဘူး။ မဟာမြိုင်က ကျုပ်ပြန်လာတာ ၂-ရက်ပဲရှိသေးတယ်"

သည်သို့ ဖြေရှင်း ဖြတ်ခြားချလိုက်ခြင်းကြောင့်ပင်။

ထိုဆောင်းပါး နဘယံထဲပါကတည်းက "ငါတို့. . . သည်နေရာ မနေထိုက်တော့" ဆုံးဖြတ်ချက်ချလိုက်မိသည်။ သေစကားဖြင့် လှမ်းဆက်ခြင်းသည် သေစေချင်၍မှတစ်ပါး အခြားမရှိချေ။ တစ်ဖက်တက်နေသောအရှိန်ဓာတ် အညွှန့်သတ်လိုက်ခြင်းမှတစ်ပါး အခြားမရှိချေ။

ငါတို့ ခေါင်နန်းပလ္လင် တည်နေရာသည် ထိုအရှင်မြတ် လာရောက်နေထိုင်ရာ၏ ခေါင်းရင်းအနီးမှာသာ တည်ရှိ၏။ အခု သတင်းလာမေး၊ အခုချက်ချင်း သိနိုင်၏။ လာမမေးလည်း ထိုအရှင်မြတ် နေသောစခန်းမှ နံနက် (၉) နာရီတိုင်း ဆွမ်းလာလောင်းသူများ နေ့စဉ်မပြတ် ရှိနေသဖြင့် အလိုလိုပင် သိနိုင်၏။

သို့စဉ်လျက် . . . အဝေးလူကြုံ ရန်ကုန်သို့ ဖုန်းလှမ်းဆက်၍ မေးခြင်းသည် . . . သူ၌ အကြံတစ်မျိုး သူ့စိတ်ဝယ် ထိုးကျင့်နေပြီဖြစ်ကြောင်း သိသာထင်ရှားနေ၏။ ထို့စဉ် . . .

"ငါ့ကြောင့် တစ်ဖက် စိတ်မဆင်းရဲစေသင့်။

ငါ့ကြောင့် တစ်ဖက် အကျိုးမယုတ်စေသင့်။

ငါကား အသက် - ၇၀ ကျော်ပြီဖြစ်သဖြင့် နေခွင့်ရရက်များ နည်းပါးလာနေပြီ။ သို့ကြောင့် စိတ်ဆင်းရဲစရာရှိ ငါပဲ ဆင်းရဲခဲ့တော့မည်။ အကျိုးဆုတ်ယုတ် စရာရှိကလည်း ငါပဲ အဆုတ်ယုတ်ခံတော့မည်" နောက်တစ်ဖန် တွေးမိသည်မှာ . . .

"သူကား အများအတွက် ရည်ရွယ်ကာ ဘုရားတည်နေသဖြင့် မြင့်မြတ်၏။

"ငါကား တစ်ပါးတည်း တရားအားထုတ်နေသူဖြစ်သဖြင့် တစ်ကိုယ်ကောင်းဆန်၏။ သို့ကြောင့် တစ်ကိုယ်ကောင်းဆန်သောငါ သည်နေရာနှင့် မထိုက်တန်. . ."

သို့ ဆုံးဖြတ်ကာ မဟာမြိုင်မှထွက်ခွာရန် ဟန်ပြင်ရတော့သည်။

**မိပန်ရေ နင်ဘယ်မှာလဲ**

သည်သို့ ဆုံးဖြတ်ပြီးကတည်းက မိပန်သို့ လှမ်းပြီး အကြောင်းကြား၏။ မထူး။ ဤမှာဘက်က တာဝန်ခံများသို့ လှမ်းအကြောင်းကြားလည်း မထူး။

အရင်က နေ့မေး ညထူးကြသည်။ သူတို့များ . . . ။ ယခုသော် ဘာမှတုံ့ပြန်ချက် ပေါ်မလာ။

ထိုအကြောင်းကြားချက်များ ည ၇-နာရီ ဘုရားဝတ်ပြုပြီးတိုင်းလည်းလှမ်းပို့၏။ နေ့သတိရတိုင်းလည်း လှမ်းပို့၏။ ရက်သာညောင်း အကြောင်းဘာမထူး။

ဤ၌ သင့်ဘောပေါက်လာသည်မှာ ယင်းတို့ အချုပ်ကျနေကြပြီ ဟူ၍ပင်။ သို့သော် ငါတို့ သူတို့ကို မကယ်နိုင်ပါ။ ကယ်တင်ဖို့ရာလည်း တစ်ဖက်နှင့်တိုက်ခိုက်ရမည်သာ။ သို့တစေလည်း ဝိပဿနာသမားဖြစ်သူ ငါတို့၌ တိုက်ခိုက်စရာလက်နက် မရှိကြပါ။ ငါတို့ တိုက်ခိုက်သဖြင့် တစ်ဖက် ဒုက္ခရောက်သွားပြီကိုလည်း မကြားလိုပါ။

သို့ တစ်ဖက်က မိပန်ကိုင်၍ ဘုရားဖြစ်ရန်ကြိုးစားနေသည့် ဓာတ်အသင်း . . . ။ သည်ဘက်က ငါနှင့် တရင်းတနှီးရှိလှသော မိပန်။ ထိုဓာတ်အဖွဲ့နှင့် ဤမိပန်တို့၏အကြား ငါ ဝင်မကစားလိုပါ။ သို့ဖြင့် တစ်ဖက်သည် တစ်ဖက်၏ စေတနာအတိုင်း ရှိပါစေ။ မိပန်သည်လည်း မိပန်၏ ကံကြမ္မာအတိုင်းရှိပါစေ။ သို့ ဆုံးဖြတ်ကာ . . .

"မိပန်ရေ . . . တို့များ မတတ်နိုင်ကြပါ။ မိပန်ရဲ့နောက်တောက်ဘုန်းကံအား၊ သာသနာစောင့်ကြီးများ၏ ကူမှုအားဖြင့်သာ နေရစ်ခဲ့ပေတော့ . . .

ပြောခဲ့ရသည်။ သို့ ပြောသော်လည်း တုံ့ပြန်ချက်ကား လုံးဝမရတော့ပါ။ သို့ကြောင့် "မိပန်ရေ နင်ဘယ်မှာလဲ" မေးယူရမလောက် အဆက်ဖြတ်တောက်နေချေပြီ။

သည့်အတူ ငါတို့နှင့်အတူနေသည်မှာဘက်က သူတော်ကောင်းကြီးများ၊ အကျွတ်အလွတ်နှင့် ငါတို့အား ကူညီစောင့်ရှောက်နေသော သူတော်ကောင်းကြီးများနှင့်လည်း အဆက်အသွယ် ပြတ်တောက်သွားခဲ့ပါပြီ။ မိုးတွင်းကာလ ငါတို့ခေါင်းရင်းက ကုန်းစောင်းကြီး ရုပ်ပျက်ဆင်းပျက် ပြိုကျသွားခြင်းက စ၍ ထိုအစောင့်အရှောက်များနှင့် တွေ့ခွင့်မရကြတော့ပါ။

ယခု အကျွတ်အလွတ်မှ ထွက်အံ့ဆဲဆဲ အချိန်များတွင် ငါတို့ထွက်တော့မည့်အကြောင်း ပြောကြားသော်လည်း ပြန်လည်အိပ်မက်များ မမက်တော့ပါ။

အကွက်ပြင်၍ ဆင်ထားသော ဓာတ်တွန်းလှည်းကား ခရီးရောက်လှ၏။ ယင်းကား လိုချင်ရာရာကိုလည်း တွယ်ထားနိုင်၏။ မလိုချင်ရာရာကိုလည်း ဖယ်ရှားနိုင်၏။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ လက်ငင်းတော့ တစ်ပန်းလှနေတော့၏သာ။

ဘုရားသာသနာသည် ဗောဓိပက္ခိယတို့၏အတွင်းမှာသာရှိ၏။ သို့ကြောင့် အကျင့်ဆိုသော သိက္ခာ ဆောင်ရာ၌လည်းကောင်း၊ လမ်းစဉ်ဆိုသော မဂ္ဂင်ပွားများရာ၌ လည်းကောင်း၊ အားဆိုသော ဗိုလ်ထားရာ၌ လည်းကောင်း၊ အစိုးရဆိုသော ဣန္ဒြေထားရာ၌ လည်းကောင်း၊ ဆေးဆိုသော ဗောဇ္ဈင်စားရာ၌ လည်းကောင်း ဗောဓိပက္ခိယအတွင်းရှိ ဣန္ဒြိပါဒ်၊ သတိပဋ္ဌာန်၊ သမ္မပဓာန်တို့ကို အသုံးချရမြဲ. . . ။

ထိုမှအပြန်. . . ဆိုခဲ့ပြီးမှလွဲသော နေရာများ၌ ထိုဣန္ဒြိပါဒ်၊ သတိ၊ ဝီရိယတို့ကို အသုံးချမိခဲ့သော် ပန်းဦးလှည့်များနေသောကြောင့် ပန်းတိုင်စိုက်လည်းလွဲသွားတော့ရာ . . . အထက်မှောက်အောက်တိုး ဇောက်ထိုးဘဝ ရောက်တတ်လှချေသည်။

**သွားပြီဟေ့ မိပန်ရေ . . .**

၁၃၇၄ခုနှစ်၊ နှောင်းတန်ဆူးလဆန်း ၁၃-ရက် ဗုဒ္ဓဟူးနေ့ သည်နေ့သည် ဂုဏဝ နာရီတိတိအချိန် အကျွတ်အလွတ်မှ ထွက်ရန်ဖြစ်၏။ သည်နေ့၏ နေ့ခင်းပိုင်း အရောက်တွင်မှ ငါတို့ဒုက္ခ တစ်ဝက်မျှ ခံနေသည့် အတူနေ ဒေါက်တာကြီးအား အသိပေး၏။

တစ်ဖန် သီတင်းသုံးဖော် သံဃာနှင့် အတူနေ ကပ္ပိယ ဦးကျောက်မဲတို့ကိုကား ညနေ ၅-နာရီ ရောက်လေမှသာ အသိပေးရတော့၏။ ထိုအချိန်တွင် အဘိုးရွှင် ဦးစီးသော ဘူးကုန်းဝေယျာဝစ္စအဖွဲ့သည်လည်း ပြိုကျသွားသော ထိုကုန်းစောင်းကြီး ပြုပြင်ရန် ရောက်ရှိနေ၏။ တစ်ဖန် ရွှေဘိုမှ အဘိုးလှသိန်းလည်း (ဗောဓိပင်ပလ္လင်နှင့် ပြိုဟ်နေဘုရားများ တည်ထားရန်ထင်၏)မဟာမြိုင်၌ရောက်ရှိနေ၏။

ထိုစဉ် ည ဂုဏဝ နာရီတိတိတွင် အကျွတ်အလွတ်မှ ထွက်ခွာလာခဲ့ပြီ။ မဟာမြိုင် မဟာပုညေသီရှေ့ ရောက်သည်နှင့် ကားပေါ် တက်၍ လိုက်ပါလာခဲ့ပြီ။ ပဏ္ဏာလမ်းမကြီးပေါ် သို့ ရောက်ကြသည်တွင် လိုက်ပို့သူများ၏ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖျားမှ စကားဆန်းများကို စတင်ကြား ခွင့်ရလိုက်သည်။

ယင်းမှာ မဟာဗောဓိမြို့၌ ဆရာတော်ကြီးက ထောင်များထဲဝင်ပြီး ထောင်ကျထောင်သားများကို လိုက်လံ ပေါ်တာဆွဲနေသည် ဆိုသောစကားပင်။ ဤစကားသည် မတော်တဆ လွဲမှား သောစကားမဖြစ်။ တမင်သက်သက် အကွက်ဆင် လုပ်ကြံထားသောစကား ဖြစ်နေသည်။

ကြည့်စမ်း. . . သာသနာ့ဝန်ထမ်း ချင်း. . . ။

ကြည့်စမ်း ကေစာရီအကျင့် ကျင့်နေသည့် ရဟန်းတစ်ပါးကို . . . ။ ငါတို့က တစ်ဖက် ပျက်စီးစေသည့် အကြံ၊ အပြော၊ အပြု တစ်ခုခုလုပ်မိခဲ့ လျှင်ကား ပြန်လှန်ခြင်း၊ ခုခံခြင်းဆိုသည့် စနစ်တို့ဖြင့် သည်သို့ပြုကျင့်နိုင်၏။

ယခုသော် . . . တစ်ပါးတည်း လည်း ကျင့်နေသူ၊ သူတစ်ဖက်သို့လည်း တတ်နိုင်သည့်ဘက်က ကူညီနေသူ၊ ထိုသူကိုမှ ဤသို့ တွန်းရဲ လှဲရဲ ချောက်ချ ခဲခြင်းသည် တမင်သက်သက် အပါယ် ဖြစ်လက်မှတ်ကပ်ယူနေခြင်းပင်။

ဤစကားကြားသဖြင့် ဒေါသ မဖြစ်မိ။

ဖြစ်မိသည်မှာ ငါတို့အနီးအပါး လည်း လာနေ၏။ ငါတို့အရိပ်ကိုလည်း ခို၏။ သူတို့လုပ်သမျှကိုလည်း အားပေး နေ၏။ သို့စဉ်းလျက်. . . သည်သို့ ပြည် တွင်း ပြည်ပနေ ငါတို့အား ကြည်ညိုနေ ကြသည့် ပရိသတ်များ၏ စိတ်စေတနာ များ၌ အထင်မှား အမြင်မှားအောင် ချက်ဆီးနေခြင်းများသည် (သိက္ခာညှိုး နွမ်း လေဖြန့်နေခြင်းများသည်) . . .

ဘုရားသား၊ သမီး အမည်ခံထား သည်နှင့် မထိုက်တန်လှပါကလား. . . ။

ဘုရားတည်ပါသည် ဆိုသည့် သာသနာပြုနှင့် မထိုက်တန်လှပါ ကလား။ သည်သို့ အတွေးပေါက်ကာ သနားမိလာ၏။ မေတ္တာလည်းလှမ်းပွား မိခဲ့၏။

မဟာမြို့ဝ်မှ မိုးမိတ်သွား လမ်း ပေါ်က ကြားသတင်းက သည်မှသာဖြစ် ၏။ ချက်မရောကြားသတင်းကား စုံ ထောက်စုံလုစွာ၏။ ချက်မရောဘုရားတည် ခန်းတွင်းမှသတင်းကား. . . အားလုံး ငါတို့မကောင်းကြောင်းချည်းသာ။

တစ်ဆင့်စကား ကြားသည်မှာ ဘီခေန်းဝယ် အဖွဲ့သုံးဖွဲ့ ရှိသည်ဆို၏။

၁။ တစ်ဖွဲ့က ဓာတ်ရိုက်ဓာတ်ဆင် ဂိုဏ်းအဖွဲ့ (ရဟန်းများ ဦးစီးသည် ဆို၏။)၊

၂။ တစ်ဖွဲ့က အင်ဂျင်နီယာအဖွဲ့၊

၃။ တစ်ဖွဲ့က အုပ်ချုပ်ရေးအဖွဲ့. . . တို့ ဖြစ်၏။

ယင်းသတင်းက ဝန်ကြီးဟောင်း ဦးပန်းအောင် လာစဉ်က ကြားလိုက်ရ သောသတင်း ဖြစ်၏။ ဦးပန်းအောင်. . ဂိုဏ်းအဖွဲ့နှင့် အဆင်မပြေ၍ ပြန်သွား ကြောင်းဖြင့်။

သည့်နောက် ကြားရသည်မှာ "ဒီပါမြေ" အမည်ပေးထားသည့် ထို ဘုရားကုန်းအဝတွင် အဝင်၊ အထွက် စစ်ဆေးသော ဂိတ်ထားပြီး ထိုဂိတ်ဝယ် ရဟန်းများ စောင့်ကြရဆို၏။ ကင်းစောင့် ရဟန်း ဟူ၍ အသွင်တစ်မျိုး ပေါ်ထွန်း လာခဲ့ပြီ။

ယခင်က တံခါးမပိတ် လေးနေရာ ဟူ၍ ကြားဖူး၏။ ယင်းတို့မှာ . . . ဘုန်းကြီးကျောင်း၊ ရဲစခန်း၊ ဆေးရုံ၊ သချိုင်း . . . လေးဌာနတို့ပင်။ ယခု သော် ဘုန်းကြီးကျောင်းက အစောင့်ချ ဖြင့် ထားရသော ဟူ၏။

ဤဆိုခဲ့ပြီး သတင်းစကားများက မဟာမြို့ဝ် မိုးမိတ်ခရီး၏ သွားလမ်းအစ တွင် လိုက်ပို့သူများ လျှောက်ထားသည့် ထောင်တွေထဲမှာ သတင်းဖြစ်ပွားနေတာ က မဟာဗောဓိမြို့ဝ်ဆရာတော်ကြီး ထောင်ထဲဝင်ပြီး ထောင်သားတွေကို ပေါ်တာဆွဲနေတယ် ဟူသည် ဖြန့်သတင်း မှ တစ်ဆင့် အတွေးဝင်လာမိခြင်းများ ပင်။ သူ့အကြောင်း မကောင်းတွေးဖြင့် ကိုယ်ကောင်း မဖြစ်နိုင်။ သို့ကြောင့် သူ့အကြောင်း သည်မှသာဖြင့် ရပ်နား ထားလိုက်တော့မည်။

မဟာမြို့ဝ် ခေါင်နန်းပလ္လင်မှ ဂုဏဝဝနာရီတိတိ ထွက်ခွာလာခဲ့သည့် တို့များ ည (၁၀း၅၀) နာရီတွင် သစ်ဖြူ တောင်ထိပ်က မိပန်နန်းသို့ ရောက်ခဲ့ပြီ။ သတိတရဖြင့် လှည့်အကြည့် ညီးငယ် သောမျက်နှာကိုသာ တွေ့ရ၏။ ထိုစဉ် "သွားပဟေ့ . . . မိပန်ရေ" ဟုလည်း စိတ်ဖြင့် နှုတ်ဆက်ခဲ့မိသေး၏။ ပြုကျင့် ခဲ့သမျှ ပါရမီဒါနမှု အစုစုတို့ကိုလည်း အမျှဝေပေးထားခဲ့သေး၏။ ဟော - လာလိုက်ကြတဲ့ မိပန်စု သာခု မခေါ် မပြောနှင့် အုပ်စုလိုက်ကြီး။

တိုက်ဆိုင်သည်မှာ ငါတို့ မိပန်နန်း ထိပ်မှအဆင်း ငါတို့ဆီလာသည့် မှန်လုံ ကားကြီးလေးစင်းတို့နှင့် တိုးမိခြင်းပင်။ ရှေ့မှန်လုံကား တစ်စင်းက မူဆယ်မှ ခေါင်နန်းပလ္လင်သို့တဲ့။ နောက်မှန်လုံကား များက ရွှေတိုမှ ခေါင်နန်းပလ္လင်သို့တဲ့။ မှတ်တရော သာခုမခေါ် ဘဲ တိမ်းရှောင် သွားသည့် မိပန်အုပ်စု၊ ငါတို့ကား သင်္ကန်းခေါင်းအုပ်၍ သာသာလေး ငြိမ် ကုပ်နေလိုက်သည်။

ထိုကားလေးစင်း ရှောင်တက် သွားလေမှ ခရီးဆက်ခဲ့ကြ၏။ မကြာမီ တောဂျင်သို့ ရောက်၏။ ထိုတောဂျင် ယခင် ငါတို့ မဟာမြို့ဝ်အဝင်ခရီး၏ ၉-နှစ်တာကာလတုန်းက မှောင်နှင့်မည်း မည်းရွာ ယခုသော် ထိန်ထိန်သာနေပြီ၊ သို့သော် ထိုထိန်ထိန်သာကား လှုပ်စစ် အပူဖြင့် လင်းစေသော အပူလင်းသာ၊ တောဂျင် အတူကျန်ရစ်ခဲ့ကြသော ပျဉ်းကိုင်း၊ သက္ကယ်ကျင်းရွာများ၊ ရွှေမှ ကြိုနေကြသည့် ရေပြား၊ ကံထူးမ စသည်များတို့သည်လည်း အပူဓာတ် အားဖြင့် အလင်းတန်းပေးထားသည့် ထိန်ထိန်လင်းများချည်းသာ။

ကံထူးမ ကျော်လွန်၍ ရွာစဉ် လျှောက် တန့်ဆည်၏ ခွဆုံအရောက် တွင်ကား မြင်ကွင်းတို့က ယခင် ၉-နှစ် ကနှင့် လုံးဝ ကွဲပြားခြားနားနေနှင့်ကြပြီ။

ဤမြို့ပြရွာဆင်တို့ ခြားနားလာ ခြင်းများနှင့်အတူ လူပြမူပြင်များက လည်း ယခုနှင့်ယခင် မည်မျှအထိ အသွင် ကွဲလွဲနေကြလေမည် မသိ။

သို့ဖြင့် တန့်ဆည်မှ ရေဦးသို့ လည်းကောင်း၊ တစ်ဖန် ရေဦးမှ ခင်ဦး သို့ လည်းကောင်း မီးပြည်လင်းကြားမှ ဖြတ်သန်းသွားလာကြရင်း ခင်ဦးအရှေ့ရှိ ပျဉ်ဟာလမ်းမကြီးဘက်ထွက် လာခဲ့ကြ ပြီ။ တောမြို့ဝ်တစ်လျှောက်တွင်ကား လရောင်ပျပျ ရှိနေကြသေး . . . ။

**တစ်ကွေ့တစ်ပတ်**

နံနက် ၅း၀၀ နာရီခန့်လောက် တွင် ကျောက်မြောင်းသို့ ကားဆိုက်၏။ တန်ခူးလ၏ အရောင်ခင်းဖြစ်သဖြင့် မှောင်တစ်ခင်း လင်းတစ်ခင်းမျှ ရှိသေး ၏။ သို့ကြောင့် လျှပ်စစ်မီးများလည်း လင်းလက်ဆဲ၊ နံနက်လင်းကလည်း တက်လာဆဲ . . . ။

ထိုစဉ် ကျောက်မြောင်းမှ စဉ့်ကူး ဘက်သို့ ဇက်ဖြင့် ကူးမည်ကြံသောအခါ ဇက်ကား စဉ့်ကူးဘက်မှာ ညအိပ်ပြီး နံနက်၁၀-နာရီလောက်မှ ကျောက်မြောင်း ဘက် ထွက်ခဲ့မည် ဆို၏။ အချိန်ကြာမြင့် စွာ စောင့်ရတော့မည်။ ငါတို့မှန်းသိသည် နှင့် လူအုံ၊ လူပိုင်းခံရတော့မည်၊ လူအုံ



www.burmeseclassic.com

www.burmeseclassic.com

လူဝိုင်းသည်နှင့် လာရင်းကိစ္စ သိသွားကြတော့မည်။ သည်လိုဟော့ မဖြစ် . . . ၊ မဖြစ် . . . ။ ကဲ . . . လစ်မှဖြစ်တော့မည်။ စိတ်ကူးဖြင့် ကျောက်မြောင်းမြစ်ဆိပ်မှ ကားနောက်ဆုတ်၍ မြို့ထွက် အနောက်ပေါက်သို့ ပြန်လှည့်ခဲ့ရပြီ။ မြို့အနောက်ရောက်သောအခါ အသစ်ဖောက်လုပ်ထားသော ခရိုင်ခွင်းဆက်လမ်းမှပင် မန္တလေးသို့ ပတ်ထွက် ထွက်ခဲ့ရပါပြီ။

ကျောက်မြောင်းသည် တစ်ဖက်ကမ်း၏စဉ်းကူးအထက်မှာရှိ၏။ စဉ်းကူးသည် မန္တလေး၏မြောက် မတ္တရာအလွန်မှာတွင်ရှိ၏။ သို့ဖြစ်ရာ ငါတို့၏ ကျောက်မြောင်း - မိုးမိတ်သွားခရီးက တစ်ကွေ့တစ်ပတ် ဖြစ်လာနေပြီ။

သို့ ကျောက်မြောင်းမှ မန္တလေးသို့ ပတ်ထွက်ခဲ့ရာတွင် လမ်း၀ယ် စစ်ကိုင်းနှင့်သာ ဆုံခွင့်ရတော့၏။ကျောက်မြောင်း စစ်ကိုင်းအတွင်း၌ကား. . . မြို့ ငယ်များ မြို့ငယ်ပမာများ၊ ရွာကြီးများ မထွန်းကား လာကြသေး၀ါ။ သို့ဖြင့် စစ်ကိုင်းကို ကျော်ဖြတ်၍ မန္တလေးဘက်သို့ ရထားနာပုတံတားကြီးမှတစ်ဆင့် ကူးထွက်လာခဲ့သည်။

မန္တလေးမြို့ကြီးလည်း ယခုနှင့် ယခင် အသွင်ခြားနားနေချေပြီ။ ထို မန္တလေးမြို့တော်ကြီးကို မြစ်ဘက်နေ မြို့ပတ်လမ်းမှ ပတ်၍၀င်ခဲ့ရာ မတ္တရာဘက် အထွက်လမ်းသို့ အတော်နှင့် မရောက်တတ်။ မတ္တရာထွက်ပေါက် အတော်နှင့် မရောက်သလောက် မန်းရွှေမြို့တော်ကြီးကို ငါတို့ငယ်ငယ် (၁၆) နှစ်သား ရောက်ဖူးစဉ်ကနှင့်ယှဉ်၍ ခံစားနေမိခဲ့၏။

မန်းရွှေမြို့တော်၌ ယခုနှင့်ယခင် အသွင်တူနေသေးသည်က ကျုံးပတ်လည်ဝိုင်းသော နန်းမြို့ရိုးနှင့် မန္တလေးတောင်တော်မျှသာ။

တစ်ဖန် ယခုနှင့် ယခင် အသွင်ခြားနားသွားကြသည်ကား. . . မ၊ ကျား တို့၏ ၀တ်စားဆင်ယင် ထားကြပုံများက ခြားနားသွားကြပြီ။ ယခင်က မြန်မာ ၀တ်စုံ၊ ယခုသော် ရောကျော်၊ မ၊ ကျား တို့၏ သွားလာပုံကလည်း ခြားနားနေကြပြီ။ ယင်းမှာ ယခင်က မြင်းလှည်းလေ ပေါ် ကြော့ကြော့မော့မော့။ ယခုသော် ဆိုင်ကယ်ပေါ် ကားရားခွ ကားကားရားရား ဖြစ်လွန်းစွ။ မန်းမြို့တော်(မြန်မာတို့၏ဗဟိုမြို့တော်) ကို ကားဖြင့် ပတ်၍ ရှုကြည့်ရာ၌ သည်မျှသာ အခွင့်သာခဲ့၏။ အကယ်၍များ ညအိပ်၊ နေ့လည်ဧည့်သည်အဖြစ်ဖြင့် အတွင်း၀င် အပြင်ကြည့်များ ကြည့်ခွင့်ရခဲ့ပါမူကား . . .

မန်းသားတို့ ဆန်းပြားပုံ အစုံအစုံ အကုန်မြင်ခွင့်ရနိုင်ခဲ့မည်။

မန်းသူတို့၏ အဆန်းယုပုံများကို ပါ အစုံအစုံ အကုန်သိခွင့်ရနိုင်သည်။ ယခုသော် ပတ်လမ်းပေါ် မှ မျှော်ကြည့်ခွင့်မျှ ရသဖြင့် သည်မျှနှင့် ကျေနပ်ခဲ့ရသည်။

ရိုးရာသည် မျိုးရိုးတို့၏ အရိုက်အရာများကို ဆက်ခံခြင်း။

ရိုးရာသည် နောက်မျိုးရိုးဆက်များအတွက် လျာထားချက်ပေးခဲ့ခြင်း။

သို့ဖြစ်ရာ မြန်မာတို့၏မြန်မာများသည် မျိုးဆက်ရိုးခြား မဖြစ်သင့်ကြပါ။ ကြည့်လိုက်လျှင် အဝေးကြည့်၊ အနီးကြည့် ဘယ်လိုကြည့်ကြည့် မြန်မာပုံထွက် ထွက်စေရမည်။ ကြားလိုက်လျှင် အဝေးကြား၊ အနီးကြား၊ ဘယ်လိုကြားကြား မြန်မာစကားစစ်စစ် ဖြစ်နေစေရမည်။

ရိုးရာပျက်လျှင် ယဉ်ကျေးမှုပျက်၏။

ယဉ်ကျေးမှုသည် ရိုးရာမှ ဆင်းသက်လာ၏။

ဤ၌ ရိုးရာမပျက်ကြသေးသည်မှာ ဘုန်းကြီးနှင့် ဖွားသီလရှင်မျှသာ။ သာသနာ့၀န်ထမ်း ထိုတော်၀င်ပန်းများသည် ယခုနှင့် ယခင် အသွင်မခြားကြ၀ါ။ သို့စဉ်တွင်လည်း ဘုန်းကြီးများကား မော်တော်ဆိုင်ကယ် တက်စီးပြနေကြပြီ . . . ။ တချို့ လူနောက်က။ အချို့ ကိုယ်တိုင်။ သီလရှင်များကား . . . မော်တော်ဆိုင်ကယ်တက် သီလရှင် မမြင်ဘူးသေး၀ါ။

တစ်ဖန် ဘုန်းကြီးက ကင်မရာကိုင်ပြနေပြီ။ သီလရှင်များကား ကင်မရာကြီးတကားကားနှင့် လမ်းသလားမပြကြသေး၀ါ။ သို့သော် ဒါလေးလောက်တော့ ဖုံးအုပ်၍ ကြည်ညိုနိုင်သေး၏။ လူပေါက်ပန်းများ၏ အဆန်းကမ်းကုန်နှင့်စာလျှင် ခွင့်လွှတ်နိုင်ကြသေး၏။

ဤ၌ သာသနာ့ရိုးရာကို ကြားဖူးသလို ပြောဆိုပါဦးအုံ့။

ရွှေးရွှေးက (ဂင်္ဂါမြစ်ထဲနေ သဲလုံးသဲပွင့်လေးများနှင့် အမျှတူစွာ) ပွင့်ထွန်းတော်မူခဲ့ကြကုန်သော ဘုရားအဆူဆူတို့သည် . . . တစ်ဆူနှင့်တစ်ဆူ အကျင့်တူ အသိတူသည့်အတိုင်း ဟောပြောမှုချင်း၊ အသွင်ချင်း အားလုံး အတူတူချည်း ဆို၏။ မတူသည်မှာ ဘုရားနှင့် မဆိုင်၊ အလောင်းတော်များနှင့်သာ ဆိုင်သော အမျိုး၊ သက်တမ်း၊ အရွယ်ပမာဏများနှင့် တောအထွက် စီးနင်းရာ ယာဉ်၊ ပွင့်ရာ အပင် စသည် ရှစ်မျိုးမျှသာ အသွင်ကွဲပြားကြသည် ဆို၏။

တစ်ဖန် နောက်နောင် ပွင့်ကြဦးမည့် ဘုရားအဆူဆူတို့လည်း နည်းတူဆို၏။ သည့်အတူ ယခုပွင့်ဆဲသော ဂေါတမဘုရားရှင်သည်လည်း နည်းတူထဲ ပါ၀င်နေရကား . . . ဟောသမျှ သိကွာသုံးရပ်တည့် ပိဋကတ်သုံးပုံကိုသာ။ အသွင်တော်ကလည်း ရှေးဘုရားတို့ ၀တ်ရုံမြို့ အတိုင်းသာ။

သည့်အတူပင် ရှေးရှေး ဘုရားရှင်တို့လက်ထက်ကတပည့်သာ၀ကများစွာနှင့် ယခု ဘုရားရှင်၏ တပည့်သာ၀ကများစွာတို့သည်လည်း အကျင့်များကလည်း ဘုရားထံမှ ဆင့်ပွားထား ဘုရားနှင့် တစ်သားတည်းသောအကျင့်သာ။ အသိများကလည်း ဘုရားနည်း ဆင့်ပွားထား ဘုရားနှင့် တစ်သားတည်းသော အသိသာ။ အသွင်များကလည်း ဘုရားအဆုံးအဖခံယူ ဘုရားနှင့်အတူတူသာ။ တစ်ဖန် နောက်နောင်ပွင့်မည့်ဘုရားရှင်များ၊ တပည့်သာ၀ကများစွာတို့သည်လည်း ယခုနေ ဘုရားသာ၀ကများ၏ အကျင့်၊ အသိ၊ အသွင်များ အတူတူဆို၏။

ဗုဒ္ဓမျိုး အရိုး၏ အရိုက်အရာ အားလုံးစုံ အကုန်ထပ်တူပင်။ ဘာကြောင့် . . . ။ ဓမ္မနိယာမကပင် သဘာ၀ကို မလွန်ဆန်သောကြောင့်။ ဓမ္မမှီခိုနေကြသော ဗုဒ္ဓနှင့် ဗုဒ္ဓသာ၀ကများသည်လည်း အသွင်တူ (နည်းတူ) ဖြစ်လာကြခြင်းပင်။

ရိုးရာကို အရိုးဖြင့် သားထားနိုင်သူများ ဆို၏။

စိတ်၏ ဆန်းကြယ်ရာ မလိုက်။ အရိုးရှိသာ ဦးစိုက်ထားသူများ ဆို၏။

သည်သို့သာ မြန်မာက မြန်မာရိုးသို့ ဦးစိုက်ထားနိုင်ခဲ့ပါသော် . . . အရှက်အကြောက်ရှိနေသူများ အရှက်အကြောက်ရှိရာ မြန်မာလူမျိုးတို့၏ အသွင် အတုလိုက် ပြင်ဆင်လာကြမည်မှာ ဧကန်ပင်။

(ဆက်ရန်)

မဟာဗောဓိမြင့်ဆရာတော်ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

# မြဝင်း(အသုန်)

## ဒေါင်းပရိတ်မွန်း

အင်္ဂပူမြို့အနောက် မီးရထားဘူတာရုံအနီးမှာ ဆောက်လုပ် လှုဒါန်းခဲ့တဲ့ အင်္ဂပူကျောင်းတိုက်မှာ သီတင်းသုံးတော်မူခဲ့လို့ 'အင်္ဂပူဆရာတော်'လို့လည်း တွင်ခဲ့ပါတယ်။ အင်္ဂပူဆရာတော်ရဲ့ အကြောင်းသိချင်ရင်တော့ ပြည်မြို့ကန်တွင်းဆုတောင်းပြည့်ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတကန်တွင်းဆရာတော် ကြီးစီရင်တဲ့'အင်္ဂပူမဟာထေရ္ဗပွတ္တိကျမ်း' ဆိုတာရှိတယ်။ အဲဒီကျမ်းကိုဖတ်ကြည့်ပေါ့"

"အဲဒီစာအုပ်က ရှာလို့ရပါ့မလား ဆရာရယ်။ ဆရာညွှန်းတဲ့ တခို့စာအုပ်တွေက ရှာလို့မရဘူး"

"တပည့်ပြောတာလည်း ဟုတ်တာပဲ။ တခို့စာအုပ်တွေက သက်တမ်းကလည်းကြာ၊ ပြန်ပြီးတော့လည်း မရိုက်လေတော့ ရှာရဖို့မလွယ်ဘူး။ အခု အင်္ဂပူမဟာထေရ္ဗပွတ္တိ ဆိုတာကိုလည်း ပြန်ရိုက်တော့မယ်မထင်ဘူး။ ခဏစောင့်ပါဦး။ အဲဒီစာအုပ်ဆရာ့ဆီမှာရှိပါတယ်။ ဆရာရှာလိုက်ပါဦးမယ်"

ကျွန်တော်သည် စာကြည့်ခန်းသို့ သွားပြီး စာအုပ်ဗီရိုကိုဖွင့်၍ အင်္ဂပူမဟာထေရ္ဗပွတ္တိကိုရှာပါသည်။ ကြာကြာမရှာလိုက်ရပါ။ အင်္ဂပူမဟာထေရ္ဗပွတ္တိကို တွေ့ပါသည်။ ကျွန်တော်သည် စာအုပ်ကို ဆွဲယူပြီး စာကြည့်ခန်းမှ ပြန်ထွက်လာခဲ့ပါသည်။ ထို့နောက် ကျွန်တော်သည် ဤသို့စကားဆက်ပါသည်။

"အဆင်သင့်ချင်တော့ ကြာကြာမရှာလိုက်ရဘူး၊ စာအုပ်ကိုတွေ့ပါတယ်။ သုဓမ္မဝတီ စာပုံနှိပ်တိုက်က ၁၃၁၇ ခုနှစ်မှာရိုက်ခဲ့တာဆိုတော့ နှစ်ပေါင်း (၅၉)နှစ်တောင်ကြာခဲ့ပြီ"

"အဲဒီစာအုပ်ထဲမှာ အင်္ဂပူဆရာတော်ဘုရားကြီးရဲ့ 'ဒေါင်းပရိတ်မွန်း' နဲ့ ပစ်သက်လို့ ကန်တွင်းဆရာတော်ဘုရားကြီးက ဘယ်လိုရေးထားသလဲ ဆရာ"

"ကန်တွင်းဆရာတော်ဘုရားကြီးက 'ဒေါင်းမွန်းဝေဘန်ချက်' ဆိုပြီး ခေါင်းစဉ်တပ်ပြီး ရေးထားတယ်။ ဆရာ ရေးတဲ့ ဒေါင်းပရိတ်မွန်းကိုယူပြီး ပြဆိုထားတာ တွေ့ရပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက လက်ပံလှဆရာတော်ရဲ့ ဒေါင်းပရိတ်မွန်းကို အင်မတန် သဘောကျပုံပေါ်ပါတယ်။ အဲဒီလက်ပံလှဆရာတော်ဟာ ဘယ်ဆရာတော်လဲ ဆရာ"

"လက်ပံလှဆရာတော် ဆိုတာ ဒွါရနိကာယ ပဉ္စမသာသနာပိုင် အင်္ဂပူဆရာတော်ကြီးပါ။ အင်္ဂပူဆရာတော်ဘုရားကြီးဟာ အုဂ်ဖိုရိဆရာတော်ဘုရားကြီးရဲ့လွှဲအပ်ချက်အရ ဟင်္သာတခရိုင် လက်ပံလှရွာ အဇိနာရာမကျောင်းတိုက်ကြီးမှာ သီတင်းသုံးတော်မူခဲ့ဖူးတယ်။ အဲဒီလိုသီတင်းသုံးတော်မူခဲ့ဖူးလို့ လက်ပံလှဆရာတော်လို့တွင်ခဲ့ပါတယ်။ အုဂ်ဖိုရိဆရာတော်ဘုရားကြီး စံလွှန်တော်မူပြီးနေ့ကစ ဒကာ၊ ဒကာမတို့က တစ်နေ့ဆီက စာပေဝါသနာပါသော တပည့်တစ်ဦး ရောက်လာသဖြင့် ကျွန်တော်တို့သည် စာကြောင်းပေကြောင်း ရောက်တတ်ရာရာပြောဖြစ်ခဲ့ကြသည်။ ထို့နေ့က ကျွန်တော်တို့သည် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးဖွဲ့ခဲ့သော ဦကာများအကြောင်းကို ပြောဖြစ်ခဲ့ကြပါသည်။

ကျွန်တော့်တပည့်က ဤသို့ စကားစပါသည်။

"အခုတစ်လော ကျွန်တော် ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဦကာတွေကို စုံစမ်းဖြစ်ပါတယ်ဆရာ။ လောလောဆယ်မှာတော့ ဒေါင်းဦကာသစ်ကို ဖတ်နေပါတယ်။ ဒေါင်းဦကာသစ်ထဲမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက 'ဒေါင်းပရိတ်မွန်း'ကိုပြဆိုရာမှာ လက်ပံလှဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဖတ်ပြပါဦးမယ်။

"ဤဒေါင်းမွန်းလက်ကြီးသည် ရွှေးရွှေးပရိတ်မွန်းလက်ကဗျာများနှင့် စံထားကြည့်သောအခါ အသွားအလာချင်း အလျှင်းမတူ။ အသွားတစ်မျိုး၊ အခြိုးတစ်နည်း ခြားသီးစနစ်ဖြင့် အသစ်ထွင်ထားသော လက်ာစာပိုဒ် ဖြစ်၏။

နိဒ်ဒံကော့် ကဏ္ဍပါရာ နေ၊ လတစ်ဆု ဖြစ်တော်မူကြပါကုန်သော ဆီးဘန်းနီဆရာတော်ရေး သဗ္ဗဒုဒ္ဓါဒြီ အစရှိသော ပရိတ်မွန်းများ၊ ရွှေတောင်မြို့ ကိုးသဲလေးထပ်ဆရာတော်ရေး သင္ခနဝိလာသိနီပရိတ်မွန်းများ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ မန်လည်ဆရာတော်ရေး ပရိတ်မွန်းများ၊ ယင်းကဲ့သို့ ကဗျာဝိဓိရှိ ပုဂ္ဂိုလ်ကျော်ကြီးများ ရေးသားတော်မူအပ်ကုန်သော ပရိတ်မွန်းလက်ာကြီးများ ထင်ရှားရှိပေ၏။ အစပ်အသတ် အစီအကုံးစကားလုံးများလည်း ခဲ့ညားထည်ဝါလျက် လက်ာပြောင်လှပါပေသည်။ သို့ဖြစ်လင့်ကစား စာသွားချင်းမှာ မတူခဲ့ချေ။

သက်သေဥဒါဟရဏ်ကား -

ဂ အမြီးရှေ့လျှား၊ ဝေဖားဖားဝယ်၊ ငွေယမားချွေးတွန့်နှင့်၊ သွေမပြားဦးညွှန့်၍၊ မြွေကွန့်ကွန့်ရောင်လျှံသည်၊ လောင်မဟန်ရှိန်ဝါနံသော၊ ကွန္ဒာဝုသက်တင်ရေးကဲ့သို့၊ အမွေးအတောင်၊ သွေးစကားရောင်၊ ဖွေးပြောင်လက်လက်၊ ဘယက်အဟန်၊ ကွက်သဏ္ဌာန်မှာ၊ မျက်ဖလံစုံယှက်ပြီးလျှင်၊ နက်မှင်သွေးပအပ်၍၌၊ မြတစ်တန်ဝန်းရစ်၍၊ ထွန်းသစ်သစ် ရွှေမိလ္လာကို၊ ခွေလိမ်ကာ မှောင်စွန်းသဖြင့်၊ ပြောင်ရွှန်းရွှန်းလင်းထိန်လျက်၊ ဆင်းမမှိန်ယုန်နန်းကို၊ နဝင်းအိမ်ဘုံခန်း၌၊ မှန်သန်းကာသိရ်ခဲ့၍၊ အိမ်ဖွဲ့သည့်ဂုဏ်မာန်နှင့်၊ ပုံစံတူ ရွှမညောင်းသော ဥဒေါင်းမင်းဖြစ်တော်မူလတ်၍။ ။

စသည်ဖြစ်ရာ -

ကြားနာဘတ်ရှုသူတိုင်းတွင် ရွှေဥဒေါင်းအသွင်အပြင် မျက်စိမြင်သကဲ့သို့ ထင်မြင်လာအောင်၊ ပုံပန်းသဏ္ဌာန်ပေါ်အောင် ဖော်ပြထားသောစာပိုဒ် ဖြစ်၏။ စာသွားလည်း လေးလုံးတစ်ပိုဒ်မျိုး အသွားရိုးရိုးမဟုတ်။။ လေးလုံးတစ်ပိုဒ်တို့ အကြားအကြား၌ ခြောက်လုံးပိုဒ်၊ ခုနစ်လုံးပိုဒ် နှစ်ထပ်တွန့်အားဖြင့် ကွန့်လျက်ကွန့်လျက် အညွှန့်တက်နေသွားရာ ကြားရသူတို့၏နား၌ အလွန် ကဏ္ဍသုခ မခုရနှင့် သုခုမာလ သာရသုတိ မင်္ဂလာရှိလှသော အချိုးအစား အသွားသစ်တစ်မျိုး ကဗျာနယ်၌ တိုးလာခြင်း ဖြစ်၏"

(သတ်ပုံမှာ မူရင်း 'အင်္ဂပူမဟာ ထေရပ္ပတ္တိ' တွင် လာသည့်အတိုင်း ဖြစ်ပါသည်။)

"ကန်တွင်းဆရာတော်ရဲ့ ဝေဖန်ချက်ကိုကြားရတော့ ဆရာကြီး သခင်ကိုယ်တော်မိုင်းက ဘာဖြစ်လို့ အင်္ဂပူဆရာတော်ရဲ့ ဒေါင်းပရိတ်ကို ဒေါင်းဦကာသစ်မှာ ထည့်သွင်း အသုံးပြုခဲ့တယ် ဆိုတာကို ကျွန်တော် သဘောပေါက်သွားပါပြီ ဆရာ"

"အကြောင်းတိုက်ဆိုင်လို့ ပြောရဦးမယ်။ မင်းကွန်းတိပိဋကဆရာတော် ဘုရားကြီးဟာ မြင်းခြံမြို့ ကိုးဆောင်တိုက် ဝေဇယန္တာအုတ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင် ဝေပုလ္လဘိဓေဌေရ် စီရင်ရေးသားတော်မူတဲ့ မြင်းခြံကိုးဆောင်မူ 'မဟာပရိတ်တော်ကြီးနိဿယသစ်'ကိုရွတ်ဖတ်ပြီး တိပ်ခွေသွင်းပေးခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့စကားနဲ့ပြောရရင် ကြိုးခွေသွင်းပေးခဲ့ပါတယ်။ ကြိုးခွေ (၆) ခွေ ရှိပါတယ်။ ဆရာတော်ဘုရားကြီးဟာ မောရသုတ်ကို ရွတ်ဖတ်တော့မယ်ဆိုတော့ မောရသုတ်နိဿယကိုမရွတ်ခင် အင်္ဂပူဆရာတော်ဘုရားကြီးရေးသားတော်မူတဲ့ ဒေါင်းပရိတ်မွန်းကို ပထမဦးစွာ ရွတ်ဖတ်ပါတယ်။ နောက်ပြီးတော့မှ ကိုးဆောင်မူ မဟာပရိတ်တော်ကြီးနိဿယကို ဆက်ရွတ်ပါတယ်"

"မင်းကွန်းတိပိဋကရေဆရာတော် ဘုရားကြီးကလည်း အင်္ဂပူဆရာတော်ဘုရားကြီးရဲ့ ဒေါင်းပရိတ်မွန်းကို သဘောကျခဲ့တယ်လို့ ဆိုရမှာပေါ့နော်"

"သဘောကျခဲ့လို့ အသံသွင်းကြိုးခွေမှာ ထည့်သွင်းရွတ်ဖတ်ခဲ့တာပေါ့ တပည့်ရယ်။ နောင်အခွင့်ကြုံတော့မှ မင်းကွန်းတိပိဋကရေဆရာတော်ဘုရားကြီး အသံသွင်းပေးသွားတဲ့ တိပ်ခွေကို ဖွင့်ပြပါဦးမယ်။ အင်္ဂပူဆရာတော်ဘုရားကြီးရဲ့ ဒေါင်းပရိတ်မွန်းကို မင်းကွန်းတိပိဋကရေဆရာတော်ဘုရားကြီး ရွတ်ဖတ်ထားတာ အင်မတန် လွမ်းစရာကောင်းတယ်"

"ဥဒေါင်းမင်းဇာတ်ကိုယ်၌က လွမ်းစရာကောင်းတာကိုး"

"အဲဒါကြောင့်ထင်ပါရဲ့ တပည့်ရယ်။ ရွှေဆရာတွေက ဒေါင်းပရိတ်မွန်းကို စိတ်ကူးဉာဏ်ကွန့်မြူးပြီး ဆန်းဆန်းကြယ်ကြယ်ရေးဖွဲ့ခဲ့ကြတယ်။ စာရေးဆရာကြီး ဆရာမာယကလည်း သူရိယသတင်းစာမှာ 'ဝတ်အသင်းများ ရွွတ်ဖတ်ကြရန်' ဆိုပြီး ဒေါင်းအမွှန်းရေးခဲ့ဖူးသေးတယ်။ ဆရာကြီးမာယရေးတဲ့ ဒေါင်းမွန်းထဲက -

ဂ နေအရောင်ဝင်း၍ လင်းကြက်ဆော်မှဖြင့် ရွှေတောင်မင်း ကျင်းအခက်ပေါ်မှ ဆင်းသက်သော် ကျပန်းမသွားဘဲ ဗြဟ္မာ-မန္တယားဥဒေတယ်ကို မူအခြေမှန်မှန် ပွားများပြီးမှ အစာစားမည့် ကွင်းစားကျက်ဆီသို့ ဆင်းသက်တော်မူပြီးလျှင်. . .

ဆိုတဲ့အပိုဒ်ကို အမှတ်ရနေသေးတယ်"

"ဆရာအဲဒီလိုရွတ်ပြတော့ အင်္ဂပူဆရာတော်ဘုရားကြီးရေးဖွဲ့တော်မူခဲ့တဲ့ ရွှေဥဒေါင်းမင်းကြီး အိပ်တန်းတက်ပုံ အပိုဒ်ကို ကျွန်တော် သတိရလာတယ်။ ကျွန်တော် ဖတ်ပြပါ့မယ်။

ဂ ပူရိန်လျှပ်လျှပ်၊ သူရိန်နတ်ကို၊ မြူတိမ်ထပ်ဦးအုပ်၍၊ မိုးချုပ်သောညအခြေဝယ်၊ တင့်သရေရိပ်ဆန်းတဲ့ အိပ်တန်းသို့တက်ပြီးမှ၊ စက်ကြီးပမာ၊ ကွက်ဆီးကာသား၊ နည်းနာမသွေ၊ ဝါဃမေဖြင့်၊ 'အပေတယ်'အခြေခံကို၊ ဘယေရန်လွတ်ကင်းအောင်၊ အရှေ့ကြွချွတ်မယွင်းတဲ့၊ ဇွတ်တင်းကာ ဝတ်တယ၍၊ ရွွတ်သရဇ္ဈာယ် ညည်းသန်းလျက်၊ စီးဖြန်းတော်မူရာလေသတည်း"

(သတ်ပုံမှာ မူရင်းဒေါင်းဦကာ၌ လာသည့်အတိုင်း ဖြစ်ပါသည်။)

ကဗျာဉာဏ် အင်မတန်ကြီးတဲ့ ဆရာတော်ဘုရားကြီးပါ တပည့်ရယ်။ ဆရာဆီမှာ မင်းလှမြို့ မြဝတီစာပုံနှိပ်တိုက်ကရိုက်နှိပ်ထုတ်ဝေတဲ့ အင်္ဂပူကဗျာအမြဲတေကျမ်းရှိပါတယ်။ အဲဒီကျမ်းထဲမှာ အင်္ဂပူဆရာတော်ဘုရားကြီးရေးခဲ့တဲ့ ကဗျာတွေကို စုဆောင်း တင်ပြထားပါတယ်။ အလှည်းသင့်တဲ့အခါ အဲဒီကဗျာတွေအကြောင်း ပြောကြသေးတာပေါ့"

"ကောင်းတာပေါ့ ဆရာရယ်၊ ကျွန်တော်ဘယ်တော့လာခဲ့ရမလဲ"

"မကြာမီလာမည် ဆိုတဲ့စကားလို မကြာမီပေါ့ တပည့်ရယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

ထိုသို့ပြောပြီးနောက် ကျွန်တော့် တပည့်သည် ကျွန်တော့်အားကန်တော့ပြီး ပြန်သွားပါသတည်း။

မြင့်း (အယန)



www.burmeseclassic.com

www.burmeseclassic.com

# မိုးကော်ဒေါင်

## ဒုလ္လဘနှင့်စိတ္တဟာဋ္ဌမဇ္ဈာန်

မြန်မာနှစ်သစ်ကူး သင်္ကြန်ကာလ အချိန်ရောက်လျှင် သို့မဟုတ် နီးကပ်လာလျှင် လူတွေလှုပ်လှုပ်ရွရွဖြစ်လာကြသည်။ အကြောင်းမှာ သင်္ကြန်ကာလ ရက်များရောက်လျှင် အစိုးရဌာနရုံးတွေနှင့် ပုဂ္ဂလိကလုပ်ငန်းတွေအားလုံးအပါအဝင် သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်းရက်များအထိ စုစုပေါင်း ရုံးပိတ်ရက် (၁၀) ရက်ပေးထားသဖြင့် အားလပ်ရက်အတွင်း မိဘများနှင့်မိသားစုဆွေမျိုးများ ခိုရာအရပ်သို့ အလည်သွားကြ၊ လာကြ၊ ပြန်ကြနှင့် မြန်မာနိုင်ငံတစ်ဝန်း ဒေသအသီးသီးတို့၌ လူအများအပြား ခရီးသွားလာလှုပ်ရှားမှု အများဆုံးသော အချိန်ကာလ ဖြစ်ပါသည်။

ထိုအချိန် ရုံးပိတ်ရက်ကာလများအတွင်း အချို့သော နိုင်ငံဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများသည် ဘုန်းတော်ကြီးကျောင်းများသို့လည်းကောင်း၊ တရားစခန်းရိပ်သာများသို့ လည်းကောင်း သွားရောက်၍ သင်္ကြန်ရက်အတွင်း အချို့က (၇) ရက်၊ အချို့က (၁၀) ရက်ဖြင့် အဓိဋ္ဌာန်ထားလျက် ရဟန်းဝတ်နေထိုင်၍ ကုသိုလ်ယူကြသည်။ ထိုသို့ ခေတ္တခဏအဖြစ်ရဟန်းဝတ်ခြင်းကို လူအများက ဒုလ္လဘဝတ်သည်ဟုခေါ် ဝေါ် သုံးစွဲနေကြသည်။ အရပ်ထဲတွင် ဒုလ္လဘဆိုသည့် စကားကို တစ်မျိုးအဓိပ္ပာယ်နားလည်နေကြသည်ကိုတွေ့ရသည်။ သင်္ကြန်ရောက်လျှင် ဝန်ထမ်းများ၊ အချို့အရပ်သားလူငယ်လူရွယ်များ ရဟန်းခေတ္တဝတ်ခြင်းကို ဒုလ္လဘဟု မှတ်မှားနေကြသည်။

မြို့၊ ရွာအတော်များများ၌ ဤသို့ သင်္ကြန်တွင်းကာလ၌ ရဟန်းဝတ်ကြသောအလေ့အထတစ်ခု တော်တော်ပျံ့နှံ့ခေတ်စားလာနေသည်။ စာရေးသူတို့လည်း သင်္ကြန်တွင်းအများလိုဘာလို့ ဒုလ္လဘမဝတ်သလဲဟု အမျိုးသမီးကြီး အချို့၏အမေးကိုခံရဖူးသည်။ စာရေးသူမှာ တရားရိပ်သာစခန်းများကို နှစ်စဉ် (၁၀) ရက်စခန်းဝင်နေပါသည်။ နှစ်အတန်ကြာလာပြီ။ သို့သော် ယနေ့အထိ သူတို့ခေါ် ဝေါ် သည့်ဒုလ္လဘရဟန်းမဝတ်ဘူးပါ။

စာရေးသူလေ့လာသိရှိသလောက် တင်ပြရလျှင် ဒုလ္လဘ ဆိုသည်မှာ ပါဠိစကား ရဖို့၊ ရောက်ဖို့၊ ပြုလုပ်ဖို့ ခဲယဉ်းခြင်းဟု အဓိပ္ပာယ်ထွက်ပါသည်။ ထိုမှတစ်ဆက်တည်းသိရသည်မှာ ဒုလ္လဘတရား (၅) မျိုးရှိသည်။

(၁) လောကဋ္ဌ ဘုရားအဖြစ် ရဖို့ ရောက်ဖို့ခဲယဉ်းခြင်း၊
(၂) လူဘဝအဖြစ်ရဖို့ခဲယဉ်းခြင်း၊
(၃) ဘုရား-တရား-သံဃာဌ ယုံကြည်မှုသဒ္ဓါတရား ရရဖို့ခဲယဉ်းခြင်း၊
(၄) ရဟန်းအဖြစ်ရဖို့ ခဲယဉ်းခြင်း၊
(၅) သစ္စာလေးပါးတရားနာကြားရဖို့ ခဲယဉ်းခြင်းတို့ဖြစ်ရာ -

ထိုအထဲမှ နံပါတ် (၄) ပါ ရဟန်းအဖြစ် ရဖို့၊ ရောက်ဖို့ အလွန်ခဲယဉ်းပါသည်။

ထို့ကြောင့် နဂိုမူလကတည်းက ခေတ္တခဏဝတ်မည်ရည်မှန်း၍ ရဟန်းဝတ်ခြင်းကို ဒုလ္လဘရဟန်းဝတ်သည်မခေါ် ဆိုချင်ပါ။ ကုသိုလ်မရဘူးဟူ၍ စာရေးသူ မဆိုလိုပါ။ ဝတ်နိုင်သမျှ ဝတ်၍ ဝိနည်းစည်းကမ်းအတိုင်း နေထိုင်လျက် ကုသိုလ်ရရာရကြောင်းအလုပ်ဖြစ်သည့် တရားဘာဝနာရှုမှတ်ခြင်းသည် အလွန်အကျိုးကျေးဇူးများလှပါသည်။

မြတ်စွာဘုရားသခင်လက်ထက်တော်အခါက မြတ်စွာဘုရား၏တရားတော်ကို ကိုယ်တိုင်ကြားနာ၍၍ လည်းကောင်း၊ အဂ္ဂသာဝက၊ မဟာသာဝကကြီးများထံမှ တရားနာကြား၍၍လည်းကောင်း တရားသိသဘောပေါက်၍၍ ရဟန်းဝတ်သွားကြသောပုဂ္ဂိုလ်များ၊ ရဟန္တာဖြစ်သွားကြသောပုဂ္ဂိုလ်များရှိကြပါသည်။ အချို့ အနည်းငယ် မပြောပလောက်သော ရဟန်းအချို့တို့သာသာသနာတော်၌ မပျော်မွေ့နှိုင်၍ လူထွက်သွားကြသောသူများရှိကြောင်းကို ဖတ်ရှုဖူးပါသည်။ ထိုထိုပုဂ္ဂိုလ်များတို့သည် နဂိုမူလက ခဏဝတ်ပြီးပြန်လူဝတ်လဲ၍ထွက်မည်ဟု ရည်မှန်း၍ဝတ်ခဲ့ကြသူများမဟုတ်ကြပါ။ အခြေအနေအရ သို့မဟုတ် ဆက်လက် နေထိုင်ခြင်းငှာ မစွမ်းနိုင်တော့၍ လူထွက်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဤသို့ ရေးနေရခြင်းမှာ လူငယ်တစ်ဦးက ဘုရားလက်ထက်က ဒုလ္လဘဝတ်တာရှိသလားဟုမေးဖူးသောကြောင့် ဤသို့ရှင်းပြရခြင်း ဖြစ်ပါသည်။

ဤနေရာမှာ ကြံတုန်း ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ပီနန်ဆရာတော် အရှင်ကဿပ (M.A) ၏ (The Buddha Dhama) ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

*Buddhism does not compel to anyone to believe in it blindly.*

*one may study the Dhama of Buddna, think over it calmly and wisely, and may accept it if it appeals to him, and he may reject it if he cannot understant it.*

*Pessimism believes that the world is full of miseries and there is no way out of it.*

*Buddhism on the other hand teaches us the surest and the only way out of them.*

အတိုချုပ်အဓိပ္ပာယ်မှာ -

*ပဗုဒ္ဓဝါဒသည် တစ်စုံတစ်ဦးကိုမျှ အတင်း အရမ်း မယုံခိုင်းပါ။*

*ပဓမ္မကို သေချာ လေ့လာ ဉာဏ်ပညာဖြင့် သုံးသပ်၍ သဘောကျလျှင် လက်ခံ၊ သဘောမပေါက် နားမလည်လျှင်*



www.burmeseclassic.com

www.burmeseclassic.com

ပယ်ချရင်လည်းရသည်။

*၂ အဆိုးမြင်ဝါဒအရ ကမ္ဘာကြီးသည် ဒုက္ခသုက္ခအပေါင်းနှင့်ပြည့်နေလျှက် ထွက်ပေါက်မရှိ။*

*၃ ဗုဒ္ဓဝါဒအရ ထိုဒုက္ခသုက္ခအပေါင်းမှလွတ်မြောက်နည်းကို အသေချာဆုံးလမ်းပြပေးလိုက်နိုင်သည်။*

အထက်မှာဖွင့်ဆိုခဲ့သည့်အတိုင်း ဗုဒ္ဓသည် မည်သူကိုမျှ ရဟန်းဝတ်ရမည်ဟု အတင်းအကျပ်မစေခိုင်းခဲ့။ ထို့ကြောင့် ခေတ္တခဏစမ်းကြည့်။ စမ်းဝတ်ကြည့်ဟုလည်း မဟောခဲ့ပါ။ မည်သည့်ယောကျ်ားကိုမဆို အောက်ပါ အချက်များနှင့် ကင်းလွတ်လျှင်ဝင် ရဟန်းဝတ်ရန် ခွင့်ပြုချက်ပေးထားသည်။

ၵင်းတို့မှာ -

၁။ လူသားစင်စစ်ဖြစ်ရခြင်း၊

၂။ မင်းမှုထမ်းမဖြစ်ရခြင်း၊
(ခွင့်ရ၍ခေတ္တခဏဝတ်ခြင်း ခွင့်ပြုနိုင်ကြသည်။)

၃။ ကြွေးမြီးကင်းရှင်းရခြင်း၊
(ပေးစရာအကြွေးရှိက မဝတ်ရ။ ကြွေးရှင်ခွင့်လွှတ်လျှင်ရသည်။)

၄။ ကိုယ်လက်အင်္ဂါပြည့်စုံရခြင်း၊

၅။ ကူးစက်ရောဂါ၊ အနာကြီးရောဂါ စသည်တို့ ကင်းရှင်းရခြင်း။

ဤအချက်များနှင့် ပြည့်စုံမှသာ ရဟန်းဝတ်ခွင့်ရှိပါသည်။ အခြားအချက်များလည်းရှိပါသေးသည်။

ပြောစရာတစ်ခုတော့ရှိပါသည်။ မြတ်စွာဘုရားလက်ထက်က ရဟန်းဝတ်လိုက်၊ လူထွက်လိုက် (၆)ကြိမ်အထိလုပ်ခဲ့ဖူးသော ရဟန်းတစ်ပါးရှိခဲ့ဖူးပါသည်။ သို့သော် နောက်ဆုံးအကြိမ်၌ အရိယာဇာတ်ဝင် ရဟန္တာဖြစ်သွားသော ဝတ္ထု အကြောင်းတော့ရှိခဲ့ပါသည်။ ရဟန္တာဖြစ်သွားမှတော့ လူလောကသို့ပြန်ဝင်ရန် လုံးဝလုံးဝအကြောင်းမရှိတော့ပါ။

## စိတ္တဟတ္ထမထေရ်

မြတ်စွာဘုရားသခင်လက်ထက်က သာဝတ္ထိပြည်၌ အမျိုးသားယောကျ်ား တစ်ယောက်ရှိသည်။ သူသည် တောထဲသို့သွား၍ မိမိ၏ပျောက်နေသောနွားကို ရှာရာ တွေ့သောအခါ အခြားနွားအုပ်ထဲ ပေါင်းထည့်ပေးခဲ့၍ နေမှန်းတည့် အချိန်တွင် ဆာလောင်မွတ်သိပ်သဖြင့် ရဟန်းများ သီတင်းသုံးရာကျောင်းသို့ သွားသည်။ ရဟန်းတို့ကိုရှိခိုး၍ သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်နေ၏။ ရဟန်းများက မိမိတို့ဘုဉ်းပေးပြီး၍ ပို့လျှံနေသော ဆွမ်းထမင်း၊ ဟင်းတို့ကို ထိုသူ အားစားစေသည်။ ထိုအမျိုးသားကစား သောက်ပြီးသောအခါ ရဟန်းများအား

"အရှင်ဘုရားတို့ ဤသို့ ဆွမ်းထမင်းနှင့် ဟင်းများ နေ့စဉ်ပို့လှူပါသလား၊ ဆွမ်းပင့်ဖိတ်ကြွေးသူအမြဲရှိပါသလား"

ဟု မေးရာ ရဟန်းတို့က -

ဆွမ်းပင့်ဖိတ်ကြွေးသူ အမြဲမရှိ၊ သို့သော် လှည့်လည်ဆွမ်းခံရုံနှင့် မျှတလုံလောက်သည့်အပြင် ပို့လှူ၍ သာနေကြောင်း ပြန်လည် ပြောကြားလိုက်သည်။

ထိုအခါ ထိုအမျိုးသားယောကျ်ားက -

ငါသည် လုံ့လထုတ်၍ ကြိုးစားလုပ်ပါသော်လည်း ဤအရှင်ရဟန်းတို့ကဲ့သို့ အစားအစာကောင်းများမစား၊ ရဟန်းများမှာ စားကောင်းသောက်ဖွယ်များအမြဲစားနေသည်ဟုယူဆ၍ ရဟန်းဘဝအားကျလာသည်။ထိုသူ၏လျှောက်ထား တောင်းပန်ချက်အရ ရဟန်းများက သူ့ကို ရဟန်းဝတ်ပေးလိုက်သည်။ ထိုယောကျ်ားသည် ရဟန်းတို့၏ဝတ်ကြီးဝတ်ငယ်ဆောင်ရွက်စရာရှိသည်တို့ကို လုပ်ဆောင်ပေးသည်။ အစာအာဟာရကောင်းများကို မှီဝဲရသဖြင့် နှစ်ရက်၊ သုံးရက်အတွင်းမှာပင် ခန္ဓာကိုယ်ဝဖြိုးတောင့်တင်းကြွံခိုင်လာသည်။ ထိုအခါ ဤသို့ အိမ်စဉ်လှည့်ဆွမ်းခံသောအလုပ်ကိုငြီးငွေ့လာ၍ လူထွက်၍ အိမ်ပြန်သွားသည်။

နှစ်ရက်၊ သုံးရက်ကြာသောအခါ ပင်ပန်းနွမ်းနယ်လာပြီး ခန္ဓာကိုယ်သည် ပိန်လှီဖျော့တော့ဖြစ်လာပြန်သည်။ ဥငါ့အဖို့ အလွန်ဆင်းရဲပင်ပန်းလှပါတကား အောက်မေ့၍ ကျောင်းတော်သို့ပြန်သည်။ ရဟန်းတို့ကလည်း သူ၏ဝတ်ကြီးဝတ်ငယ်ပြုစုလုပ်ကိုင်ပေးသောကျေးဇူးကိုထောက်ထား၍ ထိုယောကျ်ားလျှောက်ထား တောင်းပန်သည့်အတိုင်း ရဟန်းဝတ်ပေးလိုက်ကြ၏။ ထိုသူလည်း ရဟန်းဖြစ်ပြီး မကြာမီရက်ဇတွတွင် ရဟန်းဘဝပြိုးငွေ့လာပြန်သည်။ ထို့ကြောင့် လူပြန်ထွက်လိုက်သည်။ ဤသို့ ရဟန်းဝတ်လိုက်၊ လူထွက်လိုက်လုပ်လာခဲ့သည်မှာ (၆)ကြိမ်တိုင်ရှိခဲ့သည်။ အလွန်သည်းညည်းခံသောရဟန်းများနှင့် ထိုယောကျ်ားတို့ဆက်ဆံရေးမှာ အလွန်အံ့သြဖွယ်ကောင်းသည်။ ထိုယောကျ်ားကို စိတ်အလိုလိုက်၍ သွားလာနေထိုင်သဖြင့် ရဟန်းများက 'စိတ္တဟတ္ထမထေရ်' ဟု မှည့်ခေါ်ကြသည်။

ထိုသို့ ရဟန်းဝတ်လိုက်၊ လူဝတ်ပြန်လဲလိုက်ရင်း သူ၏ ဇနီးသည်မှာ ကိုယ်ဝန်ရှိလာသည်။ တစ်နေ့သောအခါ ရဟန်းပြန်ဝတ်လိုစိတ် ပြန်ပေါ်လာပြန်သည်။ ထို့ကြောင့် မိမိပိုင်သက်နှံးကိုယူ၍ မယားမသိအောင်အိမ်မှထွက်ခွာသွားလေသည်။ ယောကျ်ားမဖြစ်သူက မြင်၍ သူ၏သမီးအား သူ့ယောကျ်ား သက်နှံးပို့ကို ကျောင်းတော်ဘက်သို့ထွက်ခွာသွားသည်ကိုမြင်ကြောင်း၊ သူမအား စိတ်ကုန်၍ပစ်သွားဟန်ရှိကြောင်း လာပြောသည်။

ထိုအခါ ဇနီးသည် သမီးဖြစ်သူက -

"အမေ၊ ဤအတွက်မစိုးရိမ်ပါနှင့်။ နှစ်ရက်၊ သုံးရက်နေလျှင် အမေ့သမက် အိမ်ပြန်လာမှာပါ။ စိတ်ချစမ်းပါ"

ဟု ပြန်လည်ပြောဆိုလေသည်။

ယခုအကြိမ်သည် ခုနစ်ကြိမ်မြောက် ရဟန်းဝတ်ခြင်း ဖြစ်သည်။

ထိုအမျိုးသားယောကျ်ားသည် ကျောင်းတော်သို့ သက်နှံးပို့ကိုသွားရင်း လမ်းတွင် အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာရေးသုံးပါးကို ပွားများဆင်ခြင်သွားရာ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားသည်။ ကျောင်းတော်သို့ရောက်လျှင် မိမိအား ရဟန်းပြုပေးပါရန် ရဟန်းတို့ထံတောင်းပန်လျှောက်ထားသည်။ - အစပထမ ရဟန်းတို့က ရဟန်းပြုပေးရန် ငြင်းဆန်ကြသေးသည်။ ထိုအမျိုးသားယောကျ်ားကလည်း မိမိအား ဤတစ်ကြိမ်သာ ရဟန်းပြုပေးပါရန် လျှောက်ထား၏။ ထိုသူ၏ ရဟန်းများအပေါ် ရိုသေသမှုပြုမှုနှင့် ဝတ်ကြီးဝတ်ငယ်ပြုစုပေးခဲ့ဖူးသော ကျေးဇူးကိုထောက်ထား၍ ရဟန်းပြုပေးလိုက်ကြသည်။ နှစ်ရက်၊ သုံးရက်အတွင်း ကျင့်ကြံအားထုတ်ရာ ပဋိသမ္ဘိဒါလေးပါး နှင့်တကွ ရဟန္တာဖြစ်သွားလေ၏။ ဤရဟန်း၏ ဘွဲ့တော်မှာ စိတ္တဟတ္ထမထေရ်အမည်တွင်သည်။

သူ၏ လူဘဝဟောင်းက မယား မျှော်လင့်ယုံကြည်ထားသကဲ့သို့ အိမ်ပြန်လာမည့်သူမဟုတ်တော့ပါ။ ရဟန်းဝတ် နှင့်မြဲသွားတော့သည်။

ဤဝတ္ထုဖြင့် ဒုလ္လဘ၏ အဓိပ္ပာယ်ကို သိနားလည်လောက်ပါပြီ။ ဒုလ္လဘ ရဟန်းဝတ်သူများကို လေးစားပါသည်။ ရဟန်းဘဝရှိနေစဉ်တွင်လည်း သုပ္ပဋိပန္နော အစရှိသော ဂုဏ်တော်များဖြင့် ပူဇော်ဦးညွှတ်ရှိခိုးပါ၏။

မိုးကော်အောင်

**မှီငြမ်းကိုးကား -**

စိတ္တဟတ္ထမထေရ်ဝတ္ထုကို ရှင်မဓမ္မသာမိဘိဝံသ၏ ဓမ္မပဒ ပထမတွဲ၊ စာ - ၃၆၆ ကို မြီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ထူးထူးခြားခြား နောင်တော်ကြီးဘုရား

"မင်းသင်္ဘောမတက်ရလို့စိတ်ညစ်နေတာလား။ မင်း ငါ့ကိုယုံရင် ငါပြောသလိုလုပ်။ ငါ့အကျိုကိုမင်းလဲဝတ်၊ မင်းအင်္ကျီငါ့ကိုပေး"

သင်္ဘောသားဖြစ်ချင်သည့်သင်္ဘောမတက်ရသေးသော လူငယ်ကလေးက ပုတီးမောင်မောင်ဟု လူသိများသောသူထံမှ အင်္ကျီကို ကပျာကယာအမြန်ဝတ်၊ သူ့အင်္ကျီအား ပုတီးမောင်မောင်ထံပေး၍ နောင်တော်ကြီးဘုရားသို့ ရှိသေစွာကန်တော့၊ ပုတီးမောင်မောင်ကိုလည်း ကန်တော့ပြီးနောက် နောင်တော်ကြီးဘုရားတောင်ဘက်မုခ်လေ့ကားအတိုင်း ပြန်ဆင်းသွားပါတော့သည်။

မကြာမီ ထိုလူငယ်ကလေးတစ်ယောက် နိုင်ငံခြားသင်္ဘောပေါ် သို့ရောက်သွားပါတော့၏။ ထိုအဖြစ်အပျက်လေးက လွန်ခဲ့သော (၁၀) နှစ်ဝန်းကျင်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကလေးပါ။ စာရေးဆရာ ညွန့်မောင်ဦး ရေးသားပူဇော်သည့် 'ရွှေတိဂုံမြတ်ဘုရား အံ့ဖွယ်နှစ်ဆယ့်တစ်ပါး' စာအုပ်မှာလည်း ရေးသား တင်ပြထားသည်ကို ဖတ်ဖူးပါသည်။ နောင်တော်ကြီးဘုရားပေါ်မှာ နေ့စဉ်နီးပါး ပုတီးအရှည်ကြီးနှင့်ပုတီးစိပ်အဓိဋ္ဌာန်ဝင်နေသောလူတစ်ဦးရှိခဲ့ဖူးပါ၏။ ထိုသူ၏အမည်မှာ ဦးမောင်မောင်ဟု သိရပါသည်။ အသားကမည်း၍ ဝဝဖိုင့်ဖိုင့်၊ ခေါင်းတုံးဆံပင်ခပ်တိုတိုနှင့် တစ်ခါမြင်ဖူးပါက မှတ်မိလွယ်သောသူတစ်ဦးဖြစ်ပါသည်။ သွင်ပြင်သဏ္ဌာန်ကြည့်ပါက အထင်ကြီးဖွယ်မရှိပါ။

သို့သော် သူ၏မျက်နှာသွင်ပြင်ကို သေချာကြည့်ပါက အကြည်ဓာတ်များကိန်းနေသည်ကို တွေ့မြင်နိုင်ပါသည်။ သီလ၊ သမာဓိ၊ ကျင့်ကြံမှုတို့က ဦးမောင်မောင်၏ မျက်နှာပြင်ပေါ် တွင် ထင်ရှားနေပါသည်။ မိုးလင်း၊ မိုးချုပ် နောင်တော်ကြီးဘုရားပေါ်မှာရှိတတ်ပါ



နောင်တော်ကြီးဘုရားအား တနင်္ဂနွေထောင့်မှ ဖူးမြော်ရစဉ်



နောင်တော်ကြီးဘုရား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပုတီးမောင်မောင်ဟု ဆိုပါလျှင် လူတော်တော်များများသိပါသည်။ လွန်ခဲ့သော (၇) နှစ်ခန့်က နောင်တော်ကြီးဘုရားတွင်ရှိပါသေးသည်။ နောက်ပိုင်းတွင် ကြိုကြားတွေ့မြင်ရ၍ စာရေးသူလည်း နောင်တော်ကြီးပေါ် မရောက်ဖြစ်တော့၍ ပုတီးမောင်မောင်အကြောင်း မသိရတော့ပါ။ နောင်အခါ အခွင့်ပေးလျှင်တော့ ပုတီးမောင်မောင်အကြောင်း လေ့လာ၍ စာရေးသားတင်ပြပါဦးမည်။ နောင်တော်ကြီးဘုရားပေါ် သို့ အမျိုးသမီးများမတက်ရပါ။အမျိုးသမီးများအဝိဇ္ဇာန်ဝင်လိုပါက နောင်တော်ကြီးဘုရားမုခ်ဝတောင်ဘက်လှေကားထိပ် စူဠာမဏိစေတီခြေရင်းတွင် နောင်တော်ကြီးဘုရားသို့မျက်နှာမူပြီး ပုတီးစိပ်ကြပါသည်။

### သမိုင်းဦးမှာ ထူးထူးခြားခြားတည် နောင်တော်ကြီးစေတီ

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၌ တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ မရွှိမဒေသမှ ပဋ်ဆောင်တော်မူလာဘုဒ္ဓမြတ်၏ ဆံတော်မြတ် (၈) ဆူတော်ကို ဥက္ကလာပမင်းကြီးထံဆက်ကပ်တော်မူပြီးနောက် ဥက္ကလာပမင်းကြီးသည် အမျှားပြည်သူ ဖူးမြော်ကန်တော့ကြစေခြင်းငှာ နောင်တော်ကြီးဘုရားတည်တော်မူမည့်နေရာတွင် အပူဇော်ခံမဏ္ဍပ်ထိုး၍ထားရှိတော်မူပါသည်။

နောင်တော်ကြီးစေတီတော်သည် ရွှေတိဂုံစေတီတော်ကြီးမတည်မီ ဦးစွာပထမ တည်တော်မူသော ထူးထူးခြားခြားစေတီတော်ဖြစ်ခြင်းကြောင့် နောင်တော်



နောင်တော်ကြီးဘုရားမုဒူးမြေ့ ဇွေတိဂုံစေတီတော်



နောင်တော်ကြီးဘုရားမုခ်ဦး



တနင်္ဂနွေထောင့်မှဆုတောင်းပြည့်နေရာဌာန

နောင်တော်ကြီးဘုရားခြေရင်းမှခြေသံကြီး



www.burmeseclassic.com

www.burmeseclassic.com

ထွန်ခဲ့သော နှစ်ပေါင်း (၁၃၀) ခန့်က ဆရွောက်မှ ဖူးမြင်ရသော နောင်တော်ကြီးဘုရား



ရှေးခေတ် နောင်တော်ကြီးစေတီတော်ခြေရင်း ဘုရားဖူးများနှင့် ဈေးသည်များ

ရှေးခေတ် ရွှေတိဂုံရင်ပြင်တော်မှ ရေသည်၊ ကွမ်းယာ၊ ဆေးလိပ်၊ ပန်းသည်၊ ဈေးသည်များ တွေ့ရပုံ

ကြီးစေတီတော်' ဟု ဘွဲ့အမည်တော်မှည့်ခေါ်တော်မူကြောင်း ရှေးပညာရှင်များ မှတ်တမ်းများအရ သိရပါသည်။

မှတ်ချက်။ ။ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီမှဦးစီးထုတ်ဝေသော 'အံ့ဖွယ်မကုန် မြတ်ရွှေတိဂုံ' စာမျက်နှာ (၉) အောက်ဆုံးပိုဒ်၌ ဖော်ပြထားသည်မှာ ဘုရားတည်ရန်စီမံဆဲတွင် ဘုရားရှင်တို့၏ ပရိဘောဂ၊ မွေးတော်ဓာတ်၊ ဆံတော်မြတ်တို့ကို သိဂုံတွင်ရကုန်းတော်ထက်တွင် ကျောင်းဆောင်ကြီးဆောက်လုပ်ပြီး အတွင်း၌ထားရှိလျက် ပူဇော်မှုပြုကြသည်။ နောင်တွင် ထိုစံကျောင်းမဏ္ဍပ်နေရာ အထိမ်းအမှတ်အဖြစ် စေတီတော်တစ်ဆူတည်ထားရာ 'နောင်တော်ကြီးစေတီ' ဟူသော ဘွဲ့အမည်ပေးတော်မူပါကြောင်းပါရှိ၍ ရွှေတိဂုံပြီးမှသာတည်သည်ဟု ယူဆစရာရှိပါသည်။ နှစ်ပေါင်း (၂၆၀၀) ခရီးမှာ ကွဲလွဲမှုအမျိုးမျိုး၊ ထင်မြင်ချက်အမျိုးမျိုးဖြစ်ပေါ်နေခဲ့၏။

တချို့သော သမိုင်းပညာရှင်များက နောင်တော်ကြီးစေတီတော်နေရာသည် ဦးစွာပထမ ဆံတော်မြတ်သီတင်း 'စ'သုံးတော်မူသောနေရာဌာနဖြစ်သည်။ မြင့်မြတ်သောနေရာတွင် ညီနောင်နှစ်ပါး အနက် နောင်တော်ကြီးဖြစ်သည့် တပုဿမှ ဘုရားဒါယကာခံယူတည်တော်မူခြင်းကို အကြောင်းပြု၍ 'နောင်တော်ကြီးစေတီတော်' ဟု ခေါ်တော်မူပါကြောင်း သိရပါသည်။

နောင်တော်ကြီးစေတီတော်သည် မြင့်မြတ်သော ရွှေတိဂုံစေတီတော်ကုန်းတော်မြတ်မဟာတွင် တည်ထားသော စေတီတော်ဖြစ်သည်နှင့်အညီ သာသနာ့ကုန်းမြေမဟာတွင် (၃၂၆) ပေ ဉာဏ်တော်အမြင့်ရှိ ရွှေတိဂုံစေတီတော်ကြီးပြီးပါလျှင် ဒုတိယဉာဏ်တော်အမြင့်ဆုံးစေတီတော်တစ်ဆူဖြစ်တော်မူပါသည်။ နောင်တော်ကြီးစေတီတော်၏ ဉာဏ်တော် အမြင့်မှာ (၁၅၀) ပေ ရှိတော်မူပါသည်။ အရံစေတီတော် (၂၄) ဆူတည်ရှိတော်မူပါသည်။ စေတီတော်အောက်ခြေတွင် ခြသေ့ရုပ် (၄) ရုပ်ခံ၍ တည်တော်မူပါသည်။ နောင်တော်ကြီးစေတီတော်၏ထီးတော်မှာ ဘုံ(၉)ဆင့်ရှိတော်မူ၍ ကြေးနီဖြင့် ပြုလုပ်ထားကြောင်း သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြီးပွားလိုလျှင် နောင်တော်ကြီးတွင် အဓိဋ္ဌာန်ဝင်

ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်း ဟူသော နိမိတ်တဘောင် စကားနှင့်အညီ ကြီးပွားတိုးတက်လိုသော လောကီနယ်သား လူအများတို့သည် 'ကြီး' ပါသော ဘုရားပုထိုးများ၌ စိတ်ကြဲသမှု အဓိဋ္ဌာန်တွေ့ပြုကြပါ၏။ သက်သတ်လွတ်စားကြ၏။ ဂုဏ်တော်၊ ပဌာန်းမြတ်တို့အား ပုတီးစိပ်ကြ၏။ တရားဘာဝနာပွားများကြ၏။ ကြီး (၉) ကြီး အဓိဋ္ဌာန်ဝင်သူများ 'နောင်တော်ကြီး' သို့ ရောက်လာကြ၏။ ဝီးပွားရေးအခွင့်အလမ်း ပန်းလိုလန်းချင်သူများ နောင်တော်ကြီးဘုရားဆီသို့ မရောက်ရောက်အောင်သွားကြ၏။

ဒွေးအခါကာလက ရွှေတိဂုံရင်ပြင်တော်တွင် စွေးဝယ်၊ စွေးသည်များရှိကြ၏။ မနှင်းအေးဟု ခေါ်သော မိန်းကလေးသည် နောင်တော်ကြီးဘုရားအနီးတစ်ဝိုက်တွင် အကြော်ရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလေ၏။ မနှင်းအေး၌ ကောင်းသောစရိုက်တစ်ခုရှိ၏။ အိမ်မှ မိခင်အိုကြီးကြော်ပေးလိုက်သော ဘူးသီးကြော်၊ ပဲကပ်ကြော်၊ ဗယာကြော်များ စွေးရောင်းထွက်လျှင် ခေါင်းရွက်ရသော စကောအတွင်းသို့ စထည့်သည်နှင့် ဗာဒံရွက်ထဲတွင် အကြော်(၃)ခုဦးစွာထည့်၍ သီးသန့်သတ်သတ်ထားလေ၏။ ဘုရားအရှေ့မုခ်စွေးဘက်မှ စတင်စွေးရောင်းထွက်ပြီး ဘုရားရင်ပြင်တော်ရောက်သောအခါ နောင်တော်ကြီးဘုရားတစ်ဝိုက်တွင် စွေးစမရောင်းမီ နောင်တော်ကြီးတောင်ဘက် လှေကားအနီး နောင်တော်ကြီးဘုရားခြေရင်းသို့ သွား၍ ပန်းတင်ခုံတွင် အကြော်ဗန်းကို တင်ပြီး ဦးချထားနှင့်သောအကြော်(၃)ခုကို 'နောင်တော်ကြီးဘုရားသို့ကပ်လှူပါ၏ဘုရား' ဟု ဆိုကာ အကြော်ခုံကို ကပ်လှူလေ၏။ ပြီးနောက် ဩကာသကန်တော့ချီးဖြင့် ဘုရားကန်တော့ကာ ဤကုသိုလ်ကြောင့် တုပည့်တော်မတို့ သားအမိ ဘေးကင်းရန်ကွာစိတ်ချမ်းသာခြင်းများစွာဖြင့် ကြီးပွားချမ်းသာပါစေဟု ဆုတောင်းလေ၏။ နေ့စဉ် ထိုသို့ ဝတ်မပျက် အကြော်ခုံကပ်လှူပြီး အကြော်ရောင်းလေ၏။ ရှေးအခါက ယခုခေတ်ကဲ့သို့ ဆိုင်များ၊ စားသောက်ဆိုင်များ လွန်စွာရှားပါးလှသည်ဖြစ်ရာ ခေါင်းရွက်ဗျပ်ထိုးစွေးသည်များထံမှ လိုသလိုဝယ်၍ ဝိုက်ဆာမှုကိုဖြေရှင်းကြလေ၏။ မုန့်ဟင်းခါးအထမ်းဖြင့်ရောင်းသူ၊ မန်ကျည်းဖျော်ရည်ရောင်းသူ၊ မုန့်လုပ်ရောင်းသူ၊ ထမင်းဟင်းဗန်းထဲထည့်ရွက်ရောင်းသူ စသည်ဖြင့် စွေးရောင်းသူများရှိကြ၏။ အနယ်နယ်အရပ်ရပ်မှလာရောက်သော ဘုရားဖူးတို့မှာ ထိုစွေးသည်များကြောင့် အဆင်ပြေကြ၏။ ဘုရားမှာ အဆာပြေစားပြီး အေးဆေးစွာ ဘုရားဖူးနိုင်ကြလေ၏။ ဘုရားရင်ပြင်တော်တွင် ဝိုက်ဆာ၍လည်းကောင်း၊ အဆာပြေစားချင်၍လည်းကောင်း အကြော်ခုံဝယ်စားကြသူများရှိသကဲ့သို့ ဓာတ်သဘောဓာတ် မနောသိကြသော ဓာတ်ဆရာများ၊ အဓိဋ္ဌာန်ဝင်သူများက အကြော်ခုံဝယ်၍ ဘုရားကပ်လှူခြင်း၊ ဘေးရန်ကျော်လွှား ကျော်ကြားချင်သူများက ဗယာကြော်ကို လည်းကောင်း၊ ကပ်အမျိုးမျိုးမှ ကျော်လိုသူများက ပဲကပ်ကြော်လှူ၍လည်းကောင်း မနှင်းအေး၏ အကြော်များကို ဝယ်ယူအားပေးကြလေ၏။

မနှင်းအေး ဘုရားကန်တော့ရာနေရာ၌ အဓိဋ္ဌာန်ဝင်သူ အမျိုးသမီးတစ်ဦး

နောင်တော်ကြီးဘုရားတောင်ဘက်ဓာတ်ထေ့ကားရင်းမှ ဘုရားဖူးများ

နံနက် (၁၀)နာရီလောက်ဆိုပါက အကြော်ကုန်တော့၏။ ရလာသောငွေကြေးကလေးဖြင့် အရှေ့ဘက်မုခ်စွေးမှ ဆန်နှင့် ဆီ၊ ပဲ စသည်ဖြင့် လိုအပ်သည်များ ဝယ်ခြမ်းပြန်လေ၏။ မနှင်းအေးတို့က အိုးပိုင်အိမ်ပိုင်မရှိ။ ကြားတောရလမ်းမှ ဆရာတော်ဦးဝါသဝမှ (၁၀) ပေပတ်လည် တဲလေးဆောက်လုပ်၍ ခေတ္တနေထိုင်ခွင့်ပြုထားလေ၏။ ထိုတဲအိမ်ကလေးက ကွယ်လွန်သွားပြီ ဖြစ်သော မနှင်းအေးဖခင်၏ ကျေးဇူးကြောင့်ဟု ဆိုရပေလိမ့်မည်။ မနှင်းအေး၏ဖခင်က ဘုရားစွေးတွင် ကြဲရာကျပန်းလုပ်ကိုင်စားသောက်ရင်း အားသည်နှင့် ကျောင်းသို့ရောက်လာ၏။ ဖေယျာဝစ္စလုပ်ပေးရင်း ဆရာတော်မှသနားသဖြင့် တဲထိုးပြီး ခေတ္တနေခွင့်ပေးခဲ့ခြင်းဖြစ်၏။ မနှင်းအေးဖခင်ကွယ်လွန်သောအခါမှာလည်း ဆရာတော်မှ ငဲ့ညှာသောအားဖြင့် ခေတ္တယာယီနေထိုင်ခွင့်ပြုထားသည်ဖြစ်ရာ မနှင်းအေး



www.burmeseclassic.com

www.burmeseclassic.com

တို့သားအဖိုမှာ အိုးပိုင်အိမ်ပိုင်မရှိသဖြင့် အိုးပိုင်အိမ်ပိုင်ဝယ်နိုင်ရေးကိုတွေးပြီးပူနေကြရ၏။

အိမ်ပြန်ရောက်ပြီး ရေမိုးချိုး၊ ထမင်းစား ခေတ္တခဏနားပြီး ညနေပိုင်း တစ်ခါ အရှေ့မုခ်ဘုရားစေ့းတွင် အကြော်ရောင်းရပြန်ပါသည်။ အကြော်စောစောတုန်လျှင် စောစောနားရ၍ အကြော်ရောင်းမကောင်းပါက လူကွဲစေ့းစဲမှ အိမ်ပြန်ရလေ၏။ ထိုသို့ဖြင့် မနှင်းအေးတို့သည် နံနက်တိုင်း နောင်တော်ကြီးဘုရား၌ အကြော်စုံကပ်လှူ၍ ဆုမွန်ကောင်းများတောင်းပြီး ဘုရားရင်ပြင်တော်မှာ အကြော်ရောင်းလာရာ တစ်နေ့သ၌ ယောဂီဝတ်စုံဝတ်အဘိုးအိုတစ်ဦးသည် နောင်တော်ကြီးဘုရားမှအဆင်း လေ့ကားအနီးတွင် မနှင်းအေးကို တွေ့လိုက်၏။ မနှင်းအေးအား -

"သမီး၊ ကြီးပွားချင်သလား"

ဟု မေးရာ -

"ကြီးပွားချင်တာပေါ့ အဘိုးရဲ့"

ဟု ပြောလိုက်၏။

ထိုအခါ အဘိုးအိုသည် လက်ကို ဆန့်တန်းပြီးနောက် လက်ထဲတွင်အသင့်ပါလာသောစာရွက်ကလေးတစ်ရွက်ကို မနှင်းအေးသို့ပေးလေ၏။

"ဒါဘာလဲအဘိုး"

ဟု ဆိုသောအခါ အဘိုးအိုက -

"သမီး ဒီအတိုင်း ဆုတောင်းနေရုံနဲ့မလုံလောက်ဘူး။ အလုပ်နဲ့ သက်သေပြမှဖြစ်မယ်။ အဲဒါဂါထာတော်။ အားအားရှိ အဲဒီဂါထာကိုရွတ်။ မပျင်းလေနဲ့။ ဘုရားရှိခိုးပြီးရင်လည်းရွတ်၊ အကြော်ရောင်းရင်းလည်းရွတ်။ သမီးမကြာစေရဘူး၊ အိုးပိုင်အိမ်ပိုင်ဖြစ်မယ်။ ဆက်ပြီး ရွတ်ဖတ်ပူဇော်၊ ကြီးပွားသွားမယ်။ ဆက်ဆက်ရွတ်နော်"

အဘိုးအိုက ပြောပြောဆိုဆို တနင်္ဂနွေထောင့်သို့ ဆက်လျှောက်သွား၏။ မနှင်းအေးလည်း ကြောင်အမ်းအမ်းဖြစ်ရာမှ အဘိုးအိုကိုကြည့်နေရာ ဆံတော်နားတန်ဆောင်းနားရောက်သောအခါ အဘိုးအိုသည် မျက်စိရှေ့တင် ပျောက်ခြင်းမလှပျောက်သွားပါတော့၏။ ထိုအခါကမှ မနှင်းအေး သတိရ၏။ ပဂ္ဂိုလ်ထူးပဂ္ဂိုလ်မြတ်အဘိုးပါလား၊ အကြော်လေးတောင် မလျှဲလိုက်ရဟု နှုတ်မှပြောဆိုရင်း စိတ်မကောင်းဖြစ်သွား၏။ အဘပေးသောဂါထာတော်ကို ရွတ်ဖတ်ရာ ကောင်းစွာမရွတ်ဆိုတတ်အောင်ဖြစ်နေ၏၊ ဤသို့ဖြင့် ကျောင်းရောက်သော အခါ ဆရာတော်အား လျှောက်ထားမှ ဆရာတော်ချပေးသည့်အတိုင်း ရွတ်ဆိုရာ အဆင်ပြေသွားတော့၏။

နောင်ရက်များတွင် အဘိုးအို၏ ဂါထာတော်မြတ်အား အဆက်မပြတ် ရွတ်ဖတ်နေသောအခါ စေ့းအလွန်ရောင်းကောင်းလေ၏။ အရှေ့ဘက်မုခ်ရှိ ကန်တော်ကလေးထိဆိုင်ရှေ့ ရောက်သောအခါ ထိထိုးချင်စိတ်ပေါက်လာ၏။ ထိတစ်စောင်ကို (၂) ကျပ်ဟုဆိုရာ ထို (၂) ကျပ်ကို နှမြောတွန့်တိုနေလေ၏။ ချီတုံချတုံဖြစ်နေစဉ် သူ၏နားထဲ၌ 'ထိထိုးမှထိပေါက်မည်' ဟု ပြောသံကြားရသဖြင့် အရဲစွန့်၍ထိတစ်စောင်ထိုးလိုက်လေ၏။ ခွေးနဲ့စာဖြင့် အရဲစွန့်ထိုးလာသော ထိတစ်စောင်ကို အိမ်ဦးဘုရားခန်းမာရှိ ရုပ်ပွားတော်အောက်ခြေတွင် 'အိမ်ပိုင်မြေပိုင်နှင့်နေရပါစေ' ဆုတောင်းပြီး သိမ်းထားလိုက်၏။ နောက်ပိုင်းရက်များတွင် မေ့မေ့မျောက်မျောက်နှင့် အကြော်ဆက်ရောင်းနေ၏။ ပဂ္ဂိုလ်ထူးအဘိုးအို၏ ထိုဂါထာတော်ကိုလည်း အားသည်နှင့်ရွတ်လေ၏။ တစ်လနီးပါးကြာသောအခါ ရွှေတိဂုံဘုရားမှအဆင်း ဘုရားအရှေ့မုခ်ဘုရားစေ့းကို လွန်သောအခါ နောက်မှ လူတစ်ယောက်လှမ်းခေါ်သံကြားရ၏။

"အကြော်သည်၊ အကြော်သည်ကလေးမ"

အကြော်ကလည်းရောင်းရန်ကျန်သေး၍ အကြော်ဝယ်မည့်သူခေါ်သည်ဟုအထင်ဖြင့် လှည့်ကြည့်ရာ ကန်တော်ကလေးထိဆိုင်မှလူကြီးဖြစ်နေ၏။

"ကလေးမ၊ သူဌေးဖြစ်ပြီ"

"ရှင်-သူဌေးဖြစ်ပြီ၊ ဘယ်ဇို့. . . "

"ကလေးမ၊အောင်ဘာလေပေါက်တယ်"

"ထိပေါက်တာလား"

"အေးကွယ်၊ ကလေးမသူဌေးဖြစ်ပြီ၊ တစ်သောင်းဆု"

ထိုခေတ်ကာလက ကြားတောရလမ်းတွင် အိမ်ကြီးအိမ်ကောင်းတစ်လုံးဆိုပါက သုံး၊ လေးထောင်ဆို ရသောခေတ် ဖြစ်၏။ ဆရာတော် ဦးဝါသဝ၏ လမ်းညွှန်ကူညီမှုကို ခံယူ၍ ထိဆုဌေထုတ်ပြီးနောက် ကြားတောရလမ်းတွင် အိမ်ကြီးအိမ်ကောင်းတစ်လုံးအား (၄) ထောင်ကျပ်ဖြင့် ဝယ်လိုက်၏။ လှူရေးတန်းရေး၊ ရဟန်းခံရွှင်ပြုအတွက် တစ်နေရာတည်းရသော သင်္ကန်းပရိက္ခရာဆိုင်ကြီးဖွင့်၏။ အကြော်သည်မလေး မနှင်းအေးတို့သည် နောင်တော်ကြီးဘုရားနှင့် ဂါထာတော်တန်ခိုးကြောင့် ဘုရားဒါယိကာမ၊ ကျောင်းအမဘွဲ့ခံသူဌေးဖြစ်သွားကြပါတော့၏။

သူဌေးဖြစ်သွားပြီးနောက်တွင် ဘဝမမေ့။ နေ့စဉ် နံနက်တိုင်း ရွှေတိဂုံဘုရား ပေါ်တက်၍ ရွှေတိဂုံဘုရား နောင်တော်ကြီးဘုရားသို့သွားကာ အကြော်စုံများအပြင် ဆီထမင်း၊ ဆွမ်းများကပ်လှူခြင်း၊ ရွှေတိဂုံဘုရားကြီးနှင့် နောင်တော်ကြီးဘုရားသို့ ရွှေစင်ရွှေပြားများကပ်လှူခြင်း၊ ဘုရားအာရာမ်တံတိုင်းများလှူဒါန်းခြင်း၊ ကျောင်းအသစ်ဆောက်လုပ်လှူဒါန်းခြင်း၊ ရေတွင်းရေကန်တူးခြင်းစသည့်ကောင်းမှုကုသိုလ်များ စဉ်ဆက်မပြတ် အလှူရေစက်လက်နှင့်မကွာ ဆောင်ရွက်ရင်း အကြော်သည်မနှင်းအေးမှ သူဌေးဒေါ်နှင်းအေးအမည်ဖြင့် သာသနာမော်ကွန်းထိုးနိုင်ခဲ့ပါကြောင်း 'နောင်တော်ကြီးဘုရား' ဦးထိပ်ပန်ဆင်ထား၍ ကြီးပွားခဲ့ခြင်းကို ရေးသား တင်ပြအပ်ပါသည်။

**သူဌေးမ ဒေါ်နှင်းအေး အမြဲရွတ်ဖတ်သောဂါထာ**

ပ ပထမံ သကလက္ခဏမေကပဒံ၊
ဒုတိယာဒိ ပဒဿ နိဒဿနတော။
သ မ နီ၊ ဒု နိ မာ၊ သ မ ဒု၊
သ နိ ဒု၊ ကမတော ဝိဘာဇေ
ပထမေန ဝိနာ။

မှတ်ချက် - ထိုဂါထော်ကို ပဌမံဂါထာဟုခေါ်၍ တစ်နေ့ (၁၀၈) လုံးပုတီးကုံးဖြင့် မှန်မှန်စိပ်ပါ။ လိုရာဆုတောင်းပြီးနောက် (၇) ရက်သားသမီးများ၊ (၁၁) ဘုံသားတို့အား မေတ္တာပို့ပြီး အမျှဝေပါလေ။ (၁)လအတွင်း အသင့်ထူးခြားလာပါလိမ့်မည်။

စာရှုသူမမှိတ်ဆွေများအနေဖြင့် 'ကြီးပွားလိုလျှင် နောင်တော်ကြီးဘုရားတွင် အမိဌာန်ဝင်ကြဖို့တိုက်တွန်းမိုးဆော်ပါသည်။ နောင်တော်ကြီးဘုရားတွင် အကြော်စုံ၊ဆီထမင်းကပ်လှူသက်သတ်လွတ်စား၊မေတ္တာများများပို့၊ ဂုဏ်တော်၊ ပဌာန်းရွတ်ဆို ပုတီးစိပ်ပွားများ၊ စိတ်ကြဲသမှု အဓိဌာန်ပြုကြပါက ကြီးပွားမှာ အမှန်ဖြစ်ပါကြောင်းတင်ပြရင်း အမျိုးသားများကဘုရားပေါ်၊ အမျိုးသမီးများက ဘုရားခြေရင်း အဓိဌာန်ဝင်ကြည့်လိုက်ပါ။ မကြာမီ ကြီးပွားချမ်းသာပြည့်စုံခြင်းအဖြာဖြာဖြင့် ဘဝခရီးလမ်းမှာ အောင်ပန်းတွေပွင့်ကြပါလိမ့်မည်။

မေတ္တာများစွာဖြင့်

ကံလင်း



www.burmeseclassic.com

www.burmeseclassic.com

ဝါလကင်းကျွတ်ပြီးသည့် ရုံးပိတ်ရက်တစ်ရက်တွင် သားဖြစ်သူတို့ဇနီးမောင်နှံသည် မိမိအား လာရောက်ကန်တော့ကြ၏။ သို့နှင့် မိမိသည်လည်း ကန်တော့ခံပြီး တတ်သရွေ့မှတ်သရွေ့ ဘုံဘဝ၌ ကြုံတွေ့ခဲ့သမျှတို့ထဲမှ ကောင်းနိုးရာရာ မှတ်သားစရာတို့ကို ဥပမာပြုသြဝါဒကထာ မွှမ်းကြားပြီး ကျန်းမာရေး၊ စီးပွားရေး၊ နေရေးထိုင်ရေး၊ ဟိုအရေးဒီအရေးစကားတို့ကို ကော်ဖီသောက်ရင်း ဝိုင်းဖွဲ့စကားပြောဖြစ်ကြသည်။

သားဖြစ်သူက -

"သြော် - အဖေ့ကိုပြောရဦးမယ်။ ကျန်ခဲ့တဲ့လတုန်းက သားအလုပ်ကိစ္စတစ်ခုနဲ့ မုရွာဘက်ကိုရောက်သွားတယ်။ အဲဒီတုန်းက သားမိုးညှင်းသမ္မဒ္ဓေဘုရားကိုဝင်ပြီးဖူးမြော်ခဲ့သေးတယ်။ အဖေတစ်ခါတုန်းက ပြောပြခဲ့ဖူးတဲ့ 'ပန်းစေတီတို့၏သမိုင်းနှင့် စ-ဓ-ဗ-ဝဂါထာတော်' အကြောင်းထဲက စ-ဓ-ဗ-ဝဂါထာတော်နဲ့ တောင်မိုးညှင်းသမ္မဒ္ဓေစေတီတော်ကြီးရဲ့ အရံပန်းစေတီတော်တို့ရဲ့နံဘေး စ-ဓ-ဗ-ဝ အက္ခရာစာလုံးတွေရှေ့မှာ ဘုရားရှိခိုးကန်တော့ခဲ့သေးတယ်အဖေ။ ပြီးတော့ အဲဒီမိုးညှင်းသမ္မဒ္ဓေဘုရားမှာ တံခွန်တိုင်အကြီးကြီးတွေကိုလည်း အုံ့သြစရာတွေ့ခဲ့ရသေးတယ်။ အဲဒီတံခွန်တိုင်ကြီးတွေအကြောင်းကို သားသိချင်လိုက်တာ။ အဖေသိရင်ပြောပြပါလား"

# (သမိုင်း)
# ကိုရွှေမြသန်း
## တံခွန်တိုင်၏သဘောအဓိပ္ပာယ်နှင့် ဌေးတောင်ပြည်တံခွန်တိုင်ပွဲတော် သစ္စာအဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလာသဖြင့် မိမိလည်း လေ့လာ ရှာဖွေ စုဆောင်းထားသည့် စာအုပ်စာတမ်းများရှေ့ချ၍ ရှင်းလင်း ပြောပြဖြစ်ခဲ့ပါလေ၏။

ယခု မိမိ၏သားကဲ့သို့ မသိသည်များကို သိအောင် မေးမြန်းစုစမ်း၍ ဗဟုသုတရှာဖွေတတ်သူများနှင့် စာဖတ်သူအများ ဗဟုသုတတိုးပွားစေရန် မိမိ၏သားအား ရှင်းလင်းပြောပြခဲ့ဖူးသည်များကို 'တံခွန်တိုင်၏သဘောအဓိပ္ပာယ်နှင့် ငွေတောင်ပြည်တံခွန်တိုင်ပွဲတော်သစ္စာအဓိဌာန်' ဟု ဆိုကာ ရေးသားတင်ပြလိုက်ပါ၏။

**တံခွန်တိုင်၏သဘောအဓိပ္ပာယ်**

တံခွန်တိုင်သည် ဘုရားစေတီများအနီးတွင် မြင့်မားစွာ စိုက်ထူထားလေ့ရှိသော တိုင်လုံးကြီးများ ဖြစ်သည်။ တိုင်ထိပ်မှာ တံခွန်များကို လွှင့်ထူထားရာ ဖြစ်ခြင်းကြောင့် ထိုတိုင်ကို တံခွန်တိုင်ဟု ခေါ်၏။

တံခွန်တိုင်စိုက်ထူရခြင်းအကြောင်းမှာကား -

မြတ်စွာဘုရားရှင် လက်ထက်တော်က အရှင်ပဋိဏ္ဍောလမထေရ်သည် ရာဇဂြိုဟ်သူဌေးကြီး ဝါးအဆက်ဆက်တို့ဖြင့် စိုက်ထောင်၍ အတောင်(၆၀)မျှ လောက်သောအမြင့်၌ ထားရှိအပ်သော စန္ဒကူးသဲပိတ်ကို ဈာန်ပျံ၍ သွားရောက်ယူခဲ့ခြင်းကို အထိမ်းအမှတ်ပြုသော သဘောပင် ဖြစ်သည်ဟု ဆို၏။

**တံခွန်** ဟူသောစကားမှာ **တံကွန်** မှလာသည်။ **ကွန်**မှာ ပျံကြွတက်သော ဟူသည့်အနက်ရ၏။ တံကွန် ဟူရာ၌ ပျံတက်နေသောအတံဟုဆိုလိုပေသည်။ တံခွန်အမျိုးမျိုးရှိသည့်အနက် တံခွန်တိုင်တွင် တပ်ဆင်လေ့ရှိသောတံခွန်များမှာ လုံး၀န်း၍ ရှည်မျောမျောသဏ္ဌာန် ဝါးဖြင့် ရက်လုပ်ထား၏။ အပေါ်မှာ စက္ကူဖြင့် ကပ်ထားပြီးလျှင် ဗုဒ္ဓဝင်ဖြစ်စဉ်တော်များနှင့် ဘုရားစာများကိုရေးထားလေ့ရှိ၏။

တံခွန်တိုင်၏ထိပ်တွင် ဟင်္သာရုပ် သို့မဟုတ် စေတီတော်၏ ထီးတော် သို့မဟုတ် စေတီငယ်သဏ္ဌာန် စသည်တို့ကို ပြုလုပ်ထားရှိ၏။ အချို့တိုင်ထိပ်တွင်မူ တံခွန်များကို လိုသလွှဲ တပ်ဆင်နိုင်ရန် ကွင်းအဝိုင်းတစ်ခုကိုသာ ထားရှိလေသည်။

ထို့ပြင် တံခွန်တိုင်နား၌ သိကြား၊ နဂါး၊ ဂဠုန် စသည့် အရုပ်များကို လုပ်ဆောင်လေ့ရှိ၏။ မြတ်စွာဘုရားပွင့်တော်မူလတ်သော် သိကြားမင်းသည် ခရုသင်းကိုမှုတ်၍ ပူဇော်လာသော အကြောင်းကိုရည်ပြီး ခရုသင်းပိုက်ထားသော သိကြားရုပ်ကို တံခွန်တိုင်အနီး၌ ထားရှိသည်။ မြတ်စွာဘုရားအား မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးကို ညွှန်ပြဟောတော်မူပါဟု တောင်းပန် လျှောက်ထားသောအကြောင်းကိုရည်၍ ရှိခိုးလျက် သိကြားရုပ်တုကိုလည်း ထားရှိတတ်၏။

သီလက္ခန္ဓဝဂ် အမဋ္ဌသုတ်လာ အဠဝပုဏ္ဏားမိုက်အား သိကြားမင်းက လျှံဝါရဲရဲ သံချောင်းစွဲ၍ မလွဲဆတ်ဆတ် ဖြတ်မည့်ဟန်ကိုရည်လျက် သံချောင်းစွဲသိကြားရုပ်ကိုလည်း ထုလုပ်ထားလေ့ရှိ၏။

ပဉ္စသီခနတ်သားသည် မြတ်စွာဘုရားအား သိကြားကိုယ်စား ဖူးရမည်ကြောင်း ဂါထာများမြောင် စောင်းချင်းဆောင်၍လျှောက်ထားသည်ကိုရည်လျက် သိကြားမင်း စောင်းပိုက်၍နေပုံကိုလည်း ထုလုပ်ထားရှိ၏။

နဂါး၊ ဂဠုန်ရုပ်များကို ထားရှိသောအကြောင်းရင်းမှာကား -

မြတ်စွာဘုရားရှင်သည် မဟာသမယသုတ္တန်တရားတော်ကို ဟောမိန့်တော်မူသောအခါဝယ် တရားနာရန် ရောက်လာကြသည့် ရှေးယခင်က တစ်ကောင်နှင့်တစ်ကောင် ရန်ဘက်များဖြစ်ကြသော နဂါးနှင့် ဂဠုန်တို့ပင်လျှင် ဘုရားမြတ်စွာ၏ရှေ့တော်မှောက်တွင် တစ်ကောင်နှင့်တစ်ကောင် လည်ချင်းဖက်၍ နှစ်သက်ကျွမ်းဝင် ခင်မင်လာသည့်အဖြစ်ကို ရည်ရွယ်ထားသည်ဟု ဆိုကြ၏။

အချို့ကလည်း ပဏ္ဏာရဂ်ဇာတ်၌ ဘုရားနှလောင်း ဂဠုန်မင်းသည် ရသေ့စဉ်းလဲ၏ နှုတ်မလုံမှုကြောင့် နဂါးကို ထိုးသုတ်နိုင်သောအတြောင်းကိုရည်၍ ဂဠုန်နှင့် နဂါးရုပ်များ ထားရှိသည်ဟု ဆိုကြလေသည်။

ဤသည်တို့မှာ တံခွန်တိုင်၏ သဘောအဓိပ္ပာယ်တို့ပင် ဖြစ်ပါ၏။

**ငွေတောင်ပြည်**

ကယားပြည်နယ်ရှိ ငွေတောင်ပြည်၏သမိုင်းကို ကယားတိုင်းရင်းသားတို့ ယခုတိုင်အောင် သီဆိုလေ့ရှိသော ရှေးဟောင်းသီချင်းများအရ ငွေတောင်ပြည်သည် ရှေးအခါက ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြင့်နှင့်တည်ထောင်ခဲ့သော တိုင်းပြည်ဖြစ်၍ ကြက်ဖျံမကျ စည်ကားသာယာသည်ဟု သိရသည်။

ကယားတိုင်းရင်းသူတိုင်းရင်းသားတို့၏အမှတ်အသားတစ်ခုအဆိုမှာ ခရစ်နှစ် ၁၉၁၈ ခုနှစ်တွင် ရှေးအိမ်ဝင်းခြံစည်းရိုးဟောင်းတစ်ခုတွင် ယွန်းအက္ခရာဖြင့် ရေးသားထားသော ကျောက်နီတုံးများကို တူးဖော်ရရှိခဲ့ဖူးသည်။ ထိုယွန်းစာများအရ ငွေတောင်ပြည်၏နယ်နိမိတ်သည် အရှေ့သို့လားသော် ဒွေးမယ်နော်သစ္စာကန်အနီးတောင်တန်း၊ အနောက်သို့လားသော် လွန်နန်ဖခေါ် သခင်မတောင်၊ တောင်သို့လားသော် ရေဖြူရွာ၊ မြောက်လို့လားသော် လွိုင်ကော်မြို့၏ မြောက်ဘက် လေးမိုင်ကွာစခန်း ဖြစ်သည်ဟု ဆိုသည်။ ထိုယွန်းစာများပါရှိသည့် ကျောက်နီတုံးအမှတ်အသားတို့မှာ ယခုအခါ ပျောက်ပျက်ကုန်ပြီဖြစ်သော်လည်း ကယားတိုင်းရင်းသားတို့သည် ထိုယွန်းစာပါနယ်နိမိတ်ကိုပင် ငွေတောင်ပြည်၏နယ်နိမိတ်ဟု ယခုတိုင် ယူဆလျက်ရှိသည်။

ယခုအခါ ငွေတောင်ပြည်တည်ရာဌာနသည် ပျက်စီးတိမ်ကောသွားပြီဖြစ်၍ ရွာအဖြစ်ဖြင့်သာကျန်ရစ်လေသည်။ ရှေးအခါကမူ လူနေအိမ်ခြေများပြားသည့်အပြင် အိမ်ဝင်းတို့မှာလည်း ကျယ်ဝန်းသည်။ ရှေးငွေတောင်ပြည်သူပြည်သားတို့သည် အိမ်ဝင်းပတ်လည်တွင် ကျောက်နီထရံကို ကာရံလေ့ရှိသည်။

ငွေတောင်ပြည်တွင် နောက်ဆုံးစိုးစံခဲ့သော ဘုရင်သည် ထီးမွေနန်းမွေ မကျန်ရစ်ခဲ့သဖြင့် ငွေတောင်ပြည်ကြီး တိမ်ကောသွားသည်ဟု အဆိုရှိသည်။ သို့သော် နောက်ဆုံးမင်းဆက်၏ နန်းစဉ်ရတနာများ၊ ယာဉ်ရထားများ၊ နန်းတွင်းအသုံးအဆောင်များသည် ဥမင်လိုဏ်ခေါင်းတစ်ခုတွင် လျှို့ဝှက်စွာမြှုပ်နှံလျက် ကျန်ရစ်သေးသည်ဟု ကယားတိုင်းရင်းသားတို့၌ ဆိုရိုးစကားရှိသည်။

ကယားတိုင်းရင်းသားတို့ အထွတ်အမြတ်ပြုသော ငွေတောင်သည် လွိုင်ကော်မြို့၏တောင်ဘက် (၁၂) မိုင်ကွာသော မော်ချီးသွား ကားလမ်း၏ လက်ဝဲဘက်တွင် ယခုတိုင် ထင်ရှားတည်ရှိသည်။

ကယားတိုင်းရင်းသားတို့၏အယူ၌ ငွေတောင်ပြည်သည် နက္ခတ်တာရာအပေါင်းတို့လှည့်လည်သွားလာရာ ဗဟို လမ်းကြောင်းဖြစ်သည်ဟုလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

ကယားတိုင်းရင်းသားတို့ စတင်ပေါက်ဖွားရာ ကိန္နရာ၊ ကိန္နရီမျော်စံရာဒေသ ဖြစ်သည်ဟူ၍ လည်းကောင်း ယူဆကြ၏။ ငွေတောင်၏အနီး အရှေ့ဘက်တွင် ဒွေးမယ်နော်သစ္စာပြုရာဟုဆိုကြသော ရောမန်နှင့် ဒွေးမယ်နော်ကိန္နရီညီအစ်မ ခုနစ်ဖော်တို့ ရောစားရာဟု ဆိုသော ရောမန် (၁၄) ကန်တို့သည် သဘာဝ အလျောက် ထက်၊ အောက်၊ နိမ့်၊ မြင့် အဆင့်ဆင့်တည်ရှိသည်။

ကယားတိုင်းရင်းသားတို့သည် ငွေတောင်ပြည်ကို အထွတ်အမြတ်ပြုသလို ငွေတောင်ပြည်၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံကို ဖော်ပြသော ကူထိုးဘိုးပွဲတော်ကို နှစ်စဉ်ကျင်းပကြ၏။ တံခွန်တိုင်ပွဲတော်ဟု အဓိပ္ပာယ်ရသည်။

**တံခွန်တိုင်ပွဲတော်**

တံခွန်တိုင်ပွဲတော်သည် ကယားတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအရ ကျင်းပသော ပွဲတော်တစ်ရပ်ဖြစ်၍ ကယားဘာသာဖြင့် ကူထိုးဘိုးဟု ခေါ်သည်။ တံခွန်တိုင် (ကူထိုးဘိုး) ပွဲတော်ကို နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် အထိမ်းအမှတ်အဖြစ်ဖြင့် လည်းကောင်း၊ လာမည့်နှစ်သစ်တွင် ရောဂါအန္တရာယ် ကင်းစင်ပယောက်ရေး၊ ဆန်ရေစပါးပေါများရေး၊ တိုင်းပြည်အေးချမ်းသာယာရေးတို့ကို ရည်စူး၍ လည်းကောင်း နှစ်စဉ်ကျင်းပကြသည်။

တံခွန်တိုင်ပွဲတော် ကျင်းပချိန် ကျရောက်သည့်အခါ ကူထိုးဘိုးဗျာစယ်ခေါ် တံခွန်တိုင်ပွဲတော်အကြီးအကဲလူကြီးအိမ်တွင် ရွာသားများ စည်းဝေးတိုင်ပင်၍ ကြက်ရိုးထိုးပြီးလျှင် နေ့ကောင်းရက်မြတ်ကို ရွေးချယ်သတ်မှတ်ကြသည်။ ရွာသားများကလည်း မိမိတို့ တောလိုက်စဉ်ကတွေ့ရှိမှတ်သားခဲ့သော တံခွန်တိုင်ပြုလုပ်ရန် သင့်လျော်သည့် ကျွန်းပင်များ ရှိရာနေရာဒေသသို့ ညွှန်ပြပြောဆိုကြ၍ အများသဘောကျရာ အကောင်းဆုံး ကျွန်းပင်ကို ရွေးချယ်ကြသည်။

ထိုနေ့မှ ခုနစ်ရက်မြောက်သော ညဉ့်သန်းခေါင်ကျော်အချိန်တွင် တံခွန်တိုင်အတွက် ကျွန်းပင်ခုတ်ရန်သွားကြသည်။ နွယ်များရစ်ပတ်ခြင်းမရှိ၊ အပြစ်အနာအဆာကင်းလွတ်၍ ဖြောင့်စင်းရှည်လျားသည့်ကျွန်းပင်ကိုသာလျှင် ရွေးချယ်၍ခုတ်ယူကြသည်။

ထိုသို့ခုတ်လှဲရာတွင် အခြားသစ်ပင်များပေါ် မတင်မကြိုစေဘဲ လွတ်လွတ်ကျွတ်ကျွတ်လဲရန် အထူးဂရုစိုက်ရပါသည်။ ကျွန်းသစ်ကို တံခွန်တိုင်စိုက်ထူရန်သတ်မှတ်ထားသောနေရာအရောက် သယ်ယူရာတွင်လည်း မည်မျှကြိုးလေးသော ကျွန်းသစ်ဖြစ်စေကာမူ ဆင်၊ နွား၊ လှည်းများကို အသုံးမပြုရ။ မိန်းမများလည်း မပါဝင်စေရဘဲ ယောကျ်ားများသာ မိမိတို့၏ခွန်အားဖြင့် သယ်ယူကြရသည်။ ယင်းကျွန်းသစ်ပေါ် သို့ မိန်းမနှင့် ခြေလေးချောင်းတိရစ္ဆာန်များ မကျော်မဖြတ်ရပေ။ အကယ်၍ ဖြတ်ကျော်မိကထို ကျွန်းသစ်ကို အသုံးမပြုတော့ဘဲ နောက်ထပ်အသစ်ခုတ်ယူရလေသည်။

တံခွန်တိုင်အတွက် ကျွန်းသစ်သယ်ယူလာရာတွင် အမျိုးသမီးများက လမ်းမှ ဆီးကြို၍ ရေနှင့်စားသောက်ဖွယ်ရာများ ပေးကမ်းကြသည်။ ရေများဖြင့် တံခွန်တိုင်ကို ပက်ဖျန်း၍ အချင်းချင်းလည်း ရေပက်ကစားကြသည်။

ရွာသို့ တံခွန်တိုင်ရောက်မည့်နေ့တွင် ရွာရှိလူကုန် သန့်ရှင်းကြော့မော့စွာ ဝတ်စားဆင်ယင်ပြီးလျှင် စားသောက်ဖွယ်ရာများ၊ ပန်း၊ ရေချမ်းများဖြင့် ရွာလမ်းခရီးတစ်လျှောက်မှ စီတန်းကြိုဆိုကြသည်။

ထိုနေ့ထိုအချိန်သည် တံခွန်တိုင်ထမ်းယူလာကြသော ကယားအမျိုးသားတို့အတွက် မျက်နှာအပွင့်လန်းဆုံးအချိန်ဖြစ်သည်နှင့်အမျှ ကယားအမျိုးသမီးများအဖို့လည်း အစွမ်းကုန် အပျိုလုပ်ကြသောအချိန် ဖြစ်ပေသည်။

တံခွန်တိုင်စိုက်ထူရန် သတ်မှတ်ထားသောနေရာသို့ ရောက်သည့်အခါ ကျွန်းသစ်ကိုလှဲထားပြီးလျှင် အကိုင်း၊ အခက်၊ အခွံ၊ အခေါက်တို့ကို ရှင်းလင်း၍ သပ်ရပ်ပြေပြစ်အောင် ပြုလုပ်ကြသည်။ အနီးအနားတွင်လည်း ပူဇော်ပသရန်စင်များနှင့် နတ်စင်တစ်ခုကို ဆောက်လုပ်ထားသည်။

ထိုသို့ တံခွန်တိုင်စိုက်ထူရန် ပြင်ဆင်သမှုပြုလုပ်ကြရင်း စားသောက်ပျော်ပါးကာ အတီးအမှုတ်၊ အကအခုန်တို့ဖြင့် ဝိုင်းရံလှည့်ပတ်၍ ညဉ့်လုံးပေါက် ပျော်ရွှင်ကြသည်။ နောက်တစ်နေ့နံနက်တွင် တံခွန်တိုင်၌ တံခွန်ပြား၊ ကုက္ကား၊ မုလေးပွားများတပ်ဆင်၍လည်းကောင်း၊ စင်များပေါ်တွင် စားသောက်ဖွယ်ရာများ၊ ထမင်းဟင်းများတင်၍ လည်းကောင်း ပူဇော်ပသကြပြီးနောက် တံခွန်တိုင်ကို စိုက်ထူကြသည်။

တံခွန်တိုင်စိုက်ထူရာတွင် တစ်ကြိမ်တည်းနှင့် မအောင်မြင်ဘဲ ယိမ်းယိုင်လဲကျသွားလျှင် အတိတ်ဆိုးနိမိတ်ဆိုးဖြစ်၍ ရွာတွင် ဘေးဥပဒ်အန္တရာယ် အကြီးအကျယ် ကျရောက်တော့မည်ဟု ယုံကြည်ကြသည့်အလျောက် ရွာကိုစွန့်ပစ်ကာ ရွာလုံးကျွတ် ပြောင်းရွှေ့သွားလေ့ရှိကြသည်။

တံခွန်တိုင်ကို တစ်ကြိမ်တည်းနှင့် အောင်မြင်ချောမောစွာ စိုက်ထူပြီးသော အခါတွင်တော့ -

**သစ္စာအဓိဋ္ဌာန်**

တံခွန်တိုင်ကို တစ်ကြိမ်တည်းနှင့် အောင်မြင်ချောမောစွာစိုက်ထူပြီးသော အခါ (ကူထိုးဘိုး) တံခွန်တိုင်အကြီးအကဲလူကြီးက -

"သူတစ်ပါးဥစ္စာပစ္စည်းမခိုးဝှက်ပါ။

သူတစ်ပါးသားမယားကို မပြစ်မှားပါ။

အချင်းချင်းသစ္စာမဖောက်ပါ"

အစရှိသော သစ္စာအဓိဋ္ဌာန်ချက်များကို တိုင်တည်ပေးသဖြင့် လူအများ ကလိုက်ဆိုကြရသည်။ သစ္စာအဓိဋ္ဌာန်ပြုကြရသည်။

ထို့နောက် အတီးအမှုတ်၊ အကအခုန်တို့ဖြင့် တံခွန်တိုင်နှင့် နတ်စင်တို့ကို လှည့်ပတ် ဝိုင်းရံကခုန်ကြသည်။ လူပျို၊ အပျိုများကလည်း တစ်ဦးနှင့်တစ်ဦး သပြေခက်ဖြင့် ရေဖျန်းပက်ကာ ပျော်ရွှင်ကြလေသည်။

ငွေတောင်ပြည် တံခွန်တိုင်ပွဲတော် သစ္စာအဓိဋ္ဌာန်သည် ရှေးရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအရကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ရုံသာမက တိုင်းရင်းသားအချင်းချင်းချစ်ခင်စည်းလုံးရေး၊ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းရေး အစရှိသော အဖိုးတန်စိတ်ဓာတ်များကို မွေးမြူစေသောပွဲတော်လည်းဖြစ်ပေ၏။

သို့ဖြစ်ပါ၍ မိမိတို့သည်လည်း ဤသို့သော အဖိုးတန်စိတ်ဓာတ်သစ္စာအဓိဋ္ဌာန်များကို နည်းနာယူမှတ်သားမွေးမြူထားသင့်ကြကြောင်းကို အညွှန်းစကားဆိုရင်းဖြင့်. . . ။

ကိုရွှေမြသန်း (သမိုင်း)

**ကိုးကြမ်း -**

မြန်မာ့စွယ်စုံကျမ်း (ဇွဲ-၅)



www.burmeseclassic.com

www.burmeseclassic.com

# (ဆန်းသစ်ပြီ)
# ဦးတင်ဝင်း
## ပေးနိုင်တဲ့သူနှင့် ပေးရဲသောသူ



ပေးနိုင်တဲ့သူနဲ့ ပေးရဲသောသူ အသုံးဟာ အဓိပ္ပာယ်ဆင်သလိုလိုနှင့် တူပါဘူး။ တစ်ခုချင်းစီရဲ့ အနက် အဓိပ္ပာယ်ကို လေးလေးနက်နက် ဆင်ခြင်ဉာဏ်းစားတွေးခေါ်မယ်ဆိုရင် -

'ပေးနိုင်တဲ့သူ' ဆိုတာကတော့ ငွေကြေးပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့သူကိုဆိုလိုတာပါ။ငွေကြေးဥစ္စာချမ်းသာကြွယ်ဝတဲ့သူဖြစ်ပေမယ့် သူဟာ ဆွေမျိုးသားချင်းများနဲ့ အကူညီပေးသင့်တဲ့ တစ်ပါးသောသူကို သူကကူညီချင်မှ ကူညီပါလိမ့်မယ်။

'ပေးရဲသောသူ' ဆိုတာ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူလည်းဖြစ်ချင်ဖြစ်နေမယ်။ဒါမှမဟုတ် ငွေကြေးဥစ္စာပစ္စည်းချို့တဲ့နွမ်းပါးတဲ့သူလည်းဖြစ်နိုင်ပါတယ်။ ငွေကြေးဥစ္စာ နွမ်းပါးပြီး သူ့ချွေးနဲ့စာထဲက ဆွေမျိုးသားချင်း ဒါမှမဟုတ် မိမိနဲ့ဆွေမျိုးနီးစပ်မတော်စပ်ဘဲ ကူညီပေးသင့်တယ်ထင်လို့ ဘာအကျိုးမှမမျှော်ကိုးဘဲ စွန့်လွှတ်တဲ့စိတ်နဲ့ တစ်ပါးသောသူကို ကူညီလိုက်တယ်ဆို့ရင်တော့ သူကို စာရေးသူက 'ပေးရဲသောသူ' လို့ ကမ္ဘည်းတပ်ရပါလိမ့်မယ်။

ပေးနိုင်တဲ့သူဖြစ်တိုင်းလည်း ပေးရဲသောသူ ဖြစ်ချင်မှဖြစ်ပါလိမ့်မယ်။ အကောင်းဆုံးကတော့ ပေးလည်းပေးနိုင်၊ ပေးလည်းပေးရဲတဲ့ ပေးနိုင်လို့ပေးရဲသောသူဖြစ်ရတာ အကောင်းဆုံးပါပဲ။

ဒီဘက်ခေတ်မှာ အားလုံးလိုလိုဟာ သူ့အတိုင်းအတာနဲ့သူ လူမှုစီးပွားနယ်ပယ်မှာ အတော်လေး ရုန်းကန်လှုပ်ရှားလာရပါတယ်။ တော်တော်များများကလည်း တစ်နေ့လုံး လှုပ်ရှားရုန်းကန်ကြီးစားပြီး ရလာတဲ့ဝင်ငွေနဲ့ တစ်နေ့စာအတွက် လောက်ငရုံသာရရှိကြပါတယ်။ ပိုလျှံတယ်ဆိုတာ မရှိသလောက်ပါဘဲ။ စုမိဆောင်းမိဖို့ကတော့ ဝေလာပေးပေါ့။ အဲဒီလို တစ်နေ့လုပ်အားနဲ့ တစ်နေ့စာဝတ်နေရေးအတွက်ဖြေရှင်းနေရင်း. . .

နေထိုင်မကောင်းဖြစ်တာ၊ အိမ်လခ၊ ဆိုင်လခအတွက် အခက်အခဲဖြစ်တာ၊ အုံနာခမပေးနိုင်တာ၊ ကလေးတွေကျူရှင်လခမပေးနိုင်တာ၊ ခရီးသွားရမှာမို့ လမ်းစရိတ်မရှိတာ အဖော်အမော်၊ သားသမီးတစ်ယောက်ယောက် ရုတ်တရက် နေထိုင်မကောင်းဖြစ်လို့ စသဖြင့် တစ်မျိုးမဟုတ်တစ်မျိုး ငွေကြေးပြဿနာဝင်လာတတ်ပါတယ်။ ဆိုလိုတာက ငွေလိုလာပြီဆိုပါတော့။

သူအကူအညီတောင်းဖို့ စဉ်းစားရပါတော့မယ်။ ဘယ်သူ့ဆီက အကူညီတောင်းရမလဲလို့ စဉ်းစားရပါတော့မယ်။ ဘယ်သူ့ဆီက အကူအညီတောင်းရင် ကောင်းမလဲပေါ့။ ဒီအခါ စိတ်သဘောထားကောင်းတဲ့ နီးစပ်ရာဆွေမျိုးကို သူ့ရွေးချယ်ပါလိမ့်မယ်။ ဆွေမျိုးထဲကမရှိရင် သူ့ပတ်ဝန်းကျင်က စိတ်ထားကောင်းမွန်တဲ့ မိတ်ဆွေသူငယ်ချင်း၊ ဆရာသမားကို ရွေးချယ်ပါလိမ့်မယ်။

အဲဒီလို အကူညီတောင်းတဲ့အခါ ရတဲ့အခါလည်းရှိသလို မရတဲ့အခါလည်း ရှိပါမယ်။ အားလုံးက ဒီခေတ်မှာ သူ့အကြောင်းနဲ့သူ၊ ကိုယ့်အကြောင်းနဲ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ပါပဲ။ အမြဲတမ်းအလုံးစုံမပြည့်စုံနိုင်ကြပါဘူး။ နောက်ဆုံးလုံးဝအကူအညီမရတဲ့အခါ စိတ်ဆိုး၊ စိတ်ပျက်တတ်ကြပါတယ်။ အကူအညီတောင်းခံရတဲ့ ပုဂ္ဂိုလ်ကိုလည်း မိမိတောင်းတဲ့ အကူအညီမရလို့ စိတ်ဆိုးမိတတ်ကြပါတယ်။ စာရေးသူကတော့ အကူညီမပေးနိုင်တဲ့သူကို စိတ်မဆိုးစေချင်ပါဘူး။ ယခင်အချိန်က သူကူညီပေးလိုက်တာတွေကိုလည်း ပြန်လည်စဉ်းစားပေးစေချင်ပါတယ်။ သူအကူအညီပေးခဲ့လို့ ကိုယ့်ကိစ္စပြေလည်သွားတာတွေကို သူ့ကိုကျေးဇူးအထူးတင်ရှိကြောင်း အထိမ်းအမှတ်အနေနဲ့ သူ့ကို ဘယ်လိုပြန်ကျေးဇူးဆပ်ဖူးသလဲ စသဖြင့် ပြန်လည် စဉ်းစားပေးစေချင်ပါတယ်။

လူတော်တော်များများက အခက်အခဲဖြစ်လာရင် အကူအညီပေးမယ့်သူဆီကိုပြေးပြီးအပူကပ်တတ်ကြပါတယ်။ တစ်ဖက်က ပြေလည်အောင်အကူအညီပေးလိုက်ပေမယ့် ကိုယ့်ကိစ္စလည်း ပြေလည်သွားရော အကူညီပေးလိုက်တဲ့သူကို ကျေးဇူးတင်ရမှာကိုမေ့သွားကြပြန်ရော။ လူစိတ်ဆိုတာ ဆန်းကြယ်ပါတယ်။ ကျေးဇူးတရားကို သိတတ်ဖို့နဲ့ ပြန်လည်ကျေးဇူးဆပ်တတ်ဖို့က တော်တော်လေးကို ကြိုးစားလေ့ကျင့်မွေးမြူရပါဦးမယ်။

လူတော်တော်များများကလည်း အကူညီပေးမယ့်သူကိုသာ မျှော်လင့်တတ်ကြပါတယ်။ ဆရာတော်ကြီးတွေ ပြောသလို မျှော်နေရင်တော့လင့်နေကြမှာပါပဲ။ အကောင်းဆုံးက ဘာမှမမျှော်လင့်ပါနဲ့။ ကိုယ့်မှာအခက်ခဲရှိလို့ အကူညီတောင်းရတဲ့အခါ အကူညီတောင်းသင့်တဲ့သူကို အရိုးသားဆုံး ပွင့်ပွင့်လင်းလင်း အကူညီတောင်းဖို့ပါပဲ။

ကိုယ်က အတောင်းခံဘဝနဲ့ပဲ တစ်သက်လုံး အရိုးထုတ်သွားမလား ဒါမှမဟုတ် ကိုယ်ကပေးနိုင်တဲ့သူဖြစ်သွားအောင် ဘဝတိုးတက်ပြောင်းလဲသွားဖို့ ကြိုးစားအားထုတ်သွားမလား။ ပေးနိုင်တဲ့ဘဝကိုရောက်ပြီဆိုရင်တောင် ပေးရဲတဲ့ဘဝကို ထပ်မံရောက်ရှိအောင် ကြိုးစားရဦးမှာပါ။

ဘုရားအလောင်းတော်ဘဝမှာ ပေးနိုင်တဲ့သူမဖြစ်ခဲ့ရင်တောင် ပေးရဲသောသူဘဝများနဲ့ ပါရမီဖြည့်ခဲ့တာ ဘဝအားလုံးပါပဲ။ သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းကြီးဘဝအထိ ဘဝများစွာ စွန့်ခြင်းကြီး (၅) ပါးကို စွန့်လွှတ်လှူဒါန်းနိုင်ခဲ့ပါတယ်။

**စွန့်ခြင်းကြီး (၅) ပါးကတော့ -**

၁။ ဓနဂရိစ္စာဂ - ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်းတို့၏ စည်းစိမ်ဥစ္စာရတနာများကိုစွန့်ခြင်း။

၂။ ပုတ္တပရိစ္စာဂ - သားသမီးကို စွန့်ခြင်း။

၃။ ဘရိယပရိစ္စာဂ - မယားကိုစွန့်ခြင်း။

၄။ အင်္ဂပရိစ္စာဂ - ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည့် အင်္ဂါကြီး၊ ငယ်ကိုစွန့်ခြင်း။

၅။ ဇီဝိတပရိစ္စာဂ - ကိုယ့်အသက်ကို စွန့်ခြင်း။

အဲဒီလို မြင့်မြတ်တဲ့ စွန့်ကြီးခြင်း (၅) ပါးကို စွန့်လွှတ်လှူဒါန်းခဲ့တာမျိုးဟာ အတုယူအားကျစရာပါပဲ။

စာဖတ်သူဟာ တစ်နေကုန်လုံး ကုန်းရှုန်းရှာဖွေမှု ငွေ (၁၀၀၀) ကျပ်တိတိပဲ ရလာတယ်ဆိုပါတော့။ အဲဒီအချိန်မှာ မိမိထက် အသက်များစွာကြီးတဲ့ အသက် (၈၀) ကျော် အဘွားအိုက တုန်ချည့်တုန်ချည့်နဲ့လိုက်အလှူခံနေပါတယ်။ အဘွားအိုပုံစံကလည်း ကိုယ့်မှမလှူရင် ဒီနေ့အတွက်တော့ အဘွားအိုက အဆင်မပြေမယ့်ပုံမပေါ် ဘူးဆိုပါတော့။ ကိုယ့်မှာကလည်း တစ်နေ့လုံး ရုန်းကန်လှုပ်ရှားပင်ပန်းကြီးစွာ ရှာဖွေမှုရတဲ့ ငွေ (၁၀၀၀) ကျပ်ပဲရှိတယ်။

ကိုယ်ကလည်း အဘွားအိုကိုလှူချင်တဲ့ သဒ္ဓါတရားပေါက်နေတယ်။ ဒီတော့ ဒီနေ့လုပ်အားခရတဲ့ ခွေးနဲ့စာငွေ (၁၀၀၀) ထဲက နိုင်သလောက်ဝန်ကို ရဲရဲဝံ့ဝံ့ စေတနာသဒ္ဓါတရားအားကောင်းကောင်းနဲ့ လှူလိုက်စမ်းပါ။

အဲဒီလိုစွန့်လွှတ်လှူဒါန်းရဲတဲ့သတ္တိ စေတနာကောင်းကို စာဖတ်သူရရှိပြီးဆိုရင် ပေးနိုင်တဲ့သူမဖြစ်သေးပေမယ့် ပေးရဲတဲ့သူဖြစ်လို့နေပါပြီ။ ပေးရဲတဲ့သူဘဝကို စတင်ရောက်ရှိသွားပြီဆိုတာနဲ့ မြင့်မြတ်တဲ့သူအဆင့်ကိုလည်း စတင်ရောက်ရှိသွားပါပြီ။ အဲဒီကစပြီး ကိုယ့်စိတ်နှလုံးသားကို အေးချမ်းသာယာအောင်လုပ်ဆောင်သွားမါ။ စိတ်ကြည်လင်လာပါလိမ့်မယ်။ ပေးရဲတဲ့သူဘဝကို စတင်ဝင်ရောက်လာပြီဆိုတော့ ပေးနိုင်တဲ့သူဘဝကိုလည်း များများကြာမီရောက်ရှိလာပါလိမ့်မယ်။ စွန့်လွှတ်ရဲတဲ့သတ္တိကြောင့် မိမိကိုယ်ကိုလည်းမိမိပိုမိုယုံကြည်လေးစားလာပါလိမ့်မယ်။ မျှော်လင့်နေရတဲ့ဘဝဟာ တော်တော်ဆင်းရဲပါတယ်။ လူတိုင်းလည်းကြုံဖူးကြမှာပါ။

အတိတ်ဘဝနဲ့ လက်ရှိဘဝ အားထုတ်ကြိုးစားမှုကြောင့် ပေးနိုင်တဲ့သူဖြစ်နေရင်လည်း သတိတရားနဲ့ ဆင်ခြင်နေထိုင်သွားပါ။ ဒါနကုသိုလ်အားကြောင့် ငါဒီဘဝမှာပြည့်ပြည့်စုံစုံဖြစ်နေရတာ။ ဒီဘဝမှာ ပြည့်စုံနေလို့ ငွေရေးကြေးရေး သူတစ်ပါးဆီကလက်ဖြန့်မတောင်းရဘူး။ ဒါ့အပြင် ပေးကမ်းထိုက်သူ၊ ကူညီထိုက်သူ၊ မောင်နှမသားချင်း၊ ဆွေမျိုးညာတိကာ၊ မိတ်ဆွေအပေါင်းအသင်း၊ တပည့်တပန်းကိုပေးနိုင်ကမ်းနိုင်တာကို ဝမ်းမြောက်ဝမ်းသာဖြစ်နေရပါမယ်။

ပေးနိုင်တဲ့သူဖြစ်တိုင်းလည်း ပေးရဲတဲ့သူ မဖြစ်ကြပါဘူး။ ပစ္စည်းဥစ္စာရတနာဆိုတာ လူသားတွေရဲ့စိတ်ကို မာန်မာနနဲ့ လောဘတရားကိုသာ ပိုမိုတိုးပွားလာစေပါတယ်။

လူ့ဘဝဆိုတာ တဖြုတ်ဖြုတ်ကြော်၊ တမြည်းမြည်းဆွေးသွားတဲ့ သစ်သီးသစ်ရွက်ပမာ နောက်ဆုံးတော့ မြေမှာကြွေကျ၊ မြေခဲပြီးဆွေးမြည့်သွားရမှာချည်းပါပဲ။ မကြွေခင်လေး၊ မြေမှာမခင်လေး၊ မဆွေးခင်ကလေးမှာ ပေးနိုင်တဲ့သူဘဝကိုရောက်ရှိသွားအောင် ကြိုးစားလုပ်ဆောင်သွားပါ။ ပေးနိုင်တဲ့သူအဆင့်ကိုရောက်ပြီဆိုတာနဲ့ ပေးရဲတဲ့သူအဆင့်ကို ထပ်မံရောက်ရှိအောင် ကြိုးစားသွားဖို့ပါပဲ။

ပေးလည်းပေးနိုင်ပြီး ပေးလည်းပေးရဲတဲ့အဆင့်ကို ရောက်ပြီဆိုတာနဲ့ ပေးကမ်းထိုက်သူ၊ ကူညီသင့်သူကို ဘာတုံ့ပြန်မှုမှမလိုလားဘဲ သူ့အတိုင်းအတာနဲ့သူ စေတနာရှိရှိ၊ မေတ္တာရှိရှိ ကူညီလှူဒါန်းသင့်ပါတယ်။ မိမိကူညီလိုက်တဲ့သူရဲ့ ဘဝများအားလုံး အဆင့်ပြေကြပါစေ၊ ချောမွေ့ကြပါစေလို့ နှလုံးသွင်းပြီး ရဲရဲသာကူညီလိုက်စမ်းပါ။

လူသားတိုင်း ပေးနိုင်၍ ပေးရဲသောသူများသာဖြစ်ကြပါစေ။

*ကျန်းမာပါစေ*

ဦးဘင်ဝင်း (ဆန်းသပြေ)

**ဝန်ခံချက် -**

*(အမှတ် ၂၂၅၊ ၂၀၁၀ ဒီဇင်ဘာလထုတ် အတွေးအမြင်စာစောင်တွင် ပါရှိပြီး ဖြစ်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com



တောင်ပတ်လမ်းရှိ ဝူအတွင်း ဃောင်းတော်မှ (တန်ကြည်)

# ချစ်ဆန်းသစ်
# စွယ်တော်ရှင် ရွှေမဉ္ဇာ
## လွမ်းမောဖွယ် ကျုပ်တို့ပုဂံမြေ

မြန်မာတို့၏ရှေးဟောင်းမြို့တော်ကြီးများစွာတွင် ဘယ်နှခါရောက်ရောက် ဆွဲဆောင်စရာ၊ ဂုဏ်ယူစရာ အသစ်အသစ်တွေ့ပေါ်လာတတ်သည်။ ဒီတစ်ခေါက်အနီး သမီးတို့က စွယ်တော်လေးဆူးတည်နဲ့နက်တည်း ဖူးလိုသည့်ဆန္ဒပြု၍ ဒီဟော်ဟောင်းဆွေဟောင်းများအကူအညီဖြင့် ဆန္ဒပြည့်ဝခဲ့သည်။

မိမိက -

"တစ်နေ့အတွင်းဖူးလည်းဖြစ်တာပဲကွာ"

ဟု အတွန့်တက်တော့ အကြောင်းပြန်ကာ -

"တစ်မနက်တည်း လေးဆူပြည့်ဆွမ်းကပ်ချင်လို့ပါ" တဲ့။

စိတ်ဆန္ဒရည်ရွယ်ချက်ဆိုတာတွေကတော့ ထိန်းချုပ်ရာ ကန့်သတ်ရခက်တာမျိုးမို့ နားလည်ပေးရပါမည်။

မနက်(၅)နာရီ တန်ကြည့်တောင်သွားဖို့ တပည့်ပိုင် စက်လေ့နှင့် သူသားလေးနှစ်ယောက်က အသင့်စောင့်နေသည်။ ဟိုဘက်ကမ်းမှာ တောင်တက်ဖို့ကားအသင့်ရှိတော့ စက်မှုဇုန်ဂျစ်နှင့် (၁၅၀၀) ပေး၊ ဘုရားခြေရင်းထိရောက်၊ အသွားအပြန် (၁) နာရီသာကြာသည်။ စာရေးသူတို့ ယခင်အကြိမ်ကြိမ်တက်ခဲ့သော နှစ်အစိတ်ကျော်ကတော့ တောင်တက်၊ တောင်ဆင်း ခြေကျင်တက်ရတာပေါ့စရာတစ်ခုပါ။ ဆွမ်းအတွက် စတိုးဆိုင်၊ စားသောက်ဆိုင်များက (၁၅)မိနစ်အတွင်း စီစဉ်ပေးသည်။ သူတို့အဆိုလေးဆူအတွက် လေးပွဲဝယ်ကပ်မှ အဓိဋ္ဌာန်မြောက်သတဲ့။ ရောင်းသူဆိုတော့ ဒီလိုပဲပြောမှာပေါ့။ သယ်ရခက်၍ တစ်ပွဲပဲမှာလိုက်သည်။

စွယ်တော်ရှင်ကိုဖူး၊ ဗျာဒိတ်ပေးကိုယ်တော်ကြီးထံတစ်ဆင့်ဆင်းဖူး၊ ရင်ပြင်ပြန်ရောက်တော့ ဓာတ်ပုံရိုက်ကြရင်း အာရုံခံတန်ဆောင်းတစ်ခုမှ ဘုရား






www.burmeseclassic.com

www.burmeseclassic.com



ငုံ၌ဘုရားဗူးနိုင်သော ရေဖိုင်ငယ် (ရွှေစည်းခုံ)



ထိုထ်အတွင်း မြေပေါက်စေတီ (ရွှေမုဋ္ဌော)

သမိုင်းပန်းချီများတွေ့ရသည်။ ပုံ (၂၁) အနော်ရထာမင်းကြီးသည် ရတနာဆင်ဖြူတော်တင်သော စွယ်တော်နှင့်တကွ ရွှေဆင်းတု၊ ရွှေစေတီ၊ ငွေဆင်းတု၊ ငွေစေတီ၊ ပတ္တမြား၊ နီလာ၊ ဥဿဖရား၊ စိန်ဆင်းတု၊ မြဆင်းတုတို့နှင့် ဓာတ်တော်များဌာပနာ၍ သာသနာတော်နှစ် ၃၉၇ ခုနှစ်၌ စေတီတည်ထားပုံ၊ အောက်ခြေစာတန်းနှင့် တောင်ထိပ်စေတီကို ကောင်းကင်အပြာနုနောက်ခံဖြင့် ရေးဆွဲထားသည်။ ဆိက္ခဝအုပ်စုရွာမှ ကောင်းမှုရှင် အမည်လိပ်စာတို့ဖော်ပြထားသည်။

တန်ကြည့်တောင်၏အမည်ရင်းကဟိရညက (ရွှေငွေထွက်ရာတောင်) ဟု တွင်ခဲ့သည်ကြောင့် ၎င်းအရပ်သည် ရွှေငွေကျောက်မျက်ရတနာပေါများကြွယ်ဝခဲ့သည့်ဒေသဖြစ်ခဲ့ပါမည်။ပန်းချီပုံအမှတ် (၁) မှာ 'သာသနာတော်နှစ် ၂၁၈ ခုနှစ် သီရိဓမ္မာသောကမင်းကြီးသည် သေနာပတိဓမ္မာနုဂ္ဂဟအမတ်ကိုယ်တိုင် ကြပ်မတ်၍ သံတောင် ငါးတောင် ထီးငါးဆင့် စေတီတော်တည်တော်မူပုံ' ဟု စာတန်းထိုးလျက် ကောင်းမှုရှင်မှာ လက်ပန်းချောင်းမှမိသားစုဖြစ်ကြောင်းပါရှိသည်။ ယင်းပန်းချီ(၂)ချပ်နှင့်ပင် ဘုရားသမိုင်းကို အတော်အသင့်ပြည့်စုံစွာသိနိုင်သည့် မှတ်တမ်းကောင်းဖြစ်ပါသည်။

စွယ်တော်လေးဆူ ဆိုသည်နှင့် အနော်ရထာကုသိုလ်ဟုသာ အသိများပါသည်။ ယခု ပန်းချီမှာ မူလငုံ၍တည်ထားသော ငါးတောင်ပြည့်စေတီဒကာ၊ ကြီးကြပ်သူတို့ကိုပါ ဖော်ပြထားသည်။ စာရေးသူက တန်ကြည့်တောင်သမိုင်းအား သေချာစွာ သိလို၍ 'စွယ်တော်လေးဆူသမိုင်းစာအုပ်' ဝယ်ခဲ့သည်။ ဖတ်ကြည့်ရာ မူလစေတီဒါယကာ သီရိဓမ္မာသောကမင်းပင် ယင်းစာအုပ်တွင် မပါရှိပါ။

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး (၂၃၄) နှစ်အကြာ ပါဋလိပုတ်ပြည့်ရှင် ဘုရင်သီရိဓမ္မာသောကသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿအမှူးပြုသည့် ရဟန္တာတစ်ထောင်အား တတိယသင်္ဂါယနာတင်ရန် အားထုတ်ခဲ့သည်။ အမြော်အမြင်ကြီးမားသောမင်းကြီးသည် သာသနာတော်အခွန့်ရှည်ရန် ရဟန္တာအရှင်မြတ်တို့အား ကိုးတိုင်းကိုးဌာနသို့ စေလွှတ်ကြွရောက်စေရန် စေတီ၊ ရေတွင်း၊ ရေကန်များ ပြုသည့် ဘာသာသာသနာ အထိမ်းအမှတ်များ လွှမ်းခြုံစေသည်။ သီရိဓမ္မာသောက

www.burmeseclassic.com



ပုဂံမြို့ဟောင်းက ရွှေမဉ္ဇော်ဘုရားတန်ဆောင်း (အာရုံခံလည်ပေါ်) ထိုထပ်မခံဝ

နှစ် (၆၀) ကျော် ဝရဝ်ဆိုနှင့် ကျွန်းတိုင်ထုံးကြီးများ (တန်ကြည့်)

မင်းကြီး၏ ကနဦး ကုသိုလ်တော်စေတီ ပုထိုးများကို အများအားဖြင့် မုဋ္ဌောစေတီ ဘွဲ့မည်ဖြင့် လေ့လာသိရှိကြရသည်။

မုဋ္ဌောကို ပါဠို - မုဋ္ဌိ/မုတ္တော၊ Image of Buddha, Stupa။ ဘုရားဆင်းတုတော်၊ စေတီ၊ ထူပါဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ တစ်ဖန် မုဋ္ဌိသဒ္ဒါ - လက်တစ်ဆုပ်/သုံးပေ စသည်ဖြင့်လည်း ပါဠိအဘိဓာန်တွင် ဖွင့်ဆိုထားသည်။

သာဓကအားဖြင့် ရှမ်းပြည်နယ် သီပေါမြို့မှ ထင်ရှားလှသည့် ဘော်ကြို့ ဘုရားဒါယိကာမှာ သီရိခမ္ဘာသောကမင်းကြီးဖြစ်၍ ဘွဲ့မည်မှာ မုဋ္ဌောစေတီဖြစ်၏။ သီပေါရှမ်းများ ထိုအရပ်သို့ရောက်ပြီး ကုန်းဘောင်မြို့တည်ရာတွင် ၎င်းတို့ရောက်မီ သာသနာနှစ် ၄၈၅ မတိုင်မီကပင် ရွှေမုဋ္ဌောဘွဲ့မည်ဖြင့် စေတီရှိခဲ့၍ သီရိခမ္ဘာသောကမင်းကြီး၏ ကုသိုလ်တော်၊ လက်တစ်ဆုပ်ခန့်ရှပ်ပွားဆင်းတုများဌာပနာထားသည့်စေတီဟု ယုံကြည်ခဲ့ကြသည်။

၁၉၇၅ ခုနှစ် ပုဂံလျင်ကြီးတွင် တန်ကြည့်တောင်စေတီတော်ကြီးအက် ကွဲ၍ အတွင်းစေတီတစ်ဆူ ပေါ်လာပြီး အနော်ရထာမင်းကောင်းမှူ အုတ်ခွက် ဘုရားများစွာတွေ့ရသည်။စေတီဟောင်း ကိုဆိုင်း၍ တည်ထားကြောင်း ထင်ရှားခဲ့သည်။ အတွင်းစေတီအရွယ်အစား၊ ဥာဏ်တော်အတိုအကျမသိရပါ။ ပုံ(၁)ပါ စေတီဖြစ်လျှင် ဆံတော် (၅) တောင်ဆိုခြင်းကြောင့် ဥာဏ်တော် (၈) ပေခန့်ရှိပါသည်။သံတောင်အတိုင်းအတာမှာ မြန်မာသံတောင် (၁၉) လက်မ၊ ဆင်တောင်လက်မ (၂၀) ဖြစ်၏။

အနော်ရထာနှင့်တန်ကြည့်တောင် ဆက်စပ်မှုကရှိသေးသည်။ အနော်ရထာမင်းကြီးသည် အတိတ်ဘဝတစ်ခုက ဟိရည်ကတောင်တွင် ဘုမ္မဓိုးနတ်ဖြစ်ခဲ့ရာမှ စုတေ၍ သီရိခမ္ဘာသောကမင်းကြီး၏ မုဋ္ဌောစေတီတည်ရာတွင် ကိုယ်တိုင်ကြပ်မတ်ခဲ့ရသောသေနာပတိအမတ်ကြီး ခမ္ဘာနဂ္ဂဟပင်ဖြစ်ခဲ့ကြောင်း ယင်း အတိတ်ဖြစ်စဉ်များကို မင်းကြီး (အနော်ရထာ) အား နတ်သားငါးပါးနှင့် ပုဏ္ဏားငါးယောက်တို့ လက်ယာရစ်လှည့်ပတ်၍ လာပြောသည်ဟု အိပ်မက်ရခဲ့ကြောင်း အရှင်ကေလာသပြုစုသည့် တန်ကြည့်စွယ်တော်သမိုင်း အောင်ဇေယျတုအစဉ်သမိုင်းတော်တွင် ပါရှိပါသည်။

ခရီးကြုံခဲ့သည်ဖြစ်၍ ရောက်ခိုက် တောင်ပေါ် တက်ကားလမ်းနှင့်တစ်ဆက်တည်း သဘာဝဂူနှင့် ဘုရားများကို သမီးအား လိုက်ပြသည်။ ၁၉၈၀ ဝန်းကျင်နှစ်များက ထိုဂူများတွင် တရားကျင့်ကြံသူများအနက် အဘည်၊ အဘဖြူ ဟူသော ယောဂီကြီးများ၏ဓာတ်ခန်းများရှိသည်။ ယခု ဂူများနှင့် မျက်နှာချင်းဆိုင် ဇရပ်အသစ်များတိုးလာသည်။ ဇရပ်အတွင်းမှ မိန်းမငယ်တစ်ဦးကို ယောဂီကြီးများသတင်းမေးကြည့်ရာ အဘများမရှိကြတော့ဟုသိရသည်။ ဟုတ်ပေမှာပေါ့။ ထိုစဉ် မိမိအသက် (၄၀) ကျော်မှာ ယခု (၇၀) ထဲဝင်နေပြီ။ မိမိရောက်ခဲ့စဉ် ဆန်အလွန်အခက်အခဲဖြစ်သောကာလနှင့် ကြုံ၍ အဘညီဓာတ်ခန်းတွင် ညအိပ် တရားထိုင်ပြုသည့်အခါ အဘညီက သုံးလွန်းတင်နှင့် ပဲဟင်းချက်ကျွေးမည် ဆိုပြီးစီစဉ်သည်။ ခုကာလသားသမီးများ သုံးလွန်းတင်ထမင်းဆိုသည်ကို စားဖူးဖို့ဝေးစွ၊ ကြားဖူးသူပင် ရှားပါမည်။ ဆန်ရှားသည့်အလျောက် မုယောစပါး၊ ပဲ၊ ပြောင်းသုံးမျိုး ပေါင်းနှပ်ချက်ထားသော ထမင်းဖြစ်၏။ စိမ့်စိမ့်စေးစေးလွေးလွေးနှင့် အလွန်စားကောင်းသည်။ ပဲဟင်းမှာ ချင်းနီငံနီ၊ ဆားလေးလေး၊ အရည်သောက်၊ မဆလာအုပ်ထားရာ သက်သတ်လွတ်ဟင်းလျာဖြစ်သော်လည်း မြိန်လှပါသည်။

ရွှေမုဋ္ဌောအကြောင်းနှင့်ဆက်စပ်လျှင် ပုဂံသားတစ်ဦးအကြောင်းပြောချင်ပါသည်။ စာရေးသူ ပုဂံမြို့ဟောင်းတွင် ဌာနဆိုင်ရာတာဝန်ဖြင့်ရှိနေစဉ် ရောဟိုတယ်အရှေ့ကုန်းဆင်းခြံအကျယ်ကြီးဖြင့်နေသော ပန်းပုဆရာကြီးတစ်ဦး (ဦးလှဆောင် ဆိုပါတော့) နှင့် အကျွမ်းတဝင်ရှိခဲ့သည်။ ပုဂံ၏မြောက်ဘက်မြို့နိုးတံခါးအနီးကုန်း (ယခု-ဧရာဟိုတယ်) အစွန်တွင် မြေစိုက်ဘုရားငယ်တစ်ဆူရှိသည်။ ထိုကုန်းထိပ်မှ ထိုဂူကိုကြည့်လိုက်လျှင် ဧရာဝတီမြစ်ကြီး၏ ဟိုဘက်ကမ်းခပ်ဝေးဝေး တောင်ဆွယ်တန်းကြီးတွေ့ရမည်။ထိုတောင်ဆွယ်တန်းကြီးအောက်သို့ နေလုံးနီနီကြီးငုပ်ဆင်းသွားသည်ကို ကမ္ဘာလှည့်ခရီးသည်များက ဒေါ်လာများစွာ အကုန်ခံကာ ဘုရားပစ္စယံတွေ အသီးသီးမှ ကြည့်ရှုခံစားကြခြင်း (Sunset ကြည့်) ပြုလုပ်ကြသည်။ ဒေသခံလူကြီးများပါးစပ်ရာဇဝင်တွင် ယင်းကုန်းထိပ်ဘုရားစေတီငယ်သည် မင်းဒဏ်သင့်သူများ ရှေးက တောင်ဆွယ် နေကွယ်လျှင် သတ်စေအမိန့်နှင့်ရာဇဝတ်သားကို ဤနေရာခေါ်လာ၊ နောက်ဆုံး ဝတ်ပြုဆုတောင်းစေသည့်ဘုရားဟုဆို၍ စိတ်ဝင်စားမိသည်။

ကုန်းဆင်း ဦးလှဆောင်ခြံတွင် သရက်၊ မာလကာ၊ ပိန္နဲ စားပင်ကြီးများရှိသည်။ ဦးလှဆောင်၏ဖခင်မှာ ချောက်ဇာတိ ယခု ဂေါစောပလ္လင်ဘုရားအနီး (မြို့ဟောင်းရှိစဉ်က) ရုံထိုး၍ ရုပ်သေးကြီးဆွဲ(Puppet Show)ပြသူ ရုပ်သေးဆရာ ဖြစ်သည်။ နိုင်ငံခြားသားများအား



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လာစျေးချိုချိုနှင့်ပြ၍ စိတ်ဝင်စားကြပြီး လုပ်ငန်းအောင်မြင်သူတစ်ဦး ဖြစ်သည်။

ရုပ်သေးရုပ်များကို ကိုယ်တိုင်ထုသည်။ နိုင်ငံခြားသားများက ရုပ်သေးရုပ်လေးများကိုလည်း စိတ်ဝင်တစားဝယ်ပုံရိုက်ကြသည်။ မြို့ထဲရှိ ယွန်းထည်ပစ္စည်းဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များတွင် ရုပ်သေးရုပ်များ ကြိုးနှင့်ဆွဲထားပြီး ရောင်းကြသည်။ ရုပ်သေးရုပ်ဝယ်သော နိုင်ငံခြားသားအများစုသည် မြန်မာ့ရုပ်သေးရုပ်အကြောင်း စာရေးသူတို့ မြန်မာများထက်ပင် နှံ့စပ်သည်ဟု ပြောချင်သည်။ ရုပ်သေးပန်းပုရုပ်များကို သူတို့တွေ့လျှင် အရုပ်တွင်ဝတ်ထားသောထဘီ၊ အင်္ကျီ၊ လုံချည် အကုန်လှန်ကြည့်သည်။ ရုပ်သေးရုပ်ကို အင်္ဂါစုံထုရသည်ဖြစ်၍ ကျား/မ အင်္ဂါစုံ၊ မစုံ၊ အပျိုတော်ရုပ်နှင့် အဘွားအိုရုပ်ဆိုကလည်း ဖွံ့ဖြိုးမှုပုံထွ၊ မကျကို ထိုင်မသိမ်း၊ ရင်ဖုံးအင်္ကျီများလှန်ကြည့်ပြီးမှဝယ်သည်။

ဦးလှဆောင်အကြောင်းကို ပြန်၍ကောက်လျှင် သူက လှေတစ်စင်းနှင့် ပန်းပုဆရာ (သီချင်းသည်မဟုတ်) ဖြစ်သည်။ ဧရောကမ်းဘေး လှေတစ်စင်းပိုင်ပြီး အပူအပင်မရှိ တစ်ကိုယ်တည်းသမားပီပီ မြစ်ရိုး၊ ချောင်းရိုးအနှံ့သွား ရှိသမျှ ဘုရားကျောင်းကန်ဝင်တည်း၊ လှေပေါ်တွင် ဆန် (၂) ပြည်၊ (၃) ပြည်ပါသည်။ ရောက်ရာအရပ် ဟင်းချက်စားစရာမလို။ အကြော်ဆိုင်မှအကြော်၊ ငှက်ပျောသီး၊ သရက်သီး၊ လက်ဖက်၊ ထန်းလျက်တို့နှင့် ညစာ၊ မနက်စာပြီးသည်။

"ကျွန်ုပ်ကလှေပေါ် အိပ်တာဆိုတော့ ဘယ်လူကြီးကိုမှ ဧည့်တိုင်စရာမလိုဘူး ပေါ့ဗျာ"

ဟု သူကပြောသည်။

သူကိုကြည့်ပြီး ဘဝဆိုတာ ရှေ့နောက်ပူစရာမတွေးဘဲ ပေါ့ပေါ့ပါးပါးနှင့် စား၊ ဝတ်၊ နေမှုကို ပုံကြီးမချဲ့ဘူးဆိုလျှင် အထိုက်အလျောက်ဖြစ်သွားသည်။ နေပျော်သားပါပဲဟု စဉ်းစားမိသည်။

သူက ပုဂံပန်းပုဆရာဆိုတော့ ပုဂံဘုရားဆင်တုံတော်တွေအကုန်အလွတ်ရနေသည်။ သူပန်းပုလက်ရာများတွင် ပုဂံအငွေ့အသက်ပါနေသည်မှာ သဘာဝကျသည်။ စာရေးသူအား ပူးဘုရားကျောင်းဆရာတော်ရှင်ဥက္ကဋ္ဌ (မပျံလွန်မီ) စွန့်ခဲ့သော ပုပ္ပားတောင်မကြီးမှ သရက္ခန်သားလက်တစ်ဝါးခန့်ကို ဘုရားထုပေးပါလို့ သူ့ကိုအပ်တော့ ဘုရား၊ တရား၊ သံဃာ တြိရတနာဂုဏ်မြောက် ပူဇော်ရအောင် ဓမ္မစကြာမုဒြာထုပေးမည်ဟုပြောပါသည်။ ပိုနေတဲ့အပဲ့လေး တစ်စကို ရှင်သီဝလိပုံသေးသေးလေး အဆစ်ပါသေး၏။ လာပေးတဲ့အခါ သရက္ခန်ဆိုတာ တစ်သက်စံတဲ့။ ခင်ဗျားယုံယုံကြည်ကြည် အနေကဇာတင်ကိုးကွယ်ပေတော့ဟု စေတနာပေါက်အောင် တိုက်တွန်းသွားသေးသည်။

ပန်းပုဆရာ ဦးလှဆောင်မှာ သုတေသီကြီးတစ်ဦးမဟုတ်သော်လည်း ပုဂံ၊ ညောင်ဦးတစ်ဝိုက် သူအထူးစိတ်ဝင်တစား လေ့လာသည်မှာ မင်စာနှင့် ကုလားကျောင်းများဟု ဆိုသည်။ စာရေးသူအမှန်ဝန်ခံရလျှင် ထိုစဉ်က ကုလားကျောင်း ဆိုသည်ကို သေချာမသိပါ။ ပုဂံရောက်မှ ကြားဖူးပြီး ဦးလှဆောင်ကျေးဇူးဖြင့် ဆောင်ဘီလယ်ယားရွာနှင့် ဝက်ကြီးအင်းကြီးအကြားကုလားကျောင်းသုံး၊ လေးခုကို လက်တွေ့ရောက်ခဲ့သည်။ ဒါက သံဃာတော်များ တရားထိုင် စာတက်တဲ့နေရာ၊ ဒီအကန့်တွေက ပိဋကတ်တော်တွေသိမ်းတာ၊ ဒါက ဓမ္မပလ္လင်(တရားဟောစင်)၊ ဒီအပြန့်ကြီးက ဓမ္မသာလာ(တရားနာရန်နေရာ) စသည်ကို စိတ်ရှည်စွာရှင်းပြသည်။

မွန်ဂိုစစ်သည်များ လာရောက်စဉ် တရုတ်ပြေးမင်းလက်ထက်၌ ခံတပ်ပြုလုပ်ရန် ဂူကြီးတစ်ထောင်၊ ဂူငယ်တစ်သောင်း၊ ကုလားကျောင်းသုံးထောင်ကို ဖျက်ကာ ခံတပ်မြေကတုတ်ပြုလုပ်ခဲ့ကြောင်း မှန်နန်းရာဇဝင်တော်ကြီး၌ ပါရှိကြောင်း မှတ်သားခဲ့ရသည်။ ရှေးက ကုလားကျောင်း သုံးထောင်မကရှိမည့် သေချာသော အထောက်အထားတစ်ခုဖြစ်သည်။ စာပေမိတ်ဆွေကြီး ဆရာလင်း(မောင်လင်းသူ-ညောင်ဦး)က သူတို့စာပေသမားတစ်စုအား စိုက်ထားသည့် 'ပုဂံမြေစာပေဝိုင်း(၁)' စာအုပ်ပေးလာ၍ စာအုပ်ပါ ဆရာကြိုင် (မင်းဘူး အောင်ကြိုင်)၏ 'ခရီးကျူးထိုက်သောဗုဒ္ဓဘာသာဝင်ပြည်သူများ၏စေတနာသဒ္ဓါတရား' စာမူကို ဖတ်မိ၍ ပုဂံ၊ ညောင်ဦးဒေသ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းစာရင်းအရ ရှေးဟောင်းအဆောက်အအုံ (၂၂၃၀) တွင် အုတ်ကျောင်းအုတ်တိုက် (၃၉၆)၊ သိမ်-ဥမင်-ဇရပ် စသည့်အခြားအဆောက်အုံ (၃၇၉)၊ ပေါင်း (၇၇၅) ပြုပြင်ရန် ကျန်စာရင်းဖော်ထားပါသည်။ ကုလားကျောင်းဟု သီးခြားမပါ၍ ယင်းစာရင်းတွင် အကျုံးဝင်မည်ဟု တွေးစရာပါသည်။

ဦးလှဆောင်နှင့် ရွှေမုဋ္ဌော အကြောင်းဆက်ပါမည်။ တစ်ရက်တွင် ဦးလှဆောင်နှင့် လမ်းတွင်တွေ့ဆုံကြရာ-

"ဆရာကြီးခင်ဗျား၊ ပုဂံမှာ အသက်အကြီးဆုံးဘုရား ရောက်ဖူးလား"

ဟု ဦးလှဆောင်က ရုတ်တရက်မေးခွန်းထုတ်သည်။

စာရေးသူက ကြောင်သွားပြီး -

"လင်းစမ်းပါဦးဗျာ"

ဆိုတော့ -

"မရောက်ဘူးရင် လာလိုက်ခဲ့"

ဆိုကာ ဆွဲခေါ်သွားပါသည်။

သရပါတံခါးအလွန် အာနန္ဒာဇရပ်တော (ပုဂံအခေါ်) ဘက်သွားမည့်လမ်းထိပ် ဘုရားတန်ဆောင်းအိုလေးတစ်ခုဆီ ဦးတည်သွားသည်။ သူပြောသည့် နေရာရောက်တော့ တံတိုင်းနှင့်တစ်ဆက်တည်းဝင်ပေါက်မှာ မြေညီမှ ခြေတစ်လှမ်းစာ အုတ်ခြေနင်းတုံးတစ်ခုကို (အလွယ်လှမ်းဝင်မရရန်) ချထားသည်။ ထိုမှ မြေနိမ့်ဘုရားရင်ပြင်သို့ပြန်ဆင်းပြီး အာရုံခံတန်ဆောင်းအတိုင်း ဝင်သွား၍ သံတိုင်များ ခတ်ပိတ်ထားသော ဘုရားစေတီငုတ်တုတစ်ဆူကို ဖူးတွေ့ရသည်။ ဘုရားလိုဏ်အတွင်းပိုင်းမှာ မှောင်နေ၍ ဖယောင်းတိုင်မီးနှင့် အာရုံပြုရသည်။ သူ့အပြောအရ -

"ဒါရွှေမုဋ္ဌောစေတီပဲ။ ဒကာက သိရိဓမ္မာသောက။ပုဂံဘုရားတွေပွင့်လင်းလာတာက အနော်ရထာနဲ့ ရှင်အရဟံတွေ့ပြီးနောက်ပိုင်း အင်္ဂလိပ်ခုနှစ်နဲ့ဆို ၁၀၄၄ ခု၊ သိရိဓမ္မာသောက သာသနာပြုတာဆို ဘုရားရှင် ပရိနိဗ္ဗာန်ပြီး နှစ် (၂၀၀) ကျော်လောက်ကတည်းက တတိယသင်္ဂီယနာတင်အပြီးဆိုတော့ သိပ်ကို စောတာပေါ့ဗျာ။ ဒါကြောင့် ကျွန်ုပ်က ပုဂံမှာ အသက်အကြီးဆုံးဘုရားလို့ ပြောတာပေါ့"

ကိုးကြောင်ဆီလျော်နေ၍ စာရေးသူ မှတ်ထားလိုက်မိသည်။

နှစ် (၂၀) ကျော်ကြာအပြီး ယခုမိသားစုနှင့် ပုဂံကိုတစ်ခေါက်ရောက်ဖြစ်သည်။ ကြုံတုန်း ဇနီးနှင့် သမီးကို ပုဂံကအသက်အကြီးဆုံးဘုရားလိုက်ပို့မည်ဆိုပြီး ခေါ်လာသည်။ မိမိက ဦးဆောင်၍ ဘုရားအဝင် အရံအတား အုတ်တုံးပေါ်တက်ရာမှ အောက်ပြန်ဆင်း ခြေအချမှာ ပုလင်းကွဲစူးတော့သည်။ အရက်ပုလင်းကွဲများဖြစ်သည်။ ဘုရားရင်ပြင် အုတ်တံတိုင်းအကာအရံနှင့် လွတ်လွတ်လပ်လပ် အရက်ပိုင်းဖွဲ့၊ ပြီးတော့ ရန်ဖြစ်

www.burmeseclassic.com

ဘုန်းကံကြီးမားမင်းဇကာရင်းများနှင့်အစီအရင်အဆောင်ဂါထာများ (၄)

# ကွမ်းဆော်ကြောင်းဖြူမင်းနှင့်ဘုရားရှိခိုးဂါထာတော်

## သစ္စာဂါဒီဦးပြင့်အောင်

သက္ကရာဇ် ၃၂၆ တွင် အရိမဒ္ဒနာပြည်ခေါ် ပုဂံပြည်တွင် ကွမ်းဆော်ကြောင်းဖြူမင်း စိုးစံတော်မူခဲ့ပါသည်။ ကြောင်းဖြူမင်းကြီး၏ မျိုးရိုးအနွယ်မှာ ရှေးအခါ ပုဂံပြည်၌စိုးစံခဲ့သော တန်နက်မင်းကို စလေငခွေးမင်း လုပ်ကြံမင်းပြုသောအခါတွင် တန်နက်မင်း၏ မိဖုရားတစ်ပါးသည် စလေငခွေးမင်း၏ မိဖုရားပြုမခံလိုသဖြင့် ပဋိသန္ဓေအရင့်အမာနှင့် နန်းတော်မှ တိမ်းရှောင်ခဲ့ကာ ကြောင်းဖြူအရပ်တွင် ခိုအောင်းနေထိုင်ခဲ့ပါသည်။

ထိုအရပ်သည်ကား သုဝဏ္ဏသောတနဂါးပြည်သို့သွားသော နဂါးကြောင်းဟု ဆိုပါသည်။ ရွှေကြောင်းဟုလည်း ဆိုပါသည်။ ထိုအရပ်တွင် တိမ်းရှောင်နေခဲ့သော မိဖုရားမှ ကြောင်းဖြူမင်းလောင်း သတို့သားငယ်ကို ဖွားမြင်ခဲ့ပါသည်။

သတို့သားငယ် ကလေးဘဝအရွယ်တွင် သူငယ်ဖော်များနှင့် ကစားသောအခါ မလိုမုန်းထား၍ 'ဟယ် - အဖမဲ့သား' ဟု ဆဲရေးရာ ကြောင်းဖြူမင်းလောင်းသတို့သားငယ်က မယ်တော်အား ကစားဖော်များက သားမောင်အား အဖမဲ့သားဟု ဆဲရေးကြသည်ဟူ၍ ပြန်ပြောရာ မယ်တော်လည်း ဝမ်းနည်းကြေကွဲစွာဖြင့် -

"သားမွန်၊ သင်၏အဖသည်ကား လူသာမည်မဟုတ်။ ဤပြည်ကို စိုးစံခဲ့သော မင်းဇကာရင်းပေတည်း။ သင်၏ဖခမည်းတော်ကို သူတစ်ပါးလုပ်ကြံ၍ မင်းစည်းစိမ်ကို လုယူသည်။ သူမယားပြုခံရမည်ကို စိုးရိမ်သောကြောင့် အမောင့်ကိုဝမ်းတွင်ပဋိသန္ဓေနှင့်ရှောင်ရှားပုန်းကွယ်နေရာတွင် အမောင့်ကို မွေးဖွားခဲ့ရသည်"

ဟု ဆိုရှာလေသည်။

ကြောင်းဖြူမင်းလောင်း သတို့သားငယ်သည် မယ်ထော်၏ စကားကို ကြားရသောအခါတွင် 'ခမည်းတော်၏ အရိုက်အရာကို ငါရပါစေသား' ဟု သစ္စာအဓိဋ္ဌာန်ပြုပြီးလျှင် တောင်သူကြီးမင်းထံတွင် ကွမ်းဆော်အခွန်အကောက်နှိုးဆော်သူအဖြစ် ခစားနေလေသည်။

ကြောင်းဖြူမင်းလောင်းလျာသည် မယ်တော်ကို ရှိသေစွာ လုပ်ကျွေး၏။ မယ်တော်ကလည်း သားတော် ကွမ်းဆော်သွားရာတွင် စားမြိန်စာထုပ်ကို ကောင်းစွာစီရင်၍ နေ့စဉ်ပေးလေသည်။ ကွမ်းဆော်သည် မယ်တော်ထုတ်ပေးလိုက်သော စားမြိန်ထုပ်ကို စောင်ချမ်းပင်ကြီးအောက်တွင်ဖြေ၍ နေ့စဉ်စားလေ့ရှိပါသည်။ မစားခင်တွင် စားဦးစားဖူးကို မိမိအရိပ်ခိုရသော ညောင်ချမ်းပင်တွင် တင်စမ္ပတ်ပြုလေ့ရှိလေသည်။

ထိုသို့ နေ့စဉ်ပြုလေ့ရှိရာ တစ်နေ့သောအခါတွင် ထိုညောင်ချမ်းပင်ကို စောင့်သောနတ်က ဤလုလင်သည် စားမြိန်စာ စားသည့်အခါတိုင်း ငါ့ကို စားဦးစားဖူးပေးပေသည်။ ဤလုလင်သည် အဘယ်သို့ဖြစ်လတ္တံ့နည်းဟူ၍ နတ်တို့ကျင့်ဓိပါဒ်ဖြင့် ဆင်ခြင်ကြည့်လိုက်သောအခါ မကြာမီကာလ၌ မင်းဖြစ်လေမည်ကိုမြင်၍ ထင်ရှားပြကာ ဤသို့ ဆိုလေသည်။

"အိုလုလင်၊ သင်သည် ငါ့အား စားဦးကိုနေ့တိုင်းပေးလေ့ရှိသည်။ သင် ဘုန်းကြီးလိုသော် သရဏဂုံပဉ္စသီကို ခါးဝတ်ကဲ့သို့ မြဲစွာစောင့်ရှောက်လေ။ မှန်ကန်သောသစ္စာစကားကိုသာဆိုလေ။ အနုဿတိ (၁၀) ပါးကို လည်း တစ်နေ့လျှင် နှစ်ထောင်ရအောင်စီးဖြန်းလေ"

ဟု ကိုယ်ထင်ပြ၍ ဆိုလိုက်လေသည်။

ကွမ်းဆော်လည်း ညောင်ချမ်းပင်စောင့်နတ်ဆိုသည့်အတိုင်း စောင့်ရှောက်စီးဖြန်းခဲ့လေရာ သရဏဂုံသီလဆောက်တည်ခြင်း၏အာနုဘော်၊ သစ္စာ၏အစွမ်း၊ ကြ၊ ပုလင်းရိုက်ဆွဲကြနှင့် ရမ်းကားထားပုံရသည်။ မှတ်တမ်းဓာတ်ပုံတွေရိုက်ကြသည်။ အုတ်တံတိုင်းနှင့်ကပ်လျက် ဘုရားဘွဲ့၊ အလှူရှင်အမည်တို့ ဖော်ပြသည့် ကမ္ဘည်းကျောက်ချပ်ကို တွေ့ရသည်။ ဘုရားအမှတ်(၁၉၅၆)၊ ရွှေမုဋ္ဌော ဘုရား၊ ရန်ကုန်မှအလှူရှင်၏ ကုသိုလ်တို့ကို ၁၂-၃-၉၇ ရက်စွဲဖြင့် တွေ့ခဲ့ရသည်။ ဦးလှဆောင်အပြောကို ယခုမှ သေချာစွာလေ့လာကြည့်မိသည်။ စေတီငယ်သည် ဖောင်းရစ်အထိသာ မြေတွင် ထင်ထင်ရှားရှားပေါ်နေ၍ ကျန်စေတီအောက်ပိုင်း ခေါင်းလောင်းနား၊ ပစ္စယ်၊ ဖိနပ် စသည်မှာ မြေအောက်တွင်ရှိနေမည်လောဟု မှန်းဆမိသည်။ သမိုင်းကို ကူးဆွဖော်ထုတ်ရန် များစွာကျန်နေသေးသည့် စိတ်ဝင်စားဖွယ်အပြည့် ပုဂံမြေဖြစ်ပါသည်။

ခရီးစဉ်နောက်ဆုံးနေ့တွင် အညာပြန်လက်ဆောင်အချို့ဝယ်ရန် ရွှေစည်းခုံဘုရားဈေးတန်းကိုသွားကြသည်။ စာရေးသူကတော့ စိတ်ဝင်စားစရာများလိုက်ကြည့်သည်။ ယခင် ရောက်ဖူးနေကျ ဘုရားအရိပ်တော်ကြည့် ရေကန်ငယ်ရောက်တော့ နယ်ဘုရားဖူးများ တိုးဝှေ့ကြည့်နေကြသည်။ စာရေးသူ ဤရေကန်ငယ်တွင်ပေါ် သည့်ပုံရိပ်ကို ရိုက်ချက်ကောင်းကောင်းနှင့်ရိုက်ပြီး နံရံတွင် ကာထားသောစာတ်ပုံကိုတွေ့၍ ပြန်ကူးလိုက်မိသည်။ လူကြီးများအပြောအရ ဤရေကန်ကလေးပြုလုပ်ထားသည်မှာ ရည်ရွယ်ချက် (၂) ခုရှိကြောင်း -

၁။ ယခုကဲ့သို့ စေတီတော်ကြီး ဥာဏ်တော်အဆုံးကိုငဲ့ကြည့်ဖူးမြော်ရန်၊

၂။ ဘုရားတည်သောဗိသုကာတို့ ဘုရားကို လုံးတော်ကြီးနှင့် ထီး စသည် မြေပြင်မှ တည့်မတ်မှုရှိ၊ မရှိ (Erection) ကို ချိန်ဆရန် ဘုရားအင်ဂျင်နီယာနှင့် အချို့ညီမှုကို အလွယ်တကူ ငွေကုန်ကြေးကျမများဘဲ လက်တွေ့လုပ်ကိုင်သူများ ပိုင်းကြည့်နိုင်အောင် တီထွင်မှုအတွေးအခေါ်ကို လေးစားမိပါသည်။

ထိုပုံအနီး စိတ်ဝင်စားဖွယ် ထပ်တွေ့ရပြန်သည်။ ၃-၃-၂၀၁၂ ဓာတ်ပုံမှတ်တမ်းတွင် ထင်ရှားစွာပုံရိပ်ပေါ်နေသော ဘုရားဖူးနဂါးပုံ ဖြစ်သည်။ ရုတ်တရက်ကြည့်က ယာဉ်တစ်စီးစီးဖြတ်သွား၍မြင်ရသောမီးခိုးတန်းသဖွယ်ဖြစ်သည်။ ဘုရားကြီးဖောင်းရစ်အနီးအနားထိဖြတ်သွားနိုင်သော အနိမ့်ပျံယာဉ်တော့ မဖြစ်နိုင်ပါ။ ပုဂံရာဇဝင်နှင့် နဂါးတို့မှာ ရှေးကပင်မရိုးနိုင်သောဇာတ်လမ်းများရှိခဲ့သည်။ ပုဂံရာဇဝင်နှင့် သမိုင်းခြေရာကောက်မှတ်တမ်းမှတ်ရာတို့မှာ များလှပါသည်။

ဤမျှနှင့်ရပ်ပါဦးမည်။

ခွန်ဆန်းသစ်



www.burmeseclassic.com

www.burmeseclassic.com

ဘာဝနာပွားများရခြင်း၏ အကျိုးအား ကြောင့် သိကြား စသော သာသနာ စောင့်နတ်မြတ်နတ်ကောင်းတို့က ကွမ်း ဆော်အား မစကူညီ၍ ပုဂံပြည်တွင် မင်းလောင်းပေါ်လတ္တံ့။ မည်သည့်နေ့ ရက် မည်သည့်အခါ၊ မည်သည့်နေရာ တွင် မင်းလောင်းပေါ်လိမ့်မည်။ ထိုမင်း လောင်းကို ကြည့်ရှုပူဇော်ကြကုန် ဟူ၍ ကျော်စောကာ လူအများတို့ အုတ်အုတ် ကျက်ကျက် သတင်းစကားဖြစ်ပွားလျက် စုံရုံးကာ တူရွှင်တောင်ခြေသို့ သွားရောက် စုဝေး စောင့်ကြည့်နေကြလေသည်။

ထိုအခါတွင် ကွမ်းဆော်လည်း လူအများနည်းတူ မင်းလောင်းပေါ်မည် ကို ကြည့်လိုလှသဖြင့် ငါသည် ကွမ်းကို စောစောဆော်ပြီးလျှင် မင်းလောင်းကို သွားကြည့်အံ့ဟု ကြံစည်ပြီးလျှင် မယ် တော်အား သားတော်အတွက် စားမြိန် ထုပ်ကို စောစောထုပ်ပေးပါဟုဆို၍ မယ်တော်လည်း သားတော်ပြောသည့် အတိုင်းလုပ်ပေးလေသည်။ ကွမ်းဆော် လည်း စားမြိန်ထုပ်ကိုယူကာ ညဉ့်က သွား၍ လက်ထုပ်ရောက်သောအခါ တွင် ကွမ်းကို စောစောဆော်ပြီးလျှင် မင်းလောင်းကိုကြည့်ရန် အမြန်လာခဲ့ လေသည်။

ထိုအခိုက်တွင် သိကြားက သူအို ယောင်ဆောင်ကာ မြင်းစီးလာပြီး လမ်း ခုလတ်တွင် ကွမ်းဆော်နှင့်တွေ့လေရာ အဘိုးအိုက ကွမ်းဆော်အား -

"အို - အမောင်လှလင်၊ အဘိုးစီး လာသည့်မြင်းကို ပုဂံသို့စီးနင်းယူဆောင် သွားပေးပါ။ အဘိုးသည် ဤအရပ်မှာ ပြဖွယ်ကိစ္စရှိ၍ ဖြစ်ပါသည်"

ဟုဆိုလေရာ ကွမ်းဆော်က -

"အဘိုး၊ အကျွန်ုပ်သည် မင်း လောင်းပေါ်မည်ကို ကြည့်မိအောင်သွား ပါမည်။ သို့ဖြစ်၍ အဘိုး၏ မြင်းကို မဆောင်သွားနိုင်ပါ"

ဟု ပြောရာ အဘိုးအိုက -

"အမောင်၊ ခြေလျင်သွားသည် ထက် မြင်းနှင့်သွားပါက ခရီးပို၍မတွင် ပါလော။ သည်မြင်းကို သင်စီးသွားပါ လော့။ ဤပတ္တမြားလက်စွပ်ကိုဝတ်ဆင် ၍ ဤလှံနှင့်ဤဓားကိုစွဲကိုင်၍သွားလေ တော့။ ငါကြာနေလျှင် မစောင့်ဆိုင်းဘဲ သည်မြင်းကိုစီးလျက် မင်းရင်ပြင်သို့ အရောက်သွားပါလေလော့"

ဟု မှာလိုက်လေသည်။

ကွမ်းဆော်လည်း အဘိုးအို ယောင်ဆောင်ထားသည့် သိကြားပေး သော ပတ္တမြားလက်စွပ်ကို ဝတ်ဆင် လျက် ဦးသျှောင်ကျင်ကိုတပ်၍ သီလ ဝံသဓားကိုလွယ်ကာ အရိန္ဒမာလုံကို စွဲကိုင်ပြီးလျှင် မင်းလောင်းကို ကြည့်မိ အောင် မြင်းကို အပြင်းစိုင်း၍သွားလေ တော့သည်။

ထိုအချိန်တွင် တူရွှင်တောင်ခြေ၌ မင်းလောင်းကို စောင့်မျှော်ကြည့်ရှု နေသော အမျူးအမတ်ကလန်သံပျင် အစရှိသော ပြည်သူအပေါင်းတို့သည် ရုတ်တရက် ထူးခြားထည်ဝါခန့်ညားစွာ တွေ့မြင်လိုက်ရသည့် နေလုလင်ကဲ့သို့ တင့်တယ်လှသော သိကြားပေးသည့် တန်ဆာနှင့် အရောင်အဝါထွန်းပနေ သော လုလင်ပျို ကွမ်းဆော် မြင်းစီးလာ သည်ကို မင်းလောင်းပေတကားဆိုကာ ဦးတိုက်ကြိုဆိုကြလေသည်။

သည်အခါတွင်မှ ကွမ်းဆော် လည်း မင်းလောင်းဟူသည်ကား ငါပင် ဖြစ်လေ၏တကားဟု ဆင်ခြင်မိလျက် ငါအား ရွေးကလည်း ညောင်ချမ်းပင် စောင့်နတ်ဆိုခဲ့ဖူးလေသည်ဟု စိတ်၌ တွေးမိကာ ရဲဝံ့ရွှင်ကြည်စွာဖြင့် နန်းတွင်း တိုင်အောင် မြင်းစီးလျက်ဝင်လေသည်။

ဤတွင် ကံကုန်တော့မည်ဖြစ် သည့် စောရဟန်းမင်းခေါ် တောင်သူ ကြီးမင်းက ဒေါသမာန်ထလျက် -

"ငါရှိလျက် အသူလာဝံ့ဘိ သနည်း"

ဟု နန်းဦးကရပ်ကာဆိုလိုက်သည် တွင် တံခါး၌ထားသော ကျောက်သူရဲ ကတွန်းချလိုက်လေရာ နန်းဦးမှဦးစောက် ကျ၍ ထိုမင်းအနိစ္စရောက်ကံကုန်ခဲ့လေ တော့သည်။ ဘုန်းသမ္ဘာရှင် ကွမ်းဆော် ကား မင်းအဖြစ်ကိုရရှိခဲ့လေပြီ။

ထိုဘုန်းကံကြီးမားသည့်ကွမ်းဆော် ကြောင်းဖြူမင်းသည်ကား ပထမမြန်မာ နိုင်ငံတော်ကြီးကို စည်းလုံးစွာ တည် ထောင်နိုင်ခဲ့ကာ ဗုဒ္ဓမြတ်စွာသာသနာ တော်ကို ထွန်းလင်းပြန့်ပွား စည်ပင် အောင်ဆောင်ရွက်ခဲ့သော အနော်ရထာ မင်းကြီး၏ဖခမည်းတော်ဖြစ်ပါသတည်း။

ဤကား ကွမ်းဆော်ကြောင်းဖြူ မင်း၏ရာဇဝင်စာတင်ခဲ့သည့်အကြောင်း အရာတို့ကို ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါ သည်။ စာရှုသူ သုတပညာလိုက်စားသူ များ ကောင်းကျိုးဝေဖြာ သုတပွားနိုင် ကြစေရန် ကွမ်းဆော်ကြောင်းဖြူမင်း ရွှတ်ပွားသရဖွာယ်ပူဇော်ရှိခိုးလေ့ရှိသော ဘုရားရှိခိုးကို ဖွေရှာဖော်ထုတ် တင်ပြ လိုက်ပါသည်။

**ကွမ်းဆော်ကြောင်းဖြူမင်း၏ဘုရားရှိခိုး**

ဝ ပရိ ပဇိ ပဟိ ပဂ်၊
သိရိ မုနိ အစိန္တေယျံ၊
သိဒ္ဓိ ကြဒ္ဓိ ဇိတိန္ဒြိယံ။
ဝန္ဒာမိ တံ မဟာရာဇံ။
ဂရိန္ဒရိန္ဒ မာရိန်္ဒ၊
သဒ္ဓိန်္ဒ စိန္ဒ ရာဇိန်္ဒ။
မုနိန်္ဒ နိန္ဒ သဒ္ဓိန်္ဒ။
နမိန်္ဒ မိန်္ဒ တံ ဝန္ဒေ။
ဆိဆိ ဘိဘိ နစိ နာနိ၊
ဝုဒ္ဓိ လဒ္ဓိ ရယိ သိရိ။
နမေ နမိ ဖာသုကာတိ၊
အရိ သမ္မိ ကရိ မုနိ။
ဟိမိ သိဒ္ဓိ ဝိမိ ဝိမိ၊
သိရိ သိရိ နိသိပိတံ၊
ကောတိ သိရံ့ မဏ္ဍ မုဒ္ဒ၊
မုဏ္ဍ မုဒ္ဒ မဓုမတ္တံ။
သတ္တံ့ သတ္တံ့ သတ္တ သတ္တံ့၊
နာလာဟုံ နာတိအပြစုံ။
ဒုန္ဒသွဏ္ဏာ အစိန္တေယျာ၊
မင်္ဂလာလံ နမေဗိန်။ ။

ဤဂါထာဘုရားရှိခိုးသည်ကား ကြောင်းဖြူရွာသား ကွမ်းဆော် (မင်း၏ အခွန်တော်ကောက်ခံပေးရသူ) သည် မိမိစားဦးစားဖျားကို နေ့စဉ်နေ့တိုင်း မိမိ အရိပ်ခိုစားမြိန်စားလေ့ရှိသောစောင်ချမ်း ပင်စောင့်နတ်ကို စားဦးစားဖျားပေးလေ့ရှိ ရာ တစ်နေ့သ၌ စောင်ချမ်းပင်စောင့် နတ် ကိုယ်ထင်ပြကာ သင်ဘုန်းကံကြီး လိုပါက သရဏဂုံပဉ္စသီလကို မြဲမြံစွာ ဆောက်တည်လေ။ အနုဿတိဆယ်ပါး ကို တစ်နေ့ တစ်ထောင်စီဖြန်းလေဟု ပြောဆိုသည့်အတိုင်း ရွှတ်ပွားဆောက် တည်ခဲ့သဖြင့် ပုဂံပြည်တွင် သက္ကရာဇ် ၃၂၆ ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်ရှိ ခဲ့ပါသည်။

ဘေးအန္တရာယ် ကင်းရှင်းပယ် လျက် ကောင်းကျိုးလိုလား ဘုန်းကံကြီး မားလိုသူများ ကွမ်းဆော်ကြောင်းဖြူမင်း ထုံးနှလုံးမူကာ သီလ၊ သစ္စာ၊ ဘာဝနာတို့ ပွားများ၍ ဤဂါထာဘုရားရှိခိုးကို လေးမြတ် ပူဇော်ခြင်းဖြင့် လိုလားနှစ် သက်အပ်သောအောင်ခြင်းမင်္ဂလာအဖြာ ဖြာနှင့် ပြည့်စုံကြပါစေ။

*သဒိသံပါတံဇနေတိ*

**သစ္စာဝါဒီ-ဦးမြင့်အောင်**

**ကွမ်းကိုး -**


၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး (တတိယအုပ်)

၂။ ဆရာကြီးသခင်ကိုယ်တော်ိုင်း တို့မြန်မာဝတ္ထုရွတ်စဉ်




www.burmeseclassic.com

www.burmeseclassic.com

# နတ်ထီးလှိုင်

## လမ်း-ရထားနှင့်ရထားထီန်း

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် အနီး နွယ်ချိုတောတွင် သီတင်းသုံးတော်မူစဉ် ဥရုဝေလတောတွင်း၌ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ တည်းဟူသော ရသေ့ညီနောင်သုံးယောက်နှင့်တကွ တပည့်များအား မိန္ဒာဒီဋ္ဌအယူမှ ချွတ်သည်ကိုအကြောင်းပြု၍ နာရဒဇာတ်တော်ကြီးကို ဟောကြားတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိဓိလာပြည်၌ အင်္ဂတိအမည်ရှိမင်းက အုပ်ချုပ်၏။ မင်းကျင့်တရား (၁၀) ပါးနှင့်လည်း ပြည့်စုံ၊ တရားလည်းစောင့်၏။ ထိုမင်းတွင် အလွန်အဆင်းလှသော ရူဇာအမည်ရှိ သမီးတော်တစ်ပါးတည်းသာရှိ၏။ ထိုသမီးတော်အား အလှူပေးစိမ့်သောဌာ ဥစ္စာတစ်ထောင်ကို လခွဲ (၁၅ရက်) တစ်ကြိမ်ပေး၏။ ထိုမင်းထံတွင် ဝိဇယ၊ သုနာမ၊ အလာတ ဟူသော အမတ်ကြီး (၃) ပါး စံစားကြ၏။

တစ်ခုသော တန်ဆောင်းခုန်လပြည့်နေ့ ကြယ်ထိကာနက္ခတ်သဘင်ကျင်း

ရှုပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော လမ်းမကြီးပေါ်၌ ကိုယ် (ကာယ) တည်းဟူသော ရထားသည် ပြေးလတ်သည်ရှိသော် ပညာတည်းဟူသောလှံကန်ဖြင့်မစောင်းမတိမ်းရအောင်ပြု၍ ထိုကိုယ်တည်းဟူသောရထား၌ မိမိစိတ်သည်ပင်လျှင် ရထားထိန်းဖြစ်စေအပ်၏ဟု နာရဒဇာတ်တော်ကြီး၏တရားအနှစ်သာရကို မြတ်ဗုဒ္ဓက ဟောကြားတော်မူပါသည်။

ထိုတရား၏အနှစ်ကို ပြေပြစ်ကျစ်လျစ်သော မြန်မာစကားပြေဖြင့် အရှင်ဦးဩဘာသသည် နားလည်လွယ်အောင် ရေးသားစီရင်နိုင်ခဲ့၏။ ၁၁၄၄ ခုနှစ်တွင် မင်းပူးလေသာကျောင်းနေ အရှင်ဦးဩဘာသသည် စန္ဒကုမာရဇာတ်တော်နှင့် တစ်နှစ်တည်း ရှေးဦးစွာ မြန်မာဘာသာ ပြန်ဆိုရေးသားခဲ့သည်။ စာအရေးအသားနှစ်ဦးကပင် ရေးသားလင့်ကစား အရှင်ဦးဩဘာသ၏စကားပြေသည် မြန်မာဆန်ဆန်ဖြင့် မြန်မာ့စိတ်ကြိုက်ဖြစ်စေသည်။

နာရဒဇာတ်တော်ကြီးမှာ ဇာတ်ကြီးဆယ်ဖွဲ့တွင် (၈) ခုမြောက် ဖြစ်၏။

www.burmeseclassic.com

မင်းကြီးသည် နန်းပြာသာဒ်ထက်မှဖြူစင်စွာထွန်းပနေသော လပြည့်ဝန်းကြီးကို ကြည့်ကာ အထူးစိတ်ကြည်နူးမိ၏။ ဤညဉ့်မျိုးတွင် အဘယ်ကဲ့သို့ မွေ့ပျော်ရသော် ကောင်းအံ့နည်းဟု အကြံဖြစ်ပြီး အမတ်တို့အား နှစ်သက်ရာကို တင်လျှောက်စေသည်။ ထိုအခါ စစ်သူကြီးဖြစ်သော အလာတအမတ်က စစ်ပြုရန်လျှောက်၏။ သုနာမအမတ်က ကာမဂုဏ်ဖြင့်မွေ့ပျော်ရန်လျှောက်၏။ ဝိဇယအမတ်က အကြားအမြင်နှင့်ပြည့်စုံသော ရဟန်းပုဏ္ဏားတို့ထံ ဆည်းကပ်လျက် ယုံမှားခြင်းတို့ကိုဖျောက်ရန်လျှောက်၏။

မင်းကြီးသည် ဝိဇယအမတ်၏ စကားကို နှစ်သက်သဖြင့် အလာတအမတ် ညွှန်ကြားရာ မိဒဂါဝုန်တောရှိ ကဿပတက္ကတွန်းတို့ထံသို့ ဗိုလ်ပါများနှင့်သွားရောက်လေသည်။ ရောက်လျှင် မင်းကြီးက မိဘ၊ ဆရာ၊ သားမယား၊ သက်ကြီးရွယ်အို၊ ရဟန်း၊ ပုဏ္ဏား၊ မှူးမတ် ဗိုလ်ပါ၊ ပြည်ရွာအပေါ် တွင်ကျင့်ရမည့် တရားတို့ကို လည်းကောင်း၊ နတ်ရွာရောက်ကြောင်း၊ ငရဲလွတ်ကြောင်း တရားတို့ကိုလည်းကောင်း မေးမြန်း၏။

ကဿပတက္ကတွန်းကား အမေးနှင့်လျော်သောအဖြေကိုမသိနားမလည်၍ မဖြေချေ။ မဆိုင်သော ငှင်း၏အယူဝါဒကိုသာပြော၏။ ကောင်းကျိုး-မကောင်းကျိုးဟူ၍လည်းကောင်း၊ တမလွန်လောကဟူ၍လည်းကောင်း၊ မိဘဆရာဟူ၍လည်းကောင်း မရှိ။ အလှူပေးခြင်းဖြင့် အကျိုးမရှိ မီး၊ ရေ၊ မြေ၊ လေ၊ ချမ်းသာ၊ ဆင်းရဲ၊ အသက် ဤ(၇)မျိုးသာမြဲကုန်သည်။ သတ္တဝါတို့သည် (၈၄)ကမ္ဘာစေ့မှစင်ကြယ်ကြမည်။ ထိုအတွင်း ကောင်းမှုပြုသော်လည်း မစင်ကြယ်နိုင်။ မကောင်းမှုပြုသော်လည်း ထိုဓာတ်ကို မလွန်ဆန်နိုင်ကြဟု ဆိုလေ၏။

အလာတအမတ်ကလည်း မိမိရှေးဘဝက မကောင်းမှုပြုခဲ့သော်လည်း ယခုအခါ ကောင်းကျိုးကိုသာ ခံစားရပုံကို ပြောပြပြီး ထိုစကားကို ထောက်ခံသည်။ မိဓိလာပြည်သား ဗိဇယသူဆင်းရဲကလည်း ကဿပတက္ကတွန်းထံတွင် ဆည်းကပ်လျက် မိမိသည် အတိတ်ဘဝက သူဌေးအဖြစ်ဖြင့် အလှူကောင်းမှုပြုပါသော်လည်း ယခုဘဝတွင် သူဆင်းရဲဖြစ်လာကြောင်းကို ထောက်ခံစကားပြောပြန်၏။

ထိုအခါမှစ၍ မင်းကြီးသည် ပြည်ထဲရေးကို အမတ်တို့အားလွှဲအပ်ပြီးသော် ကာမဂုဏ်စည်းစိမ်ကိုသာ ခံစားနေ၏။ အလှူဇရပ်တို့ကိုလည်းဖျက်စေ၏။ ပြည်ရှင်မင်းကြီးအယူမှားသည်ကို တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက်ပြောဆိုကြကုန်သည်။

ထိုအကြောင်းကို ရုဇာမင်းသမီးကြားလတ်သော် ခမည်းတော်၏ အယူမှားကို ပယ်ရှားအံ့ဟု အခွင့်အခါကို စောင့်လင့်နေ၏။

ရုဇာမင်းသမီးကား ရွှေ (၇) ဘဝနှင့် နောက် (၇) ဘဝကို သိမြင်နိုင်သူတည်း။ အချိန်ကျရောက်သော် အလှူပြုရန် ရမြဲရိုက္ခာကို တောင်းခံလေသည်။ ထိုအခါ မင်းကြီးက အလှူကို မယုံကြည်တော့၍ အပြစ်ပြကာတားမြစ်၏။ သမီးတော်ကလည်း ခမည်းတော် အယူမှားနေပုံ၊ တက္ကတွန်းတို့အပြောနှင့် အကျင့်မညီပုံများ၊ မိမိ၏အတိတ်နှင့် အနာဂတ်ဘဝအကြောင်းများကို ရှင်းလင်းပြောပြ၏။ သို့သော် မင်းကြီးကား မိစ္ဆာအယူကို မစွန့်ချေ။ ထိုအခါ မင်းသမီးက နတ်၊ ပြဟ္မာများအားကူညီရန် သစ္စာအဓိဋ္ဌာန်ပြု၏။ ဤသို့ပြုလတ်သော် နာရဒပြဟ္မာကြီးလည်း မင်းကြီးကိုချွတ်အုံဟု ရဟန်းအသွင်ဖြင့် ရောက်လာသည်။

မင်းကြီးလည်း ပြဟ္မာကြီးအား တန်ခိုးရှိခြင်း၏အကြောင်းရင်းကို မေး၏။ ကုသိုလ်ကောင်းမှုသာ အကြောင်းရင်းဖြစ်သည်ဟု ပြဟ္မာကြီးကဖြေသည်။ မင်းကြီးသိလိုရေး၊ မေးသမျှသော ပြဿနာတိုင်းကိုလည်း မင်းကြီးစိတ်ကျေနပ်အောင် ဥပမာသာဓကများစွာဖြင့် ဖြေ၏။ ထို့နောက် ငရဲအကြောင်း၊ ရှေးမင်းမြတ်တို့ကျင့်စဉ်အကြောင်း စသည်တို့ကို ဟောကြားလေသည်။ ဤသို့ အယူမှားကိုပယ်ရှားစေရန် ဟောကြားပြီးနောက် မင်းကြီးအား သီလ၌တည်စေ၏။ ရုဇာမင်းသမီးကိုလည်း များစွာသောအကြောင်းဖြင့် ချီးမွမ်း၏။ မင်း၊ မိဖုရား၊ မောင်းမမိသံတို့ကိုလည်း အဆုံးအမကိုပေး၏။ ထို့နောက် ပရိတ်သတ်တို့ မြင်စဉ်လျက်ကပင် နာရဒပြဟ္မာကြီးသည် ပြဟ္မာပြည်သို့ပြန်သွားလေသည်။

ဇာတ်ပေါင်းသော် အလာတအမတ်သည် ဒေဝဒတ်၊ သုနာမအမတ်သည် ဘဒ္ဒဇိ၊ ဝိဇယအမတ်သည် ရှင်သာရိပုတ္တရာ၊ ဗိဇယသူဆင်းရဲသည် ရှင်မဟာမောဂ္ဂလာန်၊ ကဿပတက္ကတွန်းသည် လိစ္ဆဝီမင်းသား သုနက္ခတ္တ၊ အင်္ဂတိမင်းကြီးသည် ဥရုဝေလကဿပ၊ ရုဇာမင်းသမီးသည် ရှင်အာနန္ဒာ၊ နာရဒပြဟ္မာကြီးကား မြတ်စွာဘုရားတို့ အသီးသီးဖြစ်လာကြသည်ဟု ဟောကြားတော်မူခဲ့ပါသည်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ တည်းဟူသော လမ်းမကြီး၌ ကိုယ်(ကာယ)တည်းဟူသော ရထားသည် ပြေးသွားလတ်သော်၊ ပညာတည်းဟူသော လှင်ကန်ဖြင့် မစောင်းမတိမ်းရအောင်ပြု၍ ထိုကိုယ်တည်းဟူသော ရထား၌ မိမိစိတ်(မနော)သည်ပင်လျှင် ရထားထိန်းဖြစ်စေအပ်၏။

ရထားထိန်း (စိတ်) သည် ရထား (ကိုယ်) ကို ပညာ(လှင်ကန်)ဖြင့် (အာရုံ) ငါးမျိုးလမ်းမကြီးပေါ် တွင် မတိမ်းမစောင်းစေဘဲ (နိဗ္ဗာန်တိုင်အောင်) မောင်းနှင်ပါ။

စိတ်(မနော)သည် ကိုယ်(ကာယ်)ကို အာရုံငါးပါး ကာမဂုဏ်များထဲ၌ ပညာ(ဉာဏ်)ဖြင့် ထိန်းကျောင်းတည့်မတ်ပေးရမည်။ ကာမဂုဏ်များထဲတွင် မမွေ့မပျော်စေနှင့်။

နတ်ကြီးလှိုင်



www.burmeseclassic.com

www.burmeseclassic.com

# လှမြင့် (ရန်ကုန်ဘဏ္ဍာထိုင်)

# ရှင်ဥပဂုတ္တမထေရ်နှင့် ကျိုက်သဲလေးထပ်ဆရာတော်ဘုရားကြီး

မြန်မာတို့၏ ဗုဒ္ဓဘာသာဆိုင်ရာ ရုတနာသုံးပါး ရိုသေကိုးကွယ်မှု အစဉ်အလာတွင် ရှင်ဥပဂုတ္တမထေရ် (ရှင်ဥပဂုတ်)မြတ်ကို ကိုးကွယ်မှုအစဉ်အလာသည် အထင်အရှားရှိနေသည်။ ရှေးခေတ်အဆက်ဆက်မှသည် မျက်မှောက်ခေတ်တိုင်အောင် ဘာသာရေးဆိုင်ရာ အလှူပွဲများ ပြုလုပ်ကျင်းပရာ၌ အလှူဧည့်သည်များထိုးရ၌ပြုလုပ်ကျင်းပမှုနှင့်အတူ သော အန္တရာယ်ဆိုးအမျိုးမျိုးမှ ကင်းဝေးစေရန်အတွက် ရှင်ဥပဂုတ္တမထေရ်မြတ်ကို ကိုးကွယ် ပူဇော်မှုပြုလုပ်လျက်ရှိသည်။

သီရိဓမ္မာသောကမင်းကြီး (ဘီစီ ၂၇၃-၂၃၆ခုနှစ်) လက်ထက်တွင် သီရိဓမ္မာသောကမင်းကြီး၏ ခုနစ်လခုနစ်ရက်ကောင်းမှုကုသိုလ်ပြုပွဲတော်ကြီး၌ အနှောင့်အယှက်ပေးလာသောမာရ်နတ်တို့ကို ရှင်ဥပဂုတ္တမထေရ်သည် တန်ခိုးအမျိုးမျိုးဖြင့် တွန်းလှန်ချေမှုန်းအောင်မြင်တော်မူခဲ့သည်။ ရှင်ဥပဂုတ္တမထေရ်သည် တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ် (၀၀) ရတနာပုံပြာသာဒ်တော်ကြီး၌ သီတင်းသုံးနေထိုင်တော်မူခဲ့သည်ဟူ၍ ဦးကုလားမဟာရာဇဝင်တော်ကြီး၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ဇိနတ္ထပကာသနီကျမ်း၊ မဟာဝင်ဝတ္ထုကျမ်း၊ ပဥ္စာဗျာကရဏအဋ္ဌတီသကျမ်း၊ ပေါရာဏဒီပနီကျမ်း စသော မြန်မာဘာသာကျမ်းများ၊ မိလိန္ဒပဉ္ဉာပါဠိတော်၊ ဝိနယပိဋကဝဇိရဗုဒ္ဓိဋီကာ၊ ကစ္စည်းသဒ္ဒါကျမ်း၊ သဒ္ဒနီတိသဒ္ဒါကျမ်း၊ လောကပညတ္တိကျမ်း၊ စူဠဝင်မဟာဝင်ဋီကာကျမ်း စသော ပါဠိ ဘာသာကျမ်းများ၌ မှတ်တမ်းတင်ခဲ့သည်။

ရှင်ဥပဂုတ္တမထေရ်မြတ်နှင့် ပတ်သက်၍ ရှင်ဥပဂုတ္တမထေရ်မြတ်သည် ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သီရိဓမ္မာသောကမင်းကြီး လက်ထက်၌ ထင်ရှားခဲ့သော မထေရ်မြတ်တစ်ပါးဖြစ်ကြောင်းလက်ခံယုံကြည်မှုနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်သည် ဗုဒ္ဓစာပေကျမ်းဂန်များတွင် မပါရှိကြောင်း မဟာယာနဗုဒ္ဓဘာသာဝင်မထေရ်တစ်ပါးသာဖြစ်ကြောင်း ဟူသော လက်ခံယုံကြည်မှုဟူသော ဝိဝါဒကွဲပြားသောအဆိုအမိန့်များလည်း အထင်အရှားရှိနေခဲ့သည်။

ရှင်ဥပဂုတ္တမထေရ်မြတ်ဆိုင်ရာ ကွဲပြားမှုအဆိုအမိန့်များနှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်နှောင်း မန္တလေး (ရတနာပုံ)ခေတ်၌ အလွန်ထင်ရှားကျော်ကြားခဲ့သော ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီးအား ပေါင်းတည်မြို့ အရှင် သုမနမထေရ်သည် -

'လေးရပ်ရှင်သေ၊ ပေါင်းရှစ်ထွေတို့၊ တည်နေမယ်က်၊ ခုတိုင်ဘက်ဟု၊ စဉ်ဆက်သေချာ၊ ပြောကြပါ၏၊ ရှိရာသည်ကား၊ စကားယုတ္တိ၊ ဆိုတိုင်းရှိက၊ ဖမ်းနေရပ် မျိုးဇာတ်နာမည်၊ နေသည်ခြင်းရာ၊ သြဇာလေးနက် ဆက်မဆက်နှင့်၊ မယုက်ခုတိုင်၊ တည်နိုင်ရကြောင်း၊ ဤလုံးပေါင်းကို ကောင်းကောင်းမုချ၊ သိချင်လှ၏'

ဟူ၍ မေးမြန်းလျှောက်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ကြီးက 'သေလေးပါး၊ ရှင်လေးပါး' အကြောင်း အတ္ထုပ္ပတ္တိများကို ကျမ်းကြီးကျမ်းခိုင်များ၌ မတွေ့စဖူး။ ပဠာကထနမည်သော မှတ်စုကျမ်း၌သာ တွေ့ဖူးသည်။

ရှင်လေးပါးတို့တွင် အရှင်ဥပဂုတ္တ၏အကြောင်းကိုကား မိလိန္ဒပဉှာကျမ်း၌ -

'ငါဘုရားပရိနိဗ္ဗာန်စံလွန်၍ အနှစ် နှစ်ရာသုံးဆယ်ကျော်သောအခါ မဟာမောဂ္ဂလိပုတ္တတိဿမထေရ၊ ဥပဂုတ္တ မထေရ်တို့သည် ရှင်လူအပေါင်းတို့ တရားညွှန်ပြကုန်သကဲ့သို့ မိလိန္ဒမင်းကြီး၊ နာဂသေနမထေရ်တို့သည်လည်း ငါနိဗ္ဗာန်လားသည့်နောက် အနှစ်ငါးရာကျော်ရောက်သောအခါ ထင်စွာဖြစ်ကုန်၍ ငါ့တရားကိုထင်ရှားညွှန်ပြကုန်လတ္တံ့'

ဟူ၍ ဘုရားရှင် ဗျာဒိတ်ထားကြောင်း (ရှင်လေးပါး) ကို ဆိုရာ၌လာသည်။

သဒ္ဒါသင့်ရာဖြစ်သော် ကစ္စည်းကျမ်း၊ သဒ္ဒနီတိကျမ်းတို့၌လည်း **ဥပဂုတ္တော** - ဥပဂုတ်သည်၊ **ဟရော** - မာရ်နတ်ကို၊ **ဗန္ဓော** - နှောင်းဖွဲ့အပ်၏ဟု ဥဒါဟရဏ်ပြ၏ဟုဖြေဆိုကာ သီရိဓမ္မာသောကမင်းကြီးလက်ထက် ရှင်ဥပဂုတ္တမထေရ်၏ မာရ်နတ်အား နှိမ်နင်းပုံကို မဟာရာဇဝံသကျမ်းလာသည့်အတိုင်း အကျယ်ဖြေဆိုသည်။

ဤအကြောင်းအရာများသည်လည်း မိလိန္ဒကျမ်းနှင့်အညီဖြစ်၍ ပမာဏပြုလောက်သော အကြောင်းအရာများ ဖြစ်သည်။ အရှင်ဥပဂုတ္တသည် သမုဒ္ဒရာ၌နေသည်မှန်လျှင် သည့်အပြင် အရှင်များသည်လည်း ယုံမှားရှိသင့်ပြီ။ ထိုအရှင်တို့၏ အတ္ထုပ္ပတ္တိကိုပြဆိုသော စာပေကို မတွေ့ရ၍သာမပြနိုင်ရှိလေသည်။ သင်္ဂီယနာဝင်ကျမ်းကြီးတို့၌မပါသည်မှာလည်း တတိယသင်္ဂီယနာတင်ပြီးနောက်မှပေါ်ထွက်လာသော ရဟန္တာများဖြစ်၍ မပါသည်ဟုယူရမည်။ ထို အရှင်တို့ ယခုတိုင်ရှိမည်၊ မရှိမည်ကို စိစစ်ရာတွင် အသက်တစ်ရာတမ်း၌ဖြစ်သောသူသည် နှစ်ရာသို့ရောက်အောင် မရှည်။ အတန်ငယ်လွန်၍သာဆုံးရသည်ဟု ဟောတော်မူသော သုတ်ပါဠိတော်ကိုထောက်လျှင် ယခုသို့ရောက်အောင် မရှိရှာပြီး တစ်ပါးသံဃာရဟန္တာတို့၏ နောက်ကျန်၍ ရှိရစ်သည်ကိုစွဲ၍သာ အရှင်လေးပါးရှိကြောင်းကို ဆိုသည်ဟု ယူဆရသည်။ သေလေးပါးမှာ စာပေမတွေ့။

ဤမှတစ်ပါး ထောက်ထားရန် အကြောင်းကား အိန္ဒိယတိုင်း ဘိလပ်ပြည်ကြီးက သမုဒ္ဒရာကိုလည်ပတ်၍ ကြည့်သော လောကဓာတ်ဆရာနှစ်ဦးတို့သည် မီးသင်္ဘောတစ်စင်းနှင့်ပင်လယ်ကိုလည်ရာ တောင်သမုဒ္ဒရာတွင် ဘယ်ဟာရှိမည်ကိုသိရအောင် သွားမည်ဟု တောင်စူးစူးသို့ထွက်၍ သွားသော် အများသွားမြဲခရီးကိုလွန်၍ (၁၃) ရက်ထွက်လေသဖြင့် ရေပြင်လယ်ကောင်၌ ကျောက်တောင်တစ်ခုပေါ်၍ ထိုကျောက်တောင်ထက်၌ ကြီးစွာသော ကြေးပြာသာဒ်ကို မြင်၏။ အနီးသို့ရောက်စိမ့်သော်ငှာ စက်ခုတ်ပါသော်လည်း လွန်စွာရေကြမ်းလှသောကြောင့် အနီးသို့မကျဘဲ အမြောက်တစ်ကမ်းခန့်နေ့ရာကဆုတ်ခွာခဲ့ရသည်။ တောင်သမုဒ္ဒရာက ကြေးပြာသာဒ်ကြီးကို တပ်အပ်မြင်ခဲ့သည်ဟု မြန်မာနှစ် ၁၂၂၅ ခုနှစ်၊ ခရစ်နှစ် ၁၈၆၄ ခုနှစ် သတင်းစာတွင် ဖတ်ရှုမှတ်သားခဲ့ရဖူးသည်ဟူ၍ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး အရှင်မုနိန္ဒာဘိဓဇသည် ပဠာဗျာကရဏအဋ္ဌကထာများ၊ တိသတိမပုစ္ဆာအဖြေတွင် ရှင်းလင်းဖြေဆိုမိန့်ကြားတော်မူခဲ့ သည်။

ထို့ကြောင့် ရှင်ဥပဂုတ္တမထေရ်မြတ်၏ အကြောင်းအရာနှင့် ပတ်သက်၍ ဝိဝါဒကွဲပြားနေမှုအမြင်တွင် ကျီးသဲလေးထပ်ဆရာတော်ကြီးသည် ရှင်လေးပါးတွင် ရှင်ဥပဂုတ္တမထေရ်သည် တစ်ပါးအပါအဝင်ဖြစ်ပြီး ရှင်ဥပဂုတ္တမထေရ်မြတ်သည် အမှန်ပင် အထင်အရှားရှိခဲ့ကြောင်းကို မိလိန္ဒပဉှာပါဠိတော်၊ ကစ္စည်း သဒ္ဒါကျမ်း၊ သဒ္ဒနီတိကျမ်းတို့နှင့် မဟာရာဇဝင်တော်ကြီးတို့ကို ကိုးကားဖော်ပြခဲ့သည်။ မဟာရာဇဝင်တော်ကြီးများ၌ အကျယ်ဖော်ပြထားသောအရှင်ဥပဂုတ္တမထေရ်၏ မာရ်နတ်နှိမ်နင်းသည့်အခန်းကဏ္ဍသည် မိလိန္ဒပဉှာပါဠိတော်နှင့်ညီ၍ ပမာဏပြုလောက်သည်ဟူ၍ တင်ပြခဲ့သည်။

ကျီးသဲလေးထပ်ဆရာတော်ကြီးသည် ရတနာပုံ မန္တလေး ခေတ်ဦးပိုင်း ထုတ် မြန်မာနှစ် ၁၂၂၅ ခုနှစ် ( ခရစ်နှစ် ၁၈၆၄ ခုနှစ်) တွင် ထုတ်ဝေခဲ့သော သတင်းစာပါ တောင်သမုဒ္ဒရာလယ်က ကြေးပြာသာဒ် ဟူသော သတင်းတစ်ပုဒ်ကိုလည်း ကိုးကား၍ လောကယုတ္တိဆောင်ပြ၍လည်းကောင်း၊ ဆရာတော်ကြီးကိုယ်တိုင် ပြုစုရေးသားတော်မူခဲ့သော မဟာဝင်ဝတ္ထုကျမ်း၊ ဇိနတ္ထပကာသနီကျမ်း၊ ပဠာဗျာကရဏအဋ္ဌကထာသင်္ခမ်းများတွင်လည်း ရှင်ဥပဂုတ္တမထေရ်မြတ်၏အကြောင်းအရာများကို အလေးအနက်ထား ရေးသားတော်မူခဲ့ခြင်းများကို ထောက်ဆ၍လည်းကောင်း သီရိဓမ္မာသောကမင်းကြီးလက်ထက်၌ မာရ်နတ်၏အန္တရာယ်ကို အောင်မြင်စွာ နှိမ်နင်းဆုံးမတော်မူခဲ့သော ရှင်ဥပဂုတ္တမထေရ်မြတ်သည် တန်ခိုးကြီးရဟန္တာတစ်ပါးဖြစ်အထင်အရှားရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သော ဇိနတ္ထပကာသနီကျမ်းတွင်လည်း ရှင်ဥပဂုတ္တမထေရ်မြတ်၏ အကြောင်းကို စုဝေ့ဝင်၊ မဟာဝင်ဋ္ဌကာတို့နှင့် ဖော်ပြမှတ်တမ်းတင်ခဲ့သည်ဟူ၍ မိန့်ဆိုထားခဲ့သည်။

ထို့ကြောင့် ရှင်ဥပဂုတ္တမထေရ်မြတ်နှင့် ပတ်သက်၍ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်မှာ -

သီရိဓမ္မာသောကမင်းကြီးလက်ထက်တွင် အရှင်ဥပဂုတ္တမထေရ်မြတ်သည်ရှိခဲ့ကြောင်း၊ ရှင်လေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ကြောင်း ရှင်ဥပဂုတ္တမထေရ်သည် ယခုတိုင်တောင်ရှိမည်၊ မရှိမည်ကိုစိစစ်ရာတွင် အသက်တစ်ရာတမ်း၌ဖြစ်သောသူသည် နှစ်ရာသို့ရောက်အောင် မရှည်။ အတန်ငယ်လွန်၍သာ ဆုံးရသည်ဟူသော သုတ်ပါဠိတော်၏ သြဝါဒနှင့်အညီ ယခုအချိန်တိုင်အောင် မရှိရာပြီ။ တစ်ပါးသံဃာရဟန္တာတို့၏ နောက်ကျန်၍ ရှိရစ်သည်ကိုစွဲ၍သာ အရှင်လေးပါးရှိကြောင်းဆိုသည် ဟူ၍ ဖြစ်ပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး**


၁။ ဇိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ်ဆရာတော်)၊

၂။ မဟာဝင်ဝတ္ထု (ကျီးသဲလေးထပ်ဆရာတော်)၊

၃။ ပဠာဗျာကရဏအဋ္ဌကထာသင်္ခမ်း (ကျီးသဲလေးထပ်ဆရာတော်)

၄။ ဗုဒ္ဓယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ဖွဲ့တော်များ
မမွာစရိယဦးမောင်နိုင် (ဘ်အေ)




www.burmeseclassic.com

www.burmeseclassic.com

# မောင်စိမ်းတွေး(ထားဝယ်)

## မြဲခင်းတုတော်ဂူဟနာကိုန်းဝပ်တော်မူသော ဆုတောင်းပြည့် မြစေတီရွှေဟောင်းဘုရား

ပင်လယ်ရေပြင်ထက် (၅၁. ၁၆) ပေမြင့်သော ထားဝယ်မြို့ မြေမျက်နှာပြင်အနေအထားသည် အနောက်မှ အရှေ့သို့ တဖြည်းဖြည်း မြင့်မောက်သွားပြီး မြို့အရှေ့ဘက်၌ ကုန်းကမူတောင်ပူစာအဆင့်ဆင့်ထပ်လျက်ရှိ၏။

မြို့၏ အရှေ့ဘက်ခြမ်းတွင်ရှိသော ကျောက်မော်ရပ်တွင် ဝဲကြီးတောင်ကို အထင်အရှားတွေ့ရသည်။

၁၃၄၇ ခုနှစ် (၁၉၈၅ ခုနှစ်) အသက်(၉၄)နှစ်အရွယ် ကွယ်လွန်သွားသော ရဲဝန်ထမ်း ပင်စင်စား ဦးရွှေရင်၏ ပြောပြချက်အရဆိုသော် ရှေးအခါက ဝဲကြီးတောင်အရှေ့ဘက်ခြမ်းတစ်ခုလုံး တောင်ခြေအထိ ပင်လယ်ရေဖုံးလွှမ်းနေ၍ ပင်လယ်ဒီရေတက်လျှင် တောင်ခြေအနီးသို့ အရှိန်ပြင်းပြင်းကတော့ထိုးဝင်လာရာမှ ရေဝဲဖြစ်ပေါ် သည်ကို အမှတ်သညာပြုလျက် ဝဲကြီးတောင်ဟုတွင်ကြောင်း ရှေးလူကြီးသူမတို့၏စကားသားမြေးစဉ်ဆက် ကြားဖူးနားဝကို မှတ်သားရပါသည်။ တောင်ပေါ်မှ ယခုမြင်နေရသော ပင်လယ်ရေတိုးလျှိုပေါက်ဝင်လာသည့် ပေါက်တိုင်းချောင်းမကြီး

ဘီလူးသိမ်ရှိ ထိုင်တော်မူတုန်းကဲ့
(ခေတ်သစ်လက်ရာတံကဲ)

ဖွားဖွေးသိမ်
မဟာကရုဏာမူကြွရပ်တော်မူရုပ်ပွား
(ရွေးအင်္ဂတေတံကဲ့အား တွေ့ရှိရ)



ဆုတောင်းပြည့်မြစေတီအား သမ္မာယတင့်တယ်စွာ ဖူးမြော်ရသည်



www.burmeseclassic.com

www.burmeseclassic.com

ဒေသခံများဝေါ်တွင်သော ရွှမ်းစေတီကို ဖူးမြင်ရပုံ

ရွှမ်းသိမ် (ဝေါ်) စေတီအရှေ့ဘက်သိမ်ရှိ
ဝတ္ထုရာတစ်ဆူ

ရွှမ်းစေတီအနောက်သိမ်
(ရွှေကျသောဗုဒ္ဓရုပ်ပွားတော်များနှင့် အင်တေတဲကဲ့)

စေတီပစ္စယံ၌ မှန်၊ လေ့ကားတို့ကို
လေးဖက်လေးတန်တွေ့ရှိရပုံ



ဝတ္ထုရာအား အနီးကပ် ကြည့်ညှိရပုံ

နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ချောင်းလက်တက်၊ မြောင်းလက်တက် ကလေးများမှတစ်ဆင့် တောင်ခြေလူနေအိမ်အနီးအနားသို့ ယနေ့အထိ ပင်လယ်ရေနှင့်ရောက်ရှိနေခြင်းက သက်သေသာဓကဖြစ်သည်။

ဝဲကြီးတောင်ပေါ် ဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်း ဘုရားတည် ခုနှစ်သက္ကရာဇ်အတိအကျမသိရှိရသော ဆူတောင်းပြည့် မြစေတီဘုရားကို ကြည်ညှိဖူးမြော်နိုင်ပါသည်။ ရှေးဟောင်း ဘုရားတစ်ဆူဖြစ်သော မြစေတီသည် ထားဝယ်မြို့ပေါ်ရှိ စေတီများအနက် ရွှေတောင်စားစေတီတော်မြတ်ကြီးပြီးလျှင် ဒုတိယအကြီးဆုံး စေတီဖြစ်သည်။ မြစေတီနှင့်အတူ ဝဲကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ဘုန်းတော်ကြီးကျောင်းသည်လည်း အသက်အဆက်ဆက် နှစ်ပေါင်းများစွာ ဆန့်ကျင်ရေးမိုးမြုပ်လျက်ရှိရာမှ လွန်ခဲ့သော (၂၅) နှစ်ခန့်မှစတင်၍ ထိုရှေးဟောင်းစေတီနှင့် ရှေးဟောင်းကျောင်းကြီးတို့ တစ်ကျော့ ပြန်လည်ကာ ဗုဒ္ဓသာသနာ ဆောင်ဝါများထွန်းလင်းဖြာလာပေသည်။ အကျော်ဇော်ဃ အထင်ကရရောင်တော်ပွင့်လာသည်။

စာရေးသူသည် ဝဲကြီးတောင်ဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော် ဦးဓမ္မဝံသထံပါး ရိုကျိုးစွာ ချဉ်းကပ်၍ တောင်းပန် လျှောက်ထားခဲ့ရာ ဆရာတော်က မေတ္တာကြီးမားစွာဖြင့် နှိုးနှိုးရှင်းရှင်းမိန့်တော်မူပါသည်။ ဦးဓမ္မဝံသသည် ၎င်း၏ငယ်ဆရာတော် ဦးပညာဇောတနောက်သို့လိုက်ပါရင်း ဤဝဲကြီးတောင်ကျောင်း၌ တရားဓမ္မနှင့်မွေ့လျော်ခဲ့သည်မှာ အနှစ် (၄၀) ရှိပြီဖြစ်ကြောင်း၊ ဆရာတော်၏ဇာတိမှာ သရက်ချောင်းမြို့နယ် ပိန်းတောရွာဖြစ်ကြောင်း မိန့်ပါသည်။

ထိုစဉ်က ဝဲကြီးတောင်ဘုန်းတော်ကြီးကျောင်းနှင့် မြစေတီကိုသိရှိသူ အလွန်နည်းပါးပြီး လူသွားလူလာမရှိသလောက် ကျပါးသည်ဟု ဆရာတော်ကမိန့်ပါသည်။ သစ်ပင်ဝါးပင်တို့ရှုပ်ထွေးနေပြီး မြွေပါးကင်းပါးပေါသဖြင့် စေတီရင်းသို့ သံယာတော်များပင်မရောက်ဖြစ်ကြဟု ဆိုပါသည်။ မြစေတီသည် ချုံနွယ်ပိတ်ပေါင်းများအကြား တောထဖုံးလွှမ်းလျက် နှစ်လများစွာ ဆင်းရဲဒုက္ခပင်ပန်းခံစံပယ်တော်မူရရှာသည်။ စေတီပရိဝုဏ်သည် ကွဲ၊ နွားစားကျက်ဖြစ်ခဲ့ရ၏။ လယ်ယာလုပ်ငန်း ထွန်တုံး၊ ထွန်တံဖြုတ်သိမ်းပြီးပြီးချင်း ကွဲ၊ နွားတိရစ္ဆာန်များတရုန်းရုန်းလွှတ်ကျောင်းရောက်ရှိလာကြတော့၏။ စေတီရင်ပြင်တော်ပတ်လည်၌ မာလကာချဉ်ပင် (ထားဝယ်အခေါ် မှော်နုံးရှင်ပန်) တို့ လူတိုးမပေါက်အောင် ထူထူထပ်ထပ် မင်းမူပေါက်ရောက်နေသဖြင့် ဖိနပ်တော်တစ်ခုလုံး ရစရာမရှိအောင်ပျက်စီးသွား၏။ ပြုပြင်မှုကင်းမဲ့သောကြောင့် စေတီချို့ယွင်းမှုလည်းကြီးမားခဲ့ရသည်။

ထို့အပြင် ဤသာသနာ့နယ်မြေအတွင်း ရှေးအစဉ်အလာ နှုတ်မှတ်အသိဉာဏ်ရှိရဆန်သောအဖြစ်အပျက်နှင့်အစောင့်အရှောက်များရှိကြောင်း လူကြီးသူမသက်ကြီးတို့ပြောစကားကို နှောင်းခေတ်သားမြေးတို့က ပေယျာလကန်မပြုနိုင်ခြင်းကလည်း ရှေးဟောင်းဘုရားစေတီပုထိုးဂူကျောင်းသာသနိကအဆောက်အအုံအကြိုအကြားသွေ့ခြောက်စေလေရော့သလား မဆိုနိုင်ပြီ။ အရင်က ဘုန်းတော်ကြီးကျောင်းအဝင် ညောင်ပင်ကြီး (ယခု မရှိတော့ပါ) အောက်တွင် ဆိုက်ကားအား အနောက်မှဆွဲထား၍ ဆိုက်ကားဆရာ သေလုမြောပါးအောင် ပြေးခဲ့သည့်အဖြစ်၊ ကျောင်းဝင်းအတွင်း မိမိနောက်မှ တဖြောက်ဖြောက်အသံ

ဖွားဖွေးသိမ်
ဘုမိဖေသမုဒ္ဒြာထိုင်တော်မူရုပ်ပွား (ရွှေအင်္ဂါတော်ကဲ့အား တွေ့ရှိရ)

ရွှမ်းသိမ် (ခေါ်) အရွှေသိမ် ရွှေဘုရားများနှင့် အင်္ဂါတော်ကဲ့

ရွှမ်းသိမ် (ခေါ်) အရွှေသိမ် ရွှေဘုရားများနှင့် အင်္ဂါတော်ကဲ့



www.burmeseclassic.com

www.burmeseclassic.com

ဖွားဇွေးသိမ်
အဘယမုခြာရပ်တော်မူရုပ်ပွားနှင့် ထျောင်းတော်မူရုပ်ပွား (ရှေးအင်္ဂတေတံကဲ့အား တွေ့ရှိရ)

ပြိုကွာ (၈) ခွင်နှင့် ဟင်္သာတိုင်



ကြေးခေါင်းလောင်း

ဆုတောင်းပြည့်မြစေတီသို့
ဝင်ကြီးတောင်အရှေ့ဘက်မှအတက်လမ်း၊

သားတစ်ဦး မြစေတီထံပါးအရောက် အကြီးအကျယ် မျက်စိမျက်နှာပျက်ကာ တုန်တုန်ယင်ယင်နှင့် ထစ်အဲထစ်အဲဖြစ်နေသည်ဆို၏။ အပြန်လမ်း၌ လိုက်ပါပို့ဆောင်ပေးသူ ထားဝယ်သားသူငယ်ချင်းက နေမကောင်းအထင်ဖြင့် စိတ်ပူရင်ဆာမေးမြန်းသောအခါမှ သူတို့နားလည်သောစကားဖြင့် ဤအရပ်ဒေသတွင် သင်္ဘောမှောက်ခဲ့ဖူးကြောင်း ပြောသံ၊ လူသူအများဝမ်းနည်းပူဆွေးငိုကြွေးသံတို့ကို ပီပီသသ အနီးကပ် သူနားထဲ အလိုလိုကြားရသည်ဟုပြန်ပြောသောအဖြစ်သနစ်ကလည်း အံ့သြဖွယ်ထူးခြား ဆန်းကြယ်လို့သာနေပေတော့သည်။

တတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်တော်မူသော အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မင်း (၁၁၂၅ - ၁၁၃၈) လက်ထက် ဝိုလ်မှူးမဟာနော်ရထာသည် ယိုးဒယားသို့စစ်ချီလမ်းကြောင်းကျသော ထားဝယ်တွင်စခန်းချနေစဉ်အခိုက် မြစေတီတော်အား ပြုပြင်တည်ထားပူဇော်ခဲ့သေးသည်ဟု ထားဝယ်ရေးရာမှတ်တမ်းတစ်ခုကဆို၏။ နယ်ချဲ့အင်္ဂလိပ်အုပ်စိုးစဉ်အခါက ယိုယွင်းပျက်စီးနေသဖြင့် စေတီပြန်လည်ပြုပြင်ရာတွင် ဌာပနာတိုက်မှ ဉာဏ်တော်တစ်ထွာခန့် မြဆင်းတုတော်နှစ်ဆူဖူးတွေ့ရကြောင်း၊ ဆင်းတုတော်တစ်ဆူကို ပြန်လည် ဌာပနာသွင်းသော်လည်း တစ်ဆူကို အင်္ဂလိပ်အရာရှိတစ်ဦးဦးက မျက်နှာလိုမျက်နှာရ လက်ဆောင်ပန်းအဖြစ်ပေးကြောင်း၊ များမကြာမီမှာပင် ခိုးယူခံရသည်ဟုဆိုသည်။

နှင့်အတူ တစ်စုံတစ်ဦး လိုက်လံချောင်းမြောင်းနေသယောင် နောက်ကျောမလုံမလဲခံစားရသည့်အဖြစ်၊ မကြာခင်က အလှူရှင်ဒါယကာ၊ ဒါယိကာမ မနက်စောစော စေတီတော်ခြေရင်း ပုတီးစိပ်ပြီး ချိန်၌ အမျိုးသမီးနှစ်ဦး စကားပြောသံကြားသောနေရာသို့သွားရောက်ကြည့်ရာ မည်သူကိုမျှမတွေ့ရသည့်အဖြစ်တို့မှာ ပြောမယုံကြည်မှုသိအဖြစ်ဆန်းများပါပေ။

တစ်ခါက စပ်စိန်လူမျိုး နိုင်ငံခြား



www.burmeseclassic.com

www.burmeseclassic.com

စောင်းတန်းတစ်လျှောက်ဆီတိဆွဲထားသော ကောသလမင်းကြီးအိပ်မက်(၁၆)ချက်ပန်းချီကားများ

လက်ရာမြောက် ကောသလမင်းကြီးအိပ်မက်ပန်းချီ



အာရုံခံ

ထိုစာတ်ဆောင်ပေးသူ မျက်စိကွယ်သွားကြောင်း ထိုစဉ်က (၆) နှစ်သားအရွယ် ကိုရင်ကြီးသာညွှန့် (၉၀နှစ်) မှ မှတ်မှတ်ရရနှင့်ပြောပြခဲ့သည်ကို စာရေးဆရာ ဘားယယ်ကျော်မင်း၏သား ကိုဌေးလွင်ဆက်က စာရေးသူအား စိတ်ဝင်စားဖွယ်ဖြစ်ဆင့်ဖောက်သည်ချပါသည်။ ကိုရင်ကြီးပြောခဲ့သည်မှာ ယခုအခါ နှစ်အစိတ်ပင်ကျော်ခဲ့ပြီပဲ။ အင်္ဂလိပ်အရေးပိုင်ကားဆောင်းသူ၊ အင်္ဂလိပ်အပြေး အရေးပိုင်နှင့်ညှိုက်ပါသွားသူ ဦးသာညွှန့်မှာ စစ်အတွင်းမန္တလေးမှ ထားဝယ်သို့ ခြေကျင်ပြန်လာသူဟု ဆိုပါသည်။ ယခုတော့ ဦးသာညွှန့်တစ်ဖြစ်လဲ ကိုရင်ကြီးသာညွှန့် မရှိတော့ပါပြီ။

မြန်မာနှစ် ၁၃၄၆ ခုနှစ် (၁၉၈၄) တွင် ဆရာတော်ဦးပညာဇောတ ကြီးမှူးခြင်း ရပ်ကွက်လုပ်အားဒါနဖြင့် မြစေတီရင်ပြင် ရှင်းလင်းသန့်စင်သည်။ ထိုအခါ အလှူရှင် ဦးဘွန်ချိန် - ဒေါ်မေမေအေးတို့က ရင်ပြင်တော်အင်္ဂတေခင်းကုသိုလ်ပြုသည်။ ဂေါပကဥက္ကဋ္ဌ ဦးဥာဏ်ဖေနှင့် တိုင်ပင်၍ အများဒါယကာကောင်းမှုထီးတော်အသစ် တင်လှူပူဇော်သည်။ ထီးတော်ဟောင်းခေါင်းလောင်းတစ်လုံးနှင့် ၁၂၆၇ ခုနှစ် ရေထိုးထားသည်ကိုတွေ့ရသည်။ အနှစ်(၈၀)နီးနီး ထီးတော်ဟု ခန့်မှန်းသိရှိရသည်။ ၁၃၆၈ ခုနှစ် (၂၀၀၆) တွင် ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် ထုံးသက်နှံဖြင့်သာစံပယ်တော်မူခဲ့ရသော စေတီတော်အားလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ခဲ့သည်။ ၁၃၆၉ ခုနှစ် ဦးခင်မောင်အေး - ဒေါ်စန်းစန်းအေးတို့က စိန်ဖူးတော်၊ ငှက်မြက်နားတင်လှူပူဇော်သည်။

ကြည်ညိုဖွယ်ရွှေရောင်တဝင်းဝင်းနှင့် ဝဲကြီးတောင်ပေါ် ဆူတောင်းပြည့် မြစေတီမှ လေအနေ့တွင် သာယာညင်းပျောင်းစွာဖြင့် ပျံ့လွင့်နေသော ဆည်းလည်းကလေးများလှုပ်ခတ်သံက (၃၁) ဘုံမှ ဝေနေယျသတ္တဝါတို့အား တရားရအေား တိုက်ကျွေးလျက်ရှိနေသည့်ပမာပင်။ တံခွန်တိုင်၊ ဂြိုဟ်ခွင်၊ မဟာရံတံတိုင်းတို့နှင့်တင့်တယ်နေသည့် ရွှေဟောင်းဘုရားမြစေတီတွင် ပစ္စယ်သုံးဆင့်တင်ထားသည်။ အောက်ပစ္စယ်လေးဖက်လေးတန်၌ မုခ်ဦး(၄)ခုအပြင် ပစ္စယ်ထောင့်များတွင် ကာလသာအိုးရှိသည်။ အလယ်ပစ္စယ်ထောင့်များတွင်လည်း ကာလသာအိုးတွေ့ရပြီး အထက်ပစ္စယ်၌ အရံစေတီ (၄) ဆူ ဖူးတွေ့ရသည်။ အထက်ပစ္စယ်မှ အောက်မုခ်ဦးသို့ လှေကားချထား၏။ အရံစေတီ(၄)ဆူအနက်မှ အရှေ့မြောက်ထောင့်နှင့် အနောက်မြောက်ထောင့်စေတီ (၂) ဆူတွင် 'ပါဝိသခင်မကောင်းမှု' ဟူ၍လည်းကောင်း၊ အရှေ့တောင်တောင့်စေတီတွင် 'ဦးဘိန်ကြည်-ဒေါ်သောင်းဝိန်ကောင်းမှု'ဟူ၍လည်းကောင်း၊ အနောက်တောင်ထောင့်စေတီတွင် 'စက်ကိုဘုရင်မကောင်းမှု' ဟူ၍ လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

ဝဲကြီးတောင်ခြေသို့ဦးတည်နေသော ဒီရေအတက်အကျရှိ ပေါက်တိုင်းချောင်းမကြီး



ဝဲကြီးတောင်ပေါ်မှ စီးမြင်ရသော ထားဝယ်-မြိတ်ကားလမ်း

ကမ္ဘည်းစာတမ်းတို့ကို တွေ့ရသည်။ ဦးဘိန်ကြည် - ဒေါ်သောင်းစိန်တို့ကို ခေတ်ပေါ် ရိုးရိုးမှန်ပေါင်ကပ်စာတန်း ဖတ်ရသော်လည်း ကျန်ကမ္ဘည်းစာတမ်းတို့ကိုမူ အင်္ဂတေဖောင်းကြွစာလုံးရေးထိုး ထားသဖြင့် ခက်ခက်ခဲခဲ မှန်းဆဖတ်ရှုရသည်။

စေတီ၏ သပိတ်မှောက်တွင် နှန်းဆန်ဆန် ပန်းခက်ပုံဖော်ထား၏။ ခေါင်းလောင်းတော်၌ ဘီလူးပန်းဆွဲ (၁၇) ကောင် ထင်ထင်ရှားရှားရှိသည်။ ကျည်းဝန်း၊ ပစ္စယာတို့တွင် အထက်၊ အောက် စိန်တောင်ထည့်ထားသည်။ မဟာရံတံတိုင်းအတွင်း ဖိနပ်တော်ထောင့်(၄)ထောင့်၌ ခြင်္သေ့(၄)ကောင် ဆောင့်ကြောင့်ထိုင် စောင့်ကြပ်လျက်ရှိသည်။ စေတီရင်ပြင်တစ်ခုလုံး ကြွေပြားခင်းထားသဖြင့် သန့်ရှင်းနေသည်။

မြစေတီမြောက်ဘက် ခြေလှမ်း (၃၀) လောက်တွင် ရှေးစေတီ (ဒေသအခေါ် ရှမ်းဘုရား) တစ်ဆူကိုလည်း ဖူးမြော်ရ၏။ ရှမ်း (ယိုးဒယား) တို့က ထားဝယ်ဒေသ၌ ပထမရှမ်းမင်းဆက် (ကောဇာ ၂၇၆ - ၃၅၇) (၈၁) နှစ်ကို သြရဂင်္ဂုံက ညောင်ခရားမြို့ကို လည်းကောင်း၊ ဒုတိယရှမ်းမင်းဆက် (ကောဇာ ၄၃၈ - ၄၉၁) (၅၃) နှစ်ကို သြရစက္ကဒိန်က ညောင်ရမ်းမြို့ကို လည်းကောင်း ထူထောင် အုပ်စိုးခဲ့ဖူးကြောင်း ထားဝယ်သမိုင်းက ဆိုသည်။ ရှမ်းဘုရားစေတီ အရှေ့နှင့် အနောက်ကပ်လျက် သိမ်နှင့် ရှေးဟောင်းရုပ်ပွား အဆူဆူရှိသည်။ ရှမ်းသိမ်ခေါ် အရှေ့လှည့်သိမ်အတွင်း ဂူဘုရားဆင်းတုတစ်ဆူ ကိန်းဝပ်စံပယ်လျက်ရှိပြီး တံကဲတော်များနှင့် ထိုင်တော်မူ၊ ရပ်တော်မူ ရုပ်ပွားတော်တို့ကို ဖူးတွေ့ရသည်။ အေဒီ ၆ ရာစုမှ ၁၀ ရာစုအတွင်း ထွန်းကားခဲ့သော ဒွါရဝတီခေတ်၊ အေဒီ ၁၅ ရာစု အင်းဝခေတ်နှောင်းပိုင်းနှင့် တောင်ငူခေတ်ဦးပိုင်း၊ အေဒီ ၁၆ ရာစု ဟံသာဝတီခေတ်ဟန်များ ထွေးရောယှက်တင်နေသည်ဟုထင်ရ၏။

အထူးသဖြင့် ပုဂံခေတ်မှ အေဒီ ၁၉ ရာစုဝက်အထိ ကျယ်ကျယ်ပြန့်ပြန့် ထူလုပ်ကိုးကွယ်သော ရုပ်ပွားတော်တို့၏ ဦးခေါင်းတော်ထိပ်တွင် ပုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော် အထိမ်းအမှတ်အဖြစ် အချွန်းပုံမြန်မာမှုလက်ရာကို ဖူးမြင်ရပါသည်။ ရှမ်းစေတီထီးတော်ဟောင်းခေါင်းလောင်း (၆) လုံးအနက် (၁) လုံးတွင် ၁၂၁၅ ခုနှစ်ဟု ရေးထိုးထားသည်ကို တွေ့ရကြောင်း၊ မြစေတီထီးတော်ဟောင်းပါ သက္ကရာဇ်နှင့် နှိုင်းယှဉ်လျှင် ရှမ်းစေတီထီးတော်ဟောင်းက (၅၂) နှစ် စောနေသေးကြောင်း ဆရာတော် ဦးဓမ္မဝံသမှ အဓိပ္ပါယ်ရှိပါသည်။

မြစေတီအနောက်ဘက်၌ ဘီလူးသိမ်နှင့် ဖွားဒွေးသိမ်ရှိ၏။ ဖွားဒွေးသိမ်မှာ ရှေးသိမ်တစ်ခုဖြစ်သည်။ ထိုသိမ်အတွင်း ထိုင်တော်မူရှေ့ သမံတလင်းတွင် (၂) ပေပတ်လည် သိမ်ဒကာအရိုး အိုးမြုပ်နှံနေရာရှိ၍ လက်ဖြင့်ခေါက်ကြည့်လျှင် လိုဏ်သံကြားရ၏။ လွန်ခဲ့သော (၁၅) နှစ်ခန့်က အရိုးအိုးဖယ်ရှားခဲ့ပြီးဟု သိရှိရသည်။ ဘီလူးသိမ်နှင့် ဖွားဒွေးသိမ်တို့မျက်နှာမူရာ စကြံတန်းတစ်လျှောက် ကောသလမင်းကြီးအိပ်မက် (၁၆) ချက် ပန်းချီကားချပ်များ ချိတ်ဆွဲထားရှိသည်ကို ရှားရှားပါးပါး မြင်တွေ့ရသည်။ သို့သော် ပန်းချီရေးဆွဲသူ လက်မှတ်၊ နာမည်ဖော်ပြထားခြင်း မရှိပါ။ ပစ္စက္ခအခြေအနေ လူသဘာဝအဖြစ်သနစ် ကာလယန္တရားနှင့် ချိန်ထိုး၍ ရင်မောရာအံ့သြရာဆင်ခြင်ရာစဉ်းစားရပြီး တွေးတောစရာတစ်ပုံတစ်ခေါင်းနှင့်ကာ သက်ပြင်းအခါခါချမိပါတော့သည်။

ယခုအခါ ရှေးမင်းတို့ ဘုန်းမီးနေလတောက်စဉ်က တည်ထားကိုးကွယ်ခဲ့သည့် မြဘုရားဆင်းတုတော် ဌာပနာကိန်းဝပ်တော်မူသော ဝဲကြီးတောင်ပေါ်မှ ဆုတောင်းပြည့် မြစေတီရှေးဟောင်းဘုရားခြေတော်ရင်းဝယ် ရဟန်းရှင်လူအပေါင်း တရားထိုင်၊ ပုတီးစိပ်၊ ဥပုသ်သီတင်းများဆောက်တည်၊ အဓိဌာန်ဝင်ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းများစီးဖြန်းလျက်ရှိကြပေပြီ။ စေတီတော်အာရုံခံရှိ (၇၅) နှစ် လူသက်တမ်းမတိုင်မီ ဘဝလက်ကျန်အချိန်ဇယားက စာရေးသူတို့အား တရားမမေ့ပါနှင့်ဟု သတိပေးစေ့ဆော်ညွှန်ပြနေပေ၏။

'သဗ္ဗေ သတ္တာ ကမ္မသကာ' ဆိုပေသတည်း။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

# ပန်းပြိုင်လယ်-စိန်ဝင်း

## ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏သြဝါဒတော်များ

မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓ မြတ်စွာ သာသနာတော်သမိုင်းတွင် နေ တစ်စင်း၊ လတစ်စင်းသို့နှယ် အလွန် ထင်ရှားလှသော ထေရ်မြန်သူမြတ်ကြီး များအနက် မင်းကွန်းတိပိဋကဓရမဟာ ဘဒ္ဒန္တဝါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစိတ္တသာ ရာဘိဝံသဆရာတော်ဘုရားကြီး(၁၂၇၃-၁၃၅၄) ၏ မှတ်သားဖွယ်ရာ သြဝါဒ တော်များအား လက်လှမ်းမီသမျှ ရှာဖွေ ကောက်နုတ်ဖော်ပြပူဇော်လိုက်ပါသည်။

ကျွန်ုပ်တို့သည် လောက၏ ချည့်သည့်အဖြစ် လူဘဝခေတ္တခဏ ရောက်လာကြစဉ်အခိုက်မှာပင် ထေရ ဝါဒသာသနာတော်မြတ် ထွန်းလင်း



www.burmeseclassic.com

www.burmeseclassic.com

တောက်ပရာ မြန်မာနိုင်ငံ၌ ပုဒ္ဓဘာသာဝင်ဖြစ်ကြရခြင်းသည် အလွန်ကံကောင်းလှသည်ဟု ရှေးဦးစွာဆိုပါရစေ။ ဤကံကောင်းခြင်းလက်ဆောင်ရ ပုဒ္ဓဘာသာဝင်ဘဝကို ဂုဏ်ရောင်ပြောင်စွာ တည်ဆောက်လိုသော ပစ္စုပ္ပန်ကံကောင်းများကို ပျိုးထောင်ကြဖို့တော့ လိုအပ်ပါမည်။ ဘာသာ၊ သာသနာအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မှသည် ထုထည်ကြီးမားသည်အထိ အကျိုးဆောင်လိုသော စေတနာအလှူတရားများ နှလုံးသားတို့တွင် တည်ရန်လိုပါပေသည်။ ဤသည်ကိုရည်၍ ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အဆုံးအမသြဝါဒတော်ကို ကြည်ညိုကြည့်သော် -

> *ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့။ မိမိတို့မှာ ရှေးကုသိုလ်တောက်ပ၍ လူအဖြစ်ကိုရရှိကြပြီး လျှင် ဘုရားသာသနာပွင့်လင်းရာအခါဖြစ်သည့် ပုဒ္ဓဟာဒနဝမအခွင့်ကောင်းနှင့်လည်း ကြုံတောင့်ကြုံခဲကြုံတွေ့ကြရလေပြီ။ သစ်တစ်ပင်ကောင်း ဌက်တစ်သောင်းခို ဆိုသကဲ့သို့ သာသနာတော်၏ အရိပ်ကြီးက သစ်ရိပ်ဝါးရိပ်တို့ထက် အဆများစွာ မနှိုင်းသာအောင် သာယာအေးမြလှပါသည်။ ကမ္ဘာသူကမ္ဘာသားသတ္တဝါအများ၏ ခိုကိုးရာ အေးရိပ်သာကြီးဖြစ်တဲ့အတိုင်း ထိုသာသနာအရိပ်ကြီးပွားစီးအောင် ကိုယ်အား၊ ဉာဏ်အား၊ အကြံဉာဏ်အားတို့ဖြင့် အားပေးဆောင်ရွက်ကြ၍ မိမိ၊ သူတစ်ပါးနှစ်ဦးသား၏ အစီးအပွားကိုကျင့်သည့် ညာဃပဋိပန္နပုဂ္ဂိုလ်များဖြစ်ကြကုန်ပါကုန်လောဟူ၍ တိုက်တွန်းနှိုးဆော်ဥယျောဇဉ်စကား ပြောကြားအပ်ပါသည်။ ကလျာဏနွယ်ဝင်သူတော်စင်အပေါင်းတို့ -*

ဟူ၍ သြဝါဒစကားခွေထားခဲ့ဖူးပါသည်။

လောကကြီးတွင် ဘာမှအလကားမရပါ။ တစ်ခုပေးမှတစ်ခုရသည်လွဘဝ။ တစ်စုံတစ်ရာလိုချင်လျှင် ထိုကိုတန်မူတစ်ခုခုတော့ အားထုတ်မှုပြုရမည်သာ။ အကယ်၍ အလွယ်နည်းဖြင့်ရခဲ့လျှင်မူ ယင်းအရာသည် အစစ်အမှန်ဖြစ်ခဲလှမည်။ အတုအယောင်သာဖြစ်ဖို့များပါလိမ့်မည်။ လောကုတ္တရာလုပ်ငန်းတွင်ကား ပို၍ပင် အလွယ်လမ်း၊ ဖြတ်လမ်းဟူ၍ မရှိပါ။ ဤသည်ကို ဆရာတော်ဘုရားကြီးက ရည်ရွယ်၍ ဆုံးမသြဝါဒခွေထားသည်မှာ -

> *လောကဌ် သတ္တဝါတို့သည် အရာရာ၌ပင် အလွယ်ကြိုက်တတ်၏။ ရွှေ၊ ငွေ စသော ရတနာတို့ကို သူသူငါငါ နေရောညဉ့်ပါရရှိအောင် ကြံဆောင်အားထုတ်ကြသော်လည်း ကြံတိုင်းမရနိုင်။ ရရှိဖို့ရန် ခဲယဉ်းလှသည်ကိုသိကြပါလျက် အချို့လူလိမ်များက ရွှေတစ်ကျပ်သားရှိလျှင် အလွယ်နှင့် နှစ်ကျပ်သားဖြစ်စေမည် စသည်ဖြင့် အလွယ်လမ်းကို ဝါကြွားလှည့်ဖြားပြောဆိုလိုက်လျှင် အလွန်တရာအား၍ ရှိသမျှ ရွှေတို့ငွေစေလေးများကို လှည့်ဖြားယူဆောင်သွားသောအခါ ရွှေလိမ်၊ ငွေလိမ်မိသည့်အတွက် များစွာသောကရောက်ကြရ၏။ ထိုသို့ရောက်ရခြင်းမှာ အလွယ်ကြိုက်မိသောကြောင့် ဖြစ်သည်။ အလွန်တရာရခဲလှသည့် မင်္ဂလာရတနာနှင့်စပ်၍လည်း အလွယ်ကြိုက်တတ်သူတို့အတွက် မြို်က်တတ်၊ လိမ်တတ်သည့်ဆရာများရှိတတ်ပေသည် -*

ဟူ၍ သတိပေး ဆုံးမထားခဲ့ပါသည်။

## မင်းကွန်တိပိဋကဓရဆရာတော်ကြီးနှင့် သာသနာ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို ရမည်းသင်းမြို့က တိပိဋကဓရပူဇော်ပွဲ ကျင်းပပြုလုပ်ရာ ပူဇော်ပွဲတွင် ထီး၊ ဖိနပ်၊ သင်္ကန်းအမြောက်အများကို အပူဇော်ခံဝတ္ထုအဖြစ် ရရှိခဲ့လေသည်။ ဆရာတော်ကြီး မင်းကွန်းသို့ ပြန်ကြွရန် အချိန်သို့ရောက်သော် သာသနာ့မိခင်ဖြစ်သော ရွှေလမင်းဆေးလိပ်ခုံပိုင်ရှင် ဒေါ်တင်တင်က အပူဇော်ခံရသော ပစ္စည်းများအားလုံးကို မင်းကွန်းရောက်အောင် ယူဆောင်မည်ဟု ပစ္စာသာမဏာများနှင့်တိုင်ပင်၍ ထုပ်ပိုးနေလေသည်။

ထိုအခါ ဆရာတော်ကြီးက -

"ဒကာမကြီး၊ ဦးပဉ္စင်းတို့ သာသနာက မင်းကွန်းမှာသာရှိတာ မဟုတ်ပါဘူးဗျာ"

ဟု မိခင်ဒကာမကြီးအားမိန့်တော်မူပြီး အပူဇော်ခံဝတ္ထုများကို ရမည်းသင်းမြို့ရှိ စာသင်တိုက်အသီးသီးသို့ ခွဲဝေလှူဒါန်းတော်မူခဲ့ပေသည်။

(တောင်ရင်းဆရာတော် ဦးကောဏ္ဍညာ၏မှတ်တမ်းမှ)

## မင်းကွန်း တိပိဋကဓရ ဆရာတော်နှင့် လက်ဖက်ခြောက်ရေနွေး

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် မုံရွာမှတရားပွဲပင့်၍ကြွရောက်တော်မူရာ ညတရားပွဲအပြီး စတုမဓုနှင့် လက်ဖက်ခြောက်ပါသော ရေနွေးကြမ်းကပ်ကြပါသည်။

ဆရာတော်သည် စတုမဓုဘုဉ်းပေးတော်မူပြီးနောက် လက်တစ်ဖက်နှင့် ရေနွေးပန်းကန်ကို ပါးစပ်နားတိုးလိုက်၊ အောက်ချလိုက် ဘုဉ်းပေးတော်မူဟန်ပြုနေတော်မူ၏။ အနီးဌာနေညီဝတ်ပြုနေသောကျောင်းဘုန်းကြီးက ရေနွေးလျော့လျှင် ထပ်၍ငဲ့ထည့်ရအောင် ဆရာတော့်လက်မှ ရေနွေးပန်းကန်အတွင်းသို့ကြည့်လိုက်ရာ ရေနွေးလုံးဝမလျော့ကြောင်းတွေ့ရ၏။ ထိုအခါမှ ဆရာတော်ဘုရားကြီး နွေ့လွဲချိန်ဖြစ်နေသဖြင့် လက်ဖက်ခြောက်ပါသောရေနွေးကိုသောက်တော်မူဟန်လုပ်နေခြင်းမျှသာ ဖြစ်ကြောင်း သတိပြုမိတော့သည်။

(ဦးနန္ဒိယ-မုံရွာ၏ ဆရာတော်လိုပုဂ္ဂိုလ်နဲ့တူတဲ့ ဆရာတော်မှ)

## မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် ရဟန်းခံအလှူ

မင်းကွန်းတောင်ဖို့ မိုးမိတ်ကုန်းမြေတွင် တိပိဋကဓရလောင်းလျှာအာဇာနည် အရှင်သူမြတ်များကို စောင့်ရှောက်ရန် တိပိဋက = နိကာယကျောင်းတိုက်ကြီး တည်ထောင်တော်မူစအချိန် ၁၃၄၀ ပြည့်နှစ်ကာလကဖြစ်ပါသည်။

မိုးမိတ်ကုန်းမြေတွင် ဆွမ်းဒကာတစ်စုက စုပေါင်းဆွမ်းကပ်လှူကြလေရာ ထိုစုပေါင်းရေစက်ချတရားအတွက် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးကို အနန္တာယကမ္မတစ်ဆင့်ကြွ၍ပင့်ထားပြီးဖြစ်သည်။ ထိုအချိန်မှာပင် ဓမ္မနာဒတိုက်တွင် ရဟန်းခံအလှူပွဲတစ်ခုပေါ်လာ၏။ ရဟန်းခံပွဲက ကြီးကြီးကျယ်ကျယ်မဟုတ်။ သာမညရဟန်းခံပွဲလေးမျှသာ။ ထိုပွဲကလည်း မင်းကွန်းဆရာတော်ကြီးအားပင့်ထားသည်။

အလှူနေ့သို့ရောက်လတ်သော် မင်းကွန်းဆရာတော်ကြီးသည် ဓမ္မနာဒတိုက်မှာ မိမိလုပ်ဖွယ်ကိစ္စများကို လုပ်ဆောင်နေတော်မူ၏။ ဓမ္မနန္ဒတိုက်ကြပ်ဆရာတော်ဦးဝေပုလ္လကဆရာတော်ကြီးမည်သည့်အလှူပွဲသို့ကြွမည်ကိုသိ၍



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးအား -

"ဆရာတော်၊ မိုးမိတ်ကပင့်ထားကြောင်းပါ ဘုရား"

ဟု မိုးမိတ်အလှူကို ရှေ့ဆောင်၍လျှောက်ထားသောအခါ ဆရာတော်ကြီးက အလုပ်လုပ်နေရင်းမှ လှည့်၍ -

"မိုးမိတ်က ပစ္စယာမိသပဲ"

ဟု ခပ်တိုတို မိန့်ကြားတော်မူခဲ့ပါသည်။

(ပစ္စယာမိသ = ပစ္စယ+အာမိသ-ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါး)

(တောင်ရင်းဆရာတော် ဦးကောဏ္ဍညာ၏မှတ်တမ်းမှ)

**မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် ကားအလှူ**

၁၃၁၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့သည် မြန်မာနိုင်ငံ၌ ဆဋ္ဌသင်္ဂါယနာနှင့် သာသနာ (၂၅၀၀) ပြည့်အောင်ပွဲသဘင်ကျင်းပရာ အခါသမယ ဖြစ်သည်။

မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော ထိုဆဋ္ဌသင်္ဂါယနာတင်ပွဲသို့ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ ဂျပန်၊ အင်္ဂလန်၊ အမေရိကန် စသည်ဖြင့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များတက်ရောက်ခဲ့ကြသဖြင့် ထိုဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးသည်ကား သမိုင်းဝင် ကမ္ဘာသိသင်္ဂါယနာတင်ပွဲကြီးဖြစ်ခဲ့သည်။

ဤကမ္ဘာသိသင်္ဂါယနာတင်ပွဲကြီးကို အမှီပြု၍ သင်္ဂါယနာတင်ပွဲကြီးတွင် ဆဋ္ဌသင်္ဂါတိဝိသဇ္ဇနာအဖြစ် ရွှင်ရွှင်ချွဲချွဲ သာသနာ့ဝန်ကိုထမ်းရွက်တော်မူခဲ့သော တိပိဋကဓရအရှင်ဝိစိတ္တာသာရာဘိဝံသ၏ ဂုဏ်သတင်းကိုလည်း ကမ္ဘာကသိပြီးဖြစ်လေတော့သည်။

ဤအသိဖြင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား ရုရှားအစိုးရက ကျည်ကာသံမဏိမော်တော်ကား (၁) စီး လှူဒါန်းခဲ့ရာ ဆရာတော်ကြီးက -

"ဘုန်းကြီးဟာ တောမှာနေတဲ့ တောဘုန်းကြီးဖြစ်ပါတယ်။ တောဘုန်းကြီးမို့ ဒီလိုကားမျိုးစီးလို့မလျော်ပါ။ အစိုးရရဲ့စေတနာကိုငဲ့ပြီး ဆဋ္ဌသင်္ဂါယနာတင်ကာလအတွင်းမှာသာ စီးခွင့်အသုံးပြုမည်။ သင်္ဂါယနာပွဲပြီးက နိုင်ငံတော်အစိုးရ၏ကားသာဖြစ်ပါစေ"

ဟူသော အကန့်အသတ်ဖြင့် (၅) ရက်မျှ လက်ခံ အသုံးပြုတော်မူပြီး အစိုးရထံသို့ ပြန်လည် လွှဲအပ်ခဲ့သည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲ ပြီးသည့်အခါ နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ထိုကားကို လှူဒါန်းပြန်ရာ ဆရာတော်ကြီးက ဤကားကို မိမိအလှူမခံလိုကြောင်းနှင့် သင်္ဂါယနာကာလ အတွင်းကစီးခဲ့ပြီးလျှင် ယခင်ကလည်း နိုင်ငံတော်အစိုးရ၏ကားသာဖြစ်ပါစေ ဟုပြောခဲ့ပြီးဖြစ်ကြောင်း စသည်မိန့်ကြားတော်မူကာ အကြိမ်ကြိမ်ငြင်းပယ်တော်မူပါသည်။

ထိုအခါ နိုင်ငံတော်ဝန်ကြီးချုပ်က ပရိယာယ်ကြွယ်ကြွယ်နှင့် ထိုကားကို လက်ခံတော်မူပါရန် လျှောက်ထားပြန်သော် ဆရာတော်ကြီးက ကားနှင့်စပ်၍ ဖြစ်ပေါ်လာမည့် အနာဂတဘယအရေးကို မျှော်တွေးတော်မူပြီး သံဝေဂဉာဏ် အမြင်ဖြင့် တွန်းလှန်စွန့်ပယ်တော်မူကာ မပြောလျှင် မပြီးမသတ်ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ဒကာကြီးအား -

"ဒကာကြီး၊ ရဟန်းတို့ရဲ့ အသုံးအဆောင်ပရိက္ခရာမှာ မော်တော်ကားမပါဘူးဗျ"

ဟု ခပ်ပြတ်ပြတ်မိန့်ကြားတော်မူခဲ့ပါသည်။

(ဦးဖေမြင့်၏ အရှင်ဝိစိတ္တာသာရာဘိဝံသ မဟာမထေရဂုဏ်တင်ကထာ၊ စာ - (၁၉၁) နှင့် ဦးအေးနိုင်၏နိဒါန်း။ အရှင်ဝိစိတ္တာသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ - ပထမတွဲ)

**မင်းကွန်းတိပိဋကဓရဆရာတော်နှင့် အဓိဝမ်းတိုက်**

ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း၌ တိပိဋကကျောင်းတော်ကြီး ဆောက်ပြီးစအချိန်တွင် မင်းကွန်းဆရာတော်ကြီးထံသို့ အငြိမ်းစား အရာရှိ ဒကာကြီးတစ်ဦးလာ၍ -

"တပည့်တော်တို့မိသားစု ဆရာတော်ကြီးကို ဆွမ်းပင့်ချင်တာနှစ်များစွာကြာပါပြီဘုရား။ နေတဲ့အိမ်ကကျဉ်းလို့ အားနာတာနဲ့မပင့်ရတာပါဘုရား။ အခုတော့ နေတဲ့အိမ်ကလေးကျယ်ဝန်းတာကြောင့် ပင့်ခွင့်ရပါပြီ ဘုရား"

ဟု လျှောက်ထားပြီး ဆွမ်းပင့်လေသည်။

ထိုသောအခါ ဆရာတော်ကြီးက -

"ဒကာကြီးတို့၊ ဒကာကြီးတို့နေတဲ့အိမ်ကျဉ်းတယ်ဆိုတာ ဘုန်းကြီးတို့ပဋိသန္ဓေနေခဲ့ရတဲ့ အမိဝမ်းတိုက်လောက်တော့ မကျဉ်းမြောင်းပါဘူးဗျာ။ နောင်ကိုအားမနာရပါဘူး"

ဟု မိန့်တော်မူခဲ့ပါသည်။

(တောင်ရင်းဆရာတော် ဦးကောဏ္ဍညသိရိ၏မှတ်စုမှ)

**မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ရဟန္တာ**

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် မြစ်ဝကျွန်းပေါ်နှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ မြို့ရွာများသို့ တရားဟောပွဲ ကြွရောက်တော်မူရာ မြန်အောင်မြို့သို့လည်း ရောက်ရှိတော်မူခဲ့လေသည်။

ဆရာတော်ကြီး မြန်အောင်သို့ မရောက်မီတွင် ထိုမြန်အောင်မြို့၌ မြင်ခဲ့ဖူးတို့ ပရိက္ခရာကုန်သည် ဦးရွှေလှိုင်ဆိုသူ ဒကာကြီးတစ်ဦးသည် မိမိ၏တိုက်သို့ ရဟန္တာအရှင်မြတ်တစ်ပါး ကြွလာကြောင်း အိပ်မက်မြင်မက်ထားလေရာ မင်းကွန်းဆရာတော်ဘုရားကြီး မြန်အောင်မြို့သို့ရောက်၍ ထိုဒကာကြီး ဖူးတွေ့ရလျှင်ပင် ဒကာကြီး ဦးရွှေလှိုင်က -

ဤအရှင်မြတ်သည် ငါ၏အိပ်မက်ထဲ၌ ဖူးတွေ့ခဲ့ရသော ရဟန္တာပါပေတဲ့လို့ ဝိတ်သောမနဿအထပ်ထပ်ဖြင့် ရှိခိုး၍ မပြီးနိုင်ဖြစ်နေ၏။ နှုတ်မှထုတ်၍လည်း-

"ဆရာတော်ဘုရားကြီးက ရဟန္တာအရှင်မြတ်ပါပဲ ဘုရား။ တပည့်တော်ကို သမ္မာဒေဝနတ်များကကြိုပြီး အိပ်မက်ပေးထားပါတယ်ဘုရား"

ဟု လျှောက်ထားခဲ့လေသည်။

ထိုအခါ မင်းကွန်းဆရာတော်ကြီးက ပြုံး၍ -

"ဒကာကြီး၊ ဘုန်းကြီးကရဟန္တာမဟုတ်ဘူး။ ရဟန္တာဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး ဒကာကြီး"

ဟု ဘွင်းဘွင်းရှင်းရှင်းငြင်းဆိုတော်မူပါပေသည်။

ဆရာတော်ကြီး ဤသို့ငြင်းဆိုသည်ကို ဦးရွှေလှိုင်မှာမကျေနပ်နိုင်ဘဲ -

"အရှင်ဘုရား၊ ဘယ်သို့ပင်ငြင်းစေကာမူ အရှင်ဘုရားဟာ ရဟန္တာအစစ်ပါပဲဘုရား"

ဟု ဇွတ်အတင်းကပ်၍လျှောက်တင်နေလေသည်။

ထိုအခါ ဆရာတော်ကြီးက နောက်ပါ တပည့်ဖြစ်သူထံ မိမိသောက်နေကျ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကိုတောင်းယူ၍ ဆောင့်ကြောင့်ထိုင်



www.burmeseclassic.com

www.burmeseclassic.com

လျက် လက်တစ်ဖက်က ဆေးလိပ်ခွက်ကိုခံကာ မီးခြစ်ကို ရှဲခနဲခြစ်ပြီး ဆေးလိပ်မီးညှိကာ အားရပါးရ နှစ်ဖွာ၊ သုံးဖွာမျှ ရှိုက်တော်မူပြီးလျှင် -

"ဒကာကြီး ဒါလားဗျ ရဟန္တာ။ ရဟန္တာဆိုတာ ဒီလိုပလီတောဓတွေမရှိတော့ပါဘူး"

ဟု ဟန်ဆောင်မှုရှင်းရှင်းသံသယကင်းအောင်မိန့်ဆိုတော်မူခဲ့ပါပေသည်။

(ဦးဖေမြင့်၏
မင်းကွန်းဓမ္မနာဒဆရာတော်
မဟာထေရုပ္ပတ္တိကထာ စာ - ၂၃၃)

**မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ခြင်္သေ့ကြီးနှစ်ကောင်**

မင်းကွန်းဆရာတော်ကြီးသီတင်းသုံးတော်မူရာ မင်းကွန်းတောင်ရိုးဓမ္မနာဒကျောင်းတိုက်ကြီး၏ မုခ်ဝတစ်ဖက်တစ်ချက်တွင် ခြင်္သေ့ရုပ်လေးနှစ်ခု ရှိပါသည်။ ဓမ္မနာဒကျောင်းတိုက်သို့ လာနေကျ မုဆိုးမြို့ ဒေါင်းယာဉ်ပျံစတိုးပိုင်ရှင်ကျောင်းဒကာဦးဘိုမြို့နှင့်ကျောင်းအမ ဒေါ်ရွှေညွှန့်တို့က ထိုခြင်္သေ့ရုပ်လေးနှစ်ရုပ်ကိုမြင်ရတိုင်း ကျောင်းတိုက်၏ ဂုဏ်ဟိတ်နှင့်မလျော်အောင် အရွယ်အစားသေးငယ်နေသဖြင့် အမြင်မတော်ရှိလှသည်ဟု နှလုံးသွင်းမိကြ၏။

သို့နှင့် ကောဇာနှစ် ၁၃၂၂ ခုနှစ် ဦးကာသဂ်ီယနာ ပထမသန္နိပါတကျင်းပပွဲအပြီး ရန်ကုန်မြို့မှ ပြန်ကြွလာသော ဓမ္မနာဒဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအား ကျောင်းမုခ်ဝတွင် မုဆိုးဆရာမြလက်ရာဖြင့် သဘာဝကျကျခံညားထည်ဝါစွာဖြင့် အမြင့်(၁၀)တောင် ရှိခြင်္သေ့ရုပ်ကြီးနှစ်ကောင်ကို တန်ဖိုးငွေ(၈၀၀၀) အကုန်ခံ၍ လှူဒါန်းလိုပါကြောင်း လျှောက်ထားခဲ့ကြသည်။

ဆရာတော်ကြီးက ထိုဒကာ၊ ဒကာမတို့အား ရင်နှီးသည့်အလျောက် ပွင့်လင်းစွာဖြင့် -

"ဒကာကြီးတို့ ငွေ(၈၀၀၀)အကုန်ခံပြီးပြုလုပ်ကြမယ် သဘာဝကျကျ ခြင်္သေ့ကြီးနှစ်ကောင်ဟာ ငွေကုန်ကြေးကျများပြီး လူအများကောင်းကျိုးကိုပြုနိုင်မှာမဟုတ်ဘူး။ မိုးရွာလို့၊ နေပူလို့မှ လူတစ်ယောက်မှခိုမရတာမလုပ်ချင်ပါနဲ့။ လူအများကောင်းကျိုးရှိမယ့် အလှူကိုသာ လှူသင့်တယ်"

ဟု မိန့်ဆိုတော်မူရာဝယ် ဒကာကြီးက -

"သည်လိုဖြင့် တပည့်တော်ဘာကို လှူရပါ့မလဲဘုရား"

ဟု လျှောက်ထားခဲ့ပြန်သည်။

ထိုအခါ ဆရာတော်ကြီးက -

"ဘုန်းကြီးတို့ မင်းကွန်းကျေးရွာမှာ ဆေးပေးခန်းကလေးဟာ အလျား(၃)ခန်း၊ အနံ (၂) ခန်း အလွန်ကျဉ်းမြောင်းပါတယ်။ မျှောတိုင်၊ ထရံကာ၊ သက်ငယ်မိုးဆိုတော့ မကြာခင်ခြစာဖြစ်မှာပဲ။ ရွာကဆင်းရဲတော့ သည့်ထက်လည်း တတ်နိုင်မှာမဟုတ်ဘူး။ ဒီနေရာမှာ နိုင်ငံတော်အဝိုးရက သတ်မှတ်ထားတဲ့အတိုင်း စံချိန်မီကျေးလက်ကျန်းမာရေးဆေးခန်း ဆောက်လုပ်လှူလိုက်ရင် ဘုန်းကြီးကျောင်းအရှေ့က ခြင်္သေ့နှစ်ကောင်ထက် လူအများလက်တွေ့အကျိုးခံစားရမှာပါ"

ဟု မိန့်တော်မူခဲ့ပါပေသည်။

ဤသို့ အမိန့်ရှိသည့်အတိုင်း ဒေါင်းယာဉ်ပျံစတိုးပိုင်ရှင် ဒကာကြီး၊ ဒကာမကြီးတို့က သွပ်မိုး၊ အုတ်နံရံကပ်စံချိန်မီကျေးလက်ဆေးပေးခန်းလေးကို ဆောက်လုပ် လှူဒါန်းခဲ့ကြပါသည်။ ထိုဆေးပေးခန်းဖွင့်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီးတို့ကိုယ်တိုင် တက်ရောက်ခဲ့ကြသည်။

(မင်းကွန်းတိပိဋကဓရ
ဩဝါဒကထာပေါင်းချုပ်၊
စာ - ၂၄၉)

**မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ရွှေရေဆောင်ကျောင်း**

မင်းကွန်းဆရာတော်ဘုရားကြီး၏ ဓမ္မနာဒကျောင်းတိုက် တည်ရှိရာ မင်းကွန်းရွာကလေးသည် ဘိုးတော်မင်းကုသိုလ်တော် ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး၊ ကန်ကြီး၊ ပုထိုးတော်ကြီး ဟူ၍ ကြီး (၄)ကြီး တည်ရှိသည့်အတွက် သမိုင်းဝင် လူသိများသော ရွာကလေးဖြစ်သော်လည်း ရွာစီးပွားရေးအခြေအနေဖြင့်ကား အလွန်မှချို့တဲ့လှသည်။ စည်ပင်ထွန်းကားမှု နည်းပါးလှသည်။

တစ်နေ့သော် မင်းကွန်းဆရာတော်ကြီး၏ တရားတော်တို့ကို နာယူရသဖြင့် သဒ္ဓါတရားထက်သန်နေကြသော မန္တလေးမြို့ မဟာဗန္ဓုလသင်္ကန်းတိုက်ပိုင်ရှင်ဖြစ်သူ ဦးဆိုင်နှင့် ဒေါ်စောတင်တို့ ဆရာတော်ကြီးထံ ရောက်လာ၍ ဓမ္မနာဒတိုက်အတွင်းမှာ အကောင်းဆုံးတိုက်ကျောင်းကြီးတစ်ဆောင်ဆောက်လုပ်လှူဒါန်းလိုပါကြောင်း ပန်ကြားလျှောက်ထားခဲ့၏။

ထိုအခါ ဆရာတော်ကြီးက -

"ဒကာကြီး၊ ဒီကျောင်းမှာ ဘုန်းကြီးပို့ သံဃာဒီလောက်များများလက်ခံထားနိုင်တာ (ထိုစဉ်က သံဃာတစ်ရာကျော်ရှိသည်)။ ဘုန်းကြီးတို့ မှီခိုရတာက ဒီခုံဖိနပ်ခုတ်ပြီးအသက်မွေးရတဲ့မင်းကွန်းရွာကလေး။ သံဃာမရှိရင် အဆောက်အအုံ ဘယ်လောက်ကောင်းကောင်း မကြာခင်ပဲ ပျက်စီးယိုယွင်းသွားမှာပါ ဒကာကြီး။ ဒီတော့ သာသနာအား အကျိုးမများလို့ ဒီမှာမဆောက်ပါနဲ့။ ဒကာကြီးတို့ မန္တလေးမြို့ကြီးမှာ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးနေတဲ့ ကျောင်းတိုက်တွေကိုပြုပြင်ပါဒကာကြီး။ မန္တလေးမြို့ကြီးကတော့ မှီရာပစ္စည်းလေးပါးရလွယ်လို့ စာချဆရာတော်တစ်ပါးမဟုတ်တစ်ပါးပေါ်မှာပါ။ မန္တလေးမှာဆောက်ရင် ဒကာကြီးရဲ့ကျောင်းဟာ အစဉ်ထာဝရ သံဃာအကျိုးပြုမှာဖြစ်ပါတယ်"

ဟူ၍ မန္တလေးမြို့၌သာ သာသနာပြုရန်ကို လမ်းညွှန်တော်မူခဲ့ပေသည်။

ဗန္ဓုလဦးဆိုင်မိသားစုကလည်း ဆရာတော်ကြီးမိန့်ကြားခဲ့သည့် ဩဝါဒအတိုင်း မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းရှိ အလှူဘ (၁၇) ခန်း၊ အနံ(၁၃) ခန်းပါ အလယ်တိုက်ကြီးကို ပြင်ဆင်ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ ထိုကျောင်းတိုက်ကြီး၌ ဆရာတော်ဦးပဏ္ဏာဝသည် ရာပေါင်းများစွာသော သံဃာတော်တို့အား စာချနေသည်မှာလည်း သာသနာအတွက် ဝမ်းမြောက်ဖွယ်ဖြစ်ပေသည်။

ဤသို့လျှင် မိမိ၌ဖြစ်လာသော လာဘ်လာဘကို သာသနာအကျိုးများရာသို့ ညွှန်ကြားနိုင်ဖို့ဆိုသည်မှာ ပုထုဇဉ်လောကဘ၌ လွယ်ကူသည်ကား မဟုတ်ပါပေ။

(မေမြို့ (ပြင်ဦးလွင်)
ရတနာမာန်အောင်ဆရာတော်၏
မင်းကွန်းဓမ္မနာဒဆရာတော်
ထေရုပ္ပတ္တိအကျဉ်း၊ စာ - ၈၇)

**မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ပါဠိတော်ဟောစဉ်**

မင်းကွန်းဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကာလမှစတင်၍ အထက်၊အောက်မြန်မာနိုင်ငံအနှံ့ တရားပွဲများစွာကို ဟောကြားတော်မူရာဝယ် ပါဠိတော်မူအတိုင်း ဟောကြားတော်မူသဖြင့် ဓမ္မကထိကလောကဘ၌ 'မင်းကွန်းဟောစဉ်' ဟု တစ်ခေတ်ဆန်းခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်၏တရားဟောနည်းမှာ ပါဠိဆော်ကို သာယာနာမျော်ဖွယ်ဖြစ်အောင် ရွတ်၊ နားဝင်ချိုပြီး မှတ်သားရ လွယ်ကူအောင် အချိတ်အဆက် ကာရန်နဘေ ဆန်ဖြင့် စကားအပိုအလိုမရှိ အတိအကျ မြန်မာအနက်ပြန်ဆိုပေးခြင်း ဖြစ်သည်။ ဤသို့ ပါဠိတော်ကို မြန်မာပြန်ရွတ်ဆိုဆွဲ ဝါကျတစ်ရပ်အဖြစ် မပြည့်စုံသော စကားမျိုးမပါ။ လင်္ကာဆောင်ပုဒ်ချပေးမှုမှာလည်းနည်းလှသည်။ ဤသို့ ဘုရားဟောသုတ္တန်ကြီးများကိုသာ ပါဠိအာဂုံဆောင်ဟောသော မင်းကွန်းဟောစဉ်ဟောပုံနှင့်စပ်၍ ဆရာတော်ကြီးက -

"မြန်မာနိုင်ငံ ပုဒ္ဓဘာသာဝင်များသနားစရာကောင်းသည်။ သာသနာတော်အတွက် ပစ္စည်းလေးပါးပေးလှူလှုက် သူတို့ဘက်ကတာဝန်ကို သူတို့ကျေပွန်အောင် ထမ်းဆောင်ကြရသော်လည်း ဘုရားဟောတရားတော်များကို ဘုရားဟောထားသည့်အတိုင်း သူတို့နားရောက်အောင်မပို့ပေးလျှင် တပည့်တော်တို့ဘက်က တာဝန်မကျေဘဲဖြစ်နေလိမ့်မည်။

သူတို့အနားသို့ ဘုရားဟောတရားစစ်စစ်ရောက်စေချင်သဖြင့် အပင်ပန်းခံကာ ပါဠိတော်အာဂုံဆောင်ပြီး ဟောနေရတာပဲ ဖြစ်သည်။ ပြီးတော့ တစ်ခုရှိသေးသည်။ တပည့်တော်က တိပိဋကရေဆိုတော့ တပည့်တော်ဟောလိုက်တဲ့တရားဆိုလျှင် ရှင်ရောလူရော အသေအချာမှတ်ထားတတ်သည်။စာထဲမပါတာတွေ တပည့်တော်ဟောမိလျှင် သူတို့အမှတ်မှားကြက တပည့်တော်မှာဝန်လေးသွားလိမ့်မည်။

ဒီတော့ တပည့်တော်ကတော့ ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရှိကိုအရှိအတိုင်းဟောပါမည်။ ပါဠိလေးရွတ်ပြီး ကိုယ်လိုရာဆွဲမပြော။ တရားဟောပလွင့်ပေါ်ဟောရတာဆိုတော့ တရားစစ်စစ်ပြောတာပဲကောင်းသည်"

ဟူ၍ မိန့်ဆိုတော်မူပါသည်။

(မေမြို့ (ပြင်ဦးလွင်)
ရတနာမာရဇိအောင်ဆရာတော်၏
မင်းကွန်းဓမ္မနာဒဆရာတော်
ထေရုပ္ပတ္တိအကျဉ်း၊ စာ - ၁၀၃)

## မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ဆံပင်ညှပ်ခြင်း

မင်းကွန်းတိပိဋကဓရဆရာတော်သည် ထီးချိုင့်မြို့သို့ ခေတ္တကြွရောက်တော်မူခိုက်တွင် ကျောင်းဝင်းအတွင်း အညောင်းပြေ လှည့်လည်ကြွရှုနေတော်မူပါသည်။ ထိုစဉ်အခါ ထီးချိုင့်ဆရာတော်အရှင်ဒေဝိန္ဒာဒီပတိ(ထီးချိုင့်နတ်စိုး) က ဆရာတော်ကြီး၏အနီးသို့ ဧည့်ဝတ်ပြုလို၍ ရောက်ရှိသွားရာ ဆရာတော်ကြီးက -

"ဒီအနားမှာ ဆံပင်ညှပ်ဆိုင်ရှိသလား"

ဟု မေးတော်မူသည်။

"ရှိပါသည်ဘုရား"

ဟု လျှောက်လျှင် -

"ခေါင်းမှာ ဆံပင်ရှည်နေတာ စက်ကတ်ကြေးနဲ့ထိုးပစ်ချင်တယ်။ ဖြန်းခနဲမို့ ခေါင်းမရိတ်ဝံ့ဘူး။ အအေးမိမှာစိုးတယ်"

ဟု မိန့်ပါသည်။

"ဒီလိုဆို တပည့်တော်ဆံပင်ညှပ်သမားခေါ်ပေးပါ့မယ် ဘုရား"

ဟု လျှောက်ထားသောအခါ -

"မခေါ်နဲ့၊ မခေါ်နဲ့။ ကိုယ့်အတွက်နဲ့ သူတစ်ပါးတာဝန်ကြီးသွားရင် မကောင်းဘူး။ အဲသည့်ဆိုင်ဘယ်နားမှာလဲ၊လာလိုက်ခဲ့စမ်းပါ။ အဲသည့်ဆိုင်သွားပြီးညှပ်ကြပါစို့"

ဟု မိန့်တော်မူကာ ဆံပင်ညှပ်ဆိုင်သို့ ကိုယ်တိုင်ကြွသွား၍ ဦးခေါင်းသုတ်သင်တော်မူခဲ့ပါသည်။

(ထီးချိုင့်နတ်စိုး၏
လောဘ,ဒေါသ,မာနကင်းလျှင်
လွန်အောင်မြင်၊
တတိယသုံးနှစ်ခရီးစာစောင်၊
စာ - ၁၆၁ မှ)

## မင်းကွန်းတိပိဋကဓရဆရာတော်နှင့် ပွဲကြည့်သူ

မင်းကွန်းဆရာတော်ဘုရားကြီးထံသို့ ဒါယကာတစ်ဦး ချဉ်းကပ်လာပြီး -

"တပည့်တော်တို့ကတော့ ဆရာတော်ဘုရားကိုပဲ ကြည်ညိုလေးစားနေပါတယ်။ မြို့ကြီးပြကြီးက ကိုယ်တော်တွေတော့ မကြည်ညိုနိုင်ပါဘူးဘုရား"

ဟု လျှောက်ထားရာ ဆရာတော်က -

"ဒကာကြီး၊ ဘာကြောင်းကြောင့်လဲ"

ဟု မေးတော်မူ၏။

ထိုဒကာက -

"မြို့ပြကကိုယ်တော်တွေ ရုပ်ရှင်ပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲမှအစ နေရာတကာသူတို့ပါပါနေလို့ပါ ဘုရား"

ဟူ၍ လျှောက်ထားခဲ့လေ၏။

ထိုအခါ မင်းကွန်းဆရာတော်ဘုရားက -

"ဒကာကြီး၊ သစ်တို့တွင် ကျွန်းသစ်၊ ရှားပင်တို့ဟာ အဖိုးမတန်ဘူးလား။ အေး- ဒီကျွန်းတို့၊ ရှားတို့မယ် အကာရယ်၊ အနှစ်ရယ်လို့ နှစ်မျိုးရှိကြရာ အနှစ်က ပို၍တန်ဖိုးတန်ပေတာပေ။ ဒီလိုအနှစ်ပြည့်ဝလာဖို့ရာ နှစ်ပေါင်းများစွာ ကြာအောင်မွေးယူရတယ်။ အနှစ်မပြည့်သေးတဲ့ ကျွန်းပင်တို့၊ ရှားပင်တို့ အပင်နုတွေကို အနှစ်မရှိရုပါ့မလားလို့ မမွေးဘဲခုတ်လှဲသတ်ပစ်လိုက်မယ်ဆိုရင် အနှစ်ရှိတဲ့ ကျွန်းပင်၊ ရှားပင်ကို ရနိုင်ပါဦးတော့မလား။

ဒီလိုပဲ အခုတော့ မြို့ကကိုယ်တော်လေးက အနှစ်မပြည့်မီ ပွဲကြည့်ကြဦးမှာပဲ။ အနှစ်ပြည့်လာတဲ့အခါမှာ ဒကာကြီးများအနေနဲ့ ဘောပွဲ၊ ရုပ်ရှင်ပွဲတွေစွဲပါဦးဘုရားလို့ ကားနဲ့သွားပင့်တောင်ဘယ်လိုမှမလိုက်တော့ဘူး။ အခုနေ နုနုငယ်ငယ် အနှစ်ထည့်နေခိုက် အချိန် အနှစ်မပြည့်ရုပ်မလားလို့ မကြည့်ညှိ မလေးစားဘဲ ခုတ်လှဲထားလိုက်မယ်ဆိုရင် တန်ဖိုးရှိတဲ့ သီလအနှစ်တရား၊ သမာဓိအနှစ်တရား၊ ပညာအနှစ်တရားတွေ ပြည့်ဝလာနိုင်မှာမဟုတ်တော့ဘူး ဒကာကြီး"

ဟု မိန့်ကြားတော်မူခဲ့သည်မှာ မှတ်သားစရာ ဩဝါဒကထာအဖြစ် ရင်မှာစွဲနှစ်လျက်ရှိနေပါတော့သည်။

(အရှင်ဝဇိရပါဏိ (မြေထဲ) ၏
ရင့်စေလိုပါသည်
တတိယသုံးနှစ်ခရီးစာစောင်၊
စာ - ၂၁၃)

## မင်းကွန်းတိပိဋကဓရဆရာတော်နှင့် သာသနာကလျှောကျသူတွေ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) က မင်းကွန်းရွာနှင့် အနီးဝန်းကျင်တွင် အချို့သော ရွာကလေးများ ဆန်အခက်အခဲရှိ၍ ဆန်လုပွဲဖြစ်ကြရာ ဓမ္မနာဒတိုက်က သံဃာအချို့ ထိုဆန်လာလုသူများကို စောင့်ဖမ်းရန် အားထုတ်နေကြ၏။

ထိုအကြောင်းကို ဆရာတော်ကြီး သိတော်မူလျှင် ဆန်လိုအပ်နေသော ကျေးရွာများသို့ အိမ်ထောင်အလိုက် ဆန်များခွဲဝေလှူဒါန်းပေးပြီး ဆန်ကိစ္စ မကျေမနပ်ဖြစ်နေကြသော ဓမ္မနာဒ



www.burmeseclassic.com

www.burmeseclassic.com

သံယာတော်တို့အားလည်း ဩဝါဒစကား မိန့်ကြားတော်မူသည်မှာ -

"ဦးပဉ္စင်းတို့အားလုံး ဆုံတုန်းတပည့်တော်ပြောမယ်။ ညကို ဒီမှာ စောင့်ကြရှောက်ကြတယ်။ ဒီကို မတော် တရော် မဟုတ်တယုတ်လူတွေလာလို့ သူတို့ကို ကင်းကလာတွေ့လို့ဖမ်းတယ်၊ ရိုက်တယ်ပြုတယ်ဆိုရင် ဦးပဉ္စင်းတို့ အနေနဲ့ 'ချဟ' လို့မပြောကြနဲ့နော်။ 'ချဟ' ဆိုလို့ ဟိုလူတွေက လက်လွန်ပြီးသေသွားရင် အဲဒီ 'ချဟ' တိုင်း 'ချဟ' တိုင်း ကိုယ်မှာ တာဝန်ရှိတယ် ဟုတ်ပြီလား ဦးပဉ္စင်းတို့။ အဲဒီဟာတော့ သတိပြုထား။ သိပ်မရိုက်ပါနဲ့ဗျာ့၊ သိပ်မရိုက်ပါနဲ့ဗျာသာပြောသိလား။ ချဟလို့မပြောနဲ့။ ပြီးတော့ ဦးပဉ္စင်းတို့လည်း ဝင်မရိုက်နဲ့ ဟုတ်လား။ သူတို့လူတွေလောက် ဦးပဉ္စင်းတို့ နာအောင်မရိုက်နိုင်ဘူး။ လူတွေရိုက်လို့ သေတဲ့ဥစ္စာ ကိုယ်ရိုက်လို့ သေတယ် ဖြစ်လာလိမ့်မယ် သိလား။ အဲဒီတော့ ပစ္စာတာပဆိုတာ 'နောက်မှ ဖြစ်တဲ့နှလုံးပူပန်မှု'။ အဲဒီပစ္စာတာပနှိပ်စက်ပြီးတော့ သာသနာကလျှောကျတဲ့လူတွေပေါ့။ နောက်ပိုင်း လူဘောင်ရောက်ကုန်တယ်။ ဘာမှစားရသောက်ရတာမဟုတ်ဘဲနဲ့ ကိုယ်အလကားနစ်နာတယ်"

ဟူ၍ ဩဝါဒခွေခဲ့ဖူးပါသည်။

**ဆရာတော်ကြီးနှင့်ပဋိဇီဝပိုးသတ်ဆေး**

၁၃၅၄ ခု၊ တပို့တွဲလအတွင်း၌ ဆရာတော်ကြီးသည် မင်းကွန်းတောင်ရိုးဓမ္မနာဒကျောင်းတိုက်အတွင်း၌ ကျန်းမာရေးချို့တဲ့၍ မရဏာညောင်စောင်းလျောင်းစက်နေရသည့်အချိန်က ဖြစ်ပါသည်။

ဆရာတော်ကြီးကို နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဆရာဝန်ကြီး ဦးထွန်းသင်အမှူးရှိသော သမားတော်ကြီးများက သမားတော်အဖွဲ့ကို ဖွဲ့စည်းကာ စနစ်ကျကျ ဆေးကောင်းဝါးကောင်းတို့ဖြင့် ကုသပေးကြပေသည်။

သို့ကုသရာတွင် ဆရာတော်ကြီးက ပဋိဇီဝပိုးသတ်ဆေးဆက်ကပ်သည်ကိုမခံယူဘဲ အဖန်ဖန်ငြင်းဆန်နေတော်မူပါသည်။

သမားတော်ကြီးများက -

"ဆရာတော်ဘုရားစိတ်ဆင်းရဲစေရန် တပည့်တော်တို့ လျှောက်ထားခြင်းမဟုတ်ပါဘုရား။ ဆရာတော်ဘုရားကြီး တစ်ရက်အသက်တော်ရှည်ခြင်းသည် တပည့်တော်တို့ တစ်သက်အသက်ရှည်ခြင်းမက ကျေးဇူးများလှသဖြင့် ယနေ့ခေတ် ဆေးပညာနည်းအရ ကုသလျှင် ရနိုင်သောရောဂါဖြစ်ပါ၍ လျှောက်ထားရခြင်းဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်၏ လျှောက်ထားခြင်း၌ အမှားပါက မေတ္တာရှေ့ထား၍ ခွင့်လွှတ်တော်မူပါဘုရား"

ဟု အတန်တန် လျှောက်ထားကြသည်။

ထိုအခါ ဆရာတော်ကြီးက အတန်ကြာအောင် စဉ်းစားနေပြီးမှ -

"ခန္ဓာကိုယ်မှာ ဗိတင်းနေမယ့်ပိုးတွေသေစေမယ့်ဆေးမျိုး ဆိုရင်တော့ ဘုန်းကြီး လက်မခံပါ"

ဟု မိန့်တော်မူခဲ့ပါသည်။

မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည် ၁၃၅၄ ခုနှစ်တွင် တစ်ဘဝတစ်ခန္ဓာချုပ်ငြိမ်းတော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ ဝိနည်း၊ အကျင့်သီလ၊ ပညာအရာတို့တွင် အထူးစင်ကြယ်စွာ စောင့်ရှောက် ထိန်းသိမ်းတတ်မြောက်တော်မူသောအကြောင်းများနှင့် ဆရာတော်ကြီး၏ နှုတ်ဟခွန်းခြွေခဲ့သော ဩဝါဒကထာများကား ရေးသား၍ ကုန်နိုင်အံ့မထင်ပါပေ။ ထေရဝါဒ၏ သာသနာ့တံတိုင်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအား ကျွန်ုပ်ပူဇော်ရေးသားရခြင်းသည် မဟာသမုဒ္ဒရာရေပြင်နှင့်နှိုင်းစာလျှင် တုစ်စက်မျှလောက်သာရှိသော သာဓကဩဝါဒအချို့မျှကို သာ- ထုတ်နုတ်ပူဇော်ထားခြင်းမျှသာ ဖြစ်ပါကြောင်း။

မွန်မောဟဝေရက္ခတိမမ္မစရိ

ပန်းမြိုင်လယ်စိန်ဝင်း

**ကျမ်းကိုး -**


၁။ ဦးအောင်မွန် (မြတ်ဆုမွန်) ၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ

၂။ မင်းနန် (မော်ကျွန်း) ၏ ဆရာတော်ကြီးများ၏ ဩဝါဒတော်များပေါင်းချုပ်


# ဖြူ-နီ-ညို-ကြွက် အေးစွမ်းထက်

လူ၏ ခန္ဓာကိုယ်အရေပြားပေါ်တွင် အဖြူကွက်၊ အနီကွက်၊ အညိုကွက် (အချို့ အနက်စက်များအထိ) အကွက်များဖြစ်ပေါ်ခြင်းသည် ဝမ်းတွင်းမှသွေးသား မသန့်ရှင်း၍ လည်းကောင်း၊ ခန္ဓာကိုယ်အတွင်း အပူအားကြီး၍သော်လည်းကောင်း၊ မတည့်သော အဝတ်အထည်နှင့် မသင့်သောဆပ်ပြာသုံးစွဲမိ၍ ဖြစ်ပါသည်။ ယေဘုယျဆိုလိုခြင်းပါ။ အခြားအကြောင်းများလည်းရှိနိုင်ပါသေးသည်။

ထိုသို့ ဖြူ၊ နီ၊ ညို၊ နက် အရေပြားပေါ်တွင် အကွက်များဖြစ်ပေါ်သူအဖို့ ရေများများသောက်၍ အစိမ်းရောင်ဟင်းသီးဟင်းရွက်များ နေ့စဉ်ကြော်ချက်ချက်စားပေးပါ။ လုံးဝဝမ်းချုပ်မခံပါနှင့်။ ရနိုင်ပါက ခရမ်းချဉ်သီးအစိမ်းသုပ်၊ ခရမ်းချဉ်သီးချက် စသည်ဖြင့် ခရမ်းချဉ်သီးကို အမျိုးမျိုးသောနည်းဖြင့် စားပေးပါ။ စားနိုင်သမျှ များများစားပေးဖို့လိုပါသည်။ ယင်းသို့စားပေးခြင်းဖြင့် ခန္ဓာကိုယ်အပူ၊အအေးမျှတပြီး အေးမြကြည်လင်စေပါသည်။

ထွက်ပေါ်နေသော ဖြူ၊ နီ၊ ညို၊ နက်အကွက်၊ အစက်အပြောက်များ အမြန်ပျောက်ကင်းရန်အတွက် ငွေကုန်ကြေးကျလုံးဝမရှိဘဲ အစွမ်းထက်သော အောက်ပါလိမ်းဆေးရည်ကို တစ်နေ့သုံးကြိမ်မှ ငါးကြိမ်အထိ လိမ်းပေးပါ။ သက်သာ ပျောက်ကင်းပါလိမ့်မည်။

ပြုလုပ်ပုံမှာ -

စိမ်းစိုသောတမာရွက်များဆူးယူပြီး သန့်စင်အောင် ရေဆေး၍ စိမ်ထားပါ။ ထို့နောက် တမာရွက်များကို ကြိတ်ထောင်းပြီး သတ္တုရည်ညစ်ယူပါ။ ၎င်း တမာရွက်သတ္တုရည်များကို ခန္ဓာကိုယ်ပေါ်ဖြစ်ပေါ်သမျှ ဖြူနီညိုနက်အကွက်များပေါ် လိမ်းပေးပါ။ ပူခြင်း၊ စပ်ခြင်း လည်းမရှိပါ။ ငါးရက်၊ တစ်ပတ်လိမ်းလျှင် အကွက်များပျောက်ကင်းပြီး မူလအသားမှန်ပေါ် လာပါမည်။ မည်သည့်ဘေးထွက်ဆိုးကျိုးမှမရှိပါ။ မပျောက်မချင်း လိမ်းနိုင်ပါသည်။

နေမဝင်(နတ်ကောက်)



www.burmeseclassic.com

www.burmeseclassic.com

**သားချင်းတို့ပျော်ရာ ကချင်မြေသို့**

သံလွင်မြစ်ဝကြီး၏ နံဘေးတွင် မေးတင်ထားသော မော်လမြိုင်မြို့ (မုန်ပြည်နယ်) မှ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသော ကချင်ပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သော ဗန်းမော်မြို့သို့ သွားရောက်ခွင့်ကြုံရလေပြီ။ မျှော်လင့်ခဲ့ဖူးပါသည်။ တော်တော်လေး မျှော်လင့်ခဲ့ပါ၏။ ၁၉၇၂ ခုနှစ်ကတည်းကပါ။ သမိုင်း ကျိုက်ဝိုင်းဘုရားလမ်း လှမှုဝန်ထမ်းသင်တန်းကျောင်းကြီးမှာ ကျွန်မတို့ တိုင်းနှင့်ပြည်နယ်(၁၄)ခုမှ ဆရာမနှစ်ဦးစီ စုစုပေါင်း (၂၈) ဦးတို့ တွေ့ဆုံ သင်တန်းတက်ခဲ့ကြပါသည်။ ပြည်နယ်အသီးသီးသို့ အလည်လာဖို့ ဖိတ်ခေါ်ထားကြ သည်။ လိပ်စာတွေ၊ ပေးစာတွေရေး၊ ပန်းခြောက်ကလေးတွေပို့နှင့် အဆက်အသွယ်မပြတ်ခဲ့ပါ။ နှစ်တွေကြာလာသည်နှင့်အမျှ လောကတာဝန်၊ ဘဝတာဝန်၊ မိသားစုတာဝန်တွေပိုပြီး ခင်မင်ခဲ့ဖူးသော အသိစိတ်လေးသာ ရင်ထဲမှာ သိမ်းထားပေးပြီး တဖြည်းဖြည်းဝေးသွားခဲ့ကြ၏။

သမီးလေးတို့မိသားစု ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ပြောင်းရွှေ့ရပြီဆိုတော့ အနေးနှင့်အမြန် ကချင်ပြည်နယ်သို့ရောက်ခွင့်ကြုံမှာမို့ ကချင်ပြည်နယ်မြစ်ကြီးနားမြို့မှ သင်တန်းဖော် ကချင်မလေး မပရိန်နှင့်ကို ထိပ်ဆုံးသတိရလိုက်မိပါသည်။ ကချင်သီချင်းလေး 'ရှာတာဂျန်တွယ်တူငါ' သီချင်းလေးကို သင်ပေး

# သမိုင်းဝင် ကချင်ပြည်နယ် ဗန်းမော်မြို့၏ ရွှေကျီးနားမဟာစေတီတော်မြတ်ကြီးနှင့် အိုက်ခေါတော်စေတီတော်မြတ်

ခင်ခင်ဝင်း(မောရာတီ)

ဆရွေဘက်အာရုံခံတန်ဆောင်းမုရုပ်ပွားတော်ကြီး



ဆောင်ဘက်အာရုံခံတန်ဆောင်းဆင်းတုတော်ကြီး



ရွှေကျီးနားစေတီတော်မြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အိုက်မော်တော်စေတီတော်

ဝဋ္ဌကျီးများစေတီတော်နှင့် အိုက်မော်တော်စေတီတော်အဝေးရှုခင်း



ကျိုက်ထီးရိုးလေးစေတီတော်နှင့် အရံစေတီများ

ခဲ့တာမို့ တိုးတိုးလေးပြန်ဆိုမိပါသည်။ တို့သူငယ်ချင်းတွေ တစ်ခါလောက်တော့ ပြန်ဆုံကြရအောင်လို့ တောင်းဆိုခဲ့ကြသေးသည်မို့လား။ ဗန်းမော်မြို့ဆိုတော့ မြစ်ကြီးနားမြို့နှင့် အလှမ်းမဝေးတော့ပြီ။ အားမာန်တွေအပြည့်နှင့် ပြင်ဆင်ထားရင်း ကချင်ပြည်နယ် ဗန်းမော်မြို့သို့လိုက်လာပါရန် တယ်လီဖုန်းဖြင့် အကြောင်းကြားလာပါတော့သည်။

ကချင်ပြည်နယ်၏ ရေမြေတောတောင်တို့အလှကို ကျကျနန ကြည့်ရှုလေ့လာနိုင်ရန် ကားလမ်းခရီးကို ရွေးချယ်လိုက်ရပါသည်။ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ ထိုမှတစ်ဆင့် ဗန်းမော်မြို့သို့ ကားလမ်းခရီးက ဖြောင့်ဖြူး လျင်မြန်ပါသည်။ လမ်းခရီးတစ်လျှောက် မြို့ကြီး၊ မြို့ငယ်၊ ဗောရိပ်၊ တောင်ရိပ်တို့နှင့် တောပန်း၊ သစ်ခွပန်းတို့၏အလှ၊ လယ်ကွင်းယာကွင်း၊ သီးနှံစိုက်ခင်းများအပြင် ဘုရားစေတီတို့၏ ကြည်ညိုစရာ မြင်ကွင်းများကြောင့် ဗုဒ္ဓဘာသာထွန်းကားရာဒေသဖြစ်ကြောင်း သိသာ ထင်ရှားနေပါသည်။

ဗန်းမော်မြို့သို့ရောက်သောအခါ ခြံကျယ်ကြီးထဲမှ လိုင်ခွီးသီးတွေလည်း နိုရဲမှည့်လို့နေပါသည်။ သုံးပင်မျှသောကုံကော်ပင်တို့သည် ပင်လုံးကျွတ်မျှပွင့်နေကြသည်။ သရက်ပင်ကြီးများလည်းမှ မြန်မာသစ်ခွပန်းများဖြစ်သော ဇောက်တ်ရှည်၊ ကြောင်မြီးတို့၊ မယ်တော်မျက်ကွင်း၊



www.burmeseclassic.com

www.burmeseclassic.com

အာရုံခံအတွင်းမှဆင်းတုတော်များ

အရွှေဘက်မှမိစ်အာရုံခံတန်ဆောင်းမှရုပ်ပွားတော်များ

ရွှေကျီးနားစေတီအာရုံခံတန်ဆောင်းတွင်းမှဆင်းတုတော်များ

မြောက်ဘက်အာရုံခံဘုရားဆင်းတုတော်ကြီး

ဖယောင်းပန်းအဝါ၊ ကြက်တူရွေးနှုတ်သီး စသည်တို့ကို မော့ကြည့်လိုက်တိုင်း တွေ့နေရသည်။ ဓာန်ဖြူရှိသည့်ပန်းတွေ ဒီမှာ ခူးမည့်သူတောင် မရှိပါလား။ တစ်နေ့ တစ်နေ့ ပန်းခူးရသောအလုပ်၊ လိုင်ခိုးသီးများခူးရသောအလုပ်များက တော်တော်လေး စိတ်ပျော်စရာကောင်းလှပါသည်။ ပျားပိတုန်းများ၊ လှပသော ငှက်အစုံတို့၏ ပျံနားအော်သံများကလည်း မျက်စိရောနားပါ သာယာလှပနေပါသည်။ ကြည်နူးပျော်ရွှင်စရာ ကချင်ပြည်နယ်၏ အလှတရားများပါတည်း။

ဗန်းမော်မြို့သို့ဝင်သည်နှင့် ဘုရားတန်ဆောင်း၊ ကျောင်း၊ ဇရပ်များကို ဝင်းဝင်းထိန်ထိန် ထည်ထည်ဝါဝါနှင့် လှမ်းတွေ့ခဲ့ရပါသည်။ နံနက်စောစောငါးနာရီလမ်းလျှောက်ထွက်ရင်း၊ စွေးဝယ်ထွက်ရင်း စုံစမ်းရပါသည်။ ဗန်းမော်မြို့၏ ပထမဆုံး သာသနာဝင် အကျော်ကြားဆုံးဖြစ်သော ရွှေကျီးနားမဟာစေတီ အကြောင်းပြောပြကြသဖြင့် သွားရောက်ဖူးမြော် မှတ်တမ်းပြုခဲ့ပါသည်။

**ဗန်းမော်ဒေသတွင် ဘုရားသာသနာဝင်**

ကချင်ပြည်နယ် ဗန်းမော်မြို့ကို ရောက်သည်နှင့် ဘုရားစေတီတို့အကြောင်းကို လေ့လာစုံစမ်းရပါသည်။ ရောက်တုန်းရောက်ခိုက် ဘုရားစေတီအစုံတို့ကို ဖူးချင်သောဆန္ဒကြောင့် ဖြစ်ပါသည်။ စွေးဝယ်ရင်း သိကျွမ်းရသောမိတ်ဆွေများ၊စာအုပ်ဆိုင်၊စာအုပ်အငှားဆိုင်များမှလည်း ကူညီပြောပြပေးကြပါသည်။ ဗန်းမော်မြို့သည် မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်ပြီး သမိုင်းဝင်မြို့တစ်မြို့ဖြစ်သည့်အားလျော်စွာ ပြအိုး၊ တန်ဆောင်း၊ ကျုံး၊ မြို့တံခါး စသည်တို့ဖြင့် စော်ဘွားကြီးများအုပ်ချုပ်မြို့သစ်တည်ခဲ့ကြသည်။ ရာဇဝင်များအရ သာသနာနှစ် ၂၀၀ - ၂၁၈ နှစ်ခန့်မှစ၍ သီရိမြောသောတမင်းကြီး၏သာသနာပြုဘုရားစေတီများ တည်ရှိနေပြီဖြစ်သည်ဟု သိရပါသည်။ အစောဆုံးစေတီဖြစ်သော ရွှေကျီးနားစေတီတော်ကြီးမှာ ဗန်းမော်မြို့အလည်



www.burmeseclassic.com

www.burmeseclassic.com

ငုက်မြတ်နားတော်အသစ်

ထီးတော်အသစ်နှင့်ငုက်မြတ်နား



ပါအခြေတော်ရာ



မုခ်ဝမုကဋိုးနှစ်ကောင်

ရွှေကျီးနားစေတီတော်နှင့် အိုက်ခေါ်တော်စေတီတော်ရွှေခေါင်းလောင်းများ

တော်ကြီးများ၊ မြို့နယ်လူထုများ၊ နိုင်ငံတော်ငြိမ်ဝပ်မိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဗျူဟာ(အခြေချ)အဖွဲ့စစ်ဗျူဟာမှူးကြီးများအဆက်ဆက်နှင့် မြို့မိမြို့ဖများဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဂေါပကအဖွဲ့ဝင်များတို့ ဆက်လက်ထိန်းသိမ်း စောင့်ရှောက် ပြုပြင်ခဲ့ကြပါသည်။

### ရွှေကျီးနားမဟာစေတီတော်မြတ်ကြီး၏ သမိုင်း

လစဉ် ထွက်သမျှ မဂ္ဂဇင်းအစုံအလင်ရှိသော ဗန်းမော်မြို့ ကြံခိုင်ရေးရုံးလမ်းမတန်းတွင်ရှိ စွမ်းအင်သစ်စာပေသို့ နံနက်လမ်းလျှောက်ရင်း စာအုပ်ဌာနရန် အမြဲရောက်ဖြစ်ပါသည်။ ဗန်းမော်မြို့နှင့် တွဲ၍ သိရသော ဗန်းမော်ညီနွှဲ့အကြောင်းမေးဖြစ်ပါသည်။ စာရေးဆရာ ဗန်းမော်ညီနွှဲ့ ကွယ်လွန်သွားရှာပြီဖြစ်

ဖြင့် ဝိလာသမင်းကြီး ထီးနန်းစိုးစံကာ သာသနာပြုခဲ့ပြီး သီရိခမ္မာသောကမင်းကြီး၏ သာသနာပြုကာလနှင့်ကြုံကြိုက်ခိုန်ဖြစ်၍ ဘုရားရှင်၏သရီရဓာတ်တော်စစ်များ ဌာပနာခဲ့သည်ဟု သိရပါသည်။

ထိုဘုရားစေတီများကို ခေတ်အဆက်ဆက်ပြုပြင်ကြသော မင်းများမှာ ဗဒုံမင်း (ဘိုးတော်မင်းတရားကြီး)၊ မင်းတုန်းမင်းတရားကြီး၊ ဗဒုံမင်းမိဖုရား ဝေဘာလီမင်းသမီး သီရိအတုလဒေဝီဘွဲ့ခံ (ဗန်းမော်မြို့စား)၊ ဘကြီးတော်မင်းတရား၊ ဗန်းမော်မြို့ဝန် ဦးအိုးနှင့် ဆရာတော်ကြီးများ၊ ရွှေကျီးနားဂိုဏ်းအုပ်ဆရာတော် ဦးနန္ဒဝံသနှင့် သံဃာ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းနှင့် ဆရာရေးသားခဲ့သော ရွှေကျီးနားနှင့် အိုက်ခေါတော်စေတီ တော်သမိုင်း ကို အကျိုးဆောင်ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက် ရုပ်ပြစာအုပ်လေးတစ်အုပ်ကိုထုတ်ပြပါသည်။ တစ်အုပ်တည်းရှိသော်လည်း ကျွန်မကို ဆောင်ပေးခဲ့ပါသည်။ ရုပ်ပြစာအုပ်လေးဖြစ်သဖြင့် သမိုင်းပုံရိပ်များ ကွင်းကွင်းကွက်ကွက်မြင်သာသလို ရွှေကျီးနားဟာစေတီတော်မြတ်ကြီးနှင့် အိုက်ခေါတော်စေတီတော်မြတ်ကြီးသမိုင်းစာအုပ်တို့ ပူးပေါင်းလိုက်သောအခါ သူရဇ္ဈပရိသတ်ကြီးအား စုံစုံလင်လင်တင်ပြနိုင်မည် ဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းတော်မူရာ မဇ္ဈိမဒေသတွင် ပြည်ထောင်တိုင်းများ (၁၆) တိုင်း၊ မင်းပေါင်း (၁၆) ပါး စိုးစံခဲ့ကြလေသည်။ ထို (၁၆) တိုင်းအနက် အင်္ဂတိုင်းသည် ဂင်္ဂါမြစ်နှင့် စမ္မာမြစ်တို့ ပေါင်းဆုံရာဒေသတွင် အင်္ဂတိုင်း၏နေပြည်တော် စမ္မာနဂိုရ် တည်ရှိလေသည်။ ထီးနန်းစိုးစံသောမင်းကား စမ္မေယျမင်း ဖြစ်၏။ အင်္ဂတိုင်းနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော မဂဓတိုင်း၏ နေပြည်တော်မှာ မဂဓမြို့တော်ဖြစ်၍ ထီးနန်းစိုးစံသောမင်းမှာ မဂဓဆုတ်မင်းဟု တွင်လေသည်။ ထိုတိုင်းနှစ်တိုင်းတို့သည် အကြောင်းအမျိုးမျိုးကြောင့် စစ်ပွဲများ မကြာမကြာဖြစ်ကြပြီး တစ်လှည့်စီအနိုင်ရခဲ့ကြလေသည်။

တစ်နေ့သောအခါတွင် နှစ်ပြည်ထောင်စလုံး မိုးခေါင်ရေရှားဒုက္ခကို ခံရသဖြင့် အင်္ဂတိုင်းအတွင်းမှ စမ္မာမြစ်ရေကို မဂဓတိုင်းသားလယ်သမားများမှ တူးမြောင်းဖောက်လျက် မိမိတို့လယ်မြေများသို့သွယ်ယူကြသဖြင့် သဘာဝနယ်နိမိတ် ပျက်စီးရလေတော့သည်။ ဤသည်ကို အကြောင်းပြု၍ နှစ်နိုင်ငံ စစ်ခင်းတိုက်ခိုက်ကြလေတော့သည်။ ယင်းစစ်ပွဲတွင် အင်္ဂတိုင်းသားတို့ စစ်ရေးရှုံးနိမ့်ပြီး ဓမ္မေယျမင်းကြီးနှင့် မိဖုရား၊ မင်းညီမင်းသား၊ မှူးမတ်၊ နောက်လိုက်နောက်ပါအားလုံးတို့သည် စစ်ရေးလွတ်ရာ တိမ်းရှောင်ရင်း မြန်မာပြည်အထက်ပိုင်း ဧရာဝတီမြစ်နှင့် တာပိန်မြစ်တို့ ပေါင်းဆုံရာဒေသသည့် မူလ အင်္ဂတိုင်း စမ္မာနဂိုရ် နေပြည်တော်တည်ရာနှင့် တူညီသဖြင့် ထိုဒေသကို စမ္မာနဂိုရ်ဟု အမည်ပေးလျက် ထီးနန်းစိုးစံတော်မူလေသည်။

စမ္မေယျမင်းကြီး နတ်ရွာစံလေသော် သားတော် ဇြဟ္မာရကုမ္မာမင်းက ထီးနန်းဆက်ခံလေသည်။ ထိုမင်းသည် မုဆို့နွှာမည်သော သမီးတော်တစ်ပါးသာ ဖွားမြင်တော်မူသည်။ ထိုမင်းသမီးသည် ရုပ်ရည်ချောမောလှပပြီး တစ်နေ့သော အခါ ရံရွှေတော်များနှင့် ဥယျာဉ်ကစား ထွက်တော်မူသည်။ ထင်းထမ်းလုလင် တစ်ဦးသည်လည်း ထင်းစည်းကိုချ၍ ထိုဥယျာဉ်ဇရပ်တွင် နားနေလေသည်။ မုဆို့နွှာမင်းသမီးလေးနှင့် ထင်းထမ်းလုလင်တို့သည် အကြည့်ချင်းဆုံမိပြီး ချစ်ခင်စွဲလမ်းမိပါတော့သည်။ ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံသောလုလင်မှာ လည်ကုပ်တိုနေသဖြင့် ရံရွှေတော်တို့က 'အိုက်ခေါတော်' ဟု တိတ်တဆိုးအမည်ပေးကြလေသည်။

မုဆိုးမ၏ တစ်ဦးတည်းသော သားထင်းထမ်းလုလင်သည် ဘုရင့်သမီးတော်လေးအား စွဲလမ်းစိတ်ဖြင့် မစားနိုင်မအိပ်နိုင် တမှိုင်မှိုင်ဖြစ်နေသည်ကို မိခင်ကြီးမှ အကြောင်းစုံသိရှိရလေသည်။ သားကိုချစ်သော မိခင်ကြီးသည် ဘုရင်ကြီးထံ သွားရောက်၍ သမီးတော်လေး



စိတ္တရာဇာမင်း။ သားတော်ဝိယာသရုပ်တုတော်နှင့် ကျိုက်ထီရိုးလေးစေတီတော်



ရေကန်တော်မဟာ



www.burmeseclassic.com

www.burmeseclassic.com

နှင့် မိမိ၏သားတို့ လက်ထပ်ထိမ်းမြား လိုကြောင်း လျှောက်တင်လေသည်။

ဘုရင်ကြီးသည် ဒေါသကို အပြင် မထွက်စေရန် ထိန်းသိမ်းပြီး -

"ငါကိုယ်တော်မြတ်၏သမီးတော်ကို လက်ဆက်လိုပါလျှင် မုဆိုးမအိမ်နှင့် နန်းတော်ကို ရွှေတံတား၊ ငွေတံတားများ ညတွင်းချင်းခင်းနိုင်ပါက အိမ်ရှေ့ အရာထား ထိမ်းမြားပေးပါမည်။ မခင်းနိုင်ပါက သင့်၏သားအား မြေထိပ်ခတ်ပြီးသတ်စေ"

ဟု မိန့်တော်မူလိုက်လေသည်။

ထင်းထမ်းလုလင်သားအမိသည် ရွှေတံတား၊ ငွေတံတားများမခင်းနိုင်သောကြောင့် ကွပ်မျက်သုတ်သင်ရန် မြေထိပ်ခတ်ခြင်းခံရလေသည်။ ထိုမြေထိပ်ခတ်သောနေ့မှာပင် ဂန္ဓာလရာဇ်တိုင်း ဥတည်မင်းထံမှ သံတမန်များ စေလွှတ်ကာ ထူးဆန်းသော ရွှေကြုတ်ကြီးနှင့် ရွှေသဝဏ်လွှာပို့ ဆက်လာလေသည်။ ထိုရွှေကြုတ်ကြီးအတွင်း၌ ပါရှိသော ပစ္စည်းများကို ရွှေဘဏ်တော်ဖြင့် ဖြေဆိုရမှာဖြစ်ပြီး ဖြေဆိုနိုင်ပါက ကောသမ္ဗီနယ်ကို ဥဒေန်မင်းထံမှ ဖြူစင်စွာ ပေးအပ်ရမည်ဖြစ်ကြောင်း ရွှေပေလွှာတွင် ရေးထားသားပါသည်။ ရွှေကြုတ်၌ စစ်သည်တစ်ဦးသည် စုလျားကို ရင်မှာသိုင်း၍ လေးကို ပစ်ခွင်းနေဟန်ပြုနေသည်။ စစ်သည်တော်၏ရှေ့တွင် လူတစ်ယောက် များထိမှန်သဖြင့် မြေပြင်၌လဲကျကာ ညာလက်ဖြင့် ထိမှန်သောမြားကိုကိုင်ထားဟန်ထုထားလေသည်။ရွှေကြုတ်အတွင်း၌ မည်သည့်ပစ္စည်းများပါရှိသည်ကို မသိနိုင်ကြ၍ နေပြည်တော်တစ်ခွင် မောင်းခတ်ကြေညာလေသည်။ ဤပြဿနာကို ဖြေဆိုနိုင်ပါက ယောကျ်ားဖြစ်လျှင် သမီးတော်နှင့် ထိမ်းမြားပေး၍ အိမ်ရှေ့အရာပေးမည်။ မိန်းမဖြစ်ပါက အသပြာငွေတစ်သိန်းကို ချီးမြှင့်တော်မူမည်ဟု ကြေညာသော်လည်း မည်သူမျှ ဖြေဆိုနိုင်သူမရှိကြပေ။

မြေထိပ်ခတ်ခံထားရသောလုလင်က ရွှေကြုတ်ပြဿနာကို မိမိဖြေရှင်းနိုင်ပါကြောင်း လျှောက်ထားလိုက်သည်။ ထင်းထမ်းလုလင်အား မြေထိပ်ခတ်ထားရာမှ ခေတ္တဖော်ယူ၍ ကောင်းမွန်စွာ ဝတ်စားဆင်ယင်စေပြီးဖြေဆိုခွင့်ပြုတော်မူလေသည်။

ရွှေကြုတ်ပုစ္ဆာဖြေဆိုမည့်နေ့တွင်



ရွှေကျီးများစေတီမုခ်ဝအတွင်းရွှေခင်း



ရွှေကျီးများစေတီတော်နှင့် ဆိုက်ဓါတ်စေတီတော်အား ဖူးမြော်ရန်ထားသော ရှင်လောင်းအပွဲ့



ရွှေကျီးများဘုရားပွဲတော်ဆွမ်းလောင်းလှူနေပုံ

တမန်တော်နှင့် ပရိသတ်အစုံအလင်ဘုရင်မင်းမြတ်ရှေ့တော်၌ ဤရွှေကြုတ်အတွင်းတွင် စုလျားအုပ် (ပိတ်အုပ်) နှင့် ချွန်ထက်သော သံချောင်း သို့မဟုတ် အပ်ပါရှိသည်ဟု ဖြေကြားလိုက်လေသည်။ ထင်းထမ်းလုလင်ဖြေကြားချက်သည် မှန်ကန်နေပါသဖြင့် ကတိအတိုင်း ကောသမ္ဗီနယ်ကို ပေးအပ်လျက် ဂန္ဓာရဇတိုင်းသို့ တမန်တော်များ ပြန်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓပုဂံယဖွင့်ပွဲနေ့ဆရာတော်ကြီးများ

ရွှေကျီးများစေတီတော်မုခ်ဝအပြင်ရွှေခင်း

အခက်အထက်ဝေဆာနေသော ဗောဓိညောင်တော်ကြီး

ဘုရားဓါတ်ကစိတ္တရာဇာမင်းနှင့် သားတော်ဝိဇာသမင်းသား အနီးကပ်ပုံ

နတ်မြတ်ဘွားများ စောင့်ရှောက်နေဟန်

မင်းကြီးလည်း ကတိအတိုင်း အိုက်ခေါတော်လုလင်အား သမီးတော်နှင့် ထိမ်းမြားရှ၍ အိမ်ရှေ့အရာပေးတော်မူလေသည်။ အိုက်ခေါတော်လုလင်သည် ရွှေကြုတ်တော်၏ ပုစ္ဆာကို ဖြေဆိုနိုင်သည်မှာ မြေထိပ်ခတ်ခံရသောနေရာအနီး သဖန်းပင်ကြီးပေါ်မှ ကျီးသားမောင်နှံတို့က ရွှေကြုတ်ထဲ မည်သည့်ပစ္စည်းရှိသည်ကို မဂဓဘာသာစကားဖြင့် ပြောကြားဆွေးနွေးသည်ကို ကြုံတင်ကြားသိထားသောကြောင့် ဖြစ်သည်ဟု ဆိုလေသည်။

ဗြဟ္မာရမင်းကြီး နတ်ပြည်စံလွန်သော် သမက်တော် အိုက်ခေါတော်နှင့် သမီးတော် မုဆွန္ဒာတို့ ထီးနန်းဆက်ခံတော်မူလေသည်။ သားတော်နှစ်ပါးဖွားမြင်တော်မူပြီး သားကြီး စိတ္တရာဇာအား ပဒုမ္မာကြာအိုင်ကြီးတည်ရာ ဖွန်းရှမ်းဒေသမှ လာရောက်ဆက်သသော လှပချောမောသည့် ပုပ္ပဝတီမင်းသမီးလေးနှင့် ထိမ်းမြားပေးပြီး အိမ်ရှေ့မင်းအရာပေးတော်မူသည်။ သားတော်ငယ် ဂုတ္တရာဇာကို နေပြည်တော်အရှေ့ဘက် (၁၂) မိုင်ဝေးသည့် ကျောက်ဆီးမြို့တွင် ဘုရင်ခန့်တော်မူလေသည်။ ယခုနေတော်မိုးမောက်မြို့နေရာဟု သိရလေသည်။ အိုက်ခေါတော်မင်းကြီးသည် မိမိမြေ



www.burmeseclassic.com

www.burmeseclassic.com

ထိပ်ခတ်ခံရသောနေရာတွင် စေတီတစ်ဆူတည်တော်မူလေသည်။ အိုက်ခေါ်တော်စေတီဟု အမည်တွင်လေသည်။ အိုက်ခေါ်တော်မင်းကြီး နတ်ရွာစံလေသော် သားတော်ကြီး စိတ္တရာဇာနှင့် မိဖုရား ပုပ္ပဝတီတို့ စမ္ဘာနဂိုရ်ထီးနန်းကို စိုးစံတော်မူလေသည်။

ထိုသတင်းကို ညီတော် ဂုတ္တရာဇာကြားလေသော် စမ္ဘာနဂိုရ်ထီးနန်းကို အလွယ်တကူအပ်မည်လော၊ စစ်ဘက်ပြိုင် အနိုင်လုမည်လောဟု အရေးဆိုလာပါသည်။ ဗုဒ္ဓ၏တရားပြည့်ဝသော စိတ္တရာဇာမင်းကြီးသည် တိုင်းသူပြည်သားတို့၏ အသက်စည်းစိမ်ကို ငဲ့ညှာ၍ ညီတော်အား ရန်တုံ့မပြန်ဘဲ မိဖုရားနှင့်အတူ ဆင်တော်စီးလျက် နေပြည်တော်မှ ထွက်ခွာတော်မူလေသည်။ ညီတော် ဂုတ္တရာဇာသည် စမ္ဘာနဂိုရ်ထီးနန်းကို အလွယ်တကူ သိမ်းပိုက်နိုင်သော်လည်း ထွက်ပြေးသွားသော နောင်တော်နှင့် မရိုးတော်တို့ကို အမိဖမ်းစေသည်။ ဆင်တော်ကိုတအားနှင့်၍ပြေးရာ မိဖုရားကြီး၏ ရွှေဖိနပ်တော် ကျွတ်ကျန်ရစ်သည်ကို မကောက်ယူဘဲထားခဲ့သဖြင့် ထိုနေရာတွင် ဖိနပ်ပင်များပေါက်လာသည်။ ဖိနပ်သီးတို့သည် ဖိနပ်နှင့်တထေရာတည်းသီးကြသည်ဟု ယနေ့တိုင်ရှိပါသည်။ တာပိန်ချောင်းကို ဖြတ်ကူးပြေးစဉ် ခရီးကြမ်းနှင့် မိဖုရားကြီးလည်း ကိုယ်လေးလက်ဝန်နှင့်မို့ စိတ္တရာဇာမင်းကြီးကိုသာ ကိုယ်လွတ်ရုန်းထွက်ပြေးစေပါသည်။ ညီတော်၏တပ်များမှ မင်းကြီးအား ဖမ်းဆီးမိသွားပြီး သံနှောင်အိမ်တွင် အကျဉ်းချခံရလေသည်။ မိဖုရားကြီးသည် ဝိလာသတောင်တော်ကျောက်ဂူထဲ၌ သားတော်ဝိလာသမင်းသားကို ဖွားမြင်တော်မူလေသည်။

ဝိလာသမင်းသားသည် အရွယ်ရောက်လာသော် မယ်တော်အား မေးမြန်း၍ ခမည်းတော် အကျဉ်းခံထားနေရာသို့ သွားရောက် တွေ့ဆုံလေသည်။ တူတော် ဝိလာသမင်းသားလိုက်လာသည်ကို ကြားသိသောအခါ ဂုတ္တရာဇာမင်းသည် အစ်ကိုတော် စိတ္တရာဇာမင်းအား သုတ်သင်ရန် အမိန့်ပေးလေသည်။ သားတော်ဝိလာသမင်းသားသည် ခမည်းတော်အစား မိမိကိုသတ်၍ တရားနှင့်ပြည့်ဝသော ခမည်းတော်ကို လွတ်ပေးရန် တောင်းဆို အဖမ်းခံတော်မူလေသည်။

ဂုတ္တရာဇာမင်းသည် ဝိလာသ



ဗုဒ္ဓပုဝဒိုယဖွင့်ပွဲနေ့ (၁၃၉) ကြိမ်မြောက်

ရွှေကျီးမှားစေတီတော်မြတ်ကြီးအား ရွှမ်းမျိုးနွယ်စုများ ဈေးပေါင်းကောက်ဦးဆွမ်းလှူပွဲ

ရွှမ်းပျိုကြူတို့ ကောက်ဦးဆွမ်းလှူပွဲ

မင်းသားလေးကို ရေခ်ဉ်သတ်၏။ မီးပုံတွင်းချသတ်၏။ ဆင်ဖြင့်နင်းသတ်၏။ ဇရာဝတီမြစ်၏ဒုတိယမြစ်ကျဉ်းဖြစ်သော နတ်မျက်နှာတောင်ထိပ်မှ တွန်းချသတ်လေသည်။ မည်သို့မျှ အသက်မသေဘဲ နတ်မျက်နှာတောင်ခြေ၌ ကျက်စားနေသော နဂါးမင်းမှ မင်းသားလေးအား နဂါးပြည်သို့ ခေါ်ဆောင်သွားပြီး ခမည်းတော် စိတ္တရာဇာမင်းကြီးအား ပြန်ဆက်သသည်ဟု ရွှေကျီးနားဘုရား

www.burmeseclassic.com



ကျောက်စာများထားရာတိုက်



ရွှေကျီးနားစေတီတော်ခေတ်အဆက်ဆက်ကျောက်စာများ



ဖိနပ်ပင်များ ပကတိပေါက်နေပုံ
(ခုတ်ယူသူများသဖြင့် အနည်းငယ်သာ ကျန်တော့သည်၊ ထိန်းသိမ်းသင့်ပါသည်)

သမိုင်းမှာ ရေးသားထားပါသည်။

သူတော်ကောင်းများကို ပြစ်မှားမိသော ဂုတ္တရာဇာမင်း ရွှေနန်းတော်တွင် မှောင်ကြီးကျခြင်း၊ မိုးကြိုးအကြိမ်ကြိမ်ခြင်း၊ မြေငလျင်တုန်လှုပ်ခြင်းများကြောင့် သွေးလေပျက်ကာ စမ္ဘာနဂိုရ်နေပြည်တော်၌ မနေရဲတော့ဘဲ မိမိနေထိုင်ရာ ကျောက်ဆီးမြို့သို့ ပြန်လေသည်။ ကျောက်ဆီးမြို့သို့ရောက်သော် တစ်ကိုယ်လုံး ပူလောင်လာ၍ မြို့တော်အနီး နမ့်ကျရီချောင်းထဲ ဆင်းသက်ရေစိမ်ရာ မြေမျိုသွားသည်ဟု ရေးသားထားပါသည်။ ကျောက်ဆီးမြို့ (မိုးမော်ကြီးမြို့) အနီး နမ့်ကျရီချောင်းသဲသောင်တို့ကို တူးယက်၍ ရေပူစမ်းထွက်ခြင်းမှာ ဂုတ္တရာဇာမင်းကြီး မြေမျိုရာဒေသဖြစ်သောကြောင့်တဲ့ ဆိုလေသည်။

စိတ္တရာဇာမင်းကြီးသည် ဝိလာသမင်းသားလေးကို လာရောက်ပို့ဆက်ကြသော နတ်မျက်နှာတောင်ခြေမှနဂါးများကို ကျေးဇူးတင်သောအနေဖြင့် ဗန်းမော်ဒေသပတ်ဝန်းကျင် မိုင် (၂၀) အတွင်း ပျော်ပါးနေထိုင်ခွင့်ပေးခဲ့သဖြင့် ဗန်းမော်မြို့သည် အင်း၊ အိုင်၊ ချိုင့်ဝှမ်းများမှာ နဂါးများလူးရာမှ ဖြစ်ပေါ်လာသည်ဟု ဆိုလေသည်။

**ရွှေကျီးနားစေတီတော်တည်ထားကိုးကွယ်ခြင်း**

စိတ္တရာဇာမင်းကြီးနှင့် သားတော် ဝိလာသမင်းသားတို့ ထီးနန်းစိုးစံချိန်သည် အိန္ဒိယပြည် မဇ္ဈိမဒေသ၌ သီရိခမ္မာသောကမင်းကြီး ထီးနန်းစိုးစံချိန်နှင့် ခေတ်ပြိုင်ဖြစ်လေ၏။ သီရိခမ္မာသောကမင်းကြီး တတိယသင်္ဂါယနာတင်ခြင်းအထိမ်းအမှတ် စေတီပေါင်းရှစ်သောင်းလေးထောင် တည်တော်မူလေသည်။ စိတ္တရာဇာမင်းကြီးနှင့်သားတော်ဝိလာသမင်းသားတို့သည် သီရိခမ္မာသောကမင်းကြီးထံမှ ဓာတ်တော်လေးဆူရရှိတော်မူလေသည်။

၁ စမ္ဘာနဂိုရ်နေပြည်တော် တာပိန်မြစ်ဦး၌ ရွှေကျီးနားစေတီတော်၊

၂။ မန်မော်မြို့ (ဗန်းမော်မြို့) ၌ ရွှေစေတီ (သိမ်မဟာစေတီတော်)၊

၃။ ကောင်းတုံမြို့၌ ရွှေစည်းခုံစေတီတော်၊

၄။ ဟားခမ်းခေါ် ငဆောင်းချမ်းမြို့၌ မြစေတီတော် တို့ ဖြစ်သည်။

စေတီလေးဆူတို့တွင် ဘုရားရှင်၏ဓာတ်တော်စစ်များ ပူဇော်ထားလေသည်။ အဆိုပါ စေတီလေးဆူတည်ပြီးနောက် စိတ္တရာဇာမင်းကြီးတောထွက်၍ တရားအားထုတ်တော်မူလေသော် ဝိလာသမင်းသားမင်းဖြစ် စိုးစံတော်မူလေသည်။ခမည်းတော်တရားအားထုတ်တော်မူရာ တောင်ယံကို ဗဟိုပြုလျက် မြို့သစ်တည်တော်မူလေသည်။ ဝိလာသမင်းကြီးသည် တရားသဘောတို့ကို သိတော်မူ၍ ဒွန်နန်းစည်းစိမ်ကို တစ်ဆဲခြည်မျှင်မျှပင် မမက်မောဘဲ မျှူမတ်တို့အား ထီးနန်းလွှဲအပ်ကာ တောရုပ်ဝင်တရားအားထုတ်တော်မူလေသည်။ မင်းဆက်ပြတ်သွားပြီး မျှူမတ်အပေါင်းတို့သည် စမ္ဘာနဂိုရ်မြို့၏ ဆင်ခြေဖုံးဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

မန်းတော် (ဗန်းမော်မြို့) သို့ ပြောင်းရွှေ့လာခဲ့ ကြလေသည်။

**ရွှေကျီးနားမဟာစေတီတော်ပြောင်းရွှေ့တည်ထားခြင်း**

စိတ္တရာဇာမင်းကြီးနှင့် သားတော် ဝိလာသမင်းသားတို့ တည်ထားကိုးကွယ်သော ရွှေကျီးနားစေတီတော်သည် မြန်မာနှစ် ၁၁၈၀ ပြည့်နှစ်တွင် တာပိန်မြစ်ရေတိုက်စားသဖြင့် စေတီတော်ကြီး ရေသို့လားမည်ဖြစ်လေရာ ဗန်းမော်မြို့ဝန် ဦးအိုးနှင့် ဆရာတော်ကြီးများ၊ မြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာနှယ်ဝင်များစုပေါင်း၍ အိုက်ခေါတော်စေတီအနီးသို့ ပြောင်းရွှေ့တည်ထားကိုးကွယ်ကြသည်။ ယနေ့လက်ရှိတည်နေသောနေရာ ဖြစ်ပါသည်။ ပွဲတော်ရက်မှာ တပေါင်းလပြည့်နေ့မှစတင်ပြီး မြန်မာနှစ် ၁၂၃၄ ခုနှစ်တွင် ဘုရားပွဲကျင်းပခဲ့သည်။ ၁၂၅၀ ပြည့်နှစ်မှ စတင်နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့အထိဟုသိရပါသည်။

ကျွန်မတို့သွားဖူးစဉ် ပွဲတော်ရက်မဟုတ်သော်လည်း ဘုရားဖူးလာသူများမပြတ်စည်ကားနေသည်ကို တွေ့ခဲ့ရပါသည်။ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်များ ခန့်ထည်စွာ ဖူးတွေ့ရပါသည်။ အာရုံခံတန်ဆောင်းများ၊ ဆင်းတုတော်များ အရပ်မျက်နှာအသီးတွင် ပူဇော်ထားပါသည်။ ခေတ်အဆက်ဆက် ကျောက်စာများကို စုပေါင်းထားရှိထားပါသည်။ ကျိုက်ထီးရိုးလေးစေတီတောင် ဘက်တွင် ဘုရားဒါယကာ စိတ္တရာဇာမင်းနှင့် သားတော် ဝိလာသမင်းသားတို့၏ရုပ်လုံးများ အမှတ်တရထုလုပ်ထားပါသည်။ ရွှေကျီးနားစေတီတော်ကြီးမှာ ဘုရားရှင်၏အသွေးတော်ဓာတ်၊ အသားတော်ဓာတ်၊ အရိုးတော်ဓာတ်တို့မှ ဖြစ်သော ဓာတ်တော်စစ်ဌာပနာထားသော ဌာပနာထားသော ဓာတုစေတီတော်ဖြစ်သည့်အပြင် ထီးတော်ကြီး၏ ထူးခြားချက်များကြောင့် ဆုတောင်းပြည့်သည်ဟု သိရပါသည်။

**မင်းတုန်းမင်းတရားကြီး ရွှေကျီးနားစေတီတော်မြို့ပြင်ခြင်း**

ပဋ္ဌမသင်္ဂီယနာတင် ဘဝရှင်မင်းတုန်းမင်းကြီးသည် မြန်မာနှစ် ၁၂၂၇ ခုနှစ် (ခရစ်နှစ် ၁၈၆၅) တွင် ရွှေကျီးနားစေတီတော်မြတ်ကြီးကို ဖိနပ်တော်ပေ (၉၀) ပေ၊ ဉာဏ်တော်အတောင် (၆၀) ဆန်းကြယ်စွာ မျိုင်း၍ အသစ်တည်ထားတော်မူစေသည်။ ထီးတော်မတင်မီ မြင်ကွန်းမင်းသားအရေးတော်ပုံကြောင့် ညီတော်ကနောင်မင်းသား လုပ်ကြံခံရလေသည်။ 'ရွှေကြေးမြင့်မင်းသားသည်သည် ရွှေကျီးနားစေတီတော်ကြီး ထီးတော်လျှောင်ပါက ဘုရင်ဖြစ်လိမ့်မည်' ဟု သတင်းစကားပေါ်ထွက်လာ၍ မင်းတုန်းမင်းကြီးသည် ရွှေလှိုဝိုလ်မှူးကောလင်းမြို့စားမင်းကြီးမဟာမင်းခေါင်နော်ရထာအား တပ်သားငါးရာ စည်းကြပ်ခန့်အပ်ပြီး ရွှေကျီးနားစေတီတော်မြတ်ကြီးအား ရွှေထီးတော် တင်လျှူတော်မူစေခဲ့လေသည်။

**ရွှေကျီးနားစေတီတော်ငလျင်ဒဏ်ခံရခြင်း**

မြန်မာနှစ် ၁၂၅၇ ခုနှစ် (ခရစ်နှစ် ၁၈၉၅) တွင် ငလျင်တုန်လှုပ်ရာ ရွှေကျီးနားစေတီတော်မြတ်ကြီး ခရားသီးမှစ၍ ကွဲအက်တော်မူလာသည်။ မြို့အုပ်ဦးထွန်းကြွယ်နှင့် ဆရာတော်ကြီးများ၊ မြို့နယ်အလှူရှင်များ စုပေါင်းပြုပြင်၍ ကြေးစလောင်းအထူစိန်ဖူးတော်ကို ထပ်မံပြုပြင်ခဲ့ကြလေသည်။ မြန်မာနှစ် ၁၂၉၃ ခု၊ (ခရစ်နှစ် ၁၉၃၁) တွင် ငလျင်တုန်လှုပ်ပြန်လေရာ နယ်ပိုင်ဝန်ထောက် ဦးထွန်းကြွယ်နှင့်ဆရာတော်များ၊ မြို့နယ်အလှူရှင်များ စုပေါင်း၍ ရွှေထီးတော်ကို တင့်တယ်စွာပြင်ဆင်ခြင်း၊ ခရားသီးမှခေါင်းလောင်းနားအထိ ရွှေဆိုင်းပေါင်းတစ်ထောင်ဖြင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြလေသည်။

**ဒုတိယကမ္ဘာစစ်နှင့် ရွှေကျီးနားမဟာစေတီတော်**

ခရစ်နှစ် ၁၉၃၉ မှစတင်ခဲ့သော ဒုတိယကမ္ဘာစစ်မီးသည် ဗုံးကြဲတိုက်ခိုက်ခြင်းများ မြန်မာပြည်သို့ ကူးစက်လာပြီး ၁၁-၈-၁၉၄၄ နေ့ မြန်မာနှစ် ၁၃၀၆ခု၊ ဝါခေါင်လဆုတ် ၈ ရက်၊ နံနက်(၁၁)နာရီအချိန်တွင် မဟာမိတ်တို့၏ ဗုံးဒဏ်ကြောင့် ရွှေကျီးနားစေတီတော်မြတ်ကြီးသည် ခေါင်းလောင်းနားအထိပြတ်ထွက်တော်မူလေသည်။ ရွှေထီးတော်သံတိုင်သည် လွင့်စဉ်၍ တစ်ခေါ်လောက်ဝေးသော တာပိန်မြစ်ကမ်းသို့ကျသွားသည်။ ရွှေထီးတော်မူကား လုံးဝထိခိုက်ပျက်စီးခြင်းမရှိသည့်အပြင် ပျက်စီးနေပြီဖြစ်သော စေတီတော်အထက်၌ပင် ပကတိအတိုင်း ထူးဆန်းစွာတည်နေတော်မူလေသည်။ ရွှေကျီးနားစေတီဝိဏ်းအုပ်ဆရာတော် ဦးနန္ဒဝံသ ဦးဆောင်၍ မြို့နယ်အတွင်းရှိ သံဃာတော်များ၊ လူထုများ စုပေါင်းပြုပြင်ရာ၊ ၁၃၀၉ ခုနှစ် (ခရစ်ဝ ၁၉၄၇) တွင် ပြီးစီးအောင်မြင်တော်မူသည်။ မူလထီးတော်ဟောင်းကို ရွှေကျောက်တို့ဖြင့် မွမ်းမံခြယ်သ၍ ၁၃၁၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော်တင်ပွဲ ကျင်းပပူဇော်ကြလေသည်။

**ရွှေကျီးနားဘုရားပွဲတော်စတင်ကျင်းပခြင်းနှင့် ရိုးရာဆွမ်းလှူပွဲ**

ဗန်းမော်မြို့ ရွှေကျီးနားစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပူဇော်ပွဲကို မြန်မာနှစ် ၁၂၃၄ ခုနှစ် (ခရစ်နှစ် ၁၈၇၂) တွင် တစ်ဆယ့်နှစ်ရာသီ၏ နိဂုံးချုပ်ပွဲအဖြစ် ခြိမ့်ခြိမ့်သဲကျင်းပခဲ့၏။ ဂေါပကအဖွဲ့နှင့်အတူ ရပ်ကွက်ကျေးရွာများမှ ဆွမ်းအလှူပဒေသာအလှည့်ကျ ကပ်လှူကြပါသည်။ ကချင်တိုင်းရင်းသားများ၊ ရှမ်းတိုင်းရင်းသားများ စုပေါင်းနေထိုင်ရာဒေသဖြစ်သဖြင့် ရှမ်းရိုးရာ ကောက်ညှင်းဆွမ်းစုပေါင်းလှူပွဲကိုလည်း ယနေ့တိုင်ကျင်းပလျက်ရှိပါသည်။ ဘုရားရှင်၏ဓာတ်တော်စစ်များ ကိန်းအောင်း စံပျော်ရာ ရွှေကျီးနားမဟာစေတီတော်ကြီး၏ ဘုရားပွဲတော်နှင့်အတူ ခေတ်အဆက်ဆက် ဘက်စုံပြုပြင်တည်ဆောက်ထားပါ၍ လာရောက်ဖူးမြော်ကြရန် ဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါသည်။

**(၃၃) ကြိမ်မြောက်**
**ရှမ်းရိုးရာကောက်ညှင်းဆွမ်းသို့**

ကောက်ညှင်းကို ဆွမ်းချက်လို့၊
မနက်ကလှုလိုက်လေ
ကောက်ညှင်းဆန်အဲလွှာနှင့်၊
သံသရာဟိုဘက်လှမ်းနိုင်ဖို့
ရှမ်းတို့ဆုခွေ။
ရှမ်းအိုးစည်ထုံပေပေ၊
ရိုးပေတဲ့အလှူ
သမာဓိသတိထင်စွာနဲ့၊
နမာမိအရှိမင်္ဂလာနဲ့၊
အစဉ်အလာသည် အမှုကို၊
သာဓုခေါ်ရ။

ညီနွဲ့(ဗန်းမော်)

*(ဘုရားပွဲတော် ဓာတ်ပုံဟောင်းများကူညီကြသော ဗန်းမော်မြို့ မိတ်ဆွေများအား ကျေးဇူးတင်အပ်ပါသည်။)*

ခင်ခင်ဝင်း(မောရေဝတီ)

**မှီငြမ်း -**

- ရွှေကျီးနားမဟာစေတီတော်မြတ်ကြီးနှင့် အိုက်ခေါတောစေတီတော်မြတ်သမိုင်းရုပ်ပြ
- ကိုယ်တိုင် သွားရောက် လေ့လာဖူးမြော်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

(လွန်ခေတ်)

# ရေဝင်းဝင်း

## သာသနာ့အာဇာနည်ဆရာတော်ဦးပုဏ္ဏ

မြန်မာနိုင်ငံ၏သာသနာ့သမိုင်းကို လေ့လာလျှင် ဗုဒ္ဓသုံးဗုဒ္ဓ ပေါ်ထွန်းခဲ့သည်ကို တွေ့ရှိကြရပါမည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ပထမဗုဒ္ဓ၊ ရှင်မဟာဗုဒ္ဓဃောသသည် ဒုတိယဗုဒ္ဓဖြစ်၍ အင်းဝခေတ် ထင်ရှားကျော်ကြားခဲ့သည် ဆရာတော်ဦးပုဏ္ဏက တတိယဗုဒ္ဓဖြစ်ပါသည်။

ဆရာတော်အလောင်းအလျာကို ခွေးဖွားစဉ်အခါက လငပုပ်ဖမ်းခိုက်နှင့် ထူးခြားတိုက်ဆိုင်ခဲ့သည်ကို အစွဲပြု၍ မောင်ပုပ်ဟု တွင်ခဲ့သည်။ အသက် (၁၃) နှစ်အရွယ် ရှင်သာမဏေပြုသည်တွင် ဆရာတော်က ပဝဂ်ပထမအက္ခရာကို ဖယ်ဖျက်ပြီး ဗုဓသဒ္ဒါကို ထောက်ထား၍ ပဝဂ်တတိယအက္ခရာဖြစ်သော ဗအက္ခရာကို အသတ်တင်ကာ ပုဏ်ဟု အမဲည်ပြောင်းပေးခဲ့သည်။ ရှင်သာမဏေဘဝ၌မှာ ရှင်ဇမ္ဗုဇဖြစ်သော်လည်း ရှင်ဗုဒ္ဓဟုသာခေါ်တွင်ခဲ့ကြသည်။ ထိုခေတ်ကာလမှ ရဟန်းသံဃာတော်များကို ဘွဲ့တော်၊ ကျောင်းတိုက်အမည်နှင့်မတွင်။ လူအမည်နှင့်သာခေါ်တွင်ခဲ့ကြသည်။

မြန်မာနှစ် ၁၁၆၉ ခုနှစ်တွင် ရဟန်းဘောင်သို့ ကူးပြောင်းရောက်ရှိပါသည်။ သက်တော် (၃၃) ဝါတော် (၁၃) ဝါအရ ၁၁၈၂ ခုနှစ်တွင် ညောင်ကန်ဂိုဏ်းအုပ်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ရသည်။ ရဟန်းသံဃာအပါး (၁၀၀) ကျော်ကို စာပေသင်ကြားပို့ချပေးသည်။ ၁၁၉၂ ခုတွင် ငယ်ဆရာရင်း ဆရာတော်ဦးပိုး ပျံလွန်တော်မူသည်။ ဆရာတော်ဦးပုဏ်၏ ငယ်ဆရာရင်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဦးပိုးမှာ ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရားနှင့် နန်းမတော်မယ်နှုတို့၏ မင်းဆရာ ဖြစ်သည်။ မိဖုရားကြီးနန်းမတော်မယ်နု အထူးစိမ်ဆောက်လုပ်လျှဒါန်းသည့် မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူပါသည်။

ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုတို့က မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး လှူဒါန်းသည့်အပြင် ဆရာတော်ဦးပုဗ်အား စက္ကိန္နာဘိသိရိသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရကာ မင်းဆရာဖြစ်လာခဲ့ပါသည်။

ဆရာတော်ဦးပုဗ်ရေးသားပြုစုခဲ့သောကျမ်းဂန်များမည်ရွေ့မည်မျှရှိသည်ကို မသိနိုင်ခဲ့။ ရှာဖွေစုဆောင်းရသမျှ ကျမ်းပေါင်း (၆၁) ကျမ်းရှိသည်ဟု သိရပါသည်။

ဆရာတော်ဦးဗုဒ်သည် မြန်မာနှစ် ၁၁၄၉ ခုနှစ်၊ နယုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်၍ ၁၂၀၄ ခုနှစ်၊ သက်တော်(၅၅)နှစ်၊ ဝါတော်(၃၅)ဝါအရ တွင် တစ်ဘဝတစ်ခန္ဓာသိမ်းတော်မူပါသည်။

ဆရာတော် ဦးပုဗ်မှာ စကားပြောလွန်စွာနည်းပါးသည်။ အချိန်ရသမျှ စာကြည့်နေလေ့ရှိသည်။ ဆရာတော်ဦးပုဗ်နှင့်ပတ်သက်၍ ပြောစမှတ်ပြုကြသည်မှာ အပြောတို့၊ အဆိုရှည်၊ အရေးရှင်း၊ အလုပ်ပြတ်သည် ဟူ၍ ဖြစ်သည်။ ထိုသည့်အတိုင်းပင်လျှင် ဆရာတော်သည် စကားပြောလျှင် တိုတောင်းစွာပြောသည်။ မြတ်စွာဘုရားရှင်ကို ပူဇော်သည့်အခါ ရှည်လျားစွာ ရွတ်ဆိုပူဇော်လေ့ရှိသည်။ ကျမ်းဂန်များ ရေးသားပြုစုသည့်အခါ ရှင်းလင်းသည်။ သာသနာရေးရာနှင့် ပတ်သက်လာပါက ခွဲလုံလထက်သန်စွာဖြင့် ပြတ်ပြတ်သားသားပြုကျင့်လုပ်ဆောင်လေ့ရှိသည်။

အပြောတို့သော်လည်း အနှစ်အသားပါသည်။ အဆိုရှည်သော်လည်း ကြည်ညိုဖွယ်ဖြစ်ရသည်။ ကျမ်းပြုအရေးအသားရှင်းလင်းကောင်းမွန်သည့်အတွက် ဆရာတော်ဦးပုဗ် ပြုစုတော်မူခဲ့သောကျမ်းဂန်များကို ယနေ့မျက်မှောက်ခေတ်တိုင်သည်အထိ အားကိုးအားထားပြုကြရသည်။ အလုပ်ပြတ်သည်ဆိုရာတွင် ဖခင်ဖြစ်သူနှင့်ပင် သေခန်းပြတ်သည်အထိ အဆက်အသွယ်မပြုနေတော်မူခဲ့သည်။ ပုဒ္ဓကိစ္စမှတစ်ပါး အခြားပြုဖွယ်ရာမရှိ။ ဘုရားသားတော်ပီသရန်ကိုသာ အလေးထား စောင့်ထိန်းတော်မူခဲ့သည့်ဆရာတော်ဖြစ်ပါပေသည်။

ဆရာတော်ဦးပုဗ်နှင့်ဆက်စပ်၍ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သည့် စကားတစ်ရပ်ရှိခဲ့ပါသည်။ မှတ်သားဖွယ်၊ ကြည်ညိုဖွယ်ဖြစ်ပါသည်။

"တို့ဆရာများပြောသကွယ်။ဆရာတော်ဦးပုဗ်က အမေသာ ရှင်ဗုဒ္ဓဟောသ အရင်မွေးဖွားပေးရင် သည်လက်ရှိအဌကထာတွေကို သူပြုစုရမှာတဲ့"

ဆရာတော်ဦးပုဗ်သည် မင်းဆရာဖြစ်သော်လည်း မည်သူမျက်နှာကိုမျှ မထောက်ညာတတ်။ သာသနာနှင့်ပတ်သက်လာလျှင် အစိမ်း၊ အကျက် မရွေးတတ်။

မြန်မာနှစ် ၁၁၉၂ ခုနှစ်တွင် ဘကြီးတော်မင်းတရားနှင့် မိဖုရားကြီးနန်းမတော်မယ်နုတို့က အုတ်ကျောင်းတော်ကြီးနှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းသည့်နေ့။ မင်း၊ မိဖုရား၊ မှူးမတ်၊ ပရိသတ်စုံလင်စွာဖြင့်ကန်တော့ကြသည်။ ကန်တော့ပြီး၍ ဆရာတော်ဦးပုဗ်မှသီလဆောက်ရန်ဖြစ်သော်လည်း နှုတ်ပိတ်ဆိတ်ဆိတ်နေတော်မူလေသည်။ အကြောင်းမှာ ဘကြီးတော်မင်းတရားက သီလခံယူရာတွင် တံတောင်ဆစ်အောက်၌ကတ္တီပါခေါင်းအုံးခံ၍ကန်တော့သည်ကို ဆရာတော်ကမြင်သည်။ ပဋ္ဌပတိဋ္ဌိကနှင့် မညီညွတ်၍ သီလမပေး မခံုးမြင့်သည်ကို အကင်းပါးသော မိဖုရားကြီး ရိပ်စားမိကာ ခေါင်းအုံးကို ဆွဲဖယ်ပေးသည်။ ထိုအခါမှ ဆရာတော်ဦးပုဗ်က သီလပေးတော်မူပါသည်။

သီလခံယူရေစက်သွန်ချလှူဒါန်းမှူ ပြီးစီးသည့်အခါ ဘုရင်မင်းမြတ်က တရားမမှတ်ဟောကြားဆိုဆုံးမခြီးမြှင့်ပေးပါရန် လျှောက်ထားပါသည်။

ထိုအခါ ဆရာတော် ဦးပုဗ်က တိုထိုလိုရင်းသာ အောက်ပါအတိုင်း ခြီးမြှင့်တော်မူပါသည်။

"မင်းနှင့်တူအောင်ကျင့်က ငါတို့ဆုံးမဩဝါဒပေးရန်မလို။ မင်းနှင့်တူအောင်မကျင့်က ငါနှင့်မဆိုင်။ အဝိစိနှင့် သာဆိုင်တယ်"

တစ်ခါတွင်လည်း ဘကြီးတော်မင်းနှင့် မိဖုရားတို့က ဆရာတော်ထံမှ သီလခံယူအပြီး နိဗ္ဗာန်ရောက်ကြောင်းအချုပ်လိုရင်းတရားဟောဖော်ညွှန်ပြတော်မူပါ ဘုရားဟုလျှောက်ထားသည့်အခါ အတို့ဆုံးတရားအနှစ်ချုပ်ကို ဟောတော်မူပါသည်။

"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာပိ ဝေါ ယေမ္မောသခါရာ အပ္ပမာဒေန သမ္မာဒေထ"

အင်းဝနေပြည်တော် နန်းတွင်းအာဏာလုပွဲ၌ နန်းမတော်မယ်နုရှုံးနိမ့်၍ ကွပ်မျက်ခံရမည့်ဆဲဆဲ ဆရာတော်ဦးပုဗ်ထံ နောက်ဆုံးအနေနှင့် ဖူးမြော်ရောက်ရှိလာသည်။ ဆရာတော်ကို ကြည်ညိုစွာ ရှိခိုးဦးတင်ရင်း အဆုံးစီရင်ခံရတော့မည့်အကြောင်း လျှောက်ထားပါသည်။ မင်းမိဖုရားတို့၏ မင်းဆရာဖြစ်လင့်ကစား ဆရာတော်သည် မင်းမိဖုရားတို့အား အရေးတယူ အမည်နာမခေါ်ခြင်း၊ သီးခြားမိန့်ဆိုခြင်းများမရှိခဲ့။ ယခုတစ်ခါတွင်မူ ဆရာတော်သည် ထူးထူးခြားခြားပင် မိန့်မြွက်သည်ဖြစ်ရာ မိဖုရားကြီး နန်းမတော်မယ်နုအဖို့ လွန်စွာပင် ဝမ်းမြောက် ကျေနပ်မှုရရှိသည်ဟု သိရသည်။ ဆရာတော် မိန့်မြွက်တရားသည် လွန်စွာတိုတောင်းသည်၊ လွန်စွာအနှစ်အသားပါသည်၊ လွန်စွာပင် ထိရောက်ပါပေသည်ဟု ကြည်ညိုမဆုံးဖြစ်ရပေသည်။

"မိန္၊ သူ့အကြွေးရှိရင်ဆပ်ရလိမ့်မယ်"

❑

ရွှေဘိုမင်းတရားကြီး နန်းသိမ်းနန်းတက်ပွဲကျင်းပရာတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်မည် ဖြစ်သည်။ ဆရာတော်ဦးပုဗ်နှင့်သံဃာတော်များ စုံလင်စွာကြွရောက်နေ၍ ကန်တော့မည်ပြုသည့်အခါတွင် အမတ်ကြီးတစ်ဦးက လျှောက်ထားသည်။

"မိဖုရားခေါင်ကြီးထွက်တော်မမူသေး၍ ခဏစောင့်ပါဦး"

ဤသည်ကို ကြားသိသော ဆရာတော်ဦးပုဗ် ခပ်ဆတ်ဆတ်မိန့်ကြားသည့်အခါ ဘုရင်နှင့်တကွ မည်သူမျှမနေဝံ့ကြတော့ဘဲ ကန်တော့ကြရတော့သည်။ ဆရာတော်ဦးပုဗ် အမိန့်ရှိလိုက်သည်မှာကား အောက်ပါအတိုင်းဖြစ်ပါသည်။

"မိဖုရားခေါင်ကြီးပါမှ အန္တရာယ်ကင်းမှာလား"

ဆရာတော်ဦးပုဗ်သည် သက်တော်(၅၅) နှစ်၊ ဝါတော် (၃၅) ဝါကာလအတွင်း ကျမ်းပေါင်း (၆၀) ကျော် ပြုစုခဲ့ရာ နိဿယကျမ်း (၄၅) ကျမ်း ပါဝင်သည်။ ယနေ့ခေတ်ကာလ ဒေါ်လာဖတ်



www.burmeseclassic.com

www.burmeseclassic.com

မှုကြသည့် လောကနီတိသည် ဆရာတော်ဦးဗုဒ္ဓ ပြုစုခဲ့သော နိဿယကို ပြန်ဆိုထားခြင်း ဖြစ်သည်။ ထို့အပြင် ဆရာတော် ပြုစုခဲ့သည့် ဓမ္မစကြာပါဠိနိဿယ ပြန်ဆိုထားရှိသည်ကို အခြား ဆရာတော်များ သာလွန်အောင် မပြုစုနိုင်ကြသေး။

ဆရာတော်၏ ဘဝတစ်လျှောက် ပညာသာဖြစ်ခဲ့သည်။ ဆွမ်းစား၊ ကျိန်းစက်ချိန်တို့မှအပ ကျန်အချိန်များတွင် စာပေလေ့လာခြင်း၊ ကျမ်းစာရေးသားခြင်းတို့ဖြင့် အချိန်ကုန်လွန်စေခဲ့သည်သာ။ မင်းဆရာဖြစ်သော်လည်း ဘုရင်၊ မိဖုရားတို့နှင့် ပတ်သက်ခဲ့သူ မဟုတ်။ မလိုအပ်လျှင် ဒကာ၊ ဒကာမများနှင့်တွေ့ဆုံမှုခဲ့။ ကျော်ကြားမှု၊ တန်ခိုးဩဇာကြီးမားလိုမှု အလျှင်းမရှိ။ ခြိုးခြိုးခြံခြံသီတင်းသုံးသည်။ ပညာကြီးသော်လည်း ဥစ္စာမာနမရှိ။ သာသနာတော်စည်ပင်သန်းကာရေးအတွက် အနာဂတ်ကို မျှော်တွေးလျက် ကျန်းမာရေးကိုပင် ဂရုက်အလေးမမူဘဲ အချိန်ရှိသမျှ၊ အချိန်ရသမျှ ကျမ်းစာများကိုသာ ရေးသား ပြုစုတော်မူခဲ့သည်။

ခုဒ္ဒကသိက္ခာပါဠိတော်နိဿယ ကျမ်း ပြုစုစဉ်အခါက ဆရာတော်သည် ဒုလာဝမ်းသက်ရောဂါစွဲကပ်နေသည်မှာ သက်သာမျှမရှိ။ တစ်နေ့ထက်တစ်နေ့ ပို၍သာ ဆိုးရွားပြင်းထန်လာလျက်ရှိသည်။ ကုဋီမှဆင်းရသည်မရှိအောင်ပင် ရောဂါဖြစ်ပွားမှုကြောင့် ကျမ်းစာမပြုစုနိုင်ရာ။ ပုံလွန်တော်မူခဲ့သော် ကျမ်းစာမပြီးဦး ကျန်ရှိမည်ဖြစ်၍ ကုဋီထိုင်ရာ၏ မျက်နှာမူရာအုတ်နရံတွင် မီးသွေးများသုတ်လိမ်းပေးခိုင်းသည်။ ကုဋီထိုင်ရင်း ကျမ်းစာကို ပြုစုသည်။ တပည့်ဒကာများ ကပြန်လည်ရေးကူး၊ ပြီးလျှင် မီးသွေးများ သုတ်လိမ်း၊ ဆရာတော်က ရေးသား။ သည်သို့နှင့် ခုဒ္ဒကပါဠိတော် နိဿယ ကျမ်း (ဂါထာ စုစ်ကိုယ ၄၈၁ ပုဒ်) ပြီးမြောက်ခဲ့ပါသည်။ ထိုကျမ်းကြီးသည် သာသနာတော်အတွက် အလွန်ပင် အကျိုးကျေးဇူးကြီးမားလှသည့် ကျမ်းကြီး တစ်ဆူဖြစ်ပေသည်။ ဤမျှလောက်ပင် ဆရာတော်သည် သာသနာတော်အလေးအားတော်မူသည်ကို ကြည်ညိုမဆုံးနိုင်ပါ။

❑

ဘိုးတော်ဗဒုံမင်း၊ ဘကြီးတော်စည်ကိုင်းမင်း၊ သာယာဝတီမင်းဆက်သုံးဆက်တိုင် ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်

မြှောက်စားခံရသည့် ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် သာယာဝတီမင်းလက်ထက် အသက် (၈၀) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ အမတ်ကြီးကွယ်လွန်သည့်အခါ ထူးခြားသည့်လုပ်ဆောင်ချက်တစ်ရပ်ပေါ် ပေါက်ခဲ့သည်။ အသုဘပို့ဆောင်ရာတွင် အမတ်ကြီး ဦးပေါ်ဦး၏ ရုပ်အလောင်းခေါင်းတလားညာဘက်ခေါင်းရင်းဘက်မှ ညာဘက်လက်ကို အပြင်ထုတ်လျက်တန်းလန်းဖြင့် ပို့ဆောင်ခဲ့ရာ မြင်ကွင်းဆန်းပြားမှုကြောင့် မြင်ရသူ၊ ကြားရသူအပေါင်း အံ့သြဘနန်းဖြစ်ခဲ့ကြရသည်။

ပညာရှိအမတ်ကြီး မည်သည်ကို ရည်ညွှန်းကြောင်းကို မင်းနှင့်ပြည်သူအပေါင်းတို့ အဖြေမထုတ်နိုင်ခဲ့ကြပေ။ နေပြည်တော်တစ်ဝန်းရှိ စာပေကျမ်းဂန်နှံစပ်ကျွမ်းကျင်သော ဆရာတော်သံဃာတော်များသည်ပင် မဖြေရှင်းနိုင်ကြ။ မည်သည့်ပုဂ္ဂိုလ်ကမျှ ဖြေရှင်းခြင်းငှာ မစွမ်းသာကြသည့်အဆုံး ဆရာတော် ဦးဗုဒ္ဓက အောက်ပါအတိုင်း ဖြေရှင်းတော်မူပါသည်။

ယခုဘဝမှလွန်သော ပညာရှိမွန်ဒကာဝန်ကြီးကား ကျမ်းဂန်လည်းလွန်စွာတတ်မြောက်၏။ လောကီအရာ၌လည်း လွန်စွာလိမ္မာ၏။ စိတ်နှလုံးလည်း လွန်စွာနူးညံ့၏။ အရှင့်အရေး၊ ပြည့်အရေးကိုလည်း လွန်စွာနူးညံ့၏။ အရှင့်အရေး၊ ပြည့်အရေးကိုလည်း ထောက်တွေးရှုမျှော်လေ့ရှိ၏။ အတ္တဟိတ၊ ပရဟိတအရာတွင်လည်း ဘဝလွန်သည့်တိုင် မျှတလေ့ရှိ၏။ ယခုလွန်ရာတွင် ညာဘက်လက်တစ်ဖက်ကို ခေါင်း(သေတ္တာ)၏ အပြင်သို့ထုတ်ထားစေခဲ့သည်မှာ မည်မျှပင် ပညာကြီးစေ၊ မည်သို့ပင် လောကီမှုကျွမ်းကျင်စေ၊ မည်မျှလောက် ပစ္စည်းဥစ္စာမနေကြွယ်ဝစေ ဘဝတစ်ပါးသို့ ပြောင်းသွားရသည့်အခါ အကုန်မြဥစ္စာလောက်မျှကိုပင် ယူဆောင်နိုင်စွမ်းမရှိတော့။ လက်ချည်းသာသွားရ၏ဟု နေပြည်တော်ရှိ ရဟန်းရှင်လူပြည်သူအများ သတိသမ္မဇညတရားရှိရှစ်ကြစေလိုသည့် သဘောပင် ဖြစ်သည်

ဆရာတော်ဦးဗုဒ္ဓ၏ အထက်ပါအတိုင်း ရှင်းလင်းမိန့်ကြားသည်များကို ဆရာတော်သံဃာတော်အရှင်သူမြတ်များ၊ ဘုရင်၊ မင်းမိဖုရား၊ မှူးမတ်ဧည့်ပရိသတ်အပေါင်း နှစ်ခြိုက်လက်ခံအကြိုက်ညီသံဝေဂကြပါသည်။ အမတ်ကြီးဦးပေါ်ဦး၏ပြကွက်နှင့် သာသနာ့အာဇာနည်ဆရာတော်ဦးဗုဒ္ဓ ရှင်းလင်းချက်တို့ ကောင်းမွန်လှပါပေသည်။

တစ်ခေတ်တစ်ခါက ထူးခြားထက်မြက် ပညာရည်၊ နှလုံးရည် ပြည့်ဝလှသော၊ မြတ်စွာဘုဒ္ဓ၏ တပည့်သား သာသနာ့အာဇာနည်ဆရာတော်ဦးဗုဒ္ဓ၏ ကြည်ညိုဖွယ် အစိတ်အပိုင်းမျှကို ပူဇော် တင်ပြအပ်ပါသည်။ ဆရာတော် အထူးတလည် ကြိုးပမ်းပြုစုတော်မူခဲ့သည့် ခုဒ္ဒကပါဠိတော် နိဿယကျမ်း၏ ကျမ်းပြီးနိဂုံးတွင် ရေးသားဖော်ပြထားရှိသည့် ဆရာတော်၏ဆန္ဒတော်ကိုဖော်ပြလျက် စုံဆယ်ဖြာလက်ယှက်မိုး၍ ရှိခိုးကန်တော့ပါသတည်း။

❑ *ငါသည် ကိုယ်၊စိတ်နှစ်ဖြာမချမ်းသာသော ရောဂါဝေဒနာကပ်ရောက်လာသော်လည်း ကိုယ်နှင့်အသက်မငဲ့ကွက်မူ၍ ဤနိဿယကို ရေးသားဘိသကဲ့သို့ အသင်စာသင်သားတို့သည်လည်း ကိုယ်နှင့်အသက်မငဲ့ကွက်မူ၍ ဤခုဒ္ဒကသိက္ခာပါဠိနိဿယကို (၀၊) ကျန်များစွာသောကျင့်ဝတ်သိက္ခာကို အနည်းငယ်မျှဖြစ်သော အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာသိက္ခာသုံးပါးကို ပျားကောင်ပမာ ချိုမြိန်စွာသာ ပျားငယ်ရသာ မနုံးရာသော သိက္ခာသုံးပါးကို ကိစ္စတစ်ပါးစွန့်ပစ်ထား၍ ဖန်များကြိမ်ခါ လွန်စွာကြိုးကုတ် အားထုတ်မြဲပင်ယှဉ်စေကုန်သတည်း။*

နေဝင်းဝင်း(လွန်ဆေး)

ကျမ်းကို -
- သခင်အောင်ဖေ၏ ဆရာတော်ဦးဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာငါးဆယ် ပကိဏ္ဏကနိပါတ် ကေဒါရဇာတ်တော်တွင် ကောသိယဂေါတ္တမည်သော လယ်ပိုင်ရှင် ပုဏ္ဏားကြီးဖြစ်ခဲ့၍ ဘုရားအလောင်းတော်ကျေးမင်းကို ကျောက္ကင်းထောင်၍ အဖမ်းခိုင်းခဲ့ဖူးပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာအလောင်းလျာသည် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၏ အရှေ့မြောက်အရပ်မှာ တည်ရှိသော သာလိဒ္ဒိယရွာကြီး၌ လယ်ပိုင်ရှင် ပုဏ္ဏားကြီးတစ်ယောက်ဖြစ်ခဲ့၏။ ကောသိယအမျိုးအနွယ်မှဖွားမြင်လာသူဖြစ်၍ သူ့ကို ကောသိယဂေါတ္တ ဟူ၍ လူအများတို့က ခေါ်ဝေါ်လာခဲ့ကြလေသည်။

ကောသိယဂေါတ္တပုဏ္ဏားကြီး၏ လယ်ကွက်များသည် သာလိဒ္ဒိယရွာကြီး၏အရှေ့မြောက်အရပ်မှာ တစ်ခွင်တစ်ပြင်ကြီးရှိနေကြလေ၏။ ထိုစဉ်တုန်းက အနောက်မရွိမဒေသတွင် နယ်မြေအကျယ်အဝန်းကို ပါဠိဘာသာ ကရိသဟူသော ဝေါဟာရဖြင့်ပြုခဲ့ကြရာ ရွေးမြန်မာပညာရှင်ကြီးများက ထိုအတိုင်းအတာကို 'ပယ်' ဟူ၍ မြန်မာဘာသာပြန်ဆိုခဲ့ကြပေသည်။

အလောင်းအလျာ ကောသိယဂေါတ္တပုဏ္ဏားကြီး၏ လယ်မြေများသည် ထိုအတိုင်းအတာအားဖြင့် ပယ်ပေါင်းတစ်ထောင်မျှ ကျယ်ဝန်းပါပေသည်။ လယ်ပိုင်ရှင်ပုဏ္ဏားကြီးသည် လယ်မြေရှိသမျှအား လယ်ယာလုပ်သားတို့၏ လုပ်အားကို အသုံးချ၍ ရာသီမီအောင် သလေးစပါးပျိုးပင်များ စိုက်ပျိုးထားခဲ့လေရာ တန်ဆောင်မုန်းလသို့ ရောက်သောအခါ လယ်များ၌ ရှိရှိသမျှသော ကောက်ပင်တို့သည် အလုံးအလုံးတွေ့ရှိနေကြပေပြီ။

ထိုအခါ ကောသိယဂေါတ္တပုဏ္ဏားကြီးသည် လယ်ကွယ်များထဲသို့ လူများ၊ တိရစ္ဆာန်များ ဝင်ရောက်၍ မဖျက်ဆီးနိုင်ရန် လယ်မြေရှိသမျှကို ဆူးစည်းရိုးကာထားစေ၏။ ထိုမျှနှင့်အားမရသေးသဖြင့် ပယ်တစ်ထောင်ထဲမှ ထက်ဝက်ခွဲကာ ပယ်ငါးဆယ်၊ ပယ်ခြောက်ဆယ် စသဖြင့် သတ်မှတ်၍ သားချင်းဆွေမျိုးများထံ စောင့်ရှောက်ရန် အပ်နှံထား၏။ ကျန်သော ပယ်ငါးရာကိုကာ လယ်စောင့်တစ်ယောက်တည်းကိုသာ အခကြေးငွေအလုံအလောက်ပေး၍ အစောင့်ချထားလေသည်။

ပုဏ္ဏားကြီးမှာ ပစ္စည်းဥစ္စာတွေချမ်းသာကြွယ်ဝသည်နှင့်အမျှ အင်မတန်စည်းကမ်းကြီးလှ၏။ ပစ္စည်းရေးနှင့်ပတ်သက်လာလျှင် မည်သူ့ကိုမျှ အညာပေးလေ့မရှိချေ။ သူဘက်က ရသင့်ရထိုက်သည့်ဥစ္စာဆိုလျှင် တစ်ပြားတစ်ချပ်မျှ မလစ်ဟင်းရအောင် တောင်းယူတတ်ပေသည်။

ဤလယ်စောင့်ဌားသည့်ကိစ္စတွင်လည်း ပုဏ္ဏားကြီးသည် ထိုက်တန်သောအခကြေးငွေကိုပေးခဲ့၏။ ထိုသို့ပေးပြီးမှ သက်သေလူကြီးများရှေ့မှောက်တွင် ထိုရွာသားထံမှ ခိုင်လုံသောနှုတ်ကတိကို တောင်းဆိုထား၏။ ထိုနှုတ်ကတိစကားမှာ အခြားမဟုတ်။

"ဒီလယ်ကွက်များထဲက စပါးနံ့များ အန္တရာယ်တစ်စုံတစ်ခုကြောင့် ပျက်စီးဆုံးရှုံးရပါလျှင် တန်ဖိုးဖြတ်ပြီး ပေးလျော်ပါမယ်"

ဟူ၍ပင်ဖြစ်၏။

မဆိုဆိုကောင်း အန္တရာယ်တစ်ခုခုနှင့်သာ ကြုံလိုက်ရပါက ဤမျှလောက်

ညီတော်အာနန္ဒာ၏ပါရမီတော်ဖေမြိုးများ

# ဝဏ္ဏာသိရီ

## လက်ပံပင်ထိပ်ကရွှေအိုးကြီးများ

အပျက်အစီးများအတွက် တစ်သက်လုံးကျွန်ခံ၍ ပေးဆပ်သော်လည်း ပြေလိမ့်မည်မဟုတ်ပါ။ သို့ရာတွင် ပုဏ္ဏားကြီးပေးထားသော အခကြေးငွေကလည်း မက်မောလောက်အောင်ရှိနေ၍ ထိုရွာသားက ကမ္မသကာသဘောထားပြီး အစောင့်တာဝန်ကိုယူခဲ့ရပါပေသည်။

လုံးဝအတိမ်းအစောင်းမခံနိုင်သော ကိစ္စကြီးဖြစ်နေ၍ လယ်စောင့်ယောကျ်ားသည် ထိုလယ်ကွက်များအလယ်မှာ တဲထိုးပြီးလျှင် နေ့ရောညပါ နေထိုင်၍ မလစ်လပ်ရလေအောင် စောင့်ကြည့်နေရ၏။ စောင့်ကြည့်နေရင်း

www.burmeseclassic.com

www.burmeseclassic.com

ကပင် အန္တရာယ်တစ်စုံတစ်ခုကျရောက်လာလေမည်လောဟု စိတ်တထင့်ထင့်ဖြစ်နေခဲ့ရ၏။

စိတ်တထင့်ထင့်ဖြစ်ခဲ့ရသည့်အဘိုးပင် တစ်ခုသောနံနက်ခင်းမှာတော့ အန္တရာယ်တစ်ခုကျရောက်လာလေ၏။ ကျေး(ကြက်တူရွေး)ငှက်နှစ်ကောင်သည် ကောင်းကင်မှပျံကာ ဤလယ်ကွက်များသို့ရောက်လာကြ၏။ တချို့ ငိုက်၍၊ တချို့ထောင်၍ရှိနေသေးသော သလေးစပါးနံ့တို့ကို စိတ်တိုင်းကျ ကိုက်ဖြတ်၍စားကြ၏။ သူတို့၏နှုတ်သီးနီနီက ကိုက်ဖြတ်သည့်အားကောင်းလှသဖြင့် စပါးနံ့များမှာ တိခနဲတိခနဲပြတ်ကျကုန်ရ၏။ သူတို့ကို မြင်မြင်ချင်း လယ်စောင့်ယောကျ်ားကအပြေးသွား၍ခြောက်လှန့်ပါ၏။ အသံမြည်သော ပစ္စည်းများကို ဘီးခတ်ရင်း နှုတ်မှလည်း အော်ဟစ်၍ခြောက်လှန့်ပါ၏။ သို့ရာတွင် ကျေးနှစ်ကောင်ကတော့ စလုတ်ပြည့်အောင်စားမြဲစားပြီးလျှင် ရွှေရောင်ဝင်းနေသည့် သလေးစပါးနံ့တို့ကို နှုတ်သီးဖြင့်ကိုက်ခို၍ ပုံသွားကြပါတော့သည်။

ထိုလယ်ကွက်များအရှေ့မြောက်အရပ်၌ ခပ်မှ်မှ်မှ်တောင်ကုန်တစ်ခုရှိနေ၏။ ထိုတောင်ကုန်းကို လက်ပံပင်ဘောက ဖုံးအုပ်ထား၏။ ထိုလက်ပံတောနှင့် ကျေးအမြောက်အမြားတို့နေထိုင်လာခဲ့ကြ၏။ထိုစဉ်တုန်းက ဘုရားအလောင်းဘော်သည် ထိုကျေးအပေါင်းကို ကြီးမှူးအုပ်ချုပ်ရသောကျေးမင်းဖြစ်ခဲ့၏။ ကျေးမင်းနှင့်တကွသော ကျေးအပေါင်းသည် အခြားအခြံမှ်များ၌ ဟိမဝန္တာတောကြီးအထိပုံသန်းကြ၍ တောင်ပေါ်၌ အလို အလျောက်ပေါက်နေကြသော သလေးစေ့ပင်များမှ ရွှေရောင်ဝင်းနေသည့်အနှံများကို စိတ်တိုင်းကျစားနေကျဖြစ်၏။ ဆိုသို့စားလာခဲ့ကြ၍ တန်ဆောင်မုန်းလသရဒရာသီသို့ ရောက်လာသည်တွင် ငယ်သားဖြစ်သောကျေးများက -

"အို-ကျေးမင်းကြီး၊ အခုလိုအခြံမှာ ကျွန်ုပ်တို့နှင့်အနီးအပါးမှာပဲ သလေးစေ့ခင်းတွေမှည့်လောက်ပါပြီ။ ဒီတော့ ဟိမဝန္တာထိအောင်သွားမနေဘဲ အနီးအဝေးမှာပဲ ကျက်စားပါရစေ"

ဟု ခွင့်ပန်ကြ၏။

ဤတွင် အလောင်းတော် ကျေးမင်းက ကျေးနှစ်ကောင်ကို စုံစမ်းကြည့်ရှုရာ တာဝန်ပေးစေလွှတ်ခဲ့သဖြင့် တာဝန်ကျသော ကျေးနှစ်ကောင်က ကောဇိယဂေါတ္တပုဏ္ဏားကြီး၏ သလေးစပါးခင်းထဲသို့ ဆင်းခဲ့ကြခြင်း ဖြစ်ပေသည်။

တာဝန်ကျသော ကျေးနှစ်ကောင်တို့သည် ကိုက်ခဲ့လာခဲ့သော သလေးစပါးနံ့တို့ကို အလောင်းတော် ကျေးမင်းရှေ့သို့ချပြကြ၏။ သလေးစပါးနံ့တို့မှာ အဖုံးအလုံးအဆင့်မှာကျော်လွန်လာခဲ့ပြီးဖြစ်၍ အတွင်းမှာ အဆန်များဖြင့်ပြည့်ပြည့်ဖောင်းဖောင်းဖြစ်ကာ ဝင်းဝင်းဝါဝါရွှေရောင်သန်းနေကြသဖြင့် စားချင့်စဖွယ်ကောင်းကြပါပေ၏။

ထို့ကြောင့် နောက်တစ်နေ့ရောက်သောအခါ အလောင်းတော် ကျေးမင်းကိုယ်တိုင်ဦးဆောင်၍ ကျေးအပေါင်းတို့တစ်အုပ်တစ်ဖွဲ့ကြီးပျံလာခဲ့ကြ၍ လယ်စောင့်ယောကျ်ား၏ နယ်ပယ်အတွင်းသို့ ဆင်းလိုက်ကြလေသည်။

ကျေးနှစ်ကောင်ကျလာစဉ်ကပင် စိတ်နှလုံးတုန်လှုပ်ရသော လယ်စောင့်ယောကျ်ားမှာ ကျေးတွေတစ်အုပ်ကြီးကျလာသည်တွင်ကား ခြေမကိုင်မိလက်မကိုင်မိဖြစ်ရတော့၏။ ကျေးအုပ်ကြီးကျလာသည်နှင့်တစ်ပြိုင်နက် တဲကုပ်ထဲမှ အပြေးထွက်လာပြီးလျှင် ရရာလက်နက်များဖြင့် ပစ်ပေါက်၏။ အသံထွက်နိုင်သမျှပစ္စည်းများကို ရှိုက်ခတ်၍ အသံပေး၏။ ပါးစပ်ကလည်း စွမ်းနိုင်သမျှ အော်ဟစ်ခြောက်လှန့်၏။ သို့ရာတွင် ကျေးများကတော့ သူ့ကိုလုံးဝအမှုမထားကြပါ။ သည်နားက ခြောက်လိုက်လျှင် ဟိုနားသို့ပြောင်း၍စားကြ၏။ ဟိုနားကိုပြေးသွားပြန်တော့လည်း အခြားတစ်နေရာသို့ရွှေ့လာကြပြန်၏။ သလေးစပါးနံ့များသည် သူတို့နှုတ်သီးစလုတ်ထဲသို့ရောက်သည်နှင့်အမျှ မြေကြီးပေါ်သို့လည်း ဖိတ်စဉ်ကုန်ကြရပါလိမ့်မည်။

လယ်စောင့်ယောကျ်ားကို ဂရုမစိုက်ဘဲ စားချင်တိုင်းစား၍ စလုတ်ပြည့်ခါမှ ကျေးများသည် အချင်းချင်းအသံပေး၍ထပျံကြ၏။ ထိုအခါကျမှ လယ်စောင့်ယောကျ်ားသည် အလွန်တရာထူးဆန်းနေသည့် မြင်ကွင်းတစ်ခုကို မြင်ရတော့၏။ အခြားအခြားသောကျေးများမှာ နှုတ်သီးဗလာဖြင့် လွတ်လပ်ပေါ့ပါးစွာ ပုံသွားကြ၏။ သူတို့အထဲမှကျေးကြီးတစ်ကောင်ကမူ သူတို့လိုမဟုတ်ပါ ချေ။ သူသည် အခြားကျေးများထက် သိသိသာသာအကောင်အထည်ကြီးထွား၏။ အကောင်အထည်ကြီးထွားသည်နှင့် အမျှ အတောင်နှစ်ဖက်တို့ ရှိုက်ခတ်သံကလည်း ပြင်းထန်လှပါ၏။ အတောင်ခတ်သံ ပြင်းထန်လှပါသော်ငြားလည်း သူ၏ ပုံသန်းမှုကတော့ သိပ်မမြန်လှပါ။ သူ့နှုတ်သီးကြီးနှင့် သလေးစပါးနံ့များကို အပြည့်အလျှံ ကိုက်ခီထားခဲ့ရ၍ဖြစ်ပေသည်။

ထိုမြင်ကွင်းကြောင့် တအံ့တသြဖြစ်၍ ကျေးမင်းကြီးပုံရာနောက်သို့ ငေးကြည့်နေမိသော လယ်စောင့်ယောကျ်ားမှာ ချက်ချင်းဆိုသလိုပင် သတိရလာ၏။ သတိရလာသည်နှင့် တစ်ပြိုင်နက် ဆောက်တည်ရာမရရလောက်အောင်ပင် တုန်လှုပ်ချောက်ချားသွားရ၏။ ယနေ့ ကျလာခဲ့သည့်ကျေးအုပ်ကြီးမှာ လယ်ကွက်နှင့်အပြည့်အမျှ။ သူတို့အားလုံးက

www.burmeseclassic.com

www.burmeseclassic.com

အားပါးတရ ဆိတ်ဆွစားမျိုပစ်လိုက်ကြသဖြင့် လယ်ကွင်းတစ်ခုလုံး ရစရာမရှိတော့ပြီ။ နောက်နေ့နောက်နေ့များမှာလည်းထပ်၍ထပ်၍လာနေကြပါဦးမည်။ ဤအတိုင်းသာဆိုပါကလည်း ဤလယ်ကွက်များမှာ ကောက်ခိုးမှုသာကုန်ပါတော့မည်။ ဤမှုလောက်အတိုင်းအတာရှိသော အပျက်အစီးများအတွက် မည်ကဲ့သို့ အလျော်ပေးရပါမည်နည်း။

မိမိတို့မှာ စားဝတ်နေရေးမပြည့်စုံ၍ပင် ဤအလုပ်ကို အရဲစွန့်၍ လက်ခံခဲ့မိ၏။ ဤအလုပ်ကို လက်လွတ်မခံနိုင်သဖြင့် အပျက်အစီးရှိလာသမျှ ပေးလျော်ပါမည်ဟု နှုတ်ကတိပေးခဲ့ရ၏။ ယခုတော့ အခက်ကြုံကြုံပါပေါ့လား။ ပေးထားခဲ့သော နှုတ်ကတိကို မည်သို့ အကောင်အထည်ဖော်ရပါမည်နည်း။ မိမိနှင့်တကွ မိမိတို့တစ်အိမ်သားလုံး ရာသက်ပန်ကျွန်ခံ၍ ပေးလျော်၍ပင် သူ့ကြွေးသူမြီက ကျေမည်မဟုတ်သေးပါ။

တကယ်တော့ဖြင့် ဤအကျပ်အတည်းကို ဖြေရှင်းပေးနိုင်မည့် တန်ခိုးရှင်မှာ လယ်ရှင်ပုဏ္ဏားကြီးသာ ဖြစ်၏။ ကျားသနားမှ နွားချမ်းသာရမည့်အခြေအနေမျိုးဖြစ်၏။ ထို့ကြောင့် လယ်စောင့်ယောကျ်ားသည် ကျေးများကိုက်ဖဲ့စားသောက်ထားသော သလေးစပါးနှံတို့ကို လက်တစ်ဖက်နှင့်ဆုပ်နိုင်သမျှဖြတ်ယူပြီးလျှင် အိမ်သို့ပြန်လာခဲ့၏။ မျက်စိမျက်နှာမကောင်းသော အိမ်ထောင်ဦးစီးအတွက် အိမ်ရှင်မ၏ ကြောင့်ကြတကြီးမေးမြန်းမှုကိုပင် နှုတ်တုံ့မပြန်နိုင်ဘဲ -

"စားကောင်းသောက်ဖွယ်တစ်ခုခု ရှိသလား"

ဟူသာ အလောတကြီး မေးမြန်း၏။ အိမ်ရှင်မက မိသားစုစားဖို့ဝယ်ထားသော မုန့်မျှားရှိပါကြောင်းပြန်ကြားသည်တွင် ထိုမုန့်တို့ကို ဌက်ပျောဖက်သန့်သန့်ဖြင့် တရိုတသေထုပ်၍ အိမ်မှချက်ချင်းထွက်လာခဲ့၏။

မြေပိုင်ရှင်ကြီးများကို မှီခိုအသက်မွေးရသူတို့မှာ မိမိတို့အလုပ်ရှင်ကြီးများထံသို့ သွားရောက်တွေ့ဆုံရန်အကြောင်းရှိလာလျှင် ဤသို့ပင်လက်ဆောင်လေးများယူလာကြရ၏။ မြေပိုင်ရှင်သူဌေးကြီးများအတွက် ဤလက်ဆောင်ကလေးက အရာမရောက်သော်ငြားလည်း လေးလေးစားစားဆက်ဆံသည့်သဘောဆောင်နေ၍ သူတို့က ကျေကျေနပ်နပ် လက်ခံမြဖြစ်၏။

ယခု လယ်စောင့်ယောကျ်း၏ လက်ထဲမှာလည်း လက်ဆောင်ထုပ်လေး ပါလာခဲ့သည်။ သို့ရာတွင် သူ့ခမျာ လယ်ပိုင်ရှင်ကြီးအိမ်ပေါက်ဝသို့ ရောက်လာသည်နှင့် ခြေလှမ်းကမမှန်ချင်တော့ပါ။ တန်တုန်ခိုက်ခိုက်ဖြစ်နေသည့်ခြေထောက်တို့ကို အနိုင်နိုင်ထိန်းချုပ်ကာ ပုဏ္ဏားကြီးထံလျှောက်လာခဲ့ရ၏။ အလွန်အလွန်ကျိုးနွံပျပ်ဝပ်သောအမူအရာဖြင့် ပုဏ္ဏားကြီးထံချဉ်းကပ်ပြီးလျှင် လယ်တောထဲမှအခြေအနေမှန်ကို အထစ်ထစ်အငေါ့ငေါ့နှင့်ပြောပြရပါတော့သည်။

ယခင်ယခင် အချိန်များတုန်းက ပစ္စည်းဥစ္စာတစ်စုံတစ်ခု ဆုံးရှုံးသွားရလျှင် ယမ်းပုံမီးကျဒေါသတကြီးလာခဲ့သော ပုဏ္ဏားကြီးသည် သည်တစ်ခိုန်မှာတော့ ထူးထူးခြားခြားဖြစ်နေ၏။ သလေးစပါးနှံတွေဆုံးရှုံးပျက်စီးသွားကြရသည့် အရေးထက် ကျေးမင်းကြီးကို ပို၍စိတ်ဝင်စားနေမိ၏။ သူကအခြားသောကျေးများထက် သိသိသာသာ အကောင်အထည်ကြီးလှသတဲ့။ ပြီးတော့ သူများတွေလိုစလုတ်ပြည့်ရုံမဟုတ်သေးဘဲ သလေးစပါးနှံတွေကို လောဘတကြီး ကိုက်ခိုသွားသေးသတဲ့။ သည်လိုကျေးကြီးကို ကိုယ်တိုင်မြင်လိုက်ရလျှင် ဘယ်လောက်ကောင်းမည်နည်း။

ဤသို့သောစိတ်ကူးဖြင့် မြေပိုင်ရှင်ပုဏ္ဏားကြီးသည် လယ်စောင့်ယောကျ်းကို မည်သို့မျှပြစ်တင်ကြိမ်းမောင်းခြင်းမပြုဘဲ -

"အေး - ကောင်းပြီပေါ့ကွာ။ မင်းကိုယ်တိုင်ကမကာကွယ်နိုင်တဲ့အန္တရာယ်မျိုးဖြစ်နေတော့လည်း မင်းကိုအလျော်မတောင်းတော့ပါဘူးကွယ်။ ဒါပေမယ့် ကိစ္စတစ်ခုကိုတော့ ဆောင်ရွက်ပေးရလိမ့်မယ်"

ဟု ချိုချိုသာသာပြောလာလေ၍ -

"ကောင်းပါပြီ အရှင်ပုဏ္ဏားကြီး၊ ဆောင်ရွက်စရာရှိသမျှ အစွမ်းကုန် ဆောင်ရွက်ပေးပါ့မယ်"

အကြွေးဆပ်ရမည့်ဘေးဆိုးကြီးမှ လွတ်မြောက်သွားရပြီမို့ လယ်စောင့်ယောကျ်းက ဝမ်းပန်းတသာတုံ့ပြန်လိုက်၏။ လယ်ပိုင်ရှင်ပုဏ္ဏားကြီးသည် ချိုသာသည့်လေသံကို ဆက်လက်၍ ထိန်းထားလျက် -

"အေး - ကောင်းပြီ၊ မင်းဆောင်ရွက်ရမယ့်ကိစ္စကတော့ မင်းပြောပြထားတဲ့ကျေးမင်းကြီးပေါ့ကွယ်။ အဲဒီကျေးမင်းကြီးကို ကျော့ကွင်းနဲ့ ထောင်ဖမ်းပေတော့။ သူ့ကိုမိအောင်ဖမ်းပေးရုံဖမ်းရမှာနော်။ မသတ်ရဘူးမဖြတ်ရဘူး၊ နာကျင်အောင်လည်းမလုပ်ရဘူး"

ပြောသံကြားရုံနှင့်ပင် ကျေးမင်းကြီးအပေါ် မေတ္တာသက်ဝင်နေပြီဖြစ်၍ ပုဏ္ဏားသူဌေးကြီးက သေသေချာချာမှာကြား၏။

လယ်စောင့်ယောကျ်းသည် -

"ကောင်းပါပြီ ခင်ဗျား"

ဟု ဝန်ခံစကားပြောကြားပြီးလျှင် စိတ်လက်ပေါ့ပါးစွာ အိမ်သို့ပြန်လာ၏။

အိမ်သို့ရောက်ရောက်ချင်း မြင်းရှိသောအိမ်တစ်အိမ်သို့သွား၍ မြင်း၏မြီးဆံအချို့ကိုတောင်းယူလာပြီးလျှင် မြီးဆံမျှင်များကို ခိုင်ခံ့အောင်ကျစ်၏။ နောက်တစ်နေ့နံနက်လင်းလာသောအခါ လယ်ကွက်ထဲသို့ပြန်လာ၍ အလောင်းတော်ကျေးမင်းကြီးကျက်စားခဲ့သည့်နေရာတွင် ရေအိုးကြီးတစ်လုံးစာလောက်ကျင်းကို တူး၏။ ထိုကျင်းပေါ်တွင် တုတ်ချောင်းများ၊ သစ်ရွက်ခြောက်များ၊ မြေစာမှုန့်များဖြင့် ကျင်းမှန်းမသိအောင် ဖုံးအုပ်ထားပြီးလျှင် ထိုအပေါ်မှာကျော့ကွင်းကို မြင်သာအောင် ဖုံးလွှမ်း၍ထောင်ထား၏။

လယ်စောင့်ယောကျ်း တဲကုပ်သို့ပြန်လာ၍ မကြာမီမှာပင် ကျေးမင်းသည်လည်း နောက်ပါကျေးများကို ဦးဆောင်၍ ရောက်လာ၏။ အခြားအခြားသောကျေးများသည် ယမန်နေ့ကစားထားခဲ့သောကောက်ပင်များကိုရှောင်ရှားကာ မစားရသေးသော ကောက်ပင်များဆီသို့ ဦးတည်သွားကြ၏။ အလောင်းတော်ကျေးမင်းမှာမူ ထိုကဲ့သို့ပြုမူလျှင် အစားအသောက်၌ လောဘကြီးရာရောက်မည်၊ စည်းကမ်းမရှိရာရောက်မည်ဟု သဘောထားကာ စားလက်စနေရာမှစ၍ အစဉ်အတိုင်းစားသွားမည်ဟု ရည်ရွယ်ပြီးလျှင် ယမန်နေ့က ဆင်းသက်ခဲ့သောနေရာမှာပင်ဆင်းလိုက်၏။ အယောင်ဆောင်ပြုလုပ်ထားသော မြေပြင်ပေါ်သို့ ခြေနှစ်ဖက်ချလိုက်သည်နှင့် တစ်ပြိုင်နက် ကျေးမင်း၏တစ်ကိုယ်လုံး အောက်သို့ကျွံကျသွားပြီး ခြေနှစ်ဖက်က ကျော့ကွင်းမှာမိသွားလေတော့သည်။

ကျေးမင်းသည် ကျော့ကွင်းမှာ အမိခံလိုက်ရပြီဖြစ်ကြောင်းသိရသည်နှင့် တစ်ပြိုင်နက် အားအင်စိုက်ထုတ်၍ ရုန်းကန်ကြည့်၏။ မြင်းမြီးဆံသွားကို စိတ်တိုင်းကျကျစ်ထားသော ကြိုးကွင်းပြားနေ၍ မည်မျှပင်အားစိုက်၍ရုန်းသော်ငြား



www.burmeseclassic.com

www.burmeseclassic.com

ဆည်း ကျော့ကွင်းက ပြတ်မသွားပါ။ ဒီဆက်ထိုး၍ကြိုးစားနေလျှင် အကျိုးဆည်းခံသာရှိပါတော့မည်။

သို့ဖြစ်၍ အလောင်းတော် ကျော်ဇင်းသည် ကျော့ကွင်းတန်းလန်းနှင့်ပင် ကွန်ဖြေမပျက် ဆက်လက်၍ ရပ်နေလိုက်ပါ။ ကျော့ကွင်းမှာအမိခံလိုက်ရ၍ မိမိအသာ ထိတ်လန့်တကြား အသံပြုလိုက်ပါက နောက်လိုက်ငယ်သားကျေးအများမှာ ပြန်းခနလန့်ဖျပ်၍ ပျံကုန်ကြမည်ဖြစ်ပါ။ ဤသို့ပျံကြရပါက ဤယနေ့အဖို့ စလုတ်ပိန်ကပ်ကပ်နှင့်ဆာလောင်၍နေကြရပါလိမ့်မည်။ သို့ဖြစ်၍ ကျေးမင်းသည် နောက်လိုက်ငယ်သား ကျေးသားအားလုံးတို့ အစာဝလောက်မည်အချိန်အထိ ငြိမ်ငြိမ်ကလေးနေပေးခဲ့ပြီးလျှင် အစာဝလောက်ပြီဆိုခါမှ ကျော့ကွင်းမှာသွားသည့်အသံကိုပြုလိုက်ရာ နောက်လိုက် အခြေအရံ ကျေးအပေါင်းတို့မှာ တစ်ဟုန်ထိုးပုံသွားကြလေတော့သည်။

ကျေးမင်း၏ အော်မြည်သံကြားကြားချင်း လယ်စောင့်ယောကျ်ားသည် တဲကုပ်ထဲမှအလျင်အမြန်ထွက်လာခဲ့ရာ ကျော့ကွင်းတန်းလန်းနှင့် ကျေးမင်းကို တွေ့လိုက်ရသဖြင့် ဆွေးဆွေးခုန်တော့တာတ် ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ ဝမ်းမြောက်ဝမ်းသာလှည့်ပတ်ကြည့်ရှုပြီးမှ ကျေးမင်း၏ခြေနှစ်ချောင်းကို ပူးကပ်၍ ခိုင်ခိုင်တင်းတင်းကြီး ကြိုးနှင့်တုပ်ထား ပခုံးပေါ်မှထမ်းလျက် သာလီဒွီယန္ဒာအတွင်းသို့ အလျင်အမြန်ဝင်လာခဲ့လေသည်။

ကောသိယဂေါတ္တပုဏ္ဏားသူဌေးကြီးသည် ပြောသံကြားနှင့်ပင် ကျေးမင်းအပေါ် မေတ္တာမာတ်များ ပို့လွှတ်ထားပြီးဖြစ်နေ၍ ကျေးမင်းကို အကောင်အထည်နှင့်တကွ မြင်လိုက်သောအခါ လက်နှစ်ဖက်ဖြင့်ခံယူ၏။ ကျေးမင်း၏ အမွေးအတောင်တို့ကို ညင်ညင်သာသာ ပွတ်သပ်ပြီးလျှင် မိမိ၏သားသမီးကဲ့သို့ သဘောပိုက်၍ ရင်ခွင်ထဲမှာ ပွေ့ထားလျက် -

"အမောင်ကျေးသားရယ်။ အခြားကျေးသားတွေရဲ့ စလုတ်ကတော့ သူအတိုင်းအတာနဲ့သူရှိနေကြမှာပါ။ ဒါပေမယ့် အမောင်ကျေးသားရဲ့ စလုတ်ကတော့ ကြီးကျယ်လှပါကလားကွယ်။ ငါ့လယ်ထဲက သလေးစပါးထွေကို စလုတ်ကြီးဖောင်းကားနေအောင် စားမျိုထားတယ်။ စားရုံမျိုရုံနဲ့ အားမရသေးလေတော့ သလေးစပါးနဲ့တွေကိုလည်း နှုတ်သီးကြီးနဲ့ ကိုက်ခဲသွားသေးတယ်။ ဘယ်လိုလဲ အမောင်ကျေးသားရယ်။ ငါတို့အပေါ်မှာ ရန်ငြိုးထားခဲ့တာများရှိနေရော့သလား"

ဤသို့ ပုဏ္ဏားသူဌေးကြီးက ပြုံးချိုသောမျက်နှာဖြင့် စာရင်းတန်း မေးမြန်းသည်တွင် -

"ကောသိယနွယ်ဖွား အရှင်ပုဏ္ဏားကြီး။ သင်နဲ့ ကျွန်ုပ်တို့အကြားမှာ ဘာရန်ငြိုးမှမရှိခဲ့ပါဘူး"

ကျေးမင်းက ချေချေငံငံ အသံပြု၍ ဖြေကြားလိုက်၏။

ဤတွင် ပုဏ္ဏားသူဌေးကြီးသည် ပိုမို၍ ပြုံးရွှင်လာကာ -

"ဒါဖြင့် အမောင်ကျေးသားရယ်၊ အမောင်တို့နေတဲ့ လက်ပံတောထဲမှာ စပါးတွေသိုလှောင်ထားဖို့ ကျီတွေများ ဆောက်ထားကြလေရော့သလား"

"အရှင်ပုဏ္ဏားကြီး၊ ကျွန်ုပ်တို့တောထဲမှာ ကျီဆောက်ထားတာမရှိပါဘူး"

"ဒါဖြင့် ဘာကြောင့်များ ငါတို့ရဲ့ စပါးနှံတွေကို နှုတ်သီးနဲ့ကိုက်ခဲပြီးသွားရတာပါလဲ"

"ဒါကတော့ ဒီလိုရှိပါတယ် အရှင်ပုဏ္ဏားကြီး။ အရှင်ပုဏ္ဏားကြီးရဲ့ စပါးနှံတွေကို ကိုက်ခဲသွားပြီးတော့ ကျွန်ုပ်က ကြေးသစ်ကိုလည်းချရပါတယ်။ ကြေးဟောင်းကိုလည်းဆပ်ရပါတယ်။ ရွှေအိုးကြီးများကိုလည်း မြှုပ်နှံထားရပါတယ်"

"အလို - တယ်ပြီးထူးဆန်းလှပါကလား အမောင်ကျေးသားရယ်။ ငါတို့မနုဿလူသားတွေမှာသာ ကြွေးပေးကြွေးယူရှိတယ်လို့ မှတ်ထင်ထားခဲ့ပါတယ်။လိုအပ်လာတဲ့အခါ အလွယ်အကူထုတ်ယူသုံးစွဲနိုင်ဖို့ ရွှေအိုးကြီးတွေမြှုပ်နှံကြရပါတယ်။အခုတော့ အမောင်ကျေးသားတို့ရဲ့တောထဲမှာလည်း ဒီလိုအလုပ်တွေရှိနေတယ်ဆိုတော့ သိပ်ပြီးအံ့သြစရာပါ။ကဲကွယ် ပြောစမ်းပါဦး အမောင်ကျေးသားရယ်၊ အမောင်တို့လယ်ပဲတောထဲမှာ ကြွေးသစ်ချတယ်ဆိုတာက ဘယ်လိုများလဲ"

"အရှင်ပုဏ္ဏားကြီး၊ ကြွေးသစ်ချတယ်ဆိုတာက ဒီလိုပါ။ ကျွန်ုပ်မှာ သားငယ်၊ သမီးငယ်ကလေးတွေရှိပါတယ်။ အတောင်မစုံသေးတဲ့ နီတာရဲအကောင်ကလေးတွေဖြစ်ပါတယ်။ သူတို့လေးတွေကို အခုလို ကျွန်ုပ်ကဝဝလင်လင်ကျွေးမွေးပြီးတော့ ကျေးလားမြောက်အောင် ပြုစုစောင့်ရှောက်ထားခဲ့လေတော့ ကျွန်ုပ်တို့ အိုမင်းမစွမ်းဖြစ်လာတဲ့အခါမ သူတို့လေးတွေက အတုံ့အလှည့်ပြုစုကျွေးမွေးကြပါလိမ့်မယ်။အဲဒါကိုရည်ရွယ်ပြီးတော့ ကြွေးသစ်ချတယ်လို့ပြောရတာပါ"

"ကောင်းလိုက်လေ အမောင်ကျေးသားရယ်။ ကဲ - ဆက်စမ်းပါဦး၊ ကြွေးဟောင်းဆပ်တယ်ဆိုတာကကော ဘယ်လိုပါလဲ"

"ဒါကတော့ မိအိုဖအိုများကို ပြုစုလုပ်ကျွေးတာဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့မိဘနှစ်ပါးစလုံးက အိုမင်းမစွမ်းပြစ်ကုန်ကြပါပြီ။ ဒါကြောင့် သူတို့ကို အသိုက်ထဲမှာပဲနေနိုင်အောင် ကျွန်ုပ်ကကွေးမွေးပြုစုထားခဲ့ပါတယ်။ မွေးမိဘတို့ရဲ့အနွံ့ဝတ်ကျေးဇူးကိုသိပြီးတော့ သိသလိုတွေးပြီးတော့ ကျေးဇူးဆပ်တာဟာ ကြွေးဟောင်းကိုဆပ်တာဖြစ်ပါတယ်"

"ကောင်းမြတ်တဲ့စကားကြားလိုက်ရတော့ဝမ်းမြောက်လိုက်လေခြင်းကွယ်။ ကဲ - ဆက်ပါဦး၊ ရွှေအိုးကြီးမြှုပ်နှံရတာလေးကျွန်နေပါသေးတယ်"

"အို - အရှင်ပုဏ္ဏားကြီး ကုသိလ်ကောင်းမှုပြုလုပ်တာမှန်သမျှ ရွှေအိုးကြီးတွေ မြှုပ်နှံကြတာချည်းဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့ လက်ပံတောထဲမှာ အိုမင်းမစွမ်းကျေးကြီးတွေရှိနေကြပါတယ်။ သူတို့ခမျာ မျက်စိတွေကလည်းမွဲကုန်ကြပါပြီ၊ အတောင်တွေလည်းကျွတ်ကုန်ကြပါပြီ။ သူတို့စွမ်းအားနဲ့ သူတို့ရဲ့အစာကို မရှာနိုင်ကြပါဘူး။ ဒါကြောင့် ကျွန်ုပ်က သူတို့ကိုလည်းကျွေးမွေးနိုင်အောင် စပါးနှံတွေ ကိုက်ခဲသွားခဲ့ရတာဖြစ်ပါတယ်"

"အင်မတန်မွန်မြတ်လှပါပေတယ် အမောင်ကျေးသားရယ်။ ဒီလိုစိတ်နေသဘောထားမျိုးက ငါတို့ရဲ့မနုဿလူသားတွေထဲမှတောင်မှ ရှားလှပါတယ်ကွယ်။ ဒီတော့ ငါတို့လယ်ကွက်ထဲက သလေးစပါးတွေကို အမောင်ကျေးသားတို့အားလုံးစိတ်တိုင်းကျစားကြပါတော့။ ငါတို့ရဲ့ လယ်မြေပယ်တစ်ထောင်လုံးကို အမောင်ကျေးသားတို့ စားဖို့သောက်ဖို့ ထားလိုက်ပါတော့မယ်"

စတေနာသဒ္ဓါတရားထက်သန်စွာဖြင့် ပါရမီဖြည့်ဖက် ကောသိယဂေါတ္တပုဏ္ဏားကြီးက ပယ်တစ်ထောင်လုံးကိုပေးအပ်လိုက်သော်ငြားလည်း အလောင်းတော်ကျေးမင်းက အကုန်လုံးမယူပါ။ ပယ်တစ်သောင်ထဲက ရှစ်ပယ်စာမျှသာ လက်ခံခဲ့ပါ၏။

ဤသို့အားဖြင့် ပါရမီဖြည့်ဖက် အလောင်းတော် နှစ်ဦးသားတို့သည် ရာသက်ပန် ချစ်ကြည်လေးမြတ်စွာ ဆက်ဆံ၍နေလာခဲ့ကြလေသည်။

ဝဏ္ဏသိရီ



www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ထူခြားသည်ဟု ပြောရမလား။ ယနေ့တိုင် ထိန်းသိမ်းထားသော သမိုင်းဝင် ရိုးရာအမွေအနှစ်တွေရှိကြပါသည်။ သမိုင်း ဆိုသည်မှာ ထိန်းသိမ်းတတ်သူ အစီအစဉ်ကောင်းမှသာ ဖြစ်ပျက်ခဲ့ပြီးသော အကြောင်းအရာများကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း နှောင်းလူများ သိမြင်နိုင်ကြမည်ဟု ယုံကြည်ပါသည်။

ယခု စာရေးသူ တင်ပြမည့် 'မင်းကျောင်းကြီး' သည်ကား ယခင်က လည်းရှိခဲ့ဖူးပြီး ယခုလည်းရှိနေပါသော ကြောင့် မင်းကျောင်းကြီး၏ သမိုင်းကြောင်းကိုတော့ တင်ပြဖို့ရန် သင့်တော်သည် ဟူသော ယုံကြည်မှုနှင့် ရှာဖွေလေ့လာ၍ တင်ပြလိုက်ရပါသည်။

မင်းကျောင်းကြီးကို ရွှေးချယ် တင်ပြရသည်မှာ ဖျာပုံမြို့တွင် တစ်ခုတည်းသော ရုပ်စုံကျောင်းကြီးဖြစ်ခြင်း၊ သက်တမ်းအားဖြင့်လည်း အရှည်ဆုံး၊ မြန်မာပြည် တစ်နံတစ်လျားတွင်ရှိ ကုန်းဘောင်ခေတ် ဗိသုကာအနုပညာ လက်ရာများစုဝေးရာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အမြုတေရိပ်မြုံဟု ဆိုပါက မှားမည်မထင်ခေ။

ဖျာပုံမြို့၌ ထူးခြားသော ကျောင်းဖြစ်သည်နှင့် ဖျာပုံရွာ၏ဂုဏ်ကို ရာဇဝင်တွင်ပါဝင်နိုင်အောင် မင်းကျောင်းကြီးက တစ်ထောင့်တစ်နေရာမှ ကူညီထောက်ပံ့ ၍ထားလေ၏။ မင်းကျောင်းကြီး၏ တည်နေရာသည်ကား ဖျာပုံမြို့မြောက် ပိုင်းရပ် ပထမလမ်း၏ အနောက်ဘက်တွင် ထင်ရှားစွာရှိနေပါသည်။

'မင်းကျောင်း ဟူသော ဝိသေသ' ရှေးမြန်မာဘုရင်များ လက်ထက်တော်က ကောင်းမှုတော်ကျောင်းကြီးများ၊ သာသနာပိုင် အဆောက်အအုံများ၊ ပိုက်ဆံရှိသော်လည်း ဆောက်လုပ်ခွင့်မရပါ။ နေပြည်တော်မှသာ မင်းသား၊ မင်းသမီး၊ မှူးကြီးမတ်ကြီး၊ ရာထူးရာခံရှိသူ မင်းစိုးရာဇာများသာလျှင် ဆောက်လုပ်ခွင့်ရှိပါသည်ဟု သိရသည်။ ဘဝရှင်ဘုရင်မင်းတရားကြီးများ၏ အမိန့်တော်ကို နာခံလျက် ဆောက်ရသောကျောင်းမျိုးတွင် ဖော်ပြပါ မင်းကျောင်းကြီးက ပါဝင်နေပါသည်။ မင်းကျောင်းကြီးနှင့် ဆက်စပ်နေသော မူလဒါယကာမှာ မြန်မာနှစ် ၁၁၄၃ ခုနှစ်၊ ဗဒုံမင်း (ဘိုးတော်ဦးပိုင်း) လက်ထက်တွင် မွန်တို့ရာမညတိုင်းကို သိမ်းပိုက်ပြီး နောက် အိမ်တော်ပါကျွန်ရင်းဖြစ်သော ဦးကျော်ရွှေးအား ဒဂုံမြို့တွင် ဘုရင်ခံ ခန့်အပ်စေပြီး အုပ်ချုပ်စေ၏။

ဦးကျော်ရွှေးသည် ရာမညတိုင်းအား ဒဂုံ၊ မုတ္တမ၊ ဟံသာဝတီ၊ ဒလဟူ၍ ခရိုင်များခွဲခြားကာ ခရိုင်ဝန်များ ခန့်အပ်ခဲ့၏။ ဖျာပုံရွာသည် ဒလခရိုင်ထဲတွင် ပါဝင်သဖြင့် ဒလခရိုင်ဝန်သည် မျိုးရိုးကောင်း၊ လက်ရုံးရည်နှလုံးရည်ရှိသော ဦးဖားဆိုသူအား ရွာအုပ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ဦးဖားလွန်သော် သမက်ထော်သူ ဦးရွှေအောင်အား ရွာအုပ်ဆက်လက်ခန့်ထားခဲ့သည်။

၁၁၉၉ ခု၊ သာယာဝတီမင်းလက်

## မင်းနန္ဒရှိန်
## ဖျာပုံမြို့ ရွှေဟောင်းသမိုင်းဝင် ပဲနင်းကြီးဦးရွှေပေါ်ကောင်းမှု
# မင်းကျောင်းကြီး




ရွှေဟောင်းသမိုင်းဝင် ဖျာပုံမြို့ပဲနင်းကြီးဦးရွှေပေါ်ကောင်းမှုတော် ရုပ်စုံ မင်းကျောင်းကြီး
(မြောက်ပိုင်းရပ် မဟာပုညာရာမတိုက်၊ ဝိဟောက်ချောင်တွင် တည်ရှိပါသည်)



www.burmeseclassic.com

www.burmeseclassic.com

ဗျာပုံမြို့ မဟာပုညာရာမတိုက်၊ ဝိဟောက်ချောင်တွင်ရှိသော ခရေပင်ဟောက်ထိုး၏ မူလပင်စည်၊ အကိုင်းအခက်များ၏ အသောက်အဆုံးအလုံးရှည် (၃)ဖိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)+ ဆရာမကြီး ဒေါ်မြိုင်မြိုင်ထွန်း(ငြိမ်း) မိသားစု၊ သားသမီးပြေးပြစ်များကောင်းမှု

ဗျာပုံမြို့ မင်းကျောင်းကြီး၏ (၆) ကြိမ်မြောက် ရေစက်ချအလှူခံယာဂမကြီး အဘွားခေါ်အေး (ပစ္စည်းလေးပါးထောက်ပံ့သူ)

ဗျာပုံမြို့ မထေပုဉ္ဇာဠာဂုတော်ကြီး
ဖေ၊ဘွား စုရင်ပတ်သမီးအကျော်ငေးများတော်ဘုရား ကြီး
ဘဒ္ဒန္တ ပညာဝံသ

ထက် ဘုရင်နှင့် မိဖုရားသည် ဒဂုံသို့ စုန်ဆင်းကာ ရွှေတိဂုံစေတီတော်တွင် ရွှေသင်္ကန်းကပ်လှူကျင်းပရာသို့ ဗျာပုံရွာမှမွန်တို့က မွန်တူရိယာတို့နှင့်သွားရောက် ဖျော်ဖြေအမှုထမ်းရာ မင်းတရားကြီးက လွန်စွာနှစ်သက် သဘောတော်ကျ၍ မွန်တူရိယာအမှုထမ်းများကို နေပြည်တော်သို့ ခေါ်ဆောင်သွားခဲ့၏။

မွန်အဖွဲ့မှမောင်ရွှေပေါ်ဆိုသူအား မင်းတရားကြီးနှင့် မိဖုရားတို့က လွန်စွာသဘောတော်ကျသဖြင့် အိမ်တော်ပါကျွန်တော်ရင်း လူယုံအဖြစ် ခန့်အပ်ခဲ့၏။ မောင်ရွှေပေါ်ကလည်း အရှင်နှစ်ပါးပေါ်တွင် သစ္စာရှိစွာဖြင့် အမှုတော်ထမ်းလေသည်။ ထို့နောက် သာယာဝတီမင်း၊ ဦးခင်၊ ရွှေဘိုမင်းတုလည်း ခေါ်သည်နတ်ရွာစံသည်နှင့် ပုဂံမင်း ဦးလူကလေးနန်းတက်တော်မူ၏။ ပုဂံမင်းနှင့် မိဖုရားတို့သည် အိမ်တော်ပါငယ်ကျွန်ရင်းဖြစ်သောမောင်ရွှေပေါ်နှင့် ရွှေလောင်းသားအမှုထမ်းတို့ကို တာဝန်နှစ်ရပ် အပ်နှင်းလိုက်သည်။ ရှေးဦးပထမတာဝန်မှာ ဗျာပုံနှင့် ရွှေလောင်းတွင် ပဲ့နင်းကြီးများအဖြစ်ရုံးစိုက်စေပြီး လှေတော်အမှုထမ်းအဖွဲ့တာဝန်ကို ထမ်းရွက်ရန်၊ ဒုတိယတာဝန်မှာ ဗျာပုံနှင့် ရွှေလောင်းမြို့တွင် ဘုရင်မင်းတရားကြီးလည်း ကုသိုလ်ပွားစေ၊ ကျေးလက်နေသူတွေလည်း ကုသိုလ်ပွားစေရန် မင်းမျိုးမင်းနွယ်များသာဆောက်လုပ် လှူဒါန်းခွင့်ရှိသောကောင်းမှုတော်ကျောင်းကြီးတစ်ဆောင်စီ ဆောက်လုပ် လှူဒါန်းခွင့်ကိုလည်း ခွင့်ပြုပေးသနားလိုက်သောတာဝန် ဖြစ်လေသည်။

၁၂၀၈ ခုနှစ်တွင် ဗျာပုံပဲ့နင်း



www.burmeseclassic.com

www.burmeseclassic.com

သိုက်နန်းမှင်များ
(စောမြတ်မာလ၊ စောမူလ၊ ကောသင်းကြူ၊ စောရတနာ၊ စောကြူကြူသင်း၊ စောအေးကြည်၊ မောင်စောမင်းဝင်)

မင်းကျောင်းကြီးတံခါးများတွင် အသက်ဝင်ထုစွာသော ပန်းပုရုပ်ထုံးကြွနတ်သားပုံများ ထုဆစ်ထားသည်ကို တွေ့ရစဉ်

မင်းကျောင်းကြီးဆင်ကျွန်းသားတံခါးရွက်များ၌ ထွင်းထုထားသော သစ်သားပန်းပုရုပ် နတ်သားဆင်ပုံတော်

ဦးရွှေပေါ် နှင့် ရွှေလောင်းပဲနင်းတို့ ဘုရင်ပေးသနားသော ကျောင်းတစ်ဆောင်စီ ဘုရင်သုံးကျွန်းတိုင်ကြီးတို့ကို သစ်ဖောင်ဖွဲ့လျက် နေပြည်တော်မှ ဗိသုကာပညာရှင်များပါ ခေါ်ဆောင်၍ စုန်ဆင်းလာပြီး လျှင် ထိုနှစ်တွင်ပင် ဖျာပုံပဲ့နင်းခုံးစိုက်လျက် ဖျာပုံမြို့မြောက်ပိုင်းရပ် မဟာပုညရာမတို့က် ကျောင်းဝင်းအတွင်း၌ မင်းကျောင်းတော်ကြီးကို ဆောက်လုပ်လျှဒါန်းတော်မူလေသည်။

မင်းကျောင်းကြီးသည် လည်ပေါ်သုံးဆင့်၊ တုရင်၊ မှန်ကင်း၊ ပန်းဆွဲ၊ ပန်းတောင်၊ အပြောက်အမွှမ်းအပြည့် အစုံနှင့် ရွှေရောဟသ်ပဒါးခြယ်သထားသည်။ မောင်းမလည်သည် (၄) မျက်နှာလှည့်၍ ပွတ်လုံးတိုင်များအပြည့်ထည့်ထားလေသည်။ မောင်းမလည်တစ်ဖက်တွင် အုတ်လှေကား (၂) စင်းကျ၊ (၄) မျက်နှာတွင် လှေကား (၈) စင်းတပ်လေသည်။

ကျောင်း၏ ပတ်လည်တံခါးများတွင် ဥကင်၊ တုရင်၊ စိုင်ပေါင်၊ တော်ရနောင် စသော မုခ်ဝအမွှမ်းတင်တပ်ဆင်ပြီးလျှင် ရုပ်လုံးရုပ်ကြွရုပ်ပုံများ လူတစ်ယောက်နှီးပါး ထုဆစ်ထည့်သွင်းထား၏။ တောင်ဘက်နှင့် မြောက်ဘက် အနောက်ဘက်တွင် ဝင်ပေါက်တံခါးမကြီးများရှိ၏။ တံခါးမကြီးများပေါ်တွင် (၅၅၀) နီပါတ်တော်များနှင့် ဇာတ်ခင်းထား၏။ ၁၂၆၁ ခုနှစ်တွင် ပဲ့နင်းကြီး ဦးရွှေပေါ် ၏ မြေးဖြစ်သူ ဦးမောင် - ဒေါ်အေးတို့မှ ကျောင်းကြီး၏ အရှေ့ဘက်ကပ်လျက် ကျောင်းဦးပြာသာဒ်ဘုံ ခုနှစ်ဆင့်နှင့် ဆောက်လုပ် လှူဒါန်းလေသည်။ ၎င်းနောက် ၁၂၇၀ ပြည့်အတွင်းမှာ ဦးပုံ-ဒေါ်အိုးလယ်တို့က မောင်းမလည်များ ပျက်စီးနေသည်ကို ဖျက်သိမ်း၍ အုတ်တိုက်မောင်းမလည် ဆောက်လုပ်လှူဒါန်းကြလေသည်။

သို့သော် မင်းကျောင်းကြီးကို ပြုပြင် ဆောက်လုပ်ရာတွင် သစ်သား၊ မုခ်ထောက်၊ ဥကင်မှစ၍ ရုပ်လုံးရုပ်တုတို့ကို မပျက်စီးစေရအောင် ဒေါ်အေး၏ သားလတ် ဦးသောင်းမှ ကြီးကြပ်စီမံခဲ့၍ ယခုကဲ့သို့ ပြတင်းပေါက်များ၏တံခါးရွက်တွင် သိကြား၊ ဗြဟ္မာ၊ နတ်သား၊ နတ်သမီး၊ ကိန္နရီ၊ ကိန္နရာ၊ ဇော်ဂျီ၊ ဘီလူးရုပ်၊ နဂါးခြေသွေ့ရုပ်များကို လက်ရာမြောက်စွာ ရေးမူဟန်မပျက် တွေ့ရှိခဲ့ရခြင်းပင် ဖြစ်ပါသည်။

၁၃၀၁ ခု ပဲ့နင်းကြီး ဦးရွှေပေါ် ၏ မြေး၊ ဦးမောင်၏ဇနီးဖြစ်သူ ဒေါ်အေးတို့ ကျောင်းကြီး ပျက်စီးယိုယွင်းသည်ကို အသစ် ထပ်မံ ဆောက်လုပ်၍ ဘုရားကျောင်းဒါယကာဘွဲ့ ခံယူခဲ့ကြ၏။ ယခုမြင်တွေ့နေရသော ကျောင်းကြီးပင် ဖြစ်သည်။ ကျောင်းကြီးသည် စီမံကွပ်ကဲမှု ကောင်းသောကြောင့် ရှေးက ပဲ့နင်းကြီး ဆောက်လုပ် လှူဒါန်းသော ကျောင်းကြီး၏ မူလပုံစံနှင့် ခွဲခြား၍မရအောင် တစ်ထပ်တည်းဖြစ်နေသည်ကို တွေ့ရသည်။ ကျောင်းပေါ် တက်သော လှေကား နဖူးစည်းတွင် နာရဒဇာတ်တော်ကို ရုပ်လုံးထုလျက် မှတ်သားနာယူဖွယ်ရာ ဆရာကောင်းသမားကောင်းကိုသာကိုးကွယ်ဆည်းကပ်ရန်၊ အယူမှားသော ဆရာသမားများကို ရှောင်ကြဉ်ဖယ်လွှဲနိုင်စေရန် နည်းညွှန်ဥပဒေအဖြစ် ထုလုပ်ထားခြင်း ဖြစ်သည်ဟု သိရပါသည်။

အပေါ် ထပ်တွင် ဓမ္မဒေသနာတရားဟောပလ္လင်တံကဲ့ဥကင်နှင့် တောင်ဘက်လှေကားပေါက်အထက်နဖူးစည်းတွင်ဂုတ္တိလစောင်းသမားဇာတ်ထုပ်တော်ကိုထုဆစ်ထား၏။ အဓိပ္ပာယ်မှာ ကျေးဇူးရှင်ဆရာသမားကို ပြစ်မှားသည့်အတွက် ပျက်စီးဆုံးရှုံးရခြင်းကို သံဝေဂယူကြရန် ဖြစ်လေ၏။ မြောက်လှေကားတံခါး အထက်နဖူးစည်းတွင် ခန္ဓိဝါဒ ကုဏ္ဍာလရသေ့ကို ပြစ်မှားသော ကာဠဝပုမင်းမြေမျိုခန်းကို ထုဆစ်ထား၏။ အဓိပ္ပာယ်မှာ မိမိတို့ ဥစ္စာပစ္စည်းပြည့်စုံ၍ တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com

ထက်ခိုက်တွင် ကာမဂုဏ်လိုက်စားပြီး မိုက်မှားသေရည်သေရက်သောက်စားမှု တို့အတွက် မကောင်းသော အကုသိုလ်၊ ဒုစရိုက်ကို လိုက်စားခြင်းကို သံဝေဂယူ ကြရန် ဖြစ်သည်။

သို့သော် ပဲနင်းကြီး ဦးရွှေပေါ် နှင့် မှန်နန်းအပျိုတော်တို့တွင် သားသမီး အမွေခံမကျန်ခဲ့။ ပဲနင်းကြီး၏အစ်ကို ဦးဝိုက်ကြီးနှင့် ဒေါ်ကွန်တို့မှ မွေးဖွားသော ဝဏမသမီးကြီးဒေါ်နှင်းပွင့်၏သားဖြစ်သူ ဦးမောင်က လောကုတ္တရာအမွေခံအဖြစ် ကျောင်းဦးပြာသာဒ်ကို ဆောက်လုပ် လှူဒါန်းသည်။ ဦးမောင် ကွယ်လွန်ပြီး နောက် ဇနီး ကျောင်းအမ ဒေါ်အေးက ဆက်လက်ပြုပြင်လှူဒါန်း၍ (၆) ကြိမ် မြောက် ရေစက်သွန်းချလှူဒါန်းနိုင်ခဲ့ပြီး ဗဟုည်းလေးပါးထောက်ပံ့ခဲ့ရာ ၁၃၀၇ ခု၊ တော်သလင်းလဆန်း၇ရက်နေ့ အသက် (၈၅) နှစ်တွင် ကွယ်လွန်ခဲ့သည်။

ဝဲ၊ ယာနှစ်ဖက်တွင် ကောသလ မင်းအိပ်မက် (၁၆) ချက် ပန်းချီကားများ နှင့် အောင်ခြင်း(၈)ပါး ပန်းချီကားများရှိ ပါသည်။ ကျွန်းပွတ်လုံးတိုင်များ(၂၇)တိုင် ရှိပြီး နှစ်ပေါင်း (၁၆၀) ကျော်ရှိလာပြီဖြစ် သော်လည်း အနုပညာလက်ရာများက ယနေ့တိုင် ခေတ်ကိုတုပနိုင်လေသည်မှာ မင်းကျောင်းကြီး၏ ဂုဏ်ဒြပ်ဝိသေသနှင့် ကောင်းမှုရှင်တို့၏ စေတနာသဒ္ဓါက ထင်ရှားခဲ့၍ဟု ဆိုနိုင်လေသည်။

ပဲနင်းကြီး၏ အသုံးအဆောင် များထဲတွင် ယနေ့တိုင် ဘုရားခန်းထဲ၌ ထိန်းသိမ်းထားသော လော့်တဂ်ကြီးပင် ဖြစ်သည်။ လူတစ်ရပ်နီးပါး (၆) ပေခန့်ရှိ ပြီး အလှူးလော့်တက်ရွက်မှာ တစ်တောင့် ထွာခန့်၊ အနံလက်တစ်ဝါးခန့်ရှိသည်။ ၁၂၀၈ ခု ပုဂံမင်းလက်ထက် မြို့စားကြီး မင်းကျောင်းဒါယိကာပဲနင်းကြီး ဦးရွှေပေါ်ကိုင်ဆောင်ခဲ့သော လော့်တက်။ ဦးခင်မောင် - ဒေါ်ဖွား ရှာဖွေစုဆောင်း လှူဒါန်းသူ။ အမှတ်(၅)သင်္ဘောတံတား လမ်း ဖျာပုံမြို့ဟု ပါရှိပါသည်။

'လူမှာအမျိုး၊ ကြက်မှာအရိုး' ဆို သကဲ့သို့ ပဲနင်းကြီး ဦးရွှေပေါ်သည် မိမိ တို့သားချင်းများ အနွယ်အဆက်ကို လွယ်လင့်တကူသိရှိနိုင်ရန် မင်းကျောင်း ကြီး၏ ဒါယိကာအဖြစ် လှူဒါန်းကာ ကမ္ဘည်းကျောက်တိုင် ထူထောင်ခဲ့သဖြင့် လက်ရှိမြေးတို့မှာလည်း သတင်းဂုဏ် ရောင် ထွန်းပြောင်စေခဲ့သည့်အပြင် အဘိုး၏ကုသိုလ်တော် မင်းကျောင်း ကြီးကိုလည်း လျစ်လျူမပြု ဂရုဂါရဝ အာသီသစေတနာဖြင့် ကောင်းမွန်စွာ စောင့်ရှောက်၍ ဖြစ်ပေါ်လာသော စေတနာဖြင့် စဉ်ဆက်မပြတ် လှူဒါန်းကြ သည်မှာ မင်္ဂလာတစ်ပါးပင်ဖြစ်ခဲ့တော့ သည်။

ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့ သို့ တစ်ခါတစ်ခေါက်အလည်ရောက်ကြ ပါက ဘုရားများလည်းဖူးကြရင်း ပဲနင်းကြီး ဦးရွှေပေါ်၏ကောင်းမှုတော် ဘုရင့်အမိန့် တော်ရ မင်းကျောင်းကြီးကို သွားရောက် ကြည့်ရှုလေ့လာနိုင်သလို သာသနာ့ဓိမာန် ရှေ့ရှိ ခြင်္သေ့ဦးဘုရား သို့မဟုတ် မြောက်ပိုင်းရပ်မှ ဘုရားကြီးတွေကို ဆက်လက် ဖူးမြော်နိုင်ကြပါမည်။

တစ်ဆက်တည်း တင်ပြလိုသည် က မင်းကျောင်းမဟာပုညရာမတိုက် ပိတောက်ချောင်တွင်ရှိသော ခရေပင် ဇောက်ထိုး၏ အဆောက်အအုံကို အလွယ်တကူကြည့်ရှုနိုင်ကြရန် ဆရာ တော်များ၊ ဂေါပကများနှင့် ဆွေတော် မျိုးတော်များက စီစဉ်ဆောင်ရွက်ထား ပါသည်။ MRTV-4 နှင့် မြဝတီရုပ်မြင် သံကြားကလည်း မင်းကျောင်းကြီးကို မှတ်တမ်းတင်ငွေဒီယိုများ လာရောက် ရိုက်ကူးထားသည်ဟု တင်ပြရေးသား အပ်ပါလေသည်။

**အံ့သြဖွယ်နန်း ခရေပင်ဆန်း သို့မဟုတ် ခရေပင်ဇောက်ထိုး**

ဖျာပုံမြို့တွင် ခရေပင်ဇောက်ထိုး ဆိုသည်မှာ ငယ်စဉ်က မိစာများက ပြောမရသော ကလေးသူငယ်များကို ခြိမ်းခြောက်တတ်သည့်အပင် ဟူ၍ စာရေးသူတို့ ယုံကြည်ထားကြသော် လည်း တကယ်တော့ ခရေပင်ဇောက်ထိုး အကြောင်းကို မှတ်မှတ်ထင်ထင်သိလာ သောအခါတွင် ခရေပင်ဇောက်ထိုးဆို သည်မှာ ဖျာပုံမြို့ မင်းကျောင်းကြီး၏ ပရိဝုဏ်အတွင်းမှာရှိပြီး မဟာပုညာရာမ တိုက် ပိတောက် (ပန်းမသော်က) ချောင် တွင်ရှိသောခရေပင်တစ်ပင် ဖြစ်ပါသည်။

ခရေပင်ဇောက်ထိုးနှင့်ပတ်သက် ၍ ဖျာပုံမြို့သို့ ရောက်ရှိလာကြသူတိုင်း အထူးထူးအဆန်းဆန်းဖြစ်ကြရပါသည်၊ ရင်သပ်ရှုမောဖြစ်ရလေသည်ဟု ပြော စမှတ်ပြုကြပါသည်။ တချို့ဘုရားဖူးများ က ဓာတ်ပုံရိုက်ယူကြသည်။ ထူးဆန်း သောအပင် ရုက္ခဗေဒသဘောအရ ဆန့်ကျင်သောသဘောကိုဆောင်လျက် အရွက်အခက်အလက်မှန်သမျှတို့သည် အထက်သို့ ထောင်မတက်၊ အောက်သို့ သာဖြာလျက်ဆင်းသောကြောင့် အကိုင်း အခက်များကို ဒေါက်ခံထားရခြင်း၊ ဝါး လုံးတိုင်များနှင့် ထောက်ထားရသည်ကို တွေ့ခဲ့ရပါသည်။ အမြစ်ဖျားများမှာ လည်း အခက်အရွက်များနှင့် အပေါ် ထောင်တက်နေသည်ကို တွေ့ရပါသည်။ ခရေပင်၏အမြင့်မှာ (၉) တောင်ခန့်ရှိ မည်ထင်ရပါသည်။ အဝေးမှကြည့်လျှင် တောင်ပို့ငယ်သဏ္ဌာန်နှင့် တူပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော် သက်တမ်းရှိသည်ဟုသိရပြီး သက်ကြီး စကား သက်ငယ်ကြားအရနှင့် ဆရာ တော်ကြီးတစ်ပါး အမိန့်ရှိခဲ့သည်မှာ ဘုန်းတော်ကြီးသည် ကျောင်းပတ်ဝန်း ကျင်တွင် ခရေပင်ပေါင်းတစ်ရာစိုက် သည့်အနက် ဒီတစ်ပင်ကိုတော့ ရာဇ မတ်ကာ ပွဲပေးစီရင်ပြီးသည့်အခါမှာ ပေါက်လာသော ဒီခရေပင်သည် တစ်ခါ တည်း ဇောက်ထိုးပေါက်လာသည်ဟု ဆို ပါသည်။

ရှေးယခင်က ခရေပင်အကိုင်း အခက်များကို ဖျက်ဆီးသောသူတို့၊ ခရေပင်အောက်၌ အလေးအပေါ့်သွား သောသူငယ်တို့ သေကျေပျက်စီးသည် အထိရှိခဲ့ကြသည်ဟုသိရှိရ၏။ သို့သော် ၁၃၁၆ ခုနှစ်ခန့်က ဇာတ်အဖွဲ့တစ်ဖွဲ့ ဖျာပုံသို့ကပြရန်ရောက်ရှိလာပြီး ပြဇာတ် ရေးဆရာတစ်ဦးမှာ ထိုခရေပင်ကိုတူးဆွ ဖျက်ရာ. ဘေးအန္တရာယ်ဖြစ်ခဲ့သည်ကို မျက်မြင်တွေ့ရှိသူများ ပြောစကားအရ သိရှိခဲ့ရပါလေသည်။

ထိုခရေပင်သည် ပေါက်လာတဲ့ အခါ အခြားအပင်များနှင့်မတူဘဲ တစ်မူ ထူးခြားနေလေရာ သစ်ပင်၏အကိုင်း အခက်တစ်ခုခုကို ဖျက်ဆီးလျှင် ထူးခြား ဆန်းကြယ်စွာဖြစ်တတ်သည်ဟုယုံကြည် ပြီး မလေးမစားမလုပ်ဝံ့ကြဟုသိရသည်။

သို့သော် တစ်ချိန်တုန်းက ခက်ရွက်စိမ်းစို၍ ကျော်စောခြင်းဂုဏ်ရှိ သော ခရေပင်ဇောက်ထိုးမှာ မင်းကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသ ပျံလွန် တော်မူသောအခါတွင် တစ်စတစ်စညှိုး နွမ်းခြောက်သွေ့လာပြီး သေသွားကာ ယခုအခါ ခရေပင်ခြောက်ကို နှောင်းလူ တို့အတွက် အမှတ်တရဖြစ်စေခြင်းငှာ နှတ်နန်းတစ်ခုနှင့် မွမ်းမံပြင်ဆင်လျက် ပြသထားပါသည်။

မင်းကျောင်းဆရာတော်ကြီးသည် ထူးခြားသော ဆရာတော်ကြီးဖြစ်ပြီး အကျင့်သီလ၊ သမာဓိနှင့် ပြည့်စုံသည့် အပြင် ဝိပဿနာကမ္မဋ္ဌာန်းတရားကို



www.burmeseclassic.com

www.burmeseclassic.com

# ဥာဏ်လွင်မြွှင့်

## မှတ်သားဖွယ်ရာ သုတအကြောကြာ (၂)

**၁။ ဥဒါဟရဏ်**

ဒါဒါဟရဏ်ဟူသည် ပိဋကသုံးပုံမှဖြစ်စေ၊ လောကီပြောရိုးစကားမှဖြစ်စေ (ဥဒ္ဓရိတွာ)ထုတ်ယူ၍ (အာဟရဏ) ဆောင်ပြအပ်သောပုံစံကို ဥဒါဟရဏ်ဟု ခေါ်သည်။ 'ဥဒရိတွာ အာဟရိယတေတိ ဥဒါဟရဏံ' ဟု ဝိဂြိုဟ်ပြု။

**၂။ ပုဒ်**

'ဝိဘတ္တန္တိပဒံ' ဆိုသည့်အတိုင်း တစ်ဝိဘတ်အဆုံးရှိသောနာမ်၊ အာချတ်၊ ဥပသာရ၊ နိပါတ်သည် ပုဒ်မည်၏။

**၃။ ဝါကျ**

'ပဒသမူဟော ဝါကျံ' ဟူသည်နှင့်အညီ တစ်ပုဒ်နှင့်တစ်ပုဒ် အချင်းချင်းစပ်သော (သဒ္ဒါထုံးစံအတိုင်း စာစပ်၍ရသော အနက်အဓိပ္ပာယ်ဆက်သွယ်ရသော) ပုဒ်အပေါင်းသည် ဝါကျမည်၏။

အလင်္ကာသာဘာ၊ ကျမ်းစာ(၄၆)

**၄။ နတ်တို့စုတိ နိမိတ်(၅)ပါး**

*နတ်တို့ပြည်မှ၊ မတည့်ရွှေ့လို*
*နတ်ထိုထို့တို့၊ မွေးချို့လိန်းလန်း*
*ပန်မြဲမှန်းသား၊ ပန်းလည်းခွေညွတ်*
*အဝတ်နွမ်းနယ်၊ ဆင်းရွှယ်ပျော်ဂက်*
*အို၊*

အမြဲမပြတ် ကျင့်ကြံအားထုတ်၏။ ဆရာတော်ကြီးသည် သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၈) ဝါအရ ၁၃၄၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့တွင် ဘဝနတ်ထီးခိုလုံတော်မူခဲ့၏။ သို့သော် ဆရာတော်ကြီး၏ ကြွင်းကျန်ခဲ့သော ဥတုဇရုပ်ကလာပ်မှာ အိပ်ပျော်နေသည့်အလား အသားအရေ နူးညံ့ပျော့ပျောင်း၍ ပုပ်ပွနံ့စော်ခြင်းမရှိခဲ့ပါ။ ၁၃၄၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်မှ ၈ ရက်နေ့အထိ ဆရာတော်ကြီး၏ အန္တိမစျာပနအခမ်းအနားကို ကျင်းပခဲ့လေသည်။ ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည့် နံနက်ပိုင်း ဝေလီဝေလင်းအချိန်တွင် သိရှိမီလိုက်သော ဘိုးဘွားများပြောပြသည်မှာ ကောင်းကင်ယံသည် ဝင်းထိန်သွားပြီး ခရုသင်းစည်တော်သံများကြားခဲ့ရသည်။

ဆရာတော်ကြီးနှင့် ခရေပင်ဇောက်ထိုးသည် မည်သို့မည်ပုံ ဆက်စပ်နေသည်မသိ။ ဆရာတော်ကြီး ပျံလွန်တော်မူသည့် ၁၃၄၃ ခုနှစ်တွင် တစ်စတစ်စ ညှိုးနွမ်းခြောက်သွေ့၍ ယခုမြင်ရသည့်အတိုင်း သစ်ခြောက်ပင်ကြီးဘဝသို့ ရောက်ရှိသွားလေသည်။ ဤသည်ကို ယခင် မင်းကျောင်းကြီးဒကာ ပဲ့နင်းကြီး ဦးရွှေပေါ်၏မြေး၊ ဒေါ်အေး၏မြစ် မျိုးဆက်များဖြစ်ကြသည့် ဦးထွန်း - ဒေါ်ပန်းအိတို့၏ သားသမီးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)နှင့်ဒေါ်မြင့်မြင့်ထွန်းမိသားစုမှ ပြန်လည်မွမ်းမံ ပြုပြင်ထားပါသည်။

**ခရေပင်ဇောက်ထိုးအနီးမှ သိုက်နန်းရှင် မောင်နမများ**

စောမြတ်မာလ၊
စောမူလ၊
စောသင်းကြူ၊
စောရတနာ၊
စောဖြူဖြူသင်း၊
စောအေးကြည်၊
မောင်စောမင်းဝင်း၊

ခရေပင်ဇောက်ထိုး၏ နံဘေးတွင် ဒန်းပုခက်နှင့်နန်းကိုထားရှိပါသည်။

ထူးခြားသော ကရင်မောင်နှမများ၏သိုက်နန်းဖြစ်ပြီးလျှင် ဒန်းပုခက်နှင့် နန်းလေးထားရှိပေးရန် တောင်းပန်သောကြောင့် သူတော်ကောင်းတရားကျင့်ကြံအားထုတ်နေသောပုဂ္ဂိုလ်များမှ နေရာပေးထားခြင်း ဖြစ်သည်ဟု သိရပါသည်။

တချို့ ကရင်မောင်နှမနန်းနှင့် ပတ်သက်၍ ပဋ္ဌာန်းဆက်ရှိသူများမှ ကန်တော့ပွဲများ လာရောက် ဆက်သခြင်း၊ ပဝါများဆက်သထားသည်ကိုတွေ့ရှိ၍ မေးမြန်းရာတွင် မိမိတို့အမိဋ္ဌာန်နှင့် လာရောက် ဆက်သခြင်း၊ အမိဋ္ဌာန်အောင်ခြင်းတို့ကြောင့် ဆက်သသည်ဟု ခရေပင်ဇောက်ထိုးအနီး ရွှေကရင်မောင်နှမသိုက်နန်းရှင်များအကြောင်းကို တချို့သိခဲ့ရပါသည်။

ပရလောကဆိုသည်မှာ အနည်းငယ် ထူးခြား ဆန်းကြယ်လှပါ၍ မယုံကြည်လျှင် မလေးမစားမလုပ်ကြပါရန်၊ ယုံကြည်လျှင်လည်း လေးစားကြပါ။ အဘယ့်ကြောင့်ဆိုသော် နတ်နှင့် နဂါးမလှည့်စားကောင်းဟူသောစကားရှိထား၍ ဖြစ်ပါသည်။

တစ်ခုထူးခြားသည်က ခရေပင်ဇောက်ထိုးနံဘေးတွင် သိုက်နန်းရှင် ရွှေကရင်မောင်နှမများ ရှိနေသည်က ဆန်းကြယ်နေပါသည်။ ခရေပင်ဇောက်ထိုးနှင့် မည်သို့မည်ပုံဆက်စပ်နေသည်ကို မှတ်တမ်းအဖြစ် စာရေးသူ ရှာဖွေ၍ ရေးသားပါဦးမည်ဖြစ်ကြောင်း သတင်းပေးလိုက်ရပါသည်။

မင်းသုခ်ရွှန်



www.burmeseclassic.com

www.burmeseclassic.com

ဒွေယိုသံထွက်၊ နေရာထက်လည်း စိတ်စက်မွေ့လျော်၊ မဖျော်ပိုက်လှဲ၊ ထင်ကုန်မြဲသို့ ဟူ၍ ဆိုသည်။

**၅။ နတ်တို့သက်တမ်း**

လူတို့၏ နှစ်အရေအတွက်အား ခြင့် -

၁။ (၉) သန်းသည် စတုမဟာရာဇိနတ်သက်၊
၂။ (၃)ကုဋေ (၆) သန်းသည် တာဝတိံသာနတ်သက်၊
၃။ (၁၄)ကုဋေ (၄)သန်းသည် ယာမာနတ်သက်၊
၄။ (၅၇) ကုဋေ (၆) သန်းသည် တုသိတာနတ်သက်၊
၅။ (၂၃၀) ကုဋေ (၄) သန်းသည် နိမ္မာနရတိနတ်သက်၊
၆။ (၉၂၁) ကုဋေ (၆) သန်းသည် ပရနိမ္မိတဝသဝတ္တီနတ်သက်။

(ဆရာဦးကျော်လှိုင်၏ ကျောင်းသုံးမင်္ဂလာ၊ စာ ၁၁၆ မှ)

**၆။ ဗျည်းဗုဒ္ဓိ(၁၀)ပါး**

၁။ ခနိတ-ခပ်တင်းတင်းအသံပြုရွတ်ဆိုရခြင်း၊
၂။ သိထိလ-ခပ်လျော့လျော့အသံပြုရွတ်ဆိုရခြင်း၊
၃။ ဒီဃ-ခပ်ရှည်ရှည်အသံပြုရွတ်ဆိုရခြင်း၊
၄။ ရသ - ခပ်တိုတိုအသံပြုရွတ်ဆိုရခြင်း၊
၅။ ဂရု - လေးလေးပင်ပင် အသံပြုရွတ်ဆိုရခြင်း၊
၆။ လဟု - ပေါ့ပေါ့လွင်လွင်အသံပြုရွတ်ဆိုရခြင်း၊
၇။ သမ္မန္န - ဆက်စပ်ဖတ်ရခြင်း၊
၈။ ဝဝတ္ထိက - ခြားနား၍ဖတ်ရခြင်း၊
၉။ နိဂ္ဂဟိတ - နှုတ်ခမ်းပိတ်၍ရွတ်ရခြင်း၊
၁၀။ ဝိမုတ္တိ - အသံဖွင့်၍ရွတ်ရခြင်း။

ဂင်းဗျဥ်နဗုဒ္ဓိ(၁၀)ပါးကို ကိုးခန်းပို့ အောက်ပါအတိုင်းစပ်ဆိုတော်မူသည်ကို မှတ်သားရသည်။

*၁ ပုဒ်စပ်ချောပြေ၊ သန္ဓေခြားဖြတ်သံလွှတ်ဖွင့်ဆို၊ ရှည်တိုလေးပေါ့တင်းလော့နိဂ္ဂဟိတ်၊ အစိတ်အဖြာအင်္ဂါဆယ်ခု၊ ဖတ်မှုမကျွမ်းနားမချမ်းမူ၊ တတ်စွမ်းသောလျှောက်မကောက်မငင်၊ မသင်ပြင်ပဲမဖင်နွဲ့နှင့်။*

ဟူ၍ ရှင်မဟာရဋ္ဌအကျော်ဆရာတော်စပ်ဆိုတော်မူသည်။

ကိုးခန်းစာ (၂၃၉)

**၇။ ဌာန (၅) ပါး**

၁။ လည်ချောင်းအသံဖြစ်ရာဌာန
၂။ အာစောက်အရပ်ဌာန
၃။ လျှာထိပ်အရပ်ဌာန
၄။ သွားအစွန်းဌာန
၅။ နှုတ်ခမ်းမှအသံဖြစ်ရာဌာန

ဟူ၍ အသံဖြစ်ရာ (၅) ဌာနရှိသည်။

**၈။ ကရိဏ်း (၄) ပါး**

၁။ ဇိဗ္ဘာမရွှကရိဏ်း - လျှာလယ်အရပ်။
၂။ ဇိတ္ထောပဂ္ဂကရိဏ်း - လျှာဖျားအနီးအရပ်။
၃။ ဇိဝှဂ္ဂကရိဏ်း - လျှာဖျားအရပ်၊
၄။ သကဋ္ဌာနကရိဏ်း - အသံတို့၏ မူလဖြစ်ပေါ်ရာအရပ်။

**၉။ ပယတ်(၄)ပါး**

ပိတ်ခြင်း၊
ဖွင့်ခြင်း၊
ပြင်းစွာထိခြင်း၊
စဉ်းငယ်ထိခြင်းတို့ဖြစ်၏။

အက္ခရာတို့ကို စနစ်တကျရွတ်ဆိုရသောအခါ အသံ၏အရှိန်ကို အပိတ်၊ အဖွင့်၊ကရိဏ်းရိုက်၍ ထိခိုက်သံများဖြစ်ပေါ်လာ၏။ ယင်းသို့သောအသံများကို ပယတ်ဟုခေါ်သည်။

**၁၀။ ရွှေတိဂုံစေတီတော်အင်္ကတဖျော်စပ်နည်း**

*၁ ကြစုနော၊ ဒွယတင်လဲ ဆင့်ကဲသုံးဆ၊ ဥသျှစ်မှလျှင် ခြောက်ဆကော်ရည်၊ ထည့်သည့်မှန်လှ ဆယ့်နှစ်ဆကာ၊ ယူထအုံတုံ ငါးပါးစုံကို၊ ရောကုန်အမြဲ ထုံးနှင့်သဲလည်း မလွဲအမျှ ချင့်ပြီးမှထည့်၊ ရောထကော်ရည် ထောင်းသည်လေးခါ၊ညက်ပြီးကာမှ မြတ်စွာရောင်ဟုန်၊ ရွှေတိဂုံကို တည်တုံအစ၊ ပဋမမြှဲ တည်ကြဖူးလေ၊ အင်္ဂတေလည်း မာတွေနိုင်လှ၊ ကျောက်တမျှ ဟူ၏။*

ဤလင်္ကာအရ အင်္ဂတေဖျော်စပ်လျှင် -

ကြစု - တစ်ဆ
တင်လည်း - နှစ်ဆ
ဥသျှစ် - သုံးဆ
အုံတုံ - ဆယ့်နှစ်ဆ

ကျွဲကော် - ခြောက်ဆနှင့် သဲနှင့်ထုံးကို အထက်ပါတို့နှင့် သင့်တော်ခဲ့ရောစပ်ရသည်။ ရွှေတိဂုံစေတီတော်ကြီးကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့တည်သည်။

**၁၁။ ဘုရားတည်ပုံအဆင့်ဆင့်**

ဘုရား၊ ပုထိုး၊ စေတီတော်များကို တည်ဆောက်ရာ၌ ဗိသုကာလုပ်ငန်းအဆင့် (၉)ဆင့်ရှိသည်။

၁။ ပရိကမ္မ - မြေသန့်မင်္ဂလာ (၀ါဆိုလပြည့်နေ့)၊
၂။ ပန္နက်တင်မင်္ဂလာ - ၀ါဆိုလပြည့်နေ့ညတွင်ပြုလုပ်သည်။
၃။ ရတနာအုတ်မြစ်ချမင်္ဂလာ - သီတင်းကျွတ်လပြည့်နေ့၊
၄။ အခြေခံ မူလ ဌာပနာတော်သွင်းမင်္ဂလာ - ကဆုန်လပြည့်နေ့၊
၅။ ထိုနေ့မှာပင် သတ္တဋ္ဌာနဖွင့်လှစ်ထည့်သွင်းခြင်းမင်္ဂလာ၊
၆။ အထက်ဌာပနာသွင်းခြင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်းမင်္ဂလာ - နှတ်တော်လပြည့်နေ့၊
၇။ ထီးတော်တင်မင်္ဂလာ - တပို့တွဲလပြည့်၊
၈။ ရွှေကြာသင်္ကန်း ကပ်လှူခြင်းမင်္ဂလာ၊
၉။ အနေကဇာတင်ခြင်း၊ အလှူတရားနာရေစက်သွန်းချခြင်းမင်္ဂလာဟူ၍ အဆင့်(၉)ဆင့်ရှိကြောင်း -

(၂၃ - ၅ - ၈၈ ရက်နေ့ထုတ် လုပ်သားသတင်းစာ - စာ (၄) ဆရာစပ်ထွန်းမှတ်ဝင်းဆောင်းပါးမှဖြစ်သည်။ ရန်ကုန်မဟာဝိဇယစေတီတော်ကြီးတည်စဉ်က အစီအစဉ်များ ဖြစ်ပါသည်။)

**၁၂။ ဘုရားထီးလှူကျိန်း**

၁ ဘုရားထီးလှူ။ ပူဇော်သူတို့ ချမ်းပူကင်းဝေး၊ ညစ်ကြေးမကပ်၊ ဥပဒ်ဝေးကွာ၊ ရောဂါကင်းခြင်း၊ စိတ်တွင်းကြည်လင်၊ လူတွင်ပူဇော်ကော်ရော်ဘိခြင်း၊ ရုပ်ဆင်းမွေ့ညက်၊ ထီးလက်သိန်းချီ၊ မိုးလိမ့်မည်ဟု ယုံကြည်မျှော်ကိုး၊ လှူသည့်ကျိုးကား ရှစ်မျိုးဟောပြတ်ပါသတည်း။

(ပုထိုးတော်ကြီးဘုရားအလှူခံဌာန)

ဥက္ကာလွှဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



# မွတ်သားကျင့်ဆောင်ရန် အဖိုးတန်အလိမ္မာစာစုများ

(ဗုဒ္ဓဘာသာအချို့ဆက်သွယ်ချက်များ ထိုရက်သွားခြင်း)

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

**မမ္မပဒဂါထာ (၁၀၃)**

(၁) သဗ္ဗပါပဿ အကရဏံ၊
(၂) ကုသလဿ ဥပသမ္ပဒါ၊
(၃) သစိတ္တ ပရိယောဒပနံ၊
(၄) ဧတံ ဗုဒ္ဓါန သာသနံ။

(၁) မကောင်းမှုဟူသမျှကို မပြုရာ။ (၂) ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေရာ၏။ (၃) မိမိစိတ်ကို ဖြူစင်စေရာ၏။ (၄) ဤသည်ကား ဘုရားရှင်တို့၏အဆုံးအမတော်ဖြစ်၏။

**အရှင်ဇနကာဘိဝံသ၏ ဘုရားမြတ်ဂုဏ်အာရုံပြု**

အို . . . ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတို့။ နေ့စဉ်နေ့တိုင်း နံနက်ပိုင်းနှင့် ညပိုင်းအခါ စောသတ္တာ၏များစွာဂုဏ်စု၊ အာရုံပြုလော့၊ လူမှုကိစ္စ၊ ဆောင်ရွက်ကြလည်း၊ ဗုဒ္ဓစောမြတ်၊ မနောဓောတ်၌၊ မပြတ်မိုက၊ ရပ်တည်ကာဖြင့်၊ မေတ္တာနှလုံး၊ သစ္စာသုံး၍၊ ရွှင်ပြုံးအေးမြ၊ ပြုလုပ်ကြလော့။

**ဘုရားရှင်၏ဂုဏ်တော်များ**

**အရဟံ** - မပြတ်ပွား လာဘ်များ၍ တိုးသရေ။

**သမ္မာသ္ဗု** - ပွားလေလျှင် ထက်မြက်ပေ ဉာဏ်သွား။

**ဝိဇ္ဇာစ သမ္ပန္နော** - ကြဲဖန်ရာ ပြီးချက်ကများ။

**သုဂတ** - ပြောဆိုရာမှာ၊ ကိုယ်ကသာ နိုင်သား။

**လောက** - မှာတတ်စုံပွားပါလို့ ဒြပ်ဂုဏ်ထွား၊ နှံစွာဖြာ။

**နတ္ထာရာ** - ဆိုးသူကွင်းပါရ၊ ပြိုင်ဘက်ကင်းဖြစ်ရမှန်စွာ။

**သတ္ထာပွား** - ကောင်းအာဏာ၊ ပေါင်းသဟာ ကူညီရလို့။

**ဗုဒ္ဓါ - ပ** - သူစိတ်ကမူ သိလိမ့်မည်ဟူ။

**ဘဂဝါက** - ဘုန်းကံလူသည် ပုန်ကန်သူမရှိပါလေး။

(ရွှေပြည့်ရှင် - ဦးသုန္ဒရ)

**ကြီးပွားချမ်းသာ ထွန်းကားလိမ့်မာ**

၁။ လယ်ယာလုပ်သူ၊ ပေါများမူ၊ တိုင်းသူပြည်သား၊ လွန်ကြီးပွား။
၂။ ကုန်ရောင်းဝယ်သူ၊ ပေါများမူ၊ တိုင်းသူပြည်သား၊ ချမ်းသာများ။
၃။ ပညာရှိသူ၊ ပေါများမူ၊ တိုင်းသူပြည်သား၊ လွန်ထွန်းကား။
၄။ ရဟန်းဝိညူ၊ ပေါများမူ၊ တိုင်းသူပြည်သား၊ လိမ္မာများ။

**ဂုဏ်တော် (၉) ပါး အကျိုးများ**

ကျက်သရေ တက်နေလ ထက်ပေစွ **အရဟံ**၊ ကောင်းမြတ်သည့်ကလျာဉာဏ် **သမ္မာသမ္ဗုဒ္ဓါ**။ ကြဲအောင်စွမြတ်**ဝိဇ္ဇာစရဏ**သာ၊ ရွှတ်ကြစေသော်။ ပြုသမျှအမှုသာအောင် **သုဂတ** ရွှတ်ကြစေသော်။ ကြဲအစည် သူသဘော မြတ် **လောကဝိဒူ**။ ဆိုးနတ်လူ **အနုတ္တရော** နှုတ်ပြောလို့ ပီယဝါစာကျူး။ **သတ္ထာဒေဝ** စကားကုလျင် အများလူကယ်တင်မလို့၊ **ဗုဒ္ဓါပ** ဒေသနာမှန် ဟောပြနိုင်ပြန်။ **ဘဂဝါ** ဂုဏ်တော်လျှံမှာ ပုန်မကန်နိုင် ဘူးကွဲ့လေး။

(ဦးသီလာစာရ - မဟာအောင်မြေကျောင်း)

**နိဗ္ဗာန်ရောက်မှဒုက္ခအေးမှာ**

အထုပ်ကလေးကို တပြင်ပြင်၊ အထုပ်ရှင်မှာ သေလို့သွား၊ ကျန်တဲ့သူတွေဝေလို့စား၊ အထုပ်ရှင်မှာ အလကား၊ ဘာကိုမှလည်း ပါမသွား။ သေရွာကျတော့၊ အပါယ်သွား၊ နိဗ္ဗာန်ရောက်ဖို့ အခက်သား။

ကုသိုလ်ပုည ပြုမှတော်၊ အဖော်ပါမှ စိတ်မှာအေး၊ ဘဝဖန်ခါ ရိက္ခာဆေး။ ရုပ်နာမ်နှစ်ဖြာ ဒုက္ခပေး၊ သက်တမ်းလေးက အတိုလေး၊ အိုဘေးနာဘေး မကင်းသေး၊ နိဗ္ဗာန်ရောက်မှ ဒုက္ခအေး။

(တတိယတိပိဋကဓရ ဘဒ္ဒန္တကောသလ္လ)

**သံဝေဂဝတ္ထု (၈) ပါး**

၁။ **ဇာတိဒုက္ခ** - အဓိဝမ်း၌ ပဋိသန္ဓေနေရခြင်း။
၂။ **ဇရာဒုက္ခ** - အိုမင်းရင့်ရော်ခြင်း။
၃။ **ဗျာဓိဒုက္ခ** - နာဖျားရခြင်း။
၄။ **မရဏဒုက္ခ** - သေဆုံးရခြင်း။
၅။ **အပါယဒုက္ခ** - ဒုက္ခအမျိုးမျိုးခံရပြီးသေ၍ အပါယ်သို့ရောက်ခြင်း။
၆။ **အတီတမူလကဒုက္ခ** - အတိတ်ဘဝ များစွာသံသရာ၌ ခံစားရသောဒုက္ခ။
၇။ **အနာဂတမူလဒုက္ခ** - အရိယာမဖြစ်၊ ကိလေသာမကုန်သေးသမျှ အနာဂတ်ဘဝများစွာ ခံစားရဦးမည့် အနာဂတမူလဆင်းရဲဒုက္ခ။
၈။ **ယခုဘဝ၌ အစာရာဖွေရခြင်းဆင်းရဲဒုက္ခ**။

အဓိဝမ်းခေါင်း၊ ဆယ်လဖောင်းမျှ၊ အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်၊ လူပြည်လူရွာ၊ ရောက်ပြန်ပါလည်း၊ အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ၊ စံပြီးမှလည်း၊ များလှပါယ်ရွာ၊ ရောက်ကြရာ၏။ အတီတာရှေး၊ ဤဝဋ်ဘေးနှင့် နောင်ရေးနာဂတ်၊ ဒုက္ခထပ်လိမ့်၊ မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊ အစာရာရ၊ ထိုဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူငါငါ၊ မသက်သာသည်၊ ရှစ်ဖြာသံဝေဂ-ရကြောင်းတည်း။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com




# ရိုရိုကြေး
# ကန္တာရဝတီမှတန်ခိုးကြီးဘုရား
## နှင့်
# ထူးခြားဆန်းကြယ်သောနေရာများဆီသို့ခရီးတစ်ခေါက်

ယခုအချိန်အခါသည် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တန်ခိုးကြီးဘုရားများသို့ သွားရောက်ဖူးမြော်သူ လူဦးရေများလည်း တိုးတက်လာခဲ့ပါသည်။ ကွန်မတ်ဇိုဟောဂီများအဖွဲ့သည် ဘုရားလည်းဖူးရင်း ဒေသန္တရဟူသုတလည်း ရှာမှီးရင်းအဖြစ် ကန္တာရဝတီ ကယားပြည်သို့ စတင်ခရီးထွက်ခဲ့ပါသည်။

ကွန်မတ်ဇိုအုပ်စုသည် ရန်ကုန်မြို့မှ ည (၈) နာရီအချိန်တွင် စတင်ထွက်ခွာခဲ့ရာ တစ်ညလုံး ဟေမန္တရာသီ၏အေးမြသောဆောင်းအငွေ့အသက်များကိုခံစားခဲ့ကြပါသည်။ နံနက် (၅) နာရီခန့်အချိန်တွင် ကလောမြို့ရှိ မြင်းမထိုဂူသို့ရောက်ရှိခဲ့ပါသည်။ ဆောင်းရာသီနှင့် ကလောမြို့ကလေးမှာ လိုက်ဖက်ညီလှပေသည်။ နှင်းခဲ့ိုက်တုန်အောင်ချမ်းအေးနေသော မြင်းမထိုဂူရှိစျေးတန်းတွင် နံနက်စာစားသောက်ပြီးနောက် အောင်ပန်း-လွိုင်ကော်ကားလမ်းမကြီးအတိုင်း လွိုင်ကော်မြို့သို့ ခရီးဆက်ခဲ့ပါသည်။ လမ်းခရီးတစ်လျှောက်တွင် နောင်တရားမြို့ကို ဖြတ်ကျော်ပြီးနောက် နာမည်ကျော်လက်ဖက်ခြောက်ကောင်းကောင်းများထွက်ရှိရာ ပင်လောင်းမြို့သို့ ရောက်ရှိခဲ့ပါသည်။ ပင်လောင်းမြို့ရှိ စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် နံနက်စာထမင်းစားသောက်ခဲ့ပါသည်။ ဘီလူးချောင်းကြီးဟုဆိုသော်လည်း ချောင်းလောက်မကပါ။ မြစ်ပြင်ကျယ်ကြီးတစ်ခုအဖြစ် တွေ့လိုက်ရပါသည်။ ဘီလူးချောင်းကြီးကို တွေ့မြင်လိုက်ရတော့ ငယ်ငယ်ကကြားဖူးခဲ့သော ဘီလူးချောင်းနှင့် ပတ်သက်သည့်သီချင်းတစ်ပုဒ်ကို ပြန်လည်သတိရမိပါသည်။

'ဘီလူးချောင်းကြီးက xxx စီးကျ

သီရိမင်္ဂလာတောင်တော်ဆေတီ



www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်းဘုရားကြီးထဲမှ ရုပ်ပွားတော်

သွယ်ဖြာ××× *မငြီးပလွန်သာယာ ××× လွမ်းဖွယ်ပေါတဲ့××× ကယားတို့ရိပြည်ဟာ လွိုင်ကော်မြို့ တော်ပါ*

စသည့် သီချင်းလေးကိုညည်းမိသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ခန့်က သီချင်းကလေးဖြစ်ပေမယ့် ယခုထက်တိုင်မရိုးနိုင်သည့် သီချင်းတစ်ပုဒ်ဖြစ်သည်။

ဘီလူးချောင်းကြီးကို စိတ်ဝင်စားသဖြင့် Guide ကိုမေးခဲ့သည်။

ထိုအခါ Guide က -

"ဒီဘီလူးချောင်းကြီးနဲ့ အင်းလေးရင်ပြင်ကြီးတို့ဟာ ဆက်စပ်နေတယ်။ ဖယ်ခုံတို့၊ မိုးပြတို့၊ ပင်လောင်းစတဲ့မြို့ရွာတွေရဲ့နံဘေးမှာ ဖြတ်သန်းစီးဆင်းသွားတယ်"

"သြော် သြော်၊ ဒါနဲ့ အခုကြည့်လိုက်တော့ ဘီလူးချောင်းကြီးထဲမှာ ဘယ်သမွန်၊ ဘယ်လေမှလဲမတွေ့ပါလား"

"ဟုတ်ပါတယ်၊ အခုအချိန်က ရေခမ်းစပြုနေဖြစ်လို့ ရေနည်းသွားပြီ။ ဒါကြောင့် ဒီချောင်းကြီးထဲမှာ လေ၊ သမွန်တွေ သွားခွင့်မပြုလို့ပါ"

"သြော်၊ သြော်"

ကျွန်မကတော့ ဘီလူးချောင်းကြီး ၏ သဘာဝအလှမှာ နစ်မျောမိခဲ့သည်။

ထိုအခါ Guide က -

"အန်တီ၊ ညာဘက်ကိုကြည့်လိုက်ပါဦး"

ဆိုသဖြင့်ညာဘက်သို့ကြည့်လိုက်ရာ တောင်ကုန်းများပေါ်တွင် လှေကားထစ်သဖွယ် အရစ်လိုက်စိုက်ပျိုးထားသည့် လှပသော မြင်ကွင်းတစ်ခုကိုတွေ့ရှိရသည်။

"အန်တီ၊ အဲဒါတောင်စောင်းတွေမှာ လှေကားထစ်စိုက်ပျိုးနည်းနဲ့တောင်ယာတွေစိုက်ထားတာ"

"ဟုတ်တယ်နော်၊ ဒီနယ်သားတွေက တော်တော်ဉာဏ်ရှိတယ်။ ဒီတောင်တွေမှာတောင်စိုက်ပျိုးနိုင်အောင် လှေကားထစ်စိုက်ပျိုးနည်းနဲ့ စိုက်ထားတာတော်တော်လှတယ်"

"ဟုတ်ပါတယ် အန်တီ"

Guide နှင့် စကားပြောရင်း လွိုင်ကော်မြို့အဝင်သို့ရောက်ရှိခဲ့သည်။ အချိန်က ညနေ (၄) နာရီ။ ကျွန်မတို့ကားမှာ မိုးကောင်းဘုရားကြီးဝင်းအတွင်းသို့ ရောက်ရှိခဲ့ပါသည်။ ထိုနေရာ၌ ကားရပ်နားပြီးနောက် ကျွန်မတို့အုပ်စုသည် မိုးကောင်းဘုရားကြီးနံဘေးရှိ ပုပ္ပာရုံကျောင်း၌ခေတ္တနားနေခဲ့ကြသည်။

ထိုနေရာမှ လှမ်းကြည့်လိုက်လျှင်ပင် သီရိမင်္ဂလာတောင်ကွဲစေတီတော်ကြီးကို လှမ်း၍ဖူးတွေ့ရပါသည်။ ပုပ္ပာရုံကျောင်း၌ရေချိုးပြီးနောက် သီရိမင်္ဂလာတောင်ကွဲစေတီသို့ ကျောင်းဘေးပေါက်မှနေ၍ သွားရောက်ခဲ့ပါသည်။

စေတီတော်ကြီး၏ ပရဝဏ်သို့ဝင်လိုက်သည်နှင့် လွိုင်ကော်မြို့၏ ကျက်သရေဆောင် သီရိမင်္ဂလာတောင်တော်ပေါ်ရှိ တောင်ကွဲစေတီ သို့မဟုတ် သီရိမင်္ဂလာစေတီတော်ကြီးကို ကြည်ညိုစွဖယ် ဖူးမြော်ရပါသည်။

**တောင်တော်၏နောက်ခံသမိုင်းကြောင်း**

ထိုတောင်သည် လွိုင်ကော်မြို့တောင်ဘက်၊ ပုပ္ပာရုံကျောင်းနှင့် မိုးကောင်းဘုရားကြီးအနီး၌ တည်ရှိပြီး တောင်တော်အမြင့် (၃၈၇) ပေ ရှိပါသည်။ တောင်ကြီးသည် တောင်ထွတ် (၉) ခုဖြင့် သဘာဝအနေအထားအရ ထူးခြားစွာ ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုတောင်ကြီးကား ကိုးစိတ်ကိုးမြွာကွဲနေသော်လည်း ဖရိုဖရဲမဟုတ် လှပစွာတည်ရှိနေသဖြင့် ထိုတောင်ကြီးကို ရှေးလူကြီးများက တောင်ကွဲတောင်ဟုခေါ်ဝေါ်ပြီး ကယားတိုင်းရင်းသားတို့က 'ဖော်ဖြတောင်' ဟူ၍ ခေါ်ဆိုပါသည်။ ရှေးဟောင်း ကယားတိုင်းရင်းသားတို့၏ ယုံကြည်မှုသိုက်တဘောင်အဆိုအရ ဤတောင်သည် ကိုးစိတ်ကိုးမြွာကွဲနေသော်လည်း သာသနာပြုမင်းပေါ်ထွန်းလာသောအခါ ဤတောင်တွင် ခေတ်တော်တစ်ဆူတည်ထားကိုးကွယ်ခဲ့တဲ့ဟု



www.burmeseclassic.com

www.burmeseclassic.com

ထီးပွင့်ကန်မှ ထီးပွင့်နေပုံ

သီရိမင်္ဂလာစေတီတော်ရှေ့မှ ဈေးတန်းများ

ငွေတောင်ဆည်၌ အမုတ်တရ



ဧရာတောင်၊ ရွှေတောင်၊ ပတ္တမြားတောင်သုံးဆုံး

ထီးပွင့်ကန်၌ အမုတ်တရ

ဆို့ထားပါသည်။ ထိုစဉ်က ထိုတောင်ပေါ်တွင် မည်သည့်ဘုရားစေတီမျှ မရှိသေးပါ။

ခရစ်နှစ် ၁၈၄၅ ခုနှစ်တွင် အရှေ့ကယားပြည် ကန္တာရဝတီနယ်၏ကယားဧင်းကြီး ပထမဖဖော်ကြီး ကွယ်လွန်၍ ဒုတိယမြောက် စောဖျာမဖော်ကလေး ဆက်ခံသည်။ ခရစ်နှစ် ၁၈၆၆ ခုနှစ်၌ စောဖျာဖဖော်ကလေး ကွယ်လွန်၍ တတိယမြောက် စောဖျာဖဖော်ခေါ် စောဖျာလင် ဆက်ခံခဲ့သည်။ ထိုနှစ်ဆွင်ပင် တတိယမြောက် စောဖျာဖဖော် ကွယ်လွန်သွားပြန်သဖြင့် စတုတ္ထမြောက် စောဖျာဖဖော် (မဟာစောလဖော်) မှ ဆက်ခံခဲ့သည်။

မြန်မာနိုင်ငံ၌ သီပေါမင်းပါတော်မူပြီးနောက် နယ်ခြံအင်္ဂလိပ်အစိုးရသည် ရှမ်းပြည်နယ်ကို သိမ်းယူခဲ့၏။ ထို့နောက် အရှေ့ကယားပြည်နယ်ရှိ စတုတ္ထမြောက် စောဖျာဖဖော်ကို အကြိမ်ကြိမ်ခေါ်ရာ မလာနိုင်ကြောင်းနှင့် အင်္ဂလိပ်အစိုးရအား ကယားပြည်နယ်သို့ လာရောက်တွေ့ဆုံရန်ဖိတ်ခေါ်လိုက်သည်။ ထိုအခါ ဗြိတိသျှနယ်ချဲ့အစိုးရသည် မည်သည့်အကြောင်းရင်းမျှ ပြန်ကြားခြင်းမပြုဘဲ တိတ်တဆိတ်လျှို့ဝှက်စွာဖြင့် ၁၈၈၈ ခု၊ ဒီဇင်ဘာတွင် မိုးဗြဲနယ်ခြား ကန့်ကျိုင့်စခန်းသို့ စစ်ချီလာခဲ့သည်။ ဂျုံးကြောင့် ဒီဇင်ဘာ ၂၉ ရက်နေ့မှစ၍ ဗြိတိသျှတပ်များနှင့် စောဖျာဖဖော်တို့၏ တပ်များ စတင်တိုက်ခိုက်ခဲ့ကြလေသည်။ ကယားနယ်ဘက်မှ ကျဲရယ်နှင့် ဦးရယ်တို့က ခေါင်းဆောင်ပြီး တိုက်ခိုက်ခဲ့ကြသည်။

ကယားတို့ စစ်ရှုံး၍ နောက်ဆုတ်ပေးရပြီး စောလုံမြို့တော်အထိ ဆုတ်ခွာခဲ့ရသည်။ မြန်မာနှစ် ၁၈၈၉ ခု၊ ဇန်နဝါရီ ၈ ရက်နေ့အထိ အညံ့မခံဘဲ ဆက်လက် တိုက်ခိုက်ရာ ရှမ်းတိုင်းရင်းသား ဦးနှက မဟာစောလဖော်ထံ သွားရောက်၍ ဗြိတိသျှစစ်တပ်အင်အားအခြေအနေကို တင်ပြရာ ဆက်လက် မတိုက်တော့ဘဲ သူ့နေရာ၌ တူဖြစ်သူ စဝ်လဝီကို လွှဲအပ်ပြီး တိမ်းရှောင်ထွက်ခွာသွားခဲ့သည်။

ဦးနှိသည် စဝ်လဝီနှင့် အင်္ဂလိပ် စစ်တပ်မှ စစ်ဗိုလ်များနှင့် ညှိနှိုင်းပြီး စဝ်လဝီကို ဆက်လက် အုပ်စိုးစေပြီး ဖဖိုးဒေါ ခေါ် စောလုံမြို့တော် ဟော်နန်း၌ စဝ်လဝီကို အကြီးအကဲအဖြစ် တင်မြှောက်လိုက်သည်။ ၁၈၈၉ ခုနှစ်တွင် ကျေးဇူးသစ္စာစောင့်သိသော ဦးနှိအား အမတ်ကြီးရာထူးပေးပြီး သီရိဒေါ ခေါ် လွိုင်ကော်မြို့ကို အပိုင်စားပေးလိုက်သည်။ အမတ်ကြီး ဦးနှိသည် သီရိဒေါမြို့ကို ပြုပြင်ခြင်း၊ ဈေးကြီးတည်ဆောက်ပေးခြင်း စသည်ဖြင့် လွိုင်ကော်မြို့ကို သေသပ်လှပစေရန် ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနှစ် ၁၈၉၅ ခုတွင် အမတ်ကြီးဦးနှိ အမျှူးပြု၍ အဘွားပေါင်အုပ်စားညွှင်းတို့က သာသနာပြုဘုန်းတော်ကြီး တလီလော၏ ညွှန်ကြားချက်အရ



www.burmeseclassic.com

www.burmeseclassic.com

ရွှေယပ်တောင်ကို ဌာပနာပြုလျက် ဉာဏ်တော် (၂၂) တောင်ရှိ ရွှေယပ်တောင်စေတီတော်ကို ထိုတောင်ပေါ်၌ စတင် တည်ထား ကိုးကွယ်ခဲ့ပါသည်။

၂။ ထို့နောက် ၁၉၁၃ ခုနှစ်တွင် ဉာဏ်တော် (၉) တောင်မြင့်သော ရွှေရင်အေးစေတီ၊

၃။ ၁၉၁၄ ခုနှစ်တွင် ဉာဏ်တော် (၉) တောင်မြင့်သော ကျောက်သမ္မာန်စေတီ၊

၄။ ၁၉၂၉ တွင် ဉာဏ်တော် (၁၆) တောင်မြင့်သော အောင်တော်မူစေတီ။

၅။ ၁၉၂၉ ခုနှစ်တွင် ဉာဏ်တော် (၁၆) တောင်မြင့်သော ဆုတောင်းပြည့်စေတီနှင့် အရံစေတီ (၆) ဆူ။

၆။ ၁၉၃၃ ခုနှစ်တွင် ဉာဏ်တော် (၂၄) တောင်မြင့်သော ပင်မစေတီတော်ဖြစ်သည့် ပြည်လုံးချမ်းသာစေတီ

၇။ ၁၉၃၃ ခုနှစ်တွင် ဉာဏ်တော်(၁၂) တောင်မြင့်သော ကျိုက်ထီးရိုးစေတီ (အောက်ကျိုက်ထီးရိုးစေတီ)

၈။ ၁၉၃၄ ခုနှစ်တွင် ဉာဏ်တော်(၁၂) တောင်မြင့်သော အထက်ကျိုက်ထီးရိုးစေတီ၊

၉။ ၁၉၅၀ ပြည့်နှစ်တွင် ဉာဏ်တော် (၁၄)တောင်ရှိ ရွှေပြည်အေးစေတီ၊

၁၀။ ၁၉၉၂ ခုနှစ်တွင် ဉာဏ်တော်(၁၂) တောင်ရှိ ဇေယျာသိဒ္ဓိ (ပါရမီ) စေတီ၊

၁၁။ ၁၉၉၄ ခုနှစ်တွင် ဉာဏ်တော် (၉) တောင်ရှိ ကန္တာရဝတီစေတီ၊

၁၂။ ၁၉၉၉ ခုနှစ်တွင် ဉာဏ်တော် (၅) တောင်ရှိ ရွှေပိတုန်းစေတီတော်တို့ကို တည်ထား ကိုးကွယ်ခဲ့ကြပါသည်။

**ထူးခြားသော လေးထပ်ကျောင်းဆောင်ကြီး**

တောင်ပေါ်၌ လေးထပ်ကျောင်းဆောင်ကြီးတစ်ဆောင် ဆောက်ထားသည်မှ ထိုတောင်ရှိ ထူးခြားသည့် အဆောက်အအုံတစ်ခု ဖြစ်လေသည်။ ဆောက်ရသည်မှာ မလွယ်ကူသလောက် တောင်အောက်မှ လှမ်းကြည့်ရုံနှင့် သဒ္ဓါပွားစရာဖြစ်သည်။ ထိုကျောင်းဆောင်ကြီးကို လွှိုင်ကော်မြို့မှရတနာကုန်သည်ကြီး ဦးမြမိသားစုမှ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ မည်သည့်စေတီတော်၌မျှမရှိသေးသည့်အဆောက်အအုံဖြစ်ပါသည်။

ထို့အပြင် အောင်တော်မူစေတီတော်နှင့် ရွှေယပ်တောင်စေတီတော်သို့ ကူးသောနေရာတွင် ပေါင်းကူးအဖြစ် ပေ (၄၀) ရှည်လျားသော သံတံတား တစ်ခုကိုလည်း ဆောက်လုပ်ထားပါသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ တောင်ကွဲ ဟူသည့် အမည်နှင့် မသင့်လျော်သဖြင့် မြို့တော် သီရိဒေါဂိုကို စံပြုကာ ထိုတောင်ကို သီရိတောင်ဟု ခေါ် ဝေါ်ရန် သဘောတူပြီး ထိုခေတ် ကာလတစ်လျှောက် မင်္ဂလာသီရိတောင်ဟု ခေါ်ဆိုခဲ့ကြပါသည်။ မြန်မာနှစ် ၁၉၇၀ ပြည့်နှစ်ခန့်တွင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောတောင်ဟု အမည်ရသည့် သီရိမင်္ဂလာတောင်ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။

**ထိုမှတစ်ဖန် ထီးပွင့်ကန်သို့**

ကယားပြည်နယ်၌ ထူးခြားဖြစ်စဉ် တစ်ခုအဖြစ် မြန်မာပြည်အရပ်ရပ်၌ မည်သည့်နေရာတွင်မျှ မရှိသေးသည့် ထီးပွင့်ကန်ခေါ် ရုံနှုန်းမြေမှ ထီးပွင့်သဏ္ဌာန်ရေပြင်ပေါ် သို့ ပေါ်တက်လာသည့်ရေကန်တစ်ကန်ရှိပါသည်။ကယားပြည်နယ်သို့ရောက်ပြီး ထီးပွင့်ကန်သို့ မရောက်လျှင် ကန္တာရဝတီခရီးစဉ်မှာ မပြည့်စုံဟုဆိုပါသည်။

ထီးပွင့်ကန်တော်သည် ကယားပြည်နယ် ဒီမောဆိုပြို့နယ် ငွေတောင်ကျေးရွာအုပ်စု ငွေတောင်ဆည်၏အရှေ့တောင်ဘက် အမှတ် (၁၀၂) ခြေလျင်တပ်ရင်း၏ တောင်ဘက် ထီးပွင့်ကန်တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်း၏ သာသနာ့နယ်မြေ ပရဝုဏ်အတွင်း၌ တည်ရှိပါသည်။

ကန်တော်၏ အလျားမှာ (၂၂၇) ပေနှင့် လုံ (၁၁၅) ပေရှိပြီး ရုံနှုန်းမြေပေါ်တွင် ရေတစ်ဝက်ခန့်ရှိပါသည်။ ထိုရုံနှုန်းမြေများသည် တဖြည်းဖြည်း စုံပုံလာပြီး ရေမျက်နှာပြင်ထက်သို့ ထီးပွင့်ပုံသဏ္ဌာန် ဖြူတက်လာပါသည်။ တစ်ခါတစ်ရံ ထီးတစ်ပွင့်၊ ထီးနှစ်ပွင့်ခန့် တွေ့ရတတ်ပြီး တစ်ခါတစ်ရံ ထီးတစ်ပွင့်မျှ မတွေ့ရပေ။ အချိန်ကြာကြာစောင့်ကြည့်ပါက ထီးပွင့်များပြန်လည်ဖြစ်ပေါ်လာပါသည်။

**ထီးပွင့်ကန်တော်၏သမိုင်းကြောင်းအစ**

ရှေးအခါက ကန္တာရဝတီရှိ တောအုပ်ကြီးတစ်ခုတွင် ယုန်ဖြူကြီးတစ်ကောင်နှင့် မိကျောင်းတစ်ကောင်တို့ အဆွေခင်ပွန်းဖွဲ့၍နေကြကုန်၏။ ထိုသို့နေထိုင်ကြစဉ် တစ်နေ့သောအခါ၌ ယုန်ဖြူကြီးက မိကျောင်းအား -

"အဆွေမိကျောင်း၊ ဤအရပ်၌ ရေအလွန်ရှားပါသည်။ နွေရာသီရောက်၍ရေခန်းခြောက်ပါက အသင့်ဒုက္ခတွေ့လိမ့်မည်။ ရေရှိရာအရပ်သို့ ကျွန်ုပ်တို့ ပြောင်းရွှေ့ နေထိုင်ရသော် ကောင်းအံ့တည်း"

ဟူ၍ ဖြားယောင်းကာ ခေါ်လာခဲ့သည်။

မိကျောင်းကြီးလည်း ယုန်ဖြူကြီးပြောသည်ကို သဘောရိုးဖြင့်ပြောသည်ဟု ထင်မှတ်ပြီး ယုန်ဖြူကြီးခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားခဲ့သည်။ တစ်နေရာသို့အရောက်တွင် ထင်းရှူးပင်များကို လေတိုးရာ ထိုအသံမှာ ရေစီးသံကဲ့သို့ပေါ်ထွက်လာရာ ရေကန်နှင့်နီးပြီး အားမလျှော့ဘဲ ကြိုးစား၍လျှောက်လှမ်းပါဟု ဆိုလေ၏။ မိကျောင်းကြီးလည်း ကြိုးစား၍လျှောက်ခဲ့ရာ ခရီးပန်းကာ ခြေကုန်လက်ပန်းဖြစ်ပြီး တောင်ကုန်းတစ်ခုပေါ်သို့ ရောက်ရှိလာခဲ့သည်။ ထိုအခါ ယုန်ဖြူကြီးသည် မိကျောင်းကြီးအားထားကာ ရှောင်ခွာထွက်ပြေးသွားလေသည်။ မိကျောင်းကြီးမှာ ဆက်လက်ခရီးမဆက်နိုင်ဘဲ ဒုက္ခရောက်နေချိန်တွင် ကျွဲဖြူကြီးတစ်ကောင်သည် အနားသို့ရောက်လာပြီး -

"အဆွေ၊ အဘယ်အရပ်သို့သွားချင်ပါသနည်း"

ဟု မေးမြန်းရာ မိကျောင်းကြီးမှ အကြောင်းစုံရှင်းပြပြီး -

"အဆွေ၊ ကျွန်ုပ်အား ရေရှိရာအရပ်သို့ ပို့ဆောင်ပေးပါ"

ဟူ၍ အကူအညီတောင်းလေသည်။

ကျွဲဖြူကြီးက -

"အဆွေ၊ ရေရှိရာအရပ်သည် အလွန်ဝေးလွန်းလှသည်"

ဟု ဆိုလေရာ မိကျောင်းက -

"သင်၏ခွာဖြင့် မြေကိုယက်ပေးပြီး ကျင်ငယ်များစွန့်ပေးပါ"

ဟု တောင်းပန်ရာ ကျွဲဖြူကြီးလည်း သနားကြင်နာစိတ်ဖြစ်ပေါ်ကာ မြေကြီးကို ခွာဖြင့်ယက်လိုက်၊ ကျင်ငယ်စွန့်လိုက်နှင့် အကြိမ်ကြိမ်ကြိုးစားလုပ်ဆောင်ခဲ့ရာ မိကျောင်းကြီးလူးနိုင်သောအဆင့်သို့ရောက်ရှိခဲ့သည်။ မိကျောင်းကြီးလည်း ဆက်လက်ကြိုးစားပြီး မြေ

www.burmeseclassic.com

များကို ယက်ရာ ရေများပန်းထွက်လာခဲ့သည်။ ထိုအခါ မိကျောင်းကြီးလည်း အလွန်ပျော်ရွှင်ဝမ်းမြောက်ကာ -

"အဆွေ၊ ကျွန်ုပ်၌ အဆွေပေးသည့်အသက်သာရှိပါသည်။အခက်အခဲ ရှိပါစေနှင့်။ ရေအခက်အခဲဖြစ်လျှင် ကျွန်ုပ်အား သတိရပါ။ ကျွန်ုပ်ကူညီစောင့်ရှောက်မည်"

ဟု ကတိစကားပြောကြားခဲ့သည်။

ယခု ထီးပွင့်ကန်သည် 'မိကျောင်းကြီးကူးသောကန်' ဟု အဆိုရှိသည်။ ဒွေးမယ်နော်တို့ပျော်စံရာ 'ဘုတ်တလုတ်ကန်' ဟူ၍လည်း အမည်သမုတ်ခဲ့ကြပါသည်။

**ထီးပွင့်ကန်ကိုရှာဖွေတွေ့ရှိခြင်း**

ထီးပွင့်ကန်၏ သမိုင်းကြောင်းမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။ ယခု ထီးပွင့်ကန်၏အနောက်ဘက်တွင် ရွှေတောင်ဟုခေါ်ဆိုသော တောင်တစ်တောင်ရှိသည်။ ရှေးပဝေသဏီအခါက ဆိုတောင်ကို ခိုလေးဆိုတောင်ဟု ခေါ်သည်။ ထိုတောင်၏ တောင်ဘက်တွင် 'ဟိုတရဲဆို' ဟုခေါ်သော တောင်တစ်တောင်ရှိသည်။

ထိုအချိန်တွင် ကျောအ့ေကေအမည်ရှိသော ပုဂ္ဂိုလ်တစ်ဦးသည် ဆင်ဖြူ နယ်မြေသစ်ရှာဖွေရန်ထွက်လာခဲ့သည်။ ဟိုတရဲဆိုတောင်သို့အရောက် တွင် အရှေ့ဘက်သို့မျှော်ကြည့်ရာ တောအုပ်တစ်ခုကို တွေ့ရှိခဲ့သည်။ ထိုတောအုပ်အတွင်း၌ စာပတီးငှက်များထက်၊ အောက် ကွေ့ပတ်ပျံသန်းနေသည်ကို တွေ့ရှိရသဖြင့် ရေရှိမည်အထင်နှင့် အနီးတစ်ဝိုက်တွင် ရေရှာဖွေခဲ့ရာ ရေရှိသည်ကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် နေထိုင်ရန်သင့်လျော်မည်ဟု ယုံကြည်ပြီး ယခုလက်ရှိ ရေထွက်ပေါက်၏ အရှေ့ဘက်တွင် ရွာတစ်ရွာတည်ခဲ့သည်။ ယခုအခါ ထိုရွာကြီးကို ဒေါကလိုးခူရွာဟု ခေါ်ပါသည်။

ထိုရွာကြီးသည် တောကြီးမြိုင်ကြီးဖြင့်ဝိုင်းရံနေသောကြောင့် တောအုပ်များဖြင့် ထူထပ်စွာကာရံထားသကဲ့သို့ ဖြစ်နေပါသည်။

ဘစ်နေ့တွင် ကျော့အေ့ကေသည် ရေနှက်ကြီးတစ်ကောင်နှင့်အတူ တောသည်ထွက်ရာ အပြန်တွင် ရေအလွန်စီးသဖြင့် ရေရှာရာရေမတွေ့ဘဲဖြစ်နေသည့် ခွေးနက်ကြီး၏ခန္ဓာကိုယ်တစ်ခုလုံး၌ ရေများစိုစွတ်ပြီးပြန်လာသည်ကိုတွေ့မြင်ရသည်။ နောက်တစ်နေ့တွင် ထိုလူကြီးသည် ရေရှိမည်ထင်သည့်အရပ်သို့ ထပ်ရှာရာမတွေ့ဘဲဖြစ်နေသည်။နောက်တစ်နေ့တွင် ခွေးနက်ကြီးအား နေပူထဲတွင် ကြိုးချည်ကာ နေလှန်းထားပြီး ရေတော်အောင်ပြုလုပ်ထားသည်။ ထို့နောက် ခွေးနက်ကြီးအား ကြိုးဖြေပြီးလွှတ်ပေးလိုက်ရာ ခွေးနက်ကြီးသည် ရေအလွန်တော်သဖြင့် ရေရှိရာသို့ ဦးတည်ပြေးသွားခဲ့သည်။ ခွေးသခင်လည်း ခွေးနောက်မှ အပြေးလိုက်ရာမှ ရေကန်တစ်ကန်ကို တွေ့ရှိခဲ့သည်။

တစ်ရက်တွင် ထိုလူကြီးသည် တောလည်ထွက်ရင်း ရေကန်အနီးသို့ ရောက်လာရာ ထိုရေကန်တွင် နတ်သမီးခုနစ်ဖော်ရေကစားနေသည်ကိုတွေ့မြင်ခဲ့သည်။ ထိုလူကြီးသည် နောက်တစ်နေ့တွင်လည်း ထိုရေကန်သို့ ထပ်မံရောက်လာရာ နတ်သမီးခုနစ်ဖော်ရေကစားနေသည်ကိုတွေ့ရပြန်သည်။ထိုလူကြီးလည်း နတ်အဝတ်တန်ဆာများထဲမှ တစ်ခုကို ဝှက်ထားလိုက်သည်။ နတ်သမီးများ ရေကစားပြီး နတ်အဝတ်တန်ဆာများ ဝတ်ဆင်ရာ အငယ်ဆုံးနတ်သမီးသည် နတ်အဝတ်တန်ဆာမရှိသဖြင့် ကျန်ရစ်ခဲ့သည်။ ထိုလူကြီးသည် နတ်သမီးထံ ချဉ်းကပ်ပြီး ချစ်ရေးဆိုရာ နတ်သမီးက နတ်နှင့် လူသားများ မအပ်စပ် မဖြစ်နိုင်ကြောင်း ပြောသော်လည်း မရသဖြင့် ၎င်းတို့နှစ်ဦး ကတိသစ္စာပြုခဲ့ကြသည်။

နတ်သမီးက -

"သင်သည် ညတွင်းချင်း ထီးနန်းတစ်ခုကို ပြီးစီးအောင်ဆောက်လုပ်ရမည်။ မပြီးစီးပါက ငါတို့နှစ်ဦးပေါင်းစပ်ရန် မဖြစ်နိုင်။ ပြီးစီးခဲ့ပါက ငါတို့နှစ်ဦးပေါင်းစပ်ရန် အပ်စပ်မည်"

ဟု ဝန်ခံကတိသစ္စာပြုခဲ့ကြသည်။

**ထီးပွင့်ကန်၏ထူးခြားဆန်းကြယ်မှုများ**

ထီးပွင့်ကန်တော်ကို ကိန္နရီခုနစ်ဖော်ရေကစားခဲ့သည့် ဘုတ်တလုတ်ကန်ဟု သမိုင်းအဆက်ဆက် အထောက်အထားများသက်သေခံနေခြင်း။

အနောက်ဘက်ရှိ သစ္စာကန်နှင့် အရှေ့ဘက် ထီးပွင့်ကန်အကြားတွင် ထူးဆန်းစွာ ရေမြင့်တက်နေသောကန်ငယ်ရှိခြင်း။

ရှေးနှစ်ပေါင်းများစွာကတည်းက ပင် ထီးပွင့်ကန်ကို ကယားတိုင်းရင်းသားတို့၏ အမြတ်တနိုးထားရာ ၁၂ နှစ်ဖြစ်ပြီး တန်ခေါင်တွင် တံခွန်တိုင်များစိုက်ထူခြင်း။

**ထီးပွင့်ကန်တစ်ဝိုက်တွင် ဒွေးမယ်နော်နှင့် သုခနေမင်းသားတို့ ပေးထိုင်ခဲ့ပုံနေပြီး ဘိုးဘွားမိဘများလည်ခိုနေသည်ဟု ယုံကြည်ကြခြင်း။**

**နှစ်စဉ်နှစ်တိုင်း ဘိုးဘွားမိဘများကို လာရောက် ပူဇော်သကြခြင်း။**

ကယားတိုင်းရင်းသားများ မိုးရာဆေးများဖော်လိုပါက ခရီးမိုင် (၃၀) (၄၀) ဝေးကွာသောအရပ်မှနေထိုင်သူများပင် ထီးပွင့်ကန်မှရေကို လာရောက် သယ်ယူကာဆေးဖော်ကြခြင်း။

ကယားတိုင်းရင်းသားတို့သည် ကိန္နရီဒွေးမယ်နော်နှင့် သုခနေမင်းသားတို့ ပေါင်းသင်းရာမှ ဆင်းသက်လာသူများဟု မိမိကိုယ်ကိုယုံကြည်ကြခြင်း။

သုခနေမင်းသားသည် ဒွေးမယ်နော်ကို ငွာနေသို့ မပျံနိုင်စေရန် ဒူးခေါင်းကို နဂါးပတ်ကြိုးချည်ထားသည်ဟု ယုံကြည်ကာ ယခုတိုင် တိုင်းရင်းသူများ၏ ဝတ်စုံ၌ ဒူးကို စစ်စီးသုတ်ကြိုးဖြင့်ချည်ထားကြပါသည်။

**ထီးပွင့်ကန်နှင့် ဘူမိဗေဒသဘောတရားများ**

နွေအခါက ထိုနေရာမှာ မီးတောင်တစ်ခုဖြစ်ပြီး ယခုအခါ မီးတောင်ဟောင်းနယ်မြေဖြစ်ပါသည်။

ပုပ္ပားတောင်ရှိ ချော်ခဲတို့နှင့် သဘောသဘာဝတူညီနေပါသည်။

ချော်ခဲတို့တွင် ထုံးဓာတ်များစွာပါဝင်ပါသည်။ ထိုချော်ခဲတုံးနှင့် ရေထိတွေ့သောအခါ ထုံးဓာတ်မှ အခိုးထွက်လာပါသည်။ ထိုအခိုးအနောက်သို့ ရွှဲသဲနှုန်းများပါလာပြီး တဖြည်းဖြည်း (တစ်လခန့်) စုပုံ၍ ရေပြင်အပေါ်သို့ ထီးပုံသဏ္ဌာန်စုတက်လာပါသည်။

ကျွန်မတို့ မြင်တွေ့နေရသော ထီးသဏ္ဌာန်မှာ တစ်တောင် သို့ မဟုတ် နှစ်တောင်ခန့်ကျယ်သော်လည်း ရေထဲရှိ သဲနုနှုန်းများ၏ ထုထည်ပမာဏမှာ ကားကြီးတစ်စီးတိုက် သို့မဟုတ် ကားကြီးနှစ်စီးတိုက်ခန့်ရှိသည်။

စ၍ဖြစ်ပေါ်သည်မှာ ထီးသဏ္ဌာန်ဖြစ်ပေါ်နေသည့် ရွှဲသဲနှုန်းများသည် ရေကန်ထဲသို့ လှိုင်းလုံးကြီးများနှင့်အတူ ပြန့်ကျဲသွားပါသည်။

**သစ္စာကန်၏ထူးခြားချက်များ**

သစ္စာကန်သည် နွေ ခိုး ဆောင်းနွေနှေ့၊ ညည ၎င်း၏အနောက်ဘက်

www.burmeseclassic.com

# ဝမ်းပျက်ဝမ်းလျှောရောဂါအတွက်ဆေးနည်းကောင်းတစ်လက်

ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့၏မိဘများ ပြောလေ့ပြော ထရှိသော စကားတစ်ခွန်းရှိပါသည်။ ၎င်းစကားတစ်ခွန်းကို ခုထက်ထိ နားထဲမှာ ကြားယောင်နေဆဲ ဖြစ်သည်။

"ဟဲ့-ကလေးတွေ၊ ရာသီအကူးမှာ ဝမ်းနုးမယ့်အစာတွေ မစားကြနဲ့နော်"

ဆိုသောဆုံးမစကားဖြစ်သည်။

မိဘတွေပြောစကားက မှန်ပါသည်။ ဆောင်းအကုန် နွေအကူး ရာသီအပြောင်းအလဲကာလတွင် အစားအသောက်၊ အနေအထိုင် မဆင်ခြင်မိကြ၍ အစားတစ်လုတ်အတွက်နှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ပြီး ဆေးရုံရောက်နေကြသူတွေကို နေ့စဉ်လိုလို တွေ့မြင်နေရ၍ ဖြစ်သည်။

အစားများပြီး ဝမ်းအများကြီးသွားခါ သွေးပေါင်ကျပြီး ခြေဖျားလက်ဖျား တွေအေးလာသည်အထိ အသက်အန္တရာယ်စိုးရိမ်ရလောက်အောင် ဖြစ်နေကြသော လူနာတွေထဲတွင် အသက် (၆၀) ကျော် (၇၀) နီးပါးသို့ရောက်ရှိပြီဖြစ်သည့် ကျွန်တော်ဇနီးသည်က ထိပ်ဆုံးကလို့ပြောလျှင် မှားမည်မထင်ပါ။

ဟုတ်ပါသည်။ နေ့ပိုင်းတွင် သင်္ဘောသီးအမှည့်ချိုချိုကို လိုတာထက်ပိုစားထားသော ကျွန်တော့်ဇနီးက ညနေ မိုးအချုပ်မှာ တို့ဟူးသုပ်ကို ထပ်စားခဲ့သည်။ ညအိပ်ရာအဝင်တွင် ရင်ထဲကပြည့်နေလို့ဆိုပြီး နီးစပ်ရာ လျက်ဆားပုလင်းကိုဖွင့်၍ လျက်လိုက်သေးသည်။

သည်တွင် သင်္ဘောသီးမှည့်၊ တို့ဟူး၊ လျက်ဆားတို့ သုံးဦးသားပေါင်းမိသည်နှင့် အကြောင်းပြလိုက်ချက်ကတော့ မနက်မိုးလင်းသည်နှင့် ကျွန်တော့် ဇနီးသည်မှာ အိပ်ရာထက်မှ အပြေးအလွှားခုန်ဆင်းကာ အိမ်သာရှိရာသို့ပြေးရပါတော့သည်။

အစပိုင်းမှာတော့ သာမန်ဖြစ်ရိုးဖြစ်စဉ်ဟုထင်၍ ဝမ်းသွားတာကိုခပ်ပေါ့ပေါ့ပဲနေလိုက်သည်။ နေ့ခင်းနေ့လယ်ရောက်လာသည့်အချိန်တွင် ဝမ်းသွားတာမရပ်သည့်အပြင် ဝမ်းသွားပုံက ရေလွှတ်သလို ဝေါခနဲဝေါခနဲပန်းထွက်နေတာဆိုတော့ လင်မယားနှစ်ယောက်မှာ မျက်လုံးပြူးရတော့သည်။

သည်တော့ ဝမ်းသွားတာရပ်လို့ရပ်ငြားဆိုပြီး နီးစပ်ရာမြန်မာဆေးမြီးတို့တွေ့ရှာ၍သောက်သည်။ ဝမ်းသွားတာမရပ်သည့်အပြင် သွားသည့်အကြိမ်ကစိပ်လာတော့ ကျွန်တော့်ဇနီးသည်ခမျာ ပျော့လာတော့သည်။ ကြာရင်မြှောပြီး သတိလစ်မည့်အခြေကိုမြင်၍ ကျွန်တော်တို့လမ်းထဲက ကျန်းမာရေးဆရာမကြီးမနှင်းကို ပြေးခေါ်ရတော့သည်။

ဆရာမက ရောက်ရောက်ချင်းပဲ သွေးချိန်ကိရိယာနှင့် သွေးချိန်သည်။ သွေးကျလွန်းသည်ဟု ပြောသည်။ ပြီးတော့ ခြေဖျားလက်ဖျားတွေကလည်း အေးစက်နေပြီဖို့ ဆေးရုံကိုသာ အမြန်သွားဖို့ပြောသည်။ တစ်နေကုန်ဝမ်းသွားတာ အကြိမ် (၂၀) လောက်ရှိမှတော့ ဆေးရုံရောက်မှစိတ်ချရမည်ဟုဆိုသည်။

ဆေးရုံသွားတော့ ည(၁၀)နာရီခန့် ရှိပြီ ဖြစ်သည်။ ဝမ်းလျှောလူနာဆိုရှိ ဆရာမတွေက ဟာဟာသလဲနှင့် လူနာကို တွဲခါ လူနာစမ်းသပ်ကုတင်ထက်သို့တင်သည်။ ပြီးသည်နှင့် လိုအပ်သည့်စမ်းသပ်မှုတွေကိုပြုလုပ်ပြီး လူနာကို ဆေးသွင်းသည်။ ပြီးလျှင် လူနာထားရှိမည့်အခန်းရှိရာကိုညွှန်သဖြင့် ဇနီးသည်အား လူနာအိပ်စင်ထက်သို့ရောက်အောင် ကျွန်တော်ကိုယ်တိုင်ပို့သည်။ အိပ်ရာထက်ရောက်သည်နှင့် ဆေးတစ်ပုလင်းပြီး တစ်ပုလင်းသွင်းခဲ့ရာ မိုးလင်းထိတိုင်းဖြစ်သည်။ တစ်ခုသတိပြုမိသည်မှာ ဝမ်းသွားရောဂါအတွက် ဝမ်းပိတ်ဆေး လုံးဝမတိုက်ကျွေးဘဲ ဆေးသွင်း၊ ဆေးထိုးခြင်းဖြင့်သာ ကုသခြင်းဖြစ်သည်ကို တွေ့ရှိရခြင်းဖြစ်သည်။

ဆေးရုံ၊ ဆေးခန်းမှ ဆရာမများ၏ ရေထွက်ပေါက်မှရေများ အမြဲမပြတ် ထွက်လာပါသည်။ ထို့ကြောင့် ထီးပွင့်ကန်တောင်တန်းသာသနာပြုကျောင်းနှင့် ထီးပွင့်ကန်ရွာတို့သည် သစ္စာကန်မှရေကို သွယ်ယူပြီး သောက်ရေ၊ သုံးရေ အဖြစ် သုံးစွဲကြပါသည်။ ရေအလိုလိုလာသဖြင့် လှပ်စစ်မော်တာနှင့် ရေတင်ရန်မလိုပါ။

ထူးခြားသော ထီးပွင့်ကန်သည် မြန်မာပြည်အရပ်ရပ်၌ မည်သည့်နေရာမှာမျှမရှိဘဲ ကန္တာရဝတီ ကယားပြည်၌သာရှိခြင်း၊ ထိုထီးပွင့်များကို တွေ့ရသူများမှာ ကံကောင်းခြင်းနှင့်တွေ့ရမည်ဟု ယုံကြည်ခြင်း၊ ၎င်းထီးပွင့်များကို ခဲဖြင့် ပစ်ခြင်းမပြုရပါ။ ဤသို့ပြုလုပ်လျှင် ကန်၌ စောင့်ကြပ်နေသောနတ်များမကြိုက်ဟု ဆိုပါသည်။ ထိုသို့ ခဲဖြင့်ပေါက်လျှင် ဥပဒေအရလည်း အရေးယူနိုင်သည်ဟု ဆိုပါသည်။ ထိုမှတစ်ဆင့် အပြန်မှာ ငွေတောင်ဆည်သို့သွားရောက်ခဲ့ပါသည်။

ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်ဟူသော တောင်သုံးလုံးကိုလည်း တွေ့ရှိခဲ့ကြပါသည်။ ထိုဆည်မှာ ငွေတောင်အနီးတွင် တည်ရှိသဖြင့် ငွေတောင်ဆည်ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ ငွေတောင်ဆည်ကြီးသည် ကြီးမားကျယ်ပြန့်ပြီး သာယာလှပပေသည်။ ကယားပြည်နယ်၏ ကျက်သရေဆောင်နေရာတစ်ခု ဖြစ်သည်။ ငွေတောင်ဆည်၏ဘောင်ပေါ်မှနေပြီး ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုရသည်မှာ အေးချမ်းသော အတွေ့အထိကို ခံစားခဲ့ရပါသည်။ ထိုနေရာတွင် အမှတ်တရဓာတ်ပုံများ ရိုက်ခဲ့ကြသည်။ ဆည်ကြီးအတွင်းလှည့်လည်ကြည့်ရှုပြီးနောက် လွိုင်ကော်မြို့သို့ ကျွန်မတို့ပြန်ခဲ့ကြပါသည်။

ကျွန်မတို့အုပ်စုသည် သီရိမင်္ဂလာတောင်အနီးရှိ မိုးကောင်းဘုရားကြီးဝင်း၌ နံနက်စာစားခဲ့ကြပါသည်။ မကြာမီတွင် သုဓနုနှင့် ဒွေးမယ်နော်တို့ စံပျော်ရာ ကန္တာရဝတီ ကယားပြည်ကြီးကို နှုတ်ဆက်ခွဲခွာကာ ရန်ကုန်မြို့သို့ ဦးတည်၍ပြန်ခဲ့ကြပါသည်။ မိုးကောင်းဘုရားဝင်းထဲမှ မိတ်ဆွေတချို့ကလက်ပြကာ နှုတ်ဆက်ခဲ့သည်။ ကျွန်မတို့ကလည်း ဖော်ရွေသော အပြုံးကလေးများဖြင့် ဧည့်ခံခဲ့သော ပြည်နယ်သူပြည်နယ်သားများအား လက်လေးများ ဝှေ့ယမ်းနှုတ်ဆက်ရင်း ပြန်လာခဲ့ပါသည်။ အပြန်ခရီးတွင် ဘီလူးချောင်းကြီးကိုကြည့်ရင်း-

*'ဘီလူးချောင်းကြီးက xxx စီးကျသွယ်ဖြာxxx မငြိုးပလွန်သာယာ xxx လွမ်းဖွယ်ပေါတဲ့xxxကယားတို့မြေပြည်ဟာ လွှိုင်ကော်မြို့ တော်ပါ'*

သီချင်းကလေးကို ညည်းဆိုရင်း ကန္တာရဝတီလှည့်လည်စဉ်ခရီးလေးကို အဆုံးသတ်ခဲ့ရပြီတကား။

မိုးငွေး



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ကိုက်မှု၊ ဆေးဝါးပစ္စည်းစုံလင်မှုတို့ကြောင့် ကျွန်တော်၏ဇနီးမှာ သေကံရောက်သက်မပျောက်ခဲ့ခြင်းဟု ဆိုရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျွန်တော်ဇနီးအဖြစ်က အဆင်မသင့်လျှင် အသက်ပါဆုံးရှုံးနိုင်တာမျိုး ဖြစ်သည်။ ခုတော့ 'သံချောင်းတို့အမေ က်ကောင်းသို့ မသေ' ဟု ဆိုရတော့မည်ဖြစ်သည်။

ဆေးရုံမှ ဆေးပုလင်းတွေအဆက်မပြတ် ချိတ်ပေးနေသည့်ကြားကပင် ကျွန်တော်၏ဇနီးဝမ်းသွားပုံက နောက်တစ်ရက်မှာပင် (၁၄) ခါလောက် သွားသေးသည်။ သို့သော် လူကတော့ထူထူထောင်ထောင် လန်းလန်းဆန်းဆန်းမို့ သူနာကိုကြည့်ပြီး စိတ်ချမ်းသာရသေးသည်။ စိုးရိမ်ရေအမှတ်ကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီဟု ဆိုရပေတော့မည်။

နံနက်ပိုင်း ဆရာမက ဆေးပုလင်းချိတ်ပေးနေစဉ် ဆေးရုံလူနာဆောင်အတွင်း စွေးရောင်းရင်းရောက်လာသည့် စွေးသည်မလေးက ကျွန်တော့်ဇနီးလူနာသည်ကိုမြင်တော့ 'ဘာဖြစ်တာလဲ' ဟု မေးသည်။ ဇနီးသည်က ဝမ်းသွားတာလို့ ပြောတော့ စွေးသည်မလေးက -

"အစ်မ ဝမ်းသွားတာဆို ဘာမှမပူနဲ့။ ကျွန်မပြောတဲ့ဆေးသာသောက်၊ ပျောက်စေရမယ်"

ဆိုပြီး ဆေးနည်းပေးသွားခဲ့သည်။ ကျွန်တော်က သူပြောသွားသောဆေးအမယ်ကို အလွယ်တကူရ၍ အသင့်ဆောင်ထားသည်။ နောက်တစ်နေ့မနက်ရောက်တော့ စွေးသည်မလေးပြန်ရောက်လာပြန်သည်။ ရောက်ရောက်ချင်းပင် ကျွန်တော့်ဇနီးအား -

"အစ်မ၊ ကျွန်မပြောတဲ့ဆေးသောက်ဖြစ်သေးလား"

ဟု မေးရာ ကျွန်တော့်ဇနီးသည်က -

"အင်္ဂလိပ်ဆေးနဲ့မတည့်မှာစိုးလို့ မသောက်ဖြစ်ဘူး"

ဟု ဆိုသည်။

သည်တွင် စွေးသည်မက စွေးဇနီးကို ဝုန်းခနဲနေအောင်ပစ်ချပြီး -

"အစ်မရယ်၊ အစ်မဘေးဖြစ်မယ် ဆိုရင် ကျွန်မကဒီဆေးနည်းဘယ်ပေးမှာတုံး၊ ဒီဆေးနည်းဆိုတာကလည်း တခြားတရတာမဟုတ်ဘူး။ ကျွန်မအဖေ မန္တလေးဆေးရုံမှာ ဝမ်းရောဂါနဲ့တက်ရတုန်းက ဆရာဝန်ကိုယ်တိုင်က ဒီဆေးနည်းအတိုင်းသောက်ကြည့်ဖို့ ညွှန်ကြားခဲ့လို့ အဖေလည်း အဲဒီဆေးသောက်ပြီး ပျောက်ခဲ့ရတာကို ကိုယ်တွေ့ကြုံခဲ့ရတာ အစ်မရဲ့။ ဒါကြောင့် အစ်မကိုလည်း တကယ်ပျောက်စေချင်လို့ပါ။ ကဲ - အဲဒီဆေးအဆင်သင့်ရှိရင် ကျွန်မကိုပေး၊ ကျွန်မကိုယ်တိုင် ဖျော်တိုက်ခဲ့မယ်"

စွေးသည်မလေးကြည့်ရတာ စိတ်မြန်ကိုယ်မြန်ရှိမယ့်ပုံပါပဲ။ ပြောပြောဆိုဆို ကျွန်တော့်ဇနီးရဲ့ခေါင်းရင်းက ဆေးရုံဒီရိုပုလေးကိုဖွင့်လိုက်ပြီး ဒီရိုထဲက ကျွန်တော် အဆင်သင့်ယူထားခဲ့တဲ့ ဆေးရည်ပုလင်းကို ဆွဲယူလိုက်သည်။ ပြီးတာနှင့် ဆေးရွှည်ကို ဟင်းစားဇွန်း စတီးဇွန်းတစ်ဇွန်းစာထည့်ပြီး အသင့်ရှိနေတဲ့ အကြမ်းပန်းကန်လုံးထဲကိုလောင်းထည့်သည်။ ပြီးတာနှင့် ဓာတ်ဘူးထဲက ရေနွေးကြမ်းအကျရည်ကို ပန်းကန်လုံးထဲလောင်းထည့်ပြီး ဇွန်းနှင့်မွှေတော့သည်။

"ကဲ-အစ်မ၊ စိတ်ချလက်ချ ယုံယုံကြည်ကြည်နဲ့သာသောက်။ အစ်မရောဂါပျောက်ကိုပျောက်စေရမယ်"

စွေးသည်မလေးကြည့်ရတာ သူဆေးအပေါ် တော်တော့်ကိုယုံကြည်စိတ်ချထားပုံရပါသည်။ 'စေတနာနဲ့ကျွေးရင် သေဆေးတောင် သောက်ရသေးတယ်' လို့ အဆိုရှိထားတာမဟုတ်လား။ ဒါက သေဆေးမှမဟုတ်တာ။ ပြီးတော့ ဒီဆေးက ကိုယ်နှင့်နိုစ္စမွေဝမြင်တွေ့နေရပြီး သောက်နေ၊ သုံးနေကျဆေးအမယ်တွေလေ။ ကျွန်တော့်ဇနီးကလည်း ထူးပြီးပြောမနေတော့ဘဲ စွေးသည်မလေးလက်ထဲကဆေးခွက်ကို ဆတ်ခနဲဆွဲထည့်ကာ ငွပ်ခနဲနေအောင်ကို တစ်ခွက်တည်း မော့သောက်လိုက်တော့သည်။

ကျွန်တော်တို့ မြန်မာ့တိုင်းရင်းဆေးလောကမှာ 'ဆေးကောင်းရင် သန်းခေါင်း' ဆိုပြီး ညွှန်းဆိုတဲ့ စကားတစ်ခွန်းရှိပါသည်။ ခုကျွန်တော့်ဇနီးအတွက် စွေးသည်မလေးပေးတဲ့ ဆေးကိုတော့ 'ဆေးကောင်းတစ်ခွက်'လို့ပဲ ပြောချင်ပါသည်။ ဘာလို့လဲဆိုတော့ စောစောပိုင်းရက် (၂) ရက်မှာ အကြိမ် (၁၀) ထက်ကျော်အောင် မရပ်တမ်းသွားနေတဲ့ဝမ်းက အဲဒီဆေးတစ်ခွက်သောက်တဲ့နေ့မှာ တစ်နေ့လုံးမှ (၇) ခါပဲသွားတော့၍ဖြစ်သည်။

ဆေးကတော့ သိသိသာသာကြီးကိုအစွမ်းပြသွားတာပဲလို့ ဆိုရမှာဖြစ်ပါသည်။ နောက်တစ်ရက် မိုးအလင်းမှာတော့ ကျွန်တော့်ဇနီးသည်က စွေးသည်မလေးအလာကိုတောင် မစောင့်နိုင်တော့ပါဘူး။ သူကိုယ်တိုင် ဆေးရည်နဲ့ရေနွေးကြမ်းအကျရည်ကို ညီမျှအောင် ရောမွှေပြီး သောက်လိုက်တော့သည်။

**အဲဒီနေ့ တစ်နေ့လယ်လုံး ဝမ်းလုံးဝမသွားပါ။ ညနေစောင်းခါမှ (၂)ခါပဲ သွားတာမို့ ဆေးရဲ့ထူးခြားမှုကိုအသိမှတ်မပြုလို့မရတော့ဘူးဆိုတာ တိုတိုဘာသာကိုယ်ပဲ စိတ်ထဲမှာတေးမှတ်ထားလိုက်သည်။** နောက်နေ့မှာတော့ **ဝမ်းကပုံမှန်**ပြန်ဖြစ်သွားပါပြီ။

နောက်ရက်မှာ **စွေးသည်မလေး**ပေးတဲ့ဆေးကို ဆက်မသောက်တော့ပါဘူး။ ဝမ်းဟာ လုံးလုံးကြီးရပ်သွားမှာစိုးရိမ်၍ဖြစ်သည်။ ဆေးရုံက နေ့ညမပြတ်အလှည့်ကျ ချိတ်သွင်းပေးနေတဲ့ ဆေးပုလင်းတွေကြောင့် ကျွန်တော့်ဇနီးသည်လည်း ထူထူထောင်ထောင် လန်းလန်းဆန်းဆန်းနှင့် ပန်းပန်တဲ့အဆင့်ကို ရောက်ခဲ့ပါပြီ။ ကျွန်တော့်ဇနီးသည်ကို ဒုက္ခပေးခဲ့တဲ့ဝမ်းကလည်း ခုတော့ ရပ်တန်းက ရပ်သွားပြီဖြစ်သည်။ သည်တော့ ကျွန်တော်တို့ဇနီးမောင်နှံ အထုပ်အပိုးပိုက်ပြီး ဆေးရုံကဆင်းဖို့ပြင်ဆင်ကြရပါသည်။ အစစအရာရာ ပိုင်းဝန်းပြုစုစောင့်ရှောက်ပေးခဲ့ကြတဲ့ ဆေးရုံက ဆရာမများကိုလည်း ဝမ်းပန်းတသာနှုတ်ဆက်ပြီး ဆေးရုံဝင်းထဲက ရွှင်လန်းစွာထွက်ခဲ့ရတဲ့အချိန်မှာတော့ အိမ်ရောက်လျှင် ဒီဆေးနည်းကို သူရဇမဂ္ဂဇင်းတိုက်ဆီ ပို့ဖြစ်အောင်ပို့မည်ဟု စိတ်ထဲမှာ ဆုံးဖြတ်လိုက်မိသည်။

တကယ့်ကို စာရေးသူမိသားစုကိုယ်တိုင် လက်တွေ့သုံးပြီး လက်တွေ့ပျောက်ခဲ့ရတဲ့ ဆေးနည်းတစ်လက်မို့ တိုက်ဆိုင်သူများရှိခဲ့လျှင် ယုံယုံကြည်ကြည်နှင့်သာသုံးကြည့်ဖို့ စေတနာဗရပွနှင့် တိုက်တွန်းလိုက်ရပါသည်။

ဆေးနည်းကတော့ ပျားရည်စစ်စစ်ဟင်းစားဇွန်းတစ်ဇွန်းကို ရေနွေးကြမ်းပန်းကန်လုံးထဲထည့်၍ ရေနွေးကြမ်းအဖန်ရည်ကျကျလောင်းချ၍မွှေပြီးလျှင် တစ်နေ့ တစ်ကြိမ်သောက်ရန် ဖြစ်ပါသည်။ (၂)ကြိမ်(၂)ရက်သောက်ပြီး၍ ဝမ်းရပ်သွားပြီဆိုလျှင် ဆေးကိုဆက်သောက်ရန်မလိုပါ။

ရောဂါရန်ဘေးကင်းစင်ဆေး
ဦးအေကြည်ဝေ

စနေတွင်း(မြစ်သား)



www.burmeseclassic.com

www.burmeseclassic.com

သစ်တူးအိမ်

# ထူးထူးခြားခြား ရေဆန်ကျွန်းသစ်စေတီများ

## စာစု (၁)

ရေဆန်ကျွန်းသစ်များအကြောင်းကို မြန်မာပြည်တစ်နံတစ်လျားတွင် ကြားဖူးကြပါလိမ့်မည်။ တောအသွယ်သွယ်တောင်အထပ်ထပ် ပေါက်ရောက်နေကြသော သစ်ရင့်ကျွန်းပင်ကြီးများကို သစ်တောဌာနမှ ခုတ်လှဲ၍ ဆင်များ၊ ကျွဲများ၊ လူများကိုအသုံးပြုကာ ချောင်းအသွယ်သွယ်မှ တွန်းပို့မျှောချရသည်။ တချို့နေရာများတွင် စက်ယန္တရား၊ ကားကြီးများကို အသုံးပြု၍ တွန်းထုတ်ဆွဲယူကြရသည်။

တောင်ပေါ်မှ တောင်အောက်၊ ရေတံခွန်များမှ မြောင်းငယ်ချောင်းငယ်ထိုမှတစ်ဆင့် ချောင်းကြီး၊ မြစ်ကြီးများသို့ ရောက်ခဲ့ကြရသော ကျွန်းတုံးကြီးများမှာ တစ်နှစ်မှ သုံးနှစ်ခန့်မျှအထိကြာတတ်သည်။ ကျွန်းပင်ကြီးများကို သင်းသတ်သည်မှ ခုတ်လှဲပို့ဆောင်ဖြတ်ရသည်အထိ အတန်ငယ် ခြောက်သွေ့ရန် အချိန်ယူကြရသည်။ ခုတ်လှဲပြီးသစ်များကို တောအထပ်ထပ်တောင်အသွယ်သွယ်တွင် အဆင့်ဆင့်စုပုံထားရသည်။ သတ်မှတ်ရက်ရောက်မှ ချင်းတွင်း၊ ဧရာဝတီ စသော မြစ်ကြီးများကိုရောက်အောင် ထပ်မံ၍ အဆင့်ဆင့်ရေမျှောရသည်။

## စာစု (၂)

ထူးဆန်းသောကျွန်းသစ်ကြီးများကို ဒဏ္ဍာရီသဖွယ် ကြားသိကြရသည်။ ဖတ်ဖူးမှတ်ဖူးကြရသည်။ ၎င်းတို့ကို နတ်ထိန်းကျွန်းသစ်ကြီးများ၊ ရေဆန်ကျွန်းသစ်ကြီးများဟု ခေါ်ကြသည်။ သတ်မှတ်ချက်အရ သစ်တောကြိုးပိုင်းကိုလွန်၍ လူအများနေထိုင်ကြသော (တစ်နည်း လူများစုအသုံးပြုကြသော) ချောင်းကြီး၊ မြောင်းကြီး၊ မြစ်ငယ်များသို့ ၎င်းကျွန်းသစ်ကြီးများရောက်ရှိကြသော အခါတွင် ထူးခြားမှုများ အံ့သြဘနန်းတွေ့ကြရသည်။

၎င်းအံ့သြဖွယ်ကျွန်းသစ်ကြီးများမှာ တောင်ပေါ်မှ တောင်အောက်သို့ ရောက်လာသောအခါတွင် မသိသာဘဲ ချောင်းမကြီးများသို့ ရောက်လာသော အခါ နယ်ကျော်သွားလိုစိတ်မရှိသော ပုံသဏ္ဌာန်အလား ချောင်းရေကိုမစုန်၊ ရေဆန်ကိုတော်လှန်၍ ချောင်းအထက်ဘက်သို့ ဆန်တက်တတ်ကြသည်။

အမှန်မှာ အရာဝတ္ထုများနှင့်တကွ သတ္တော်၊ မော်တော်၊ စက်လှေ၊ လက်လှေ၊ သစ်ဖောင်တို့သည် စက်စွမ်းအား၊ လေစွမ်းအား၊ လှော်ထက်၊ ထိုးဝါးမပါဘဲ ရေကိုဆန်တက်ရိုးထုံးစံမရှိပေ။

ရေဆန်ကျွန်းသစ်ကား ထိုသို့မဟုတ်။ မည်သည့်အကူအညီမျှမပါဘဲ သဘာဝကိုဆန့်ကျင်၍ ရေကိုဆန်တက်ခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတွင် မတ်ရပ်ထောင်၍ပေါ်ကာ ရေကိုဆန်တက်နေသည်။ တစ်ခါတစ်ခါတွင် ရေလိုင်းဂယက်များဖြစ်ပေါ်၍ ရေဆန်သို့ ဖြည်းညင်းစွာ ဆန်တက်နေသည်။ တစ်ခါတစ်ရံမှာတော့ ကျွန်းသစ်ကြီးအချို့မှာ ရေတွင်ရေးရေးပေါ်ကာ ရှုပ်တိုက်ပြေးသလိုလို၊ တရွေ့ရွေ့သွားနေသလိုလိုဖြင့် ရေကိုဆန်တက်နေတတ်သည်။ အချို့ရေဆန်ကျွန်းသစ်ကြီးများမှာ ရေကိုဆန်တက်ကာ မည်သည့်ဒေသရောက်သည်မသိ ပျောက်ဆုံးကွယ်ဝှက်နေတတ်ကြပြန်သည်။ သုံးနှစ်၊ လေးနှစ်ကြာ၍မှေလောက်မှ ပြန်၍ပေါ်လာတတ်ကြပြန်သည်။ တံစ်ခါတလေ





www.burmeseclassic.com

www.burmeseclassic.com

ဆွင် သဲသောင်ပြင်များ၌ အကြောင်းမဲ့ စုဝေးမြဲနေတတ်သည်။ ရေဆန်ကျွန်းသစ်မှန်လျှင် အဝတ်လျော်ခြင်း၊ မိန်းမသူများ ဆတ်ထိုင်ခြင်း၊ မားဖြင့်ခုတ်၊ ပုဆိန်နှင့်ခေါက်၊ လွှဖြင့်ပိုင်းဖြတ်ခြင်းတို့ကိုမပြုရသော်၊ ပြုခဲ့လျှင် သစ်တုံးကြီးမှ အကြောင်းခဲ့လုပ်ခါခြင်း၊ ဘေးဥပဒ်တို့ဖြစ်ခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့်ဒဏ်ရာရခြင်း၊ နိမိတ်ပြခြင်းများကို ကြုံတွေ့ကြရသည်။

## စာစု (၃)

ဤကဲ့သို့ နတ်ထိန်းကျွန်းသစ်ရေဆန်တုံးကြီးများကို ချင်းတွင်းဒေသတွင် ကြာခဏတွေ့ကြရသည်။ တွေ့သိရသောရေဆန်ကျွန်းသစ်ကြီးများမှ သိသာထောက်ကြားလှသော ရေဆန်ကျွန်းသစ်ကြီးနှစ်တုံးအကြောင်းကို တင်ပြလိုပါသည်။ ၎င်းတို့မှာ မင်းကင်းမြို့နယ် တောင်တွင်းချောင်းဝကြီးမှ ကျွန်းသစ်ကြီးနှင့် ကလေးမြို့နယ် ရာဇဂြိုဟ်ရွာနေရွာရာချောင်းမှ ကျွန်းတုံးကြီးတို့ပင်ဖြစ်သည်။

၁၉၇၄-၇၅ခုနှစ်ဝန်းကျင်က ဖြစ်သည်။ မင်းကင်းမြို့နယ် တောင်တွင်းချောင်းမှ သစ်တုံးကြီးတစ်တုံးကို ချောင်းရေအတွင်း စုန်ချည်၊ ဆန်ချည်ဖြင့် စုန်၊ ဆန်နေသည်ကို လူအများသတိပြုမိလာကြသည်။ တစ်ခါတစ်ရံ ချောင်းမှထွက်၍ ချင်းတွင်းမြစ်ကို ဆန်တက်လိုက်၊ ရန်ဆင်းလိုက်ဖြစ်နေတတ်သည်။ ထင်းဆယ်၊ သစ်ဆယ်သူများက ၎င်းကျွန်းတုံးကြီးဆယ်ယူ၍ ကမ်းပါး၌ ကြိုးချည်ထားသော်လည်း အလိုအလျောက်ပျောက်သွားတတ်သည်။

ကျွန်းတုံးကြီးတစ်တုံး ရေကိုဆန်တက်နေတတ်သည်ဟုဆို၍ သွားရောက်ကြည့်လျှင်၊ လှေများဖြင့်ဝိုင်းဝန်းဆယ်ယူကြလျှင် ၎င်းရေဆန်တုံးကြီးသာဖြစ်နေတတ်သည်။ မြင်ရတွေ့ရရှိးသွားသဖြင့် ဆယ်ယူထားခြင်းမပြုတော့ပေ။ ဆယ်ယူထားလျှင်လည်း ထိန်းသိမ်းထားရှိရသောကြောင့် လွတ်ထားလိုက်ကြခြင်းလည်း ဖြစ်သည်။

တစ်နေ့ ကလေးဝအတိုးဆရာတော် (ရန်ကုန်နာဂလိုဏ်ဂူဆရာတော်) သည် တောင်တွင်းဒေသ မင်းကင်းသစ်ထုတ်လုပ်ရေးအဖွဲ့အား မေတ္တာရပ်ခံ၍ ချင်းကျင်းကာ ဆယ်ယူရန် စီစဉ်သည်။

"နတ်ကျွန်းရေဆန် ဘေဒိသက်ကြီး ကြွရောက်ပါ"

ဟု ဖိတ်ခေါ်သောအခါ ဘေးဥပဒ်မရှိ ကောင်းမွန်စွာ ဆယ်ယူ၍ ရရှိသည်။ ၎င်းရေဆန်ကျွန်းသစ်ကြီးအား ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်၍ ကိုးကွယ်ခဲ့ကြသည်။ တောင်ဥက္ကလာပမြို့ ဇလီတောင်ဗိမာန်ကြီးတွင် လည်းကောင်း၊ နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်တွင် လည်းကောင်း၊ မုံရွာမြို့ ရှမ်းတောရပ် သုမင်္ဂလာရီ သာသနာ့ဝိဗာန်တော်ကြီးတွင် လည်းကောင်း၊ မန္တလေးမြို့ ဘုရားကြီးတိုက် ဒဂုံကျောင်းတွင် လည်းကောင်း အသီးသီးထားရှိကိုးကွယ်ပူဇော်လျက်ရှိကြသည်။

ထို့ပြင် သေးငယ်သော ကျွန်းသစ်အစများကိုလည်း ရုပ်ပွားတော်ငယ်များ ထုလုပ်၍ ကိုးကွယ်ဆောင်ကြဉ်းထားကြလေသည်။

## စာစု (၄)

ကလေးမြို့နယ် ရေဆန်ကျွန်းသစ်အကြောင်းကား ဤသို့ဖြစ်လေသည်။

ကလေးမြို့မှာ ယခင်က ကာလေးမြို့ဟု အမည်တွင်ခဲ့သည်။ ကာလေးမြို့မှာ လန္တပါလမင်းတည်ခဲ့သော နွယ်ပတ်မြို့၏ အဆက်အစပ်ဖြစ်သည်။ အတန်ငယ်ဝေး၍ မြို့၏အလယ်ဗဟိုချက်မကား အလှမ်းကွာသည်။ ကာလေးမြို့မှာလည်း ရှေးကာလက ရာဇဂြိုဟ်မြို့လေး၏အဆက်ဖြစ်သည်။ တစ်နည်းအားဖြင့် ကာလေးမြို့၊ ကလေးမြို့၊ နွယ်ပတ်မြို့၊ ရာဇဂြိုဟ်မြို့တို့မှာ မြို့ဆက်တစ်ဆက်တည်းသာဖြစ်သည်။

ရာဇဂြိုဟ်မြို့လေးကို မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်မှ ရှောင်ထွက်လာကြသော အဇာတသတ်မင်း၏ အဆက်အနွယ်မင်းသားတစ်ဦးက တည်ထောင်ခဲ့သည်။ အိန္ဒိယမှ ရာဇဂြိုဟ်ပြည်ကြီးအစား ပုံစံတူရာဇဂြိုဟ်မြို့လေးအဖြစ် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ၎င်းရာဇဂြိုဟ်မြို့လေးမှာ ကျေးရွာလေးတစ်ရွာအဖြစ် ကလေးမြို့မှ တမူးမြို့သို့ သွား လမ်းမကြီးဘေးတွင် တည်ရှိသည်။

၎င်းရာဇဂြိုဟ်ရွာအနီး နတ်မြောင်းသစ်တောကြီးဝိုင်းမှခုတ်လှဲခဲ့သော ကျွန်းသစ်ကြီးမှာ အခက်အခဲအမျိုးမျိုး၊ ဥပဒ်အမျိုးမျိုးဖြစ်ပေါ်ကာ သစ်တောဌာန (အစိုးရမင်းအမိန့်ဖြင့်) မန်လုံချောင်ခေါ် နန့်ကသဲချောင်းသို့ ရေချမ်းစေခဲ့သည်။ နန့်ကသဲချောင်းကို ရှေးအခေါ်အားဖြင့် နေရွာရာချောင်းဟုလည်းခေါ်သည်။

ကျွန်းသစ်ကြီးမှာ နန့်ကသဲချောင်း (နေရွာရာချောင်း) တွင် ဆန်တက်သွားသည်ကို သစ်ထုတ်လုပ်ရေးလုပ်သားများနှင့် ရွာသူရွာသားများက တွေ့ကြရသည်။ ဆောင်းနှင့် နွေကာလများတွင် ပျောက်သွားပြန်ကာ မိုးရာသီတွင် ချောင်းတွင် ဆန်လိုက်၊ စုန်လိုက်တွေ့နေကြရသည်။ တစ်ခါတစ်ရံ သုံးနှစ်ခန့်မှာ ပျောက်နေပြန်သည်။

၁၉၇၆-၇၇ခုနှစ်တွင် ရာဇဂြိုဟ်ရွာအနီးသို့ ရောက်ဆန်တက်၍ပေါ်လာပြန်သည်။ ကလေးဝန်းကျင်သာမက တမူးမြို့၊ ကလေးဝမြို့၊ မော်လိုက်မြို့များမှလူအများအပြား လာရောက် ကြည့်ရှုကာ အကျော်ဇောဖြစ်ကြရပြန်သည်။

မြန်မာနှစ် ၁၃၄၁ ခုနှစ် (ခရစ်နှစ် ၁၉၇၉) ခုနှစ်တွင် ကလေးဝအဘိုးဆရာတော် ရန်ကုန်မြို့ (၈) မိုင် နာဂလိုဏ်ဂူဆရာတော် ဥက္ကသာဂရမှ သစ်တော်ဌာနသို့ အလှူခံခဲ့သည်။ သစ်တောဌာနမှလည်း ကျွန်းသစ်ကြီးမှာ လုံးပတ်ကြီးသော်လည်း အူကြောင်းအခေါင်းပေါက်ကြီးဖြစ်နေသဖြင့် အလွယ်တကူပင် သဘော တူလှူဒါန်းလေသည်။

၁၃၄၄ ခုနှစ်၊ ၁၉၈၂ ခုနှစ်တွင် ကလေးမြို့ ဟိန္နဗုဒ္ဓဘာသာ 'တာကိုပါ' ကျောင်းတွင် ထောင်ဖြည့်စေတီတော်အဖြစ် တည်ထား ကိုးကွယ်ခဲ့ကြသည်။ သစ်လုံးကြီးအား လုံးပတ်ညီအောင်ပြုပြင်၍ အထောင်အတိုင်း မတ်ရပ်ထားကာ သပ္ပာယ်ကြည်ညိုစွာ ပူဇော်ထားရှိနိုင်ခဲ့သည်။

၁၃၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ၁ - ၁၂ - ၈၅ခုနှစ်၊ တနင်္ဂနွေနေ့တွင် ရေဆန်ကျွန်းသစ်ထောင်ဖြည့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓအဘိသေကပူဇာမင်္ဂလာအောင်ပွဲကြီးကို ကလေးဝအဘိုးဆရာတော်မှကြီးမှူး၍ စည်ကားစွာ ကျင်းပနိုင်ခဲ့သည်။ အလှူရှင်များဖြစ်ကြသော မဟာဗောဓိစေတီတော် ဥပါသကာ ဦးရှရီဘူးနယ်၊ ဇနီး ဒေါ်ငွေစိန်နှင့် ဟိန္နဘုရားကျောင်း ဂေါပကအဖွဲ့များ၊ ရန်ကုန်မြို့မှ မင်းကြီး ဦးစန်းမောင် စသော (၇)ရက်သားသမီးများ၊ ကလေး၊ ကလေးဝ၊ တမူး၊ ရန်ကုန်မှ ဒါယိကာ၊ ဒါယိကာမများတက်ရောက်၍ ပူဇော်ပွဲကြီးကို မြို့လုံးကျွတ် ကျင်းပနိုင်ခဲ့လေသည်။

သစ်ထုတ်အခြင်



www.burmeseclassic.com

www.burmeseclassic.com

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | နှောင်းတန်ဆူလဆန်း | ၄ဟူး | ၁၀ | ၁၇း၄၆း၄၀ | * အမြိတ္တ |
| | | | ၁၁ | | * လာဘ |
| ၂ | ၁၄ | ၅တေး | ၁၁ | ၂၀း၀၄း၂၂ | ∧ ဥပါဒ် |
| | | | ၁၂ | | ∧ မိတ္တု |
| ၃ | ○ | ၆ကြာ | ၁၂ | ၂၂း၄၀း၀၀ | * လာဘ |
| | | | ၁၃ | | * သိဒ္ဓိ |
| ၄ | လဆုတ် | စနေ | ၁၃ | မပြောင်း | △ မိတ္တု |
| ၅ | ၂ | ၁နွေ | ၁၃ | ၀၀း၅၂း၂၂ | * လာဘ |
| | | | ၁၄ | | * သိဒ္ဓိ |
| ၆ | ၃ | ၂လာ | ၁၄ | ၀၃း၀၀း၀၀ | △ မိတ္တု |
| | | | ၁၅ | | △ ကာဏ |
| ၇ | ၄ | ၃ဂါ | ၁၅ | ၀၄း၃၃း၀၆ | * သိဒ္ဓိ |
| | | | ၁၆ | | □ ဝရ |
| ၈ | ၅ | ၄ဟူး | ၁၆ | ၀၅း၂၂း၄၆ | △ ကာဏ |
| | | | ၁၇ | | * အမြိတ္တ |
| ၉ | ၆ | ၅တေး | ၁၇ | ၀၆း၀၀း၀၀ | □ ဝရ |
| | | | ၁၈ | | △ ဥပါဒ် |
| ၁၀ | ၇ | ၆ကြာ | ၁၈ | ၀၆း၀၀း၀၀ | * အမြိတ္တ |
| | | | ၁၉ | | * လာဘ |
| ၁၁ | ၈ | စနေ | ၁၉ | ၀၅း၄၈း၂၃ | △ ဥပါဒ် |
| | | | ၂၀ | ၂၃း၁၃း၃၃ | △ မိတ္တု |
| | | | × | | △ ကာဏ |
| ၁၂ | ၉ | ၁နွေ | × | ၁၀း၄၀း၀၀ | * သိဒ္ဓိ |
| | | | ၂၁ | | □ ဝရ |
| ၁၃ | ၁၀ | ၂လာ | ၂၁ | ၀၃း၄၈း၃၄ | △ ကာဏ |
| | | | ၂၂ | | * အမြိတ္တ |
| ၁၄ | ၁၁ | ၃ဂါ | ၂၂ | ၀၂း၅၃း၃၀ | □ ဝရ |
| | | | ၂၃ | | △ ဥပါဒ် |
| ၁၅ | ၁၂ | ၄ဟူး | ၂၃ | ၀၁း၀၆း၂၈ | * အမြိတ္တ |
| | | | ၂၄ | ၂၃း၁၅း၄၂ | * လာဘ |
| | | | ၂၅ | | * သိဒ္ဓိ |
| ၁၆ | ၁၃ | ၅တေး | ၂၅ | ၂၁း၄၅း၀၀ | △ မိတ္တု |
| | | | ၂၆ | | ∧ ကာဏ |

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁၇ | ● | ၆ကြာ | ၂၆ | ၂၀း၁၅း၀၀ | * သိဒ္ဓိ |
| | | | ၂၇ | | □ ဝရ |
| ၁၈ | ကဆုန်လဆန်း | စနေ | ၂၇ | ၁၈း၄၅း၀၀ | △ ကာဏ |
| | | | ၁ | | * အမြိတ္တ |
| ၁၉ | ၂ | ၁နွေ | ၁ | ၁၇း၃၀း၂၈ | □ ဝရ |
| | | | ၂ | | △ ဥပါဒ် |
| ၂၀ | ၃ | ၂လာ | ၂ | ၁၆း၃၈း၄၃ | * အမြိတ္တ |
| | | | ၃ | | * လာဘ |
| ၂၁ | ၄ | ၃ဂါ | ၃ | ၁၆း၀၇း၅၂ | △ ဥပါဒ် |
| | | | ၄ | | △ မိတ္တု |
| ၂၂ | ၅ | ၄ဟူး | ၄ | ၁၆း၀၀း၀၀ | * လာဘ |
| | | | ၅ | | * သိဒ္ဓိ |
| ၂၃ | ၆ | ၅တေး | ၅ | ၁၆း၁၆း၁၆ | △ မိတ္တု |
| | | | ၆ | | △ ကာဏ |
| ၂၄ | ၇ | ၆ကြာ | ၆ | ၁၆း၂၇း၂၆ | * သိဒ္ဓိ |
| | | | ၇ | | □ ဝရ |
| ၂၅ | ၈ | စနေ | ၇ | ၁၈း၂၃း၄၃ | △ ကာဏ |
| | | | ၈ | | * အမြိတ္တ |
| ၂၆ | ၉ | ၁နွေ | ၈ | ၂၀း၀၈း၃၄ | □ ဝရ |
| | | | ၉ | | △ ဥပါဒ် |
| ၂၇ | ၁၀ | ၂လာ | ၉ | ၂၂း၁၅း၁၆ | * အမြိတ္တ |
| | | | ၁၀ | | * လာဘ |
| ၂၈ | ၁၁ | ၃ဂါ | ၁၀ | မပြောင်း | △ ဥပါဒ် |
| ၂၉ | ၁၂ | ၄ဟူး | ၁၀ | ၀၀း၅၃း၂၀ | * အမြိတ္တ |
| | | | ၁၁ | | * လာဘ |
| ၃၀ | ၁၃ | ၅တေး | ၁၁ | ၀၃း၂၉း၂၇ | △ ဥပါဒ် |
| | | | ၁၂ | | △ မိတ္တု |

၂၀-နက္ခတ် = ၄၅ ယူဇဉ်
×-နက္ခတ် = ၃၀ ယူဇဉ် ဖြင့် တွက်သည်
၂၁-နက္ခတ် = ၄၅ ယူဇဉ်

* = အဝင်နက္ခတ်　　○ = လပြည့်နေ့
□ = ခပါဒ်နက္ခတ်　　● = လကွယ်နေ့
△ = အထွက်နက္ခတ်

၄-၄-၂၀၁၅ စနေနေ့ ည ၁၈း၅၁း၂၆ နာရီတွင် လပြည့်သည်။ သို့သော် ညနေ ၁၇း၀၆း၄၈ နာရီမှ ည ၂၀း၁၁း၃၆ နာရီအထိ လကြတ်သဖြင့် ထိုအချိန်များ၌ လမင်း၏စွမ်းအင်နည်းသည်။ ဤအစီအရင်များမဆောင်ရွက်သင့်ပါ။

အသုံးတည့်စိမ်းကြပါစေ

ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

# တင်အောင် (စက်မှုတက္ကသိုလ်)

# တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ကြီး

## ဘဝတရား

၁၉၈၀ပြည့်နှစ်၊ ဒီဇင်ဘာ ၂၇ရက်၊ ညနေ ၆နာရီခန့်။

ကျွန်တော်သည် မိတ္ထီလာရှိ တောင်ပုလုတောရတွင် သီတင်းသုံးနေထိုင်သော တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးဦးနန္ဒိယ အမှောက်တွင် ရောက်ရှိနေကြသည်။ ကျွန်တော်၏ဖခင် စာရေးဆရာကြီး ဦးနုအောင်၊ စာရေးဆရာကြီးလင်းယုန် ဆောင်မောင်၊ စာရေးဆရာကြီး မင်းသိခ်တို့နှင့်အတူ ကျွန်တော်ကပ်ပါလာသည်။ ကျွန်တော်တို့သည် မိတ္ထီလာတွင် ကျင်းပသော စာဆိုတော်နေ့စာပေဟောပြောပွဲကို အကြောင်းပြု၍ ဆရာတော်ကြီးထံ အမှုအမြော်ရောက်ရှိလာခြင်းဖြစ်သည်။ အဖေတို့ကို ဖိတ်ကြားသူမှာ သတင်းဆောက် ကိုတင်လှိုင် (မိတ္ထီလာ) ဖြစ်သည်။

ကျွန်တော်သည် ဆရာတော်ကြီးထံ ဝတ္ထုငွေလှူသောအခါ ဆရာတော်ကြီးက လက်မခံဘဲ ကပ္ပိယကာရကထုလုပ်ရလေသည်။ ဆရာတော်ကြီးက ကျွန်တော် ကြားလောက်ရုံ 'ပညာတတ်ကြီးဖြစ်ပါစေ' ဟုသာ တိုးညင်းသာစွာ ဆုပေးလေသည်။ ကျွန်တော်သည် ဆရာတော်ကြီးကို ပထမဆုံးအကြိမ် စတင်တွေ့ဆုံခြင်း ဖြစ်ပါသည်။ ထိုစဉ်က မိတ္ထီလာဆရာအတတ်သင်ကျောင်းအုပ်ကြီးမှာ ဆရာကြီးဦးထွဋ်ဖြစ်ပြီး နောင်အခါ မြန်မာတိုင်းရင်းဆေးသမားတော်ကြီးဖြစ်လာသည်။

ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးကားသော မြန်မာနိုင်ငံတော်တွင် ရိုးရာဓလေ့ထုံးတမ်းစဉ်လာ သာသနာတော်နှင့် ပဋိပတ္တိသာသနာတော်၌ နေ၊ လအသွင် ထူးချွန်ဆန်းကြယ်သော ဆရာတော်ကြီးများ ပေါ်ပေါက်ခဲ့ရာတွင် ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီးလည်း အပါအဝင် ဖြစ်တော်မူပါသည်။ ဆရာတော်ကြီးသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ပဋိပတ္တိသာသနာတော်ထွန်းလင်းတောက်ပစေရန် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သော သာသနာ့အာဇာနည် မထေရ်မြတ်ကြီးတစ်ပါး ဖြစ်တော်မူသည်။

တောင်ပုလုဆရာတော်ဘုရားကြီးအား စတင်ဖူးတွေ့ရပြီးသည့်အခိုန်မှစ၍ လွန်စွာမှတ်သားခဲ့မိပါသည်။ စာရေးသူသည် ထိုအခိုန်မှစ၍ ဆရာတော်နှင့် ပတ်သက်သော ဆောင်းပါးများ၊ စာအုပ်စာတမ်းများ ရွာဖွေစုဆောင်းလေ့လာဖတ်ရှုခဲ့ပါသည်။ တောင်ပုလုဆရာတော်ကြီး၏ထေရပ္ပတ္တိမှာ -

ဆရာတော်အလောင်းအလှာကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ အနောက်ဘက် (၁၄) မိုင် အကွာရှိ အနော်ရထာမင်းစော ယာယီတဲနန်းတော်နေရာ၌ရွာတည်ဖေခဲ့သော တဲစုရွာတွင် ခမည်းတော် တောင်သူကြီး ဦးရံ၊ မယ်တော် ဒေါ်ရွှေသဲတို့မှ အေဒီ ၁၈၉၇၊ မတ်လ ၂၀ ရက် (၁၂၅၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်) စနေနေ့ ညနေ (၃) နာရီတွင် ဖွားမြင်တော်မူခဲ့သည်။ ငယ်နာမည်မှာ မောင်ဝေလာဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

တောင်ပုထုဆရာတော်ဘုရားကြီးနှင့် ဘဒ္ဒန္တကေသဝပုံတော် (၁၉၈၁-အမေရိက)

မောင်ပေါ်လာသည် အသက်(၇) နှစ်တွင် တဲစုရွာ ရေဝန်းကျောင်းဆရာတော်ထံတွင် ပညာသင်သည်။ ထိုစဉ်က ရေဝန်းကျောင်းတွင် ပဓာနဆရာတော် ဦးတေဇနှင့် လက်ထောက်ဆရာတော် ဦးလက္ခဏတို့ သီတင်းသုံးလျက်ရှိရာ ဦးတေဇထံတွင် လောကုတ္တရာမှ အခြေခံစာပေနှင့်ပန်းချီပညာကို သင်ယူပြီး ဦးလက္ခဏထံတွင် သဒ္ဒါ၊ သဒ္ဓိဟ်စသော ပိဋကတ်အခြေခံစာပေများကို သင်ယူခဲ့ရသည်။ အသက် (၁၃) နှစ်၌ တဲစုရေဝန်းကျောင်းဆရာတော်ဦးတေဇထံ၌ ရှင်သာမဏေဝတ်သည်။ ဘွဲ့တော်မှာ ရှင်နန္ဒိယဖြစ်သည်။ သက်တော်(၂၀) တွင် တဲစုရွာမှဦးထွန်းအေး၊ ဒေါ်ကြာမွေး တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆရာတော်ဦးတေဇကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်ရှိတော်မူသည်။ ထူးခြားမှုမှာ ဆရာတော်နှစ်ပါးစလုံး စနေသားများ ဖြစ်ကြသည်။ အရှင်နန္ဒိယသည် ရဟန်းဖြစ်ပြီးနောက် (၄) ဝါရသည် အထိ ရေဝန်းဆရာတော် ဦးတေဇထံ၌ ပိဋကတ်အခြေခံစာဝါများကို သင်အံခဲ့သည်။ (၅) ဝါမြောက်တွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသောကျမ်းကြီးများကို သင်ကြားရန် မန္တလေးသို့ကြွပြီး ဒက္ခိဏာရာမ ဘုရားကြီးတိုက် ရွှေဘိုကျောင်းတွင် သီတင်းသုံးကာ ပညာများ ဆည်းပူးလေ့လာခဲ့သည်။

အရှင်နန္ဒိယသည် ရွှေဘိုကျောင်း ဆရာတော် အရှင်အာစရိယထံတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းစာကို လေ့လာသင်ယူသည်။ ထိုအချိန်က ဒက္ခိဏာရာမကျောင်းတိုက်၏ ဆရာတော်များဖြစ်ကြသော ဆရာတော်ဦးဥေယျ၊ ဆရာတော်ဦးတေဇဝန္တ၊ ဆရာတော်ဦးနာရဒတို့ထံတွင် ဥပဝါ၊ သာရတ္ထဒီပနီ၊ ဝိနည်းကျမ်းများကို သင်ကြားခဲ့သည်။ ပခုက္ကူကျွဲပွဲဒိုးဆိပ်ဆရာတော် ဦးသာသနထံတွင် ဝိနည်း (၅) ကျမ်း၊ သုတ် (၃) ကျမ်းကို သင်ကြားခဲ့လေသည်။ အရှင်အနန္ဒိယသည် မန္တလေးတွင် စာသင်နှစ် (၄) နှစ်အရ ၁၉၂၅ ခုနှစ်တွင် ညီတော်ဖြစ်သော သာစည်မြို့ ရေလယ်ကျောင်းဆရာတော် အရှင်အနန္ဒောဘာသ၏ လျှောက်ထားတောင်းပန်ချက်အရ သာစည်မြို့ ရေလယ်ကျောင်းတိုက်ကြီးကို အလှူခံရကာ စာချဆရာတော်အဖြစ် ပရိယတ္တိသာသနာတော်ကို စတင်ခြီးမြှောက်သည်။ ထိုစဉ်က ရေလယ်ကျောင်းတိုက်ကြီးတွင် စာသင်အားသံဃာတော် တစ်ရာကျော်မျှရှိပြီး ဆရာတော်သည် သိက္ခာတော် (၂၀) ဝါရသည့်တိုင်အောင် စာဝါပို့ချပေးတော်မူပါသည်။

၁၉၃၇ ခုနှစ်တွင် ဆရာတော် ဦးနန္ဒိယသည် ရေလယ်ကျောင်းတိုက်ကြီးနှင့် တပည့်စာသင်သားသံဃာတော်များကို သံယောဇဉ်ဖြတ်ကာ ပျော်ဘွယ်မြို့နယ် တွင်းရွာသိမ်တောင်တောရကျောင်းတွင် သီတင်းသုံးကာ ခုတင် (၁၃)ပါးကိုကျင့်ဆောင်လျက် ဝိပဿနာတရားများ စတင်ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူသည်။ လူသူလေးပါးခေါင်းပါးသည့် ရှမ်းရိုးမ၏ အနောက်ခြမ်း တွင်းရွာနှင့် မနီးမဝေးဒေသ၌ အပြင်းအထန်တရားအားထုတ်ခဲ့ရာ ဌက်ဖျားရောဂါစွဲကပ်လျက် လဲလျောင်းနေရာတောလိုက်မုဆိုးများတွေ့ခဲ့၍ ထဲမ်းစင်ဖြင့် မြေပြန့်သို့ပင့်ဆောင်ကာ ဆေးကုသခံတော်မူခဲ့သည်။ ဌက်ဖျားရောဂါ၏ဒဏ်ကို အလူးအလဲ အကြီးအကျယ် ခံစားလိုက်ရသောကြောင့် ဆရာတော်ကြီး၏အသံတော် ဆုတ်ယုတ်ထိခိုက်စေခဲ့သည်။ဆရာတော်ကြီးသည် ပျော်ဘွယ်မြို့နယ် တွင်းရွာအနီး တောင်ပေါ်ကြီး၌ တရားအားထုတ်ခြင်းကို အားရကျေနပ်ဖွယ်မရှိခြင်းကြောင့် သထုံမြို့ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်တရားနည်းနာနိဿယများခံယူခဲ့သော ဆွေးနွေးတော်များပြင်းပြစွာဖြစ်ပေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် တောင်ပုလုဆရာတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက်ကို မဆို အသိမပေးဘဲ သပိတ်တစ်လုံး၊ သုံးဆယ်သောသင်္ကန်းကိုသာ ယူဆောင်ပြီး အခြားပလိတောအသုံးအဆောင်ပစ္စည်းများကို ပုံသကူအဖြစ် စွန့်ကြဲကာ တပည့်ဖြစ်သူ ထူးတွင်းဆရာတော် ဦးဇဝနကို ခေါ်ပြီး ၁၂၉၉ ခုနှစ်၊ တန်ဆောင်မုန်းပြည့်နေ့ ညသန်းခေါင်ယံအချိန်၌ ကျောက်မြို့နယ် တွင်းရွာ သိမ်တောင်ဘုရားကျောင်းမှ သထုံမြို့သို့ သတိဗဟုသုတရှာဖွေရန် ကြွမြန်းတော်မူသည်။ ဤကဲ့သို့ ကြွတော်မူရာ၌လည်း လူသူ လေ့၊ မော်တော်ကား၊ မီးရထားစသည့် မည်သည့်ယာဉ်ရထားမျှမစီးဘဲ သလုံးမြင်းခေါင်းခြေနှစ်ချောင်းဖြင့် အကြွတော်မူပြီး စွမ်းနိုင်သမျှ ခူတင ဆောင်ကာ တစ်ရွာဝင်တစ်ရွာထွက် ဆွမ်းခံစားလျက် ခြေကျင်ခရီးဖြင့် နောက်ပါတပည့် ဦးဇဝနနှင့်အတူ ကြွတော်မူပါသည်။

တောင်ငူမြို့သို့ရောက်လျှင် တပည့်ဖြစ်သူ ဦးနန္ဒောဘာသ သိတင်းသုံးရာ စည်ပင်ကျောင်းတိုက်တွင် ခေတ္တတည်းခိုပါသည်။ တောင်ငူမှ ခရီးဆက်ပြန်ရာ ဦးနန္ဒောဘာသကိုပါ ခေါ်ဆောင်ပြီး ဆရာတပည့်သုံးပါးတို့သည် ခရီးဆက်လက်ထွက်ခွာခဲ့သည်။ ပဲခူးမြို့သို့ရောက်သည့်အခါ ခရီးတစ်ထောက်နားကာ တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော်ကန်တော့ကြပါသည်။ ထိုမှတစ်ဖန် ခရီးဆက်ပြန်ရာ ကျိုက်ထီးရိုးဆံတော်ရှင်ဘုရား စသည်တို့ကို ဖူးမြော်ကြည်ညိုကန်တော့ပြီး ရှေ့သို့ခရီးဆက်ရာ သထုံမြို့ ဇေတဝန်ကမ္ဘဏ်းရိပ်သာသို့ ၁၂၉၉ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်နေ့တွင် ဆိုဆိုမောမော တုန်းကုန်းမာမာနှင့်ရောက်ရှိခဲ့သည်။ ဆရာတော်ကြီး၏ တရားရှာဖွေခရီးသည် သုံးလနှင့် တစ်ဆယ့်ခုနစ်ရက်ကြာပါသည်။ တောင်ပုလုဆရာတော်သည် မင်းကွန်းဇေတဝန်ဆရာတော်ထံ ရောက်သော ရဟန်းတော်များတွင် အဆင့်ခုနစ်ရပ်မှ မဟာစည်ဆရာတော်မှာ အဆင့်(၁၃)ရှိလေသည်။

ထိုအချိန်ကား မင်းကွန်းဇေတဝန်ဆရာတော်ကြီးသည် သထုံမြို့၌ မဟာသတိပဋ္ဌာန်ဝိပဿနာရေအေးအမြိုက်ဆေးကို တိုက်ကျွေးနေချိန် ဖြစ်သည်။ မင်းကွန်းဇေတဝန်ကမ္ဘဏ်းဌာနကြီး၌ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူများ လာရောက် တရားအားထုတ်ကြရာ အရှင်နန္ဒိယနှင့် သီတင်းသုံးဖော်များလည်းပါဝင်လေသည်။ မင်းကွန်းဇေတဝန်ဆရာတော်ကြီးသည် တရားအားထုတ်ရန်လာသော ရဟန်းတော်များအတွက် စည်းကမ်းချက်များသတ်မှတ်ထားသည်။ ယင်းတို့မှာ ပါတိမောက်ရရမည်။ ဆွမ်းခံစားရမည်။

ယောဂါဝစရရဟန်းဖြစ်လာခဲ့သော အရှင်နန္ဒိယသည် သထုံဇေတဝန်ဆရာတော်ကြီးထံ ဝိပဿနာကမ္ဘဏ်းနည်းများကို နည်းခံရန် (၃) နှစ်နေခွင့်ရကာ တရားအားထုတ်လေသည်။ ထို့နောက် သီလရှင်ဆရာတော်ကြီး ဒေါ်ကုသလ၏ လျှောက်ထား တောင်းပန်ချက်နှင့် ဇေတဝန်ဆရာတော်ကြီး၏စေခိုင်းတိုက်တွန်းတော်မူချက်ကြောင့် မော်လမြိုင်နှင့် (၆) မိုင်ခန့်ဝေးသော ခရွန်းရွာကျောင်းသို့ ကြွရောက်ကာ (၂)နှစ်ကြာမျှ ဝိပဿနာကမ္ဘဏ်းနည်းများ ထပ်ဆင့်ဖြန့်ဖြူးခဲ့ရသည်။ ဆရာတော် အရှင်နန္ဒိယသည် သထုံဇေတဝန်ဆရာတော်ကြီးထံတွင် (၂)နှစ်နှင့် ခံတွင်းရွာတွင် (၂)နှစ် ပေါင်း (၄) နှစ်တာမျှ အောက်အရပ်ဒေသတွင် ဝိပဿနာကမ္ဘဏ်းနည်းများ ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူခဲ့လေသည်။

မဟာစည်ဆရာတော်ကြီးသည် သိက္ခာတော် (၇) ဝါအရတွင် ဇေတဝန်ဆရာတော်ကြီးထံသို့ရောက်ရှိလာသည်ဟု အမှတ်အသားရှိရာ တောင်ပုလုဆရာတော်ကြီးသည်လည်း မဟာစည်ဆရာတော်ကြီးနှင့် တစ်ချိန်တည်းအတူ ရောက်ရှိပါသလားဟု အသေးစိတ်အောင်မှမေးလျှောက်ရာ တောင်ပုလုဆရာတော်

တောင်ပုလုဆရာတော်ကြီး ငယ်စဉ်ကပုံတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီးက ဘုန်းကြီးကအလျင်ကျတယ်ဟု မိန့်တော်မူပါသည်။ ထိုအချိန်၌ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်လာခြင်းကြောင့် မြန်မာပြည်သို့ စစ်မီးမရောက်ခင် ဆရာတော် အရှင်နန္ဒိယသည် ၁၉၄၁ ခုနှစ်တွင် အောက်မြန်မာပြည်မှပြန်လည်ကြွချီခဲ့၍ မိမိဇာတိဖြစ်သော တဲစုရွာဝန်းကျင်တွင် (၁၂) နှစ်ကြာမျှ တောရဆောက်တည်၍ ခူတင်တရားများနှင့် ဝိပဿနာကမ္မဋ္ဌာန်း နည်းများကို ကိုယ်နှင့်အသက်မငဲ့ကွက် ဘဲ အနိုးကြေကြေအရေခန်းခန်း ကျင့်ကြံ ကြီးကုတ်အားထုတ်ခဲ့လေသည်။တောင်ပုလုဆရာတော်ကြီးသည် လူတွေ့မခံဘဲ ပရိတ်သတ်များလာလျှင် အခြားနေရာသို့ ပြောင်းရွှေ့သွားသည်။ ဆရာတော်ကြီး သီတင်းသုံးခဲ့သော ဒေသများမှာ ကျောက်ဆင်တောရ၊ သမြေချောင်တောရ၊ ရွှေသိမ်တော်တောရ၊ ရွှေသာလျောင်း တောင်တောရ၊ တောင်ပုလုတောရ စသည်ဖြင့် ပလီဘောဓကြောင့်ကြမ္မများကို ဖြတ်ကာ တောရဆောက်တည်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် တောင်ပုလုဆည်တော်ကြီးပေါ် ပေါက်လာပြီး ယင်းအနားတွင် တရားကျင့်နေသော် ဆရာတော် အရှင်နန္ဒိယကိုလည်း တောင်ပုလုဆရာတော်ဟု ခေါ်ဝေါ်လာကြသည်။ ဆရာတော်သည် တောင်ပုလုတောင်၏ အနီးတစ်ဝိုက်ရှိ သစ်ပင်၊ ချုံပုတ်၊ ကျောက်ဆောင်၊ ကျောက်ကမ်းပါးများတွင် လှည့်လည် သီတင်းသုံး နေထိုင် တရားကျင့်သည်။ အနီးအပါးရှိ သဖန်း၊ ကျောင်းကုန်း၊ ဆည်ရွာ၊ သရက်ကန်၊ တောင်ညိုကုန်း စသောရွာများနှင့် ဆည်မြောင်းလုပ်သားများထံတွင် ဆွမ်းခံဘုဉ်းပေးတော်မူသည်။ ဆည်ကြီးဆောက်လုပ်ရာတွင် တာဝန်ကျသော မိတ္ထီလာ အမတ်ဆရာထီနှင့် ကန်ဝိုလ်ဦးစံငြိမ်းတို့သည် ဆရာတော်သီတင်းသုံးနေထိုင်ရန် ကပ်မိုးကပ်ကာကျောင်းလေးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၎င်းကျောင်းလေးသည် နောင်အခါ တောင်ပုလုရိပ်သာဟုဖြစ်လာလေသည်။ ဆရာတော်သည် ကပ်မိုးကပ်ကာကျောင်းလေးတွင် နေသဖြင့်ကမ္ဘုတ်ကျင့်ဝတ်အရ ထိုင်လျက်သာကျိန်းစက်တော်မူရာ ဖူးမြော်လာသူ ဒါယကာ၊ ဒါယိကာမများအနေဖြင့် ဆရာတော်ကျိန်းစက်တော်မူရာနေရာကို ရှာမတွေ့ဖြစ်နေကြသည်။

ကမ္ဘာအေးဆရာတော် ဟူ၍ ကျော်ကြားလာခြင်းမှာ တောင်ပုလုတောင်ထိပ်ရှိ ကမ္ဘာအေးဘုရားတည် ခိုန်မှစခဲ့လေသည်။ ကမ္ဘာအေးဘုရား ထီးတော်တင်ပွဲနှင့် တောင်ပုလုဆည်ဖွင့်ပွဲမှာ တိုက်တိုက်ဆိုင်ဆိုင် ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်၊ တနင်္ဂနွေနေ့ (တစ်နေ့တည်း) ဖြစ်နေသည်။ ထိုအချိန်မှစ၍ ဆရာတော်သည် တောင်ပုလုတောရကမ္ဘာအေးဆရာတော် ဟူသော အမည်နာမတော်ဖြင့် ထင်ပေါ်ကျော်ကြားလာသည်။ဆရာတော်သည် တောင်ပုလုကမ္ဘာအေးရိပ်သာတွင် တရားအားထုတ်လိုသူများကို ရဟန်းဝတ်ဖြင့်သာ တရားအားထုတ်စေသည်။

တောင်ပုလုဆရာတော်ကြီးသည် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ ကာလီဖိုးနီးယားတက္ကသိုလ် ပါမောက္ခ ဒေါက်တာရီနာဆာကား၏ ပင့်လျှောက်ချက်အရ အမေရိကန်ပြည်သို့ ၁၉၇၈ ခုနှစ်၊ ဩဂုတ် ၁ ရက်တွင် ပထမဦးဆုံး ပြည်ပသာသနာပြုခရီးစတင်ကြွချီတော်မူပါသည်။ ထိုအချိန်က တော်လှန်ရေး အစိုးရလက်ထက်ဖြစ်၍ ရှင်ရောလူပါနိုင်ငံခြားသွားဖို့ရာ အခွင့်အလမ်းမရှိခဲ့ပါ။ သီလဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော တောင်ပုလုဆရာတော်ကြီးကို တော်လှန်ရေးအစိုးရက အစဦးဆုံး ပြည်ပသို့ သာသနာပြုကြွရောက်ရန်ခွင့်ပြုခဲ့သည်။ ထို့ကြောင့် ပြည်ပသာသနာပြုလုပ်ငန်းကို တောင်ပုလုဆရာတော်ကြီး အဦးဆုံး နိုင်ငံခြားသို့ ကြွရောက်ပြီး မြန်မာ့သာသနာကို ကမ္ဘာကသိအောင် စတင်လမ်းထွင်ပေးခဲ့သည်ဆိုလျှင် မှားမည် မဟုတ်ပေ။

ထိုအချိန်က အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်စီးပွားရေးအရာရှိဦးခင်မောင်လွင်သည် ဆရာတော်ကြီး၏ ဝေယျာဝစ္စပြုစုရန် ကပ္ပိယကာရကအဖြစ် လိုက်ပါခွင့်ရရှိခဲ့သည်။ တောင်ပုလုဆရာတော်ကြီးသည် နောက်ဖါသံယာတော်လေးပါးနှင့်အတူ ကြွရောက်တော်မူခြင်း ဖြစ်သည်။ ထိုသို့ ကြွရောက်တော်မူရာတွင် ဆရာတော်ကြီးၭ ကြီးမားသောရည်ရွယ်ချက်များရှိပါသည်။ အမေရိကန်ပြည် ထောင်စုတွင် ထေရဝါဒသာသနာတော်ကို အခြေချမည်ဆိုလျှင် ဝိနည်းတော်နှင့်အညီ ပုံစံကျတည်ဆောက်မှု ဖြစ်မည်။ ထိုသို့ တည်ဆောက်မည်ဆိုလျှင် အမေရိကန်လူမျိုးများ၊ နိုင်ငံခြားသားများကို သာသနာ့ဘောင်ကိုရောက်နေဖူးပြီး သံယာ့အဖွဲ့အစည်း၏အနှစ်သာရကို တွေ့ကြုံခံစားဖူးအောင် လက်တွေ့ဆောင်ရွက်ပေးရပေမည်။ ရဟန်းခံချင်သူတွေရှိချင်ရှိမည်။ ရှင်ပြုသူတွေရှိချင်ရှိမည်။ ထိုကိစ္စများကို ဆောင်ရွက်ပေးရမည်ဆိုလျှင် အမေရိကန်ပြည်ထောင်စုတွင် ပထမဦးစွာ သိမ်ရှိမှဖြစ်မည်။ သိမ်သမုတ်ခြင်းကိစ္စ၊ ရဟန်းခံခြင်းကိစ္စများကို ဆောင်ရွက်ရာ၌ သံယာငါးပါးရှိမှ ပြည့်စုံမည်ဖြစ်၍ မြန်မာနိုင်ငံမှ ထွက်ခွာကတည်းက သံယာငါးပါးအစုံအညီဖြင့် ကြွသွားတော်မူခြင်း ဖြစ်သည်။ အမေရိကန်ဓမ္မဒူတခရီးတွင် ဘန်ကောက်မှ ဆန်ဖရန်စစ္စကိုမြို့သို့သွားရာ ဟောင်ကောင်တွင် တစ်ထောက်နားတော်မူပါသည်။ ၂-၈-၇၈၊ အမေရိကန်စံတော်ချိန်ည (၂) နာရီ (၅၅) မိနစ်တွင် ဆန်ဖရန်စ္စကိုမြို့သို့ ဆိုက်ရောက်တော်မူသည်။

တောင်ပုလုဆရာတော်ဘုရားကြီးနှင့်အံ့ဩဖွယ်ဖြစ်ရပ်ဆန်းများမှာ -

ဆရာတော်ကြီးသည် အမေရိကန်သို့ကြွစဉ် စီးလာသော လေယာဉ်၏ စက်တစ်လုံး ချို့ယွင်းပျက်စီးကြောင်း လေယာဉ်မှူးကပြောသည်။ လေယာဉ်မှူးက ပျက်သောစက်ခေါင်းဘက်သို့ ကြည့်ရာ အဝတ်အဝါရောင်ဝတ်ဆင်ထားသောလူတစ်ဦးက လေယာဉ်၏တောင်ပံပေါ် ရပ်ပြီး ပျက်သောစက်ကို လက်ညှိုးဖြင့်ထိုးနေသည်ကို မြင်တွေ့သဖြင့် သူ၏ လက်ထောက်လေယာဉ်မှူးအား 'ကြည့်စမ်း၊ ဟိုမှာလူတစ်ယောက်' ဟု ပြောလိုက်သည်။ထိုသူကကြည့်ရာ ဘယ်သူမှ မမြင်ဟုပြောသဖြင့် လေယာဉ်မှူးလည်း မိမိမြင်ယောင်မြင်မှားဖြစ်လေသလားဟု ဆိတ်ဆိတ်ပင်နေလိုက်လေတော့သည်။ ဆန်ဖရန်စစ္စကိုလေဆိပ်သို့ ချောမောစွာ လေယာဉ်ဆိုက်ရောက်၍ ဆရာတော်ကြီး လမ်းလျှောက်လာသည်ကို လေယာဉ်မှူး မြင်တွေ့သောအခါ အနားရှိသူများအား မိမိမြင်ခဲ့ရသော လေယာဉ်တောင်ပံပေါ်၌ထိုင်နေသူမှာ ထိုပုဂ္ဂိုလ်ပင်ဖြစ်ကြောင်း၊ မျက်မှန်အမည်းတပ်ထားသည်ကို မိမိကောင်းစွာမှတ်မိကြောင်းပြောပါသည်။

ဆရာတော်ကြီး အမေရိကန်တွင် ရှိနေစဉ် အမေရိကန်ဆရာဝန်တစ်ဦးက သူ၏အသည်းအသန်ဖြစ်နေသော လူနာငါးဦး၏ဓာတ်ပုံများပြပြီး မေတ္တာပို့သဆုတောင်းပေးပါရန် လျှောက်ထားလာသည်။ ဆရာတော်ကြီးက ဓာတ်ပုံများကိုကြည့်ကာ သုံးပုံယူထားပြီး နှစ်ပုံပြန်ပေးလိုက်သည်။ နောက်တစ်နေ့တွင် ပြန်ပေးလိုက်သော ဓာတ်ပုံနှစ်ပုံရှင်လူနာ

www.burmeseclassic.com

များ ကွယ်လွန်သွားကြပြီး ယူထားသော ဓာတ်ပုံသုံးပုံ၏လူနာရှင်များမှာ ရောဂါသက်သာခဲ့ကြသည်။

တစ်ကြိမ်က အစိုးရအရာရှိအမျိုးသမီး ကင်ဆာရောဂါရရှိကာ ဆေးရုံမှ လက်လျှော်လိုက်သဖြင့် နေအိမ်သို့ သက်ဆိုင်သူများကပြန်ခေါ်ခဲ့ကြသည်။ နောက်ဆုံးမျော်လင့်ချက်ဖြင့် ကုသရန် ဆရာတော်ကြီးကို နေအိမ်သို့ ဆွမ်းပင့်ကျွေးပြီး လူနာအား မေတ္တာပို့ပေးပါရန် လျှောက်ထားကြသည်။ ဆရာတော်ကြီးက လူနာအခန်းသို့ကြွပြီး အတန်ကြာကြည့်ကာ မေတ္တာပို့ပြီး ပြန်ကြွသွားပါသည်။ နောက်တစ်နေ့တွင် ထိုအိမ်သို့ တက်ဖြူစင်ကြယ်ဖြင့် အဘိုးအိုတစ်ဦး ရောက်ရှိလာပြီး လူနာအားမေးကာ ဆေးပေးသွားပါသည်။ ထိုဆေးဖြင့်ပင် ရောဂါလုံးဝပျောက်သွားပြီး ဘန်ကောက်ရှိ ကုလသမဂ္ဂအစည်းအဝေးတစ်ခုသို့ပင် ဘက်ရောက်သွားနိုင်ခဲ့ပါသည်။

ဆရာတော်ကြီး ချီးမြှင့်သောဘွဲ့စဉ်ကို ကျွင်ကြံအားထုတ်အလုပ်သုပ်သဖြင့် အကျိုးထူးများခံစားရသော ဖြစ်ရပ်ဆန်းများကလည်း ထေရဝါဒဗုဒ္ဓသာသနာဂုဏ်ကို ယုံကြည်တိုးပွားစေပါသည်။ ဆန်ဖရန်စစ္စကိုမြို့ တောင်ပုလဖောရက်မ္ဘာအေးကျောင်းတိုက်တွင် သီတင်းသုံးတော်မူစဉ် အိန္ဒိယအမျိုးသမီးတစ်ဦးသည် လူအတွဲဖြင့် ဆရာတော်ကြီးကို လာရောက်ဖူးမြော်သည်။ သူမမှာ ကင်ဆာရောဂါရှင်ဖြစ်ပြီး ဆေးရုံမှ သက်လျှော်လိုက်ပြီး သေရက်နီးနေသူဖြစ်၍ ကယ်မတော်မူပါရန် ရှိခိုးတောင်းပန်လေသည်။ ဆရာတော်ကြီးက ၃၂-ဆောဌသကမ္မဋ္ဌာန်းမှ ရောဂါနှင့်ဆိုင်ရာကို တစ်နေ့သုံးကြိမ်၊ နံနက်တစ်နာရီ၊ နေ့တစ်နာရီ၊ ညတစ်နာရီ ပထမငါးရက်အသွား (အနုလုံ)၊ ဒုတိယငါးရက်အပြန် (ပဋိလုံ)၊ တတိယငါးရက်၊ အသွားအပြန် (အနုပဋိလောမ) ရွတ်ပြီး တရားအားထုတ်ရန် ညွှန်ကြားလိုက်ပါသည်။ ဆရာတော်ဘုရားကြီးအမေရိကန်မှပြန်မကြမီ အမျိုးသမီးကြီးသည် ကိုယ်တိုင် ကားမောင်းပြီး ကျောင်းတိုက်သို့လာ၍ သေချင်းမှလွတ်ခဲ့ကြောင်း လျှောက်ထားခဲ့ဖူးသည်။

ဆရာတော်ကြီးသည် ထိုင်းနိုင်ငံ ရင်းမယ် (ချင်းမိုင်) မြို့အနီး တောရအမဋ္ဌာန်းကျောင်းတွင် ခေတ္တတည်းခိုပြီး တရားပြသချိန်က ဖြစ်ပါသည်။

တစ်နေ့တွင် တောရဆောက်တည်လျက်ရှိသော ထိုင်းရဟန်းတစ်ပါးသည် ထိုကျောင်းတိုက်တွင် ထူးခြားသော ဆရာတော်ကြီးတစ်ပါး ရောက်ရှိနေကြောင်းသိရ၍ တောတွင်းမှထွက်လာရခြင်းဖြစ်ကြောင်း ပြောပါသည်။ ထို့နောက် ဆရာတော်ကြီးအား ဖူးမြော်၍

"တပည့်တော်သည် တောတွင်း၌ ကာယာနုပဿနာသတိပဋ္ဌာန်ကို အားထုတ်ပြီး အရိုးစုကို စူးစိုက်ပွားများပါသည်။ မြင်မြင်သမျှ သင်္ဃဝါအားလုံးသည် အရိုးစုသာဖြစ်နေပါသည် အရှင်ဘုရား။ အရိုးစုများမှာ အထူးလုပ်ဖြူဖွေးလျက်ရှိသည်ကို တွေ့ရပါသည်။ ဤသို့တွေ့မြင်နေရခြင်းသည် ကောင်းပါသလားဘုရား။ မည်သို့ ဆက်လက်အားထုတ်ရမည်ကို ညွှန်ကြားပေးပါရန် လျှောက်ထားလေသည်။

ဆရာတော်ကြီးက ယခုအတိုင်း ဆက်လက်အားထုတ်ရန်နှင့် တောတွင်း၌သာမနေသင့်ဘဲ တစ်ခါတစ်ရံ လူများနှင့်တွေ့ဆုံပြီး တရားစကားပြောပြပေးရန် ညွှန်ကြားပေးပါသည်။ စကားမပြော၊ လူများနှင့်မတွေ့ဘဲနေပါက ကြာလျှင် ရူးသွားနိုင်ကြောင်း ဆုံးမသြဝါဒပေးလေသည်။

သာသနာပြုဒေါက်တာရီနာဆာကားမိုသားစုနှင့် စပ်လျဉ်း၍ မိသားစုတစ်ခုလုံး ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်မှာလည်း အံ့ဖွယ်ဖြစ်ပါသည်။ ဒေါက်တာရီနာဆာကား၏ အစ်ကို ဒေါက်တာဆာကားသည် မိတ္ထီလာနယ်တွင် ဆရာဝန်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ တစ်နေ့သောညတစ်ည၌ ဒေါက်တာဆာကားသည် တောင်ပုလတောရအနီး ဂျစ်ကားဖြင့် ဖြတ်သွားစဉ် တောင်ပုလဆရာတော်ကြီး ကောင်းကင်၌ စင်္ကြံကွေ့နေသည်ကို ဖူးတွေ့လိုက်ရသည်။ ထိုအခါမှစတင်၍ ဒေါက်တာဆာကားတို့မိသားစုသည် ဆရာတော်ကြီးထံတွင် သရဏဂုံဆောက်တည်လျက် ဗုဒ္ဓဘာသာကို ခံယူကိုးကွယ်ဆည်းကပ်ခဲ့ကြလေသည်။ သူတို့မိသားစုသည် မူလမျိုးရိုးအားဖြင့် ဟိန္ဒူဘာသာဝင် မာရဝါရီမိသားစုဖြစ်၏။ ဒေါက်တာရီနာဆာကားသည် ၁၉၇၁ ခုနှစ်တွင် အိန္ဒိယပြည်သို့သွားခဲ့သည်။ ထိုမှတစ်ဖန် အမေရိကန်ပြည်သို့ ရောက်ရှိသွားပြီး နောက် ကယ်လီဖိုးနီးယားတက္ကသိုလ်တွင် အရှေ့တိုင်းပညာရပ်များ၌ ဗုဒ္ဓကျမ်းစာညွှန်ကြားရေးမှူးတာဝန်ကိုပင် ထမ်းဆောင်နိုင်ခဲ့သည်။ ဒေါက်တာရီနာဆာကားတို့မိသားစုသည် တောင်ပုလတောရ၌ ထိုစဉ်က တုပ်ဂွေ (၂၅) သိန်းတန် ကမ္ဘာ့ဥာန်ကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ဆရာတော်ကြီးသည် အမေရိကန်ပြည်ထောင်စုသို့ (၄) ကြိမ်ကြွတော်မူပါသည်။ ၁၉၇၈ ခုနှစ်၊ ဩဂုတ် ၁ ရက်၌ ပထမဦးဆုံးအကြိမ်ကြွရောက်တော်မူပါသည်။ အပြန်ခရီးတွင် ထိုင်း အိန္ဒိယနှင့် ဗုဒ္ဓဂယာစသည့်ဒေသများသို့ သာသနာပြုကာ ၁၉၇၉ ခု၊ ဇန်နဝါရီ ၂ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိပါသည်။

သာသနာပြု ဒုတိယအကြိမ် ကြွရောက်သည်မှာ ၁၉၈၁ ခု၊ ဧပြီ ၂၅ ရက်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်သို့ ဧပြီလ ၂၇ ရက်တွင် ချောမောစွာဖြင့် ရောက်ရှိသည်။ အမေရိကန်ပြည်ထောင်စု၌ သီတင်းသုံးနေစဉ် သာသနာပြုရာနေရာဌာနများကတော့ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆန်ဖရန်စစ္စကိုဘေးဧရိယာနှင့် လော့(စ်)အင်ဂျလိ(စ်)မြို့သို့လည်းကောင်း၊ ဝါရှင်တန်၊ နယူးယောက်၊ ဘော့(စ်)တန်မြို့များသို့ လည်းကောင်း အင်္ဂလန်နိုင်ငံသို့လည်းကောင်း ကြွရောက်ပြီး ဆိုင်(လ်)ဒါခရိ(စ်)မြို့အနီး စံကျောင်းတော်သို့ ဝါဆိုအမီ ပြန်လည်ကြွရောက်ပါသည်။ ဤအကြိမ်တွင် တောင်ပုလဆရာတော်ကြီးက လှိုင်းတက်ဆရာတော် ဦးစန္ဒာသီရိနှင့်ဦးကေသဝ(ယခုဦးကာကိုဆရာတော်) တို့နှစ်ပါးအား ဆက်လက် သာသနာပြုရန်ထားခဲ့ပါသည်။ ဤအခေါက်၌ ဟောင်ကောင်၊ ဖူးခန်း စသည်တို့မှာ ခေတ္တနားပါသည်။

တတိယအကြိမ် ကြွရောက်သည်မှာ ၁၉၈၃ ခုနှစ်၊ ဧပြီလ ၉ ရက်တွင်ဖြစ်သည်။ ကမ္ဘာအေးစေတီတော်တည်ခြင်း၊ သိမ်သမုဒ်ခြင်း အစရှိသည့် သာသနာ့အဆောက်အအုံ တည်ထားခြင်းတို့ကို အသက်ကို ပေးနေမထားဘဲ ဆောင်ရွက်တော်မူခဲ့သည်။ ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်တွင် ပြန်လည်ရောက်ရှိပါသည်။ ဆရာတော်ကြီး စတုတ္ထအကြိမ် သာသနာပြုကြွရောက်သည်မှာ ၁၉၈၅ ခုနှစ်၊ ဧပြီ ၁၀ ရက်တွင် ပြန်လည်ကြွရောက်ပါသည်။ ဤအကြိမ်တွင် တောင်ပုလဆရာတော်ကြီးက လှိုင်းတက်ဆရာတော် ဦးစန္ဒာသီရိနှင့် ဦးကေသဝ (ယခုဦးကာကိုဆရာတော်) တို့နှစ်ပါးအား ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com

သာသနာပြုရန် ထားရှိခဲ့ပါသည်။ ဤအခေါက်၌ ဟောင်ကောင်၊ ဂျပန်စသည်တို့မှာ ခေတ္တနားပါသည်။

တတိယအကြိမ်ကြွရောက်သည်မှာ ၁၉၈၃ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဖြစ်သည်။ ကမ္ဘာအေးစေတီတော်တည်ခြင်း၊ သိမ်သမုခ်ခြင်း စသည့် သာသနာ့အဆောက်အအုံ တည်ထားခြင်းတို့ကို အသက်ကို ပဓာနမထားဘဲ ဆောင်ရွက်တော်မူခဲ့သည်။ ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်တွင် ပြန်လည်ရောက်ရှိပါသည်။ ဆရာတော်ကြီးစတုတ္ထအကြိမ်သာသနာပြုကြွရောက်သည်မှာ ၁၉၈၅ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ပြန်လည်ရောက်ရှိပါသည်။ ထိုအချိန်တွင် အမေရိကန်၌ ရဟန်းတော်(၄၅)ပါး၊ သာမဏေ(၅)ပါး။ ရသေ့ယောဂီ (၃၀)ကျော်နှင့် ထေရဝါဒဗုဒ္ဓဘာသာသို့ဝင်ခဲ့သော ယောဂီ (၈၀) ကျော်ရှိခဲ့ပါသည်။ အိန္ဒိယတွင်လည်း ရဟန်းတော် (၁၄) ပါး၊ သာမဏေ (၁၂) ပါး၊ ထေရဝါဒဗုဒ္ဓဘာသာသို့ဝင်ခဲ့သော ယောဂီ (၃၀၀) ကျော်ရှိခဲ့လေသည်။

ဆရာတော်ကြီးသည် ထိုင်း၊ ဟောင်ကောင်၊ အိန္ဒိယ၊ သီဟိုဠ် (သီရိလင်္ကာ)၊ ဗုဒ္ဓဂယာ၊ ဂျပန်၊ အင်္ဂလန်၊ အမေရိကန်၊ ကနေဒါစသည့်နိုင်ငံအသီးသီးသို့ ကြွရောက်ပြီး မိမိ၏ခန္ဓာဝန်ကို မငဲ့မကွက်ဘဲ အပင်ပန်းခံကာ သာသနာပြုခဲ့သည်။

**ထူးခြားသောသတင်းများ**

ပထမအကြိမ် အမေရိကန်၌ ဆရာတော်ကြီး သာသနာပြုတော်မူပြီး အချိန်တွင် အမေရိကန်၌ လည်းကောင်း၊ မြန်မာနိုင်ငံ၌ လည်းကောင်း ဆရာတော်ကြီးနှင့်ဆက်စပ်၍ ထူးခြားသောသတင်းစကားများပျံ့နှံ့ခဲ့သည်။ ထိုသတင်းမှာ အခြားမဟုတ်၊

ဒကာဦးထင်ပေါ်၏အိမ်၌ ဆရာတော်ကြီး တရားချီးမြှင့်ပေးတော်မူစဉ် သမင်ကြီးတစ်ကောင်သည် အိမ်အဝင်၌ လာရပ်နေသည်ကို မြင်တွေ့ရကြောင်း သတင်းပင် ဖြစ်သည်။ ဦးထင်ပေါ်က ဆရာတော်ကြီးအား -

"တပည့်တော်ရဲ့ အိမ်ပေါက်ဝမှာ သမင်ခြေရာများပင်ထင်ကျန်ရစ်ပါတယ်။ မြို့သူမြို့သားများဝိုင်းလိုက်ကြလို့ သမင်ကြီးထွက်ပြေးပျောက်ကွယ်သွားပါတယ် ဘုရား"

ဟု လျှောက်ထားခဲ့ပါသည်။

ထိုအရပ်၌ သားကောင်အလွန်ရှားပါးသဖြင့် ဤဖြစ်ရပ်ကို အလွန်ထူးဆန်းသောဖြစ်ရပ်ဟု သတင်းဖြစ်ခဲ့သည်။

တစ်ဖန် ဆရာတော်ကြီးနှင့်အဖွဲ့သည် ဆန်ဖရန်စစ္စကိုမှ လော့အိန်ဂျလိစ်သို့ လေယာဉ်ဖြင့်ကြွရာတွင် လေယာဉ်မှူးသည် ဘီးချမရဘဲ အခက်အခဲဖြစ်နေစဉ်၌ သူ၏မျက်စိတွင် ဆရာတော်ကြီးအား ဖူးမြင်လိုက်ရသည်ဟု ထင်မိပြီးမှ ဘီးချ၍ ရသွားသော သတင်းမှာလည်း အထူးပျံ့နှံ့သွားလေသည်။

တစ်ဖန် ဆရာတော်ကြီး အိန္ဒိယသို့ ခရီးရောက်မဆိုက်မီပင် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဘာသာ သူတော်စင်တို့က ဆရာတော်ကြီး မကြွလာမီအတွင်း တပည့်တော်များ အိန္ဒိယနိုင်ငံ မဟာဗောဓိစေတီတော်၏အလယ် ကောင်းကင်ယံတွင် ပြောင်ပြောင်ဝင်းဝင်းအရာဝတ္ထုကြီးတစ်ခုကို တွေ့မြင်ကြရပါသည်။ ထိုအရာဝတ္ထုသည် အိန္ဒိယနိုင်ငံသို့ ဆရာတော်ကြီး ကြွချီတော်မူလာခြင်း၏ အရိပ်နိမိတ်ဖြစ်ပေလိမ့်မည်ဟု သဒ္ဓါပိုမိုလျှောက်ထားခံတော်မူရခြင်းသတင်းပင် ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ဗုဒ္ဓဂယာမြတ်စွာဘုရား ပွင့်တော်မူရာ(သတ္တဂ္ဃာန)များသို့ ကြွရောက်တော်မူပြီး တစ်ဌာနလျှင် တစ်ညစီသီတင်းသုံးတော်မူခဲ့ပါသည်။ ဗုဒ္ဓဂယာ၌လည်း သိမ်သမုတ်တော်မူခဲ့ပါသည်။

ယင်းသို့သော ဝိသေသလက္ခဏာရပ်များကြောင့် ဆရာတော်ကြီးသည် ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် တောင်ပုလုတောရကမ္ဘာအေးဆရာတော် ဘုရားကြီးဟူသော အမည်နာမတော်ဖြင့် ပြည့်တွင်း၊ ပြည်ပ နှစ်ဌာနစလုံးမှာပင် ထင်ပေါ် ကျော်ကြားလျက်ရှိသည်။

**မြန်မာ့ကျောက်စေတီတော်ကြီး တည်ဆောက်ခြင်း**

အနော်ရထာမင်းသည် မိဖုရားစောခင်လှ တည်ထား ကိုးကွယ်ခဲ့သော အုတ်ဖြင့်တည်ဆောက်ထားသည့် မြန်မာ့စေတီမှာ နှစ်ပရိစ္ဆေဒကြောင့်ပြိုဖြစ်သောကြောင့် ပျက်စီးယိုယွင်းလျက်ရှိပါသည်။ ထို့ကြောင့် တောင်ပုလုဆရာတော်ကြီးက မူလစေတီတော်ကို ငုံ၍အသစ်တည်ဆောက်ရန် ဆန္ဒပြင်းထန်ခဲ့ပါသည်။ ဆရာတော်ကြီး၏ ဇာတိမြေဖြစ်သော မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် တဲစုကျေးရွာတွင် ဉာဏ်တော် (၁၁၀) တောင်မြင့်သည့် မြမ္မာ့စေတီတော်ကြီးကို ၁၉၈၀ ပြည့်၊ နိုဝင်ဘာလ၊ ၂၈ ရက်၊ စနေနေ့ (၁၃၄၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) က ထူးကဲကြီးကျယ်ခမ်းနားသိုက်မြုတ်စွာ လူထုသုံးသိန်းကျော်ရှေ့မှောက်တွင် ငွေထီးတော်ကြီးကို အောင်မြင်စွာ လွှတ်တင်လိုက်သည်။

ရွှေတိဂုံစေတီတော်ကြီး၏ပုံတော်အချိုးအစားအတိုင်း တစ်သဝေမတိမ်း တည်ထားခြင်းကြောင့် တဲစုရွှေတိဂုံဟု တင်စားကာ မှတ်တမ်းတင်ခဲ့သည့် ကျောက်စေတီကို ယခုတောင်ပုလုဆရာတော်ကြီးအမှုဆောင်ပြုသည့် လုပရိသတ်က မြမ္မာ့ကျောက်စေတီတော်ကြီးဟု ခွဲ့တော်တပ်လိုက်လေပြီ။ ထီးတင်ပွဲ၊ အနေကဇာတင်ပွဲ၊ ဌာပနာတိုက်ပိတ်ပွဲပေါင်း (၃) ရပ်ကို လပြည့်ကျော် (၃) ရက်တိုင် ကျင်းပရာ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး ဦးဇေတဝနဘိဝံသ၊ စစ်ကိုင်းရွှေဟော်ဆရာတော်ကြီးဦးပဏ္ဍိတသီရိမင်္ဂုံးရိမ်ဆရာတော်ကြီးဦးဝိသုဒ္ဓ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ကြီး ဦးကုန္ဒာစာရ အကျိုးတော်ဆောင် တိပိဋကဓရဆရာတော် ဦးဝိစိတ္တိသာရဘိဝံသ၊ မဟာစည်ဆရာတော်ဦးသောဘန၊ မြင်းခြံကိုးဆောင်တိုက်ဆရာတော် ဦးသောဘိတ၊ ပခုက္ကူတိပိဋကဆရာတော် ဦးနေမိန္ဒ၊ ရန်ကုန်မှ တိပိဋကဓရဆရာတော် ဦးသုမင်္ဂလကာရနှင့် ဦးကောသလ္လတို့ကြွရောက်လာကြကာ တောင်ပုလုဆရာတော်ကြီး၏ ဗုဒ္ဓသာသနာ့မဟာမော်ကွန်းတိုင်ကြီးကို သာသနာ့တန်ဆောင်၊ သာသနာ့ဦးသျှောင်၊ သာသနာ့မုခ်ကင်းများအနေဖြင့် ဝိုင်းဝန်းကာ စိုက်ထူလိုက်ကြလေသည်။

ဤမှုကြီးကျယ်ခမ်းနားစွာကျင်းပရာတွင် မကြုံစဖူးလောက်အောင် မြန်မာပြည်အရပ်ရပ်ကလာကြသောပရိသတ်ကြီး၏ကြီးမားမှုကို မဟာစည်ဆရာတော်ဘုရားကြီးက (၃) ကြိမ်တိုင်တိုင် တရားပလ္လင်မှနေ၍ ဥဒါန်းကျူးတော်မူသည်။ တောင်ပုလုဆရာတော်ကြီး၏ ကမ္ဘာ့သာသနာပြုလုပ်ငန်းတွင် ရွှေဦးထွက်အောင်မြင်မှုဟု ဆိုနိုင်သည်။ သဲတောရွာမှ အသက် (၇၅) နှစ်ရှိ မျက်မမြင် ကုသိုလ်ရှင်မကြီး ဒေါ်အေးညွှန့်၏ ဒါန လုပ်ငန်းကလည်းသာဓုခေါ် ထိုက်လေ၏။ အသက်မသေခင်စားသုံးရန် သုံးထောင့်ကျပ်သာချန်၍ ရွှေလက်စွပ်များ၊ ငွေများ၊ အဝတ်အစားများ (၁၅၀၀၀)ကျော်



www.burmeseclassic.com

www.burmeseclassic.com

ဦးကို စေတီတော်ကြီးအတွက် လှူဒါန်းခဲ့သည်။ ထီးတင်ပွဲ၊ ဘုရားပွဲများတွင် အထက် ရုပ်ရှင် စသည်တို့မှာ သမာရိုးကျ ပါဝင်မြဲဖြစ်၍ မဆန်းလှပေ။ သို့သော် မြန်မာ့ရိုးရာစေတီတော်ဇာတ်လမ်းသမိုင်းကို ရုပ်ရှင်စသည်တို့မှာ သမားရိုးကျ ပါဝင်မြဲဖြစ်၍ မဆန်းလှပေ။ သို့သော် မြန်မာ့ရိုးရာစေတီတော်ဇာတ်လမ်းသမိုင်းကို ဦးကေသဝက နေသား၍ အေဝမ်းဦးတင်မောင်၊ ဒေါ်တင်တင် အမှူးပြုသော ရုပ်ရှင်နှင့် ဒီတာ ဒါရိုက်တာဘိုကလေးတင့်အောင်နှင့် ဒီတလွင်မောင်ကိုကိုတို့မှ ဦးဆောင်ဖော်ပြီး အဆိုတော် မောင်မောင်ကြီး၊ မောင်သိန်းဝင်း၊ တင်တင်မြ၊ အေဝမ်း တင်တင်လှ၊ ထား၊ ရန်နိုင်စိန်၊ ဒဲင်းယား၊ ရုပ်ပရား၊ လျှောင်ကီးတို့က ရွာစားကျော်ဇိန်ဦလ်တင့်နှင့် တွဲဖက်သီဆိုအသုံးတော်ခံလျက် ကုသိုလ်ဒါနပြုကြလေသည်။

ပွဲတော်ကြီး၏ထူးခြားချက်အချို့မှာ -

၁။ စစ်ပြီးခေတ်တွင် ကျောက်ဖြင့် တည်ဆောက်သော အကြီးဆုံး စေတီဖြစ်ခြင်း၊

၂။ ရွှေတီပုံစေတီတော်ကြီးနှင့်အလွန် တူခြင်း၊

၃။ မြန်မာပြည်အရပ်ရပ်မှ မကြုံစဖူးသည့် လူမျိုးပေါင်းစုံ လာရောက် ဖူးမြော်ခြင်း၊

၄။ နိုင်ငံခြားသား မျက်နှာဖြူရဟန်း သံဃာနှင့် သီလရှင်၊ ယောဂီများ ပါဝင်ပူဇော်ကြခြင်း၊

၅။ ကိုးမတွေ့ရခြင်း၊

၆။ ဤမျှကြီးမားသော ပရိသတ် အတွင်း ဘာမှတစ်စုံတစ်ရာမဖြစ် ခြင်း၊

၇။ ထမင်းရည်ချောင်းစီး ဆန်တင်း တစ်ထောင်ကို နေ့၊ ည ရေမီး မပြတ် ချက်ပြုတ်ကျွေးမွေးခြင်း၊

၈။ မြန်မာ့ဘုရားနှင့် ကိုက်ညီစွာ ဌာပနာပစ္စည်းများ သင်းကျစ်၊ နားပန်၊ ရွှေမကိုင့်နှင့်တစ်ဆူကို တွေ့ရခြင်း၊

၉။ ဌာပနာပစ္စည်းမျိုးစုံမှာ မရေတွက်နိုင်အောင်များပြားခြင်း။

၁၀။ ထိုပစ္စည်းအရပ်ရပ်တို့၏ တန်ဖိုးကို မဖြတ်စွမ်းနိုင်ခြင်း၊

၁၁။ ရာကျော် သာသနာ့ဇာနည်မော်ထေရ်ဆရာတော်ကြီးများ ကြွရောက်၍ တောင်ပုလုဆရာတော်ကြီး၏ သာသနာ့မော်ကွန်းတိုင်ကြီးကို အောင်မြင်စွာ တည်တံ့

ညွတ်တည်း စိုက်ထူလိုက်ကြခြင်းကို အထူးခြားဆုံးဟု ဆိုနိုင်ပါသည်။

နောက်ဆုံး ဖြစ်ရပ်ဆန်းတစ်ခုမှာ ဆရာတော်ကြီး ထိုင်းနိုင်ငံသို့ကြွရောက်တိုင်း ဆရာတော်နှစ်သက်ရာဆွမ်းကွမ်းနှင့် ဝေယျာဝစ္စများကို အမြဲတမ်းပြုစုစောင့်ရှောက်သူမှာ ထိုင်း-မြန်မာအမျိုးသမီးကြီး ဒေါ်အေးကြွယ် ဖြစ်ပါသည်။ ဒေါ်အေးကြွယ်သည် ဆရာတော်ကြီး ပျံလွန်တော်မူကြောင်း ကြားသိရသဖြင့် နောက်ဆုံးဖူးမြော်ကန်တော့ရန် ရဟန်းတော်တစ်ပါး အပါအဝင် လူ (၁၅) ဦးပါဝင်သောအဖွဲ့ဖြင့် ဘန်ကောက်မှရန်ကုန်မြို့သို့ ၃-၇-၈၆ ရက်နေ့တွင် ဘီအေစီလေယာဉ်နှင့် ရောက်ရှိလာကြသည်။ ၄-၇-၈၆ ရက်နေ့နံနက် (၄) နာရီခန့်တွင် မိတ္ထီလာမြို့သို့လာခဲ့ရာ တဲစုရွာသို့ ၅-၇-၈၆ နေ့နံနက် (၁၂) နာရီ၊ (၃၀) မိနစ်တွင်ရောက်ရှိသည်။ ရောက်ရောက်ချင်းပင် ဒေါ်အေးကြွယ်က ဆရာတော်ကြီး၏ရုပ်ကလာပ်ကို ဖူးမြော်ပြီး -

"ဆရာတော်ဘုရား၊ တပည့်တော်မ မအေးကြွယ် ရောက်လာပါပြီ ဘုရား။ ဆရာတော်ဘုရားကို အစဉ်ကိုးကွယ်နိုင်ရန် ဓာတ်ပုံရိုက်ခွင့်ပြုတော်မူပါ ဘုရား"

ဟူ၍ မျက်ရည်စက်လက်ဖြင့် လျှောက်ထားပြီး ဓာတ်ပုံသုံးပုံရိုက်ယူပါသည်။ ဘန်ကောက်သို့ ပြန်ရောက်ပြီး ဓာတ်ပုံများကိုကူးလိုက်သောအခါ ပထမပုံတွင် ထူးခြားမှုမရှိပါ။ ဒုတိယပုံတွင် 'အေး - မင်းတို့ရောက်လာတာ ငါသိတယ်' ဟု မိန့်တော်မူသည့်အလား လက်ထောင်၍ပြနေသည်ကို ထင်ရှားစွာတွေ့မြင်ရပါသည်။ ယခုဓာတ်ပုံတွင် အံ့သြဖွယ်ရာ လက်ထောင်ပြနေသည်ကို မြင်တွေ့ရသဖြင့် ဆရာတော်ကြီး၏ တန်ခိုးတော်ကို ပိုမိုကြည်ညိုကာ သဒ္ဓါတရားတိုးပွားကြရပါသည်။

တောင်ပုလုဆရာတော်ကြီးသည် အမေရိကန်၊ အင်္ဂလန်၊ အိန္ဒိယ စသည့် နိုင်ငံများတွင် မဟာသတိပဋ္ဌာန်ဝိပဿနာတရားများပြန့်ပွားအောင် ဆောင်ရွက်တော်မူရင်း ရန်ကုန်မြို့တက္ကသိုလ်ခိုပ်သာလမ်း၊ အမှတ်(၇၀)၌ တောင်ပုလုကျောင်းတိုက်တွင် ၁၃၄၈ ခု၊ ကဆုန်လကွယ်နေ့ စနေနေ့ ၇-၆-၈၆၊ နံနက်(၈)နာရီ(၄)မိနစ်၊ သက်တော် (၉၀)၊ ဝါတော် (၇၀) အရွတ်တိုင်စုတိကမ္မဇဇောပြဋိသန္ဓေတော်မူခဲ့ပါသည်။ ဆရာတော်ကြီး၏ဈာပနအခမ်းအနားကို မိတ္ထီလာ တဲစုရွာတွင် ကျင်းပပါသည်။

ခန္ဓာဝန်ချတော်မူမှီ ၁၃၄၈ ခု၊ ကဆုန်လဆုတ် ၆ ရက်၊ ၂၉-၅-၈၆ ကြာသပတေးနေ့ ည (၇) နာရီတွင် ပဲန္နယ်ကုန်းမြို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကြီးကို သတ္တဝါဝေနေယျများအတွက် နောက်ဆုံး ဟောကြားတော်မူခဲ့ပါလေသည်။

**ကျေးဇူးတင်လွှာ -**

ဤဆောင်းပါး ဖြစ်မြောက်ရန် ကူညီဖေးမော ဆရာတော်ဦးသောဘန (တက္ကသိုလ်ခိုပ်သာလမ်း တောင်ပုလု ကျောင်းတိုက်) ကို ကျေးဇူးတင်ရှိပါသည်။

ဤဆောင်းပါးဖြင့် တောင်ပုလု ဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့ကို ဦးခိုက်လျက်။

တင်အောင် (စက်မှုတက္ကသိုလ်)

**ကျမ်းကိုး -**

'ကမ္ဘာသာသနာပြု တောင်ပုလု တောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ ဖွင့်ဆိုချက်များနှင့် အခြားသိကောင်းစရာစာစုများ အပါအဝင်' (ဘဒ္ဒန္တကေသဝ၊ ချီကာဂို၊ U.S.A)

'မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများ'၊ မောင်ပန်းလွေး (တက္ကသိုလ်မြန်မာစာဆရာ)

'အကျော်ဒေးယျ ဆရာတော်ကြီးများ၏ဘဝ၊ ဩဝါဒနှင့် ဖြစ်ရပ်ဆန်းများ၊ တင်အောင်သွင် (တိုးထက် စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်။)



www.burmeseclassic.com

www.burmeseclassic.com

# ဗျာပုံတင်နိုင်ဝင်း

## သေကြောင်းတရား၊ အသက်ရှည်မှုနှင့် မသေရာဌာန

**ဇာတာသ** - မွေးဖွားလာသော သတ္တဝါအား၊ **မရဏံ** - သေခြင်းသည်၊ **ဟောတိ** - မလွဲမသွေဖြစ်ရချေ၏။ဟု ဘုရားရှင် ဟောတော်မူသည်နှင့်အညီ မွေးဖွားလာသူမှန်သမျှ တစ်နေ့ကျလျှင် သေရမည်သာတည့်။ သေခြင်းတရားကို မည်သူမျှ လွှဲဆန့်၍မရ။ သေကြောင်း ဆိုက်လာလျှင် ဧကန်သေရမည်သာ ဖြစ်သည်။ သို့သော် ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်ဟူသော ဘုရားရှင်၏တရားတော်မှ ဆင်းသက်လာသည့် ရွေးရိုးစကားတစ်ခုရှိ၏။ အဓိပ္ပာယ်ကား ပစ္စည်းဥစ္စာတို့ တာရှည်တည်ရှိပိုင်ဆိုင်ကြရ၏။ အကယ်၍ ၎င်းကံများဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိသော တစ်နေ့တွင် ၎င်းပစ္စည်းတို့ ပျက်စီးဆုံးရှုံးရတော့၏။ ထို့အတူသာလျှင် မိမိတို့၏ရှင်သန်နေသောအသက်ဇီဝိန်သည်လည်း ဉာဏ်ပညာဖြင့် စောင့်ရှောက်ထားမှသာလျှင် ရှည်ကြာစွာ တည်ရှိခိုင်မြဲ၏။ အသိဉာဏ်မဲ့စွာ ပရမ်းပတာပြုမူနေထိုင်ကြမည်ဆိုလျှင် အသက်တိုဖွယ်ရာသာရှိ၍ စောစီးစွာ သေကရမည် ဖြစ်သည်။

လောကတွင် သေခြင်းတရား (၄) မျိုးရှိကြောင်း သင်္ဂြိဟ်ကျမ်းတို့၌ ပြဆိုထား၏။

၎င်းတို့မှာ -

**၁။ အာယုက္ခယ - သက်တမ်းကုန်၍ သေခြင်း**

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတိုင်း အတွက် မိမိတို့ရှင်သန်ရမည့် အချိန်ကာလအပိုင်းအခြားကို သက်တမ်းဟု ခေါ်၏။ သတ်မှတ်ထားသောရှင်သန်ခွင့် အချိန်ကာလ ကုန်ဆုံးသွားသောအခါ သတ္တဝါတို့သေကြရ၏။ ဤသို့သော သေခြင်းမျိုးကို သက်တမ်းကုန်၍ သေခြင်းဟု ခေါ်၏။ ဥပမာအားဖြင့် မီးစာကုန်၍ ငြိမ်းသွားသော ဆီမီးကဲ့သို့ ဖြစ်၏။

**၂။ ကမ္မက္ခယ - ကံကုန်၍သေခြင်း**

မိမိတို့ အတိတ်ဘဝက ပြုလုပ်ခဲ့သော ကောင်းမှု၊ မကောင်းမှုမျှားနှင့် လက်ရှိပစ္စုပ္ပန်တွင် ပြုလုပ်နေသော သုစရိုက်၊ ဒုစရိုက်များ၏ အကျိုးပေးကို ကံဟုခေါ်၏။ ထိုသို့ အတိတ်၊ ပစ္စုပ္ပန်၌ ပြုလုပ်သောကံတရားများထဲမှ အသက်ရှင်ကြောင်း ကံတရားများ၏ အကျိုးပေးစွမ်းရည်ကုန်ဆုံးသွားလျှင်လည်း သတ္တဝါတို့ သေကြရ၏။ ဥပမာအားဖြင့် လောင်စာကုန်ခန်း၍ ငြိမ်းသွားသော ဆီမီးကဲ့သို့ ဖြစ်၏။

**၃။ ဥဘယက္ခယ - နှစ်မျိုးစလုံးပြိုင်တူကုန်၍ သေခြင်း**

သက်တမ်းရော ကံပါ နှစ်မျိုးစလုံး တစ်ပြိုင်နက်တည်းကုန်၍ သေခြင်းကို ခေါ်ဆိုသည်။ မိမိတို့ရှင်သန်ခွင့်ရှိသလောက်သော သက်တမ်း၏ ကုန်ဆုံးခြင်းနှင့် အတိတ်၊ ပစ္စုပ္ပန်ကံတရားတို့၏ အသက်ရှည်ခွင့်အကျိုးပေးတို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ကုန်ဆုံး၍ သေရခြင်းကို ဆိုလိုသည်။ ဥပမာအားဖြင့် မီးစာရော လောင်စာပါ တစ်ပြိုင်တည်း ကုန်ဆုံး၍ ငြိမ်းသွားရသောဆီမီးကဲ့သို့ ဖြစ်သည်။

**၄။ ဥပစ္ဆေဒက - ကြားဖြတ်အကြောင်းတရားကြောင့်သေခြင်း**

အချို့သတ္တဝါတို့သည် သက်တမ်းရော ကံပါနှစ်မျိုးစလုံးပင် အသက်ရှင်နိုင်သေးသော စွမ်းရည်များ ကျန်ရှိနေသေးသော်လည်း လက်ရှိအကြောင်းတရားတစ်ခုခုက လာရောက်ထိလိုက်သဖြင့် သေဆုံးရခြင်းကို ဆိုလိုသည်။ ၎င်းဥပစ္ဆေဒကကြောင့် သေရခြင်းသည် အဓိကအားဖြင့် ပစ္စုပ္ပန်အကြောင်းတရားကြောင့်သာ ဖြစ်ရ၏။ ပစ္စုပ္ပန်ကံသက်သက်ကြောင့်လည်း ဖြစ်ရ၏။ ထို့ကြောင့် ၎င်းဥပစ္ဆေဒကကြောင့် သေရသူအများစုမှာ လက်ရှိပစ္စုပ္ပန်၌ မိမိတို့၏ မဆင်မခြင် ပုရမ်းပတာ ပြုမူစားသောက်နေထိုင်မှုကြောင့် ဖြစ်ရ၏။ အချို့ကား သူတစ်ပါးတို့၏ ရန်ရှာတိုက်ခိုက်မိုက်မဲမှုကြောင့်ဖြစ်ရ၏။ ဥပမာအားဖြင့် မီးစာရောလောင်စာပါ ကျန်ရှိနေသေးသော်လည်း လေတိုက်၍ငြိမ်းရသော ဆီမီးကဲ့သို့ဖြစ်၏။

လောကသတ္တဝါတို့သည် ဤ (၄) သေနည်း (၄) မျိုးအနက် တစ်မျိုးမျိုးဖြင့် သေကြရ၏။ သေခြင်းတရားကို မည်သူ



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ လွတ်အောင် မရှောင်တိမ်းနိုင်။ ဘဝ တစ်ခုလာသူမှန်သမျှ သေခြင်းဖြင့်သာ နိဂုံးချုပ်ရပေမည်။ သို့သော်လည်း မိမိ တို့၏ဘဏ်ပညာနှင့် မိမိကိုယ်မိမိထိန်း သိမ်းစောင့်ရှောက်မှုပေါ် မူတည်၍ အသက်တိုစွာသေရခြင်းနှင့် အသက် ရှည်ကြာနေလာပြီးမှ သေရခြင်း ဟူ၍ ကွဲပြားနိုင်ပါသည်။ အချို့ပုဂ္ဂိုလ်တို့သည် သေးမဲ့ကမ်းမဲ့ပြုမူမှုကြောင့် ယာဉ်တိုက် ခြင်း လိမ့်ကျခြင်း စသည်ဖြင့် အသက် ဘေးကြရ၏။ အချို့ကား စည်းကမ်းဖြင့် ဆင်ခြင်စွာ သွားလာနေထိုင်ကြသဖြင့် အသက်အန္တရာယ်ကင်းကာ အသက် ရှည်စွာနေကြရ၏။ ထို့ကြောင့် ဘုရားရှင် သည် သတ္တဝါများအသက်ရှည်စေလို ခြင်းငှာ ဆင်ခြင်တိုင်းထွာနိုင်ရန် အသက်တိုခြင်းကို ဖြစ်ပေါ် စေနိုင်သော ဘေးနာအနာတရဖြစ်ကြောင်း (၈)ပါးကို ဟောကြားတော်မူခဲ့ပါသည်။

ဘေးနာအနာတရဖြစ်ကြောင်း (၈) ပါးမှာ -

**၁။ ဝိတသမုဋ္ဌာန (လေဖျက်ခြင်း)**

မိမိတို့၏ခန္ဓာကိုယ်အတွင်း၊အပြင် ရှိ တိုက်ခတ်ရွေ့လျားနေသော လေများ ဘာတ်ပျက်၍ ဖောက်ပြန်ခြင်းကြောင့် သေထိုး၊ လေအောင့် စသည်တို့ဖြစ်ပေါ် နာတုံခြင်းကို ဆိုလိုသည်။ ထိုဝေဒနာ ကြောင့်လည်း သတ္တဝါတို့သေကြရ၏။ ထို့အပြင် ပြင်ပလေများဖြစ်သော လေ ပြင်းမုန်တိုင်းဒဏ်ကြောင့် လည်းကောင်း၊ အဆိပ်ဓာတ်ငွေ့၊ ညစ်ညမ်းလေထု သေည်တို့ကို ရှူမိခြင်းကြောင့် လည်း ကောင်း အသက်တိုစွာ သေဆုံးရတတ် ၏။

အကယ်၍ မိမိတို့၌ လေရောဂါ ဘေးနာများမဖြစ်ရလေအောင် အစား အသောက်အနေအထိုင်များဆင်ခြင်၍ သေရောဂါဖြစ်လာလျှင်လည်း မဆိုးရွား အောင် ကျွမ်းကျင်သောသမားတော်ကြီးများ နှင့် ပြသကုသမည်ဆိုလျှင် မိမိတို့အဖို့ လေပျက်၍သေရခြင်းမျိုးမှ ကင်းဝေး ကြမည် ဖြစ်သည်။ ထို့အပြင် မုန်တိုင်း ဆောင်းကို ဂရုတစိုက်နားထောင်လျက် ဆိုက်ခတ်မလာခင် ကြိုတင်တိမ်းရှောင် ကြမည်ဆိုလျှင် မုန်တိုင်းဒဏ်မည်သော အပြင်လေဖျက်ခြင်းမှ လွတ်ရမည်သာ ဖြစ်သည်။ အဆိပ်ဓာတ်ငွေ့များထွက်ရာ အရပ်ရပ်၌ အလုပ်ရုံများ၌ အလုပ်လုပ်ကြ ရသည်ဆိုလျှင် သက်မှတ်ထားသော နာရီစည်း ကမ်းများ စည်းထားရမည် ဖြစ်သည်။ ညစ်ညမ်းသောလေထုများရှိရာအရပ်ကို ဆောင်နိုင်သမျှ ရှောင်ကြဉ်၍ သန့်ရှင်း သောလေထုကိုသာ နေစဉ်ရှူရှိုက်ရမည် ဆိုလျှင် မိမိတို့အတွက် ပြင်ပလေကြောင့် အသက်တိုခြင်းမှ ကင်းဝေးကြမည် ဖြစ် သည်။

**၂။ ပိတ္တသမုဋ္ဌာန (သည်းခြေပျက်ခြင်း)**

မိမိတို့၏ ခန္ဓာကိုယ်အတွင်း သွေး နှင့်အတူ ပျံ့နှံ့နေသော သည်းခြေဓာတ် များ ဖောက်ပြန်ပျက်စီးလေလျှင်လည်း ဝေဒနာဖြစ်၍သေရတတ်၏။ သည်းခြေ ဓာတ်ကို ဖောက်ပြန်ပျက်စီးစေမည့် အရက်သေစာ၊ အပျော်အပါးလွန်ကျူး ခြင်း၊ အစားအသောက်များခြင်း စသည် တို့ကို ရှောင်ရှားလျက် သည်းခြေနှင့် သင့်မြတ်မည့် အစားအသောက်များကို ရှာဖွေမည်ဆိုလျှင် သည်းခြေပျက်၍ ဝေဒနာဖြစ်ခြင်းမှ ကင်းဝေးကြမည်ဖြစ် သည်။ 'သည်းခြေရောဂါဖြစ်လျှင်လည်း ပေါ့ပေါ့လျော့လျော့မနေဘဲ ဆေးဝါးများ ကုသရမည် ဖြစ်သည်။

**၃။ သေမှသမုဋ္ဌာန (သလိပ်ပျက်ခြင်း)**

မိမိတို့ခန္ဓာကိုယ်အတွင်း၌ တည် ရှိနေသော သလိပ်ဓာတ်ဖောက်ပြန်ပျက် စီးလျှင်လည်း သေလောက်သော ရောဂါ ဝေဒနာများ ဖြစ်ပွားရ၏။ သလိပ်ဓာတ် ကောင်းစေမည့် အစားအစာများအား တတ်သိနားလည်သူများထံ မေးမြန်းသုံး ဆောင်ခြင်းဖြင့် လည်းကောင်း၊ ရောဂါ ဖြစ်လာလျှင် ကျွမ်းကျင်သူများနှင့် ကုသ ခြင်းဖြင့် လည်းကောင်း၊ အဘိဝ်အနေ အစားအသောက်ဆင်ခြင်ခြင်းဖြင့်လည်း ကောင်း သလိပ်ပျက်ခြင်းကြောင့် ဖြစ် သော ဝေဒနာများမှ ရှောင်ရှားနိုင်လျက် အသက်ရှည်စွာနေကြရမည် ဖြစ်သည်။

**၄။ သန္နိပါတိက (သုံးပါးပေါင်းဆုံခြင်း)**

လေ၊ သည်းခြေ၊ သလိပ် ၎င်းသုံး ပါး ပေါင်းဆုံရောထွေးဖောက်ပြန်လျှင် လည်း ရောဂါဝေဒနာဖြစ်၍ အသက်တို တတ်၏။ ၎င်းကိုလည်း အထက်ပါနည်း လမ်းများအတိုင်း ဆင်ခြင်တိုင်းထွာပြုလုပ် နေထိုင်စားသောက်ကြမည်ဆိုလျှင် သုံး ပါးပေါင်းဆုံ၍ဖြစ်သောရောဂါဝေဒနာ များမှ လွတ်ကင်းကြမည်ဖြစ်သည်။

**၅။ ဥတုပရိဏာမဇ (ဥတုဖောက်ပြန်ခြင်း)**

လောကသဘာဝတွင် ဖြစ်တည် နေသော အပူ၊ အအေး၊ တေဇောဓာတ် တို့ ဖောက်ပြန်လျှင်လည်း မိမိတို့၌ ဝေဒနာသည် ဖြစ်ရ၏။ တေဇောဓာတ် တွင် ဥဏှတေဇော (အပူဓာတ်) နှင့် ပိတတေဇော (အအေးဓာတ်) ဟူ၍ နှစ်မျိုးရှိ၏။ ၎င်းအပူဓာတ်၊ အအေး ဓာတ် နှစ်မျိုးစလုံး ခန္ဓာကိုယ်၏ အတွင်း ရော အပြင်ပါရှိနေ၏။ ခန္ဓာကိုယ်တွင်း၌ ရှိနေသော ပူခြင်း အေးခြင်းတို့ ဖောက် ပြန်ပျက်စီးလျှင်လည်း မိမိ၌ ဝေဒနာ သည်ဖြစ်ရ၏။ ခန္ဓာကိုယ်၏ အတွင်း ရောအပြင်ပါရှိနေ၏။ ခန္ဓာကိုယ်တွင်း၌ ရှိနေသော ပူခြင်း အေးခြင်းတို့ဖောက် ပြန်ပျက်စီးလျှင်လည်း မိမိ၌ ဝေဒနာ သည်ဖြစ်ရ၏။ ခန္ဓာကိုယ်ပြင်ပ၌ရှိသော မိုးအေးခြင်း၊ နှင်းကျခြင်း၊ နေရှိန်ပြင်း ခြင်း စသည်တို့နှင့် ထိတွေ့ဖောက်ပြန် သောအခါ မိမိတို့၌ အအေးဓာတ်ခြင်း ကိုယ်ပူခြင်း၊ ဖျားနာခြင်းတို့ဖြစ်ကြရ၏။

မိမိတို့ခန္ဓာတွင်း၌ ဝမ်းမီးဟူသည် အစဉ်ပူလောင်နေတတ်ပေရာ ၎င်းဝမ်း မီးငြိမ်းစေရန် သင့်လျော်သောအစား အစာနှင့် ရေအေးများများသောက်သေး ခြင်းအားဖြင့် သင့်တင့်မျှတသော ဝမ်း မီးအပူဓာတ်ကိုဖြစ်စေ၍ ကျန်းမာစေ၏၊ အကယ်၍ ဝမ်းမီးငုပ်၍ ခန္ဓာကိုယ် အတွင်း၌ အအေးဓာတ်လွန်ကဲနေမည် ဆိုပါကလည်း အပူအစပ်အစားအစာနှင့် ရေနွေးများများသောက်ခြင်းဖြင့် ထိန်းညှိ နိုင်ပါက ခန္ဓာတွင်း ဥတုမှုတရ၍ ကျန်းမာ စေမည်ဖြစ်သည်။ ၎င်းပြင် ပြင်ပဓာသိ ဥတုမှဖြစ်သော အပူ၊ အအေးတို့ကိုလည်း ထီး ဦးထုပ်ဆောင်ခြင်း အနွေးထည်ဝတ်ခြင်း စသည်ဖြင့် မိမိတို့ဘဏ် ရှိသလို ထိန်းညှိရမည် ဖြစ်သည်။

**၆။ ဝိသမဇီဟာရ (ဟော့မတင့်ပြုမှုခြင်း)**

မိမိတို့ခံပြုနေထိုင် စားသောက် မှုတို့၌ မိမိနှင့် သေင့်လျော်သော ပြုမှု ဆောင်ရွက်မှုများကို လွန်ကဲစွာပြုလုပ် ခြင်းကြောင့်လည်း သေလောက်သည့် ဝေဒနာသည်ဖြစ်ကြရ၏။ မိမိနှင့်မတည့် သော အစားအသောက်များ လွန်ကဲစွာ စားသောက်ခြင်း၊ နေပူထဲမှလာ၍ရုတ် တရက်ရေချိုးမှားခြင်း၊ ပူလွန်းသော နေရာနှင့် အအေးလွန်ကဲသောနေရာမျိုး ၌ တာရှည်စွာ နေထိုင်အလုပ်လုပ်ကိုင် ခြင်း၊ အရက်သေစာမူးယစ်ဆေးဝါးများ လွန်ကြူးစွာစားသုံးခြင်း၊ ညစ်ညမ်းအစာခံ၍ အချိန်လွန်စားသောက်ခြင်း စသည်တို့ သည် ရောဂါဝေဒနာကိုဖြစ်စေမည့် မသင့်မတင့်ပြုလုပ်ခြင်းများ ဖြစ်သည်။ ဤသို့သော သင့်လျော်မှုမရှိသည့် ပြုမှု နေထိုင်စားသောက်မှုမျိုးကို ရှောင်ကြဉ် ၍ သင့်တင့်မျှတစွာ ပြုမှုနေထိုင်စား သောက်ကြမည်ဆိုလျှင် ၎င်းရောဂါဝေဒ နာမျိုးမှ ကင်းဝေး၍ အသက်ရှည်ကြ

www.burmeseclassic.com

မည် ဖြစ်သည်။

**၇။ ပြောပုံကမ္ဘာ (သူတစ်ပါးကလုပ်ကြံခြင်း)**

အခြားတစ်ဦးတစ်ယောက်က လုပ်ကြံ ရိုက်နှက် သတ်ဖြတ်လျှင်လည်း မိမိအဖို့အသက်တိုရ၏။ လူသတ်ခံရခြင်း၊ အဆိပ်ရှိသတ္တဝါတို့၏ အကိုက်အခဲကို ခံရခြင်း၊ စုန်း၊ နတ် စသည်တို့၏ ပြုစား ဖမ်းစားခံရခြင်း စသော သူတစ်ပါး ပယောဂလုပ်ကြံမှုကြောင့် မိမိတို့၏ အသက်ကိုတိုစေ၏။ ဤအတွက်ဖြေရှင်းရန်ကား မေတ္တာသည်သာ အကောင်းဆုံး လက်နက် ဖြစ်သည်။ သတ္တဝါအနန္တတို့အား ကာယကံမေတ္တာ (မေတ္တာဖြင့် ပြုမူဆောင်ရွက်ပေးခြင်း)၊ ဝစီကံမေတ္တာ (မေတ္တာဖြင့် ချိုသာကောင်းမွန်စွာပြောဆိုဆက်ဆံခြင်း) မနောကံမေတ္တာ (ကောင်းသော စိတ်မနောဖြင့် သတ္တဝါ အပေါင်းအား မေတ္တာပို့ခြင်း) တည်းဟူသော မေတ္တာသုံးပါးဖွဲ့လုံနေမည်ဆိုပါက အခြားသောသတ္တဝါတို့ကလည်း မိမိအား ပြန်လည် မေတ္တာသက်ဝင်၍ အသက်နှင့် ခန္ဓာကိုယ်ကို အန္တရာယ်ပြုတော့မည် မဟုတ်ပေ။ မေတ္တာပို့သနေခြိန် အထူးသဖြင့် မေတ္တာစာနှစ်ဝင်စားနေချိန်၌ မည်သည့်ပုဂ္ဂိုလ်သတ္တဝါမျှ မိမိအပေါ်တွင် ရန်လိုစိတ်မရှိတော့သဖြင့် တိုအခြိန်၌ သူတစ်ပါးပယောဂလုပ်ကြံမှု မျိုးမှ ကင်းဝေးနေမည် ဖြစ်ပါသည်။ ထို့ကြောင့် မေတ္တာပို့ခြင်းဖြင့် သူတစ်ပါး ပယောဂဖြင့် မသေချင်လိုသော ပုဂ္ဂိုလ်များအဖို့ သတ္တဝါများအား ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ဖျက်ဆီးလိုသောစိတ်ထားမျိုးလုံးဝမရှိအပ်ပေ။

**၈။ ကမ္မဝိပါက (ကံကြောင့်ဖြစ်ခြင်း)**

ကံကြမ္မာအကြောင်းတရားတို့တွင် လက်ရှိ အသက်ရှင်သန် ပစ္စုပ္ပန်ကံကို အားနည်းချည့်နဲ့သွားအောင် ဖိနှိပ်တတ်သော ဥပပဇ္ဇကံ၊ လက်ရှိဖွဲ့ထွားနေသော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို မဖွဲ့ဖြိုးမရှင်သန်နိုင်အောင် ဖြတ်တောက်ပြီး မိမိအကျိုးကိုသာ အစားထိုးအကျိုးပေးတတ်သော ဥပယာဒကံ စသောကံတရားတို့၏အကျိုးပေးမလှုသောအခါ၌လည်း သတ္တဝါတို့အသက်တိုကြရ၏။ ထိုကံများအနက် အတိတ်ဘဝအလိုလိုက်ပြုလုပ်ခဲ့သော အကုသိလ်ဒုစရိုက်များထဲမှ သူအသက်သတ်ခြင်း၊ သူတစ်ပါး၏ အစာရေစာကို တားမြစ်ခြင်း စသော အသက်တိုစေသည့်ကံများက အကျိုးပေးလာလျှင် ယခုဘဝ၌ အသက်တိုကြရ၏။

ယခုဘဝတွင်လည်း ပဉ္စာနန္တရိယကံကြီးများအပြင် သူအသက်သတ်ခြင်း၊ ခိုးခြင်း၊ သူများသားမယားအိမ်ရာကို ပြစ်မှားစော်ကားခြင်း၊ လိမ်ညာခြင်း၊ အရက်သေစာ မူးယစ်ဆေးဝါးများသုံးစွဲခြင်းစသော မကောင်းမှုဒုစရိုက်များကို လွန်ကျူးနေပါက ဒိဋ္ဌဓမ္မဝေဒနီယကံအရ လက်ငင်းဒိဋ္ဌ အကျိုးပေးလျက် အသက်တိုတတ်ပြန်သည်။ ထို့ကြောင့် ကံကြောင့်အသက်တိုခြင်းမှကင်းဝေးလိုသော် မကောင်းမှုဒုစရိုက် အကုသိုလ်ကံများကို ရှောင်ကြဉ်လျက် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ရပေမည်။ ကောင်းသောကံများသည် စေတနာဖြူစင်စွာ ပြုလုပ်သူမှန်သမျှကို အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း စသောကောင်းကျိုးများကို လက်ရှိဘဝရော တမလွန်ဘဝများအတွက်ပါ ရရှိခံစားရမည်ဖြစ်သည်။

လောကတွင် မွေးဖွားလာသူမှန်သမျှ နောက်ဆုံး၌ သေကြရမည် ဖြစ်သည်။ သေနိုင်သော ရောဂါဝေဒနာ (၈) မျိုးအနက် တစ်မျိုးမျိုး သို့မဟုတ် နှစ်မျိုး၊ သုံးမျိုး၊ ရှစ်မျိုးစလုံးဖြင့် မွေမျော်အောင် ခံစားရလျက် သေကြရမည်မှာ ကေန်မလွဲပါ။ သေခြင်းတရား (၄) မျိုးအနက် တစ်မျိုးမျိုးဖြင့် သေကြရမည်မှာလည်း ကျိန်းသေပါသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် သေခြင်းတရားကို မည်သို့မျှ ရှောင်လွှဲ၍ မရနိုင်ပါ။ သို့သော် မိမိတို့မသေမီ ရွေးချယ်နိုင်သည်မှာ အသက်ရှည်စွာနေရခြင်းနှင့် အသက်တိုစွာသေရခြင်း တည်းဟူသော ရှင်သန်ခွင့် ကာလအတို၊ အရှည်တို့ ဖြစ်ပါသည်။ အသက်ရှည်လိုသူများအတွက်ကတော့ ဘုရားရှင်ဟောကြားဆုံးမခဲ့သည့်အတိုင်း အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများကို ကျင့်ကြံအားထုတ်ရန်သာလို၏။

ဤလောကတွင် မသေဆေးမရှိသော်လည်း အသက်ရှည်ဆေးတော့ရှိ၏။ ဟူသော ပညာရှိအဆိုအမိန့်နှင့်အညီ ဤလောကသုံးပါးမှမလွတ်မြောက်မချင်း မသေဆေးကို တွေ့ရှိလိမ့်မည် မဟုတ်ပေ။ သို့သော်လည်း အာယုဝဍ္ဎနစသော အသက်ရှည်ဆေးများကား ရှိပါသည်။ ဘုရားရှင်ကိုယ်တော်တိုင် လောကီမသေဆေးကို မဟောကြားခဲ့သော်လည်း လောကီသတ္တဝါတို့ အသက်ရှည်စေရန် အတွက် ပိဋကတော်၌ အသက်ရှည်ကြောင်းနည်းလမ်းကောင်း သုတ္တန်ဒေသနာတို့ကို များစွာ ဟောကြားထားသည်ကို တွေ့ရပါသည်။

သို့သော် လောကုတ္တရာနယ်တွင်တော့ မသေဆေး ဟူသည်ရှိပါသည်။ သေတတ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့ကို ချုပ်ငြိမ်းအောင် ကျင့်ကြံအားထုတ်၍ ဖြစ်ပျက်ခဲ့ရာ အသစ်တဆတ်ကိုရအောင်ပြုကာ မသေတတ်သော အမတအမြိုက်၊ ချမ်းသာအစစ်၊ သန့်ရှင်းသုခအရသာကို ဖန်တီးလိုက်ခြင်း ဖြစ်သည်။ သေတတ်သောခန္ဓာချုပ်ပျောက်သွားသောအခါ မသေတတ်သော သဘောဓမ္မတို့က အကြောင်းအကျိုးညီစွာပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဤသည်ကို နိဗ္ဗာန်ရသည်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟု ခေါ်ဆို၏။ တကယ်တော့ နိဗ္ဗာန်ဟူသည် သေတတ်သော ရုပ်နာမ်ခန္ဓာတို့ချုပ်ဆုံးသွားခြင်းသာ ဖြစ်သည်။ ဤကဲ့သို့ ရုပ်နာမ်ခန္ဓာတို့ ချုပ်ဆုံးသွားသောကြောင့် သေခြင်းတရားသည်လည်း အလိုလိုကင်းကွာသွားတော့၏။ ဤကား လောကုတ္တရာ မသေဆေးတည်း။

လောကတွင် နေထိုင်ကျက်စားကြသော သတ္တဝါဝေနေယျတို့အဖို့ လောကီနည်းဖြင့် ရှာကြံနေသရွေ့ မသေဆေးကို တွေ့ရလိမ့်မည် မဟုတ်သော်ငြားလည်း သာမန်လူစွမ်းရည်ဖြင့်ပင်ရယူနိုင်သောအသက်ရှည်ဆေးများရှိကြောင်းကို အသိပေးပြီးဖြစ်ပါသည်။ အသက်ရှည်လိုသူတိုင်း ရှာကြံမှီဝဲကြဖို့သာလိုသည်။ သို့သော် လောကီတွင် အသက်ရှည်စွာနေထိုင်ရင်း တွေ့ရမြဲ ဓမ္မတာဖြစ်သော မွေးဖွား၊ အိုမင်း၊ နာခြင်း၊ သေဆုံးတည်းဟူသော ကိုယ်၏ဒုက္ခများ၊ မချစ်အတူနေ၊ ချစ်ဆွေကွေကွင်း၊ အလိုမကျခြင်း ဟူသောစိတ်၏ဒုက္ခတို့မှ အပြီးတိုင်ကင်းလွတ်လိုလျှင်ကား မသေရာအကျင့်မြတ်ဖြစ်သော မဂ္ဂင်ရှစ်ပါးမြတ်တရားကို ကျင့်သုံးအားထုတ်လျက် အမြိုက်နိဗ္ဗာန်ဝင်စံခိုလှုံခြင်းဖြင့် ဒုက္ခမီးများငြိမ်းအေးကြပါကုန်။

ဗျာပုံတင်နိုင်ဝင်း

**မှီငြမ်းကိုးကား -**


၁။ နမ္မဒါဆရာတော်၏ ဒေသနာပန်းခိုင်

၂။ ဦးတော်(အမရပူရ)၏ သေခြင်းတရားဆိုင်ရာ အဘိဓမ္မာနှင့် သောတာပန်

၃။ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)၏ သေမင်းခေါ် တေ့အားကြရပြီ

www.burmeseclassic.com

ထိုဆ်အထယ်ဗဟိုခန်းမရှိ ကြည်ညိုဖွယ် ဗုဒ္ဓဆင်းတုတော်

စေတီတော်တွင်းရှ ခွဝ်ဖွားတော်တန်ဆူ

ရာမည္ဉ-ေမွးမွန်

# ကိုယ့်ပြည်တွင်းက ဗုဒ္ဓဂယာ သတ္တာသတ္တာဟာ ဖူးကြဝေးမကွာ

အနိမိသကုထုန်းတော်ရှ စေတီတော်မြင့်ကွင်း

ဖူးရာ ပွင့်ရာ၊ စက်လှည့်ရာ၊
စံရာ ဤလေးမည်။
သံဝေဇနီယ၊ လေဌာန၊
ဖူးကြအလိလိ။
အပါယ်လေးဝ၊ မလားရာ၊
လားရာ လူနတ်ပြည်။ ။

ဟူသော ဆောင်ပုဒ်က မိမိတို့ ဘုရားသာသနာ့ယဉ်ကျေးမှုများကို ဖမ်းစားနိုင်ကြောင်း သည်၊ ဆွဲဆောင်နိုင်လွန်းသည်။ ဒီတော့ မြန်မာနိုင်ငံသည် ဗုဒ္ဓ၏ တရားတော်တို့ဖြင့် ထုံမွှမ်းထားသည်ဖြစ်ရာ လူနေမှုဘဝတစ်ခုလုံး ဘာသာသာသနာအဆုံးအမထိန်းကျောင်းမှုက အရာရာနှင့် ကင်းလွတ်သည်မရှိ။ နိုင်ငံတစ်ဝန်းတွင် စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အအုံ ဒေသအနှံ့ ထက်ညီးထိုးမလွဲရှိနေခဲ့သည်။

ထေရဝါဒဗုဒ္ဓသာသနာသည် မိမိတို့မြန်မာနိုင်ငံတွင် ပိုမိုထွန်းကားစည်ပင်နေသော်လည်း၊ ဘုရားပွင့်ရာဒေသမှာ အိန္ဒိယနိုင်ငံဖြစ်လေရာ သာသနာကို အကြောင်းပြု ကြည်ညိုကြသူတို့



www.burmeseclassic.com

www.burmeseclassic.com

အနီပိသစေတီတွင်းမုဆင်းတုတော်များ



မုစလိန္ဒာဆိုင်ဃယ်မှ ဗုဒ္ဓဘုရားရှင် ဈာန်သမာပတ်ဝင်စားနေဟန်

သံဝေဇနိယလေးဌာနသို့ ဘုရားဖူးသွားလိုကြသည်မှာ ဓမ္မတာဖြစ်သည်။ လုမ္ဗနီအင်ကြင်းတော (နီပေါ) တွင် မဟာသက္ကရာဇ် ၆၈ ခု၊ သောကြာ၊ ကဆုန်လပြည့်နေ့တွင် မီးရှူးသန့်စင်၍ မဟာသက္ကရာဇ် ၁၀၃၊ ဗုဒ္ဓဟူး၊ ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်နှင့် ရွှေပလ္လင်နှင့် သစ္စာလေးပါး အမြိုက်တရားကို သိမြင်ကာ သဗ္ဗညုတဉာဏ်တော်ရရှိစေသော မရွှိမဒေသ ဗုဒ္ဓဂယာသို့ မိမိတို့သည် စိတ်ကူးအိပ်မက်ဖြင့်သာ အကြိမ်ကြိမ် ရောက်နိုင်ကြသည်။

ဤသည်မှာ မြန်မာပြည်သူ အများစုသည် ဘုရားဖူးခရီး (၁၀-သိန်း) ကို တတ်နိုင်သူများ မဟုတ်ကြပါ။ တွေးကြည့်လျှင်ပင် မိမိတို့မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာနွယ်ဝင်သည် ရာခိုင်နှုန်းအား ဖြင့် (၈၉. ၃) ရှိနေသည်ဖြစ်ရာ ပြည်ပ အိန္ဒိယနိုင်ငံသို့ ဘုရားဖူးသွားနိုင်သူ အလွန်နည်းပါးလှသည်။ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်များအဖြစ်ချင်ဆုံးဆန္ဒကို မေးပါဆိုက လူဘဝဖြစ်ရသည့်ခဏာတာတွင် မိမိတို့အားကိုးရာ၊ ကိုးကွယ်ရာ မြတ်ဗုဒ္ဓပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ သွားရောက်ဖူးမြော်လိုသည်ဟုဆိုကြမည်ဖြစ်သည်။

ယင်းသို့သော အများပြည်သူလိုအင်ဆန္ဒပြည့်ဝရေးမှာ မိမိတို့ပြည်တွင်းမှာပင် ဖူးမြော်နိုင်အောင် ကြံဆောင်



www.burmeseclassic.com

www.burmeseclassic.com

မြေအောင် ဖြစ်သည်။ အသင့်တော်ဆုံးနှင့် အကောင်းဆုံးဟုလည်းဆိုရပါမည်။ ဤသည်ကို နိုင်ငံတော်အကြီးအကဲများမှ အကောင်အထည်ဖော်နေကြောင်း သည်း မီဒီယာများမှတစ်ဆင့် မိမိကြားသိထားပြီး ဖြစ်လေသည်။ ထိုစဉ်ကပင် ဆောက်လိုသော၊ ဖူးမြော်လိုသောဆန္ဒ ပြင်းပြနေခဲ့ရာမှ ယနေ့ ဇူလိုင် ၂၁ ရက် နေ့မှာပင် ခုံးပိတ်ရက်နှင့်တိုက်ဆိုင်သဖြင့် အားစုဝင်များနှင့်အတူ ရောက်ဖြစ်ပါ တော့သည်။

စေတီတော်မြတ်တည်နေရာသည် နေပြည်တော်မြောက်ဘက်ခြမ်း၊ ပုဗ္ဗသီရိ မြို့နယ်နှင့် နေပြည်တော် တပ်ကုန်း မြို့နယ်အစပ်လောက်၌ တည်ရှိကြောင်း သိထားသည်။ သို့ဖြင့် နေပြည်တော် ဆည်မနားမှ ရာဇသင်္ဘာလမ်းကျယ် အတိုင်း မြောက်စူးစူးသို့ ဦးတည်ကာ ကားကိုမောင်းလာပြီး မှတ်မိသည်မှာ ဥဩဂုသီရိဟိုတယ်ဇုန်ကို ဖြတ်ကျော် လာသည်။ နောက် ခွာညီအဝိုင်းကိုဖြတ် သည်။ မရွေးမနှောင်းမှာပင် ပုံစံတူ ဧရိယာမြေထမ်းဟောင်းအိမ်ရာများဖြတ်ကျော် ပြီးကြာမီတွင် စေတီတော်ပရိဝုဏ်ကို သွားမြင်လိုက်ရသည်။

ကုန်းမြင့်နှစ်ခုကြား မြေပိန့်ပြန့်ရာ တွင် တည်ထားသည်ကို တွေ့ရသည်။ ကားလမ်းသည် တောင်ဘက်မှ ကုန်းမြင့် ကိုဖြတ်၍ မြောက်ဘက်ကုန်းမြင့် (တပ် ကုန်းပြို) ဘက်သို့ ဦးတည်သွားပါသည်။ ထိုကုန်းမြင့်နှစ်ခုကြား မြေပြန့်တွင် ဘယ် ဘက်ခြမ်းက ဓမ္မရိပ်သာ၊ ညာဘက်ခြမ်း က သတ္တသတ္တာဟမဟာဗောဓိစေတီ တော်ပရိဝုဏ်ကိုဆီးကာဖူးမြော်ရသည်။ ယခုတို့သည် စေတီတော်အဝင်မုခ်ဦးအနီး အခြားသော ဘုရားဖူးယာဉ်များကြား ကားတစ်စီးဝင်သောနေရာတွင်ဝင်ကာ ရပ်နားလိုက်သည်။

စေတီတော်သည် အိန္ဒိယရှိ မူလ ဘုရားအတိုင်းဟု ဆိုသဖြင့် ဘုရား အဝင်မုခ်ဦးမှာပင် အိန္ဒိယလက်မှုအငွေ့ အသက်များ ရှုရှိုက်ခံစားလိုက်ရသည်။ ဆိုလိုသည်မှာ မိမိတို့ပြည်တွင်းမြန်မာ ဗိသုကာတွင် မည်သည့်စေတီပုထိုးပင်ဖြစ်စေ ဆောက်ရှိသည်နှင့် ကနဦးတွေ့ရမည်က ဆင်ဖိုးမော့နေသော ခြင်္သေ့(၂)ကောင် ဖြစ်သည်။ ဤသတ္တဋ္ဌာနမှာက ယင်းသို့ မဟုတ်။ အဝင်မုခ်ဦး ကျောက်တိုင်နှစ် တိုင်ထိပ်ပေါ်တွင် စကြာဝိုင်းသဏ္ဌာန် (အသောကအမှတ်အသားဟု ထင်ပါ သည်) တွေ့ရသည်။

ထိုဏ်ပတ်လမ်းမှ မှတ်တမ်းဓာတ်ပုံတစ်ပုံ
(တိုဗက်ရဟန်းတော်များ ဘုရားဝတ်ပြုနေပုံ)

စေတီတော်ထိုဏ်ဝင်လေကား



စေတီတော်ထိုဏ်ပတ်လမ်းမှတ်တိုင်များ

www.burmeseclassic.com



လင်းထွန်းပင်



ရတနာစကြိုတော်



မုဇလိန္ဒာဝန်းကျင်

မိမိတို့ ယာဉ်ရပ်နားရာမှာ ဘုရားပရိဝုဏ်၏ အနောက်ခြမ်း ဖြစ်သည်။ သို့ဖြစ်၍ လမ်းညွှန်ဆိုင်းဘုတ်များ၊ ဘုရားလုံခြုံရေးများလမ်းညွှန်ချက်အရ ဘုရားဧရိယာဝင်းကို ညာဘက်မှပတ်ကာ အရှေ့ဘက်မှဝင်ကြရသည်။ ဘုရားဖူးကားများသည်လည်း ယာဉ်ရပ်နားကွင်းတွင် အပြည့်တွေ့ရသည်။ ဘုရားဖူးများလည်း လှုပ်လှုပ်ရှားရှားသွားလာနေကြသည်။ ဤသည်မှာပင် မနက်ဖြန် (ခမွေစကြာနေ့ ဝါဆိုလပြည့်နေ့) ဆိုပါလျှင် ပိုမိုများပြားမည် ဖြစ်သည်။

ဘုရားဖူးသူများတွင် အချို့သောမိန်းကလေးငယ်များ စကတ်၊ ဘောင်းဘီတိုများဝတ်လာသည်ကို တွေ့ရသည်။ ဘုရားပရိဝုဏ်တွင်းသို့ ဝင်ခွင့်မပြုသဖြင့်၊ တာဝန်ရှိသူတို့က ချေချေငံငံပြောသဖြင့်၊ ခေတ္တထာဘီဌားရမ်းပေးရာသို့လည်းညွှန်ပြသဖြင့် ပြေပြေလည်လည်ပင် သွားရောက် လဲလှယ်ဝတ်ဆင်ကြသည်ကို တွေ့ရသည်။ လုံခြုံရေးဝန်ထမ်းများ၏ ဆက်ဆံရေးအပေါ် တွင်လည်း တည်ကြောင်း မိမိတွေးမိပါသည်။

ကနဦးတွင် မိမိတို့သည် လေးမြောင့်သံဇ္ဈာန်စေတီတော်ကို ရှေ့ဝင်ပေါက်မှဝင်ရန်ပတ်လာသည်။ စေတီတော်လိုဏ်အတွင်း ဝင်လိုက်သည်နှင့် ပြန့်ကျယ်ခန်း။ ထိုအခန်းတွင် တင်ပျဉ်ခွေပုဒ္ဓရုပ်ပွားတော်တစ်ဆူစံနေဟန် ဖူး



www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးပါသည်။ ဝတ်ပြုရန်တစ်နေရာအတွက် ခေတ္တစောင့်ဆိုင်းပြီးမှ ကွက်လပ်ရသည်နှင့်ဝင်ကာဦးချရသည်။

ထိုမှ မိမိတို့အဖွဲ့ စေတီတော်အတွင်း လိုက်ပတ်လမ်းရှိရာ ဘယ်ဘက်ဝင်ဆါက်မှဝင်ရန် အညွှန်းစာအရ ဝင်ခိုက်ကြသည်။ ပတ်လမ်းရှိ လိုက်နံရံနှင့် ကြည်လင်ပြတ်သားသော ဓာတ်ပုံများ အစီအရီ တပ်ဆင်ချိတ်ဆွဲထားပါသည်။ အမြင်ကောင်းစေရန်လည်း မီးလင်းအေးများ စနစ်တကျပေးထားသည်။ ပုံများမှာ မူလအိန္ဒိယမဟာဗုဒ္ဓဘုရားမှ အထူးရိုက်ကူးထားသောပုံများ ဖြစ်သည်။ (နှစ်သက်သဖြင့် ပုံတချို့ကို နှင်းသမျှ မိမိ၏ခရီးဆောင်ကင်မရာဖြင့် ရိုက်ကူးလိုက်သေးသည်။ မိမိကူးတဲ့ အခြားဘုရားဖူးများလည်း ရိုက်ကူးကြသည်ကို တွေ့ရသည်။)

သတ္တသတ္တာဟစေတီတော်အတွင်းတော်လမ်း အနောက်မြောက်ထောင့်တွင် တော်လမ်းအတွင်းနံရံကိုကျောပေးလျက် (၃)ပေတ်လည်ခန့်သာမြင့်ကာ အိန္ဒိယခေတ်သောပေါင်းဒိုးသဏ္ဌာန်စံကျောင်း၌ ရုပ်များတော်တစ်ဆူရှိသည်။ ထိုရုပ်ပွားတော်ရှေ့ကွက်လပ်တွင် ဝတ်ပြုဦးချသူများနှင့် ပြည့်လျက်ရှိသည်။ ထိုရုပ်ပွားတော်ရှေ့တွင်လည်း အမိုးအကာအဖုံးအုပ်မရှိ လုံခြုံမှုစနစ်မရှိ ငွေစက္ကူများ ကပ်ထားလျက်နေသည်။ မိမိရှေ့မှာပင် လူရွယ်တစ်ယောက် ငွေစက္ကူတစ်ရွက်ထည့်လှူဖြတ်သည်ကိုတွေ့ရပြီး မည်သို့သောအကြောင်းလဲမသိ ငွေပုံထဲမှ တချို့ကို ပြန်ယူလိုက်သည်ကို တွေ့လိုက်ပါသည်။

မိမိတို့အဖွဲ့ ဘုရားဖူးပရိသတ်ယူအုပ်နှင့် ရောပါစီးမျောရွေ့လျားရင်း ချက်ပေါက်သို့ ပြန်လည်ရောက်ရှိပါသည်။ စေတီတော်မှာ လေးထောင့်သဏ္ဌာန်ရှိရာတွင် မြောက်ဘက်ခြမ်း စေတီတော်နှင့်မျဉ်းပြိုင် ကြာပွင့်သဏ္ဌာန် အက်အင်္ဂတေပန်းများအစီအရီရုက်ထွေးရှိပါသည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာပုံစံအတိုင်းဖြစ်သည်ဟု ဆိုရပါမည်။

စေတီတော်၏ အရှေ့မြောက်ထောင့် (စာပေများတွင်အဆိုအရ ၁၀လံ) အတွာတွင် အနိမိသကုန်းမြင့်ရှိသည်။ ကုန်း (၁၀) ပေခန့် မြင့်ပါသည်။ ဗုဒ္ဓဘုရားသည် ဘုရားအဖြစ်ကို ရောက်ရှိပြီးသည့်နောက် ဗောဓိပင်၏ အရောက်အရပ် (၁၀)လံအကွာရှိ အနိမိသကုန်းထက်မှနေ၍ မတ်တတ်ရပ်ကာ မျက်နှာလွှဲကြည့်လျက် သတ္တဝါတရာဏာတော်အောင်မြင်ခဲ့သည့် ရွှေပလ္လင်ကို မမှိတ်သောမျက်စိဖြင့်ကြည့်ရှုလျက် (၇) ရက်လုံး ကုန်ဆုံးစေသည်ဟု ဆိုသည်။ ဤသည်မှာ ဒုတိယသတ္တာဟ မည်ပါသည်။

မိမိတို့သည် ယင်းကုန်းမြင့်ထက်မှ မဟာဗောဓိစေတီတော်ကို ခြုံငုံမြင်ကွင်းရရှိသဖြင့် ဘုရားဖူးများစုပေါင်းမှတ်တမ်းပုံများရိုက်ကြသည်။ မိမိတို့အဖွဲ့ကိုလည်း ရိုက်ပေးလိုက်သည်။ ထိုမှတစ်ဖန် သတ္တသတ္တာဟဗောဓိစေတီတော်၏ တောင်ဘက်အနီးတွင်ရှိသော လင်းလွန်းပင်သို့ သွားရောက်ကြည့်ကြသည်။ မမြင်ဘူးသူက အများသားပင်။ လင်းလွန်းပင်ကို အတော်များများက ဘုရားပွင့်တော်မူရာ ဗောဓိပင်ဟု ယူဆကြသည်။ အမှန်မှာ ဗောဓိပင်မဟုတ်ပါ။ ဂေါတမအရှင်တော်မြတ်ဘုရား၏ ဖြစ်တော်စဉ်ပါ ဘုရားအဖြစ်ကိုရပြီး သတ္တသတ္တာဟ (၇)နေရာစံတော်မူစဉ် နောက်ဆုံးစံတော်မူရာ ဖြစ်သည်။ ဘဒ္ဒကပ္ပာဘုရား(၄)ဆူတွင်သာမက အခြားသော မဏ္ဍကပ္ပာ၊ သာရကပ္ပာ၊ ဝရကပ္ပာတို့တွင်ပွင့်တော်မူသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့တွင်လည်း လင်းလွန်းပင်ကို ဗောဓိအမှီပြုခြင်း မရှိခဲ့ပါ။

လင်းလွန်းပင်သည် မိမိတို့မြန်မာနိုင်ငံတွင် အတွေ့ရနည်းသည်။ အရွက်က ညောင်ရွက်သဏ္ဌာန်ဖြစ်၍ ပင်စည်က ကသစ်ဆူးများဖြစ်သည်က ထူးခြားပါသည်။ မဟာဗောဓိစေတီတော်၏ တောင်ဘက်ခြမ်းတွင်ကပ်လျက် ကမ္ဘည်းနှင့်တကွ စိုက်ပျိုးထားသည်။ ထိုမှ တောင်ဘက်ခြမ်းမှာပင် ကျယ်ဝန်းသော မုစလိန္ဒာအိုင်ဘက်သို့ကူးလာကြသည်။

ရေကန်၏ အလယ်တွင် နဂါးရုံ ဘုရားတည်ရှိသည်။ အရှေ့ဘက်သို့ မျက်နှာမူထားသည်။ နဂါးရုံဘုရားများနှင့် ပတ်သက်၍ ပါမောက္ခချုပ်ဆရာတော် အရှင်နန္ဒမာလာက တရားပွဲတစ်ခုတွင် ထည့်သွင်းဟောကြားဖူးပါသည်။ ဘုရားရှင်သည် မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်းတွင် ထက်ဝယ်ဖွဲ့ခွေလျက် ဈာန်သမာပတ်ဝင်စားစံနေတော်မူသည်ကို ရေအိုင်တွင်းမှ နဂါးမင်းက ရာသီဥတုအပူ၊ အအေး၊ ပိုးမွှားမှက်ခြင်များမှ ကင်းစေရန် မိမိ၏ခန္ဓာကိုယ်ကို ရစ်ပတ်လျက် ကျောင်းသခ်ိမ်းသဖွယ် အကာအကွယ်ပြုကာ အမိုးကိုမူ မိမိ၏ ပါးပျဉ်းဖြင့်အုပ်မိုးပေးထားသည်ဟု ဆိုပါသည်။ ရေလယ်/ရေအိုင်တွင်းမဟုတ်။ အနီးရှိကျည်းပင်ခြေသာ ဖြစ်ကြောင်း ဆိုပါသည်။ သို့သော်လည်း နဂါးရုံမှန်သမျှ ရေလယ်တွင်သာ ထုလုပ်လာခဲ့ကြသည်မှာ ကြာမြင့်လာသဖြင့် အများကို အမှန်သဖွယ်ဖြစ်နေကြောင်း ဟောပြောသည်ကို နာယူရဖူးပါသည်။

ယခု သတ္တသတ္တာဟမဟာဗောဓိစေတီတော်တွင်းရှိ မုစလိန္ဒာအိုင်သည် သင့်တင့်သော အကျယ်အဝန်းဖြင့် ရေကန်ပတ်လည်တွင် စိမ်းလန်းသော မြက်ခင်းပြင်၊ ပန်းပင်၊ လူသွားကွန်ကရစ်လမ်းများဖြင့် သာတောင့်သာယာရှိပါသည်။ သာသနိကကျောင်း၊ ကန်၊ စေတီပုထိုးများသည် ရေကန်သာများပါဝင်မှ ပြီးပြည့်စုံသည်ဟု ဆိုရပါမည်။

ပြည်ပ အိန္ဒိယနိုင်ငံ မရှိမဒေသ ဗုဒ္ဓဂယာသို့ ဘုရားဖူးမသွားရောက်နိုင် သူများအဖို့ အလားတူ နေပြည်တော်ရှိ ဗုဒ္ဓဂယာသို့ ရောက်ရှိ ဖူးမြော်ရလျှင်ပင် ကျေနပ်နှစ်သက်မှုရမည် ဖြစ်သည်။ စိတ်သာရှင်စော ဘုရားဟော ဟူသော စကားအရှိပင်ဖြစ်သည်။ ကလိင်္ဂတောဓိဇာတ်၌ ဘုရားရှင် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေစဉ် လူအများသည် ပန်းနဲ့သာ စသည်ကို ကိုင်ဆောင်လျက် ဘုရားရှင်ကိုပူဇော်ရန် လာရောက်ကြ၏။ ထိုစဉ်ခိုက် မြတ်စွာဘုရားရှင်သည် ဒေသနာတရားချီးမြှင့်ရန် အခြားသို့ ဒေသစာရီတြွေနေခိုက်နှင့်ကြုံလျက် လိုအင်ဆန္ဒမပြည့်၊ စိတ်လက်မကြည်မသာ ပန်းနဲ့သာများကိုချကာ ပြန်ကြရ၏။ ဤအကြောင်းကို အနာထပိဏ်သူဌေးမှတစ်ဆင့် အရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်ထားသိရှိရသည်ဟု ဆိုသည်။ ကိုယ်စားပူဇော်ခွင့်ပြုသည်ဟု ဆိုသည်။

သို့ဖြင့် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဤနေရာသည်ကား အပရာဇိတပလ္လင်၊ ဤနေရာသည်ကား ဘုရားရှင် ဈာန်သမာပတ်ဝင်စားရာ စသည်ဖြင့် ကြည်ညိုသဒ္ဓါမှ ရှေးရှု၍ အာရုံဝင်စားကာ ကောင်းမှုကိုယ်၌တည်ရန်သာ နိဗ္ဗိုဒ်တော်၏ စိတ်စေတနာအရင်းခံဖြင့် သတ္တသတ္တာဟမဟာဗောဓိစေတီတော်သို့ မိမိတို့နှယ် ဖူးရောက်နိုင်ကြပါကြောင်း နှေးသားရပါသည်။

ရာမည-သွေးမွန်



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

# ကျွန်ုပ်နှင့်ဓမ္မစေတီမင်းတရားကြီးပူဇော်ခဲ့သော စိန္တာမဏိဂါထာ

တစ်နေ့သ၌ -

ကျွန်ုပ်သည် နှစ်ကာလကြာမြင့်စွာကပင် စုဆောင်းထားရှိခဲ့သောစာအုပ်များကိုဖတ်ရန်အတွက် စာအုပ်ရွေးချယ်နေခဲ့ပါသည်။ စာအုပ်ရွေးချယ်ရခြင်းသည် ကောဇာနှစ် ၁၃၇၅ ခုနှစ်မှ ၁၃၇၆ ခုနှစ်သို့ ကူးပြောင်းတော့မည့်အခါ မရောက်မီ (၁၂) ပါးသောလများ၊ တစ်နည်း အတာများ၏ နောက်ဆုံးဖြစ်သော မဟာအတာတွင် ရှေးထုံးစဉ်လာယဉ်ကျေးမှုတစ်ရပ်အနေဖြင့် မဟာသင်္ကြန်ကာလ၏ အကြိုနေ့၊ အကြတ်နေ့၊ အတက်နေ့တို့ သတ်မှတ်ထားပြီး နှစ်ဆန်းရက်ကိုလည်း မင်္ဂလာနှစ်သစ်ကူးရက်မြတ်အဖြစ် နှစ်ဆန်းတစ်ရက်အထိ ထေရဝါဒဗုဒ္ဓဘာသာဝင်အများစုတို့မှာ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ခိုးကြီးဘုရားစေတီ၊ ပုထိုးများသို့ သွားရောက်ပြီး ဥပုလ်သီလဆောက်တည်ကြပါသည်။

ထိုရက်များကိုမှ မြတ်မြတ်နိုးနိုးတန်ဖိုးထားပြီး ဒါနမှုများလည်းပြုလုပ်ကြပါသည်။ ကျွန်ုပ်အနေကတော့ ယခုခေတ်ကာလတွင် နိုင်ငံဝန်ထမ်းများအတွက် နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ်၊ ရက်ရှည်ပိတ်ထားသဖြင့် ထိုအခါကာလတွင် မိမိပြုမြဲအဓိဋ္ဌာန်နှင့် နေ့စဉ်ပြုရသည့် ကျင့်ဝတ်တို့ကိုသာ ပြုကျင့်မည်ဖြစ်ပါသည်။

ယခုရက်မျိုးတွင် အလွန်အမင်း အရေးတကြီးမဟုတ်သော အကြောင်းများဆိုလျှင် ကျွန်ုပ်ထံရောက်လာမည်မဟုတ်ပါ။ အထူးတလည်အကြောင်းပေါ်လာမှ ရောက်လာမည်ဖြစ်၍လည်း ဧည့်သည်ရှင်းနေမည့်ရက်များ ဖြစ်ပါသည်။

ထိုရက်တွင် မိမိ၏အတွက်လုပ်ရမည့်အကြောင်းနှင့် အမျိုးကောင်းသားအမျိုးကောင်းသမီးများအတွက် သုတ၊ ပညာရစေနိုင်ကြောင်းဖြစ်သော စာဖတ်ခြင်းနှင့် စာရေးခြင်းတို့ကို ဖိဖိစီးစီးဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

ကျွန်ုပ်သည် မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းများမှ စာပေယဉ်ကျေးမှုများ၊ အနုပညာယဉ်ကျေးမှုများ၊ ဘာသာရေးနှင့်ဆက်စပ်နေသော ဂါထာများ၊ မန္တန်များ၊ နောက်ဝိဇ္ဇာဓရဂုမ္ဘီရပညာနယ်မှ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့များ စသည်တို့ကို ဝါသနာကြီးစွာလေ့လာလိုသူဖြစ်သည့်အတိုင်း ပေထုပ်များ၊ ပုရပိုက်များ၊ ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာ စသည်တို့မှ အခွင့်အခါသင့်တိုင်း ရေကူးမှတ်သားထားခြင်း၊ နောက်ရှေးနှစ်ပေါင်း (၇၀) ကျော်နှင့် နှစ် (၁၀၀) ကျော်မှ စာအုပ်များတို့ကို တတ်နိုင်သမျှ စုဆောင်းဖြစ်ပါသည်။ ယခု ထိုစာအုပ်များထဲမှ တစ်အုပ်ကို သင်္ကြန်ကာလရုံးပိတ်ရက်၌ ရနိုင်သမျှသောအချိန်ကို အရယူပြီးဖတ်မည်ဖြစ်ပါသည်။

ကျွန်ုပ်သည် ဖတ်ရန်စာအုပ်နှစ်အုပ်ကိုယူပြီး ကျွန်ုပ်၏အလုပ်စားပွဲတွင် ထိုင်လိုက်ပါသည်။ ကျွန်ုပ်အလုပ်စားပွဲကြီး၏လက်ယာဘက်အစွန်းတွင် စားပွဲပေါ်တင်ရသည့် စားပွဲတင်စာအုပ်စင်ငယ်နှင့်အတူ အတွင်းဘက်တွင်ကပ်ပြီး စီထပ်၍တင်ထားသော စာအုပ်ပုံတစ်ပုံရှိပါသည်။ စာအုပ်(၉)အုပ်၊ (၁၀)အုပ်လောက်ရှိမည်ထင်ပါသည်။ ထိုစာအုပ်ပုံထဲတွင် အစွန်းထွက်နေသော ပလတ်စတစ်လောင်းထားသည့် ကတ်တစ်ခုကို တွေ့ရပါသည်။

ဟုတ်ပါသည်။ ထိုပလတ်စတစ်လောင်းထားသည့်ကတ်မှာ ပြီးခဲ့သော လကတည်းက ကျွန်ုပ်၏တပည့်ဖြစ်သူ မောင်စိုးဝင်းက သူလျှောက်လှမ်းနေသောကျင့်စဉ်ဖြစ်သည့်အထဲမှတစ်ခု။ ထိုတစ်ခုသည် သူစိတ်အာရုံရောက်သော အကြောင်းများ (ရှေးရှေးက ဘုရင်များ ဆောင်ခဲ့ကြသော အင်းစမများ၊ ရွှတ်ဖတ်ခဲ့ကြသော ဂါထာများ၊ မန္တန်များတို့အပြင် ခုနစ်နေ့သားသမီးများအတွက် ကျွန်းမာရေး၊ စီးပွားရေးတို့အတွက် မြင့်မားစေနိုင်သော ဆရာတော်ကြီးများ၏ ကျင့်စဉ်ကောင်းများ၊ ပုဂ္ဂိုလ်စိပ်များ) ကို ဓမ္မဒါနဖြန့်ဝေပေးနေသောကတ်များထဲမှတစ်ခုဖြစ်ပါသည်။

ဤနေရာတွင် ကျွန်ုပ်၏လက်တစ်ကမ်းမှာ တွေ့နေရသော လူသုံးမျိုးသုံးစားကို ဖော်ပြလိုပါသည်။ ကျွန်ုပ်၏ ဆွေမျိုးများ၊ မိတ်ဆွေများ တပည့်များထဲမှာတွေ့ရသည့် လူသုံးမျိုးသုံးစားတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ယုံကြည်လေးစားစွာ လုပ်ကိုင်လိုသောစိတ်ရှိသူ၊

၂။ မယုံကြည်သော်လည်း ဟုတ်လိမ့်နိုးဖြင့်စမ်းချင်သူ၊

၃။ အများနည်းတူ ရောယောင်ပြီး အများနှင့်တွဲပြီးစကားဝိုင်းဖွဲ့ပြောလိုသူတို့ ဖြစ်ပါသည်။

ကျွန်ုပ်၏စေတနာကတော့ ကျွန်ုပ်ကို သွန်သင်ဆုံးမခဲ့ကြသော လုပ်ဦးဆရာဖြစ်သည့် မိခင်၊ ဖခင်နှင့် ကျွန်ုပ်၏ သာမဏေဆရာတော်ကြီး ဘဒ္ဒန္တကေလာသနှင့် ဘဒ္ဒန္တဂန္ဓမာတို့အပြင် ကြီးမှ ကမ္မဋ္ဌာနာစရိယအဖြစ်ဆုံးမသော ဆရာတော်ကြီးများ၊ နောက်လွန်စွာသိမ်မွေ့နက်နဲခက်ခဲသောဝိဇ္ဇာဓရဂုမ္ဘီရပညာပေးခဲ့ကြသည့် ဆရာတော်အရှင်မြတ်တို့၏ ဆုံးမစကားဖြစ်ပါသည်။

"သုံးလောကသခင်မြတ်စွာဘုရားရှင်၏ ဆုံးမစကားဖြစ်သည့် ကာယဂတာသတိရှင်များကို လုပ်ကြကိုင်ကြကျင့်ကြံကြပြီးကိုယ်တိုင်သိလာ၊ မြင်လာအောင်မင်းအနေနဲ့ ပညာဒါန၊ ပညာပါရမီအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပြောရမယ်၊ ဖြန့်ဝေရမယ်ကွယ်။ ဒါမှ ဘုရားစကားနားထောင်တဲ့ ချစ်သား၊ ချစ်သမီးဖြစ်မှာပေါ့"

ဟု ဆုံးမစကားတို့မှာ ကျွန်ုပ်နားထဲတွင် အသံဖမ်းစက်ဖြင့်ဖမ်းယူထားပြီး ထပ်ကာထပ်ကာနားထောင်နေရသလို အမြဲကြားယောင်နေခဲ့ပါတော့သည်။

ကျွန်ုပ်၏စကားလုံးကြီးထွားခဲ့လျှင် သည်းခံစေချင်ပါသည်။ ကျွန်ုပ်၏ ပညာဒါနမှ၊ ပညာဒါန မြန်မြန်ထမြောက်အောင် ကူညီပေးနေသော ကျွန်ုပ်၏ တပည့် မောင်စောလှမြင့်တစ်ယောက် ရောက်လာခြင်းပင် ဖြစ်ပါသည်။

"ဘိုးတော်၊ ဘာတွေအလုပ်ရှုပ်နေတာလဲ"

ဟု ရယ်သွမ်းသွေးပြီး ပြောရင်း ကျွန်ုပ်ရှိရာစားပွဲသို့ ဝင်ရောက်လာခဲ့ပါတော့သည်။

"လာဟေ့ လူဝကြီး၊ မလာတာတောင် အတော်ကြာပြီနော်။ ဒီသင်္ကြန်မှာ ဘာအကြံအစည်ရှိနေလို့ရောက်လာပြန်တာလဲ"

ဟု မေးလိုက်ပါသည်။

ကျွန်ုပ်ရှေ့ထိုင်ခုံတွင်ဝင်ထိုင်လိုက်ပြီး အောက်ပါအတိုင်း စကားလမ်းကြောင်းကို စတင်ပြောပြပါတော့သည်။

"ကျွန်တော် ဖတ်ခဲ့ဖူးတဲ့ စာအုပ်အတော်များများထဲမှာ ပထဝီဇယမန္တန်တို့ နောက်ပြီးတော့ စိန္ဓာမဏိဂါထာတို့ကို အတော်များများတွေ့ဖူးပါတယ် ဆရာ။

စိန္ဓာမဏိဂါထာဆိုရင် မူကွဲတွေ (၉) မျိုး၊ (၁၀) မျိုးလောက်ရှိမယ်ထင်ပါတယ် ဆရာရယ်။ အဲဒီအထဲမှာ ကျွန်တော် မသိရ၊ မတွေ့ရ၊ မမှတ်ရ၊ မဖတ်ရတဲ့စိန္ဓာမဏိဂါထာတစ်ပုဒ်ရှိနေပါတယ် ဆရာ။

အဲဒီစိန္ဓာမဏိဂါထာတော်ကြီးကဆိုရင် တစ်ချိန်က ထင်ရှားခဲ့တဲ့ ဥဿဝဲခုံးလို့ခေါ်တဲ့ ဟံသာဝတီပြည်ကြီးရဲ့ အရှင်မင်းကြီးဖြစ်တော်မူခဲ့တဲ့ ဓမ္မစေတီမင်းတရားကြီး အမြဲမပြတ်ရွတ်ဖတ်ပူဇော်ခဲ့တဲ့ဂါထာတော်ကိုရချင်ပါတယ်ဆရာ"

ဟု အားတက်သရောပြောဆိုပြီး သူ့ဆန္ဒကိုတင်ပြပြီး တောင်းဆိုသွားခဲ့ပါတော့သည်။

ကျွန်ုပ်ဖတ်ရန် ထုတ်ယူလာတဲ့ ပို့နှိပ်စာအုပ်တစ်အုပ်နှင့် မှတ်တမ်းစာအုပ်တစ်အုပ်တို့အထဲတွင် ကျွန်ုပ်ရေးမှတ်ပြီး ကူးယူထားခဲ့သော စိန္ဓာမဏိဂါထာတော်များကိုလှန်လှောပြီး ရှာဖွေလိုက်ပါသည်။

တွေ့ရပါပြီ။ ဝိစိတြနယသံကိုဏ္ဍ ကျမ်းတွင် ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းကြီး အမြဲတမ်း ပူဇော်ခဲ့သော စိန္ဓာမဏိဂါထာတော်ကြီးကို ကျွန်ုပ် တွေ့လိုက်ရသဖြင့် လွန်စွာပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတော့သည်။

တွေ့ပြီဟေ့ မောင်စောလှမြင့်ရေ။ မင်းကတော့ အတော်ဘဲကို ကုသိုလ်ကံကောင်းတဲ့သူပဲကွ။ မင်းက ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဖြစ်တဲ့ ရတနာသုံးပါးကို လွန်စွာရိုသေသူဖြစ်တယ်။ ပြီးတော့ မိခင်ကြီးကိုလိုလေးသေးမရှိရလေအောင် အိမ်ထောင်ရက်သားမပြုဘဲ ပြုစုစောင့်ရှောက်ပေးနေတဲ့ ကုသိုလ်ကံတွေက မင်းရဲ့လိုအင်ဆန္ဒကို အမြန်ဆုံးဖြစ်အောင် အကောင်အထည်ဖော်ပေးတာပေါ့ကွာ။ ကဲ-တစ်ခါတည်းသာ ကူးယူပေတော့"

ဟုဆိုပြီး စာရွက်နှင့် ဘောလ်ပင်တို့ကိုပေးလိုက်ရပါတော့သည်။

"မောင်စောလှမြင့်ရေ၊ မင်းတို့လို လူငယ်လူရွယ်တွေထဲကမျှား မင်းလို နှိုက်နှိုက်ချွတ်ချွတ် သိချင်တယ်ဆိုတဲ့ သူများရှိနေကြရင် သူတို့ဆန္ဒပြည့်သွားအောင် ဆရာစာရေးပါမယ်။

ပြီးတော့လည်း စာချစ်သူအမျိုးကောင်းသားအမျိုးကောင်းသမီးတို့အနေနဲ့လည်း မရှိသေးရင် ရှိကြပါစေ၊ မသိသေးရင်သိကြပါစေပေါ့ကွာ။ နောက်ပြီး ရှေးရှေးက တန်ခိုးဩဇာကြီးမားကြတဲ့ သာသနာပြုမင်းတရားကြီးတွေ အမြဲမပြတ် ရွတ်ဖတ်ပူဇော်ခဲ့ကြတာဆိုတော့ အမှန်တကယ် အစွမ်းထက်လိုဖြစ်မှာပေါ့ကွာ။ ဓမ္မစေတီမင်းကြီးဆိုရင်လည်း ရဟန်းတော်အဖြစ်က လူဝတ်လဲပြီးမှ ဘုရင်အဖြစ်ရောက်ခဲ့သူဆိုတော့ ဓမ္မစာပေနဲ့ ရင်းနှီးပြီးသားပေါ့ကွာ။

ဒီတော့ ဘာမသိညာမသိဖြစ်နေကြရတဲ့ တို့လိုလူအလူည့်တွေဝမ်းသာရမှာကွ။ စာဖတ်သူများအနေနဲ့ကတော့ ပညာတိုးပွား အကျိုးများကြမယ်လို့ ယုံကြည်မိပါတယ်။ ဘာပြုလို့လဲဆိုရင် စိန္ဓာမဏိဂါထာပုဒ်ရေ (၁၅) ပုဒ် ပါရှိသလို မြန်မာလိုအနက်ပါ ပါဝင်နေတာဆိုတော့ သိစရာ၊ နားလည်စရာအားပိုကောင်းတာပေါ့"

ဟု မောင်စောလှမြင့်ကို အသိပေးပြောလိုက်ပါသည်။

မောင်စောလှမြင့်သည် ကွမ်းသီးကြိုက်ကြီး တောင်ငူပို့ခံရသလို လွန်စွာပင် ဝမ်းမြောက်နေပြီး စိန္ဓာမဏိဂါထာတော်ကြီးအစအဆုံးကို တပြုတ်ပြုတ်နှင့်ရေးကူးနေပါသည်။

စာချစ်သူမိတ်ဆွေ ခုနစ်နေ့သားခုနစ်နေ့သမီးများအတွက် ကျွန်ုပ်မှ ဥဿာပဲခူး ဟံသာဝတီပြည့်ရှင် ဘုရင်မင်းမြတ်ဓမ္မစေတီမင်းကြီးပူဇော်ခဲ့သော ဝဒ္ဒနာဂါထာကို အပြည့်အစုံ အောက်တွင် ရေးသားဖော်ပြပေးလိုက်ပါသည်။

## ပဲခူးဟံသာဝတီပြည်ကြီးအရှင် ဓမ္မစေတီမင်းတရားကြီးပူဇော်သော စိန္ဓာမဏိဝန္ဒနာဂါထာ

၁ အစိန္တေယျာပမေယျာယေ ဂဂၢါ
ဝါဠေဟပမာဇိနာ
နန္ဒာနန္ဒဂုဏာနန္ဒာတေ နေပမေယျ
သမာသမာ။

၂ မဟာမဟဂ္ဃမတုလာ သိဒ္ဓါသတ္ထု
သမာဓိရာ
ကမ္ဘာမဒ္ဒဂုဏာဝန္ဓာ ဒသဗ္ဗလာဒိ
ညာဏိကာ။

၃ နာနိဒ္ဓါနာနာဘာဝါ သဗ္ဗညန္တာ
မဟာဇိနာ
အန္တလိက္ခေဝဂုဏ္ဆန္နီ သာသပ္ပန္တေ
ပုရာပုရံ။

၄ ဆာဒယေနန္ဒ စုဏ္ဏာမွိ ဇလာဂုံလေ
ကလောမိနာ
စုဏ္ဏာဝိစုဏ္ဏိကာသဏ္ဌာ တေမုနိ
ဿရဒါမိဒ္ဓါ။

၅ သဗ္ဗေဝေရိနဗျာတျာ ယံယံဒဿိစ္ဆိ
တိစ္ဆိတာ
မဟာဇေယျာဇိနဝဂ္ဂါ ဝိဝိဓိန္တာ
မဟေသကာ။

၆ မတုလေန တုလသေဋ္ဌာ ဝဏ္ဏာ
ဝဏ္ဏာနိတေပတ္တာ
တဂ္ဂါဆာဒယနာဆေဒေ ပဌာရ
သေဟိရဒ္ဓေယျာ။

၇ ရုဋ္ဌာရုဋ္ဌာယရာသိတာ ယာကာ
ကေစာပိ သံလဂ္ဂါ
ပဌာနနေဂုဏာပုဏ္ဏော မဟာ
ဇေယျေနမေတေတေ။

၈ ဗြဲ ဗြိန္ဒမာရိန္ဒံ သဗ္ဗိန္ဒဗ္ဗိရာဇိန္ဒံ
မုနိံ မုနိန္ဒသမ္ဘိန္ဒံ နမိန္ဒမိန္ဒတံဝန္ဒေ၊

၉ ပရိမ္ဗဇိမွ ဟိမွက် သိရိမုနိ အဓိန္ဒေ
ယျ
သိဒ္ဓိ ကမ္ဘိ ဇိတိန္ဒိယံ ဝန္ဒာမိတံ
မဟာရာဇံ။

၁၀ တဏှံမဟိ ဇာတိ မာနံ ဒိဋ္ဌိ တိဋ္ဌ
မုနိနမေ
အရိန္ဒမေဝိဇ္ဇာန္ဒော ဗောဓိဝတ္တ
ဝရံဒေ။



www.burmeseclassic.com

www.burmeseclassic.com

သိခိုန္ဒခိုန္ဒဒဒိုးခံ ဝိစိန္တယ်တယ်ဝိယ်
ဇိနိန္ဒမိန်နမသိမ် ဝိတံဖရဲ ဖရဲပိတ်။
ဝေဟာကာသ သေနာသဟ
ဟိန္ဒောမာရော ဂီရိမေယ်
သမာရုဇ္ဈဇိနာသန္နေ ကာဟံသဟ
သာပရာဇယ္ယော။
ပါရမီ ပါရမီ သင်္ခံ ပုရံ ပူရိဟိ
စတ္တာရိ
သခ္ခေ် သခ္ခေ်ယျကပ္ပါဝိ သတာ
သတာဒသဉ္စာဝိ။
ကာရုံ ကာရုညာ ကာရုဏာ
သတ္တာ သတ္တာ နမတ္ထာယ
ပတ္တာ ပတ္တာမဓိပ္ပေသော ဇိနာဇိန
တမာဝန္နေ။
မဟာပြိဿိပြိ မေယလံ ရုဇ္ဇမုဇ္ဇ
ကုဏ္ဍမာရော
ဗောဓိပဇ္ဇာလ သမိပကေ အရေ
အယေမျာ
မျန္တိ် စျာချန္တိ် ဗျာဗျန္တိ် မြိန္ဒာဝသေ
ဝတိကာ
ပျဇယော နဇယော မျာနမော။

## စိန္တာမဏိဝန္ဒနာဂါထာတော်မြန်မာပြန်

၁။ ဂဂိါဝါဠောပမာ - ဂဂိါဝါဠု သဲစုပမာ များစွာကုန်သော၊ ယေဇိနာ-အကြင်မြတ်ဘုရား၊ ရှေးဘုရားတို့သည်၊ လောကေ - လောကဋ္ဌ၊ ဥပ္ပဇ္ဇိသု - ပွင့်ထော်မူကုန်ပြီ၊ ဇေတိနာ - ထိုမြတ်စွာဘုရားတို့သည်၊ အစိန္တေယျပမေယျာ - အစိန္တေယျဂုဏ်၊ အပမေယျဂုဏ်ရှိတော်မူကုန်၏။ နန္ဒာ-စန္ဒိပရမိသွာ-မဟာဒေနရာယန မဟာဗြဟ္မာ ထာဝရ ကမ္ဘာစောင့်နတ်၊ လူမင်း၊ နတ်မင်း၊ ယမမင်းဟူဆိုအပ်ကုန်သော လောကပါလနတ်တို့ဦးသော်ငှာ ကျင်ဘာဝ်စရည်း ခမည်းအစစ်ဖြစ်တော်မူကုန်၏၊ နန္ဒဂုဏာနွာ-နန္ဒမည်မှတ် ကမ္ဘာစောင့်နတ်တို့၏ ထူးမြတ်စုံဖြိုးဂုဏ်တန်ခိုးကိုလည်း အစိုးရတော်မူကုန်၏။ နောပမေယျာ - ဂုဏ်နှင့်ဩဝဇ္ဇာတ်နှစ်ပါးကိုလည်း ပိုင်းခြားခြင်းငှာမထိုက်ကုန်၊ သမာသမာ - မတူသောသူနှင့်သာတူတော်မူကုန်၏။

၂။ မဟာမဟန္တာ - ကြီးမြတ်ကုန်သောသူတို့ထက် အထူးသဖြင့် ကြီးမြတ်တော်မူကုန်၏။ မဟဂ္ဂမဟဂ္ဂါ-များမြတ်လှစွာ ပြဟ္မာလူနတ်တို့၏ ဥက္ကဋ္ဌအဓွန့်အညွန့်သဖွယ်လည်း ဖြစ်တော်မူကုန်၏။ အတုလာ ချိန်စဉ်းမဆန့် မာနဘဏ်လည်း ရှိတော်မမူကုန်။ သိဒ္ဓေါသသတ္ထုမာဓိရာ-ကောင်းကျိုး ပြီးမြောက်အောင် စောင့်ရှောက်ထင်ရှား ကြီးမားသော သီလ၊ သမာဓိ၊ ပညာ၊ ဝိရိယတော်လည်းရှိတော်မူကုန်၏။ ဂဏ္ဌာမဒ္ဒဂုဏာဒဏ္ဍာ - သတ္တဝါတို့၏ နှစ်သက် ဝမ်းမြောက်ကြောင်းဂုဏ်အပေါင်းတို့ဖြင့် ကောင်းမွန်ပြည့်စုံ ထုံတော်မူအပ်ကုန်၏။ ဒသဗလာဒိညာဏိကာ - ဒသဗလညာဏ်၊ ဆအာသာဘရဏာညာဏ်၊ စတုဝေသာရဇ္ဇညာဏ်စသော ဉာဏ်တော်အမျိုးမျိုးကိုလည်းရှိတော်မူကုန်၏။

၃။ နာနိဒ္ဓါနာနာနုဘာဝါ-အထူးထူးသော အာနုဘော်လည်းရှိတော်မူကုန်၏။ ဘဥ္ဇယန္တာ - မဠိဗွသမုတ် ခက်ဝုတ်ပေ ငါးယွက် ဝဲဂယက်ကိုလည်း ပျက်စီးတော်မူကုန်၏။ မဟာဇိနာ - ဒေဝပုတ္တ စသည် အမှန်ခပ်သိမ်းရန်ကို ကိုယ်ဟန်ကွန်ခို မာန်မဖီဘဲ ပါရမီတော်ဘုန်းလက်ရုန်းဆန့်ကာ တင့်တယ်စွာ လျှင် အောင်ပွဲသဘင် ဆင်ယင်တော်မူကြလေကုန်၏။ အန္တလိက္ခေ - ကောင်းကင်ပြင်၌၊ ဂစ္ဆန္တိ - ကြွသွားတော်မူကုန်၏။ သို့ သာသပ္ပန္တေ - မုန်ညင်းစေ့အဘွင်း၌၊ သွယ်သွယ်ဖန်ဖန်စကြိုဖဝါးကြွသွားတော်မူခြင်းကို၊ ဂစ္ဆန္တိ - ကြွသွားတော်မူကုန်၏။

၄။ နန္ဒစုဏ္ဏမို နန္ဒမည်မှတ် ကမ္ဘာစောင့်နတ်တို့၏ လောကမာတ်လုံး အဆုံးတိုင်အောင် မြားမြောင်ရွက်ဆက်ဖန်ဆင်းအပ်သော တန်ခိုးအမှုအစုစုကိုလည်း၊ ကေဂုံလေ ကလောမိနာ - လက်တော်တစ်ချောင်း မွေးညင်းတော်တစ်ချောင်းဖြင့်သာ၊ ဆာဒယဆာဒယေယျ် - ဖုံးလွှမ်းတော်မူနိုင်ပါပေ၏။ စုဏ္ဏ ဝိစုဏ္ဏိကသဏ္ဌာ - မှုန့်မှုန့်ညက်ညက် ဖျက်ဆီးမှုကိုပြုခြင်းငှာ စွမ်းနိုင်တော်မူကြကုန်၏။ တေဇိနာ-ထိုမြတ်စွာဘုရားတို့သည်၊ မုနိဿရဒါမိဒ္ဓါ - မုနိလွန်ကြူး ယောက်ျားထူးဇာတိသဘောရှိ၍ ပါဋိဟာရိယသုံးပါးကိုပွားစေခြင်း၌ တင့်တယ်စွာ စံပယ်ကြကုန်၏။

၅။ သဗ္ဗေ - ခပ်သိမ်းကုန်သော၊ တေဇိနာ - ထိုမြတ်စွာဘုရားတို့သည်၊ ဝေရာဇိနဗျာကျာ - ဒေဝပုတ္တ စသည် အမှန် မာန်ငါးတန်ကို အောင်ရန်မကြွင်း အောင်မြင်တော်မူခြင်းကြောင့် အနန္တဇိန နာမတ်ဆိပ်ကို ခတ်နှိပ်တော်မူကြကုန်၏။ ကွန္ဓိတံ - နှစ်သက်မွေ့လျော်ဖွယ်ဖြစ်သော၊ ယံသသံဝါ - အကြင်စည်းစိမ်ချမ်းသာကိုလည်းကောင်း၊ ယံသသံဝါ - အကြင် စည်းစိမ်ချမ်းသာကို လည်းကောင်း၊ ယံကိတ္တိံဝါ - အကြင်ကျော်စောခြင်းကို လည်းကောင်း၊ ဒဒါ - ပေးတော်မူတတ်ကုန်၏၊ ကွန္ဓိတာ-သတ္တဝါတို့အားပွားများစေခြင်းငှာ အဖျာသယရှိတော်မူကုန်၏၊ မဟာဇေယျာ-ဩပ်ဂုဏ်နှစ်ပါးကြီးမားမြင့်မြတ်တော်မူကြ၏။ ဇိနဝဂ္ဂါ-အောင်သံတြင်း ဘဝ်ချဉ်းအောင်ကျော်စောခြင်းလည်းရှိတော်မူကြကုန်၏။ ဝိဝိစိန္တယာ - ထူးဆန်းတလည် နေရောင်ခြည်ကင်းပ ဘဝ်ကွအောင် ခြည်အရောင်ကိုလည်းဆောင်တော်မူကြကုန်၏။ မဟေသကာ - အဂိါလေးစာနဲ့ ညီမှန်စုံလင်လျင်သော လွဲလဲဝိရိယလည်း ရှိတော်မူကြကုန်၏။

၆။ မတုလေန - သတ္တဝါဝေနေယျတို့အား ဉာဏ်တရားကို ပွားများစေသဖြင့်၊ အတုလာ - မိစ္ဆာပသင် ယုံမှားအင်ကို စင်ကြယ်လွတ်ရှင်းကင်းစေတော်မူကြကုန်၏။ သေဋ္ဌာ-လေးပါးကုန်သော ဂ္ဂဒ္ဓိပါဒ်၊ ဆယ်ပါးကုန်သော ဂ္ဂဒ္ဓိပါဒ်တို့နှင့်တကွဖြစ်တော်မူကြကုန်၏။ ဝဏ္ဏဝန္တော - ဂုဏ်ကျေးဇူးအဆုံးလည်းရှိတော်မူကြကုန်၏။ တဂ္ဂါ - ရတနာတို့ထက် ရတနာမြတ်လည်းဖြစ်တော်မူကြကုန်၏။ နိတေပတ္တာ - မတုန့်မလှုပ်နိုင်သော အသရေတော်ဖွဲ့လည်းရောက်တော်မူကြလေကုန်၏။ ဆာဒယနာ - အဝိဇ္ဇာမှောင်တိုက်လေးအင်ကြိုက်ကို၊ ဆေဒေဆေဒယျံ - ပျက်စီးတော်မူကြကုန်၏၊ ရသေဟိ - ကိုးပါးရသာအလင်္ကာတို့ဖြင့်၊ ပဌာ - ဟောကြားပြောဆိုတော်မူကြကုန်၏။ ရဇ္ဇေယျာ - သဒ္ဒါခြောက်ပါးအနက်ခြောက်ပါးဂုဏ်အား ကြည်လင်စင်ကြယ်သောစကားလံလည်းရှိတော်မူကြကုန်၏။

၇။ ရဇ္ဇာသ - ပရိသတ်လေးပါးကြီးပွားခြင်းဖြင့်၊ ရုဇ္ဇာ - ကြီးပွားတော်မူကြကုန်၏။ ရသိကာ - ကြပတေ့ဆန်းထွေ လေ၏အဟုန် လျင်မြန်သောကြွသွားခြင်းလံလည်းရှိတော်မူကြကုန်လေ၏။ ကာကေဓာဝိ - အဂိါရှစ်စုံ အသံတော်ဂုဏ်ရှိခြင်းသို့လည်း၊ ယာယန္တိ - ရောက်တော်မူကြကုန်၏။ သံလဂ္ဂါ-စျာနဖလနိ-ရောဓဟု - သုံးဝဲချမ်းသာ သမဓတ် ထီးဖြူကနက် ပလ္လင်ထက်ဝယ် ကိန်းစက်တော်မူကြကုန်၏။ ပုဋ္ဌာနနေဂုဏာ - ဖွားမြင်တော်မူစ ခဏကပင်သိမြင်တော်မူအပ် လောကီပညတ် အတတ်အပေါင်းလည်းရှိတော်မူကြကုန်၏။ ပုဏ္ဏော - ဥပဓိဋိက ဥပစ္ဆေဒက ကံနှစ်ပါးမှကင်းသောကိုယ့်အသက်လည်း ရှိတော်မူကုန်လသော၊ မဟာဇေယျာ - သူရိယနမ်းရာသီတွင်းဖြင့် မကင်းမကွာသွားလာ


www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ ဘုရားတို့ထံတွင် ဓမ္မတာမပြတ်ရွှေ့မပျိုပတ် အကျင့်မြတ်ဖြင့်သာကြွလာတော်မူကုန်ထသော၊ တေဇိနေ - ထို့ထို့သို့သောသဘောရှိကုန်သော ဂဂီဝါဠ သဲစုမကများစွာကုန်သော ရွေးရွေးကုန်သော မြတ်စွာဘုရားတို့ကို အဟံခန္ဓာဝူဂကဖြပ်မှုကို၊ အတ္တသမုဒ် အကျွန်ုပ်သည်၊ နမေနမာမိ - ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။

၈။ ဒရိန္ဒ် - ဘေးရန်အပေါင်းကို ကောင်းမွန်ခိုမ်ခိုးအစိုးရတော်မူထသော၊ ဝိန္ဒမံ - အာဏာတော်နက် ဓမ္မစက်ကို မှက်ဆီးကြကုန်သော မိစ္ဆာဒိဋ္ဌိရှိ ဒိဋ္ဌိအပေါင်းတို့ကို ကောင်းစွာနှိမ်ချိုး အစိုးရတော်မူထသော၊ အာရိန္ဒံ - အဂိလေးတန် ညီမှုနှုံလင် လျင်သောလုံ့လဝီရိယတော်လည်းရှိတော်မူထသော၊ သဠိန္ဒံ - သူ နတ်၊ ငြဟ္မာသတ္တဝါတို့၏ အရှင်သခင်လည်းဖြစ်တော်မူထသော၊ သဠိန္ဒံ - သူ နတ်၊ ငြဟ္မာသတ္တဝါတို့၏ ဥာဏ်ပျောင်းခိုင်ပုဇော်ရာလည်းဖြစ်တော်မူထသော၊ ရာဇိန္ဒံ - လူရပ်နတ်ထံ နိဗ္ဗာန်ခရီးကို ပိတ်ဆီးနေကြ နိဝရဏခြောက်အင်သော့တံကျင်ကိုလည်း သုတ်သင်တော်မူထသော၊ မုနိ - မိကျောင်း၊ မုကန်း၊ ယက္ခိုက်ကြမ်းတို့နှင့် တူကုန်သော အဝိဇ္ဇာရာဂဒေါသတရားကို ပယ်ရှားတော်မူထသော၊ မုနိန်ဒံ - သတ္တဝါအပေါင်းတို့အား ချမ်းသာရေးကိုပေးတော်မူတတ်ပေထသော၊ သမ္ဗိန္ဒံ - ပဋိစ္စသမုပ္ပါဒ်တော်ရတတ်၏ အစပ်အယှက်ကိုလည်း မှက်ဆီးတော်မူတတ်ထသော၊ နမိန်ဒံ - သတ္တဝါအပေါင်းတို့၏ မျက်စိအလင်းနေမင်းနှင့်လည်းတူတော်မူထသော၊ မိန်ဒံ - ထမင်းကဲ့သို့ ချမ်းဒေးသော၊ တံသက္ကုနံ - ထိုသာကီဝင် အရှင်ဂေါတမမြတ်စွာဘုရားအား၊ အဟံ - ဘုရားတပည့်တော်သည်၊ ဝန္ဒေဝန္ဒာမိ - ရှိခိုးပါ၏။။

၉။ ပရိမွံ - ဘဝဂ်အပိုင်းအခြားအတ်အပိုင်းအခြားတို့လည်းရောက်တော်မူထသော၊ ဇိမွံ - အောင်ရပ်မင်္ဂလာမောမည်ဆန်း ပြည်တော်နန်းသို့လည်း ကြွမြန်းသောမူထသော၊ ဟိမွကံ - သခြေနှစ်ဆယ် စွန်းကယ်သိန်းကပ် တောင်းအပ်သော ပတ္ထနာဆုမြတ်၏ ပြည့်စုံခြင်းသို့လည်းရောက်တော်မူထသော၊ သိရိ-ဘင့်တယ်ရွှင်ဖြိုး မန္တမ်းညှိုးသော ဂုဏ်သရေလည်းရှိတော်မူထသော၊ မုနိ - ဟောဂြဟ္မာကြီးထက် ကြီးမြတ်သော ဟောဂြဟ္မာကြီးလည်း ဖြစ်တော်မူထသော၊ အစိန္တယျံ - ဉာဏအစိန္တေယျကို စသော လေးပါးသော အစိန္တေယျကို ပိုင်းခြားတိတိသိတော်မူထသော၊ သိန္ဒံ - နတ်ဆေးနတ်ဝါး၊ နတ်မန္တရားနှင့်တူသော၊ အမြိုက်ရေအေး နတ်ဆေးလည်းရှိတော်မူထသော၊ ကွဒ္ဒံ - ကွဒ္ဒိဆယ်ပါး ကွဿရိယရှစ်ပါးနှင့်လည်း ပြည့်စုံတော်မူထသော၊ ဇိတိဿိယံ - ဝါသနာနှင့်တကွ အောင်အပ်ပြီးသောကွန်ဖြေလည်းရှိတော်မူထသော၊ တံ မဟာရာဇံ - ထိုမဟာသမတ္တခတ္တိယရိုးအမျိုးတော်မြတ်ဝိသုဒ္ဓိနတ်မင်းကို၊ အဟံ - ဘုရားတပည့်တော်သည်၊ ဝန္ဒာမိ - ရှိခိုးပါ၏။။

၁၀။ တဏှံ - ဘဝတဏှာ၊ ဝိဘဝတဏှာဟု ဆိုအပ်သော၊ မဟိ - သမုဒ္ဒရာကို၊ ဇဟိံ - စွန့်ပယ်ကုန်မြောက်တော်မူထသော၊ ဒိဋ္ဌိ-သစ္စာလေးပါးမြတ်စွာဘုရား၊ ကို ပိုင်းခြားတိတိသိမြင်တော်မူသည်ဖြစ်၍ မာန်အမျိုးမျိုးကိုစွဲ၍ဖြစ်သောမာန်၊ တန်ခိုးကိုစွဲ၍ဖြစ်သောမာန်၊ စည်းစိမ်ဥစ္စာကိုစွဲ၍ဖြစ်သောမာန်၊ သက်သက်သောမာနမာန်တို့ကို၊ ဘိန္ဒံ - ဖျက်ဆီးတော်မူထသော၊ မုနိံ - မောနေယ္ယဂုဏ်ထုံအပ်ထင်ရှား မြတ်ဘုရားကို၊ အဟံ - ဘုရားတပည့်တော်သည်၊ နမေနမာမိ - ရိုသေညွတ်ကျိုး လက်ဆုံမိုး၍ ရှိခိုးကန်တော့ပါ၏။။ ရိက္ခန္တော - ဖိုလ်သမာပတ် လေးရပ်လောကုတ် မုတ်ထွင့်လေးခုရှိသော နိဗ္ဗာန်နန်းဘုံသို့ အာရုံကွန့်ဖြိုး အစိုးရတော်မူသော မြတ်စွာဘုရား သခင်သည်၊ အရိန္ဒံ - ဘေးရန်အပေါင်းကို ကောင်းစွာ နှိမ်ချိုးအစိုးရကြောင်းဖြစ်သော၊ ဗောဓိပတ္တာဝရံ - ဗောဓိမဏ္ဍိင် ဉာဏ်ခရိုင်အောင်မှ အောင်ရန်ဆုကို၊ မေဝ - ငါအားမချွတ်၊ ဒဒေ - ပေးသနားတော်မူပါလော။

၁၁။ သိရိန္ဒရိန္ဒဒိရံ - လေးကွန်းသနင်း စကြာမင်းအဖြစ်ကို ဆုတ်နစ်ကြဉ်ရှောင်၍ ဗုဒ္ဓဝင်နေအမွေခံလည်းဖြစ်တော်မူထသော၊ ဝိစိန္တယိဝိစိန္တယိတံ-ကြောက်၍၊ ထိတ်လန့်ခြင်းလည်းကင်းတော်မူထသော၊ တယံတယန္တံ - သတ္တဝါအပေါင်းကိုစောင့်ရှောက်တော်မူထသော၊ ပိယံပိယန္တံ - သတ္တဝါအပေါင်းတို့၏ တပ်နှစ်သက်ရေး နတ်ချစ်ဆေးသဖွယ်လည်းဖြစ်တော်မူထသော၊ မံမဟာဗြဟ္မာနံ - မဟာဗြဟ္မာမင်းကို၊ ဇိနန္တ - အောင်မြင်လွန်ဖြိုးအစိုးရတော်မူထသော၊ နတသိမံ - သတ္တဝါအပေါင်းတို့၏ အဖော်သဟဲလည်းဖြစ်တော်မူထသော၊ ပိတိဖရံ - ဖိုလ်စွာန်သမာပတ် ပိတိမြတ်တို့ဖြင့်လည်း ပျံ့နှံ့ခြင်းရှိတော်မူထသော၊ ဖရံပိ - ပျံ့နှံ့သောရောင်ခြည်တော်လည်းရှိထသော၊ တံဇိနံ - ထိုမြတ်စွာဘုရားကို အဟံ - ဘုရားတပည့်တော်သည်၊ နမေနမာမိ - ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။။

၁၂။ ဝေဟာကာသသေနာ-ထက်မိုးကောင်းကင်မြေပြင်နှံ့ပြားများစွာသော နတ်မင်းစစ်သည်အပေါင်းနှင့်၊ သဟ - ညီပေါင်းယှက်၍၊ ဗာဟုံ - လက်ရုံးတစ်ထောင်ကို၊ ဟသော - ဖန်ဆင်းလျက်၊ ဂိရိမေယံ - မိုးတိမ်တိုက်နှင့်တူသော ဂိရိမေယလာအမည်ရှိသောနတ်ဆင်ပြောင်ကြီးကို၊ သမာရုဠှံ - ကောင်းစွာတက်စီး၍၊ ဇိနသန္တေ - ဘုရားအနီးသို့၊ ဘိန္နော-ဖျက်ဆီးလိုသည်ဖြစ်၍ရောက်လာသော၊ မာရောဝသဝတ္တိ-မာရ်နတ်မင်းကို၊ ပဇာဇယော - ရှုံးစေတော်မူအပ်ပြီး၊ တံဇိနံ-ထိုမြတ်စွာဘုရားကို၊ အဟံ - ဘုရားတပည့်တော်သည်၊ ဝန္ဒေဝန္ဒာမိ - ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။။

၁၃။ ပါရမိ - နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော၊ ပုရတိ - ကျင့်အပ်ကျင့်ထိုက်သမျှသော၊ သဗ္ဗံပိ - အလုံးစုံသော ပါရမီဆယ်ပါး အပြားသုံးဆယ်အပေါင်းကို၊ စတ္တာရိသင်္ခေသင်္ခေယျာဓိ-လေးသင်္ခေနှင့်တကွ သင်္ခေနှစ်ဆယ်တို့ပတ်လုံးလည်းကောင်း၊ ကဟ္ဟပိယတာ - သတ္တဒသဋ္ဌာပိ - ကမ္ဘာတစ်သိန်းတို့ပတ်လုံး လည်းကောင်း၊ ပူရံပူရေန္တံ - ဖြည့်ကျင့်တော်မူပြီးသော၊ တံ ဇိနံ - ထိုမြတ်စွာဘုရားကို၊ အဟံ - ဘုရားတပည့်တော်သည်၊ နမေနမာမိ- ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။။

၁၄။ ကာရုံ တေဘုမ္မက- ဝဋ်ဒုက္ခ၌ ဆင်းရဲကြီးစွာခံနေရကုန်သောသတ္တဝါအပေါင်းကို၊ ကာရုညကာရဏာ-သနားတော်မူလှသောကြောင့်၊ သတ္တာသတ္တာနံ - သညာရှိသော သညာမရှိသောသတ္တဝါ၊ အနွတ္တသတ္တဝါ၊ သတ္တဝါရုဠ္ဟိသတ္တဝါတို့၏၊ အတ္ထာယ - အကျိုးငှာ၊ အမစ်ပွေသံ - ဒုက္ခရောကြိတ် သတိလိဒ္ဓဟုအဆိပ်လျှံတက် အနာပျက်ကို ဖျက်ဆီးတော်မူတတ်သော အရဟတ္တမဂ် ရေအေးဖြင့် ပျောက်ပျက် ကင်းဝေစေ၍ ချမ်းအေးသော ကိုယ်တော်၏ အဆုံးသို့လည်းရောက်တော်မူထသော၊ ပတ္တံ-မရောက်ဘူးသောဘုရားအဖြစ်သို့ရောက်တော်မူထသော၊ အဇိန်ံ - မထွန်းလင်းဘူးသော လောကုတ္တရာတရားကို၊ ဩဇိန်ံ-လွန်စွာထွန်းလင်းစေတော်မူထသော၊ တံဇိန်ံ -



www.burmeseclassic.com

www.burmeseclassic.com

ဆိုးနှင့်ပတ်သက်၍ စာရေးသူကိုယ်တိုင် ငယ်စဉ်ကမကြာခဏခံစားခဲ့ရဖူးသဖြင့် လည်းကောင်း၊ ယခုခေတ်တွင် ယောကျ်ားအများစုနှင့် မိန်းကလေးအချို့ ကွမ်းယာကို လွန်စွာစားကြသဖြင့် လည်းကောင်း၊ သောက်သုံးရေတွင် ထုံးဓာတ်ပါဝင်မှုများပြားသဖြင့် လည်းကောင်း၊ လူအများတွင် ဆီးချို၊ ဆီးအောင့်၊ ဆီးနည်း၊ ဆီးကျောက်တည်ရောဂါများခံစားရပြီး ခွဲစိတ်ကုသရသူများလည်း အများအပြားရှိသဖြင့် ဆီးနှင့်ပတ်သက်၍ ဝေဒနာခံစားနေရသူများအား ကိုယ်ချင်းစာစိတ်ထားနှင့် ငွေကုန်ကြေးကျသက်သာပြီး အမှန်တကယ် ပျောက်ကင်းသည့် ဤဆေးနည်းကို မေတ္တာရှေ့ထား၍ တင်ပြလိုက်ပါသည်။

ဆေးနည်းမတင်ပြမီ ဆေးနည်းရရှိပုံကို ဦးစွာတင်ပြလိုပါသည်။

တစ်နေ့ စာရေးသူ အလုပ်လုပ်သောရုံးဘေးတွင်ရှိ ကွမ်းယာဆိုင်တွင် ကွမ်းယာဝယ်ရင်း ဆေးမြီးတိုအကြောင်း စကားစပ်မိ၍ ပြောကြားရာမှ ကွမ်းယာရောင်းသူ နာနီ(ခ)ဒေါ်ကြူကြူမှ ၎င်း၏ဖခင်ဖြစ်သူမှာ ဆီးအောင့်၍ ဆီးမသွားနိုင်ဘဲ မနေနိုင်မထိုင်နိုင်လူးလိုမ့်နေသည့်အတွက် ဆေးရုံတက်ရောက်ပြသခဲ့ရာ တာဝန်ကျဆရာဝန်မှ စမ်းသပ်စစ်ဆေးပြီးနောက် နောက်နေ့တွင် ခွဲစိတ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် ခွဲစိတ်ရန်အတွက် စောင့်ဆိုင်းနေစဉ် အသိတစ်ဦးနှင့်တွေ့သဖြင့် ဖခင်ဖြစ်သူ၏ ရောဂါအကြောင်းပြောပြရာ ထိုသူမှ ယခုဆေးနည်းကိုပြောသဖြင့် ထိုဆေးကိုတိုက်ရာ (၂) နာရီခန့်အကြာတွင် ဖခင်ဖြစ်သူမှ ဆီးသွားချင်သည်ဆို၍ ဆီးခွက်နှင့်ဆီးသွားစေရာ ဆီးသွား၍မရဘဲ ဖခင်ဖြစ်သူမှာ မျက်ရည်များကျ၊ ချွေးသီးချွေးပေါက်များကျလာပြီးနောက် ကလောက်ဟူသောအသံကြားရပြီး ဆီးများပါ့ထွက်လာကာ ဆီးသွား၍ရကြောင်း၊ ဖခင်ဖြစ်သူ ဆီးသွားပြီးနောက် ဆီးခွက်အားကြည့်ရာ ပဲလှော်စေ့အသေးခန့်ကျောက်ပါထွက်ကျလာသည်ကိုတွေ့ရကြောင်း၊ ထို့နောက် ဖခင်ဖြစ်သူမှာ ဆီးများမကြာခဏသွားကာ သက်သာပျောက်ကင်းလာသဖြင့် ဆရာဝန်အား အကျိုးအကြောင်းရှင်းပြပြီး ဆေးရုံမှဆင်းခဲ့ကြောင်း၊ ထိုဆေးကို ဖခင်ဖြစ်သူမှစွဲ၍ နေ့စဉ်သောက်လာရာ ဆီးနှင့်ပတ်သက်သည့် မည်သည့်ရောဂါမျှမဖြစ်တော့ဘဲ အသက်(၈၅)နှစ်အထိနေသွားရကြောင်း၎င်းတို့မိသားစုလည်း ထိုဆေးကို ပုံမှန်သောက်လာရာ ဆီးနှင့်ပတ်သက်၍ ဘာရောဂါမှမဖြစ်ကြောင်း ပြောပြခဲ့သဖြင့် စာရေးသူမှ ထိုဆေးနည်းအား မဂ္ဂဇင်းတွင် ဖော်ပြခွင့်ပြုရန် ခွင့်တောင်းရာခွင့်ပြုသဖြင့် ဖော်ပြရခြင်း ဖြစ်ပါသည်။

**ဆေးနည်းမှာ -**

စပါးလင်(၃)ပင်ခန့်အား အမြစ်မှဖြတ်ပြီး ရေစင်စင်ဆေးကာ ထုရိုက်ပြီး ဇလုံ(သို့) ဒန်အိုးထဲထည့်ပါ။ ထို့နောက် ဒိုဘာရာသကြားခဲ သံပရာသီးလုံးခန့်ထည့်ကာ ရေသန့်ဘူး(၁)ဘူး (1-Litre) နှင့်ရော၍ စိမ်ထားပြီးနောက် (၂) နာရီခန့်အကြာတွင် စတင်သောက်၍ရပါသည်။ စိမ်ထားသောရေသောက်၍ကုန်သွားပါက ရေထပ်မံရော၍သောက်ရန် ဖြစ်ပါသည်။ ဒိုဘာရာသကြားအကုန်ပျော်သွားပါက ထပ်မံအသစ်ပြုလုပ်သောက်သုံးရန် ဖြစ်ပါသည်။ ထိုကဲ့သို့ပြုလုပ်သောက်သုံးပါက ဆီးနှင့်ပတ်သက်သောရောဂါများကင်းဝေးကာ မိသားစုဘဝ သာယာချမ်းမြေ့ကြသူများဖြစ်လာပါလိမ့်မည်။

စနေသား (ကြောင်မြီ)

ထိုမြတ်စွာဘုရားကို၊ အဟံ - ဘုရားတပည့်တော်သည်၊ ဝန္ဒေဝန္ဒာမိ - ရှိခိုးပါ၏။

၁၅။ မာရော-ဝဿဝတီမာရ်နတ်မင်းသည်၊ ကုဏ္ဍံ - ရှည်လျားကြီးမားသော နှာမောင်းလည်းရှိထသော၊ မုဥ္စ-မာရ်မုဆိုးမူးတဟူးဟူးလည်းရှဲထသော၊ မဟာဠိန္ဓိဂို - ဟိမဝန္တာတောင်ထွတ်ကဲ့သို့ ကြီးမားမြင့်မြတ်သော ကိုယ်ရုပ်လည်းရှိထသော၊ မေယလဲ-မိုးပြင်းအလုံးကို ဖုံးအုပ်သကဲ့သို့ ထင်ရှားသော နတ်ဆင်ပြောင်ကြီးကို၊ ရုဇ္ဇံ - တက်စီးတော်မူ၍၊ ဗောဓိမဏ္ဍာလသမီပကေ - ဗောဓိမဏ္ဍိုင်အနီးသို့၊ အယျေ-အချင်းနတ်တို့၊ အယျေ - ဖမ်းလားဆီးလား ဆွဲငင်လားဟုစီရင်ဟစ်ကြွေးကြော်ငြာသံပေးလျက်၊ မ္ဟာနိသမယာဂမာ - ညချမ်းအခါရောက်လာပြီး၊ မ္ဟန္တိ - ရောက်လာသော၊ မြန်မာဝဿတိကာပိ - ဝဿဝတီမာရ်နတ်မင်းကို လည်း၊ ခ္ဝာစယာဂမာ-ဗိလ်ထုအလုံးစစ်ခွံ့ခြင်းကိုလည်းပြုတော်မူပြီ၊ ဗုဒ္ဓအဒေသဂမာ - အရပ်မရွေး ထွက်ပြေးခြင်းကိုလည်းပြုတော်မူပြီး၊ ချန္တိ ချန္တိနော - ဗိလ်ထုအလုံး စစ်ခွံ့ခြင်းကိုလည်းပြုတော်မူထသော၊ ဗုန္တိဗုန္တိနော - အရပ်မရွေးထွက်ပြေးခြင်းကိုလည်းပြုတော်မူထသော၊ တဿ - မြတ်စွာဘုရားအား၊ မေ - ကျွန်ုပ်၏၊ နမော-ရှိသေမြတ်နိုးရှိခိုးခြင်းသည်၊ ဟောတု - ဖြစ်စေသတည်း။ မေ - ငါ့အား၊ အဇယော-သူတစ်ပါးတို့မအောင်နိုင်သည်၊ ဟောတု - ဖြစ်ပါစေသတည်း။ နဇယော - သူတပါးတို့မတုန်မလှုပ်စေနိုင်သည်၊ ဟောတု - ဖြစ်ပါစေသတည်း။

ဓမ္မစေတီမင်းကြီး ပူဇော်သမျှပြုခဲ့သော စိန္တာမဏိဂါထာတော်ကြီး၏ ပါဠိဂါထာများနှင့် မြန်မာပြန်တို့ကို ရွေးမှမပျက် ရေးသား ဖော်ပြပေးလိုက်ပါသည်။ ဆန္ဒရှိသူများ အကျိုးများအောင် တန်ဖိုးရှိသော စက္ကန့်တိုင်း၊ မိနစ်တိုင်းတွင် အောင်ပွဲအလီလီတို့ဖြင့် ရရှိနိုင်ကြစေရန် လွှဲလ၊ ဝိရိယတို့စိုက်ထုတ်ပြီး ရွတ်ဖတ်ပူဇော်ရန်အတွက် ပညာပါရမီဖြစ်ကြောင်း အရာရာအောင်မြင်ကြီးပွားပြီး ချမ်းသာကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါတော့သည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*
ဘုန်းခေါင်

**ကိုးကား -**

ဝိစိတြနယသံကိတ္တကျမ်း



www.burmeseclassic.com

www.burmeseclassic.com

ကျိုက်တမော့လုံဧတီနောက်ဘက်မှမြင်ကွင်း

# ဘိလူးကျွန်း ချောင်းဆုံမြို့နယ်မှ
# ဘာသာရေးအစဉ်အလာကောင်းများနှင့်
# ကွမ်ရိုက်ရွာ

မြတ်သက်ကျော်

မရောက်တာ နှစ်(၂၀)ခန့်ရှိပြီဖြစ်သော ကွမ်ရိုက်ရွာသို့ ၂၅-၁-၂၀၁၃ နေ့က ကျွန်တော် ရောက်ရှိသွားလေသည်။ ရွာကို လှမ်းမြင်နေရသည့်အချိန်ကပင် ရွာ၏ ထူးခြားစွာ စနစ်တကျပြောင်းလဲနေသော ဝိသေသလက္ခဏာများကို မြင်တွေ့ရလေသည်။

ကွမ်ရိုက်ရွာသည် ချောင်းဆုံမြို့နယ်တွင်းရှိ ရွာကြီးတစ်ရွာ ဖြစ်သည်။ ထင်ရှားသော ရွာလွတ်ရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ မွန်တိုင်းရင်းသားအများစု နေထိုင်ကြပြီး အခြားတိုင်းရင်းသားများသည်း အနည်းငယ်နေထိုင်ကြသည်။

ယခင် ၁၉၈၈ မတိုင်ခင်ကာလများဆီက ရွာလွတ်၊ ကွမ်ရိုက်နှစ်ရွာကို ဆက်သွယ်ထားသောကွင်းလမ်းမှာ ကားဒရိုင်ဘာနှစ်စီးရောင်၍လွတ်ရုံသာရှိသည်။ လမ်းမှာလည်း ကျောက်ခင်းလမ်းဖြစ်၍ ကျောက်ခဲများကထိုးထိုးထောင်ထောင်။ ထိုစဉ်ကာလများတုန်းက ထိုအရပ်သို့ ထွက်ခေါက်သွားလျှင် အသက်ငယ်ရွယ်နေသေးသော်လည်း ကျွန်တော်တို့မှာ ဝိုက်အောင့်ခါးနာဖြစ်ကုန်ကြတော့သည်။ အချို့နေရာများတွင် ပွက်ထူသောကြောင့် စက်ဘီးပင်စီး၍မရ။ စက်ဘီးကိုထမ်းလျှောက်ရသည်။

ခုတော့ ဤလမ်းလေးသည် ကားပင်မောင်းနိုင်သည့်အကျယ်ရှိပြီး လမ်းကလည်း ကျောက်ခင်းလမ်းဖြစ်ငြားလည်း ချောညက်နေသည်။ လမ်းကလည်းချောညက်၊ ဆိုင်ကယ်လီဗာကိုလည်း ဆွဲကောင်းကောင်းဖြင့် မောင်းနှင်နေငြားလည်း ဆိုင်ကယ်၏မိုင်နှုန်းပြဒိုင်

ဘုရားရှေ့ဘက်ခြမ်းမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

ကျိုက်တမော့လုံဓေတီ

မွန်ဝိုးရာဇမိဟုပူတော်ပွဲအတွက် နံသာဖျန်မီးပုံးပြင်ဆင်ထားပုံ

ကထိန်ထူညွှန့်ပွဲ

ခွက်ကိုတော့ မကြာမကြာပြန်ငုံကြည့်နေရသည်။ဒါတောင် စီးကောင်းကောင်းနှင့် တစ်ချက်တစ်ချက် ဒိုင်ခွက်လက်တံက ကီလို (၅၀) ကျော်ချင်သည်။ ကိုယ့်ကိုယ်ကိုယ်ဆုံးမပြီး အရှိန်ပြန်လျှော့ကီလို (၄၀) ခန့်အထိ ပြန်ချယူရသည်။

ရွာအဝင်သို့ ရောက်သည်နှင့် ဘုရားတမိတော့သည်။ ရွာအဝင်ဝမှ စတင်၍ ကွန်ကရစ်ခင်းလမ်းများကိုတွေ့ရသည်။ ရွာပတ်အဓိကလမ်းမကြီးများမှာ ကတ္တရာခင်းလမ်းကြီးဖြစ်ပြီး ထိုလမ်းကို ဖြစ်မြောက်အောင် ကမကထပြုပေးသည်မှာ ရန်ကုန်ရောက် ကွမ်ရိုက်ရွာသား ဦးအောင်ကြည်သိန်းဖြစ်သည်ဟုသိရသည်။ ကွမ်ရိုက်ရွာလမ်းကတ္တရာခင်းရန်အတွက် လိုအပ်သည့် ကျောက်များကို ရွာမှရှာဖွေစုဆောင်းပေးရပြီး ကတ္တရာနှင့် အခြားစီမံခန့်ခွဲမှုကိစ္စရပ်များ၊ စရိတ်စကများကို ဦးအောင်ကြည်သိန်းမှ စိုက်ထုတ်လှူဒါန်းပေးသည်ဟု ဆိုကြသည်။ နတ်၊လူသာခုခေါ် ဆိုရမည့် ကိစ္စဖြစ်ပါသည်။

ရွာကိုအကွက်ချထားပုံကလည်း ရှင်းရှင်းလင်းလင်း စနစ်ကျလှပါသည်။ ၁၉၈၈ ခုနှစ်မတိုင်မီက အိမ်များတည်ဆောက်ထားပုံမှာ စနစ်မကျလှပေ။ မင်းလမ်းမကြီးမှ လမ်းသွယ်၊ လမ်းမြောင်းများခွဲထွက်ပြီး အိမ်များမျက်နှာမူရာမှာလည်း အရပ်အသီးသီးသို့ မျက်နှာမူနေခြင်းကြောင့် ကြည့်ရသည်မှာ အဆင်မပြေလှပေ။

၁၉၈၈၊ မတ်လတွင် ကွမ်ရိုက်ရွာမီးကြီးအကြီးအကျယ်လောင်ခဲ့ဖူးသည်။ ရွာတစ်ဝက်ကို မီးဖျက်ဆီးပစ်ခဲ့သည်။ ထိုမီးလောင်ကျွမ်းပြီးအိမ်ကွက်များပြန်လည်နေရာချသည့်အခါ ရွာလမ်းများ၊ အိမ်များကို စနစ်တကျ နေရာချထားခဲ့ခြင်းကြောင့် ယခုကဲ့သို့ သပ်ရပ်ဖန်ခြင်းဖြစ်သည်။ ရွာထဲရောက်ပြီးသည့်အခါ ပို့မို့၍ အံ့ဩယူရပြန်သည်။ ရွာတိုးတက်စည်ကားလာပုံက ကြောက်ခမန်းလိလိဖြစ်၏။ အမှန်ဆိုရပါက ကိုယ့်ကိုယ်ကိုယ်ပင် မယုံချင်ဖြစ်ရသည်။ မော်လမြိုင် - ရန်ကုန်သွားကားလမ်းနံဘေးက လူစည်ကားသည့်ရွာတစ်ရွာကိုရောက်နေသလား ထင်ရလောက်အောင် ပြောင်းလဲစည်ကားနေသောကြောင့် ဖြစ်သည်။

ပြောင်းလဲ စည်ကားနေသည်မှာလည်း အပြစ်မဆိုသာ။ ကွမ်ရိုက်ကျေးရွာတွင် ကွမ်ရိုက်၊ ကွမ်တက်၊ ကဒါရွာသုံးရွာပါဝင်ပြီး အိမ်ခြေ (၁၂၃) အိမ်



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းကြီးဆောင်းဆန်ဆောင်ဓုန်းထ

တပို့တွဲထ ဆွမ်းခြောက်လောင်းထုးပွဲ

ပြာသို ပမ္ဘသာင်

ရှိ၏။ အိမ်ထောင်စု (၁၄၂၀) ပါဝင်ပြီး နေထိုင်သည့် လူဦးရေ (၈၃၃၄) ဦးရှိသည်။ လယ်မြေကေ (၇၉၇၀) ဧကလုပ်ကိုင်ကြပြီး ထိုလယ်မြေများမှာလည်း ဆော်အဆက်ဆက်စပါးအထွက်ကောင်းသည်။ ဓာတ်မြေဩဇာမသုံးဘဲတောင် တစ်ဧကတင်း(၇၀)ဝန်းကျင်ထွက်သည်။ မြေဆီမြေနှစ်ကောင်းသောကြောင့် ကွမ်ရိုက်ကွင်းထွက်စပါးများ နာမည်ကြီးပြီး ဆုံးကောင်းရခဲ့သည်မှာ ယခင်ကတည်းဖြစ်သည်။ ရော်ဘာခြံများမှာ သိပ်မရှိသလောက်ပင်။ စုစုပေါင်း (၅၄) ဧကသာရှိသည်။

စပါးအထွက်ကောင်းသည့် လယ်မြေများကို ပိုင်ဆိုင်ထားသည့်နည်းတူ နွားကြီးစား စွန့်စားကြသည့် လူစွမ်းအားအရင်းအမြစ်များကိုလည်း ပိုင်ဆိုင်ထားသည်။ ကွမ်ရိုက်ရွာသားလူငယ်အများစုမှာ အတတ်ပညာရှင်အဖြစ်လည်းကောင်း၊ GWအဖြစ်လည်းကောင်း၊ စက်ကားပူ၊ ကိုရီးယား၊ မလေး၊ ထိုင်းစသည့် နိုင်ငံရပ်ခြားမှာ အလုပ်လုပ်နေကြသည်။ ရသည့်ငွေများကို မိဘရပ်ထဲပို့ပေးပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေကြသည်။ ရွာ၏ဖွံ့ဖြိုးတိုးတက်နေအတွက် စုပေါင်းပါဝင်လှူဒါန်းနေကြသည်။ ထို့ကြောင့် ရွာမှာ အရှိန်အဟုန်နှင့် တိုးတက်လာခဲ့ခြင်း ဖြစ်သည်။

ရွာထဲတွင် ဆောင်ရွက်စရာကိစ္စများမှာ တော်ရုံနှင့်မပြတ်သောကြောင့် ရွာထဲရှိသိဟောင်းကျွမ်းဟောင်းမိတ်ဆွေအောင်းများကို ရှာဖွေစကားပြောဖြစ်၏။ ကျွန်တော့်ကြီးတော်များ၊ ကျွန်တော့်မိတများနှင့် သူငယ်ချင်းဖွဲ့ထားသည့် အကြီး ဒေါ်မြတင်(ကွယ်လွန်)၏ သမီးအကြီးဆုံး မကီး၏နေအိမ်တွင် သူတို့ချဲ့ခဲ့သော လက်ဖက်ရည်နှင့် မုန့်ကို စားသောက်ရင်း စကားပြောနေခိုက် အသက် (၂၀) ဝန်းကျင်ခန့်အရွယ်ရှိ မုန့်ကလေးမတစ်ဦး ဂန္ဓမာပန်းအဖြူတစ်စည်းကိုင်ပြီး ရောက်လာသည်။ အိမ်အောက်မှနေ၍ မွန်စကားဖြင့်လှမ်းပြောသည်။ မွန်စကားကို နဂိုကလည်း သိပ်မတတ်လှ။ ကိုယ်နေသည့်နေရာကသည်း မြန်မာစကားကိုသာ အဓိကထားပြောနေကြသည့်နေရာဖြစ်ခြင်း၊ အနှစ် (၂၀) ကျော် မွန်စကားနှင့် အလှမ်းဝေးခဲ့ခြင်းကြောင့် သူတို့အပြန်အလှန်ပြောဆိုနေသောစကားများကို တစ်လုံးမှ နားမလည်။ လုပ်ဖော်ကိုင်ဖက် ကိုချန်စိန်တို့စကားလုံးကို အင်္ဂုံးသုံးရပါမူ (နားကြားသူနှင့် စကားမပြောတတ်သူဆုံနေသည့်အဖြစ်)

ခဏအကြာတွင် မကီး၏သမီးကလေး မီးဖိုချောင်မှထွက်လာပြီး အိမ်အောက်မှ ကလေးမလေးကို မွန်စကားတစ်လုံးနှစ်လုံးပြန်ပြောသည်။ ထို့နောက် မီးဖိုထဲမှ ဂန္ဓမာပန်းအဝါတစ်စည်းကို ယူဆောင်လာပြီး လာခေါ်သောကလေးမနှင့်အတူ ထွက်သွားကြလေတော့သည်။ စပ်စုတတ်သောဗီဇကြောင့် ကျွန်တော်မေးမြန်းလိုက်သည်။

"မကြီး၊ သမီးငယ်တို့ ဘယ်ကိုသွားကြသလဲဗျ"

"ဘုရားပန်းသွားလဲကြတာလေ" မွန်သံဝဲဝဲနှင့် မြန်မာလိုပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆီဗီး၊ (၃၀၀၀) ပုတော်ပွဲ

ပစ္စေကဗုဒ္ဓနှင့်ရဟန္တာများကိုရည်စူးချီးမုံပုတော်နေပုံ

ကျိုက်တမော့လှေတီရင်ပြင် တန်ဆောင်မုန်းလ ကထိန်သင်္ကန်းကပ်လှူနေပုံ

မေမှုတော်သဘင် (ပြာသိုလ)

သည်။ ကျွန်တော် ထပ်မံ၍ လေကြောရှည်လိုက်မိသည်။

"နေ့တိုင်းပဲသွားလဲကြတာပဲလား"

"မဟုတ်ဘူး၊ နေ့အလိုက်ဖွဲ့ထားတဲ့အဖွဲ့တွေက ကိုယ်ပန်းလဲရမယ့်နေ့တွေမှာ ကိုယ့်အဖွဲ့လိုက် ဘုရားပန်းဝယ်ပြီးတော့ ဘုရားပန်းလဲ၊ ဘုရားဝေယျာဝစ္စလုပ်ခွဲ့ နေ့အလိုက်ကုသိုလ်ယူနေကြတာလေ"

"ဘယ်ဘုရားမှာလဲ မကြီး"

"တမော့လှေတီမှာလေ"

"ဘုရားပန်းလဲရုံသက်သက်ပဲလား မကြီးရ"

"နေ့လယ် (၁) နာရီလောက်မှာ ပန်းသီပြီးကပ်တဲ့အဖွဲ့လည်းရှိတယ်"

"နောက်ကော"

"အင်း-ဘုရားဝတ်တက်ကြတယ်"

ရိုးသားသော သူမ၏မျက်နှာတွင် ထပ်မံမေးမြန်းနိုင်လာမည့် သူမမဖြေနိုင်သည့်မေးခွန်းများအတွက် စိုးရွံ့နေဟန်ရှိသည်။ ကျွန်တော်အလိုက်သင့်စကားပြောပြီး ထပြန်လာခဲ့သည်။ နက်ဖြန်လည်း ကျွန်တော့်ကိစ္စအတွက် ကွမ်ရိုက်ရွာကို ထပ်လာရဦးမည်ပဲ။ နောက်နေ့မှာ မောင်ပေါက်ကျိုင်းထုံးနှလုံးမူဖွဲ့စဉ်းစားလိုက်သည်။

နောက်တစ်နေ့ ကျွန်တော် ကွမ်ရိုက်ရွာသို့ တစ်ခေါက်ထပ်သွားဖြစ်ပြန်သည်။ ပထမဦးဆုံး ဓာတ်ပုံဆရာကိုသက်ခိုင်ကို ဆက်သွယ်သည်။ ဆောင်းပါးရေးချင်ကြောင်းပြောဆိုပြီး လိုအပ်သည့် ဓာတ်ပုံအထောက်အထားများတွက် ဓာတ်ပုံရိုက်ကူညီပေးဖို့ မေတ္တာရပ်ခံသည်။ ထိုပုဂ္ဂိုလ်ကလည်း အလွန်အပြောခက်သည့်ပုဂ္ဂိုလ် ဖြစ်သည်။ ချက်ချင်း ကင်မရာလွယ်ကာ ရွာ၏ဘာသာရေးအစဉ်အလာကောင်းများကို ဂယနဏပြောပြနိုင်မည့် ကဗျာဆရာ ကိုမင်းဆက်မွန်နှင့် ရပ်မိရပ်ဖနိုင်ထိန်ဝင်းတို့ဆီသို့ ဦးဆောင်ခေါ်သွားသည်။

ဆရာမင်းဆက်မွန်ဆီကိုရောက်ပြီး အကျိုးပြောပြမေးမြန်းကြည့်သည့်အခါမှ ကျွန်တော်သိချင်နေသော ကွမ်ရိုက်ရွာ၏ ဘာသာရေးအစဉ်အလာကောင်းများကို ပြည့်ပြည့်စုံစုံ ပိုပိုသာသာလေးသိခွင့်ရတော့သည်။ ပုတ်သင်ဥတူးရာမှ ညောင်မြစ်သာမက ရွှေအိုးကြီးပါပေါ်လာခြင်း ဖြစ်ချေတော့သည်။

"ကျွန်တော်တို့ရွာမှာ ကျိုက်တမော့လှေတီကို ဗဟိုပြုပြီး တစ်ရွာလုံးကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ကျပြီ လုပ်ကိုင်လျှဒါန်းကြတဲ့ ဘာသာ
ရေးဆိုင်ရာအခမ်းအနားက တစ်နှစ်မှာ
(၉) လတိတိရှိပါတယ်။ ဘာသာရေး
အခမ်းအနားမလုပ်ဖြစ်တဲ့လတွေကတော့
မုန်လနဲ့ နတ်တော်လတို့ပါပဲ။ နယုန်
လက စပါးစိုက်တဲ့အခြိန်ဖြစ်ပြီး နတ်တော်
လကတော့ စပါးသိမ်းခြိန်ဖြစ်လို့ပါပဲ။
များသောဆုပ်ဘာသာရေးဆိုင်ရာအခမ်း
အနားတစ်ခုကကော့ တစ်ရွာလုံးကိုကိုယ်
စားပြုတဲ့ခမ္မသဘင်ဟိုပဲ။ အဲဒီအခမ်းအ
နားကတော့ ရွာအလယ်မှာ ကျင်းပပါ
တယ်။

မင်းဆက်မွန်စကားအရ ကွမ်ရိုက်
ရွာတွင် တစ်ရွာလုံးကို ကိုယ်စားပြုသည့်
ဘာသာရေးအခမ်းအနား တစ်နှစ်တွင်
(၁၀) ခုရှိပြီး တစ်ခုကို ရွာအလယ်တွင်
ကျင်းပသည်။ (၉) ခုကို ကျိုက်တမော့လဲ့
ဆောင်တွင် ကျင်းပသည်။ ထိုအခမ်းအ
နားများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်
သည် ဆို၏။

၁။ တန်ခူး - သင်္ကြန်ခမ္မသဘင်
- သင်္ကြီးပူဇော်ပွဲ
(သင်္ကြန်အကြတ်
နေ့)
- ဘုရားပွဲ (သင်္ကြန်
တက်ပြီး ၃ ရက်
မြောက်နေ့)

၂။ ကဆုန် - ညောင်ရေသွန်းပွဲ
- စာရေးတံမဲပွဲ.
(မဟာဒုက်ဆွမ်း
ကပ်လှူပွဲ)

၃။ နယုန် - မရှိပါ။

၄။ ဝါဆို - ခမ္မစကြာရွတ်ဖတ်
ပူဇော်ပွဲနှင့် ဝါဆို
သက်နှံးကပ်လှူပွဲ

၅။ ဝါခေါင် - ရွှေအိုးလောင်းလှူ
ပွဲ

၆။ တော်သလင်း - သင်္ဘောလှည့်ပွဲ
(ထိုသင်္ဘောတွင်
လောင်းလှူလိုက်
သည့် စားဖွယ်
ဘောဇဉ်များကို
လပြည့်နေ့နံနက်၌
ဘုရားမှာ အရက်
ဆွမ်းများ ကပ်လှူ
သည်။)

၇။ သီတင်းကျွတ် - ဆီမီး (၃၀၀၀)
ပူဇော်ပွဲ၊ အဘိဓမ္မာ
ရွတ်ဖတ်ပူဇော်ပွဲ

၈။ တန်ဆောင်မုန်း - လဆန်း ၁၃ ရက်
ဆွမ်းကြီးလောင်း


နေစဉ်ဝတ်တက်မြင်ကွင်း

မွန်စကြာရွတ်ဖွားပူဇော်ပွဲ

ဆွမ်းကြီးလောင်း (တန်ဆောင်မုန်းလ)

မွန်နိုးဆုသင်္ဘောလှည့်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

မွန်ရိုးရာသင်္ကေတလှည်းပွဲ

ကထိန်လှည်းပွဲ

နေ့အလိုက်အဖွဲ့များ ကထိန်လှည်းထည်နေပုံ

နေ့အလိုက်အဖွဲ့များ ကထိန်လှည်းထည်နေပုံ

ပွဲ (ကျိုက်တမော့လှဲစေတီ၌ကျင်းပ)

၉။ နတ်တော် - မရှိပါ

၁၀။ ပြာသို - ဓမ္မသဘင်ပွဲ

၁၁။ တပို့တွဲ - ဆွမ်းခြောက်လောင်းလှူပွဲ

၁၂။ တပေါင်း - တစ်ရွာလုံးကိုယ်စားပြုတရားသဘင် (ရွာလယ်တွင်ကျင်းမသည်။)

တန်ခူးလတွင် ဘိလူးကျွန်း (ချောင်းဆုံမြို့နယ်) ၏ ထုံးစံအတိုင်း ထမင်းရေချောင်းစီး မောင်းမတီးဘဲ ရွာလုံးကျွတ် အလှည်ကျဘုရားပွဲအလှူ တစ်မျိုးပြုလုပ်ကြသည့်နည်းတူ နှစ်ဆန်း ၃ ရက်နေ့၌ ကွမ်ရိုက်ဘုရားပွဲကို ကွမ်ရိုက်၊ ကွမ်တကဲနှင့် တော်ကနာရွာတို့၌ အိမ်တိုင်းစေ့ ထမင်း၊ ဟင်းနှင့် မုန့်အမျိုးမျိုးကို သိသိ၊ မသိသိ တည်ခင်းကျွေးသည်။ ကိုယ့်အိမ်ရောက်လာသည့် ဧည့်သည်တိုင်းအား ကျေးမွေးခြင်းဖြစ်ပြီး ဧည့်သည်နည်းသည့်အိမ်မှာ ဝမ်းနည်းကြသည်။ အပေါင်းအသင်းမဆံ့ ဖော်ရွေမှုမရှိဟု ယူဆကြသောကြောင့် ဖြစ်သည်။

ဘုရားပွဲမတိုင်မီ သင်္ကြန်အကြတ်နေ့၌ သက်ကြီးပူဇော်ပွဲနှင့် တရားပွဲကို ကျိုက်တမော့လှဲစေတီတွင် ကျင်းပပြုလုပ်၏။

ဂဃနဏလတွင် မဟာဒုက်ဆွမ်းလှူပွဲ (စာရေးတံမဲပွဲ) ကို ကျိုက်တမော့လှဲစေတီတွင် သံဃာစုရုပ်ထားပြီး သံဃာမဲချ၏။ မိမိမဲကျရာရဟန်းသံဃာများကို မိမိအိမ်သို့ပင့်၍ ဆွမ်းကပ်လှူ၊ ဒါတဒ္ဓပစ္စည်းအဝဝလှူဒါန်းပြီး ပရိတ်တရားနာသီလခံကြခြင်း ဖြစ်သည်။

ဝါခေါင်လတွင် ကျင်းပလှူဒါန်းသော ရွှေအိုးလောင်းလှူပွဲမှာ နောင်သံသရာအတွက် အနုဂါမိကရွှေအိုးပါရမီဖျိုးသည့်အနေနှင့် လောင်းကြခြင်းဖြစ်ပြီး မုန့်နှင့် ကုန်ခြောက်ပစ္စည်းများ၊ ဆေးဝါးများ၊ သံဃာနှင့် အပ်စပ်သည့် ပစ္စည်းများ လှူဒါန်းကြ၏။

တော်သလင်းလတွင် လှူဒါန်းကြသောသင်္ကေတလှည်းပွဲမှာ သမိုင်းနောက်ခံအနည်းငယ်ရှိပါသည်။ သာသနာနှစ် ၂၀၁၅ ခုနှစ်၊ အေဒီ ၁၄၇၁ ခုနှစ်တွင် မွန်တို့ဒေသ ရာမညဋ္ဌ ထီးနန်းစိုးစံသော ရာဇာဓိပတိဘွဲ့ခံမွန်ဘုရင် ဓမ္မစေတီမင်းသည် သာသနာတော်သန့်ရှင်းတည်ဆဲ့စေရန်အလို့ငှာ ပိဋကတ်သုံးပုံကို ကျွမ်းကျင် တတ်မြောက်သော သာဃာထေရ်



www.burmeseclassic.com

www.burmeseclassic.com

(၂၂)ပါး၊ ရဟန်း (၂၂)ပါးတို့ကိုလျှောက်ထားတောင်းပန်၍ သီရိလင်္ကာကျွန်းသို့ ဆေလွှတ်ကာ ထပ်မံ ရဟန်းခံစေသည်။ သီရိလင်္ကာခရီးအတွက် ရာမဒူတနှင့် စိတြဒူတအမည်ရှိသော သင်္ဘော(၂)စီးကို အသုံးပြုခဲ့ပြီး အပြန်ခရီး၌ စိတြဒူတသင်္ဘောပင်လယ်တွင် နစ်မြုပ်ပျက်စီးပြီး မဟာထေရ်(၄)ပါးနှင့် ရဟန်းပျို(၄)ပါး သင်္ဘောနှင့်အတူ ပျက်စီးခဲ့ရပါသည်။

ထို့ကြောင့် စိတြဒူတသင်္ဘောနှင့်အတူ သာသနာအတွက် အသက်စွန့်ခဲ့ရသော ရဟန်းတော်များကို ရည်စူး၍ သိုလ်အဖြစ် လည်းကောင်း၊ မဏ္ဍပ်မဲလောစသော ပင်လယ်စောင့်နတ်များသည် ပင်လယ်ခရီးသွားများအား ဘေးရန်ကင်းစွာစောင့်ရှောက်ပါစေရန်အကျိုးငှာ လည်းကောင်း ရည်စူး၍ သင်္ဘောသည်ပွဲကို မွန်အရပ်ဒေသများတွင် ကျင်းပပြုလုပ် လျှဒါန်းကြခြင်း ဖြစ်ဟုဆိုကြ၏။

စည်ကားသော ပွဲတော်များတွင် တန်ဆောင်မုန်းလ၌ ကျင်းပသော မသိုးသက််းကပ်လှူပွဲနှင့် ကထိန်ပူဇော်ပွဲမှာ အဆုံး ကွမ်ရိုက်ကျေးရွာသားများ၏ အာသာ၊ သာသနာအပေါ် သဒ္ဓါစိတ်ဓာန်ကဲထူးခြားမှုများကို ဖော်ကျူးပြသသည်သို့ရှိနေလေ၏။

တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင်စတင်၍ ဆွမ်းကြီးလောင်းသည်။ ၁ဆန်း ၁၄ ရက်နေ့၌ ကထိန်လှည့်ပွဲ ကျင်းပသည်။ ကျိုက်ဏမော့လဲ့စေတီ၏ နေ့အလိုက် ဝေယျာဝစ္စအဖွဲ့ (တနင်္ဂနွေမှ စနေနေ့အထိ) (၇) ဖွဲ့၊ သာသနနုဂ္ဂဟအဖွဲ့ (၁) ဖွဲ့၊ ကွမ်ရိုက်အလယ်တန်းကျောင်း (၁) ဖွဲ့၊ ဘော်ကနာရွာအဖွဲ့ (၁) ဖွဲ့၊ စုစုပေါင်း ကထိန်လှည့်အဖွဲ့ (၁၀) ဖွဲ့မှ ကွမ်ရိုက်၊ ကွမ်တကဲ၊ ကဒါရွာတွင် ကထိန်လှည့်သည်မှာ နံနက် (၆) နာရီခန့်မှ စတင်ကာ ညနေ (၆) နာရီထိ (၁၂) နာရီကြာသည်။

ထိုလဆန်း ၁၄ ရက်နေ့တွင် ဆံတော်ရှင် ကျိုက်တမော့လဲ့ရင်ပြင်၌ ဆေးဟောင်း မွန်ရိုးရာလက်ရက်ကန်းစင်ဖြင့် မသိုးသက််းခတ်ကာ တန်ဆောင်မုန်းလပြည့် နံနက်အရုဏ်တက်၌ မသိုးသက််း ဆက်ကပ် လှူဒါန်း၏။

ထိုလပြည့်နေ့၌ပင် ကထိန်သက််းကပ်လှူပွဲကို စေတီရင်ပြင်၌ ကျင်းပ၏။ ကွမ်ရိုက်ရွာအတွင်းရှိ ကျောင်းပေါင်း (၁၀) ကျောင်းမှ ရဟန်းသံဃာများ၊ သာမဏေများအား ဆက်ကပ်လှူဒါန်းခြင်း ဖြစ်၏။ ပြီးခဲ့သည့် ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလက ကထိန်သက််းကပ်လှူပြီး နဝကမ္မအလှူအဖြစ် မဲချလှူဒါန်းရာ ပထမဆု ကျပ် (၁၀) သိန်းခွဲ၊ ဒုတိယဆု ကျပ် (၅) သိန်းခွဲ၊ တတိယဆု ကျပ်(၃)သိန်းနှင့် အထူးဆုမဲများအဖြစ် ကျပ်(၁)သိန်းသတ်မှတ်ကာ မဲချလှူဒါန်းခဲ့သည်။

တပို့တွဲလပြည့်နေ့တွင် ကဒါရွာဘုရားပွဲကျင်းပသည်။ ယင်းနေ့တွင် ကဒါတစ်ရွာလုံးရှိ အိမ်တိုင်းစေ့နီးပါး၌ အိမ်ပေါ် ရောက်လာသည့်ည့်သည်များအား



ဘုရားပန်းလဲလှယ်နေကြပုံ

(ဝဲမှယာသို့) မိစိုးစိုးဇော်၊ မင်းဆက်မွန်၊ စာရေးသူ၊ နိုင်ထိန်ဝင်း။ မင်းသက်ခိုင်၊ မိအေးအေးတင်



www.burmeseclassic.com

www.burmeseclassic.com

ထမင်း၊ ဟင်း၊ မုန့်မျိုးစုံ၊ ဖျော်ရည် စသည်တို့ဖြင့်တည်ခင်းကျွေးမွေးသည်။ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာအရှင်မြတ်များအား အချမ်းပြေ မီးလှုံနှင်စေရန် ရည်ရွယ်ပြီး မီးပုံပူဇော်ပွဲနှင့် ဆွမ်းခြောက်လောင်းလှူပွဲကိုလည်း ကျင်းပကြသည်။

ထိုသို့ တစ်နှစ်တာ၏ (၁၂) လဲ့ (၁၀) လတွင် လစဉ် ဘာသာရေးအခမ်းအနားများကို ကျင်းပနိုင်ခဲ့ခြင်းလည်း ယင်းဘာသာရေးအခမ်းအနားက ကွမ်ရိုက်ကျေးရွာသူကျေးရွာသားများ၏ သဒ္ဓါတရားကို ဖော်ပြရုံမျှသာဖြစ်ပြီး သူတို့၏ ထေရဝါဒ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှုနှင့် ဘာသာရေးအပေါ် အလေးအနက်ထားသည့် အခြေအနေများကိုပေါ်လွင်ထင်ရှားသည့် အခြားအချက်များလည်း ကျန်ရှိနေသေးပါသည်ဟု ကဗျာဆရာမင်းဆက်မွန်၊ ဓာတ်ပုံဆရာမင်းသက်ခိုင်နှင့် ရပ်မိရပ်ဖနိုင်ထိန်ဝင်းတို့က တညီတညွတ်တည်း ပြောကြလေသည်။

"ဒါဆို အစ်ကိုတို့ရွာမှာ ထေရဝါဒ ဗုဒ္ဓဘာသာအပေါ် အလေးအနက်သက်ဝင်ယုံကြည်မှုကို ဖော်ပြနိုင်တဲ့ အခြေအနေကို နည်းနည်းလောက် ပြောပြပေးပါ"

ဟု ကျွန်တော်က ပြောလိုက်မိသည်။

"ကျွန်တော်တို့ (၃) ရွာစလုံးနဲ့ ဆိုင်တဲ့ ရွေးနှစ်ပေါင်းများစွာကတည်းက တည်ထားတဲ့ ဆံတော်ရှင် ကျိုက်တမော့လဲ့စေတီရင်ပြင်အောက်မှာရှိတဲ့ ဓမ္မာရုံမှာ နေ့စဉ် မနက် (၄) နာရီကတည်းက စုပေါင်းဘုရားဝတ်တက်ကြတယ်။ ပရိတ်ရွတ်၊ မေတ္တာပို့၊ အမျှဝေပြီး တရားမှတ်၊ ပုတီးစိပ်လုပ်ကြတယ်။ အဲဒီစုပေါင်းဝတ်ပြုခြင်းက မနက် (၆) နာရီခွဲလောက်ထိ (၂) နာရီကျော်လောက်ကြာပါတယ်။

မနက်(၉)နာရီ(၁၀)နာရီလောက်မှာ နေ့အလိုက်ဖွဲ့ထားတဲ့ ဝေယျာဝစ္စအဖွဲ့တွေက သူတို့ငွေကြေးနဲ့သူတို့ ဘုရားပန်းဝယ်ပြီး ဘုရားပန်းလဲလှယ်ခြင်းနဲ့ စေတီယင်္ကာဝတ်ကို ဖြည့်ဆည်းကြတယ်။ ဘုရားရဲ့သန့်ရှင်းရေး စတဲ့ ဝေယျာဝစ္စကို ဖြည့်ဆည်းဆောင်ရွက်ကြတယ်။

မွန်းလွဲ (၁း၀၀) နာရီလောက်မှာတော့ နေ့အလိုက်ဖွဲ့ထားတဲ့ ပန်းသီတဲ့အဖွဲ့တစ်ဖွဲ့ကလည်း သူတို့အစီအစဉ်နဲ့ သူတို့ စံပယ်ပန်း၊ ဆီတ်ဖလူးပန်း၊ စကြာပန်း၊ ခရေပန်း စတဲ့ပန်းတွေ ရှာဖွေသီကုံးပြီး ဘုရားကို ပန်းကပ်လှူကြပြန်တယ်။

မွန်ရိုးရာရက်ကန်းစင်ဖြင့် မသိုးသက်န်းရက်လုပ်နေဟန်

မသိုးသက်န်းရက်လုပ်ရန် ဖိုင်းငင်နေပုံ

ညနေ (၄း၀၀) နာရီလောက်မှာ စုပေါင်းဘုရားဝတ်တက်၊ ပရိတ်ရွတ်၊ မေတ္တာပို့၊ အမျှဝေ၊ ဘာဝနာစီးဖြန်းခြင်း အလုပ်တွေကို ထပ်ပြီးဆောင်ရွက်ကြပြန်တယ်။

အဲဒီဘာသာရေးနဲ့ ပတ်သက်တဲ့ အလုပ်တွေကိုလုပ်ကိုင်လာတာ ကျွန်တော်တို့ရဲ့ ဘိုးဘွားဘီဘင်များလက်ထက်ကတည်းကပါပဲ။ စုပေါင်းဝတ်တက်တဲ့ လူဦးရေက ဝါတွင်းကာလဆိုရင် ပေ (၄၀) ကျယ်ပြီး ပေ (၉၀) ရှည်တဲ့ ဓမ္မာရုံဟာ မဆန့်လို့ ဓမ္မာရုံအပြင်ဘက်မှာဝတ်တက်ကြရတဲ့သူတွေရှိပါတယ်။

ဝါပကာလမှာတော့ ဓမ္မာရုံတစ်ဝက်လောက်တော့ရှိပါတယ်။ ဝါပကာလမှာ ဝတ်တက်တဲ့လူနည်းရတာက ပွင့်လင်းရာသီရောက်ပြီဆိုတော့ လုပ်ငန်းခွင်အသီးသီးဝင်ရောက်ကြတာရယ်၊ ခရီးသွားအရောင်းအဝယ်လုပ်ကြတာတွေရယ်ကြောင့်မို့ပါ။ ဒီအစဉ်အလာဟာ ကျွန်တော်တို့ရွာမှာ ဘိုးဘွားမိဘများက ကျွန်တော်တို့လက်ထက် ဆက်လက်တည်တံ့အောင် လက်ဆင့်ကမ်းခဲ့သလို ကျွန်တော်တို့ရဲ့ သား၊ မြေးများလက်ထက် ဆက်လက်ရှင်သန်အောင် လက်ဆင့်ကမ်း ပြုစုပျိုးထောင်နေကြပါတယ်။ ဒါကြောင့် တစ်နှစ်မှာ (၁၀) လ ကျင်းပတဲ့ ဘာသာရေးအခမ်းအနားတွေဟာ ကျွန်တော်တို့ရဲ့ သဒ္ဓါတရားကိုသာ ဖော်ပြနိုင်ပြီး ဘာသာရေးတရားနဲ့ ပတ်သက်လို့ လေးနက်တဲ့ ယုံကြည်ကိုးကွယ်မှုကိုတော့ နှစ်ပေါင်းများစွာ ဆောင်ရွက်လာတဲ့ ဆောင်ရွက်နေဆဲဖြစ်ပြီး ဆက်လက်ဆောင်ရွက်နေကြဦးမယ့်စေတီယင်္ကာဝတ်ဖြည့်ခြင်း၊ စုပေါင်းဝတ်တက်၊ ဘာဝနာစီးဖြန်းခြင်းကိုသာ ဖော်ပြနေပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ကွမ်ရိုက်ရွာအဝင်မြင်ကွင်း၊



ရွာမြောက်ဘက်ခြမ်း



ကွမ်ရိုက်ရွာအဝင် (တော်ကနာရွာဘက်မှမြင်ကွင်း)

ရွာမှာ ကလေးသူငယ်ဖြစ်ဖြစ်၊ လူရွယ်သူကြီးဖြစ်ဖြစ် ရဟန်းသာမဏေများကို အမြဲမှာဆုံတွေ့ကြရင် လူအလွတ်ပဲဖြစ်ဖြစ်၊ အလေးအပင်ထမ်းပိုးသယ်ရွက်ထားတာပဲဖြစ်ဖြစ် လူတွေက လမ်းဘေးဆင်း ဦးထားတဲ့ဖိနပ်ချွတ် လက်အုပ်ချီပြီး အရိုအသေပြုကြတဲ့ ယဉ်ကျေးမှုဟာ အခုချိန်အထိတိုင်ရှိနေကြပါသေးတယ်။ ကျွန်တော်တို့ အဲဒီလိုဘာသာတရားနဲ့ ပတ်သက်တဲ့၊ ယဉ်ကျေးတဲ့အပြုအမူ ပြုမူတတ်အောင် သင်ကြားပေးခဲ့တဲ့ မိဘများ၊ဆရာသမားများကို အထူးလေး စားကျေးလူးတင်မိပါတယ်။ နောက်ပြီး ခုလို ဗုဒ္ဓဘာသာကို အလေးအနက်ထား တဲ့ ဗုဒ္ဓဘာသာအဆိုက်အဝန်းမှာ လူဖြစ်ခွင့်ရတဲ့အတွက်လည်း ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ဘာသာရေးအခမ်း အနားတွေကို တက်ညီလက်ညီ ပါဝင် လုပ်ကိုင်ပြီး နိုင်ရာတာဝန်ထမ်းဆောင် ပေးကြတဲ့ ကျွန်တော်တို့ရွာသားတွေ အတွက်လည်း အလွန်ဂုဏ်ယူတော့နပ် ဝမ်းမြောက်မိပါတယ်"

ဟု ကဗျာဆရာ မင်းဆက်မွန်က ဆိုပါသည်။

"သာဓု၊ သာဓု၊ သာဓုပါဗျာ"

ကွန်တော်လို့တိုလဲရွာသားခရေ မိသကဲ့သို့ ကွမ်ရိုက်ကျေးရွာမှာ နေ့ည ဆောင်ရွက်နေကြသော ဘာသာရေး အစဉ်အလာကောင်းများသည် တစ်မြို့ နယ်လုံး၊ ပြည်နယ်တစ်ခုလုံး၊ တစ်နိုင်ငံလုံးသို့ ပုံ့နှံ့အောင် ဆောင်ရွက်နိုင်ကြ မည်ဆိုလျှင် ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံမှတစ်ဆင့် တစ်ကမ္ဘာလုံးအနှံ့ ခြေဆုံနိုင်မည်ဟု မှန်းဆမိပါတော့သည်။

မြတ်သတ်ကျော်

**ကျေးဇူးမှတ်တမ်း**

*ဤဆောင်းပါး ပြုစုရေးသားရာ အတွက် စိတ်ဆောတိုယ်ပါ အကူအညီ ပေးကြသည့် ကဗျာဆရာ မင်းဆက်မွန်နှင့် ဇနီး မိစိုးစိုးမော်၊ ဦးညီးညော်နှင့် ဒေါ်ပုံခိုက်ကူညီခဲ့ကြသော ဓာတ်ပုံဆရာမင်းသက်ခိုင်နှင့် ဇနီး မိအေးအေးတင်၊ သွားခဲ့သည့်နေရာများကို စိတ်ရှည်စွာလိုက်ပို့ပြီး သိခဲ့သည်များကို ရင်းလင်းကြေညာပေးခဲ့သည့် အစ်ကိုကြီး နိုင်ထိန်ဝင်းနှင့် မိသားစုများအား လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဤစာစုဖြင့် မှတ်တမ်းပြုအပ်ပါသည်။*

**ကွန်ဆင်း -**

၁။ ချောင်းဆုံမြို့နယ်ဖြစ်စဉ်မှတ်တမ်း (၃၁-၁၂-၆၉) မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ

၂။ ရာမညသတင်းဂျာနယ်၊ ၂၀၁၂ ဒီဇင်ဘာ၊ အတွဲ (၁) အမှတ်(၁၂) မှ မင်းဆက်မွန်၏ မွန်ပြည်နယ်၊ ဘီလူးကျွန်း ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ၏ ကျက်သရေဆောင် ဆံတော်ရှင် ကျိုက်တမော လဲ့စေတီတော်ဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com



# ဓနသိဒ္ဓိနက္ခတ်ဗဟိုလာအခါတော်

## ပို့ဆောင်ရေးကောင်(ကျီးရုံ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ခြင်း၊ ဓနသိဒ္ဓိနက္ခတ်လင်းဖြတ်ခြင်း၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ခြင်း ၎င်းသုံးပါးထပ်ခြင်းတို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း အထူးသဖြင့် မဟာဝေဒဗေဿန္တရမန္တန်တော်ကြီးအပါအဝင် ဓနံလာဘံဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများမည်ဆိုပါလျှင် ကောင်းကျိုးချမ်းသာများကို ခံစားရမည်မှာ မုချဧကန်ဖြစ်ပါသည်။ ဓနသိဒ္ဓိနက္ခတ်သို့ စန်းသည် ၁၃-၄-၂၀၁၅ နေ့ ညနေ (၇း၂၀း၄၀) နာရီမှ ၁၄-၄-၂၀၁၅ နေ့ နေ့လယ် (၃း၂၁း၄၅) နာရီတွင်း ဝင်ရောက်နေမည်ဖြစ်ပြီး ၁၄-၄-၂၀၁၅ နေ့ နံနက် (၄း၁၉း၃၆) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သည် စန်းနှင့်ယှဉ်နေမည် ဖြစ်သည်။ ၁၃-၄-၂၀၁၅ နေ့ နံနက် (၂း၁၃း၁၂) နာရီမှ (၂း၅၇း၃၀) နာရီအတွင်း ဥဃယလင်္ဂနှင့် ဓနသိဒ္ဓိနက္ခတ်ယှဉ်နေမည်ဖြစ်ပြီး ၎င်း ၁၃-၄-၂၀၁၅ နေ့ နံနက် (၇း၅၅း၁၁) နာရီမှ (၈း၅၈း၃၁) နာရီအထိမှာ မွန်းတည့်မျဉ်းနှင့် ဓနသိဒ္ဓိနက္ခတ်ယှဉ်နေမည် ဖြစ်သည်။ ထူးခြားချက်တစ်ခုမှာ ၁၄-၄-၂၀၁၅ နေ့သည် မဟာသင်္ကြန်အကျနေ့ဖြစ်သဖြင့် လောကီအစီအရင်များ အလွန်ထက်မြက်နိုင်မည် ဖြစ်သည်။

| လင်းဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၃း ၀၀း ၂၄ | ၃း ၄၅း ၄၂ | ၁ | ၈း ၄၃း ၂၃ | ၉း ၄၅း ၄၃ |
| ၂ | ၂း ၅၆း ၂၈ | ၃း ၄၁း ၄၆ | ၂ | ၈း ၃၉း ၂၇ | ၉း ၄၁း ၄၇ |
| ၃ | ၂း ၅၂း ၃၂ | ၃း ၃၇း ၅၀ | ၃ | ၈း ၃၅း ၃၀ | ၉း ၃၇း ၅၁ |
| ၄ | ၂း ၄၈း ၃၆ | ၃း ၃၃း ၅၄ | ၄ | ၈း ၃၁း ၃၃ | ၉း ၃၃း ၅၅ |
| ၅ | ၂း ၄၄း ၄၀ | ၃း ၂၉း ၅၈ | ၅ | ၈း ၂၇း ၃၇ | ၉း ၂၉း ၅၉ |
| ၆ | ၂း ၄၀း ၄၄ | ၃း ၂၆း ၀၂ | ၆ | ၈း ၂၃း ၄၁ | ၉း ၂၆း ၀၃ |
| ၇ | ၂း ၃၆း ၄၈ | ၃း ၂၂း ၀၆ | ၇ | ၈း ၁၉း ၄၅ | ၉း ၂၂း ၀၇ |
| ၈ | ၂း ၃၂း ၅၂ | ၃း ၁၈း ၁၀ | ၈ | ၈း ၁၅း ၄၉ | ၉း ၁၈း ၁၁ |
| ၉ | ၂း ၂၈း ၅၆ | ၃း ၁၃း ၁၄ | ၉ | ၈း ၁၁း ၅၃ | ၉း ၁၄း ၁၅ |
| ၁၀ | ၂း ၂၅း ၀၀ | ၃း ၀၉း ၁၈ | ၁၀ | ၈း ၀၇း ၅၇ | ၉း ၁၀း ၁၉ |
| ၁၁ | ၂း ၂၁း ၀၄ | ၃း ၀၅း ၂၂ | ၁၁ | ၈း ၀၃း ၀၃ | ၉း ၀၆း ၂၃ |
| ၁၂ | ၂း ၁၇း ၀၈ | ၃း ၀၁း ၂၆ | ၁၂ | ၇း ၅၉း ၀၇ | ၉း ၀၂း ၂၇ |
| ၁၃ | ၂း ၁၃း ၁၂ | ၂း ၅၇း ၃၀ | ၁၃ | ၇း ၅၅း ၁၁ | ၈း ၅၈း ၃၀ |
| ၁၄ | ၂း ၀၉း ၁၆ | ၂း ၅၃း ၃၄ | ၁၄ | ၇း ၅၁း ၁၅ | ၈း ၅၄း ၃၄ |
| ၁၅ | ၂း ၀၅း ၂၀ | ၂း ၄၉း ၃၈ | ၁၅ | ၇း ၄၇း ၁၉ | ၈း ၅၀း ၃၈ |
| ၁၆ | ၂း ၀၁း ၂၄ | ၂း ၄၅း ၄၂ | ၁၆ | ၇း ၄၃း ၂၃ | ၈း ၄၆း ၄၂ |
| ၁၇ | ၁း ၅၇း ၂၈ | ၂း ၄၁း ၄၆ | ၁၇ | ၇း ၃၉း ၂၇ | ၈း ၄၂း ၄၆ |
| ၁၈ | ၁း ၅၃း ၃၂ | ၂း ၃၇း ၅၀ | ၁၈ | ၇း ၃၅း ၃၀ | ၈း ၃၈း ၅၀ |
| ၁၉ | ၁း ၄၉း ၃၆ | ၂း ၃၃း ၅၄ | ၁၉ | ၇း ၃၁း ၃၃ | ၈း ၃၄း ၅၄ |
| ၂၀ | ၁း ၄၅း ၄၀ | ၂း ၂၉း ၅၈ | ၂၀ | ၇း ၂၇း ၃၇ | ၈း ၂၉း ၅၈ |
| ၂၁ | ၁း ၄၁း ၄၄ | ၂း ၂၆း ၀၂ | ၂၁ | ၇း ၂၃း ၄၁ | ၈း ၂၆း ၀၂ |
| ၂၂ | ၁း ၃၇း ၄၈ | ၂း ၂၂း ၀၆ | ၂၂ | ၇း ၁၉း ၄၅ | ၈း ၂၂း ၀၆ |
| ၂၃ | ၁း ၃၃း ၅၂ | ၂း ၁၈း ၁၀ | ၂၃ | ၇း ၁၅း ၄၉ | ၈း ၁၈း ၁၀ |
| ၂၄ | ၁း ၂၉း ၅၆ | ၂း ၁၃း ၁၄ | ၂၄ | ၇း ၁၁း ၅၃ | ၈း ၁၄း ၁၄ |
| ၂၅ | ၁း ၂၅း ၀၀ | ၂း ၀၉း ၁၈ | ၂၅ | ၇း ၀၇း ၅၇ | ၈း ၁၀း ၁၈ |
| ၂၆ | ၁း ၂၁း ၀၄ | ၂း ၀၅း ၂၂ | ၂၆ | ၇း ၀၃း ၀၃ | ၈း ၀၆း ၂၃ |
| ၂၇ | ၁း ၁၇း ၀၈ | ၂း ၀၁း ၂၆ | ၂၇ | ၇း ၅၉း ၀၇ | ၈း ၀၂း ၂၇ |
| ၂၈ | ၁း ၁၃း ၁၂ | ၁း ၅၇း ၃၀ | ၂၈ | ၆း ၅၆း ၁၁ | ၇း ၅၈း ၃၀ |
| ၂၉ | ၁း ၀၉း ၁၆ | ၁း ၅၃း ၃၄ | ၂၉ | ၆း ၅၂း ၁၅ | ၇း ၅၄း ၃၄ |
| ၃၀ | ၁း ၀၅း ၂၀ | ၁း ၄၉း ၃၈ | ၃၀ | ၆း ၄၈း ၁၉ | ၇း ၅၀း ၃၈ |



www.burmeseclassic.com

www.burmeseclassic.com

ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များလာရောက်ဖူးမြော်ခြင်း၊ ကျွတ်တမ်းဝင်ကြခြင်းများနှင့်ထူးခြားမှုများ

## ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကြီး ဖူးမြော်ခြင်း၊ ရုပ်ရှင်တော်မြတ်ကြီးအကြောင်း စတင်သိရှိခြင်း

ကျွန်တော်တို့မိသားစုသည် နိုင်ငံ့ဝန်ထမ်းမိသားစု ဖြစ်ပါသည်။ မိဘများသည်လည်း နိုင်ငံ့ဝန်ထမ်းများဖြစ်ကြရာ မိခင်ကြီး၏ရင်၌ သန္ဓေတည်စဉ်ကပင် နယ်တကာ၊ ရပ်တကာသို့ လှည့်လည်သွားလာရာမှစ၍ ယနေ့အချိန်ကာလအထိ ထောင်ရက်သားကျသည့်တိုင်အောင် ခြေတွင် ဗွေပါသကဲ့သို့ လှည့်လည်သွားလာပြီး တိုင်းပြည်တာဝန်များကို ထမ်းဆောင်လျက်ရှိခဲ့ပါသည်။ ကျွန်တော်ဆိုလိုချင်သည်မှာ ထိုသို့သွားလာခဲ့ရသောနေရာများ၊ များပြားခဲ့သော်လည်း ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကြီး၏ ဖြစ်တော်စဉ်သမိုင်းနှင့် ဘန်ဒိုးပြာဋိဟာခြိုးမြွှင့်တော်မူခြင်းကဲ့သို့သော ထူးခြားမှုအမျိုးမျိုးကို မကြားဘူး၊ မမြင်ဘူး(မဖူးဘူး)ခဲ့ပါ။ ၂၀၀၇ ခုနှစ်၊ နွန်လဆန်းပိုင်းတွင် မန္တလေး နန်းရွှေပြည်တော်သာဝန်ထမ်းအိမ်ရာသို့ ကျိုက်ထိုမြို့မှနေ၍ ပြောင်းရွှေ့ရောက်ရှိလာခဲ့ရာ နေအိမ်ရှေ့မှဖြတ်သွားသော လက်တွန်းလှည်းထိသည်ထဲ၌ ထီထိုးစဉ် အဆိုပါ လှည်းယာဉ်ပေါ်၌ ရုပ်ရှင်တော်မြတ်ကြီး၏ ပုံတော်များကို စတင်ဖူးမြော်ရ၍ ပုံတော်နှင့်အတူ ဖြစ်တော်စဉ်အချို့ကိုပါ ဖတ်လိုက်ရသောကြောင့် ထိသည်အား ပုံတော်များ၏ အကြောင်းကို မေးမြန်းကြည့်ရာ ထူးခြားမှုရှိကြောင်း၊ ၎င်းကိုယ်တိုင်လည်း ဖူးမြော်ခွင့်ကြုံခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံအနှံ့ ပင့်ဆောင်သူများပြားသဖြင့် နှစ်စဉ် ၉ လပိုင်း၌သာ အောင်မြေ (စဉ့်ကိုင်မြို့) ၌ ဖူးမြော်နိုင်ကြောင်း စသည်ဖြင့် စိတ်ရှည်လက်ရှည်ရှင်းပြရာ ကျွန်တော်လည်း မိသားစုအား ပြောပြသဖြင့် မိသားစုကလည်း ဖူးမြော်ချင်လှကြောင်း ပြောကြပါသည်။

အောင်မြေသည် မန္တလေးမြို့နှင့် များစွာမဝေးလှပါ။ အမှန်ကတော့ ဆက်နေသည်ဟု ဆိုနိုင်ပါသည်။ အောင်မြေသို့ ၂၀၀၇ ခုနှစ်မှစ၍ ပုံမှတ်ဖြတ်သန်းသွားလာခြင်း၊ တာဝန်ဖြင့် စဉ့်ကိုင်ရောက်ရှိခြင်းများ ကြိမ်ဖန်များစွာရှိခဲ့သော်လည်း တာဝန်ဖြင့်ရောက်ရှိခဲ့ခြင်းများစွာမရှိခဲ့သော်လည်း ဖူးရက်မကြုံကြိုက်သေးသောကြောင့်လားမဆိုတတ်ပါ။ ရုပ်ရှင်တော်မြတ်ကြီးအား မဖူးတွေ့ခဲ့ရပါ။ အောင်မြေဘယ်နားမှာလဲဟုပင် နှုတ်ကမမေးခဲ့မိပါ။

## ရုပ်ရှင်တော်မြတ်ကြီး စတင်ပွင့်တော်မူရာ အောင်မြေသို့ရောက်ရှိခြင်း

ထိုကဲ့သို့ နေလာရရင်းဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလဆန်းပိုင်းတွင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့သည် ခုံးအားရက်တစ်ရက်တွင် ကျောက်ဆည်မြို့အနီးရှိ ရွှေသိမ်တော်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ပါသည်။ ထိုသို့သွားရောက်စဉ် စဉ့်ကိုင်မြို့သို့ ဖြတ်သောအခါ 'ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ်ကြီးဆီသို့' ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကို ကျွန်တော်မှ စတင်မြင်တွေ့သဖြင့် ဇနီးဖြစ်သူအား အဲဒီဘုရားက လွန်ခဲ့သော (၅) နှစ်ခန့်က ကျွန်တော်ပြောပြခဲ့သော ဘုရားဖြစ်ကြောင်း၊ ရွှေသိမ်တော်က အပြန် ဝင်ဖူးကြလျှင်ကောင်းမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောရာ ဇနီးဖြစ်သူကလည်း ကျွန်တော် ပြောပြစဉ်ကပင် ဖူးချင်နေခဲ့ကြောင်း၊ အကြောင်းအတိုက် မဆိုင်သဖြင့်မဖူးခဲ့ရကြောင်း၊ ယခုဖူးရကံကြုံပြီဟု အားရပါးရ ပြောဆိုကာ ကျောက်ဆည်မှအပြန် ဝင်ဖူးမည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၆ ခုနှစ်၊ မြစ်ကြီးနားခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်သည် ပလွင်တော်ပေါ်၌ တန်ခိုးတော်ဖြင့် နေရာရွေ့လျားပုံ

ကျွန်တော်တို့လည်း ရွှေသိမ်တော်ဘုရား၌ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် လှူဖွယ်များ ပူဇော်ကန်တော့်ပြီး ရွှေသိမ်တော်မှ ရန်ကုန် - မန္တလေးကားလမ်းမကြီးအထွက်ဘက်ရှိ အကြော်တဲများတွင် အကြော်စား ခေတ္တနားပြီး စဉ့်ကိုင်မြို့သို့ ထွက်ခွာခဲ့ကြပါသည်။

စဉ့်ကိုင်မြို့ရှိရုပ်ရှင်တော်မြတ်ကြီး ပွင့်တော်မူရာ အောင်မြေသို့ လမ်းညွှန်ဆိုင်းဘုတ်အတိုင်း ဝင်သွားရာ ရှေးဦးစွာ '၂၀၀၆ ခုနှစ်မှစ၍ အလိုလျောက်ပေါက်လာသောဗောဓိညောင်ပင်များဆိုသော' ဗိနိုင်းစအရှည်ကြီးနှင့် ညောင်ပင်များကို စတင်တွေ့ရှိရပြီး ဘယ်သို့ကွေ့လိုက်ရာ နေအိမ်အဝင်ဝ၌ ထူးခြားသော သရက်ပင်ကို ထပ်မံတွေ့ရှိရပါသည်။ ဤသို့ဖြင့် နေအိမ်ဝင်းအတွင်းသို့ ဝင်သွားသော အခါ ရုပ်ရှင်တော်မြတ်ကြီးမှာ မြန်မာပြည်အောက်ပိုင်းသို့ ဒေသစာရီကြွချီနေကြောင်းသိရပြီး ပုံတော်များ၊ ထူးခြားဖွယ်၊ အုံဩဖွယ်ကောင်းသည့် မှတ်တမ်းဓာတ်ပုံများ၊ နဂါးမယ်တော်ရုပ်တုနှင့် များလှစွာသော ဖြစ်တော်စဉ်ထူးခြားမှုများကို ကြည်ညိုခွင့်ရခဲ့ရာ လိုက်လံရှင်းလင်းပြောပြသော ဆရာဘိုဘို၏အစ်ကို ကြီး ကိုဝင်းကိုအား စတင်ရင်းနှီးခဲ့ပါသည်။ ရင်းနှီးရသည့်အကြောင်းရင်းမှာလည်း ရုပ်ရှင်တော်မြတ်ကြီးနှင့် ထူးခြားဖွယ်ရာများ၊ မရှင်းလင်းသည်များကို စိတ်ရှည်လက်ရှည်ဖြင့် လိုက်လံရှင်းလင်းပြသခဲ့သောကြောင့် ပိုမို၍ သဒ္ဒါကြည်ညိုစိတ်များဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါသည်။

ထိုနေရာ၌ပင် ရုပ်ရှင်တော်မြတ်ဘယ်တော့ပြန်ကြွလာမှာလဲဟု ဇနီးဖြစ်သူက ဆရာဘိုဘိုထံ မေးမြန်းကြည့်ရာ ယခုနှစ် ၅ လပိုင်းတွင်ပြန်ကြွပြီး မန္တလေးမြို့ပန်းကျင်၌ (၁၂) ရက်ခန့် လှည့်လည် အပူဇော်ခံမည်ဖြစ်ကြောင်း ထို့နောက် အခြားဒေသများသို့ ဆက်လက် ပင့်ဆောင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောပြပါသည်။ ထိုနေ့က ဆရာဘိုဘိုမှ ရေစင်တော်များ ခီးမြင့်ပါသည်။ ကျွန်တော်တို့လည်း ဖြစ်တော်စဉ်သမိုင်းစာအုပ်နှင့် ပူဇော်ကြည်ညိုရန် ဝယ်ယူပင့်ဆောင်ပြီး မန္တလေးသို့ ပြန်လာခဲ့ကြပါသည်။ ထိုနေ့မှစ၍ ရုပ်ရှင်တော်မြတ်ကြီးအား ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်လိုစိတ်များ တဖွားဖွားဖြစ်ပေါ်ခဲ့ရပါသည်။

### ရုပ်ရှင်တော်မြတ်ကြီးအားဖူးမြော်ခြင်း

ကျွန်တော်နှင့်ဇနီးတို့ ၂၀၁၂ ခုနှစ် ၄ လပိုင်းလဆန်းရက်တွင် တစ်ခေါက်၊ နောက်တစ်ပတ်ခန့်တွင် တစ်ခေါက် အောင်မြေသို့ ရောက်ရှိခဲ့သည်မှအပ ထပ်မံ၍မရောက်တော့ဘဲ နေ့စဉ် ဓုံးအလုပ်၊ မိသားစုအလုပ် စသည့် လုပ်ငန်းဆောင်တာများဖြင့်သာ မန္တလေးမြို့၌ အချိန်ကုန်လွန်ခဲ့ပါသည်။ ဘုရားပွဲ

၂၀၀၆ ခုနှစ်၊ မြစ်ကြီးနားခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား သပ္ပာယ်စွာ ဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com

ကျင်းသည့် ၉-၉-၂၀၁၂ ရက်နေ့ ညနေ ပိုင်းတွင်တော့ ရုံးမှလုပ်ဖော်ကိုင်ဖက် အချို့ကိုပါ အကျိုးအကြောင်းပြောပြပြီး ကိစ္စတို့နှင့်အတူ ကားလေးဖြင့် စဉ့်ကိုင် မြို့သို့ ရောက်ရှိခဲ့ပါသည်။ အောင်မြေ့ဦး နားလွန်းလှသော ရုပ်ရှင်တော်မြတ် ကြီးအား ကိုယ်တိုင်ကိုယ်ကျ ဖူးမြော် မြင်း အလျှဒါနပြုခြင်း၊ ကုသိုလ်ပြုခြင်း နှင့် ဆရာဘိုဘို၊ မယ်တော်ကြီး၊ အန်တီ သေးတို့အား ဂါရဝတရားဖြင့် ကန်တော့ ခြင်း ထမင်းဟင်းများ အတူစားသုံးခြင်း များပြုလုပ်ပြီး ရုပ်ရှင်တော်မြတ်ကြီးအား ပြန်ခါနီးတွင် အကြွမ်ကြွမ်အထပ်ထပ် အနီးကပ်၊ အဝေးမှ ဖူးမြော်ရင်း စိတ် အတွင်းမှလည်း လိုသောဆုများကို ဆောင်းကြရာ ကျွန်တော်ကတော့ မန္တလေးမြို့ရှိ နေအိမ်သို့ ရက်ခိုန်အများ ကြီးစောင့်ရတဲ့ ပင့်ဆောင်ဖူးမြော်ခွင့် ကြုံရပါလို၏ဟူသောဆုကို ယုံယုံကြည် ကြည်ဖြင့်တောင်းခဲ့ပါသည်။ ထိုနေ့က စဉ့်ကိုင်မြို့မှ မန္တလေးသို့အပြန် ကားပေါ် တွင် ဘုရားကြီး၏ အံ့သြထူးခြားဖွယ် အစုံစုံကိုပြောဆိုရင်း မန္တလေးမြို့သို့ ရောက်မှန်းမသိ ရောက်ရှိလာခဲ့ပါတော့ သည်။

### ရုပ်ရှင်တော်မြတ်ကြီးအား ပင့်ဆောင်ခွင့် ရရှိခြင်း

ရုပ်ရှင်တော်မြတ်ကြီး၏ ဘုန်း တန်ခိုးကြောင့် ဆရာဘိုဘို၊ မယ်တော် ကြီး၊ အန်တီအေး၊ ကိုဝင်းကို၊ အန်တီ ငွေးတို့နှင့် ကာလတိုအတွင်း ရင်းနှီးမှု ရရှိခဲ့သည်မှာလည်း အံ့အားသင့်ဖွယ် ဖြစ်သည်။ မန္တလေးမြို့သို့ရောက်ရှိတိုင်း ဆရာဘိုဘိုမှ ကျွန်တော့်ထံ ဖုန်းဆက် လေ့ရှိရာ ဆရာဘိုဘို၏ ကျေးဇူးကြောင့် ရုပ်ရှင်တော်မြတ်ကြီး ပင့်ဆောင်ပူဇော် ရာနေရာ တော်တော်များများသို့ ရောက် ရှိဖူးမြော်ရသကဲ့သို့ အလှူဝေငှေးခံ ဘုရား၏သာဝကများနှင့် ရင်းနှီးသိ ကျွမ်းကာ နောင်တွင် ဓာတ်ပုံစွေခွင့် မိတ်သင်္ဂဟများကဲ့သို့ရခဲ့ရသည်။

ဤသို့ဖြင့် ၂၀၁၃ ခုနှစ် ၅ လ ပိုင်းတွင် မန္တလေးမြို့ ငြိမ်းအေးရိပ် နေအိမ်တစ်အိမ်၌ ပင့်ဆောင်ပူဇော် ရောင်ခြည်တော်များ ကွန်မြူနေကြောင်း သိရှိရပြီး ယခုအသက်အရွယ်ထိ ရောင် ခြည်တော်ကွန်မြူးသည်ကို မကြုံဘူး သောကြောင့် ဖူးမြော်လိုသော်လည်း ထိုနေ့က ရုံးတွင်အစည်းအဝေးရှိသဖြင့် သွားရောက်မဖူးမြော်နိုင်ဘဲ ဇနီးဖြစ်သူ ကိုသာ ဖုန်းဆက်ပြီး သွားရောက်ဖူးမြော် စေခဲ့ပါသည်။ ကျွန်တော်ကတော့ ည ပိုင်းမှသာ သွားရောက် ဖူးမြော်ခဲ့ရာ နေ့ လယ်ခင်းသကဲ့သို့ ရောင်ခြည်တော်ကွန် မြူးမှုကို မဖူးတွေ့ရဘဲ တစ်ဆင့်စကား များဖြင့်သာ ကြည်ညိုကျေနပ်ခဲ့ရပါ သည်။

အဆိုပါနေအိမ်၌ပင် နောက်တစ် နေ့ နံနက်(၇)နာရီခန့်၌ ရောင်ခြည်တော် များ ကွန်မြူးနေကြောင်း ဆရာဘိုဘိုမှ ဖုန်းဆက်သဖြင့်သိရှိရပြီး သမီးကြီးအား ကျူရှင်မှကြိုကာ အပြန်တွင် ဝင်ရောက် ဖူးမြော်ရာ တစ်သက်နှင့်တစ်ကိုယ် မကြုံ ဘူးသော ရုပ်ရှင်တော်မြတ်ကြီး၏ ကျော ဘက်နှင့် ပလ္လင်ကြားနေရာမှ ပတ္တမြား ရောင်ကဲ့သို့သောအလင်းတန်းများ လင်း လိုက်၊ မှိန်လိုက်ဖြင့် အမျိုးမျိုးဖြစ်ပေါ် နေသည်ကို CCTV ကင်မရာမှ ရိုက်ကူး သောTVဖန်သားပြင်တွင်လည်းကောင်း၊ ပလ္လင်တော်တွင်လည်းကောင်း ဖူးမြော်ရ ပါသည်။

ထိုနေ့မှာပင် ဇနီးဖြစ်သူက ဆရာ ဘိုဘိုထံ မန္တလေးခရီးစဉ်အတွင်း ရက် ရပါက နေအိမ်သို့ ပင့်ဆောင်ပူဇော်ခွင့် ပြုပါရန်ပြောဆိုရာ စင်ကာပူခရီးစဉ်ရက် နောက်ဆုတ်လျှင် ဖြစ်နိုင်ချေရှိကြောင်း၊ ခန့်မှန်း ၃၀ - ၆ -၂၀၁၃ ရက်တွင် ပင့်ဆောင်နိုင်နေစီစဉ်ထားရန်နှင့် ယနေ့ ည ဖုန်းပြန်ဆက်၍ စုံစမ်းရန်ပြောသဖြင့် ပြောပြီး ထိုနေ့ည၌ပင် စင်ကာပူခရီး နောက်ဆုတ်သဖြင့် မူလပြောထားသည့် ရက်တွင် ပင့်ဆောင်နိုင်ကြောင်း ဇနီး ဖြစ်သူက ဖုန်းဆက်မေးသဖြင့် သိရှိရပါ သည်။

ထိုရက်နောက်တစ်နေ့မှစ၍ နေ အိမ်အတွင်း၊ အပြင် သန့်ရှင်းရေးအား မြို့သစ်တွင်နေသော ညီမဖြစ်သူ၏ အကူ အညီဖြင့် အစွမ်းကုန် မွမ်းမံပြင်ဆင်ကြ

၂၀၁၄ ခုနှစ် ဧရက်ကူအောင်မြေ့၌ ထူးဆန်းစွာရောက်ရှိထားသော ထိပ်ပြာ

၂၀၁၀ ခုနှစ်၊ မန္တလေးခရီးစဉ်တွင် (၃၅) ထပ်။ (၈၇) ထပ်ဆောင့် မင်းထက်တိန်းထမင်းဆိုင်သို့ ပင့်ဆောင်စဉ် ဘုရားဖူးရောက်ရှိထားသော ပန်းစိမ်းအား တွေ့ရှိပုံ



www.burmeseclassic.com

www.burmeseclassic.com

ပါတော့သည်။

**ရွှေက်ကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ကြီးနေအိမ်သို့ ပင့်ဆောင်ခြင်း**

ထိုနေ့က ၃၀-၆-၂၀၁၃ ရက်နေ့ဖြစ်သည်။ ရုံးမှ ဓမ္မစကြာအဖွဲ့နှင့်အတူ အောင်ပင်လယ်ရပ်ကွက်မှတစ်ဆင့် ပင့်ဆောင်ကြပါသည်။ နေအိမ်သို့ရောက်ရှိပြီး (၁၅) မိနစ်ခန့်အကြာ၌ ပဌာန်းများ ရွတ်ဖတ်ပူဇော်စဉ် မည်းပန်း (ပလတ်စတစ်ပန်း) အဖူးများ ပွင့်သွားသည်ကို မယ်တော်ကြီး၊ အန်တီအေး အပါအဝင် ဓမ္မစကြာတစ်ဖွဲ့လုံး ဖူးမြင်လိုက်ရပါသည်။ နေအိမ်ရှေ့ လမ်းမပေါ်တွင်လည်း စက်ဘီး၊ ဆိုင်ကယ်၊ ကားများဖြင့် ဘုရားဖူးရန် စောင့်ဆိုင်းသူများ များသထက်များလာပါသည်။ အိမ်ဝင်းထဲရှိ ထိုင်ခုံများနှင့်မလုံလောက်တော့သောကြောင့် ပတ်ဝန်းကျင်အိမ်များမှ ထိုင်ခုံများ အပြေးအလွှားသွားဌားရပါသည်။

ဘုရားဖူးလာသူများထဲမှ ခွမ်းသာရာဘုရား၏ လူမှုကူညီရေးအသင်းမှ လူတစ်ဦး ပါလာရာ ၎င်း၏ ကူညီပုံပိုးမှုကြောင့် မီးချောင်းအစုံ (၄၀)၊ အရံ (၂၀)၊ ထိုင်ခုံအလုံး (၆၀) ခန့်ကို Light truck ကားဖြင့်လာပို့ပါသည်။ ဘုရား၏တန်ခိုးကြောင့် လိုအပ်ချက်ချက်ချင်းပြည့်ပါသည်။ အဆိုပါ လူမှုရေးအသင်းနှင့် ကျွန်တော်တို့ ယခင်က လုံးဝမသိကြပါ။ နောင်တွင် ၎င်းအသင်း၏ အခမ်းအနားများ၌ ဖိတ်ကြားသဖြင့် သွားရောက်ရသည်အထိ ခင်မင်သွားကြပါသည်။ ထိုနေ့က ညဉ့်နက်သည်အထိ ဘုရားဖူးများမပြတ်ဘဲ လာရောက် ဖူးမြော်ကြပါသည်။ ည (၁၁) နာရီခန့်တွင် လူရှင်းသွားပြီး အိမ်ချင်းကပ်လျက်မှ အနည်းငယ်သာတရားထိုင်ကြပါသည်။ နောက်တစ်နေ့ မိုးလင်းသည်နှင့် နေအိမ်ရှေ့တွင် ဘုရားအား ပန်း၊ ဆွမ်းနှင့် ခဲဖွယ်ဘောဇဉ်များဆက်ကပ်လိုသူများ ရောက်ရှိနေကြပါသည်။ ကျွန်တော့်မိသားစုလည်း ဆွမ်းတော်ကပ်ပြီး ဝမ်းသာကြည်နူးရပါသည်။ ထိုနေ့က အိမ်၌ နဂါးရုံဘုရားဆင်းတုတော်ကြီး တည့်တည့်ရှိရာမှ ရွှေက်ကူဘုရားကြီး ကိန်းဝပ် စံပယ်တော်ရာဘက်သို့ စောင်းသွားပါသည်။ ကန်တော့ပွဲအုန်းညှာမှအရည်များထွက်၍ အညာကျွတ်လာပါသည်။ အုန်းသီး (၁၀၀၀) လျှင် (၁) လုံးမဖြစ်တတ်ဟု သိရပါသည်။ ဒုတိယနေ့တွင်လည်း ဘုရားဖူးများ ပိုမိုလာလာရောက်ကြပါသည်။ တတိယမြောက်နေ့တွင် ရတနာပုံစျေးအနီးရှိ မိသားစုမှ လာရောက် ပင့်ဆောင်သွားပါသည်။

ဘုရားကြီးပင့်ဆောင်သွားသည့် အခါ ရင်ထဲတွင် ဟာတာတာကြီးဖြစ်လို့ ကျန်ခဲ့ပါသည်။ ထိုညနေက ဘုရားကြီးပင့်သွားပြီးသော်လည်း ဘုရားဖူးများ ထပ်ထပ်ရောက်လာသဖြင့် ရတနာပုံစျေးအနီးရှိ လိပ်စာသို့ ညွှန်ဆိုပေးရပါသည်။ ဘုရားပင့်ပြီးနောက် တစ်နေ့တွင် မှတ်တမ်းမတတ်ပုံများကူးရာ ပြင်ပတွင် မမြင်တွေ့ရဘဲ မာတ်ပုံကူးမှပေါ်လာသည့် ဝလုံးသဏ္ဌာန် စမလုံးရောင်ခြည်ဝိုင်းများ နေအိမ်အတွင်း အမြင့်နေရာများ၊ ကန်တော့ပွဲနှင့် လူပုဂ္ဂိုလ်အမျိုး၏ မျက်နှာများတွင် ထင်ရှားရှိနေသည်ကို တွေ့ရှိရခြင်း၊ အဖုံးဖွင့်၍ကပ်ထားသည့် ရေသန့်ဘူးပေါ်တွင် ဒဂါးဝိုင်းပုံသဏ္ဌာန် ငွေဝိုင်းတစ်ခု ထင်ထင်ရှားရှားပေါ်နေခြင်း၊ ညီငယ်၏ ဖုန်းကင်မရာတွင် ရောင်ခြည်တော်များ ကွန့်မြူးနေဟန် နှီ၊ ဝါ၊ စိမ်း၊ ခရမ်း စသည့်အရောင်များ ဖူးတွေ့ရခြင်း အပါအဝင် အခြားခြားသော ယခင်က တစ်ကြိမ်တစ်ခါမျှ ဖူးတွေ့ရဖူးခြင်းမရှိသေးသော ထူးခြားမှုများကို ဖူးတွေ့ရပါသည်။

**ပုစွန်လုံး (ကဏန်း) ရောက်ရှိသေဆုံးခြင်း**

ဘုရားကြွသွားပြီးနောက်တစ်နေ့တွင် ကျွန်တော်တို့နှင့် အလွန်ရင်းနှီးသော မင်္ဂလာစျေးမှ ဒေါ်အေးအေးမြင့်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ၎င်း၏ခင်ပွန်း ကိုမင်းဆန်း၊ ၎င်း၏ ခင်ဗျို့ ရောက်ရှိလာပြီး ဘုရားသမိုင်း ထူးခြားပုံများ၊ မိမိတို့အိမ်တွင် ဘုရားဖူး ပြီး ပြန်ညဉ့် ထူးခြားသည့် အိပ်မက်မြင် ကော်ပုံများ၊ နောင်တွင် ၎င်းတို့အိမ်သို့ ဝင့်ဆောင်လိုပါက မည်ကဲ့သို့ လျှောက် ထားရမည်တို့ သိရှိလိုကြောင်း စသည် ဖြင့် မေးမြန်းရာ ကျွန်တော်တို့လည်း လက်ဖက်ရည်၊ မုန့်များဖြင့် ဧည့်ခံရင်း မိမိတို့အိမ်၌ ကိန်းဝပ်အပ္ပဇော်ခံစဉ် သာမန်မျက်စိဖြင့် မဖူးတွေ့လိုက်ရသည် များကို ဓာတ်ပုံထဲ၌ ဖူးတွေ့ရမှုအား ၎င်းတို့ကိုလည်း ပြသဖူးမြော်စေပါသည်။ ထိုသို့ ဖူးမြော်နေစဉ် အိမ်အဝင်တံခါးမ ကြီးမှတစ်ဆင့် ပုစွန်လုံး (ကဏန်း) တစ်ကောင်ဝင်လာပါသည်။ ထို့နောက် အယောင်းပုဆိုးပေါ်တွင် ၎င်း၏ခြေ နှောင်း၊ လက်ချောင်းများနှင့် ဖယောင်း ပုဆိုးတို့ထိသံများကြားရလောက်အောင် လျှောက်သွားနေသည်ကို တွေ့ရသဖြင့် ဧည့်သည်မိသားစုက ကလေးတွေညှပ် မိုးမယ်ဟုပြောရင်း ခြေထောက်များကို အသီးသီးခုံပေါ် တင်လိုက်ကြပါသည်။ ၎င်းလာသောကဏန်းမှာ ဘုရားကျောင်း ဆောင်ဘေးဝင်းသွားသဖြင့် မည်သူ့ကိုမျှ လည်း အန္တရာယ်မပြုသောကြောင့် ကျွန် တော်တို့လည်း မေ့မေ့ပျော်ပျော်ဖြင့် မူလပြောဆိုလက်စ စကားများကို ပြောဆိုနေကြပြီး (၁) နာရီခန့်အကြာ တွင် ဧည့်သည်မိသားစုလည်း ပြန်တော့ မည်ဟု နှုတ်ဆက်ပြီး ထိုင်ရာမှ ထကြ စဉ် စောစောကဝင်လာသော ကဏန်း ကြီးဘယ်မှာလဲဟူသောအသိဖြင့် ဟိုဟို ဒီဒီ ရှာဖွေကြည့်ကြပါသည်။ သို့သော် လည်း စောစောက ဖယောင်းပုဆိုးပေါ် တွင် ဂွတ်ဂွတ်ကျောက်ကျောက်ဖြင့် အသံ မြည်ကာ သွားလာနေသော ကဏန်း သည် ငြိမ်ချက်သားကောင်းပျောက်နေ သဖြင့် အိမ်ရှင်ကျွန်တော်လည်း ကလေး ငယ်ရှိသောကြောင့် စိုးရိမ်ပြီး လိုက်လံ ရှာဖွေကြည့်ရာ ကဏန်းကြီးသည် ဘုရား ကျောင်းဆောင်အောက်ခြေဘေးတွင် ငြိမ်ချက်သားကောင်းနေသဖြင့် သစ်သား ချောင်းဖြင့်ဖယ်ရှားလိုက်စဉ် လုံးဝမလှုပ် အရှိန်နေသဖြင့် ဧည့်သည့်မိသားစုက -

"ဟယ် - ကဏန်းသေနေတာ ထင်း မသိဘူး"

ဟု ပြောဆိုပါသည်။

ကျွန်တော်လည်း တုတ်ဖြင့် မ, သောအခါ သေနေသည်ကိုတွေ့ရပြီး ဧည့်သည်မိသားစုလည်း အနီးကပ်ကြည့် ရာ စောစောက လတ်လတ်ဆတ်ဆတ် ဝင်လာသော ကဏန်းကြီးသည် အမှန် တကယ်ပင် သေဆုံးနေသည်ကို ထူးထူး ဆန်းဆန်း တွေ့ရပါသည်။ ကျွန်တော် တို့လည်း ရွှေရည်၊ ငွေရည်လောင်းပြီး ကဏန်းကြီးအား လက်ဖြင့်ကိုင်ကာ ဝင်း အပြင်ဘက်သို့ ထုတ်လိုက်ပါသည်။

ထိုအကြောင်းအရာကို နောက် ရက်များ၌ ဆရာဘိုဘိုနှင့် တွေ့ဆုံစဉ် ပြောပြသောအခါ အလားတူဖြစ်စဉ်မျိုး အခြားနေရာများတွင်လည်း ကြုံတွေ့ဖူး ကြောင်း ဘုရားတန်ခိုးတော်ကြောင့် မြင် အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များက ဘုရားပင့် ဆောင်သည့်မိသားစု သိရှိဝမ်းမြောက် စေရန် လက်တွေ့ပြခြင်းဖြစ်ကြောင်း၊ အင်မတန်အကျိုးများကြောင်း စသည် ဖြင့် ပြောပါသည်။ တစ်ကောင်လာသေ သည်ကို စိတ်မကောင်းမဖြစ်စေဘဲ ပိုမို ဝမ်းမြောက်စရာအဖြစ် သိရှိကြစေရန် ယခုကဲ့သို့ ရှားပါးသည့် ဖြစ်စဉ်များကို စုစည်းပြီး စာအုပ်ထုတ်ရန် စီစဉ်ထား ကြောင်း ယခုဖြစ်စဉ်ကိုလည်း ကိုယ်တိုင် ရေးပေးပါရန် ပြောဆိုလာသောကြောင့် အများပြည်သူ ကြည်ညိုသဒ္ဓါပွားများစေ ရန် ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ဘုရားပင့်ပြီး (၂) လခန့်အကြာ တွင် ဝန်ထမ်းဖြစ်သော ဂျွန်တော်တို့ သည် လက်ရှိနေထိုင်ရာမှ မန္တလေးမြို့ ပေါ်ရှိ အခြားတစ်နေရာသို့ ပြောင်းရွှေ့ ကြရာ နေအိမ်ခန်းကျယ်ဝန်းခြင်း၊ ရပ် ကွက်ဆိတ်ငြိမ်ခြင်း၊ ဘုရားကျောင်းကန် နှင့် အလွန်နီးခြင်း၊ ဝန်ထမ်းဘဝတွင် အရင်လူဟောင်းများ အသုံးပြုသော ရေချိုးခန်း၊ အိမ်သာများကို အသုံးပြု လေ့ရှိသော်လည်း ရေအိမ်အသစ်၊ ရေချိုး ခန်းအသစ်များအသုံးပြုရသည်။ သာမန် အရာထမ်းငယ်တစ်ဦးအတွက် အင်မတန် ထူးခြားမှုပင် ဖြစ်ပါသည်။ ဘုရားပင့် ဆောင်ရန် ကြိုတင်ပြင်ဆင်စဉ်က ဝန် ထမ်းအိမ်ရာဖြစ်သော်လည်း ခြုံးခြံမနေ ဘဲ ရက်ရက်ရောရော ပြင်ဆင်ခဲ့ခြင်းများ ၏ အကျိုးကို လက်ငင်းခံစားရခြင်း ဖြစ် မည်ထင်ပါသည်။ ဆက်လက်ပြီးလည်း အကျိုးကျေးဇူးများ ရရှိမှုများရှိပါသည်။

အထက်က ဆိုခဲ့သည့်အတိုင်း ဝန်ထမ်းမိသားစုမှ ဆင်းသက်လာသူပီပီ အခြားသောအရပ်ဒေသများတွင်း ကြား သိ၊ ဖူးမြော်ရမှုခြင်းမရှိသော ထူးခြား အံ့အားသင့်ဖွယ်ရာများကို ဗုဒ္ဓဘုရားရှင် ၏ ရုပ်ပွားတော်တွင် ဗုဒ္ဓဘုရားရှင်ကိုယ် တော်ကြီးအား ဖူးတွေ့ရသကဲ့သို့ ကြည် ညိုဖွယ်ရာ ဖူးတွေ့ရသဖြင့် လူအများ လည်း သာခုခေါ် ဆိုနိုင်ကြပါစေ။ ဗုဒ္ဓ သာသနာတော်ကြီးလည်း ကမ္ဘာတည် သရွေ့ တည်တံ့ခိုင်မြဲပါစေ။ ရွှေကဲကူ မိသားစုကြီးလည်း ကျန်းမာခွာဖြင့် သာသနာတော်ကြီး တည်တံ့ပြန့်ပွား အောင် ဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြု လိုက်ရပါသည်။

❑

နောက်တစ်ခုထူးခြားမှုမှာ ၂၀၁၃ ဖေဖော်ဝါရီ ၅ ရက်နေ့က လားရှိုးမြို့သို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယ ရဲမှူးကြီး လှမျိုးရှိန်၊ ဇနီး ဒေါ်မင်းမင်း ထွေးတို့၏နေအိမ်၌ ပင့်ဆောင်ပူဇော် စဉ်က ဖြစ်ပါသည်။ မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူရာ ဌာနများတွင် အိမ်ရှင်များမှ ယုံကြည်မှု ရှိလျှင်သော် လည်းကောင်း၊ မယ်တော် ကြီး ကျန်းမာရေးကောင်းမွန်နေပြီး အချိန်လုံလောက်မှုလည်းရှိလျှင် အခါ အားလျော်စွာ ရောက်ရှိရာ ဒေသမြို့ရွာ များရှိမြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ် များသို့ သွားရောက်ပြီး နဂါးစာကျွေး ခြင်း၊ အကျွတ်အလွတ်အာဟာရ ဒါန ကျွေးမွေးခြင်းတို့ ပြုလုပ်ပေးလေ့ရှိပါ သည်။ ထို့ကြောင့် ရဲမှူးကြီးမိသားစုမှ ပင့်ဆောင်ပူဇော်သည့်အခါတိုင်း နဂါး စာကျွေးမြဲ၊ အာဟာရဒါန အကျွတ်အ လွတ်အမျှပေးဝေမြဲ ဖြစ်သည့်အတိုင်း ရဲမှူးကြီးမိသားစုနေအိမ်တွင် ထိုစဉ် (၉) နာရီခန့်က သက်သတ်လွတ်အစာအာ ဟာရ (၄) ပွဲပြင်ဆင်၍ မြင်အပ်၊ မမြင် အပ်ပုဂ္ဂိုလ်များကို မယ်တော်ကြီးမှ ဖိတ်ခေါ် တိုင်တည်ပြီး ပရိတ်တရားတော် များ၊ ပဌာန်းဒေသနာတော်များ ရွတ်ပွား ပူဇော်၍ နာကြားစေပါသည်။ ထို့နောက် မေတ္တာပို့၊ အမျှဝေပါသည်။

ပြီးလျှင် အာဟာရဒါနများ ကျွေး မွေးလှူဒါန်းပါသည်။ မယ်တော်ကြီး သည် ကြာဆံကြော်များချထားသော နေရာတွင် ရွှတ်ဖတ်သရဖွာယ်၍နေစဉ် ရဲမှူးကြီး၏ဇနီး ဒေါ်မင်းမင်းထွေးမှ မယ်တော်ကြီးအား အမှတ်မထင်ဓာတ်ပုံ ရိုက်ကူးလိုက်ရာ ဓာတ်ပုံထဲတွင် မယ်တော် ကြီး၏နောက်တွင် အရပ်ရှည်ရှည်နှင့်လူ တစ်ယောက်ရပ်နေသည်ကို ခပ်ဝါးဝါး မြင်တွေ့ရပြီး ထိုနေရာမှ ကြာဆံပွဲတွင် ကြာဆံများ လျော့နည်း၍ သွားသည်ကို ထူးခြားအံ့သြဖွယ်တွေ့ရှိရပါသည်။

ပို၍ထူးခြားသည်မှာ ထိုကြာဆံပွဲ များထားရှိသောနေရာမှာ ခွေးများနှင့်

www.burmeseclassic.com

မလွတ်ပါ။ သို့သော် မည်သည့်ခွေးနှင့် အခြားသော ပိုးမွှားများကမှ ထိုကြာဆံများကို မစားကြခြင်း ဖြစ်ပါသည်။

ထိုညတွင် ဒေါ်မင်းမင်းထွေးမှ ထူးဆန်းသောအိပ်မက်မြင်မက်ပါသည်။ အိပ်မက်ထဲတွင် ဒေါ်မင်းမင်းထွေးထံသို့ လူတစ်စုရောက်ရှိလာပြီး -

"မနေ့ညက အစာလည်းဝအောင် စားရတယ်၊ တရားတွေလည်းနာရတယ်။ အမျှကုသိုလ်တွေလည်း သာဓုခေါ်ရတယ်။ ဒါကြောင့် ကျေးဇူးတင်ကြောင်း လာပြောတာပါ။ အခုလည်း ကောင်းသောဘုံဌာနကို ပြောင်းရွှေ့တော့မှာဖြစ်လို့ လာရောက်နှုတ်ဆက်ခြင်း ဖြစ်ပါတယ်"

ဟု ပြောကြားသွားပါသည်။

နောက်တစ်နေ့နံနက်တွင် -

"မယ်တော်ကြီးရယ် သမီးကတော့ ဒီလောကမှာ မမြင်ရတဲ့ပုဂ္ဂိုလ်သတ္တဝါတွေရှိတယ်။ လူတွေရဲ့ အာဟာရကျွေးမွေးလျှုဒါန်းမှုနဲ့ အမျှပေးဝေမှုကို စောင့်မျှော်နေကြတယ်။ အဲဒါကို သမီးယုံကြည်တယ်"

ဟု ပြောပါသည်။

နောက်တစ်ခုထူးခြားမှုမှာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်ခန့်တွင် ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့စက်မှု (၂) ရန်ကုန် - မန္တလေးကားလမ်းမကြီးနံဘေး အရှေ့ဘက်ခြမ်း ဘိုးရာဇာလမ်းနှင့် ဇဝရတ်လမ်းကြားရှိ ရတနာပုံသတင်းစာတိုက် တပ်မှူးဗိုလ်မှူးဆန်းဝင်းဇင်း ဒေါ်နန်းစိုးတို့မှ ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။

ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူပြီးသော ပထမနေ့ညနေစောင်းအချိန်တွင် ရတနာပုံသတင်းစာတိုက်ကွန်ပျူတာဌာနမှ တပ်ကြပ်ကြီး ဇော်ဇော်ဦးသည် ဘုရားခန်းအတွင်း၌ အသက် (၈၀) ခန့် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော အဘိုးတစ်ဦးနှင့် အသက် (၃၀) ကျော် လူလတ်ပိုင်းအရွယ် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသူ လူရွယ်တစ်ဦးတို့ ရောက်ရှိနေပြီး ဘုရားဝတ်ပြုနေသည်ကို တွေ့ရှိရပါသည်။ ထူးခြားသော ဝတ်စားဆင်ယင်မှုများဖြစ်ပါ၍ တပ်ကြပ်ကြီး ဇော်ဇော်ဦးလည်း ထိုပုဂ္ဂိုလ်နှစ်ဦးကို သတိပြုကာကြည့်နေမိပါသည်။ ၎င်းတို့ ဘုရားဝတ်ပြုပြီးသောအခါမှ ၎င်းတို့ကို မိတ်ဆက်စကားပြောကြားရန် စိတ်ကူးထားလိုက်သည်။ ထိုပုဂ္ဂိုလ်နှစ်ဦးကို အကြည့်လွှဲဖယ်ပြီး အခြားသည့်သည်များ၏ မေးမြန်းချက်တို့ကို ပြောကြားရပါသေးသည်။ ထို့နောက် ထူးခြားသော ပုဂ္ဂိုလ် (၂) ဦးကိုကြည့်လိုက်ရာ မတွေ့ရတော့ပါ။ တပ်ကြပ်ကြီး ဇော်ဇော်ဦးမှ ဘုရားခန်းအတွင်းရှိ အခြားသူများကို မေးမြန်းစုံစမ်းကြည့်ပြန်ရာ ထူးခြားသော ပုဂ္ဂိုလ်နှစ်ဦးကို မြင်တွေ့လိုက်သူမရှိကြောင်းသိရ၍ အံ့သြမဆုံးဖြစ်နေမိပါသည်။

တစ်ဖန် ဤရတနာပုံသတင်းစာတိုက်တပ်တွင်းမှပင် မနီလာထွေးဆိုသည့် ရဲမေသည်လည်း ဘုရားဖူးလာရောက်သော ဧည့်သည်များကို ကြိုဆိုရေးတာဝန်ဆောင်ရွက်နေရာမှ အမှတ်မထင် ဘုရားခန်းအတွင်းသို့ လှမ်းကြည့်မိရာ ဘုရားခန်းတွင် ဘုရားဖူးဧည့်သည်များနှင့်ရောနှော၍ ထူးခြားသောပုဂ္ဂိုလ်နှစ်ဦးကို မြင်တွေ့လိုက်ရပါသည်။ တစ်ဦးအသက်(၈၀)ကျော်ခန့်ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦးဖြစ်ပြီး တစ်ဦးမှာ အဖြူရောင်ဝတ်စုံဆင်မြန်းထားသော အသက် (၂၀) ဝန်းကျင် ငယ်ရွယ်နုပျိုချောမောသောမိန်းကလေးတစ်ဦးဖြစ်နေပါသည်။ ဤမိန်းကလေးနှင့် ဤအဘိုးသည် တပ်တွင်းမှ မဟုတ်ကြပါ။ မိမိတို့တပ်တွင် လူ (၅၀) ကျော် မျှသာရှိရာ ဗီဒိုခေါက်ထိုင်သူ သက်ကြီးရွယ်အိုများနှင့်တကွ ရင်ခွင်ပိုက်ကလေး ငယ်များအထိ မသိသူတစ်ယောက်မျှမရှိပါ။

ဝတ်ဖြူစင်ကြယ်ဝတ်နှစ်ဦးမှာ မိမိတို့တပ်တွင်းမှမဟုတ်။ ပြင်ပဧည့်သည်များသာဖြစ်ပါလိမ့်မည်။ ပြင်ပဧည့်သည် ဆိုလျှင် ဝင်ပေါက်မှာ တစ်ခုတည်းသာရှိ၍ ၎င်းတို့ဝင်လာစဉ်က ထူးခြားသော အဝတ်အစားများကြောင့် သတိပြုမိဖြစ်ပါသည်။ သို့သော် ၎င်းတို့ကိုဝင်လာစဉ်က မတွေ့လိုက်ရဘဲ ယခုမှတွေ့မြင်ခြင်း ဖြစ်၍စဉ်းစားစရာဖြစ်နေပါသည်။ဘုရားဖူးဧည့်သည်များမှာလည်း တဖွဲဖွဲအဆက်မပြတ်လာရောက်လျက်ရှိနေ၍ မနီလာထွေးလည်း ဧည့်သည်များကို ကြိုဆို၍ ဘုရားဖူးရာ၌ အဆင်ပြေစေရန် ဆောင်ရွက်ပေးနေရပါသည်။

ဧဏအကြာတွင် မနီလာထွေးသည် ထူးခြားသော ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်နှစ်ဦးကို ကြည့်ရှုလိုက်ရာ မတွေ့မြင်ရတော့ဘဲပျောက်ကွယ်သွားပါတော့သည်။ မိမိသည် တပ်ပေါက်မှာရှိနေပါ၍ ပြန်အထွက်တွင် တွေ့ရှိရမည်ဖြစ်သော်လည်း ယခုမူ တစ်ဧဏအတွင်းမှာပင် ပြန်ထွက်သွားသည်ကို မတွေ့မြင်လိုက်ရဘဲ ဘုရားခန်းအတွင်းမှာပင် ပျောက်ကွယ်သွားပါ၍ ထူးဆန်းလှပါသည်။

ရုပ်ရှင်တော်မြတ်သည် ဗိုလ်မှူးဆန်းဝင်း၊ ဒေါ်နန်းစိုးတို့၏ နေ့အိမ်သို့ ရောက်ရှိတော်မူချိန်မှစ၍ မကြာခဏ ပြုံးတော်မူခြင်း၊ မျက်လုံးတော်ဖွင့်တော်မူခြင်း၊ ရောင်ခြည်တော်ကွန့်မြူးတော်မူခြင်းတို့ ဖြစ်ပွားလျက်ရှိရာ ဘုရားဖူးပရိသတ်တို့လည်း အထူးစည်ကားလှပါသည်။ ဗိုလ်မှူးဆန်းဝင်းသည် ရခိုင်တိုင်းရင်းသားဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို အထူးယုံကြည်ကိုးကွယ်၍ ရုပ်ရည်မှာလည်း မြန်မာနှင့်မခြားသောကြောင့် ဗမာ - ရခိုင်စစ်စစ်ဖြစ်ပါလိမ့်မည်။ ဒေါ်နန်းစိုးမှာ ပအိုဝ်တိုင်းရင်းသားဖြစ်၍ အာသာတရားကိုးကွယ်ကိုင်းရှိုင်းမှုမှာ ဆိုဖွယ်ရာမရှိပါ။

ညပိုင်းတွင်လည်း တပ်တွင်းမိသားစုများဖြင့် ညဦးနက်သည့်တိုင် စည်ကားလျက်ရှိရာ ဗိုလ်မှူးတို့မိသားစုလည်း ဝမ်းသာစိတ်ဖြစ်၍ မဆုံးရှိနေကြပါသည်။ မနီလာထွေးသည်လည်း ဗိုလ်မှူးတို့နေအိမ်တွင် ဘုရားဝေယျာဝစ္စများနှင့် မယ်တော်ကြီးတို့၏ ဝေယျာဝစ္စများကို ညဦးနက်သည့်တိုင် ဆောင်ရွက်ပြီးမှ ၎င်းနေထိုင်ရာ လိုင်းခန်းသို့ပြန်၍ အိပ်စက်ရပါသည်။

မနီလာထွေးမှာ ထိုညဥ်ထူးဆန်းသောအိပ်မက်မြင်မက်ပါသည်။အိပ်မက်ထဲတွင် အပြင်နေ့ခင်းက အတိုင်းပင် မနီလာထွေးသည် တပ်ပေါက်ဝတွင် ဘုရားဖူးဧည့်သည်များကို ကြိုဆိုဖိတ်ခေါ်၍နေပါသည်။ အချို့မှာ ရုပ်ရှင်တော်မြတ်မှာ ဖူးတွေ့ခွင့်ကြုံကြိုက်ရန် ခက်ခဲသောကြောင့် သတင်းကြားသည်နှင့် တကူးတက လာရောက်ခဲ့ကြရခြင်း ဖြစ်သော်လည်း စစ်တပ်အတွင်းဖြစ်နေ၍ မဝင်ရဲဘဲရှိကြပါသည်။ ထို့ကြောင့် တပ်ပေါက်ဝသို့ရောက်လာကြသူမှန်သမျှကို ဝင်ပါ၊ လာပါ၊ ဖူးလို့ရပါတယ်ဟု ကြိုဆိုပေးကြရခြင်း ဖြစ်ပါသည်။

ထိုစဉ် တပ်ပေါက်ဝသို့ အသားအရေ ဖြူဖွေးစိမ်းမြလျက် တံကောက်ကွေးအထိ ဆံပင်တို့ ဖြေချထားသော ရှည်ရှည်သွယ်သွယ် မိန်းကလေးတစ်ဦး ရောက်ရှိလာပါသည်။ အစိမ်းရောင် ဇာဝမ်းဆက်ဝတ်ဆင်ထားပြီး စိန်ထည်၊ ရွှေထည် လက်ဝတ်ရတနာအပြည့်အစုံ ဆင်မြန်းထားပါသည်။ အရွယ်အားဖြင့် (၂၅) နှစ်နှင့် (၃၀) နှစ်ကြားသာမျှပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မျက်လုံးတို့မှာလည်း အရောင်အဝိတ်ဖိတ်လက်လျက် ထူးထူးခြားခြား အောမောလှပသော မိန်းကလေးတစ်ဦးဝင် ဖြစ်ပါသည်။

မိန်းကလေးသည် မောပန်းနွမ်းနယ်နေဟန်ရှိပြီး အဖော်မပါ တစ်ယောက်တည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် မနီလာထွေးသည် မိန်းကလေးဘေးလက်ကို ဆွဲကိုင်လိုက်ရာ ရေခဲတမျှ အေးစက်နေပြီး တစ်ကိုယ်လုံးပင် ကျဉ်တက်သွားပြီး ကြက်သီးများထသွား၍ နှုတ်တရက်ထိတ်လန့်သွားပြီး လက်ကို လွှတ်ချလိုက်ပါသည်။ ထိုမိန်းကလေးမှ-

"ကျွန်မ သံလွင်မြစ်ရဲ့ တစ်ဖက်ကမ်း ကရင်ပြည်နယ်တောနက်ကြီးထဲကလာခဲ့ရတာ လမ်းမှာနယ်တွေအများကြီးကို ခွင့်တောင်းပြီး ဖြတ်လာရတာ မောလိုက်တာ"

ဟု ပြောရာ မနီလာထွေးမှ -

"ကျွန်မတို့လည်း ဒီလိုပါပဲ၊ အဆင်ပြေမှုတွေများနေလို့ မွန်းကျပ်ပြီး မောလှပါပြီ"

ဟု ဆိုသောအခါ-

"ကြဲကြဲခံပြီးတောင့်ထားပါ။မကြာခင် အေးချမ်းသွားပါလိမ့်မယ်။ ရွှေကံကုဘုရားကြီးကြွလာပြီပဲ။ ဆုတောင်းပါ"

ထို့သို့ အားပေးစကားပြောကြားပါသည်။ ထို့နောက် -

"အမောပြေသွားပြီ။ ဘုရားဖူးချေဦးမယ်"

ဟု ဆိုကာ တပ်အတွင်းသို့ ဝင်သွားပါသည်။ အတန်ကြာသော် မနီလာထွေးမှ ဗိုလ်မှူးအိမ်ပေါက်ဝသို့ ရောက်ခဲ့သွားပြီဖြစ်သော မိန်းကလေး၏ နောက်ကျောကို လှမ်းကြည့်လိုက်ရာ ကြည့်နေဆဲခဏမှာပင် မိန်းကလေးသည် လူအသွင်မှ နဂါးကြီးအသွင်သို့ ပြောင်းလဲသွားပြီး ဗိုလ်မှူးအိမ်အတွင်းသို့ ဝင်ရောက်သွားပါသည်။ ထို့နေရာ အရောက်တွင် မနီလာထွေးလည်း အိပ်ရာမှလန့်နိုးလာပါသည်။

မနီလာထွေးသည် နံနက်စောစောပင် ဗိုလ်မှူးအိမ်သို့ အပြေးသွားပြီး အန်တီအေး၊ မယ်တော်ကြီး၊ ဗိုလ်မှူးဆန်းဝင်းနှင့် မနန်းစိုးတို့ကို ဝမ်းသာအားရ အိပ်မက်အကြောင်းကို ပြောပြရာ အားလုံး အံ့သြလျက်ရှိပါသည်။ ယခုတော် ယနေ့အချိန်အခါတွင် လက်ကိုင်ဒုန်းများပေါများလျက်ရှိရာ ဖုန်းတိုင်းတွင် ကင်မရာပါရှိသည်ဖြစ်၍ ရုပ်ရှင်တော်မြတ်အား ဓာတ်ပုံရိုက်ကူးကြသည်သာဖြစ်ရာ မနီလာထွေးလည်း ၎င်း၏လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးရာ ရုပ်ရှင်တော်မြတ်၏ နံဘေးတစ်ဖက်တစ်ချက်တွင် စိမ်းတောက်လျက်ရှိသော နဂါး (၂) စီး ပေါ်ပေါက်နေပါသည်။

ထိုအခါ အခြားသူများလည်း ဓာတ်ပုံရိုက်ကူးကြပြန်၏။ သို့သော် အခြားသူများ၏ ဖုန်းကင်မရာတွင် နဂါးပုံများမပေါ် သဖြင့် ပို၍ထူးဆန်းလှပါ၏။ ထိုသို့ ထူးဆန်းမှုများဖြစ်ပေါ် သောအခါ ဘုရားဖူးပရိသတ်များမှာ တစ်ယောက်စကားတစ်ယောက်နားဖြင့် ပို၍စည်ကားလာရာ ကျိတ်ကျိတ်တိုးမျှပင် ဖြစ်သွားပါတော့၏။

နောက်တစ်နေ့တွင် ရုပ်ရှင်တော်မြတ်အား စစ်ကိုင်းမြို့ ပွင့်သစ်ခြကွက် စာဆိုင်မှ ဦးစန်းမောင်၊ ဒေါ်စန်းစန်းဌေးတို့မှ ဆက်လက်ပင့်ဆောင်ရာ ဗီဒီယိုရိုက်ကူးရေးအဖွဲ့ ပါရှိလာ၍ ဗိုလ်မှူးဆန်းဝင်းတို့မိသားစုရေစက်ချနေခြင်းကို ရိုက်ကူး၍နေစဉ် ရုပ်ရှင်တော်မြတ်၏ ဦးတော်နေရာမှ နားပန်တော်ထိတိုင် ဆီးဖြူသီးခန့် ရွှေရောင်ရောင်ခြည်တော် အလုံးကြီးတက်သွားပြီး ခရမ်းရောင်ခြည်တော်အလုံးများစွာထွက်ပေါ် လာလေရာ မယ်တော်ကြီးမှ ရှေ့ကတိုင်ပေးသည်ကို နောက်မှလိုက်ဆိုနေကြသော ပရိသတ်ကြီးပင် ဆက်၍မဆိုနိုင်ကြတော့ဘဲ 'ရောင်ခြည်တော်၊ ရောင်ခြည်တော်' ဟူ၍ အော်ကြပြီး ဆူညံသွားကာ ဓာတ်ပုံများ ရိုက်ကူးကြပါသည်။

ထိုအချိန်တွင် ဗီဒီယိုရိုက်ကူးနေချိန်ဖြစ်၍ ရုပ်ရှင်တော်မြတ်၏ ရောင်ခြည်တော်ကွန့်မြူးတော်မူပုံကို ဗီဒီယိုမှတ်တမ်း အမိအရ ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ထို့မှတ်တမ်းတင်ဗွီဒီယိုကို ကြည့်ရှုဖူးမြော်လိုပါက ဦးစန်းမောင်၊ ဒေါ်စန်းစန်းဌေး ပွင့်သစ်ခြကွက်စာဆိုင်စစ်ကိုင်းမြို့ (၀၉-၆၈၁၈၁၄၅) ထံတွင် ရရှိနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ရုပ်ရှင်တော်မြတ်ပြန်လည်ကြွမြန်းတော်မူသွားပြီး နောက်တစ်နေ့လည်နေပိုင်းတွင် ဗိုလ်မှူးဆန်းဝင်းနှင့် ဒေါ်နန်းစိုးတို့သည် မိမိတို့တပ်တွင်းမှ ရုပ်ရှင်တော်မြတ်ကို ဓာတ်ပုံရိုက်ကူးလိုက်သူမှန်သမျှ၏ ဖုန်းကင်မရာများအားလုံးကို ဆင့်ခေါ်၍ လက်တော့ပ်နှင့် ချိတ်ဆက်ကာ ပုံတော်များကို ကြည့်ရှုဖူးမြော်ရင်း လက်တော့ပ်တွင် သိမ်းဆည်းပါသည်။

လူအများပိုင်းအုံကြည့်ရှုဖူးမြော်ကြပြီး ထူးခြားသော ပုံတော်များစွာတို့ကို တွေ့ရှိကြရာ ဟင်ခနဲ၊ ဟာခနဲ အံ့သြ၍နေကြပါသည်။ ထိုသို့ လူများဆူညံလျက်ရှိစဉ် ထူးဆန်းလှသော (၃) ပေအရှည်ရှိ မြွေတစ်ကောင် အိမ်အတွင်းသို့ ဝင်လာပါသည်။ လူများက ခြောက်ထုတ်သော်လည်း မြွေသည် အပြင်သို့ပြန်ထွက်မသွားဘဲ ရေခဲသေတ္တာအောက် ဝင်ပြီးခွေနေပါတော့သည်။ လောလောဆယ်တွင် အမျိုးသမီးများနှင့် ကလေးငယ်များသာရှိနေ၍ မြွေကိုဆွဲမထုတ်ရဲကြဘဲ အိပ်ခန်းအတွင်းသို့ ဝင်မသွားစေရန် စောင့်ကြပ်၍နေကြရပြီး ခဲ့ဘော်တစ်ယောက်ရောက်ရှိလာသောအခါမှ ထိုမြွေကို ညှပ်ဖြင့်ဆွဲထုတ်စေရာ မြွေသည် လှုပ်ရှားခြင်းမရှိဘဲ အလိုက်သင့်ပါရှိလာသဖြင့် သေသေချာချာ စစ်ဆေးကြည့်ရှုလိုက်ရာ အသက်မရှိတော့ကြောင်း တွေ့ရပါသည်။

အထက်ပါ အကြောင်းအရာများကို ဆက်စပ်တွေးယူကြည့်မည်ဆိုလျှင် ဝတ်ဖြူစင်ကြယ်နှင့် ပဂ္ဂိုလ် (၄) ဦးလာရောက်၍ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကန်တော့သွားကြသည်ကို တွေ့ရှိလိုက်ရသည်။ မနီလာထွေး၏ အိပ်မက်ထဲတွင် အမျိုးသမီးတစ်ဦး ရုပ်ရှင်တော်မြတ်ကို လာရောက်ဖူးမြော်ပြီး လူအသွင်မှ နဂါးအသွင်သို့ပြောင်းသွားသည်။မနီလာထွေး ရိုက်ကူးသောဓာတ်ပုံတွင် နဂါးနှစ်စီးပေါ် ပေါက်သည်။ နောက်တစ်နေ့တွင် မြွေတစ်ကောင်လာရောက်သေဆုံးသည်။ ထိုအကြောင်းအရာတို့သည် ကွင်းဆက်များသဖွယ် ဖြစ်ပွားပေါ် ပေါက်ခြင်းဖြစ်ပါ၍ အဓိပ္ပာယ်ရှိလှပါသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များ လာရောက် ဖူးမြော်ကြခြင်းနှင့် ကျွတ်တမ်းဝင်ကြခြင်းများသည် အမှန်တကယ်ပင်ဖြစ်နေပါ၏။

ရုပ်ရှင်တော်မြတ်သည် ဒေသစာရီခရီးစဉ်များမနားတမ်းကြွမြန်းတော်မူခဲ့သည်မှာ (၁၀) နှစ်ကျော်မျှရှိခဲ့ပြီ ဖြစ်ကာ မြို့ရွာဒေသတို့လည်း များပြားလှပြီဖြစ်ရကား ထူးဆန်းအံ့သြဖွယ်အဖြစ်တို့လည်း များစွာကြုံတွေ့ခဲ့ရပါ၏။ ဤဆောင်းပါးမှလည်း ရှည်လျားခဲ့ပြီဖြစ်၍ ကျန်ရှိသောဖြစ်အပျက်တို့ကို အလျဉ်းသင့်သောအခါမှ ဆက်လက်တင်ပြပါမည့်အကြောင်း စာဖတ်သူများအား မေတ္တာရပ်ခံရင်း ဤမျှနှင့် ရပ်နားလိုက်ရပါသတည်း။

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

**မေတ္တာ၏စွမ်းအား**

မေတ္တာ၏ အားအစွမ်း ဟူသည် အချိန်ကာလများစွာ ထုံမွှမ်းထားသော မေတ္တာ၏အာနုဘော်သတ္တိပင် ဖြစ်သည်ဟု စရိယာပိဋကတ်၌ အဋ္ဌကထာဆရာ ဖွင့်ဆိုပြ၏။ ယင်းဖွင့်ဆိုချက်အရ မေတ္တာ၏ အစွမ်းသတ္တိအားကောင်းဖို့ အင်အားကောင်းရမည်။ထိုသို့ အင်အားကောင်းသော မေတ္တာဖြစ်ရန်အတွက် အချိန်ကာလများစွာ လေ့ကျင့်ထုံမွှမ်းပို့သထားရမည်။ ပြတ်တောင်းပြတ်တောင်းနှင့်သတိရမှထ၍ပို့သောမေတ္တာမျိုးမဟုတ်ရ။

ထိုသို့ အားကောင်းသော မေတ္တာဖြစ်နေစေရန် -

- အဖန်ဖန်အထပ်ထပ် ပို့သအပ်သောမေတ္တာ (အာသေဝိတာယ)

- ထပ်တလဲလဲပွားများအားထုတ်ထားသောမေတ္တာ (ဘာဝိတာယ)

- အကြိမ်ဖန်များစွာ မှီဝဲအပ်သောမေတ္တာ (ဗဟုလီကတာယ) များဖြစ်ဖို့လိုသည်ဟု ဟောတော်မူ၏။

(အံ-၃-၁)

ထိုသို့ အင်အားကောင်းသော မေတ္တာမျိုးကို ဗုဒ္ဓလောင်းလျာဘဝမှာပင် အားထုတ်တော်မူခဲ့ဖူးပြီး ထိုမေတ္တာအစွမ်းသတ္တိနှင့် ရန်သူဖြစ်သော ရှင်ဘုရင်ကိုပင် အောင်နိုင်ခဲ့ဖူးသည်။

ဗုဒ္ဓမြတ်စွာအလောင်းလျာဘဝက ဘရာဏသီပြည်မှာ အုပ်ချုပ်မင်းလုပ်ခဲ့ဖူးသည်။ တစ်နေ့မှာ ရန်သူမင်းတစ်ပါးက ဘရာဏသီပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် ချီတက်လာ၏။ ဘရာဏသီမင်း၏ မျူးမတ်ဗိုလ်ပါများက ရန်သူမင်းကို ခုခံတိုက်ခိုက်ခိုင်းဖို့ ဘရာဏသီမင်းထံ အခွင့်တောင်းခံကြသည်။

# တိုးတောင်-အရှင်ရေမြို့ပြ (ရှေ့)

## ဘရားအားလုပ်သူတစ်ယောက်အကြောင်း-၁၉

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဗာရာဏသီမင်းက -
"ငါသည် သူတစ်ပါးတို့ကို
ညှဉ်းဆဲသတ်ဖြတ်ပြီးမှ ရနိုင်သည့်
မင်းစည်းစိမ်ကို အလိုမရှိ"
ဟု ငြင်းပယ်ကာ မြို့တံခါး
အားလုံးကိုဖွင့်စေပြီး မနုဿဘုရန်
စစ်သည်ဗိုလ်ပါတို့အား အမိန့်
ပေးလိုက်သည်။
ရန်သူမင်း၏ စစ်သည်
ဗိုလ်ပါများလည်း မြို့တံခါးဖွင့်ပြီး
အခုအခံမဲ့သော ဗာရာဏသီ
ပြည်ကို အလွယ်တကူသိမ်းပိုက်
ကာ ဗာရာဏသီမင်းနှင့်တကွ



www.burmeseclassic.com

www.burmeseclassic.com

စစ်သည်ထိုလိပါအပေါင်းတို့ကို အကျဉ်းချထားလိုက်လေသည်။

ဗာရာဏသီမင်းကား ရန်သူမင်းကို အမျက်မပွားဘဲ အကျဉ်းထောင်အတွင်းမှ မေတ္တာပွားပို့လျက်သာနေတော်မူ၏။

ယင်းသို့ မေတ္တာပွားပို့နေသော ဗာရာဏသီမင်း၏ မေတ္တာအားအစွမ်းကြောင့် ရန်သူမင်း၏ ခန္ဓာကိုယ်မှာ အလွန်ပူလောင်နေသည်။ ခန္ဓာကိုယ်လုံးကြီးအပေါ်၌ ကောင်းကင်မှဥဇ္ဇာပျံကြီး ကျရောက်ပြီး မီးလောင်နေသည့်နှယ် ကြီးစွာ ပူလောင် ဆင်းရဲ ဒုက္ခကြုံရလေသည်။

ထိုအခါမှ ရန်သူမင်းလည်း အကျိုးအကြောင်း လေ့လာ စုံစမ်းပြီး အကြောင်းစုံသိရသောအခါတွင် ဗာရာဏသီမင်းထံ သွားရောက် တောင်းပန်ဝန်ချလေ၏။ ထို့နောက် ဗာရာဏသီမင်းကို အချုပ်အနှောင်မှလွတ်စေပြီး မင်းအဖြစ် ပြန်လည်တင်မြှောက်ပေးကာ မိမိတိုင်းပြည်သို့ပြန်သွားလေတော့သည်။

(ဇာတက၊ သေယျဇာတ်၊ ၂-၃၉၅)

ဤဇာတ်တော်၌ ဘုရားအလောင်းတော်၏ မေတ္တာအားအစွမ်းသတ္တိကိုသိရှိနိုင်၏။ ရန်သူတပ်ခြီတက်လာစဉ်ကပင် မိမိ၏စစ်သည်ခရမက်များအား ရန်သူကို ခုခံတိုက်ခိုက်ခွင့်မပေးဘဲ မြို့တံခါးကို အရန်သင့်ဖွင့်ပေးထားခြင်း၊ ဘုရားလောင်းလျာဖြစ်နေခြင်းတို့ကို ထောက်ဆကြည့်ပါက ဗာရာဏသီမင်းမှာ မေတ္တာကို အခိုင်ကာလများစွာ အဖန်ဖန်မှီဝဲအားထုတ်နေသူ ဖြစ်၏။ ထို့ပြင် ဗာရာဏသီမင်းမှာ သီလဝန္တပုဂ္ဂိုလ်၊ သီလရှိသော ပုဂ္ဂိုလ်ဟု ဖွင့်ဆိုပြ၏။ ထိုသို့ သီလရှိခြင်း၊ မေတ္တာကို အဖန်ဖန်အထပ်ထပ် ပွားများအားထုတ်ခဲ့ခြင်းကြောင့် ရန်သူမင်းမှာ ဗာရာဏသီမင်း၏ မေတ္တာအားအစွမ်းကိုမခံနိုင်ဘဲ ခန္ဓာကိုယ်လုံးပူလောင်ရခြင်းပင် ဖြစ်၏။

သို့အတွက် မေတ္တာအားအစွမ်းရှိရန်မှာ သီလသိက္ခာထက်မြတ်ဖို့ လိုအပ်ကြောင်းကိုလည်း သိရှိထားရမည်။

သို့သော် ဗာရာဏသီမင်းက မေတ္တာပို့သရာ၌ ရန်သူမင်းအပေါ်မှာ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးရန်ကင်းဝေးပါစေ စသော မေတ္တာဘာဝနာများဖြစ်ပါလျက် ရန်သူမင်း၌ အဘယ်ကြောင့် ခန္ဓာကိုယ်ကြီးမီးလောင်သလို ပူလောင်နေရသနည်းဟု မေးခွန်းထုတ်စရာရှိပါသည်။

အဖြေမှာ -

မေတ္တာဘာဝနာ ဖြန့်ဝေနေခြင်းသည် -

မိမိကိုယ်ကို လုံခြုံစေခြင်း၊ မိမိကိုယ်ကို စောင့်ရှောက်စေခြင်း၊ မိမိ၏ အရံအတားကိုပြုခြင်းဖြစ်သည်ဟု စူဠဝါဝိဠိတော်ကိုထုတ်ပြခဲ့ပြီး ဖြစ်၏။

သို့အတွက် ဗာရာဏသီမင်း၏ မေတ္တာမှာ မိမိအတွက် လုံခြုံစောင့်ရှောက်ခြင်းကိုဖြစ်စေသလို ရန်သူမင်းအတွက်မှာလည်း အကုသိုလ်ဒုစရိုက်မှုကြီးများကို ဆက်လက် ကျူးလွန်ခြင်းမှ လွတ်ကင်းစေပြီး အပါယ်ဘေးမှချမ်းသာရာရရှိသွားပြီဟုမှတ်ယူနိုင်ပေသည်။

**ရဟန်းနှင့်မြွေ**

မြတ်စွာဘုရားရှင်လက်ထက်တော်က ရဟန်းတစ်ပါးမြွေကိုက်ခံရပြီးပျံလွန်တော်မူခဲ့၏။ ထိုအကြောင်းကို ဘုရားရှင်သိတော်မူသောအခါ -

"ရဟန်းတို့၊ ပျံလွန်တော်မူသော ရဟန်းသည် မြွေမျိုးတို့ကို အာရုံပြု၍ မေတ္တာပို့ခဲ့လျှင် မြွေကိုက်မခံရရာ"

ဟု မိန့်တော်မူပြီး 'ခက္ခဇတ်' ကို ဟောကြားတော်မူသည်။

သတ္တဝါအပေါင်းမှာ မြွေသတ္တဝါသည် အဆိပ်ကိုမှီ၍ အမျက်ဒေါသအင်မတန်ကြီး၏။ အမျက်ရန်ပြုကြီးခြင်းသည် ဒေါသကြောင့်ဖြစ်၏။ ဒေါသကို အဆိပ်ပြင်းသောမြွေနှင့်ပုံခိုင်းနှိုင်းပြလေရှိသည်။ အဆိပ်ပြင်းသည့်မြွေကိုက်ခံရလျှင် သေဆုံးတတ်သလို အမျက်ဒေါသဖြစ်လာလျှင် အကုသိုလ်ပွား၏။

သို့ဖြစ်ရာ မြွေကိုက်မခံရအောင် တောစီးဖိနပ် စသည်စီးပြီး ကာကွယ်နိုင်သလို ဒေါသအမျက်မထွက်အောင် မေတ္တာပွားပြီး ကြိုတင်ကာကွယ်ထားရသည်။

မြွေပါသတ္တဝါသည် မြွေကိုနိုင်၏။ မြွေအနီးသို့ ချဉ်းကပ်သောအခါ ကိုယ်ကာဆေးရွက်ကို ကြိုတင်စားပြီး မိမိခန္ဓာကိုယ်ကိုထုံသွားအောင်ပြုပြီးမှ ချဉ်းကပ်၏။ ကိုယ်ကာဆေးရွက်၏ အစွမ်းကြောင့် မြွေကိုက်သော်လည်း အဆိပ်မသင့်နိုင်တော့ပေ။ ထိုနည်းတူစွာ ကမ္မဋ္ဌာန်းတရားအားထုတ်သည့်ပုဂ္ဂိုလ်မှာလည်း အမျက်အာဃာတကြီးသူ၊ ရန်ပွားသူ၊ မညီမညွတ်အောင်ပြုတတ်သူ၊ ငြင်းခုံခိုက်ရန်ဖြစ်တတ်သူ၊ ဆန့်ကျင်ဘက်ပြုတတ်သူများနှင့် ထိတွေ့ဆက်ဆံရသည့်အခါ မေတ္တာဆိုသည့်ဆေးကို မိမိစိတ်အစဉ်တွင် မပြတ်လိမ်းကျံထားသင့်သည်ဟု 'မိလိန္ဒပဉှာ' တွင် ဖွင့်ဆိုသည်။

မြတ်စွာဘုရားရှင်က ခဏ္ဍာသုတ်၌ -

ရဟန်းတို့ မိမိကိုယ်ကို လုံခြုံစေခြင်း၊ စောင့်ရှောက်စေခြင်း၊ အရံအတားပြုခြင်းတို့အလိုငှာ မြွေမင်းလေးမျိုးတို့ကို မေတ္တာပို့ရန် ငါဘုရားခွင့်ပြုတော်မူ၏။

ခြေထောက်မရှိသောသတ္တဝါ၊ ခြေထောက်နှစ်ချောင်းရှိသောသတ္တဝါ၊ ခြေထောက်လေးချောင်းရှိသောသတ္တဝါ၊ ခြေထောက်များစွာရှိသောသတ္တဝါတို့ကို မေတ္တာပွားရန် မိန့်မှာတော်မူခဲ့သည်။

ယင်းသို့ ဟောကြားမိန့်ဆိုချက်တို့ကိုထောက်၍ လူပုဂ္ဂိုလ်မဆိုထားနှင့် အတိတ်တိရစ္ဆာန်တို့ပင် မေတ္တာပို့ပါက မေတ္တာပို့သူအား အန္တရာယ်မပြုဘဲ ပြန်လည်စောင့်ရှောက်ပုံကိုသိနိုင်လေသည်။

**မေတ္တာဖြန့်ပုံနှင့်မေတ္တာအကျိုး**

အားလုံးသော ဝေနေယျသတ္တဝါတို့အပေါ်၌ ကောင်းကျိုးလိုလားသော မေတ္တာစိတ်ဖြင့် မေတ္တာပွားများအားထုတ်နေခြင်းကြောင့် ပွားများအားထုတ်နေသူတို့အနေဖြင့် -

"အိပ်နိုးချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက်လူ၊ နတ်၊ စောင့်လတ်နတ်များ၊ မီးဆိပ်(အဆိပ်)ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ့၊ လားလေပြတ္တာ၊ ဆယ့်တစ်ဖြာ"

ဟူသော အကျိုး (၁၀) မျိုးရနိုင်ကြောင်း မြတ်စွာဘုရားရှင်ဟောတော်မူထား၏။

(အံ၊ ခု - ၅၄၂)

မေတ္တာဆိုသည်မှာ သတ္တဝါအားလုံးအပေါ်၌ ချစ်တတ်သောမေတ္တာစိတ်ကိုခေါ်ခြင်းဖြစ်၏။ ပါဠိဝေါဟာရမေတ္တာကို မြန်မာလိုချစ်ခြင်း၊ ချစ်မေတ္တာ စသည်ဖြင့် ပြောဆိုတတ်ကြသည်။

မေတ္တာစိတ်မှာ လူ၊ နတ်၊ ဗြဟ္မာ အပါယ်ဘုံသား သတ္တဝါအားလုံးတို့အပေါ်၌ ဖြန့်ကြက်ပွားများနိုင်သောကြောင့် 'အပ္ပမညာ' ဟုလည်း ခေါ်၏။

လူနှင့်လူအချင်းချင်း၊ လူကအခြားသတ္တဝါများအပေါ်၌ ချစ်တတ်၊ကြင်နာတတ်အောင် စေ့ဆော်ပေးတတ်သောကြောင့် 'စေတော' ဟုလည်းခေါ်သည်။

မေတ္တာစိတ်ဖြင့် ထိုမှမိုးနေလေ၍



www.burmeseclassic.com

www.burmeseclassic.com

ထူလိုလိုရှိလ်၌ ပူလောင်ပြင်းပြဗျာပါဒ ကြောင်းအားလုံးတို့မှ လွတ်မြောက်၍ ဆုံးစွန်းစွာနေနိုင်သောကြောင့် 'ဝိမုတ္တိ' ဟုလည်းခေါ်သည်။

ထို့ကြောင့် မေတ္တာစိတ်ကို 'မေတ္တာဘောဝိမုတ္တိ' ဟု ပိဋကတ်စာပေ အရေအသားရှိ ခေါ်ဝေါ်ရေးသားကြောင်း ဖြစ်၏။

မေတ္တာဟုဆိုရာတွင် ကရုဏာ၊ ဥပေက္ခာ စသော တရားများလည်း ပါဝင်ပြီးဖြစ်ရာ မေတ္တာဘာဝနာသည် ဈာန်ကိုရစေနိုင်သောကြောင့် အထူးဟာရဖုဂ္ဂိုလ်လည်း ဖြစ်နိုင်လေသည်။

စိတ်၏ပင်ကိုသဘောမှာ လောဘ၊ ဒေါသိက်နှင့်တွဲသော် အလိုရမ္မက်ကြီး၊ ဒေါသစေတသိက်နှင့်တွဲသော် ပူပြင်းဆောင်ကျွမ်း ပျက်စီးတတ်၏။ မေတ္တာ(အဒေါသ)နှင့်ယှဉ်မှ ကြည်လင်ချမ်းမြေ့၏။ ကရုဏာနှင့်တွဲမှ ကြင်နာသနားတတ်၏။ မုဒိတာဖက်မှဝင်မြောက်ကြည်နူး၏။ ဥပေက္ခာနှင့်ပေါင်းဖော်မှ ချမ်းကြည်သာစွာနေရလေသည်။

လောဘ၊ ဒေါသ၊ မောဟ၊ မာန်တို့ကင်းစင်ပြီး မိမိစိတ်ကိုမေတ္တာနှင့်ယှဉ်စေ၍ မေတ္တာစျာန်နှင့်နေခြင်းကို 'ဗြဟ္မဝိဟာရ' ဟုဟောတော်မူသည်။

မေတ္တာရှင်တို့၏ စိတ်နေသဘောမှာ အားလုံးသောသတ္တဝါအပေါင်းအားသောကြောင်းကိုသာလိုလား၏။ မိမိကိုယ်ကို မပလွှား မမော်ကြွား။ မာနကို ချုပ်ထား၏။ မိမိကြောင့် သူတစ်ပါးဒုက္ခဆိုက်မှာ အလွန်စိုးရိမ်၏။ သူတစ်ဖက်သားကို မနှိမ်ချ အပြစ်မတင် စိတ်ရောကိုယ်ပါချမ်းသာစေကြောင်း မေတ္တာပို့၍ နေလေ့ရှိ၏။

မေတ္တာပို့ရာတွင် ပဋိသန္ဓေဒါမင်းသို့ ကျန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ တေဇော်နှစ်ပါး၊ မဂ္ဂင်ရှစ်ပါး စသော တစ်နည်းနည်းဖြင့်လည်း ပွားများနိုင်၏။ မေတ္တာသဒ္ဓါနှမှာလာသော မေတ္တာပွားနည်း (၁၁) နည်းဖြင့်လည်း ပွားများကြ၏။

ဩကာသလောကနှင့် သခီရ သောကနယ်ပယ်မှာရှိသော လူ၊ နတ်၊ ဗြဟ္မာ အပါယ်ဘုံသားသတ္တဝါအားလုံးတို့အပေါ်မှာ ဖြန့်ကြက်လာမည့် သူတော်ကောင်းတို့၏ မေတ္တာဓာတ်ကို အာဠလိုလားတောင့်တကြ၏။ သူတော်ကောင်းအပေါင်းတို့ကလည်း ချစ်ခင်မြတ်နိုးရသူအပေါင်း၌ မေတ္တာဓာတ်ဖြန့်ဝေ၍ အေးချမ်းစေ၏။ ဒုက္ခိတသတ္တဝါတို့အပေါ်၌ ကရုဏာပွား၍ နှစ်သိမ့်ချမ်းသာစေသည်။သုခိတသတ္တဝါတို့အပေါ်၌ မုဒိတာတရား ဖျန်းပက်၍ အညီအညွတ် ဝမ်းမြောက်စေနိုင်ကြသည်။

မေတ္တာရှင်တို့ဖြန့်ကြက်လာသော ကာယက်၊ ဝစီက်၊ မနောက်မေတ္တာတို့ကို ခံယူကြရသော ဝေနေယျသတ္တဝါအပေါင်းမှာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံ၍ သံသရာဝဋ်ဒုက္ခဘေးတို့မှ သိသိသာသာ သက်သာခွင့်ရနိုင်ကြလေသည်။

အကြောင်းအမျိုးမျိုးနှင့် သဘာဝကပေးလာသောဒုက္ခ၊ လူအချင်းချင်း ဖန်တီးပေးလာသော ဒုက္ခတို့ကြောင့် ဆင်းရဲတွင်းနက်နေကြရသူအပေါင်းမှာ လက်တွေ့ကျကျ မျှဝေခံစားပေးလာကြသောမေတ္တာရှင်အပေါင်းကို အမြဲထာဝရ လိုလားချစ်ခင်ကြ၏။ မေတ္တာရောင်ပြန်ဟပ်၏။

လူတို့၌ စိတ်မြတ်စိတ်ကောင်းဝင်မှ ကုသိုလ်တရားကို အားထုတ်ချင်မှာဖြစ်၏။ ထိုကုသိုလ်စိတ်က ဦးဆောင်မှသာ ပတ်ဝန်းကျင်သတ္တလောကအတွက် ကောင်းရာကောင်းကျိုးများကို ဆောင်ရွက်နိုင်မှာဖြစ်၏။ အကုသိုလ်စိတ်က ဦးဆောင်ခြယ်လှယ်နေပါက ပတ်ဝန်းကျင်ငြိမ်းချမ်းမှုပျောက်၍ ဆိုးကျိုးတရားများ ထွန်းကားနေလိမ့်မည်။

ထို့ကြောင့် မိမိမှာ ကုသိုလ်စိတ်ကောင်းဝင်၍ မိမိနှင့် ပတ်ဝန်းကျင် အေးချမ်းသာယာရှိစေဖို့ မေတ္တာစိတ်ကို ထူထောင်ပွားပို့ကြရ၏။

မိမိစိတ်မှာ မေတ္တာနှင့်ယှဉ်မှ အပြောအဆိုအေးချို၍ ဝစီက်မေတ္တာပီသလိမ့်မည်။ မနေ့၊ ဝစီ တူညီသော မေတ္တာစိတ်အလျဉ်ကိန်းဝပ်မှ ကာယက် အပြုအမူတို့မှာ မေတ္တာယှဉ်၍ အမှားအကျိုး၊ လောကကောင်းကျိုးကို သယ်ဆိုနိုင်မည် ဖြစ်၏။ ဤဓမ္မသဘာဝဖြစ်စဉ်၌ အခံစိတ်(မနော)မကောင်းပါဘဲ ဝစီက်ကောင်း၊ ကာယက်ကောင်းများထွက်ပေါ်မလာနိုင်ကြောင်း သိသာထင်ရှားပေသည်။

မေတ္တာနှင့်ယှဉ်သောစိတ်ကောင်းရှိသူမှ ကိုယ်ကျင့်တရားထူးမြတ်၍ သီလလုံခြုံနိုင်၏။ သီလလုံခြုံမှု ထူးကဲသော သမာဓိကို ထူထောင်နိုင်၏။ ရရှိထားသောသမာဓိကို အခြေခံ၍ ရုပ်နာမ်ဓမ္မသခီရတရားတို့၏ မမြဲ၊ ဆင်းရဲ၊ အနှစ်သာရမရှိပုံကိုဆင်ခြင်ပြီး အှရဟတ္တမဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကိုမြင်နိုင်ကြောင်း မေတ္တာသုတ်၌ မြတ်ဗုဒ္ဓ ဟောကြားထားလေသည်။

ဒဿနေန သမ္ပန္နော။

ထို့ကြောင့် မေတ္တာ၏ အကျိုးတရားများကို အတိုင်းမသိဟုဆိုကြခြင်းဖြစ်၏။ မေတ္တာပွားပို့သူ၏ နယ်ပယ်မှာ စကြဝဠာအနန္တ၊ သတ္တဝါအနန္တအထိ အတိုင်းမသိ အကန့်အသတ်မရှိ ကျယ်ပြောလှ၏။ အကျိုးပေးသောအခါမှာလည်း 'ဤရွှေ့ဤမျှသာ' ဟု ကန့်သတ်ချုပ်ခြယ်မရ ကောင်းသော 'အပ္ပမာဏ' အကျိုးကိုပေး၏။ ဝိသုဒ္ဓိမဂ်လာ ကမ္မဋ္ဌာန်းလေးဆယ်မှာ မေတ္တာကမ္မဋ္ဌာန်းကဲ့သို့ အကျိုး (၁၁) ပါးများကြောင်း မည်သည့်ကမ္မဋ္ဌာန်းတွင်မျှ ဟောညွှန်ပြထားခြင်းမရှိပေ။

အလုပ်ပေးတရားအနေဖြင့်လည်း မိမိ၏စိတ်ကို သုတစဖက်သားအပေါ်၌ ချမ်းသာကြီးပွားစေကြောင်း စိတ်ဦးလှည့်ပေးရုံမျှနှင့် မေတ္တာကမ္မဋ္ဌာန်းကို ပွားများနိုင်လေရာ အလွန်လွယ်ကူစွာအားထုတ်နိုင်ကြလေသည်။

ဘုရားရှင်လက်ထက်တော်အခါက သာသနာတော်နှင့်အလှမ်းဝေးသော ဓနဉ္စာနီပုဏ္ဏားကြီး သေခါနီးအချိန် အနည်းငယ်လောက်မှာ အရှင်သာရိပုတြာထေရမြတ်ကြီး ဟောကြားသော မေတ္တာတရားကို နာကြားရပြီး ဗြဟ္မာပြည်ရောက်ရှိသွားရ၏။

(မ၊ ဓနဉ္စာနီသုတ်)

မြတ်စွာဘုရားရှင်၏ ဩဒိဿမေတ္တာအားစွမ်းကြောင့် အရှင်(၁၆)အိုးသောက်ထားသော နာဠာဂိရိဆင်ကြီး အရက်မူးပြေကာ ဘုရားရှင်ရှေ့မှောက်ခြေတော်ရင်းမှာ ဝပ်စင်းခစားရလေသည်။

ဘုရားရှင်၏မဟာကရုဏာတော်အင်အားကို တွန်းလှန်ခံနိုင်စွမ်းမရှိကြသော ပဉ္စဝဂ္ဂိငါးဦးတို့ မိမိတို့အချင်းချင်း ပြုထားကြသော ကတိကဝတ်တို့ကို အမှတ်မရနိုင်တော့ဘဲ ဘုရားရှင်ကို ကောင်းစွာ ခရီးကြိုဆိုပြုစုကြရသည်။

ဤသို့ မေတ္တာ၏ အကျိုးအာနိသင်များ ရေးမကုန်၊ ပြောမကုန်နိုင်အောင် အလွန်များပြားလှပေသည်။

**မေတ္တာကမ္မဋ္ဌာန်းအစဉ်စီးပြန်း**

အရှင်ဝိဝေက၏ ဆရာအရှင်မှာ မေတ္တာကမ္မဋ္ဌာန်းကို ပဓာနကမ္မဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် နှစ်ပေါင်းများစွာ အစဉ်အလေးထားအားထုတ်လေ့ရှိသော မထေရ်မြတ်ကြီးတစ်ပါးဖြစ်၏။ မေတ္တာ၏အကျိုးအာနိသင်တို့ကို လက်တွေ့ခံစားရရှိနေသော နိုင်ငံကျော် ဓမ္မကထိကကြီးတစ်ပါးအဖြစ် အရှင်ဝိဝေက ကိုယ်တွေ့မျက်မြင်ပင် ဖြစ်သည်။

အရှင်ဝိဝေက၏ ရဟန်းဘဝ ပထမဆုံးညချမ်းချိန်ခါမှာ ဆရာအရှင်က မေတ္တာကမ္မဋ္ဌာန်းကို သင်ကြားပြသပေးခဲ့၏။ သို့ဖြစ်ရာ မေတ္တာဘာဝနာသည် အရှင်ဝိဝေကအတွက် ဗုဒ္ဓသာသနာ၌ အစဦးဆုံး ပဋိပတ္တိသာသနာတစ်ရပ်အဖြစ် အမြစ်တွယ်ခဲ့ပြီး ဖြစ်လေသည်။ အထူးသဖြင့် စိတ်မြန်ကိုယ်မြန်နှင့် ဒေါသစရိုက်ကဲသော အရှင်ဝိဝေကအဖို့ စရိုက်နှင့်ကိုက်ညီသောကမ္မဋ္ဌာန်းဟုလည်း ဆိုနိုင်၏။ ဒေါသကိုနိုင်သည်မှာ မေတ္တာအားဖြင့်ကြောင်း ကိုယ်တွေ့ကြုံဖူး၏။ မိမိ၏သန္တာန်မှာ အစဉ်ထက်ဝေါင်းကျန်းလေ့ရှိသော ဒေါသစိတ်ကို မေတ္တာဖြင့် နှိပ်ကွပ်နိုင်သောကြောင့်သာ အရှင်ဝိဝေက ရဟန်းဘဝနှင့်မြဲမြံပြီး ဗုဒ္ဓအလိုကျ အကျင့်စရိုးများကို အားထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ၌ သုသာန်မှာ တစ်ညလုံးနေပြီး သုသာန်ဓူဝင် ဆောက်တည်ကာ ဘာဝနာတရားများ ပွားများနိုင်သည်အထိ သဒ္ဓါတရားများထက်သန်လာခဲ့ခြင်း ဖြစ်၏။

သုသာန်တစ်ခွင်လုံး ဖြန့်ကြက်၍ ကျလာသော အရိုးဂူဉီးအလင်းရောင်များအောက်၌ အရှင်ဝိဝေက၏စိတ်မှာ လောကတစ်ခွင် ဖြန့်ကြက်ထားသော အတိုင်းအဆမရှိ စိတ်အာရုံ၌ ငြိမ်သက်ကာ မှန်သားပြင်လို ကြည်လင်နေ၏။ အေးချမ်းနေ၏။ ထိုသို့ ကြည်လင်အေးချမ်းနေသောစိတ်အာရုံ၌ သတ္တဝါအပေါင်းကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်းငြိမ်းအေးကြပါစေ ဟူသော မေတ္တာအဖြာဖြာတို့ဖြင့် ထပ်ဆင့်လိုက်ရာ အနှိုင်းမရှိပီတိတို့ဖြင့် အလွန် ကြည်လင် ငြိမ်းချမ်းသော စိတ်သမာဓိ၌ ပျော်မွေ့နေတော့သည်။

မကြာမီ လောကတစ်ခွင်သို့ ရောင်ခြည်တစ်ထောင် အလင်းကို ဆောင်သောရောင်ခြည်တို့ဖြင့် ဖျန်းပက်ပေးမည့် သူရိန်နေမင်းကြီးထွက်ပေါ် လာပေတော့မည်။ အရှေ့လောကဓာတ်ဆီမှ နေမင်း၏ရှေ့ပြေးအရုဏ်အရောင်ဆင်းတို့ထွက်ပြူလာပေပြီ။ သစ်ရွက်သစ်ခက်တို့ပေါ်မှာတင်နေသော မိုးရေပုလဲပွင့်တို့က နေအရုဏ်အရောင်ဖြင့် ပြိုးပြိုးပြက်ထင်လာ၏။ မြို့ထဲဘက်ဆီမှလူသံသူသံအုန်းအုန်းကျွက်ကျွက်ထွက်ပေါ် စပြုလာပြီ။ သုသာန်အနောက်ဘက်တစ်နေရာလှည်းလမ်းကြောင်းဆီမှ လယ်တောပျော်တို့၏ နွားငေါက်သံ၊ နွားလှည်းအီသံ၊ လူသံ၊ နွားသံတို့ သည်းသည်းရုတ်ရုတ်ကြားလာရပြီ။

အရှင်ဝိဝေကအဖို့ ထူးခြားသော ညဉ့်တစ်ညဉ့်ကို အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပြီဟု မှတ်တမ်းတင်ခဲ့ပေသည်။ ဘဝသံသရာကျင်လည်ခိုက်မှာ ဖြည့်ဆည်းခွင့်ရနိုင်ခဲသော ပါရမီတို့ကို ဖြည့်ဆည်းနိုင်ခွင့်ရခဲ့ပြီ ဖြစ်၏။ လူတို့အသုံးအနှုန်းဖြင့်ဆိုရပါက စစ်ပွဲတစ်ရာ ဆင်နွှဲခဲ့ကြသည့် စစ်သည်တော်များကပင် အရုံးပေးဥဩက်ရလေ့ရှိသော အချစ်စစ်ပွဲ သို့မဟုတ် တဏှာလက်သမားကို လက်ကုန်တိုက်ဖို့ စိန်ခေါ်နိုင်ခဲ့ပြီ မဟုတ်ပါလား။ လက်တစ်ကမ်းမှာ အောင်မြင်မှုပန်းတိုင်ကို လျှပ်တစ်ပြက်မြင်တွေ့ခွင့်ရလိုက်ပါပြီ။

အရှင်ဝိဝေက ရေဘူးထဲမှ ရေဖြင့်ပင် မျက်နှာအနည်းငယ်သစ်လိုက်သည်။ ပလုတ်ကျင်းလိုက်သည်။ ထို့နောက် ခါးဝတ်သင်းပိုင်ကို သေချာပြင်ဝတ်၏။ ဧကသီသက်နဲ်းကို အနားညီအောင် ကောင်းစွာ ဝတ်ရုံလိုက်ပြီး နှစ်ထပ်သက်နဲ်းကြီးကိုခေါက်ကာ ပခုံးပေါ်မှာ တင်လိုက်၏။ လက်စွဲတော်သပိတ်ကို ကောက်ယူပြီး ပခုံးစွန်းမှာချိတ်၏။ အရုဏ်တက်ပြီဖြစ်၍ ဆွမ်းခံထွက်ရန် အသင့်အနေအထားဖြစ်သွားသည်။

တစ်ညတာ တိုက်ခိုက်ခဲ့ရသော ကိလေသာတိုက်ပွဲ၌ သူလူကိုယ်ဘက်သားဖြစ်လိုက်၊ ကိုယ့်လူသူဘက်သားဖြစ်လိုက်နှင့် ပါဝင်ပူးပေါင်းသတ်နေသော ဒီဒနွှာကိုယ်ကြီးကို အာဟာရတို့ဖြင့်ဖြည့်ဆည်းပြီး ကိုယ့်ဘက်ပါအောင် ကြိုးပမ်းရဦးမည်။ လေးဖြာဓာတ်ဆောင် ဤကိုယ့်ကောင်ကြီးကို မမောမပန်းနှင့် ဗုဒ္ဓမြတ်စွာသာသနာမှာ ကျင့်ဖြည့်ထမ်းနိုင်ဖို့ အတွက် ပြုစုရဦးမည်။

အရှင်ဝိဝေက ဘုန်းတော်ကြီး၏ အုတ်ဂူပြာသာဒ်ရှေ့မှထွက်ကြွလာတော့ မိုးစင်စင်လင်းပြီဖြစ်သည်။ ဇရပ်ဘေးမှ ဖြတ်ကျော်လာခိုက် ဇရပ်ပေါ်မှအခေါင်းကြီးကို စောင်းငဲ့ကြည့်လိုက်သေး၏။ ထို့နောက် ဇရပ်ပေါ်မှ ကမ္မဋ္ဌာန်းကောင်ကြီးကို ရည်မှန်းပြီး တစ်ညတာ မိမိပြုခဲ့သမျှ ဘာဝနာကောင်းမှုအစုစုကို အမျှအတန်းပေးဝေလိုက်သည်။ အလောင်းကောင်မထွက်လာသော အပုပ်နံ့တွေပင် နှာခေါင်းယဉ်သွားပြီလားမသိ သိပ်ပြီးနံသည်မထင်တော့ချေ။ သူ၏ပုံသဏ္ဌာန်မှာမူ ကိလေသာစစ်ပွဲကို စီးချင်းထိုးအနိုင်ယူခဲ့သော ယောဂီသူမြတ်ကြီးအသွင်ကိုဆောင်နေတော့၏။

သုသာန်အပေါက်ဝက တဲရှေ့မှာ သုဘရာဇကြီးဦးမြသီးတို့ ဇနီးမောင်နှံက အင်္ဂေ့ထောင်းထောင်းထနေသော ဆွမ်းဟင်းပန်းကန်များကိုကိုင်ပြီး ရဟန်းတော်အရှင်ဝိဝေကကို ဆွမ်းလောင်းလှူဖို့ စောင့်နေကြသည်။ အသက်အရွယ်အို မင်း၍ ရုပ်ရည်အဆင်းမတင့်တယ်ရှာသော သူတို့၏မျက်နှာမှာ သဒ္ဓါတရား၏ ပီတိအဟုန်ကြောင့် ကြည်လင်ဝင်းပ၍နေ၏။ အရှင်ဝိဝေကမှာ အဘိုးကြီးအဘွားကြီးနှစ်ယောက်တို့၏ ဆွမ်းကို ခံယူရင်း စိတ်ထဲမှ မေတ္တာပွားပို့ပေးလိုက်သည်။ မေတ္တာရောင်ပြန်ကြောင့် သူတို့မောင်နှံ၏မျက်နှာမှာလည်း အရှင်ဝိဝေကအတွက် ဂုဏ်ယူဝမ်းမြောက်သောအပြုံး၊ ကြည်ညိုလေးမြတ်သော အပြုံးတို့ကို ကြည်နူးစရာ မြင်တွေ့လိုက်ရသည်။

သူတို့ ဇနီးမောင်နှံ၏ ဆွမ်းတို့ကောင်းစွာ ခံယူပြီး ထွက်လာခဲ့သည်။ ရှေ့မှာကြည့်လိုက်တော့ ကိုယ်ရှေ့ပြေးရောဂါသည်မိသားစု ငါးယောက်တို့ကျဲကျဲယုံယုံလေးတွေထိုင်လို့တွေ့လိုက်ရ၏။ သူတို့၏ နူနာရောဂါစွဲကပ်နေသော တိုပြတ်ပြတ်လက်တွေထဲမှာတော့ အာလူးကြော်ထုပ်၊ ငါးမုန့်ကြော်ထုပ်၊ ကော်ဖီမစ်ထုပ်လေးများကိုယ်စီကိုင်၍ အရှင်ဝိဝေကကို လောင်းလှူဖို့ စောင့်နေကြခြင်း ဖြစ်သည်။

နံနက်ဝေလီဝေလင်းအချိန် ရဟန်းတစ်ပါးကို ဆွမ်းလောင်းလှူဖို့ မျှော်လင့်ချက်ကိုယ်စီနှင့် စောင့်နေကြရသော နူနာရောဂါသည်တွေ၏ ဆွမ်းကိုခံယူဖို့ ရန်မှာ ကိလေသာရန်သူကို နားရွက်တံတွေးဆွတ်၍ စိန်ခေါ်ခဲ့ပြီဖြစ်သော ရဟန်းတော်အရှင်ဝိဝေကအဖို့ ထပ်ဆင့်စိန်ခေါ်ပွဲဟုပင် မှတ်ယူလိုက်ပါတော့သည်။

အားလုံးသတ္တဝါ ဘေးရန်ကင်းကွာကျန်းမာချမ်းသာကြပါစေသတည်း။

ထုံးတောင်-အရှင်ဓမ္မပိယ(ခမြောင်)



www.burmeseclassic.com

www.burmeseclassic.com

## အောင်ရွှေစိုး

# တို့ရှမ်းပြည်ဟောင်းတစ်နေရာ

ယိုးဒယားနိုင်ငံ ချင်းမိုင်မြို့ရှိ ဒိုင်ဆုထက် (DOI SUTHEP) တောင်ပေါ်ဒေတိကို အားပါးတရ ကြည်ညိုလေ့ပြီးသည့်နောက် အောင်ရွှေစိုးနှင့် တွေ့ဆုံခဲ့ကြသော ယိုးဒယားလူမျိုး ဆန်ဝမ် (MR. SANGWAN) တို့ဟာ အားလပ်ရက် နောက်ထပ် နှစ်ရက်လောက်ကျန်နေ သေးသဖြင့် ခရီးသွားအလွန်ဝါသနာ သန်သည့် ယိုးဒယားမိတ်ဆွေက မယ်ဆိုင်မှာ အလုပ်ကိစ္စပြီးလျှင် ရွှေတြိဂံ (GOLDEN TRIANGLE) ကို ခရီးဆက်ကြရအောင်ဟု ဖိတ်ခေါ်လာပါသည်။ ရွှေတြိဂံနယ်မြေဆိုတာ အောင်ရွှေစိုးတို့ မြန်မာတွေမဆိုထားနှင့် ကမ္ဘာမှာမသိသူမရှိသလောက် ထင်ရှားသည့် နေရာဒေသဆိုတော့ အောင်ရွှေစိုး စိတ်ဝင်စားမိတာပေါ့။ ပြီးတော့ ဆန်ဝမ်ကပြောသေးသည်။ မယ်ဆိုင်နှင့်ရွှေတြိဂံနယ်မြေဟာ နီးနီးလေးပါတဲ့။ ကားလေးပုံမှန်မောင်း

လန်နာတုရား၊

ချင်းစင်ခေတ် လန်နာဆွေမိုးအုပ်



လန်နာရွှေဟောင်းဘန်ဆောင်းထဲမှ ရွှေဟောင်းဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com

ဃနွာတုရား



ဃနွာရွမ်းဘုရားဆင်းတုတော်



ဃနွာခေတ်ကရွေးဟောင်းဆင်းတုတော်တစ်ဆူ (ကြေးသွန်း)

ဃနွာခေတီတော်

သွားရင် မိနစ်လေးဆယ်မတိုင်မီရောက်ကရောတဲ့။ ခြေထောက်မှာ ဗွေမပါပေမယ့် ဘီးတပ်ထားသလို အရွေ့မရပ်ချင်သည့် အောင်ရွှေစိုးအတွက်ကတော့ 'ဒီမာတ်' (သိပ်ကောင်းတာပေါ့) ဆိုသည့် စကားလုံးအပြင် အခြားမရှိဖြစ်ခဲ့မိသည်။ သည့်နောက် ချင်းမိုင်ကနေ မယ်ဆိုင်ဘက်ကိုသွားလို့ အလုပ်ကိစ္စသတင်းအချက်အလက်တွေစုံတာနှင့် ချက်ချင်းဆိုသလို မစ္စတာဆန်ဝမ်က ကားကို ရွှေတြိဂံနယ်မြေဘက် ဦးတည်ပြီး စတင်ရွေ့လျားတော့တာပဲ။

ဤသို့ဖြင့် အောင်ရွှေစိုးဟာ မယ်ဆိုင်ကနေ ရွှေတြိဂံဆီသို့ရောက်ခဲ့ရပါသည်။

ရွှေတြိဂံနယ်မြေဟာ အားလုံးသိထားကြသည့်အတိုင်း ဘိန်းကို အကြောင်းပြုပြီး ကမ္ဘာကျော်နေတာ



www.burmeseclassic.com

www.burmeseclassic.com

ဆေတိုင်ဟုဆိုရပါမည်။ ဘိန်းသည် အသုံးကောင်း၊ ဘိန်းနှင့်ပတ်သက်သည့် ဆက်ကုန်ပစ္စည်းတို့သည် လည်းကောင်း၊ ဘိန်းကို အကြောင်းအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အသုံးချနေသည့် ပုဂ္ဂိုလ်များသည် လည်းကောင်း ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်မို့ အောင်ရွှေစိုး ရေးသားနေသည့် ဤသာသနာတော် အခြေခံ အမှီပြုဘာသာရေး၊ ယုံကြည်မှု၊ အကြောင်းအကျိုးများနှင့် လုံးဝမဆိုင်။ ထို့ကြောင့် သူရဲ့၏ ဓမ္မမိတ်ဆွေ ပါရမီရှင်များ ကြည်ညိုသဒ္ဓါပွားနိုင်ရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သုတမယဉာဏ်များများနိုင်ရေးအတွက် အောင်ရွှေစိုး စာတစ်ပုဒ်ရေးနိုင်ခွင့်ရမည်မဟုတ်ပေ။ အောင်ရွှေစိုးအတွက် တစ်ကိုယ်ရေ ခြေဆန့်လက်ဆန့်ခရီးမျှလောက်သာ ဖြစ်မည်ဟု သတ်မှတ်ပြီး မယ်ဆိုင်နယ်

အနန္တရဆင်းတုတော်

ရွေးဟောင်းထွေပြားတော်မူကြီး

သိဒ္ဓိရွှင်ဆရာတော် ဓမ္မာသီဝိဓိခြင်း



ရွေးဟောင်းဓရုဏ်နှင့်ရွေးထောင်းဆင်းတုတော်များ



www.burmeseclassic.com

www.burmeseclassic.com

အနန္တရဆင်းတုတော်
(ချင်းစင်မြို့ဟောင်း ရွှေတြိဂံအပန်းခြေစခန်းအနီးရှိ ဗုဒ္ဓဆင်းတုတော်မြတ်ကြီး)

လန္ဒာရွေးဟောင်းစေတီတော်

ချင်းစင်စေတ်က ရွေးဟောင်းစေတီတော်တစ်ဆူ

လန္ဒာစေတီပုဂံများ

ချင်းစင်မှ ဆင်တော်ကြီးများနှင့် စာရေးဆု

ခြားဂိတ်မှာ ကွေ့သယိုနမ် (ယိုးဒယား ညွှပ်ခေါက်ဆွဲပြုတ်) ကို အဝမ်းစားပြီး ကားပေါ် တက်ပြီးကတည်းက ဗိုက်ပေါ်လက်စုံတင်ပြီး ဆက်ရက်မင်းစည်းစိမ်ဖြင့် ဇိမ်ခံကာလိုက်ခဲ့မိပါသည်။

မည်မျှကြာသွားသည် မသိပါ။ မစ္စတာဆန်ဝမ်က အောင်ရွှေစိုးကို လက်ကုတ်ကာနှိုးပြီး ကားလမ်းဝဲ၊ ယာက ရှုခင်းသဖွယ် အမြင်ဆန်းနေသည့် ဝင်းနှင့်ဝိုင်းနှင့်စေတီတော်ဟောင်းများ ပန်းနှင့်ကနုတ်နှင့်၊ ခြသေ့စောင့်မုခ်နှင့် အသွင်ဆန်းနေသည့် ဘုန်းတော်ကြီးကျောင်းများကိုပြကာ အဲဒါ လန္ဒာထိုင်းတွေရဲ့လက်ရာဟုပြောလာနှင့် အောင်ရွှေစိုး ကမန်းကတမ်း လှမ်းကြည့်လိုက်မိသည်။

အောင်ရွှေစိုးရင်ထဲမှာ ဖိုခဲခဲခဲခဲစွဲသွားခဲ့ပါသည်။ အောင်ရွှေစိုးသိလိုက်ရတာက အောင်ရွှေစိုးတို့ မြန်မာနိုင်ငံမှ



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော်စောင့်မြွေကြီး

ဝဲခေါင်မြစ်ကမ်းရိုး ချင်းတိုက်မှဝတစ်ခါ



အန္တရာယ်ကင်းသည်ဟု ယုံကြည်စွာ အဓိဋ္ဌာန်ဆုတောင်းခြင့် ဆင်ကြီးများအောက်သို့

ချေကြိုဂ်

ရှမ်းတိုင်းရင်းသားတို့ရဲ့ ဘုန်းတော်ကြီး ဆရာင်းတွေ၊ စေတီတော်၊ ပုထိုးတော် ဆွမ်မှာတွေ့မြင်နေရသည့် အနုလက်ရာ ဆွေကို တွေ့မြင်လိုက်ရလို့ပါ။ ပြီးတော့ ဆွတာဆန်ဝမ်ရဲ့ လန်နာထိုင်းဆိုတာက ကည်း အောင်ရွှေစိုး၏ မျက်စိတင်မက အတွေးနယ်ကိုပါချဲ့ပေးလိုက်သလိုပါပဲ။

မစ္စတာဆန်ဝမ် ပြောလိုက်သည့် လန်နာထိုင်း ဆိုသည်မှာ စင်စစ်အားဖြင့် လန်နာရှမ်းတွေပါ။ သူတို့ထိုင်းလူမျိုးလို့ နေ ခံယူထားကြသူတွေဟာလည်း အရင်းစစ်လိုက်ရင် အောင်ရွှေစိုးတို့ ပြောပြည်က ရှမ်းတိုင်းရင်းသားတွေနှင့် အတူ တရုတ်ပြည်မကြီးဘက် စုန်ဆင်း ဆကြသည့် တစ်အုပ်စုတည်း၊ တစ်ဖွဲ့ ကည်း တစ်လူမျိုးတည်းသားတွေပါ။

ဒီနေရာမှ အကြောင်းစပ်မိလို့ အောင်ရွှေစိုးတို့ဆီက ရှမ်းတိုင်းရင်းသား ဆွေနှင့် သူတို့ပြောနေကြသည့် လန်နာ ထိုင်း (LANNA THAI) တွေ၊ သူတို့ ပြောသားခေါ် ထိုင်းတွေဆက်စပ်လာခဲ့ ကြို အကြမ်းဖျဉ်း အကျဉ်းရုံးလေးနည်း နည်းလောက်ဖော်ပြလိုပါတယ်။သဘော



www.burmeseclassic.com

www.burmeseclassic.com

မျှပါ။

တစ်ခြိန်ကလို့ဆိုပါစို့။

တရုတ်ပြည်မမှအင်အားကြီးမား သည့်လူမျိုးစုကြီးဟာ တရုတ်ပြည်ကြီး ကို တစ်မင်း၊ တစ်ရာဇာ၊ တစ်အာဏာ အောက်သွတ်သွင်းလိုတာနှင့် နေရာအနှံ့မှာ အေးချမ်းစွာနေထိုင်သည့် လူမျိုးစုငယ်တွေကို တိုက်ခိုက်သိမ်းသွင်းကြ သည်။ တချို့လည်း အင်အားကြီးလူမျိုးစုရဲ့လက်အောက်မှာပူပေါင်းပြီးနေထိုင်လိုက်ကြသလို အချို့ကလည်း လွတ်ရာကျွတ်ရာလိုထင်သည့်နေရာတွေဘက်ကိုထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ အဲဒီလိုထွက်ပြေးလာကြသူတွေဟာ အုပ်စုကြီးတစ်စုအဖြစ်ပေါင်းစုပြီး တရုတ်ပြည်ရဲ့တောင်ဘက်လွင်ပြင်ဒေသတွေဘက်ပြေးလာကြသည်။ အလွယ်မှတ်မိထားတာကတော့ ယူနန်လွင်ပြင်ဘက်ပေါ့။ ဒီနောက် တာတာတွေကထပ်ပြီးအကြမ်းဖက်ကြပြန်လို့ အဲသည့်စစ်ရှောင်အုပ်စုကြီးဟာ ခြေဦးနှင့်ဒူးတည့်ရာပြေးကြရပြန်ရော။ အချို့က အနောက်ဘက်၊ အချို့က တောင်ဘက်၊ အချို့က အရှေ့ဘက် စသည်ဖြင့် ပြေးကြတယ်ဆိုပဲ။

အနောက်နှင့် အနောက်တောင်ဘက်ပြေးလာကြသူတွေဟာ ယနေ့မြန်မာနိုင်ငံတော်ရဲ့ ရှမ်းပြည်နယ်တောတောင်ထူထပ်ရာအရပ်ကိုရောက်လာကြ

လမ္ဘာတံန်ဆောင်းနှင့် လမ္ဘာစေတီ

မြို့စောင့်ကြီး



မဟာပိန္နဲ

ဝဲခေါင်မြစ်ထဲမှ နဂါးမင်း

မြေစောင့်နတ်သမီး

မြို့တော်ရင်ရသေ့ရှင်

မြို့စောင့်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မြန်မာနိုင်ငံ၏ သဘာဝတော
ထောင်တွေက သူတို့အတွက် အလွန်
ပြင်ဆင်သည့် သဘာဝတံတိုင်းကြီးတွေလို
ထားကိုးရသည်။ ဒါကြောင့် သူတို့ဟာ
အသည်နေရာမှာပဲ အခြေချနေထိုင်ကြ
တာ ယနေ့တိုင်အောင်ပါပဲ။ သူတို့ရဲ့
မိသားအတွက် တောင်စောင်းတွေမှာ
လူစားထစ်ယာခင်းတွေထွင်ပြီးစိုက်ပျိုး
နေထိုင်ခဲ့ကြသည်။ နောက်ပိုင်းမှာတော့
လူစနစ်သူတွေရဲ့ စနစ်ဆိုးကြောင့်
မြေတွေပါစိုက်ပျိုးလာကြတာ ယနေ့
ထိပါပဲ။ ဒါက ထားလိုက်ပါတော့။ သူတို့
ဟာ အခြေစိုက်နေထိုင်ဖို့ ဆုံးဖြတ်လိုက်
တော့ သူတို့အတွက် လူမျိုးအမည်နာမ
တော်မှတ်ဖို့လိုလာပြီပေါ့။ ဒီတော့ သူတို့
က သူတို့ကိုယ်သူတို့ 'လျှမ်း'လို့ အမည်
ခေသမှတ်လိုက်ကြတယ်။ 'လျှမ်း' ကို
မြန်မာပြန်လိုက်တော့ 'တောင်ပေါ် သား'
ပေါ့။

တောင်ဘက်စူးကိုစိမ့်ဝင်သွားကြ
သူတွေကလည်း အုပ်စုကွဲလေးတွေပူး
ပေါင်းပြီး 'ဆီယမ်'ဆိုသည့်အမည်ကိုယူ
ပြီး နိုင်ငံထူထောင်ကြသည်။ ဒီနောက်
ထိုင်း (TAI)၊ သည့်နောက် ထိုင်း
(THAI)၊ စသည်ဖြင့် ကွဲကြင်းလဲလာခဲ့ပါသည်။သည့်နောက်
အောင်ရွှေစိုးတို့မြန်မာ တွေက
ထိုးဒယားဟု အမည်ပေးခဲ့တာ
ဖြစ်ပါသည်။

အရှေ့နှင့် အရှေ့တောင်ဘက်ကို
ရောက်သွားကြသူတွေကတော့ ယခုအခါ
လာအိုနိုင်ငံအဖြစ် ထူထောင်ပြီး နေထိုင်
နေကြပါသည်။ လာအိုလူမျိုးတွေနှင့်ထိုင်း
တွေက ယခုအခါ တစ်သွေးတစ်သား
ဆိုသည်းပမာဖြစ်နေကြပါသည်။

အောင်ရွှေစိုးတို့ မြန်မာပြည်က
ထိုင်းရင်းသား ရှမ်းတွေနှင့် သူတို့ထိုင်း
လူမျိုးတွေဟာ နယ်မြေဒေသချင်း ဆက်
စပ်နေကြလို့ တဖြည်းဖြည်းအချိန်ကာလ
ကြာမြင့်မှုအလိုက် ဆက်သွယ်ဆက်စပ်မှု
ရှိလာဖြစ်လာကြသည်။ အစကတည်းက
အစ်အုပ်စုတည်းက လာခဲ့ကြတာဆို
တော့ မျိုးနွယ်ဆက်စပ်မှုတွေပါရှိလာခဲ့
ကြသည်။ သည်လိုဖြင့် လန်နာရှမ်းဟာ
သည်း လန်နာထိုင်း၊ လန်နာထိုင်းဟာလည်း
လန်နာရှမ်းဖြစ်လာကြတော့တာပဲ။ ဆိုလို
ချင်တာကတော့ အောင်ရွှေစိုးတို့သား
ချင်းညီနောင် ရှမ်းတိုင်းရင်းသားတွေနှင့်
ထိုင်းနိုင်ငံမှ လန်နာထိုင်းတွေဟာ ဆွေမ
ခင်းမျိုးမင်းတွေဖြစ်နေတယ်ဆိုတာ
ပြောပါ။



လန်နာလက်ရာစေတီရှေ့ရှိ ရှေးဟောင်းခြင်္သေ့ရုပ်တု

ယိုးဒယားဘက်မှ မြန်မာနိုင်ငံဘက်သို့ ညွှတ်တော့မည်ဟန် ကျောက်ကင်းကြီးပုံ

ပဲခေါင်မြစ်နံဘေးရှိ အနရထာဆင်းတုတော်ကြီးအနီးရှိ အစီအရာန်ဆောင်း ထီးတော်နှင့် ဘွားရာကုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ချင်းစင်က ရှေးဟောင်းဇရပ်

ချင်းစင်မြို့ရိုးဟောင်းတစ်စိတ်တစ်ဒေသ

ချင်းစင်မြို့ဟောင်းတံမြို့ရိုးတစ်ဝိုင်းတစ်စ

ကို အုပ်ချုပ်ခဲ့ကြရာကနေ သူတို့ရဲ့ထိုင်းဘုရင်တွေပေါ် လာပြီး မြန်မာဘုရင်လက်အောက်ကနေ လွတ်လပ်သည့်နိုင်ငံတွေ ဖြစ်ကုန်ကြသည်။ နောက်ပိုင်းမှာလည်း ချင်းဇင်က ထိုင်းနိုင်ငံရဲ့ မြောက်ဘက်စွန်း နယ်ခြားမြို့ငယ်လေးဖြစ်ပြီး လာအိုတရုတ်၊ ဗီယက်နမ် စသည့် နိုင်ငံများနှင့်လည်း နီးစပ်ထိဆက်နေတော့ အဲသည် နိုင်ငံတွေနှင့်လည်း စစ်မက်ရေးရာ၊ လူမှုရေးရာဆက်ဆံမှုတွေရှိခဲ့တာပေါ့။ အခုတော့ လွတ်လပ်သည့် ယိုးဒယားနိုင်ငံရဲ့ နယ်စပ်မြို့တော်လေးဖြစ်နေပါပြီ။

**ရှေးရှေးတုန်းကချင်းစင်**

ချင်းစင်မြို့လေးဟာ ဆိတ်ငြိမ်ပြီး အလွန် ဂေးချမ်းသာယာလှသည့် မြို့တော်ငယ်ကလေးဖြစ်သည့်အပြင် နွေဟောင်းစေတီတော်တွေ၊ ပုထိုးတော်တွေ၊ ကျောင်းတော်ဝိဟာရတွေဖြင့် အလွန်တင့်တယ်လှပါသည်။ အဲဒီစေတီတော်တွေ၊ နွေဟောင်းအမွေအနှစ်တွေကိုကြည့်ရင်း အောင်ရွှေစိုးမှာ ချင်းစင်ရဲ့အတိတ်ကာလထဲပြန်ရောက်သွားခဲ့မိသည်။

အောင်ရွှေစိုး ဖတ်ရမှတ်လိုက်ရသည့် မှတ်တမ်းများအဆိုအရကတော့ ချင်းစင်ကို လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀၀ လောက်ကတည်းက ယူနန်နယ်ကနေ စစ်ရှောင်လာခဲ့သည့် ထိုင်း(TAI)လူမျိုးခေါင်းဆောင် ဆင်ဟာနုဝပ် (SINGHANUWAT) က တည်ထောင်ခဲ့တာလို့ သိရပါသည်။ ဒီမြို့လေးကို မြို့တည်နန်းတည်ခါစက နခါဖွန်ဆင်ဟာနုဝပ်နခေါ်' ဟု ခေါ်တွင်ခဲ့သည်။ အဲသည်နောက် ယို့နော့နခေါ်ချိုင်းဘုရင်ခေတ်ရဲ့ ချင်းစင်ဟု ခေါ်တွင်ပြန်ပါသည်။ ယခု

လူသားစုတစ်စုဖြစ်လာပြီဆိုလျှင် အဲဒီလူသားတွေရဲ့ဘဝတိုးတက်သာယာရေး၊ လူမျိုးအဖွဲ့ရှည်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးမည့်ခေါင်းဆောင်၊ ဝန်ထမ်းအုပ်စု စသည်ဖြင့်လိုအပ်လာပြီ။ သည်တော့ နဂိုသာမန်အုပ်စုရှေ့ဆောင်လောက်ဖြင့် မလုံလောက်တော့ဘဲ တိုင်းထောင်၊ ပြည်ထောင် ခေါင်းဆောင်ကောင်း ဘုရင်လောင်း လိုလာပြီ။ လန္နာထိုင်းတွေရဲ့ မင်းတွေဘုရင်တွေထဲမှာ ပထမဦးဆုံး ဘိုင်းပြုပြည်ပြုမင်းရယ်လို့ မပေါ်ခင်မှာ ချင်းမိုင် (CHANGMAI) ဟာ မြန်မာဘုရင်တွေရဲ့ လက်အောက်မှာရှိနေခဲ့ပါတယ်။ အဲဒီတုန်းကတော့ ဇင်းမယ်လို့ခေါ်တယ်။ ဒီနောက်ပိုင်းမှာတော့ ချင်းမိုင်ကနေ ချင်းရိုင်၊ ချင်းစင်



www.burmeseclassic.com

www.burmeseclassic.com

ဟော့ ချင်းစင်ဟုပင်ခေါ်တော့သည်။

ချင်းစင်မြို့လေးဟာ လန်နာထိုင်းတွေက လန်နာရှမ်းတွေ ညီညီညွတ်ညွတ် ဖြင့် သာသနာတော်ထွန်းလင်းသည့် မြို့လေးတစ်မြို့ဖြစ်ခဲ့သည်။ အဲသည့်ဒေသတစ်ဝိုက်မှာ မြေပြန့်လွင်ပြင်ရှိသည်။ ခဲခေါင်မြစ်ကြီး၏ ကမ်းဖူးစပ်ဖြစ်၍ ရေကောင်းမြေကောင်း၊ မျိုးကောင်းဆန်စေးတွေ စိုက်ပျိုးအောင်မြင်သည်။ သည့်အတွက်လည်း သူတို့ကသူတို့ကိုယ် သူတို့ လန်နာထိုင်း၊ လန်နာရှမ်းတွေဟု အမြဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ လန်းဆိုတာ သန်း သို့မဟုတ် တစ်သန်း၊ နာဆိုတာက လယ်ယာမြေ၊ သည်တော့ လန်နာဆိုတာ လယ်ယာသန်းပေါင်းများစွာပေါ့။ သူတို့က လယ်ယာတွေသန်းပေါင်းများစွာ ပိုင်ဆိုင်သူတွေ သို့မဟုတ် လယ်ယာမြေသန်းကြွယ်မြို့ ဟူ၍ အဓိပ္ပာယ်ဆောင်သည်။ သည့်နောက် နှစ်ပေါင်း (၆၀၀) လောက် ချင်းစင်မြို့လေးဟာ တိမ်မြုပ်သွားခဲ့သည်။ တိမ်မြုပ်သွားရခြင်းက စစ်ပွဲတွေနှင့်ကြီးမားသည့် ငလျင်ဒဏ်ကြောင့် မြို့လေးပျက်သုဉ်းသွားခဲ့ရသည်ဟု ဆိုပါသည်။

အဲသည်လို ပျောက်ကွယ်နေပြီး လွန်ခဲ့သည့်နှစ်ပေါင်း (၇၀၀) လောက်မှာ တောချုံအုံကြားကနေ ပြန်လည်အသက်ဝင်လာခဲ့ပြန်သည်။ ချင်းစင်မြို့လေးကို ပြန်လည် အသက်သွင်းလိုက်သူကတော့ မင်ကရိုင်ဟု ခေါ်ဆိုသည့် ယိုးဒယားဘုရင်ပါ။ မင်ကရိုင်ဘုရင်ဟာ မြို့လေးကို အုတ်စည်းရိုး၊ မြို့တံတိုင်း ဘုန်းတော်မြို့စောင့်တပ်တွေကိုခိုင်မာအားသန်အောင် စီမံဆောင်ရွက်ခဲ့သည်။ မင်ကရိုင်ဘုရင်၏ မြို့စောင့်တပ်တွေ အကာအရံတွေကြောင့်ပဲ မြို့လေး၏ မြောက်ဘက်၊ အနောက်ဘက်၊ အရှေ့ဘက်က ကျူးဝင်ရောက်လာလေ့ရှိသည့် ကျူးကျော်ရေးစစ်တွေကို ကာကွယ်နိုင်ခဲ့သည်။ အဲသည့်အချိန်ကစပြီး ယနေ့အထိ ချင်းစစ်မြို့လေးဟာ အေးချမ်းစွာနေခဲ့ပါတယ်။

**ထန်းချင်းစင်**

ရှေးဟောင်း စေတီ၊ ပုထိုး၊ ဇရပ်၊ ဘုရားများနှင့် မြို့ရိုးဟောင်းတွေအထင်အရှားဖြင့် စည်ကားနေသည့် ချင်းစင်မြို့လေးဟာ ၎င်း၏ ရှေးဟောင်းအလှ၊ ရှေးဟောင်းယဉ်ကျေးမှုများကြောင့်အပြင် ကမ္ဘာကျော် ရွှေတြိဂံနယ်မြေကြောင့် နိုင်ငံခြားသားဧည့်သည်



ယိုးဒယားဘက်က ထည်ဆိုင်မှ မြန်မာတက် တာချီထိတ်ကို ထုမခြင်းရုံ



www.burmeseclassic.com

www.burmeseclassic.com

ရွှေတြိဂံကျွန်းကို ယိုးဒယားဘက်မှမြင်ရပုံ



ခုံမြစ်နှင့် ဓလေ့ခြင်မြစ်တို့ဆုံရာ ရွှေတြိဂံနယ်မြေ

တောမုံးခဲ့သည့် ချင်းစင်မြို့ပျက်



ယိုးဒယားနိုင်ငံမြောက်ဖွန်ဆုံးမှတ်တိုင်နှင့်စာရေးသူ(မှတ်တိုင်နောက်ကျောက်ဘက်တွင်မြန်မာနိုင်ငံ)

ဓလေ့ခြင်မြစ်နဘေး
အနန္တရာဆင်တုတော်ကျောင်းတော်ရင်ပြင်ရှေ့

ချင်းစင်မြို့ဟောင်းတစ်နေရာ

တွေ၏ အဓိကလည်ပတ်စရာတစ်နေရာ ဖြစ်နေပါသည်။

နိုင်ငံခြားသားဧည့်သည်အများစုဟာ ရွှေတြိဂံနယ်မြေကို အဓိကထားသွားကြပြီး ချင်းစင်ကိုတော့ ရှေးဟောင်းပြတိုက်ကိုသာ ဝင်တာများပါသည်။ ရှေးဟောင်းဝတ္ထုတွေ၊ ရှေးဟောင်းအဆောက်အအုံတွေကို စိတ်ဝင်စားကြသူတွေနှင့် ရှေးဟောင်းသုတေသီများလောက်သာ မြို့တွင်းက ရှေးဟောင်းသင်္ကေတတွေကို လိုက်လံ လေ့လာမှတ်တမ်းတင်ကြတာ တွေ့ရပါသည်။

အောင်ရွှေစိုးကတော့ ရှေးဟောင်းသုတေသီမဟုတ်ပေမည့် ရှေးဟောင်းစေတီတော်တွေဆိုလျှင် စိတ်ဝင်စားမိတာရယ်၊ အောင်ရွှေစိုးတို့မြန်မာတိုင်းရင်းသား ရှမ်းမျိုးဆက်တွေဖြစ်တာရယ်ကြောင့် ခြေလှမ်းနိုင်သမျှ ခရီးလျှောက်ကာ သိရသလောက် ရေးပြလာခဲ့ပြီး ပြန်လည် မျှဝေလိုက်ရခြင်းပါ။

အောင်ရွှေစိုး



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းရုန်းသင်းကြိုင် လယ်ကွင်းမြေမှ မြို့ဆွဲကိုင်

ဤမြို့လေးသည်ကား သာယာလှ
သော လွင်မောဖွယ်ကောင်းလှ၏။ တော၊
ဆောင်၊ လွင်ပြင်၊ အင်း၊ အိုင်၊ ကန်၊
မြောင်းများနှင့် သာယာငြိမ့်ညောင်းစွာ
ကားသွင်သွင်စီးဆင်းနေသည့် မြစ်(၃)စင်း
ရှိလေ၏။ ဤမြို့လေးသည်ကား သမိုင်း
ရုန်းကန်သင်းထဲ၍နေလေ၏။ ဗုဒ္ဓဘာသာ
ဘုန်းကားရာနေရာဖြစ်၏။ တန်ခိုးကြီး
ဆရာသုံးသစ်ဘုရား ကိန်းဝပ် စံပယ်ရာ
ဟောအောင်မြေ ဖြစ်၏။ စေတီ၊ ဘုရား၊
ကျောင်းကန်နှင့် သာသနိကအဆောက်
အအုံတို့အလွန်ပေါ၏။ ရာဇဝင်တို့၏
ခြေရာများထင်ဟပ်နေ၏။ သမိုင်းကွင်းစပ်
မြို့တော်စေရန် ဂဟေဆက်သည့် မြို့ငယ်
သစ်မြို့ ဖြစ်၏။

ဓာတ်တော်ကျဆရာတော်ဘုရားကြီးထံမှရရှိသည့်
နံရိုးတော်၊ သွားတော်၊ လူလာတော်များနှင့် ဓာတ်တော်များ

ဤမြို့လေးတွင် ဂန္ဓိရဆန်ဆန်ကျောင်း
တော်များလည်းရှိခဲ့၏။ ပုဂံခေတ် 'ရှိန်း'
အတတ်ပညာရှင်ရဟန်းများသီတင်းသုံး
တော်မူသော 'ရှိန်းကျော်ကျောင်း'နှစ်
ကျောင်းလည်းရှိခဲ့၏။ ထိုကျောင်းဝင်း
ဒေသဖြစ်ခဲ့၏။ ပုဂံ၊ ပင်းယ၊ အင်းဝ၊
ကုန်းဘောင်ခေတ် အဆက်ဆက်တို့၏
သမိုင်းကျောက်စာများလည်းရှိခဲ့ကြ၏။
အနော်ရထာဘုရင်ကောင်းမှုဘုရားများ
လည်း ဖူးမြော်နိုင်၏။ မြင်းစိုင်း (ရှမ်း)

# တိုက်ကြည့်(စဉ့်ကိုင်)
# သာသနာ့အောင်ပြန့်ထူးခြားတည်ဆဲဖွယ်ဆရာတော်ကြီးများ

ဤမြို့လေးတွင် ပျူတို့နေထိုင်ခဲ့
ကြ၏။ ပုဂံခေတ် ထင်ရှားသော လယ်
ကွင်း (၁၁) ခရိုင်၏ ရွာကြီးများလည်း
ရှိ၏။ ပုဂံခေတ် နယ်မြေကာကွယ်ရေး
အတွက် ကင်းတပ် (၂) မြို့လည်းရှိသေး
၏။ ရှေးယခင်က ဤမြို့လေးသည်
ဆောင်း/ဝယ်ဖောက်ကားမှုတို့အတွက်
အရောကျခဲ့၏။ ဤမြို့လေးသည်
သာယာခဲ့၏။ လှပခဲ့၏။ စည်ကားခဲ့၏။
အတွင်းသို့ဝင်ရောက်လျှင် ကိုယ်ယောင်
ဖျောက်သည့်အစွမ်းများရှိခဲ့ကြ၏။ 'ရှိန်း
ဆာယာပိုမောက်ကိုယ်ပျောက် ဆိုသည့်
အတိုင်း ကိုယ်ယောင်ပျောက်သည့်
အကြောင်းများရှိခဲ့လေ၏။ ဤမြို့လေး
တွင် သမိုင်းမြတ်နိုးစရာ ပျူအသုံးအ
ဆောင်များ၊ နံရံဆေးရေးပန်းချီများ၊
ယဉ်ကျေးမှုအမွေအနှစ်များပေါကြွယ်ဝ
နေ၏။ သမိုင်းရသစုံလင်ခဲ့သည့်နေရာ
ညီနောင်(၃)ဦး၏ကုသိုလ်ဘုရားလည်း
ရှိ၏။

ပင်းယခေတ် ဥဇနာမင်း၏ ရွှေ
စည်းခုံစေတီရှိ၏။ အင်းဝခေတ် ဘုရင့်
ကောင်းမှုများစွာရှိခဲ့၏။ ကုန်းဘောင်
လက်ရာစေတီသာတို့ရှိလေ၏။ မှန်နန်း
ရာဇဝင်ရေး ဦးကုလား၏အဖေ ဒေဝ
သေဋ္ဌသူဌေး၏ရွာ ယခုတိုင်ရှိသေး၏။
ဤမြို့လေးမှကျမ်းပြုအရှင်တို့ပေါ်ထွန်း
ခဲ့၏။ သာသနာ့အာဇာနည်များတောက်
ကြွားခဲ့၏။ လယ်တွင်းသားတို့ဂုဏ်ကို
ဖော်ဆောင်ခဲ့သည့် စာရေးဆရာကြီး
တစ်ဦးကို ဤမြို့လေးမှ မီးရှူးသန့်စင်
ပေးခဲ့၏။

ဤမြို့သားတို့သည် နူးညံ့ကြ၏။
ရိုးသားကြ၏။ ရိုသေကြ၏။ ခင်မင်တတ်
ကြ၏။ ရိုးသားကြ၏။ စိတ်ကောင်းရှိ
ကြ၏။ ဤသို့ဤသို့ သမိုင်းကွင်းဆက်
ဂဟေဆက်သည့်မြို့လေးကို သမိုင်းရုန်း
သင်းကြိုင် လယ်တွင်းမြေမှ မြို့စဉ့်ကိုင်
ဟုပင် တင်စားခေါ်ဝေါ် အမည်ပေး
လိုက်ချင်ပါတော့သည်။

**တိုက်ကြည့် (စဉ့်ကိုင်)**

(အတွဲ ၂၂ အမှတ် ၂၀၉
၂၃-၁၁-၂၀၁၃ ရက်နေ့ထုတ် ရတနာပုံ
နေ့စဉ် သတင်းစာ စာ-၁၃)



ပြည်ဆရာသာနန်မှ မီးသင်္ဂြိုဟ်မှုမမြုံထုပ်တော့ဘဲ ဖောင်ဝင်းကျောင်းဆို ပြန်လည်ပင့်ဆောင်ခဲ့ပြီး
ဓာတ်တော်ကျဆရာတော်ကြီးအား ဖူးတွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဆားတောင်ဘုရာတော်ဘုရားကြီး၏ပုံတော်

ဖောင်ဇင်းတောရကျောင်းဆရာတော်၏ ရာမတ်ကွက်အတွင်းမှ ဓာတ်တော်များကျွန်ုပ်ရောက်နေကြောင်း အိပ်မက်မြင်မက်ခဲ့သည့် ဖောင်ဇင်းကျွန်ုပ် ကိုလင်းဆင်း

❑

စဉ့်ကိုင်မြို့နယ်သည် ပုဒ္ဓဘာသာဝင်များ၏ မြေပြင်မဟာဟုပင် တင်စားခေါ်ဝေါ်ရမည့် မြေမြတ်မဟာပင် ဖြစ်လေသည်။ ရွှေကံကူလေဗျုံသစ်တော်ရုပ်ရှင်တော်မြတ် ကိန်းဝပ်စံပယ်ရာ နေရာဒေသဖြစ်သကဲ့သို့ ရဟန္တာအရှင်သူမြတ်များ သီတင်းသုံးစံပယ်တော်မူရာ သာသနာ့နယ်မြေတစ်ခုဖြစ်လေသည်။ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရဟန္တာအရှင်သူမြတ်များနှင့် ပတ်သက်၍ ဂုဏ်ပူဇော်ရေးသားတင်ပြအံ့။

**မပုပ်မသိုးသည့် ဆားတောင်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်**

ဆားတောင်ဆရာတော်ဘုရားကြီးအား စစ်ကိုင်းတိုင်းဒေသကြီး ဆားတောင်ကျေးရွာအုပ်စု သင်တွဲရွာနေ အဖ ဦးငွေဒင်၊ အမိ ဒေါ်ပြောင်တို့မှ ၁၂၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်အမည်မှာ မောင်လတ်ဖြစ်ပါသည်။ (၁၂) နှစ်သားအရွယ်တွင် သင်တွဲရွာကြာကန်ကျောင်းဆရာတော်ကြီးထံတွင် ရှင်သာမဏေပြုခဲ့သည်။ ကိုရင် (၂၂) ဝါအရွယ်တွင် လူထွက်ခဲ့ပြီး (၁၅) နှစ်သားအရွယ်တွင် ဆားတောင်ရွာ မစိုးရိမ်ကျောင်းဆရာတော် ဘဒ္ဒန္တဇဋိလထံတွင် ရှင်သာမဏေဝတ်ခဲ့ပြန်သည်။ ၁၃၀၇ ခုနှစ်တွင် မြင့်မြတ်သော ရဟန်းဘောင်သို့ တက်လှမ်းတော်မူခဲ့သည်။

ဆားတောင်ဆရာတော်ဘုရားကြီး၏ဥပဇ္ဈာယ်ဆရာတော်မှာ ဆားတောင်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တတေဇဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ ဘွဲ့အမည်မှာ ဘဒ္ဒန္တပညာဏိကဖြစ်ပါသည်။ဆရာတော်ကြီးသည် စာဝါများသင်ကြားနေစဉ် ရဟန်း၀ါ (၉) ဝါအရတွင် ခြေတရွတ်ဆွဲရောဂါ ပေါ်ပေါက်လာ၍ စာဝါများဆက်လက်မလိုက်နိုင်တော့သဖြင့် စွန်းလွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်အတိုင်း မလျှော့သောဇွဲလုံ့လတို့ဖြင့် နေ့၊ ညမလပ်ကျင့်ကြံအားထုတ်ခဲ့လေသည်။ ၎င်းအပြင် ဆရာတော်ကြီးမှ ကိုယ်တိုင် တရားကျင့်ကြံခြင်း၊ တရားပြခြင်းများဖြင့် ပဋိပတ္တိသာသနာပြန့်ပွားရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။

၁၃၂၃ ခုနှစ်မှ စတင်၍ စဉ့်ကိုင်မြို့နယ် ကသဲကုန်း(မင်းရွာကုန်းကျောင်း)သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့ပြီး ဆားတောင်ရိပ်သာ(စစ်ကိုင်း)၊ ရန်ကင်းတောင်ရိပ်သာ၊ စဉ့်ကိုင်မြို့နယ် ကသဲကုန်း (မင်းရွာကုန်းကျောင်း)နှင့် ထိုသီသတိဆားတောင်သာသနာ့ရိပ်သာ (စဉ့်ကိုင်) တို့တွင် တစ်လှည့်စီ ဝါဆိုသီတင်းသုံးတော်မူခဲ့လေသည်။ ဆားတောင်ဆရာတော်ဘုရားကြီးသည် စွန်းလွန်းဆရာတော်ဘုရားကြီး၏ ကျင့်စဉ်နည်းနာနီသယအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့သဖြင့် ဆရာတော်နှစ်ပါးတို့၏ကျင့်ကြံပုံများတူညီကြလေသည်။ ၎င်းဆရာတော်ဘုရားကြီးနှစ်ပါးသည် ဘဝနတ်ထံပျံလွန်တော်မူပြီးနောက် ၎င်းတို့၏ ဥတုဇရုပ်ကလာပ်တော်များသည်လည်း ပုပ်သိုးသွားခြင်းမရှိ အကောင်းပကတိအတိုင်း တည်ရှိနေခြင်းမှာ ထူးဆန်း အံ့ဩဖွယ်ဖြစ်နေလေသည်။ ၎င်းအပြင် ဆရာတော်ဘုရားကြီးနှစ်ပါး၏ တန်ခိုးဂုဏ်များကြောင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့မှ ရဟန္တာများသာဖြစ်သည်ဟူ၍ တညီတညွတ်တည်းယုံကြည်ကိုးကွယ်သမုတ်ခဲ့ကြလေသည်။ ဆားတောင်ဆရာတော်ဘုရားကြီးသည် တန်ဆောင်းမုန်းလဆန်း ၁၄ ရက်နေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပြီး တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင်ပင် ဘဝနတ်ထံပျံလွန်တော်မူသည်မှာလည်း တိုက်ဆိုင်ထူးဆန်းမှုတစ်ရပ်ပင် ဖြစ်ပေသည်။

ဆားတောင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အများပြည်သူ ပုဒ္ဓဘာသာဝင်များ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ထာဝရဗိမာန်တည်ဆောက်ကာ ဥတုဇရုပ်ကလာပ်တော်အား ကသဲကုန်း (မင်းရွာကုန်းကျောင်း၊ စဉ့်ကိုင်) ထာဝရဗိမာန်တော်တွင် ထားရှိအကြည်ညိုခံပူဇော်ထားရှိလျက်ရှိပါသည်။ ဆရာတော်ဘုရားကြီးပျံလွန်တော်မူခဲ့သည်မှာ (၇) နှစ်ကျော် ကြာမြင့်ပြီ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးပျံလွန်တော်မူစဉ် အခါကလည်း ထူးခြားဆန်းပြားသည့် ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်ခဲ့လေသည်။ ယခုအချိန်တွင် ဆရာတော်ဘုရားကြီး၏



www.burmeseclassic.com

www.burmeseclassic.com

ကလာပ်မှာ မပုပ်မသိုးခြင်း၊ ဆံတော်ရာဇာထွက်လာခြင်း၊ ခြေသည်းလက်သွေးများ ရှည်ထွက်လာခြင်း စသည့် ဘုရားဖွယ် ဖြစ်ရပ်ဆန်းများ ဖြစ်တည်ခဲ့နေလေသည်။ ယခုအချိန်ထိ ဆရာတော်ကြီးနယ် ကသဲကုန်းကျေးရွာ ကုန်းကျောင်းရှိ ဆားတောင်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ် အလောင်းခံထားရှိရာ ထာဝရဗိမာန်တော်ဘို့ မြန်မာပြည်အရပ်ရပ်မှ ဗုဒ္ဓဘာသာဒကာများ လာရောက် ဖူးမြော်ကြည်ညိုကြည်နူးရှိပြီး တပည့်သာဝကများဖြင့် ရည်ကားလျက်ရှိနေပါသည်။

**ကျေးဇူးအုံသြဖွယ် ဓာတ်တော်ကျဆရာတော်**

ယခုနှစ် ၂၀၁၄၊ မေလ ၂၇ ရက်နေ့ (၅)နာရီအချိန်ခန့်တွင် စဉ့်ကိုင်မြို့ မြို့သူသောနာအတွင်း ထူးခြားဆန်းပြားသည့်ဖြစ်ရပ်တစ်ခုဖြစ်ခဲ့ကြောင်း ကြားသိရသဖြင့် စာရေးသူမှ သွားရောက်လေ့လာဖြစ်ခဲ့သည့် အကြောင်းအရာများ စာဖတ်ပရိသတ်ကြီးသို့ တစ်ဆင့်ပြန်လည်ဖောက်သည်ချလိုက်ရပါသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မြောင်းဆုံကြီးကျေးရွာအုပ်စု ဆောင်ဇင်းတောရကျောင်း ဆရာတော်သည် ၂၀၁၄ ခုနှစ်၊ မေလ ၂၅ ရက်နေ့က ပုံလွန်တော်မူခဲ့ပြီး စဉ့်ကိုင်မြို့မူသောနာအတွင်းသို့ မီးသင်္ဂြိုဟ်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ဆရာတော်၏ ရုပ်ကလာပ်တော်သည် သက်ရှိလူသားတစ်ဦးကဲ့သို့ ပူနွေးနေခြင်း ခြေလက်များအေးစက်မာကျောမှုမရှိဘဲ လွယ်ကူပျော့ပျောင်းစွာကွေးဆန့်နိုင်ခြင်း စသည့် အကြောင်းအချက်များကြောင့် မီးသင်္ဂြိုဟ်မှုမပြုလုပ်ဝံ့တော့ဘဲ ဆရာတော်ကြီး သီတင်းသုံးတော်မူရာ ဆောင်ဇင်းတောရကျောင်းသို့ ရုပ်ကလာပ်တော်အားပြန်လည်ပင့်ဆောင်ခဲ့ရသည်။

ဖောင်ဇင်းတောရကျောင်းဆရာတော်ဘဒ္ဒန္တကောသီယသည် သက်တော် (၈၃)နှစ်၊ ဝါတော် (၆၄) ဝါအရ ယခုနှစ် ၂၀၁၄ မတ်လ ၂၆ ရက်နေ့ တနလာနေ့ည (၁၂) နာရီတိတိအချိန်တွင် ဘဝနတ်ထံပုံလွန်တော်မူခဲ့လေသည်။ ထိုသို့ဆရာတော်ပုံလွန်တော်မူသဖြင့် တပည့်သာဝကများမှ မေလ ၂၇ ရက်နေ့တွင် မီးသင်္ဂြိုဟ်ရန် စီမံဆောင်ရွက်ခဲ့ကြလေသည်။ စဉ့်ကိုင်မြို့ မြို့မသူသာန်အတွင်း ဆရာတော်ဘုရားကြီးအား မီးသင်္ဂြိုဟ်စက်အတွင်းထည့်သွင်းစဉ် ထူးခြားသည့် လက္ခဏာများကြောင့် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ဆေးစစ်ချက်ရယူရန်အတွက် အထွေထွေရောဂါကုပြည်သူ့ဆေးရုံ (စဉ့်ကိုင်) မှ တာဝန်ကျဆရာဝန်အားခေါ်ဆောင်၍ ဆေးစစ်ချက်ရယူခဲ့ရသည်။ ထိုသို့ ဆေးစစ်ချက်ရယူခဲ့သော်လည်း ဆရာတော်မှာ အမှန်တကယ် ပုံလွန်တော်မူခြင်းဖြစ်ကြောင်း ပြန်လည်ပြောပြသည်။ သို့သော်လည်း ဆရာတော်၏ ထူးခြားသည့် လက္ခဏာရပ်များကြောင့် မီးသင်္ဂြိုဟ်ရန် စီစဉ်ဆောင်ရွက်သည့် အစီအစဉ်အား ဖျက်သိမ်းလျက် ရုပ်ကလာပ်တော်အား ဖောင်ဇင်းတောရကျောင်းသို့ ပြန်လည်ပင့်ဆောင်ခဲ့သည်။

ယင်းသို့ မီးသင်္ဂြိုဟ်ရန်စီစဉ်ဆောင်ရွက်ထားရှိပြီး သုသာန်မှ ပြန်လည်ပင့်ဆောင်ခဲ့သည့်ဆရာတော်ကြီး၏ထူးခြားသည့် သတင်းကြောင့် မြို့နယ်အတွင်းရှိ အနီးပတ်ဝန်းကျင်ကျေးရွာများမှ တပည့်သာဝကများ စည်ကားစွာဖြင့် ဖူးမြော်ကြည်ညိုခဲ့ပြီး ညလုံးကျွတ်စည်ကားခဲ့လေသည်။ လာရောက်ဖူးမြော်ကြသည့် တပည့်သာဝကများမှ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား လက်မှားဖြင့် ကိုင်တွယ်ကြည့်ရှုခြင်း၊ ကွေးနိုင်ဆန့်နိုင်သည်ဟုဆိုကာ ရုပ်ကလာပ်တော်၏ ခြေလက်များအား ကွေးဆန့်ခြင်းများကြောင့် ဘဒ္ဒန္တကောသီယ၏ရုပ်ကလာပ်တော်မှာ ပုပ်ပွပျက်စီးသွားခဲ့ရလေသည်။ ယင်းသို့ ရုပ်ကလာပ်တော်ပျက်စီးသွားသဖြင့် ၂၀၁၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့၌ ယင်းကျောင်းဝင်းအတွင်းပင် ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား မီးသင်္ဂြိုဟ်မှုပြုလုပ်ခဲ့ကြသည်။ မီးသင်္ဂြိုဟ်မှုပြုလုပ်အပြီးလောင်ကျွမ်းနေသည့်ပြာများအား ရာဇမျက်ကွက်ကာရံလျက် အပူဇော်ခံထားရှိလျက်ရှိသည်။

ထိုသို့ လောင်ကျွမ်းပြာများအား ရာဇမျက်ကွက်ကာရံ၍ အပူဇော်ခံထားရှိစဉ် ဖောင်ဇင်းကျေးရွာမှ ကိုလင်းလင်းဆိုသူသည် ဆရာတော်ဘုရားကြီး၏ လောင်ကျွမ်းပြာများမှ ဓာတ်တော်များ ကျရောက်နေကြောင်း အိပ်မက်မြင်မက်ခဲ့လေသည်။ ထိုသို့ အိပ်မက်မက်သည့်ကိစ္စအားလည်း မည်သူ့ကိုမျှပြန်လည်ပြောပြခြင်းမရှိဘဲ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ဇွန်လ ၆ ရက်နေ့တွင် သွားရောက် ကြည့်ရှုဖူးမြော်ခဲ့ရာ ဓာတ်တော်များအား အမှန်တကယ်ဖူးမြော်ခဲ့ရလေသည်။ ထို့နောက် သတ်ဆိုင်ရာတာဝန်ရှိသူများအား တစ်ဆင့်ပြန်လည်ပြောပြခဲ့လေသည်။ ကာမိုက်ရှိသူများ ဆရာတော်ထံမှ ပြုံးကျွန်မရှိသည့် ဓာတ်တော်များအား ပို့ဆောင်ပေးရန် လျက် ဖောင်ဇင်းတောရကျောင်းအတွင်း အကြည်ညိုအလောင်းအစေး လျက်ရှိသည်။

ဆရာတော်ကြီးသည် ပုံလွန်တော်မူပြီး မီးသင်္ဂြိုဟ်မှုပြုလုပ်စဉ်ကတည်းက ထူးခြားသည့်ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါတွင်လည်း ဓာတ်တော်များ ဖူးမြော်ရရှိသဖြင့် ဒေသခံများမှ ရဟန္တာတစ်ပါးဟုပင် ယုံကြည်ကြပါသည်။ ဖောင်ဇင်းတောရကျောင်းဆရာတော် ဘဒ္ဒန္တကောသီယ၏ကြွင်းကျန်သည့်ပြာများမှဓာတ်တော်များကျရောက်သည်ကို အစွဲပြုလျက် ဓာတ်တော်ကျဆရာတော်ကြီးဟု အမည်တွင်လျက်ရှိပါသည်။

ဆရာတော်ကြီးအား စဉ့်ကိုင်မြို့နယ် ကုန်းနီကျေးရွာနေ အဘ ဦးထာနှင့် အမိ ဒေါ်ပိုက်တို့မှ ၁၂၉၃ ခု၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ တနလာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့လေသည်။ မွေးချင်း (၃) ဦးအနက် အငယ်ဆုံးဖြစ်သည်။ ငယ်နာမည် မောင်ကျော်ရင်ဖြစ်ပါသည်။ (၁၀) နှစ်သားအရွယ်တွင် ရွှင်သာမဏေဝတ်ခဲ့ပြီး ၁၃၁၂ ခုနှစ်တွင် မြင့်မြတ်သော ရဟန်းဘောင်သို့တက်လှမ်းတော်မူခဲ့သည်။ ဓာတ်တော်ကျဆရာတော်၏ ဥပဇ္ဈာယ်ဆရာတော်မှာ မန္တလေးမြို့ ရေကြည်ရွာကျောင်းဆရာတော် ဦးအာဒိစ္စဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် စဉ့်ကိုင်မြို့နယ် မြောင်းဆုံကြီးကျေးရွာအုပ်စု ဖောင်ဇင်းကျေးရွာ၊ ကုန်းနီကျေးရွာ၊ သင်္ကုံ စသည့် ကျေးရွာများ၏ဖိုခုံလောက်ဆိုင် အလယ်တည့်တည့်တွင်ရှိသည့် တောရကျောင်းတွင် သီတင်းသုံးတော်မူလျက်ရှိစဉ် သက်တော် (၈၃) နှစ်၊ ဝါတော်(၆၄)ဝါ အရ မေလ ၂၆ ရက်၊ ၂၀၁၄၊ တနလာနေ့ ည၌ (၁၂) နာရီတိတိအချိန်တွင် ဘဝနတ်ထံပုံလွန်တော်မူခဲ့လေသည်။

စဉ့်ကိုင်မြို့နယ်အတွင်း ယခုကဲ့သို့ ထူးခြားဆန်းပြား ကြည်ညိုဖွယ် တန်ခိုးအာနုဘော်များနှင့် ပြည့်စုံနေသည့် သာသနာ့ဝန်ထမ်းအာဇာနည် သို့မဟုတ် ရဟန္တာများအကြောင်းအား ထုတ်ဖော်ဂုဏ်ပြု ပူဇော် ရေးသား တင်ပြလိုက်ရပါတော့သည်။

တိုက်ကြည် (စဉ့်ကိုင်)



www.burmeseclassic.com

www.burmeseclassic.com

**အရှင်ပိဏ္ဍောလဘာရဟန္တိမဟောဏ် စန္ဒကူးသပိတ်အတွက် ကျောက်ဖျာကို ခြေနင့်ညှပ်၍ ကောင်းကင်ခရီးမှကြွပြီး တတ္တိတို့နှင့်တန်ဒိုးပြိုင်ခြင်း**

အခါတစ်ပါး၌ ရာဇဂြိုဟ်မှ သူဌေးတစ်ဦးသည် ဂင်္ဂါမြစ်သို့ရေဆင်းကစားလေရာ ငါးမန်း၊ မိကျောင်းတို့ရန်မှ လည်းကောင်း၊ ဆင်ယင်ထားသော တန်ဆာတို့ မတော်တဆကျွတ်ကျလျှင် ကာကွယ်ရန် လည်းကောင်း၊ သံကွန်ခြာပိုက်ရက်၍ရေတွင်ခဲ့ကာ အကာအရံပြုထား၏။ ထိုအတွင်း သစ်တုံးတစ်တုံးသည် သောက်ရေဘိုပမာမျှကြိုး၍ ထိုပိုက်ကွန်တွင် လာ၍ငြိတွယ်နေ၏။ သူဌေးသည် ထိုသစ်တုံးကို ဆယ်ယူ၍ ပဲခွပ်တို့ဖြင့်ရွေစေသော် နီနီရဲသော စန္ဒကူးနီဖြစ်ကြောင်းသိရ၏။

ထိုသူဌေးသည် မိစ္ဆာဒိဋ္ဌိလည်း မဟုတ်၊ သမ္မာဒိဋ္ဌိလည်း မဟုတ်ပေ။ ထိုသူဌေးက ငါ့တွင် စန္ဒကူးနီများစွာရှိ၏။ ဤစန္ဒကူးတုံးကို ဘာလုပ်ရမည်နည်းဟု ကြံစည်ရာတွင် -

"ငါတို့ရဟန္တာဖြစ်သည် ဟူ၍ ဆိုသောသူတို့သည် ဤလောက၌ များလှကုန်၏။ ရဟန္တာတစ်ပါးမျှကိုပင် ငါမမြင်။ အိမ်တွင် ပွတ်ခုံ၌ တပ်ဆင်ပြီး သပိတ်ကိုပွတ်ခဲစေ၍ အတောင်ခြောက်ဆယ်မြင့်အောင် ဝါးအဆက်ဆက်ဆက်ပြီး ထိုသပိတ်ကို ကောင်းကင်၌ ဆိုင်းဖြင့်ဆွဲစေပြီး ရဟန္တာအစစ်ဖြစ်ပါက လာ၍ယူစေသတည်း

ဟု ကြေညာသည်။

"အကြင်ရဟန်းသည် ထိုသပိတ်ကိုယူနိုင်ပါက ငါသည် သားမယားနှင့်တကွ ကိုးကွယ်ဆည်းကပ်ပါအံ့"

ဟူ၍ ကြံစည်စဉ်းစား၏။

ဤသို့ စိတ်ကူးသည့်အတိုင်းပင် ပြုလုပ်၍ အတောင်ခြောက်ဆယ်မြင့်သော ဝါးတိုင်၌ စန္ဒကူးနီသပိတ်ကို ချိတ်ဆွဲပြီးကြေညာ၏။

**တိတ္ထိဆရာတို့စန္ဒကူးသပိတ်ရအောင်ကြံကြပုံ**

တတ္တိဆရာခြောက်ဆယ်တို့သည် သူဌေးထံသွား၍ ထိုသပိတ်သည် ငါတို့နှင့်သာထိုက်တန်၏။ ငါတို့အားသာလျှင် ပေးလော့ဟုတောင်းကြ၏။

သူဌေးက -

"အသင်တို့ရဟန္တာအစစ်ဖြစ်လျှင် ကောင်းကင်ခရီးဖြင့်လာ၍ယူကြလော့"

ဟု ဆို၏။

ခြောက်ရက်မြောက်သောနေ့တွင် နာဋပုတ္တအမည်ရှိသော ကခေးသည်ပေါ်၏သားဖြစ်သည့် နိဂဏ္ဌတက္ကတွင်းသည် တပည့်တို့ကို သူဌေးထံသွားစေ၍ စကား



www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်မြိုးအောင်
(အေဒီဘန်အာမူဆုရ)

## စန္ဒကူးသပိတ်တစ်လုံးနှင့်တန်ခိုးပြဋိဟာ

ဆိုင်း၏။

"ဤသပိတ်သည် ငါတို့ဆရာနှင့် သာ ထိုက်တန်၏။ သပိတ်ငယ်မျှသော အကြောင်းဖြင့် ကောင်းကင်မှလာ၍ ယူပါစေနှင့်။ သပိတ်ကို ငါတို့၏ဆရာ အားလျှော်လော့"

ဟု ပြောစေ၏။

သူဌေးကလည်း ကောင်းကင်မှ ဘုရားယူနိုင်သူသာလျှင် ယူစေသတည်း ဆို၏။ နာဂပုတ္တသည် ကိုယ်တိုင်သွား ယူသဖြင့် တပည့်ကိုမှာထား၏။

"ငါသည် သူဌေးထံသို့သွားအံ့။ ငါ လက်တစ်ဖက်၊ ခြေတစ်ဖက်ကိုကြွ၍ ကောင်းကင်သို့ပျံတော့မည်ဟန်လုပ်လျှင် သင်တို့သည် ငါ့ခြေထောက်ကိုဆွဲကိုင် လက်တစ်ဖက်ကိုကြွ၍ အားယူလိုက်၏။ ကြီတင်တိုင်ပင်ကြံစည်ထားသည့်အတိုင်း တပည့်တို့သည် အပြေးအလွှားလာ၍ နာဂပုတ္တ၏ခြေ၊ လက်တို့ကိုဆွဲကြပြီး -

"အရှင်ဘုရား၊ ဤဘာမှမဟုတ်သော လူ၏ဦးခေါင်းခွံနှင့်တူသော သစ်သားသပိတ်တစ်လုံးအကြောင်းကြောင့် လျှို့ဝှက်အပ်သော ရဟန္တာ၏ဂုဏ်ကျေးဇူးကို လူတို့အားပြသဖြင့် အဘယ်အကျိုးရှိအံ့နည်း"

ဟု ဆိုကာ ထိုတက္ကတွန်း မြေသို့ လဲကျသည့်တိုင်အောင်ဆွဲကြ၏။

ထိုတက္ကတွန်းသည် သူဌေးကို -

"သူဌေးကြီး ငါ၏တပည့်တို့သည် ပျံတက်ခြင်းဌာနပေးလို။ ဤသပိတ်ကို ရဟန္တာတို့၏ ဂုဏ်ကျေးဇူးကို ဤသစ်သားသပိတ်တစ်လုံးကြောင့် လူအများမြင်အောင်မပြသင့်ပါဟုဆိုကာ ပြင်းခန်းဆွဲထားကြကုန်လော့"

ဟု တိုင်ပင်မှာကြားပြီး သူဌေးအိမ်သို့သွားကြ၏။

သူဌေးအား -

"သူဌေးကြီး၊ ဤသပိတ်သည် ငါနှင့်သာထိုက်၏။ အခြားသူများနှင့် မထိုက်တန်ပါ။ ဘာမဟုတ်သောပစ္စည်းတစ်ခုကြောင့် စာနာပျံ၍ယူစေခြင်းကို နှေးသက်ပါလင့်။ ငါ့ကိုသာလျှင် ဤသပိတ်ကိုပေးပါလော့"

သူဌေးကလည်း -

"ကောင်းကင်မှပျံတက်၍ သာယူပါလော့"

ဟု လျှောက်ထား၏။

ထိုအခါ နာဂပုတ္တသည် ဤသို့ဆိုလျှင် ပျံတက်ရန် ခြေတစ်ဖက်နှင့် ငါ့အားသာလျှင်ပေးလော့"

ဟု ဆို၏။

သူဌေးကလည်း -

"ကောင်းကင်မှ ပျံတက်၍သာယူပါ"

ဟု ဆိုကာ မပေးဘဲနေလေ၏။

တက္ကတွန်းတို့သည် ခြောက်ရက်တိုင် အားထုတ်သော်လည်းမရဘဲရှိလေ၏။

### အရက်သမားဆိုင်စကား

ခုနစ်ရက်မြောက်သောနေ့၌ အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒ္ဒါဇမထေရ်တို့သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွရန် တစ်ခဲသော ကျောက်ဖျာထက်၌ရပ်၍ သက်နိုးကိုရုံ နေစဉ် အရက်သမားအချင်းချင်းစကား ပြောကြသည်ကိုကြားရ၏။

"သူငယ်ချင်းတို့၊ ဒီနေ့အခါကာလက ဂိုဏ်းဆရာကြီးခြောက်ယောက်တို့သည် ဤလောကၦ ငါတို့သည်သာ ရဟန္တာဖြစ်ကြကုန်၏ဟု ဆိုကြ၏။ ရာဇဂြိုဟ်ပြည်၌ အတောင်ခြောက်ဆယ်မြင့်သော ဝါးတိုင်၏ထိပ်တွင် သပိတ်ကို ချိတ်ဆွဲထားပြီး ဤလောကၦ ရဟန္တာအစစ်ရှိပါက ကောင်းကင်ခရီးဖြင့်လာရောက်၍ယူစေသတည်းဟု ကြေးကြော်၍ထား၏။ ယနေ့ခြောက်ရက်ရှိပေပြီ။ အဘယ်သူတစ်ယောက်မျှမယူနိုင်သေးချေ။ ဤလောကၦ ရဟန္တာမရှိသည်မှာ ယခုမှပင်ထင်ရှားတော့၏"

ဤသို့ပြောဆိုကြသောစကားကို ကြားလျှင် အရှင်မဟာမောဂ္ဂလာန်က ပိဏ္ဍောလဘာရဒ္ဒါဇကို -

"ငါ့ခင်ဗျား ဘာရဒ္ဒါဇ သင်သည်ကြား၏လော၊ ဤသောသောက်ကြမ်းသူတို့သည် မြတ်စွာဘုရား၏သာသနာတော်ကိုစုံစမ်းလိုသဘဲသို့ဆိုကြ၏။ သင်သည် ကြွသွား၍ ကောင်းကင်ခရီးဖြင့် ယူလေ

သူဌေးကြီးအိမ်
တွဲ (၁၃) အမှတ် (၄) ၊ ၂၀၁၅ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

လော့"

"ငါ့ရှင်မောဂ္ဂလာန်၊ သင်သည် တန်ခိုးကြီးသောသူတို့တွင်မြတ်၏။ သင် သာလျှင် ဤသပိတ်ကိုယူပါလော့။ သင် မယူလိုသော်မှငါသွားပါအံ့"

ဟု ဆို၏။

"ငါ့ရှင်သာယူလော့"

ဟု အရှင်မောဂ္ဂလာန်ကဆို၏။

**ကျောက်ဖျာကိုခြေမှာညှပ်၍**

အရှင်ဘာရဒ္ဝါဇသည် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကိုဝင်စား၍ သုံးဂါဝုတ်ရှိသောကျောက်ဖျာကို ခြေမခြေဖျားညှပ်လျက် ကောင်းကင်ခရီးမှ ရာဇဂြိုဟ်ပြည်သို့ ကြွသွား၍ ရာဇဂြိုဟ်ပြည်၏အထက်မှ ခုနစ်ကြိမ်တိုင်လှည့်လည်၏။

ရာဇဂြိုဟ်ပြည်သည် သုံးဂါဝုတ်မျှ ကျယ်ဝန်းသည်ဖြစ်ရာ ထိုကျောက်ဖျာသည်လည်း သုံးဂါဝုတ်ပင်ရှိသဖြင့် ရာဇဂြိုဟ်တစ်ပြည်လုံးကို ဖြန့်အပ်သကဲ့သို့ ထင်ရ၏။ မြို့သူမြို့သားတို့သည် မိမိတို့အပေါ် သို့ပြုတ်ကျအံ့သကဲ့သို့ ကြောက်လန့်ကြပြီး ဆန်ကော၊ ဗန်းတို့ကို ဦးခေါင်းထက်မှအုပ်၍ပုန်းကြကုန်၏။ ခုနစ်ကြိမ်မြောက်၌ မထေရ်သည် ကျောက်ဖျာကို ခွဲ၍ ကိုယ်ကိုပြသည်။ လူအများသည် ဝိဏ္ဍောလမထေရ်ကိုမြင်ပြီး -

"အရှင်ဘုရား၊ ကျောက်ဖျာကို ခိုင်ခိုင်ဆွဲထားပါ။ ကျွန်ုပ်တို့အားလုံး ပျက်စီးရပါတော့မည်"

ဟု ဆိုကြကုန်၏။

အရှင်ဝိဏ္ဍောလမထေရ်သည် ကျောက်ဖျာကို ခြေမစွန်းဖြင့်တွန်း၍ လွတ်လေလျှင် ကျောက်ဖျာသည် မိမိနေရာဟောင်းသို့ ပြန်၍တည်နေတော့သည်။ မထေရ်သည် သူဌေး၏အိမ်အထက်မှရပ်လျက်နေ၏။ သူဌေးသည် မြေကြီးသို့ဝပ်လျက် မထေရ်ကိုရှိခိုးပြီးသော် -

"အရှင်ဘုရား၊ ဆင်းတော်မူပါလော့။ အိမ်တွင်းသို့ကြွတော်မူပါ"

ဟု လျှောက်၏။

အရှင်မြတ်သည် သူဌေးပင့်သည်ကို သည်းခံ၍ကြွရောက်၏။

သူဌေးသည် စန္ဒကူးသပိတ်ကိုချစေ၍ ထောပတ်ဆီ၊ ပျားသကာဟူသော စတုမဓုအရသာဖြင့် အပြည့်မျှ လောင်းလှူ၏။

မထေရ်သည် သပိတ်ကိုယူပြီး ကျောင်းသို့ရွှေ့လျှောကြွသွားသည်။

**အုတ်အော်သောင်းတင်းဖြစ်ခြင်း**

ထိုအခါ ဟောဇွင်း၌ အလုပ်ကိစ္စများဖြင့်ရောက်နေကြသော လူအပေါင်းတို့သည် ဝိဏ္ဍောလမထေရ်၏ တန်ခိုးမြာဋိဟာကို မမြင်ခဲ့ကြပေ။ သို့ဖြစ်၍ အရှင်နောက်သို့ စုဝေးလိုက်လာကြပြီး လျှောက်တင်ကြသောအသံမှာ အုတ်အော်သောင်းတင်းမျှသံလေ၏။ မထေရ်သည် ထိုသူတို့အား တန်ခိုးပြာဋိဟာကို ထပ်မံ၍ပြတော်မူပြီး ကျောင်းသို့ကြွသွား၏။

**ဘုရားရှင်ကဲ့ရဲ့တော်မူ၍ သိက္ခာပုဒ်ပညတ်တော်မူခြင်း**

မြတ်စွာဘုရားသည် ဝိဏ္ဍောလမထေရ်နောက်သို့ လိုက်၍ နေကြသော ပဲ့တင်ထပ်မျှသောလူအများ၏ အသံကို ကြားတော်မူ၏။ အရှင်အာနန္ဒာက အကြောင်းစုံလျှောက်ထား၍ သိတော်မူလျှင် ဘာရဒ္ဝါဇမထေရ်ကိုခေါ် စေ၍ မေးတော်မူရာဟုတ်မှန်ကြောင်းလျှောက်တင်သည်။

ထိုအခါ မြတ်စွာဘုရားက -

"သင်သည် အဘယ်ကြောင့် ဤသို့ပြုရသနည်း"

ဟု ကဲ့ရဲ့တော်မူပြီး ထိုသပိတ်ကို အပိုင်းပိုင်းကွဲစေပြီး ရဟန်းတို့အား မျက်စဉ်းမှုန့်ကြိတ်စေရန်ပေးဝေစေ၏။ ထို့နောက် တန်ခိုးပြာဋိဟာပြတော်မူခြင်းကို ကဲ့ရဲ့တော်မူပြီး သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထိုအကြောင်းကို တိထ္ထိတို့ကြားလေလျှင် -

"ရဟန်းဂေါတမ၏ တပည့်သားတို့သည် ပညတ်အပ်သောသိက္ခာပုဒ်ကို အသက်ဟူသော အကြောင်းကြောင့်ပင် မကျူးလွန်ကြကုန်။ ရဟန်းဂေါတမသည် ထိုသိက္ခာပုဒ်ကိုစောင့်မည်သာလျှင်တည်း။ ယခု ငါတို့အခွင့်ကောင်းရပြီ"

ဟု ဆိုကာ မြို့လေးမျက်နှာသို့လှည့်လည်ပြီး -

"ငါတို့သည် မိမိဂုဏ်ကိုငဲ့ပြီး သစ်သားသပိတ်ကို အကြောင်းပြု၍ လူအပေါင်းအား တန်ခိုးကိုမပြုခဲ့ကြပေ။ ရဟန်းဂေါတမ၏ တပည့်တို့သည် သပိတ်တစ်လုံးမျှဖြင့် တန်ခိုးကိုပြ၏။ ပညာရှိသော ရဟန်းဂေါတမသည် သပိတ်ကိုခွဲစေပြီး သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ယခု ငါတို့သည် ရဟန်းဂေါတမနှင့်တန်ခိုးပြိုင်ကြကုန်အံ့"

ဟု ကြွေးကြော်ကြ၏။

**မင်းနှင့်သရက်သီးပမာ**

ထိုစကားကို ဗိမ္ဗိသာရမင်း ကြားလေလျှင် မြတ်စွာဘုရားထံတော်သို့ သွား၍ -

"အရှင်ဘုရားတို့သည် တန်ခိုးပြာဋိဟာကိုမပြရန်သိက္ခာပုဒ်ကို ပညတ်သည်ဟုကြားရပါသည်။ မှန်ပါ၏လော"

ဟု မေးလျှောက်၏။

ဘုရားသခင်က -

"မှန်ပေ၏"

ဟု မိန့်လျှင် -

"တိတ္ထိတို့သည် ယခုအရှင်ဘုရားတို့နှင့်တန်ခိုးပြိုင်ရန်ကြွေးကြော်နေကြပြီ။ အဘယ်သို့ပြုမည်နည်း"

ဟုလျှောက်၏။

"ဒကာတော်မင်းမြတ်၊ တိတ္ထိတို့ပြိုင်လိုကပြိုင်ပါအံ့"

ဟု မိန့်တော်မူလျှင် -

"အရှင်ဘုရားတို့ သိက္ခာပုဒ်ကို ပညတ်ပြီးပြီမဟုတ်လော"

ဟု မေးလျှောက်ရာ -

"မင်းကြီး၊ ငါသည် ငါ့အတွက် သိက္ခာပုဒ်ကိုပညတ်သည်မဟုတ်။ ငါ၏တပည့်သာဝကတို့အားဘာလျှင် ပညတ်၏"

"အရှင်ဘုရားကို ချုပ်ထား၍ တစ်ပါးသောသူအတွက်သာ သိက္ခာပုဒ်ကို ပညတ်ခြင်းရှိပါသလော"

"မင်းကြီး၊ သင့်ကို တစ်ဖန် ပုစ္ဆာတစ်ခုမေးအံ့။ သင့်နိုင်ငံ၌ မင်းဥယျာဉ်သည်ရှိသည်မဟုတ်လော"

"ရှိပါ၏အရှင်ဘုရား"

"မင်းကြီး၊ သင်မင်းကြီး၏ဥယျာဉ်မှ သရက်သီး စသည်တို့ကို အခြားသူများစားလျှင် အဘယ်သို့ပြုသနည်း"

"မင်းပြစ်မင်းဒဏ်ပေးရပါသည်ဘုရား"

"ဤသို့ဆိုလျှင် သင်ကိုယ်တိုင် အတွက်စား၍ရပါသလား"

"ရပါ၏ အရှင်ဘုရား၊ အကျွန်ုပ်သည် အကျွန်ုပ်၏ပစ္စည်းကိုစားခြင်းဖြစ်၍ မင်းဒဏ်မရှိပါ"

"မင်းကြီး၊ အသင်၏ ယူဇနာသုံးရာရှိသောနိုင်ငံ၌ အာဏာသည်ဖြစ်သကဲ့သို့၊ မိမိပိုင်ဥယျာဉ်မှ သရက်သီးစသည်တို့ကို စားသဖြင့် ဒဏ်သည် မရှိသကဲ့သို့၊ သူတစ်ပါးတို့အား ဒဏ်သည်ရှိသကဲ့သို့။ ထို့အတူ စကြဝဠာကုဋေတစ်သိန်း၌ ငါဘုရား၏ အာဏာသည်နှံ့၏။ မိမိအား ပညတ်အပ်သော သိက္ခာ



www.burmeseclassic.com

www.burmeseclassic.com

ကို ကန့်လန့်ခြင်းသည်မရှိ။ သာဝက
အားသာရှိ၏။ ငါသည် တန်ခိုးပြာဋိ
ကိုဖက်ပြီင်အံ့"
ဟု မိန့်တော်မူ၏။

**ဘုရားလုသည့်တိတ္ထိများ**

မင်းကြီးက မေးလျှောက်၍
မြတ်စွာဘုရားသခင်က ဤနေ့မှလေးလ
ခန့်သော ငါဆိုလပြည့်နေ့၌ သာဝတ္ထိ
ပြည်ကို အမှီပြု၍ တန်ခိုးပြာဋိဟာကိုပြ
အံ့ဟု မိန့်တော်မူ၏။

တိတ္ထိတို့သည် လေးလကြာလျှင်
သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာပြလိမ့်
မည်။ ယခုမှစတင်၍ ရဟန်းဂေါတမ
ကို မျက်ခြည်မပြတ်စေဘဲ နောက်မှ
အကောက်ကောက်လိုက်ကြကုန်အံ့။ လူ
အပေါင်းတို့ကမြင်၍ မေးလျှင် ငါတို့က
ရဟန်းဂေါတမကိုတန်ခိုးပြိုင်မည်ဟုဆိုခဲ့
သဖြင့် ထိုရဟန်းဂေါတမပြေးလေသည်
ကို မပြေးနိုင်အောင် နောက်မှလိုက်နေ
ကြသည်ဟုပြောကြရန် တိုင်ပင်ထားကြ
၏။

မြတ်စွာဘုရားဆွမ်းခံကြွရာအရပ်
သို့ လည်းကောင်း၊ ဆွမ်းဘုဉ်းပေးရာ
နေရာသို့ လည်းကောင်း အနောက်မှ
အကောက်ကောက်နှင့်လိုက်ကြကုန်၏။
လူအပေါင်းတို့ကမေးလျှင် အထက်က
တိုင်ပင်ထားသည့်အတိုင်း ဖြေကြားကြ
၏။ ရာဇဂြိဟ်ပြည်မှလူအပေါင်းတို့သည်
သည်း ဘုရားသခင် သာဝတ္ထိပြည်သို့ကြွ
ရာလမ်းတစ်လျှောက်သို့ နောက်မှလိုက်
ကြ၏။ ထိုလူတို့လိုက်ကြခြင်းသည်ကား
တန်ခိုးပြာဋိဟာပြတော်မူခြင်းကို ဖွားမြင်
အံ့ဟု နှလုံးသွင်း၍လိုက်ကြခြင်း ဖြစ်
သည်။

မြတ်စွာဘုရားသည် ခရီးအစဉ်
မြဲသာ သာဝတ္ထိပြည်သို့ ရောက်၏။
တိတ္ထိတို့သည်လည်း ထပ်ကြုပ်မကွာ
ရောက်လာကြသဖြင့် သာဝတ္ထိပြည်တွင်း
သို့ဝင်ပြီး မိမိတို့၏တပည့်ဒါယကာများ
ထံ အလှူငွေကောက်ခံပြီး ရရှိသော
အလှူငွေများဖြင့် ရွာတိုင်တို့ကို မဏ္ဍပ်
ဆောက်၍ ကြာညှပ်ငွေတို့ကိုမိုးပြီး ဤ
မဏ္ဍပ်မှ တန်ခိုးပြာဋိဟာပြပေအံ့ဟုနေ
ကြကုန်၏။

ပသေနဒီကောသလမင်းကြီးသည်
ဘုရားထံသို့သွား၍ -

"တိတ္ထိတို့သည် မဏ္ဍပ်ကိုဆောက်
နေကြပါပြီ၊ တပည့်တော်တို့သည် အရှင်
ဘုရားတို့အတွက် မဏ္ဍပ်ဆောက်ပါမည်"
ဟု လျှောက်၏။

မြတ်စွာဘုရားက -

"ဒကာတော်ဆောက်ခြင်းငှာ
မသင့်၊ ငါဘုရားအတွက် မဏ္ဍပ်ဆောက်
မည့်ဒါယကာရှိနေပြီ"
ဟု မိန့်တော်မူ၏။

ပသေနဒီကောသလမင်းကြီးက -

"အရှင်ဘုရား၊ ဒကာတော်မှလွဲ၍
အဘယ်သူသည် မဏ္ဍပ်ဆောက်ခြင်းငှာ
စွမ်းနိုင်ပါမည်နည်း"
ဟု မေးလျှောက်လေလျှင် -

"မြတ်သောမင်းကြီး၊ သိကြားမင်း
ဆောက်လိမ့်မည်"
ဟု မိန့်တော်မူ၏။

ပသေနဒီကောသလမင်းကြီးက -

"အဘယ်အရပ်၌ တန်ခိုးပြာဋိဟာ
ကိုပြပါမည်နည်း"
ဟု လျှောက်၏။

မြတ်စွာဘုရားက -

"ကဏ္ဏအမည်ရှိသော သရက်ဖြူ
ပင်ရင်း၌ ယမိုက်ပြာဋိဟာတို့ကိုပြပေအံ့"
ဟု မိန့်တော်မူ၏။

သရက်ဖြူပင်အရင်းတွင် တန်ခိုး
ပြာဋိဟာပြတော်မူမတဲ့ဟု တိတ္ထိတို့ကြား
လျှင် မိမိတို့အလုပ်အကျွေးဒါယကာတို့
ကို အကြောင်းကြား၍ တစ်ယူဇနာ
အတွင်းရှိသော သရက်ဖြူပင်မှန်သမျှ
လိုက်လံခုတ်လှဲစေ၏။ အယုတ်သဖြင့်
ထိုနေ့ပေါက်သော သရက်ပင်ငယ်များ
ကိုပင်နုတ်စေ၏။

**သရက်ဖြူပင်ပေါ်ထွန်းလာခြင်း**

ဝါဆိုလပြည့်နေ့ရောက်သောအခါ
မြတ်စွာဘုရားသည် သာဝတ္ထိပြည်တွင်း
သို့ကြွဝင်တော်မူ၏။ ကောသလမင်းကြီး
၏ ကဏ္ဏအမည်ရှိသော ဥယျာဉ်မှူး
သည် ခါချဉ်ထုပ်အတွင်း၌ သရက်သီး
မှည့်တစ်လုံးကိုမြင်၍ ထိုသရက်သီး၏
အနံ့ကြောင့် အနီးရှိနေကြသောကိုးတို့
ကိုပါ့စေပြီး မင်းကြီးထံဆက်သရန်ယူလာ
ခဲ့၏။

လမ်းခရီးတွင် မြတ်စွာဘုရားကို
မြင်၍ ကြည်ညိုသဒ္ဓါပွားများမိသည့်
အလျောက် ဤသရက်သီးကို မင်းကြီးသို့
ဆက်သလျှင် ငါ့အား အသပြာရွှေကျပ်
သို့မဟုတ် ဆယ့်ခြောက်ကျပ်ပေးမည်။
ဤမျှသောငွေသည် ငါ့အတွက်အဘယ်
မျှအကျိုးရှိမည်နည်း။ ဤသရက်သီးကို
မြတ်စွာဘုရားအားလှူလျှင် ဖြစ်လေရာ
ဘဝသံသရာအဆက်ဆက်ပင် မချွတ်
ကေန် အစီးအပွားကို ဆောင်ရွက်နိုင်
သည် ဖြစ်လတ္တံ့ဟု စဉ်းစား၍ ထိုသရက်
သီးမှည့်ကို မြတ်စွာဘုရားအား ကပ်လှူ
၏။

မြတ်စွာဘုရားသခင်သည် အရှင်
အာနန္ဒာမထေရ်ကို ကြည့်တော်မူသော
အခါ အရှင်အာနန္ဒာမထေရ်သည် စတု
မဟာရာဇ်နတ်မင်းကြီးလေးယောက်လှူ
အပ်သော ကျောက်သပိတ်ကို သပိတ်
အိတ်မှထုတ်၍ လက်တော်သို့အပ်၏။
မြတ်စွာဘုရားသည် သပိတ်ကိုစောင်း၍
သရက်သီးကို ခဲယူပြီး ထိုအရပ်၌ပင်
နေတော်မူလိုသောအခြင်းအရာကိုပြ၏။
အရှင်အာနန္ဒာမထေရ်သည် သင်္ကန်းကို
ခင်း၍ပေး၏။ ထိုအခါ ထိုင်းထားသော
သင်္ကန်းနေရာတွင်ထိုင်နေတော်မူ၏။

အရှင်အာနန္ဒာမထေရ်မြတ်သည်
ရေကိုစစ်၍ သရက်သီးမည်ကိုနယ်ပြီး
ဖော်ရည်ပြုကာကပ်၏။ မြတ်စွာဘုရား
သည် သရက်သီးဖော်ရည်ကို သုံးဆောင်
တော်မူပြီး ဥယျာဉ်မှူးကိုယူအား '၌
သရက်စေ့ကို ဤအရပ်၌ပင်စိုက်လော့'
ဟု မိန့်တော်မူ၏။ ကဏ္ဏသည် မြေကို
ယက်၍ သရက်စေ့ကိုစိုက်၏။

ဘုရားသခင်သည် သရက်စေ့၏
အထက်၌ လက်ကိုဆေးတော်မူ၏။
လက်ဆေးတော်မူကာမှပင်လျှင် ထွန်တုံး
မှလောက် အညောက်ပင်စည်ရှိ၍
အခြောင့်အခြင် အတောင်ငါးဆယ်ရှိ
သော သရက်ပင်သည် ပေါက်လာ၏။
အရပ်လေးမျက်နှာတို့၌ အကိုင်းတစ်
ကိုင်းစီဖြစ်လာ၏။ အထက်သို့တက်မတ်
တက်သည်တား အကိုင်းတစ်ကိုင်းဖြစ်
၏။ ဤသို့ ခက်ကိုင်းခုတို့သည်
အတောင်ငါးဆယ်စီရှိကြကုန်၏။ ထို
သရက်ပင်သည် ထိုခဏ၌ပင်လျှင်
အပွင့်၊ အသီးတို့ဖြင့် ဝဲလွှမ်းသွားတော့
၏။ တစ်ခုတစ်ခုသောအရပ်၌ သရက်
သီးမှည့်အခိုင်တို့သည်ဖြစ်ကြ၏။ ရဟန်း
တို့သည် သရက်သီးတို့ကိုဘုဉ်းပေးကြ
ကုန်၏။

ကောသလမင်းကြီးသည် သရက်
ပြုပင်ပေါက်သည့်သတင်းကို ကြားလေ
လျှင် -

"ထိုသရက်ပင်ကို တစ်စုံတစ်
ယောက်မျှမခုတ်ဖြတ်စေရ"
ဟု အမိန့်ထုတ်၏။

ထိုသရက်ပင်သည် ကဏ္ဏအမည်
ရှိသောဥယျာဉ်စောင့်စိုက်သဖြင့် 'ကဏ္ဏ
သရက်ပင်' ဟူ၍ ထင်ရှား၏။

**တိတ္ထိတို့ပြေးကြခြင်း**

သေသောက်ကြွေတို့သည် သရက်

www.burmeseclassic.com

သီးမှည့်ကိုစား၍ တိတ္ထိတို့အား -

"သင်တို့သည် ဂေါတမဘုရားက သရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာပြမည်ဆို၍ သရက်ပင်တို့ကိုဖျက်ဆီးကြ၏။ ဤသရက်ပင်သည် ကဏ္ဍာသရက်ပင်အမည်ရှိ၏"

ဟု ဆိုကာ သရက်စေ့ဖြင့်ပစ်ပေါက်ကြကုန်၏။

သိကြားမင်းသည် လေနတ်သားအား တိတ္ထိတို့၏မကျွပ်ကို လေတိုက်၍ ပျက်စီးစေ၏။ နေနတ်သားအားလည်း နေအဝန်းကိုအောက်သို့ဆွဲငင်ပြီး တိတ္ထိတို့အားမူစေလော့ဟုအမိန့်ပေး၏။ လေနတ်သားကိုမူ လေမွှေတိုက်ထစေလော့ဟု အမိန့်ပေး၏။ နေမင်းအလိုန်ကြောင့် ဆွေတို့ပြင့်စိန္ဓသောကိုယ်၌ လေနတ်သားက ဖုန်မှုန့်တို့ဖြင့် လေမွှေထ၍ ပက်ဖျန်းလိုက်သဖြင့် မြူမှုန်အလိမ်းလိမ်းဖြင့် တိတ္ထိတို့သည် တောင်ပို့များပမာဖြစ်ကြကုန်၏။

သိကြားမင်းသည် မိုးနတ်သားကို မိုးရွာချစေသောအခါ မြူအလိမ်းလိမ်း၊ ဖုန်အလိမ်းလိမ်းတင်နေသော တိတ္ထိတို့သည် နွားပြောက်နွားကျားများနှင့်တူနေကြတော့၏။ ထိုတိတ္ထိတက္ကတွန်းတို့သည် ရှက်လှသဖြင့် ခြေဦးတည့်ရာအရပ်များသို့ပြေးကြကုန်၏။ ဤသို့ပြေးရင်း ပူရဏကဿပ၏တပည့် လယ်ထွန်သမားတစ်ယောက်သည် ပူရဏကဿပအတွက် ယာဂုအိုးကိုယူ၍ လယ်ထွန်ရာမှပြန်လာသည်။ နွားချည်သည့်ကြိုးတစ်ချောင်းလည်းကိုင်ထားသည်။ ပူရဏကဿပသည် အိုးကိုလည်းကောင်း၊ ကြိုးကိုလည်းကောင်း တောင်းယူ၍ မြစ်ကမ်းနားသို့သွားပြီး အိုးကိုကြိုးဖြင့်ချည်၍ကြိုးကို မိမိလည်ပင်း၌ချည်နှောင်ကာ ရေထဲသို့ ခုန်ချသေဆုံးကာ အဝီစိသို့ရောက်လေ၏။

### သာဝကတို့က ပြာဋိဟာပြခွင့်ပြုရန် လျှောက်ထားခြင်း

မြတ်စွာဘုရားသည် ကောင်းကင်၌ ရတနာစင်္ကြံကိုဖန်ဆင်းရာ ထိုရတနာစင်္ကြံ၏ တစ်ခုသောအစွန်းသည် အရှေ့စကြဝဠာအနားရေသို့ဆိုက်၏။ တစ်ခုသောအစွန်းသည် အနောက်စကြဝဠာအနားရေသို့ဆိုက်၏။ ယမိုက်ပြာဋိဟာကိုဖူးမြော်ရန် ရောက်လာကြသော ပရိသတ်သည် သုံးဆယ့်ခြောက်ယူဇနာအတိုင်းအရှည်ရှိ၏။ မွန်းတိမ်းလတ်သော် မြတ်စွာဘုရားသခင်သည် ယခုအခါ၌ တန်ခိုးပြာဋိဟာကိုပြတော်မူအံ့သောအခါတည်းဟု ဂန္ဓကုဋိတိုက်မှထွက်၍ ကျောင်းဦး၌ရပ်တည်တော်မူ၏။

### ယရဏီအနာဂါမ်ဥပါသိကာမ လျှောက်ထားပုံ

ထိုအခါ ယရဏီအမည်ရှိ တန်ခိုးအာနုဘော်ကြီးသော အနာဂါမ်တစ်ဦးဖြစ်သည့် ဥပါသိကာမသည် မြတ်စွာဘုရားထံချဉ်းကပ်၍ -

"အရှင်ဘုရား၊ တပည့်တော်မကဲ့သို့ သမီးကောင်းရတနာရှိပါလျက် အရှင်မြတ်သည် ပင်ပန်းခြင်းကိုစွမ်းရှိသင့်ပါ။ တပည့်တော်မသည် တန်ခိုးပြာဋိဟာပြပါအံ့"

ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက -

"ယရဏီ၊ သင်သည် အဘယ်သို့ပြာဋိဟာကိုပြမည်နည်း"

ဟုမေးတော်မူ၏။

"အရှင်ဘုရား၊ တစ်ခုတည်းသော စကြဝဠာမြေပြင်ကို ရေဖြင့်ပြည့်စေ၍ ရေကြက်မငယ်ကဲ့သို့ အနောက်စကြဝဠာမှငုပ်၍ အရှေ့စကြဝဠာအနားရေအထိ၊ မြောက်စကြဝဠာမှငုပ်၍ တောင်စကြဝဠာပေါ် ပါအံ့။ ထို့အတူ အရှေ့၊ အနောက်၊ တောင်၊ မြောက်အနားရေမှငုပ်၍အလယ်၌ပေါ် ပါအံ့။ ဤအခါ ဤသူကား မည်သူနည်းဟု မေးကြသည်ရှိသော် ဤရေကြက်မကား ယရဏီအမည်ရှိသူဟုသိကြရလျှင် ဘုရားရှင်၏တပည့် ဤဥပါသိကာမ၏ တန်ခိုးသည် ဤမျှလောက်ဖြစ်တုံသေး၏။ ဗုဒ္ဓဘုရား၏ အာနုဘော်တော်သည်ကား အဘယ်သို့ဆိုဖွယ်ရာရှိတော့အံ့နည်းဟု တိတ္ထိတို့ပြေးကြလေကုန်ပါအံ့"

ဟုလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက-

"ယရဏီ၊ သင်ဤသို့ပြနိုင်သည်ကို ငါဘုရားသိတော်မူ၏။ သို့သော် ပရိသတ်အလယ်၌ သင့်ကိုငါဘုရားခွင့်ပြုတော်မမူ"

ယရဏီဥပါသိကာမသည် -

'ဘုရားရှင်ခွင့်ပြုတော်မမူသည်မှာ ငါ့ထက်တန်ခိုးပြာဋိဟာကိုပြနိုင်စွမ်းသောတစ်ပါးသောပုဂ္ဂိုလ်ရှိ၏'

ဟု စဉ်းစားလျက် သင့်တင့်လျောက်ပတ်သောအရပ်၌နေ၏။

### ထင်ရားတော်မူစေရန်

မြတ်စွာဘုရားသည် သုံးဆယ့်ခြောက်ယူဇနာ အတိုင်းအရှည်ရှိသော ပရိတ်သတ်၏အလယ်၌ ယရဏီနည်းတူ စွာ အခြားသာ ပုဂ္ဂိုလ်တို့အားလည်း ခြေသွေ့မင်းအသံနှင့်တူသော မကြောက်မရွံ့ ရဲဝံ့သောအသံဖြင့် ကျူးရင့်စေကာ ထိုသူတို့၏ဂုဏ်ကို ထင်ရှားခြင်းဖြစ်လတ္တံ့ဟု ဆင်ခြင်အောက်မေ့တော်မူသည်ဖြစ်၍ တစ်ပါးသောသူတို့ကိုလည်း မေးတော်မူ၏။

"သင်တို့သည် တန်ခိုးပြာဋိတော်ကို အဘယ်သို့ပြုကုန်အံ့သနည်း"

ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ ထိုသူတို့သည် ဤသို့ဤသို့လျှင်ပြုပါကုန်အံ့"

ဟု ဘုရားသခင်ရှေ့တော်မှလျှောက်ကြား၏။

### စူဠအနာထပိဏ်အနာဂါမ်ပုဂ္ဂိုလ်လျှောက်ကြားပုံ

လူအပေါင်းတို့တွင် စူဠအနာထပိဏ်သူဌေးသည် ငါကဲ့သို့သဘောရှိကုန်သော အနာဂါမ်ဒါယကာဖြစ်ကုန်သော သားကောင်းရတနာတို့ထင်ရှားပါလျက် ဘုရားသခင်၏ ပင်ပန်းခြင်းကိုစွမ်းမရှိသင့်ပေဟုစဉ်းစားမိသဖြင့် -

"အရှင်မြတ်ဘုရား၊ တပည့်တော် တန်ခိုးပြာဋိဟာကိုပြပါအံ့"

ဟု လျှောက်၏။

ဘုရားသခင်က -

"အဘယ်သို့ပြုပါအံ့နည်း"

ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗြဟ္မာမင်းတို့၏ကိုယ်ကိုဖန်ဆင်း၍ ဤပရိသတ်၏အလယ်၌ မီးချွန်းသံကြီးနှင့်တူသောအသံဖြင့် ဗြဟ္မာမင်း၏လက်ပန်းပေါက်ခတ်ခြင်းကဲ့သို့ လက်ပန်းပေါက်ခတ်ပါမည်။ လူအပေါင်းတို့က ဤအသံသည် အဘယ်အသံနည်းဟု မေးသည်ရှိသော် စူဠအနာထပိဏ်သူဌေး၏ ဗြဟ္မာမင်းလက်ပန်းပေါက်ခတ်သံဖြစ်သည်ဟုဆိုကြလျှင် တိတ္ထိတို့သည် သူကြွယ်၏ အာနုဘော်သည် ထို့မျှလောက်ဖြစ်လျှင် ဗုဒ္ဓဘုရား၏ အာနုဘော်သည် အဘယ်သို့ဆိုဖွယ်ရာရှိတော့အံ့နည်းဟု အရှင်ဘုရားတို့ကို မျက်နှာမဆိုင်ရဲဘဲပြေးကြကုန်လတ္တံ့"

ဤသို့လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားက -

"သင်၏အာနုဘော်ကို ငါဘုရားသိ၏။ သို့သော် တန်ခိုးပြာဋိဟာပြခြင်းကိုခွင့်ပြုတော်မမူချေ"



www.burmeseclassic.com

www.burmeseclassic.com

**ခုနစ်နှစ်အရွယ် စိရသာမထေရမလျှောက်ကြောင်းပုံ**

ထို့နောက်တွင် ပဋိသန္ဓိဒါသို့ ရောက်သော ခုနစ်နှစ်အရွယ်ရှိ စိရသာမထေရမသည် မြတ်စွာဘုရားကိုရှိခိုး၍ -

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် တန်ခိုးပြာဋိဟာကိုပြုပါအံ့"

ဟု လျှောက်ထား၏။

ဘုရားသခင်က -

"အဘယ်သို့ပြုအံ့နည်း"

ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား၊ မြင်းမိုရ်တောင်ကို လည်းကောင်း၊ စကြဝဠာကို လည်းကောင်း၊ ဟိမဝန္တာကို လည်းကောင်း ဤအရပ်သို့ယူဆောင်ပြီး အစဉ်အတိုင်းထား၍ တပည့်တော်မသည် သာမကဲ့သို့ ထိုအရပ်မှထပျံသွားပါအံ့။ ထိုအပေါင်းတို့သည် တပည့်တော်မကို မြင်၍ ဤသူကား အဘယ်သူနည်းဟု အလွန် စိရအမည်ရှိသော သာမဏေမည်းဟုပြောကြလတ္တံ့။ ထိုအခါ တိတ္ထိတို့သည် ခုနစ်နှစ်မျှသာရှိသော သာမဏေလေး၏အာနုဘော်သည် ထိုမျှရှိသော် ဗုဒ္ဓရွှင်တော်ဘုရား၏ အာနုဘော်သည် အဘယ်သို့ဆိုဖွယ်ရာရှိအံ့နည်းဟု အရှင်ဘုရားကို မျက်နှာမဆိုင်ရဲဘဲပြေးကြတုန်လတ္တံ့"

ဤသို့လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားသည် -

"သင်၏အာနုဘော်ကိုငါသိ၏"

ဟု မိန့်တော်မူပြီး တန်ခိုးပြာဋိဟာပြခြင်းကိုခွင့်ပြုတော်မမူချေ။

**ခုနစ်နှစ်အရွယ် စုန္ဒသာမဏော လျှောက်ကြောင်းပုံ**

နောက်တစ်ဖန် ပဋိသန္ဓိဒါသို့ ရောက်သော အာသေဝေါကုန်ပြီးသော ခုနစ်နှစ်သာရှိသော စုန္ဒသာမဏောသည် မြတ်စွာဘုရားကိုရှိခိုး၍ -

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် တန်ခိုးပြာဋိဟာကိုပြုပါအံ့"

ဟု လျှောက်၏။

ဘုရားသခင်က -

"အဘယ်သို့ပြုအံ့နည်း"

ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ တပည့်တော်သည် ဒွေဒီပါကျွန်း၏ တံခွန်သဖွယ်ဖြစ်သော ဒွေသပြေပင်ကြီးကိုပခုံးဦးထမ်းပြီး ဇမ္ဗူသပြေသီးတို့ကိုလှုပ်ခြွေ၍ ဤပရိသတ်အပေါင်းတို့ကိုစားပါစေအံ့။ ပင်လယ်ကသစ်ပွင့်တို့လည်းယူဆောင်၍ အရှင်ဘုရားတို့ကိုပူဇော်ပါကုန်အံ့"

ဟု လျှောက်၏။

ဤသို့လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားသခင်က -

"သင့်အာနုဘော်ကို ငါဘုရားသိ၏"

မိန့်တော်မူပြီး တန်ခိုးပြာဋိဟာကို ခွင့်ပြုတော်မမူချေ။

**ဥပ္ပလဝဏ္ဏထေရီမလျှောက်ထားပုံ**

ထို့နောက်တွင် ဥပ္ပလဝဏ္ဏအမည်ရှိသောထေရီမသည် မြတ်စွာဘုရားကို ရှိခိုး၍ -

"အရှင်မြတ်ဘုရား၊ တပည့်တော်မသည် တန်ခိုးပြာဋိဟာကိုပြုပါအံ့"

ဟု လျှောက်၏။

ဘုရားသခင်က -

"အဘယ်သို့ပြုပါအံ့နည်း"

ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား၊ တပည့်တော်မသည် တစ်ဆယ့်နှစ်ယူဇနာရှိသောပရိသတ်ကို လှည့်လည်လျက် သုံးဆယ့်ခြောက်ယူဇနာ အတိုင်းအရှည်ရှိသောပရိသတ်ခြံရံလျက် စကြဝဠာမင်းအဖြစ်နှင့်လာ၍ အရှင်ဘုရားကို ရှိခိုးပါအံ့"

ဤသို့လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားက -

"သင်၏အာနုဘော်ကိုသိ၏"

မိန့်တော်မူပြီး တန်ခိုးပြာဋိဟာပြခြင်းကိုပယ်တော်မူ၏။

**အရှင်မောဂ္ဂလာန်လျှောက်ကြားပုံ**

ထို့နောက်တွင် အရှင်မောဂ္ဂလာန်မထေရ်သည် မြတ်စွာဘုရားအားရှိခိုး၍ -

"အရှင်မြတ်ဘုရား၊ တပည့်တော်အားတန်ခိုးပြာဋိဟာပြတော်မူပါဘုရား"

ဟု လျှောက်၏။

ဘုရားသခင်က -

"အဘယ်သို့ပြုအံ့နည်း"

ဟု မေးတော်မူ၏။

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် မြင်းမိုရ်တောင်မင်းကို သွားကြွေးခွဲထား၍ ပဲနောက်စေ့၊ မုန့်ညင်းစေ့ကဲ့သို့ ကိုက်ဝါးပါအံ့"

ဟုလျှောက်၏။

"အခြားတစ်ပါးကို အဘယ်သို့ပြုအံ့နည်း"

ဟု ထပ်မံ မေးတော်မူပြန်၏။

"ဤမြေကြီးကို သင်ပြုနိုင်သို့လိပ်၍ လက်ချောင်းကြားခွဲထားပါအံ့"

"ထိုမှတစ်ပါး အဘယ်သို့ပြုအံ့နည်း"

ဟု မေးတော်မူပြန်၏။

"မဟာပထဝီမြေကြီးကို အိုးထိန်းစက်ကဲ့သို့လှန်၍ မြေဆီညြေဇာကို လူအပေါင်းအားစားစေအံ့"

ဟုလျှောက်၏။

"အခြားတစ်ပါးကို အဘယ်သို့ပြုအံ့နည်း"

ဟုမေးတော်မူပြန်၏။

"လက်ဝဲလက်ကို မြေပြင်ကဲ့သို့ပြု၍ ဤလူတို့ကို လက်ယာလက်ဖြင့်ဆွဲငင်၍ တစ်ပါးသောဇွန်းကဲ့သို့ထားပါအံ့"

ဟု လျှောက်၏။

"တစ်ပါးသော ပြဋိဟာကို အဘယ်သို့ပြုအံ့နည်း"

ဟု မေးတော်မူပြန်၏။

"မြင်းမိုရ်တောင်ကို ထီးနှိုးပြု၍ မဟာပထဝီမြေကြီးကို ထီးထိန်းအထက်၌တင်ထား၍ ထီးလက်ဆွဲသောရဟန်းကဲ့သို့ လက်တစ်ဖက်တိုင်ဆွဲ၍ ကောင်းကင်၌ စကြဝဠာပါအံ့"

ဟုလျှောက်၏။

မြတ်စွာဘုရားရှင်က ဖွေနည်းအတိုင်းပင် တန်ခိုးပြာဋိဟာပြခြင်းကို ခွင့်ပြုတော်မူလေ၏။

ရှင်မောဂ္ဂလာန်က မြတ်စွာဘုရားသည် ငါ့ထက်လွန်ကဲစွာတန်ခိုးပြာဋိဟာပြနိုင်သူကို သိတော်မူသည်ဖြစ်လိမ့်မည်ဟုတွေးကာ သင့်တင့်လျောက်ပတ်သော အရပ်၌နေလေ၏။

ထို့နောက် ရှင်မောဂ္ဂလာန်ကို -

"ခွန်ဆား ရှင်မောဂ္ဂလာန်၊ ငါဘုရား ဆောင်ရွက်ရမည့်ဝန်ကို အခြားမည်သူမျှ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အဖြစ်ကား အကြီးအကဲယ်ခိုနွမ်းအံ့သြဖွယ်တော်သော အတိတ်တိရစ္ဆာန်ဖြစ်သောအခါ၌လည်း ငါ၏ဆောင်ရွက်ဖွယ်ရာဝန်ကို ရွက်ဆောင်နိုင်သည့် အခြားတစ်ပါးမရှိဘူးသည်သာလျှင်တည်း"

ဟု မိန့်တော်မူ၏။

"အရှင်မြတ်ဘုရား၊ အာဘယ်အခါပါနည်း"

ဟု မထေရ်ကမေးလျှောက်သည်ရှိသော် အတိတ်ဇာတ်ကိုဟောတော်မူ၏။

**အတွားအိုနှင့် ဘုရားလောင်း နွားငယ်အတိတ်ဝတ္ထု**

နွေးလွန်လေပြီးသောအခါ တရာ



www.burmeseclassic.com

www.burmeseclassic.com

ကာသီပြည်၌ မြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဘုရားအလောင်းတော်သည် နွားအမျိုးဌဲဖြစ်၏။ ထိုနွားရှင်တို့သည် အဘိုးအိုတစ်ယောက်၏အိမ်တွင် ငယ်စဉ်ကပင် မွေးခဲ့နေထိုင်ကြသည်။ ထိုနွားငယ်ကို အဘွားအိုအား ပေးကြ၏။ အဘွားအိုသည် ဘုရားလောင်းနွားငယ်ကို သားကဲ့သို့ချစ်၍ ကောင်းစွာကျွေးမွေးထား၏။ မည်းနက်သောမျက်စဉ်းညိုအဆင်းရှိသောကြောင့် 'အယိုကကာလက' ဟူသော အမည်ဖြင့် ထင်ရှား၏။ ဘုရားလောင်းနွားသည် တပြည်းပြည်းကြီးပြင်းအရွယ်ရောက်လာလျှင် ရွာ၌ရှိသောနွားတို့နှင့် အတူတကွ လှည်လည်ကျက်စား၏။ သဘောကောင်း၏။ သည်းခံ၏။ ရွာမှကလေးငယ်တို့သည် ဦးချိုလည်ပင်းတို့ကိုဝိုရိုစီးကြ၏။ အမြီးစကိုဆွဲ၍ကစားကြသည်၊ ကျောကုန်းထက်၌လည်းတက်၍စီးကြသည်။

ထိုဘုရားလောင်းနွားသည် ငါ၏ မိခင်မှာ ဆင်းရဲလှ၏။ ငါ့ကို သားအဖြစ် မည်သူမည်မျှ ကျွေးမွေးစောင့်ရှောက်ပေ၏။ ငါသည် အမေအိုကို အလုပ်လုပ်၍ ကျွေးရလျှင် ကောင်းလေစွဟု ကြံစည်မိသည်။ ထိုသို့ကြံရင်း နွားတို့၏ ရတတ်သောအခကို သွားရင်းလာရင်း စုံစမ်းလျက်ရှိ၏။

တစ်နေ့တွင် လှည်းကုန်သည်၏ သားသည် လှည်းငါးရာဖြင့် ကုန်များကို တင်ရင်း မည်မည္ဆတ် နက်ရှိုင်းသော ဆိပ်ကမ်းသို့ရောက်၏။ လှည်းကုန်သည်တို့၏နွားတို့သည် မြင့်မားသောဆိပ်ကမ်းပေါ် သို့မတက်နိုင်ကြကုန်။ လှည်းငါးရာမှနွားတို့ကို ထမ်းပိုးအဆင့်ဆင့်ဖြင့်ထ၍ ဆွဲစေသော်လည်း မတက်နိုင်ကြပါ။ ဘုရားလောင်းနွားသည် အခြားသောနွားတို့နှင့်အတူ ကမ်းနားသို့ရောက်လာ၏။ လှည်းကုန်သည်၏သားသည် နွားတို့၏လက္ခဏာကျမ်းကိုတတ်၏။ ထိုနွားအုပ်ထဲတွင် နွားဥဘသအာဇာနည်ကို ရှာဖွေပြီးလျှင် ဤအာဇာနည်နွားသည် ငါ၏လှည်းတို့ကို ကုန်းပေါ် သို့ရောက်အောင် စွမ်းဆောင်နိုင်ပေလိမ့်မည်။ နွားရှင်ဘယ်မှာရှိသနည်းဟု သူငယ်တို့အား မေး၏။ သူငယ်တို့က ဤအရပ်မှာမရှိ။ ယူ၍ခိုင်းနိုင်ပါသည်ဟုဆိုကြ၏။ ထိုအခါ ဘုရားလောင်းနွားကို နဖားကြိုးထိုး၍ ဆွဲစေသည်။ ဘုရားလောင်းသည် အဖိုးအခကိုပြောမှလိုက်မည်ဟုကြံ၍ မလိုက်ဘဲနေ၏။ နဖားကြိုးကိုဆွဲသော်လည်း လှုပ်ရှားနိုင်အောင်ပင်မတတ်နိုင်ကြချေ။ လှည်းကုန်သည်၏သားသည် ဘုရားလောင်း၏အလိုကိုသိ၍ -

"အသင်သည် လှည်းငါးရာကို ကုန်းပေါ် သို့ရောက်အောင် ဆွဲဆောင်ပေးလျှင် လှည်းတစ်စီးကို နှစ်အသပြာကျစီအခထား၍ အသပြာတစ်ထောင်ပေးပါမည်"

ဟု ပြော၏။

ထိုအခါမှ ဘုရားလောင်းနွားသည် အလိုလိုလိုက်သွား၍ လှည်းတို့ကို ကုန်းပေါ် ၌တင်ပေး၏။ လှည်းငါးရာကို တပင်တပန်းတင်ပေးပြီးသောအခါ လှည်းကုန်သည်၏သားသည် လှည်းတစ်စီးလျှင် တစ်အသပြာကျဖြင့် လှည်းငါးရာအတွက် အသပြာငါးရာကို လည်ပင်း၌ ချည်၍ပေး၏။ ဘုရားလောင်းသည် ဤသူကား သတ်မှတ်ထားသောအဖိုးအခကိုမပေးဟု လှည်းတို့၏ရှေ့မှလမ်းခရီးကို ဖီလာကန့်လန့်ရပ်နေ၏။ ဘုရားလောင်းနွားကို ဖယ်သွားရန်ကြိုးစားသော်လည်းမတတ်နိုင်ကြ။ သို့ဖြင့်ပင် အသပြာတစ်ထောင်ပြည့်အောင်လည်ပင်းတွင်ဆွဲပေးမှ လမ်းဖယ်ပြီး အသပြာတစ်ထောင်ထုပ်ဖြင့် မိခင်အမယ်အို၏အိမ်သို့ပြန်လာ၏။

ရွာသားသူငယ်တို့သည် ဤအထုပ်ကို မည်သူက လည်ပင်း၌ဆွဲပေးသနည်းဟု ဘုရားလောင်း၏ အနီးသို့လာကြလျှင် လိုက်ဝေ့ခြိမ်းခြောက်ထွက်ပြေးစေလျက် အိမ်သို့ရောက်အောင်ပြန်၏။ လှည်းငါးရာတို့ကို ချောက်ကမ်းပါးမှ ကုန်းပေါ် သို့သယ်ဆောင်ရခြင်းကြောင့် မျက်စိများနီ၍ ပင်ပန်းနွမ်းနယ်သော အသွင်မှာထင်ရှားနေ၏။ အမယ်အိုသည် ဘုရားလောင်းနွား၏ လည်ပင်း၌ အသပြာထုပ်ကိုမြင်၍ -

"ချစ်သား၊ ဤဥစ္စာထုပ်ကို အဘယ်ကရခဲ့သနည်း"

ဟု မေးပြီး လိုက်ပါလာကြသော သူငယ်တို့ကို စုံစမ်းသဖြင့် အကြောင်းစုံကြားသိရလျှင် -

"ချစ်သား၊ သင်ရှာ၍ရသောလုပ်ခကို ငါစားရမည်လော။ အဘယ်ကြောင့် အပင်ပန်းခံဘိသနည်း"

ဟု ဆိုကာ ဘုရားအလောင်းနွားကို ရေနွေးဖြင့်ရေချိုးပေးပြီး တစ်ကိုယ်လုံး ဆီဖြင့်လိမ်းကျံပေးပြီး သင့်တော်သောအစာတို့ကို ကျွေးမွေး၍ သက်သာရာကိုရစေ၏။

အသက်၏အဆုံး၌ ဘုရားအလောင်းနှင့်အမယ်အိုတို့သည် ကံအားလျော်စွာလားလေ၏။

မြတ်စွာဘုရားသည် ဤ'အယိုကကာလက'မည်သောဇာတ်တော်ကိုဟော တော်မူပြီး -

"ချစ်သား မောဂ္ဂလာန်၊ ငါဘုရားကို ယခုအခါ၌သာလျှင် သူတစ်ပါးတို့မစောင့်နိုင်သောဝန်ကို ဆောင်ရွက်နိုင်သည်မဟုတ်သေး။ ရှေး၌လည်း ဆောင်ရွက်ဖူးသည်သာ"

ဟု အတိတ်ကိုဆောင်တော်မူ၍ ဟောတော်မူပြီးသည့်အဆုံး၌ ဇာတ်တော်ကိုပေါင်းတော်မူရာ အယိုကကာလက မည်သောနွားသည် မြတ်စွာဘုရားသခင် ဖြစ်တော်မူ၏။ အဘွားအိုသည် ဥပ္ပလဝဏ်မထေရီမဖြစ်၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ထို့နောက် နန္ဒိဝိသာလဇာတ်ကို လည်း ထပ်မံဟောတော်မူရာ အတိတ်ဇာတ်ကိုမဖော်ပြတော့ဘဲ ဂါထာတော် အနက်အဓိပ္ပာယ်ကိုသာ ဖော်ပြပါအံ့။

"ရဟန်းတို့၊ သူတစ်ပါးနှင့်စကား ပြောဆိုလျှင် နှစ်သက်ဖွယ်သောစကား ကိုသာပြောရာ၏။ မနှစ်သက်ဖွယ်သောစကားကို တစ်ရံတစ်ခါမျှမပြောဆိုရာ။ နှစ်သက်ဖွယ်ရာကိုသာ ပြောဆိုသော ပုဏ္ဏား၏ လေးသောလှည်းငါးရာဝန်ကို ရွက်ဆောင်ခဲ့ပြီး ထိုပုဏ္ဏားအား ဥစ္စာတို့ လည်းရစေပြီး ပုဏ္ဏားသည် ဥစ္စာရသောကြောင့်လည်း နှစ်လိုဝမ်းသာဖြစ်ရပြီ"

မြတ်စွာဘုရားသခင်သည် ဤသို့ နန္ဒိဝိသာလဇာတ်ကိုတော်တော်မူ၏။

**ကဏ္ဍသရက်ပင်ရင်းတွင် ရေမီးအစုံစုံသော ယမိုက်ပြာဇိဟာပြတော်မူခန်း**

မြတ်စွာဘုရားသခင်သည် ဤသို့ဇာတ်တော်ကိုဟောကြားတော်မူပြီးသည့်ကာလ ရတနာစင်္ကြံအထက်သို့ကြွတော်မူပြီး ရှေ့တည့်တည့်မှ တစ်ဆယ့်နှစ်ယူဇနာ၊ အနောက်အရပ်မှ တစ်ဆယ့်နှစ်ယူဇနာ၊ မြောက်အရပ်မှတစ်ဆယ့်နှစ်ယူဇနာ၊ တောင်အရပ်မှ တစ်ဆယ့်နှစ်ယူဇနာအားဖြင့် အသီးသီးတည်ရှိသည်ဖြစ်၍ အဖြောင့်အားဖြင့် ပိုင်းခြားရေတွက်သည်ရှိသော် နှစ်ဆယ့်လေးယူဇနာရှိသော ပရိသတ်အလယ်၌ မြတ်စွာဘုရားသခင်သည် ယမိုက်ပြာဇိဟာကိုပြတော်မူ၏။

မြတ်စွာဘုရားသခင်သည် တန်ခိုးပြာဇိဟာကိုပြတော်မူရာ၌ အတိုင်းမသိလျှင်မြန်သော ဘဏ်တော်သည်သာတည်း။ ဤအရာ၌ မြတ်စွာဘုရားအလည်သာဝကတပည့်တို့နှင့်မပတ်သက်သော



www.burmeseclassic.com

www.burmeseclassic.com

အစုံစုံသော ပြာဇိုဟာကိုပြတော်မူ၏။ ဤသမိုက်ပြာဇိုဟာကို ပြုတော်မူသည့် အခြင်းအရာကို အစဉ်အားဖြင့်ဖော်ပြပါအံ့။

မြတ်စွာဘုရားသခင်၏ကိုယ်တော် အထက်ပိုင်းသည် မီးအလျှံဖြစ်၏၊ အောက်ပိုင်းသည် ရေအလျှဉ်ဖြစ်သည်။ ကိုယ်တော်၏ရှေ့မှ မီးအလျှံဖြစ်သော အခါ ကိုယ်တော်၏နောက်ပိုင်းသည် ရေအလျှဉ်ဖြစ်၏။ ကိုယ်တော်၏အနောက်ဘက်၌ မီးအလျှံဖြစ်သောအခါ အရှေ့ပိုင်းသည် ရေအလျှဉ်ဖြစ်၏။ လက်ယာမျက်လုံးတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲမျက်လုံးတော်မှရေအလျှဉ်ဖြစ်၏။ လက်ဝဲမျက်လုံးတော်မှ မီးအလျှံဖြစ်သောအခါ လက်ယာမျက်လုံးတော်မှ ရေအလျှဉ်ဖြစ်၏။ လက်ယာနားတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲနားတော်မှရေအလျှဉ်ဖြစ်၏။ လက်ဝဲနားတော်မှ မီးအလျှံဖြစ်သောအခါ လက်ယာနားတော်မှ ရေအလျှဉ်ဖြစ်၏။ လက်ယာနှာခေါင်းတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲနှာခေါင်းတော်မှ ရေအလျှဉ်ဖြစ်၏။ လက်ဝဲနှာခေါင်းတော်မှ မီးအလျှံဖြစ်သောအခါ လက်ယာနှာခေါင်းတော်မှ ရေအလျှဉ်ဖြစ်၏။ လက်ယာပခုံးစွန်းတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲပခုံးစွန်းတော်မှ ရေအလျှဉ်ဖြစ်၏။ လက်ယာလက်တော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲလက်တော်မှ ရေအလျှဉ်ဖြစ်၏။ လက်ဝဲလက်တော်မှ မီးအလျှံဖြစ်သောအခါ လက်ယာလက်တော်မှ ရေအလျှဉ်ဖြစ်၏။ လက်ယာခြေတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲခြေတော်မှ ရေအလျှဉ်ဖြစ်၏။ လက်ဝဲခြေတော်မှ မီးအလျှံဖြစ်သောအခါ လက်ယာခြေတော်မှ ရေအလျှဉ်ဖြစ်၏။ လက်ချောင်းတော်ကြားတို့တွင် တစ်ခုသောလက်ချောင်းတော်ကြား မီးအလျှံဖြစ်လျှင် တစ်ခုသောလက်ချောင်းတော်ကြားက ရေအလျှဉ်ဖြစ်၏။ များစွာသော မွေးညင်းတော်တို့တွင် တစ်ခုသော မွေးညင်းတော်တွင်းမှ မီးအလျှံဖြစ်သောအခါ တစ်ခုသော မွေးညင်းတော်အတွင်းမှ ရေအလျှဉ်ဖြစ်၏။ ညီသောရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်၊ နီသောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်၊ မှောင်သောရောင်ခြည်တော်၊ ပြိုးပြက်သောရောင်ခြည်တော်တို့ဟူ ဆိုအပ်ကုန်သော ခြောက်သွယ်သော ရောင်ခြည်တော်တို့ကိုလွှတ်လျက် စကြိုကြွတော်မူ၏။

မြတ်စွာဘုရားသခင်သည် ရပ်လည်းရပ်တော်မူ၏။ ထိုင်လည်းထိုင်တော်မူ၏။ လျောင်းခြင်းကိုလည်းပြုတော်မူ၏။ နိမ္မိတကိုယ်စားဘုရားသည်လည်း ရပ်လည်းရပ်တော်မူ၏။ ထိုင်လည်းထိုင်တော်မူ၏။ လျောင်းခြင်းကိုလည်းပြုတော်မူ၏။ ဤသို့သောတန်ခိုးပြာဋိဟာကို မြတ်စွာဘုရားရှင်သည် ထိုရတနာစင်္ကြံ၌ စင်္ကြံကြွ၍ပြတော်မူ၏။ မြတ်စွာဘုရားသခင်သည် တေဇောကသိုဏ်းဝင်စားလျှင် မီးအလျှံသည်ဖြစ်၏။ အာပေါကသိုဏ်းဝင်စားလျှင် ရေအလျှဉ်သည်ဖြစ်သည်။ မြတ်စွာဘုရားသခင်သည် အစုံစုံသောတန်ခိုးပြာဋိဟာကိုပြုရာ၌ ဉာဏ်တော်သည် လျင်မြန်သည်ထက် အထူးလျင်မြန်သော ဉာဏ်တော်၏အစွမ်းပင် ဖြစ်၏။ တပည့်သာဝကတို့ပင်မစွမ်းနိုင်သောဉာဏ်တော်၏ လျင်မြန်ခြင်းတည်း။

မီးအလျှံသည်လည်း ရေအလျှဉ်နှင့် မရောနှော၊ ရေအလျှဉ်သည်လည်း မီးအလျှံနှင့်မရောနှောဘဲ အစုံစုံသော ရေအလျှဉ်၊ မီးအလျှံတို့သည် ပြဟ္မာဘုံတိုင်အောင်ပျံတက်၍ စကြဝဠာမျက်နှာလေးဝဲ၌ကျ၏။

မြတ်စွာဘုရားသခင်၏ကိုယ်တော်မှထွက်သော ခြောက်သွယ်သောရောင်ခြည်တော်တို့မှာ အိုးတို့ဖြင့်သွန်းလောင်းအပ်သောရွှေမှုန့်များကဲ့သို့လည်းကောင်း၊ ယန္တရားစက်မှ သွန်ကျထွက်လာသော ရွှေရည်အလျှဉ်ကဲ့သို့ လည်းကောင်း၊ တစ်ခုသော စကြဝဠာတိုက်မှတက်၍ ပြဟ္မာပြည်သို့ထိခိုက်လျက် ဆုတ်နစ်မြုပ်လည်လာခဲ့ပြီးသောအခါ စကြဝဠာအနားရေကိုသာလျှင်ယူကုန်၏။ တစ်ခုသောစကြဝဠာတိုက်သည် ကောက်ကွေးသောအချွန်းတို့ဖြင့် တည်ဆောက်ထားသော တေဓိအိမ်ကဲ့သို့ တစ်ပြိုင်နက်သော အလင်းရောင်ဖြစ်သည်။

ထိုတစ်နေ့လုံးပင် မြတ်စွာဘုရားသခင်သည် စင်္ကြံကြွတော်မူ၍ တန်ခိုးပြာဋိဟာကိုပြစောမှလျက် အကြားအကြား၌ လူအပေါင်းတို့အား တရားတော်ကိုသာ ဟောတော်မူ၏။ ဟောတော်မူသော်လည်း အားထုတ်ခြင်းကင်းလွတ်သည်မရှိဘဲ မိမိခန္ဓာကိုယ်တော်၌လည်း သက်သာစွာနေခြင်းကိုပေးတော်မူသေး၏။

ထိုခဏ၌ လူအပေါင်းသည် ကောင်းချီးပေးကြ၏။ ထိုလူအပေါင်း၏ကောင်းချီးတို့ဖြစ်သောကာလ၌ မြတ်စွာဘုရားလည်း ရှေးဦးစွာ ကြီးစွာသော ပရိသတ်၏စိတ်ကို ကြည့်တော်မူလျက် တစ်ယောက်တစ်ယောက်သော သူ၏ကျက်စားသောစိတ်အာရုံကို တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာ၏အစွမ်းဖြင့် သိတော်မူ၏။ ဤသို့လျှင် ဘုရားရှင်၏စိတ်သည် လျင်သောဖြစ်ခြင်းရှိ၏။ အကြင်အကြင်သောပုဂ္ဂိုလ်သည် အကြင ်တရားတို့ဌ လည်းကောင်း၊ အကြင်တန်ခိုးပြာဋိဟာဌ လည်းကောင်း ကြည်ညိုခြင်းရှိ၏။ ထိုပုဂ္ဂိုလ်၏အလျှာသယအတွင်းစိတ်ထဲ့အလိုဆန္ဒ၏ အစွမ်းဖြင့်သာလျှင် တရားကိုလည်း ဟောတော်မူ၏။ တန်ခိုးပြာဋိဟာကိုလည်း ပြတော်မူ၏။ ဤသို့တရားတော်ကိုဟောတော်မူလတ်သော် လည်းကောင်း၊ လူအပေါင်းသည် အကျွတ်တရားကိုရခြင်း ဖြစ်လေ၏။

**နိမ္မိတကိုယ်ပွားတော်**

မြတ်စွာဘုရားရှင်သည်ကား ထိုအစည်းအဝေး၌ မိမိ၏စိတ်တော်ယူ၍ တစ်ပါးသူကို ပြဿနာမေးခြင်းဌာနစွမ်းနိုင်သူကို မမြင်သောကြောင့် နိမ္မိတကိုယ်ပွားကိုဖန်ဆင်း၏။ ထိုနိမ္မိတဘုရားမေးအပ်သော ပြဿနာကို မြတ်စွာဘုရားသည် ဖြေတော်မူ၏။ မြတ်စွာဘုရားမေးအပ်သော ပြဿနာကိုလည်း ထိုနိမ္မိတဘုရားသည် ဖြေတော်မူ၏။

မြတ်စွာဘုရား စင်္ကြံကြွတော်မူသောအခါ၌ နိမ္မိတဘုရားသည် ရပ်တော်မူခြင်း စသော ဣရိယာပုထ်တွင် တစ်ပါးပါးသော ဣရိယာပုထ်ကိုပြုတော်မူ၏။ ဤသို့သော အခြင်းအရာဖြင့်ဖန်ဆင်းပြတော်မူအပ်သော တန်ခိုးပြာဋိဟာကိုမြင်ကြရ၍လည်းကောင်း၊ တရားတော်ကိုနာကြား၍လည်းကောင်း ထိုအစည်းအဝေးမှ ကုဋေနှစ်ဆယ်မျှလောက်သော သတ္တဝါတို့ကား အကျွတ်တရားကိုရကြသည်ဖြစ်၏။

**ကိုးကား -**

ဓမ္မပဒဝတ္ထုတော်ကြီးစတုတ္ထတွဲ

မောင်မောင်ခိုးအောင်

(စာပေဗိမာန်စာမူဆုရ)



www.burmeseclassic.com

www.burmeseclassic.com

(ကျော်မိုး)

# မြောင်သင်းတို့

## ပရိတ်ပန်းကြောင့် လောကအစုံဟာလန်းနေတော့တယ်

"ပရိတ်ရွက်မယ်ဆိုရင် အသံကျယ်ကျယ်သာရွက်စမ်းပါဗျာ"

ပရိတ်ရွက်မည်ဆိုတိုင်း ကိုဘိထုံတော့ ကွယ်လွန်သူ စာရေးဆရာအနီ (မန္တလေး) ကို သတိရတတ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ သူက အဲဒီလိုပြောဖူး၊ မှာဖူးလို့ပါ။ ကြည့်ရတာ ဆရာလည်း ပရိတ်ကြီး (၁၁) သုတ်ကို အမြဲရွတ်ဖတ်သရဇ္ဈာယ်တယ်လို့သိရပါတယ်။ ဆရာရှိတုန်းကဖြင့် တရားစခန်းတွေ မကြာခဏဝင်တဲ့သူမို့ အခုလောက်ဆိုရင် ဆရာတစ်ယောက် ကောင်းရာသုခဘုံမှာ ခံစားစံစားနေလောက်ပါပြီ။

ကိုဘိထုံက ငယ်စဉ်က ဘုန်းကြီးကျောင်းမှာတက်ခဲ့ဖူးပေမယ့် ဘာသာရေးအဆင့်ကတော့ မိရိုးဖလာဗုဒ္ဓဘာသာလောက်ပါပဲ။ ပြောရရင် တရားစခန်းတွေဘာတွေမဝင်ဖူးပါဘူး။ အဘိုးဦးဖိုးသောင်ရဲ့မြေးမို့လား မသိပါဘူး။ အဘိုးလိုပဲ 'တရားရှာ ကိုယ်မှာရှိ' ဆိုတဲ့ထုံးနှလုံးမူခဲ့သူပါ။ အသက်အရွယ်လေးရ၊ သားသမီးတွေပွားစီးလာတော့မှ ဘုရားရှိခိုး၊ ပုတီးစိပ်မှန်မှန်လုပ်ခဲ့ပါတယ်။ တစ်ခါတလေတော့ သက်သတ်လွတ်လည်း စားဖူးပါတယ်။ အဲဒီကစပြီး ကိုဘိထုံပရိတ်ရွက်ပါတယ်။ ရွတ်တယ်ဆိုပေမယ့် စာကြည့်မြဲမာလိုအသံထွက်နဲ့ကိုပဲ ကြောင်းကြောင်းပြေးအောင် မနည်းရွတ်လာခဲ့ရတာပါ။

ဌာနအလုပ်က သိပ်ပြီးများတာမျိုးမဟုတ်တော့ ပရိတ်တော့ရွတ်ဖြစ်တယ်။ ပရိတ်ကြီး(၁၁)သုတ်မှာက နေ့အလိုက် ရွတ်ရမယ့်ပရိတ်တွေရှိပါတယ်။ ပုဗ္ဗဏှသုတ်ကို နေ့တိုင်းရွတ်ပြီး ကျန်တဲ့သုတ်တွေဆိုတာ နေ့အလိုက်ရွတ်ပွားရတာမဟုတ်လား။ ကိုဘိထုံ ပရိတ်တွေရွတ်တတ်ခါစက ကြောင်းကြောင်းမပြေးသေးတော့ နေ့အလိုက်သုတ်တွေပဲရွတ်ပါတယ်။ နောက်တော့ ခုဆိုရင် ပရိတ်ကြီး(၁၁) သုတ်ကို ရွတ်ပါတယ်။ နောက်ကျတော့ အလေ့အကျင့်လိုကိုဖြစ်လာပြီးမှ မရွတ်ရရင်မနေနိုင်တဲ့အဖြစ်မျိုးကိုရောက်လာပါတယ်။

အဲဒီလိုပရိတ်ရွတ်နေတဲ့ကြားကပဲ ကိုဘိထုံ ဟိုးကနယ်စပ်မြို့လေးတစ်ခုမှာတာဝန်ကျနေတုန်းက မြေယာမှုခင်းတစ်ခုမှာ တစ်မြို့လုံးနဲ့တစ်ယောက်ဆို သလိုပြဿနာတစ်ခုကြုံပါတယ်။ ကျန်တဲ့လူတွေဆိုတာ အကွက်ကောင်းတော့တွေ့ပြီဆိုပြီး ဝိုင်းချောက်တွန်းမလို့ ကြံရွယ်ထားကြပုံပါ။

"ကိုဘိထုံဘာမှမဖြစ်စေရဘူး၊ ဒါပေမယ့် ခင်ဗျား ကျွန်တော်အကြံပေးတာတစ်ခုတော့ဖြင့် လုပ်ရပါလိမ့်မယ်"

"ဟုတ်ကဲ့၊ လုပ်ပါ့မယ်"

လို့ပြောတော့ ဗေဒင်ဆရာက ခင်မင်ရင်းစွဲလည်းရှိနေတာမို့ အကြံဉာဏ်ပေးပါတယ်။

"ခင်ဗျား ဒီနေ့ကစပြီး ထမင်းစားရင် ရွှေရေးပါတဲ့တိုက်ပန်းကန်ပြားနဲ့ ထမင်းစားစမ်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ"

အိမ်မှာကလည်း တိုက်ပန်းကန်ခြောက်အသစ်အရန်သင့်ရှိနေလို့စားဖြစ်ပါတယ်။ အဲဒီတုန်းက ဆိုင်ကလုန်းမုန့်တိုင်းကြီးက အင်နဲ့အားနဲ့အနားထိုင်ဝေဝဲလာပြီး နောက်ပြန်လှည့်တာမျိုးကြုံခဲ့ရပါတယ်။ ဝန်ထမ်းဘဝ ကမ်းနားသစ်ပင်ဆိုတာလို အပြုတ်နဲ့ အတြော်အပြင်ကော အပြစ်ပေးအရေးယူတဲ့အထိ ပြဒ်းတွေကျခံရမှာမို့ ကိုဘိုထုံ အတော်ကြောက်ပါတယ်။ တကယ်တော့ အဲဒီလိုကြီးမားလှတဲ့ မှုခင်းကြီးကောလွတ်ရတာဟာဆိုရင် နေ့တိုင်းဆိုတ်ကြီး (၁၁) သုတ်ရွှတ်ရတဲ့ အကျိုးကျေးဇူးလို့ ကိုဘိုထုံတော့ နှလုံးသွင်းမိပါတယ်။ ဒီတော့လား ဖျားနာနေတဲ့အခါကို ခရီးဝေးသွားလို့ အခွင့်မသာတဲ့အခါကိုလွဲလို့ ကိုဘိုထုံတော့ ဒီနေ့အထိ မပျက်ရွှတ်ပါတယ်။

ကောင်းတာက သက်သတ်လွတ်ကြီးမှ ပရိတ်ရွှတ်နိုင်ရင် အကောင်းဆုံးပေါ့ဆင်ပါတယ်။ မှတ်မိပါတယ်။ ဝန်ထမ်းဘဝ နယ်တကာ၊ မြို့တကာ အဝန်ကျတဲ့နေရာ မိသားစုတွေ ခရာဆောပြောင်းပြောင်းနေရတော့ ကိုဘိုထုံ မိသားစု ရောက်ရာမြို့မှာ သင့်တော်တဲ့နေရာ၊ အိမ်အငှားနဲ့ပဲနေခဲ့တာ များပါတယ်။ ခြွင်းချက်အနေနဲ့က နောင်ချိုမြို့တုန်းကတော့ ကိုယ်ပိုင်အိမ်ကလေးနဲ့နေခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဘာသာခြားအိမ်တစ်အိမ်မှာ ငှားနေကြတုန်း ကိုဘိုထုံတော့ ပရိတ်တွေကို အသံထွက်ရွတ်ခဲ့ပါတယ်။ အဲဒီမှာ ကိုဘိုထုံအတွက် ထူးခြားချက်နှစ်ချက်တွေ့ခဲ့ရပါတယ်။ ထူးခြားတယ်ဆိုတာကလည်း ပရိတ်ဆောခဲ့တန်ခိုးတော်ကြောင့်လို့ ထင်ပါတယ်။

ထူးခြားတွေ့ရှိချက်နှစ်ချက်ထဲက ပထမအချက်ကတော့ ပြောအပ်မပြောအပ်တော့ဖြင့်မသိပါဘူး။ အဲဒီအိမ်မှာ နေတုန်းက မျက်မြင်ကိုယ်တွေ့တစ်ခုက အမြီးနှစ်ခွနဲ့ အိမ်မြောင်အရှင်တစ်ကောင်ကို အိမ်နံရံမှာတွေ့ခဲ့ဖူးတာပါ။ သိတဲ့အတိုင်းပါပဲ။ အိမ်မြောင်အမြီးနှစ်ခွဆိုတာ လပ်ကီးသဘောအရ လာဘ်ကောင်လို့ လူတွေက ယူဆကြပါတယ်။ ကိုဘိုထုံ ခရီးသွားရင်းက လဲချားမြို့က ကျောက်ကုန်သည်တစ်ယောက်နဲ့ ကြုံတော့ သူကပြောပါတယ်။ ဟောဒီမှာကြည့်ဆိုပြီး ပြလည်းပြပါတယ်။ ပုလင်းအနီဘူးလိုထဲမှာ ဇာပဝါပါးလေးအုပ်ထည့်ထားတဲ့ အမြီးနှစ်ခွအိမ်မြောင်လေးတစ်ကောင်ကို ထည့်ထားတာပါ။ ဖြူဖြူဖျော့ဖျော့လေး။ ဒီအကောင်မျိုးဟာ သေတဲ့အထိကို ဆောင်ထား၊ လာဘ်လာဘလွတ်ကောင်းတာလို့ဆိုပါတယ်။ အဲဒီခရီးက ညဉ့်အိပ်ညဉ့်နေသွားရတဲ့ခရီးဆိုတော့ ကျွန်တော်က ခင်ဗျားကို ခင်လို့သာပြတာလို့လည်း ပြောပါတယ်။ ခု ဒီအိမ်နံရံမှာ လာဘ်ကောင်တစ်ကောင်တစ်ခါတွေ့ရပြန်ပါပြီ။ အရှင်ပါ။ တော်နေကြာတော့ ထရံကြား ပုန်းလျှိုး ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါက တစ်ခါပါ။

နောက်တစ်ခါ ထူးခြားချက်ကတော့ အိပ်မက်ထဲက ဂါထာရတာပါပဲ။ သိတဲ့အတိုင်း ကိုဘိုထုံတို့က စာရေးတာဂါသနာပါတော့ တစ်ခါတလေ ကိုယ်ရေးစရာအကြောင်းအရာတွေကို အိပ်မက်ထဲကနေလည်းရတတ်ပါတယ်။ ရွှေစည်းစိမ်မဂ္ဂဇင်းထဲမှာပါတဲ့ 'အိတ်စိမ်းနှစ်လုံး' ဆိုတဲ့ဝတ္ထုတိုဟာ အဲဒါအိပ်မက်ထဲကနေရတာပါ။ အကြောင်းအရာက ဒီလိုပါ။ နယ်စပ်ဒေသမှာ အဲဒီတုန်းက လုံခြုံရေးကလည်း ခုလိုမရှိတော့ လူတွေဟာ ဆင်းရဲ၊ ချမ်းသာ ခရီးသွားကြတယ်ဆိုရင် တရုတ်ကျောပိုးအိတ်စိမ်းတွေထဲ ပစ္စည်းပစ္စယတွေထည့် ခရီးသွားတတ်ကြပါတယ်။ အိတ်စိမ်းဆိုတာ အခြေခံလူတန်းစားဆင်းရဲသားတွေသုံးတဲ့ပစ္စည်းပါ။ ဒီတော့လား ငွေကြေးချမ်းသာတဲ့လူတွေကလည်းရောယောင်ပြီး အိတ်စိမ်းတွေပဲသုံးကြပါတယ်။

တစ်ခါမှတော့ ကိုဘိုထုံ ခရီးကပြန်အလာ အိမ်ရောက်လို့ အိတ်စိမ်းကို ဖွင့်ကြည့်တော့ သူများအိတ်နဲ့မှားလာတာနေမှာ။ အိတ်ထဲမှာက ငွေစက္ကူထုပ်တွေချည်းဖြစ်နေပါတယ်။ ပထမတော့ လူက လောဘစိတ်နဲ့ -

"ဟ-ငါတော့ပွပြီကွ၊ သူဌေးဖြစ်ပြီ"

ဆိုပြီး ဝမ်းသာမိပါတယ်။ ကိုဘိုထုံ အိတ်ထဲမှာက စာရွက်စာတမ်းတွေ၊ နေ့လက်စဝတ္ထုကဗျာတွေ စာအုပ်တွေပဲပါတာပါ။ ဒါပေမယ့် တွေးကြည့်တော့ ကိုယ့်စာတွေ၊ ကဗျာတွေကိုနှမြောတာနဲ့ ကိုယ်ရထားတဲ့အိတ်နဲ့ ပြန်သွားလဲတဲ့အကြောင်း။ အဲဒါ အိပ်မက်ထဲကကျော်ရိုးရတဲ့ဝတ္ထုပါ။ ဒီအကြောင်းကို ကိုဘိုထုံက မကွေးလန်ကိုပြန်ပြောပြတော့ သူတာဘာပြောတယ်အောက်မေ့လို့တုန်း -

"တကယ်ဆိုရင် ရှင်က ဌေးအိတ်ကိုပဲယူခဲ့ရာမှာ။ ဘာပြန်သွား ပေးစရာလိုတော့လို့တုံး။ ရှင်ဟာလေ အပြင်မှာ မပြောနဲ့ အိပ်မက်ထဲမှာတောင်မှ ဘာမှအစွမ်းအစမရှိတဲ့ အလကားလူ"

"ဟာ - မင်းကလည်း တကယ်မဟုတ်ဘူးဟာ၊ အိပ်မက်ထဲမှာပါဆိုနေ"

"အို-ဘာဖြစ်လဲ၊ အိပ်မက်ထဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့" တဲ့လေ။

ကိုဘိုထုံက စာရေးတော့ တစ်ခါတလေ အတွေးတွေက အိပ်မက်ထဲကလည်း ရတတ်တာကိုပြောချင်တာပါ။ အဲဒီတုန်းက ကိုဘိုထုံ ဝန်ထမ်းကြီး (၁၁) သုတ်ကို နေ့ ညမပြတ်ရွတ်သလို ဒီကြားအချိန်ကရရင်ရသလို သက်သတ်လွတ်လည်းစားနေတဲ့အချိန်ပါ။ အဲဒီအချိန်မှာ ဘာထူးခြားသလဲဆိုတော့ အိပ်မက်ထဲကနေ ထူးဆန်းတဲ့ဂါထာရတာပါ။ ရတာက ဂါထာက သုံးပိဒ်ခွဲတာကို သုံးကြိမ်သုံးခါခွဲရတာပါ။ ဆုံးကလည်း ကိုဘိုထုံညအိပ်တော့ တစ်နေနိုင်တဲ့အခါ ပါးစပ်ထဲမှာ ထူးခြားတဲ့ဂါထာတွေ ရွှတ်လွှက်ရှိနေတာကို အမှတ်ရနေပါတယ်။ အဲဒီတော့ နဂိုတုတ်ကလည်း စာရေးကျွင်ကလည်းရှိနေတော့ အိပ်ရာရဲ့ဘေးမှာ စာရွက်လွတ်၊ ဘောပင်အရုန်သင့်၊ ဖယောင်းတိုင်မီးခြစ်ကလက်တစ်လှမ်းမှာ အရုန်သင့်ပါ။

စိတ်ထဲက ပါးစပ်ထဲမှာရွတ်နေတဲ့ဂါထာအပိုင်းအစကို ပျောက်မှာစိုးတော့ ဖယောင်းတိုင်ဘောင် ထွန်းမနေတော့ပါဘူး၊ တော်နေကြာ တွေးလန့်ကအလင်းဆောင်ကြောင့် အိပ်ရာကနိုးလာခဲ့ရင် အလုပ်ကိုရှုပ်တယ်။ ဘာမှန်းမသိဘူး၊ အိပ်နေမှန်းတောင်သိသာညာပြောရင် စိတ်အနှောင့်အယှက်ဖြစ်ရပြီး ဂါထာပျောက်မှာစိုးတော့ အမှောင်ထဲမှာပဲ စာရွက်ပေါ် စမ်းသပ် ကိုယ်ရွတ်နေတဲ့အသံအတိုင်း ချပြီးရေးလိုက်ပါတယ်။ အရေးအဖြစ်က ပါဠိပါဌ်သားဘာမှနားမလည်တဲ့ဟာရေးလို့ခဲရေးပါတယ်။ နောက်မှာ ဆရာရေးကြွေမောင်နီဆန်းကို ပြင်ခိုင်းရတာပါ။ အဲဒီတုန်းက ပထမပိုဒ်အိပ်မက်ထဲကရတဲ့ဂါထာက -

ဒေဘ ဓမ္မံ ဗုဒ္ဓံ နုဿတိ
ဓေဘ ဗုဒ္ဓံ ဓမ္မံ နုဿတိ
ဓေဘ ဓမ္မံ သံဃံ နုဿတိ

နောက်ထပ်သုံးလေးပတ်လောက် ခြားပြီးမှ တစ်ခါဂါထာတစ်ပိုဒ်ထပ်ရပြန်ပါတယ်။ အဲဒီဂါထာကတော့ သူ့ရဲ့အဆက် -

ဒသိဒ္ဓိ တတ္ထာ ဂတေန
သုက္ခာရ ရက္ခန္တု ဘဟွန္တုတေ။



www.burmeseclassic.com

www.burmeseclassic.com

(ဘုရားရှင်၏တရားအစွမ်းကြောင့် အောင်မြင်ခြင်းအဖြာဖြာ စောင့်ရှောက်ပါစေသတည်း။)

နောက်ထပ်တစ်ခါ နှစ်ပတ်လောက်ခြားပြီးမှ ဂါထာတစ်ပိုဒ်လုံးရဲ့ တတိယတစ်ပိုဒ်ကိုလည်း အိပ်မက်ထဲက ပဲ ပြန်ရလိုက်ပြန်ပါတယ်။ အဲဒီဂါထာအပိုဒ်ကတော့ -

ဩဘဂဝါ ကွဉ္စံတော သိဒ္ဓိယော
ကွိတ္တိ မဟာလာဘံ ဧတေ့တု မေ
ဇယ္ဈမင်္ဂလံ။

(အောင်မြင်ခြင်းနှင့်ပြည့်စုံသော ဘုရားရှင်၏ အာနုဘော်ကြောင့် ဤကြီးမားသော လာဘ်လာဘသည် ကျွန်ုပ်အား အရာရာအောင်မြင်ပါစေသတည်း။)

လို့ ဖြစ်ပါတယ်။

မှတ်မှတ်ရရ ကိုဘိထုံဟာ အဲဒီကာလက ပရိတ်ကြီး(၁၁) သုတ်ကို မရတဲ့အခါ စာအုပ်ကြီးကြည့်ပြီးမှ နေ့၊ ည ရယ်လို့မဟုတ်ဘဲ အားရင်အားသလို ရွတ်နေတဲ့ကာလပါပဲ။ ဝန်ကြီးချုပ်ဟောင်းဦးနု စာရေးဆရာ ဦးနုရေးတဲ့ 'တာတေစနေသား'ဝတ္ထုကို ဖတ်တော့ အဲဒီအထဲမှာ စာရေးသူက သူလည်း ပရိတ်ကြီး (၁၁) သုတ်ရွတ်တယ်လို့ ဆိုပါတယ်။ ပရိတ်ရွတ်ခြင်းရဲ့အကျိုးကို ရေးထားတာက ပရိတ်ရွတ်ရင် အဲဒီလူဟာ ပါရမီ (၁၀) ပါးကို ပြည့်ပြီးသားအကျိုးခံစားရပါလိမ့်မည်လို့ရေးထားပါတယ်။

ပထမရတဲ့ပါရမီက ဒါနပါရမီပါ။ နေ့စဉ် ပရိတ်ကြီး(၁၁)သုတ်ကိုရွတ်ဖတ်လျှက်ဒါန်းလို့ရတဲ့ဒါနရဲ့ပါရမီအကျိုးခံစားရပါမယ်။ နောက်တစ်ပါးက သီလပါရမီပါ။ ပရိတ်ရွတ်နေစဉ် အတွင်းစိတ်ကို ချုပ်တည်းထားနိုင်တဲ့အတွက် သီလပါရမီကို ခံစားရပါတယ်။ နောက်ထပ်တစ်ပါးက နိက္ခမပါရမီပါ။ ပရိတ်ရွတ်နေစဉ်အတွင်းမှာ တခြားကိစ္စဝိစ္စတွေအကုန်စွန့်ပြီးသားဖြစ်နေလို့ ဒါကလည်း ပါရမီတစ်မျိုး အကျိုးခံစားရတာပါ။ နောက်တစ်ပါးက ပညာပါရမီပါ။ နတ်၊ ဗြဟ္မာတို့အတွက် သူတို့နာလိုကြားလိုတဲ့ပရိတ်တော်များကို ရွတ်ဖတ် ပူဇော်ပေးရတဲ့အတွက် ပညာပါရမီတစ်ပါးဖြည့်ပြီးသားဖြစ်နေပါတယ်။

ပရိတ်ကြီး (၁၁) သုတ်ကို နေ့စဉ်မှန်မှန်ရွတ်ဖတ်ရတဲ့အတွက် ဝီရိယပါရမီကဖြည့်ပြီးသားဖြစ်နေတယ်။ ပရိတ်ရွတ်နေစဉ်အတွင်း စွဲမြဲစွာကိုင်ရတဲ့အတွက် ခန္တီပါရမီထူးကိုရတယ်။ ပရိတ်တော်ပါ မေတ္တာသုတ်၊မောရသုတ်တွေကို ရွတ်ဖတ်ပူဇော်တာကလည်း ပရိတ်တော်လာ အတိုင်းလိုက်နာပြီးမို့ သစ္စာပါရမီကို တစ်ပါး ဆောင့်ထိန်းရာကျတယ်။ မှန်မှန်ရွတ်ဖတ်တဲ့အတွက် အဓိဋ္ဌာန်ပါရမီကို ဆောက်တည်ပြီးဖြစ်တယ်။ လူ၊ နတ်သတ္တဝါများအတွက် ရွတ်ဖတ်တာဖြစ်လို့ မေတ္တာပါရမီကိုရတယ်။ ပရိတ်ရွတ်ဖတ်နေဖို့ အားလုံးကို လျှစ်လျှူရှုထားပြီးသားမို့ ဥပက္ခာပါရမီထူးကိုရတယ်။ ဒါကြောင့် မို့ ပရိတ်ရွတ်ခြင်းရဲ့အကျိုးကို ပြောပါဆိုရင် ပါရမီ(၁၀)ပါးဖြည့်ပြီးသား သူအလိုလိုဖြစ်သွားတယ်လို့ပြောရမှာပါ။

ကိုဘိထုံ ရပ်စောက်မြို့ကို အလုပ်ကိစ္စနဲ့ ရောက်သွားခဲ့တော့ အဲဒီမှာ ဧုံးက လုပ်ဖော်ကိုင်ဖက် ကိုမြသိန်းငွေးနဲ့တွေ့ရတာပါပဲ။

"လာဗျာ ကိုဘိထုံရာ၊ ကျွန်တော်တို့ ဘိုးပေါက်ကိုသွားဖူးချေရအောင်"

ဆိုပြီးခေါ်လို့ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဆီမီး၊ ပန်းမန်တွေလျှဖို့ဝယ်သွားကြပါတယ်။

အဲဒီမှာ ခပ်ရိုးရိုးဘိုးတော်ကြီး တစ်ပါးကိုဖူးရတာပါပဲ။ ကိုမြသိန်းထွန်းတို့မိသားစုက ဘိုးပေါက်နဲ့က ခင်မင်ရင်းစွဲရှိပြီးသားနဲ့တူပါတယ်။

"ဟောဒီမှာ ဘိုးပေါက်ရေ၊ ခုမှ ရောက်လာတဲ့ ကျွန်တော့်ညီသည်ကဘိုးပေါက်ကိုလာဖူးတာဖူးရတာ မယုံဘူးဖြစ်နေပါတယ်။ အဲဒါဘိုးပေါက်ရဲ့အစွမ်းကိုပြပါဦး"

ဘယ်ဗျာ ကိုဘိထုံသာဆို ဘယ်ကလာပြောရဲပါမလဲ။ ကိုမြသိန်းထွန်းက အဲဒီလိုပြောလိုက်တော့ ဘိုးပေါက်က စိတ်မဆိုးတဲ့ပြင် အနားမှာထောင်ထားတဲ့ သူလက်စွဲတော်ဝါးမြစ်ဆုံတောင်ဝှေးကြီးရဲ့ အလယ်တည့်တည့်ကို သူလက်ဖဝါးပေါ် တင်ပြီးမှ မန်းမှုတ်လိုက်တော့ ဝါးတောင်ဝှေးကြီးဆိုတာ တကတဲ စက်နဲ့လုပ်လိုက်တဲ့အတိုင်းပါပဲ။ ဟိုဘက်ရိုက်လိုက်၊ ဒီဘက်ရိုက်လိုက်နဲ့မွှတ်နေအောင်လည်ပြနေပါရိုးလား။

ကိုမြသိန်းထွန်းပြောတာပါ။ ဒီဘိုးပေါက်ဆိုတာက ရပ်စောက်ဇာတိသား။ သူ့ရဲ့ဆရာက ဘိုးသံတဲ့။ မြန်မာပြည်အနှံ့ အဓိဋ္ဌာန်ရတဲ့အရပ်တွေမှာ ဘုရားတွေ တည်လာတာနည်းပါရောလား။ အခု ဒီဘက် တောင်နီတို့၊ ရပ်စောက်တို့ဘက် ကျတော့ ဘုရားတည်တဲ့အလုပ်ကို ဘိုးပေါက်တာဝန်ပေးထားတာတဲ့။ကိုမြသိန်းထွန်းလည်း ဒီဇာတိသားပဲ။ ဘိုးပေါက်အကြောင်း အစအဆုံးသိတာပေါ့။ အစက ယာသမား၊ ခြံသမား။ ပြောရရင် စာတောင်မှမတတ်တဲ့လူရိုးကြီးတစ်ဦးပါ။ ခုတော့ လယ်တွေ၊ ယာတွေနဲ့ နွားတွေ၊ ထွန်တွေ၊ ထယ်တွေဒီအတိုင်းထားခဲ့ပြီးမှ ဘုရားတွေပဲတည်နေတာ။ မြို့တောင်ဘက်တောင်တန်းတွေပေါ် မှာကို ဘိုးပေါက်တည်နေတဲ့ဘုရားသုံးလေးဆူလားရှိသတဲ့။

ဘိုးပေါက်ရဲ့ ထူးခြားချက်က စာမတတ်လို့ ဘုရားရှိခိုးတောင်မှ ဖြောင့်ဖြောင့်မဆိုတတ်ခဲ့တဲ့ ဘိုးပေါက်။ ခုတော့ ပရိတ်တွေ၊ ပဌာန်းတွေများရွတ်နေလိုက်တာ ကြောင်းကြောင်းပြေးတဲ့၊ ဒါပေမယ့် ကိုမြသိန်းထွန်း တစ်ခုသတိထားမိတာရှိတယ်။ ဘိုးပေါက်နှုတ်က ရွတ်နေတဲ့အသံတွေက တစ်မျိုးထူးခြားနေတယ်။ ဘာလို့လဲဆိုတော့ ဘိုးပေါက်ရဲ့ ပင်ကိုမူလသံမဟုတ်ပါဘူး။ ဥပမာ ပရိတ်ကြီးရွတ်သံဆိုပါတော့၊ ကိုမြသိန်းထွန်းကကိုပြောတာ။ ဒီတော့ သီလစင်ကြယ်တဲ့သူမို့ သူ့ရင်ထဲ တခြားတစ်ယောက်ရဲ့ပရိတ်ရွတ်သံတွေက အစားဝင်ရောက် ကုသိုလ်ယူနေတာများလား။ ဒီတော့ အစောကပြောတဲ့ ပရိတ်ရွတ်ခြင်းရဲ့အကျိုးအားဖြင့် ပါရမီ (၁၀) ပါး ပြည့်စုံတယ်။ အဲဒီထဲက ဒါနပါရမီရဲ့ ထူးခြားချက်တွေပါလား။ တစ်နေရာရာက တစ်ယောက်ယောက်ရဲ့ ပရိတ်ရွတ်သံတွေက ဘယ်တော့မှအလကားမဖြစ်တော့ တစ်နေရာမှာ တရားလှူတဲ့ဒါနအကျိုးအဆက်ဖြစ်ရတာပါလားလို့ ဆင်ခြင်လာမိပါတယ်။ ဒီတော့ လူကြီးသူမ၊ ဆရာသမားတွေရဲ့ ဆိုဆုံးမခဲ့ကြတာတွေရှိပါရောလား။ ဘာတဲ့။ ပရိတ်ရွတ်သောပုဂ္ဂိုလ်ရဲ့ အင်္ဂါသုံးပါးထဲမှာ ဖော်ပြထားတာက -

(က) ပရိတ်ပါဠိတော်ပါ ပုဒ်၊ ပါဠိအက္ခရာတို့ကို ကျနမှန်ကန်စွာရွတ်ဆိုခြင်း၊

(ခ) ပရိတ်ပါဠိတော်ပါ အနက်အဓိပ္ပာယ်ကို တိကျမှန်ကန်စွာသိခြင်း။

(ဂ) သံသရာမှလွတ်မြောက်ရန် မေတ္တာတရားရှေ့သွားပြုပြီး ပရိတ်ပါဠိတော်ရွတ်ဆိုခြင်း။

ဆိုတာတွေ ဖြစ်ပါတယ်။

ဒီနေရာ မှာ ကိုဘိထုံတို့က ကြည်ညိုစိတ်နဲ့ ရွတ်တာမို့ (က) အချက်နဲ့ (ဂ) အချက်လောက်တော့ အာရုံပြုဖြစ်ကောင်းပါတယ်။ ခုကြည့်၊ ဘိုးပေါက်တို့လို သာသနာပြုနေတဲ့သံဃာကြီးတွေ

www.burmeseclassic.com

# အခါကြီးရက်ကြီးများ၌ ကန်တော့နည်းအမျိုးမျိုး

ဆော်တာအောင် (ကျောက်တောင်)

**ဩကာသရှိခိုးအမျိုးမျိုး**

ဤဩကာသရှိခိုးပုံသည် ယခုအခါ မြန်မာနိုင်ငံ၌ အမျိုးမျိုးရှိနေ၏။ ဆလာပေလာမဟုတ်သောကြောင့်လည်း ဖြည်သည့်နည်းကမှန်၍ မည်သည့်နည်းမှားသည်ဟုမဆိုသာ။ အများနှင့်အတူအောင် ရှေးဆရာကြီးတို့ သင့်လျော်အံ့ဖွယ်ရာမှ တွင်ကျယ်၍ သုံးစွဲလာခဲ့သည်။ ယခုအခါ ဘုရားရှိခိုးတိုင်း ပဒ္ဓဘာသာမှန်လျှင် အားလုံးလိုပင် သုံးစွဲနေကြ၍သာ အဓိပ္ပာယ်ရေးလိုက်ရပါသည်။ ကိုယ်တိုင်က ကျေနပ်လှ၍ ရေးခြင်းမဟုတ်ပါ။

**ဘုရားလက်ထက်တော်ကရှိခိုးပုံ**

ဘုရားရှင်လက်ထက်တော်၌ကား ဘုရားအထံတော် သံဃာအထံတော်သို့ ဆည်းကပ်ရှိခိုးလာသောအခါ ရိုသေစွာ လက်အုပ်ချီပြီးနောက် သင့်ရာအရပ်က ထိုင်လျက် လျှောက်ထားဖွယ်စကားများကို လျှောက်ထားကြခြင်းရှိပါသည်။ ပြန်သောအခါလည်း ပင်ကိုက ဘုရားတရား သံဃာကို ကိုးကွယ်သူမဟုတ်ဘဲ ယခုမှ ကြည်ညိုသဖြင့်ကိုးကွယ်မည့်သူဖြစ်လျှင် ထိုသူ့တော်သည် ဘုရားတရားသံဃာများကို ကိုးကွယ်ဆည်းကပ်ပါ၏။ ယနေ့မှစ၍ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ ဥပါသကာ ဟူ၍မှတ်တော်မူပါဟု လျှောက်ထား၍ အနန္ဒာသေးကာ ပြန်သွားလေ့ရှိကြသည်။

ယခုအခါ သင်္ကြန်တွင်း ဝါဆိုဦးစသော နေ့ကြီးရက်ကြီးများ၌ ဆရာမိဘ၊ ဘိုးဘွား စသူတို့ကို ကန်တော့ကြရာမှာလည်း ဩကာသ၊ ဩကာသမရှေ့ တချို့ကန်တော့ကြ၏။ သူနေရာနှင့်သူ မသုံးတတ်ကြ။ ထို့ကြောင့် အချို့၏ တန်ဖိုးကို နားလည်ကြသော အမျိုးသား အမျိုးသမီးတို့သည် ဩကာသ အစချီသော ရှိခိုးခြင်းကို နေရာတိုင်း အသုံးမပြုကြဘဲ ရိုသေစွာ အနားသို့ ချဉ်းကပ်ပြီးနောက် လျှောက်ထားဖွယ်၊ နာယူဖွယ်များကို လျှောက်ထားနာယူပြီးလျှင် ရှိခိုးဦးချ၍ ပြန်ဖို့ရာပင် ဖြစ်သည်။ အထူးရိုသေလောက်သော ဆရာသမား၊ သံဃာများ၊ ရုပ်ပွားစေတီတော်အထံမှ ပြန်လာသောအခါ ထိုဆရာသမား စသည်တို့ကျောပေးပြီးမပြန်ဘဲ လက်အုပ်ချီခပ်စောင်းစောင်း ပြန်လာပြီးနောက် သုံ့တော်လောက်သောနေရာရောက်မှ ဖြောင့်ဖြောင့်ပြန်လှည့်ကြလျှင် သာ၍ပင် ယဉ်ကျေးရာရောက်ပါလိမ့်မည်။

ယခုကာလများစွာသော မြို့၊ ရွာ အတွက် ကိုယ့်ရဲ့ပရိတ်ရွက်သံက လှုံ့ဖြိုးစာတာဝန်ကျလာခဲ့ရင်တော့ ကြားသူ နားသူပါ မေတ္တာတရား၊ မင်္ဂလာတရားနဲ့ ပြည့်စုံဖို့က စေတနာရှေ့ထားလို့ ဘာကြောင်းကြောင့်ပဲဖြစ်ဖြစ် ကိုယ့်ရဲ့နှုတ်ဆိုလှုပ်ကိုတဲ့အသံက ဒိဗ္ဗီယို၊ တက်ဆက်ခွေထဲကကိုယ့်အသံကို ပြန်ကြားထောင်ကြည့်တာမျိုး ပြတ်တောက်သွားဖို့တော့ အားထုတ်ဂရုပြုမိကြဖို့လိုမယ်ထင်ပါတယ်။ ဒါ ဘိုးပေါက်လိုဆရာကြီးတစ်ဦးရဲ့နှုတ်ထွက်ထူးဆန်းတဲ့ပရိတ်နှုတ်သံကိုကြားရာက စဉ်းစားလာမိတာပါ။

ကိုဘိုထုံ ၂၀၀၈ ခုနှစ်မှာ အလုပ်ဝင်စင်ယူ၊ ပြင်ဦးလွင်မြို့မှ အခြေချနေထိုင်ပြီးမှ တတ်နိုင်သလောက် ဘုရားတရားတော့လုပ်ပါတယ်။ ပြောရရင် တရားစခန်းတော့မဝင်နိုင်သေးပါ။ မဝင်နဲ့သေးပါလို့ပြောရမှာပါ။ ကိုယ့်ကိုယ် ကိုယ်ခံနိုင်ရည်ရှိမှုမယုံကြည်လို့လို့ပြောချင်တာပါ။ ဒါပေမယ့် ကိုဘိုထုံ မနက်ည ဘုရားရှိခိုးပြီးတိုင်း မနက် (၆) နာရီခွဲ၊ ညနေဆို (၄) နာရီ မှန်မှန်ဘုရားရှိခိုးပုတီးစိပ်ပါတယ်။ မနက်ဆို ပရိတ်ကြီး (၁၁)သုတ်ကို ဆရာအနီ(မန္တလေး)ပြောသလို အသံထွက်ရွတ်ဆိုပါတယ်။

"ဆရာ့ပရိတ်ရွတ်သံက ဆရာရဲ့ပင်ကိုမူလသံနဲ့မတူဘူးဆရာရယ်။ ကျွန်တော့်အထင် အိမ်ထဲမှာနှစ်ယောက်ရှိနေတယ်လို့ ခံစားရတယ်"

ကိုဘိုထုံရဲ့အိမ်ကို လာလည်တဲ့ စာရေးဆရာ သက်နိုင်(ပြင်ဦးလွင်)တက ကိုဘိုထုံ ပရိတ်ရွတ်နေတာမို့ ဒုတိယပြင်ကနေပြီးအောင်စောင့်နေရင်းက ပြီးသွားတဲ့အခါ ကိုသက်နိုင်က အဲဒီလိုပြောတဲ့အခါ လူကိုလန့်ဖျပ်ကြက်သီးတွေထခဲ့ရဖူးပါတယ်။ ညနေ (၄) နာရီ ပုံမှန်ရွတ်တာက ပဌာန်းအကျဉ်းနဲ့ ဓာရဏာပရိတ်တော်ပါ။ အဲဒီအကျိုးကြောင့် ဒုတိယအကြိမ် အိပ်မက်ထဲကရတဲ့ ဂါထာကတော့ -

ပ စန္ဒာဥဒ္ဒဝရံ ဓမ္မံဓမ္မဝရံ သံဃံ
သရဏံဂစ္ဆာမိ၊
စန္ဒာဓမ္မဝရံ ဓမ္မံဓမ္မဝရံ သံဃံ
သရဏံဂစ္ဆာမိ၊
စန္ဒာသံဃဝရံ ဝရံဝရဏဝရံဏံ
သံဃံသရဏံဂစ္ဆာမိ။

ဆိုတဲ့ ဂါထာပါ။

ထူးခြားတာကတော့ ကိုဘိုထုံမှာ စန္ဒာဘို့ထုံဆိုတဲ့ သမီးတစ်ယောက် ဘန်ကောက်မှာ အလုပ်လုပ်နေပါတယ်။ မိဘတွေကိုလည်း ထောက်ပံ့နေသူပါ။ သူ့အတွက် ရွတ်ပေးစေချင်လို့မျှား ဒီဂါထာကို ကိုဘိုထုံနှုတ်ထဲရောက်နေသလားပေါ့။ စဉ်းစားစရာပါ။ ဘာပဲဖြစ်ဖြစ် ကောင်းတဲ့အလုပ်မို့ ကိုဘိုထုံတော့ နေ့စဉ်ဘုရားရှိခိုးတိုင်းရွတ်ပါတယ်။ အဲဒီလို အကျိုးဆက်တွေရနေတာကတော့ ပရိတ်ကြီး(၁၁)သုတ်ကို မှန်မှန်ရွတ်ပေးနေတဲ့ အကျိုးကျေးဇူးကြောင့်ပဲ ဆိုတာကို ကိုဘိုထုံတော့ အကြွင်းမဲ့ယုံကြည်နေကြောင်းပါ ခင်ဗျာ။

မောင်သင်းထုံ (ကျောက်တောင်)



www.burmeseclassic.com

www.burmeseclassic.com

တို့၌ကား ချပ်ပွားတော်၊ ဆရာတော်ကြီး စသော ရိုသေလောက်သောဌာနကို ဖူးမြော်ပြီးနောက် ရုပ်ပွားတော်၊ ဆရာတော်ကြီးတို့၏ မျက်မှောက်မှာပင် ကျောပေး၍ ပြန်သွားတတ်ကြသည်။ ထိုသို့ပြန်သွားခြင်းကား လူမျိုးခြားတို့၏ သူတို့ ဘုရားကို အရိုအသေပြုခြင်းနှင့် ကွာခြားလှသဖြင့် အဘက်ဘက်မှလူမျိုး ဘာသာတန်းမြင့်လိုသော အမျိုးသမီး၊ အမျိုးသားတို့ ပြုပြင်သင့်ကြပါသည်။

**မိဘကိုကန်တော့ပုံ**

မိခင်၊ ဖခင် မိဘ (၂) ပါးတို့၏မွေးကျွေးသုတ်သင်ပဲ့ပြင်ဆုံးမစောင့်ရှောက်ခဲ့သမျှ ကျေးလူးများကို ရည်စူး၍ ဤရေချမ်းဖြင့် (ဤမုန်းဖြင့်) (ဤပန်းဖြင့်) (ဤဖယောင်းဖြင့်) ရိုသေလေးမြတ်စွာ ကန်တော့ပါ၏။ ဤကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့် ပြစ်မှားမိသော အပြစ်တစ်စုံတစ်ရာရှိခဲ့သော် ပြေပျောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ နေနိုင်သူဖြစ်ရပါလို၏။

**မိဘကဆုပေး**

ဤကန်တော့ရသော ကောင်းမှုကြောင့် အမေသား (သမီး) အဖေသား (သမီး) သည် တောင့်တသောဆုနှင့် ပြည့်စုံ၍ မိဘတို့၏ အမျိုးအနွယ်ကို မတိမ်ကောအောင် စောင့်ရှောက်နိုင်သောအမျိုးကောင်းသား (အမျိုးကောင်းသမီး) ဖြစ်နိုင်ဖို့ရာ လိမ္မာတတ်သိပညာရှိတစ်ယောက်ဖြစ်ပါစေသတည်း။

**အဘိုး အဘွားကန်တော့**

အဘိုးကိုကန်တော့လျှင် မိခင်၊ ဖခင်နေရာ၌ အဘိုး၏ဟုထည့်၊ အဘွား၏ဟုထည့်။ နှစ်ယောက်စလုံးကို ကန်တော့လျှင် အဘိုး၊ အဘွား၏ဟုထည့်၍ မိဘကန်တော့တုန်းကအတိုင်းဆိုပါ။

**အဘိုး အဘွားက ဆုပေး**

ဤကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့် အဘိုးရဲ့မြေး (အဘွားရဲ့မြေး) သည် တောင့်တသောဆုနှင့် ပြည့်စုံ၍ အဘိုး၊ အဘွားတို့၏ အမျိုးအနွယ်တို့ မတိမ်ကောအောင် စောင့်ရှောက်နိုင်သော အမျိုးကောင်းသား (သမီး) ဖြစ်နိုင်ဖို့ရာ လိမ္မာတတ်သိပညာရှိတစ်ယောက်ဖြစ်ပါစေသတည်း။

**ဆွေမျိုးများကန်တော့**

ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ အဒေါ်၊ အရီး၊ ဘွားဘွားကြီး၊ ဘွားဘွားလေး၊ ဘိုးဘိုးကြီး၊ ဘိုးဘိုးလေးစသော ဆွေမျိုးမှားကို ကန်တော့ရာ၌လည်း ဦးကြီး၏ (ဦးလေး၏) စသည်ဖြင့် ဆို၍ ကန်တော့ပါ။

**ဦးကြီးကဆုပေး**

ဤကန်တော့ရသော ကောင်းမှုကြောင့် ဦးကြီးရဲ့တူကြီး (တူမကြီး)သည် တောင့်တသောဆုနှင့်ပြည့်စုံ၍ ဦးကြီးတို့၏ အမျိုးအနွယ် မတိမ်ကောအောင် စောင့်ရှောက်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသမီး) ဖြစ်နိုင်ဖို့ရာ လိမ္မာတတ်သိပညာရှိတစ်ယောက် ဖြစ်ပါစေသတည်း။ (ဦးလေး၊အဒေါ်စသူတို့ကလည်း ဤအတိုင်းဆုပေး။)

**သက်ကြီးဝါကြီးကန်တော့**

ဆွေမျိုးမတော်စပ်သောသက်ကြီးဝါကြီးများကိုလည်း အဘိုး၊ အဘွား၊ ဦးကြီး၊ အဒေါ်စသည်ခေါ်၍ အဘိုး၏ကြီးရင့်သော အသက်နှင့် ကိုယ်ကျင့်သိက္ခာကို ရည်စူး၍ (ဤအဝတ်ဖြင့်၊ ဤစားဖွယ်တို့ဖြင့်) လေးမြတ်စွာကန်တော့ပါ၏။ ဤကန်တော့ရသော ကောင်းမှုကြောင့် စသည်ဆို . . . ။

**သက်ကြီးဆုပေး**

ဤကန်တော့ရသော ကောင်းမှုကြောင့် ဘိုးမြေး (ဘိုးတူ) သည် တောင့်တသောဆုနှင့် ပြည့်စုံ၍ အမျိုးဘာသာသာသနာအကျိုးကို ဆောင်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသမီး) ဖြစ်နိုင်ဖို့ရာ လိမ္မာတတ်သိ ပညာရှိတစ်ယောက်ဖြစ်ပါစေသတည်း။

**ပညာသင်ဆရာကိုကန်တော့**

ဤကန်တော့ရသော ကောင်းမှုကြောင့် ဆရာ၏တပည့်သည် အမျိုးဘာသာ. . . စသည်ဖြင့် သက်ကြီးဆုပေးအတိုင်းပေးပါ။

**ဆရာကဆုပေး**

ဤကန်တော့ရသော ကောင်းမှုကြောင့် ဆရာ့၏တပည့်သည် အမျိုးဘာသာ. . . စသည်ဖြင့် သက်ကြီးဆုပေးအတိုင်းပေးပါ။

**ဆရာဘုန်းကြီးကန်တော့**

ဆရာတော်၏သီလ၊သမာဓိ၊ပညာဂုဏ်ကို ရည်စူး၍ (ဤလှူဖွယ်ဝတ္ထုဖြင့်) ရိုသေလေးမြတ်စွာ ကန်တော့ပါ၏။ ဤကန်တော့ရသော ကောင်းမှုကြောင့် . . . စသည်ဆက်၍ ဆို။

**ဆရာဘုန်းကြီးဆုပေး**

ဤကန်တော့ရသော ကောင်းမှုကြောင့် တောင့်တအပ်တိုင်း ပြည့်စုံ၍ အမျိုးဘာသာ၊ သာသနာ၏အကျိုးကို စွမ်းဆောင်နိုင်သော အမျိုးကောင်းသား (အမျိုးကောင်းသမီး) ဖြစ်ဖို့ရာ လိမ္မာတတ်သိပညာရှိတစ်ယောက်ဖြစ်ပါစေသတည်း။

**လက်ထပ်မင်္ဂလာ**

လက်ထပ်မင်္ဂလာပြုကြရာဝယ် လူကြီး၊ မိဘတို့ကို ကန်တော့ကြ၏။ ထိုအခါ လူကြီး၊ မိဘတို့က ဆုပေးရန် နို့ရည်နှင့် ရေကို ရောနှောသည့်အခါ နှစ်မျိုးနှစ်စားမကွဲပြားဘဲ တစ်သားတည်း တည်နေသကဲ့သို့ ငါ့သား၊ ငါ့သမီး (ငါ့မြေး၊ ငါ့တူ) စသည် နှစ်ဦးတို့လည်း မေတ္တာရေ မကွဲပြားဘဲ တစ်သားတည်း တည်စေပြီးလျှင် အိမ်ရှင်၊ အိမ်သူတို့၏ ကျင့်ဝတ်များကို မယွင်းချွတ်အောင် စောင့်ထိန်းလျက် စိတ်ရောကိုယ်ပါ ချမ်းသာစွာဖြင့် ဥစ္စာစည်းစိမ်တိုးတက်အောင်ဆောင်ရွက်နိုင်ကြပါစေသတည်း။

ဤသို့ စသည်ဖြင့် နေရာဌာနလိုက်၍ ကန်တော့သင့်၊ ဆုပေးသင့်ကြသည်။ ကုန်းဘောင်ရာဇဝင်၌ အလောင်းမင်းတရားကြီးကို သမီးကညာဆက်၍ မင်းသမီးက ကန်တော့သောအခါ ကန်တော့ရသော ဤကောင်းမှုကြောင့် ငါမင်းမြတ်နှင့်အတူ တိုင်းသူပြည်သားလူအများကို သနားစောင့်ရှောက်ခိုးမြောက်နိုင်ပါစေဟူသော အဓိပ္ပာယ်မျိုးဖြင့်ဆုပေးသည်ကို သတိပြုလိုက်ဖူးပါသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကား -
*ကွစ်တိ ပတ္တိတံ တုယ်၊ ခိပ္ပမေ ဆမိဗျတု၊*
*သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ၊ စန္ဒော ပန္နရသော ယထာ။*

သင်၏ အလိုရှိအပ် တောင့်တအပ်သောဆုသည် လျင်မြန်စွာ ပြီးမြောက်ပါစေ။ တစ်ဆယ့်ငါးရက်လင်းပြည့်စုံခြင်းကဲ့သို့ ကောင်းသောအကြံမှန်သမျှပြည့်ဝပါစေဟုဆုပေးတော်မူကြသည်။

ဒေါ်တာအောင်

(ကျောက်တောင်)

**ကျမ်းကိုး -**

အရှင်ဇနကာဘိဝံသ
ရတနာဂုဏ်ရည်



www.burmeseclassic.com

www.burmeseclassic.com



# သုဒ္ဓ(နဝင်းမြို့)

## များစွာသောဘီးပွားဥပဒ္ဒာရဖေရန် သံယာဂုဏ်တော်ကိုအဓိဋ္ဌာန်ပြီးပူဇော်ရခြင်း

ဥဒ္ဓသ ပူဇံ မဟာ တေဇဝန္တော၊
ဓမ္မသ ပူဇံ မဟာ ပညာဝန္တော၊
သံဃသ ပူဇံ မဟာဘောဂဝန္တော။

ကျွန်ုပ်သည် ငယ်ဆရာဖြစ်သော ဆရာတော် ဦးကေလာသဟု ဘွဲ့အမည်ရှိသော ဆရာတော်ကြီး ညွှန်ပြ ဩဝါဒ ပေးခဲ့သည့်အတိုင်း ဘုရား၊ တရား၊ သံဃာတော်များကို ပူဇော်ကန်တော့ရခြင်း၏ ကုသိုလ်စေတနာအကျိုးများကို ဆုံးသွင်းနေခဲ့ပါသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ တပည့်ဖြစ်သူ မောင်စောလှမြင့်တစ်ယောက် ရောက်လာခဲ့ပါတော့သည်။ သူ၏လက်ဆောင်လည်း 'ဟံသာဝတီဆုံးမစာပေါင်းချုပ်' စာအုပ်ကို လက်ကကိုင်လျက်ဖြင့် ကျွန်ုပ်ထံသို့ ရောက်လာခဲ့ပါသည်။ မောင်စောလှမြင့်တစ်ယောက် ရောက်လာတိုင်းလည်း အမြဲတမ်းလိုလိုပင် ကောက်ရိုးပွေ့လာမြဲလည်း ဖြစ်ပါသည်။

ယခုလည်း လက်ထဲတွင်ကိုင်လာခဲ့သော 'ဆုံးမစာပေါင်းချုပ်' စာအုပ်ကို စားပွဲပေါ်တင်ပြီး ကျွန်ုပ်ကို အောက်ပါအတိုင်း ပြောပါတော့သည်။

"ကျွန်တော် သိချင်တာရှိလို့ပါဆရာ။ ဘာလဲဆိုရင် ဒီဘက်ကာလမှာ လယ်တီရဲ့စာတွေမကင်းတဲ့ကာလလို့ ပြောရမလားပါဘဲဆရာ။ ဒီတော့ လယ်တီဆရာတော်ကြီးက အထင်အရှား ဆရာတော်တစ်ပါးပါးကို ဆုံးမ ဩဝါဒပေးခဲ့တဲ့စကား။

နောက်ပြီး ဆရာအစဉ်အဆက်ပေါ့။ မှတ်တမ်းတင်ထားရတဲ့ဆရာတော်များရဲ့ ဩဝါဒစကားများကို ပြောပြပေးပါဆရာ။ အဲဒီ (၂) ခု သိပြီးပြီဆိုရင် သံဃာဂုဏ်ကို ပူဇော်ပြီး ကျင့်ကြံရတဲ့ အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုပေးပါလို့တောင်းဆိုရအောင်လာခဲ့တာပါ"

ဟု တောင်းခံလေတော့၏။

"မောင်စောလှမြင့်ကတော့ကွာ၊ တို့များ အသက်အရွယ် (၇၀) ကျော်လာမှ ပရိယတ္တိသာသနာတော်လို့ ခေါ်တဲ့ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကို သွားပြီး စာသင်ဦးတော့မှာလို့ ပြောပြချင်တော့တာပါပဲကွာ။ မင်းကတော့လေ အကြိုအကြား နှိုက်နှိုက်ခွတ်ခွတ်ကို မေးတတ်ပြောတတ်တယ်နော်။ မဖြေရင်လည်း မဖြစ်တော့ သိသမျှလောက်တော့ ပြောရတော့မှာပေါ့ကွာ။ ပြည့်စုံမှာတော့ မဟုတ်ဘူးနော်"

ဟု ဆိုလိုက်သည်နှင့် -

"ဆရာပြောပြရင်ပြောသလောက်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ကျေနပ်မှာပါ"

ဟုပင်ထပ်ဆင့်ပြောနေလေတော့သည်။

"မင်းမေးတာတွေက များလေတော့ တစ်မျိုးချင်းစီကို ကြိုးစားပြောပြမယ်"

ဟု ပြောပြီး အောက်ပါအတိုင်း ရှည်လျားစွာ ပြောပြလိုက်ရပါတော့သည်။

❑ ပထမဆုံး လယ်တီဆရာတော်ကြီးက မိုးညှင်းဆရာတော်အား တရားနှင့် ပတ်သက်ပြီး ဩဝါဒပေးခဲ့သည်မှာ လွန်စွာ မှတ်သားနည်းယူဖွယ်ကောင်းလှပါသည်။

"ငါ့ရှင်သုမန၊ အားထုတ်သော တရားကားမခက်။ အားထုတ်သူ၏ ဝိရိယသာလိုသည်။ ယခုခေတ်တွင် မင်္ဂဖိုလ်ရနိုင်စွမ်းရှိသောဝိရိယကို မထူထောင်ကြဘူးကွယ်။ အဋ္ဌကထာဆရာတို့ ဆုံးမတဲ့အတိုင်း ပန်းဝတ်ရည်ယူအံ့ဟုပျံသွားလေသောပျား၊ ရေအပြင်ကြာရွက်၌ သွေးကြောဖြတ်သင်သော ဆေးသမား၊ အသပြာလေးထောင်ကိုလို၍ ပင့်ကူချည်မျှင်လေးလဲရအောင် တုတ်ဖြင့်ရစ်ယူသောယောကျ်ား၊ လေကြမ်းလျှင် ခါးလယ်ကိုစီး၍၊ လေညှင်းလျှင် ရွက်ကုန်ဖြန့်၍ ရွက်တိုက်သောလှေသမား၊ အပေါက်ကျဉ်းလှသော ဆီကျည်တောက်၌ မဖိတ်စေရအောင် ဆီသွတ်သော ယောကျ်ား တို့တဲ့သို့ မဆုတ်မနစ် မတက်ကြွားစေရအောင် စိတ်ကိုစဉ်းစားဆင်ခြင်၍ သမုဒ္ဒရာ၏ ဟိုဘက်ကမ်းကို ကူးသန်းအံ့သော ယောကျ်း၏ လှုံ့လကဲ့သို့လည်းကောင်း၊ စကြာမင်းစည်းစိမ်ကို ယူအံ့သော ယောကျ်း၏ အာသာဆန္ဒကဲ့သို့ လည်းကောင်း သက်စွန့်ကြိုးစားပြီးအားထုတ်ရမကွယ့်"

ဟု ဩဝါဒပေးခဲ့သည်။

❑ ဒုတိယအမေးက ဆရာတော်စဉ်ဆက် ဆုံးမစကားဩဝါဒများက ဆိုလျှင် -

**(၁) ဩဝါဒသံပေါက် လက်ာများ**

❑ ရတနာသုံးဆိုင်၊ ငုံကြာခိုင်၊ ဆုံပြိုင်ဝန္ဒနာ။
နှစ်ဆီရသ၊ မြတ်ဓမ္မ၊ မှတ်ကြစဉ်အလာ။
ပရိနိဗ္ဗာန၊ မြတ်ဗုဒ္ဓ၊ မိန့်ကညောင်စောင်းမှာ။
နိဗ္ဗာန်လိုက၊ သဒ်္ဓါရ၊ နေ့ညမမေ့ရာ။

**(၂) အရှင်သာရိပုတ္တရာ၏မှာတမ်းတော်**

❑ ပုတြာမည်ရှိ၊ ရှင်သာရိ၊ အန္တိမိန့်ခဲ့ရှာ။
နိဗ္ဗာန်လိုလား၊ သဒ္ဓါပွား၊ မခြားနေသင်ရာ။

**(၃) ရေရှည်ဆရာတော်၏ အမိန့်မှာတမ်း**

❑ ဆရာတော်ရေရှည်၊ ကျင့်အစုံ၊ မှာပုံသင့်လှပါ။
နိဗ္ဗာန်လိုက၊ လိုသမျှ၊ ကျင့်ကြကောင်းရာရာ။

**(၄) မထီသာရမဟူသာဦးကာကျမ်းပြုအရှင်အရိယဝံသဆရာတော်၏ ဆုံးမညွှတ်ဓိ**

❑ ဝံသာအရှိ၊ သာမုနိ၊ ထားရှိသူအံ့မှာ။
နိဗ္ဗာန်လိုက၊ ကိုယ်ဇက၊ နေထသင့်လျော်ရာ။

**(၅) ညောင်ကန်ဆရာတော် ဦးဗုဒ္ဓ၏ဩဝါဒစကား**

❑ ညောင်ကန်ဆရာတော် ဦးဗုဒ္ဓခေါ်ထုတ်ဖော်မိန့်ခဲ့ရာ။
လူ၊ နတ်၊ ပြဟ္မာကဲ့ရဲ့မှာ ဆိတ်စာမကြောက်ရာ။
ဘုရားကဲ့ရဲ့၊ ကြောက်သူကွယ့်၊ ရောက်ခဲ့နိဗ္ဗုတာ။

**(၆) ငါးခုံဆရာတော်၏ဩဝါဒ**

❑ ငါးခုံကဝိ၊ မြတ်ဗောဓိ၊ ဟောရှိသည်အမှာ။
စိတ်ဆိုးစိတ်ညစ်၊ ကိုယ့်ကြောင့်ဖြစ်၊ ပယ်လှစ်သူတကာ။
စိတ်ညစ်ပယ်ချိုး၊ စိတ်မဆိုး၊ ရောက်ရိုးနိဗ္ဗုတာ။

**(၇) မန်းကျည်းတောရဆရာတော်အမှာစကား**

❑ မန်းကျည်းတောခေါ်၊ ဆရာတော်၊ ထုတ်ဖော်မှတ်စရာ။
နိဗ္ဗာန်ကိုရည်၊ ကုတ်နှင့်ကိ၊ ကြောက်သည်မရှိရာ။

**(၈) ထွတ်ခေါင်ဆရာတော်၏အမှာ**

❑ ကျင့်ကျော်ထွတ်ခေါင်၊ နှုတ်တော်ဆောင်၊ သိအောင်မိန့်ခဲ့ရာ။
နိဗ္ဗာန်ကိုလျှင်း၊ သူ့အတင်း၊ ပြောခြင်းပယ်ချိုးပါ။

**(၉) ရွှေရင့်မာဆရာတော်၏အမှာ**

❑ ရွှေရင့်မာရှင်၊ ဆရာပင်၊ မှာတွင်သိစရာ။
ဟောတိုင်းပြောတိုင်း၊ ချင့်စာနှိုင်း၊ နေးတိုင်းမယုံရာ။
နိဗ္ဗာန်လိုက၊ ဓိရာဂ၊ မိန့်မှယုံသင့်ပါ။

**(၁၀) မြင်းဝန်ဆရာတော်၏အမိန့်အမှာ**

❑ မြင်းဝန်ဆရာတော်၊ မိန့်မြွက်ဖော်၊ မြင်မြော်မှတ်စရာ။
နိဗ္ဗာန်လိုလစ်၊ မုန်းအချစ်၊ ဆုံးပစ်ပယ်ရပါ။

**(၁၁) ဗန်းမော်ဆရာတော်စကားဝိန့်မှာထား**

❑ ဝိနည်းကျော်လှ၊ ဗန်းမော်က၊ ဖော်ပြမိန့်ခဲ့ရာ။
နိဗ္ဗာန်ကိုမက်၊ ကိုယ့်အသက်၊ ငဲ့ကွက်မပြုရာ။

**(၁၂) နေတ္ထိကောင်းသော လေသင်းမင်းကျောင်းဆရာတော်အလိုဆန္ဒ**

❑ လေသင်းမင်းကျောင်း၊ နေတ္ထိကောင်း၊ သိကြောင်းအစဉ်မှာ။
နိဗ္ဗာန်လိုက၊ သည်းခံကြ၊ တွင်းပအရာရာ။
သုံးဘုံမကိုင့်၊ တရားမြိုက်၊ သားဒဏ်ဤနည်းသာ။
အချဉ်စကား၊ ဆုံးတရား၊ သုံးထားမြဲမြံစွာ
အဓိပ္ပာယ်နက်၊ အသိခက်၊ ထည့်စွက်ဉာဏ်ဝိဇ္ဇာ။
ကျင့်သုံးဗိုလ်လူ၊ ပြည်နိဗ္ဗူ၊ လွယ်သူရောက်မည်သာ။

စသည့် များစွာ မှတ်စရာတို့ကို ဩဝါဒစကားမိန့်ကြားခဲ့သည်မှာ ကြည်ညိုစရာ၊ တုယူမှတ်သားစရာများ ဖြစ်ပါတော့သည်။ ဆရာတော်ကြီးများ၏ ဩဝါဒဆုံးမစကားတို့ကို ဒီလောက်နှင့်ပဲ နားကြရအောင်ပါ။

❑ တတိယအမေးဖြစ်တဲ့ သံဃာ့ဂုဏ်တော်နှလုံးသွင်း ကျင့်ကြံရသည့် အပိုင်းကိုဆက်ပြီး ပြောပြပါမည်။

ယနေ့အခါကာလမှာ ကိုယ်ရော သူရောပါ ကမ္မဋ္ဌာန်းလေးဆယ်ထဲမှ အများဆုံး ကျင့်ကြံနေကြတဲ့ ကမ္မဋ္ဌာန်းတချို့ကိုပဲ ဦးစွာပြောပါဦးမယ်။ ထိုကမ္မဋ္ဌာန်းမှာမူ -

၁။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း
၂။ ဓမ္မာနုဿတိကမ္မဋ္ဌာန်း
၃။ သံဃာနုဿတိကမ္မဋ္ဌာန်း
၄။ မေတ္တာကမ္မဋ္ဌာန်း
၅။ ကရုဏာကမ္မဋ္ဌာန်း
၆။ မုဒိတာကမ္မဋ္ဌာန်း
၇။ ဥပေက္ခာကမ္မဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com

၈။ မရဏာနုဿတိကမ္မဋ္ဌာန်း
၉။ အာနာပါနကမ္မဋ္ဌာန်း
၁၀။ ကာယဂတာသတိကမ္မဋ္ဌာန်း
တို့ဖြစ်ပါသည်။

ထိုကမ္မဋ္ဌာန်းများထဲမှ သံယာနုဿတိကမ္မဋ္ဌာန်းကို ဆက်ပြီးပြောပြသွားပါမည်။ သံယာဿပူဇနမဟာဘောဂဆန္ဒောဟုသိနေကြသော်လည်း ကျင့်သူများမှာ နည်းမည်ဟု ထင်မိပါသည်။ သိပြီးဆိုပေမယ်လို့ စာရေးသူအနေနှင့် ထပ်ပြောချင်ပါသေးသည်။

သံယာနုဿတိကမ္မဋ္ဌာန်းဆိုတာကိုက မြတ်စွာဘုရားရှင်၏ တပည့်ဖြစ်သော သံယာတော်အရှင်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အထပ်ထပ် အခါခါ အဖန်ဖန်ဆင်ခြင်အောက်မေ့သောသတိကို ဆိုလိုတာဖြစ်သည်။

ထိုကမ္မဋ္ဌာန်းကို ပွားများအားထုတ်လိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးယောဂီတို့အနေဖြင့် သံယာဂုဏ်တော်ကိုးပါးကို သိရှိရသလို မြန်မာမှုအနေနှင့်လည်း သိရှိရန် လိုအပ်ပါသည်။ ဒါမှ ကမ္မဋ္ဌာန်းအားထုတ်မည်ဆိုလျှင် အကျိုးပေးသန်မည်၊ အကျိုးပေးမြန်မည်ဖြစ်ပါသည်။ ဂုဏ်တော်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**သံယာ့ဂုဏ်တော်ကိုးပါး**

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၅။ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃောအာဟုနေယ္ယော။
၆။ ပါဟုနေယ္ယော။
၇။ ဒက္ခိဏေယ္ယော။
၈။ အဉ္ဇလိကရဏီယော။
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဖြစ်ပါသည်။

ဂုဏ်တော်မြန်မာပြန်တို့မှာ -

၁။ ဘဂဝတော - မြတ်စွာဘုရား၏ သာဝကသံဃော - မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော တပည့်သားသံယာတော်အပေါင်းသည်၊ သုပ္ပဋိပန္နော - ကောင်းသောအကျင့်ရှိတော်မူ၏။

၂။ ဘဂဝတော-မြတ်စွာဘုရား၏ သာဝကသံဃော - တပည့်သားသံယာတော်အပေါင်းသည်၊ ဥဇုပ္ပဋိပန္နော-ဖြောင့်မတ်သောအကျင့်ရှိတော်မူ၏။

၃။ ဘဂဝတော - မြတ်စွာဘုရား၏ သာဝကသံဃော - တပည့်သားသံယာတော်အပေါင်းသည်၊ ဉာယပ္ပဋိပန္နော - နိဗ္ဗာန်အကျိုးငှာကျင့်တော်မူတတ်၏။

၄။ ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကသံဃော- တပည့်သားသံယာတော်အပေါင်းသည်၊ သာမီစိပ္ပဋိပန္နော-ရှိသေလေးမြတ်သောအကျင့်ရှိတော်မူ၏။

ယဒိဒံ ယာနိ ဧကမာနိ စတ္တာရိ ပုရိသ ယုဂါနိ - အကြင်လေးယောက်သော ယောကျ်ားမြတ်အစုံတို့သည်၊ ယဒိဒံ ယေ ဧကမေ အဋ္ဌ ပုရိသ ပုဂ္ဂလာ-အကြင် အသီးသီးရှစ်ယောက်သော ယောကျ်ားမြတ်ပုဂ္ဂိုလ်တို့သည်၊ သန္တိ - ရှိကုန်၏၊ ဘဂဝတော - မြတ်စွာဘုရား၏၊ သေ ဧသော သာဝက သံဃော - ထိုအစုံလေးယောက်သော၊ အသီးသီး ရှစ်ယောက်သော တပည့်သား သံယာတော်သည်။

၅။ အာယုနေယျော - အဝေးမှ ဆောင်ယူ၍ လှူဒါန်းအပ်သော ပစ္စည်းဝတ္ထုကို ခံတော်မူ၏။

၆။ ပါဟုနေယျော - ဧည့်သည်အလို့ငှာ ရည်မှတ်၍ ထားအပ်သော ပစ္စည်းဝတ္ထုကို ခံတော်မူ၏။

၇။ ဒက္ခိဏေယျော - တမလွန်ဘဝကို ရည်မှတ်၍ လှူဒါန်းအပ်သောအလှူကိုလည်း ခံတော်မူ၏။

၈။ အဉ္ဇလိကရဏီယော - လက်အုပ်ချီမူကို ခံယူခြင်းငှာ ထိုက်တော်မူ၏။

၉။ လောကဿ - လူအပေါင်း၏၊ အနုတ္တရံ - အတုမရှိသော၊ ပုညက္ခေတ္တံ-ကုသိုလ်ကောင်းမှုတည်းဟူသော မိုးစေတို့၏ စိုက်ပျိုးပစ်ချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တော်မူ၏။

သံယာ့ဂုဏ်တော် ကိုးပါးကို အဓိဋ္ဌာန်ဝင်ရာတွင် နည်းလမ်းနှစ်ခုရှိပါသည်။ ထိုနည်းလမ်းတို့မှာ ဂုဏ်တော်တစ်ပါးလျှင် ခေါက်ရေ တစ်သောင်းကျဖြင့် ဂုဏ်တော်ကိုးပါးရှိသည့်အတွက် စုစုပေါင်းဂုဏ်တော် ကိုးသောင်းတိတိ နှုတ်တက်ဖွဖွ ရွတ်ဖတ်ပူဇော် အဓိဋ္ဌာန်တင်နိုင်ပါသည်။ ထိုအဓိဋ္ဌာန်ကို ရက်အကန့်အသတ်မထားဘဲ အမှတ်အသားထား၍ ပြီးမြောက်သည့်တိုင်အောင် ရွတ်ဖတ်ပူဇော်နိုင်ကြပါသည်။

ဒုတိယနည်းမှာ သံယာ့ဂုဏ်တော်ကိုးပါးရှိသည့်အနက်မှ ဂုဏ်တော်တစ်ပါးချင်းစီတို့ကို တစ်နေ့လျှင် ပဒေသတစ်သောင်းကျပူဇော်နိုင်ရန် ပုတီးစိပ်၍ တစ်နေ့လျှင် (၁၀၈) လုံး ဂုဏ်တော်ပုတီးဖြင့် ဂုဏ်တော်တစ်ပါးလျှင် ပုတီးတစ်လုံးချ၍ ပုတီး(၁၀)ပတ်စိပ်ရပါမည်။ ဂုဏ်တော်တစ်ပါးချင်းကို (၁၀) ရက်တိတိ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းဖြင့် ဂုဏ်တော်ကိုးပါးအတွက် ရက်ကိုးဆယ်အဓိဋ္ဌာန်တင်၍ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါသည်။

ယခု ရှင်းပြသည့်အတိုင်း မည်သည့် မည်ပုံအဓိဋ္ဌာန်ဝင်မည်ကို အမျိုးကောင်းသားသမီးများအနေဖြင့် သဘောပေါက်နိုင်မည်ဟု ယူဆပါသည်။

အဓိဋ္ဌာန်သွားပုံမှာ အဓိဋ္ဌာန်ဝင်ရောက်သည့်နေ့မှစ၍ မိမိ၏သဒ္ဓါဆန္ဒအားလျော်စွာ အဓိဋ္ဌာန်တင်၍ ဆောင်ရွက်နိုင်ကြပါသည်။ အဓိဋ္ဌာန်သွားရမည့် နည်းလမ်းမှာ အချိန်၊ နေရာဌာန၊ တောင်းခံသောဆုတို့ တိကျရပါမည်။

အဓိဋ္ဌာန်ကာလတွင် မိမိတို့ သဒ္ဓါဆန္ဒအတိုင်း မြတ်စွာဘုရားအားလျှဒါန်းခြင်း၊ မိမိဆန္ဒအတိုင်း ပုဂ္ဂိုလ်များဖိတ်ကြား၏။ နောက်နို့စွမ္ဘဝကျင့်ဝတ်ကဲ့သို့ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ သစ္စာပြု၍ ဆုတောင်းခြင်း၊ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်း၊ မူလဖိတ်ကြားထားခဲ့သောပုဂ္ဂိုလ်များအား နေရပ်သို့ပြန်လည်ပို့ခြင်း စသည်တို့ကိုပြုလုပ်ရပါမည်။

ကျွန်ုပ်၏တပည့်များကို ဦးမြောက်ပေးသလို ကျွန်ုပ်၏ စာဖတ်သူများနှင့် သူရဇ္ဈမဂ္ဂဇင်းစာဖတ်သူများအားလုံးအတွက် အဓိဋ္ဌာန်ဝင်နိုင်ခဲ့ကြသော သံယာ့ဂုဏ်တော်အဓိဋ္ဌာန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြပြီး များစွာသော စီးပွားဥစ္စာကိုရကြစေရန် ရည်သန်၍ နှေးသားလိုက်ရပါတော့သည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

သုဒ္ဓ (နဝင်းမြို့)

**ကျမ်းကိုး -**
နိဗ္ဗာန်လမ်းစဉ်ပြကျမ်း



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ဝိုက်ခြေပ်

# ပါရမီရှင်ဆရာကြီးဦးဝွန်းမြိုင်

ပထမံဆရာဦးအေးရှေ့

❑ စာရေးသူသည် ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသ၏ မဟာပထမံဝိဇ္ဇာရေပညာရပ်ဆိုင်ရာတို့နှင့်ပတ်သက်ပြီး အထူးစွမ်းဆောင် အားထုတ်နိုင်ခဲ့မှုများကို လည်းကောင်း၊ ဆရာတော်ကြီး၏ လောကီရေးရာရော လောကုတ္တရာရေးရာတွင်ပါ ကိစ္စနှစ်ရပ်စလုံး အောင်မြင် ပြီးမြောက်စေနိုင်သော ကျင့်သုံးနေထိုင်နည်းများ၊ ဂါထာမန္တန်များတို့အား မူရင်းအတိုင်း နောင်လာနောက်သားများနှင့် ဆရာတော်ကြီးအား ကြည်ညို ကိုးကွယ်ကြသည့် တပည့်သာဝက သားသမီး၊ မြေး၊ မြစ်များနှင့် သူရဇနဂဇင်းကို အားပေးကြကုန်သော စာဖတ်ပရိသတ်အပေါင်းတို့အား သိရှိနိုင်ကြပါစေရန် ရည်ရွယ်ပြီး (၂၅) လတိုင်တိုင် ရေးသား တင်ပြခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါ စစ်ကွင်းဆရာတော်ကြီး၏ ထေရုပတ္တိနှင့်ပတ်သက်၍ စာဖတ်ပရိသတ်အတော်များများက အထူးပင် စိတ်ပါဝင်စားစွာဖြင့် မေးမြန်းစုံစမ်းကြပါသည်။ ထို့အပြင် ဆရာတော်ကြီးနှင့်ပတ်သက်၍ လည်းကောင်း၊ ဆရာတော်ကြီး၏ အဆက်အနွယ်များနှင့် ပတ်သက်၍ လည်းကောင်း အခြားသော အကြောင်းအရာများရှိသေးပါက သိရှိလိုပါသဖြင့် ဆက်လက်ရေးသားပါရန် လူကိုယ်တိုင်သော် လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း များစွာ တိုက်တွန်းကြပါသဖြင့် ယခုအခါ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီးအား ဆက်ခံသည့် တပည့်ဖြစ်သူ ပါရမီရှင် ဆရာကြီး ဦးထွန်းမြိုင်၏ အတ္ထုပ္ပတ္တိကို ဆက်လက်ပြီး ရေးသား ဖော်ပြလိုက်ရပါသည်။

ဤအကြောင်းအရာ၌ ဆရာကြီး ဦးထွန်းမြိုင်နှင့် ပတ်သက်ပြီး ရှေ့မှ 'ပါရမီရှင်' ဟူသောဂုဏ်ပုဒ်ကို ထည့်သွင်း ရေးသား ဖော်ပြရခြင်းနှင့် ပတ်သက်ပြီး ဦးစွာ အနည်းငယ် ရှင်းလင်းဖော်ပြလိုပါသည်။ ဆရာကြီး ဦးထွန်းမြိုင်အား ပါရမီရှင်ဟုခေါ်ဝေါ်ရသည့် အကြောင်းမှာ ဆရာကြီးသည် မဟာပထမံပညာ၏ ယခင်မည်သည့်ဂိုဏ်း



www.burmeseclassic.com

www.burmeseclassic.com

ချုပ်မျှရရှိထူးခြင်းမရှိသေးသော ပေးစမ
ခေါ် မဟာသီဒို(၁၅)တွဲလုံးကို အထက်
ပုဂ္ဂိုလ်တို့မှချပေးခြင်းကို ခံယူရသည့်
ထူးခြားသော ပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါ
သည်။ ထို့ကြောင့်လည်း ဆရာကြီး
ဦးထွန်းမြိုင်အား 'ပါရမီရှင်' ဟု၍
ဂုဏ်ထူးဝိသေသတပ်ပြီး ခေါ်ဝေါ်ရ
ခြင်းဖြစ်ပါသည်။ ဆက်လက်ပြီး ဆရာ
ကြီး၏ ဘဝဇာတ်ကြောင်းဖြတ်သန်းမှု
ဆိုင်ရာအတွေ့အကြုံများကို ဖော်ပြ
သွားမည် ဖြစ်ပါသည်။

ဆရာကြီး၏ ဘဝအတွေ့အကြုံမှ

www.burmeseclassic.com

သူရဇ္ဈမဂ္ဂဇင်း
အတွဲ (၁၆) အမှတ် (၄) ၊ ၂၀၁၅ ဒုနှစ် ဇူလိုင်

www.burmeseclassic.com

တွင် အထူးသဖြင့် ဝိဇ္ဇာရေပညာရပ်ဆိုင်ရာအကြောင်းအရာများပါဝင်မည်ဖြစ်ပါသည်။ ထို့အပြင် အခြားသော လူသာမန်တို့ တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ ကြုံတွေ့ရဖူးခြင်း မရှိနိုင်သော စိတ်ဝင်စားဖွယ်အကြောင်းခြင်းရာ အဖြစ်အပျက်များလည်း ပါမည်ဖြစ်၏။ ကြံစည်၍ မဖြစ်နိုင်သော အစီရွေယျသဘောဆောင်သည့် ကံစွမ်းရပ်များလည်းပါမည်ဖြစ်၏။ ထူးထူးခြားခြားသော အကြောင်းအရာအဖြစ်အပျက်များလည်း ပါဝင်မည်ဖြစ်၏။ ထို့ကြောင့် အတန်ငယ်မျှ ရှည်လျားမည်ဖြစ်သော ဤဆောင်းပါးများတွင် ထူးခြားသော ကံကြီးရှင်၊ ဥာဏ်ကြီးရှင်၊ ပါရမီရှင်တစ်ဦး၏ ဘဝဖြစ်စဉ်အတွေ့အကြုံများကို တွေ့မြင်ဖတ်ရှုရမည်ဖြစ်ပါသည်။

**ဇာတိချက်ကြွေမွေးရပ်မြေ**

ဆရာကြီးဦးထွန်းမြိုင်၏ ဇာတိသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ထန်းသုံးပင်တိုက်နယ်ရှိ ထန်းသုံးပင်ကျေးရွာတွင် မိခင်၊ ဖခင်တို့မှ ၁၉၂၀ ပြည့်နှစ်ဝန်းကျင်၌ မွေးဖွားခဲ့၏။ ဖခင်ဖြစ်သူ၏ အမည်မှာ ဦးမောင်ဟန်ဖြစ်၏။ မောင်ထွန်းမြိုင်သည် မွေးချင်း (၆) ဦးအနက် ဒုတိယမြောက်သားဖြစ်၏။

ဧရာဝတီတိုင်းဒေသကြီးရှိ အဆိုပါနေရာ ဒေသတစ်ဝိုက်သည် ပါရမီရှင်ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာဓရပုဂ္ဂိုလ်အမြောက်အများပေါ် ထွက်ရာ ထူးခြားသည့် ရေခဲမြေခဲကောင်းရှိသည့်နေရာဟု ဆိုရမည်ဖြစ်ပါသည်။ မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်တစ်ဦးဖြစ်ခဲ့သော စစ်ကွင်းဆရာတော် ဦးစန္ဒောဘာသသည်လည်း စစ်ကွင်းနယ်သားမဟုတ်ပေ။ ဧရာဝတီတိုင်းဒေသကြီးဘက်ရှိ နမ်ကပ်ကြီးသားပင် ဖြစ်ပါသည်။

ထို့အပြင် ထိုနယ်တစ်ဝိုက်၏ ထူးခြားချက်မှာ ဥမ္မာဒန္တီမင်းသမီးတည်ခဲ့သည့် ဘုရားပေါင်းများစွာရှိနေခြင်းပင် ဖြစ်ပါသည်။ ဥမ္မာဒန္တီမင်းသမီး ဟူသည် ဗုဒ္ဓသာသနာတော်သမိုင်းတွင် ထင်ပေါ်ကျော်ကြားခဲ့သူ ဖြစ်၏။ သူမ၏ အလုသည် အလွန်ပင် ထူးခြားလှသဖြင့် စာဖွဲ့လောက်သည့်အဆင့်တွင်ရှိကြောင်းကို စာပေအထောက်အထားများအရ တွေ့ရှိရပါသည်။ ထိုမင်းသမီး၏ မူလဘဝ ဇာတ်လမ်းဖြစ်တည်ရာ ဇာစ်မြစ်သည် မဇ္ဈိမဒေသတွင်ဖြစ်၏။ သူမသည် မဇ္ဈိမဒေသမှနေပြီး မြန်မာနိုင်ငံတွင်းသို့ ပြောင်းရွှေ့အခြေစိုက်ခဲ့ဟန်တူ၏။

အဘယ်ကြောင့်ဆိုသော် သူမဖြတ်သန်းရာ လမ်းတစ်လျှောက်တွင် ဘုရားပုထိုးပေါင်း များကိုများစွာကို ရောက်လေရာအရပ်များတွင်တည်ထားကိုးကွယ်ခဲ့သောကြောင့် ဖြစ်၏။ သူမ ဧရာဝတီတိုင်းဒေသကြီးထဲရောက်အောင် ဖြတ်သန်းလာခဲ့ရာတွင် မရှိမဒေသမှနေ၍ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ရခိုင်ရိုးမပေါ် တွင်လည်းကောင်း၊ ၀ - ဇ၊်းသိုင်းချောင်း စသည့် ဖြတ်သန်းရာ မြို့ရွာများ၌ လည်းကောင်း ဥမ္မာဒန္တီဘုရားများကို လမ်းတစ်လျှောက် ဖူးတွေ့ရမည် ဖြစ်ပါသည်။ နောက်ဆုံး ဥမ္မာဒန္တီမင်းသမီးသည် မြန်အောင်မြို့နယ်အရောက်တွင် ရွှေသို့ဆက်လက်၍ နယ်မြေသစ်ရှာဖွေခြင်းမပြုတော့ဘဲ အခြေစိုက်ခဲ့ခြင်း ဖြစ်မည်ဟု ထောက်ဆရပါသည်။ ထိုကဲ့သို့ ဆိုရခြင်း၏အကြောင်းမှာ ဥမ္မာဒန္တီမင်းသမီး၏ဘဝနောက်ဆုံးဖြစ်သော သခ္ဓိုင်းဂူကို မြန်အောင်မြို့နယ်တွင်း၌ပင် တွေ့ရှိရသောကြောင့် ဖြစ်၏။

ထိုသခ္ဓိုင်းဂူတွေ့ရှိရာနေရာသည် ထူးခြား တိုက်ဆိုင်စွာပင် ဆရာကြီးဦးထွန်းမြိုင် မွေးဖွားရာဇာတိ ဝန်းကျင် တစ်ဝိုက်၌ ဖြစ်နေသောကြောင့်ပင် ဖြစ်၏။ ဥမ္မာဒန္တီမင်းသမီး၏ ဘဝလုပ်ဆောင်ချက်များကို လေ့လာသုံးသပ်ကြည့်ပါက သူမသည် အသက်ရှင်ခဲ့သမျှသော သက်တမ်းတစ်လျှောက်၌ တစ်မူထူးခြားစွာပင် အများဆုံး လုပ်ဆောင်ခဲ့သည့် အရာမှာ လူအများ ကိုးကွယ်ပူဇော်ရန် အလို့ငှာ စေတီပုထိုးဘုရားပေါင်းများကို များစွာ တည်ထားခဲ့ခြင်းပင် ဖြစ်၏။ ဥမ္မာဒန္တီမင်းသမီး ဘုရားပေါင်း အဆူရေမည်မျှတည်ခဲ့ကြောင်းကို ယနေ့အချိန်အထိ အတိအကျ မှတ်တမ်းတင်ရန် မဖြစ်နိုင်သေးပေ။ ထို့ကြောင့် ဥမ္မာဒန္တီမင်းသမီးကို သိဝိဘုရင်ကြီးအား သူမ အလှတွင် ရူးသွပ်စေသည် ဟူသော ခပ်ပေါ့ပေါ့မင်းသမီးတစ်ပါးအဖြစ် ယူဆ၍မရပေ။

ယခုကဲ့သို့ ဘုရားပေါင်းများစွာ စေတီ၊ ပုထိုးပေါင်းများစွာတည်ထားသည့်လုပ်ငန်းသည် နိုင်ငံတော်၏ ဘုရင်မင်းများမှအပ အခြားသော သာမန်ပုဂ္ဂိုလ်များပြုကျင့်လေ့ရှိသည့်လုပ်ငန်းမျိုး မဟုတ်ပေ။ ပါရမီရှင်ကြီးများ၊ ဝိဇ္ဇာဓရလမ်းစဉ်လိုက်သည့် ပုဂ္ဂိုလ်ထူးများ၊ ဆုကြီးပန်များသာအများဆုံးပြုလေ့ပြုထရှိသည့်လုပ်ငန်းကြီးပင် ဖြစ်ပါသည်။ ထို့ကြောင့် ဥမ္မာဒန္တီမင်းသမီးအား ပုဂ္ဂိုလ်အမျိုးအစားခွဲခြားရာတွင် အထက်ဖော်ပြပါ ပုဂ္ဂိုလ်အမျိုးအစားများထဲ၌ တစ်ပါးပါးတွင် ထည့်သွင်းရမည့် ထူးခြားသောပုဂ္ဂိုလ်ထူးပင် ဖြစ်ပါသည်။

အဆိုပါပုဂ္ဂိုလ်ထူးဖြစ်သော ဥမ္မာဒန္တီမင်းသမီး နောက်ဆုံး အခြေချခဲ့ရာနေရာဖြစ်သည့် မြန်အောင်ဒေသဝန်းကျင်တစ်ဝိုက်သည်လည်း ပေါ့သေးသေးနေရာဒေသတစ်ခု မဟုတ်ကြောင်းကို ထောက်ဆသိရှိနိုင်မည် ဖြစ်ပါသည်။ အဆိုပါ ထူးခြားသော သမိုင်းဖြစ်စဉ်များဖြစ်တည်ခဲ့ရာဒေသသည် ဆရာကြီးဦးထွန်းမြိုင်၏ ဇာတိနေရာ မွေးရပ်မြေမဟုဖြစ်ခဲ့ခြင်းသည်လည်း ထူးခြားမှုပင် ဖြစ်ပါသည်။

ထို့အပြင် အဆိုပါ ဧရာဝတီတိုင်းဒေသကြီးဝန်းကျင်အတွင်းရှိ ဟင်္သာတ၊ ကွင်းကောက်၊ နံကသူ၊ သီတာကုန်းပြင်၊ ဘုန်းတော်ပြည့်ရွာ စသည့်နေရာဒေသတို့တွင်လည်း ဝိဇ္ဇာခိုရ်လောင်းလှာပုဂ္ဂိုလ်ထူးများ မွေးဖွားခဲ့ကြ၏။ ကျင့်ကြံပေါ်ထွန်းခဲ့ကြ၏။ ထို့မျှမက ဝိဇ္ဇာဌာန်အလုံပြည့်၏ မြို့တော်သည်လည်း ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းဖြစ်နေခြင်းကလည်း ထူးခြားလှသည်။ထို့ကြောင့် အချို့သောဝိဇ္ဇာခိုရ်ရှင့် ပုဂ္ဂိုလ်ထူးအတော်များများသည် ပါရမီဖြည့်ကျင့်ရန်အတွက် လည်းကောင်း၊ လူအဖြစ်ကို ရယူရန်လည်းကောင်း ဘူမိအချာမြေနေရာဒေသတို့ကို ရွေးချယ်ရာ၌ ဧရာဝတီတိုင်းဒေသကြီး၏ ဝန်းကျင်တစ်ဝိုက်သည် အရေးကြီးသော အထူးဦးစားပေး ရွေးချယ်လေ့ရှိသည့် နေရာဒေသများတွင် တစ်ခုအပါအဝင်များဖြစ်လေသလော ဟူသည့် အချက်သည် စဉ်းစားစရာဖြစ်လာစေပါသည်။

❑

မောင်ထွန်းမြိုင်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက တစ်မူထူးခြားသော ကလေးတစ်ဦး ဖြစ်ခဲ့၏။ ကလေးတို့ဘာသာဘာဝ ဆော့ကစားကြသည့်ကိစ္စတွင်ပင် ကြည့်ကထူးခြားကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ မောင်ထွန်းမြိုင် ကစားသည့် ကစားနည်းများထဲမှ ကစားနည်းတစ်ခုကိုပင်ကြည့်ပါ။ တရားဟောတမ်းကစားနည်း ဖြစ်၏။ ထိုကစားနည်းတွင်



www.burmeseclassic.com

www.burmeseclassic.com

မောင်ထွန်းမြိုင်က တရားဟောဆရာ ဖြစ်၏။ တောင်ပို့၊ သစ်ငုတ်၊ သစ်တုံး များပေါ်တွင်ထိုင်လိုက်၏။ သူ၏လက် ထဲတွင် တုတ်သေးသေးလေးတစ်ချောင်း ကိုင်ထား၏။ ထို့နောက် ကျန်ကစား ဆော် ကလေးငယ်များအား ခေါ်လိုက်ပြီး အောက်တွင် ထိုင်ခိုင်းလိုက်၏။ ပြီးလျှင် သူတ တရားဟောတော့၏။ ထိုသို့ မောင်ထွန်းမြိုင်သည် သူတရားဟောနေ ဆဲအတွင်း အောက်တွင်ထိုင်၍ တရား နာနေသောကလေးများထဲ၌ အခြား စကားပြောနေသူများ အိပ်ငိုက်နေသူ များနှိပ်ကာ ခေါ်ထုတ်ပြီး သူ့လက်ထဲရှိ တုတ်သေးသေးလေးဖြင့်ရိုက်လေ့ရှိ၏။

ထိုအခါ အရိုက်ခံရသောကလေး ငယ်တို့က သူတို့၏မိဘများကို သွား ရောက်တိုင်တန်းကြ၏။ထိုအခါ ကလေး တို့၏မိဘများသည် မကျေမနပ်ဖြစ်ပြီး မောင်ထွန်းမြိုင်၏ အဖေဖြစ်သူ ဦးမောင် တန်အား မကျေမနပ် သွားရောက် တိုင်ကြားပြောဆိုကြလေ၏။ ထိုအခါ ဦးမောင်ဟန်လည်း မောင်ထွန်းမြိုင်ကို ခေါ်ယူပြီး ရိုက်နှက်ဆုံးမကာ နောက် နောင် ဤကဲ့သို့ မပြုလုပ်ရန် ပြောဆို လေ၏။

မောင်ထွန်းမြိုင်၏ နောက်ထပ် ဆောက်စားနည်းတစ်မျိုးကိုလည်းကြည့် ရှုင်သိနိုင်ပါသည်။ ရွာလမ်းကြောင်း တွင် နေ့စဉ်နွားလှည်းများစွာသွားနေကြ ၏။ ထိုသို့ နွားလှည်းများသွားဖန်များ သဖြင့် လှည်းလမ်းပေါ်တွင် ဖုန်မှုန့်များ အလွန်စွာထူထပ်သိပ်သည်းလျက်ရှိနေလေ ၏။ မောင်ထွန်းမြိုင်သည် အကျီအဝတ် အစားများကို ဆွတ်ပိုက်ပြီး ကိုယ်တုံးလုံး ဖြစ်နေချိန်တွင် လှည်းလမ်းကြောင်းပေါ် သို့ ကန့်လန့်ဖြတ်ပြီး ပက်လက်လှန်ကာ အိပ်လိုက်၏။ ထို့နောက် ကိုယ်ပေါ်သို့ လှည်းလမ်းကြောင်းပေါ်မှ ဖုန်မှုန့်များကို ဖတ်တင်ထားလိုက်၏။ မျက်လုံးလေးနှစ် လုံးကိုသာလှုပ်ထားလိုက်၏။ ထိုအခါ မောင်ထွန်းမြိုင်၏ ခန္ဓာကိုယ်တစ်ခုလုံး သည် မျက်လုံး(၂)လုံးမှအပ ဖုန်မှုန့်များ နှင့်ဖုံးအုပ်နေတော့၏။

ထိုအချိန်တွင် လှည်းလမ်းတစ် လျှောက်မောင်းလာသည့်နွားလှည်းများ သည် မောင်ထွန်းမြိုင်ရှိသည့်နေရာအနီး သို့ ရောက်ရှိသောအခါ လှည်းဆွဲလာ သည့်နွားများသည် ပက်လက်လှန်အိပ် နေသည့် ဖုန်မှုန့်များအောက် မောင်ထွန်း မြိုင်၏ မျက်လုံးနှစ်လုံးကို ရုတ်တရက် သွားတွေ့လိုက်ရသဖြင့် အလွန်တရာ ထိတ်လန့်ကြောက်ရွံ့သွားကြကာ လန့်ပြီး ဦးတည်ရာမဲ့ ပရမ်းပတာလွှဲလှောက်ပြေး ကြတော့၏။ သူတို့အားလည်း မည်သို့မျှ ထိန်းချုပ်၍မရသော အခြေအနေသို့ ရောက်ရှိသွားလေတော့၏။ နောက်ဆုံး တွင် လှည်းများမှောက်သွားလေတော့ ၏။ ထိုအခါ လှည်းပေါ်တွင် လိုက်ပါ လာသူများ ဒဏ်ရာအနာတရများရသူ ရာ၊ လှည်းပေါ်ပါလာသည့်ပစ္စည်းများ မှောက်လိုမှောက်ဖြစ်ကုန်သဖြင့် များစွာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းဖြစ်ကြရလေ ၏။ ထို့ကြောင့် လှည်းပေါ်ပါလူများ အနေဖြင့် နွားများ ဤကဲ့သို့ ရုတ်တရက် လန့်ဖျပ်ရခြင်းအကြောင်းကို စဉ်းစား ၍မရအောင်ဖြစ်ကြရ၏။ နောက်ဆုံး တွင် နွားများလန့်သည့်နေရာလှည်းလမ်း ကြောင်းသို့ သွားရောက်ကြပြီး စူးစမ်းစစ် ဆေးကြည့်ရှုသောအခါတွင်မှ တစ်ကိုယ် လုံး ဖုန်မှုန့်များဖုံးအုပ်ကာ မျက်လုံးနှစ် လုံးသာပေါ်နေသည့် မောင်ထွန်းမြိုင်ကို သွားတွေ့သဖြင့် သူအား ဆွဲထူကာ မိဘ များထံခေါ်သွားပြီး တိုင်တန်းသဖြင့် ဦးမောင်ဟန်လည်း မောင်ထွန်းမြိုင်ကို ရိုက်နှက်ဆုံးမကာ နောင်ဤသို့မလုပ်ရန် ပြောဆိုလေ၏။

ဤအဖြစ်အပျက်တွင် အတန်ငယ် ဝေဖန်သုံးသပ်ကြည့်ပါ မောင်ထွန်းမြိုင် ၏လုပ်ဆောင်ချက်သည် အလွန်အန္တ ရာယ်ကြီးသည့်လုပ်ဆောင်ချက် ဖြစ်၏။ အကယ်၍သာ နွားများသည် လည်း ကောင်း၊ လှည်းပေါင်းသူသည် လည်း ကောင်း မောင်ထွန်းမြိုင် လှည်းလမ်း တွင်ပက်လက်လှန်အိပ်နေသည်ကို မမြင် မတွေ့ပါက မောင်ထွန်းမြိုင်အား နွား များတက်နင်းမိခြင်း၊ လှည်းတက်ကြိတ် မိခြင်းတို့ ဖြစ်နိုင်ပေသည်။ ထိုအခါ၌ မောင်ထွန်းမြိုင်အဖို့ အသက်အန္တရာယ် ပင်ရှိနိုင်ပါသည်။

သို့သော် မောင်ထွန်းမြိုင်သည် ဘုန်းကံထူးသောပါရမီရှင်ဖြစ်နေသဖြင့် ပုဂ္ဂိုလ်များစောင့်ရှောက်မှုကိုခံရသူဖြစ် နိုင်၏။ ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်များက နွားများကို တစ်နည်းတစ်ဖုံခြောက်လှန့် လိုက်သဖြင့် နွားများသည် တောင်ပြေး မြောက်ပြေးဖြစ်ကာ ထိုမျှအထိဖြစ်ခဲ့ရ ခြင်းမျိုး ဖြစ်ပေမည်။ ပါရမီရှင်အဖို့ကား မည်သည့်အခါတွင်မျှ အချိန်မတိုင်မီ အကာလမရဏဖြစ်ရခြင်းမျိုး မဖြစ်နိုင် ပေ။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် ငယ်ရွယ်စဉ် ကလေးဘဝကတည်းက ပုဂ္ဂိုလ်တို့၏ အကာအကွယ်အစောင့် အရှောက်တို့ကောင်းစွာရရှိထားကြောင်း ဤအဖြစ်အပျက်အား ထောက်ဆပြီး သိရှိနိုင်မည် ဖြစ်ပါသည်။

**အစဉ်အဆက်ခြောက်လာခဲ့သော သရဲပင် လက်မြောက်အရှုံးပေးသွားခြင်း**

မောင်ထွန်းမြိုင် မွေးဖွားခဲ့သော ထန်းသုံးပင်ရွာတွင် ဥမ္မာဒန္တီမင်းသမီး တည်ထားကိုးကွယ်ခဲ့သည့် "မြသိန်းတန်" ဘွဲ့အမည်ရှိသော စေတီတစ်ဆူ ရှိ၏။ ထိုစေတီတော်၏ ဘေးပတ်ပတ်လည် အတော်လှမ်းလှမ်း၌ ဘုန်းကြီးကျောင်း (၅) ကျောင်း တည်ရှိ၏။ ထိုဘုန်းကြီး ကျောင်းများမှာ အရှေ့ကျောင်း အလယ် ကျောင်း၊ ကျောင်းကြီးကျောင်း တို့ကျောင်း၊ အနောက်ကျောင်း ဟူ၍ ဖြစ် ၏။

ထိုဘုန်းတော်ကြီးကျောင်း (၅) ကျောင်းအနက်မှ အနောက်ကျောင်းနှင့် တိုက်ကျောင်းတို့၏အကြားတွင် ဥမ္မာဒန္တီ မင်းသမီး၏ အခြံအရံစေတီ တည်ရှိ၏။ ထိုနေရာတစ်ဝိုက်သည် လူသူအသွားအ လာနည်းပါးလှ၏။ ခဲ့နှစ်ပိတ်ပေါင်းတို့ ကလည်းထူထပ်ပြီး သိပ်သည်းစွာပေါက် ရောက်နေ၏။ သင်္ချိုင်းပါကြီးပင်တို့က လည်း အလင်းဆောင်ကောင်းစွာမရနိုင် အောင်ပင် အုပ်ဆိုင်းလျက်ရှိနေကြ၏။ ထို့ကြောင့် နေခင်းကြောင်တောင်ကဲ့သို့ အချိန်မရွေးမှောင်ထိုးအဆဲသို့ သွားဝံ့သူမရှိ သလောက်ပင် ဖြစ်၏။

ထိုကဲ့သို့သော လူကြိုးများပင် မသွားဝံ့သည့်နေရာမျိုးသို့ မောင်ထွန်း မြိုင်သည် အကြောက်အလန့်မရှိသဲ့ဝင် ရောက်၍ ဆူးစမ်းခြင်း၊ သွားလာခြင်း၊ ဆော့ကစားခြင်းပြုလေ့ရှိ၏။ မောင်ထွန်း မြိုင်သည် ထိုနေရာသို့ သွားလာရာတွင် အခြားကလေးများကို ခေါ်ခေါ်သော် လည်း ခေါ်လိုက်သူတစ်ယောက်မျှ မရှိ သဖြင့် တစ်ယောက်တည်းသွားလာခဲ့ ခြင်း ဖြစ်၏။

ထို့အပြင် ကျောင်းကြီးကျောင်း နှင့် အရှေ့ကျောင်းအကြားတွင် အလွန် ကြီးမားသော မျောက်လုတ်ပင်ကြီး တစ်ပင်ရှိ၏။ ထိုမျောက်လုတ်ပင်၏ ပင်စည်ခြေရင်းတွင် သစ်ပင်းပျဉ်းကြီးများ ဖြစ်ပေါ်နေ၏။ ထိုသစ်ပင်းပျဉ်းကြီးများ သည် မည်မျှအထိကြီးမားပါသနည်းဟူမူ ထိုအထဲသို့ လူတစ်ယောက်ဝင်ပုန်းနေပါ က မမြင်မတွေ့ရနိုင်လောက်အောင်ပင် ကြီးမားလှပါသည်။

အဆိုပါမျောက်လုတ်ပင်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

သရဲအလွန်တရာခြောက်သည်ဟုနာမည်ကြီးလှသည့်အပင်ကြီးဖြစ်၏။ ထို့ကြောင့် ညနေ နေဝင်ချိန် မှောင်ရိပျိုးချိန်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ထိုအပင်ကြီး၏အောက်သို့ လည်းကောင်း၊ အပင်ဘေးပတ်ဝန်းကျင်သို့ လည်းကောင်း အနီးအနားသို့ လည်းကောင်း သွားဝံ့သူဟူ၍မရှိပေ။ တစ်ခါတစ်ရံ မောင်ရိပျိုးချိန်၌ အဆိုပါ မျောက်လုတ်ပင်အောက်သို့ သားစိမ်းငါးစိမ်းများယူဆောင်သွားပါက ထိုအပင်ပေါ်မှသရဲသည် ဆင်းလာပြီး သားစိမ်းငါးစိမ်းများကို လုယူလေ့ရှိသဖြင့်လည်း ပို၍သတင်းကြီးပြီးကြောက်ရွံ့ထိတ်လန့်ကြလေ၏။

ထိုမျောက်လုတ်ပင်သရဲ၏သတင်းကြီး ကျော်ကြားမှုကို မောင်ထွန်းမြိုင်သည် ကြားရဖန်များလာသောအခါ သူ၏စိတ်ထဲတွင် မခံချိမခံသာဖြစ်လာလေတော့၏။ ဒီသရဲက ဘာမို့လဲ ဟူသောစိတ်ကလည်းဖြစ်လာ၏။မောင်ထွန်းမြိုင်၏စိတ်ထဲတွင် 'ဒီသရဲနဲ့ ငါ နှစ်ယောက်တည်းရင်ဆိုင်တွေ့ချင်တယ်။နှစ်ယောက်တည်းတွေ့ကြရင် သင်းဘာလုပ်မှာလဲ၊ ငါသိချင်လိုက်တာ' ဟူသော အတွေးကဲ့တားမနိုင်ဆီးမရဖြစ်ပေါ်လာလေတော့၏။

ထို့ကြောင့်လည်း တစ်ခုသောညနေ နေဝင်ရီတရောအချိန်၌ မောင်ထွန်းမြိုင်သည် မည်သူ့ကိုမျှ အသိမပေးဘဲ တစ်ကိုယ်တည်း တိတ်တဆိတ်ပင် မျောက်လုတ်ပင်ကြီးရှိရာသို့ ထွက်လာခဲ့၏။ မောင်ထွန်းမြိုင် ထိုနေရာသို့ရောက်ရှိချိန်တွင် မှောင်ရီပျိုးစပြုနေပြီ ဖြစ်၏။ ထိုနေရာတစ်ဝိုက်တွင် ညနေအိပ်တန်းတက်ချိန်ဖြစ်၍ ကျေးငှက်သာရကာတို့၏ အော်မြည်သံမှတစ်ပါး ပတ်ဝန်းကျင်တစ်ခုလုံးအား ငြိမ်သက်တိတ်ဆိတ်ခြင်းကသာ မင်းမူနေတော့၏။ မောင်ထွန်းမြိုင် မျောက်လုတ်ပင်ကြီး၏အောက်သို့ရောက်ရှိသောအခါ ပတ်ဝန်းကျင်ဘေးဘီသို့ တစ်ချက်ဝေ့ဝိုက်ကြည့်လိုက်၏။ ဘာမှမတွေ့ရသောအခါ မြောက်လုတ်ပင်ကြီးအပေါ်သို့ မော့ကြည့်လိုက်လေ၏။ ဘာမှမတွေ့ရပေ။ ထို့ကြောင့် မျောက်လုတ်ပင်ကြီး၏သစ်ပါးပျဉ်းများဘေးမှပတ်ပြီး တစ်ပင်လုံးကို အသေအချာကြည့်ပြန်လေ၏။ ဘာမှထူးခြားမှုမဖြစ်မလာပေ။ ထို့နောက် မောင်ထွန်းမြိုင်သည် မချင့်မရဲဖြစ်လာပြီး အဆိုပါမျောက်လုတ်ပင်ကြီးအား တစ်ပတ်ပြီးတစ်ပတ် ပတ်၍ကြည့်လေ၏။ဤသို့ဖြင့် အမှောင်ထုက တစ်စထက်တစ်စ ဖုံးအုပ်လာခဲ့တော့၏။

မောင်ထွန်းမြိုင်လည်း သစ်ပင်ကြီးအား တစ်ပတ်ပြီးတစ်ပတ် လှည့်ပတ်ပြီးကြည့်ရှုဖန်များသဖြင့် ခြေထောက်တို့သည် ညောင်းညာလာတော့၏။ ထို့အခါ သစ်ပင်ပျဉ်းများပေါ်တွင်ထိုင်ပြီး အညောင်းအညာဖြေလိုက်၏။အညောင်းပြေသွားသောအခါ စိတ်ထဲမခံမရပ်နိုင်ဖြစ်လာပြန်သဖြင့် ထပ်ပတ်ပြန်လေ၏။ တဖြည်းဖြည်းနှင့် ညဉ့်သည်နက်သည်ထက်နက်လာ၏။ ထိုနေ့သည် လကွယ်ခါနီး လဆုတ်ရက်ဖြစ်နေသဖြင့် ညဉ့်သည်နက်လာသည်နှင့်အတူ အမှောင်ထုသည်လည်း သိပ်သည်းသည်ထက်သိပ်သည်းလာလေတော့၏။ ထိုသို့အခြေအနေမျိုးဖြစ်ပေါ်လာသော်လည်း မောင်ထွန်းမြိုင်သည် ကြောက်လန့်ရကောင်းမှန်း၊ စိုးရိမ်ထိတ်လန့်ရကောင်းမှန်း စိုးစဉ်းမျှရှိပုံမရချေ။ သူသည် မကြာခဏပင် မျောက်လုတ်ပင်ကြီးပေါ်သို့ မော့ကြည့်မော့ကြည့်လုပ်လေ၏။ သို့သော်လည်း တစ်စုံတစ်ရာမျှ ထူးခြားမှုမရှိသည့်အဆုံးတွင် သည်းမခံနိုင်တော့သဖြင့် မျောက်လုတ်ပင်ကြီးအား မော့ကြည့်ပြီး -

"ဟေ့ကောင် မျောက်လုတ်ပင်သရဲ၊ မင်းဘာကောင်လဲကွ။ သတ္တိရှိရင် ဆင်းခဲ့လေကွာ"

ဟု အော်ဟစ် ကြိမ်းမောင်းကာ စိန်ခေါ်လေတော့၏။

မောင်ထွန်းမြိုင်၏အော်ဟစ်ကြိမ်းမောင်းသံသည် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး၌ ပဲ့တင်ဟိန်းသွားလေတော့၏။ သို့သော်လည်း အဆိုပါနေရာသည် လူနေအိမ်ခြေများနှင့် ဝေးကွာလွန်းသဖြင့် မောင်ထွန်းမြိုင်၏အော်ဟစ်သံကို အခြားသူများကြားနိုင်ရန် ဖြစ်နိုင်ခြေနည်းပါးလွန်းလှ၏။ ထို့နောက် မောင်ထွန်းမြိုင်သည် ထပ်ကာထပ်ကာပင် သရဲအား စိန်ခေါ်နေလေတော့၏။

"ဘယ်လိုလဲ မျောက်လုတ်ပင်သရဲရဲ့။ ခုတော့ ထွက်မလာရဲတော့ဘူးလား။ ငါ့နာမည် ထွန်းမြိုင်လေ။ မင်းနဲ့ ငါနဲ့ တစ်ပွဲတစ်လမ်းတွေ့ကြရအောင်"

ဟု ထပ်မံ အော်ဟစ် စိန်ခေါ်ပြန်လေ၏။

ထိုသို့ အော်ဟစ်ပြောဆိုလိုက်၊ သစ်ပင်ကြီးအားပတ်လိုက်ဖြင့် မောသွားသောအခါ သစ်ပါးပျဉ်းများပေါ်၌ထိုင်ပြီး အမောဖြေလိုက်ပြန်၏။ အမောပြေသွားသောအခါ မောင်ထွန်းမြိုင်သည် မျောက်လုပ်ပင်ကြီးပေါ်သို့ မော့ကြည့်လိုက်ရာ မည်းမည်းအရိပ်သဏ္ဌာန်တစ်ခုကဲ့သို့ မထင်မရှားဝိုးတိုးဝါးတားပေါ်နေသည်ကို တွေ့ရသဖြင့် မောင်ထွန်းမြိုင်သည် အားတက်လာပြီး -

"ဟေ့ကောင်၊ မင်းက မျောက်လုတ်ပင်သရဲလား။ လာလေ၊ ဆင်းခဲ့လေကွာ။ မင်းနဲ့ငါ တစ်ပွဲတစ်လမ်းတွေ့ကြရအောင်"

ဟု ပို၍ တက်တက်ကြွကြွဖြင့် အော်ဟစ်စိန်ခေါ်ပြန်၏။

ထိုအခါ မျောက်လုတ်ပင်ပေါ်မှ ပုံသဏ္ဌာန်သည် တဖြည်းဖြည်းဖြင့် ပို၍ ပီပြင်လာ၏။ ထင်ရှားသည့် ပုံသဏ္ဌာန်မျိုး ပေါ်လွင်လာ၏။ သို့သော် ညဉ့်အမှောင်ထုကလည်း သန်းခေါင်ကျော်လာလေ ပို၍နက်ရှိုင်းလာလေဖြစ်ကာ အမြင်အာရုံမသဲမကွဲဖြစ်နေ၍ အားမလို အားမရဖြစ်လာပြီး -

"ဒီမယ်၊ မင်းက သစ်ပင်ပေါ်ထနေ ဘာလို့ပုံစံအမျိုးမျိုးလုပ်ပြနေရတာလဲ။ ငါကြောက်မယ်မှားထင်နေလား ဝေးသေးတယ်ဟေ့"

ဟု အော်ဟစ်လိုက်ပြီးနောက် သစ်ပင်ပေါ်မှသရဲဟုထင်ရသောအရာသည် ပို၍ ကြောက်မက်ဖွယ်ရာကောင်းသည့်ပုံသွင်မျိုး ဖြစ်လာလေတော့၏။ တဖြည်းဖြည်းနှင့် မောင်ထွန်းမြိုင်နှင့် မျောက်လုတ်ပင်သရဲတို့၏ အခြေအနေကား ညဉ့်နက်လေ ပို၍ပြင်းထန်လာလေဖြစ်တော့၏။ မောင်ထွန်းမြိုင်ကလည်း လုံးဝမလျှော့ဘဲ ပို၍ပင် အသံကျယ်လာကာ-

"အောင်မယ်၊ အောင်မယ်... ဟေ့ကောင် မင်းက အခုတော့ အပင်အောက်ကို ဆင်းမလာရဲဘဲ သစ်ပင်ပေါ်ကနေပြီး ဟိုဟာလုပ်ပြဒီဟာလုပ်ပြလုပ်မနေနဲ့။ အရင်တုန်းကတော့ သားစိမ်းငါးစိမ်းတွေသယ်လာရင် ဟိုဟာဆင်းခဲ့ဒီဟာဆင်းခဲ့နဲ့ အခုတော့ ဘာလို့ဆင်းမလာရဲတာလဲ။ ငါ့ကိုကြောက်လို့မဟုတ်လား"

ဟု အမျိုးမျိုးအော်ဟစ်ကြိမ်းမောင်းကာနေလေတော့၏။

ထိုအချိန်သည် ညဉ့်သန်းခေါင်ကျော်နေပြီ ဖြစ်၏။ ရွာရှိ မောင်ထွန်းမြိုင်၏ မိဘများသည် သူတို့၏သားယခုအချိန်အထိ ပြန်မလာသေးသဖြင့် စိတ်အပူကြီးပူလျက်ရှိကြ၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အိမ်ဘေးပတ်ဝန်းကျင်ရှိလူများကိုအကူ
အညီတောင်းကာ မီးတုတ်များထွန်းညှိ
၍ မောင်ထွန်းမြိုင်သွားလေသွားထရှိ
သောနေရာများသို့ လိုက်လံရှာဖွေကြ
လေ၏။ သို့သော် သွားရောက် ရှာဖွေ
ကြသည့်နေရာတိုင်းတွင် မတွေ့ကြရ
သဖြင့် စိတ်ပူပင်သောကရောက်ကြကာ
ညီအစ်ကို အပူတပြင်း ရှာဖွေကြပြန်၏။

ဤသို့ ရှာဖွေရင်းပင် နံနက်လင်း
အားကြီးအချိန်သို့ ရောက်ရှိသွားကြ
သဖြင့် လက်လျှော့ကာ အိမ်သို့ပြန်လာ
ကြ၏။ မောင်ထွန်းမြိုင်၏ မိဘများနှင့်
ရွာသူရွာသားများသည် အိမ်ရှေ့၌ စိတ်ပျက်
လက်ပျက်ဖြင့် မောပန်းနွမ်းလျကာထိုင်
နေကြ၏။ တစ်ညလုံးလည်းမအိပ်ခဲ့ကြရ
သဖြင့်လည်း ပို၍ပင်ပန်းမှုဒဏ်ကိုခံစား
နေကြရ၏။ထိုသူတို့အထဲတွင် အဆိုးဆုံး
က မောင်ထွန်းမြိုင်၏ဖခင် ဦးမောင်ဟန်
ပင် ဖြစ်၏။ သူသည် သားဖြစ်သူကို
မနေ့ရောအနှံ့ ရှာဖွေခဲ့သော်လည်း မတွေ့
ရသဖြင့် များစွာပင် စိတ်ထိခိုက်ကြေကွဲ
နာကျင်လေတော့၏။ သားဖြစ်သူ မည်သို့
သော ဘေးဆိုးအန္တရာယ်ဆိုးဖြင့်ကြုံတွေ့
ရခြင်းမျိုးများ ဖြစ်နိုင်လေမည်နည်းဟု
တွေးလျှိုလောအမျိုးမျိုးတွေးတောရင်း
ဆင်းတစ်ခုလုံးသည် ချာလည်လည်နေ
သလောတွေ့၏။ ထို့နောက် သားဖျောက်
ရှာဖွေရန်အတွက် မည်သို့လုပ်ဆောင်ရ
မည်ဟူသည်ကို စဉ်းစား၍ပင်မရအောင်
ဖြစ်နေလေတော့၏။

ဤသို့ဖြင့် မိုးစင်စင်လင်းသည့်
အချိန်သို့ ရောက်ရှိလာလေ၏။ ရွာဖွေ
ကြသူအားလုံးသည် မောင်ထွန်းမြိုင်၏
အခြေအနေကိုတွေးပြီး စိတ်မကောင်း
ဖြစ်ကြကာ တစ်ဦးနှင့်တစ်ဦး စကားပင်
ဆိုနိုင်ကြဘဲ တိတ်ဆိတ်လျက်သာရှိ
နေတော့၏။ ထိုအချိန် ဈေးထဲသို့သွား
သူများက ကမန်းကတန်းပြန်လာပြီး
ဦးမောင်ဟန်အား -

"ဦးလေး၊ ဦးလေးစိတ်တော့ခိုင်ခိုင်
သား၊ ကျွန်တော်တို့ ဈေးထဲမှာသတင်း
တစ်ခုကြားခဲ့တယ်။ အဲဒါပြောချင်လို့
ကျွန်တော်တို့ ဈေးထဲကနေချက်ချင်းပြန်
လာခဲ့တာပဲ"

ဟု ဆိုလိုက်ရာ ဦးမောင်ဟန်
သည် သားဖြစ်သူအတွက် ရင်ထဲတွင်
ဒိတ်ခနဲဖြစ်သွားသဖြင့် -

"ဟင် - မင်းတို့က ငါ့ကိုဘာပြော
ချင်တာလဲ၊ ပြောလေပြော၊ ဘာလဲ
သားနဲ့ပတ်သက်တဲ့သတင်းများလား"

"ဟုတ်. . . ဟုတ်ပါတယ်ဦးလေး။
မောင်ထွန်းမြိုင်နဲ့ပတ်သက်တဲ့သတင်းပါ။
ဦးလေးစိတ်ခိုင်ခိုင်ထားနော်"

"အေးပါ၊ ဟုတ်ပါပြီ။ မင်းတို့
ပြောမယ့်ဟာသာ မြန်မြန်ပြောစမ်းပါ။
စိတ်ပူလှတယ်ကွာ"

"ဒီလိုပါ ဦးလေး။ မနက်စောစော
ပိုင်းက ကျွန်တော်တို့ ဈေးထဲသွားပြီး
ဈေးဝယ်မလို့လုပ်နေတုန်း ခရီးသွားတဲ့
လူတွေနဲ့တူပါတယ်။ သူတို့အချင်းချင်း
ပြောနေတာကို နားစွင့်နားဖျားကြား
လိုက်တာနဲ့ သေချာအောင် လူချင်းတွေ့
ပြီးသွားမေးလိုက်တယ်။ သူတို့ပြောတာ
ကတော့ ဘုန်းကြီးကျောင်းတွေနားက
မျောက်လုတ်ပင်ကြီးအောက်မှာ ကလေး
တစ်ယောက်ကို မလှုပ်မယှက်လဲနေတာ
တွေ့ရတယ်လို့ပြောတယ်။တချို့ကလည်း
အဲဒီမျောက်လုတ်ပင်ကြီးမှာ သရဲကြီးရှိ
တယ်။ ဒါကြောင့် ဒီကလေးဟာ သရဲ
ကုပ်ချိုးပြီးသတ်လိုက်လို့သေနေတာဖြစ်
ရမယ်လို့လည်း ပြောကြတယ်။ အဲဒီ
သတင်းကလည်း ဈေးထဲမှာ တော်တော်
ပြန့်နေပုံရတယ်။ အတော်များများက
ပြောဆိုနေကြတာကိုလည်းကြားရတယ်။
ဒီတော့ အဲဒီကလေးဟာ မောင်. . .
ထွန်း. . . မြိုင်. . . များ ဖြစ်နေမလားဆို
ပြီး ဦးလေးကိုလာပြောတာပါ"

ဟု ဆိုသံကြားလိုက်ရသည်နှင့်
ဦးမောင်ဟန်သည် -

"ဟေ - ဟုတ်လား"

ဟုသာ ဆို့လိုက်နိုင်ကာ အချိန်
အနည်းငယ်အကြာ မှင်တက်မိပြီး တိတ်
ဆိတ်သွားခဲ့၏။ ပြီးမှ -

"ဟာ - ဒီလိုဆို တို့တွေ ဘုန်းကြီး
ကျောင်းတွေနားက မျောက်လုတ်ပင်ကြီး
ဆီသွားကြမယ်"

ဟု လောဆော်လိုက်သဖြင့် အား
လုံးလည်း ထိတ်ထိတ်ပျာပျာဖြင့် ထ
လိုက်လာကြလေတော့၏။

ဦးမောင်ဟန်တို့လူစုသည် ဘုန်း
ကြီးကျောင်းများအကြားရှိ မျောက်လုတ်
ပင်ကြီးဆီသို့ ရောက်ရှိသောအခါ
ကလေးငယ်တစ်ယောက်သည် မြောက်
လုပ်ပင်ကြီး၏ သစ်ပင်ပျဉ်းများကိုမှီ၍
ခေါင်းမှာ ဘေးတစ်ဖက်သို့စောင်းကျနေ
ပြီး မလှုပ်မယှက်ဖြစ်နေသည်ကို တွေ့ရ
သဖြင့် အနီးသို့သွားကာ မျက်နှာကို
အသေအချာကြည့်လိုက်သောအခါတွင်
ဦးမောင်ဟန်၏သား မောင်ထွန်းမြိုင်ဖြစ်
နေသည်ကို တွေ့ရသဖြင့် အားလုံးက
တစ်ပြိုင်နက်တည်းဝိုင်း၍ -

"မောင်ထွန်းမြိုင်၊ မောင်ထွန်းမြိုင်"

ဟု အော်ဟစ်ကာ အပြေးအလွှား
သွားရောက်ကြ၏။ အဆိုပါ လူအုပ်ကြီး
၏ တစ်ပြိုင်နက် အော်သံတစ်သံ၊ ခေါ်
ဝေါ်သံများကြောင့် လည်းကောင်း၊
အချို့ကလည်း မောင်ထွန်းမြိုင်၏အနီး
သို့လည်းကောင်း သွားရောက်ကြကာ
ပခုံးကိုလှုပ်၍ခေါ်ကြသဖြင့် များမကြာမီ
ပင် မောင်ထွန်းမြိုင်၏ မျက်လုံးများပွင့်
လာပြီး ဘေးဘီဝဲယာကိုကြည့်ရာ လူများ
စွာကို တွေ့လိုက်ရသဖြင့် ထထိုင်လိုက်
၏။ ထိုအခါ ဘေးမှလူများက -

"ညက မင်းကို မျောက်လုတ်ပင်
သရဲကကုပ်ချိုးလိုက်လို့ဆို"

ဟု မေးမြန်းကြ၏။

ထိုအခါ မောင်ထွန်းမြိုင်က -

"ဘယ်က သရဲက ကျုပ်ကိုကုပ်
ချိုးရမှာလဲ၊ မဟုတ်တရုတ်ဗျာ"

"မသိဘူးလေကွာ၊ ဒီမျောက်လုတ်
ပင်မှာ သရဲကကြမ်းပါဘိသနဲ့။ ဖြတ်သွား
ဖြတ်လာတွေတောင် ဒုက္ခပေးလွန်းလို့
ဒီအပင်အောက်ကို ညဘက်ဆို ဘယ်သူ
မှ ဖြတ်ရဲတာမဟုတ်ဘူး။ မင်းသာ
အကြောက်အလန့်မရှိ ဒီအပင်အောက်
လာပြီး တစ်ညလုံး အိပ်ရတယ်လို့ကွာ"

"ဟာ - ဘယ်က တစ်ညလုံးလာ
အိပ်ရမှာလဲဗျာ။ ဒီမျောက်လုတ်ပင်သရဲ
ကိုလာပြီးစာရင်းရှင်းတာဗျ။ အခုတော့
အားလုံးပြီးသွားပြီ။ နောက်ဆို ဒီမျောက်
လုတ်ပင်တစ်ပိုင်းမှာ ဘာမှဖြစ်မှာမဟုတ်
တော့ဘူး။ အေးအေးဆေးဆေးသွားလာ
လို့ရပြီ"

ဟု ပြောလိုက်သဖြင့် ကြားရသူ
အပေါင်းသည် မယုံတစ်ဝက်ယုံတစ်ဝက်
ဖြင့် မောင်ထွန်းမြိုင်အား အသေအချာ
စိုက်ကြည့်ကြလေ၏။

❑

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီး
နောက်ပိုင်းတွင် အဆိုပါ မျောက်လုတ်
ပင်သရဲသည် ထို့နေရာ၌ ရှိပုံမရတော့
ပေ။ အဘယ်ကြောင့်ဆိုသော် ယခင်က
ခြောက်လှန့်နေကျ ဆွဲလားလုလားယက်
လားပြုနေကျသရဲသည် ယခုအခါ သူ
အပင်အောက်သို့ သားစိမ်းငါးစိမ်းများ
ယူဆောင်သွားလျှင်ပင် လုခြင်း၊ ဆွဲခြင်း
မျိုး လုံးဝမရှိတော့ဘဲ ပကတိတိတ်ဆိတ်
ငြိမ်သက်လျက်သာရှိနေပါတော့သည်။

(ရှေ့လဆက်ရန်)

ပထမဆောဥဦးအေးဒွေ



www.burmeseclassic.com

www.burmeseclassic.com

နေဝင်တော့မည်။ စားသောက်သူများလည်း ပြန်ကုန်ကြပြီ။ တောင့်ပေါ်မြို့ကလေးဖြစ်သဖြင့် နေဝင်စောပြီး တဖြည်းဖြည်းနှင့်မှောင်လာတော့မည်။ ဆိုင်မှချက်ပြုတ်စားသောက်ထားသော အိုးခွက်ပန်းကန်များကို ဆေးကြောသန့်စင်ရန် ခြင်းကြားကြီး (၂) လုံးတွင်ထည့်၍ တူးဂျာနှင့် အိုက်ထွန်းတို့ ထမ်းပိုးတစ်ချောင်းတွင်လျှိုပြီး တစ်ဖက်စီထမ်းလိုက်ကြသည်။ ဆပ်ပြာရည်ဘူး၊ မီးအိမ်နှင့် အခြားတိုလီမုတ်စတို့ကို ရေပုံးကြီးတစ်ပုံးတွင်ထည့်ပြီး ဖိုးဆောင်းကဆွဲသည်။ သူငယ်ချင်း (၃) ယောက်သည် စားသောက်ဆိုင်မှ ချောင်းရှိရာသို့လာခဲ့ကြသည်။

တူးဂျာတို့ ကားမိုင်းမြို့ကလေးမှာ မြစ်ကြီးနားနှင့် ဖားကန့် (ကျောက်စိမ်းတွင်း) သွား ကားလမ်းမကြီးတွင်ရှိပြီး သာယာအေးချမ်းသော မြို့ကလေးဖြစ်၏။ ဖားကန့်သို့သွားသော ကားများ ရပ်နားစခန်းချသဖြင့် စားသောက်ဆိုင်များ အစိအရိရှိပြီး အရောင်းအဝယ် ကောင်းကြသည်။ တူးဂျာ၊ အိုက်ထွန်းနှင့် ဖိုးဆောင်းတို့ သူငယ်ချင်း (၃) ယောက်သည် 'မိတ်ဆွေရင်း' ဟု အမည်ပေးထားသော စားသောက်ဆိုင်တွင် အလုပ်လုပ်ကြသည်။ (၃) ယောက်စလုံး အသက် (၂၀) ကျော်အရွယ်များဖြစ်ပြီး တိုင်းရင်းသားလေးများပီပီ သန်မာထွားကျိုင်းကြသည်။

နေ့စဉ် ညနေစောင်းတိုင်း အိုးခွက်ပန်းကန်များကို ချောင်းတွင် ဆေးကြောသည့်အလုပ်ကို တူးဂျာတို့လုပ်ကြရသည်။ ကားမိုင်းမြို့လေးကို တောင်စဉ့်အထပ်ထပ်ဝိုင်းရံနေပြီး မြို့အနောက်ဘက်တွင် နန့်ယင်းချောင်းက ခွေပတ်စီးဆင်းလာကာ နန့်ကောင်းချောင်းနှင့် ဆုံစည်းရာနေရာလည်းဖြစ်သည်။ချောင်းရေများသည် ကြည်လင်စိမ်းမြနေပြီး ရေအောက်ကို ထိုးဖောက်မြင်နေရသည်။ ကားမိုင်းတစ်မြို့လုံးက ချောင်းရေကို ချိုးရေ၊ သုံးရေအဖြစ် အသုံးပြုကြ၏။ ချောင်းတစ်ဖက်ကမ်းတွင် နေကြာစိုက်ခင်း၊ ဖရဲစိုက်ခင်း၊ မုန်ညင်းစိုက်ခင်းများ လှပစွာရှိနေသည်။ မြို့ဘက်ချောင်းကမ်းနံဘေးတွင် သဘာဝပေါက်နေသော နှင်းဆီရိုင်းချုံကြီးများ၊ တောစပ်ပန်းရုံများ၊ ဆီးချုံများနှင့် တောပန်းတောင်ပန်းတို့သည် စိမ်းညို့စွာရှိနေကြသည်။ နေကြာရိုင်းအပွင့်များကလည်း ချောင်းကိုသွားသည့်လမ်းတစ်လျှောက် အပြိုင်းအရိုင်းပွင့်နေကြသည်။

သာယာလှပသည့် ချောင်း (၂) ချောင်းဆုံစည်းရာ ရေဆိပ်တွင် တူးဂျာတို့ ဆေးကြောသန့်စင်ပြီး ရေမိုးချိုးလေ့ရှိ၏။ ချောင်းနံဘေးတွင် တစ်ဖက်ယပ်တဲလေးထိုးထားပြီး မီးဖို၍ ရေနွေးအိုးကြီးကျိုသည်။ အေးမြသောဒေသဖြစ်သောကြောင့် အိုးခွက်ပန်းကန်များကို ရေနွေးဖြင့်ဆေးကြောမှ ခဲနေသောအဆီများ ပြောင်စင်သန့်ရှင်းသည်။ ရေနွေးကျိုရင်း ဆိုင်မှယူလာသော ဆတ်သားခြောက်များ၊ ငါးခြောက်နှင့် ဝက်ပေါင်ခြောက်များကို မီးကင်မီးဖုတ်ပြီး ခေါင်ရည်ဖြင့်မြည်းကြသည်။ သူငယ်ချင်း (၃)ယောက် တက်ညီလက်ညီစည်းစည်းလုံးလုံးလုပ်ကိုင်ကြသည်။

ယနေ့ တူးဂျာတို့ ချောင်းနံဘေးအရောက် သူတို့စခန်းချလေ့ရှိသော တစ်ဖက်ယပ်တဲလေးနှင့် မလှမ်းမကမ်း ကမ်းပါးပေါ်တွင် ယောကျ်ားကြီးတစ်ယောက် ငုတ်တုတ်ထိုင်ပြီးငေးနေ၏။ နေဝင်ခါနီလည်းဖြစ်၊ မြူနှင်းတွေလည်း ကျနေ၍ သဲသဲကွဲကွဲကြီး မမြင်ရသော်လည်း လူလတ်ပိုင်းအရွယ်ဖြစ်ပုံ ခေါင်းတုံးကြီးနှင့်ဖြစ်၏။

တူးဂျာတို့လည်း လူမမြင်အောင် မီးမွှေးပြီး အိုးကြီးတစ်လုံးဖြင့် ရေနွေးကျိုကြသည်။ မီးအရှိန်ရလာသောအခါ ပါလာသော ဆတ်သားခြောက်အမြှောင်းများကို ပြာပူထဲသို့

www.burmeseclassic.com

www.burmeseclassic.com

ထွင်းထားလိုက်သည်။ ခေါင်းတုံးကြီးသူသည် တူးဂျာတို့ကို လှည့်မကြည့်သာ မလှုပ်မယှက် ငေးမောနေသည်။ ဆင်းသားခြောက်ဖုတ်မှရရန်များမွှေးကြိုင်သောအခါ ပြာပူအောက်မှထုတ်ပြီး ယူလောင်လောင်ဖြင့် ဖဲ့စားကြသည်။ ဆာသောခေါင်ရည်ဖြင့် မြည်းကြသည်။ ဆတ်သားဖုတ်ရန်ရသောအခါ ခေါင်းတုံးနှင့်လူသည် တူးဂျာတို့ဘက်သို့ကြည့်လာ၏။

အိုက်ထွန်းက -

"ဟိုခေါင်းတုံးတော့ ဆတ်သားခြောက်ဖုတ်နဲ့ရလို့ တို့ဘက်ကိုကြည့်နေပြီ။ စားချင်တယ်ထင်တယ်"

"ခေါ်လိုက်ပါလားကွ။ ဆတ်သားခြောက်တွေလည်းအများကြီးပဲ"

"ငါခေါ်ကြည့်မယ်၊ လာတော့လည်းကျွေးပေါ့"

ဖိုးဆောင်းသည် ခေါင်းတုံးကြီးနှင့် လူအား -

"ဦးလေး၊ ဆတ်သားခြောက်ဖုတ်လာစားပါဦး"

ဟု လှမ်းခေါ်လိုက်သည်။

စကားဆုံးသည်နှင့် ခေါင်းတုံးနှင့်လူသည် ဆတ်ခနဲထကာ မီးဖိုဘေးသို့ရောက်လာပြီး ငုတ်တုတ်ထိုင်လိုက်သည်။ အိုက်ထွန်းက ဆတ်သားခြောက်ဖုတ်တစ်မြှောင်းပေးလိုက်ရာ ပူပူလောင်လောင်ကြီးကို နှစ်ကိုက်လောက်ဖြင့်စားပစ်လိုက်သည်။ တူးဂျာက ခေါင်ရည်တစ်ခွက်ကိုလှမ်းပေးလိုက်ရာ တစ်ကျိုက်တည်းမော့လိုက်၏။

တူးဂျာသည် ရယ်မောရင်း -

"ဟ - ဦးလေးကလည်း ကြိုက်တတ်ပါလား။ သောက် ဦးလေး၊ ကျွန်တော်တို့ မိတ်ဆွေဖြစ်ပေါ့ဗျာ"

ခေါင်းတုံးကြီးသည် လည်ချောင်းသံကြီးဖြင့် -

"အင်း ဝင်း ဟင်း ဟင်း"

အင်းလိုလို၊ ဝင်းလိုလိုမြည်းလိုက်သည်။

"ကျွန်တော်တို့ ညနေတိုင်းလာကြတယ်။ ဦးလေးစောင့်နေနော"

စားသောက်ပြီး အိုးခွက်ပန်းကန်ခွက်ယောက်များကို ရေနွေး၊ ဆပ်ပြာရည်တို့ဖြင့် ဆေးကြောကြလေသည်။ ခေါင်းတုံးကြီးသည် သူတို့လုပ်ပုံကို ငေါင်းစင်းစင်းဖြင့်ကြည့်နေ၏။ ခေါင်းတုံးကြီးသည် ဘာအရောင်မှန်းမသိသော ဘောင်းဘီဒူးဖုံးနှင့် ဟောင်းနွမ်းစုတ်ပြတ်နေသော အရောင်အဆင်းမရှိသည့် တီရှပ်ကို ဝတ်ထားသည်။ ဖိနပ်လည်း မစီးဘဲ ကြည့်ရသည်မှာ လူမမာလိုလို၊ ထောင်ထွက်လိုလိုဖြစ်နေ၏။ အိုက်ထွန်း





www.burmeseclassic.com

www.burmeseclassic.com

တို့လည်း မီးဖိုလေးကို မီးခြစ်မြားသတ်ပြီး ခေါင်းတုံးကြီးကို နှုတ်ဆက်၍ ပြန်ခဲ့ကြသည်။

နောက်ရက်များတွင် စားသောက်ပြီးဆေးကြောကြသောအခါ ခေါင်းတုံးကြီးသည် ငိုက်စိုက်ငိုက်စိုက်ဖြင့် ဆင်းလိုက်လာကာ ဝိုင်းဂူဆေးကြောလေ၏။ တူးဂျာတို့နှင့်လည်း တဖြည်းဖြည်း ပိုရင်းနှီးလာကြသည်။ တူးဂျာတို့ ရေချိုး၊ ရေကူးပါက သူလည်း ရေထဲဆင်းလာ၏။ စကားတော့ လုံးဝမပြော။

"သူအနေတာက့၊ စကားမပြောတတ်ဘူး။ ဦးနှောက်လည်းကောင်းရဲ့လားမသိဘူး။ ပြူးကြောင်ကြောင် ငေါင်စင်းစင်းနဲ့"

"သူ့ကိုယ်ကလည်း အနံ့တစ်မျိုးကြီးက့၊ စိမ်းရွှေရွှေနဲ့။ တို့နဲ့တွေ့ကတည်းက အဝတ်ကလည်းမလဲသေးဘူး"

"အသားအရောကလည်း ဖြူရော်ရော်နဲ့ သွေးမရှိသလိုဘဲနော်"

"ဘာပဲဖြစ်ဖြစ် သနားပါတယ်။ ဘယ်မှာအိပ်ပါလိမ့်။ နောက်နေ့မှ အဝတ်အစားယူလာပေးရအောင်"

ဒီလိုဖြင့် တူးဂျာတို့နှင့် ခေါင်းတုံးကြီး မိတ်ဆွေဖြစ်လာကြ၏။ နေဝင်ရီတရောတွင် ခေါင်းတုံးကြီးက တူးဂျာတို့ကို ငုတ်တုတ်ထိုင်စောင့်နေတတ်သည်။ တူးဂျာတို့ကလည်း ဆိုင်မှပို့လျှံသော ခေါက်ဆွဲ၊ ထမင်း၊ ဟင်းများ ယူလာပေးကြ၏။ ခေါင်ရည်လည်း အမြဲပါသည်။ တူးဂျာတို့ (၃) ယောက်သည် မိတ်ဆွေခေါင်းတုံးကြီးအတွက် တီရှပ်လက်ရှည် (၂) ထည်နှင့် ဂျင်းဘောင်းဘီ (၂) ထည် ယူလာကြသည်။ သူတို့မိတ်ဆွေကြီး၏ အဝတ်များကို စိမ်းရွှေရွှေဖြင့်ပုပ်ဟောင်နံစော်နေပြီ။ ထုံးစံအတိုင်း စားသောက်ဆေးကြောပြီးသောအခါ ရေချိုးကြသည်။

"ဦးလေးကြီး၊ ကျွန်တော်တို့နဲ့ ရေကူးပြီင်မလား။ ဦးလေးနိုင်ရင် အဝတ် (၂) စုံနဲ့ ခေါင်ရည် (၂) ပုလင်းရမယ်။ ဦးလေးရှုံးရင် (၃) ရက် တစ်ယောက်တည်း ပန်းကန်ဆေးရမယ်"

မိတ်ဆွေခေါင်းတုံးကြီးက လည်ချောင်းသံကြီးဖြင့် 'ဂင်း ဟင်း ဟင်း' ဟု စိန်ခေါ်ခြင်းကို လက်ခံလိုက်သည်။

တူးဂျာတို့ (၃) ဦးနှင့် ခေါင်းတုံးကြီးသည် ချောင်းကို ကန်လန့်ဖြတ် (၃) ကြိမ်ပြိုင်ကူးကြသည်။ (၃) ကြိမ်စလုံး ခေါင်းတုံးကြီးနိုင်၏။ သန်မာထွားကျိုင်းပြီး ရေကူးကျင်လည်သူတူးဂျာတို့ဘယ်လိုကူးကူး ခေါင်းတုံးကြီးကိုမမီ။ခေါင်းတုံးကြီးသည် ရေပေါ် တွင်တလွှားလွှားဖြင့် တရိပ်ရိပ်ကူးနိုင်၏။ တူးဂျာတို့အံ့သြစွာဖြင့် ခေါင်းတုံးကြီးကို ခီးကျူးဂုဏ်ပြုကြသည်။

ကမ်းစပ်တွင် တူးဂျာတို့ (၃) ဦး မောပန်းပြီး ပက်လက်လှန်နေစဉ် ခေါင်းတုံးကြီးက ဘေးတွင်ဒူးနှစ်လုံးထောင်ပြီး ငုတ်တုတ်ထိုင်နေ၏။ ယနေ့ လူကလည်း ရှင်းလှသည်။ နေဝင်လထွက် နေဝင်ရိုးရီအချိန်အတွင် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်ပြီး တစ်ဦးကိုတစ်ဦး ထင်ထင်ရှားရှားကြီး မြင်တွေ့နေရသည်။

"ကဲ - ငါတို့ကတိအတိုင်း ဦးလေးကြီးကို အဝတ် (၂) စုံနဲ့ ခေါင်ရည် (၂) ပုလင်းပေးလိုက်ရအောင်။ အကျီနဲ့ ဘောင်းဘီကို ချက်ချင်းလဲဝတ်ရမယ်"

ခေါင်းတုံးကြီးသည် -

"အင်း ဂင်း ဟင်း ဟင်း"

ဟု အသံပြုပြီး ထရပ်ကာ တီရှပ်အဖောင်းကြီးကို လက်နှစ်ဖက်မြှောက်ပြီး ချွတ်လိုက်သည်။ ခေါင်းတုံးကြီးကို ကြည့်နေကြသော တူးဂျာတို့သည် မြင်လိုက်ရသော မြင်ကွင်းကြောင့် ဆတ်ခနဲ ခုန်ထလိုက်ကြသည်။

"ဘုရား၊ ဘုရား ရင်ဘတ်မှာ အပေါက်ကြီးနဲ့ပါလား"

ခေါင်းတုံးကြီးရင်ဘတ်တွင် ထမင်းစားပန်းကန်ပြားအရွယ်ရှိ အပေါက်ကြီးရှိပြီး ကိုယ်ထဲမှ ကလီစာအပိုင်းအစများ အရိုအချွဲများသည် အပေါက်ဝတွင်တွဲလိုတွဲလောင်းကျနေသည်ကို တွေ့လိုက်ရသော တူးဂျာတို့ (၃) ဦး အံ့သြထိတ်လန့်သွားကြသည်။ ခေါင်းတုံးကြီးသည် ချွတ်ပြီးအကျီကို ဘေးသို့ပစ်ချပြီး တူးဂျာကို လှမ်းဆွဲလိုက်သည်။ ဖိုးဆောင်းက တော့ -

"အမေရေ့ သရဲကြီး၊ သရဲကြီး"

ဟု အော်ဟစ်ပြီး ကမ်းပါးပေါ် တက်၍ မြို့ဘက်သို့ပြေးတော့၏။

ခေါင်းတုံးကြီးဖမ်းဆွဲလိုက်သော တူးဂျာသည် ခေါင်းတုံးကြီး၏မျက်နှာကို လက်သီးတစ်လုံး ပစ်သွင်းလိုက်ပြီး နောက်သို့ ခုန်ဆုတ်လိုက်သည်။ မျက်နှာကို လက်သီးကထိသွားသော်လည်း ခေါင်းတုံးကြီးက ဘယ်လိုမှမနေဘဲ တူးဂျာအပေါ် ခုန်အုပ်လိုက်၏။ တူးဂျာသည် လက်သီးဖြင့် ထိုး၏။ ခြေဖြင့်ကန်၏။ ခေါင်းဖြင့်တိုက်၏။ ထိချက်များ ပြင်းသော်လည်း ရေစိမ်ထားသော ငါးပုပ်ကြီး၏အသားလို ပျော့စိစိ၊ ချွဲတဲတဲ၊ ချော်တော်တော်ဖြစ်နေ၍ ထိရောက်မှုမရှိလှပါ။ အေးဒဂုရှိနေသော ခေါင်းတုံးကြီး၏ခေါင်းကို အားကုန်ရိုက်ချလိုက်၏။ ဖြောင်းခနဲမြည်သွားသော်လည်း ခေါင်းတုံးကြီးကဆတ်ခနဲလှည့်ကာ အိုက်ထွန်းကို ဖမ်းချုပ်လိုက်သည်။

မြို့ဘက်သို့ ပြေးလာသော ဖိုးဆောင်းသည် သူငယ်ချင်းနှစ်ဦးပါ မလာမှန်းသိသောအခါ ချောင်းဘက်သို့ ပြန်လှည့်ပြေးပြီး ကမ်းပါးပေါ်မှကြည့်လိုက်ရာ ချောင်းစပ်တွင် လုံးထွေးသတ်ပုတ်နေကြသော တူးဂျာ၊ အိုက်ထွန်းနှင့် ခေါင်းတုံးကြီးကို တွေ့လိုက်ရ၏။ ဖိုးဆောင်းသည် ကမ်းပါးပေါ်မှ ခုန်ချလိုက်ပြီး ခြင်းကြားကြီးဘေးမှ ထမ်းပိုးကို ကောက်ယူကာ သတ်ကွင်းသို့ ပြေးဝင်လိုက်သည်။

သူတို့ (၃) ဦး ခေါင်းတုံးကြီးကို ဘယ်လိုနည်းနှင့်မှ မနိုင်အောင်ဖြစ်နေ၏။ သန်မာထွားကျိုင်းသော (၃) ဦးစလုံး ချွေးစက်စက်ကျ၍မောပန်းတုန်လှုပ်လာကြသည်။ အိုက်ထွန်းနှင့် ခေါင်းတုံးကြီး ထိုးကြိတ်နေစဉ် တူးဂျာသည် အတွေးတစ်ခုဝင်လာပြီး ဖိုးဆောင်းအား လက်မနှင့် လက်ညှိုးကို ဝိုင်းပြပြီး ထမ်းပိုးကို ထိုးပြလိုက်သည်။ ဖိုးဆောင်းကလည်း ချက်ချင်းသဘောပေါက်ကာ ခေါင်းတုံးကြီး၏ကျောဘက်သို့ ဖျတ်ခနဲဝင်လိုက်ပြီး ကိုင်ထားသောထမ်းပိုးကို ခေါင်းတုံးကြီး၏ကျောပေါက်ကြီးထဲထိုးသွင်းလိုက်သည်။ ရင်ဘတ်အပေါက်ကြီးမှထွက်လာသောထမ်းပိုးကို တူးဂျာက သွက်လက်စွာ ဖမ်းဆုပ်လိုက်ပြီး (၂) ယောက်သား ထမ်းပိုးကိုဆွဲမ၍ ရေစပ်သို့ ခေါင်းတုံးကြီးကို တရွတ်တိုက်ဆွဲသွားကြပြီး 'ကျား' ဟု မာန်သွင်းကာ ချောင်းထဲသို့ လွှဲပစ်လိုက်ကြသည်။

ခေါင်းတုံးကြီးထံမှ 'အင်းဂင်းဟင်း ဟင်း' ဆိုသောလည်ချောင်းသံကြီးထွက်လာပြီး ချောင်းထဲသို့ ဝုန်းခနဲကျကာ ရေစီးဖြင့် တရွေ့ရွေ့မျောပါသွားတော့သည်။

တူးဂျာတို့၏ မိတ်ဆွေ ခေါင်းတုံးကြီးသည် တောတွင်းတိုက်ပွဲတွင် လက်နက်ကြီးထိမှန်၍သေပြီး နန့်ကောင်းချောင်းအတိုင်းမျောပါလာကာ ကားမိုင်းရေဆိပ်၌ သောင်တင်နေသော ရေမျောကမ်းတင်နာနာဘာဝကြီးမှန်း တူးဂျာတို့မသိကြပါ။

ဒဂုံခွဲခြံအေး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဒုတိယကမ္ဘာ[illegible]ကာလတွင် မွေးဖွားခဲ့ပြီး ဒုတိယ[illegible]စစ်ကြီးအတွင်း လူလားမြောက်ခဲ့ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး[illegible]အလယ်တန်းကျောင်းသား[illegible]ဖြစ်သည်သာမက ကျွန်တော်တို့မြို့ မြို့စောင့်ဂျပန်တပ်မှ တာဝန်ရှိသူ[illegible]အာရှလူငယ်အသင်းမှဦးစီးတည်[illegible]သော အာရှကင်းထောက်လူငယ်[illegible]အသင်းဝင်တစ်ဦးလည်း ဖြစ်ခဲ့ပါသည်။ [illegible]ခေတ်အတွင်းစစ်ဘေးဒုက္ခသာမက [illegible]နေဒုက္ခအမျိုးမျိုးလည်း ကြုံတွေ့ခဲ့[illegible]ထိုအတွေ့အကြုံများကို သူရဇ[illegible]နှင့် သိဒ္ဓိမိုးမဂ္ဂဇင်းကြီးများတွင် [illegible]အားလျော်စွာ နေသား ဖော်ပြခဲ့ပြီး[illegible]ပါသည်။

ယခု နေသား ဖော်ပြမည့် [illegible]ကြောင်းအရာမှာ ဂျပန်တို့ မြန်မာနိုင်ငံ[illegible]အား သုံးနှစ်သုံးမိုးစိုးမိုးအုပ်ချုပ်နေစဉ် [illegible]နှစ်စဉ်ဘက်နယ်ဘက်အရာရှိကြီးများ[illegible]နှင့် ဂျပန်အမျိုးသားများပိုင်ဆိုင်သော [illegible]ကြီးများမှတာဝန်ရှိသူများပူးပေါင်း[illegible]ထောင်သော (Nippon Burma Timber Union) ဂျပန်-မြန်မာသစ်လုပ်[illegible]အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း[illegible]ကြောင်း ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသောသစ်ဟု အများက အသိအမှတ်ပြုသော ကျွန်းသစ်ထွက်ရှိခြင်းကြောင့် လူသိများ၏။ ကျွန်းသစ်၏ သိပ္ပံအမည်မှာ တက်တို နာဂရန်ဒစ် ဖြစ်သည်။ ကျွန်းသစ်သည် မို့မတက်၊ ခြစားခြင်းမရှိဘဲ ခိုင်ခံ့သောကြောင့် ထင်ရှားသည်။ ရေ၌စိမ်ထားသည်ဖြစ်စေ ဆွေးမြည့်ခြင်းလည်းမရှိ။ အသုံးချရာတွင်လည်း အလွန်လေးသော ဝန်ကိုထမ်းရမည့်အိမ်တိုင်၊ လူများနှင့် ယာဉ်များ ဖြတ်သန်း သွားလာရမည့် တံတားများ၊ အိမ်တွင်းသုံးပရိဘောဂများ အဖြစ် အသုံးချကြသည်။ ထို့အတူ ရာသီဥတုဒဏ်ကိုလည်း အခြားသစ်များထက် ခံနိုင်ရည်ရှိ၏။ မီးရထားဇလီဖားတုံးများအဖြစ် အသုံးပြုရာတွင်လည်း နှစ်နှစ်ဆယ်၊ သုံးဆယ်ခံနိုင်သည်ဟုဆိုသည်။

သံမဏိသဘော်များတည်ဆောက်နိုင်ခြင်းမရှိမီကမူ သဘော်များကို ကျွန်းသစ်ဖြင့် တည်ဆောက်ခြင်းသည် ဝက်သစ်ချသားနှင့် တည်ဆောက်ခြင်းထက်ခိုင်သည်ဟု သိရ၏။ မြန်မာနိုင်ငံတွင် မည်သည့်နှစ်မှစ၍ ပင်လယ်ကူးလှေကြီးများဆောက်လုပ်သည်ဟု တိတိကျကျမသိရသော်လည်း ၁၈ ရာစုနှစ်ကမူ အာရပ်ကုန်သည်များ တနင်္သာရီကမ်းရိုးတန်း၌ ပင်လယ်ကူးလှေကြီးများ တည်ဆောက်ခဲ့ကြောင်းကို မှတ်တမ်းများက ဖော်ပြခဲ့ပါသည်။ ထို့အတူ အထက်ဖော်ပြပါ ၁၈ ရာစုနှစ်ခန့်ကပင် မြို့မြို့ဆိပ်ကမ်းသို့ ပေါ်တူဂီ၊ ပြင်သစ်နှင့် အင်္ဂလိပ်ကုန်တင်သင်္ဘောများ ၁၄ ရောက်ဆိုက်ကပ်၍ ပြင်ဆင်လေ့ရှိသည်ဟူသောအကြောင်းတို့ကိုလည်း မှတ်တမ်းများက ဖော်ပြခဲ့သည်။

ကျွန်းသစ်အား မွှေဘုရင်ပိုင်သည့် အစဉ်အလာကို အလောင်းမင်းတရားကြီးလက်ထက် ခရစ်နှစ် ၁၇၅၂ခုနှစ်က စတင်သည်ဟု မှတ်တမ်းများအရ သိရ၏။ အလောင်းမင်းတရားကြီးနန်းတက်သည်နှစ်၌ပင်လျှင် အမိန့်တော်တစ်ရပ် ထုတ်ဆင့်၍ ဘုရင်ပိုင်သစ်တု ကျွန်းသစ်ကို သတ်မှတ်ခဲ့သည်။ ထိုခေတ်ကာလက ထုတ်ယူသောသစ်လုံးများအား 'တော်' တံဆိပ်ရိုက်နှိပ်သည်ဟုဆိုသည်။

ရေတပ်မတော်ကြီးတည်ဆောက်ရန် ကျွန်းသစ်ကို ပို၍ လိုအပ်လာသော ဗြိတိသျှနယ်ချဲ့တို့သည် နာမည်ကျော်သည့် မြန်မာကျွန်းသစ်ကို ရယူသုံးနှုန်းနှင့် အသုံးချရန် ကြံစည်လာခဲ့ကြသည်။ အမှန်အားဖြင့် ကျွန်းသစ်ကဲ့သို့ ခိုင်ခံ့သောသစ်သားများသည် တမ္ဘာပေါ်တွင် အနှံ့အပြားရှိသည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံတွင်ပင် လူသိများသော ပျဉ်းကတိး၊ ပိတောက်၊ သစ်ရာ အင်ကြင်းတို့သည် ကျွန်းသစ်ကဲ့သို့ ခိုင်ခံ့ပါ၏။ သို့သော် လူအများကမူ ကျွန်းသစ်ကိုသာ မက်မောကြသည်။ သို့ဖြစ်၍ ဗြိတိသျှနယ်ချဲ့သမားသည် အကြောင်းအမျိုးမျိုးပြု၍ စစ်သုံးကြိမ်တိုက်၍ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့၏။ ထိုသို့ကျူးကျော်စစ်ဖြစ်ခြင်း၏ အဓိကအကြောင်းမှာ ကျွန်းသစ်ကြောင့်ဖြစ်ရာတိုင်းပြည်ထီးတဆိုးဧည့်ပေါက်ကျွန်ဖြစ်ရ

# ဂျပန်ခေတ် ဂျပန်-မြန်မာသစ်ထုတ်ဂေးအဖွဲ့ လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ ကျွန်းသစ်ကြောင့် ဟုဆိုနိုင်ပါသည်။

ကိုလိုနီခေတ်က ကြီးငါးကြီးသစ်ကုမ္ပဏီများဟု အရပ်သူအရပ်သားများကင်ပွန်းတပ်ခဲ့သော တီဒီဖင်လေနှင့် သားများလိမိတက်သစ်ကုမ္ပဏီ၊ ဘုံဘေဘားမားကော်ပိုရေးရှင်းလိမိတက်သစ်ကုမ္ပဏီ၊ စတီးဘရားသားသစ်ကုမ္ပဏီ၊ မဂ္ဂရီကာအင်ကုမ္ပဏီနှင့်ဖူကားအင်ကုမ္ပဏီလိမိတက် သစ်ထုတ်လုပ်ရေးကုမ္ပဏီကြီးများသည် မြန်မာသစ်လုပ်ငန်းကို နှစ်ရှည်စာချုပ်များဖြင့် လက်ဝါးကြီးအုပ်ထိန်းချုပ်လုပ်ကိုင်၍ ကျွန်းသစ်တောများကို ပြုတ်ပြုတ်ပြုန်းအောင်ထုတ်ယူခဲ့ကြသည်။ ထိုကုမ္ပဏီကြီးများသည် မြန်မာကျွန်းသစ်ရောင်းချခြင်းဖြင့် အမြတ်ငွေစိုစိုပြိုပြိုရရှိခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်မီးတောက်လောင်လာခဲ့ပြီး အရှေ့တောင်အာရှသို့ ကူးစက်လာခဲ့သည်နှင့် ဖက်ဆစ်ဂျပန်တို့သည် ဗြိတိသျှနှင့် မဟာမိတ်တို့ မျှော်လင့်ထားသည်ထက်စောစွာ မြန်မာနိုင်ငံကိုထိုးစစ်ဆင်သိမ်းယူခဲ့ရာ အထက်ဖော်ပြပါ သစ်ကုမ္ပဏီကြီးများသည် ဂျပန်စစ်ပြေးအစိုးရနှင့်အတူ အိန္ဒိယနိုင်ငံ ဆင်းမလာမြို့တွင် ခုံးများအခြေစိုက်တည်ဆောင်ခဲ့ကြပြီး မြန်မာနိုင်ငံ ပြန်လည် သိမ်းပိုက်ခဲ့သောအခါ ဆောင်ရွက်မည့် သစ်ထုတ်လုပ်ရေးစီမံကိန်းများ ချမှတ်ခဲ့သည်ဟု သိရ၏။

ဒုတိယကမ္ဘာစစ်ကြီး ဥရောပတိုက်တွင် သဲသဲမဲမဲ တိုက်ခိုက်နေစဉ် ဂျပန်သည် မြန်မာနိုင်ငံအား ရုတ်တရက် တိုက်ခိုက်မည်မဟုတ်ဟု ဗြိတိသျှအစိုးရက မှတ်ယူထား၏။ ထိုစဉ်က မြန်မာနိုင်ငံကာကွယ်ရေးမှာ စင်ကာပူခံတပ်ကြီးအပေါ်တွင် မှီခိုနေရသည်။ မြန်မာနိုင်ငံတွင် တပ်မကြီးနှစ်တပ်သာရှိ၏။ လက်တွေ့အခြေအနေတွင် ထိုတပ်မကြီးနှစ်တပ်မှာ တိုက်ရည်ခိုက်ရည်ချို့ယွင်းလျက်ရှိနေ၏။ လက်နက်များမှာလည်း ဟောင်းနွမ်းနေပြီး အလေ့အကျင့်မှာလည်း အရေးပေါ်လေ့ကျင့်ထားရုံမျှသာရှိ၏။ ဤကဲ့သို့သော အခြေအနေတွင် ဂျပန်သည် ရုတ်တရက်ဝင်ရောက်တိုက် ခိုက်ခဲ့သည်။ ထိုစဉ်က ဗြိတိသျှတို့အဖို့ မြန်မာနိုင်ငံအား ကာကွယ်ရန် လေတပ်အင်အားသည်လည်း မလုံမလောက်ဖြစ်နေသည်။

ဂျပန်တို့၏စစ်ဆင်နည်းမှာ စစ်ဦးကို အရှိန်ပြင်းပြင်းနှင့်အားကုန်တိုက်ပြီး တွေ့မရှောင် အကုန်လဲ၍ဝင်သောနည်းဖြစ်ရာ ဗြိတိသျှတပ်မကြီးနှစ်တပ်မှာ ဖရိဖရဲဖြစ်သွားခဲ့ပြီး ဆုတ်ခွာခဲ့ကြရသည်။ ထိုစဉ်က ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် ကြီးငါးကြီးဟု ကင်ပွန်းတပ်ခံရသော ဗြိတိသျှအမျိုးသားပိုင်သစ်ကုမ္ပဏီကြီးများမှ အရာရှိသစ်တောဝန်ထမ်းများသည် အရေးပေါ်လက်နက်ကိုင်စွဲကာ ဗြိတိသျှတပ်မတော်နှင့် ပူးပေါင်းခဲ့ကြရသည်။ ထိုကုမ္ပဏီကြီးများပိုင် ဆင်များအားလုံးနီးပါးအား အိန္ဒိယနိုင်ငံအတွင်းသို့ ခေါ်ဆောင်သွားနိုင်ခဲ့သည်။ မော်လမြိုင်သစ်ဆိပ်များရှိ ကျွန်းသစ်များ၊ ရန်ကုန်ဆိပ်ကမ်းရောက်ရှိနေသော ကျွန်းသစ်များမှာမူ လက်ရှိအနေအထားဖြင့်သာထားခဲ့ရသည်။ မော်လမြိုင်နှင့် ရန်ကုန်ဆိပ်ကမ်းရှိသစ်စက်ကြီးအချို့ကို ဗြိတိသျှတပ်များသည် မြေလှန်စနစ်အရ ဖောက်ခွဲဖျက်ဆီးပစ်ခဲ့သော်လည်း အချို့သစ်စက်များမှာမူ အနည်းငယ်သာ ပျက်စီးခဲ့ရသည်။

ဂျပန်တို့သည် မြန်မာနိုင်ငံတွင် ကျွန်းသစ် အပါအဝင် သစ်မာမျိုးကောင်းများနှင့် သစ်တောထွက်ပစ္စည်းများမှာ ဥရောပနိုင်ငံအများသို့ တင်ပို့ရောင်းချသည့် အခြေအနေအရပ်ရပ်ကို ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီကပင် အသေးစိတ် စူးစမ်းလေ့လာပြီးဖြစ်သည်။ အထူးသဖြင့် ထိုကာလက ဂျပန်အမျိုးသားတော်လှန်ရေးသမားများသည် မာတ်ပုံဆရာများအဖြစ်လည်းကောင်း၊ သွားစိုက်ဆရာများအဖြစ် လည်းကောင်း၊ ဘုရားဖူးခရီးသွားများဖြင့် လည်းကောင်း ဝင်ရောက်လေ့လာလေ့ရှိပြီး မြန်မာနိုင်ငံ၏လမ်းပန်းအဆက်အသွယ်၊သယံဇာတထွက်ကုန် စသည်တို့အား စနစ်တကျ စူးစမ်းလေ့လာထားခဲ့၏။ ဂျပန်စီးပွားရေးကုမ္ပဏီကြီးများသည် မြန်မာနိုင်ငံ၏သစ်လုပ်ငန်းနှင့် ရေနံတူးဖော်ရေးလုပ်ငန်းအား မျက်စိကျခဲ့ကြရာ ထိုလုပ်ငန်း၏အခြေအနေအရပ်ရပ်ကို အသေးစိတ်မှတ်တမ်းယူထားခဲ့ပြီးဖြစ်၏။

၁၉၄၂ ခု၊ မတ်လ ၈ ရက်နေ့၌ ရန်ကုန်မြို့တော်အား သိမ်းပိုက်လိုက်သော ဂျပန်ဘုရင့်တပ်မတော်သည် မတ်လ ၁၀ ရက်နေ့တွင် ဂွန်ဆေဘုဟု ခေါ်သော စစ်အုပ်ချုပ်ရေးဌာနကို ဖွဲ့စည်းပြီး စစ်အုပ်ချုပ်ရေးဌာနချုပ်ခုံးကို ယခင်ဗြိတိသျှဘုရင်ခံအိမ်တော်ဟောင်းတွင်ဖွင့်လှစ်၍ လုပ်ငန်းဆောင်တာများကို စတင်ဆောင်ရွက်သည်။ ထိုစဉ်က ဂျပန်တပ်ဖွဲ့များက သိမ်းပိုက်ထားသော အရှေ့တောင်အာရှဒေသများအား ၎င်းအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ရသော အခြေခံသဘောထားမှာ အရှေ့တောင်အာရှတောင်ပိုင်းဒေသမှ ထွက်ရှိသော အရေးကြီးသည့် သယံဇာတပစ္စည်းများကို အလျင်အမြန်ဖော်ထုတ်လုပ်ရရှိရေးနှင့် ထိုပစ္စည်းများကိုအခြေခံ၍ စစ်ဆင်ရေးဆင်နွှဲအောင်မြင်လျှင် မဟာအရှေ့အာရှ သာတူညီမျှ အတူကြီးပွားရေးကို အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည်ဟုဆိုသည်။

ထိုရည်မှန်းချက်အရ ဂျပန်တို့အလိုရှိသော အရေးကြီးသော သဘာဝထွက်ပစ္စည်းများကို ထုတ်လုပ်သုံးနွဲ့၍ စစ်ပွဲဆင်နွှဲရာ၌ အထောက်အကူဖြစ်စေမည်ဖြစ်ပြီး ဂျပန်ဘုရင်နိုင်ငံ၏စီးပွားရေးအင်အားတိုးတက်မှ ရည်မှန်းထားသော မဟာအရှေ့အာရှ သာတူညီမျှရေးကို အကောင်းအထည်ဖော်နိုင်မည်ဟုလည်း ပြောင်ပြောင်တင်းတင်းကြေညာထား၏။

သို့ဖြစ်၍ ဂျပန်စစ်ဘက်အာဏာပိုင်များသည် ထိုစဉ်က မြန်မာနိုင်ငံအုပ်ချုပ်ရေးအာဏာပိုင်များနှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး Nippon Burma Timber Union (ဂျပန်-မြန်မာသစ်ထုတ်လုပ်ရေးကုမ္ပဏီ) တစ်ခုကို အလျင်အမြန် အကောင်အထည်ဖော်ရန် စီစဉ်ကြသည်။

ထိုအချိန်တွင် ဤဆောင်းပါးတစ်နေရာ၌ ဖော်ပြခဲ့သည့်အတိုင်း မော်လမြိုင်ခရိုင် သဲလွင်မြစ်နှင့် ဂျိုင်းမြစ်အတွင်းရှိ တစ်နံတစ်လျားရှိ ကတိုးသစ်ဆိပ်များတွင် လည်းကောင်း၊ ရန်ကုန်မြို့တော်ဆိပ်ကမ်းနှင့် အထက်မြန်မာနိုင်ငံ သစ်ဆိပ်များတွင် စုပြုံလျက်ရှိသော ကျွန်းသစ်နှင့် အခြားသစ်မာသစ်များကို မိမကျမီ အချိန်မီ သိမ်းဆည်းရန် လိုအပ်ကြောင်းပြီဟု ဂျပန်စစ်ဘက်အာဏာပိုင်များ ကယူဆထား၏။ ထိုတန့်ဖိုးကြီးမားသော သစ်များအား အလျင်အမြန် မသိမ်းဆည်းပါက မုတ်သုံးမိုးဝင်လာသည်နှင့် ထိုသစ်များမျောပါလေလွင့်သွားမည်ကို အထူးစိုးရိမ်လာသည်ဟုဆိုသည်။

ထိုစဉ်အချိန် မှတ်တမ်းများအရ ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ကူးစက်လာစဉ်က ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသော ဗြိတိသျှသစ်ထုတ်လုပ်ရေးကုမ္ပဏီများပိုင်သစ်များမှာ စုပုံလျက်ရှိနေသည်။ ထိုသစ်လုံးများမှာလည်း အချိန်မီဆိပ်ကမ်းမှရှင်းလင်းနိုင်ရန်လည်း အထူးလိုအပ်လျက်ရှိနေပြီဖြစ်သည်။ သို့ဖြစ်၍ အဆိုပါ ရန်ကုန်ဆိပ်


www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်ဆိပ်ကမ်းများမှ သစ်
ဥယျာဉ်ရေး၊ သိမ်းဆည်းရေး၊
ခုတ်နိုင်းရေး၊ ရောင်းချရေးနှင့် မြန်မာ
သစ်တောများအတွင်းမှ တန်ဖိုး
ရှိနိုင်အောင် တန်ဖိုးရှိသော ကျွန်း
နှင့်သစ်မာများ၊ အခြားသစ်တော
ထွက်ပစ္စည်းများထုတ်လုပ်ရေး၊ ရောင်းချ
ရေးတို့ကို ဆောင်ရွက်နိုင်ရန်
ခုနှစ်၊ မေလ ၁ ရက်နေ့တွင်
ကလေး ကျပန်နိုင်ငံတွင် ထူးထူး
ခြားခြား အောင်မြင်ပေါက်ရောက်သော
အာဏာပါကုမ္ပဏီကြီးများမှ တာဝန်ရှိသူ
များ ခေါ်ယူဆွေးနွေးပြီး အထက်
ပါတာဝန်များကို ပေးအပ်ခဲ့သည်။
ကုမ္ပဏီကြီးများမှာ အောက်ပါအတိုင်း
ဖြစ်ပါသည်။

၁။ မစ်ဆူအီသွန်ဆန်ကုမ္ပဏီ
၂။ မစ်ဆူဘီရှိရှိဂိုကုမ္ပဏီ
၃။ နိပ္ပွန်ပင်ကာကုမ္ပဏီနှင့်
၄။ အာတာကာစန်ကုမ္ပဏီ

ဤအား တာဝန်ပေးခဲ့သည်ဟုသိ
ရသည်။ ထိုကုမ္ပဏီကြီးများသည် အကျေ
အလည် ဆွေးနွေး ညှိနှိုင်းတိုင်ပင်ခဲ့ကြ
ပြီး ၁၉၄၂ ခုနှစ် မေလ ၂ ရက်နေ့တွင်
ကျပန်မြန်နှံ့ငွေကျပ်ပေါင်းတစ်သန်းဖြင့်
ကျပန်-မြန်မာသစ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်း
လိုက်ဆောင်ခဲ့ရသည်။ ထိုအဖွဲ့သည်
ထိုစဉ်က ယခင် ဗြိတိသျှသစ်တောဌာန
အရာရှိသစ်သိမ်းဆည်းရေးရုံး၊ ယခင်
ဗြိတိသျှအမျိုးသားပိုင် ဘုံဘောဘားမား
သစ်တာဒင်းကော်ပိုရေးရှင်းလိမီတက်ပိုင်
သစ်သိမ်းဆည်းရေးဌာနနှင့် မက္ကရီကာ
ကုမ္ပဏီပိုင် ကြည့်မြင်တိုင်သစ်စက်နှင့်
စီးပွားရေးသားကုမ္ပဏီပိုင် ဒေါ်ပုံသစ်
သိမ်းဆည်းရေးနှင့်သစ်စက်များကို
မြန်လည်ပြုပြင်၍ သစ်လုပ်ငန်းလည်
ပတ်ဆောင်ရွက်ရန်လည်း ထိုကုမ္ပဏီ
များ တာဝန်ပေးခဲ့၏။

မူတတမ်းများအရ ဗြိတိသျှတို့
သည် မြန်မာနိုင်ငံမှ အောင်မြင်စွာဆုတ်
ခွာခဲ့စဉ်က မြေလှန်စနစ်ကိုကျင့်သုံး၍
ဆက်ဆီးမှုအချို့ ပြုလုပ်ခဲ့သော်လည်း
သစ်တော်များမှာ မပျက်မစီးကျန်ရစ်ခဲ့
သည်။ ထို့ကြောင့် ဗိုလ်တထောင် ခမ်း
နားရှိ ဘုံဘောဘားမားထရိတ်ဒင်းကော်
ပိုရေးရှင်းလိမီတက်ပိုင်သစ်စက်ကြီးအား
Nippon Burma Tumber Union က
ဆက်လက် အသုံးပြုနိုင်ခဲ့သည်။ ဆက်
လက်၍ ကျပန်စစ်ဘက်အာဏာပိုင်များ
သည် ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်
နေ့တွင် မျောသစ်များအပါအဝင် သစ်
များဆောင်းရေးနှင့် ယခင် ဗြိတိသျှ
အစိုးရ သစ်တောဌာနပိုင်ဆင်များမွေးမြူ
ထိန်းသိမ်းရေး၊ ယခင် ကြီးငါးကြီးဟု
နာမည်ကျော်ကြား လူသိများသော
ဗြိတိသျှအမျိုးသားပိုင် သစ်ကုမ္ပဏီများ
၏ဆင်များနှင့် သစ်ထုတ်ရေးတာဝန်
များကိုပါ Nippon Burma Tumber
Union ကုမ္ပဏီအား တာဝန်ပေးအပ်ခဲ့
ရာ ဤအဖွဲ့သည် ရင်းနှီးမြှုပ်နှံငွေကို
ကျပ်ပေါင်းသန်း (၅၀) အထိ တိုးမြှင့်ခဲ့
၏။ ကျပန်စစ်ဘက်အာဏာပိုင်များသည်
ထိုကုမ္ပဏီအား သစ်ထုတ်လုပ်ရေးတာ
ဝန်ကိုပါတိုး၍ပေးအပ်ခဲ့သည်။ ထိုစဉ်
က ကျပန်ဘုရင်တပ်မတော်၏လမ်းညွှန်
ချက်မူအရ သစ်တောဟူသမျှကို ကျပန်
ဘုရင်တပ်မတော်ကသာ ထိန်းချုပ်လုပ်
ကိုင်သွားမည်ဟုဆိုသော်လည်း သစ်
ထုတ်လုပ်ရေးကိုမူ အထက်ဖော်ပြပါ
ကုမ္ပဏီအား တာဝန်ပေးခဲ့ရာ ၁၉၄၃
ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့အထိ
ထိုသစ်ထုတ်လုပ်ရေးကုမ္ပဏီက ခုတ်လှဲ
ခဲ့သော သစ်လုံးအရေအတွက်မှာ ကျွန်း
သစ် အပါအဝင် သစ်မျိုးစုံ အလုံးပေါင်း
(၂၃၃၁၃) ရှိသည်ဟု သိရ၏။ ထိုစဉ်က
မှတ်တမ်းများအရ Nippon Burma
Tumber Union က သစ်ထုတ်ရန်လျာ
ထားချက်များ အောက်ပါအတိုင်း ဖြစ်ပါ
သည်။

၁။ စစ်ရေးသုံးသစ်သား -
(၆၀၀၀၀) တန်၊
၂။ လေ့သင်္ဘောသုံးသစ်သား -
(၆၀၀၀၀) တန်၊
၃။ မီးရထားလမ်းဖောက်လုပ်ရေး -
(၂၀၀၀၀) တန်၊
၄။ ယာဉ်သုံး(ကုန်းကြောင်း)သစ်
(၆၀၀) တန်၊
၅။ လမ်းတံတားသုံးသစ်သား -
(၂၉၅၀၀) တန်၊
၆။ အိုးအိမ်တည်ဆောက်ရေး -
(၆၀၀၀၀) တန်၊
၇။ ကျပန်နိုင်ငံတင်ပို့ရေး (၈၀၀၀)တန်၊
၈။ အထွေထွေ (၁၆၀၀) တန်၊
၉။ ဖလှယ်ရေးသုံးသစ်သား -
(၂၀၀၀) တန်၊
စုစုပေါင်း (၂၄၁၂၀၀) တန် ဖြစ်
သည်။

ထိုလျာထားချက်အတိုင်း ရသည်၊
မရသည်ကိုမူ အတိအကျ မသိရဟု ဆို
သည်။ ထိုစဉ်က စစ်ဘက်ဆိုင်ရာမှတ်
တမ်းများအရ အထက်ဖော်ပြပါ Nipp-
on Burma Tumber Union ကုမ္ပဏီ
သည် ကျပန်နိုင်ငံသို့ ကျွန်းသစ် အပါအ
ဝင် သစ်မာသာတန်ချိန် (၁၂၀၀၀)ကျော်
တင်ပို့နိုင်ခဲ့၏။ သို့သော် ၁၉၄၃ ခုနှစ်
မတ်လဆန်းမှစ၍ ဗြိတိသျှ-အိန္ဒိယ ဝင်ရောက်
ဒီရေသည် လျှောကူလာခဲ့သဖြင့် ကုန်း
နိုင်ငံသို့ ကုန်တင်သင်္ဘောများနှင့် ကျွန်း
သစ်နှင့် သစ်မာများတင်ပို့ရေးမှာ အလွန်
အခဲဖြစ်လာခဲ့သည်။ ဗြိတိသျှနှင့် မဟာ
မိတ်လေတပ်နှင့် အမေရိကန်တပ်တို့
ထောင်စုရေတပ်မတော်၏အပြန်အတက်
ဖြင့် တိုက်ခိုက်မှုကြောင့် ကျပန်ကုန်ထော်
သဘော်ာ အမြောက်အများ နစ်မြုပ်ခဲ့ရ
သည်။ ဤတွင် ကျပန်စစ်ဘက်အာဏာ
ပိုင်များသည် သစ်ဖောင်ကြီးများဖွဲ့၍
ပို့ဆောင်ရန်စီမံခဲ့သော်လည်း ထိုအစီ
အစဉ်မှာ အောင်မြင်မှုမရှိခဲ့သဖြင့် ကျပန်
နိုင်ငံသို့ သစ်တင်ပို့ရေးကို ရပ်ဆိုင်းထား
ခဲ့ရ၏။

Nippon Burma Tumber Union
ကုမ္ပဏီအား တစ်ဖက်တစ်လမ်းမှ အကူ
အညီပေးရန်နှင့် သစ်ထုတ်လုပ်ရေး၏
အရှိန်တိုးမြင့်ရန် ထိုစဉ်က သစ်တော
ဌာနကလည်း ဒုတိယကမ္ဘာစစ်ကြီး
မြန်မာနိုင်ငံသို့ကူးစက်လာစဉ်က ပိတ်
ထားခဲ့ရသော သာယာဝတီသစ်တော
ကျောင်းကို ကျပန်ခေတ်တွင် ပြန်လည်ဖွင့်
လှစ်ခဲ့ပြီး ယခင်သစ်တောလုပ်ငန်းများ
ကို စတင်ဆောင်ရွက်ခဲ့သည်။ ယခင်
ဗြိတိသျှအစိုးရသစ်တောဌာနကြီးဝိုင်း
များကိုလည်း သစ်တောအမှုထမ်းများ
စေလွှတ်၍ သစ်ထုတ်နိုင်ရေးဆောင်ရွက်
ကြသော်လည်း စစ်ရေးကြောင့် အောင်
မြင်မှု မရခဲ့။ ၁၉၄၄ ခုနှစ်ဆန်းကပင်
စတင်၍ မြန်မာနိုင်ငံအား ဗြိတိသျှနှင့်
မဟာမိတ်တို့သည် လေကြောင်းမှ စစ်ဆင်
တိုက်ခိုက်ရေးကို အရှိန်အဟုန်မြှင့်တက်
လာ သည်သာမက အထက်မြန်မာနိုင်ငံ
သစ်ထုတ်လုပ်ရေးနယ်မြေများအတွင်း
ဗိုလ်ချုပ်ဝင်းဂိတ် ဦးစီးသော ခြင်ဒစ်
ပြောက်ကျားတပ်များက ထိုးဖောက်
ဝင်ရောက် တိုက်ခိုက်မှု၊ မဟာမိတ်
လေယာဉ်ပျံများ၏ အဆက်မပြတ် ဗုံးကြဲ
တိုက်ခိုက်မှုများကြောင့် သစ်တောဝန်
ထမ်းများ၊ အလုပ်သမားများလည်း
ထွက်ပြေးတိမ်းရှောင်သွားကြပြီး စစ်ရေး
အရှိန်မြင့်တက်လာမှုကြောင့် Nippon
Burma Tumber Union လုပ်ငန်းများ
ရပ်ဆိုင်းခဲ့ရသည်ဟု ဆိုကြပါကြောင်း။

လှမ်းဆက်

ကျမ်းကိုး -

၁။ ကျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာ
နိုင်ငံ
၂။ အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

ကိုလိုနီခေတ်က အဖြစ်အပျက်တစ်ခုကို တင်ပြလိုပါသည်။ လူတစ်ယောက်၏အကြောင်းကို အခြေခံပါသည်။ ထိုသူသည် အရက်သမားတစ်ယောက် ဖြစ်၏။ ထိုသူသည် အရက်သောက်သည်မလွဲ၍ အားလုံးကောင်းပါသည်ဟု ဆိုနိုင်ပါ၏။ အရက်ကို နှစ်သက်ခဲ့မင်စွဲလမ်းသော်လည်း သူတစ်ထူးအပေါ် ရမ်းကားမှု၊ ဟော့သရမ်းမှုကင်းရှင်း၏။ ကတိတည်ပြီး သစ္စာရှိသူ ဖြစ်ပါသည်။ ထိုသူသည် အရက်သမားတစ်ယောက်၏ အင်္ဂါရုပ်နှင့် ညီညွတ်ကိုက်ညီခြင်းမရှိသူ လူထူးလူဆန်းတစ်ယောက် ဖြစ်နေပါ၏။

သူကြောင့် ပရလောကသားနှင့် တွေ့ဆုံသည်ပွဲကိုလည်း ရှုမြင်ခံစားနိုင်သည်။ သူကြောင့် ဗုဒ္ဓကျမ်းစာ၌ ဖော်ပြထားသော ဇာတိသရပုဂ္ဂိုလ် မျိုးနှင့်လည်း စာရှုသူတို့ အကျိုးသင့်အကြောင်းသင့် အသိချင်းဖလှယ်နိုင်ပါလိမ့်မည်။

ကိုလိုနီခေတ် ဩတီသျှတို့၏ နေမဝင်အင်ပါယာကြီး မြန်မာနိုင်ငံကို အုပ်စိုးခဲ့စဉ်ကာလ အချိန်အခါသမယဝယ် အမှန်တကယ် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်ဇာတ်ကြောင်းတစ်ရပ်ပါ။

❑

ဩတိသျှတို့ မြန်မာနိုင်ငံကို အုပ်စိုးချိန်တစ်ခုသောအခါသမယဝယ် -

မြောင်းမြမြို့နယ် ကျုံပေါက်ရွာလေးမှာ ဖခင်မုဆိုးဖိုနှင့်အတူ နေထိုင်လျက်ရှိသည့် ကိုဘပုဆိုသော အသက် (၃၀) အရွယ် အရက်သမားတစ်ယောက် ရှိလေ၏။ ကိုဘပုသည် အရက်သမားဘဝ၌ ခံယူရလောက်အောင် ယမကာကို နှစ်သက်စွဲလမ်းခဲ့မင်လွန်းလှသူတစ်ဦးဖြစ်နေတော့၏။ လောကမှာ သူအကြိုက်ဆုံးအရာသည်ကား သူရာရည်သာလျှင် ဖြစ်ချေ၏။

ဖခင်ကြီးက ပြည့်စုံကြွယ်ဝသူ ဖြစ်ပါ၏။ ကိုဘပု အိမ်ထောင်ပြုရန် အရွယ်ကောင်းအချိန် ဖြစ်၏။ ရွာထဲမှ အပျိုချော ကိုယ်နေဟန်ထားကြော့ရှင်း သူ ရှင်နှောင်းနှင့် ဖခင်ကြီးက သဘောတူလေ၏။ ရှင်နှောင်းသည် ကျုံပေါက်ရွာကာလသားတို့နှုတ်ဖျားဝယ် ရေပန်းစားနေသူလေး ဖြစ်ပါ၏။ မည်သို့ဆိုစေကာမူ ကိုဘပုသည် သူရာရည်လောက် ရှင်နှောင်းကို မက်မက်စက်စက်မရှိပါ

# (ဖော်ရီးလုံး)
# ဒေါ်ငြင့်ထွန်း
## ထူးဆန်းတွန့်ပန်းပွဲကြီး



www.burmeseclassic.com

www.burmeseclassic.com

တကား။

ကိုဘပုသည် သူ့ကိုအရက်သမား ဟုခေါ်လျှင် ကြည်ကြည်ဖြူဖြူ လက်ခံထားသူ ဖြစ်ပါသည်။ ပျော်သလိုနေတတ်သူတည်း။ စိတ်ညစ်စရာများကို ဘယ်သောအခါမှ ရင်ဝယ်သိုသိပ်ထားခြင်းမရှိ။ ပိတ်လှောင်ထားခြင်း မရှိပါ။ စိတ်ညစ်စရာများကို ဖွင့်ထုတ်ပစ်သည်။ ရှင်းပစ်သည်။ စိတ်ညစ်စရာများကို လက်ခံထားခြင်း မရှိသောကြောင့် သူသည် စိတ်ပျို၍ ကိုယ်နုပါသည်။

စိတ်ညစ်စရာများကို အရက်ဖြင့် ဖြေရှင်းခြင်းမဟုတ်။ ပင်ကိုဓာတ်ခံစိတ်ရင်းကောင်းမွန်မြဲ စိတ်ချမ်းသာနေသူတည်း။

ကိုဘပုသည် အရက်ကိုကြိုက်၍ စွဲစွဲမြဲမြဲသောက်သူ ဖြစ်ပါသည်။ ထမင်းနှင့် ဖြည့်စွက်အာဟာရကို မှီခဲသည်။ နေ့စဉ် အရက်သောက်ခဲ့နှုန်းသည်။ လူနာတစ်ယောက် ဆေးသောက်ခဲ့နှုန်းလျှင်လွဲမည်။ ကိုဘပုအရက်သောက်ခဲ့နှုန်း မလွဲပါ။ အရက်သောက်ခဲ့နှုန် (၁) မိနစ် အစွန်းခံသူမဟုတ်။ ဤမျှ အရက်ကို ကြိုက်လွန်းသူဟုဆိုလျှင် လွန်အံ့ဆောင်။ အရက်သောက်ရန်လိုငွေကိုလည်း ဖခင်ကြီးထံအပူမမျှပါ။ အလုပ်လုပ်၍ ငွေရှာပါသည်။ ကိုဘပု ငွေချေးငှားသည့် အကျင့်တစ်ခုကတော့ ရွာထိပ်ဆောင်ပင်ကြီးအောက်မှ နတ်ကွန်းပင်မရှောင်။ အရက်အတွက်စွန့်စားရဲသူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုဘပု၏ ဖခင်သည် လယ်ကေ
မြောက်မြားစွာပိုင်ဆိုင်သူ ဖြစ်ပါသည်။
ကိုဘပုသည် အမေကျော်ဒွေးတော်လွမ်း
ကာ သူတစ်ပါး၏လယ်တွင် သွားရောက်
လုပ်ကိုင်ပေး၏။ ဘေးလူ၏အမြင်မှာ
မတင့်တယ်ပါ။ သို့သော် ကိုဘပုက သူ
အကြောင်းနှင့်သူ ဖြစ်ပါ၏။ သူ၏ရည်
ရွယ်ချက်ကား သူစိမ်းထံ၌ သူ၏လုပ်
အားခကို ချက်ချင်းလက်ငင်းတောင်းဆို
နိုင်သောကြောင့် ဖြစ်ပါတော့သည်။
လုပ်အားခအတွက် ငွေအလှူင်အမြန်
ပေါ်မှသာလျှင် တွက်ခြေကိုက်ပါမည်။
သို့မှသာ ရွာလယ်ပိုင်းက အဖောင်၏
သေတင်းကုပ်သို့ ရောရာရှုရှုသွား
ရောက်လည်ပတ်နိုင်မည် ဖြစ်ပါ၏။

အဖောင်၏စားကျက်တွင် အချိန်
မှန် နေရာမှန် နေရာယူနိုင်သူကား
ကိုဘပုတစ်ယောက်တည်း စံချိန်တင်
ထားလေ၏။

အရက်ကို နှစ်သက်စွဲလမ်းစွာ
သောက်သုံးရင်း သူဘဝအတွက် အချိန်
ကို ဖြုန်းတီးနေလေ၏။ ကိုဘပုသည်
အရက်ကို သောက်သုံးသော်လည်း မိဘ
ကို ဒုက္ခမပေး၊ ရပ်ရွာကိုလည်း ဒုက္ခ
မပေးပါ။ အဖောင်နှင့် အရက်နတ်မိမယ်
လေး မကျင်စိန် (ခေါ်) အကျင်တို့၏
စိတ်နှလုံးကိုတော့ ခိုးလိုးခုလုဖြစ်စေပါ
၏။ အဘယ့်ကြောင့်ဆိုသော် ကိုဘပု
သည် အရက်ဖိုးငွေကို လက်ငင်းပေးချ
သည်လည်းရှိ၏။ အကြွေးသောက်သွား
သည်ကလည်းတစ်မှောင့်။

ကိုဘပု အရက်အကြွေးသောက်
သည့်နေ့ကား စီးပွားရေးလုပ်ငန်းရှင်တို့
လက်ငင်းမရရှိကြသောကြောင့် ထိုနေ့
သည် အဖောင်နှင့် အကျင်တို့၏ ရင်ခုန်
ရသော နေ့များသာတည်း။

ကိုဘပုသည် အကြွေးယူသောက်
သော်လည်း အထက်မှာဆိုခဲ့သည့်
အတိုင်း လုပ်အားဖြင့် ငွေရှာ၏။ ငွေ
ပေါ်လျှင် အကြွေးကို အရင်ဆုံးဦးစား
ပေး ဖြေရှင်းလေ၏။ အကြွေးရသည့်
နေ့တွင် အဖောင်ပျော်လေသည်။ သူ၏
မျက်စိမှေးမှေးကို စုံမှိတ်ကာ ညာဘက်
နှုတ်ခမ်းထောင့်မှ ရွှေသွားပေါ်သည်
အထိ ပြုံးရွှာလေ၏။ မကျင်စိန်သည်
အဖောင်၏ သမီးအပျိုဖြန်းလေး ဖြစ်ပါ
၏။ သူတို့မိသားစုသည် ပီကင်း
(ပေကျင်း)မှဖြစ်ကြပြီး ပြည်ကြီးပေါက်
ဖော်များဖြစ်ကြလေကုန်၏။

မြန်မာပြည်တွင် ဗြိတိသျှခေတ်
စီးပွားရေးလုပ်ငန်းရှင် တရုတ်၊ ကုလား
များ များစွာပေါ်ထွန်းလာ၏။ ရေကြည်
ရာမြက်နုရာ စီးပွားရေးခွဲထွင်ကြရာတွင်
အဖောင်သည် ကျေးတောရွာလေးတွင်
အကျိုးပေးလေ၏။ တောရွာလေးတွင်
အရက်ရောင်းကာ စီးပွားရှာရင်း စီးပွား
ရေးအကွက်အကွင်း အမြင်ကျယ်လာ
၏။ သူ၏ သေတင်းကုပ်တွင် မိန်းမလှ
လေးတစ်ယောက်ထားနိုင်လျှင် သူ၏
ဆိုင် အရောင်းသွက်လာမည်ကို အ
ဖောင်၏အသိဉာဏ် လင်းလက်သွား၏။
သူစိမ်းတရံဆံကို ငှားမည်ဆိုပါက ထွက်
ငွေပေါ်လာမည် ဖြစ်ပါသည်။ ထို့ကြောင့်
ဝင်ငွေများ သပိတ်ဝင်အိတ်ဝင် ဒလ
ဟောဝင်လာနိုင်ရန် ရည်ရွယ်လျက်
ပီကင်း(ပေကျင်း)မှ သူ၏ သမီးငယ်ကို
ခေါ်ယူလိုက်ပါ၏။

မကျင်စိန် (ခေါ်) အကျင်သည်
(၁၆) နှစ်၊ (၁၇) နှစ်ခန့်ရှိပြီ ဖြစ်၏။
အသားဖြူ၏။ ခန္ဓာကိုယ်သွယ်လျသူ
လေး ဖြစ်ပါသည်။ လက်ပြတ်အင်္ကျီ၊
ဒူးကျစကတ်တိုတို ဝတ်ဆင်ထားလေရာ
လက်မောင်းသား၊ ခြေသလုံးသားတို့
ဝင်းဝါနေကြပါသည်။ ယခုခေတ်
မော်ဒယ်မလေးများ သူမအလှကို မီနိုင်
မည်မထင်ပါ။ သူခေတ်နှင့် သူ့အလှက
ကျူပေါက်ရွာ ကွမ်းတောင်ကိုင်တို့ထက်
သာလွန်၏။ ကျစ်ဆံမြီးကို တစ်ချောင်း
တည်းကျကာ ခါးအထိတွဲလွဲချထား၏။
လမ်းသွားလျှင် သူမ၏ ကျောပြင်ဝယ်
ကျစ်ဆံမြီးနက်နက်ကလေးမှာ ဟိုဘက်
သည်ဘက်ယိမ်းနေလေ၏။ ထိုမျှလောက်
ဆိုလျှင် သူမလမ်းလျှောက်ပုံအနေအ
ထားကို မြင်သာလောက်ပြီ ဖြစ်ပါသည်။

တိုင်းတစ်ပါးသူလေး အကျင်
ရောက်လာသည့်နေ့မှစ၍ အဖောင်၏
ဆိုင်လေးသည် ဆိုင်ကြီးဖြစ်လာသည်
အထိ ရောင်းအားတက်လာတော့၏။
စီးပွားရေးသောင်းကျန်းသူများ လာဘ်
မြင်ပုံကို တွေ့မြင်နိုင်လောက်ပြီ ဖြစ်ပါ
၏။ ထိုကဲ့သို့သော ဦးနှောက်အရည်
အသွေးပြည့်မီသူမှသာလျှင် ခရေခြားမြေ
ခြား တိုင်းတစ်ပါးမှာ စီးပွားရှာနိုင်ကြပါ
လေ၏။

❑

ကိုဘပုသည် အရက်သောက်ရင်း
ဘဝကို ပျော်ရွှင်စွာနေထိုင်သူ ဖြစ်ပါ
သည်။ အရက်အမြဲသောက်သူ၏ လက်
ထဲဝယ် ငွေဆိုသောအရာသည် ထာဝရ
တည်မြဲမနေပါ။ ငွေသည် အဝေးသို့
ထွက်ခွာလေရာ ကိုဘပုနှင့် ငွေ အတူ
မနေပါ။ သူ့အတွက် ငွေပြတ်သော်ငြား
အရက်ပြတ်၍ မဖြစ်စေတောင်းပါ။
သို့သော်လည်း ကိုဘပုသည် ကြံနိုင်
သောစွမ်းရည်၊ ဖန်တီးနိုင်သောစွမ်းရည်၊
အရည်အချင်းမြင့်မားသူ ဖြစ်နေပါ၏။
သူ့အတွက် အရာရာသည် ခက်ခဲမှုမရှိ
ပါ။

ကျူပေါက်ရွာလေးသည် အိမ်ခြေ
ဝင်းများ သပ်သပ်ရပ်ရပ်ရှိကြပါ၏။ မိမိ
တို့ ခြံဝင်းများတွင် သီးပင်စားပင်တို့
စည်းကမ်းတကျစိုက်ပျိုးထားကြပါသည်။
ကျူပေါက်ရွာကလေး၏ ရွာထိပ်တွင်
ညောင်ပင်ကြီးတစ်ပင်ရှိလေသည်။ ထို
ညောင်ပင်ကြီးအောက်၌ နတ်ကွန်း
ဟောင်းလေးတစ်ခုရှိလေသည်။ ကိုဘပု
တို့၏ဘိုးဘွားများလက်ထက်ကတည်းက
တည်ရှိခဲ့ရာ ထိုနတ်ကွန်းကို မည်သူ
စတင်ဆောက်လုပ်ခဲ့သည်ကို မှတ်တမ်း
မှတ်ရာမရှိတော့ပါ။ ထိုနတ်ကွန်းတွင်
နတ်ရုပ်တစ်ရုပ်ရှိလေ၏။ ထိုနတ်ရုပ်မှာ
ကံဇာတာညီးမိုန်နေစဉ်က ရေညိတင်
ဟောင်းနွမ်းနေ၏။ ကံဇာတာဖြိုးမောင်
လာခိုန်တွင်ကား ရွှေရောင်တဝင်းဝင်း
နှင့် လှပတင့်တယ်နေလေ၏။

ထိုနတ်ရုပ်သည် အဘယ်ကြောင့်
ရွှေရောင်ဝင်းခဲ့ရပါလေသနည်း။ နတ်
ယုံကြည်ကိုးကွယ်သူတို့၏ စနက်ပင်
တည်း။ စီးပွားရေးမပြေလည်ကြသူများ
နတ်ကွန်းသို့ လာရောက်ကာ တစ်မူး
တစ်ပဲ လာဘ်တင်ကြ၏။ ပြီးနောက် မိမိ
တို့စီးပွားရေး၊ ကြီးပွားရေးလုပ်ငန်းဆောင်
တာများအောင်မြင်အောင် ပြုင်းမတော်မူ
ပါ။ အရှင်ကြီးက ပြုင်းမ၍ မိမိတို့ စီးပွား
ရေးအောင်မြင်ခဲ့ပါလျှင် နတ်ကွန်းကို
အသစ်ဆောက်ပေးပါမည်။ ကိုယ်တော်
ကြီးကိုလည်း ရွှေရောင်တဝင်းဝင်းဖြစ်စေ
ရပါမည်ဟု ငါးရာ၊ တစ်ထောင် လှာဘ်
ရွှေအောင်မစတော်မူပါဟုဆုတောင်းကြ
လေ၏။

အကြောင်းတိုက်ဆိုင်လာပြီး မိမိ
တို့၏ဝိရိယအကျိုး ကံကောင်းခွင့်သို့
ရောက်လာသည့်အခါနှင့် အကျိုးအ
ကြောင်း အစပ်အဖပ်တည့်လာသည့်
တစ်နေ့ဝယ် နတ်ကွန်းကို ကျွန်းသားဖြင့်
အသစ်တည်ဆောက်ပေးကြလေသည်။
နတ်ရုပ်ကိုလည်း ရေညို၊ ဖုန်၊ သဲ သန့်စင်
ကာ ရွှေချပေးကြလေ၏။ ထိုအခါ
နတ်ရုပ်သည် တသွေးတမွေးဖြစ်လာ
တော့၏။ လူတို့သည် ကံဟူခေါ် သော
မိမိအလုပ်၏ အကျိုးပေးခြင်းကို မေ့
ထားကြလေသည်တကား။ အပေါ်ယံ


www.burmeseclassic.com

www.burmeseclassic.com

အတွေးအခေါ်နှင့် ရေသာခိုအချောင်ကြိုက်နေကြပါ၏။ ယုတ္တိဗေဒကျကျ ဆင်ခြင်စား မတွေးတော မကြံဆကြလေဘူး။

ဆိုခဲ့သည့်အတိုင်း ထိုနတ်ကွန်းမှ ဆင်းလာပြီးကို တစ်မူး၊ တစ်ပဲလာဘ်တင်ကာ ဆောင်းလေ့ရှိကြသောကြောင့် နတ်ကွန်းမှာ ငွေအမြဲရွှင်နေလေ၏။ နတ်ကွန်းနှင့် လူသားတို့၏ စိတ်ဓာတ်ကို ဖတ်နိုင်ခဲ့သော ကိုဘပုအတွက် လက်ဖျားနီးမည့်ကိန်းဆိုက်နေပါ၏။ ကိုဘပုသည် သူကိုယ်၌ အလုပ်ပြတ်၊ ငွေပြတ်သည့်အခိုက် နတ်ကွန်းအခြေသို့ဆိုက်ရောက်လာစမြဲ။ ကိုဘပုသည် နတ်မင်းကို စေ့စေ့ကြည့်ကာ သူ၏လိုအင်ဆန္ဒကို ထုတ်ဖော်လေတော့၏။ သူသည် နတ်မင်းကို အမှန်အတိုင်းဝန်ခံကာ နှုတ်ကပ်ပေးလေ၏။

"အသင်နတ်မင်းခင်ဗျား၊ အသင်နတ်မင်း အကျွန်ုပ်ကို မစရန်မှာ ငွေချေးပေးရန် ဖြစ်ပါတယ်။ အသင်နတ်မင်းသခင် ငွေချေးယူသည့်အတွက် အကျွန်ုပ်ကတော့ မဖမ်းစားပါနဲ့။ ဘာပြုလဲဆိုသော် အကျွန်ုပ်က ချေးယူသည့်ငွေကို အတိုးနဲ့ ပြန်လည်ပေးဆပ်မှာ ဖြစ်ပါတယ်။ အကျွန်ုပ်သည် ကတိတည်သူတစ်ယောက်ဖြစ်နေလို့ပါပဲ။ ဒါကြောင့် အကျွန်ုပ်၏စကားကို အမှားမယူပါနဲ့၊ အမှန်တိုင်းဖြစ်စေရပါ့မယ်"

ဟု ကတိပေးပြီးသည်နှင့် အကြွေစေ့များကို သူ၏လက်နှစ်ဖက်ဖြင့်ကျုံးခွဲ၍ ဆီးခါးပုံစတွင်ထည့်ကာ ရွာလယ်ပိုင်းက အဖောင်တို့၏ သေတင်းကုပ်သို့ ချန်းလေတော့သည်။ ဆိုင်အတွင်းသို့ ဆောက်လာသူကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည့်အစား အကျင့်သည် နှလုံးသောမယားဖြင့် ကိုဘပုကို မျက်စောင်းခံကာ ကြည့်နေလေ၏။ ကိုဘပုက ထိုအကြည့်ကို မမူသည့်အလျောက် -

"အကျင်၊ အရက်တစ်လုံးချကွာ"

"ကိုဘဘုကြီး၊ ဒီနေ့ အကြွေးဆောင်းဘူးနော်"

အကျင်သည် မျက်စောင်းခိုတ်ကာ တရုတ်သံဝဲဝဲဖြင့် ကိုဘပုကို ဘုတောလေ၏။

"မနက်ဖြန်မှ အကြွေးဆောင်းပါဟာ။ နင်ကလည်း ဘပုလုပ်စမ်းပါဟာ။ ငါက ဘာဘုကြီးမဟုတ်ပါဘူး"

"ကိုဘဘုလို့ ခေါ်တာပဲ။ အရာကြီးလည်းဟုတ်ဖဲ့နဲ့"

"အေးဟာ ခေါ်ချင်သလိုခေါ်ဟာ အေးပါဟာ၊ ဒီနေ့ လက်ငင်းသောက်မယ်"

ကိုဘပုက ပြောပြောဆိုဆို သူ၏ခါးပုံစကို ပုတ်ပြလိုက်၏။ အကြွေစေ့များက သူတို့ရှိကြောင်း ချွင်ချွင်မြည်၍ အတည်ပြုပေးလိုက်ကြသည်။ အကြွေစေ့လေးများ၏ သာယာသော စကားသံကို ကြားလိုက်ရတော့မှ အကျင်၏ မျက်နှာ တိမ်မှောင်ဝေးကင်း လမင်းသာနိုင်ပါတော့သည်။ သူမ၏မျက်နှာ ရွှင်ရွှင်ပျပျဖြစ်လာပါတော့သည်။ သူမ၏ ရွှေသားပေါ် အောင်ပြုံးလေသည်။ သူတို့နှစ်ဦး အဆင်ပြေသွားကြပြီဖြစ်၍ တော အရက်တစ်လုံး၊ ပဲကြီးလှော်၊ ငရုတ်သီးစိမ်းနှင့် ဖန်ခွက်တို့ ကိုဘပု မျက်မှောက်စားပွဲပေါ် သို့ လက်သွယ်သွယ်ဖြူဖြူလေးများနှင့်အတူ ရောက်ရှိလာကြပါ၏။ ကြံရည်ဖန်ရည်ကောင်းသော ကိုဘပုယနေ့အတွက် စိုပြည်သွားလေသည်။

❑

ကိုဘပုသည် လူအရွယ်တုံးတို့၏ အပြုအမူမျိုးလည်း ပြုမူလုပ်ဆောင်တတ်သေး၏။ တစ်ပါးသူကို သက်သက်မဲ့ အရွဲ့တိုက်သည်တော့ မဟုတ်ရပါ။ ကြောက်အားလန့်အားဖြင့် အသက်ဘေးမှ လွတ်မြောက်အောင် ရုန်းထွက်ရာ၌ အရွဲ့တိုက်သည်ကဲ့သို့သာ ဖြစ်သွားရချေ၏။

တစ်ခါသော် ကျူပေါက်ရွာ လူခွန်ဆောင်သည့်စာရင်းကို သူကြီးမင်းသည် ပါဝါအားကောင်းကောင်း မျက်မှန်ကြီးကိုတပ်ကာ တိတိကျကျ စစ်ဆေးနေလေ၏။ ကျူပေါက်ရွာလူခွန်ဆောင်ရန် စာရင်းတွင် လက်ကျန်စာရင်း၌ ကိုဘပု တစ်ဦးတည်းသာကျန်ရှိကြောင်း စစ်ဆေးတွေ့ရှိရလေ၏။ လူခွန်ဆောင်ရန် နောက်ဆုံးနေ့ကိုလည်း သူကြီးဦးမြင့်က ရက်ချိန်းသတ်မှတ်ပြီး ဖြစ်၏။ အခွန်ဆောင်ရန် နောက်ဆုံးနေ့၌ သူကြီးအမိန့်ဖြင့် မြို့ပေါ်မှ အိန္ဒိယပုလိပ်သားနှစ်ယောက်တို့ တိုင်မကွယ်နဲ့ မိုင်နှစ်ဆယ်ပစ်မလွဲ ရိုင်ဖယ်ကြိုးများကိုလွယ်ကာ ရောက်ရှိလာကြပါ၏။

သူတို့၏ အသားအရေမှာ ကပွလီတို့နှင့် ဆင်ဆင်တူ၏။ မျက်လုံးနှင့် သွားများဖြူဖွေးနေကြ၏။ သူကြီးမင်း၏ လုံခြုံရေးအတွက် ကာကီယူနီဖောင်းဝတ်စုံပြည့်ဖြင့် ရောက်ရှိလာခြင်း ဖြစ်ပါ၏။ ထိုရောအခါ သူကြီးအာဏာပြလေသည်။

ရှေ့ဆုံးမှ ခေါင်းပေါင်းစတလူလူနှုတ်ခမ်းမွေးကြီးတကားကားဖြင့် တောင်ရှည်ပုဆိုးကြီးကို မကာ၊မကာ သူကြီးဦးမြင့်သည် ကိုဘပုတို့အိမ်ဘက်သို့ ထွက်လာခဲ့သည်။ သူကြီး၏ နောက်တော်ပါးမှ ပုလိပ်သားနှစ်ယောက် ရိုင်ဖယ်ကြိုးများကိုထမ်းကာ ခဲ့ခဲ့ညားညား ခြေလှမ်းများဖြင့် ချီတက်လာခဲ့သည်။ ကိုဘပုသည် သူ၏အိမ်၌မရှိကြောင်း၊ ရွာတောင်ဘက် ဦးမောင်မြ၏ လယ်ကွင်းဘက်သို့ထွက်သွားကြောင်း သူကြီးမင်း သတင်းရလိုက်ပါ၏။ သူကြီးမင်းသည် သက်တော်စောင့်ကိုယ်ရံတော်နှစ်ဦးနှင့်အတူ လယ်ကောဘက်သို့လိုက်ရလေသည်။

ဦးမောင်မြ လယ်ထဲတွင် ကိုဘပုကို တွေ့ရှိရလေ၏။

"မောင်ဘပု လူခွန်ကောဆောင်ဖို့ ဒီနေ့ နောက်ဆုံးဖြစ်တယ်။ အခုချက် ချင်းဆောင်ပါ မောင်ဗင်း၊ ဒီနေ့ အခွန်မဆောင်ရင် မောင်ဗင်းကို ဖမ်းရပါလိမ့်မယ်"

သူကြီးသည် နယ်ခွဲလက်ပါးစေတို့၏ လေယူလေသိမ်းဖြင့် ကိုဘပုတို့အိမ်နှင်းလေ၏။

"သူကြီးမင်း ဒီနေ့တော့ ကျွန်တော့်ကိုခွင့်လွှတ်ပါ။ ထွန်တော့်မှာ ငွေပြတ်နေလို့ပါ"

ကိုဘပု လိမ်လည်ခြင်း မဟုတ်ပါ။ အမှန်တကယ် လက်ထဲငွေမရှိသောကြောင့် နယ်ခွဲလက်ပါးသူကြီးကို ရှိသိုးမတတ် တောင်းပန်ရှာပါသည်။ တစ်နေ့က နတ်ကွန်းမှ အကြွေစေ့များကိုယူ၍ အရက်သောက်ထားလေရာ နတ်ကွန်းမှ ငွေချေးယူရန် မျှော်နိုင်တော့ချေ။ ယနေ့ အလုပ်လုပ်၍ ငွေရှာရန်မှာလည်း အခက်အခဲရှိနေပါ၏။ တစ်ရွာလုံး၏ နားရောက်များဖြစ်နေလေရော့သလား ဒီနေ့ကျမှ သူကို အလုပ်အပ်မည်သူ ပေးကိုင်ယ်နေရာ ခြေသံ့ရွှေမောတ် ခစားနေရရှာသော ယုန်သူငယ်ကဲ့သို့ဖြစ်နေရှာ၏။

"ရေးဘူး မောင်ဗင်း၊ ကိုင်း-ပုလိပ်သားတို့ ဘပုကို ဖမ်းကြစေဗျား"

သူကြီးမင်းက ပုလိပ်နှစ်ယောက်ကို မိုးခြိမ်းသံကဲ့သို့အမိန့်ပေးလိုက်တော့၏။ အိန္ဒိယပုလိပ်သားတို့သည် ကိုဘပုကို သေနတ်ပြင့် ချိန်ရွယ်လိုက်ကြပါသည်။ ကိုဘပုမျက်လုံးပြူးရလေ၏။ ကိုဘပုသည် သေရမှာ အလွန်ကြောက်ပါသည်။ သို့ပါ၍ ခြင်္သေ့ကြီးလက်ထဲမှ လွတ်မြောက်နေ လယ်ကွင်းထဲသို့ စွတ်

www.burmeseclassic.com

ပြေးရရှာလေ၏။ သူကြီးသည် ကိုဘပူ နောက်သို့ ပုဆိုးခါးပုံစကြီးမကာ ပြေး၍ လိုက်ပါတော့၏။

"ဟေ့ကောင် ဘပူ၊ မင်းမပြေးနဲ့ အဖမ်းခံပါ"

"ဟရေး. . . ဟရေး. . . ကန်ကလေး၊ မပြေးနဲ့လေ"

သက်တော်စောင့်နှစ်ဦးတို့သည် လည်း 'ဟရေး ဟရေး' ငြာသံပေးကာ အမီလိုက်ရန် ကြိုးစားကြရင်း လယ်ကန်သင်းရိုးကို ခလုတ်တိုက်မိကာ သေနတ်တခြား၊ လူတခြားဖြစ်ကြရရှာလေ၏။ တောသားလူကြမ်း ကိုဘပုသည် လယ်ကွင်းစပ်သို့ရောက်သော အခါ အရှေ့မှ ချောင်းရိုးတစ်ခုဆီးကာ နေပါသည်။ ရေမျှားကိုမြင်၍ ကိုဘပု အခက်တွေ့ရရှာသည်။

ကိုဘပုသည် ရွှိက်မော့လျက် မဆင်မခြင်ပြုလုပ်လိုက်သည်။ ကွင်းစပ်မှ ချောင်းရိုးထဲသို့ အတင်းဆင်း၏။ တစ်ဖက်ကမ်းသို့ကူးရန် ကြိုးစားပါတော့သည်။ ရေထဲသို့ဆင်းလိုက်မိ၍ မှန်ကန်သွားကြောင်း ကိုဘပုနောင်မှ သိရှိလိုက်ရသည်ကား-

ကိုဘပု ရေထဲသို့ ရောက်သွားသည်ကိုကြည့်၍ မျက်လုံးပြူးရသူကား သူကြီးမင်း ဖြစ်၏။ အဘယ်ကြောင့်ဟူမူကား ကိုဘပု ရေမကူးတတ်ကြောင်း၊ သူကြီးမင်း ကောင်းကောင်းသိနေပါ၏။ ကိုဘပု ရေလယ်သို့ရောက်လာပြီး ခေါင်းတစ်လုံးသာပေါ်တော့သည်။ ကိုဘပုရေနစ်တော့မည်။ ကိုဘပုရေနစ်သေလျှင် သူကြီးမင်းရာဇတ်မူမကင်းချေ။ ရာဇဝတ်အုပ်မင်းအရေးယူခြင်းကို ခံရလိမ့်မည် ဖြစ်ပါသည်။ ထိုခေတ်က လူတစ်ဦးသေဆုံးလျှင် အရင်ဆုံးအရေးယူခံရသူမှာ သူကြီးဖြစ်၏။

သူကြီးမင်း မျက်ကလူးဆံပြာဖြစ်ကာ ချောင်းရိုးစပ်၌ ဆွေ့ဆွေ့ခုန်လျက် အသံလိုင်းအမြင့်ဆုံးတင်ကာ အက်ကွဲသံကြီးဖြင့် -

ဟေ့ကောင်ဘပု၊ လူခွန်မဆောင့်နဲ့တော့။ ရေထဲကတက်ခဲ့ပါကွာ။ မြန်မြန်တက်ခဲ့ပါတော့"

မချစ်သော်လည်းအောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူဆိုသလို ကိုဘပုရေနစ်လေမည်ကို စိုးရိမ်သောကြောင့် မဟုတ်ပါ။ သူကြီးမင်းသည် သူအရေးယူခံရမည်ကို ကြောက်သောကြောင့်သာ ကိုဘပု၏အသက်ကို ကယ်တင်လိုက်ခြင်း ဖြစ်ပါသည်။ လူခွန်မဆောင်ရဟူသော သူကြီးအမိန့်ရသည်နှင့် ကိုဘပုသည် ရေထဲမှ သွက်လက်စွာတက်ခဲ့လေတော့၏။ ကိုဘပု ကုန်းပေါ်သို့ရောက်လာမှ သူကြီးမင်း ဟင်းခနဲ သက်ပြင်းချနိုင်ရှာပါသည်။

သူကြီးမင်းသည် ကိုဘပုကို မုတ်နိုင်တော့သည့်အဆုံး လက်မြောက်အရှုံးပေးလိုက်ရပုံမှာ -

သူကြီးမင်းကိုယ်တိုင် အခွန်ရုံးသို့သွား၍ ကိုဘပုအတွက် လူခွန်တော်ငွေ (၅) ကျပ်ကို သူကြီးမင်းအိတ်စိုက်ပေးဆောင်သွားသည်ကို ကျေးပေါက်ရွာသားတချို့ တွေ့မြင်လိုက်ကြရလေ၏။

❑

အဖောင်၏ အရက်ဆိုင်တွင် အကျင့်သည် ဧည့်ခံကြိုဆိုရေး ဖော်ရွေပျူငှာ၏။ ဆက်ဆံရေးကောင်းမွန်ပါသည်။ စားပွဲထိုးကျွမ်းကျင်၏။ စားသုံးသူလိုအပ်ချက်တို့ကို လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးပါ၏။ အကျင့်သည် စိုစိုပြည်ပြည်မွတ်ညက်သော အသားအရေနှင့်ပြည့်စုံ၏။ သူမ၏ဘယ်ဘက်သွားစွယ်ကို အဖောင်က ရွှေသားကွပ်ပေးထား၏။ သူမပြုံးလိုက်လျှင် ရွှေသွားရောင် ဝင်းလက်သွားပါသည်။ ကျစ်ဆံမြီး၊ စံပယ်တင်မဲ့နှင့် ဖော်ရွေသော အပြုံးပိုင်ရှင်အကျင့်၏ ဆွဲဆောင်မှုတို့ကြောင့် အရက်ဆိုင်တွင် လူပြတ်သည် မရှိတော့ချေ။

ကိုဘပုသည် နတ်ကျွန်းမှ ငွေအကြွေစေ့များ၊ နတ်ရပ်ပသထားသော အရက်တို့ကို ခွင့်တောင်းကာ သောက်စားသုံးစွဲရင်း အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးလာ၏။ လူကြမ်းတော့ နတ်ကြမ်းမခံနိုင်အဖြစ်မျိုး ကျေးပေါက်ရွာတွင် ကြုံလာရလေ၏။

ကျေးပေါက်အင်းထဲတွင် နတ်ကတော်တစ်ဦးရှိလေသည်။ တစ်နေ့သော အခါဝယ် ကိုဘပုသည် နတ်ကွန်းမှ ငွေအကြွေစေ့များ အကုန်,မချသွားလေ၏။ နတ်ကွန်းပေါ်တွင် ငွေအကြွေစေ့တစ်ပြားသားမှ မရှိတော့ပါ။ အင်းထဲမှ နတ်ကတော်အား ကိုးမြို့ရှင် ချက်ချင်းဝင်ပူးပါလေတော့၏။

"ဘပုဆိုတဲ့အကောင်၊ ငါ့အရက်ပုလင်းတွေ၊ ငွေအကြွေတွေ ခဏခဏလာချေးတယ်။ မချေးတဲ့နေ့ဆိုတာ မရှိသလောက်ပါပဲ။ ဟင်း. . . ဟင်း. . . တော်ရုံဆို သည်းခံနိုင်သေးတယ်ဟေ့။ အခုတော့ အခုတော့ကြည့်လေ၊ ပိုက်ဆံချေးတာ အကုန်မချသွားတယ်လေ၊ ကောင်းကြသေးရဲ့လား။ ဘပု ငါ့ကို နှိပ်စက်လွန်းတယ်။ ဟင်း. . . ငါမခံနိုင်တော့ဘူး။ သင်းကို ငါသတ်ချင်လာပြီဟေ့"

နတ်မင်းသည် နတ်ကတော်ကို ဝင်ပူးပြောရင်း၊ ကိုဘပုကို ကြိမ်းဝါးသွားလေ၏။ နတ်ကတော်ကိုပူး၍ ပြောပြခြင်းမျှသာ ဖြစ်ပါ၏။ ကိုဘပု၏ ကံဇာတာမိုးထိုးနေသည်မို့ ဘပုတို့ကတော့ ပန်းပန်လျက်ပါ။ ထိုအချိန်တွင် ကိုဘပုသည် အကျင့်၏ဆိုင်တွင် ဆက်ရက်မင်းစည်းစိမ် ခံစားနေလောက်ပေပြီ။

❑

ကိုဘပုသည် သူ၏ဖခင်လယ်ကို ရှောင်မရသည့်အခါ ဝိုင်းကူလုပ်ပေးတတ်ပါ၏။ သဘောမျှသာ မစို့မပို့ အလုပ်ဗန်းပြလိုက်ခြင်း ဖြစ်ပါ၏။ သူသည် နတ်စင်မှ အရက်၊ ငွေအကြွေတို့ကို ချေးမြဲ၊ ငှားမြဲ၊ သောက်မြဲ။ သူမချေးဘူးသောနေ့မရှိသလောက် ဖြစ်ချေ၏။ နေ့စဉ် ငွေချေးခြင်းသည် နေ့စဉ်သောက်သုံးနေသောကြောင့် ဖြစ်ပါသည်။ ချေးငှားထားသည်များကိုလည်း မယုတ်မကွက်ပြန်ဆပ်နေပါသည်။ ချေးလိုက်၊ ပြန်ဆပ်လိုက် လုံးချာရိုက်နေ၏။ ကိုဘပု အကြွေးသံသရာလည်နေပုံက မရပ်မနား။

တစ်ညနေ ကိုဘပုသည် အကျင့်တို့ဆိုင်တွင် အရက်သောက်နေသည်မှာ ရေခဲ့နိုင်ကိုက်နေရာအထိ မရပ်နားမိ၍ ရေခဲ့နိုင်လွန်းသွားလေ၏။ မီးခွက်ထွန်းခဲ့နိုင်သို့ပင် ရောက်ရှိသွားပါတော့သည်။ သူသည် အကျင့်ကို နှုတ်ဆက်ကာ အရက်ဆိုင်မှ အိမ်သို့ပြန်ရန် ခြေဦးတည့်လိုက်ပါ၏။ သူ၏ ခန္ဓာကိုယ် ယိမ်းယိုင်သွား၍ အကျင့်ကထိန်းပေးလိုက်ရပါသည်။ ကိုဘပုသည် အကျင့်လက်ထဲမှ ရုန်းထွက်ကာ ရတယ်ဟူသော အမူအရာဖြင့် ဆိုင်အပြင်သို့ ရောက်လာပါသည်။ ဆိုင်ပြင်တွင် မှောင်နေလေပြီ။

သူ၏ခြေလှမ်း စည်းချက်မမှန်ပါ။ ညာခြေသော်လည်းကောင်း၊ ဘယ်ခြေသော်လည်းကောင်း မြေကြီးနှင့် မိတ်ဆက်ပုံချင်းလွဲနေ၏။ ထို့ကြောင့် သူလျှောက်လှမ်းနေသည့် ရည်ရွယ်ချက်က အိမ်သို့ပြန်ရန်ဖြစ်သော်လည်း အိမ်သို့ မရောက်ပါ။ သူ၏ ခြေလှမ်းများက ရွာအစွန် ဘုန်းကြီးကျောင်း ခြံစပ်ဘက်သို့ဆွဲခေါ်ခြင်းကို သူ၏မသိစိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com

ရာအတိုင်း ရောက်လာခဲ့ပါ၏။ ထိုခြစ်ပဲ
ကွင်း ပိတောက်ပင်ကြီးတစ်ပင် တည်ရှိ
သော်၏။ ထိုပိတောက်ပင်ကြီး၏ သတင်း
အကောင်း။ ပိတောက်ပင်မှ သရဲတစ်
ကောင် လိုက်လိုက်ဆွဲတတ်ကြောင်း
ကျေပါက်တစ်ရွာလုံးသိနေကြသည်။

ကိုဘပု၏ ခေါင်းအတွင်း၌ ရှိဝေ
နေပါသည်။ ခြေလှမ်းများရွေ့သို့ လှမ်း
နေသော်လည်း မှောင်နှင့်မည်းမည်း
တစ်ယောက်တည်းလျှောက်နေလေ၏။
ပိတောက်ပင်ကြီးအောက်သို့ ရောက်
လာသည်နှင့် သူ၏ဦးခေါင်းမှ ဆံပင်တို့
ဆောင်ထလာကြ၏။ 'တစ်ကိုယ်လုံး
ကြက်သီးဖြန်းခနဲထမိလေ၏။ ထိုအချိန်
ကွင် ပိတောက်ကိုင်းကျိုးသံကြီး သွနား
ကြားဆတ်ကြားလိုက်ရ၏။ သူ၏
ဦးခေါင်းပေါ် တည့်တည့်မှဖြစ်သည်။ကိုင်း
ကျိုးကျသံကြားရပြီးနောက် သူ၏ ဦး
ခေါင်းကို ရိုက်ခတ်မိလေ၏။ သို့သော်
ဘာမှ မပြင်းထန်ပါ။ ဖွဲ့အိတ်ကြီးနှင့်
ဆင်တူမိသကဲ့သို့ခံစားလိုက်ရပြီး ကိုဘပု
မြေပြင်သို့ လဲကျသွားပါသည်။ အပေါ်
မေ့ဆေးထား၍ ကိုဘပုထမရပါ။

ကိုဘပုသည် အမှောင်ထဲ၌ ဆွဲမိ
ခဲ့ရာကို ကိုင်လှုပ်ကာ နပန်းလုံးရလေ
၏။ လက်သီးဖြင့်ဆွဲထိုးလိုက်လျှင်လည်း
ဟွာအိအိဖြစ်နေသည်ကို ကိုဘပု သတိ
ထားမိပါသည်။ သူက အပေါ် ရောက်
သို့က် တစ်ပတ်လိမ့်သွားလျှင်လည်း အဖိ
ခံပြန်လေတော့၏။ ကိုဘပုတစ်ကိုယ်
လုံး ဖုန်များ ကျွေးများဖြင့် ရွှံနစ်လာ၏။
မှောင်ထဲ၌ ဘာမှမမြင်ရသောကြောင့်
ကြောက်လန့်ကာ အရက်ရှိန်များ ပျံလွင့်
သွားတော့သည်။ ကိုဘပု အမူးပြေသွား
ရာ အားခွန်များသန်မာတက်ကြွလာကြ
၏။ ဘာကိုမှမှန်း၍ မမြင်ရမသိရသော
ဖွဲ့အိတ်ကဲ့သို့ ပုလုံးလုံးကြီးကို သဲကြီး
မကြီး နပန်းလုံးနေရပါသည်။ သူတစ်ပြန်
ဘိုယ်တစ်ပြန် သတ်ပုတ်နေရာ အချိန်
ကြာလာသောအခါ ကိုဘပု ခြေကုန်
လက်ပန်းကျလာပါတော့၏။

ထိုပျော့အိအိကြီးကို သူ၏လက်
နှင့် မိမိရရ ဆုပ်ကိုင်မလိုက်သည့်အခိုက်
ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်
သံ 'တုံ. . . တုံ. . . တုံ' ကြားလိုက်ရ
သည်နှင့် အိတ်ကြီးကဲ့သို့ မဟုတ်တော့
ဘဲ သူ၏လက်ထဲတွင် (၁) ပေခန့် ရှည်
မျောမျောဖြစ်သွားကာ ရုန်းကန်နေလေ
၏။ ကိုဘပုသည် ထိုရှည်မျောမျောအရာ
ကို မြေကြီးနှင့် ရိုက်ပုတ်လိုက်သည်။
ညည်မျှကြာအောင် ရိုက်နေမိသည်မသိ။

အရုဏ်တက်လာပြီး အရှေ့လောက
ဓာတ်တစ်ခွင်မှ အလင်းရောင်ပေါ် လာခဲ့
ပြီ ဖြစ်ပါ၏။ မှန်ဝါးဝါးအလင်းရောင်
ဖြင့် လက်ထဲမှအရာကို စူးစိုက်ကြည့်
လိုက်ရာ ပုတ်သင်ညိုခေါင်းစိမ်းကြီး ဖြစ်
နေသည်ကို တွေ့လိုက်ရပါသည်။ ပုတ်
သင်ညိုခေါင်းကြီးက လှုပ်ခါနေဆဲ။

လှုပ်နေသော ခေါင်းစိမ်းကြီးကို
အနီးတွင်တွေ့ရသော အရက်ပုလင်းခွံ
ဖြင့် ထုချလိုက်တော့မှ ငြိမ်ကျသွားလေ
တော့၏။ ထိုပုတ်သင်ညိုကိုကြည့်ရင်း-

"တစ်ညလုံး ငါနဲ့ နပန်းလုံးနေတာ
ဒီပုတ်သင်ညိုကြီးပါလား"

ကိုဘပု အံ့သြသွားရလေ၏။ ထို
သတ္တဝါကို သူသည် အကောင်ကြီး
တစ်ကောင်နှင့် လုံးထွေးသတ်ပုတ်နေရ
သလိုလို၊ ဖွဲ့အိတ်ကြီးနှင့်လုံးနေရသလိုလို
ယခု ဒက်ထိတွေ့လိုက်ရတော့မှ ပုတ်
သင်ညိုတစ်ကောင်သာလျှင် ဖြစ်နေပါ
တော့သည်။ ထူးဆန်းလေစွတကား။

ကိုဘပုသည် ပုတ်သင်ညိုလက်
ကဆွဲလျက် အိမ်ဘက်သို့ တည့်မတ်စွာ
လျှောက်လှမ်းနိုင်ခဲ့ပါသည်။ အိမ်သို့
ပြန်ရာလမ်းတွင် သူ၏ ဘကြီးအိမ်ရှိ
လေ၏။ ဘကြီးသည် ခြံဝင်းထဲ၌ ကနုစ်
ထင်းခွောင်းများဖြင့် ရေနွေးအိုးတည်
ကာ အဖန်ရည်ပင်သောက်နေပြီ ဖြစ်ပါ
သည်။ ကိုဘပုသည် ခြံဝင်းထဲသို့ ဝင်
သွားလိုက်သည်။ ဘကြီးအနီး၌ ထိုင်ချ
လိုက်၏။ ဘကြီးသည် ကိုဘပုကိုကြည့်
ကာ-

"မောင်ဘပု၊ ဘယ်ကပြန်လာတာ
လဲ။ အဖန်ရည်ကျကျလေးသောက်ဦး
လေကွယ်"

"ရွာထဲကပါ ဘကြီး၊ ကာ့စိုထင်း
ချောင်းမီးခဲတွေ ရဲနေတာပဲ။ ဘကြီး
ဟိုလေ ကျွန်တော် ငါးခြောက်ဖုတ်ချင်
လို့"

"ဖုတ်လေကွယ်"

ဘကြီးက စကားကို တုံးတိတိ
ပြောလိုက်၏။ ကိုဘပုသည် ပုတ်သင်ညို
အသေကောင်ကို မီးကျီခဲပေါ် သို့တင်၍
မီးဖုတ်လိုက်၏။

"ဟ - မင်းဟာကပုတ်သင်ညိုကြီး
ပါလား"

"ဟုတ်တယ် ဘကြီး၊ ကျွန်တော်
ပိတောက်ပင်အောက်က ကောက်လာ
တာ"

ဘကြီးသည် စကားနည်းသူဖြစ်၍
ဆက်မမေးတော့ပါ။ အဖန်ရည်ကိုသာ
ဆက်သောက်နေလေ၏။ ကိုဘပုသည်
လည်း ပုတ်သင်ညိုကိုယ်လုံးကို ထင်း
ခွောင်းဖြင့်ထိုး၍ မီးခဲပေါ်၌ လှန်လျော
ပေးရင်း မီးပူရှိန်ကြောင့် အရောင်
အသွေးနီလာသည်အထိ မီးဖုတ်ထား
လိုက်ပါသည်။ ပုတ်သင်ညိုအသားကျက်
လာပြီး ညှော်နံ့ထွက်လာ၏။ ညှော်နံ့
သည် သင်းကြိုင်မွှေးပျံ့လာကာ ကိုဘပု
၏ နှာဝတွင် တဝဲလည်လည်ဖြင့် ကလူ
ကျီစယ်လာ၏။ ကိုဘပုသည် ကျက်သွား
ပြီဖြစ်သော ပုတ်သင်ညိုကို မီးခဲပေါ်မှ
ဆယ်ယူလိုက်ပါသည်။

အနီးရှိ ဘကြီးအား ဂါရဝပြုသော
အားဖြင့် လောကွတ်ခွော်လိုက်ပါ၏။
လောကွတ်ခွော်မိပြီးမှ ကိုဘပုမှာမှန်း
သိလိုက်ရပါ၏။

"ဟဲ ဟဲ ဘကြီး၊ ပုတ်သင်ညိုရနဲ့
က မွေးနေတာပဲ။ အဖန်ရည်နဲ့ မြည်း
ကြည့်ပါလား"

"ဟေ့ကောင် ဟေ့ကောင် တော်
စမ်းကွာ၊ ပေါက်ပေါက်ရှာရှာ"

ကိုဘပု နောင်တရမိပါ၏။ မင်
လာနံနက်ခင်း စောစောစီးစီးအဟောက်
ခံလိုက်ရ၏။ ကိုဘပု ဆိတ်ဆိတ်နေခြင်း
ဖြင့်သာ အန္တရာယ်ကင်းနိုင်ကြောင်း
သဘောပေါက်ရင်း ပူပူနွေးနွေး ပုတ်
သင်ညိုအသားကို ဇိုက်ဆာဆာဖြင့် ဝါး
လေတော့၏။ ကိုဘပုသည် ပုတ်သင်ညို
ကြော်ကြော်ရွရွဝါးစားရင်း ဘကြီး၏ အဖန်
ရည်ကိုလည်း ဇိမ်ခံ၍ တစ်ခွက်ပြီးတစ်
ခွက်တစိမ့်စိမ့်တဝကြီးသောက်ခဲ့ပါလေ
သတည်း။

❑

၌ အဖြစ်အပျက်များဖြစ်ပြီး (၆)
လခန့်အကြာ ကျံပေါက်ရွာတွင်လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ငန်းမကောင်းကြပေ။ အလုပ်ပေးမည့်သူ လုံးဝမရှိသောအခါ ကိုဘပု ငွေပြတ်လေ၏။ ကိုဘပုသည် နတ်ကွန်းမှယူထားသော အကြွေးများဆပ်ရန် စိတ်ပူလာ၏။ ထို့ကြောင့် တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသည့်စကားအတိုင်း ကျောင်းကုန်း - ကျဖော်မြို့သို့ ထွက်လာခဲ့၏။ ကျဖော်တွင် သူငယ်ချင်း ကိုသောင်းတင်ရှိလေသည်။ ထိုအခိုက် ရာသီကား ကျဖော်မြို့တွင် ငှက်ပျောခြံများမှာငှက်ပျောသီးလိုင်လိုင်ပေါ် နေပြီဖြစ်ပါသည်။ ကျဖော်မြို့တွင် အလုပ်မရှားနိုင်ခြေ။

ကျဖော်မြို့နေ ကိုသောင်းတင်သည် ငှက်ပျောခြံပိုင်ရှင် ဖြစ်လေ၏။ သူငယ်ချင်း ကိုဘပုကို ကောင်းစွာကူညီလိုက်နိုင်ပါသည်။ ရှေဦးစွာ ကိုသောင်းတင် ငှက်ပျောခြံထဲမှ ငှက်ပျောခိုင်ခုတ်ပြီးသား အပင်များကို ရှင်းလင်းပေးရ၏။ ငှက်ပျောခြံကြီးသောကြောင့် တစ်ရက်နှစ်ရက်နှင့် မပြီးချေ။ ခြံထွက်ငှက်ပျောခိုင်များဖြစ်သော ဝက်မလွတ်၊ သီးမွေး၊ နံ့သာပုငှက်ပျောခိုင်များ ရန်ကုန်တင်ပို့ရန် စီစဉ်ပေးရလေ၏။ ကိုဘပုသည် ငှက်ပျောခိုင်များကို နွားလှည်းဖြင့်တင်ကာ သင်္ဘောဆိပ်သို့ သယ်ယူပို့ဆောင်ပေးရ၏။

ကျဖော်စျေးသို့ ရောဝီလံ (ခေါ်) ရခိုင်ငှက်ပျောခိုင်များကို ကိုဘပု နေ့စဉ် တာဝန်ယူပို့ဆောင်ပေးရပါသည်။

ကျဖော်မြို့တွင် အလုပ်လုပ်နေသော ကိုဘပု နေ့စဉ်အလုပ်မပြတ်သောကြောင့် လုပ်အားခများ စုဆောင်းကာ ငွေထုပ်ပိုက်မိလာ၏။ အချိန်အားဖြင့် (၁) နှစ်ကျော်ကျော် ကြာသွားပါသည်။ ကိုဘပုသည် ငွေကြေးပြည့်စုံလာ၍ အဖေနှင့် ရွာကို လွမ်းတတ်လာသည်။ ကိုဘပုသည် ကိုသောင်းတင်ကို ကျေးဇူးတင်ကြောင်းပြောကြားပြီး နှုတ်ဆက်၍ ရွာသို့ပြန်လာခဲ့ပါတော့သည်။

ကျပေါက်ရွာသို့ ရောက်သောအခါ သူသည် ရှေဦးစွာ နတ်ကွန်းသို့ ဝင်လေ၏။ နတ်ကွန်းတွင် တောင်းပန်တိုးလျှိုးလိုက်ပါသည်။ ရေခြားမြေခြားတွင် အလုပ်သွားလုပ်နေရ၍ အချိန်ကြာမြင့်သွားကြောင်း ခွင့်လွှတ်သည်းခံပေးပါရန် ပြောကြားပြီးလျှင် သူယူထားသောအကြွေးကို အတိုးဖြင့် ပေးဆပ်လိုက်ပါ၏။ ထို့ကြောင့် နတ်ကတော်ကို ကိုဘပု၏ ကျေးဇူးရှင်နတ်မင်း ဝင်မပူးတော့ပါ။ ကျေနပ်သွားဟန်ရှိလေ၏။

ကိုဘပုလည်း စိတ်အေးသွားပြီး အကျင့်တို့ဆိုင်သို့သွားရန် သတိရလိုက်သည်။ ကိုဘပုသည် အဖေ့ထံမသွားသေးဘဲ အကျင့်တို့ဆိုင်ဘက်သို့ ခြေဦးလှည့်လိုက်ပါတော့သည်။

ကိုဘပု အရက်ဆိုင်ထဲသို့ ဝင်ထိုင်မိသည်နှင့် အကျင့်ကို တွေ့လိုက်ရပါ၏။ အကျင့်သည် သူမ၏ ဖောက်သည်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလေသည်။

"ကိုဘဘုကြီး၊ ဘယ်ပျောက်နေလဲ။ မလာတာကြာပေါ့"

"လုပ်ပြန်ပြီ ဘာဘူကြီး၊ နင်က လည်းဟယ် ဘယ်မှမပျောက်ဘူး။ စီးပွားရှာထွက်နေတာဟ"

အကျင့်ကို ယနေ့တွေ့ရသည်မှာ ထူးခြားနေလေ၏။ တစ်သွေးတစ်မွေးပြောင်းလဲနေဟန် ရှိလေသည်။ သူမသည် ယခင်က ပါးလျားသော ကိုယ်လုံးကိုယ်ထည်မျှသာရှိပါ၏။ ယခု တွေ့မြင်ရသည်မှာ သွေးသားအပြောင်းအလဲကြောင့် လုံးဝန်းစွင့်ကားနေ၏။ ကိုဘပု ရွာမှ ထွက်ခွာသွားသည်မှာ (၁) နှစ်ကျော်ကျော်အတွင်း ပြောင်းလဲသွားခြင်းဖြစ်သည်။ ကိုဘပု တွေးတောစဉ်းစားခန်းဝင်နေစဉ် အိမ်ပေါ်မှ လသားအရွယ် ကလေးငယ်၏ စူးစူးရှရှငိုသံကို ကြားလိုက်ရ၏။

အကျင့်သည် အိမ်ပေါ်သို့ အပြေးတက်သွားလေသည်။ အိမ်ပေါ်မှ ပြန်ဆင်းလာသောအခါ ကလေးငယ်တစ်ဦးကို ခါပိုးချော့မြူလာသည်ကို ကိုဘပု တွေ့လိုက်ရ၍ အံ့အားသင့်ကာ-

"ဘယ်က ကလေးလဲ"

ကိုဘပု စူးစမ်းမိလေ၏။ ကလေးငယ်ကို အထူးအဆန်းကြည့်ကာ အကျင့်ကို မေးလိုက်ပါသည်။ အကျင့်က သူအိမ်ထောင်ကျနေပြီဖြစ်ကြောင်း၊ သားယောကျ်ားလေးရပြီဖြစ်ကြောင်း၊ သူမ၏ ယောကျ်ားသည် ရန်ကုန်မြို့တော်တွင် စီးပွားရေးလုပ်ကိုင်နေကြောင်း ပြောပြလေ၏။

"ဩော် - အကျင့်အကျင့်၊ ဒါကြောင့် တစ်သားမွေးတစ်သွေးလှနေတာကိုး"

ကိုဘပု တီးတိုးရေရွတ်လိုက်ပါသည်။

ထိုအချိန်တွင် သူတို့အနီးသို့ အဖောင်ရောက်လာကာ သူသမီးကို မိဘချင်းသဘောတူညီမှုဖြင့် ပေးစားလိုက်ကြောင်း အောက်ပါအတိုင်း ရှင်းပြလေ၏။

ပီကင်း (ပေကျင်း) တွင် ရင်းနှီးခဲ့သောအဖောင့်မိတ်ဆွေသည် အဖောင်မှတစ်ဆင့် မြန်မာပြည်တွင် စီးပွားရေးလုပ်ငန်း ကောင်းမွန်ကြောင်း သတင်းရရှိလိုက်၏။ ထို့ကြောင့် သူတို့၏သားကြီး တိတ်ဟုန်ကို ရန်ကုန်သို့ စေလွှတ်လိုက်၏။ တိတ်ဟုန်သည် ရန်ကုန်မြို့ဘားလမ်းတွင် ဘိန်းခန်းကိုစတင်ဖွင့်လှစ်လိုက်ပါသည်။ ရာဇဝတ်မှုမကင်းသော လုပ်ငန်းဖြစ်၍ ယစ်မျိုးအရာရှိများနှင့် ရင်းနှီးအောင်ပူးပေါင်း၏။ ဤတိုသျှခေတ်တွင် ငွေနှင့်ပေါက်နိုင်သောကြောင့် ယစ်မျိုးဝန်ထောက်မင်းသည် တိတ်ဟုန်၏ ကြိုးဆွဲရာကရရှာသော အရုပ်တစ်ရုပ်ပမာ။

ဘိန်းခန်းတည်ထောင်မှု အောင်မြင်ပြီး တစ်ဆင့်တက်၍ အရက်ခန်းနှင့် ဇိမ်ခန်းနန်းတော်ကြီးများ တိုးချဲ့ပေါ်ပေါက်လာပါ၏။

အသက်ငယ်ငယ်နှင့် ချမ်းသာလာသော တိတ်ဟုန်ကို ဦးတိတ်ဟုန်အဖြစ် ပိုင်းဝန်းလေးစားလာကြရလေ၏။ ဘိန်းနန်းတော်၊ အရက်နန်းတော်၊ ဇိမ်နန်းတော် (သုံး) နန်းတော်ဘုရင်ကြီးအဖြစ် ထင်ရှားလေသည်။ ဤတိုသျှခေတ် ရန်ကုန်မြို့၌ ထင်ရှားကျော်ကြားပုဂ္ဂိုလ်စာရင်းဝင် ဖြစ်လာ၏။ တိတ်ဟုန်သည် သူ၏လုပ်ငန်းအံတွက် အစိုးရပိုင်းနှင့် လုံလောက်သော လုံခြုံမှုမရှိကြောင်း တွေးခေါ်မိသည်။ မိမိလုပ်ငန်းကြီးများအတွက် လူမိုက်မွေးမြူရန် လို အပ်ကြောင်း သူဦးနှောက်က သူ့ကို အသိပေးလေ၏။

ထို့ကြောင့် မိုက်ချက်ကမ်းကုန်သည့် နာမည်ကြီး လူမိုက်ကြီးများကို သူတို့ကြိုက်တတ်သည့် အစာများဖြင့် ကျွေးကာ ကျဲးသွင်းလိုက်ပါတော့သည်။ သူတို့သည်ကား မိုက်ခဲထွန်းရွှေ၊ လမ်းတော်ဘိုးတုတ်၊ ပုဇွန်တောင်မိုး၊ ဝါးရင်းတုတ်ဘခက်တို့ ဖြစ်ကြပါ၏။ လူမိုက်ကြီးတို့သည် သုံးနန်းတော်အတွင်းသို့ တံခါးမရှိကားမရှိဝင်ခွင့်လက်မှတ်ရပုဂ္ဂိုလ်ကြီးများဖြစ်ကြရလေကုန်သတည်း။

စီးပွားရေးလာဘ်မြင်သူ အဖောင်သည် မိတ်ဆွေ၏သားဖြစ်သူကို ဖိုဇ ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ကာ အပိုင်သိမ်းဆွဲစိုလိုက်ပါတော့၏။ မိမိ၏သမီး အသက်ငယ်ငယ်ရွယ်ရွယ်လေးကို သူ့ဇင်း ဦးတိတ်ဟုန်နှင့် စုလျားရစ်ပင်ထိမ်းမြားလက်ထပ်ပေးလိုက်ပါတော့၏။ ဦးတိတ်ဟုန်သည် ရန်ကုန်မြို့ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း(ပေကျင်း)နှင့် ဆက်စပ်လျက် ကျင်လည်ကျက်စားနေပြီး ကျူပေါက်ရွာ ကားသို့လည်း ခဏခါပေါက်ချလာတတ်ပါ ၏။

ဤသို့ဖြင့် အကျင်သည် သားယောကျ်ားလေး မွေးဖွားအောင်မြင်ခဲ့ပါသည်။ တိတ်ဟုန်သည် သားယောကျ်ား ကလေးရရှိ၍ အကျင့်ကို တိုး၍ချစ်ခဲ့ရပါသည်။

(တိတ်ဟုန်သည် စီးပွားရေးအခြေ တိုင်တောင့်တင်းပြီး လုပ်ငန်းတည်ငြိမ် သောအချိန်၌ အကျင်တို့ သားအမိ ကျေးတောရွာလေးမှ ရန်ကုန်ရွှေမြို့ ကြီးသို့ ခေါ်ယူလိုက်ပြီး မိသားစု အဖွဲ့ဝင်စွာ နေထိုင်သွားကြကြောင်း သိရှိရပါသည်။ စာရေးသူ)

❑

ကလေးငယ်သည် ကိုဘပုရှေ့သို့ ရောက်သောအခါ ရုန်းကန်ဟစ်အော် နေရာ အကျင် ထိန်း၍မရတော့ချေ။ ကိုဘပုသည် အရက်သောက်နေရင်း ကလေးငိုသံကြောင့် အနှောင့်အယှက် ဖြစ်ရလေ၏။ ဇိမ်သံသောက်နေ၍ မရ တော့ပါ။ တစ်ကျိုက်တည်း မော့ချလိုက် ပြီး မိမိအိမ်သို့ ပြန်လာခဲ့တော့သည်။ အချိန်တန်သောအခါ သွားနေကျ အချိန်ကျလျှင် ကိုဘပုတစ်ယောက် အကျင်တို့ဆိုင်ဘက်သို့ ရောက်ရပြန်ပါ သည်။ နေ့စဉ် ဝတ္တရားမပျက်ပင် ဖြစ်ပါ သည်။ နောက်နေ့ အရက်ဆိုင်သွားရာ ဆိုင်လည်း ကလေးငယ်နှင့် ဆုံရပြန်၏။ ကိုဘပုကို တွေ့လိုက်သည်နှင့် ကလေး ငယ်သည် ငိုမြဲငိုရပြန်၏။

ကိုဘပုနှင့် ကလေးတွေ့ဆုံလိုက် ကြိုင်း ကလေးငယ်ခမျာ ငိုနေရှာလေ ရော။ ရက်ကြာလာသောအခါ ကိုဘပု ကြောင့် ကလေးငိုရသည်ကို အကျင်ရိပ် စားမိလေ၏။ အကျင်သည် သည်းမခံ နိုင်တော့ဘဲ ကိုဘပုဆိုင်သို့မလာရန် အကျင်က ပြတ်ပြတ်သားသား နှင့်ထုတ် လေတော့၏။ ကိုဘပုသည်လည်း စိတ် ကောင်းဖြစ်မိလေ၏။ ထို့ကြောင့် အကျင်တို့ အရက်ဆိုင်တွင် ကိုဘပု ဟူသော ဖောက်သည်တစ်ယောက် လျော့သွားလေတော့သည်။

ကိုဘပု အရက်ဆိုင်သို့မရောက် သည်မှာ (၈) လခန့် ကြာမြင့်သွားလေ သည်။

ကလေးက ဘာကြောင့် ငိုလေ သနည်း ကိုဘပု စဉ်းစားမရပါ။ ကိုဘပု သည် သောက်နေကျဆိုင်လေးကို သတိ ရနေပါသည်။ သူသွားလျှင် ကလေးငို တတ်သည်ကိုလည်း စိတ်မကောင်းပါ။ ဆိုင်သို့မရောက်သည့် ကာလအတွင်း ကိုဘပုသည် ရရာအရက်ကို ရှာကြံ၍ သောက်နေရပါသည်။ ဆိုင်သို့သွားရန် သူ၏စိတ်က နှိုးဆော်လာပြန်ပါသည်။

အကျင်၏ ကလေးသည်လည်း ယခုဆိုလျှင် တွတ်တီးတွတ်တာ မပီ ကလာပီကလာပြောတတ်သည့်အရွယ် သို့ ရောက်လာခဲ့ပေပြီ။ ကိုဘပုသည် အရက်ဆိုင်ထိုင်ရန် ဆန္ဒပြင်းပြစွာ ဖြစ် ပေါ်လာလေ၏။ မရောက်သည်မှာ ကြာ ပြီဖြစ်သောကြောင့် ခုလောက်ဆိုလျှင် ကလေးငယ်သည် သူ့ကိုတွေ့ပါက ငို စရာ အကြောင်းမရှိလောက်တော့ပြီဟု တွေးထင်မိပါသည်။ ထိုအတွေးသည် မှားလေ၏။

ကိုဘပုသည် အကျင်တို့ အရက် ဆိုင်သို့ ထွက်လာခဲ့ရပြန်ပါသည်။

ကိုဘပု အရက်ဆိုင်ထဲသို့ရောက် သည်နှင့် အကျင်၏ ရင်ခွင်ထဲမှာကလေး ငယ်သည် အထိတ်တလန့်ဖြင့် စူးစူးရှရှ အော်မြည်လေတော့၏။ ကိုဘပုထံသို့ လည်း သူ၏လက်ညှိုးလေး တည့်တည့် ထိုးကာ-

"ကြောက်တယ်၊ ကြောက်တယ်"

တုန်တုန်ယင်ယင်ဖြင့်ပြောရှာလေ ၏။ ကလေးငယ် အငြိမ်မနေတော့ပါ။ မိခင် ရင်ခွင်ထဲမှာ လှုပ်ရှားရုန်းကန်နေပါ သည်။ အကျင်သည် စိတ်နှလုံးထိခိုက် စွာဖြင့်-

"ဘာကိုကြောက်တာလဲ သား လေးရယ်၊ မာမားရှိတယ်လေ။ မကြောက်ရဘူးနော် သားလေး"

အကျင်သည် ပူဆွေးလျက် သူမ ၏သားလေး အကြောက်ပြေစေရန် ချော့ရှာလေ၏။ အမျိုးမျိုးချော့သော်လည်း မည်သို့မျှ ကြိုးစားချော့၍ မရချေ။ ကလေးငယ်သည် ကိုဘပုကို သေသေချာချာမကြည့်ရဲချေ။ သူ၏ နှုတ်ခမ်းပါးလေးဖြင့် သူ၏ မာမားကို မပီကလာပီကလာ ဤသို့ပြောရှာသည်။

"အဲဒီယုဂျီး သားကို မီးခဲနဲ့ဖုတ် စားတယ်။ အဲဒီယုဂျီး. . . မာမား သား ကြောက်တယ်"

ကလေးက အကျောက်အတန် ပြောလိုက်၏။ ကိုဘပု မျက်လုံးအိုင်း သားဖြင့် အံ့အားသင့်ရ၏။ အကျင်သည် နားမလည်သောအကြည့်ဖြင့် ကိုဘပုကို တစ်လှည့်၊ ကလေးငယ်ကိုတစ်လှည့် ကြည့်နေမိသည်။

ကိုဘပု ကြက်သေသေကာ ဖျတ် ခနဲ သတိတစ်ချက်ဝင်လာသည်။

လွန်ခဲ့သော (၂) နှစ်ခန့်က သူ သည် ပုတ်သင်ညှိနှင့် နပန်းလုံးခဲ့၏။ ထိုပုတ်သင်ညှိကို သူသည် အရက် ပုလင်းခွဲဖြင့် ထုသတ်ခဲ့သည်။ ထိုပုတ် သင်ညှိကို ဘကြီးရေနွေးကိုတည်သော မီးကျီခဲရဲရဲမှာ မီးဖုတ်၍ သူစားခဲ့သည်။ သူ၏အတွေးအာရုံဝယ် ဘိုင်စကုတ်ပြ သည့်နှယ် တစ်ခန်းပြီးတစ်ခန်း ပေါ်လာ တော့၏။ ထူးဆန်းလှပေစွ။ ကိုဘပု တုန်လှုပ်၊ အံ့သြ ဝမ်းနည်းမှုတို့တစ်ပြိုင် တည်းဖြစ်ပေါ် ရလော့၏။

အကျင်၏ကလေးသည် သရဲဘဝ မှ လူဝင်စားဖြစ်လာလေသလော။

ဘဝသံသရာမှာ ကျင်လည်ကျက် စားကြကုန်သော သံသရာခရီးသည်များ သည် ဘဝများစွာတို့ အခန်တလဲလဲ ပြောင်းလဲရောတ်ခွဲကြကုန်၏။ ဤ သံသရာထဲမှမကျော်လွှားကြသေးသရွေ့ ဘဝများစွာ အခန်းနန်းလည်နေကြဦး တော့မည် ဖြစ်လေသည်တကား။

အတိတ်ဘဝကို ပြန်လည်သိမြင် ပြီး သူတစ်ပါးအား ကြာပြန့်ခြင်းသော လူသားတို့ကို ဗုဒ္ဓကျင်စာ၌ 'ဇာတိဿရ ပုဂ္ဂိုလ်' ဟု ခေါ်၏။ ခေတ်အခေါ်အား ဖြင့် လူဝင်စားဟု ခေါ်ကြပါသည်။ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အတိတ်ဘဝမှ သေလွန်၍ ယခုဘဝ် လူပြန်ဖြစ်ပြီးနောက် နွေဘဝကို သိမြင် သူများကို 'ဇာတိဿရပုဂ္ဂိုလ် (သို့) လူ ဝင်စား' ဟု ခေါ်ဆိုကြလေသည်။

ထို့ကြောင့် ကိုဘပုသည် ဤသို့ နားလည်လိုက်ပါ၏။

အင်း - ထူးထူးဆန်းဆန်း ငါနဲ့ နပန်းလုံးခဲ့ရတဲ့ ပုတ်သင်ညှိဟာ ဒီ ကောင်လေးပါလား။

အသင်ကော မည်သို့နားလည်ပါ သနည်း။

*ဘဝတုသဗ္ဗမင်္ဂလ်*

အောင်မြင့်ထွန်း (မသုံးလုံး)

**မှတ်ချက် -**

*(အမည်၊ နေရပ် လွဲပြောင်းထား ပါသည်။ ဆရာကြီးဦးမျိုးမြင့်သိန်းအား အထူးကျေးဇူးတင်လျက်)*



www.burmeseclassic.com

www.burmeseclassic.com

# ဇရာဖြေ-ကော်ဝေ

## နှတ်ဆက်များနှင့်သိုင်းသမားများ



ကျွန်တော်တို့ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၏ မြန်မာ့မီးရထားစက်ရုံကြီးတွင် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့စဉ်အခါနှင်က ဖြစ်ရပ်မှန်တစ်ခုကို ပြန်လည်စဉ်းစားမိသဖြင့် စာရေးရန်အတွက်ကုန်ကြမ်းလည်းရရှိသဖြင့် ဂမ္ဘီရဆန်သော ဇာတ်လမ်းတစ်ပုဒ်ကို မှတ်တမ်းပြု၍ ထုတ်ဖော်ရမည်ဆိုပါလျှင် -

ကျွန်တော်ပင်စင်မတိုင်ခင် (၃)နှစ်အလိုလောက်က ဖြစ်ပါသည်။ ဌာနတွင် တာဝန်အသီးသီး၊ လူမျိုးပေါင်းစုံ စုံလင်လှသဖြင့် ရေလက်ကြား၊ လိုင်းတန်းလျား၊ လူကပြားဟု ခေါ်ဝေါ်ခြင်းမှာ အဆန်းတော့မဟုတ်တော့ပါ။ မြန်မာပြည်မှာ မြန်မာတိုင်းရင်းသား အနွယ်အဝင် အမျာအပြားရှိကြသလို တရုတ်၊ ကုလားလူမျိုးခြားများလည်း လုပ်ငန်းအသီးသီးတွင် တာဝန်အသီးသီးဖြင့် နေရာယူ လုပ်ကိုင်လျက်ရှိကြပါသည်။ ကျွန်တော်နေထိုင်သောလိုင်းတန်းလျားသည် (၈)ခန်းတွဲဖြစ်သဖြင့် ကျွန်တော်၏ အေားတွင် နေထိုင်ကြသောသူများသည် မကြာခဏပြောင်းရွှေ့သွားကြရပါသည်။ ကျွန်တော့်နေအိမ်ခန်းမှာ မြောက်ဘက်အစွန်ခန်းဖြစ်သဖြင့် တောင်ဘက်ခေါင်းရင်းဘက်(၇)ခန်းမှာ ဆက်လျက်အနေအထားများဖြင့် အိမ်ခန်းဖွဲ့ထားသည်မှာ ကျွန်တော်၏အိမ်ခန်းနှင့်အတူ ကျွန်း၊ ပျဉ်းကတိုးများဖြင့် ဆောက်လုပ်ထားသောသစ်မျိုးမှန်အိမ်များလည်း ဖြစ်ကြပါသည်။ ကျွန်တော်၏ ခေါင်းရင်းဘက်ကပ်လျက်ရှိသော ထိုအိမ်ခန်းသည် ကုလားသိုက်လမ်းကြောင်းနှင့်မလွတ်ဟုအချို့ပြောကြားကြသည်ကို ကြားဖူးနားဝရှိခဲ့ဖူးပါသည်။ ကျွန်တော်၏ကိုယ်တွေ့ထိုအိမ်ခန်းတွင်နေထိုင်သူမိသားစုများမှာခိုက်ကြပါသည်။ ခိုက်သည်ဆိုသည်မှာ အိမ်ခန်းခိုက်ခြင်းကို ဆိုလိုပါသည်။

မှတ်မှတ်ရရ လျှပ်စစ်ဌာနမှ ကရင်အမျိုးသားတစ်ဦး ပြောင်းရွှေ့လာပြီး တာဝန်ဖြင့် ခရီးသွားလာရင်း လမ်းတွင်သေဆုံးခဲ့ပါသည်။ ဒါက ပထမအကြိမ်ပါ။ ဒုတိယအကြိမ် ကုလားလင်မယားနှစ်ယောက်ပြောင်းရွှေ့လာပြီး မကြာခဏရန်ဖြစ်ကြသည်။ နောက်လင်မယားချင်း ကွဲကွာပြီး အလုပ်ပါပြုတ်သည်အထိ ဖြစ်သွားကြပါသည်။ တတိယအကြိမ် ဟင်္သာတတွင် နေထိုင်သူ မိသားတစ်စု အရေးအခင်းကာလတွင် စစ်တပ်မှ မသက်ာမှုဖြင့် ခေါ်ယူစစ်ဆေးခြင်းခံခဲ့ရပါသည်။ ၎င်းနောက်တွင် အိမ်ခန်းခိုက်သည်ဆိုပြီး ရပ်ကွက်ထဲသို့ ပြောင်းရွှေ့နေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ စတုတ္ထအကြိမ် ဝန်ထမ်းငယ်အလုပ်သမားတစ်ယောက် ပြောင်းရွှေ့ဘာခဲ့သည်။ အထက်အညာဒေသမှဖြစ်သည်။ မိသားစုအလိုက် ပြောင်းရွှေ့ဘာခဲ့သော်လည်း နှစ်လမျှကြာသောအခါ ခင်ပွန်းဖြစ်သူ ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသခံယူရင်း ဆုံးသွားခဲ့ပါသည်။ ကျန်မိသားစုလည်း အညာဒေသသို့ဘာရပ်ထံသို့ပြောင်းရွှေ့သွားခဲ့ပါသည်။ ယခုအကြိမ် စက်ပြင်လုပ်သားတစ်ဦး ဘာဝန်ဖြင့် ရထားလိုက် ခရီးသွားရင်း ကြိုးစက်ရုံတွင် ဆုံးသွားပါသည်။ အရက်၏ဆိုးကျိုးကြောင့်ဟု ဆိုပါသော်လည်း အိမ်ခန်းခိုက်ခြင်းက ထင်ရှားစွာပင် သက်သေပြပါသည်။ဆဋ္ဌမအကြိမ် စက်ဝိုလ် (စက်ခေါင်းမောင်း) တစ်ဦး၏ဇနီးနှင့် သတ္တမအကြိမ် စက်ဝိုလ်(စက်ခေါင်းမောင်း) တစ်ဦး၏ ဇနီးတို့သည်လည်း ကိုယ်တစ်ခြမ်းလေဖြတ်၍ ပြောင်းရွှေ့သွားမှ ပျောက်ကင်း ချမ်းသာသွားကြပါသည်။

ကျွန်တော်တို့ ငယ်စဉ်အခါက ထိုအိမ်ခန်းနှင့် မျက်စောင်းထိုးနေအိမ်တွင် အမှုထမ်းတစ်ဦး၏ဇနီးတစ်ယောက်သည် မကြာခဏ ကုလားသိုက်မှ သိုက်စောင့်များဝင်ပူး၍ ကုလားစကားများ ပီပီသသပြောခြင်းကို ကိုယ်တွေ့ကြုံခဲ့ရပါသည်။ အနီးအနားရှိ ကုလားလူမျိုးများက စကားပြန်ပေးမှ သိုက်လမ်းကြောင်းမလွတ်သောနေအိမ်ခန်းများဟု သိရှိရပါသည်။ သူတို့ပျော်ချင်ပါးချင်၍ ပျော်ပွဲနတ်ကနားများကိုလည်းပေးဖို့ တောင်းဆိုကြသည်။ ထိုမျက်စောင်းထိုးနေအိမ်မှ အမျိုးသမီးသည် နတ်ကနားပွဲပျော်ပွဲပေးသောအခါ များမကြာခင် ယောကျ်ားဖြစ်သူ ရာထူးတက်ပြီး ဧးပွားရေးပြေလည်စွာဖြင့် ပြောင်းရွှေ့သွားခဲ့ကြရပါသည်။ နောက်များမကြာမီ ဝန်ထမ်းတစ်ဦး ပြောင်းရွှေ့လာပါသည်။ ထိုဝန်ထမ်း၏ဇနီးက ကရင်ကပြားပြစ်ဟန်တူပါသည်။ ဝက်သားအလွန်ကြိုက်ပါသည်။ ထိုအခါနိုက ပဲခူးနတ်ဖော်ပွဲပေးစဉ်ဝယ် ပဲခူးနတ်များသည် ဧးပွားဖြစ်လျှင် ကရမည်ဟုကတိပေးလျှင် ပေးသည့်အတိုင်း နတ်ကိုးထားသူများကပြုလုပ်ပေးရပါသည်။ ထိုကရင်ကပြားအမျိုးသမီးသည် သူများယောင်လို့ယောင် အမောင် တောင်မှန်းမသိ၊ မြောက်မှန်းမသိ ဟူသကဲ့သို့ပင် နတ်ဝင်သည်ထိမှ ကိုးထားသောပိုက်ဆံကို မတောတ့ှူးဟုဆိုပြီး ပြန်တောင်းသွားပါသည်။

နတ်ဝင်သည်ကာ -

"ဟဲ့ - ညည်းကကိုးထားတဲ့ပိုက်ဆံကိုပြန်ယူတယ်ဆိုတော့ ညည်းကိုနတ်

www.burmeseclassic.com

www.burmeseclassic.com

ဖမ်းလိမ့်မယ်။ ညည်းတို့ကို နတ်ကပေးတန်သလောက်ပေးထားတာပဲအေ။ ရွှေမရှားငွေမရှားနဲ့ စီးပွားဖြစ်နေတဲ့ အခုလို အချိန်မှာ ညည်းတို့ပဲခူးနတ်ကို မမေ့ပါနဲ့အေ"

ဟု နတ်ထိန်းကဆိုသောအခါ ထိုအမျိုးသမီးက -

"ကျွန်မ နတ်ကိုတော့ ယုံပါတယ်၊ ဒါပေမယ့် ကျွန်မတို့မှာ နတ်ကတဲ့မျိုးနိုး မဟုတ်လို့ပါ။ အခုအတော်အသင့်ရှိတာကလည်း ကျွန်မယောကျ်ားရဲ့ကုသိုလ်ကံကြောင့်ပါ။ နတ်ပေးလို့ရတာမဟုတ်ပါဘူး"

"တတ်လည်းတတ်နိုင်ပါပေ့အေ၊ ညည်းပဲ အထုပ်လိုက်အထည်လိုက်ဝင်ရင် နတ်ကနားပေးမယ်လို့ ဟောဒီ ပဲခူးမယ်တော်ကြီးရှေ့မှာ လက်ပါးရိုက်ခဲ့တာလေ"

"ဒါတွေက ပြီးခဲ့ပြီးပါပြီ။ ကျွန်မ မသိလို့ ကတိပေးခဲ့မိတာပါ။ ကျွန်မတို့ မိဘတွေကမကြိုက်ဘူး။ ကိုယ့်ရိုးရာ မဟုတ်ရင် မလုပ်အပ်ဘူးတဲ့"

ဟု ထိုအမျိုးသမီးက ပြောပြောဆိုဆိုဖြင့် ထွက်ခွာလာခဲ့လေသည်။ ထိုသည်နောက်ပိုင်းတွင် ယောကျ်ားလုပ်သူက လုပ်ငန်းကိုင်ငန်းအဆင်မပြေသလို အရက်သောက်၊ ဖဲရိုက်မှုလည်းရှိလာသည်။ မယားလုပ်သူက နှစ်လုံး၊ သုံးလုံး အကြွေးများနှင့် လက်ဝတ်လက်စားများကုန်ခဲ့လေပြီ။ နောက်မကြာမီ ယောကျ်ား ဖြစ်သူမှာ သက်ပြည့်ပင်စင်ကျလာပြီး ရှိသည့် အိမ်ထောင်ပရိဘောဂပစ္စည်းများကိုရောင်းချကာ ဆွေမျိုးများရှိရာ ရန်ကုန်ပတ်ဝန်းကျင်ရွာတစ်ရွာသို့ပြောင်းရွှေ့သွားရလေတော့သည်။

နတ်ဝင်သည်က တွေ့သည့်လူတိုင်းကို အဲဒါနတ်ကိုလှည့်စားလို့ နတ်က မွဲဆေးဖော်ပေးလိုက်တာဟုဆိုပြီး နတ်နှင့်နဂါး မလှည့်စားနှင့်။ လှည့်စားလျှင် ဘေးတွေ့မည်ဟု နတ်မေးလာသူတို့ကိုပြောပြလေတော့သည်။

အဖေပြောသည့်စကားကို ပြန်လည် ကြားယောင်မိသည်။

"နတ်ဆိုတာ ကောင်းကျိုးပေးတာနည်းတယ်ကွ။ များသောအားဖြင့် ဆိုးကျိုးပေးတာကတော့ ခပ်များများပဲ"တဲ့။

ကျွန်တော်၏ ခေါင်းစီးစာတန်းပါ နတ်ဆက်ဓားနှင့် သိုင်းသမားဖြစ်ရပ်မှန် ဇာတ်လမ်းလေးကို စရမည်ဆိုလျှင် နေအိမ် (၈) ခန်းတွဲလေးကို ပြန်ဆက်ကြပါစို့။ အဌမအကြိမ်မြောက် ပြောင်းရွှေ့လာသောသူမှာ ရှမ်းကပြားလူငယ်စက်ဗိုလ် (စက်ခေါင်းမောင်း G.T.I) တစ်ဦးအကြောင်းပါ။ ကျွန်တော်နှင့် နေအိမ်ချင်းကပ်နေသူဖြစ်သလို ကျွန်တော့်ကို လည်း ရိုသေလေးစားသောသူတစ်ဦးဖြစ်ပါသည်။ သူ၏အမည်က သိန်းမြင့်မောင်ပါ။ သူသည် အထက်အညာသားတစ်ဦးဖြစ်သော်လည်း အရက်ကို အလွန်ကြိုက်တတ်သူတစ်ဦးပါ။ လူနောက်လူပြောင်တစ်ယောက်လည်းဖြစ်သလို ဘဝတူဝန်ထမ်းများအပေါ်တွင် ကိုယ်ချင်းစာနာစိတ်လည်းရှိတတ်သည့်စိတ်ကောင်းရှိလူငယ်တစ်ဦးပါ။

တစ်နေ့တွင် သိန်းမြင့်မောင်သည် မိဘရပ်ထံ အညာဒေသမှ ပြန်လာပြီး အညာလက်ဆောင် စားစရာအချို့နှင့် အညာထည်များကိုလည်း ကျွန်တော်တို့ မိသားစုအတွက် လက်ဆောင်ပေးပါသည်။ သိန်းမြင့်မောင်က ကျွန်တော်ကို လေးစားသမှုဖြင့် ဗိုလ်ကျော်ဟု ခေါ်ပါသည်။

"ဗိုလ်ကျော်၊ မင်းကွန်းကိုရောက်ဖူးသလား။ မင်းကွန်းခေါင်းလောင်းကြီး ကကြီးမှကြီးသလို ကျွန်တော်က မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးဦးဝိစိတ္တကျောင်းမှာ ကိုရင်တော်ခဲ့ဖူးတယ်လေ။ အထက်အညာကို ကျွန်တော်နဲ့လိုက်ခဲ့ပါလား။ ဗိုလ်ကျော်အစစအရာရာ ကျွန်တော် တာဝန်ယူပါတယ်ဗျာ။ ဗိုလ်ကျော်က စာရေးဆရာဆိုတော့ အညာမှာ ဘုရားတွေကလည်းပေါမှပေါ်။ တဝကြီး ဘုရားဖူးရအောင်လို့ပါ။ ဗိုလ်ကျော်တို့ ရေးတဲ့ ဂန္ဓိရစာရေးဆရာတွေအတွက်တော့ ဗဟုသုတလည်းရ အကျိုးလည်းရှိမှာပေါ့ဗျာ"

"နောက်များတော့လည်းရောက်အောင်သွားရမှာပေါ့ကွာ။ ဒါထက် သိန်းမြင့်မောင်၊ ငါညီကို အစ်ကိုတစ်ခုတော့ ပြောချင်တယ်ကွာ။ မင်းကလုပ်ငန်းထဲမှာ တာဝန်ရှိသူတစ်ဦးဖြစ်သလို ကိုယ့်ရာထူးကလည်းမငယ်သလို လူငယ့်တစ်ဦးဖြစ်ပေမယ့် လူကြီးစိတ်မွေးပြီး အရက်ကိုတော့ မသောက်ပါနဲ့လားကွာ"

"ကျွန်တော် လုပ်ငန်းခွင်အတွင်းမှာ မသောက်ပါဘူး ဗိုလ်ကျော်။ အားတဲ့နားတဲ့အချိန်လောက်သာ သောက်တာပါဗျာ။ ယခုလို အစ်ကိုအရင်းတစ်ယောက်လို ဆုံးမတာကို ကျေးဇူးတင်ပါတယ်ဗျာ။ ဒါထက် ဗိုလ်ကျော်၊ ဘယ်နေ့ရထားနဲ့သွားရမှာလဲ။ ကျွန်တော်နဲ့ အတူတူကျရင် သိပ်ကောင်းမှာပဲဗျာ။ ကျွန်တော်ဗိုလ်ကျော့်ကိုပြုစုချင်လို့ပါ"

မောင်သိန်းမြင့်မောင်၏စကားကို ကျွန်တော်သည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပြီး -

"သေခင်းကျော်ထူးတို့၊ သောင်းကျော်စွတ်တို့သွားတဲ့ နေရာကိုတော့ မလိုက်ပါရစေနဲ့ကွာ"

ဟု နောက်ပြောင်ပြီး ပြောလိုက်သောအခါ သိန်းမြင့်မောင်က -

"ဗိုလ်ကျော်ကလည်း၊ ကျွန်တော်တို့လူတွေအကြောင်းကို အကုန်သိထားတာပဲ။ ဗိုလ်ကျော်လိုလူကြီးတစ်ယောက်ကို ကျွန်တော်က အစားနဲ့ပြုစုမှာပါဗျာ။ မဟုတ်တာတွေ ခေါင်းထဲမထားပါနဲ့ ဗိုလ်ကျော်မကြိုက်တာမဖြစ်စေရပါဘူးဗျာ"

- ဟု ပြောဆိုပြီး စက်ရုံဘက်သို့ ထွက်ခွာသွားလေတော့သည်။ ပင်နီရောင်သိုင်းဘောင်းဘီရှည်၊ သိုင်းအင်္ကျီပင်နီရောင်တိုက်ပုံအင်္ကျီကို ကြယ်သီးမတပ် ဟကွဲဝတ်လျက် လက်ထဲတွင် ငှက်ကြီးတောင်မားရှည်တစ်ချောင်းပြင်းဦးခေါင်းတွင် တဘက်ဖြူကို သေသပ်စွာ ပေါင်းပြီး စက်ရုံ၏ဘေး မြေကွက်လပ်တစ်နေရာတွင် တစ်ယောက်တည်းသိုင်းကစားနေသည်မှာ လှလှပပ မြူးမြူးကြွကြွ၊ ကလေးတချို့က လက်ခုပ်လက်ဝါးတီးပေးကြ၍ သိန်းမြင့်မောင်တစ်ယောက် မောသည်ပန်းသည် သဘောမှာမနဲ့ အကွက်ကျကျ လှလှပပကစား၍နေတော့သည်။ သူ၏အသားက ဖြူလွလွ၊ လက်မောင်းနှစ်ဖက်မှာလည်း သိုင်းသမားအသိအမှတ်ပြု ဆေးမင်ကြောင်များက အထင်းသား။ ရင်အုပ်ကလည်း ကားကားနှင့် လိုက်ဖက်လှသည်။ သိန်းမြင့်မောင်၏ ပရိသတ်များက လူကြီးတစ်ယောက်မျှမရှိ။ ကျောင်းနေရွယ် မူလတန်းကျောင်းသားကလေးများသာ ဝိုင်းအုံ၍ကြည့်နေကြသည်။

ထိုနေ့က သိန်းမြင့်မောင် တစ်နေလုံး အရက်မသောက်။ အရက်မသောက်လျှင် သိန်းမြင့်မောင် မည်သူ့ကိုမျှ စကားမပြော ဆိတ်ဆိတ်နေလေ့ရှိ၏။ သိန်းမြင့်မောင်သည် ငှက်ကြီးတောင်မားရှည်ကြီးကို အိမ်တွင်းနောက်ဘက်တံခါးကြားတွင်ထောင်ထားသည်။ ဇနီးဖြစ်သူကြူမာဝင်းသည် ထိုဓားကြီးကိုကြည့်ပြီး ခင်ပွန်းအတွက် စိုးရိမ်မိသည်။ ခင်ပွန်းဖြစ်သူသည် အရက်သေစာသောက်စားပြီး ခိုက်ရန်ဒေါသဖြစ်ခဲ့လျှင် ဓားကလင်တော်မောင်အတွက် အားတစ်ခုဆို


www.burmeseclassic.com

www.burmeseclassic.com

ဆေမယ့်ရာဇဝတ်ဘေးကိုတွေး၍ကြောက်သည်။ ဒီဓားကိုမဆောင်ဖို့ ဝယ်ယူလာသောပိုင်ရှင်လက်ဝယ်သို့ပြန်ပို့ရန် ပြောသည်။ သိန်းမြင့်မောင်က လက်မခံ။ သိုင်းထဲတွင် ကလေးများကို သင်တန်းပေးလျှင် ဒီဓားက အရေးပါအရာရောက်သည့်အကြောင်း၊ လက်တွေ့ပြပြီး သင်ကြားရမည်ဟု ဆိုပါသည်။

သိန်းမြင့်မောင် ရထားသွားသည့် အခွံန်များတွင် ဒီဓားကိုဝှက်ထားဖို့ ကြူမောင်းအကြံထုတ်သည်။ နောက်ဆောက်ချုံထဲမှာ ဝှက်ထားလျှင်လည်း အားနှာဝှက်ရှာသူတွေနှင့် တွေ့သွားက အကယ်ပြောက်သွားမည်။ မဖြစ်နိုင်သေး၊ ကြူမောင်းက ဓားကို အိမ်အတွင်း ဗီရိုနောက်ဘက်သို့ရွှေ့ပြီးထောင်ထား၏။ ဓားက အလိုအလျောက်လဲသွားသည်။ နောက် လုံခြုံသောသေတ္တာနောက်သို့ ပို့ထားသည်။ ဓားက ထောင်လျက်သားဖြစ်နေသည်။ ကြူမောင်း ထိုဓားကိုကြည့်ကြောက်နေသည်။ ကြူမောင်းနောက် ဆုံးအကြံရလိုက်သည်မှာ ရပ်ကွက်လူကြီး ဦးကျော်ထံတွင် အပ်ထားမည်။ ဓားကို သေချာစွာ အဝတ်ဖြင့်ထုပ်ပြီး ဦးကျော်ထံသို့သွားအပ်သည်။

ဦးကျော်ကလည်း ဘုရားကျောင်းဆောင်အောက်တွင် ဓားကိုထောင်ထားထိုက်သည်။ မကြာမီ ထိုဓားက ထောင်ကျက်မှ လဲကျနေပေသည်။ ကလေးသူငယ်ဆို၍ ဦးကျော်အိမ်တွင်တစ်ယောက်ထွန်း၊ ဦးကျော်၏ဇနီးဒေါ်မြင့်က ဒီဓားကို သက်မခံချင်။

"ရွှပ်ရွှပ်ယှက်ယှက်တော်၊ ဒီဓားကို ဘာအပ်ရတယ်လို့။ ရပ်ကွက်ရုံးမှာအပ်သည်းရရဲ့သားနဲ့။ အခုတော့ ဒီအိမ်မှာ ဒီဓားကသောင်တင်နေပြီ"

ဒီဓားကို ဒေါ်မြင့်က မယုံသက်မြင်မိသလို ဦးကျော်ကလည်း ဇဝေဇဝါဖြစ်မိသည်။ ဓားကိုသေချာစွာကြည့်မိတော့ ယိုးဒယားက အုတ်ပန်းခက်တွေက ဓားပြားနှစ်ဖက်မှာအပြည့်ပါနေသည်၊ ရှေးဟောင်းဓားတော့ဓားပါပဲ။ ဒီဓားက နတ်ဆက်တဲ့ဓားများဖြစ်လေသလားဟု ဦးကျော်က တွေးထင်မိသည်။ ထိုစဉ်လောက်ကြာသောအခါ ဓားနှင့်ဆုံသက်ပြီး သိန်းမြင့်မောင်ကို အထက်သူကြီးက ခေါ်စစ်သည်။

သိန်းမြင့်မောင်အတွက် ထိုဓားသည် ဂြိုဟ်မွေသည့်ဓားတစ်လက်ဖြစ်သည်။ အကြောင်းမှာ ညောင်တုံးရွာမှ မခင်မြ နတ်ဆက်ထားသောဓားကို လင်ဖြစ်သူ အရက်သမား ချက်ကြီးက ခိုးယူလာပြီး အရက်ဆိုင်တွင် အရက်နှင့်လဲသောက်မည်အပြုတွင် သိန်းမြင့်မောင်က ဓားကိုသဘောကျပြီး -

"ကိုချက်ကြီး၊ ခင်ဗျားဓားကိုဘယ်လောက်နဲ့ရောင်းမှာလဲ"

"တစ်ရာပဲပေးပါဆရာ၊ ကျွန်တော် အရက်သောက်ဖို့ ပိုက်ဆံမရှိလို့ပါ။ ဒီဓားကို အရက်နဲ့လဲပါလို့ ကျွန်တော် တောင်းပန်ပြီး ကိုတာတီးကိုပြောပေမယ့် ကိုတာတီးက လက်မခံလို့ ကျွန်တော် ယောင်လည်လည်ဖြစ်နေတုန်း ဆရာနဲ့တွေ့လို့ အဆင်ပြေခဲ့ရတာပါ ဆရာ"

"ကျုပ်ကလည်း ခရီးသွားရင်း နားတဲ့နေရာမှာ သိုင်းကစားရတာပေါ့ဗျာ"

ဟု ပြောပြောဆိုဆိုဖြင့် သိန်းမြင့်မောင်သည် ဓားကို သေချာစွာထုပ်ပြီး ယူသွားတော့သည်။ သိန်းမြင့်မောင်၏ အဝတ်အိတ်ထဲတွင် သိုင်းဝတ်ယူနိုင်ဖောင်းအင်္ကျီနှင့် ဘောင်းဘီက အမြဲပါလေ့ရှိပင်။ ရထားရပ်နားသော စက်ရုံတွင် ခေတ္တနားပြီး အရက်သောက်၍ ဘူတာဘက်သို့ထွက်ပြီး သိုင်းယူနီဖောင်းအဝတ်များဖြင့် ဓားကိုဝင့်လျက် သိုင်းကစားပြနေသည်မှာ မြင်ရသူတို့အသည်းတယားယား။ ဘူတာအတွင်းတွင် ဈေးရောင်းသော ဈေးသည်အချို့ကိုလည်း သိန်းမြင့်မောင်က ကြိမ်းလားငါးလားဖြင့် ဓားတဝင့်ဝင့်ဖြင့် ဆဲဆိုသောအခါ မခံမရပ်နိုင်သူတချို့က ရဲတိုင်သဖြင့် ရဲက ဖမ်းပြီး အမှုဖွင့်လေတော့သည်။ ရဲဌာနမှတစ်ဆင့် သိန်းမြင့်မောင်ကို ဌာနဆိုင်ရာသို့အပ်လိုက်သောအခါ အရက်သေစာသောက်စားပြီး မူးရစ်ရမ်းကားမှု၊ ဓားကိုင်ဆောင်မှုဖြင့် စုစုပေါင်းနှစ်မှုက အသိသက်သေများ ထင်ရှားသဖြင့် ချုပ်နှောင် ဖမ်းဆီးခြင်းမပြုတော့ဘဲ အလုပ်မှ အပြီးအပိုင် နုတ်ထွက်ခွင့်ပြုလိုက်လေတော့သည်။

နောက်လူတို့အတွက် ပထမဆုံး သင်ခန်းစာဟု ဌာနဆိုင်ရာလူကြီးက သတိပေး ကြေညာလေတော့သည်။ နတ်ဆက်ဓားကိုရောင်းစားသူ ချက်ကြီးတစ်ယောက်သည် ဦးမင်းကျော်က လည်ပင်းနင်းသတ်သည်ဟု သေပြီးမှ ပူးရ်ပြောလေတော့သည်။ ငါးရောင်းသူ မခင်မြ၏ ယုံကြည်မှုဖြင့် ဦးမင်းကျော် နတ်ကိုဆက်သထားသောနတ်ဓားသည် လင်တော်မောင် ချက်ကြီး ရောင်းစားပြီး ချက်ကြီးသေပြီးမှ အလိုအလျောက် ဓားပြန်ရောက်လာသည်မှာ ဂန္ဓိရဆန်ပါသည်၊ သိန်းမြင့်ခေတ်သည် ထိုဓားနှင့် ပတ်သက်ပြီး စိတ်နာခဲ့သလို ထိုဓားကို အပ်နှံထားသော လူကြီးများကိုတဲမယူပြီး ဟာသတမြစ်ထဲသို့လွှင့်စဖယ်လိုက်ပါသည်။ ကြူမောင်းလည်း ထိုဓားအတွက် စိတ်အေးရပေမယ့် လင်တော်မောင်အတွက် စိတ်ဆင်းရဲခြင်းများစွာဖြင့် မိဘများရပ်ထဲ အညာဒေသသို့ပြန်ခဲ့ရလေတော့သည်။

သိန်းမြင့်မောင်က -

"ဖြစ်လေရာဘဝ အကောင်းမျှော်ကွာ မိန်းမရာ အားမငယ်ပါနဲ့။ ငါမင်းကို သိုင်းသင်တန်းဖွင့်ပြီး လူငယ်တွေကိုသင်ပေးရင်းနဲ့ သမ္မာအာဇီဝပညာနဲ့ရှာမွေကျွေးပါ့မယ်ကွာ။ ငါအရက်မသောက်တော့ပါဘူး။ မင်းကို ကတိပေးပါတယ်ကွာ။ ငါနတ်ဆက်ဓားမှန်းမသိခဲ့ရလို့ သိုင်းသမားငါဘဝ လူမသေဘဲ ဘဝသေခဲ့ရတာပေါ့"

ဟု သိန်းမြင့်မောင်က ဆိုသောအခါ ကြူမောင်းကလည်း -

"တော်ကတိပေးတာ ရိုးနေပါပြီကိုမောင်ရယ်၊ ကျုပ်လည်းအားမငယ်ပါဘူး။ အမေမွေးကတည်းက ကျုပ်တတ်ထားတဲ့ ဈေးရောင်းအတတ်ပညာနဲ့ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် ရှာပါ့မယ်တော်။ ကျုပ်တို့ဘဝက နှစ်ယောက်တည်းမဟုတ်ဘူးလေ။ ကလေးတွေကိုလည်း ပညာရေးက အရေးပေးရဦးမယ် မဟုတ်လား။ တော်ပေးတဲ့ကတိကိုသာတည်ပါစေတော်။ လူဘဝဆိုတာ ကိုယ့်အထက်ကလူတွေကိုကြည့်ရင်တော့ ရှက်စရာ၊ သိမ်ငယ်စရာတွေပေါ့။ အဲ - ကိုယ့်အောက်ကလူတွေကို ကြည့်ပြန်တော့လည်း သူတို့ထက်စာလျှင် ငါတို့က တော်ပါသေးလို့ ဖြေသိမ့်ရပေမပေါ့တော်"

"ငါကတိပေးတာ ဒီတစ်ခါတော့အတည်ပါကွာ၊ ငါမမိုက်တော့ပါဘူး။ ငါလွန်ကဲလို့ အခုလိုဖြစ်ရတာပါကွာ။ မြင်းစီးပြီး အထီးမှန်းမသိ၊ အမမှန်းမသိရတဲ့ ငါ့ဘဝ အခုမှစလုံးရေစရတော့မှာပေါ့ကွာ"

ဟု သိန်းမြင့်မောင်က ဇနီးဖြစ်သူ ကြူမောင်းကို ကြင်နာသောစကားဆို လိုက်လေတော့သည်။

(ဤဖြစ်ရပ်မှန်ဇာတ်လမ်းအား အမည်နာမများ ပြောင်းလွဲ၍ ဆီလျော်အောင် ရေးသားထားပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



'ဒီအချိန်ရောက်ရင်လေ ကျွန်တော့် စိတ်တွေဖောက်ဖောက်လာတယ်။ ဘယ်လိုပင်ကျိတ်မှိ စိတ်ကိုက အူလည်လည်' ဆိုတဲ့ သီချင်းအပိုင်းအစလေး ခင်ဗျားတို့ ကြားဖူးကြမှာပါ။ ဟုတ်တယ်၊ ကျွန်တော်ကတော့ သင်္ကြန်ရောက်ရင် စိတ်တွေဖောက်ချင်လာတယ်ဗျာ။

တကယ်ဆို သင်္ကြန်ဆိုတာ မြန်မာဖြစ်တဲ့ ကျွန်တော်တို့လူမျိုးတွေရဲ့ အမြတ်နိုးဆုံးပွဲပါ။ မြန်မာလ (၁၂) လရှိတာ (၁၂) ရာသီလုံးပွဲတော်တွေရှိတယ်လေ။ ဒါပေမယ့် သင်္ကြန်လောက်ပျော်စရာကောင်းတဲ့ပွဲမျိုးမရှိဘူးဗျ။ ဘာလို့လဲဆိုတော့ သင်္ကြန်ပွဲဆိုတာ လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား-မမရွေး၊ အသက်ကြီး-ငယ်မရွေး၊ လူအဆင့်အတန်းမရွေး အားလုံး ပါဝင်ဆင်နွှဲနိုင်တဲ့ပွဲပါ။ ဒီပွဲမှာ နွဲ့ချင်တိုင်းနွဲ့၊ ကဲချင်တိုင်းကဲ ဘယ်သူကမှမကဲ့ရဲ့ဘူး။ အားလုံးတစ်ပြေးညီပျော်ရွှင်နိုင်တဲ့ပွဲပါ။

ကျွန်တော်ဆိုရင် သိတတ်တဲ့အရွယ်ကစပြီး သင်္ကြန်ရဲ့ အတာရေသဘင်ပွဲကို ကြိုရာအရပ်မှာ ဆင်နွှဲလေ့ရှိတယ်ဗျ။ ကြိုရာအရပ်ဆိုလို့ ပြောရဦးမယ်။ ကျွန်တော်က ရန်ကုန်သားပါ။ သန်းနိုင်တဲ့။ ရန်ကုန်မှာ မောင်နှမဆွေမျိုးသားချင်းတွေ ခုထိရှိနေပါသေးတယ်။ ကျွန်တော်က ငယ်ငယ်လေးကတည်းက ခပ်ပေပေရယ်၊ ခပ်မိုက်မိုက်၊ ခပ်ဆိုးဆိုးဆိုတော့ကာ ရန်ဖြစ်လည်းကဲတယ်ဗျို့။ ဘယ်မှာရန်ဖြစ်သတဲ့ဆို သန်းနိုင်ကပါပြီးသားပဲ။ ရပ်ကွက်ထဲအော့ကြောလန်ပေါ့ဗျာ။ ကျောင်းစာခြောက်တန်းလောက်နဲ့ ထွက်ပြီးပေတေနေခဲ့တာ။

အဲဒီမှာ ကျွန်တော့်အစ်မတွေက-

"နင် ရပ်ကွက်ထဲလူမိုက်လုပ်နေတာ တိုင်းပြည်အတွက်ရော၊ မိသားစုအတွက်ရော၊ နင့်အတွက်ရော ဘာမှအကျိုးမရှိဘူး။ တစ်နေ့ နင်ထောင်နန်းစံရတာနဲ့ အဆုံးသတ်မှာပဲ။ နင်တကယ် သတ္တိရှိတယ်ဆိုရင် နင့်သတ္တိကိုတိုင်းပြည်အတွက် အသုံးချ"

လို့ ပြောပါတယ်။

"တိုင်းပြည်အတွက်က ဘယ်လို အသုံးချရမှာလဲ"

လို့မေးတော့ -

"ဟဲ့ - တပ်မတော်ထဲဝင်ပြီး စစ်မှုထမ်းပေါ့ဟဲ့"

လို့ ပြောတာကိုး။

ဒါနဲ့ ကျွန်တော်လည်း အင်း - ဒါမှန်တာပဲဆိုပြီး တပ်မတော်စစ်သားစုဆောင်းရေးမှာ စာရင်းသွားပေးပြီး တပ်မတော်ထဲဝင်လိုက်ပါတယ်။ ဆေးစစ်တော့အောင်ပြီး စစ်ရေးလေ့ကျင့်ရတယ်။ သင်တန်းပြီးတော့ ခ-လ-ရတပ်ရင်း (---) ကို ပို့ပါတယ်။ အဲဒီကစပြီး မောင်နှမတွေနဲ့ စတင်ကင်းကွာလာခဲ့တာပါ။

တပ်မတော်သားရယ်လို့ ခံယူပြီးတဲ့အခါမှာတော့ ကျွန်တော်ဟာ ပုံစံကျသွားတဲ့၊ အမိမြေကိုချစ်တဲ့၊ အမိမြေအတွက် အသက်ကို ပေးလူထားတဲ့ စစ်သားကောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်း

www.burmeseclassic.com

www.burmeseclassic.com

ပြီးသွားပါပြီ။

ကျွန်တော်လား။ ကျွန်တော်က အရက်ကို ငယ်ငယ်လေးကတည်းက သောက်ပါဘူး။ ဆေးလိပ်နဲ့ စီးကရက်ဆို ငယ်ငယ်ကတည်းကကြိုက်တာပါ။ ဘယ်တော်သားဆိုတော့ကာ ဟိုပြောင်းဒီနွေနဲ့ဟိုရောက်ဒီရောက်ပေါ့ဗျာ။ ဒေသအတော်များများရောက်ဖူးတာပေါ့။ ရွေးချယ်ခဲ့လည်း အကြိမ်အတော်များများ ဆောက်ဖူးပြီး တိုက်ပွဲတွေလည်းအတော်များများကြုံခဲ့ဖူးတယ်။ သေက်မရောက် သက်မပျောက်ပေါ့လေ။

ကျွန်တော့်အသက်အစိတ်လောက်မှာ မန္တလေးကိုရောက်ပါတယ်။ သိတယ်မဟုတ်လား။ မန္တလေးက သကြိန်မြို့ကြီးလေ။ မန္တလေးသကြိန်လောက် ညီကားတာဘယ်မှာမှမမြင်ဘူးဖူး။ ကျုံးတံတံပတ်လည်ဆိုရင် လူတွေလူတွေဆိုဘာမျော်လိုက်ကြတာ တိုးလို့တောင် မပေါက်အောင်ပါဘဲ။ သကြိန်ကားတွေဆိုရင် အချို့က ကျုံးတစ်ပတ်တောင် ပြည့်လိုက်ရဘူး။ နားချိန်ကိုရောက်သွားကရောဗျာ။ ဒီလောက်ပူတဲ့မန္တလေးသကြိန်ရေစိမ်တဲ့အခါမှာတော့ ခိုက်ခိုက်တုန်အောင်ချမ်းသဗျ။

အဲဒီတုန်းက သကြိန်မင်းသားက ဝင်းဦးလေဗျာ။ ဝင်းဦးရေပက်တဲ့မဏ္ဍပ်၊ ဝင်းဦးသီချင်းဆိုတဲ့မဏ္ဍပ်ဆိုလိုကတော့ လူအုပ်ကြီးကတိုးလို့မပေါက်တော့ဘူး။ ဝင်းဦးကလည်း အတော်ချောပြီး ပါရမီပြည့်စုံတဲ့လူလို့ဆိုရမှာပါ။ သူမျက်နှာကို မြင်လိုတဲ့လူတွေဆိုတာ နည်းမှမနည်းဘဲကိုး။ ကျွန်တော်ကတော့ ရန်ကုန်မှာနေစဉ်ကတည်းက မြင်ဖူးနေတော့ အဆန်းမဟုတ်ပါဘူး။ ကျွန်တော်တို့ အဲဒီတုန်းက မန္တလေးတောင်ခြေမှာ တပ်ခဏနားနေချိန်ပါ။ အချိန်ရခိုက် သကြိန်ပွဲတော်ကြုံတာနဲ့ လှုံ့လစိုက်ပြီး ပျော်ပါးနေတာပါ။ ကျွန်တော်ရယ်၊ ကျွန်တော့်သူငယ်ချင်းမြင့်ဝေရယ်၊ အောင်လှရယ်ပေါ့။

**သကြိန်ပိတောက်ပွင့်ချိန်မှာ**

"သန်းနိုင်၊ ချမ်းပြီကွာ။ တို့တွေအချမ်းပြေဘာလုပ်ကြမလဲ"

"ခက်တာငါကအရက်မသောက်တတ်ဘူးကွ။ အရက်သမားတွေမြင်တာနဲ့ကို အရမ်းစိတ်ကုန်လွန်းလို့"

"အရက်မသောက်ချင်လည်း ထန်းရည်သောက်ကြစို့လား၊ ထန်းရည်က မြို့ပေါ်မှာရဖို့မလွယ်ဘူးကွ။ တောရွာတွေဘက်သွားမှရမှာ။ အဲဒါ ငါတို့ကလည်း မန္တလေးမကျွမ်းဘူး။ ဟောဟိုဆိုက်ကားဆရာကြီး မေးကြည့်ရအောင်"

ဆိုတော့ အားလုံး ထောက်ခံပြီး တမာပင်ရိပ်အောက်မှာ အသင့်ခွေနေတဲ့ဆိုက်ကားဆရာကို သွားမေးရပါတယ်။ ဆိုက်ကားဆရာက မန္တလေးမြို့ အရှေ့စွန်က ယဉ်ပုံရွာထဲမှာရှင်းကြောင်းပြောတော့ သိပ်မဝေးဘူးဆိုတာနဲ့ ကျွန်တော်တို့(၃)ယောက် ဆိုက်ကား(၂)စီးငှားစီးပြီး ယဉ်ပုံရွာဆီလာခဲ့ကြပါတယ်။ မြို့နဲ့ဆက်စပ်နေတဲ့ အရှေ့ပြင်ယဉ်ပုံရွာလေးမှာ ထန်းတောလေးရှိတယ်။

ခုချိန်ဟာ နွေလယ်သကြိန်နားချိန်ဆိုတော့ ထန်းတောလေးမှာ အထိုက်အလျောက် စည်ကားနေတယ်ဗျ။ ထန်းရည်တစ်မြူနဲ့ အသားခြောက်ဖုတ်အမြည်းမှာပြီး သောက်ကြပါတယ်။ ထန်းရည်မကောင်းတော့ ထပ်မမှာတော့ပါဘူး။

ထန်းရည်တစ်မြူ လူ(၃)ယောက်ဘယ်မူးမှာလဲဗျာ။ ဒါနဲ့ထမင်းစားကြမယ်ဆိုပြီး မြို့ထဲဘက်ကိုပြန်ဖို့ ဆိုက်ကား(၂)စီးငှားပြီး ပြန်ခဲ့တဲ့အခါမှာတော့ ယဉ်ပုံအလွန် အုတ်တံတားပေါ်မှာ ကောင်မလေးတစ်ယောက် တရွှဲရွှဲငိုင်

# (မြို့ကုတ်)
# ရွှေပြည်စိုး
## သကြိန်ကိုစိတ်နာကြသူများ



www.burmeseclassic.com

www.burmeseclassic.com

နေတာတွေ့ရပါတယ်။

တစ်ဖက်သားကို ကူညီလိုစိတ်၊ ကြင်နာတတ်တဲ့စိတ်ကြောင့် ကျွန်တော်ဟာ ငိုနေတဲ့မိန်းကလေးကို အကူအညီပေးဖို့ ဆိုက်ကားကိုရပ်ခိုင်းလိုက်ပါတယ်။

"ဒီကညီမလေး၊ ဘာကိစ္စကြောင့် ငိုနေတာလဲ။ အစ်ကိုက တပ်မတော်ကပါ။ လိုအပ်တဲ့အကူအညီရှိရင်၊ အခက်အခဲရှိရင်ပြောပြပါ။ အစ်ကိုတတ်နိုင်တဲ့ဘက်က ကူညီပေးမယ်"

လို့ ပြောတော့ ကောင်မလေးက ခေါင်းမော့လာပါတယ်။

"အစ်ကိုရယ်၊ ညီမလေ ညီမ. . . အင့်. . . အင့်. . . အင့်"

"ပြောပါ ညီမလေး။ မကြောက်နဲ့၊ အားမနာနဲ့ ရဲရဲသာပြော။ အစ်ကိုကူညီပေးမယ်"

"အစ်ကိုရယ်၊ အစ်ကိုကူညီနိုင်မယ် မထင်ပါဘူး။ ညီမဘဝကံဆိုးပါတယ်ရှင် အဟင့်. . . အင့်. . . အင့်. . . အင့်"

"ငိုမနေနဲ့ ညီမလေး၊ လိုရင်းကို သာပြော။ ဟောဒီဆိုက်ကားဆရာတွေလည်း အားနာရတယ်လေ။ ဒါထက် ညီမလေးက ဒီရပ်ကွက်ထဲကလား"

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ညီမက အနောက်ပြင်ကပါ။ ညီမချစ်သူက ညီမကိုခိုးလာခဲ့တာပါ။ ဒါပေမယ့် ဒီရောက်တော့ ညီမက ညီမမှာကိုယ်ဝန်ရှိနေတဲ့အကြောင်း သူဝမ်းသာအောင် ပြောပြခဲ့ပါတယ်။ ဒါပေမယ့် သူက သူ့ကိုယ်ဝန်မဟုတ်နိုင်ဘူးဆိုပြီး ငြင်းတာကြောင့် ညီမနဲ့စကားအကြိုးအကျယ်များပါတယ်။ အဲဒီလိုစကားများပြီး သူညီမကိုမယူနိုင်တော့ဘူးဆိုပြီးထားခဲ့တာပါ"

လို့ပြောပြီး ဆက်ငိုပြန်တာပါပဲ။

အဲဒီမှာ ကျွန်တော်က မြင့်ဝေနဲ့ အောင်လှကို -

"ဟေ့ကောင်တွေဘယ်လိုလုပ်ကြမလဲ"

လို့ မေးတော့ -

"သူ့အိမ်ပြန်ပို့ပေးကြတာပေါ့ကွာ"

လို့ ဆိုကြပါတယ်။

အဲဒီမှာ ကောင်မလေးက -

"နေပါစေ အစ်ကိုတို့ရယ်၊ ညီမမှာ ရွေးချယ်စရာတစ်လမ်းပဲရှိတော့တာပါ။ အိမ်လည်းမပြန်ချင်တော့ပါဘူး"

လို့ပြောတာနဲ့ ကျွန်တော်လည်း စိတ်မရှည်တော့ဘဲ -

"ကဲ-ညီမလေး၊ ဒီဆိုက်ကားပေါ်တက်"

ဆိုပြီး လက်ဆွဲကာတင်လိုက်ပါတယ်။ ဟိုကောင်နှစ်ကောင်က တစ်စီး၊ ကျွန်တော်နဲ့ကောင်မလေးက တစ်စီးပေါ့ဗျာ။ ကောင်မလေးကတော့ ငိုနေတုန်းဗျ။ ကောင်မလေးက အသားဖြူဖြူချောချောလေးပါ။ ဘယ်နှယ့်ဗျာ၊ ဒီလိုချောတဲ့ကောင်မလေးကို ပစ်ထားခဲ့ရတယ်လို့။ ငိုနေတာတောင် ဒီလောက်လှတာ၊ ပြုံးရယ်နေရင် ဘယ်လောက်လှလိုက်လေမလဲ။ ခိုးလာပြီးပစ်ထားခဲ့တဲ့ကောင်ကို စိတ်ထဲကနေပြီးအားရပါးရဆဲနေမိတယ်။ အနီးမှာရှိနေရင် လက်သီးစာတဝကြိုး ကျွေးပစ်လိုက်မှာလို့တွေးပြီး လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ထားမိတယ်ဗျ။ တကယ်ပါ။

"ညီမရဲ့ ကောင်လေးနာမည်က ဘယ်သူလဲ"

"နောင်နောင်လတ်တဲ့"

"ညီမရဲ့နာမည်ကရော"

"ပိတောက်ပါ"

"ဟင် - နင်နောက်နေတာလား"

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ညီမနာမည်အမှန် ပိတောက်ပါ"

"အင်း - တိုက်တိုက်ဆိုင်ဆိုင် ပိတောက်တွေပွင့်တဲ့သင်္ကြန်မှာပိတောက်ကိုတွေ့ရတာယ်လို့။ ဩော် - ဒါထက် နောင်နောင်လတ်က ညီမတို့ရပ်ကွက်ထဲကပဲလား"

"သူကဆိုင်းတန်းဘက်ကပါ။ ညီမက ကျွဲစွန်းဘက် ကလေးမီးခြစ်စက်ရုံနဲ့နီးပါတယ်"

"ဩော် - အေး အေး။ ကဲ -ညီမစိတ်အေးအေးနေနော်၊ ညီမအတွက် အစ်ကိုအဆင်ပြေအောင်ကြည့်စီစဉ်မယ်ဟုတ်လား"

"ဟုတ်ကဲ့ပါ အစ်ကို"

ကျွန်တော်တို့ (၄) ယောက်ဟာ ကျုံးအရှေ့ဘက်မရောက်ခင်မှာဆင်းပြီး လမ်းဘေးတမာရိပ်မှာထိုင်လိုက်ကြပါတယ်။ ခဏထိုင်ပြီး ဆာနေတဲ့ဗိုက်ကို ထမင်းဆိုင်မှာဖြည့်တင်းလိုက်ကြပါတယ်။ ကောင်မလေးကတော့ တို့က်နန်းဆိတ်ကနန်းသာစားတာပါ။ သူ့ခမျာ သောကနဲ့ဆိုတော့ ကျွန်တော်တို့လို အားရပါရမစားနိုင်ရှာပါဘူး။

### သင်္ကြန်ဖျားစာ

အဲဒီသင်္ကြန်မှာ ပိတောက်ဆိုတဲ့ကောင်မလေးကိုတွေ့ရတာ တကယ့်အိပ်မက်လိုလို၊ ပုံပြင်လိုလို၊ ဒဏ္ဍာရီဆန်လှပါတယ်ဗျာ။ ဟော - အခုကျွန်တော်တို့ (၄)ယောက် ထမင်းလက်ဆုံစားဖြစ်ကြပြီလေ။ ဘဝရေစက်ဘယ်လောက် အံ့သြဖို့ကောင်းလဲ။ ဒါပေမယ့် အဲဒီအပူထုပ်ကို ကျွန်တော်တို့ဘယ်လိုရှင်းကြမှာလဲ။ ကြင်နာသနားစိတ်နဲ့သာ နှမချင်းစာနာစိတ်နဲ့ခေါ်သာ ခေါ်လာရတယ်။ ဒီကိစ္စဘယ်လိုဆက်ရှင်းရမယ်မှန်းတောင် ကျွန်တော် မသိဘူး။ ဒါနဲ့ ကျွန်တော် မြင့်ဝေကို တိုးတိုးတိုင်ပင်ရတယ်။

"ဟေ့ကောင် မြင့်ဝေ၊ ဒီကိစ္စဘယ်လိုရှင်းကြမလဲ။ ကောင်မလေးကအိမ်ကို မပြန်ရဲတော့ဘူးတဲ့ကွ"

"ဒါများကွာ၊ ဘာခက်တာလို့လို့ မင်းခေါ်ခဲ့တာ မင်းယူလိုက်ပေါ့ကွာ"

"ဟာ - ဒီကောင်၊ မဟုတ်သေးပါဘူး။ ဟိုကကြားသွားပါဦးမယ်ဟာ"

ကျွန်တော် မြင့်ဝေနဲ့ တိုးတိုးတိုင်ပင်နေတာကို ပိတောက်က ကြားဟန်ရှိတယ်ဗျ။ ချက်ချင်းပဲထပြောတယ်။

"အစ်ကိုတို့ကိုဒုက္ခမပေးချင်တော့ပါဘူး။ ညီမကို ဒီမှာထားခဲ့ပြီး အစ်ကိုတို့လိုရာခရီးကိုဆက်ကြပါ"

"ဒါဆို ညီမအိမ်ပြန်မှာလား"

"ပြောပြီးပြီလေ၊ ညီမဒီတစ်သက် အိမ်မပြန်ရဲတော့ပါဘူး။ ညီမဘဝနဲ့ညီမရှိပါစေတော့"

"အို - မဟုတ်တာညီမရယ်၊ ဒါဆို ညီမဘယ်ကိုသွားဖို့စိတ်ကူးတာလဲ"

လို့ ပျာပျာသလဲမေးမိပါတယ်။ တကယ်တော့ ကျွန်တော်သူ့ကိုတကယ် သနားတာပါ။ ပစ်မထားရက်တာအမှန်ပါ။ အဲဒီမှာ ပိတောက်က ကျုံးဘက်ကို လက်ညှိုးထိုးပြတယ်။

"ညီမလွတ်လပ်စွာကျုံးထဲမှာနေတော့မယ်"

ဆိုလိုရင်းအဓိပ္ပာယ်ကို ကျွန်တော် ချက်ချင်းသဘောပေါက်လိုက်ပါတယ်။ ကျုံးထဲခဲ့ချသေတော့မယ်ပေါ့လေ။ လူအသက်နှစ်ချောင်း ပျက်စီးဆုံးရှုံးရမည့်ကိစ္စမို့ ကျွန်တော့်နှုတ်ကလွတ်ခနဲထွက်သွားပါတယ်။

"အို - ဒီလိုမလုပ်ကောင်းဘူးလေ ညီမရဲ့။ ညီမနဲ့ ညီမရဲ့ရင်သွေးလေးကို အစ်ကို တာဝန်ယူ စောင့်ရှောက်ပါမယ်ကွာ။ အဲဒီလိုကြီးတော့ မလုပ်လိုက်ပါနဲ့"

အဲဒီလိုလည်း ပြောလိုက်ရော အောင်လှက အံ့အားသင့်သွားပါတယ်။

"ဟေ့ကောင် သန်းနိုင်၊ မင်းဟာဟုတ်မှလုပ်ပါကွာ။ တပ်ထဲဒီလိုကြီးမင်းခဲ့ရင်တော့"

"ငါတပ်ကနေထွက်လိုက်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းသင်္ကြန်နဲ့ နွေဦးသင်္ကြန်

ဒီလိုနဲ့ ကျွန်တော်နဲ့ ပိတောက်တို့ဟာ စစ်ကိုင်းဘက်ကိုသွားပြီး တည်းခိုခန်းမှာ ခေတ္တရှောင်နေပြီး သူမိဘအိမ်ရှိရာ မန္တလေးကျွဲစွန်းဘက်ပြန်လာကြပါတယ်။ ယောကျ်ားက မရှိတော့ဘူး။ ယောကျ်မကြီးပဲရှိတယ်။ သူက အိမ်မှာအငယ်ဆုံးပါ။ သူ့အစ်ကို၊ သူ့အစ်မတွေ အိမ်ထောင်ခွဲကိုယ်စီနဲ့ပါ။ သူတို့မိသားစုဟာ အလွန်ကြီးမဆင်းရဲပါဘူး။ စားနိုင် သောက်နိုင်၊ အိုးပိုင်အိမ်ပိုင်နဲ့ဆိုပါတော့။ သူ့အမေက စက်ချုပ်ပညာတတ်တော့ကာ အိမ်မှာစက်ချုပ်တယ်။ အဲဒီတုန်းက ရယ်ဒီမိတ်အကျီတွေထက် ချုပ်ထည်ကို အားထားတဲ့ခေတ်ဆိုတော့ လက်မလည်ပါဘူး။ ပိတောက်လည်း မိခင်နဲ့အတူ စက်ချုပ်တာပါ။

ဒီလိုနဲ့ ကျွန်တော်က စစ်သားဖြစ်တဲ့အကြောင်း၊ သင်္ကြန်မှာတွေ့ဆုံပြီး ချစ်ကျွမ်းဝင်ရတဲ့အကြောင်း ကောင်းမွန်စွာ ပြောပြပြီး ကျွန်တော်ဟာ မိဘတွေ၊ ညီအစ်ကို၊ မောင်နှမတွေ လုံးဝမရှိတော့ကြောင်း၊ ရန်ကုန်သားဖြစ်ကြောင်း ပြောပြရတာပေါ့။ ဒီအခါ အသံအမှတ်ပြုတဲ့အနေနဲ့ ဘုန်းတော်ကြီးတွေဆွမ်းကပ်ပြီး မင်္ဂလာပွဲလေးကျင်းပပေးပါတယ်။ အမှန်တော့ ရန်ကုန်မှာရှိနေတဲ့ ဆွေမျိုးမိဘတွေဆီ အပူမကပ်ချင်လို့လိမ်ပြောခဲ့ခြင်းပါ။

အိမ်ထောင်ကျပြီးပြီ ဆိုတော့ ကျွန်တော်မှာ သားကျွေးမှုမယားကျွေးမှု ဆိုတဲ့ တာဝန်ဝတ္တရားကရှိလာခဲ့ပြီလေ။ ခက်တာက ကျွန်တော့်မှာ အပေါင်းအသင်းကမရှိ။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေတာပါ။ ယောက်ျားပဲဗျာ၊ တစ်ခုခုတော့လုပ်ရမှာပေါ့ ဟုတ်ဖူးလား။

ဒီလိုယောင်ချာချာဖြစ်နေချိန်မှာ အိမ်ဘေးက ဦးတိုးမောင်နဲ့မိတ်ဆွေဖြစ်ပါတယ်။ ဦးတိုးမောင်က စက်ဘီးတစ်စင်းနဲ့ မြို့ထဲပူဖောင်းလှည့်ရောင်းသူပါ။ သူက ကျွန်တော့်ကို -

"ဟေ့ကောင် သန်းနိုင်ရ၊ ပူဖောင်းရောင်းတယ်ဆိုလို့ အထင်မသေးနဲ့မောင်ရ။ အရင်းနည်းနည်းနဲ့အမြတ်များများရနိုင်တာ နှစ်ခုပဲရှိတယ်။ တစ်ခုက ကွမ်းယာရောင်းတာ၊ တစ်ခုက ပူဖောင်းရောင်းတာပဲ။ ငါဆို တစ်နေ့သာမန် လက်လုပ်လက်စားလုပ်ခထက် နှစ်ဆပို ရသကွ။ ငါ့မိသားစုကို အေးအေးဆေးဆေးထမင်းကျွေးနိုင်တယ်။နောက်ဟစ်ခု ကျန်သေးတယ်၊ အဲဒါက ရေခဲချောင်းရောင်းတာ။ သူက ပူဖောင်းထက်တော့ အရင်းများတာပေါ့ကွာ။ သူလည်းအမြင်မတင့်ပေမယ့်ပိုက်ဆံအတော်ရတဲ့အလုပ်ကွ။ အဲဒီထဲမှာ ငါကပူဖောင်းရောင်းတာဆိုတော့ မင်းကိုလည်း ပူဖောင်းရောင်းစေချင်တယ်။ တို့မန္တလေးက အလှုပဲလုပ်လုပ်၊ မင်္ဂလာပဲဆောင်ဆောင် အငြိမ့်ပွဲနဲ့ အောင်ပွဲခံတတ်ကြတာဆိုတော့ ဘယ်ရပ်ကွက်မှာ ပွဲရှိတယ်ဆိုတာ ပူဖောင်းလှည့်ရောင်းရင်း စုံစမ်းနိုင်ပဲ့လိုသကွ။ ပူဖောင်းရောင်းမယ်ဆိုရင် စက်ဘီးလေးတစ်စီးတော့လိုသပေါ့ကွာ။ အဲဒီအလုပ်ဟာ ရပ်တကာရွာတကာလှည့်ရောင်းရတာမို့ ဒေသန္တရတဟုသုတလည်းရနိုင်တာပေါ့ကွာ၊ သမ္မာအာဇီဝကျတဲ့အလုပ်ဆိုတော့ကာ ဘုရားကြိုက်တဲ့အလုပ်မို့ ရွက်ရောလိုဘူးကွ"

လို့ အားပေးပါတယ်။

ဟုတ်တယ်၊ ကျွန်တော် ဘာမှမလုပ်တတ်တော့ဘာ ပူဖောင်းရောင်းတဲ့အလုပ်ပဲလုပ်တော့မယ်လို့ ဆုံးဖြတ်ပြီး စက်ဘီးအဟောင်းကလေးတစ်စီးဝယ်ကာ ပူဖောင်းစရောင်းပါတယ်။ လုပ်စမှာ အထာသိပ်မကျသေးပေမယ့် ရက်အနည်းငယ်အတွင်းမှာပဲ အထာကျလာခဲ့ပါတယ်။ ဟုတ်ပါ့ဗျာ၊ အမြတ်ကျန်ပုံတော့ ဝယ်သူကိုတောင် အားနာစရာဖြစ်ရတယ်။ ဦးတိုးမောင်ပြောတာ မှန်ချက်ရက်စက်တယ်ဗျာ။

ကျွန်တော်ဟာ အားကောင်းမောင်းသန်လူငယ်ဆိုတော့ မန္တလေးဝန်းကျင်ကတောရွာလေးတွေကို လှည့်လည်ရောင်းချလေ့ရှိပါတယ်။ တစ်နေ့ကို မိုင်အတော်များများနင်းရတာပေါ့ဗျာ။ အလေ့အကျင့်ရှိတော့ကာ မပင်ပန်းပါဘူး။ ဘယ်ပင်ပန်းပါ့မလဲ။ ပိတောက်က ရင်သွေးလေးမွေးခါနီးပြီလေ။

ဒီလိုနဲ့ မိုးရာသီ သမီးလေးမွေးတယ်။ ဆောင်းမှာမွေးလို့ ကျွန်တော်က ဆောင်းသင်္ကြန်လို့ အမည်ပေးလိုက်တယ်။ ပိတောက်ကလည်း အဲဒီအမည်ကို နှစ်သက်တယ်။ ဒီလိုနဲ့ ကျွန်တော်တို့ဟာ မချမ်းသာပေမယ့် မပူရမပင်ရတဲ့ ဘဝကလေးကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။ ကျွန်တော့်ရင်သွေးမဟုတ်ပေမယ့် သမီးလေးကိုချစ်လိုက်ရတာတုန်နေတာပါပဲ။

နောက်တော့ ပိတောက်ဟာ ဒုတိယရင်သွေးကိုလွယ်ရပါတယ်။ အဲဒီရင်သွေးလေးကြတော့ နွေဦးမှာမွေးတော့ကြောင့် ကျွန်တော်က နွေဦးသင်္ကြန်ဆို



www.burmeseclassic.com

ကွာ"

"အေး-မင်းပါးစပ်နဲ့ထွက်လို့ရရင်တောပေါ့။ တကယ်ထွက်ဖို့ဆိုတာကတော့ကိစ္စမဟုတ်တာ"

"သူငယ်ချင်း၊ မင်းတို့နှစ်ယောက်ပြန်ကွာ။ ငါ့ကိုတော့ လူချင်းကွဲပြန်မတွေ့တော့ဘူးလို့သာကိုအစီရင်ခံပါကွာ"

"မင်းကွာ၊ နေရင်းထိုင်ရင်း တပ်သွားပြီပေါ့ကွ။ ရာဇဝတ်ဘေးလွတ်ဘူးတဲ့။ မင်းတစ်နေ့မိမှာပဲ။ ဘာတားကျမယ်၊ ထောင်ကျမယ်"

ကျကျကွာ၊ ဒီအခြေအနေမှာထက် ဟောဒီညီမလေးတို့နှစ်အတွက်က ပိုအရေးကြီးတယ်။ ဒီတယ်တင်ရင်း မိတဲ့နေ့ငါခံမယ်

"အေးလေ၊ အခြေအနေနဲ့အချိန်အရ ဖြစ်သင့်ဖြစ်ထိုက်တာကို မင်းကို ငါတို့ဝုန်းယူပါတယ်။ ဒီကလေးကကော ဆန္ဒဘယ်လိုရှိသလဲ ပြောပါဦး"

"ဟုတ်ကဲ့ - အစ်ကိုတို့စီစဉ်သမျှကိုတော်နာရမှာပါ"

"အေးလေ၊ ဒါဆိုလည်းပြီးတာပဲ။ မြင့်ဝေ မင်းနဲ့ ငါ ပါလာတဲ့ပိုက်ဆံတောင့်ပဲချန်ပြီး သန်းနိုင်ကို ကူညီကြရအောင်"

ဆိုပြီး ပါသမျှပိုက်ဆံအကုန်ပေးကျွန်တော်တို့နှစ်ဦးကို နှုတ်ဆက်ကာ ထွာသွားခဲ့ကြပါတယ်။

ကျွန်တော် ပိတောက်ကို ရွှန်းရွှန်းကြည့်မိပါတယ်။ ဆိုရရင်တော့ ယုယလှုပတဲ့ပိတောက်ကို ကျွန်တော် ကာသနားချစ်နဲ့ ချစ်မိသွားတော့တာ အငြမ့်က်ဝန်းပျောက်သွားခဲ့ပါပြီ။ ကျက်ဝန်းကလေးရွှန်းလဲ့ခဲ့လေပြီ။ ကျော် ပိတောက်ရဲ့ လက်ဖြူဖြူနုနုတယုတယဆုပ်ကိုင်လိုက်တယ်။

"ပိတောက်"

"ရှင်"

"ပိတောက်တွေဝေအောင်ပွင့်တဲ့ကမ္ဘာမှာ အစ်ကို ပိတောက်ပန်းလေးဆိုင်ခွင့်ရလိုက်လို့ ကျေနပ်မိပါ အားမငယ်နဲ့နော်၊ အစ်ကိုကို တစ်သက်လုံး မြတ်မြတ်နိုးနိုးချောက်မယ်သိလား"

ပိတောက်ဟာ မျက်ရည်အဝဲခဲနဲ့ ခေါင်းကလေးညိတ်ချပါတယ်။ - ကျွန်တော့်ရဲ့ သင်္ကြန်ဖူးစာက ဆန်းကြယ်လှပါရဲ့။

www.burmeseclassic.com

ပြီး နာမည်ပေးပါတယ်။ ကျွန်တော်ဆိုရင် ဘဝကိုအရမ်းကျေနပ်နေတာပါ။ ပိတောက်ကလည်း ကျွန်တော့်ကို သိပ်ချစ်ပါတယ်။

ဒါပေမယ့် ပိတောက်ကို ကျွန်တော် သိပ်သဘောမကျတာ တစ်ခုရှိတယ်။ အဲဒါက ဓာတ်တွေ၊ နတ်တွေ၊ ဗေဒင်၊ ယတြာကို ယုံကြည်လွန်းအားကြီးတာပါပဲ။ တစ်နေ့တစ်နေ့ ကျွန်တော့်ရဲ့ဝင်ငွေဟာမနည်းလှပါဘူး။ စုစုဆောင်းဆောင်းနဲ့ ရွှေထည်လေးတွေတောင် အတော်ပြည့်ပြည့်စုံစုံရှိနေခဲ့ပါပြီ။

သမီးလေးနှစ်ယောက်ဟာ ကျွန်တော်ရဲ့ဘဝအမောဖြေပြေရာလေးတွေပါ။မောမောနဲ့ ညနေမိုးချုပ်စပြန်ရောက်လာရင် သမီးလေးတွေရဲ့မျက်နှာလေးတွေမြင်လိုက်ရတာနဲ့ တစ်နေ့တာ ပင်ပန်းခဲ့သမျှ အပန်းပြေရပါတယ်။

**သင်္ကြန်ရဲ့ဒဏ်**

ဟုတ်ကဲ့ - ကျွန်တော်ပျော်တယ်ဆိုတာ တင်းပြည့်ကျပ်ပြည့်တော့မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်က တပ်ပြေးပါ။တပ်ပြေးဆိုတော့ ကျွန်တော် ချိုးဖောက်ခဲ့တဲ့ပြစ်မှုက ကျွန်တော့် အတွက် ကျောမလုံလှပါဘူး။ သွားလေရာ စိတ်တထင့်ထင့်ပါ။

ရာဇဝတ်ဘေးပြေးမလွတ် ဆိုတဲ့ စကားအတော်မှန်တာပါ။ တစ်နေ့မှာ ရုပ်ကွက်လူကြီးတွေနဲ့ ရဲတွေ ကျွန်တော့်ကို တပ်ပြေးမှုနဲ့လာဖမ်းကြပါတယ်။ အမှု ဆိုတာ ဆွေးသွားတဲ့အမျိုးမဟုတ်လေတော့ ဒီလိုပဲ တစ်နေ့မှာခံရတတ်ပါတယ်။

ဒီလိုနဲ့ ကျွန်တော့်ကို တပ်ပြန်ပို့ကွာတားကျပြီး တာဝန်ဆက်မထမ်းချင်တော့တဲ့ ကျွန်တော်ဟာ ထောင်ဒဏ် (၂)နှစ်ကျခံရပါတယ်။ ပိတောက်လည်း မျက်ရည်နဲ့၊ ကျွန်တော်လည်းမျက်ရည်နဲ့ ပေါ့ဗျာ။ ဒါဟာ သင်္ကြန်ရဲ့အကျိုးဆက် ဒဏ်လို့ခေါ်လို့ရပါတယ်။

အရွယ်မရောက်သေးတဲ့ ကလေးအရွယ် လူမမယ်သမီးလေးနှစ်ယောက် ရှိနေတဲ့ ပိတောက်ဟာ ကျွန်တော့်ဆီ ထောင်ဝင်စာကြာကြာမှတစ်ခါလာတွေ့နိုင်ပါတယ်။အကြီးလေး ဆောင်းသင်္ကြန်ကစကားပြောတတ်စ၊ အငယ်လေးနွေဦးသင်္ကြန်က ရင်ခွင်ပိုက်အရွယ်လေးတွေဆိုတော့ ကျွန်တော့်ဆီ မရောက်လာနိုင်တာ ခွင့်လွှတ်နေမိပါတယ်။

ဒီလိုနဲ့ နောင်မှာလုံးဝလာမတွေ့တော့ပါဘူး။ အဲဒီမှာ ကျွန်တော်သောက အကြီးအကျယ်ဖြစ်ရတယ်။ ကလေးတွေ နေလို့မကောင်းပါလေ၊လူကြီးတွေရောကျန်းမာပါလေစနဲ့တွေးပြီး တကယ်ရင်လေးနေမိတာပါ။ ထောင်ဝင်စာမပို့ချင်တောင်မှ လူလာတွေ့ပြီး သမီးလေးတွေနဲ့ မျက်နှာမြင်ရရင် ကျေနပ်ပါတယ်ဗျာ။ ခုတော့ လုံးဝကိုလာမတွေ့တော့ကာ ဘာတွေများဖြစ်နေကြပြီလဲဆိုတာသိချင်နေမိပါတယ်။

ထောင်ဒဏ်(၂)နှစ်ဆိုတာ လျှော့ရက်တွေနဲ့ဆိုတော့ (၂)နှစ်မပြည့်လိုက်ပါဘူး။ ကျွန်တော်လွတ်ခဲ့ပါပြီ။ သင်္ကြန်မှာ အရင်းတည်လိုက်တဲ့ သင်္ကြန်ရဲ့ဒဏ်ကို ပေးဆပ်ခဲ့ပြီးပါပြီ။ သိတယ်မဟုတ်လား။ ရှင်လိုင်ပြန်၊ ထောင်ထွက်၊ မင်္ဂလာဆောင်တဲ့ရက် ဆိုတဲ့စကားလေ။ အခု ကျွန်တော် ထောင်ကထွက်တော့ကာ ပေါ့ပါးကြည်နူးပြီး ပျော်လိုက်တဲ့ဖြစ်ချင်းဗျာ။

ကျွန်တော့်စိတ်က သမီးလေး(၂)ယောက်ဆီရောက်နေမိတယ်။ နေမကောင်းကြပါစ၊ စီးပွားရေးမှအဆင်ပြေကြပါစနဲ့ ကြောင့်ကြစိတ်တွေဝင်နေမိတယ်။ ဒါပေမယ့် စိတ်ထဲမှာ တစ်မျိုးကြီးလို့ ခံစားနေရတယ်ဗျ။ တစ်ခုတော့ တစ်ခုပဲ။ အိမ်မှာဘာများဖြစ်နေပါလိမ့်ပေါ့။

**သင်္ကြန်တို့ရဲ့မိခင်**

ဆောင်းသင်္ကြန်နဲ့နွေဦးသင်္ကြန်တို့ရဲ့မိခင်ဟာ ကျွန်တော်ထောင်ကျပြီး (၆)လလောက်အတွင်းမှာပဲ ကျွန်တော့်ကို ကြာကြာတစ်ခါလာတွေ့ပြီး နောက်ပိုင်းမှာလုံးဝလာမတွေ့တော့တာ ဘာကြောင့်လဲဆိုတာ ရင်မှာပဟေဠိဖြစ်နေခဲ့တာ အမှန်ပါ။

ခုလည်း အပြင်ရောက်လာလို့သာစိတ်လက်ပေါ့ပါးသွားခဲ့ပေမယ့် သင်္ကြန်တို့ရဲ့မိခင် ပိတောက်ဆီ သွားရမှာ ရင်ထဲမှာတစ်မျိုးကြီးခံစားနေရပါတယ်။ ရှိမှရှိသေးရဲ့လား၊ သေများသွားပြီလား ဒါမှမဟုတ် နောက်အိမ်ထောင်များပြုသွားခဲ့ပြီလားစတဲ့ လားပေါင်းများစွာ ရင်တွင်းပုစ္ဆာတွေနဲ့လာခဲ့ရခြင်းပါ။

ခုလောက်ဆိုရင် သမီးလေးတွေတောင် စကားပြောတတ်လောက်ပါပြီ။ ခက်တာက ကျွန်တော်နဲ့ ပိတောက်ဆိုတာက အမှတ်တမဲ့လမ်းပေါ်မှာတွေ့ပြီး သနားတတ်တဲ့စိတ်နဲ့ ကျွန်တော်အနစ်နာခံပြီးပြုလိုက်ရတဲ့အိမ်ထောင်ပါ။ ဒီတော့ သူ့ရဲ့ရင်တွင်းမေတ္တာ ကျွန်တော့်အပေါ်မှာ ရှိချင်မှရှိမှာပါ။ ဒါပေမယ့် ကျွန်တော်ကတော့ ကျွန်တော်ချစ်တယ်လို့ခံယူထားတာပါ။ သူကလည်း ချစ်ခဲ့တာအမှန်ပါ။ ဘာဖြစ်လို့ ကျွန်ုတော့်ကို အဆက်အသွယ်မပြုတော့တာပါလိမ့်စီးပွားရေး၊ လူမှုရေးအခြေအနေအရ မလာနိုင်တာနေမှာပါလို့ ဖြေသိမ့်ရပါတယ်။

(၂)နှစ်နီးပါးအတွင်းမှာ ရပ်ကွက်လေးက ဘာမှမပြောင်းလဲပါဘူး။ ကျွန်တော်တို့အိမ်ကိုရောက်တော့ အိမ်ထောင်သွေ့သွေ့ပါ။ ယောကျ့ာမကြီးဖြစ်တဲ့ ဒေါ်အေးအေးက စက်ချုပ်နေပါတယ်။ သမီးကလေး(၂)ယောက်က အိမ်အောက်မှာ ဆော့ကစားနေပါတယ်။ ကျွန်တော် အိမ်ဝမှာရပ်လိုက်တော့ ကလေး (၂) ယောက်က ကျွန်တော့်ကို စိန်းစိန်းကြည့်နေပါတယ်။

"အမေ၊ ပိတောက်ဘယ်သွားနေတာလဲ။ ကျွန်တော်ပြန်လာခဲ့ပါပြီ"

ဆိုတော့ ယောကျ့ာမဖြစ်သူက ကျွန်တော့်ကို တအံ့တသြကြည့်နေပါတယ်။ အဲဒီအကြည့်ဟာ အဓိပ္ပာယ်များစွာရှိတာကို သဘောပေါက်တာကြောင့်

"အမေပိတောက်ကဘယ်ရောက်သွားတာလဲ"

လို့ ဆက်မေးမိပါတယ်။

အဲဒီကျမှ -

"ကဲ - မောင်သန်းနိုင်၊ အေးအေးဆေးဆေးထိုင်ပါကွယ်။ အမေ့အနေနဲ့ မပြောမဖြစ်တော့လည်း ပြောပြရမှာတာဝန်ရှိပါတယ်"

ဆိုတော့ ကျွန်တော်ဦးခန်းဆီးတီထိုင်ခုံမှာဝင်ထိုင်ရပါတယ်။

"ဒီလို သားရေ၊ သားထောင်ထဲရောက်သွားပြီး သိပ်မကြာခင်မှာပဲ သားအတွက်အမြန်လွတ်အောင်လုပ်ဆောင်ပေးနိုင်တယ်ဆိုတဲ့ ဆရာတစ်ဦးကို သမီးကအိမ်ကိုခေါ်လာခဲ့တယ်"

"ဩော်-အမေကလည်း၊ ထောင်ဒဏ်ရိက္ခာပြီးကာမှ ဘာဓာတ်ရိုက်ဓာတ်ဆင်နဲ့မှ ယတြာလုပ်လို့မရတော့ဘူးလေ၊ သူ့ထောင်ကျသက်တမ်းကုန်မှလွတ်တဲ့အမျိုးလေး အမေရဲ့"

"အမေလည်းပြောပါတယ် သားရယ်။ ဒါပေမယ့် ပိတောက်က ခေါင်းမာတတ်တာကိုလည်း သားအသိသားနဲ့ ဒီလိုနဲ့ အဲဒီဆရာက အတော်နဲ့ အပေါ်ကမဆင်းတာနဲ့ သမီးကိုဆူရောလေကွယ်။ ဒီလိုနေတာဘယ်သင့်တော်မလဲ



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ဆုံးတော့ ပိတောက်ဟာ အဲဒီ ဆရာဆိုတဲ့လူနောက်ကိုလိုက်သွားတော့ တာပါပဲ။ ဆရာကအသက်(၄၀)ဝန်းကျင် အိမ်ခန့်အရွယ်ကောင်းဆိုတော့ နောက် အနေနီးပြီးလိုက်ပြေးတဲ့အထိဖြစ်ခဲ့ တာပါ။ အခုဆိုရင် ဘယ်ရောက်လို့ ပေါက်တယ်မှန်းတောင်မပြောတတ် တော့ပါဘူး။ အမေမှာလည်း ဟောဒီ ကြီးလေး (၂) ယောက်ကို ပြုစု ဆောင့်ရှောက်ရင်း အတော်လေးကို ဒုက္ခ ဆောက်တာပါကွယ်"

လို့ပြောပြီး မျက်ရည်ကျနေရှာပါ တယ်။

ကျွန်တော်လည်း လိုက်လိုက်လဲ ကိုခံစားရပြီး မျက်ရည်မဆည်နိုင် အောင် ကျိတ်ပြီးငိုနေမိပါတယ်ဗျာ။ ကလေး(၂)ယောက်ကတော့ ကျွန်တော့် ခင်မှန်းမသိရှာကြပါဘူး။ သက်ိန် ခဲ့ခိခင် ကျွန်တော့်အပေါ် လုပ်သွား ကတော့ ရက်စက်လွန်းလှပါတယ် ဗျာ။ ကျွန်တော် အတော်ကြီးကို ရှက် သွားခဲ့တာပါ။

ဒါဆို ကျွန်တော် ဒီအိမ်မှာ ရပ် တည်လို့ လုံးဝမရတော့ပါဘူး။ အားလုံး ကိုနှုန်လွှတ်ပြီး ထွက်ခွာရတော့မှာပါ။ အကြောင့် ကျွန်တော် ဦးတိုးမောင်တို့ အိမ်ဘက်ထွက်ခဲ့ပါတယ်။

"မောင်သန်းနိုင်ရေ၊ ပြောရင် အောင်ဖြစ်မယ်ကွ။ မင်းရဲ့ပိတောက်ဟာ ဘယ်လောက် အတော်မျက်နှာများတဲ့ ကလေးမပါကွာ။ ဒီလိုမျက်နှာများလှတဲ့ အောင်မလေးကို မင်းကကယ်တင်ပြီး ယူလိုက်တာ ငါသဘောပေါက်ပါတယ်. ကောင်သန်းနိုင်ရာ။ ဒါပေမယ့် တပ်က ပြုခဲ့တဲ့မင်းကလည်း အဲဒီအကြွေးကို ဆပ်သည် ပေးဆပ်လိုက်ရတော့ကာ ဆောင်လိုလို၊ နတ်လိုလို၊ ပယောဂလိုလို၊ ဆောင်လိုလို လူလည်တစ်ကောင်က ကြံဖြတ်ပြီးဝင်သုတ်သွားတာပေါ့ကွာ။ ကလေး - ဘဝရေစက်ကဒါလောက်ပဲ ပါတော့ကိုးကွာ။ ဒါနဲ့ မောင်သန်းနိုင် ဘာ ဆက်လုပ်မယ်စိတ်ကူးလဲ"

"ကျွန်တော်တစ်ကိုယ်တော်လေ သွင့်ရတော့မှာပေါ့ဗျာ။ အိမ်မှာ ကျွန် ဆောစက်ဘီးလေးရှိနေသေးတယ်။အဲဒီ ဆက်ဘီးလေးနဲ့ပဲ ကျွန်တော်လုပ်တတ်နေ ကြောင်းပညာနဲ့စိတ်ပြေလက်ပျောက် သွားပြည့်အနှံ့ လျှောက်သွားနေတော့ မယ် ဗျာ"

"အေး-ကောင်းပါလေကွာ၊ မင်းရဲ့ ကလေး(၂)ယောက်ပဲ သနားဖို့ကောင်း တာပါ"

"ကံပေါ့ ဦးလေးရယ်၊ ကျွန်တော့် ရင်ခွင်ထက် သူ့အဘွားရင်ခွင်ကပိုပြီးနွေး ထွေးမှာပါ"

"အေး - ဒါအမှန်ပဲကွ၊ သူတို့မှာ အခြားဆွေမျိုးတွေအများကြီးရှိနေပါ ဒသးတယ်။ သူတို့ဘဝသိမ်ငယ်ပါဘူး။ မင်းယောကျ်ားမှာ အခြားသားသမီး(၅)ဦး အိမ်ထောင်တွေနဲ့ရှိနေသေးတာ မင်း လည်းသိနေတာပဲကွာ။ ဘာမှနောက်ဆံ တင်းစရာမရှိပါဘူး"

"ဟုတ်ကဲ့ ဦးလေး ဟုတ်ကဲ့"

"ဒါပေမယ့် ပစ်တော့မထားနဲ့ပေါ့ ကွာ။ ကြာကြာတစ်ခါဝင်ကြည့်ပြီး ထောက်ပံ့နိုင်ရင် ထောက်ပံ့ပေးပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးလေး"

## သက်ိန်ဝေနာနဲ့ခရီးသည်

ဒီလိုနဲ့ ကျွန်တော်ဟာ ယောကျ်မ အိမ်မှာမနေချင်ပေမယ့် ခေတ္တတည်းခို ကာ စက်ဘီးစုတ်လေးကို အတတ်နိုင်ဆုံး ကောင်းအောင်ပြုပြင်ပါတယ်။ ပြီးတော့ လိုအပ်တဲ့ပစ္စည်းလေးတွေ ဝယ်ရဖန်တီး ရပါတယ်။ ပြီးတော့ ရောက်ရာအရပ်မှာ အိပ်ဖို့ စောင်တစ်ထည်နဲ့အဝတ်အနည်း ငယ်အိတ်နဲ့ထည့်ပါတယ်။ မပါမဖြစ်တာ က ရေဘူးပါ။ ဘယ်အရပ်ဘယ်ဒေသ မှာမဆို လမ်းဘေးသောက်ရေအိုးစင် လေးတွေရှိပေမယ့် ရွာစဉ်ရွာဆက်ကြတဲ့ ဒေသတွေမှာကျတော့ ရေအိုးစင်မရှိပါ ဘူး။ ဒီတော့ ကိုယ့်ရေဘူးကိုယ်အားကိုး ရမှာပါ။ ကျွန်တော် စစ်သားဘဝနဲ့ဒေသ အတော်များများရောက်ဖူးခဲ့တာကိုး။

သမီးလေး (၂) ယောက်ဟာ ကျွန်တော်နဲ့ တစိမ်းလိုဖြစ်နေတော့ကာ ဘယ်လိုချော့ခေါ် ခေါ် မရပါဘူး။ ကိုယ့် သမီးလေးတွေ စွန့်ခွာသွားရတော့မယ် ဆိုတဲ့အသိဟာ ကျွန်တော့်မျက်ဝန်းက မျက်ရည်ကိုဘယ်လိုမှထိန်းမရပါဘူး။

ပိတောက် မရှိတော့တဲ့အခါ ကျွန်တော် ဒီမှာဘယ်လိုဆက်နေလို့မ မတင့်တယ်ပါဘူး။ ဒီသမီးကလေး (၂) ယောက်ကို ကျွန်တော်ရှာဖွေကွေးနိုင် တဲ့ အရည်အချင်းရှိပေမယ့် နေဖို့က မတင့်တယ်တာကြောင့် သမီးလေးတွေ ကို စွန့်ခွာသွားရတော့မှာပါ။ သမီးလေး တွေနဲ့ (၃)ရက်အတူနေပြီးတဲ့အခါမှာ တော့ ကျွန်တော် အားလုံးကို နှုတ်ဆက် ကာ ခရီးစထွက်ပါတယ်။

ပထမဆုံး မန္တလေးကနေစစ်ကိုင်း တံတားကြေးမြတ်ကျော်ကာ စစ်ကိုင်းတိုင်း ဒေသကြီးထဲစဝင်ပါတယ်။ တစ်ရွာဝင် တစ်ရွာထွက် အေးအေးဆေးဆေး ပူဖောင်းလှည့်ရောင်းတာပါ။ အဓိကကျ တာကတော့ စာသင်ကျောင်းတွေ၊ ဈေး တွေရှိတဲ့နေရာ၊ ပွဲလမ်းသဘင်ရှိတဲ့ နေရာ၊ အလုပ်မက်လာရှိတဲ့နေရာတွေကို စုံစမ်းမေးမြန်းပြီး သွားရောင်းလေ့ရှိတာ ပါ။ အမြတ်ကြီးသိပ်မစားပါဘူး။ ဒီတော့ ရောင်းကောင်းပါတယ်။ မရှိဆင်းရဲလို့ မဝယ်နိုင်တဲ့ကလေးမျိုးကျတော့လည်း အလကားပေးလိုက်တာပါ။ ဘာအရင်း ကျတာမှတ်လို့၊ လေကိုရောင်းစားတဲ့ ဥစ္စာ။

ကျွန်တော်လှုပ်ရောင်းတာကတော့ ပါးစပ်နဲ့မှုတ်ရတဲ့ ပူဖောင်းမျိုးတွေရယ်၊ လေထိုးတဲ့နဲ့ထိုးပြီး အရုပ်မျိုးစုံလုပ်လို့ ရတဲ့ ပူဖောင်းမျိုးရယ် (၂) မျိုးပါ။ မီးမှုံ ပူဖောင်းကျတော့ ဂက်(စ်)အိုးရယ်၊ နို့က် ထရိုဂျင် ဓာတ်ငွေ့လုပ်ဖို့ အလူမီနီယမ် သတ္တုရယ်၊ ကော့စတစ်ရယ်လိုတာကိုး။ ကျွန်တော်က ရည်ရွယ်ချက်မရှိ ဦးတည် ရာမရှိ စက်ဘီးဦးတည်တဲ့ဘက်လျှောက် သွားနေမှာဆိုတော့ အဲဒီဂက်(စ်)အိုးကြီး ကို မသယ်ဆောင်နိုင်ပါဘူး။

ဘာရယ်မဟုတ်ပါဘူး။ ရင်ထဲမှာ သက်ိန်အနာကဝင်ရောက်နေရာယူထား တော့ကာ ဦးတည်ရာမဲ့စိတ်လေလွင့်တဲ့ အနေနဲ့သွားနေမှာပါ။ ကျွန်တော့်ဘဝက ဘာနဲ့တူသလဲဆိုတော့ လေလွင့်နေတဲ့ လဲပို့စေ့တစ်စေ့လို့ လေမှာပျံဝဲနေမှာပါ။ ဘယ်ရောက်ရောက်၊ဘယ်ပေါက်ပေါက်၊ ဘယ်မှာသေသေ ဘာကိုမှဂရုမစိုက်ချင် တော့ပါဘူး။ လွင့်ချင်တိုင်းလွင့်ပေါ့ဗျာ။

စားတော့ ထမင်းဆိုင်၊ အိပ်တော့ ဇရပ်၊ သောက်တော့ ရေအိုးစင်ဆိုတာ လိုပေါ့ဗျာ။ လွှောက်ရာအရပ် ဘုန်းကြီး ကျောင်းတွေမှာဝင်ပြီး ဘုန်းကြီးလျှောက် ကာ ဇရပ်မှာတည်းခိုတာများတယ်။ မြို့ ပြတွေရောက်ရင် ကုန်ကြမ်းများများဝယ် ပြည့်ပေါ့လေ။

အရက်လား။ ခက်တာက ကျွန်တော်က စိတ်သာညစ်နေတာ။ အရက်ကိုမကြိုက်တတ်လေတော့ လုံးဝ မသောက်ဘူး။ ထမင်းဟင်းဆိုင်ကောင်း ကောင်းတွေ့ရင် ရှယ်စားတယ်။ စီးက ရက်ကြိုက်တတ်တော့ကာ စီးကရက်ဆို အမြင့်ဆုံး စီးကရက်တွေဝယ်သောက် တယ်။ဝယ်တာမှ တစ်ဘူးနှစ်ဘူးမဟုတ် ဘူးနော်။ကာတွန်းလိုက်ဝယ်ဆောင်ထား တာ။ သွားလေရာ စီးကရက်ကလေးဲ


www.burmeseclassic.com

www.burmeseclassic.com

ပြီး စက်ဘီးနင်းနေရလို့တော့ နင်းရတယ် တောင်မအောက်မေ့ဘူး။ စဉ်းစားကြည့်လေ။ တစ်ရွာနဲ့တစ်ရွာ ဘယ်လောက် ဝေးမယ်ဆိုတာ သိတာမှမဟုတ်တာ။ မရောက်မချင်းနင်းနေရတာကိုး။ လမ်းဆုံးရင်ရွာတွေ့ဆိုတာ တကယ်မှန်တာ။ သွားပါများတော့လည်း ခရီးရောက်ရတာပါပဲ။ အချို့ရွာကြီးတွေမှာဆိုရင် သဘောကျလွန်းလို့ တစ်လကိုးသီတင်းနေပြီး ပူဖောင်းရောင်းဖြစ်တယ်။

အဲဒီလိုအနေကြာပြန်တော့လည်း ကလေးတွေက ပူဖောင်းသည်ကြီးဆိုပြီး သံယောဇဉ်ဖြစ်ကြပါတယ်။ ကျွန်တော် စထွက်ခဲ့ပြီဆိုကတည်းက ရောက်ရာပေါက်ရာ အကုန်လျှောက်သွားနေတော့ မယ်ဆိုတဲ့ဆုံးဖြတ်ချက်နဲ့ထွက်ခဲ့တာကိုး။ ဘယ်မှာအခြေချမယ်၊စီးပွားရေးဘာလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်လုံးဝမပါဘူး။ အဲဒါကြောင့် သံယောဇဉ်မကြီးမားခင် ရှေ့ခရီးကိုဆက်ထွက်တတ်တာပါ။

ကလေးတွေ ပူဖောင်းဝယ်ရင် ကျွန်တော့်သမီးလေး(၂)ယောကို အမြဲပြေးမြင်မိတယ်။ ကံဆိုးလိုက်တာပါဗျာ။ အဓိလုပ်တဲ့သူက အခြားတစ်ပါး ယောကျ်ားနဲ့ပါသွားတယ်။ အဘလုပ်တဲ့ ကျွန်တော်ကလည်း ရွှင်ကျပင်ပေါက်လိုလူဆိုတော့ တာဝန်ယူနိုင်တဲ့အင်အားကမရှိနဲ့ပေါ့လေ။ ကံအလွန်ဆိုးတာပါ။ ဒါပေမယ့် ဘာမှမတတ်နိုင်ပါဘူး။ မိဘတွေ၊ ညီအစ်ကို၊ မောင်နှမတွေဆီလည်း ပြန်လိုစိတ်မရှိပါဘူး။ ခုလို လမ်းပေါ်မှာ နေရတာလွတ်လပ်ပါတယ်ဗျာ။အနှောင်အဖွဲ့ကင်းတဲ့ လေလွင့်စွန့်လို့ လွင့်ချင်တိုင်းလွင့်နေခဲ့ပါတယ်။

ကျွန်တော်ဟာ စက်ဘီးမနားမနေနင်းနေရလို့လားတော့ မသိဘူးပေါ့လေ။ နွေ၊ မိုး၊ ဆောင်းဆိုတဲ့ ရာသီဥတုတွေ ပြောင်းလဲပေမယ့် ကျွန်တော်ကတော့ ဘာမှမပြောင်းလဲဘူး။ ကျွန်းကျွန်းမာမာ၊ သန်သန်စွမ်းစွမ်းပါပဲ။ ဖျားနာလိုက်လို့ကတော့ဘယ်ချောင်မှာလဲဗျာ။ ပြုစုမယ့်သူမှမရှိတာ။

ဒီလိုနဲ့ ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ တစ်မြို့ဝင်၊ တစ်မြို့ထွက်နဲ့ လှည့်လည်နေထိုင်ရောင်းချနေခဲ့တာ (၃) နှစ်လောက် ကြာသွားတယ်။ တဖြည်းဖြည်းနဲ့ မန္တလေးဘက်ပြန်ရောက်တော့ စုမိတဲ့ပိုက်ဆံလေး ယောကျ္ဃကြီးဆီဝင်ပေးပြီး ခရီးဆက်ပါတယ်။ သမီးလေးတွေတောင် အတော်ကြီးနေကြပါပြီ။ ပိတောက်ဆီကလည်း ဘာအဆက်အသွယ်မှမရဘူးလို့သိရပါတယ်။ဒီတစ်ခါတော့ မန္တလေးတိုင်းဒေသကြီးထဲကမြို့တွေ တစ်မြို့ပြီးတစ်မြို့ လှည့်လည်ပါတယ်။

အဲဒီတုန်းက မန္တလေးတိုင်းဒေသကြီးမှာ (၂၉) မြို့နယ်ရှိတယ်ဗျ။ အဲဒါကြောင့် မြို့နယ်တွေ၊ ကျေးလက်တွေ မရောက်ဘူးဆိုတာမရှိအောင်သွားတာပါ။ သပိတ်ကျင်းမြို့ရောက်ပြီးတော့ ဆရာတို့ရဲ့ မိုးကုတ်မြို့ကိုရောက်ပါတယ်။ မိုးကုတ်မြို့ရဲ့အရှေ့ပိုင်း၊ အနောက်ပိုင်း အတော်နဲ့အောင်ရောက်တယ်။ တပို့တွဲလပြည့်မှာ ချမ်းသာကြီးဘုရားပွဲရှိတယ်။ တပေါင်းလပြည့်နေမှာ ဖောင်တော်ဦးဘုရားပွဲရှိတယ်။ အဲဒီပွဲ(၂)ခုမှာတင် ရက်အတော်ကြာတယ်။ ရောင်းကောင်းသလားလည်းမမေးနဲ့၊ တအားရောင်းကောင်းတာ။ မန္တလေးတိုင်းဒေသကြီးမှာ အဝေးဆုံးမြို့ဆိုတော့ ကျွန်တော်နောက်ဆုံးထားပြီးသွားတာ။ အဲဒီကနေ မိုးမိတ်ဖြတ်ပြီးတော့ ကချင်ပြည်ဘက်ရောက်သွားပြန်ရော။ ကချင်ပြည်နယ်ကပြန်လာပြီးမှ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းကိုကူးတယ်။

အဲဒီလို တောင်တန်းဒေသတွေမှာ ကျတော့ လက်နက်ကိုင်တိုင်းရင်းသားတွေနဲ့ မကြာမကြာကြုံရတယ်။ပူဖောင်းသည်ကြီးဆိုပြီးတော့ကော သနားညှာတာကြပါတယ်။ ဆိုးသွမ်းဝေးပြတွေလည်း ကြုံရတယ်။ ပူဖောင်းသည်ဆိုတော့ ဘာမှမလုပ်ပါဘူး။ ကျွန်တော်လည်း စုမိသမျှပိုက်ဆံလေး ကျစ်ကျစ်ပါအောင် လိပ်ပြီး ဖင်ထိုင်ခုံအောက်မှာ ဖွက်တဲ့နေရာလေးလုပ်ပြီးဖွက်ရတယ်။ အပြောကိုလည်း ညက်နေအောင်ပြောတတ်ရတာလည်း ပါတာပေါ့လေ။ ဆရာတို့ရယ်၊ အစ်ကိုတို့ရယ်၊ ဗိုလ်ကြီးတို့ရယ် ဆိုတဲ့ အောက်ကျို့အသုံးအနှုန်းလေးတွေဟာ တကယ်အန္တရာယ်ကင်းစေတဲ့ နည်းလေးတွေပါ။ စစ်သားလူထွက်ပဲဗျာ ဘယ်ညည်မှာတုံး။

ရှမ်းပြည်နယ်မြောက်ပိုင်းကနေပြီး တရုတ်ပြည်ဘက်ကို ဝင်သွားလိုက်တာ (၅)နှစ်ကြာသွားတယ်။ အဲဒီမှာကျတော့ ပူဖောင်းမရောင်းဖြစ်တော့ဘူး။ တရုတ်တွေက ဘယ်ကလာပူဖောင်းဝယ်မှာလဲဗျာ။ ပူဖောင်းကသူတို့ဆီကလာတဲ့ဥစ္စာ။ အဲဒီမှာ ကြုံရာကျပန်းလုပ်ရင်း တရုတ်လောပန်တစ်ဦးဆီမှာ အလုပ်ဝင်ဖြစ်တယ်။ ပစ္စည်းတွေဟိုပို့ဒီပို့လုပ်ရတယ်။ ပစ္စည်းတွေ သွားသယ်ရတယ်ပေါ့ဗျာ။ ကျွန်တော်ကလည်း အလိုက်တာလွန်ရော။ ကျွန်တော်လုပ်ပေးနေရတာတွေက မူးယစ်ဆေးသယ်ပေးပို့ပေးရတဲ့ အလုပ်လေ။ ဒီလိုနဲ့ ကျွန်တော့်နာမည်ထွက်လာလို့ဖမ်းမယ်အလုပ်မှာ တိုးပြည်ထဲရောက်အောင် မနည်းပြေးခဲ့ရတယ်ဗျာ။ သိတယ်မဟုတ်လား။ တရုတ်က မူးယစ်ဆေးဆို သေဒဏ်ပေးတာလေ။ ကိုယ့်ပြည်ထဲရောက်လာတောင် လိပ်ပြာသိပ်မလုံဘဲ မီးရထားကားလှည့်ပြောင်းစီးရင်း နောက်ကွယ်မလုံစွာနဲ့ မန္တလေးပြန်ရောက်ခဲ့ရတာတရုတ်ပြည်ကနေ လူလွတ်အရောင်ပြေးခဲ့ရလေတော့ ကျွန်တော်မှာဘာမပါခဲ့တော့ပါဘူး။ တကယ်ဗျာ၊ တကယ်တော် အတော်မှားသွားတာပါ။ စက်လေးတစ်စီးနဲ့ လမ်းပေါ်မှာ အခြေတည်နေနိုင်ခဲ့ပေမယ့် တရုတ်ပြည်အထင်ကြီးမိလို့ သူညာဘဝပြန်ရောက်ခဲ့ရပါတယ်။ တကယ့်မဟာအမှားပါပဲ။

ဒီလိုနဲ့ ကျွန်တော် မန္တလေးစားသောက်ဆိုင်တစ်ဆိုင်မှာဝင်လုပ်ရင်း ကျောတစ်ခင်းစာနေရာ ရပါတယ်။ တစ်နှစ်လောက်လုပ်အပြီးမှာ ကျွန်တော် ဆက်လက်ပျံသန်းဖို့အတောင်ရပါတယ်။ အဲဒီအတောင်က စက်ဘီးကလေး။ စက်ဘီးအသင့်ဖြစ်တာနဲ့လိုအပ်တာတွေ စုဆောင်းပြီး ခရီးစထွက်ကာ နဂိုလုပ်လပ်စွာပျံသန်းတဲ့ဘဝကို ပြန်ရောက်ခဲ့တယ်။ ဒီတစ်ခါ ဦးတည်ထွက်ခဲ့တာက ကျွဲနွားမြောင်းတဲ့ ကယားပြည်နယ်ဘက်ပါ။ ဘာရယ်မဟုတ်ပါဘူး၊ ရောတော်အောင်လျှောက်သွားနေတာပါ။ ထောက်ဖွေပေါက်တဲ့လူဆိုတာ ကျွန်တော်လိုလူမျိုးပါ။ ကားမစီးဘူး၊ ရထားမစီးဘူး၊ မြေကြီးလမ်းရှိနေသမျှ စက်ဘီးတဆွဲသွားလို့ရတာကိုး။ ဒီလိုနဲ့ ကျွန်တော် လမ်းပေါ်မှာ တရွှေ့ရွှေ့ကြီးပြင်းနေခဲ့တယ်။ တိုင်းနဲ့ပြည်နယ်တွေ အတော်ခဲ့ပါပြီ။ ချင်းပြည်နယ်တော့ မရောခဲ့ပါဘူး။ ကုန်ကုန်ပြောရရင် တနယ်တိုင်းဒေသကြီးအထိတောင်ရောက်တယ်ဗျာ။

ကျွန်တော် အသက်(၅၀)လောအရမှာတော့ မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်ထဲ ရောက်နေခဲ့တယ်။ ပိုက်ဆံကလည်း အတော်လေးစုမိဆောင်းမိရှိနေခဲ့တာပေါ့ဗျာ။ ဖြစ်ချင်တော့ တစ်သက်လုံးကျန်းမာခဲ့တဲ့ကာယဥာဏ်ကုန်ဆိုတဲ့ရွာလေးမှာ အကြီးအကျယ်ဖျားပါတယ်။ အဲဒါနဲ့ ကျွန်တော်

www.burmeseclassic.com

ဆေးမောက်ဆေးရုံမှာတက်ရောက်ကုသ
ခဲ့ရတယ်။မှတ်မှတ်ရရ သင်္ကြန်အခါ
ရောက်တိုင်းနေတာကတော့ ဘဝတစ်ဆစ်
ချင်းအပြောင်းအလဲဖြစ်လာမှာကို ကျွန်
တော် တကယ် မသိခဲ့တာပါ။

**ဒုတိယသင်္ကြန်ဖူးစာ**

ဆေးပေးမီးယူဆိုတဲ့စကား ကိုယ်
နေကောင်းမှသိတာဗျ။ လမ်းပေါ် မှာ
စက်ဘီးတစ်စီးအားကိုးနဲ့ လွတ်လပ်စွာ
သွောက်သွားနေခဲ့တဲ့ ကျွန်တော်ဟာ
တကယ်ကျန်းမာရေးချို့တဲ့လာတဲ့အခါ
အနားမှာပြုစုမယ့်သူ ဘယ်သူမှမရှိတာ
ကို အထီးကျန်စွာ ခံစားရတယ်ဗျာ။
ညည် - ဆေးပေးမီးယူဆိုတာ တကယ်
ကိုအပ်တာပါလားလို့ လက်တွေ့ကြုံမှ
သိပါတော့တယ်။ တော်ပါသေးရဲ့၊
ကွန်တော့်ဘေးမှာ မိခင်ကြီးဆေးရုံတက်
နေတာကို စောင့်ရှောက်နေတဲ့ အမျိုးသမီး
တစ်ဦးက ကျွန်တော့်ဝေယျာဝစ္စလေး
တွေကိုဆောင်ရွက်ပေးပါတယ်။ ကျေးဇူး
တင်လိုက်တာဗျာ။

မီးရှိမှမီးဦးထွက်တယ်။ ကျေးဇူးရှိ
မှကျေးစွပ်တယ်ဆိုတဲ့ စကားအတော်မှန်
သွားပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီ
ကွန်တော့်ကိုပြုစုပေးနေတဲ့ အမျိုးသမီး
ကို ကျွန်တော်ရယူချင်စိတ်ပြင်းပြနေမိပါ
တယ်။ သူက အပျိုကြီးလို့သိရတယ်။ သူ့
အမေက သူ့ကွယ်ရာမှာပြောပြလို့သိတာ
ပါ။ အသက်(၄၀)ကျော်စပြုပြီလို့ ဆိုပါ
တယ်။ပြုစုပေးတဲ့ကျေးဇူးကိုမှမထောက်။
သူ့ရဲ့ရိုက်ဖိုကြီးငယ်အသွယ်သွယ်တွေ၊
သူ့ရဲ့ပြုစုယုယမှုတွေကို နီးနီးကပ်ကပ်
ကြုံရတော့ ကျွန်တော်ရဲ့ဒုတိယရင်ခုန်သံ
ပြန်ပေါ် လာတာပေါ့ဗျာ။ အမှန်တကယ်
လည်း ကျွန်တော့်အတွက် ဆေးပေး
မီးယူလိုအပ်တဲ့အရွယ်လေ။

ရပ်တကာစုံ၊ နယ်တကာနှံ့ခဲ့တဲ့
ကွန်တော်ဟာ အပြောကလည်းညက်
တော့ကာ အဲဒီအပျိုကြီးကို ကျွန်တော်
လက်ထပ်ချင်ကြောင်း ချစ်ခင်မြတ်နိုးပါ
ကြောင်းတွေပြောပြပြီး ကျွန်တော့်ဘဝ
အကြောင်းကိုလည်း မခွင်းမချန်ပြောပြ
တော့ကာ ဘဝရေစက်လို့ဆိုလေမလား
တော့မသိဘူးပေါ့လေ။ တစ်ခါတည်း
ခေါင်းညိတ်ခဲ့ပါတယ်။ မှတ်မှတ်ရရ
သင်္ကြန်ကာလအတွင်းမှာပါပဲ။

ဒီလိုနဲ့ သင်္ကြန်အပြီး ဆေးရုံက
ဆင်းကြတဲ့ ကျွန်တော်တို့ အကျဉ်းချုံး
ပြီး လက်ထပ်ခဲ့ကြပါတယ်။ ငွေကြေး
အင်အားကလည်း ပြည့်စုံနေခဲ့တော်မို့
အဆင်ပြေပါတယ်။ဒါပေမယ့် သူ့အစ်ကို
နဲ့ သူ့မောင်က ကျွန်တော့်လို ပူဖောင်း
သည်ကိုယူရပုံမလားဆိုပြီး အစာမကြေ
ချင်ကြပါဘူး။ ဒါပေမယ့် မိန်းကလေး
ကိုယ်တိုင်ကပါနေလေတော့ သူတို့လည်း
မတတ်သာကြပါဘူး။

ကျွန်တော် ယောကျ်ားမအိမ်မှာ
မနေပါဘူး။ အိမ်လေးတစ်လုံးငှားကာ
နေထိုင်ကြပါတယ်။ နတ်မောက်မြို့ဆို
တာ အညာမြို့ကလေးပေမယ့် သစ်ပင်
တွေအုပ်အုပ်ဆိုင်းဆိုင်းနဲ့နေချင့်စဖွယ်မြို့
လေးပါ။

နတ်မောက်ဆိုတာ သာမညမြို့
လေးမဟုတ်ပါဘူး။ မြန်မာ့လွတ်လပ်ရေး
ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းမွေးဖွား
ခဲ့ရာ အဓိပတိမြို့လေးပါ။ မြို့သေးပေ
မယ့် နာမည်မသေးတဲ့မြို့လေးလို့ ဆိုရ
မှာပါ။

ကွန်တော်ကတော့ နယ်ကျေးရွာ
တွေဘက်လှည့်လည်ပြီး ပူဖောင်းရောင်း
ကာစီးပွားရေးရှာပါတယ်။ အမျိုးသမီးက
နဂိုကလည်း စျေးရောင်းတော့ကာ သူ
ဟာသူ စျေးရောင်းပါတယ်။ ဒီလိုနဲ့
ကွန်တော်တို့ဟာ ဆွေမျိုးတွေကိုပေး
ကမ်းထောက်ပံ့နိုင်ခဲ့ပါတယ်။ ကြဲကြဲဖန်
ဖန် တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ သင်္ကြန်မှာ
ဖူးစာဆုံရတယ်လို့။ အိမ်ထောင်ကျတဲ့
အခါမှာတော့ တစ်ကိုယ်တော်လေလွင့်
ခြင်းပြီးဆုံးသွားခဲ့တာပေါ့ဗျာ။

**နေပြည်တော်သင်္ကြန်**

ကျွန်တော့်အမျိုးသမီးနာမည်က
အလွန်ကဗျာဆန်တယ်။ မပိစိကွေးတဲ့ဗျ။
နာမည်နဲ့လူက တကယ့်ဆန့်ကျင်ဘက်
ပါ။ တစ်တိုင်းပြည်လုံးဘယ်မှာမှရင်မခုန်
ခဲ့တဲ့ ကျွန်တော်ဟာ မပိစိကွေးနဲ့ကျမ
သူ့ရဲ့ရိုက်ဖိုကြီးငယ်တွေဖွဲ့ထွားမှုကြောင့်
ရင်ခုန်ခဲ့ရတာပါ။ ဒီလောက် မက်မော
ဖွယ်ကောင်းတဲ့ အမျိုးသမီး ဘာကြောင့်
များ အိမ်ထောင်မကျတာပါလိမ့်ဆိုပြီး
အံ့တောင်သြယူရတယ်။

ဒီလိုနဲ့ ကျွန်တော်သင်္ကြန်ကိုရင်နာ
ခဲ့ရသမျှ သင်္ကြန်မှာ အဲဒီဝေဒနာပြန်
ပျောက်သွားပါလေရော။ ဘာလို့လဲဆို
တော့ မပိစိကွေးရဲ့ ပြုစုယုယမှုမှာ
သာယာမက်မော တွယ်တာခဲ့လို့ပေါ့။
ဒီလိုနဲ့ လမ္မနှစ်သို့တိုင်ခဲ့ပါတယ်။

အဲဒီမှာ လူတွေအုတ်အော်သောင်း
နင်းဖြစ်စရာသတင်းကပေါ် လာတယ်။
အဲဒါက ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေး
ဒေသမှာ နေပြည်တော်ကြီးတည်နေပြီး
အလုပ်အကိုင်တွေပေါတယ်၊ သွားတဲ့သူ
တိုင်း အဆင်ပြေကြတယ်ဆိုတဲ့ သတင်း
စကားပါပဲ။ ဒါဟာ တကယ့်မင်္ဂလာ
သတင်းလေဗျာ။ အညာမှာ ဒီလောက်
အလုပ်ရှားတာ၊ သွားလိုက်ကြတဲ့သူတွေ
သောက်သောက်လဲပဲ။

ကွန်တော်လား၊ ဘယ်နေမလဲ၊
ကွန်တော့်ဇနီးလက်ဆွဲပြီး လက်ခွဲတော်
စက်ဘီးကလေးနဲ့အတူ မီးရထားပီပီပြင်
ပျဉ်းမနားမြို့ကို ရောက်ခဲ့ကြတယ်။
ဒီဒေသက ကွန်တော်ခြေရာချင်းထပ်နေ
အောင်ရောက်တဲ့ဒေသဆိုတော့ ဆရာ
တို့ရွာပြန်ကပြေးမှာ အခြေချရင်ကောင်း
မယ်ဆိုပြီး ပြန်ကပြေးက မြင်းလှည်းနဲ့
ပြန်ကပြေးရောက်ခဲ့ကြပါတယ်။ ပထမ
ရွာဦးကျောင်းမှာ ခေတ္တတည်းခိုပြီး အိမ်
ကလေးငှားကာ နေထိုင်ကြပါတယ်။
ဟုတ်ကဲ့၊ ၂၀၀၃ခုနှစ်ထဲမှာပဲရောက်တာ
ပါ။

**အကျိုးပေးတဲ့သင်္ကြန်**

တစ်သက်လုံးလမ်းပေါ် မှာနေခဲ့တဲ့
ကွန်တော်ဟာ မပိစိကွေးနဲ့ အိမ်ထောင်
ကျကာမှ တည်တည်ငြိမ်ငြိမ်ဖြစ်ခဲ့ရတာ
ပါ။ဒီလိုနဲ့ သင်္ကြန်ကိုရောက်လာပါတယ်။
သင်္ကြန်ဆိုရင် လူတွေရင်ခုန်ကြပေမယ့်
ကွန်တော်ကတော့ ရင်ခုန်လေ့မရှိဘူး။
ရေလည်းမကစားဘူး။ ပူဖောင်းသည်ဆို
တော့ သူများကလည်း ကွန်တော်ကို
အရေးအရာလုပ်ပြီး ရေမပက်ပါဘူး။
သင်္ကြန်လူစည်စည်မှာ ကွန်တော်ကတော့
ပူဖောင်းရောင်းကောင်းဖို့ပဲသိပါတယ်။
စံတုဒိသာမဏ္ဍာပ်တွေတွေ့ရင် ဝင်စားလို
က်တာပဲ။

ဒါပေမယ့် သင်္ကြန်ဆိုတာ
ကွန်တော့်ဘဝကို အပြောင်းအလဲတွေ
ဖြစ်စေတာအမှန်ပါ။ သင်္ကြန်ကာလ
ကြောင့် ကွန်တော် လှည်းကျိုးထမ်းပေး
ခဲ့ဖူးပြီ။ တပ်ပြေးဖြစ်တာကြောင့် ထောင်
ကျခဲ့ရဖူးပြီ။ ထောင်ကလွတ်တော့ မိန်းမ
ဖြစ်သူရဲ့သစ္စာမဲ့မှုကို ခံစားခဲ့ရဖူးပြီ။ အဲဒီ
သင်္ကြန်ရဲ့အကျိုးဆက်ကြောင့် ကွန်တော်
လမ်းပေါ် မှာ ကာလရှည်လျားစွာ အထီး
ကျန်ဘဝနဲ့နေခဲ့ရဖူးပြီ။ တိုက်ဆိုင်စွာပဲ
သင်္ကြန်မှာ မပိစိကွေးနဲ့ တွေ့ဆုံခွင့်ကြုံ
ဝင်ကာ ဘဝအသစ်တည်ဆောက်ခဲ့နိုင်
ပါပြီ။

သို့သော်လည်း နေပြည်တော်
သင်္ကြန်က ကွန်တော့်ကို အတော်လေး
အကျိုးကျေးဇူးပြုပါတယ်။ ဆောင်
ကောင်းလိုက်တဲ့ပူဖောင်းစာ၊ ပူဖောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုလို့ ပြောရဦးမယ်။ နေပြည်တော်မှာ ကျတော့ ကျွန်တော်ဟာ လေမှုတ်၊ လေထိုးပူဖောင်းထက် မိုးပျံပူဖောင်းကို အဓိကထားပြီးရောင်းတာ။ နေပြည်တော်မှာ ရောင်းကောင်းတော့ ခဏနဲ့ပိုက်ဆံဖြစ်တယ်။ ဒီတော့ ဂက်(စ်)အိုးဝယ်ပြီး မိုးပျံပူဖောင်းပဲရောင်းတယ်။

အရင်းလား။ အရင်းအကြောင်းသိရင် ဆရာတို့ ရယ်ကြမယ်ထင်တယ်။ မိုးပျံပူဖောင်းတစ်လုံးကို (၅၀၀) ကျပ်ရောင်းပါတယ်။ ပလတ်စတစ်အရုပ်မျိုး စုံလှလှပပတွေပါ။ တရုတ်ကလာပါတယ်။ ပူဖောင်းတစ်လုံးရဲ့ကုန်ကျစရိတ်က(၈၀)ကျပ်ပဲကျတာပါ။ (၅၀၀)ရောင်းတော့ကာ ဘယ်လောက်မြတ်လဲဆိုတာ စဉ်းစားသာကြည့်ပေတော့။အဲဒါကြောင့် ရယ်စရာကြီးပါလို့ပြောတာပေါ့။တကယ်ရိုက်စားလို့ခေါ် ရင်တောင် ရပေမယ့် ပူဖောင်းရောင်းတဲ့ ပူဖောင်းသည်ကိုလူတွေက လူရာတယ်မသွင်းချင်ကြဘူးလေ။ ဒီတော့ သိသိကြီးနဲ့ အမြတ်ကြီးစားတဲ့အလုပ်ပါ။ မတတ်နိုင်ဘူးလေ။ မဝယ်နိုင်လို့ ငိုယိုနေတဲ့ကလေးမျိုးတွေ့ရင်တော့ အလကားပေးခဲ့တာတွေလည်း ရှိပါတယ်။ ဘာတန်တာမှတ်လို့ဗျာ။

ပြီးတော့ မင်္ဂလာဆောင်တွေမှာ လေမှုတ်ပူဖောင်းအလှဆင်တဲ့အလုပ်တွေ အခမ်းအနားဖွင့်ပွဲ၊ လမ်းဖွင့်ပွဲစတဲ့ ဖဲကြိုးဖြတ်ရတဲ့အလုပ်တွေမှာလည်း မိုးပျံပူဖောင်းအလှဆင်ရတဲ့အလုပ်တွေဆက်တိုက်လို အော်ဒါရတော့ကာ ကျွန်တော်တို့ အဲတော်လေးစုမိဆောင်းမိရှိခဲ့ကြပါတယ်။ သင်္ကြန်ရက်တွေဆိုရင် ပြောရင်ယုံမယ်မထင်ဘူး။ အလုံးရာချီတောင် ရောင်းရတာကလား၊ မနက်ကနေ ညနေမိုးချုပ်အထိ အချိန်ရှိခိုက် လုံ့လစိုက်ပြီး ရောင်းခဲ့တာပါ။

ဂက် (စ်) လား။ ဂက်(စ်)ကုန်ရင် ချက်ချင်းအိမ်ပြန်ပြေး အဟောင်းတွေသွန်၊ အသစ်ပြန်ဖောက်၊ ခဏနေပ်ထားပြီး လူလည်း ခေတ္တနားပေါ့ဗျာ။ မိန်းမက အိမ်ကနေ ဂက် (စ်) ဖောက်ဖို့ အလူမိန်းယမ်စလေးတွေ ကတ်ကြေးနဲ့ညှပ်ထားပြီးသားပါ။ ဒါက သင်္ကြန်မှာအကျိုးပေးတာနော်။ ပူဖောင်းသည်တစ်ယောက်ဆိုပြီးတော့ အထင်မသေးပါနဲ့။ ဝင်ငွေက မနည်းဘူးဆိုရမှာပါ။ သာမန်လက်လုပ်လက်စားတွေမမျှော်မှန်းရဲတဲ့ ငွေပမာဏပါ။

## သင်္ကြန်ကြောင့်

စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဆိုတဲ့အတိုင်းပါပဲ။ ကျွန်တော်ရသမျှ မိန်းမကို အပ်တာပါ။ မိန်းမကလည်း အသုံးစေ့သလားမမေးနဲ့၊ အညာသူကိုးဗျ။ တစ်ပြား၊ နှစ်ပြားမှတ်လို့ခွာ ဆိုတာ ကျွန်တော့်မိန်းမမှအစစ်။ တကယ့်ကို ရေမရောတာ။

ဒီလိုနဲ့ နောက်နှစ်သင်္ကြန်လည်းပြီးရော ကျွန်တော်တို့လက်ထဲမှာ ဆယ်သိန်းချီစုမိနေပါပြီ။ ဒီဒေသဒီရွာဟာ ကျွန်တော်နဲ့ ပတ်ရှုပကျတယ်ဆိုတာသိတာကြောင့် ထာဝရနေထိုင်ဖို့ရာ အိမ်ရာလေးတစ်ကွက်တော့ ဝယ်မှဖြစ်မှာဆိုပြီး အိမ်ရာလေးဝယ်ပြီး အိမ်လေးဆောက်ပါတယ်။ ဒီတော့ လက်ထဲရှိသမျှ ပိုက်ဆံလေးတက်တက်ပြောင်ပါလေရောဗျာ။

အဲဒီမှာ တယ်မကြောလိုက်ပါဘူး။ ဇာတ်လမ်းကစတော့တာပါပဲ။ တိုတိုပြောရရင် ကျွန်တော့်မိန်းမ ရူးသွပ်သွားခဲ့တာပါ။ ခုခေတ်စကားနဲ့ ယဉ်ယဉ်လေးပြောရရင်တော့ စိတ်ဝေဒနာသည်ဖြစ်သွားခဲ့တာပါ။

အဲဒီမှာကျွန်တော်ခေါင်းမီးလောင်တော့တာပဲဗျို့။ ရှိတာကလေးကလည်း ကုန်၊ စိတ်ဝေဒနာသည်ထိန်းရနဲ့ အလုပ်မလုပ်နိုင်တော့ဘူးဗျာ။ မပိစိကွေးရဲ့ အမေဆီဖုန်းဆက်တော့ကာ မပိစိကွေးဟာ စိတ်သောကရောက်ရင် ငယ်ငယ်လေးကတည်းက အဲဒီလိုရူးသွပ်တတ်ကြောင်း၊ သူ့ကိုစိတ်ပျော်အောင်ထားတတ်ဖို့လိုကြောင်းပြောလာပါတယ်။

ဒီတော့မှ ကျွန်တော် သဘောပေါက်တယ်။ ဒီလောက်တောင်ဖြောင့်နေတဲ့မိန်းမ ဘာကြောင့်လင်မရတာ၀ါလိမ့်ဆိုတာ ကျွန်တော် အကြိမ်များစွာတွေးခဲ့ဖူးတယ်။ အဖြေက ခုမှပေါ်တယ်ဗျာ။ သူကစိတ်ဆင်းရဲရင် စိတ်ကဖောက်တတ်တာကိုး။ ဒါကြောင့် အကြောင်းသိတဲ့လူတွေက ဓာတ်သိန္ဓိမီးဖတ်ချဉ်ဖြစ်နေတော့ လက်ရှောင်ကြတာပေါ့။ မဲပေါက်လာတာက တိုင်းပြည်လှည့်ပြီး ပူဖောင်းရောင်းတဲ့ ပူဖောင်းသည် ကျွန်တော်ဖြစ်နေတော့တာကိုးဗျ။ ဘယ်လောက်အိမ်ထောင်ကံခေလဲဗျာ။

ကဲလေ - မထူးပါဘူး။ ရူးတော့လည်းကုရတော့မှာပေါ့။ အတူနေသံယောဇဉ်ကြိုးက အခိုင်အမာချည်ခဲ့မိပြီကိုး။ ဒီလိုနဲ့ ကျွန်တော်ပိုက်ဆံရရေးတွေးကြည့်တော့ကာ ဘာကိုသွားမြင်သလဲဆိုတော့ မင်္ဂလာဆောင်စဉ်ကဝယ်ပေးထားတဲ့ ရွှေထည်လေးတွေကိုပြေးမြင်ပါတယ်။ ဟုတ်တယ်လေ။ ဒီမှာက သူ့ဆွေမျိုးကိုယ့်ဆွေမျိုးလို့ရှိမှမရှိတာ။ ဒီတော့ လှည့်စရာပြစရာဘယ်ရှိမှာတုံး။ ဒါနဲ့ နားကပ်ကလွဲရင် မဝတ်ရက်မဆင်ရက် သေတ္တာထဲသိမ်းထားတဲ့ ရွှေထည်လေးတွေ သူမသိအောင်ရောင်းပြီး ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံကိုသွားပြီး ကုရတာပေါ့ဗျာ။

ရန်ကုန် မြောက်ဥက္ကလာပမှာ ကျွန်ဟော်တို့ညီအစ်ကိုမောင်နှမတွေရှိပေမယ့် ကျွန်တော် လုံးဝခြေဦးမလှည့်ဘူး။ ကျွန်တော့်စိတ်က ဖနောင့်လှည့်ခဲ့တဲ့ဘက်ကို ခြေဦးပြန်မလှည့်ချင်ဘူးရယ်။ မာနပေါ့ဗျာ။ ကျွန်တော် သူ့ဒွေးကြီးဖြစ်နေမယ်ဆိုရင်တော့ ရောက်ချင်ရောက်မှာပါ။ ခုလိုအခြေအနေနဲ့တော့ လုံးဝပါပဲ။

ဒီလိုနဲ့ ကျွန်တော် စိတ်ကျန်းမာရေးဆေးရုံမှာ တစ်လလောက်ကြာသွားတယ်။ မပိစိကွေးလည်း ပုံမှန်စိတ်ပြန်ဖြစ်လာတာနဲ့ ဆေးရုံကဆင်းခဲ့ပါတယ်။ အင်း - ကံများမကောင်းချင်တော့ သူလက်ထဲ ပိုက်ဆံတွေအဝဝိမိတာကိုး။ ပိုက်ဆံထုပ်ကြီးပိုက်ပြီးပျော်နေခဲ့ပေမယ့် ပိုက်ဆံထုပ်ကြီး ပျောက်သွားတဲ့အခါ စိတ်ထိခိုက်ပြီး ဥစ္စာရူးရူးခဲ့တာပါ။ပြောရရင် ရှက်စရာပါဗျာ။ ငါ့ပိုက်ဆံတွေ၊ ငါ့ပိုက်ဆံတွေနဲ့ဟာ ပိုက်ဆံအကြောင်းတွေပဲတတွတ်တွတ်ပြောနေတော့တာ။ သိန်းဆယ်ချီဆိုတာ သူအတွက်တော့များနေမှာပေါ့လေ။ မျက်စိအောက်က ပိုက်ဆံထုပ်ကြီးပျောက်သွားတော့ ဘဝင်ခိုက်ပြီးရူးသွားတယ်ဆိုရမှာပါ။ ကဲ-အဲဒါလည်း သင်္ကြန်ပယောဂကင်းတယ်မဆိုနိုင်ပါဘူး။

## သင်္ကြန်ပယောဂ

ဥစ္စာရူးရူးသွားတဲ့ ကျွန်တော့် မိန်းမအကြောင်း အတွင်းသိအစင်းသိဖြစ်နေတဲ့ ကျွန်တော်ဟာ သူမရူးအောင် ကြိုတင်ပြင်ဆင်ထားတာကလေးတွေရှိတယ်။ အဲဒါက လျှို့ဝှက်ချက်ပါ။ ဘာလဲဆိုတော့ သူ့ရဲ့ရွှေထည်ပစ္စည်းလေးတွေနဲ့ ပုံစံတူရွှေတုတွေ ဝယ်ထည့်ထားပေးခဲ့တာ ပါ။ အဲဒီပစ္စည်းလေးတွေ ကျန်းမာရေးအတွက်ရောင်းပြီးသုံးလိုက်တယ်ဆိုရင် ဘဝင်ထိခိုက်ပြီး ပြန်ရူးသွားနိုင်ကြောင်းလေ။ အဲဒါကြောင့် ဣန္ဒြေမပျက်နေနိုင်အောင် ကြံဆောင်ခဲ့ခြင်းပါ။ ဖြစ်ချင်

www.burmeseclassic.com

သကြိန်ကာလတောင်ပြန်နိုးခဲ့ပါ ဗျာ။

"ကိုသန်းနိုင်၊ကျွန်မတို့နတ်မောက် ရောင်းတယ်ခဲ့တဲ့ ရွှေဘောက်ချာထွေ ရောဘူးဘဲ။ သေတ္တာအောက်ခြေမှာ ကားပါ။ ဒီရွှေတွေက ဘောက်ချာ ပါရောင်းလို့မရဘူးလေ။ ဒီသကြိန် ကျွန်မ နတ်မောက်ကို အလည်ပြန် ခဲ့ကြိုးကို တစ်ကျပ်သားကုံးဖြစ် အောင် လက်ကောက်နှစ်ကွင်းပြန်သွင်း ပြီး ဆွဲထပ်ထည့်လိုက်ချင်တယ်။ အဲဒါ ဘောက်ချာမတွေ့မိဘူးလား"

လို့ အမေးခံရတော့ ကျွန်တော် ကားကုပ်နဲကျပ်ဖြစ်သွားတယ်။ အဲဒါမှ ကားပါပဲဗျာ။ ဒီနှစ်ထဲမှာ ကျွန်တော်ပိုက် ဆံပိန်စုမိဘူးဖြစ်နေတယ်ဗျ။ အရက် ဆောက်လို့ ဖဲရိုက်လို့မဟုတ်ဘူး။ နှစ်သုံး ကြိမ်လောက် ကျွန်တော်ဆီမူးဝင်လာလို့ ကား။ အမှန်တော့ ပူဖောင်းက အထိုက် အလျောက် ရောင်းကောင်းပါတယ်။ ဘေးမလွဲ ပိုက်ဆံက ကုလားခပ်တဲ့ ရေ ကြည်နေခဲ့တော့ သူလက်ထဲ ပိုက်ဆံ ကြီးအပ်နိုင်တာပါ။ အဲဒီပါးပါးကို သူ ခြစ်ခြစ်ကုပ်ကုပ်စုပြီး သူမြို့ကိုပြန် သွင်းတာ။ အဲဒါမှ ခွကျတော့တာပဲဗျို့။

အဲဒီ ရွှေဘောက်ချာကိစ္စက ပြီး သွားဘူးဗျ။ သူလည်း မြို့သူပဲလေ။ လူ အမှုမဟုတ်တာ။ ဒီတော့ အဲဒီကိစ္စဟာ ကျွန်တော်တို့ကြားမှာ သာယာမှုကင်း သာတယ်။ အဲဒီကျတော့ ကျွန်တော် သည်းမတတ်နိုင်ဘူး။ ရွှေလေးတွေ ရောင်းပြီး ဆေးကုလိုက်ရတဲ့အကြောင်း ပြောပြလိုက်ရတော့တာပါ။

ဘာပြောကောင်းမလဲဗျာ။ ငါ့ရွှေ တွေ၊ ငါ့ရွှေတွေဆိုပြီး တစ်ခါပြန်ပြီးရှုး သွားပြန်ရောဗျို့။ ကျွန်တော်ဖြင့် ထိုင်ငို နှင့်စိတ်တောင်ပေါက်လာတော့တာပါ ဗျာ။ သကြိန်တွင်း အားခဲပြီးရောင်း လို့ကမဟဲ့လို့ အားခဲထားသမျှ သူစောင့် ရောက်နေရတာနဲ့ပဲ သကြိန်ကာလ ကျော်လွန်သွားခဲ့ပါတယ်။ သကြိန်ဘယ် လိုပြီးသွားမှန်းတောင်မသိလိုက်ပါဘူး။ ရန်ကုန်ကိုမသွားနိုင်လို့ နေပြည်တော်မှာ ပြေပေမယ့် ရန်ကုန်စိတ်အထူးကုဆေးရုံ ကိုညွှန်းတာကြောင့် လွဲမရောင်းသာဘဲ အိမ်ပိုင်းပြန်ရောင်းပြီး ဆေးကုရတာပါ ဗျာ။ ဥစ္စာရှူးမို့သာတော်တော့တယ်။ လင်တရူးများသာဆိုရင်တော့ ဒုက္ခ။ သူ ထက်ဒုက္ခရောက်တာက ကျွန်တော်ပါ ဗျာ။

**သကြိန်သမီးများ**

ကျွန်တော့်သမီးလေးတွေလား။ စုံ စမ်းတာပေါ့ဗျာ။ ကျွန်တော်စုံစမ်းလို့ရတဲ့ အချိန်မှာ ဘွဲ့ရပညာတတ်တွေတောင် ဖြစ်နေပါပြီ။ အိမ်ထောင်တော့မပြုကြ သေးဘူးလို့သိရတယ်။ သူတို့အမေက တော့ ဘယ်ဆီဘယ်ဝယ်ရောက်နေ တယ်မသိပါဘူး။ လုံးဝကိုပြန်မလာတော့ တာလို့ သိရပါတယ်။

ကလေးတွေကို ငယ်စဉ်က တစ်ခါ ပဲထောက်ပံ့ပေးနိုင်ခဲ့ပြီး နောက် အကြောင်းကြောင်းကြောင့် မရောက် ဖြစ်တော့ပါဘူး။ မရှိမှ ဥစ္စာတယ်ဆိုတဲ့ စကားဟာ မှန်တယ်လို့ဆိုရပေမယ့် ကျွန်တော့်အနေနဲ့ ကလေးတွေကိုမချစ် လို့မသွားတာမဟုတ်ပါဘူး။ တစ်ရက်က နေ နှစ်ရက်ဖြစ်ခဲ့တာမို့ ကျွန်တော်သွား ရင် ကျွန်တော်ကိုကြည့်ကြမယ့်အကြည့် တွေကို မခံစားနိုင်လို့ပါ။ အကယ်၍သာ ပိတောက် အကြောင်းတစ်ခုခုကြောင့် သေဆုံးသွားမယ်ဆိုရင် ကျွန်တော်ဂုဏ် ရှိပါတယ်။ ကလေးတွေကို ရာသက်ပန် ရိုးမြေကျလုပ်ကျွေးမှာပါ။

အခုလို ကျောခိုင်းလိုက်တာဟာ မရှိမှ ဥစ္စာတယ် ဆိုတဲ့စကားနဲ့တော့ ကွဲလွဲမှုရှိပါတယ်။ ကျွန်တော့်သမီးလေး တွေက ကျွန်တော့်ရင်ထဲမှာ အမြဲရှိနေ တာပါ။ တကယ်ပါဗျာ၊ ကျွန်တော်လိမ် မပြောပါဘူး။ ကျွန်တော့်ရင်ထဲ အခြား မိန်းမတွေ ရွက်တရက် နေရာဝင်မယူ နိုင်တာဟာ ကျွန်တော့်သမီးလေးတွေရဲ့ သံယောဇဉ်ကနေရာယူထားလို့ပါ။ ပြီး တော့ ပိတောက်ကိုလည်းမုန်းလို့ပါ။

မပိစိကွေးကိုရင်ခုန်လိုက်တာဟာ အရွယ်အရ အမှန်တကယ် လိုအပ်တယ် ဆိုပြီး အိမ်ထောင်ပြုလိုက်တာပါ။ ဒါပေ မယ့် ကျွန်တော်ပြောပြပြီလေ။ အပြစ်ခံ ချင်လို့ယူလိုက်မိပါတယ်။ ကျွန်တော်က ပြန်ပြီး ပြုစုနေရတဲ့ဘဝကိုရောက်ပါလေ ရောဗျာ။

တကယ်ဆို ကျွန်တော်အိမ်ထောင် ကံမကောင်းတာပါ။ ပေဒင်တွေဘာတွေ သာမေးကြည့်ရင် သို့မဟုတ် လက်ဝါး ဖတ်ခိုင်းကြည့်ရင် 'မင်းအိမ်ထောင်ရေး ကံမကောင်းဘူး' ဆိုတာထွက်မယ်ထင် တယ်။ ခက်တာက ကျွန်တော်ကလည်း ငယ်ငယ်ကတည်းက လူတန်းလန် ပေကတ်ကတ်ရယ်။ ဘာကိုမှတယ်ပြီး အယုံအကြည်ရှိတဲ့အကောင်မဟုတ်ဘူး၊ ဓာတ်၊ နတ်၊ ပေဒင်၊ ယတြာ ဘာဆို ဘာမှယုံတတ်တဲ့ကောင်မဟုတ်ဘူးဗျာ။ ပိတောက်ကို ဓာတ်ယောင်ယောင်၊ နတ် ယောင်ယောင်က သုတ်သွားတယ်ဆိုက တည်းက အဲဒီဓာတ်သံနတ်သံတွေကြား တောင်မကြားချင်ဘူး။ ဒါပေမယ့် နတ်ပွဲ တွေနဲ့တော့မကင်းနိုင်ပါဘူး။ ဘာသို့လဲ ဆိုတော့ ကျွန်တော်က လူစည်စည်ရှိတဲ့ နေရာတွေမှာ ပူဖောင်းရောင်းရတာကိုး။ ဒီတော့ တောင်ပြန်ရောနဲ့ စတဲ့နတ် ပွဲတွေအကြိမ်ကြိမ်ရောက်ခဲ့ဖူးတာပေါ့။ ဒါကလည်း ဝမ်းစာနေအရေးပဲ။

**နေပြည်တော်သကြိန်**

အင်တိုက်အားတိုက်တွန်းကြိတွေ များစွာ ဝိုင်းဝန်းတည်ဆောက်လိုက်ကြ တဲ့အခါ နေပြည်တော်ကြီးဟာ နှစ်တို့ ပိုင်းအတွင်း ကျွန်တော့် မျက်စိအောက် မှာပဲ အလွန်သာယာလှပတဲ့ နေပြည် တော်ကြီးဖြစ်လာခဲ့ပါတယ်။ ဒါကို ဆရာ လည်းမြင်ပါတယ်လေ။ အကျယ်ခဲ့ မပြောချင်တော့ပါဘူး။

အိမ်ပိုင်းလေးရောင်းပြီး ဆေးကု လို့ကုန်တဲ့အခါမှာတော့ ကျွန်တော်တို့ အိမ်ဌားနဲ့နေကြရပါတယ်လေ။ အိမ်ငှါးကြည့် အစုံနဲ့ပါ။ အိမ်လေးဆိုတာလည်း အထိုက် အလျောက် အဆင်ပြေတော့တာမဟုရပါ ဘူး၊ နှစ်လုံး သုံးလုံး ဆင်ခြင်လိုက်တာ ကြောင့် မိန်းမဆီပိုက်ဆံပုံမှန်အပ်နိုင်ခဲ့ ပါတယ်။ ကိုယ်စီးလေးတောင်ဝယ်ထား တယ်။

အဲဒါကြောင့် အိမ်ထောင်ရေး အထိုက်အလျောက် သာယာပါတယ်။ သာယာရာဇာတောင်းဘာက ရသမျှကို စုပြီး သူအမေတွေ့ သူမောင်နှမတွေကို တောက်ပံ့နေတာပါ။ နောက် သူညီမ မိသားစုတွေ ကျွန်တော်တို့ဆီလာနေပြီး အလုပ်လုပ်ကြတော့တာပါ။ ဖြစ်ခဲ့ပြီ လေ။ ဖြစ်သမျှအကြောင်း အကောင်း လဲ၊ ပူဖောင်းသည်ကျွန်တော်က ဆွေမျိုး တွေဆီ ရောက်ပဲပေးနေနိုင်တယ်ဆို တော့ သူတို့ဆီသွားလည်ရင် ကျွန်တော် မှက်နှာအလွန်ရဝါတယ်။ ဟိုတုန်းကနဲ့ တော့ တခြားစီဆိုပါတော့။ ပူဖောင်း သည်ကို အပြစ်မမြော်ရဲကြတော့ပါဘူး။ ဟိုကခေါ် ဒီကခေါ်နဲ့ ထမင်းဖိတ်ကျွေး လိုက်ကြတာလည်း လက်မလည်ပါဘူး။ လူတွေဗျာ၊ ခုတစ်မျိုးတော်ကြာတစ်မျိုး နဲ့ တတ်လည်းတတ်နိုင်ကြပါပေဗျာ။

နေပြည်တော်မှာ ဝိသေသအနေ နဲ့ စည်ကားတာက သကြိန်ကာလပါ။ မဏ္ဍပ်တွေတိုင်းမှာ လူတွေ၊ ကားတွေနဲ့ ပြည့်သိပ်နေပါတယ်။ နှစ်စဉ် ပူဖောင်း တွေခွဲည်းရောင်းနေရတော့ ၂၀၁၂



www.burmeseclassic.com

www.burmeseclassic.com

သင်္ကြန်မှာ ပူဖောင်းမရောင်းဘဲ အစားအစာတစ်မျိုးလှည့်ရောင်းကြည့်ရမလား စိတ်ကူးမိပါတယ်။ အဲဒါကို မိန်းမကို တိုင်ပင်တော့ မိန်းမကလည်း စွေးဒီဇရှိတာကိုး။အခုခေတ်စားနေတဲ့ပင်လယ်စာရောင်းမယ်လို့ပြောပါတယ်။ ကျွန်တော်လည်း အဲဒါကို အတည်ပြုလိုက်ပြီး ပင်လယ်စာရောင်းဖို့ သံလက်တွန်းလှည်းငှားရပါတယ်။ အသိတွေပေါတော့ကာ အလွယ်တကူရပါတယ်။ လှည်းငှားခကလည်း တယ်တော့မချောင်လှပါဘူး။ သို့သော်လည်း ကိုယ့်မှမရှိတာ။ ဆိုစွေးထက် နည်းနည်းဆစ်ပြီးငှားရပါတယ်။

လင်မယားနှစ်ယောက် စည်ကားတဲ့နေရာတွေမှာ ပင်လယ်စာရောင်းလိုက်တာ ရောင်းကောင်းသလားမမေးနဲ့။ သင်္ကြန်ပြီးတဲ့အခါ လှည်းငှားခနှုတ်အပြီး ပိုက်ဆံ (၄) သိန်းလောက်ကျန်တယ်ဗျ။ အဲဒီမှာ မှတ်မှတ်ရရ မပိစိကွေးကို (၅) မူးသား ကြိုးလေးတစ်ကုံးလုပ်ပေးထားလိုက်တယ်။

သင်္ကြန်ဆိုတာ ကျွန်တော့်အတွက် ပျော်ဖို့ပါးဖို့ ရင်မခုန်ပေမယ့် စီးပွားရေးအတွက်တော့ ရင်ခုန်ရတာအမှန်ပါ။ ပူဖောင်းက ဟိုးအရင်ကလို ရောင်းမကောင်းတော့ဘူး။ ဘာလို့လဲဆိုတော့ အရင်းနည်းနည်းနဲ့ အမြတ်များများရတဲ့ ဒီအလုပ်ကို လူတွေအတော်များများလုပ်လာကြတာကိုး။ အဲဒါကြောင့် ဟိုးအရင်တုန်းက လိုတယ်ပြီးမစားသာတော့ပါဘူး။ အဲဒါကြောင့် နောင်နှစ်သင်္ကြန်မှာလည်း အစားအစာပဲရောင်းမယ်လို့ စိတ်ကူးထားတယ်။

## ၂၀၁၃သင်္ကြန်

အသက်အရွယ်ကြီးလာတော့ အားအင်ကုန်ခန်းတယ်ထင်ပါရဲ့။ မိုးပျံပူဖောင်းတွေရယ်၊ နိုက်ထရိုဂျင်ဓာတ်ငွေ့အိုးကြီးရောင်းပစ်မှဖြစ်တော့မယ်ဆိုပြီး ရောင်းပစ်လိုက်ပါတယ်။ ရိုးရိုးလေမှုတ်အရုပ်တွေရောင်းတာပဲ အန္တရာယ်ကင်းပါတယ်ဗျာ။ ရိုးရိုးလေမှုတ်အရုပ်တွေက မိုးပျံအရုပ်လောက် ရောင်းမကောင်းပါဘူး။ ကြားထဲမှာ မင်္ဂလာဆောင်နဲ့မွေးနေ့ပွဲလေးတွေက ပူဖောင်းအလှဆင်အလုပ်ရလို့ တော်သေးတယ်။

ဒီလိုနဲ့ ၂၀၁၃ သင်္ကြန်နီးကပ်လာပါပြီ။ ဒီတစ်ခါတော့ လှည်းမငှားတော့ဘဲ လှည်းငှားခသက်သာအောင် ကိုယ်ပိုင်လှည်းလုပ်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ နောင် အရုပ်တွေ၊ ပူဖောင်းတွေ မရောင်းဘဲ လှည်းနဲ့ အစားအစာလေးတွေ လှည့်ရောင်းရင်ရောင်းရမှာကိုး။

လှည်းလုပ်ဖို့ ဝရိန်ဆိုင်သွားမေးတော့ တစ်သိန်းခွဲဝန်းကျင်ကျမယ်လို့ ဆိုတာကြောင့် အဲဒီငွေအတွက် မပိစိကွေးရဲ့လည်ပင်းက ငါးမူးသားကြိုးကုံးလေးကိုပြေးမြင်မိပါတယ်။ အဲဒီတော့ အကျိုးအကြောင်းပြောပြပြီး ကြိုးကုံးလေးတောင်းရတာပေါ့။ အဲဒီမှာ ပွစိပွစိနဲ့မလွဲသားတော့ ချွတ်ပေးလိုက်ပါတယ်။

ကျွန်တော်လည်း ခါတော်မီလှည်းလေးပြီးအောင် ကြိုးစားရပါတယ်။ လှည်းလုပ်တဲ့ဆိုင်မှာ လိုအပ်တာလေးတွေဝယ်ပေးပြီး အမြန်ပြီးအောင်စောင့်ခိုင်းရတာပေါ့လေ။သင်္ကြန်ကအနားကပ်နေပြီလေ။ ကိုယ့်စိတ်ကူးနဲ့ကိုယ်ပျော်လို့ပေါ့ဗျာ။

လှည်းလည်း အိမ်ထဲတွန်းပြီးဝင်လာရော မပိစိကွေးက ကျွန်တော့်ကို မျက်ထောင့်နီကြီးနဲ့ စိုက်ကြည့်နေပါတယ်။ သွားပြီ၊ ကျွန်တော် သဘောပေါက်လိုက်ပြီ။ သူစိတ်ပြန်ဖောက်သွားခဲ့ပါပြီ။ 'ငါ့ရွေ့ ငါ့ရွေ့' နဲ့ လုပ်ပြန်တော့ တာပဲဗျို့။

တကယ်ဗျာ၊ ခေါင်းကို မိုးကြိုးပစ်လိုက်သလိုကို ခံစားလိုက်ရတာပါ။ စိတ်ကူးယဉ်အိပ်မက်လေးဘယ်ဆီဘယ်ဝယ်ရောက်သွားတယ်တော့ငါမသိလိုက်တော့ပါဘူး။ သင်္ကြန်မှာ စွေးမရောင်းနိုင်တော့ဘဲ လှည်းအသစ်စက်စက်လေး အရှုံးခံပြီးပြန်ရောင်းလိုက်ရတယ်။ ပိုတဲ့ငွေလည်းရှိသေးတော့ကာ သူစိတ်ရောဂါကုလိုက်ရတာ တက်တက်ပြောင်ပါရော။ တစ်လနီးပါး ဘာမှမလုပ်နိုင်ပါဘူး။

သင်္ကြန်ကာလမှာ လောဘကြီးမိတာကြောင့် ဘာမှဖြစ်မလာတော့ဘဲ စိတ်ကူးတွေသဲထဲရေသွန်ဖြစ်ကုန်ရတာပါ။ အေးဗျာ၊ ဖြစ်ချင်တော့ သူလည်း နေကောင်းရော ကျွန်တော်အိပ်ရာထဲလဲတော့တာပါပဲ။ တစ်သက်လုံးသုံးခဲ့တဲ့ခြေအစုံဟာ မြေမှာတောင်မထောက်နိုင်လောက်အောင် ခံစားရတဲ့ဝေဒနာပါ။ ကျွန်တော်အတော်နဲ့နာလန်မထူနိုင်တော့ပါဘူး။

## သင်္ကြန်မုန်းသူများ

ကျွန်တော် အိပ်ရာထဲလဲနေတော့ကာ မပိစိကွေးက သူတတ်ကျွမ်းတဲ့ စွေးရောင်းမှုလေးနဲ့ ကျွန်တော့်ကို လုပ်ကျွေးပါတယ်။ စွေးရောင်းတယ်ဆိုတာကလည်း မုန့်ဟုတ်သလက်၊ မုန့်လင်မယားဆိုတဲ့ မြန်မာ့အစားအစာလေးတွေပါ။ စွေးရောင်းပြီး ခြစ်ခြစ်ကုပ်ကုပ်စုပြန်တာပါပဲ။ ပိုက်ဆံလေးစုမိရင် သူ့ဇာတိကိုပြန်လေ့ရှိတယ်။ တစ်ခါသွားရင် တစ်လကိုးသီတင်းကြာပါတယ်။ ပြန်လာလိုက်၊ စုလိုက်၊ ပြန်သွားလိုက်နဲ့ပါပဲ။

တောင်ပေးထောက်ပြီး တရွေ့ရွေ့သာသွားနိုင်တော့တဲ့ ကျွန်တော့်ကို အိမ်နီးချင်းတွေကကျွေးကြပါတယ်။ ဒီတော့ မပိစိကွေးရဲ့ ကျွန်တော့်အပေါ် ထားတဲ့ စေတနာမေတ္တာကို သဘောပေါက်လာရပါတယ်။

ဆေးပေးမီးယူဆိုတာ ကျွန်တော့်မှာ ပြည့်စုံရင်သာ ဖြစ်နိုင်တာကလား။ ကျွန်တော် တစ်ပြားမှမရှာနိုင်တော့တဲ့ ဘဝမှာ ဘယ်ကလာ ဆေးပေးမီးယူဖြစ်နိုင်တော့မှာလဲ။ တစ်နေ့တစ်နေ့ ဒုက္ခဝေဒနာရင်မှာပိုက်ပြီး ဘဝကိုပျင်းရိစွာဖြတ်သန်းနေရပါတယ်။ အဲဒီမှာ ရင်းနှီးတဲ့သူတွေထံ အသနားခံရတဲ့ဘဝကို ရောက်ပါတယ်။

တစ်လ သုံးသောင်းနဲ့ ငှားနေတဲ့ အိမ်ကလည်း (၅) လစာပေးစရာရှိတာမယူတော့ဘဲ မောင်းထုတ်နေပါပြီ။ ဟုတ်တယ်၊ လုပ်နိုင်ကိုင်နိုင်တုန်းက သုံးသောင်းဆိုတာဘာမှမလဲဗျာ။ အခုအခြေအနေက မပိစိကွေးမရှိရင် အိမ်နီးချင်းတွေဆီ ထမင်းတောင်းစားနေရတဲ့ ဘဝကိုရောက်နေပါပြီ။ ဘယ်လောက်မျက်နှာငယ်ရတဲ့ဘဝလဲဗျာ။

ဒါနဲ့ အိမ်နီးချင်းဆရာတို့က အိမ်ကလေးတစ်လုံးမှာ အခမဲ့ပေးနေတော့ကာ လောလောဆယ်အဆင်ပြေသွားတယ်။ စားတာကလည်း ဆရာညီမတွေ အိမ်လေ။ နည်းနည်းထူထောင်တာနဲ့ စက်ဘီးလေးနဲ့ပူဖောင်းအရောင်းထွက်တယ်။ တစ်ရက်၊ နှစ်ရက်လောက် အနီး



www.burmeseclassic.com

www.burmeseclassic.com

[illegible]ကောင်းလိုက်တာနဲ့ အိပ်ရာထဲ [illegible]တော့တာပါပဲ။

အပေါင်းအသင်းတွေဆီမှာရော [illegible]ဆီမှာပါ အကူအညီတောင်းပြီး [illegible]ခေါ်းကာ ပူဖောင်းအရင်းအနှီး [illegible]ပါတယ်။ ဝေးဝေးမသွားနိုင် [illegible] အဆင်မပြေဘူး။ ဒီတော့ ရလို့ရ [illegible]ပေါက်ရလမ်းရှာတဲ့အနေနဲ့ နှစ်လုံး [illegible]ပြန်လိုက်လိုက်တာ တီဗွီလေး [illegible]ကဲဘီးလေးပါပြောင်တော့တာပါ [illegible]ဆောင်းလို့ရသမျှ အကုန်ရောင်းတော့ [illegible]ဘာမှမကျန်တော့ပါဘူး။

ဒီလို နဲ့ မပိစိကွေးပြန်ရောက်လာ [illegible]။ မကြာပါဘူး၊ အသက်ရှူကျပ်ပြီး [illegible]နိုင်မကယ်နိုင်ဖြစ်တယ်။ အဲဒီမှာ ဇမ္ဗူ [illegible]အထူးကုဆေးရုံကြီးမှာ တာဝန်ထမ်း [illegible]ဒေါက်တာမင်းသိဏ်းက ပြည့်ဝ [illegible]ခန်း ဆိုပြီး ဆေးခန်းဖွင့်ထားတော့ [illegible]ပြေးရတယ်။ ဆေးကုပေးတဲ့အခါ [illegible]ကျွန်တော်တို့မှာတစ်ပြားမှမရှိပါကြောင်း [illegible]နားခံတော့ ဆရာဝန်ကြီးက ဇမ္ဗူ [illegible]အထူးကုဆေးရုံကြီးက အရေးပေါ် [illegible]ခေါ်ပြီး အထူးကုဆေးရုံမှာတင်ပေး [illegible]တယ်၊ ဆရာဝန်ကြီးရဲ့မျက်နှာနဲ့ဆို [illegible] ဝိုင်းဝန်းပြုစုပေးကြပါတယ်။ [illegible]တော် ကျွန်တော့်နှလုံးကို ရေရှည်ကုရ [illegible]နေပြည်တော် ခုတင်(၁၀၀)ဆေးရုံ [illegible]နှလုံးဆောင်အထူးခန်းမှာထားပြီး [illegible]ပေးပါတယ်။ ကုန်ကျစရိတ်ကို ဆရာ [illegible]ကြီး ဒေါက်တာမင်းသိဏ်းကပဲ [illegible]ဝန်ယူပါတယ်။

မပိစိကွေးကတော့ ဆေးရုံကြီးမှာ [illegible]ရာကျပန်းလုပ်ရင်း ထမင်းစရိတ်ရှာ [illegible]တယ်။ အသိတွေပေါ်တော့ကာ အဆင် [illegible]ပြေပါတယ်။ အားလုံးက ကျွန်တော့်ကို [illegible]နှစ်သည်ကြီးဆိုပြီး သိကြတာကိုး။ [illegible]မှာတစ်လနီးပါးကြာပြီး ထူထူထောင် [illegible]ထောင်ဖြစ်လာတော့ ဆေးရုံကဆင်းပါ [illegible]တယ်။

ကျွန်တော့်ကို ဆရာဝန်ကြီး [illegible]ဒေါက်တာမင်းသိဏ်းသာ မကယ်ခဲ့ရင် ကျွန်တော် အခုချိန်မရှိတော့ဘူးပေါ့။ [illegible]းလုးတင်လိုက်တာဗျာ။ အကြင်နာ၊ [illegible]ရာ၊ စေတနာဆိုတဲ့ နာသုံးနာနဲ့ [illegible]စုံတဲ့ ဆရာဝန်ကြီးနဲ့ တွေ့ရလို့သာ [illegible]အသက်ဆက်နိုင်တာပါ။ ဆရာဝန် [illegible]ကို ကျေးဇူးတင်လို့မဆုံးသလိုမေတ္တာ [illegible]အမြဲပို့ပါတယ်။ ကျွန်တော်ရဲ့ [illegible]အသက်သခင်ကျေးဇူးရှင်ပါ။ ဆရာဝန် [illegible]အားလုံး ဒေါက်တာမင်းသိဏ်းလို [illegible] စေတနာထားရင် ဘယ်လောက် ကောင်းလိုက်လေမလဲ ဆိုတာကိုလည်း အမြဲတွေးနေမိတယ်ဗျ။ ကျွန်တော် နေမကောင်းဖြစ်တိုင်း ဆရာဝန်ကြီးရဲ့ ပြည့်ဝဆေးခန်းမှာ အခမဲ့ကုသရင်း ကျန်းမာရေးဖြည့်ဆည်းနေရပါတယ်။ မပိစိကွေး ပြန်ရောက်ခဲ့ရိုန်ကြဲတိုင်း ကျန်းမာရေးအကြီးအကျယ်ဖောက်တာ မို့ ဆေးရုံ(၂)ခါပြန်တက်ရတယ်။ ဘဝ ကတော့ဗျာ တကယ့်ကို အဆင်မပြေ တော့တာပါ။

နောက်တော့ ကံအားလျော်စွာ ထီပေါက်ပြီး ပိုက်ဆံနှစ်သိန်းခွဲရလိုက် တယ်။ ဝမ်းသာရမလားအောက်မေ့ရတဲ့ ပိုက်ဆံနှစ်သိန်းခွဲအကုန်ပိုက်ပြီးချက်ချင်း နတ်မောက်ကိုပြန်ပြေးတော့တာပဲဗျို့။ ကျွန်တော်မှာ အားကိုးရာမဲ့ ဆရာ့ညီမ တွေဆီလှည့်ပြီး ထမင်းစားနေရတော့ တာပါပဲ။ မပိစိကွေးကတော့ ပြန်မလာ တော့ပါဘူး။

ကျွန်တော့်ဘဝရဲ့ အလှည့်အ ပြောင်းကို သင်ကြန်ကစခဲ့တာဗျ။ ကျွန် တော့်ဘဝရဲ့အဆုံးကိုလည်း သင်္ကြန် ကပဲ အဆုံးသတ်ခဲ့သလိုဖြစ်နေခဲ့တာ။ သာယာခြင်းထက် မနှစ်မြို့ခြင်းတွေ ကသာ ရင်ထဲပြည့်နေခဲ့တာပါ။ တကယ့် အနိဋ္ဌာရုံတွေပါ။

သင်္ကြန်ဆိုရင် ကျွန်တော်မုန်း တယ်ဗျာ။ သင်္ကြန်ကို ကျွန်တော့်လိုမုန်း သူတွေ လောကမှာရှိကောင်းရှိမှာပါ။ ဘာလို့လဲဆိုတော့ သင်္ကြန်မှာ အပျော် လွန်လို့ သားသမီးတွေဆုံးပါးခဲ့ရသူတွေ၊ ချစ်သူဆုံးရှုံးရသူတွေရှိကြမှာပါ။ ဒါဆိုရင် သင်္ကြန်ရောက်တိုင်း သူတို့ရင်ထဲ တစ္ဆေ ခြောက်သလို ကြောက်လန့်ခံစားကြရမှာ ပါ။

သင်္ကြန်ပွဲတော်ဆိုတာ မြန်မာတို့ရဲ့ အပျော်ဆုံးပွဲပါ။ အသည်းနှလုံးပမာ မြတ်နိုးတွယ်တာကြတာပါ။ ဒါပေမယ့် ကျွန်တော်ကတော့ . . . ကျွန်တော် ကတော့. . . . ။

### သင်္ကြန်ဝေဒနာသည်ရဲ့နိဂုံး

နေပြည်တော် ဇမ္ဗူသီရိမြို့ အောင်ဇမ္ဗူရပ်ရှိ ကျွန်ုပ်တို့မောင်နှမများ သည် လက်ရှိမြေကွက်အား မောင်နှမ (၄) ဦးခွဲစေမည်ဖြစ်ရာ ကိုသန်းနိုင်နေ သော အိမ်ကလေးသည် ပြောင်းရွှေ့ရ မည်ဖြစ်၍ ရွှေ့ခိုင်းရာ အခြားအိမ်သို့ ပတ်ဝန်းကျင်အကူအညီဖြင့် ရွှေ့ပြောင်း သွားခဲ့ပြီး ကျွန်ုပ်၏ညီမလတ် မငြေးညွှန့် တို့မိသားစုမှထမင်းကျွေး၍ စောင့်ရှောက် ထားခဲ့၏။

[illegible]

"[illegible]နိုင်တုန်းက [illegible]ကြီးပဲပို့ပေးခဲ့တာပဲ။ [illegible]တွေဆီ တစ်လှည့်သွားတော်ကြတယ်။ ဒီမှာက ဆွေမတော်မျိုးစပ် [illegible]ခင်ဗျားကိုကျွေးပေးနေတာ [illegible]စရာ"

ဟု ပြောဆိုသဖြင့်-

"ဟုတ်သားပဲ၊ ကျွန်တော် နတ်မောက်သွားမယ်"

ဟုပြောကာ သူငှားနေသောအိမ် လေးအား သော့ခတ်၍ မီးရထားဖြင့် ထွက်သွားလေတော့၏။ ထိုအချိန်မှစ၍ ကိုသန်းနိုင်ကို မတွေ့ရတော့ပါ။ မပိစိ ကွေးလည်း ပိုက်ဆံနှစ်သိန်းခွဲယူသွားပြီး ကတည်းက ပြန်မလာတော့ပါ။

၂၀၁၄၊ ဇွန်လထဲတွင်မူ နေပြည် တော် လယ်ဝေးရပ်ခန်းမှ ကျွန်ုပ်တို့ အောင်ဇမ္ဗူရပ်အုပ်ချုပ်ရေးမှူးထံ ဖုန်း ဖြင့်အကြောင်းကြားလာခဲ့၏။ ထိုသည် မှာ -

'အောင်ဇမ္ဗူရပ် မှတ်ပုံတင်ပါရှိ သော ဦးသန်းနိုင်သည် လယ်ဝေးဘူတာ ၌ မူးမေ့လဲကျသွားရာ တာဝန်ရှိသူတို့က ဆေးခန်းပို့သော် သတိရချိန်တွင် 'ကျွန် တော့်ယောက်ဖတွေ နတ်မောက်မှာရှိပါ တယ်'ဟူ၍သာပြောနိုင်ပြီး သေဆုံးသွား ခဲ့ကြောင်း၊ အလောင်းကိုလယ်ဝေးပြည် သူ့ဆေးရုံသို့ပို့ထားပါကြောင်း'

အကြောင်းကြားလာခဲ့ခြင်းဖြစ်၏။ သို့သော် ဆွေမျိုးမရှိသော အရပ်သည် ကြီး ကိုသန်းနိုင်၏အလောင်းအား မည် သူမျှ သွားရောက် ကြည့်ရှုခြင်းမရှိခဲ့ပါ။ ကိုသန်းနိုင်သည် လမ်းပေါ်တွင် အများ ဆုံး နေထိုင်ခဲ့ခြင်းဖြစ်ပြီး ထူးဆန်းစွာပင် လမ်းပေါ်၌ ဘဝနိဂုံးချုပ်ခဲ့ရခြင်းဖြစ်ပေ ၏။

မြန်မာနိုင်ငံတစ်နံတစ်လျား သူ မရောက်ဘူးသည့်နေရာမှာ ခပ်ရှားရှား ပင်။ ဆက်စပ်၍စကားပြောသော် ရွာစဉ် များပင်ရွတ်ပြလေ့ရှိရာ သူမှတ်ဉာဏ်မှာ လည်း အံ့ဩလောက်ပေ၏။ သေဆုံးခဲ့နိုင် တွင် သင်္ကြန်ဝေဒနာသည်ကြီးသည် အသက် (၆၁) နှစ်ရှိပြီ ဖြစ်ပါသည်၊ ကျွန်ုပ်မှာမူ သူပြောပြသော သူ့ဘဝ ဇာတ်လမ်းအား မမေ့ရက်နိုင်တော့ပြီ။

[illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com

## စာစု (၁)

သပြေညိုပညာဒါနအကျိုးဆောင် အသင်း (ထောက်ကြန့်) က ဖိတ်ကြားသော အစည်းအဝေးပွဲတစ်ခုကို တက်ရောက်ပြီး၍ အသင်းရုံးအောက်တွင်ရှိ 'ဆုံနိုင်ခွင့်' လက်ဖက်ရည်ဆိုင်တွင် အသင်း၏ အမှုဆောင်များနှင့်အတူ လက်ဖက်ရည်သောက်နေခိုက် ဦးအော်စကာက စာရေးသူကို မေးခွန်းထုတ်လာသည်။

"စာရေးဆရာ ဌက်ကဋ္ဌ၊ ခင်ဗျားက ဂန္ဓိရဝတ္ထုတွေရေးတာဆို။ ဒါဆို မေးစမ်းပါရစေဗျာ။ ဂန္ဓိရ ဆိုတာဘာကိုဆိုချင်တာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

# ငွေစိုး (ရွှေကြွေရာ)
## ဦးအော်နှင့်ကွမ်းရိုးမြား

ဦးအော်စကာသည် သပြေညို ပညာဒါနအကျိုးဆောင်အသင်းနယက တစ်ဦးဖြစ်ပြီး ရန်ကုန်မြို့ ဟံသာဝတီ စစ်သချိုင်း (၃) ခု၏ တာဝန်ခံမန်နေဂျာ အဖြစ်မှ လွန်ခဲ့သော (၁) နှစ်ခန့်က အငြိမ်းစားယူထားသူဖြစ်ကာ ယခုအခါ သပြေညိုအသင်းတွင် ပညာရေးဆိုင်ရာ ပရဟိတလုပ်ငန်းများကို တက်ကြွစွာ ပါဝင် ဆောင်ရွက်နေသူတစ်ဦး ဖြစ်လေ သည်။ အသက် (၇၂) နှစ် ကျော်နေပြီ ဖြစ်သော်လည်း ဦးအော်စကာ၏ သွား လာနေထိုင်စားသောက်မှုပုံစံက လူငယ် တစ်ဦးနှင့်မခြား။ အသင်းတွင် လူကြီး များ များစွာရှိသော်လည်း အမှုဆောင် များဖြစ်သည့် လူငယ်များနှင့် ကျွမ်းဝင် သည့်လူကြီးမှာ ဦးအော်စကာသာ ဖြစ် သည်၊ သူ့ကို စာရေးသူက ဦးအော် ဟုသာ သည်ပြုခဲ့ ခဲ့ဖူးခဲ့ပေါ် သည်၊ ယခု စကားစပ်မိသဲ့ ဦးအော်က စာရေး သူကို မေးခွန်းထုတ်နေပါပြီ။ တကယ် တော့ သူမေးလျှင် စာရေးသူ တကယ် ကျောခွန်းပါသည်။ မချွေလျှင်လည်း ပြီးမည်မဟုတ်ပါ။

"ဝမ်းရဲ့ ဆိုထားတော့တော့ ခက်ခဲ နက်နဲတာကို ဆိုချင်ထားပါ။ ခက်ခဲနက် နဲတဲ့ပြဿနာနဲ့ ခက်ခဲနက်နဲတဲ့ ပညာ ဉာဏ်တွေကို ဝမ်းရဲ့သားတွေလို့ သတ်မှတ်လို့ရပါတယ်

"ဩ-ဒါဆိုမစ်စတေရီးယား(စ်)နက် (Mysteriousness) လို့ ပြောလို့ရတာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့"

စာရေးသူ၏အဖြေကို ဦးအော်က အားချင်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်။ မှန်ပါသည်။ ဦးအော် (E.Language) အလွန်ကောင်းပါသည်။ သူနှင့် စကားပြောလျှင် သုတအလွန်တိုးပါသည်"

"ရတယ် ဦးအော်။ နောက်ပြောမယ်ဆိုရင် လောကီပညာ (Occult) လို့လည်း ပြောလို့ရသေးတယ်"

"ဟုတ်တာပေါ့။ ခင်ဗျားတို့ဘာသာသာနဲ့ဆို ဒီသဘောလည်းဆိုလို့ရတာပေါ့"

ဦးအော်သည် ကရင်တိုင်းရင်းသားဖြစ်ပြီး အမည်ရင်းမှာ အော်စကာဒီဝါး (Oscar Dewar) ပင် ဖြစ်သည်။

တစ်ခါက သူ၏ဘာသာရေးခံယူချက်ကို စာရေးသူတီးခေါက်ကြည့်မိရာ-

"ကျွန်တော်ဘယ်ဘာသာဝင်ဆိုတာကို မပြောချင်ပါဘူး။ အရေးကြီးတာ လူလူချင်း မေတ္တာထားတတ်ဖို့၊ ကိုယ်ချင်းစာစိတ်တွေ လူတိုင်းရဲ့စိတ်မှာ ကိန်းနေဖို့ပဲလိုတာပါ"

ဟု အဖြေပြန်ပေးဖူးခဲ့လေ၏။

တကယ်လည်း ဦးအော်၏ နေမှုထိုင်မှု၊ ပြောဆိုလှုပ်ရှားမှုတို့မှာ သူ့အဆိုအမိန့်အတိုင်း သိမ်မွေ့လှပါသည်။ ဒါကို စာရေးသူ သတိပြုမိ၏။

"ကဲလေ၊ ထားပါတော့။ ခင်ဗျားက ဂမ္ဘီရအကြောင်းတွေကိုလည်း စိတ်ဝင်စား၊ တကယ်လည်းရေးနေသူဆိုတော့ ကျွန်တော်ရဲ့ ကိုယ်တွေ့အဖြစ်အပျက်လေးတစ်ခု ပြောပြမယ်။ ဒါလည်း ခင်ဗျားပြောတဲ့ဂမ္ဘီရသဘောတွေပါနေလို့ပါ။ ဒီအကြောင်းတွေဆိုတာ လက်ခံနိုင်စွမ်းရှိတဲ့သူကိုမှ ပြောပြလို့ကောင်းတာဗျ။ ခင်ဗျားစိတ်ဝင်စားမယ်ဆိုရင် ကျွန်တော်ပြောပြမယ်၊ လက်ခံလား"

ကရင်ပီပီ ဘွင်းဘွင်းသမား ဦးအော်က စာရေးသူ၏ဆန္ဒကို ဦးစွာခံယူသည်။

"ပြောပါ ဦးအော်၊ ကျွန်တော့်အတွက်လည်း ရေးကွက်ရတာပေါ့"

သို့ဖြင့် ဦးအော်က စတင်၍ပြောပါသည်။ စာရေးသူလည်း သူ့စကားများ ခေါင်းထဲဝင်အောင်မှတ်ရပါတော့သည်။

## စာစု (၂)

၁၉၆၈ ခုနှစ်ကာလက ဦးအော်သည် ဘီးလင်းမြို့ လျှပ်စစ်ရုံးတွင် တာဝန်ခံအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့လေသည်။ တစ်နေ့တွင် ဒေသခံမိတ်ဆွေတစ်ဦးထံမှ ဆန်အရက်တစ်လုံး လက်ဆောင်ရရှိခဲ့ပြီး ထိုအရက်ဖြင့် တွဲဖက်သောက်သုံးရန် အတွက် အမြည်းအလို့ငှာ အားလပ်ရက်တစ်ရက်တွင် လေးခွတစ်ခွောင်းယူ၍ ချိုးပစ်ထွက်ခဲ့လေ၏။ အဖော်အဖြစ် သစ်ဆိုင်တွင် အလုပ်လုပ်နေသည့်သူငယ်ချင်းဖြစ်သူ ကိုသိန်းဇံကို ဝင်ခေါ်ခဲ့သည်။ နှစ်ဦးစလုံး လူပျိုလူလွတ်များဖြစ်ကြသောကြောင့် ဦးအော်နှင့် ကိုသိန်းဇံသည် လွန်စွာအတွဲညီခဲ့သည်။ ဒေသခံဖြစ်သောဖြစ်သော ကိုသိန်းဇံက ဦးအော်ကို ဘီးလင်းနတ်ကြီးသွားသည့် ကားလမ်းဘေးရှိတောအတွင်းသို့ ဦးဆောင်၍ ခေါ်သွားသည်။ ထိုခေတ်ကာလက တောနက်အတွင်းသို့ ခြေမလှမ်းရဲ၊ အခန့်မသင့်လျှင် သောင်းကျန်းသူများနှင့်တွေ့၍ ကိစ္စများနိုင်သောကြောင့် ဖြစ်သည်။ ချိုးပစ်ရန်ရွေးချယ်ထားသော တောအုပ်က ဘီးလင်းမြို့နှင့် သိပ်မဝေးလှ။ မသကာ ပြေးရလွှားရလျှင်ပင် ဘီးလင်းမြို့အတွင်းသို့ အချိန်ပိုင်းအတွင်း ပြန်လည်ရောက်ရှိနိုင်သော အကွာအဝေးဖြစ်သည်။

သို့ဖြင့် ဦးအော်တို့နှစ်ယောက် တောအတွင်းသို့ ခြေချမိတော့သည်။ ကိုသိန်းဇံ၏ရွေးချယ်မှု မှန်ကန်ပါသည်။ တောအစပ်မှာပင် ချိုးမျာ၏တကူးကူးသံများကို စတင်ကြားနေပြီ ဖြစ်သည်။ သို့သော် စိတ်ကြိုက်ချိုးကို မတွေ့သောကြောင့် ပစ်ခတ်မှုကို မစသေး။ တော

အတွင်းသို့ ထပ်မံတိုးဝင်လိုက်သည်။

"ဗိုလ်အော်၊ သုံးကောင်လောက် ရရင် လုံလောက်တယ်မို့လား"

"လောက်ပါတယ်၊ ဒီမှာအချိန်သိပ်ကုန်လို့မဖြစ်ဘူး။ ရုံးမှာက ကိုယ်ရှိမှဖြစ်မှာဆိုတော့ ခပ်သွက်သွက်တော့လုပ်ရမှာပဲ"

ဦးအော်တို့နှစ်ယောက် စကားတပြောပြောနှင့် တောအလယ်သို့ ရောက်လာသည်။ တွေ့ပါပြီ။ ကိုင်းဖျားတွင်နားနေသည့် ချိုးတစ်ကောင်။ ဦးအော်တို့နှစ်ယောက်စလုံး ပြိုင်တူမြင်လိုက်ကြသည်။ ဦးအော် လေးခွအတွင်းသို့ လောက်စလုံးထည့်၍ ပစ်ကွင်းပစ်ကွက်ရွေးကာ စတင်ပစ်ခတ်သည်။

"ဖြန်း. . . ဝုန်. . . ဘုတ်"

ဦးအော် ပစ်လွှတ်လိုက်သည့် လေးသီးက ပစ်ကွင်းကို မိမိရရထိမှန်ကာ အပင်အောက်၌ရှိနေသော ချုံပုတ်အတွင်းသို့ ထိုးကျသွားသည်။ ဦးအော်တို့နှစ်ယောက် ချုံပုတ်အတွင်းသို့ဝင်ကာ ချိုးကိုရှာသည်။ ချုံပုတ်က မကြီးလှ၊ သို့သော် မတွေ့။

"ဗိုလ်အော် ရှာမနေနဲ့တော့။ ဒီတောမှာ ချိုးပေါပါတယ်။ ဒီတစ်ခါကျွန်တော့်အလှည့်၊ နောက်တစ်ကောင် ထပ်ပစ်မယ်"

ကိုသိန်းဇံစကားကို ဦးအော် သဘောတူလိုက်သည်။ သိပ်မရှာလိုက်ရ။ နောက်တစ်ကောင်ကို အလွယ်ပင်တွေ့သည်။ သည်တစ်ခါ ကိုသိန်းဇံလက်စွမ်းပြရမည့်အလှည့်။ ကိုသိန်းဇံကလည်း ခေသူမဟုတ်။ ချိုးကို ထိမှန်ကာ ချုံပုတ်အတွင်းသို့ ထိုးကျသွားပြန်သည်။ နှစ်ဦးသား ချိုးကျသွားသည့်နေရာကို အသေအချာကြည့်ကာ အပြေးအလွှားသွားရှာသည်။ စေ့စေ့စပ်စပ်ရှာသည့်တိုင် ချိုးက ပျောက်ချက်သားကောင်းနေသည်။ နှစ်ယောက်သား ဘယ်လိုလဲဟူသောသဘောဖြင့် မျက်လုံးချင်းဆိုင်မိသည်။

"နောက်တစ်ကောင်ပေါ့ဗျာ"

"ကောင်းတယ်၊ ဆက်ပစ်တာပေါ့"

ဦးအော်၏အဆိုကို ကိုသိန်းဇံထောက်ခံလိုက်ပြီး နေရာပြောင်းဖို့ပြင်သည်။

## စာစု(၃)

ထိုအခိုက် ကရင်အဘိုးအိုသံယောက် ရုတ်တရက်ဆိုသလို ဦးအော်တို့အနီးသို့ရောက်လာပြီး မေးခွန်းထုတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဖိုးခွားတို့နှစ်ယောက် ဘာလုပ်ကြတာတုံး"

"ချိုးပစ်လာတာပါ ဖထီး"

အဘိုးအို၏အမေးကို ကိုသိန်းဇင်ဖြေသည်။ နတ်သိကြားဖန်ဆင်းသကဲ့သို့ ဘွားခနဲဆိုသလို မြင်တွေ့ရသော အဘိုးကိုကြည့်ပြီး ဦးအော်ထဲတွင် စနိုးစနောင့်ဖြစ်သွားသည်။ သော် အဘိုးအိုသွင်ပြင်က ဒေသခံသောက်နှင့် ထူးမခြားနား။ ဖွေးဖွေးနေသည့်ဆံပင်ကို အဝတ်ဖြူခပ်နွမ်းတော်၍ ဆီးစေ့သာသာ သျှောင်ထုံးထားသည်။ သို့သာမက မျက်ခုံးနှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးအားလုံးတောင်အလား။ လူကောင်သေးအသားဖွေးဖွေး။ ပါးရေနာရေတွန့်နေလေပြီ။ အရိုး၊ အကြောလည်း အပြိုင်းပြိုင်းထနေလျက်။ တွင်အကျီမရှိ။ ခန္ဓာပေါ်တွင်ဆေးကြောင်များထိုးထားသောကြောင့် နေသည်။ သွားမရှိသောကြောင့် စက်ကျိုင့်နေသည်။ ပါးစပ်တွင်မူ မြုံမြုံ။ ခါးတွင်ကား ပိတ်ဖြူနွမ်းနွမ်းလေးစည်းထားသည်။ ခြေတွင်ကား ဖိနပ်မရှိ။ အသက်အရွယ်ကြောင့် ခါးကလေးကိုင်းသဖွယ်။ ပလိုင်းတစ်လုံးကို ပခုံးထက်ဝယ် ကန့်လန့်ချိတ် လွယ်ထားသေးသည်။ အဘိုးအိုသည် အထူးခြားဆုံးမှာ အသက်အရွယ်နှင့်မလိုက်အောင် ရဲရဲတောက်သည့် မျက်လုံးအစုံပင် ဖြစ်သည်။ အိုး၏ စူးရှသည့်အကြည့်ကို ခံနိုင်ရည်မဆိုင်ဝံ့။

"ဖိုးခွားတို့ ဒီတောကို အရင်ရောက်ဖူးလား"

အဘိုးအိုက လူကောင်သေးလည်း အသံကမူ ဝမ်းခေါင်းသံပါသည်။ အသံဩဇာနှင့်ပြည့်စုံသည်။

"မရောက်ဖူးပါဘူး အဘ၊ အပျော်အပါးနဲ့ချိုးလာပစ်တာပါ"

ဒီတစ်ခါ ဦးအော်က ဝင်အဖြေပေးလိုက်သည်။

"အေးပေါ့လေ၊ လူငယ်တွေဆို ဘယ်နားလည်ပါ့မလဲ။ ကဲပါလေ၊ ဒီနေကောင်ပစ်ချင်တာလဲ"

အဘိုးအိုက ခေါင်းတညိတ်ညိတ် မေးခွန်းထုတ်သည်။

"တစ်. . . တစ်ကောင်ဆိုရပါပြီ" ကိုသိန်းဇင်က အထစ်ထစ်အငေါ့ငေါ့ဖြင့် ဝင်အဖြေပေးသည်။

"တစ်ကောင်ဆို ရပြီလားကွယ်။ သခ္ဓာရဲ့လား"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ရပါတယ် ဖထီး"

ကိုသိန်းဇင်ကပင် အဖြေဝင်ပေးပြန်သည်။ ဦးအော်က တုံ့ကိုဘာဝေ နှုတ်ဆိတ်နေလျက်။ အဘိုးအိုက စကားဆုံးသည်နှင့် ပလိုင်းအတွင်းမှ ကွမ်းရွက်လေးတစ်ရွက်ထုတ်ကာ ကွမ်းရိုးပေါ်အောင်ကတော့ထိုးလိုက်သည်။ နောက် ကွမ်းကတော့လေးကို ပါးစပ်တွင်တွေ့၍ တတွတ်တွတ်မန်းကာ အပင်ပေါ်တွင် ရှိနေသည့် ချိုးတစ်ကောင်ဆီသို့မော့လှတ်လိုက်သည်။ ကွမ်းကတော့လေးက မြားတစ်စင်းကဲ့သို့ အရှိန်အဟုန်ပြင်းစွာဖြင့် အဘိုးအို၏လက်အတွင်းမှ ပြေးထွက်သွားသည်။ လျှပ်တစ်ပြက်အတွင်းမှာပင် ချိုးတစ်ကောင် အပင်အောက်သို့ ထိုးကျလာသည်။ ဦးအော်တို့နှစ်ယောက် ချိုးကျရာနေရာသို့ အပြေးသွားကာ ကောက်ယူကြည့်လိုက်သည်။ အံ့ဖွယ်ကောင်းလေစွ။ ကွမ်းရိုးတ ချိုးရင်အံ့တွင် မြားတစ်စင်းနှယ် ထိုးဖောက်စိုက်ဝင်နေလျက်။

"ကဲ - ဖိုးခွားတို့လိုချင်တဲ့ဟာကို ယူပြီးပြန်ကြတော့ ဖထီးလည်းသွားတော့မယ်"

အဘိုးအိုက ပြောပြောဆိုဆိုဖြင့် တောအတွင်းဝိုင်းသို့ တိုးဝင်မျောက်ကွယ်သွားသည်။

"ဒုံလအော်၊ ကျွန်တော်တို့ပြန်ကြမှဖြစ်မယ်။ ဒီနေရာမှာနေရတာ ကျောချမ်းလိုက်တာဗျာ"

ကိုသိန်းဇင်တစ်ယောက် မျက်စိပျက်မျက်နှာပျက်ဖြင့် သုတ်ခြေတင်တော့သည်။ ဦးအော်မငြင်းပါ။ သူကိုယ်တိုင်လည်း ကစ်စုံတစ်ရာကို တွေးမိကာ စိတ်မသိုးမသန့်ဖြစ်နေပါပြီ။ ထို့ကြောင့် ချိုးသေကိုဆွဲကာ ကိုသိန်းဇင်နောက်မှအပြေးလိုက်ရတော့သည်။ ဦးအော်၏စိတ်ဘဝင်ဌကား ဘယ်ကဘယ်လို ရုတ်တရက် ရောက်လာပြီး မျက်လှည့်ပြသကဲ့သို့ အစွမ်းပြသွားခဲ့သော အဘိုးအိုသည် မည်သူဖြစ်သည်ကို အတွေးပင်လယ်ဝေနေဆဲ။ သို့သော် ထိုနေ့က ကြုံခဲ့ရသည့် အဖြစ်အပျက်များသည်ကား သူ့ဘဝအတွက် ပြောမယုံ ကြုံဖူးမှသိ။ သို့နှယ် မှတ်တမ်းတင်မိလိုက်လေတော့သတည်း။

သဒိသံ ပါကံ ဇနေတိ
ငွေစိုး (ချွေကြန့်မြေ)

## စုစန္ဒာအောင်(ကျောက်ပို)

# နွားများတွင်ဖြစ်သောအရာ ပျောက်ကင်းစေရန်

ဝါးပင်များကို မြန်မာပြည်အနှံ့အပြား တော၊ တောင်များထဲတွင် အလေ့ကျပေါများစွာပေါက်ရောက်လျက် တွေ့ရှိရပါသည်။ မိုးဦးကျသည်နှင့်တစ်ပြိုင်နက် ဝါးပင်ခိုမှာ၏အခြေတွင် မျှစ်နှမျှားထွက်လေ့ရှိပါသည်။ ထိုမျှစ်နှမျှားကို လူတို့သည် ဟင်းလျာအဖြစ်အမျိုးမျိုးချက်ပြုတ်ပြုလုပ်စားသောက်ကြပါသည်။

မျှစ်ကို ဟင်းလျာအဖြစ်ချက်ပြုတ်စားသောက်ခဲ့မှုမကဘဲ နွားများထိခိုက်မိ၍အနာဖြစ်လျှင် ဆေးဝါးအဖြစ်လည်း အသုံးပြုသည်ကို စာရေးသူတွေ့မြင်ခဲ့ရပါသည်။

ပိုးဦးကျခါစ တစ်နေ့တွင် အိမ်နီးချင်းဖြစ်သူ တောင်သူကြီးဦးကျော်၏ ခိုင်းနွားတစ်ကောင် နွားချင်းဝေ့ရာမှ နွား၏ဝမ်းပိုက်တစ်နေရာတွင် အနာဖြစ်နေပြီး မယျောက်နိုင်တဲ့ ပိုးလောက်များတွယ်တပ်နေပါသည်။ အနာမှ ပိုးလောက်တွေနှင့်ဖြစ်နေသောကြောင့် တောင်သူလုပ်ငန်းခွင် ရပ်နားထားရပါသည်။

တောင်နီးရာရာ ဆေးနည်းမျိုးစုံနှင့်ကုသသော်လည်း အောက်ပါဆေးနည်းနှင့်တွေ့မှပဲ သက်သာပျောက်ကင်းခဲ့ရသည်ဟုလည်း ဦးကျော်မှပြောပြပါသည်။

ဆေးနည်းမှာ-

နွားဝမ်းဗိုက်နာကို လက်ဖက်ခြောက်ပြုတ်ရည်နှင့် ဆေးကြောပါ။ ထို့နောက် မျှစ်အစိမ်းအနုများကိုညက်အောင်ထောင်း၍ အုံပေးဖိသိပ်ပေးပါ။ ဆေးဖက်များကွာကျမသွားအောင် အဝတ်သန့်တစ်ခုဖြင့် စည်းပေးထားလိုက်ပါ။ တစ်နေ့နှစ်ကြိမ်ပြုလုပ်ပေးခြင်းဖြင့် တစ်ပတ်အတွင်း သက်သာပျောက်ကင်းသွားသည်ကို လက်တွေ့သိမြင်ခဲ့ရသောကြောင့် တင်ပြလိုက်ရပါသည်။

သတ္တဝါများ ထိခိုက်၊ အနာတရဖြစ်ခြင်းမှကင်းဝေးကြပါစေ။

စုစန္ဒာအောင်(ကျောက်ပို)

www.burmeseclassic.com

ပန်းချီတူးလှ(ရေးဟောင်းသုတေသန)

# အရိုးအိုးများကုန်း

တူးဖော်မှုသုတေသနပြုလုပ်သည့် ခြေဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.12) သည် ခြေဝတီမြို့ဟောင်း၏အတွင်းဘက် တူးဖော်သုတေသနပြုလုပ်ခဲ့သည့် ခြေဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.5) ၏အနောက်မြောက်ဘက်၊ ခြေဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.9)၏အရှေ့မြောက်ဘက်၊ မဟာမြတ်မုနိဘုရားကြီးကုန်းတော်မြောက်ဘက်၊ ခဝါကန်ဟောင်း၏မြောက်ဘက်အနားတွင် ထည်ရှိပါသည်။ G.P.S ညွှန်းမှတ်အရ မြောက်လတ္တီတွဒ် 20° 52' 31" နှင့် အရှေ့လောင်ဂျီတွဒ် 93° 3' 42" တွင် တည်ရှိပါသည်။ မြေတိုင်းဦးစီးဌာနမြေပုံအရ စပါးဆိပ်ကွင်းတွင်တည်ရှိပါသည်။

တူးဖော်မှုပြုလုပ်သည့် ခြေဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် DNWD.12 ၏ အရှေ့ဘက်တွင် လယ်ကွင်းကြီးများ၊ ခြေဝတီမြို့ဟောင်းမြို့ရိုး၊ ဇီးချောင်းဆည်နှင့် တောင်တန်းများ၊ အနောက်ဘက်တွင် လယ်ကွင်းကြီးများနှင့် စပါးဆိပ်ရွာ၊ ခြေဝတီမြို့ဟောင်း အနောက်ဘက်မြို့ရိုး၊ မြောက်ဘက်တွင် လယ်ကွင်းကြီးများ၊ ဆည်ပေါင်များ၊ တောင်ဘက်တွင် ခဝါကန်ဟောင်း၊ လယ်ကွင်းများ၊ မဟာမုနိစေ့းဆိုင်တန်းများ၊ ဇီးချောင်း (မဟာမုနိချောင်း)၊ ရန်ကုန် - စစ်တွေ ကားလမ်းမကြီးနှင့် မဟာမြတ်မုနိဘုရားကြီးတို့ဖြင့် ဝန်းရံနေပါသည်။တူးဖော်မှုသုတေသနပြုလုပ်သည့် ကုန်းနှင့် မနီးမဝေး အနောက်တောင်ဘက်တွင်လည်း ကန်ဟောင်းတစ်ကန်ရှိပါသေးသည်။

တူးဖော်သုတေသန ပြုလုပ်သည့် ခြေဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.12) သည် ခဝါကန်ဟောင်း၏မြောက်ဘက်နားတွင် ကုန်းတန်းမိုမို့လေးအဖြစ် ခပ်ရှည်ရှည်တောင်မြောက်ရှိနေပါသည်။ လယ်သမားများထွန်ယက်စိုက်ပျိုးသည့်အခါတွင်လည်း ဤကုန်းအနီးပတ်ဝန်းကျင်၌ အိုးခြမ်းကွဲများ၊ မီးသွေးများ၊ အရိုးစများ၊ စဉ့်လက်ရာ

**ခြေဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.12) ပန္နက်ပုံဆွဲ**




**အညွှန်း**

မြေမီးဖုတ်အရိုးအိုးများ

စဉ့်အိုးကွဲ၊ မြေအိုးကွဲအဖုံးအစေ့

အပဲ့အစများကို အမြဲတွေ့ရှိရသည်ဟု ဆိုပါသည်။ ကုန်းအရှေ့ဘက်ခြမ်းတွင်လည်း ဆည်မြောင်းမှ မြောင်းဖောက်ထားသောမြောင်းတွင် စဉ့်လက်ရာအပဲ့အစများ၊ အရိုးစများ၊ အိုးခြမ်းကွဲများကို တွေ့ရှိရပါသည်။ မြောင်းအနောက်ဘက်ကုန်းထက်တွင်လည်း ဘတ်ဖိုးဖြင့်ကုပ်၍တင်ထားခဲ့သော အိုးခြမ်းကွဲများ၊ စဉ့်လက်ရာအပဲ့အစများ၊ အရိုးစများ၊ မီးသွေးပြာများကို ဟိုတစ်စုသည်တစ်စုစုပုံနေသည်ကို ကုန်းတန်းပေါ်တွင် ပြန့်ကျဲစွာတွေ့နေရပါသည်။လယ်သမားများလယ်ထိုးသည့်အခါတွင်လည်း အစိတ်အပိုင်းများကို မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com

## ညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.12) အနောက်ဘက်မှ မြေလွှာဖြတ်ပိုင်းပုံဆွဲ




ရှိသည်ဟု သိရှိရပါသည်။

ညဝတီမြို့ဟောင်းအတွင်းရှိ ညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.12 ကိုတူးဖော် သုတေသနပြုသွားရာတွင် တူးဖော်သည့်နည်းစနစ်များ ကွဲပြားခဲ့သည့်အနက် အဆောက်အအုံ၏ မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာ သိရှိနားလည်စေရန်နှင့် တူးဖော်ထွက်ရှိလာသော ယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းများကို အလွယ်တကူ မှတ်တမ်းတင်နိုင်ရန်အတွက် ကျင်းကွက်ဖွဲ့တူးဖော်သည့် စနစ် (Grid System) ကို အခြေခံပြီး တူးဖော်သည့် နည်းစနစ်ကို အသုံးပြု၍ တူးဖော်ထားခြင်း ဖြစ်ပါသည်။

ညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD.12)ကို တူးဖော်သုတေသနပြုလုပ်ရာတွင် အဆောက်အအုံနှစ်ပုံစံအနေအထားမျိုး မတွေ့ရှိရသော်ဘဲ အရိုးအိုးများ၊ မီးသွေးပြာများ၊ အိုးစများ၊ အိုးခြမ်းကွဲများ၊ စဉ့်ထည်ဆက်ရာအပဲ့အစများကိုသာ အများဆုံးတွေ့နေရပါသည်။ အရိုးအိုးများကိုလည်း အကောင်းပကတိမတွေ့ရှိရသော်လည်း အစိတ်စိတ်အမြွှာမြွှာကွဲနေသောကြောင့် အိုးဖုတ်အရိုးအိုးများကိုသာတွေ့ရှိနေရသည်။ ကုန်းကို အရှေ့-အနောက် (၅) မီတာ နှစ်ကွက်၊ တောင်-မြောက် (၅) မီတာ သုံးကွက် သတ်မှတ်၍ တူးဖော်ခဲ့ပါသည်။ အရှေ့ဘက် (AB) ကြိတ်ကွက်ထဲတွင် ဆည်မြောင်းမှ မြောင်းဆက်တူးထား၍ စဉ့်ထည်ရာအပဲ့အစများအပြားကို မြောင်းပေါင်အနောက်ဘက်အခြမ်းတွင် အများအပြားတွေ့ရှိရပါသည်။ အရိုး၊ မီးသွေးစများကိုလည်း တွေ့ရှိရပါ၏။ ကုန်း၏ အနောက်ဘက်ခြမ်းသုံးကွက်သာ တူးဖော်ခဲ့ရပါ၏။ ဤကိုမတူးဖော်မီ အနိမ့်ဆုံးမြေညီပြင်မှုသို့ရောက်လျှင် ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.12) ကုန်း၏ အမြင့်သည် (၁၁၀) စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။

ညဝတီမြို့ဟောင်းတွင် တူးဖော်သုတေသနပြုလုပ်သည့် ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.12) တွင် အဆောက်အအုံဖွဲ့စည်းတည်ဆောက်ထားသည့် အနေအထားမျိုးမတွေ့ရှိရသေးပေ။ အရိုးအိုးများကို ပို့မြေလွှာအောက်တွင် အစုလိုက်အပြုံလိုက်တွေ့ရှိနေရပါသည်။ A၊ ကျင်းထဲတွင် အက်ကွဲနေသော မြေမီးဖုတ်အရိုးအိုးကိုးလုံးခန့်ကို နှစ်လုံးတစ်စု၊ သုံးလုံးတစ်စု အစုစုတွေ့ရှိရသည်။ အကောင်းမြေမီးဖုတ်အရိုးအိုးများတော့ မတွေ့ရှိရသေးပါ။ ဤကုန်းကို အရိုးအိုးများမြှပ်နှံရာ သုသာန်ကုန်းတစ်ကုန်းဖြစ်နိုင်ဟု ဆိုနိုင်ပါသည်။

ညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.12) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာသမိုင်းကြောင်းကိုသိရှိစေရန် မြေလွှာအဆင့်ဆင့်လေ့လာစမ်းသပ်မှုကို လုပ်ဆောင်ရပါသည်။ ဤကုန်းတွင် မြေလွှာစမ်းသပ်လုပ်ဆောင်မှုကို မြေလွှာသုံးလွှာခန့်သာ စမ်းသပ် လုပ်ဆောင်နိုင်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် သဘာဝမြေလွှာထိရောက်အောင်တော့ စမ်းသပ်မှု မလုပ်ဆောင်နိုင်ခဲ့ပါ။ လုပ်ဆောင်နိုင်ခဲ့သည့် မြေလွှာသုံးလွှာမှာ အပေါ်ယံမြက်သစ်မြစ်ဆွေးများရောမြေလွှာ၊ ပို့မြေလွှာ၊ အရိုးအိုးနှင့် အိုးခြမ်းကွဲ၊ စဉ့်ခြမ်းကွဲများနှင့်ရောနှောသောမြေလွှာများပင် ဖြစ်ပါသည်။

မြေလွှာအမှတ်(၁)သည် အပေါ်ယံမြက်သစ်မြစ်ဆွေးမြေလွှာဖြစ်ပြီး ရေလေ၊ မြေသယ်ဆောင်ခြင်းနှင့် မြက်ရွက်၊ မြက်၊ သစ်မြစ်ဆွေးတို့မှ ပို့ချထားသော အပေါ်ယံမြက်သစ်မြစ်ဆွေးရောမြေလွှာဖြစ်ပါသည်။ ထိုမြေလွှာ၏အထူမှာ (၂၇) စင်တီမီတာခန့်ရှိပါသည်။

မြေလွှာအမှတ်(၂)သည် အပေါ်ယံမြက်သစ်မြစ်ဆွေးများရောမြေလွှာအောက်၌ရှိသောမြေလွှာဖြစ်ပြီး အပေါ်ယံမြက်သစ်မြစ်ဆွေးများရောမြေလွှာမတိုင်မီ ပို့နေမြေလွှာတစ်လွှာပင်ဖြစ်ပါသည်။ ပို့မြေလွှာ၏အထူမှာ (၂၃) စင်တီမီတာခန့်ရှိပါသည်။

မြေလွှာအမှတ် (၃) သည် ပို့မြေလွှာအောက်တွင်ရှိသော မြေလွှာတစ်လွှာပင် ဖြစ်ပါသည်။ ဤမြေလွှာထဲတွင် မြေမီးဖုတ်အရိုးအိုးများနှင့် မီးသွေးပြာများ၊ အိုးခြမ်းကွဲအဖုံးအစများ၊ စဉ့်လက်ရာအဖုံးအစများကို တွေ့ရှိရပါသည်။ ဤမြေလွှာအောက်ကို အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် မတူးဖော်နိုင်ခဲ့ပါ။ ဆက်လက် တူးဖော်နိုင်ပါက ထူးခြားမှုများထပ်တွေ့နိုင်ပါသေးသည်။ထို့ကြောင့် ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.12) ကုန်းကို သဘာဝမြေလွှာထိရောက်အောင် မတူးဖော်နိုင်ခဲ့ပဲ မြေလွှာသုံးလွှာခန့်ကိုသာ တူးဖော်သုတေသနပြုလုပ်နိုင်ခဲ့ပါသည်။ နောင်နှစ်များတွင် ဆက်လက် တူးဖော်သင့်ပါသည်။

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD.12)ကို တူးဖော်သုတေသနပြုလိုက်သည့်အခါ အဆင်တန်ဆာဒီဇိုင်းလေးများစုံလင်လှသော မြေမီးဖုတ်အိုးခြမ်းကွဲများ၊ စဉ့်အိုးကွဲအဖုံးအစများ၊ အရိုးအိုးများ၊ အရိုးစမျာ်း၊ မီးသွေးများ၊ အရိုးပြာများကို ဤကုန်းတွင် အများဆုံးတွေ့ရှိရပါသည်။

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.12)မှ တူးဖော်တွေ့ရှိရသောမြေမီးဖုတ်အိုးခြမ်းကွဲလက်ရာအပဲ့



www.burmeseclassic.com

www.burmeseclassic.com




အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၁) တွင် မြေမီးဖုတ်အိုးခြမ်းကွဲရှေ့မျက်နှာလက်ရာနှင့် အိုးခြမ်းကွဲထုအထူ၊ အပါးကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၄) cmခန့်၊ အကျယ် (၂$\frac{3}{4}$) cm ခန့်နှင့် အထူ ($\frac{3}{4}$) cmခန့် ရှိပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်မှာ အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်မှာ အဆင်တန်ဆာအစင်းကြောင်းများပြုတွေ့ရှိရပါသည်။ အိုးခြမ်းကွဲအဆင်တန်ဆာမှာ အလယ်ဗဟိုဌ ဖောင်းတစ်ဆင့် ခံပြီး ဖောင်းဆင့်အပေါ်တွင် ဝရုန်းအဆင်ပွတ်လုံးများသဏ္ဌာန်ဖော်ထားပါသည်။ ဖောင်းလုံးအောက်တွင် လှိုင်းတန်းကလေးများဖြင့် အလှဆင်ထားပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအပြင်လက်ရာမှာ အနုစိတ်လှသော အဆင်တန်ဆာများဖြင့်တွေ့ရှိရပါသည်။ အိုးခြမ်းကွဲမြေသားမှာ သဲပါခြင်းမတွေ့ရှိရဘဲ ရွှံ့စစ်စစ်ဖြင့်ပြုလုပ်ထားပြီး မြေမီးဖုတ်ရောင်ဖွေးနေသည်ကို တွေ့ရှိရပါသည်။

ပုံ(၂)မှာ ခေတ်ပြိုဟောင်းစာဖော်မူကုန်းအမှတ် (DNWD.12) မှ ထူဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတစ်ခုကိုကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၂) တွင် အိုးခြမ်းကွဲ၏ရှေ့မျက်နှာ၊ အိုးခြမ်းကွဲအထူအပါး၊ နောက်မျက်နှာတို့ကို ရေးဆွဲဖော်ပြထားပါသည်။မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၅$\frac{3}{4}$)cmခန့်၊ အကျယ် (၃$\frac{3}{4}$) cmခန့်နှင့် အထူ ($\frac{3}{4}$) cmခန့် ရှိပါသည်။ အိုးခြမ်းကွဲအပြင် ရှေ့မျက်နှာပြင်တွင် အပေါ် အလျားလိုက်အရစ်တစ်ခုဖော်ထားပြီး ထိုအရစ်အောက်တွင် လှိုင်းတွန့်ကလေးများဖြင့် အလှဆင်ထားပါသည်။ လှိုင်းတွန့်ကလေးများအောက်တွင် အလျားလိုက်လိုင်းလေးကြောင်း ထပ်ဆွဲထားသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲအထူ၊ အပါးအနေအထားမှာ အပေါ်ထူပြီး အောက်ပါး၍ အခုံးလေးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ဤအိုးခြမ်းကွဲအဆင်တန်ဆာမှာ ထူးခြားလှပါ၏။ ပုံ(၃)တွင် မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာ၏ အပြင်ရှေ့မျက်နှာပြင်နှင့် အိုးခြမ်းကွဲအထူ၊ အပါးကို ပုံရေး ထားသော အိုးခြမ်းကွဲအဆင်တန်ဆာလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၂)တွင် ဤလက်ရာကို ရှေ့မျက်နှာပြင်နှင့် အိုးခြမ်းကွဲအထူ၊ အပါးကိုပုံဆွဲ၍ဖော်ပြထားပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၄) cmခန့်၊ အကျယ် (၂$\frac{3}{4}$) cm ခန့်နှင့် အထူ ($\frac{3}{4}$) cmခန့် ရှိပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်မှာ အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်မှာ အဆင်တန်ဆာအစင်းကြောင်းများပြုတွေ့ရှိရပါသည်။ အိုးခြမ်းကွဲအဆင်တန်ဆာမှာ အလယ်ဗဟိုဌ ဖောင်းတစ်ဆင့်ခံပြီး ဖောင်းဆင့်အပေါ်တွင် ဝရုန်းအဆင်ပွတ်လုံးများသဏ္ဌာန်ဖော်ထားပါသည်။ ဖောင်းလုံးအောက်တွင် လှိုင်းတွန့်ကလေးများဖြင့် အလှဆင်ထားပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအပြင်လက်ရာမှာ အနုစိတ်လှသော အဆင်တန်ဆာများဖြင့်တွေ့ရှိရပါသည်။ အိုးခြမ်းကွဲမြေသားမှာ သဲပါခြင်းမတွေ့ရှိရဘဲ ရွှံ့စစ်စစ်ဖြင့်ပြုလုပ်ထားပြီး မြေမီးဖုတ်ရောင်ဖွေးနေသည်ကို တွေ့ရှိရပါသည်။

ပုံ(၂)သည်လည်း မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတစ်ခုကို ကူးယူရေးဆွဲ






www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါးမျက်နှာပြင်တွင်လည်း အစင်းကြောင်းနှစ်ဆင့်၊ နှစ်ဆင့်သုံးဆင့်တွေ့ရှိသည်။ အတွင်း၊ အပြင် နှစ်မျက်နှာအစင်းကြောင်းများပါနေသည်ကို သူခြားလှပေသည်။ အိုးခြမ်းကွဲမြေဖော်အရောင်မှာ ရွှဲရောင်တွေ့ရှိရပြီး ကျောက်လိုမာနေသည်ကို တွေ့ရှိရပါသည်။




ဤအိုးခြမ်းကွဲလက်ရာသည်လည်း သံကျောက်လို မာကျောသော အိုးခြမ်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၅) အိုးခြမ်းကွဲ၏ အပြင်ရှေ့မျက်နှာနှင့် အိုးခြမ်းကွဲအထူ၊ အပါးကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၅$\frac{1}{2}$) cmခန့်၊ အကျယ် (၄) cm ခန့်နှင့် အထူ ($\frac{1}{2}$) cmခန့် ရှိပါသည်။ အိုးခြမ်းကွဲမူရင်းအတွင်းမျက်နှာပြင်ကို အရောတွေ့ရှိရပြီး အပြင်မျက်နှာပြင်တွင် အဆင်တန်ဆာအစင်းကြောင်းများ အလှဆင်ထားပါသည်။ အဆင်တန်ဆာအစင်းကြောင်းများမှာ အလျားလိုက်အစင်းကြောင်း၊ ဒေါင်လိုက်ရပ်စောက်အစင်းကြောင်းနှစ်မျိုးဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤမြေမီးဖုတ်အိုးခြမ်းကွဲမှာလည်း ရွှဲရောင်တောက်နေပြီး သံကျောက်လိုမာသည်ကို ထူးခြားစွာတွေ့ရှိရပါသည်။

ပုံ(၆)မှာ စိတ္တဇဆန်လွန်းလှသော အိုးခြမ်းကွဲအဆင်တန်ဆာတစ်ခုကို ကူးယူရေးဆွဲထားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။ ခေတ်စကားလုံးဖြင့်ရေးရသည်ဆိုလျှင် မော်ဒန်အဆင်တန်ဆာဟု ရေးရမည်ပင်ဖြစ်ပါသည်။ ပုံ(၆)တွင် ဤအိုးခြမ်းကွဲလက်ရာကို အပြင်မျက်နှာပြင်ရှေ့အမြင်နှင့် အိုးခြမ်းကွဲအထူ၊အပါးကို ရေးဆွဲဖော်ပြထားပါသည်။ ဤအိုးခြမ်းကွဲမူရင်းလက်ရာအမြင့် (၅) cm ခန့်၊ အကျယ်.(၄) cmခန့်နှင့် အထူ ($\frac{1}{2}$) cm ခန့်ရှိပါသည်။ အိုးခြမ်းကွဲအပြင်ရှေ့




မျက်နှာပြင်အဆင်တန်ဆာအစင်းကြောင်းများမှာ ပိုပုံသဏ္ဌာန်အစင်းကြောင်းများ၊ ဒေါင်လိုက်ရပ်စောက်အစင်းကြောင်းများ၊ ကန့်လန့်ဖြတ်အစင်းကြောင်းများ၊ ခပ်စောင်းစောင်းအစင်းကြောင်းများ အကန့်လိုက်အကန့်လိုက် တွေ့ရှိရပါသည်။ စိတ္တဇဆန်ဆန်အစင်းကြောင်းချုပ်ချက်စပ်နေသော အိုးခြမ်းကွဲအဆင်တန်ဆာတစ်ခုပင် ဖြစ်ပါသည်။ အိုးခြမ်းကွဲ၏ အထူ၊ အပါးမှာ အပေါ်နည်းနည်းထူပြီး အောက်နည်းနည်းပါးသည်ကို တွေ့ရှိရသည်။ ဤမြေမီးဖုတ်အိုးခြမ်းကွဲအသားမှာကျစ်လျစ်ပြီး မြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။

မျက်လုံးသဏ္ဌာန်အဆင်တန်ဆာများပါရှိသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၇)တွင် မြေမီးဖုတ်ရောင်အိုးခြမ်းကွဲ၏ အပြင်မျက်နှာပြင်အထူ၊ အပါးကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၄) cmခန့်၊ အကျယ် (၃$\frac{1}{2}$) cmခန့်၊ အထူ ($\frac{1}{2}$) cm ခန့် ရှိပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်မှာ အချောသာတွေ့ရှိရပြီး အပြင်မျက်နှာပြင်မှာ မျက်လုံးသဏ္ဌာန်အပိုင်းနှစ်ဆင့်ကို တွေ့ရှိရပါသည်။ နှစ်ဆင့်စလုံးတွင် အပြင်အရစ်များဖော်ထားပါ၏။ အောက်မျက်လုံးသဏ္ဌာန်ပိုင်းတွင် အပြင်အရစ်အပြင် နောက်ထပ်တစ်ရစ်ပါရှိသည်ကို တွေ့ရှိရပါသည်။ မျက်တောင်မွေးအစင်းကြောင်းကလေးများလည်းဖော်ထားပါ၏။ မြေမီးဖုတ်အိုးခြမ်းကွဲအရောင်မှာ တောက်ပပြီး မြေသားလည်း ကျစ်လျစ်ချောမွေ့သည်ကို တွေ့ရှိရပါသည်။




ပုံ(၈)လက်ရာသည် မြေမီးဖုတ်လက်ကိုင်ကလေးတစ်ခု ဖြစ်ဟန်တူ၏။ မြေမီးဖုတ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ (၈) တွင် မြေမီးဖုတ်လက်ရာဘေးမျက်နှာပြင်နှင့် အထူကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းလက်ရာအမြင့် (၁$\frac{1}{2}$) cmခန့်၊ အကျယ် (၂)cm ခန့်နှင့် အထူဆုံးအောက်ခြေ (၂) cmခန့် ရှိပါသည်။ ပုံ(၈)လက်ရာ၏ထိပ်တွင် ပိုပုံသဏ္ဌာန် အခွကလေးဖော်ထားပြီး အလယ်တွင် ရပ်စောက်အစင်းကြောင်းလေးတစ်ခုဖော်ကာ ရပ်စောက်အစင်းကြောင်းအောက်တွင် တွင်းလေးတစ်တွင်းတွေ့ရှိရပါ၏။ ရပ်စောက်လိုင်းလက်ဝဲ၊ လက်ယာတွင်လည်း တွင်းလေးများအဆင့်ဆင့်ဖြင့် အလှဆင်ထားပါသည်။ ကွင်းလေးများအောက်တွင် ကန့်လန့်ဖြတ် အလှားလိုက်လိုင်းလေးနှစ်လိုင်းခံထားပါသည်။ ဤလက်ရာမှာ အောက်ခြေထူပြီးအပေါ်ပါးနေသည်ကို တွေ့ရှိရပါ၏။ မြေမီးဖုတ်လက်ရာမှာ လေးမျက်နှာအနေအထား တွေ့ရှိရပြီး လက်ကိုင်ကလေးတစ်ခုသဏ္ဌာန်တွေ့ရှိရပါသည်။ ဤလက်ကိုင်ကလေး မြေမီးဖုတ်သားမှာ ကျစ်လျစ်ချောမွတ်ပြီး မြေမီး မီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိ ရပါသည်။

မြေမီးဖုတ်အိုးခြမ်းကွဲအပေါ့အစလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




ပုံ (၉) တွင် မြေမီးဖုတ်အိုးခြမ်းကွဲ၏ အပြင်မျက်နှာပြင်နှင့် အထူကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲအမြင့် (၂$\frac{3}{7}$) cmခန့်၊ အကျယ် (၂$\frac{5}{7}$)cmခန့်နှင့် အထူ (၁$\frac{2}{7}$) cm ခန့် ရှိပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲမူရင်းလက်ရာ အတွင်းမျက်နှာပြင်ချောပြီး အပြင်မျက်နှာပြင်တွင် ဆန္ဒင်းမကင်းကွက်များ၊ ရပ်စောက်အစင်းကြောင်းများနှင့် ခပ်စောင်းစောင်းအစင်းကြောင်းလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲမြေသားမှာ ကျစ်လျစ်ပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။




ပုံ(၁၀)လက်ရာသည်လည်း မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၁၀)တွင် မြေမီးဖုတ်အိုးခြမ်းကွဲအပြင်မျက်နှာပြင်အဆင်တန်ဆာနှင့် အိုးခြမ်းအထူ၊ အပါးကိုရေးဆွဲဖော်ပြထားပါသည်။ မူရင်းအိုးခြမ်းကွဲအမြင့်(၂$\frac{3}{7}$)cmခန့်၊ အကျယ်(၂$\frac{5}{7}$)cmခန့်နှင့် အထူ (၁$\frac{2}{7}$) cm ခန့် ရှိပါသည်။ ဤမြေမီးဖုတ်အိုးခြမ်းကွဲအတွင်းမျက်နှာပြင်မှာ အချောသာ တွေ့ရှိရပြီး အပြင်မျက်နှာပြင်မှာ ရာဇမတ်အကွက်ကလေးများဖြင့် အလှဆင်ထားပါသည်။ အထူ၊ အပါးမှာ အပေါ်ပါး၊ အောက်ပိုင်းထူသည်ကိုတွေ့ရှိရပါသည်။ အိုးခြမ်းကွဲ၏ မြေမီးဖုတ်ရောင်မြေသားမှာကျစ်လျစ်ပြီး အရောင်မှာ မြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။




မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၃$\frac{2}{7}$) cmခန့်၊ အကျယ် (၃$\frac{4}{7}$) cmခန့်နှင့် အထူ(၁$\frac{2}{7}$) cm ခန့်ရှိပါသည်။ ပုံ (၁) တွင် အိုးခြမ်းကွဲအပြင်မျက်နှာပြင်နှင့် အထူ၊ အပါးကို ရေးဆွဲဖော်ပြထားပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်မှာ အချောသာတွေ့ရှိရပြီး အပြင်မျက်နှာပြင်မှာ ဆန္ဒင်းမကင်းကွက်လေးများဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ တချို့ဆန္ဒင်းမကင်းကွက်တစ်ကွက်တလေတွင် အလယ်၌ အစင်းကြောင်းကလေးဖော်ထားသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲ၏ အထူ၊ အပါးမှာ အပေါ်ထူပြီး အောက်ပါးနေသည်ကိုတွေ့ရှိရပါသည်။ ဤအိုးခြမ်းကွဲမြေသားမှာ ကျစ်လျစ်ပြီး သဲပွင့်လေးများပါနေသည်ကို တွေ့ရှိရပါသည်။ အရောင်မှာ မြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။




စဉ့်လက်ရာအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၁၂)တွင် စဉ့်လက်ရာအပဲ့အစ၏ အပြင်မျက်နှာပြင်နှင့် စဉ့်လက်ရာ၏ အထူ၊ အပါးကို ရေးဆွဲဖော်ပြထားပါသည်။ စဉ့်အပဲ့အစမူရင်းလက်ရာ အမြင့် (၇$\frac{3}{7}$) cmခန့်၊ အကျယ် (၇)cm ခန့်နှင့် အထူ (၂) cm ခန့်ရှိပါသည်။ စဉ့်အပဲ့အစမူရင်းလက်ရာအတွင်းမျက်နှာခွက်၏ စဉ့်နီညိုရောင်တွေ့ရှိရပါသည်။ အပြင်မျက်နှာပြင်တွင် အပေါ် အနာဂလိုင်းတစ်လိုင်းတွေ့ရှိရပြီး အောက်ပိုင်းတွင် အခုံးစဉ့်ခြေထောက်ကို တွေ့ရှိရပါသည်။ အပေါ်တွင် စဉ့်နီညိုရောင်ကိုတွေ့ရှိရပြီး ခြေထောက်ခုံးအောက်တွင် မြေမီးဖုတ်ရောင်ကို တွေ့ရှိရပါသည်။ စဉ့်လက်ရာအပဲ့အစ၏ အတွင်း၊ အပြင်တွင် စဉ့်နီညိုရောင်သုတ်လိမ်းထားပြီး အလယ်သားကို မြေမီးဖုတ်ရောင် တောက်ပစွာဖြင့် တွေ့ရှိရပါသည်။ မြေသားမှာ ကျစ်လျစ်ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။




ပုံ(၁၃)လက်ရာသည်လည်း စဉ့်လက်ရာအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းစဉ့်လက်ရာအပဲ့အစအမြင့် (၆$\frac{3}{7}$) cmခန့်၊ အကျယ်(၆$\frac{3}{7}$)cmခန့်နှင့် အထူ(၂)cmခန့်ရှိပါသည်။ ပုံ(၁၃)တွင် စဉ့်လက်ရာအပဲ့အစ၏ အပြင်မျက်နှာပြင်နှင့် စဉ့်လက်ရာအဖဲ့အစ၏ အထူ၊ အပါးကို ရေးဆွဲဖော်ပြထားပါသည်။ စဉ့်အပဲ့အစအတွင်းမျက်နှာပြင်တွင် စိမ်းဖြူနုစဉ့်ရောင်ကိုတွေ့ရှိရပြီး မျက်နှာပြင်ခွက်နေသည်ကို တွေ့ရှိရပါသည်။ အပြင်မျက်နှာပြင်တွင် စိမ်းဖြူနုရင့်စဉ့်ရောင်ကို တွေ့ရှိရပြီး ခြေထောက်ဖောင်းခုံးတစ်ခုပါရှိသည်ကို တွေ့ရှိရပါသည်။ စဉ့်လက်ရာအပဲ့အစအထူ၊အပါးမှာ အပေါ်ပါး၍ အောက်ထူသည်ကိုတွေ့ရှိရပါသည်။ စဉ့်အလယ်သားရှိကောင်း၍ ချောမွတ်ကာ မြေမီးဖုတ်ရောင် တောက်ပနေသည်ကို တွေ့ရှိရပါသည်။

စဉ့်လက်ရာအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသောလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းစဉ့်လက်ရာအပဲ့အစအမြင့် (၆) cmခန့်၊ အကျယ် (၆) cmခန့်၊



www.burmeseclassic.com

www.burmeseclassic.com




အထူ (၁) cmခန့်ရှိပါသည်။ ပုံ (၁၄) တွင် စဉ့်လက်ရာအပဲ့အစ၏ အတွင်းမျက်နှာပြင်နှင့် စဉ့်လက်ရာအပဲ့အစ အထူ အပါးကို ရေးဆွဲဖော်ပြထားပါသည်။ စဉ့်လက်ရာအပဲ့အစ၏ အတွင်းမျက်နှာပြင်မှာ ရပ်စောက်လိုင်းသုံးကြောင်းနှင့် ကန့်လန့်ဖြတ်အလျားလိုက်လိုင်းတစ်လိုင်းတွေ့ရှိရပါသည်။ အတွင်းမျက်နှာပြင်တွင် စဉ့်အရောင်ကို စိမ်းပြာရောင် တွေ့ရှိရပါသည်။ အပြင်မျက်နှာပြင်တွင် စဉ့်နီညိုရောင်တွေ့ရှိရပြီး ခြေထောက်ဖောင်းခုံးတစ်ခု ပါရှိသည်ကို တွေ့ရှိရပါသည်။ စဉ့်အပဲ့အစအလယ်ခန့်မြေသားမှာချောမွတ်နေပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၅) လက်ရာသည်လည်း စဉ့်လက်ရာအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၁၅)တွင် စဉ့်လက်ရာအပဲ့အစ၏ အပြင်မျက်နှာပြင်နှင့် အထူအပါးကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းစဉ့်လက်ရာအပဲ့အစအမြင့် (၁၃) cmခန့်၊ အ ကျယ် (၁၃)cmခန့်နှင့် အထူ(၂)cm ခန့်ရှိပါသည်။ စဉ့်လက်ရာ၏ အပြင်မျက်နှာပြင်ပေါ်၌ အပေါ်ပိုင်းတွင်အနားလိုင်းတစ်လိုင်းပါရှိပြီး အောက်ပိုင်းတွင် ခြေထောက်ဖောင်းပါရှိသည်ကို တွေ့ရှိရပါသည်။ အပြင်မျက်နှာပြင်တွင် စဉ့်နီညိုရောင်ကိုတွေ့ရှိရပြီး အတွင်းမျက်နှာပြင်တွင် စဉ့်ရောင်မတွေ့ရှိရတော့ပေ။ ကွာကျသွားဟန်ရှိပါသည်။ အတွင်းမျက်နှာပြင် မြေမီးဖုတ်ရောင်တောက်ပနေသည်ကိုသာတွေ့ရှိရပါသည်။ အတွင်းမျက်နှာပြင်အလယ်ခိုင်ခွက်ဖြစ်နေပါသည်။ စဉ့်လက်ရာအပဲ့အစ၏ အထူ အပါးမှာ အပေါ်ပါးပြီး အောက်ပိုင်းထူသည်ကို တွေ့ရှိရပါသည်။ အနားလန်နေပါသည်။ စဉ့်ပန်းကန်လုံးအပဲ့အစတစ်ခုဖြစ်နိုင်ပါသည်။ စဉ့်အပဲ့အစအလယ်သားမှာ ခွံ့မြေသားညက်ညောချောမွတ်နေပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ပုံ(၁၆)သည်လည်း စဉ့်ပန်းကန်




ပြားလက်ရာအပဲ့အစတစ်ခုကို ဆက်စပ်ပြီးရေးဆွဲ၍ ပန်းကန်ပြားတစ်သေတ္တာကန်ပုံဖော်ထားသောလက်ရာတစ်ခုဝင်ပြစ်ပါသည်။ ပုံ (၁၆) တွင် ပန်းကန်ပြားကို ဘေးအမြင် အတွင်းမျက်နှာပြင် အပေါ်စီးအမြင် အပြင်မျက်နှာမျက်၍ အပြင်အပြင်သုံးမျိုးပြင့် ခန့်မှန်းရေးဆွဲဖော်ပြထားပါသည်။ ဘေးအမြင်ပုံဆွဲတွင် လက်ဝဲတက်ပြီးရှိ ပန်းကန်ပြားအထူနှင့် အတွင်းမျက်နှာပြင်ကိုရေးဆွဲဖော်ပြထားပြီး လက်ယာဘက်တွင် အပြင်မျက်နှာပြင်ကို ရေးဆွဲဖော်ပြထားပါသည်။ စဉ့်ပန်းကန်ပြားနဂိုမူရင်းအပဲ့အစအမြင့် (၁၀) cmခန့် အကျယ် (၁၅) cmခန့်နှင့် အထူ (၂) cmခန့်ရှိပါသည်။ စဉ့်ပန်းကန်ပြားလက်ရာ အကောင်းပကတိသာရှိရည်ဆိုပါက အနှင်း (၁၅)cmခန့်ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ စဉ့်လက်ရာအပဲ့အစတွင် အတွင်းမျက်နှာပြင်တွင် အပေါ်လိုင်းနှစ်လိုင်းအပိုင်းအတိုင်းတွေ့ရှိရပြီး အပေါ်လိုင်းနှစ်လိုင်းကြားနှင့် ပန်းကန်ပြားဖင်လိုင်းကြားတွင် ရပ်စောက်နှစ်လိုင်းပုံစံဖြင့် အကန့်လိုက်အကန့်လိုက်အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ အပြင်မျက်နှာပြင်တွင် အထက်






www.burmeseclassic.com

www.burmeseclassic.com










အနားလိုင်း၊ အောက်အနားလိုင်းကြားတွင် လက်စင်းရာသဖွယ် လိုင်းခြောက်လိုင်းပတ်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းကန်ပြားအပဲ့အစအလယ်သားရှဲမြေမှာ မြေသားကောင်းပြီး သဲပွင့်ပါရှိခြင်းမတွေ့ရှိရပါ။ အရောင်မှာ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

စဉ်ပန်းကန်လုံးအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၁၇)တွင် စဉ် ပန်းကန်လုံးအပဲ့အစ၏ အပြင်မျက်နှာပြင်နှင့် ပန်းကန်လုံးအထူ၊ အပါးကို ရေးဆွဲ ဖော်ပြထားပါသည်။ စဉ်ပန်းကန်လုံး မူရင်းအပဲ့အစအမြင့် (၉) cm ခန့်၊ အကျယ် (၈) cmခန့်နှင့် အထူ (၂) cm ခန့်ရှိပါသည်။ စဉ်အပဲ့အစလက်ရာ၏ အပြင်မျက်နှာပြင်တွင် အပေါ်လက်ရေးစင်းမြောင်းတစ်ခုဖော်ထားပြီး အောက်ပိုင်းတွင် ခြေထောက်ဖောင်းပါရှိသည်ကို တွေ့ရှိရပါသည်။ စဉ်အပဲ့အစအတွင်းမျက်နှာပြင်တွင် အပေါ်အနား၌ လိုင်းနှစ်ဆင့်ပါရှိသည်ကို တွေ့ရှိရပါသည်။ စဉ်အပဲ့အစအထူအပါးမှာ အပေါ်အနားပါးပြီး အလယ်ပိုထူသည်ကို တွေ့ရှိရပါသည်။ အပေါ်အနားလည်း ခပ်လန်လန် တွေ့ရှိရပါ၏။ စဉ်ပန်းကန်လုံးအပဲ့အစ၏ အတွင်း၊ အပြင်တွင် စဉ်အစိမ်းရင့်ရောင်ကိုတွေ့ရှိရပါသည်။ အလယ်သားမှာ ရှဲမြေသား ကျစ်လျစ်ချောမွတ်နေပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၈) လက်ရာသည်လည်း စဉ် လက်ရာအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသောလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ (၁၈) တွင် စဉ်လက်ရာအပဲ့အစ၏ အတွင်းမျက်နှာပြင်နှင့် အထူ၊ အပါးကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းစဉ် လက်ရာအပဲ့အစ အမြင့် (၇) cmခန့်၊ အကျယ် (၆½) cmခန့်နှင့် အထူ(½)cm ခန့် ရှိပါသည်။ စဉ်အပဲ့အစအတွင်း မျက်နှာပြင်ပေါ်တွင် အတွင်းအနားရစ် ခပ်လန်လန်အောက်တွင် ရပ်စောက်အစင်းကြောင်းသုံးကြောင်းပါရှိသည်ကို တွေ့ရှိရပါသည်။ စဉ်အပဲ့အစလက်ရာ၏ အထူအပါးမှာ အပေါ်ထူ၍ အောက်ပါးသည်ကို တွေ့ရှိရပါသည်။ အပြင်မျက်နှာပြင်တွင်လည်း အစင်းကြောင်းတစ်ခုပါရှိပါသည်။ စဉ်လက်ရာအဖဲ့အစ၏ အတွင်း၊ အပြင်တွင် စဉ်အစိမ်းဖျော့ရောင်ကိုတွေ့ရှိရပါသည်။ အလယ်သားမှာ ရှဲ့ရောင်တွေ့ရှိရပြီး သဲကျောက်ကဲ့သို့ မာကျောသည်ကို တွေ့ရှိရပါသည်။ စဉ်ပန်းကန်လုံးအပဲ့အစတစ်ခုဖြစ်ဟန်တူပါသည်။

စဉ်အနားအပဲ့အစလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းလက်ရာအမြင့် (၂½) cmခန့်၊ အကျယ် (၆½) cmခန့်နှင့် အထူ (၁) cmခန့်ရှိပါသည်။ ပုံ(၁၉)တွင် စဉ်လက်ရာအနားအပဲ့အစ၏ အတွင်းမျက်နှာပြင်နှင့် အထူ၊ အပါးကို ပုံဆွဲပြထားပါ၏။ အတွင်းမျက်နှာပြင်တွင် လိုင်းခုံးဖောင်းလုံးပါရှိပြီး အနားလန်နေပါသည်။ အပြင်မျက်နှာပြင် အချောတွေ့ရှိရပါ၏။ စဉ်အပဲ့အစ၏ အပြင်မျက်နှာပြင်စဉ်အစိမ်းရင့်ရောင်နှင့် အတွင်းမျက်နှာပြင်တွင် စဉ်အစိမ်းနုရောင် တွေ့ရှိရပါသည်။ စဉ်အနားအပဲ့အစအလယ်သားမှာ ရှဲ့မြေသားကျစ်လျစ်ပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ပုံ(၂၀)မှာ ကွဲပြဲနေသော မြေမီး



www.burmeseclassic.com

www.burmeseclassic.com




ဖုတ်အရိုးအိုးလက်ရာကို ခန့်မှန်းရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်အရိုးအိုးခန့်မှန်းမြင့်အမြင့် (၁၄) cmခန့်၊ အိုးအဝအချင်း (၁၀) cmခန့်နှင့် အိုးအောက်ပိုင်းအကျယ်ဆုံးနေရာအချင်း (၂၇)cmခန့်ရှိပါသည်။ အိုးအနားအထူမှာ ($\frac{1}{2}$) cm ခန့် ရှိပါ၏။ ပုံ (၂၀) တွင် မြေမီးဖုတ်အရိုးအိုးအပြင်မျက်နှာပြင်ကို လက်ဝဲဘက်တွင် ရေးဆွဲဖော်ပြထားပြီး အတွင်းမျက်နှာပြင်နှင့် အထူကို လက်ယာဘက်တွင် ရေးဆွဲဖော်ပြထားပါသည်။ မြေမီးဖုတ်အရိုးအိုး အပြင်မျက်နှာပြင်တွင် ခပ်စောင်းစောင်း အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပြီး အတွင်းမျက်နှာပြင်တွင် အချောသာ တွေ့ရှိရပါသည်။ ဤမြေမီးဖုတ်အရိုးအိုးမှာ အစိတ်စိတ်အမွှာမွှာကွဲနေပြီးဖြစ်၍ ပုံ (၂၀) တွင် ဆက်စပ်ရေးဆွဲဖော်ပြထားခြင်းသာဖြစ်ပါသည်။ မြေမီးဖုတ်အရိုးအိုး၏အရောင်မှာ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

မြေမီးဖုတ်အရိုးအိုး၏ အဖုံးနှင့် အလုံးကို ပေါင်းစပ်ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ (၂၁) တွင် မြေမီးဖုတ်အရိုးအိုးအဖုံးနှင့်အလုံးကို လက်ဝဲဘက်တွင် အထူနှင့် အတွင်းမျက်နှာပြင်အမြင်၊ လက်ယာဘက်တွင် အပြင်မျက်နှာပြင်ကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်းမြေမီးဖုတ်အရိုးအိုးအဖုံးနှင့်အလုံးအမြင့် (၂၀) cm ခန့်၊ အိုးအလုံး၏ အကျယ်ဆုံးနေရာ (၃၀) cm ခန့်နှင့် အိုးအထူ ($\frac{1}{2}$) cm ခန့်ရှိပါသည်။ အိုးမူရင်းလက်ရာတွင် အတွင်းမျက်နှာပြင် အချောသာတွေ့ရှိရပြီး အပြင်မျက်နှာပြင် ခပ်စောင်းစောင်း အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ မူရင်းမြေမီးဖုတ်အရိုးအိုးမှာ အစိတ်စိတ်အမွှာမွှာကွဲပြဲနေပြီး ပုံ (၂၁) တွင် မြေမီးဖုတ်အရိုးအိုးမှာ ခွံမြေသားကောင်းပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။




ညောတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် DNWD.12 တူးဖော်သုတေသနပြုလုပ်၍ ထွက်ရှိလာသော ရေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထား ဝတ္ထုပစ္စည်းလက်ရာများမှာ တစ်ခေတ်တည်းလက်ရာများမဟုတ်ကြဘဲ ရှေးဦးသမိုင်းကြောင်း၏ ညောတီခေတ်မှသည် မြောက်ဦးခေတ်ထိ ခေတ်အဆက်ဆက်လက်ရာများပင် ဖြစ်ကြသည်ကို တူးဖော်တွေ့ရှိရပါသည်။

ညောတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.12) မှာ အလွန်ကောင်းအမျိုးမျိုးကြောင့် တူးဖော်မှုလုပ်ငန်းပြီးဆုံးအောင်ထိ မပြုလုပ်နိုင်ခဲ့ပါ။ ပြီးဆုံးအောင်ထိလုပ်နိုင်ပါက များပြားစွာသော အရိုးအိုးများကို တွေ့ရှိရလိမ့်မည် ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင်လည်း အစိတ်စိတ်အမွှာမွှာ ကျဲပြဲနေသော အရိုးအိုးကိုးလုံးနှစ်ကို မြေကြီးထဲတွင် တွေ့ရှိခဲ့ရပြီး နှစ်လုံးတိုင်းသာ မဟာမြတ်မုနီ ရွှေဟောင်းသုတေသနပြုတိုက်သို့ ပြောင်းရွှေ့ခဲ့ရပါသည်။ ကုန်းအနီးအိုးများမှာ (DNWD.12) ဆိုင်ရာ မြေကြီးထဲတွင် ကုန်ရှိနေပါသေးသည်။ နောက်နောင်ဘဏ္ဍာနှစ်များတွင် ညောတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.12) ဆက်လက် တူးဖော် သုတေသနပြုလုပ်သင့်ပါသည်။ ထပ်မံထွက်ရှိလာသော အရိုးအိုးများကို မြေမီးဖေါ်တွင် စနစ်တကျ ထိန်းသိမ်းပြီး ဆိုဒ်မြူဆီယမ် အဖြစ် အများအကာဖွင့်ပြသနိုင်မှုလုပ်ကာ ပြသထိန်းသိမ်းသင့်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

အနန္တောအနန္တငါးပါးကို
ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်

ပန်းချီတူးလှ
(ရွှေဟောင်းသုတေသန)

ကိုးကားချက် -

၁။ ကိုယ်တိုင်တူးဖော်မှုမှတ်စု၊
၂။ ညောတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.12) အစီအရင်ခံစာ
၃။ ညောတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.6) အစီရင်ခံစာ

www.burmeseclassic.com

# ဆရာကြီးနတ်စက်ရောင်

## သရေခေတ္တရာမှ ပျောက်ဆွေကြီး

ဆရာလှိုင်။

သူကား သမထဆရာကြီး ဖြစ်၏။ ထို့ကြောင့် သူကိုသိသူများက 'သမထဆရာလှိုင်' ဟု ခေါ်ကြ၏။ ဆရာလှိုင်သည် သမထအားကောင်း၍ အကြားအမြင်စွမ်းအားကို ရရှိထားသူ ဖြစ်လေသည်။ ဆရာလှိုင်သည် သူ့ရှေ့မှောက်သို့ ရောက်ရှိလာသူများ၊ လာရောက် အကူအညီတောင်းသူများအား အာရုံပြုစူးစိုက်လိုက်သည်နှင့် ထိုပုဂ္ဂိုလ်၏ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားလုံးကို သိမြင်နိုင်သူ ဖြစ်၏။

ထို့ကြောင့် သမထဆရာလှိုင်၏ သတင်းသည် တစ်နေ့တခြား နာမည်ကျော်ကြားထင်ရှားလာလေ၏။ သူ့အား သမထဆရာလှိုင်ဟု ခေါ်သော်လည်း သူ့အသက်မှာ (၄၀) ကျော်ရုံသာရှိသေး၏။

တစ်နေ့ထက်တစ်နေ့ ဗေဒင်လာမေးသူများ၊ အကြားအမြင်လာမေးသူများ များပြားသည်ထက်များလွန်းလာသဖြင့် သူ၏ သမထအားထုတ်ချိန်တို့သည် လျော့နည်းလာခဲ့လေတော့၏။ ထို့ကြောင့်ပင်လောမသိ တစ်နေ့တွင် ပြဿနာအခက်အခဲတစ်ရပ်ကို ကြုံတွေ့ရလေတော့၏။

ထိုအခက်အခဲကား အခြားမဟုတ်။ တစ်နေ့တွင် သူ့ထံသို့ အသက် (၆၀)ကျော်အရွယ်လူကြီးတစ်ဦး အကြားအမြင်လာကြည့်၏။ ဤတွင် ပြဿနာပေါ်တော့၏။ သမထဆရာလှိုင်သည် ထိုလူကြီးအား အာရုံစူးစိုက်၍ကြည့်၏။ သို့သော် မည်သည့်အာရုံမျှ ထင်မလာပေ။

တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဘူးသည့် ထိုဖြစ်ရပ်ကြောင့် ဆရာလှိုင်အထူးပင် စိတ်လှုပ်ရှားသွား၏။ ထို့ကြောင့် အခြားအမျိုးမျိုး သောအာရုံစူးစိုက်နည်းများဖြင့် အားထုတ်ကြည့်၏။ အချည်းအနှီးပင်ဖြစ်နေတော့၏။

သူ့အား ဗေဒင်လာမေးသောလူကြီးက ခပ်ပြုံးပြုံးအမူအရာမျိုးဖြင့်ကြည့်နေ၏။ ထိုလူကြီး၏အမူအရာကိုတွေ့ရသော ဆရာလှိုင်မှာ ပို၍ အနေရအထိုင်ရခက်လာလေဖြစ်နေတော့၏။ ထို့ကြောင့် ဆရာလှိုင်သည် ထိုလူကြီးနှင့်ပတ်သက်သောအကြားအမြင်ကိုရရှိနိုင်ရန်ကြိုးပမ်းလေမရရှိလေ ပို၍ဇောရွေးများပြန်လာလေဖြစ်ပြီး သူတစ်ဦးတည်းအလုပ်ရှုပ်လျက်ရှိနေလေတော့၏။

ထိုအခြေအနေအဖြစ်ပျက်ကြောင့် ဆရာလှိုင်သည် သူ့ကိုယ်သူလည်း ဒေါသဖြစ်မိ၏။ မည်သည့်အတွက်ကြောင့် ဤသို့ဖြစ်ရသည်ကိုလည်း စဉ်းစား၍မရအောင် ဖြစ်ခဲ့လေတော့၏။ ထိုအချိန် သူ၏အခန်းတွင်း၌ အခြားသော စည်သည်တစ်စုံတစ်ဦးမျှမရှိသေး၍တော်ပေသေး၏။ သို့သော် သူ့ရှေ့ရှိ လူကြီး၏ပြုံးတဲ့မပြုံးတဲ့အမူအရာကြောင့် ပို၍ အနေရခက်လှတော့ပေ၏။ သို့ဖြင့် အချိန်သည် နာရီဝက်ခန့်ကုန်သွား၏။ မည်သို့မျှ ထူးခြားမလာပေ။ နောက်ဆုံး ထိုလူကြီးက-

"ဘယ်လိုလဲ ဆရာ၊ ကျွန်တော့်ရဲ့ အနာဂတ်ထူးခြားချက်ကို ဘယ်လိုမှ ဆရာကြည့်လို့မရတော့ဘူးလား"

"ဟုတ်ကဲ့ ဦးလေး။ ကျွန်တော် လည်း အမျိုးမျိုးကြိုးစားပြီးအာရုံစိုက်ပါတယ်။ ဒါပေမယ့် ဘယ်လိုမှထူးခြားမလာပါဘူး။ ကျွန်တော့်တစ်သက်မှာ ဒါမျိုး တစ်ခါမှမဖြစ်ဖူးပါဘူး။ ကျွန်တော် ဟောလို့မရတော့ပါဘူး"

"ဒါမျိုးက ဒီလိုပဲဖြစ်တတ်ပါတယ်လေ။ ဆရာက အတွေ့အကြုံနည်းသေးလို့ပါ"

"ခင်ဗျာ"

ဟု တစ်လုံးတည်းသာ ဆရာလှိုင်သည် ရေရွတ်လိုက်နိုင်၏။ အဘယ်ကြောင့်ဆိုသော် သူ့တစ်သက်တွင် ဤ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ စော်ကားခံရမှုမျိုး တစ်ခါမှ မကြုံတွေ့ရဘူးသောကြောင့်ဖြစ်၏။ အကြားအမြင်လာမေးသူတစ်ဦးက သူ့ကိုအတွေ့အကြုံနည်းသေးလို့ပါ ဟုသော အသုံးအနှုန်းမျိုး သုံးစွဲလိုက်သဖြင့်လည်း ပို၍ခံပြင်းလာရခြင်း ဖြစ်၏။ ထို့ကြောင့် သူ၏မျက်နှာအမူအရာသည် အတန်ငယ်တင်းမာသွားသယောင်ရှိပေမည်။ ထိုမျက်နှာအမူအရာကြောင့် ဧည့်သည်လူကြီးသည် အားတုံ့အားနာဖြစ်သွားသည်ဟန်ဖြင့် -

"ဟာ - ဆရာ၊ ကျွန်တော့်စကားကို စိတ်မရှိပါနဲ့ခင်ဗျာ။ ကျွန်တော်က ဆရာဟာ ဖြစ်သင့်ရဲ့သားနဲ့ မဖြစ်လို့ မချင့်မရဲဖြစ်တယ်ဟုတ်လား"

"ဘယ်လိုလုပ်ပြီး ကျွန်တော်ရဲ့အခြေအနေကိုသိတာလဲ"

ဟု ပြောလိုက်သောအခါ ထိုလူကြီးသည် ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီးနောက် -

"အင်း - ဒီအခြေအနေရောက်မှတော့ ကျုပ်က ဆရာ့ကို ပြန်ပြီးပြောရမယ့်ပုံပဲ"

"ဟုတ်ကဲ့ - ဦးလေးအနေနဲ့ ကျွန်တော်ရဲ့အနာဂတ်ကိုသိမြင်နိုင်မယ်ဆိုရင် ဟောပြောပေးပါ"

"ဆရာက အခုလိုမေးလာတော့လည်းပြောရပေမပေါ့။ဆရာဟာ နောက်တစ်လအတွင်း ဂန္ဓာရီခရီးထွက်ရမယ်။ ယခုထက်ပိုပြီး အဆင့်မြင့်တဲ့ ကျင့်စဉ်တွေကိုကျင့်ရလိမ့်မယ်။ အဲဒီမှာပဲ ဒီလို ပုံစံနဲ့ဆက်နေမယ်ဆိုရင် အန္တရာယ်ရှိတယ်။ ဒါကြောင့် လက်ရှိအခြေအနေကို အားလုံးဖြတ်ပစ်ရမယ်"

ဟု ဟောပြောလိုက်သောအခါ ဆရာလှိုင်လည်း အလွန်ပင် အံ့သြသွားပြီး-

"လူသားတွေဟာ ဘာမဟုတ်တဲ့ လာဘ်လာဘလေးတွေ၊ ကြွယ်ဝချမ်းသာမှုလေးတွေကို တကယ်အဟုတ်ကြီးထင်ပြီး ဖက်တွယ်ထားခဲ့ကြလို့လည်း အထက်ကိုတက်ရမယ့်ကိစ္စက မတက်တော့ဘဲ အောက်ဘက်ကိုသာကျပြီး နစ်မြုပ်သွားခဲ့ကြရတာပဲ။ အဲဒီလိုနစ်မြုပ်သွားပြီဆိုတာနဲ့ အပေါ်ကို ပြန်တက်ဖို့ မစဉ်းစားနဲ့တော့ သွားပြီ"

ဟု ဒဿနဆန်ဆန်စကားများကို ပြောဆိုလိုက်သောအခါ ဆရာလှိုင်သည် ထပ်ဆင့်အံ့သြသွားပြီး သူမရှင်းသည့် စကားလုံးအချို့ကို မေးမြန်းလေ၏။

"ဦးလေးပြောတဲ့စကားထဲမှာပါတဲ့ နစ်မြုပ်သွားပြီဆိုတာနဲ့ အပေါ်ကို ပြန်တက်ဖို့ မစဉ်းစားနဲ့တော့ဆိုတဲ့စကားက ဘာအဓိပ္ပာယ်ပါလဲ"

"နစ်မြုပ်သွားပြီဆိုတာက ဒီဘဝကနေလျောဆင်းသွားတာ၊ ပိုပြီးရှင်းအောင်ပြောရရင် အပါယ်အဘုံမှာသွားဖြစ်တာကိုပြောတာ၊ အဲဒီဘဝတွေကို ရောက်သွားရင် လူပြန်ဖြစ်ဖို့ မလွယ်ဘူးလို့ပြောတာပါ။ ဆရာတို့လို အကြားအမြင်ဟောစားတယ်၊ဗေဒင်ဟောစားတယ် ဆိုတဲ့အလုပ်က စိတ်ထားတတ်မှ စိတ်မထားတတ်ရင် မလွယ်ဘူး။ နောက်ပြီး ရရှိထားတဲ့စွမ်းအားဟာ မြတ်မယ်မရှိဘူး။ အချိန်မရွေးကွယ်နိုင်တယ်။ အခုလို ဖြစ်တာမျိုးကို ဆိုလိုတာပေါ့"

"အဲဒါဆို ဦးလေး အဲ အဲ ဆရာကြီးက ဒီကိစ္စမျိုးတွေကျွမ်းကျင်မှာပဲနော်။ ကျွန်တော်ဘယ်လိုလုပ်ရမလဲ။ လမ်းညွှန်ပါဦးခင်ဗျာ။ နောက်ပြီး ဆရာကြီးရဲ့အမည်ကိုလည်းသိပါရစေ"

"ကျုပ်နာမည်ကတော့ နောက်သိလာရမှာပါ။ အခုလောလောဆယ်မှာတော့ ဆရာလှိုင်ရဲ့ ရှေ့၊ အနောက်အတွက် အရေးကြီးနေတယ်"

"ကျွန်တော်ရဲ့ အနာဂတ်ဟာ ဘယ်လိုဖြစ်နေပါလဲခင်ဗျာ"

"ဒီအတိုင်းဆက်သွားလို့ကတော့ ပညာမတိုးတက်တဲ့ အမြင်ရှိတာလေးပါပျောက်သွားနိုင်တယ်။ အမည်းရိပ်တွေလွှမ်းမိုးလာပြီး. . . "

"ဟုတ်. . . ဟုတ်ပါတယ် ဆရာကြီး။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီလိုအတိတ်နိမိတ်မျိုး စိတ်ခံစားမှုမျိုးခံစားနေရပါတယ်။ အဲဒါ ကျွန်တော်ဘယ်လိုလုပ်ရပါမလဲ။ ဆရာကြီးညွှန်ကြားတဲ့အတိုင်း လိုက်နာပါမယ်"

"ဆရာတကယ်လုပ်နိုင်မလား"

"ဟုတ်ကဲ့ - တကယ်လုပ်နိုင်ပါတယ်"

"ကောင်းပြီ၊ ဒါဆို ဒီလိုလုပ်"

❑

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး (၈) လခန့်အကြာတွင် ဆရာလှိုင်သည် ဆရာကြီး ညွှန်ကြားပြသသည့်အတိုင်း သုသာန်အဓိဋ္ဌာန်များကိုဝင်ရောက်ခဲ့လေ၏။ ထိုအဓိဋ္ဌာန်ကို မြန်မာပြည်အရပ်ရပ်ရှိ သုသာန်များတွင်လှည့်၍ ဝင်ရောက်ခဲ့လေ၏။ ဆရာလှိုင်သည် သုသာန်တစ်ခုတွင် တစ်လကြာအဓိဋ္ဌာန်ဝင်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ယခုအခါတွင် (၈) သုသာန်အောင်မြင်ခဲ့ပြီ ဖြစ်၏။

ယခုအခါ (၉) ခုမြောက် သုသာန်အဖြစ် ပြည်မြို့အနီးရှိ သုသာန်တစ်ခုသို့ ဝင်ရောက်ရန် ရောက်ရှိလာခဲ့၏။ ပြည်မြို့သည် ဝိဇ္ဇာခရေပညာရပ်အတွက် အရေးပါသော မြို့တစ်မြို့လည်းဖြစ်ပြီး နဝမမြောက်လုပ်ရမည့်အလုပ်ကိစ္စလည်းဖြစ်သဖြင့် ဆရာလှိုင်သည် အထူးပင် စိတ်အားတက်ကြွလျက်ရှိ၏။ သူသည် ထိုသုသာန်သို့ တစ်လတိတိသွားရမည်ဖြစ်သဖြင့် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရလေ၏။ အားလုံးအဆင်သင့်ဖြစ်သောအခါ သူသည် အဓိဋ္ဌာန်စတင်ဝင်ရမည့်နေ့ကို ရွေးချယ်လိုက်၏။

အဆိုပါနေ့သည် တိုက်တိုက်ဆိုင်ဆိုင်ပင် တန်ခူးလကွယ်နေ့ စနေနေ့ဖြစ်နေ၏။ ထို့ကြောင့် လုပ်ငန်းစဉ်သည်နေ့သည် စနေနေ့ဖြစ်သောကြောင့် ပြည်မြို့ပေါ်ရှိ ဆရာလှိုင်၏ မိတ်ဆွေဗေဒင်ပညာတတ်ကျွမ်းသူတစ်ဦးက -

"ခင်ဗျားကလည်းဗျာ၊ ဘာဖြစ်လို့ စနေနေ့ရွေးချယ်ရတာလဲ။ ကျွန်တဲ့နေ့ကို ရွေးပါလားဗျာ"

ဟု ပြောလိုက်သောအခါ ဆရာလှိုင်က-

"အင်း - ဟုတ်တော့ဟုတ်ပါရဲ့။ ကျွန်တော် ရွေးချယ်လိုက်တာ စနေနေ့နဲ့တည့်တည့်တိုးနေပါလား။ ကျွန်တော် ရွေးတာက ဒီရက်ပိုင်း အနီးစပ်ဆုံးဥပုသ်နေ့ကို ရွေးလိုက်တာ"

"စနေဆိုတာက ခင်ဗျားလည်းသိတဲ့အတိုင်း ကျုပ်တို့မြန်မာ့ရိုးရာလေ့ထုံးစံအယူအဆမှာ အစအဦးအဆုံးစနေဆို မွေတတ်တယ်လို့ဆိုတယ်မဟုတ်လား။ ဟို - ခရစ်ယာန်တွေဆို စနေကို ပို့ထောင်ကြောက်သေးတယ်။ စေတန်စေတန်နဲ့ဗျ။ သူတို့ထက် စနေဂြိုဟ်ကို ပိုပြီးတောင် ကြောက်တာရှိသေးတယ်။ မွတ်စလင်တွေလေ။ သူတို့ဆို ရှိုက်တန်ရှိုက်တန် တအားကြောက်တာကလား။ နောက်ပြီး ပါပဂြိုဟ်တွေထဲမှာ စနေဂြိုဟ်ဟာ အဆိုးဆုံးအထဲမှာပါတယ်မဟုတ်လား။ ဒါကြောင့် ဒီပြင်ရက်နေ့ရင် ကောင်းမယ်ထင်တယ်။ နောက်ပြီး ခင်ဗျားရဲ့ကိစ္စက သခြိုင်းထဲမှာ တစ်ညလုံးသွားနေရမယ့်ကိစ္စဆိုတော့ ပိုပြီးစဉ်းစားသင့်တယ်ထင်တယ်။ စနေဂြိုဟ်ဆိုတာ ဝိညာဉ်တို့၊ လမိုင်းတို့၊ ပရလောကတွေနဲ့ ဆက်စပ်နေတယ်မဟုတ်လား။ ဒါကြောင့် ခင်ဗျားကို စိုးရိမ်တယ်ဗျာ"

www.burmeseclassic.com

"ကိုရွှေပြောတာလည်း ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် နောက်တစ်ပတ် ဆုံနေ့စောင့်ရအောင်လည်း ပြက္ခဒိန်ကြည့်ပြီး စနေနေ့ပဲဗျ။ နောက်ပြီး ခက်တစ်ခုက ကျွန်တော့်ရဲ့အဓိဌာန်မှာ ပေါက်ကြီး ရက်ကိုခွာလို့မရဘူး။ အဓိဌာန်ကိုက ပရိဂ်ာပြည့်စုံတာနဲ့ အနီးဆုံး ဥပုသ်နေ့ကိုပဲ စတင်ရမှာဗျ။ ဆွမ်းပြောတာနဲ့ ကျွန်တော်တောင် ဝင်လေးလာပြီ။ ဒါပေမယ့် မတတ်နိုင်ဘူး အဓိဌာန်ကရှိလေတော့ သေနိုင်တယ်ဆိုတာလည်းလုပ်ရတော့မှာပဲဗျာ"

"အင်း. . . ဟုတ်ပါရဲ့။ ခင်ဗျားကိုယ်တော့ အဓိဌာန်ဆိုတော့ ဘယ်လိုနိုင်ပါ့မလဲဗျာ။ ဒါပေမယ့် ဒီကိစ္စကတော့ ဒီလိုကြီးခြေလွတ်လက်လွတ် ဆောင်ရင်မဆိုင်သင့်ဘူး။ နောက်ပြီး အခုဆွမ်းအဓိဌာန်ဝင်မယ့်သခ္ခိုင်းကလည်း ဒီညဒေသတစ်ဝိုက်မှာ နာမည်အကြီးဆုံး သခ္ခိုင်းတစ်ခုပဲဗျ။ နောက်ပြီး သခ္ခိုင်းက တည်ရှိလာတာကိုက နှစ်ပေါင်းဘယ်လောက်ကရယ်ဆိုတာ မခန့်မှန်းနိုင်တော့ဘူး။ ရှေးလူကြီးတွေ ဆောင်ခဲ့စကားပြောကြားခဲ့ပုံကိုထောက်ရင် ဒီဒေသမှာ ရှေးခေတ်ပျူလူမျိုးတွေ အခြေချနေထိုင်စဉ်ကတည်းက ရှိလာတဲ့ ရှေးဟောင်းသခ္ခိုင်းရဲ့ သက်တမ်းဟာ နှစ်ပေါင်းထောင်ချီမလားတော့ ပြောတတ်ဘူး။ သခ္ခိုင်းကြီးရဲ့သက်တမ်းတော့ အတော်ရှင်တာပဲ"

"ဟုတ်လား ကိုရွှေ၊ ကျုပ်ဖြင့် ဆွမ်းပြောမှ ဒီသခ္ခိုင်းရဲ့ရာဇဝင်ကို သိရတော့တယ်။ ခက်တာက ဒီပြင် သခ္ခိုင်းရွေးရအောင်ကလည်း ကိုယ်နေ့ နေရာမှာလုပ်ရမယ့်ပရိဂ်ာနဲ့ သခ္ခိုင်း တစ်ဆက်တစ်စပ်တည်းလုပ်ရတဲ့ အင်္ကျီက သိပ်ဝေးလို့မရဘူး။ ဒါကြောင့် အနီးစပ်ဆုံးကတော့ ဒီသခ္ခိုင်းကြီးပဲရှိနေတယ်။ အဲ - တစ်ခုတော့ရှိတယ်။ ကျွန်တော့်ဆရာသမားရဲ့မိန့်မှာချက်အရတော့ အဲဒီလို သက်တမ်းရင့်သခ္ခိုင်းတွေဟာ ကျင့်ကြံအားထုတ်ရာမှာကျော်လွှားထိုးထွင်းသိမြင်ကတော့ ပိုပြီးပေါက်မြောက်လွယ်တယ်တဲ့။ ခုဟာကလည်း ကျွန်တော့်ရဲ့အဓိဌာန်ခရီးစဉ်မှာ (၉) ခုမြောက် အထိအရ နဝင်းကိုက်အလှည့်လည်းကျနေတဲ့။ ဒါကြောင့်မို့ ဒီသခ္ခိုင်းအဓိဌာန်ဟာ ဘေးအန္တရာယ်တွေ၊ အခက်အခဲတွေများနိုင်သလို ကြီးကျယ်တဲ့ အကျိုးကျေးဇူးတွေလည်းရနိုင်လိမ့်မယ်လို့ဆိုရတယ်။ ဒါကြောင့် ဒီအဓိဌာန်ကို မဖြစ်မနေဝင်မယ်လို့ ဆုံးဖြတ်လိုက်တော့မယ်ဗျာ"

"ကဲ - ခင်ဗျားဘက်က တုံးတိုက်တိုက်ကျားကိုက်ကိုက်လုပ်တော့မယ်လို့ ဆုံးဖြတ်ပြီးရင်တော့ ကျုပ်အနေနဲ့ ခင်ဗျားနဲ့အတူ အဆောင်ကောင်းတစ်ခုပါသွားသင့်တယ်ထင်တယ်။ ဒါပေမယ့် အဲဒီအစွမ်းထက်တဲ့ အဆောင်ကောင်းတာ ကျွန်တော်တို့ရဲ့ဆရာ ဘုန်းတော်ကြီးဆီမှာရှိတယ်"

"ဘယ်လို အဆောင်မျိုးများလဲ ကိုရွှေရဲ့"

"အဲဒီအဆောင်ကောင်းဆိုတာက တော့ ဆေးတောင်ဝှေးတစ်ချောင်းပဲဗျ။ အဲဒီဆေးတောင်ဝှေးကလည်း နှစ်ပေါင်းဘယ်လောက်ကပစ္စည်းလဲဆိုတာ ပြောရခက်တယ်။ နှစ်ပရိစ္ဆေဒတော့ အတော်ကြာပြီထင်တယ်။ ဆရာဘုန်းတော်ကြီးရဲ့ ဆရာလမ်းစဉ်အဆက်က ပစ္စည်းပဲ။ တစ်ဆင့်ပြီးတစ်ဆင့်လက်ဆင့်ကမ်းလာတာပဲဗျ။ အဲ - နောက်ပြီးပြောရဦးမယ်။ အဲဒီဆေးတောင်ဝှေးဆိုတာက အင်းဆွဲထားတဲ့စက္ကူတွေကို အထပ်ထပ်ပတ်ပြီး စီရင်ထားတဲ့တောင်ဝှေးပဲဗျ။ ဆရာအစဉ်အဆက်ဆီက သိရသမျှကတော့ အတော်လေးစွမ်းတယ်ဇို့ သိရတယ်။ ဒါကြောင့် ဒီအဆောင်ဟာ ဆေးတောင်ဝှေးဆိုတာထက် အင်းတောင်ဝှေးလို့ခေါ်ရင် ပိုမှန်လိမ့်မယ်ထင်တယ်။ ဒီအင်းတောင်ဝှေးဟာ အကာအကွယ်အဆောင်တင်မကဘူး၊ ဆေးကုလို့လည်းရတယ်ဗျ။ ကျုပ်ကိုယ်တွေ့ပဲ။ ဒါကြောင့် ဒီအဓိဌာန်ကာလအတွင်း ဒီတောင်ဝှေးကို ဆောင်ထားသင့်တယ်ဗျာ"

"ဟာ - ဒီလောက်စွမ်းတဲ့ဆေးတောင်ဝှေးကို အဆောင်ပြုချင်တာပေါ့ဗျာ။ ဘယ်မှာရှာရမှာလဲ။ အဲဒီတောင်ဝှေးကို ခေတ္တငှားလို့ရအောင် ခင်ဗျားကူညီနိုင်မလား"

"ကူညီပါ့မယ်ဗျာ၊ ကူညီပါ့မယ်။ အခုပဲ ခင်ဗျားနဲ့ ကျွန်တော် ဆရာဘုန်းတော်ကြီးဆီသွားပြီး အကျိုးအကြောင်းလျှောက်ပြီးတော့ ငှားကြတာပေါ့။ ကျွန်တော် အာမခံပေးရင် ဆရာတော်က ငှားပါလိမ့်မယ်"

"ဒါဆိုလည်း ကျေးဇူးပဲဗျာ။ ကဲ-အခုပဲဘုန်းတော်ကြီးဆီသွားကြရအောင်"

❑

တန်ခူးလကွယ်နေ့ ည (၉) နာရီ အချိန် ရှေးခေတ် ပျူသခ္ခိုင်းဟောင်းကြီး သို့သွားသောလမ်း၌ မည်းမည်းသဏ္ဌာန်ပုံရိပ်တစ်ခုသည် တရွေ့ရွေ့လှုပ်ရှားနေသည်ကို တွေ့ရလေ၏။ ထိုပုံရိပ်၏ လက်တစ်ဖက်၌ တောင်ဝှေးတစ်ချောင်းကိုင်ထားသည်ကို တွေ့ရ၏။ ထိုအရာမှာ အခြားမဟုတ်။ သမထဆရာလှိုင်ပင် ဖြစ်လေ၏။

ဆရာလှိုင်သည် လကွယ်နေ့ည ဖြစ်သည့်အားလျော်စွာ လွန်စွာမှောင်မိုက်နေသည့်လမ်းကို အတော်ပင်အားယူ ဂရုပြုကြည့်ပြီးလျှောက်နေရသဖြင့် ခရီးမထွင်ဘဲဖြစ်ကာ တော်တော်နှင့် မရောက်နိုင်ဘဲဖြစ်နေရလေ၏။ အတန်ကြာသောအခါတွင်မှ သခ္ခိုင်းအတွင်းသို့ ရောက်ရှိလာခဲ့လေ၏။ သခ္ခိုင်းအတွင်းသို့ရောက်သောအခါ သခ္ခိုင်း၏အလယ်ဗဟိုနေရာသို့ ဦးတည်သွားရောက်ခဲ့၏။ သခ္ခိုင်းအလယ်နေရာလောက်ရောက်သောအခါ ခပ်ကျယ်ကျယ်ပြန့်ပြန့် အုတ်ဂူတစ်လုံးပေါ်၌ နေရာယူလိုက်၏။ ထိုအုတ်ဂူပိုင်ရှင်ထံသို့လည်း ခွင့်ပြုပါရန် ခွင့်ပန်လိုက်၏။ ထို့နောက် နေသိထိုင်ကို ဂူပေါ်၌ ဖြန့်ခင်းလိုက်၏။ ပြီးလျှင် ဗုဒ္ဓဘုရားရှင်အား ရှိခိုးပူဇော်လိုက်၏။ သမ္မာဒေဝနက်ကောင်းနတ်မြတ်များကို သခ္ခိုင်းအတွင်း ရှိသမျှသော ဒိဋ္ဌပုဂ္ဂိုလ်၊ အဒိဋ္ဌပုဂ္ဂိုလ်တို့အားလည်း သူ၏ ယခုအားထုတ်သမျှသော ကုသိုလ်ကောင်းမှုအပေါင်းကို အမျှအတန်းပေးဝေပါမည့် အကြောင်းလည်း ကြိုတင်အသိပေးလိုက်၏။

ထို့နောက် အဓိဌာန်ဆိုင်ရာပရိက်ခ်ာကို ပြုလုပ်တော့၏။ ပြီးလျှင် အဓိဌာန်ပုတီးကို စတင်စိပ်တော့၏။ ဤသို့ ပုတီးစိပ်စဉ် တစ်နာရီခန့်ကြာသောအခါတွင် ပတ်ဝန်းကျင်တစ်ခုလုံးသည် ပို၍တိတ်ဆိတ်သည်ထက် တိတ်ဆိတ်လာတော့၏။ အဖြောင့်ကလည်း ဖုံးလွှမ်းသည်ထက်ဖုံးလာတော့၏။

ထိုအချိန် သခ္ခိုင်းကြီးထိပ်ဘက်ဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံများပေါ် ထွက်လာခဲ့၏။

"ဝူး. . . ဝူး. . . အူ. . . အူ"

ခွေးအူသံများသည် တော်တော်နှင့်မတိတ်ပေ။ ထိုခွေးအူသံများကြားပြီး မကြာမီပင် ဆရာလှိုင်၏ နောက်ကျောထဲမှ စိမ့်ခနဲဖြစ်သွားပြီး ကြက်သီးများလည်းဖြန်းခနဲထသွားတော့၏။ ဆရာလှိုင်သည် စိတ်လှုပ်ရှားမှုကို ပယ်ဖျောက်နိုင်စေရန် စိပ်ပုတီးပေါ် တွင်သာ ပို၍အာရုံစူးစိုက်လိုက်၏။ အတန်ကြာသော



www.burmeseclassic.com

www.burmeseclassic.com

အခါတွင်မှ အနည်းငယ်တည်ငြိမ်စပြုလာ၏။ ထိုအချိန် လေပြည်တစ်ချက် ဝှေ့လာလေ၏။ ထိုအခါ ပုတီးတွင်ပြန်၍ အာရုံစူးရလောက်အောင် အာရုံကဖြန့် ထွက်နေကြောင်း သတိပြုမိလေသည်။

ထိုမှတစ်ဖန် အနဲ့သည် ပြောင်းသွားပြန်၏။ ပုပ်ဟောင်ဟောင်အနံ့ဆိုး တစ်ခုက လွှမ်းမိုးလာပြန်၏။ ထိုဆိုးဝါးသောအနံ့သည် ဟော်တော်နှင့်မဟုတ်ပေ။ ထိုအနံ့အသက်သည် မည်မျှဆိုးဝါးသနည်းဟူမူ သမထအာရုံ၌စိတ်စူးစိုက်၍ မရလောက်အောင်ဖြစ်နေလေတော့၏။

ထိုသို့ဖြစ်ပျက်နေဆဲတွင် "ဝေါ. . . ဝေါ. . . ဝေါ"

BURMESE CLASSIC

ဟူသည့် အသံများထွက်ပေါ်လာ၏။ ထိုအသံများသည် ပထမတွင် လေတိုက်နေသည်ဟုထင်မိသေး၏။ သို့သော် နောက်ပိုင်းတွင် လေတိုက်ခြင်းမဟုတ်ဘဲ နေရာအနှံ့အပြားတွင်မြည်နေခြင်းဖြစ်ကြောင်း သတိပြုမိ၏။ ထိုအသံများသည် မြေကြီးအောက်နေရာအနှံ့အပြားမှ လာသောအသံများဟုလည်း ထင်မြင်ရလေသည်။

ထိုကဲ့သို့ ဆူညံသော အသံများကြားရခြင်း၊ ပြင်းထန်သောအနံ့ဆိုးများ၊ အပုပ်နံ့များ နံလွန်းသောကြောင့် ခေါင်းသည် မူးဝေနောက်ကျိလာလေ၏။ ဤတွင် အပုပ်နံ့ကိုရခြင်းမှာလည်း တစ်စုံတစ်ရာသောအပုပ်ပစ္စည်းမှ ထွက်ပေါ်လာသောအနံ့မျိုး မဟုတ်ပေ။ ထိုထက်အဆပေါင်းများစွာပင် ပြင်းထန်လေ၏။ မြောက်မြားစွာသော အပုပ်ပစ္စည်းများမှ လာသော အပုပ်နံ့ပေါင်းစုံအမျိုးစုံတို့၏ အနံ့အသက်မျိုး ဖြစ်၏။ ထို့ကြောင့် မူးမိုက်ရီဝေသည်ထက် ရီဝေလာ၏။ ထို့ကြောင့် သတိကိုပိုစိုက်ကာ ပုတီးကို ပို၍ တင်းတင်းကျပ်ကျပ်စိပ်ပြီးအားပြုလိုက်၏။

ဤသို့ သတိလွတ်လိုက်ကပ်လိုက်ဖြင့် အချိန်အတန်ငယ်ကြာလာအခါ သတိလစ်သကဲ့သို့ဖြစ်သွားလေတော့၏။ အရုဏ်တက်ချိန်နီးသောအခါတွင်မူ သတိပြန်ရလေ၏။ ထိုအခါ ကမန်းကတန်း အဓိဌာန်သို့ဆက်ဝင်ပြီး မိုးမသောက်မီတွင် တည်းခိုရာနေရာသို့ ပြန်လာခဲ့တော့၏။

နောက်တစ်နေ့တွင် ဆရာလှိုင်သည် ညကဖြစ်ပျက်သောအချက်ကို ပြန်၍စဉ်းစား၏။ သူသည် မည်သည့်အတွက်ကြောင့် သတိလစ်သွားရပါသနည်း၊ ဤအချက်သည် အလွန်အန္တရာယ်များလှသောအချက်ဖြစ်၏။ နောက်နောင် ဤကဲ့သို့အဖြစ်ခံ၍မဖြစ်ပေ။

စဉ်းစားကြည့်သောအခါ ယမန်နေ့ညက ဥပုသ်နေ့ဖြစ်သဖြင့် ညစာမစားသဖြင့် အားနည်းခြင်းလည်းဖြစ်နိုင်၏။ ကျန်ရက်များတွင် နှစ်ရှည်လများသက်သတ်လွတ်စားခဲ့သဖြင့် အားနည်းခြင်းလည်းဖြစ်နိုင်၏။ သို့သော် မိမိကိုယ် မိမိသတိထားမိသည်မှာ ထင်သလောက် အားမနည်းခြင်းပင် ဖြစ်၏။ သို့အတွက် ဆိုလျှင် ကိုရွှေပြောသကဲ့သို့ မကောင်းဆိုးဝါးများ ခြောက်လှုန့်မှုစွမ်းရည်ပြင်းထန်မှုကြောင့်လည်းဖြစ်နိုင်၏။ ဤသို့ဆိုလျှင် ထိုအတွက်ကာကွယ်ရပေမည်။

ထိုအခါ ဆရာလှိုင်သည် စဉ်းစားလိုက်၏။ ဆရာသမားဘို့၏ သွန်သင်ဆုံးမမှုအရဆိုလျှင် အဆိုပါ သဒ္ဓိုင်းအတွက် သီးသန့်ရည်စူးပြီး မေတ္တာများများပွားရမည် ဖြစ်၏။ ထို့ကြောင့် ဆရာလှိုင်သည် ထိုအချိန်မှစ၍ ၎င်းသုသာန်ကို ရည်စူး၍ မေတ္တာပို့ခြင်း၊ မေတ္တသုတ်ရွတ်ခြင်းများကို • အဆက်မပြတ် ပြုလုပ်လေတော့၏။

ထိုနေ့ည သုသာန်သို့သွားရာလမ်း တစ်လျှောက်တွင်လည်း မေတ္တာပို့သွားလေ၏။ ထိုနေ့က လဆန်း ၁ ရက်နေ့ဖြစ်၏။ ဤနေ့တွင်ကား ပထမနေ့ကလောက် တုန်လှုပ်မှုမရှိတော့ပေ။ မိမိကိုယ်မိမိလည်း ပို၍ခံနိုင်ရည်ရှိလာသည်ဟု ထင်မြင်ယူဆမိလေသည်။ ထို့ကြောင့် ယမန်နေ့ညကထိုင်ခဲ့သည့်နေရာသို့ပင် သွားရောက်၍ထိုင်ခဲ့လေ၏။ ဤနေ့တွင်ထိုင်သည်နှင့် ယမန်ညကကဲ့သို့ မဟုတ်ဘဲ အေးဆေး ငြိမ်သက်လျက်ရှိသည်။ ထို့ကြောင့် ဆရာလှိုင်သည် သမာဓိအားကောင်းကောင်းဖြင့် အလုပ်လုပ်နိုင်သဖြင့် ဝမ်းသာနေလေ၏။ သို့သော် ထိုဝမ်းသာမှုသည် တာရှည်မခံခဲ့ပေ။

ည (၁၁) နာရီခန့်ရှိသောအခါ သူ၏ရှေ့မှလည်းကောင်း၊ ဘေးဘက်မှလည်းကောင်း ခပ်မည်းမည်းသေးသေးမွားမွားအကောင်လေးများသည် ဆူညံစွာဖြင့် လှည့်ပတ်နေလေတော့၏။ သူတို့သည် ကြောက်မက်ဖွယ်ရာရုပ်ပုံသဏ္ဌာန်များကို အမျိုးမျိုးပြုလုပ်ပြကြ၏။ နောက်တွင်းမှ စဉ်းစားမိသည်မှာ ထိုအကောင်လေးများသည် မှင်စာလေးများဖြစ်မည်ဟု ထင်မြင်လာခဲ့၏။ ထိုမှင်စာများခြောက်လှုန့်သည်ကို ဆရာလှိုင်သည် အားတက်လာပြီး စိပ်ပုတီးကို ပို၍အာရုံပြုကာစိပ်လေတော့၏။ ဤသို့ဖြင့် အာရုံတက်လာခဲ့တော့၏။ အာရုဏ်တက်လာသဖြင့် ထိုနေ့အဖို့ စခန်းသိမ်းလာခဲ့တော့၏။

ဤနေ့တွင် ဆရာလှိုင် စဉ်းစားသည်မှာ ယနေ့ညအခြေအနေသည် ယမန်နေ့ည အခြေအနေထက် ပို၍ခိုင်တိုးတက်လာသဖြင့် နှစ်ထောင်းအားရရှိလာခဲ့၏။ ထို့ကြောင့် သူ၏ မေတ္တာဓာတ်ပို့လွှတ်ခြင်းလုပ်ငန်းသည် အတော်ပင် ထိရောက်မှုရှိကြောင်း သိလာသဖြင့် ယနေ့တွင် မေတ္တာလုပ်ငန်းကို ပို၍ အားစိုက်ကာ ပြုလုပ်လေတော့၏။

တတိယနေ့တွင် ဆရာလှိုင်သည် ယမန်နေ့များကထက် ပို၍အချိန်အနည်းငယ်စောကာ သဒ္ဓိုင်းသို့ရောက်ရှိလာခဲ့လေ၏။ သူသည် ဤနေ့တွင် အတော်ပင် စိတ်လက်ပေါ့ပါးနေသဖြင့် အဓိဌာန်သည် တစ်ဆင့်ချင်းတိုးတက်လာလေ၏။ ဤသို့ပုတီးစိပ်ရင်း ညသည် တဖြည်းဖြည်းနက်သထက်နက်လာခဲ့၏။ ဤသို့ဖြင့် ည၌(၁၂)နာရီသို့တိုင်ခဲ့၏။ ထိုအချိန်တွင် ဆရာလှိုင်ထိုင်နေသော ဂူသည် သိမ့်သိမ့်ခါသွားသည်ဟု ခံစားလိုက်ရ၏။ တစ်ပြိုင်နက်တည်းတွင် ကြီးမားလေးလံသော အရာဝတ္ထုများဖြင့် ပစ်ခတ်ပေါက်ခဲ့သကဲ့သို့လည်းကောင်း၊ ကြီးမားသောအရာတစ်ခုကို ဆွဲယူလွှင့်ပစ်သကဲ့သို့လည်းကောင်း၊ မြေစိုင်မြေခဲကြီးများကို ဆွဲယူပစ်ယမ်းသကဲ့သို့လည်းကောင်း စသည့် အသံဗလံများစုံဆူညံကာ သဒ္ဓိုင်းကုန်းတစ်ခုသည် သိမ့်သိမ့်ခါနေလေတော့၏။

ထို့နောက် -

"အူး ဝူး ဝူး ဝူး အီး ဟီး ဟီး"

ဟူသည့် ဘာမှန်းမသိရသော အသံနက်ကြီးတစ်သံ၏ ညည်းညူသံကြီးလိုက်ရသဖြင့် ဆရာလှိုင်သည် ကြက်သီးများ ဖြန်းခနဲထသွားပြီး ခေါင်းနပန်းကြီးသွားသည်ဟုထင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးနောက် သူသည် မျက်စိကိုဖွင့်
[illegible]တ်သောအခါ ရုတ်တရက်
[illegible]သွားလေတော့၏။ အာယယ
[illegible]ဆိုသော် အလွန်တရာကြီးမားလှ
အကောင်ကြီးတစ်ကောင်သည်
[illegible]သို့အုပ်မိုးလျက်ရှိသောကြောင့်
[illegible]။ ထိုအကောင်ကြီးသည် ဆရာ
[illegible]အလွန်တရာ ဒေါသထွက်
[illegible]နေပုံပေါက်လေ၏။ ဤနေရာမှ
[illegible]ထွက်ခွာသွားရန်လည်း အမူအရာ
[illegible]မပြနေလေ၏။

ထိုအကောင်ကြီး၏ ပုံသဏ္ဌာန်မှာ
[illegible]သွားစွယ်ကြီးများကရှည်လျား
[illegible]။ မျက်လုံးကြီးများကလည်း ပြူး
[illegible]နေ၏။ သူ့ကိုယ်မှထွက်နေသော
[illegible]များမှာလည်း ကျိုးတိုးကျဲတဲနှင့်
[illegible]ရှည်လျားနေလေ၏။ သူ၏လက်
[illegible]နေသော လက်သည်းကြီးများမှာ
[illegible]လွန်စွာရှည်လျားပြီးကွေးကောက်
[illegible]နေလေ၏။ ခြုံ၍ဆိုရပါမူ ထို
[illegible]ကောင်ကြီး၏ခန္ဓာကိုယ်နှင့် မျက်နှာ
[illegible]သွားတို့သည် လုံးဝပုံပျက်ပန်းပျက်
[illegible]နေ၏။

သူကိုတွေ့လိုက်ရသောခြင်းကွင်း
[illegible]ဆရာလိုင်သည် ထိတ်လန့်လွန်း
[illegible]ဆင်မှားပင်ထောင်ထသွားသည်ဟု
[illegible]ဆိုရလေ၏။ ထိုအကောင်ကြီး၏ ပြင်း
[illegible]ထန်သော ခြိမ်းခြောက်မှုကြောင့် ဤ
[illegible]မှထွက်သွားလျှင် သူ့အဓိဋ္ဌာန်သည်
[illegible]သွားရပေတော့မည်။

ထိုအချိန်တွင် အကောင်ကြီးသည်
[illegible]သည့်သတ္တဝါ၏ အရိုးကြီးမှန်းမသိ
[illegible]အရိုးရှည်ရှည်တုတ်တုတ်ကြီးတစ်
[illegible]ချောင်းကိုလက်၌ကိုင်ထားသည်ကိုတွေ့
[illegible]၏။

ထိုအကောင်ကြီးသည် ဆရာလိုင်
[illegible]ကိုးရိုက်ကြမ်းမောင်းလာ၏။ဤနေရာ
[illegible]တွင် အမြန်ထွက်သွားစေလိုဟန်ပြု၏။
ဆရာလိုင်ထွက်မသွားသဖြင့် ပို၍စိတ်ဆိုး
[illegible]သဖြစ်လာလေသည်။ ဤတွင် ဆရာ
[illegible]လိုင်စဉ်းစားမိသည်မှာ ယခုသူထိုင်ပြီး
[illegible]အဓိဋ္ဌာန်စင်နေသောဂူသည် သူ့ဂူများ
[illegible]ဟုသည့်အတွေးကဝင်လာလေ၏။
[illegible]သော် မတတ်နိုင်တော့။ ထိုင်ပြီး
[illegible]စဖြစ်နေ၏။ ရှောင်ပေးလျှင်လည်း
[illegible]အဓိဋ္ဌာန်ပျက်တော့၏။ထိုကောင်ကြီးမှာ
ဆရာလိုင်ကိုတွေ့နေလေ ဆတ်ဆတ်ခါ
[illegible]အောင် ဒေါသဖြစ်နေလေဖြစ်၏။

နောက်ဆုံးထိုအကောင်ကြီးသည်
[illegible]ဒေါသကို မထိန်းနိုင်တော့သည့်အဆုံး
ဆရာလိုင်အား ထုချရန်အတွက် သူ၏
ရိုးကြီးကိုကိုင်မြှောက်လိုက်၏။ ထိုအခါ
ဆရာလိုင်သည် အထူးပင် ထိတ်လန့်
ကြောက်ရွံ့သွားလေ၏။

ထိုနောက် သူသည် စိတ်ကိုပိုင်း
ဖြတ်လိုက်၏။ သူသည် သေလိုက ဤ
နေရာတွင်ပင်သေပါစေတော့ အဓိဋ္ဌာန်
ကိုကား မဖျက်တော့ဟု ဆုံးဖြတ်လိုက်ပြီး
မျက်လုံးကိုမှိတ်ထားလိုက်၏။

မကြာမီပင် ပြင်းထန်သော လေ
တိုးသံကို ကြားလိုက်ရ၏။ ချက်ချင်းပင်
ဒုန်းဟူသော ပြင်းထန်ကျယ်လောင်သည့်
အသံကြီးကို ကြားလိုက်ရ၏။ မရှေး
မနှောင်းပင် ဒုန်း ဒုန်း ဒုန်း ဟူသော
အသံကြီးများကို သူနားထဲတွင်ကြားနေ
ရလေ၏။ ဤမျှ ထုနှက်နေသည့် အသံ
များကြားနေရသော်လည်း ဆရာလိုင်
သည် သူ့ခန္ဓာကိုယ်အား တစ်စုံတစ်ရာမျှ
ထိခိုက်လာခြင်းမရှိသည့်အတွက် အလွန်
တရာ အံ့သြနေလေ၏။ ထို့ကြောင့်
မျက်စိဖွင့်ကြည့်လိုက်ရာ ထိုအကောင်
ကြီးသည် ဆရာလိုင်အပေါ် မှမိုး၍ အနိုး
ဘုကြီးဖြင့် အဆက်မပြတ်ရိုက်နှက်နေ
သည်ကိုတွေ့ရလေ၏။ သို့သော် ထိုအရိုး
တုတ်ကြီးသည် ဆရာလိုင်ထံသို့ရောက်
မလာဘဲ အထက်ဘက်တစ်လံအကွာ
လောက်တွင် အကာအရံကဲ့သို့သော
အရာမျိုးကိုသာ ရိုက်မိသကဲ့သို့ဖြစ်နေ
တော့၏။

ထို့နောက် ထိုအကောင်ကြီးသည်
ဒေါသအလျောက် စိတ်ရှိလက်ရှိ ထုနှက်
ရိုက်နှက်သော်လည်း ဆရာလိုင်၌မည်သို့
မျှထိရောက်မှုမရှိ၍ နောက်ဆုံးလက်မြှင်
ချသွားလေတော့၏။ ဆရာလိုင်လည်း
စိပ်ပုတီးကို စိတ်အေးလက်အေး တစ်ည
လုံးစိပ်သွားနိုင်တော့၏။

နောက်ညများတွင်လည်း အဆိုပါ
အကောင်ကြီးသည် ညစဉ်(၁၂)နာရီထိုး
လျှင် ရောက်ရှိလာပြီး ယမန်နေ့ညများ
အတိုင်း အရိုးချောင်းကြီးဖြင့်လာရောက်
ရိုက်နှက်လေ၏။ သို့သော် ထိရောက်မှု
မရှိသဖြင့် လက်မြှင့်ချသွားရသည်ချည်း
ဖြစ်၏။ ဆရာလိုင်ကား မေတ္တာပို့သည့်
လုပ်ငန်းကိုပါ ပိုမိုအာရုံစိုက်ကာ လုပ်
ကိုင်လေ၏။

ဤသို့ဖြင့် နောက်နေ့ညနောက်
နေ့ညများ၌ ထိုအကောင်ကြီးသည်
ညစဉ်အချိန်မှန်ပင်လာရိုက်သော်လည်း
တစ်စတစ်စနှင့် ယခင်ညများလောက်
ဒေါသတကြီး သဲကြီးမဲကြီးရိုက်ခြင်းမျိုး
မဟုတ်တော့ဘဲ ဝတ်ကျေတန်းကျေသာ
လာရောက်ရိုက်နှက်တော့သည့်သဘော
မျိုးဖြင့်တော့၏။

ထို့မှ နောက်ပိုင်းညများတွင် ထို
အကောင်ကြီးသည် မနိုက်နှက်တော့ဘဲ
ဆရာလိုင်၏ရှေ့တွင်လာဆောက်တိုင်းနေ
ပြီး ဆရာလိုင်ကိုသာ ကြည့်နေလေတော့
၏။ အခြားအနှောင့်အယှက်များကိုလုံးဝ
မပြုတော့ပေ။

တစ်ခုသော ညနေစောင်းတွင်
ဆရာလိုင်သည် အဓိဋ္ဌာန်ဝင်ရန် အချိန်
စောနေသေးသဖြင့် ဖြူမင်းတောရ
ကျောင်းနှင့်မလှမ်းမကမ်းတွင် မေတ္တာပို့
ရင်း လမ်းလျှောက်နေ၏။ ထိုတွင်
စဉ်းစားမိသည်မှာ သူ၏ နဝမမြောက်
သုသာန်အဓိဋ္ဌာန်သည် ခြောမွေ့ပြေပြစ်
လာခဲ့၏။ဤသို့ဆိုလျှင် အဓိဋ္ဌာန်အောင်
မြင်ရန် အတော်နီးစပ်ပြီဖြစ်၏။ ထိုကဲ့သို့
မကောင်းဆိုးဝါး နာနာဘာဝများအပေါ်
အောင်နိုင်ရခြင်းမှာ သူ၏ မေတ္တာအဓိ
ဋ္ဌာန်ကြောင့်လည်းဖြစ်မည်။ အင်းတောင်
ဝေးကြောင့်လည်း ဖြစ်ပေမည်။

ဖြစ်နိုင်သည်မှာ အင်းတောင်ဝေး
သည် အထူးပင် အကာအကွယ်ကောင်း
ပေမည်။ ညစဉ်ညတိုင်း ထိုအကောင်ကြီး
လာရောက်ရိုက်သည်ကို တံတိုင်းသဖွယ်
ကာရံထားသည်မှာ အင်းတောင်ဝေး
ကြောင့်ပင် ဖြစ်လေမည်။ အင်းပညာ
ဆိုသည်မှာလည်း ဗုဒ္ဓရှင်တော်၏ ဂုဏ်
တော်နှင့်တကပင့်တော်များပြိုင်စီရင်ထား
ခြင်း မဟုတ်ပါလော။ ထိုအချိန်တွင်
ဆရာလိုင်သည် သူ၏ ညာဘက်လက်
အတွင်း၌ အင်းတောင်ဝေးကို ဆုပ်ကိုင်
ထားရာမှ အပေါ် သို့အနည်းငယ်မြှောက်
၍ စစ်ကြည့်လိုက်မိ၏။

"အတော်ပေါ့သားပဲ။ ပေါ့မှာပေါ့
လေ၊ အင်းခုပ်တွေနဲ့လိပ်ပြီးစီရင်ထားတဲ့
တောင်ဝေးပဲဟာ။ သြော် - တို့ရဲ့မြန်မာ
လောကီပညာရှင်တွေဟာ တကယ့်ကိုပဲ
အံ့သြစရာကောင်းတာပဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်နေ
စဉ် ထိုအပေါ်ရှိ သဖန်းပင်ပေါ်မှ
ခပ်မည်းမည်းအရာဝတ္ထုတစ်ခုသည် ဖုတ်
ခနဲ ပြုတ်ကျလာလေ၏။ ထို့နောက်
ပြုတ်ကျလာသော မည်းမည်းသတ္တဝါ
သည် ဆရာလိုင်ကို မျက်လုံးအပြူးသား
နှင့် ကြောင်ပြီးကြည့်နေ၏။ ဆရာလိုင်
ကလည်း အံ့သြပြီးပြန်ကြည့်လိုက်၏။
ထိုသတ္တဝါသည် ခန္ဓာကိုယ်တစ်ခုလုံး
မည်းချိပ်နေ၏။ မျက်လုံးတစ်လုံးလျှင်
လင်းကွင်းလောက်အထိပြူးကျယ်နေ၏။
နှာခေါင်းပေါက်ကြီးနှစ်ပေါက်ကိုလည်း
မြင်လိုက်ရ၏။ရွဲ့စောင်းနေသည့်နှုတ်ခမ်း

www.burmeseclassic.com

ကြီးများ၊ ကျိုးကျဲပြီး မညီမညာဖြစ်နေသည်ကိုလည်း တွေ့လိုက်ရ၏။ ထိုသတ္တဝါ၏ ပုံပန်းသဏ္ဌာန်ကား စက်ဆုပ်စရာကောင်းသလော်က် သနားစဖွယ်လည်း ကောင်းလေ၏။ ထို့နောက် ဆရာလှိုင်သည် မေတ္တာပို့ပေးလိုက်ရာ ထိုသတ္တဝါလည်း လမ်းဘေးဘက် သစ်ပင်ထူထပ်ရာသို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့၏။

ထိုအခါတွင် ဆရာလှိုင်လည်း အတော်ပင် အံ့ဩသွားလေ၏။ မည်သို့ဖြစ်ရပါသနည်း။ သူအမှတ်တမဲ့မြွောက်လိုက်သော အင်းတောင်ဝှေးကြောင့် ပရလောကသားတစ်ဦးသည် မမျှော်လင့်ဘဲ ပြုတ်ကျလာ၏။ ဘာကြောင့် ဤနေရာတွင် ပရလောကသားရှိနေရပါသနည်း။ ထိုပရလောကသားသည် သူ့အား မည်သည့်အတွက်ကြောင့် ရန်မမူရပါသနည်း။ သူမေတ္တာပို့လိုက်သောအခါတွင် ထိုပရလောကသားသည် ထွက်ပြေးပျောက်ကွယ်သွား၏။ ထိုအဖြစ်အပျက်တို့ကို စီကာစဉ်ကာတွေးတောကြည့်၏။ ထိုအခါတွင် သခ္ခိုင်း၌ အဓိဋ္ဌာန်ဝင်စဉ် နှောင့်ယှက်ခဲ့ရသည့် အဖြစ်အပျက်ကို သွားစဉ်းစားမိ၏။ သူ့အား နေ့စဉ်ရက်ဆက် ရန်မူခဲ့သည့် အကောင်ကြီးမှာ နောက်ရက်ပိုင်းများတွင် လုံးဝရန်မမူတော့ဘဲ အပြောင်းလဲကြီးပြောင်းလဲသွားခဲ့၏။ ထိုသို့ဖြစ်ရခြင်းမှာ သူ၏မေတ္တာကြောင့်ပင် ဖြစ်ပေမည်။ ယခုလည်း ရင်ဆိုင်တွေ့လိုက်ရသော ပရလောကသားသည် မေတ္တာပို့လိုက်သည်နှင့် ထွက်ခွာသွားခြင်း ဖြစ်၏။ ထို့ကြောင့် သူ၏ မေတ္တာဓာတ်သည် အတော်ပင် ခရီးပေါက်နေကြောင်း သဘောပေါက်သွားတော့၏။

ထိုအောင်မြင်မှုအတွက် ပီတိဖြစ်ခြင်း၊ ဝမ်းသာခြင်းများဖြစ်ပေါ်လာခဲ့၏။ ယခု သူသွားလာနေသောနေရာသည် လုံးဝလူသူပြတ်၏။ ကင်းဆိတ်သော နေရာတစ်ခုဖြစ်၏။ ပျူမင်းတောရကျောင်းသည် ပြည်မြို့မှ ခရီးအတော်လှမ်းခြင်း၊ လူသူအဆက်အစပ်ဝေးခြင်း၊ အခြောက်အလှန့်များခြင်းတို့ကြောင့် တော်ရုံလူသည် မလာဝံ့သဖြင့် လူသူအသွားအလာကျဲခြင်းလည်း ဖြစ်၏။ ပျူမင်းတောရကျောင်းနှင့်ပတ်သက်၍ ကိုရွှေထံမှ သိရသည်မှာ ဤနေရာ၌ ရှေးခေတ် ပျူလူမျိုးများလာရောက်နေထိုင်ခဲ့ကြဖူး၏။ ထိုပျူမင်းတောရကျောင်းတွင် ဆရာတော်တစ်ပါးနှင့် ကျောင်းသား သုံး၊ လေးယောက်ရှိ၏။ ထိုတွင် ပျက်စီးယိုယွင်းနေသော စေတီတစ်ဆူလည်းရှိ၏။ ထိုစေတီ၏ရာဇဝင်လက်ရာတို့ကို အထောက်အထားပြု၍ ကြည့်ရှုခြင်းဖြင့်လည်း ဤနေရာဒေသ၌ ပျူများအခြေစိုက်နေထိုင်သွားကြောင်း ထင်ရှားလေ၏။ ထို့ကြောင့် ဆရာလှိုင်၏စိတ်ထဲ၌ ပို၍ကြောက်နေမိလေ၏။ ထိုသို့ ပျူမင်းတောရအကြောင်း စဉ်းစားနေစဉ် ထိုကျောင်းမှ ကျောင်းသားတစ်ဦး အမောတကောအပြေးအလွှားသူထံ ပြေးလာသည်ကို တွေ့ရှိရလေ၏။ ထိုကျောင်းသားသည် ဆရာလှိုင်အနီးသို့ ရောက်သောအခါ -

"ဆရာကြီး ဆရာကြီး"

"ဘာကိစ္စများတုံးကွယ်။ အရေးကြီးကိစ္စရှိလို့များလား"

"ဟုတ်ကဲ့၊ အတော်ကြီးကို အရေးကြီးတဲ့သေရေးရှင်ရေးကိစ္စပါ"

"ဘယ်လိုသေရေးရှင်ရေးလဲ။နည်းနည်းပါးပါးပြောပြလို့ရမလား"

"ဒီလိုပါ ခင်ဗျ၊ နေ့လယ်တုန်းက ဆရာတော့်ကျောင်းကို ရန်ကုန်မြို့က ကျောင်းဒကာကြီးရဲ့သားနဲ့သူ့သူငယ်ချင်းတစ်ယောက်တို့ လာလည်ကြတယ် ခင်ဗျ။ အဲ-ညနေစောင်း ကျောင်းအပြန်လမ်းမှာ မကောင်းဆိုးဝါးကြီးတစ်ကောင်ရဲ့ ခြောက်လန့်တာခံရပြီး အပမ်ှလာလို့ သတိလစ်နေပါတယ်။ အခုကျောင်းကို ရောက်လာလို့ ဆရာတော်က ဆရာကြီးကို အခေါ်လွှတ်လိုက်တာပါ"

"ကဲ - ဟုတ်ပြီ၊ ဒါဆိုသွားကြတာပေါ့"

ဟု ဆရာလှိုင်နှင့် ဘုန်းကြီးကျောင်းသားလေးတို့သည် ပျူမင်းတောရကျောင်းသို့ အမြန်သွားကြ၏။

ဘုန်းကြီးကျောင်းသို့ရောက်သော အခါ အတန်ငယ်မှောင်စပြုနေပြီဖြစ်၏။ ဆရာလှိုင်သည် ဘုန်းကြီးကျောင်းထဲသို့ ရောက်သောအခါ ဘုရားခန်းရှေ့၌

အသက် (၂၀) အရွယ် သူငယ်တစ်ဦးသည် သတိလစ်လျက်ရှိပြီး သူအနီး၌ လူလေး၊ ငါးဦးရော ဆရာတော်အနီး၌ ထိုင်ပြီး အမျိုးမျိုးပြုစုပေးနေကြလေ၏။

ထိုသူငယ်အနီးသို့ ဆရာလှိုင် လျှောက်သွားပြီးနောက်တစ်ချက်ကြည့်လိုက်၏။ ထိုသူငယ်သည် မျက်ဖြူလန်ပြီး တက်နေခြင်းဖြစ်၏။ ထိုသို့တက်နေခြင်းမှာလည်း သွေးနှိုးသားနှိုးမဟုတ်ကြောင်း အတပ်သိလိုက်၏။

ထို့ကြောင့် ဆရာလှိုင်သည် ဘုရားရှေ့တွင် ရှိခိုးပူဇော်မှုပြုလိုက်၏။ ထို့နောက် အင်းတောင်ဝှေးကို မ,လိုက်ကာ တက်နေသောသူငယ်၏ဦးခေါင်းမှ ခြေဖျားအထိ သုံးကြိမ်သပ်ချလိုက်ရာ တက်နေသောသူငယ်မှာ 'ဟင်း' ဟူသော အသံကိုပြုရင်းအတက်ကျသွားတော့၏။ အတက်ကျသွားသည်နှင့် သူငယ်သည် ငေါက်ခနဲထထိုင်လေ၏။

ထို့ကြောင့် ဆရာလှိုင်က -

"မင်းကဒီမှာဘာလာလုပ်တာလဲ"

"ငါက မင်းကို ခင်လို့ ဒီကိုလိုက်လာတာ"

"မင်းမဟုတ်တရုတ်တွေမပြောနဲ့"

"တကယ်ပြောတာ"

"မင်းနာမည်ဘယ်သူလဲ"

"ငါ့နာမည်နာကြီး"

"ဘယ်မှာနေတာလဲ"

"ပျူသခ္ခိုင်းမှာနေတယ်"

"အခုဘာဖြစ်လို့သူတို့ကိုဒုက္ခပေးရတာလဲ"

"ငါဗိုက်ဆာလို့ သူတို့ဆီက ကြက်ကိုယူစားတယ်။ ဒါကို သူတို့က ငါ့ကိုခဲနဲ့ပစ်တယ်။ အဲဒီတော့ ငါကလည်း စိတ်ဆိုးပြီး သူ့ကို အခုလို သတိလစ်အောင်လုပ်လိုက်တာပဲ"

"ဘာဖြစ်လို့ လူတစ်ဖက်သားဒုက္ခရောက်အောင်လုပ်ရတာလဲ။ ဒါဟာ အပြစ်ရှိတယ်ဆိုတာ မသိဘူးလား"

"ဘာဖြစ်ဖြစ် ကိုယ်ကစပြီး သူတစ်ပါးကိုသွားပြီးကျူးလွန်တာမဟုတ်လား အဲဒီတော့ အပြစ်ရှိတယ်။ ဒါကြောင့် ဒီနေရာကနေ အေးအေးဆေးဆေး ပျူသခ္ခိုင်းကိုပြန်သွားပါ"

"မသွားနိုင်သေးဘူး၊ ဒီမှာနေဦးမယ်"

"ဒီမှာနေလို့မရဘူး၊ သွားရမယ်။ ဘာကိစ္စနဲ့ ဒီမှာနေမှာလဲ။ ဒီမှာ မင်း ပတ်သက်တာ ဘယ်သူရှိလို့လဲ"

"ရှိတယ်"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပြောပြီးပြီလေ၊ မင်းပါဆို"

"ငါဟုတ်လား။ မင်းနဲ့ငါနဲ့ဘာဆိုင်လို့လဲ၊ မင်းကို တစ်ခါမှလည်းမသိခဲ့ဖူးဘူး"

"မင်းမသိချင်ယောင်မဆောင်ပါနဲ့"

"ဘယ်နှယ်မသိချင်ယောင်ဆောင်ရမှာလဲ၊ မင်းနဲ့ငါကဘာမှပတ်သက်စရာရှိဘူး ဘဝခြားနေတာပဲ"

"မင်းဟာ ညတိုင်း ငါ့ရဲ့အုတ်ဂူမှာ ညတိုင်းလာထိုင်နေတာလေ။ ငါ့ရဲ့ခန္ဓာကိုယ်ဟာ အဲဒီအောက်မှာရှိတယ်။ နောက်ပြီး မင်းပဲ ငါ့ကို ခေါ်ခိုင်း မေတ္တာပို့ပေးနေတယ် မဟုတ်ဘူး အဲဒီမေတ္တာတွေကြောင့်လားမသိဘူး ငါက မင်းကို တစ်နေ့တခြားအရမ်းဆင်းရဲလာတယ်။ ဒါကြောင့် မင်းသချိုင်းမှာရှိတဲ့ နေ့အခါမှာ ငါကမင်းကိုခင်လို့၊ ကောင်းကျိုးတွေ့ချင်လို့ အခုလိုလိုက်လာတာ။ ဒါကြောင့် မင်း ငါ့ကို မစိမ်းကားပါနဲ့"

"ဘုရားရေ၊ မင်းပြောတာတကယ်လား။ ငါ ညတိုင်းပုတီးစိပ်နေတာ မင်းရဲ့အုတ်ဂူပေါ် မှာဟုတ်လား"

"အုတ်ဂူကတော့ ငါ့အုတ်ဂူဟုတ်ဘူး။ တခြားတစ်ယောက်ရဲ့အုတ်ဂူ၊ အဲဒီအုတ်ဂူရဲ့အောက်တည့်တည့်မှာ ငါ့ခန္ဓာကိုယ်ရှိတယ်။ အဲဒီအုတ်ဂူထဲကလူရဲ့ခန္ဓာကိုယ်ကိုပါ အပေါ်ကလာမြုပ်ထားတာ အဲဒီလိုမြုပ်ထားတာ သူမှမဟုတ်ဘူး၊ ရှစ်ယောက်ရှိပြီး အမြုပ်ထားတာ။ ဒါပေမယ့် သူတို့က ဦးဉာဉ်တွေဆိုတော့ ကိစ္စမရှိဘူး။ မင်းကတော့ ရုပ်၊ နာမ်တွဲလျက် ငါ့အပေါ်ကနေတာက ပြဿနာရှိတယ်။ ပထမဦးနှောက်တော့ မရဘူး။ ငါတော်တော်ဆိုးသဖြစ်တယ်။ ဒါကြောင့် မင်းကို အသေဆော်တာပဲ။ ဒါပေမယ့် မရဘူး။ မင်းမှာက အကာအကွယ်ကောင်း အင်းဆောင်ဝေးရှိနေတော့ မထိခိုက်ဘူးပေါ့။ ဆောက်ပိုင်းကျတော့ မင်းက ငါ့ကို အတ္တာတွေလိုမ့်ပို့လာတယ်။ အဲဒီမှာ ငါလည်း ဘယ်လိုဖြစ်တယ်မသိပါဘူး မင်းကို တအားခင်လာတယ်။ ဆောက်ပြီး မင်းဆီကို အမြဲတမ်းလာချင်နေတယ်"

"ဟာ - အဲဒီလိုလာလို့မရဘူး။ မင်းနဲ့ ငါက ဘဝချင်းမှမတူတာ။ မင်းဘဝနဲ့မင်းနေပါ။ ငါတို့လူသားတွေကို ဆင်ချင်ပါနဲ့။ အဲဒီသံယောဇဉ်ကို ဖြတ်ပါ"

"အဲဒီလိုတော့မပြောပါနဲ့၊ မင်းဟာက အပြောင်းအလဲမြန်လှချေလား။ မင်းပဲ ငါ့ကိုခင်ချင်လို့ မေတ္တာတွေပို့ပြီး မိတ်ဆွေဖွဲ့ခဲ့တယ်။ အဲနောက်တော့ ငါကလည်း မင်းကိုပြန်ပြီးတွယ်လာရော မင်းကဖြတ်တယ်။ ငါဘယ်လိုလုပ်ရမလဲ"

"ပြဿနာပါပဲ၊ ဘယ်လိုဟာနဲ့လာတွေ့နေရတာလဲ။ မင်းကို ငါ အေးအေးသက်သာပြောနေတာနော်။ ပါးစပ်နဲ့ပြောလို့မရရင် ဟောဒီမှာတွေ့လား အင်းတောင်ဝေး။ သူ့အစွမ်းကို မင်းသိပါတယ်နော်"

ဟု ပြောလိုက်သောအခါ နာကြီးသည် ပျာပျာသလဲဖြင့် -

"အင်း - သိတယ်၊ သိတယ်။ အဲဒါနဲ့တော့မလုပ်ပါနဲ့ကွာ၊ ငါကြောက်ပါတယ်။ ငါဘဝကိုလည်း ကိုယ်ချင်းစာပါဦး။ ငါ့ကို မင်းဆီကနေနှင်မလွှတ်ပါနဲ့ဦးကွာ၊ ဒီမှာခဏဖြစ်ဖြစ်နေပါရစေဦး"

"မရဘူး မနေနဲ့။ ဟိုမှာမင်းဝင်စီးထားခံရတဲ့သူငယ်လေး အတော်ဒုက္ခရောက်နေပြီ။ ဒါကြောင့် မရဘူး၊ အခုထွက်သွား"

"မင်းမသေစေရဘူးကွာ။ ငါ့မှာ ဒီလိုဒုက္ခပေးမယ့် ရည်ရွယ်ချက်မရှိဘူး"

"မရှိဘူးဆိုရင်လည်း သွားတော့"

"ခဏတော့နေပါရစေဦး"

ဟု ဆရာလှိုင်က ပြောလိုက်၏။ တကယ့်တကယ်တွင်မူ ဆရာလှိုင်သည် ဤပယောဂဆိုင်ရာကိစ္စများကို ကျွမ်းကျင်သူမဟုတ်ပေ။ သူ့ပုတီးစိပ်ကတည်းကိုက စိတ်ထဲမှလုပ်ချင်သဖြင့် ဝဝလုပ်ခြင်းသာ ဖြစ်၏။ ထို့မှ ကံအားလျော်စွာ အကြားအမြင်ရလာပြီး ဟောပြောခြင်းဖြစ်၏။ ထို့မှတစ်ဖန် အမည်မသိလူကြီးတစ်ဦးနှင့်တွေ့ပြီး ထို့ပုဂ္ဂိုလ်ကြီး၏လမ်းညွှန်ပြသမှုကြောင့်သာ ဂန္ဓာရီလာခြင်းဖြစ်၏။ အတွေ့အကြုံလည်းမရှိပေ။ ထို့ကြောင့် ယခုပြဿနာတွင် ဘယ်လိုဖြေရှင်းရမှန်းမသိပေ။ ဤအဖြစ်အပျက်မှာလည်း သူနှင့်တိုက်ဆိုင်ပတ်သက်နေ၏။ ထို့နာကြီးဆိုသူကိုလည်း ပြောဆိုကြိမ်းမောင်းမည့်သာ ကြိမ်းမောင်းနေရ၏။ စိတ်ထဲမတော့ သနားနေမိ၏။ သူ့ပြောသမျှကလည်း ဟုတ်မှန်နေပါသည်။ ဤပြဿနာကလည်း ဆရာလှိုင်ကိုယ်တိုင် ကြုံတင်မတွက်ဆထားသည့် ပြဿနာဖြစ်နေ၏။ ထို့ကြောင့် အကြံရကျပ်နေ၏။ နောက်ဆုံးတွင် ဆရာလှိုင်သည် ဟန်ကိုယ့်ဖို့ဆိုသည့်အတိုင်း မျက်နှာထားကိုတင်းလိုက်ကာ -

"တဲ့နာကြီး မင်းမကြာခဏဆိုတာအချိန်ရေသွားပြီ၊ သွားတော့တော့ ဒီသွားတော့လို့ ငါအမိန့်ပေးနေတယ်လေ။ ကဲ - ဒီလောက်ပြောလို့မရရင်တော့ သေဖို့သာပြင်ပေတော့"

ဟု ပြောပြီး အင်းတောင်ဝေးကို လှမ်းဆွဲလိုက်ရာ နာကြီးသည် ခွေခွေနာတစ်ခုလုံး ရှုံ့မဲ့သွားပြီး-

"ဟီး ဟီး ဟီး"

နှင့် ကြုံကြုံပါအောင်ငိုကြွေးလေတော့၏။

"မင်း ငါ့ကို အဲ့လိုကြီးမရိုက်ပါနဲ့ကွာ။ ဟီး ဟီး ဟီး ငါ့ဘဝတစ်လျှောက်မှာ ဒီလိုမျိုးသံယောဇဉ်ခင်မင်မှုမျိုးကို မခံစားရတာကြာပါပြီကွာ။ ငါ့ဘဝဟာ အထီးကျန်ဆန်စွာနဲ့ပဲ နှစ်ပေါင်းထောင်ချီပြီး ဖြတ်သန်းခဲ့ရတာပါ။ အခုမှ ငါ့မှာ ခင်မင်ရတဲ့အဖော်တွေပြီးဆိုပြီး ဝမ်းသာအားရဖြစ်နေချိန်မှာ ငါခင်မင်ရတဲ့မင်းကပါ ငါ့ကို စိမ်းကားတော့မှာလား"

"ဘာ ဘယ်လို မင်းက နှစ်ပေါင်းထောင်ချီပြီး အထီးကျန်နေခဲ့တယ်ဟုတ်လား၊ ဟုတ်မှလည်းလုပ်ပါကွာ"

"ဟုတ်ပါတယ်ကွာ၊ ငါတို့လူမျိုးတွေဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ငါးရာလောက်ကတည်းက ဒီဒေသမှာနေခဲ့တာကွ။ ငါဟာ ဟောဒီမြန်မာနိုင်ငံမှာ ကွယ်ပျောက်သွားပြီဖြစ်တဲ့ ပျူလူမျိုးမှ ပျူလူမျိုးအစစ်။ ဘာပဲပြောပြော ငါတို့ပျူလူမျိုးတွေနဲ့ မင်းတို့မြန်မာလူမျိုးတွေဟာ ဆွေမျိုးတွေပါကွာ။ ငါတို့ပျူတွေကတော့ မင်းတို့မြန်မာတွေကိုခင်လိုက်ရတာ မင်းတို့ကတော့ ငါ့ကို ပြန်မခင်ဘူး ဟီး ဟီး"

ဟု နာကြီးသည် စကားပြောရင်းဝမ်းနည်းလာဟန်ဖြင့် ငိုကြွေးနေပြန်တော့၏။ ပို၍အားရသောအခါတွင်မူ သူကပင်ဆက်၍ -

"ငါစကားနည်းနည်းထပ်ပြောချင်တယ်။ အချိန်နည်းနည်းတော့ထပ်ပေးပါ။ ငါ့ဘဝမှာ မင်းလိုပဲ လူတစ်ယောက်ကို သံယောဇဉ်တွယ်ခဲ့ဖူးတယ်။ အဲဒီသံယောဇဉ်ကြောင့်လည်း အခုလိုတွေ့ဖြစ်ရတာ။ ငါဟာ သံယောဇဉ်သိပ်ကြီးတဲ့အကောင်ပဲ။ အခုငါသံယောဇဉ်ပြတ်တဲ့လူက တခြားသူမဟုတ်ဘူး၊ သူ့ကို မင်းသိလိမ့်မယ်။ သူ့အကြောင်းကို မင်းတို့ ရာဇဝင်မှာသင်ခဲ့ရတယ်။ သူဟာ ငါတို့ဒဿနိုးရဲ့အရှင်သခင်ပန်ထွာဘုရင်မပဲ။ ငါဟာ ဝန်ထွာဘုရင်မရဲ့ သက်တော်စောင့် တိုယ်ရဲတော်ကြီးပဲ။ ငါဟာ ငါ့



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံ၊ ငါလူမျိုး၊ ငါ့အရှင်သခင်အပေါ် လုံးဝသစ္စာစောင့်သိခဲ့တယ်။ ခုအချိန်အထိလည်း သစ္စာစောင့်သိဆဲပဲ။ ကံကြမ္မာအလှည့်အပြောင်း မကောင်းလို့သာ အခုလိုဖြစ်တာ။ ငါ ဒီအတွက် နောင်တမရဘူး"

ဟု ပြောဆိုပြီး နာကြီးသည် မော သွားဟန်ဖြင့် သူစကားကို ခဏရပ်လိုက်၏။

ထိုအခါ ဆရာလှိုင်သည် သိချင်လာသဖြင့် -

"ဘယ်လို... ကံကြမ္မာအလှည့်အပြောင်းလဲ။ နောက်ဘယ်လိုဖြစ်သွားလဲ"

"ဖြစ်သွားတာကတော့ ကံဆိုးလွန်းလှပါတယ်ဗျာ။ ကျွပ်တို့ ပန်ထွာဘုရင်မရဲ့ ဗိဿနိုးတပ်တွေနဲ့ ဒွတ္တဘောင်မင်းရဲ့တပ်တွေ စစ်ဖြစ်ကြတယ်ဗျာ။ ကျွပ်တို့လည်း ရွှမ်းရွှမ်ခွဲခွဲတိုက်ခိုက်ကြတာပဲ။ နောက်ဆုံးတော့ ကျွပ်တို့ဘက်က အထိအခိုက်များပြီး အင်အားနည်းပါးသွားတဲ့အတွက် အရှုံးပေးလိုက်ရတယ်။ဒါနဲ့ ဗိဿနိုးဘုရင်မလည်း ဒွတ္တဘောင်ရဲ့လက်ထဲကို ပါတော်မူသွားတယ်။ ပါတော်မူတယ်ဆိုပေမယ့် အဓမ္မသိမ်းပိုက်တာပါဗျာ"

"ဒါနဲ့ နေပါဦး၊ ခင်ဗျားကဘယ်လိုဖြစ်ပြီး ဒီလိုဘဝရောက်ရတာလဲ"

"အင်း - ဒီကိစ္စပြောရရင် အရှည်ကြီးပဲ။ ဒါပေမယ့် အတိုချုပ်ပြီးပြောပါမယ်။ စစ်ရှုံးခါနီးမှာ အခြေအနေကို ရိပ်စားမိတဲ့ဘုရင်မဟာ ကျွပ်ကို လှမ်းခေါ်တော်မူတယ်။ ကျွပ်ဟာ ဘုရင်မရဲ့ ကိုယ်ရံတော်ကြီးဖြစ်သလို သူအယုံကြည် စိတ်အချဆုံး လူယုံတော်လည်း ဖြစ်တယ်။ ဒါနဲ့ ကျွပ်လည်း ဘုရင်မဆီရောက်သွားတော့ ဘုရင်မဟာ မျက်စိမျက်နှာမကောင်းဘူး။ ဒါကြောင့် ကျွပ်လည်း အားပေးနှစ်သိမ့်ရတာပေါ့။ အဲဒီအချိန်မှာ စစ်ရှုံးမယ်မှန်းသိလျက်နဲ့ ပြေးထွက်ဖို့၊ ဖောက်ထွက်ဖို့က အခွင့်မသာဘူး။ အင်အားကြီးတဲ့ ဒွတ္တဘောင်ရဲ့တပ်တွေက လေးဖက်လေးတန် နေရာမလပ် ကျန်အောင် ပိုက်စိပ်တိုက်ဝိုင်းထားပြီး နေပြီ ။ ဒွတ္တဘောင်ရဲ့ရည်ရွယ်ချက်က ဘုရင်မကိုရဖို့ပဲ။ ဘုရင်မကိုအဓိကထား နေမှန်း သိသာထင်ရှားလွန်းနေတော့ ကျွပ်လည်း ဘုရင်မကိုခေါ်ပြီးထွက်ပြေးမယ့်အစီအစဉ်ကို လက်လျှော့လိုက်ရတယ်လေ။ အဲဒီလိုပြေးရင်း ဘုရင်မဟာ လွတ်လည်းမလွတ်နိုင်ဘူး။ ပင်ပန်းဆင်းရဲမှုလည်းဖြစ်မယ်။ ရာဇကြွေးနွေးလည်း ပျက်ရမယ်လေ။ ဒါကြောင့် ကျွပ်လည်း အဲဒီအခြေအနေကို ကြိတ်မှိတ်သည်းခံနေလိုက်တယ်။ အဲဒီအချိန်မှာပဲ ဘုရင်မက ကျွပ်ကို အကူအညီတစ်ခုတောင်းတယ်။ အဲဒါကတော့ ဘုရားတစ်ဆူ တည်ပေးဖို့ပါ။ အဲဒီမှာကြားချက်နဲ့အတူပဲ လက်ဝတ်လက်စားသေတ္တာကလေး တစ်လုံးပါပေးလိုက်တယ်။ အဲဒါကိုထုခဲ့ပြီး ဘုရားတည်ဖို့ပဲ။ အဲဒီလိုနဲ့ ကျွပ်လည်း ဘုရင်မရဲ့ ညွှန်ကြားချက်နဲ့ပဲ ဒွတ္တဘောင်မင်းရဲ့တပ်တွေ မြို့ကိုဝင်မစီးခင်ပထမည်မှာပဲ ကျွပ်တစ်ယောက်တည်း ဝိုင်းထားတဲ့တပ်အားအပျော့ဆုံးနေရာကနေ ဖောက်ထွက်ခဲ့လို့လွတ်လာခဲ့တယ်"

"အဲဒီလိုလွတ်လာပြီးတော့ခင်ဗျားဘာဆက်လုပ်လဲ"

"ကျွပ်လည်း အရှင်သခင်မှာတဲ့အတိုင်း ဘုရားတည်တော့တာပေါ့။ အဲဒီဘုရားဟာ ဟောဟိုမှာ တွေ့နေရတဲ့ဘုရားပဲ။ အဲ-ကံဆိုးချင်တော့ဗျာ၊ ဘုရားတည်ပြီးလို့ မကြာခင်မှာပဲ ကျွပ်ဘုရားတည်နေတာကို ဒွတ္တဘောင်မင်းကကြားသိသွားပြီး ရဲမက်တွေလွှတ်ပြီး အဖမ်းခိုင်းလိုက်တယ်။ ကျွပ်လည်း အားမတန်လို့ မာန်လျှော့လိုက်ရတယ်။ ဗိဿနိုးဘုရင်မရဲ့ အားအထားရဆုံးလူဆိုတာလည်းဟိတယ်။ ဒီတော့ သူဆီမှာ သစ္စာခံခိုင်းတယ်။ ကျွပ်ရဲ့ဗီဇကလည်း အရှင်တစ်ပါးဆီမှာပဲ သစ္စာတဲ့စိတ်ပဲရှိတယ်။ ဒါကြောင့် ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့တယ်။ အဲဒါနဲ့ ကျွပ်စိတ်ပြောင်းလို ပြောင်းငြားဆိုပြီးတော့ ဒွတ္တဘောင်မင်းက ကျွပ်ကို တစ်နှစ်တိတိမသတ်သေးဘဲ စဉ်းစားခွင့်ပေးထားတယ်။ တစ်နှစ်ပြည့်တဲ့အထိ ကျွပ်စိတ်က မပြောင်းလဲတော့ ကျွပ်ကိုအဆုံးစီရင်ပစ်လိုက်တယ်။ အဲဒီကတည်းက ကျွပ်ဟာ ဗိဿနိုးဘုရင်မ၊ ဗိဿနိုးနိုင်ငံတော်နဲ့ ကျွပ်တည်ခဲ့တဲ့ဘုရားကို စိတ်ခွဲလမ်းပြီးဖောက်ပြန်မှုမသွားနိုင်မကျွတ်နိုင်ဘဲဖြစ်နေရတာဗျို့။ နောင်လည်း ဒီကခွာသွားဖို့ မစဉ်းစားဘူး။ ကဲ - အချိန်တောင်တော်တော်ကြာသွားပြီ။ သွားတော့မယ်ဗျာ"

ဟု ပြောဆိုပြီးနောက် နာကြီးသည် ထွက်ခွာသွားလေတော့၏။

နာကြီးထွက်သွားပြီး မကြာမီပင် သူငယ်လေးသည် သတိပြန်ရလာပြီး မကြာမီပင် အကောင်းပကတိဖြစ်သွားလေ၏။

ဤတွင် ဆရာလှိုင်သည် နာကြီးကိစ္စနှင့်ပတ်သက်ပြီး အထူးပင်ရှုပ်ထွေးခြင်း၊ မဝေခွဲနိုင်ခြင်း၊ အံ့သြခြင်းများစွာတို့ဖြင့် ကျန်ရစ်ခဲ့ရလေ၏။ ရှုပ်ထွေးခြင်းဆိုသည်မှာ မေတ္တာပို့မှုပြင်းထန်လွန်းသဖြင့် ပရလောကသားများသူနောက်သို့ တကောက်ကောက်လိုက်နေ၍ မဖြစ်ပေ။ ထို့အတွက် မည်သို့ပြုရမည်မသိသောကြောင့် လည်းကောင်း၊ အံ့သြခြင်းမှာလွန်ခဲ့သော နှစ်ပေါင်း (၁၀၀၀) မကျွတ်မလွတ်နိုင်ပုံကို လည်းကောင်း တွေးရင်း ခေါင်းမှာချာချာလည်သွားရတော့သည်။

ထို့ကြောင့် ဆရာလှိုင်သည် နောက်တစ်နေ့နံနက် အဓိဌာန်ပြီးလျှင်ပြီးချင်းပင် ပြည်မြို့ရှိ ကိုရွှေထံသွားပြီး ကိုရွှေမှတစ်ဆင့် နှစ်ပေါင်းများစွာ တောရကျောင်းတည်ဆောက်နေသည့် ဆရာတော်ကြီးတစ်ပါးထံသွား၍ မေတ္တာပို့ခြင်းဆိုင်ရာ၌ မရှင်းလင်းသော အချက်အလက်များကို သွားရောက်လျှောက်ထားရာ ဆရာတော်ကြီးက -

"ဒကာကြီးက တစ်ချိန်လုံးမေတ္တာတွေပို့တဲ့ယ်၊ တစ်ညလုံးသချိုင်းမှာအဓိဌာန်ပုတီးစိပ်တယ်ဟုတ်လား"

"မှန်ပါ့ဘုရား"

"နောက်ပိုင်း အဲဒီအနှောင့်အယှက်အလွန်များတယ်ဟုတ်လား"

"မှန်ပါ့ဘုရား"

"နှောက်ပိုင်းအဲဒီအနှောင့်အယှက်တွေက အရမ်းကိုခင်မင်ပြီး ရပ်ထဲရွာထဲထိလိုက်လာတယ် ဟုတ်လား"

"မှန်ပါ့ဘုရား"

"ဒါဆို ဒကာကြီး အဓိဌာန်ပုတီးအပြီး သချိုင်းကအပြန်မှာ ဓရဏကောချခဲ့ရဲ့လား"

"အရှင်ဘုရား၊ အဲဒါက ဘာကိုဆိုလိုတာလဲဘုရား"

"ကိုယ်အဓိဌာန်ပြီးလို့ သချိုင်းကပြန်ထွက်တော့မယ်ဆိုရင် အဲဒီမှာပဲနေခဲ့ဖို့၊ နောက်ကလိုက်မလာဖို့ကို တစ်ခါတည်း အမိန့်ပေးပစ်ခဲ့ရမယ်။ အဲဒါပြီးတော့မှ သချိုင်းကထွက်ရမယ်။ ဒါသိပ်အရေးကြီးတယ်၊ နို့မဟုတ်လို့ကတော့ အနှောင့်အယှက်တွေ ရပ်ထဲရွာထဲအထိလိုက်လာလိမ့်မယ်။ ပြန်လွတ်လို့မရတော့ဘူး"

"မှန်ပါ့၊ သဘောပေါက်ပါပြီဘုရား"

ဆရာကြီးနှင့်စကားဆုံးခြင်း



www.burmeseclassic.com

www.burmeseclassic.com

# ရာဇည-သွေးမွန်

## သားသမီးရတနာနှင့်ရာနှုပ်မြေ

မိမိကဲ့သို့သော ပင်စင်စား အိုပယ်များအဖို့ မနက်စောစော လမ်းလျှောက်ခြင်းသည် တာဝန်တစ်ရပ်အဖြစ် သတ်မှတ်လုပ်ဆောင်ကြရမည် ဖြစ်သည်။ ပင်စင်စားဆိုသည်နှင့်အညီ နိုင်ငံတော်အား ထက်ထက်မြက်မြက်လုပ်ကိုင်နိုင်သော ခန္ဓာကိုယ်ကြံ့ခိုင်မှုစွမ်းအားနဲပ်ပါးနေသော စွမ်းစွမ်းတမံလုပ်နိုင်ခြေမရှိသူများ ဖြစ်သည်။ ထို့ကြောင့် မည်သည့်အချိန်အနောင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းမျှ မရှိတော့။ လွတ်ရာကျွတ်ရာသွားနိုင်ပြီဟူသော ပင်စင်ခံစားခွင့်အမိန့်ကြီး စွန့်လွှတ်လိုက်ပြီးလည်း ဖြစ်သည်။ လုပ်ကိုင်ပေးခဲ့ဖူးသည့် အကြောင်းကို ထောက်၍ ပုံမှန်ရှိနေသော ခံစားခွင့်အစားကို ပိုင်းကန့်ဖြတ်တောက်ကာ အနှုန်းထွက်မျှသော ပင်စင်လစာပေးသားသည်ကိုပင် ကျေးဇူးစကားဆိုကြရမည်။

အဘယ်ကြောင့်ဆိုမူ သူ့အကျိုးအတွက် ဘာတစ်ခုမျှလုပ်ပေးခြင်းမရှိတော့သောအခြေအနေ ဖြစ်သည်။ ဘာတစ်ခုမျှလုပ်မပေးသူကို တစ်စုံတစ်ရာသော ငွေကြေးပေးနေသည် မဟုတ်ပါဘူး။ ကျေးဇူးတင်စကားဆိုရမည်ပင်။ ဤကြောင့်လည်း အခပေးဆေးဝါးကုသကြရလေတိုင်း -

"ကျွန်တော်က ပင်စင်စားပါဗျာ။ သူကြေးများများ မတတ်နိုင်လို့ပါ။

အသက်သာဆုံး ဆေးဖိုးဝါးခလေးနဲ့ လုပ်ပေးပါ"

ဟူ၍ အရှက်မရှိသောမျက်နှာဖြင့် ဖွင့်ပြောရသောအချိန် ဖြစ်ပါသည်။

လူဘဝဆိုသည်မှာ ရွှင်နှုတ်ဖွေခြိုနှင့်မပြီး ရွှင်စိမ်းတို့ရင့်မာ၍ ရွှင်ညောင်းတို့နီကြင်လာရသောခရီးအထိ လျှောက်ရမြဲမဟုတ်ပါလားဟူ၍ ကဗျာဆန်ဆန်တွေးရပါသည်။ ထိုထက်မကပုံမှန်ခရီးဆုံးအထိ လျှောက်ခွင့်သာခြင်းသည်ပင်လျှင် ကံကောင်းလှပြီဟု ဆိုရပါမည်။ မိမိတို့အရွယ်သည် နှလုံးသို့ဝင်ထွက်သောသွေးများသည်လည်း အချို့ကျယ်ကုန်ကြပြီ၊ အချို့ကျဉ်းကုန်ကြပြီ၊ အချို့ပိတ်ကုန်ကြပြီ၊ ပုံမှန်မဟုတ်ကြတော့။ အရိုးအဆစ်တို့မှ နိုးဆော်ခွက်များသည်လည်း ပလတ်စတစ်အပေါ့စားနှယ်မဟုတ်ကြတော့ဘဲ ဟောင်းမြင်းမာခေါက်ခေါက်ရှိကြပေပြီ။ လူအဆုတ်ထဲတွင် လေခိုအောင်းနိုင်သော ပမာဏလည်း လျော့ပါးသွားကြပြီ။ အညစ်အကြေး အမှိုက်အမှုန်များ ကပ်ငြိလျက်ရှိကြ၏။ မျက်ကြည်လွှာအထပ်တို့ပါးလေ



www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ဦးနှောက်ထဲမှ နူရွန်ခေါ် အစိတ်အပိုင်းများလည်း ပျက်စီးသင့်သလောက် ပျက်စီးကုန်ခဲ့ပြီလည်း ဖြစ်လေသည်။ ကျောက်ကပ်အလုပ်လုပ်မှုမှာ မတွင်ကျယ်လှတော့။ အရေပြားပေါ်မှကလာပ်စည်းများ အသစ်အသစ်ဖြစ်ပွားမှုနှုန်း ကျဆင်းသွားချေပြီလည်း ဖြစ်သည်။ ထိုအရာတို့ကို ပေါင်းစည်းကာ 'ဇရာဒုဗ္ဗလ' ဟု ခေါ်ပါသည်။ ဇရာဒုဗ္ဗလ၏ ညွှန်းကိန်းများ စုစည်း တိုက်ခိုက်လာသော ကာလအပိုင်းအခြား ဖြစ်သည်။

ဤအချိန်တွင် အသက်ဘာဏ် စောင့် ဟူသော စကားအရ အသိနှင့် ဉာဏ်ယှဉ်လျက် ရနိုင်သမျှ ဆေးဝါးများဖြင့် ကျားကန်ပေးကြရမည်သာ ဖြစ်သည်။ မိမိသည် ငယ်ရွယ်နုပျိုစဉ်က လက်နက်ခဲယမ်း ကိုယ်မှာအလေးချိန်နှင့်နေအောင်လွယ်ပိုးသယ်ဆောင်လျက် ရှမ်းကုန်းမြေမြင့်များကို တလွှားလွှားဖြင့် တစ်တောင်တက်၊ တစ်တောင်ဆင်းဖြင့် စစ်ကစားခဲ့ဖူးသည်ကို အတိတ်မှ ပုံပြင်ကားချပ်တစ်ခုအဖြစ် ရံဖန်ရံခါ အိပ်မက်မှာ လွှင့်မျောပိတိုဖြင့်နေတတ်ခဲ့ပါသည်။ လက်ရှိအခြေအနေနှင့်မှုကွာခြားဘိခြင်း။

မိမိမှာ လက်ရှိအခြေအနေကို အားမလို အားမရဖြစ်လေတိုင်း အတိတ်ပန်းချီကို ဝါကြွားလိုမှုတစ်စွန်းတစ်စဖြင့် ပြန်လည်စမြဲပြန်မိသည်တွင် -

"ခင်ဗျားကလည်း၊ ရှင်ပြုတုန်းက ရွှေထီးဆောင်းရတာကို ပြောနေပြန်ပြီ"

ဟု ရေဖော် ဇာဏီအောင် (လားရှိး)၏ ထောမနာစကားကို ပြန်အမှတ်ရမိပါသည်။ ရင်မှာနင့်ခနဲသောပိတိပြွမ်းသည့်ရသကို ခံစားလိုက်ရသည်။

အမှန်မှာ လက်ရှိ အစစအရာရာ အားငယ်ချို့ငဲ့ရမှု အခြေအနေများကို တစ်ချိန်က အောင်မြင်ထွန်းပခဲ့မှု လင်းရှိန်ဖြင့် ရနိုင်သမျှကုစားခြင်းလည်း ဖြစ်ပါသည်။ ပြိုလဲယိမ်းယိုင်နေမှုကို ကျားကန်ကာ စိတ်ခွန်အားဖြည့်ဆည်းခြင်းလည်း ဖြစ်ပါသည်။ ဤသည်ကို ချစ်သောပေါင်းသင်းရောင်းရင်းတို့ကလည်း စာနာနားလည်နိုင်ကြမည် ဖြစ်သည်။

ဘဝသည် နေညိုချိန် ဖြစ်သည်။ တတိယအရွယ်ရုပ်ခန္ဓာသည်လည်း မူလကနှယ် ကိုယ်စီကိုယ်ငင် တာဝန်များ ကျေကျေပွန်ပွန် ဆောင်ရွက်လိုခြင်းမရှိကြတော့။ မိမိအထက်က ဆိုခဲ့သလို လစ်ဟင်းကုန်ကြပြီလည်း ဖြစ်သည်။ မိမိတို့၏ သဘာဝဘဝပေးတာဝန်များ စွန့်လွှတ်လိုက်ကြပြီ ဖြစ်သည်။ နှလုံးသည်လည်းကောင်း၊ ကျောက်ကပ်သည်လည်းကောင်း၊ အဆုတ်သည်လည်းကောင်း တာဝန်မကျေလိုကြတော့။ နောက်ဆုံး ဦးနှောက်သည်ပင် အစိတ်အပိုင်းတချို့ ရပ်ဆိုင်းလျက် အမှတ်အသားနည်းပါးကာ မေ့မေ့လျော့လျော့ဖြစ်လာသည်။

ဤအခြေအနေတွင် ရနိုင်သမျှ အကောင်းဘက်သို့ ယိမ်းယိုင်လာနိုင်ရန် ကျန်းမာရေးအရလမ်းလျှောက်ဖြစ်သည်။ လူတို့သည် အသက်အရွယ်ရလာလျှင် ယင်းသို့သော မေ့လျော့ခြင်းကို ပိုမို ဆိုးဝါးလာတတ်သည်။ မိမိ၏ ဆွေမျိုးသားချင်းတစ်ယောက်သည် အသက်ကလည်း (၈၀) ကျော်လာသဖြင့် မနက်ကစားသောဟင်းကိုပင် ညနေမမှတ်မိချင်တော့ဟု ဆိုသည်။ ဤသည်ကို ဆေးပညာရှင်များ ပိုမိုသိကြမည် ဖြစ်သည်။ မိမိသည် ဆေးပညာရှင်မဟုတ်၊ ယခု ရေးနေသော ဆောင်းပါးသည်လည်း ဆေးပညာအသိပညာပေးရန် ရည်ရွယ်သည်မဟုတ်ပါ။

"ဆေးကုနေလည်း မထူးပါဘူးဗျာ။ အဖေက အလွန်ဆုံးနေရလှ (၄)၊ (၅) နှစ်ပေါ့။ သေရတော့မှာပဲဟာ။ သတိ ပြန်ကောင်းလာလို့လည်း ဘာမှ လုပ်ကိုင်နိုင်တော့တာမှ မဟုတ်တာ။ ကျွန်တော်တို့ အခုအတိုင်းကိုသွားပေးတာတောင် ဘေးမှာအသိသက်သေနဲ့ ပေးရတာဗျာ။ မဟုတ်ရင် ခုပဲပေးပြီး တော်ကြာ နေ့မကူးဘူး၊ မပေးသေးဘူး ဆိုပြီး တောင်းချင်တောင်းနေတာ။ ခုပဲ ထမင်းစားပြီး တော်ကြာ ငါ့ကို ထမင်းကျွေးကြဦး၊ ပြောချင်ပြောနေတာလေ"

ဤသည်မှာ အသက် (၈၂) နှစ်ရှိနေပြီဖြစ်သော ဖခင်ဖြစ်သူ အခြေအနေကို ပြန်ပြောပြသော သားအရင်းခေါက်ခေါက်၏ နှုတ်ထွက်စကားဖြစ်ပါသည်။ ထိုဖခင်ဟု မိမိပြောနေသော ပုဂ္ဂိုလ်မှာ အခြားသူမဟုတ်။ မိမိ၏ အစ်မဖြစ်သူ၏ခင်ပွန်း။ မိမိ၏ယောက်ဖ ဖြစ်သည်။ ဖြစ်စဉ်ကို ပြည့်စုံစွာပြောမှ ရှင်းလင်းပါလိမ့်မည်။ ထို့ကြောင့် အနည်းငယ်စာရှည်ရပါမည်။ သည်းခံခွင့်လွှတ်စေလိုပါသည်။

အစ်မဖြစ်သူမဆုံးမီက အိုးပိုင်အိမ်ပိုင်၊ နှစ်ထပ်ပျဉ်ထောင် ပျဉ်ခင်းအုတ်ဖိနပ်ခံနှင့်ဖြစ်ပါသည်။ ရပ်ဝေးနေသူ မိမိသည် ထိုစဉ်က နောက်ဆုံးတွေ့လိုက်ရပြီးနောက်ပိုင်း ပြန်လည်မတွေ့ကြတော့ပါ။ ယခု ပြန်လည်တွေ့ကြရာတွင် အစ်မလည်းမရှိ၊ အိမ်လည်းမရှိတော့။နောင်မှသိရသည်က အိမ်ထောင်ကိုယ်စီဖြင့်နေကြသောသားများက -

"အဖေတစ်ယောက်တည်း အိမ်အကြီးကြီးမလို့ ဈေးကောင်းတုန်းရောင်းလိုက်"

ဟု ဆိုကြ၏။

သို့ဖြင့်ရောင်းလိုက်သည်။

နောက် သားများကပင် -

"ဒီအတိုင်းငွေထုပ်ကိုင်ထားတော့ ဘာထူးမှာလဲ။ ကျွန်တော်တို့ကိုပေးထား ကျွန်တော်တို့ အလုပ်လုပ်ပြီး ငွေပွားမှာ။ အဖေသုံးဖို့၊ အဖေငားနေတဲ့ အိမ်လခ ပေးဖို့ ကျွန်တော်တို့က အတိုးအနေနဲ့ လတိုင်းလာပေးမယ်"

ဟု စီစဉ်သည်။

ဖခင်ဖြစ်သူ၏ အခြေအနေမှာ သားများကိုသာ အားကိုးနေရသည်ဖြစ်ရာ ခေါင်းညိတ်ခဲ့မှတစ်ပါး အခြားမရှိပေ။

ယင်းသို့သော အခြေအနေဖြင့် (၈) နှစ်မျှ စခန်းသွားပြီးကာမှ မိမိလည်း ရပ်ဝေးမှာ ပင်စင်ယူပြီးချိန် ရောက်သွားခြင်းဖြစ်တော့သည်။ ယောက်ဖဖြစ်သူ ဖော်ပြခဲ့သော မေ့လျော့တတ်သောကိစ္စမှတစ်ပါး ကျန်းမာရေးအထူးကောင်းသည်ကို တွေ့ရပါသည်။ သူမှာ ဇာကောင်းသည်လား၊ ဆိုးသည်လားတော့ မသိ။ အကြီးဆုံး သမီးတစ်ဦးတည်းသာ ရှိသည်။ အခြား (၆) ယောက်မှာ သားများချည်း ဖြစ်ပါသည်။ သမီးကြီးမှာ ဉာဏ်ရည်နိမ့်သူဖြစ်၍ အားလုံးတအရေးထားသူမဟုတ်။ ဖခင်နှင့်အတူနေသူမှာ သမီးကြီး၏သမီး၊ ဖခင်၏မြေးနှင့် ဖြစ်သည်။ အတိုးလာပေးတိုင်း အသိသက်သေရှေ့ပေးရသည်ဆိုသည်မှာ ထို မြေးမရှေ့ပေးရသည်ကို ဆိုလိုခြင်း ဖြစ်သည်။

သို့ဖြင့် အဖေဖြစ်သူမှာ ဆိုခဲ့သကဲ့သို့ သတိပင်မကောင်း၊ မှတ်ဉာဏ်ကလည်း နည်းပါးလာသူဖြစ်ရာ အားကိုးရမည့်သားများ၏ဆန္ဒကိုလည်း ပယ်လှန်နိုင်အားမရှိတော့သော အခြေအနေဖြစ်သည်။ သို့ဖြင့် လည်ဝယ်သော သား (၂) ဦးက ဝေခွဲယူလိုက်ကြသည်ဟု ဆိုသည်။ သူတို့နှစ်ဦးကလည်း ဆိုခဲ့သကဲ့သို့ စီးပွားရင်းနှီးလုပ်ကိုင်ကာ အတိုးအဖြစ် သတ်မှတ်ငွေကို ဖခင်လက်သို့ ကတိအတိုင်းပေးလျက်ရှိသည်ဟု ဆိုသည်။

မိမိအဖို့ အစ်မဖြစ်သူ၏ မိသားစုလည်းဖြစ်၍ အနီးသို့ရောက်ခိုက် ၎င်း၏အဖေ (မိမိ၏ ယောက်ဖ) ကို မည်သို့



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ တစ်ယောက်ကဆို သိန်းထောင်ကျော် သုံးထပ်တိုက်ပေါ် နေကာ သိန်းရာချီကိုင်တွယ်အရောင်းအဝယ် လုပ်ကိုင်နေသူ ဖြစ်သည်။

ထို့ကြောင့် မတော်လို့ မိမိပေးသောစေတနာအကြံကို -

"ခင်ဗျား ဆေးခေါ်ကုပါလား။ အာရုံကြောအထူးကုတွေရှိတာပဲ။ ငွေတတ်နိုင်ရင်ပေါ့"

ဟု ပြန်ပက်လိုက်မည်ကိုလည်း စိုးရပါသည်။ မိမိမှာ ဤမျှလောက် စေတနာနောက် လက်လိုက်နိုင်ချေမရှိရပါ။ ကိုယ့်ဝမ်းကိုပင်အနိုင်နိုင်၊ ပင်စင်စား၊ အငြိမ်းစား၊ အလုပ်လက်မဲ့တစ်ဦး ဖြစ်ပါသည်။

မိဘသည် သားသမီးအပေါ် မေတ္တာထားရာ၌ ဗုဒ္ဓရှင်တော်မြတ်စွာဘုရားနှင့် တစ်ထပ်တည်းတူပါ၏။ ထို့မိဘများက အများနှင့်ဆို အမိုက ပြည့်တန်ဆာ ဖြစ်ကောင်းဖြစ်နေမှာပါ။ အဖကလည်း လူဆိုးလူမိုက် ဒုစရိုက်ခေါင်ညွှန်း ဖြစ်ကောင်းဖြစ်နေမှာပါ။ သို့တိုင်လည်း ထို မိတို့၊ ဖတို့သည် သားသမီးများအပေါ် ၌ကား ဘုရားမေတ္တာတော်၏ အတိုင်းအဆမှ တစ်ပြားသားမျှ မလျော့ပါ။ သို့ကြောင့် ဘုရားတန်ဝင် မိဘများကိုလည်း ဘုရားတိုက်သော ဦးခေါင်းဖြင့်ပင် ဘုရား၌ အသုံးချနည်း အတိုင်း ဦးသုံးကြိမ်ချ ဂါရဝပြုကြရတာပါဟူ၍ သူရဇမဂ္ဂဇင်း (၃/၂၀၁၄) တွင် ဖော်ပြထားသော မဟာဗောဓိမြို့ဆရာတော်၏ 'လူတစ်ထမ်း၊ ရဟန်းတစ်ရွက်' မှ မိဘနှင့်ပတ်သက်သည့် ညွှန်းဆိုချက်ကို ပြန်လည်အမှတ်ရစေပါသည်။

အမှန်မှာ ဖခင်တစ်ဦးအတွက် လက်ရှိအခြေအနေသည် အထီးကျန်ဘဝ၏ လက်တစ်ဆုံး နက်ရှိုင်းဆိုးဝါးသော ချောက်ကမ်းပါးစွန်းတွင် ခြေစုံရပ်နေရခြင်းဖြစ်သည်။ အဂုတ္တိရိပုတ္တသုတ္တန်တွင် မြတ်စွာဘုရားမှ လမ်းညွှန်ပြသခဲ့သည့် သားသမီးများအပေါ် မိဘတို့၏ မျှော်လင့်ခြင်း (၅) မျိုးအနက် နောက်ဆုံးဖြစ်သော 'ငါတို့ ဘဝတစ်ပါးပြောင်းသွားကွယ်လွန်ကြသောအခါ ငါတို့ကို ရည်မှန်း၍ အလှူဒါနပြု ရေစက်သွန်းချ အမျှအတန်းပေးကြလိမ့်မည်' ဟူသည်ကိုသာ မျှော်လင့်ရမည့်အခြေအနေ ဖြစ်ပါသည်။

မိဘတိုင်းသည် သားသမီးတို့ကို အသက်မကချစ်၏၊ အချစ်လွန်သော် မြတ်နိုးကုန်၏။ မြတ်နိုးလွန်သော် အားကိုးကုန်၏ဟု ဆိုထားသည်၊ ယင်းသို့သော သားသမီးမျိုး မိမိတို့တွင် ရှိနေသည်လား မိမိကိုယ်မိမိ တွေးရပါသည်။ ပူပင်ရပါသည်။ သို့ဖြင့် ဘဝအမောသည် မကင်းမပြတ်နိုင်။ မိမိ၏ အစ်မအရင်းခေါက်ခေါက်၏ ခင်ပွန်း၊ မိမိ၏ ယောက်ဖသည် နဖူးတွေ့ဒူးတွေ့ ကြုံနေရပေပြီ။ လက်ငင်းရင်ဆိုင်နေရပေပြီ။ မိမိ ဘာမှမတတ်နိုင်ဟူ၍ လက်လျှော့နေရုပါမည်လား။ သို့ဖြင့် ရနိုင်သမျှ အားမာန်ကို စုစည်းလျက် ခါးသေးငယ်သည့် ခါချဉ်ကောင်၏ အားမာန်မျိုးဖြင့် သူတို့မိသားစုထဲမှာ သားအကြီးဆုံးဖြစ်သူကို ဖုန်းဖြင့် လှမ်းကာ ဟန်ကိုယ့်ဖို့ လုပ်ရပါသည်။

"မင်းက သားအကြီးပဲ။ မင်းအမေ မရှိတော့တဲ့နောက် မင်းအဖေတစ်ယောက်တည်း ပစ်မထားပါနဲ့။ မကြာခဏသွားကြည့်၊ အားပေးစကားပြော၊ သူမေ့တတ်တဲ့ရောဂါကို ဆရာဝန်ခေါ်ပြ၊ ဆေးပုံမှန်တိုက်ပေး၊ တိုင်းရင်းဆေးပဲဖြစ်ဖြစ်ပေါ့။ အာရုံကြောအားဆေးလိုမျိုးလေ။ ဘာပဲဖြစ် လုံးဝမတိုက်ဘဲထားတာနဲ့စာရင် တော်သေးတာပေါ့ကွာ ဟုတ်လား"

ဤသို့ဖြင့် လူဘဝအမောတွင် စီးမျောကြကုန်သော သားသမီးရတနာနှင့် ဇရာဒုဗ္ဗလ၏ စုန်ရေ၊ ဆန်ရေ သဘာဝကို တမလွန်ရောက် အစ်မတစ်ယောက်နှင့် မလွဲမရှောင်သာ သံသရာတစ်ကွေ့ကွေ့၌ မျက်နှာချင်းဆုံမိပါက နောက်ပိုင်းမလုံသည့်စိတ်ဖြင့် ကြိုတင်မှာခဲ့သည့်အတိုင်း အစ်မမောင်တစ်ယောက် တာဝန်ကျေခဲ့ပါကြောင်း မိမိပြောလိုခြင်း ဖြစ်ပါသည်။

ဘဉ္ဇဉ်-ဘွဲ့ဦးနှံ့



www.burmeseclassic.com

www.burmeseclassic.com

# မင်းပြည့်
## မလွဲသင့်သောနှင်းကြမ်း

သူတို့ကို ပြောသာပြောနေ တယ်၊ ထက်ဝင့်ခိုင်ယောက်ျား လုပ်တာတွေလွဲသွားပြီ ဆိုတာတော့ စိတ်မကောင်းစွာနဲ့ဘဲ စဉ်းစားနေလိုက် ပါတယ်။

"နင့်ယောကျ်ားထားတဲ့ စောင်း လျားက သူခြေရင်းမှာမထားရဘူးဟဲ့"

"ဟင်-ဟုတ်လား။ သူပြောတော့ တနင်္ဂနွေသားရဲ့ နင်းကြမ်းဆို"

"တနင်္ဂနွေသားရဲ့ နင်းကြမ်း ဟုတ် တယ်။ သူပြောတာမမှားဘူး၊ သူလုပ် တာမှားသွားတာ"

"ဟယ် - ဘယ်လို"

"သူက တနင်္ဂနွေသားပေမယ့် ဟန်ထွန်းလေ။ သူခင်တဲ့ အဲဒီအရွယ် တွေက သူခင်းလို့မရတဲ့ အရွက်တွေ ဖြစ်သွားမှတော့ သူဆေးခန်းခဏခဏ ရောက်ပြီပေါ့"

ပါးစပ်ကလည်းပြောနေ၊ မျက်လုံး ထဲမှာလည်း ဟန်ထွန်းမှားသွားပုံတွေကို ပုံဖော်ကြည့်နေပါတယ်။ ဟန်ထွန်းမှား သွားပုံက -

ခုံအောက်မှာ နင်းကြမ်းအခြေ

"ဆရာ မင်းပြည့် အဲအဲ - ဆရာ"

"အမယ် - လာ၊ ထိုင်"

"ဟဲ့ - တို့ကဘယ်လိုခေါ်ရမှာလဲ ဟင်။ ဆရာလား၊ အဲ့လိုပဲလား"

"ရပါတယ်၊ နင်တို့က ငါသူငယ် ချင်းတွေပဲ။ မင်းပြည့်ခေါ်လည်းဘာဖြစ် လဲ"

"အေးပါဟယ်၊ တို့ကဘယ်လို ခေါ်ရမှန်းမသိကြလို့ပါဟယ်"

သူငယ်ချင်းနှစ်ယောက်။ အေးအေး မွန်နဲ့ ထက်ဝင့်ခိုင်။ ငယ်သူငယ်ချင်းတွေ၊ ဟိုးသူငယ်တန်းထဲက။

"နင်တို့ဘာပြောမလို့လဲပြောလေ"

"သူကဟယ် သူ့ယောကျ်ားက နင်ဟောတဲ့ အဲ့လိုမျိုး ဘာ. . . ဘာလဲ တော့မသိဘူး၊ နည်းနည်းပါးပါးလေ့လာ ထားတယ်။ သူကအရွက်အခက်တွေကို သူထိုင်တဲ့ခုံအောက်မှာထားထားတယ်။ ဘာတဲ့ဟယ်. . . "

"နင်းကြမ်း"

"အေး၊ အေး - နင်းကြမ်း၊ နင်း ကြမ်းတဲ့။ အဲဒါတွေလည်းထားပြီးရော သူခဏခဏဖျားပြီး ခဏခဏဆေးခန်း ရောက်တော့တာပဲ"

"ဟုတ်လား"

"အေး - အဲဒါနဲ့ တို့နှစ်ယောက် စကားစပ်မိရာက နင့်ဆီလာကြတာ"

"နင့်ယောကျ်ားက ဘာရွက်တွေ ထားတာလဲ"

"သူက တနင်္ဂနွေသားလေဟယ်။ စောင်းလျားခက်တွေအများကြီးပဲ"

"ဩော်"

ပါးစပ်က 'ဩော်' ဆိုလိုက်ပေမယ့် အဖေပြောပြောနေကျ စကားတွေကို နားရည်ဝနေတာရယ်၊ အဖေသင်ပေး ထားတာတွေရယ်ကြောင့် -

"နင့်ယောကျ်ားနာမည်က"

"ဟန်ထွန်းလေဟယ်၊ ဟိုအသား ဖြူဖြူနဲ့လေ။ နင်တို့အိမ်ရှေ့ကနေ ငါနဲ့ ခဏခဏဖြတ်ဖြတ်သွားတယ်လေ"

"ဩော် - ဟိုအရပ်ဖြူဖြူ၊ အသား ဒေါင်ကောင်းကောင်း"

"အေး. . . ဟဲ့ - မဟုတ်သေးဘူး လေ။ အရပ်ကောင်းကောင်း၊ အသားဖြူ ဖြူပါဟဲ့"

ပြောရင်း ဝါးခနဲရယ်ကြပြီး သူတို့ အချင်းချင်း လှည့်ပြောနေကြပါတယ်။ ကျောင်းတုန်းကအတိုင်းပဲ မင်းပြည့်က အရမ်းနောက်တာပဲတဲ့။ သူငယ်ချင်းတွေ စိတ်ညစ်လာတာလေးတွေ သက်သာ အောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းလျားခက်တွေကို ဟန်ထွန်းထား ပြီးပေမယ့် သူနင်းကြမ်းမဟုတ်တော့ သူအထက်ဆောင်ပန်းဖြစ်နေတာကို ကြည့်ပါ။

အမှန်က ဟန်ထွန်းဟာ သူရဲ့ ညောတ်ချက်နာမည် သောကြာကို သတိ ရသေးလိုက်ဘဲ တနင်္ဂနွေသားအဖြစ် ဆောင်းလျားကို နင်းကြမ်းပြုလိုက်တာ ပါ။ တနင်္ဂနွေသား၊ တနင်္ဂနွေနာမည်ဆို ရင်တော့ စောင်းလျားက ဟုတ်တာပေါ့။

၁
၂
၆
၁
တနင်္ဂနွေ →
စတု- ၄ ← လျား
၀
တြိ- ၃ ← စောင်း

ခုတော့ အဆောင်ပြုရမှာကို အခင်းပြုလိုက်တော့ -

"အိမ်ရဲ့ကြမ်းခင်းကို အမိုးယူ လုပ်၊ အမိုးကိုကြမ်းခင်းယူလုပ်သလိုတွေ ဇောက်တိဇောက်ထိုးတွေဖြစ်ကုန်ပြီပေါ့"

ဒါမျိုးက -

လေး၊ ငါး၊ ဆယ်ခါမက ကြဲဖူးပါ တယ်။

တစ်ခါကလည်း ဦးလေးကြီးတစ် ယောက် ဘာလုပ်လုပ်အရွက်တွေနင်း ထွက်တဲ့ယတြာကို သဘောကျလွန်းလို့ နင်းနင်းထွက်တယ်တဲ့။ သူမိတ်ဆွေ တစ်ယောက် အဲဒီလိုနင်းနင်းထွက်တာ အရမ်းအောင်မြင်လို့တဲ့။ သူကျတော့ ဘာလိုနေလို့လဲမသိဘူးတဲ့။ နင်းထွက် တိုင်း ပြဿနာဖြစ်ပြီး ပြန်ရောက် လာတယ်တဲ့။ တော်တော်လေး လည်း အလွဲလွဲအချော်ချော်တွေဖြစ်ရ တယ်တဲ့။

ဒါနဲ့ ဦးလေးနင်းထွက်တဲ့အရွက် တွေက ဘာတွေလဲဆိုတော့ သီဟိုဠ်နဲ့ တောင်ထန်းတဲ့။

ဦးလေးက ဘာနေ့သားလဲဆိုတော့ လည်း ဗုဒ္ဓဟူးတဲ့။ ဒါလည်းမှန်နေတာ ပဲ။ ဒါပေမယ့် အဲဒီလိုတွေဖြစ်လာရင် သတိကြပ်ကြပ်ထားပြီး နာမည်ကိုချိန်ရ မယ်လို့ အဖေဇာခဇာသင်ပေးနေတာ ကို သတိရသွားပြီး -

"ဦးလေးနာမည်က"

ဆိုတော့ -

"ဦးညို" ပါတဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဦးညိုဆိုတော့ သူနင်းတာကလွဲနေတယ်။ ဦးလေးနင်းထွက်တာတွေကလွဲနေတယ်လို့ပြောတော့ ဗုဒ္ဓဟူးလေတဲ့။

"တြိရန်းက သောကြာ၊ စတုရန်းက စနေလေ" တဲ့။

သူပြောတာမမှားပါဘူး။




ဦးလေးပြောတဲ့ ဗုဒ္ဓဟူးရဲ့ နင်းကြမ်းဖြစ်ပါတယ်။ ဒါကအမှန်ပါ။ ဒါပေမယ့် -

"ဦးလေးနာမည်က ဦးညိုဆိုတော့ ဦးလေး တကယ်တမ်းနင်းရမှာ ပျဉ်းမနဲ့ သီဟိုဠ်"

လို့ ပြောလိုက်ရပါတယ်။ ဒီလိုလည်း ပုံနဲ့ဆွဲပြလိုက်ရပါတယ်။




ဒါက အင်္ဂါနဲ့ ပညတ်နာမည်ရှင် ဦးညိုရဲ့ နင်းကြမ်းပါပဲ။ နင်းရင် အဲဒီလို နင်းရမှာဖြစ်ပါတယ်။ ဒါမှ နင်းကြမ်းယဉ်ကြေးထိရောက်မှာပါ။

အဲဒီလို ပြောင်းပေးလိုက်စက ဦးလေးညိုဟာ သိပ်ဘဝင်မတွေ့ဘူးနဲ့တူပါရဲ့။ အင်းလည်းမလုပ်အဲလည်းမလုပ်နဲ့။ နောက်ပိုင်း သူတကယ်နင်းထွက်လို့စပြီးအဆင်တွေပြေတော့မှ သူဟာ အားရပါးရနင်းပါတော့တယ်။

သူက အိမ်ခြံမြေပွဲစားပါ။ ခုတော့လည်း -

'မင်းပြင်ပေးလိုက်တဲ့ နင်းကြမ်းယဉ်ကြောင့် ဦးလေးတော့ တော်တော်ကိုအဆင်ပြေနေပြီ'

လို့ လာတောင်မပြောအားတော့ပါဘူး။ လမ်းမှာတွေ့ရင်တောင် -

"မင်းပြည့်၊ ဦးလေး ငါ့တူကြီးကို လက်ဆောင်တွေလာပေးရဦးမယ်"

ဆိုတာလည်း ပြောပြောပြီး လက်လေးပြပြသွားပါတယ်။

ဝမ်းသာရပါတယ်။ ဦးလေးညီကြီး အဆင်ပြေတာဝမ်းသာပါတယ်။

ဘကြီးတစ်ယောက်လည်း ရှိပါသေးတယ်။ သူက အဖေနဲ့ဆို အရမ်းခင်တာပါ။ ဒါပေမယ့် အဖေက သူ့ကို ပညာအကြောင်းစမပြောရင် သူကပြောလေ့မရှိပါဘူး။ လူကိုဘယ်လောက်ခင်နေခင်နေ ပညာနဲ့ပတ်သက်လာရင် သူ့ကိုမမေးရင် လုံးဝပြောလေ့မရှိပါဘူး။

ဒါကြောင့်မို့ အဲဒီဘကြီးက တစ်နေ့ အိမ်ကိုလာရင်း ကျွန်တော်နဲ့ စကားတွေအများကြီးပြောဖြစ်ပါတယ်။ ပြောရင်းနဲ့ နင်းကြမ်းရွက်တွေအိပ်ရာမှာ ခင်းပြီးအိပ်တဲ့အကြောင်းတွေပါလာပါတယ်။

"ကောင်းတယ် ဘကြီး"

လို့ ပြောလိုက်တော့ -

"မင်းပြည့်ရာ မင်းကသာကောင်းနေ၊ ငါတော့ အဲဒါတွေခင်းပြီးမှ သွေးချည်းတိုးနေလို့ကွာ" တဲ့။

ဆေးခန်းခဏခဏရောက်နေပြန်ရောတဲ့။ အိမ်မှာဆို သွေးပေါင်ချိန်တာတောင်ဝယ်ထားပြီးချိန်နေရတယ်တဲ့။

အရင်ကသွေးတိုးဖူးလားဆိုတော့ သူ့လက်မောင်းနှစ်ဖက်ကို မောင်ဗမာပြသလို နှစ်ဖက်လုံးကွေးပြပြီး -

"ငါကဘာရောဂါမှရှိတဲ့ကောင် မဟုတ်ဘူးကွ" တဲ့။

"ဒါဖြင့်ဘာလို့ခင်းလဲ"

ဆိုတော့ -

"သြော်- ဘာပဲဖြစ်ဖြစ် စာတိုပေစလေးတွေ ဟိုလျှောက်ဖတ်ဒီလျှောက်ဖတ် ဖတ်ကြည့်ရင်း နင်းကြမ်းဆိုတာ တော်တော်ကောင်းတာပဲဆိုပြီးခင်းမိတာပေါ့ကွာ" တဲ့။

"ဟုတ်ကဲ့၊ နင်းကြမ်းဟာ ကောင်းလွန်းအားကြီးပါတယ်။ တကယ်လည်း ထိထိရောက်ရောက်နဲ့အောင်မြင်ကြတာများပါတယ်။ ဒါပေမယ့် လွဲသွားရင် အတော်ကိုအန္တရာယ်ကြီးတယ်"

လို့ အဖေခဏခဏပြောဖူးပါတယ်။

ကျွန်တော်လည်း မျက်မြင်ကြုံနေရတာတွေရှိပါတယ်။

"ဘကြီးကဘာနေ့လဲ"

ဆိုတော့ -

"တနလ်ာလေကွာ" တဲ့။

"ဘာခင်းတာလဲ"

ဆိုတော့ -

"ပျဉ်းမနဲ့ ရွှက်လှပေါ့ကွာ" တဲ့။

ဒါလွဲသွားတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဘကြီးနာမည်က ဦးထွန်းကျော်ပါ။ သူက စနေပညတ်နာမည်ရှင်ပါ။ သူ့နာမည်အရဆိုရင်တော့ -




ဒီလိုကြီးဖြစ်နေပါပြီ။

သူပြောတဲ့ပုံစံက -




ဒီလိုမျိုးပြောတာပါ။ ဒါပေမယ့် သူက တနလ်ာနာမည်မှမဟုတ်တာဘဲ။

အဲဒီလိုတွေ အလွဲလွဲအချော်ချော်လေးတွေကို ဆောင်းပါးအသွင်နဲ့ရေးစဉ်းစားခဲ့တာကြာပါပြီ။ ခုမှ ထက်ဝင်ခိုင်ယောက်ျား ကိုဟန်ထွန်း အခင်းလွဲလေးတွေပြောပြဖြစ်မှပဲ ဒီဆောင်းပါးလေးလည်း ရေးဖြစ်ပါတော့တယ်။

"နင့်ယောက်ျား ခုအောက်အခင်းတွေပြန်ဖယ်ခိုင်းလိုက်။ ပြီးရင် တရော်ကင်ပွန်းနဲ့ခေါင်းလျှော်ခိုင်းလိုက်"

"အေး - ဖယ်ခိုင်းမယ်၊ လျှော်ခိုင်း"

"ဒါဆိုဆေးခန်းခဏခဏမရောက်တော့ဘူး။ ပြီးတော့ နင်းကြမ်းလည်းခင်လို့ရတဲ့နှစ်မဟုတ်သေးလို့ နင်းကြမ်းအရင်းအရင်လုပ်လို့မရသေးပါဘူးလို့ ပြောလိုက်"

"သြော် - အေး အေး၊ ပြောလိုက်ပါ့မယ်"

"အဲဒါတွေ ဖယ်လိုက်ပြီးရင် နင့်ယောက်ျား နေကောင်းသွားလိမ့်မယ်။ အဲဒီလိုနေကောင်းသွားပြီဆိုတာလည်း ငါ့လာပြောလှည့်နော်"

"အေး၊ အေး - လာပြောမယ်"

မင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com

ဆင်တုံးမန္တယ်အပွင့်ပုံ

၂၀၁၄၊ မတ်လထုတ် သူရဇ္ဇမဂ္ဂဇင်းတွင် လေးဖက်နာပျောက်ကင်းစေသော ဆေးဝါးဆေးပင် ဆင်တုံးမန္တယ်၏ ဆေးဝက်ဝင်မှုများကို ရေးသားခဲ့ပါသည်။ ဆေးနာပျောက်ဆေးအဖြစ် ရေးခဲ့ရာတွင် တချို့က' စာဖတ်သူများမှ ဆင်တုံးမန္တယ်ကို ဆေးဝါးအဖြစ် သိပ်ပွဲနည်းကျ သုတေသနပြုမှုများကိုပါ သည်သွင်းရေးသားပါရန် တိုက်တွန်းခြင်းဖြင့် ဆေးဝါးအဖြစ် သိပ်ပွဲနည်းကျ သုတေသနပြုမှုများကို ရေးသားဖော်ပြပေးပါသည်။

ဆင်တုံးမန္တယ်ကို ဆေးဖက်ဝင်ဆောအပင်အဖြစ် ရှေးအစဉ်အဆက် နိုင်ငံအသီးသီး၌ စိုင်းရင်းဆေးအဖြစ် သုံးစွဲခဲ့သောကြောင့် လူသိများသည့် ဆေးဝါးဆေးပင် ဖြစ်ပါသည်။ အပင်၏ အစိတ်အပိုင်းအမျိုးမျိုးကို တိုင်းရင်းဆေး၊ အယုဗေဒဆေးဝါးအဖြစ် အသုံးပြုခဲ့ကြပါသည်။ အိန္ဒိယ၊ မြန်မာ စသည့် အရှေ့နိုင်ငံများတွင် ရောဂါများစွာကို ကုသသောဆေးအဖြစ် ထင်ရှားပါသည်။ အီဂျစ်ရောဂါ၊ အသည်းရောဂါ၊ ဆီးရောဂါ စသည်များအတွက် ဇီဝဗေဒအရည် အသွေးနှင့် ဆေးဝါးအဖြစ်အသုံးပြုနိုင်မှုကို သိပ်ပွဲနည်းကျ သုတေသနပညာရှင်များမှ လေ့လာသုတေသနပြုခဲ့ပြီး ဆေးဝါးစက်ရုံများမှ ရောဂါကာကွယ်ကုသဆေးများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်လာခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ ဆေးဝါးသုတေသနဂျာနယ် အတွဲ (၅)၊ အမှတ် (၁)၊ ၂၀၁၂ Journal of Pharmacy Research and JPR: Biomedrx: An International Journal, Vol 5, No.1 (2012) တွင် ဖော်ပြချက်အရ ဆင်တုံးမန္တယ်သည် ဗက်တီးရီးယား (၄) မျိုးကို ဆန့်ကျင်နိုင်သော အာနိသင်အကျိုးရှိကြောင်း(Antimicrobial Effect)သုတေသနပြုမှုကို ဖော်ပြထားပါသည်။ ဆင်တုံး

စွမ်းဆောင်နေဆဲ

# ဆင်တုံးမန္တယ်

## ဆေးဝါးအဖြစ်အသုံးပြုနိုင်သည့်သုတေသနလုပ်ဆောင်မှုများ



ဆင်တုံးမန္တယ်အရွက်ပုံ



ဆင်တုံးမန္တယ်အသီးပုံ



www.burmeseclassic.com

www.burmeseclassic.com

မန္ဒယ်အစိတ်အပိုင်းအသီးသီးမှ အဆီအနှစ်(Extract)များသည် ရောဂါဖြစ်စေနိုင်သော ဗက်တီးရီးယားရောဂါပိုး (Pathogenic Bacteria) များ ဖြစ်သော -

၁။ ဝမ်းကိုက်ရောဂါပိုးအီကိုလိုင်း (Escherichia coil)

၂။ သွေးထဲတွင် စတတ်ဖီလိုကော့ကပ်(စ်)ရောဂါပိုးရှိနေ၍ သွေးဆိပ်တက်စေသည့်ရောဂါပိုး (Staphylococcus Aureus)

၃။ စထရက်တိုကော့ကပ်(စ်)ပိုး (Streptococcus Mutans)

၄။ လူသားများ၏ အစာအိမ်၊ ပါးစပ်၊ လည်ချောင်း၊ သွားများတွင်ရှိသည့် ရောဂါပိုး (၄) မျိုးအပြင် မှိုရောဂါ (Fungus) (Candida Albicans) ပါးစပ်၊အရေပြား၊အူလမ်းကြောင်း၊ အင်္ဂါစပ်များတွင် ဖြစ်စေသော မှက္ခရုရောဂါပိုးများကို ကောင်းစွာ ဆန့်ကျင်သေစေနိုင်ပါသည်။

ဆင်တုံးမန္ဒယ်၏ အဆီအနှစ်ကို ဗြူသနော(Butanol)ဖြင့် ထုတ်ယူခြင်းသည် အခြားပစ္စည်းများဖြင့် ထုတ်ယူသည့် Extract ထက် သာလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ အပူပေးပြုတ်သောက်ခြင်း၊ အခြား ရေ၊ အရက်ပြန်၊ ရေနံထွက်ပစ္စည်းများဖြင့်လည်း အဆီအနှစ်ကို ထုတ်ယူနိုင်ပါသည်။ အစွမ်းထက်သော ဓာတုပစ္စည်းများ ဆင်တုံးမန္ဒယ်၏အရွက်၊ ပင်စည်၊ အပွင့်၊ အမြစ်တို့တွင် ပါဝင်သည်။ ၎င်းတို့မှာ အခါးဓာတ် (Tannins) ဟော်မုန်းနှင့် အယ်ကာလွိုက်၊ ဗီတာမင် (Steroids) ဖေယိုနိုလွိုက်၊ ဂလိုင်ကိုဆိုက် (Glycosids)၊ စပိုနင်း (Saponnins) တို့ ဖြစ်ကြပါသည်။

အာယုဗေဒဆေးဝါးအဖြစ် အားလျော့၊ အားနည်းခြင်းရောဂါ (Debility)၊ အစာမကြေ လေနာခြင်း (Dyspepsia)၊ ဖျားနာခြင်း (Fever)၊ ဆီးနှင့်ပတ်သက်သောရောဂါ (Urinary Diseases) များကို ကုသနိုင်ပြီး အစာအိမ်အတွင်း အစာခြေရည်ပိုမိုထွက်စေခြင်းကြောင့် ဝမ်းချုပ်ပျောက်ခြင်း၊ အစာကြေစေခြင်း၊ အားဆေးရည်အဖြစ်အသုံးပြုခြင်း၊ အစာစားလိုစိတ်ဖြစ်ပေါ်စေခြင်း၊ ဆာလာစေခြင်း၊ ဖျို့အန်ရောဂါပျောက်ခြင်း၊ ဆီးရွှင်စေခြင်း၊ သွေးများလည်ပတ်မှုကောင်းမွန်စေခြင်း၊ အသည်းရောင်အသားဝါရောဂါ၊ အရေပြားရောဂါများ၊ ဆီးချို အဖြူဆင်းခြင်း၊ မီးယပ်ရောဂါ၊ သရက်ရွက်ကြွေးခြင်းတို့ကိုလည်း ကုသနိုင်၏။ အမြစ်နှင့် ပင်စည်များကို အခြားဆေးဝါးများနှင့်ရောစပ်ပြီး မြွေနှင့်ကင်းမလက်မည်းကိုက်ခြင်းတို့ကို ကုသကြ၏။ ပင်စည်ကို အရိပ်ထဲတွင် အခြောက်ခံအမှုန့်ပြု၍ အားတိုးဆေးများ ပြုလုပ်နိုင်ပါသည်။ သုတေသနပြုမှုများကို ဖော်ပြလိုပါသည်။

**ကိုယ်ခံအားတိုးတက်ခြင်း ရောဂါပြီးသည့် အာနိသင် (Immunomodulatory Activity)**

ရောဂါပြီးကြောင်း ကိုယ်ခံအားတိုးတက်စေကြောင်းအာနိသင်ရှိခြင်းများကို သုတေသနပြုခဲ့သည်မှာ နှစ်ပေါင်းများစွာရှိနေခဲ့ပြီ ဖြစ်ပါသည်။ ဆင်တုံးမန္ဒယ်ပင်စည်မှ ထုတ်ယူရရှိသော ကာဘိုဟိုက်ဒြိတ်ဓာတ် (Arabinogalactan Poly Saccharide) သည် နိုက်ထရစ်အောက်ဆိုဒ်ဖြစ်ပေါ်မှု (Nitric Oxide) ကြောင့် ခန္ဓာကိုယ်အတွင်း အဆိပ်ဖြစ်ခြင်းကို ဆန့်ကျင်ကြောင်း တွေ့ရှိရပါသည်။ နိုက်ထရစ်အောက်ဆိုဒ် ဖြစ်ပေါ်မှုကို လျော့နည်းစေကြောင်းနှင့် ရောဂါပျံ့နှံ့မှုကို လျော့နည်းစေသော အလွန်အကျိုးရှိသောဓာတ်များ ဆင်တုံးမန္ဒယ်တွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။ ဆင်တုံးမန္ဒယ်တွင် ပါဝင်သည့် ကစီနှင့်တူသော ကာဘိုဟိုက်ဒြိတ်ဓာတ်သည် ဆိုင်တိုကွင်း (Cytokimes) ဆဲလ်များကို အဆိပ်ဖြစ်စေသောပစ္စည်းများပြန့်ပွားမှုကိုဆန့်ကျင်စေကြောင်းတွေ့ရှိရပါသည်။ နိုက်ထရစ်အောက်ဆိုဒ်များကို လျော့နည်းစေသည့်အပြင် ကင်ဆာဆဲလ်များ၊ အကျိတ်ကျူမောဆဲလ်များ၊ မဲ့မှုအကျိတ်ကျူမောဖြစ်လာခြင်း၊ နယ်လွန်ပြန့်ပွားမှုကို လျော့ပါးစေသော အလွန်အကျိုးသက်ရောက်မှုရှိပါသည်။ Reducing the metastasis Potential of (B 16F-10-Melanomacell)။ ထို့အပြင် ခန္ဓာကိုယ်အတွင်း အဆီစုဝေးခြင်းကို ကာကွယ်ခြင်းနှင့် အသည်းအတွင်းရှိအဆီများကို လျော့ချစေကြောင်း တွေ့ရှိရပါသည်။

**ဆေးဝါးအဖြစ် အသုံးပြုနိုင်မှု (Pharmacological Activities of Various Extracts)**

ဆေးဝါးအဖြစ် ဆင်တုံးမန္ဒယ်၏ အစိတ်အပိုင်းအမျိုးမျိုးကို ရွေးယခင်ကတည်းက အသုံးပြုခဲ့ကြောင်း သိရှိခဲ့ကြပြီး ဖြစ်ပါသည်။ ဇီဝအာနိသင်အနေဖြင့် အရွက်၊ အမြစ်၊ ပင်စည်၊ အခေါက်၊ အသီးများကို မည်သို့မျှမပြုပြင်ဘဲ တိုက်ရိုက်အမှုန့်ပြုလုပ်၊ ပင်စည်ကို ပြုတ်သောက် သုံးစွဲခြင်းများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။ ဆင်တုံးမန္ဒယ်၏ အစိတ်အပိုင်းအမျိုးမျိုးဖြင့် ခြေထောက်တွင် အနာဖြစ်နေသော ဆီးချိုရောဂါဝေဒနာရှင်များကို ပျောက်ကင်းအောင် ကုသနိုင်ကြောင်း သုတေသနပြုမှုများသည်လည်း အထင်အရှားရှိနေခဲ့ခြင်း ဖြစ်ပါသည်။ လူနာပေါင်း(၅၀)ကို (၁၈)လတိုင်အောင် ကုသလေ့လာခဲ့ရာတွင် ထိခိုက်ဒဏ်ရာရှိခဲ့သည့်အနာများပျောက်ကင်းစေခြင်းနှင့် အနာများဖြစ်ပွားခြင်းကို ကာကွယ်စေကြောင်း သိရှိရပါသည်။

အပင်တစ်ခုလုံးကို အရက်ပြန်များထုတ်ယူသော အဆီအနှစ်သည် (Alcoholic Extract) အကျိတ်များကြီးထွားခြင်းကိုရပ်တန့်စေကြောင်း တွေ့ရှိရပါသည်။ ကြွက်များ၏ရိုးတွင်းခြင်းဆဲလ်များဖြင့် (Bone Marrow Cell) စမ်းသပ်သုတေသနပြုရာ အကျိတ်များကြီးထွားခြင်းကို ဆန့်ကျင်စေနိုင်ကြောင်းနှင့် ကိုယ်ခံခုခံအားကို မြင့်တင်စေကြောင်း၊ ရောဂါများကို ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ မက်သစ်အရက်ဖြင့်ထုတ်ယူသောအဆီအနှစ်များသည် ဗိုင်းရပ်(စ်)ပိုးကြောင့်ဖြစ်သော ရောဂါများကို ဆန့်ကျင်နိုင်ပြီး အကျိတ်များကို ဆန့်ကျင်သည့်အာနိသင်ရှိသည်။ ထို့အပြင် AIDS. HIV ရောဂါဖြစ်ပွားနေသူများနှင့် ကိုယ်ခံအားဆင်းနေသောလူနာများကို ရောဂါသာသာစေရန် အထောက်အကူဆောင်အဖြစ် အသုံးပြုနိုင်ကြောင်း သိရှိသည်။

**အသည်းရောဂါကို ကာကွယ်ကုသနိုင်ခြင်းနှင့် ရောဂါပြီးခြင်းအာနိသင် (Hepatoprotective Activity)**

ဆင်တုံးမန္ဒယ်ကို ရေဖြင့် အနှစ်ထုတ်ယူ၍ စမ်းသပ်ခဲ့ရာ အသည်းရောဂါကို ကာကွယ်ကုသနိုင်ကြောင်း တွေ့ရှိရပါသည်။ ကင်ဆာရောဂါဖြစ်စေနေသောကြွက်များကို ဆင်တုံးမန္ဒယ်ဖြင့် စမ်းသပ် သုတေသနပြုခဲ့ရာ ခုခံအားတိုးတက်လာစေကြောင်းနှင့် သွေးဆဲလ်ကြည်၏ အရည်အသွေးတိုးတက်စေကြောင်း၊ နာတာရှည်အသည်းရောဂါများ ကုသခဲ့ရာ အသည်းဆဲလ်များ၏ အရည်အသွေးများကို တိုးတက်စေကြောင်း၊ အသည်းရောင်ရောဂါဝေဒနာရှင်များကို စမ်းသပ်ခဲ့ရာ ဗက်တီးရီးယား



www.burmeseclassic.com

www.burmeseclassic.com

ကို သေကျစေကြောင်း တွေ့ရှိရပါ
အီကိုလိုင်းရောဂါကိုလည်း ကာ
နိုင်ကြောင်း တွေ့ရှိရပါသည်။

**သွေးအတွင်း (ဂလူးကို့စ်ဓာတ်) သကြား ဓာတ်လွန်ကဲများပြားခြင်းကို ဆန့်ကျင် သည့်အနိသင် (Antihyperglycaemic Activity)**

သွေးတွင် (ဂလူးကို့စ်ဓာတ်) သကြားဓာတ် လွန်ကဲများပြားခြင်းကို ဆန့်ကျင်သည့်အာနိသင်ကို စမ်းသပ်ခဲ့ ရာတွင် ဆင်တုံးမန္တယ်တိုင်းရင်းဆေး ဖြစ် အသုံးပြုသောဆေးဖြင့် ဆီးချို ရောဂါ ဖြစ်ပွားနေသော လူနာများကို ကုသခဲ့ပါသည်။ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်တွင် (၁၀၀) မီလီဂရမ် နှုန်းဖြင့် တိုက်ကျွေးခဲ့ရာ ရက်ပေါင်း (၁၀) တွင် သွေးအတွင်း သကြားဓာတ် များလျော့နည်းပြီး ပုံမှန်သို့ရောက်ရှိ၍ ကင်ဆူလင်ပမာဏတိုးတက်လာကြောင်း နှင့် အသည်း၊ ကြက်သားတို့တွင် သိုမှီး ထားသည့် သကြားဓာတ်နှင့် သွေးနီဥ များ တိုးတက်ကြောင်းတွေ့ရှိရပါသည်။

အခြား ဆင်တုံးမန္တယ် တိုင်းရင်း ဆေးအဖြစ် စမ်းသပ်ခဲ့ရာ ဆီးချို သွေး ရောဂါကိုကုသနိုင်သည့်အပြင် ဓာတ် ဆန့်ကျင်သည့်အာနိသင် (Antioxidant Activity) ဇရာဆန့်ကျင်သည့် အရည်အသွေး ဖရီရယ်ဒီကယ်များကို ဖယ်ရှားစေကြောင်း တွေ့ရှိရပါသည်။ အယ်ကိုဟောအရက်ပြန်ဖြင့် ထုတ်ယူ ထားသော ဆင်တုံးမန္တယ်အဆီအနှစ် (Extract) သည် ဆီးချို သွေးချို ရောဂါ ဖြစ်နေသည့် ကြွက်များဖြင့် စမ်းသပ်ခဲ့ရာ သွေးနှင့် ဆီးအတွင်းမှ သကြားဓာတ် များကို လျော့ချစေနိုင်ကြောင်း တွေ့ရှိ ရပါသည့်အပြင် သွေးအတွင်းအဆီများ လျော့ကျစေကြောင်း ခန္ဓာကိုယ်အလေး ချိန်ဝဖြိုးခြင်းကို ကျစေနိုင်ပါသည်။

ကျောက်ကပ်၏လုပ်ငန်းဆောင် တာများကိုလည်း မှန်ကန်အောင် ထိုးတက်စေပါသည်။ ဆင်တုံးမန္တယ်၏ အဆီအနှစ်များကို နေ့စဉ် ရက်ပေါင်း (၄၀) မှန်မှန်သောက်ပါက ဂလူးကို့စ် သကြားဓာတ်လျော့စေပြီး ဆီးရောဂါ များကို ကာကွယ်နိုင်ကြောင်း၊ ဆီးထဲ တွင် အသားဓာတ်များပါရှိနေခြင်း၊ အယ်လ်ဘြူမင်ဓာတ်များပါရှိနေခြင်းနှင့် ကျောက်ကပ်နှင့်ဆိုင်သောရောဂါများကို ကာကွယ်နိုင်ကြောင်း သိရှိရပါသည်။

ဆီးချို၊ သွေးချို ရောဂါကို ကြက် များဖြင့် စမ်းသပ်ခဲ့ပါသည်။ ဆင်တုံး မန္တယ်၏ရေဖြင့် ထုတ်ယူရရှိသော အဆီ အနှစ်ကို (၂၁) ရက်မှ (၁၂၀)ရက်ကြွက် များကို တိုက်ကျွေးခဲ့ရာ ခန္ဓာကိုယ် အလေးချိန် တစ်ကီလိုဂရမ်ရှိလျှင် လေးရာမီလီဂရမ်တစ်ရက်နှုန်းဖြင့် (400 mg. Kg-Perday) ကို တိုက်ကျွေးခဲ့ရာ သကြားဓာတ် (70.37) ရာခိုင်နှုန်းကျ ဆင်းခဲ့ကြောင်း၊ သွေးအတွင်းရှိ ပလာ စမာသကြားဓာတ်သည် (၁၈၀) မီလီ ဂရမ်အောက်သို့ (၂၁) ရက်အတွင်း ကျဆင်းခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

**ဓာတ်တိုးဆန့်ကျင်သည့် အာနိသင်နှင့် အသည်းရောဂါကာကွယ်မှု အာနိသင် (Antioxidant/ Hepatoprotective Activity)**

အသည်းရောဂါများကို ကာကွယ် နိုင်ရုံသာမက အသည်းဒဏ်ရာရရှိခြင်း ကိုပါ ကုသနိုင်၏။ အသည်းအဆိပ် အတောက်ဖြစ်မှုကို နည်းပါးစေ၏။ အနာများဖြစ်ပေါ်မှုကို ဆန့်ကျင်သည့် အကြောင်းကို အလေးချိန် တစ်ကီလို ဂရမ်လျှင် ၁၂၅၊ ၅၀၀၊ ၁၀၀၀ မီလီဂရမ် စသည်ဖြင့် ဆီးချိုရောဂါများကြောင့် အနာဒဏ်ရာရမှုကိုစမ်းသပ်ခဲ့ရာ အနာ ဒဏ်ရာများကို ပပျောက်စေကြောင်းနှင့် နှုံး၊ ဦးနှောက်၊ အသည်းနှင့် ကျောက် ကပ်တို့၏ လုပ်ဆောင်မှုအရည်အသွေး ကို တိုးတက်စေသည့်အပြင် ၁၀၀ မီလီ ဂရမ် (၆) ပတ် တိုက်ကျွေးခဲ့ရာ Free Redicalများကို ချေဖျက်နိုင်ပြီး ဦးနှောက် သို့ သွေးပို့ပေးမှုအရောက်နည်းခြင်းနှင့် သွေးပို့မှုမရှိခြင်းကို ဆန့်ကျင်သည့် အတွက် လေ့ဖြတ်ခြင်း၊ သွေးကြောပိတ် ခြင်းများ ပျောက်ကင်းစေပါသည်။

**ကင်ဆာဆဲလ်များကို သေစေနိုင်သော အာနိသင် (Cyto Toxic Effect)**

ဆင်တုံးမန္တယ်သည် ရောဂါပြီး သော စနစ်ခုခံအားတိုးတက်စေခြင်းနှင့် ဓာတ်တိုးဆန့်ကျင်သည့် အာနိသင်ရှိ သော Antioxidant ဆေးဝါး ဖြစ်ပါ သည်။ ကင်ဆာဖြစ်ပွားခြင်းကို ကာကွယ် စေပါသည်။ ဖရီရယ်ဒီကယ်များကို ချေဖျက်နိုင်ပါသည်။ အယ်ကိုဟော (Extract) သည် ကင်ဆာအကိုတ်များ မကြီးထွားရန် ဟန့်တားနိုင်ကြောင်း ကာကွယ်နိုင်ကြောင်း သိရှိရပါသည်။

**နလုံးရောဂါကို ကာကွယ်နိုင်သည့် အရည် အသွေး (Cardio Protective)**

ဓာတ်တိုးဆန့်ကျင်သည့် အရည် အသွေးပါဝင်သောအပင်များသည် နှလုံး ရောဂါကို ကာကွယ်နိုင်စွမ်းရှိပါသည်။ မက်သနောအရက်ဖြင့် ထုတ်ယူသော ဆင်တုံးမန္တယ်အဆီအနှစ်သည် သွေးခဲ ခြင်းနှင့် အဆီများကို လျော့ချနိုင်ခြင်း ကြောင့် နှလုံးရောဂါကို ကာကွယ်စေပါ သည်။ ဆင်တုံးမန္တယ်အမြစ်ကို ရေဖြင့် ထုတ်ယူထားသောအဆီအနှစ် အလေး ချိန် တစ်ကီလိုဂရမ်လျှင် (၂၅၀) မှ (၅) ဂရမ်ဖြင့် (၆) ပတ်တိုက်ကျွေးရာ သွေး ထဲတွင် ကိုလက်စထရော လျော့နည်း သွားခြင်း၊ သွေးအဆိပ်သင့်ခြင်းများကို လျော့နည်းပပျောက်စေကြောင်း တွေ့ ရှိပါသည်။

**အခြားအာနိသင်များ**

မက်သနော (၉၀) ရာခိုင်နှုန်းဖြင့် ထုတ်ယူသော အဆီအနှစ်သည် ပန်း သေ၊ ပန်းညှိုးခြင်းနှင့် မြုံခြင်းများကို ပျောက်စေ၏။ ကပ်ပယ်အိတ်တွင်ရှိ သုက်ပြွန်ခဲနှင့် သုက်လမ်းကြောင်း၊ ဆီး ကျိတ်တို့၏ လုပ်ငန်းဆောင်တာကို တိုးတက်မှုရှိစေကြောင်း တွေ့ရှိရပါ သည်။ ဆင်တုံးမန္တယ်ကို သိပ်ပွနည်းကျ သော သုတေသနပြုခြင်းဖြင့် ရရှိခဲ့သော ရလဒ်များကို အကြမ်းအားဖြင့်သာ ဖော်ပြထားပါသည်။ မြန်မာများ အသုံး ပြုနေဆဲဖြစ်သော မြန်မာတိုင်းရင်း ဆေးများ၏ အာနိသင်ထက်မြက်မှုများ ကို သူ့ပြောင်ပြောပါးစပ်ပြောမဟုတ်ဘဲ အတွေ့အကြုံကို အခြေခံသော ဆေးဝါး များအဆင့်မှ သက်သေအထောက်အ ထားပြည့်စုံသောဆေးဝါးများအဆင့်သို့ ရောက်ရှိရန်လိုပါသည်။ ထိုသို့ရောက်ရှိ ရန် သိပ်ပွနည်းကျသုတေသနများပြုမှုမှု များ လိုအပ်နေပါသည်။ သုတေသနပြု ထားပြီးသော တိုင်းရင်းဆေးများကို ဖော် ထုတ်နေသားရန်ဆန္ဒနှင့် မြန်မာ့တိုင်း ရင်းဆေးဝါးများကို လူအများယုံကြည် စွာဖြင့် အသုံးပြုနိုင်ရန် မှတ်ကျောက် တင်နိုင်သည့် သုတေသနပြုမှုများ၏ လို အပ်နေသည့် ကွက်လပ်ကို ဖြည့်စွက် သည့်အနေဖြင့် ရေးသားလိုက်ရပါ သည်။

စွမ်းသက်နောင်

**ကိုးကား -**

မြန်မာ့တိုင်းရင်းဆေးဝါးပင်များ (အင်တာနက်)



www.burmeseclassic.com

www.burmeseclassic.com



# မင်းဟိန်းခိုင်

## အုတ်ဂူပေါ်က နွားရုပ်လေး၏ရာဇဝင်

ညနေမိုးချုပ်ခါနီးတွင်ဖြစ်၏။ ရန်ကုန်မြို့နှင့် အစစအရာရာ ခြားနားသော အိမ်ခြေတစ်ရာပင်မပြည့်တတ်သည့် တောရွာလေး၏ သဘာဝအတိုင်း အိမ်တိုင်းကပင် ရေနံဆီမီးခွက်ကလေးများ လင်းလက်၍လာလေသည်။

တောသူတောင်သားများမှာ နေဝင်မိုးချုပ် လုယ်တောယာတောတွင် နွားနှင့်ရုန်း၍ အလုပ်လုပ်ကိုင်နေကြရသဖြင့် မိုးချုပ်မှ ညနေစာစားသောက်ကြသောရက်ကပို့များသည်။ ထိုမျှအထိ အလုပ်လုပ်ပါမှလည်း ထမင်းနပ်မှန်အောင် စားသောက်ကြရရုံမျှသာရှိ၏။

နေထိုင်ရသည်က သစ်သားအိမ်ဝါးအိမ်လေးများမှာ။ စားသောက်ရသည်က တောဟင်းတောကျေးလေးများဖြင့်။ အလုပ်လုပ်ရသည်က နေဝင်မှိုးချုပ် (၃)ရာသီပတ်လုံး နားရက်ဟူ၍ပင် မရှိသလောက်။

မြို့နေလူတန်းစားများအတွက် ဆန်ရေစပါး၊ ကောက်ပဲသီးနှံ ထုတ်လုပ်ပေးနေကြသည်မှာ တောသူတောင်သားများသာဖြစ်သော်လည်း မြို့သားနှင့် တောသားများမှာ ခြားခြင်တိုင်းခြားနား၍နေလေသည်။ တောသူတောင်သားတို့၏ဘဝသည် သနားစဖွယ်ကောင်းလှ၏။

"ဒီအိမ်မှာ ရန်ကုန်သားရောက်နေတယ်ဆို"

အိမ်ရှေ့က လှမ်းမေးသော အသံတစ်သံကိုကြားလိုက်ရသည်။ ထို့ကြောင့် ဖိုးပြည့်မောင် အိမ်ပေါ်မှ ဆင်းလာခဲ့ပြီး လှမ်းမေးလိုက်သည်။

"သာအောင်လားကွ"

"ဟာ-ဒီကောင်၊ ငါ့အသံကိုမှတ်မိတာပဲ။ ရန်ကုန်သားလုပ်နေခဲ့လို့ တို့မြကို မမေ့ပြီလို့တောင်ထင်နေတာ"

ဖိုးပြည့်မောင် တစ်ချက်ပြုံးလိုက်၏။ ဖိုးပြည့်မောင်က ဗိသုကာဆရာဖြစ်သည်။ ဘုရားပုထိုးတည်ထားခြင်း တိုက်တာအဆောက်အအုံများဆောက်လုပ်ခြင်း စသော လုပ်ငန်းများကို အသက်မွေးသည်။ ထို့ကြောင့် တပန်းတပန်းများနှင့်အတူ လုပ်ငန်းတိုးခဲ့ရာက ရန်ကုန်ကို ရောက်သွားခဲ့ရာ (၁၀) နှစ်နီးပါးကြာမှ ဇာတိရွာအလည်တစ်ခေါက် ပြန်ရောက်လာခြင်းဖြစ်သည်။

"မမေ့ပါဘူး သူငယ်ချင်းရာ။ ဘေးအခြေအနေကြောင့် ရန်ကုန်ကြောင်းသွားရပြီး လုပ်ငန်းတွေပိတ်လေးလို့ (၁၀) နှစ်နီးပါး ကြာနေခဲ့တယ်။ တောရွာနဲ့ မင်းတို့တွေကိုတော့ ဘယ်တော့မှမမေ့ပါဘူး"

သာအောင်နှင့် စကားပြောနေ



www.burmeseclassic.com

www.burmeseclassic.com

ာင်းရွှေနှင့် သိန်းမောင်တို့လည်း
်လာကြပြန်သည်။ ထို့ကြောင့်
လျှောက်ရင်း ရွာကြားသို့ ထွက်
ကြသည်။ ဖိုးပြည့်မောင်က ရန်ကုန်
ကြောင်းပြောလိုက်၊ သူငယ်ချင်းများ
လယ်အကြောင်းယာအကြောင်း
သိုက်နှင့် စကားလက်ဆုံကျနေကြ
၊ ကွဲကွာနေကြသည်မှာ (၁၀) နှစ်
ကြာနေပြီဖြစ်၍ ပြောစရာစကား
သည်း တောင်လိုပုံနေသည်။
ဖိုးပြည့်မောင်ကိုတစ်ခုပြောရဦး
ဦးတင်မောင်ဦးအုတ်ဂူမှာ ဘယ်
းမသိ နွားရုပ်လုပ်ပြီး အောက်က



www.burmeseclassic.com

www.burmeseclassic.com

စာရေးထားတယ်ဆိုတာ မင်းကြားပြီးပြီလား"

ဟု သာအောင်ကမေးသည်။

"ဘာ"

အံ့ဩသွားမိ၍ ဖိုးပြည့်မောင်၏ အသံလည်း ကျယ်လောင်သွားလေသည်။ ထို့ကြောင့် သာအောင်တို့ လူစုက တဟားဟားဖြင့် ရယ်ကြသည်။

"တကယ်များလားကွ"

"ဟ-တကယ်ပေါ့"

သာအောင်တို့လူစုက တဟားဟားဖြင့် ရယ်နေကြသော်လည်း ဖိုးပြည့်မောင်က မရယ်ပေ။

"ငါဘယ်ကြားဦးမလဲ။ ဒီ မိုးချုပ်ခါနီးမှ ငါ ရန်ကုန်ကရောက်တာလေ။ ဒါကြောင့် ဦးတင်မောင်ဦး ကွယ်လွန်တာကိုတောင် ငါမသိသေးဘူး။ ဒီတော့ ဘယ်လိုဟာမျိုးလဲ။ မင်းစကားကိုအသေအချာပဲရှင်းပြပါဦး"

"တို့လည်း တစ်ရွာတည်းချင်း မဟုတ်လို့ ဦးတင်မောင်ဦး ဘာရောဂါကြောင့် ကွယ်လွန်သွားတယ်ဆိုတာတော့ တိတိကျကျမသိကြဘူးကွ။ ဦးတင်မောင်ဦးအုတ်ဂူမှာ နွားရုပ်လုပ်ပြီးစာရေးထားတဲ့သတင်းထွက်လာတော့မှသိကြတာပါ။ အဲဒါကတော့ အံ့ခြားရှိရှိလား။ ဦးတင်မောင်ဦးက တစ်သက်ပက်လုံး အဝယ်ဒိုင်မှူးလုပ်ပြီး ဒိုင်နယ်သူဒိုင်သား လယ်သမားအားလုံး ဧကကျ (လယ်တစ်ဧကလျှင် စပါးရှစ်တင်း/ဆယ်တင်း စသည်) မသွင်းမနေရ လာပြီးပေးသွင်းကြတာကို အလေးခိုး၊ တင်းခိုး၊ စာရင်းလိမ်ခံထားရတာကို မကျေနပ်လို့ မင်းတို့လို ဘိလပ်မြေနဲ့ အရုပ်ထုလုပ်တတ်တဲ့ လူတစ်ယောက်ယောက်က သူ့အုတ်ဂူမှာ နွားရုပ်လုပ်ပြီး စာတန်းထားခဲ့တာပဲ ဖြစ်မယ်ထင်တယ်"

ဖိုးပြည့်မောင် သက်မတစ်ချက်ကို ချလိုက်မိသည်။

တစ်နယ်လုံးက စပါးအဝယ်ဒိုင်မှူး ဦးတင်မောင်ဦးကို သိကြသည်။ ဦးတင်မောင်ဦးသည် ဦးနေဝင်းအစိုးရ လယ်သမားများဆီက ဧကကျ စပါးမရောင်းမနေရစေးနှိမ်ပြီး စပါးကောက်ဝယ်သည့်အချိန်ကပင် အဝယ်ဒိုင်မှူးလုပ်လာခဲ့သည်။

သာအောင်ပြောသလို အလေးတင်း၊ စာရင်း စသည်များ မရိုးသားသည်ကိုလည်း နယ်သူနယ်သား လယ်သမားအားလုံးတို့က သိကြသည်။ တစ်နယ်လုံးမှာလည်း ထိုတစ်ဒိုင်တည်းသာ ဖွင့်ပြီးထားသောကြောင့် ဦးတင်မောင်ဦးနှင့်ကင်းသူဟူ၍ မရှိကြပေ။

ဦးတင်မောင်ဦးသည်ကား အလွန်နပ်ရေပါးရေရှိသော လူကြီးတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ဦးတင်မောင်ဦး မရိုးမသားလုပ်နေသည်ကို သိသော်လည်း တစ်ဦးတစ်ယောက်မျှ မတော်လှန်နိုင်ကြပေ။ တစ်ဦးတစ်ယောက်ကို မဆိုထားဘိ။ တစ်ခါက ထင်ရှားသော ပြစ်မှုကြီးတစ်ခုကို လက်တွေ့ပြကာ တိုင်ကြားကြသည်ကိုပင် ဦးတင်မောင်ဦးက အလွယ်တကူ ရုန်းထွက်နိုင်သောသတ္တိရှိသည်။

တစ်ခါကလည်း ဒိုင်မှူး ဦးတင်မောင်ဦး ဧကကျအတိုင်းလက်ခံပြီး ဝယ်ယူထားသောစပါးများကို သက်ဆိုင်ရာ မြို့နယ်အစိုးရအား ပေးသွင်းပြီးနောက် မှာပင် စပါးဝိုဒေါင်ကြီး လေး၊ ငါးလုံးကျန်နေသည်ကို ထောက်ပြပြီး ဝိုင်းဝန်းတိုင်ကြားကြသည်။ ထိုမှုခင်းတွင်လည်း တိုင်ကြားကြသည့် ခဏအတွင်းသာ ဦးတင်မောင်ဦး စစ်ဆေးခံရသည်။ ထို့နောက် အရေးယူခြင်းပင်မခံလိုက်ရပေ။

နောက်နှစ် စပါးရာသီတွင် ဦးတင်မောင်ဦးသည်ပင် အဝယ်ဒိုင်မှူး ပြန်ဖြစ်နေရလေသည်။ အနေမပျက် အစားမပျက် ဦးတင်မောင်ဦးကား ပန်းပန်လျက်သာ ဖြစ်သည်။

ဖိုးပြည့်မောင်တို့ဒေသတွင် သူတစ်ပါး၏ စပါးကို ခိုးယူလျှင်ဖြစ်စေ၊ ဖျက်ဆီးလျှင်ဖြစ်စေ နွားဖြစ်တတ်သည်ဟု အစွဲရှိကြသည်။ မိဘများက သားသမီးကလေးငယ်များ သူတစ်ပါး၏ စပါးကိုင်တွယ်သည်ကို မြင်လျှင်ပင် -

"ဟဲ့ကလေး၊ မလုပ်ရဘူးနော်။ သူများစပါးပျက်စီးသွားရင် နွားဖြစ်တတ်တယ်ကွယ့်"

ဟု ခြိမ်းခြောက်ပြီး ဆုံးမလေ့ရှိကြသည်။

ထို့ကြောင့်ပင် ဦးတင်မောင်ဦးဆိုမှာ စပါးရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ခံထားရသော ဘိလပ်မြေနှင့်လည်း အရုပ်လုပ်တတ်သည့် လူတစ်ယောက်ယောက်က ဦးတင်မောင်ဦး၏ အုတ်ဂူမှာ နွားရုပ်သွားလုပ်ထားခြင်း ဖြစ်ပေလိမ့်မည်။

"ဖိုးပြည့်မောင်၊ ဘာစဉ်းစားနေတုံး။ နွားရုပ်ကလေးကိုစိတ်ဝင်စားသွားပြီ"

"စိတ်ဝင်စားသွားတာတော့ အမှန်ပဲကွ။ ကြဲကြဲဖန်ဖန်သွားလုပ်တဲ့လူကိုလည်း ငါအံ့တယ်"

"ဟုတ်ပြီ။ စိတ်ဝင်စားရင် မနက်ဖြန် တို့နဲ့အတူသွားကြည့်ကြရအောင်"

❑

ဖိုးပြည့်မောင်တို့ မြို့နယ်တွင် စရိယ ဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးနှင့် ရွှေတောင်၊ ငွေတောင် ဘုရားကြီးနှစ်ဆူသည် အလွန်အမင်း တန်ခိုးကြီးသည်။ ဓာတ်ရောင်ခြည်တော်များကွန့်မြူးသောကြောင့် လူကြည်ညိုလည်း များ၏။

စရိယ ဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးသည် ရွာများနှင့်နီးပြီး ရွှေတောင်၊ ငွေတောင်ဘုရားကြီးသည်ကား ရွာများနှင့် သုံး၊ လေးမိုင်လှမ်းသည်တောထဲတွင် ဖြစ်၏။ ရခိုင်ရိုးမကြီး၏ တောင်ဆွယ်တွင် တည်သောကြောင့် တောလည်း အတော်အတန်နက်သည်။

တောင်ခြေမှ ခွေးခံချောင်းအမည်ရှိ စမ်းချောင်းကြီးသည် ရွှေတောင်၊ ငွေတောင်ဘုရားကြီး သိတင်းသုံးတော်မူသောတောင်မင်းကြီးကို ပတ်ခွေစီးဆင်းလျက်ရှိပြီး သစ်ကြီးဝါးကြီးများဖြင့်လည်း အုပ်ဆိုင်းနေ၏။ ငှက်သံကျေးသံများဖြင့် ကြည်နူးစဖွယ်လည်းကောင်း၏။

ထို့ကြောင့် ဖိုးပြည့်မောင်တို့ ဘုန်းကြီးကျောင်းသားများ ဥပုသ်နေစာဝါနားတိုင်း ရွှေတောင်၊ ငွေတောင် တောကိုသွားကြ၏။ တောသစ်သီးများ ခူးစားကြ၏။ စမ်းချောင်းကြီးထဲဆင်းပြီးလည်း ရေငုပ်ကြ၏။ တစ်နေ့ခင်းလုံး တောထဲတွင် လွတ်လပ်ပျော်ရွှင်စွာဖြင့် နေခဲ့ကြပြီးနောက် ညနေ ညနေပိုင်းတွင် ရောက်မှ တစ်ယောက်ထင်းတစ်တုံးထင်းကာ ကျောင်းပြန်လေ့ရှိကြသည်။

ထိုမိုး၍ ပြန်လာကြပြီးနောက် တောထဲမှထွက်၍ ဘန်ပွေးကွင်းအညာရှိသော ဦးမဲကြီး၏ ဆေးရွက်ကြီးခင်းတို့ ရောက်လျှင် တစ်ထောက်နားကြပြန်သည်။ ဦးမဲကြီးသည် နွေရာသီမှာသာ ဆေးရွက်ကြီးပင်များကို စိုက်ပျိုးပြီး မိုးရာသီမှာ သည်အတိုင်းပစ်ထားသည်။ ထို့ကြောင့် ကွင်းပြင်ကြီးဖြစ်နေသည်။

ဘန်ပွေးကွင်းကို ရောက်လျှင် တစ်ထောက်နားပြီး စမ်းချောင်းထဲမှာ ရေငုပ်ကြပြန်သည်။ ကမ်းပါးပေါ်မှ ထဲသို့ ကျွန်းထိုးချသူကချကြသည်။ တချို့က ငုပ်လိုက်၊ ပေါ်လိုက်၊ အဘုတ်လိုက်တမ်း(မိကျောင်းလိုက်သလို



www.burmeseclassic.com

www.burmeseclassic.com

ကားကြသည်။

ဥပုသ်နေ့တစ်ရက်တည်းတွင်သာ စပါးနှာ၍ အားလပ်ခွင့်ရကြသဖြင့် ရွာသူရွာသားတစ်ခုမှာ အလွတ်ကြီးလွတ်ပြီး အပျော်ကြီးပျော်ကာ ကဲခုံတိုင်းကဲနေကြလေသည်။ ကျောင်းကိုပြန်ရောက်သွားလျှင် ကဲခွင့်ရကြတော့ပေ။ ကဲလျှင်လည်း ဆရာတော်၏ ကြိမ်စကြာက ကျောကုန်းကို ရောက်မည် ဖြစ်၏။ ထို့ကြောင့် အချိန်လေးရနေတုန်း အတိုးချကာကဲနေကြခြင်း ဖြစ်သည်။

"ဟိုက်ကောင်တွေ၊ ဒီမှာကြည့်ကြစမ်း"

သိန်းမောင်က လှမ်းပြောပြီး စပါးတင်တစ်ဆုပ်ကိုကိုင်ကာမြှောက်ပြနေ၏။ ကာပြောမှန်းတော့မသိ။ ထို့ကြောင့် ရွာသူရွာသားတို့လူစု ပြေးလိုက်သွားကြသည်။ အနားသို့ရောက်လျှင် သိန်းမောင်က ပြောသည်။

"ဒါစပါးဖုံးလုံးတွေကွ။ ဆေးရွက်ကြီးခင်းဟိုဘက်ထောင့်စွန်မှာပဲ။ ဦးမဲကြီးစိုက်ထားတာဖြစ်မယ်။ သိပ်ပြီးလည်း မများဘူး။ တစ်ခွက်တည်းပဲ။ လယ်တစ်ကွက်လုံး ကောက်ညှင်းစပါးတွေချည်းလုံးတွေဖြစ်နေကြပြီ"

သိန်းမောင်က ပြောလည်းပြော၊ သူနှတ်ယူလာသော ကောက်ညှင်းစပါးလုံးများကိုခွဲပြီးလည်း အထဲက စပါးနှံလေးများကိုစားပြနေသည်။ ဖုံးလုံးတည်ခါစဖြစ်၍ စပါးနှံလေးများမှာ နုဖတ်ပြီး ပြန်ဖွေးနေသည်။ ဖုံးပြည့်မောင်လည်း လုံးတစ်ခု တောင်းစားကြည့်သည်။ စားကောင်းပြီးချိုဆိမ့်နေ၏။ ထို့နောက် တစ်ယောက်ပြီးတစ်ယောက် တောင်းစားလိုက်ကြ၍ သိန်းမောင်ယူလာသော စပါးဖုံးလုံးများကုန်သွားလေသည်။

ထို့နောက် ကောင်းမှန်းသိသွားကြ၍ စပါးခင်းဆီကို တန်းပြေကာ ဖုံးလုံးများကို တစ်ခုပြီးတစ်ခုခွဲစားလိုက်ကြဖြင့် တစ်စိတ်ခင်းမျှရှိသော ဦးမဲကြီး၏ စပါးခင်းလေးကျိုးကြေကာ တစ်ခင်းလုံးဒွက်ပေါက်သွားလေသည်။ စပါးခင်းမှာမရှိသောကြောင့် ထင်တိုင်းကြလိုက်ကြခြင်း ဖြစ်သည်။

ထို့နောက် ရေထပ်ချိုးကာ ထင်းတုံးများကို ကောက်ထမ်းပြီး ပြန်လာကြသည်။ ကျောင်းကို မြင်ရသောနေရာသို့ ရောက်လျှင် ခမောင်းပင်ကြီးအောက်မှာ ထင်းထောက်နားကြပြန်သည်။ အချိန်ကာနည်းနည်းကျန်သေးသည်။ ယခုမှ ညနေ (၅) နာရီခန့်သာရှိဦးမည်။ ထို့ကြောင့် ကျောင်းကိုမဝင်ချင်ကြသေးသည်။

ယခုအချိန်မှာသာ ကျောင်းကို ဝင်လျှင်လည်း ဆော့ကစားနေခွင့်ရမည်မဟုတ်ပေ။ ဆရာတော်ကဖြစ်စေ၊ ကိုရင်ကြီးကဖြစ်စေ တစ်ခုခုခိုင်းစေနိုင်သည်။ ဆရာတော်က အမှိုက်လှည်း၊ မြက်ရှင်းခိုင်းတတ်သလို ကိုရင်ကြီးကလည်း ဆေးထောင်း၊ ပေရွက်ပြုတ် စသည်ဖြင့် ခိုင်းတတ်သည်။

ဖုံးပြည့်မောင်တို့ ကျောင်းက ကိုရင်ကြီးသည်ကား နတ်လိုလို၊ ဓာတ်လိုလို၊ မှော်လိုလို လိုလိုဆရာမျိုးဖြစ်သည်။ လိုလိုဆရာလုပ်ချင်၍လည်း ယခုအသက် (၅၀) ကျော်သည့်တိုင်အောင် ရဟန်းဘောင်ကိုမတက်ဘဲ နတ်၊ ဓာတ်၊ မှော်အလုပ်များကိုလုပ်၍သာနေသည်။ ဆရာတော်က ထိုအလုပ်များလုပ်သည်ကိုမကြိုက်၍ ကျောင်းပေါ်မှာလုပ်ခွင့်မရလျှင် ဇရပ်ကိုသွားလုပ်သည်။

တစ်ခါတစ်ရံတွင် ဇရပ်ပေါ်က မီးရောင်ကိုမြင်၍ ဖုံးပြည့်မောင်တို့သွားပြီး ချောင်းကြည့်ကြရာ ပူး၊ ကပ်၊ ခွာ၊ ထွက်' စသည်ဖြင့် အမိန့်ပေးပြီးနှင်ထုတ်နေသည်ကို တွေ့ရသည်။ တချို့က ကိုရင်ကြီးတကယ်စွမ်းသည်ဟု ပြောကြသည်။ တချို့ကလည်း မစွမ်းဟု ပြောကြပြန်သည်။ ထိုထက်ပို၍လည်း ဖုံးပြည့်မောင်တို့ မသိကြပေ။

ဖုံးပြည့်မောင်တို့သိထားကြသည်မှာ ကိုရင်ကြီးသည် ကျောင်းတိုင်ဆရာတော်နှင့် ယောက်ဖတော်စပ်သူ ဖြစ်သည်။ ထို့ကြောင့် ကိုရင်ကြီးခိုင်းလျှင် ဘာမဆိုလုပ်ပေးသင့်သည်။ ကိုရင်ကြီးနှင့် အဆင်ပြေအောင် ပေါင်းသင့်ရ

မည်။ ကိုရင်ကြီးနှင့် အဆင်မပြေလျှင် အန္တရာယ်ရှိကောင်းရှိလာနိုင်ဟူ၍ ဖြစ်သည်။

ယခု ဖုံးပြည့်မောင်တို့ နားနေကြသော ခမောင်းပင်ကြီးအောက်တွင် ရောမစမ်းအိုင်ကြီးထွန်းလျက်ရှိသည်။ ထို့ကြောင့် စမ်းအိုင်ကြီးထဲ ကျွမ်းထိုးခွရင်း ရေကူးကြပြန်သည်။ သို့သော် ကြာရှည်ကူးခွင့်မရလိုက်ပေ။ ဟိုဘက်တောင်ကမူဆိုက ကိုရင်ကြီးလှမ်းခေါ်သံကိုကြားလိုက်ကြရသည်။

"ဟေးကျောင်းသားတွေ၊ မင်းတို့ကို ဆရာတော်ခေါ်နေတယ်။ အခုချက်ချင်းလာခဲ့ကြစမ်း"

ဖုံးပြည့်မောင်တို့လူစု စမ်းအိုင်ထဲမှပြေးတက်ပြီး ဘောင်းဘီ၊အင်္ကျီများကို ကောက်ဝတ်ကြ၏။

"ဟိုက်ကောင်တွေ၊ ငါပြောတာကိုကြားကြရဲ့လားကွ"

ဟု ကိုရင်ကြီးက နောက်တစ်ကြိမ် အော်ပြောပြန်သည်။

"ကြားပါတယ် ကိုရင်ကြီး၊ အခုလာနေပါပြီ"

ဟု လှမ်းအော်ပြောပြီး ထင်းတုံးများကို ကောက်ထမ်းကာ ကျောင်းဘက်ကို ဦးတည်ပြီး ခပ်သုတ်သုတ်နှင်ကြလေသည်။

ကျောင်းကိုရောက်လျှင် ဆရာတော် ကြိမ်တုတ်ကိုင်ပြီး စောင့်ကြိုနေသည်ကိုတွေ့လိုက်ရ၍ မျက်လုံးပြူးသွားကြလေသည်။ ပြဿနာတစ်ခုခုတော့ရှိနေပြီဟုလည်း နားလည်လိုက်ကြသည်။ ဘာပြဿနာမှန်းတော့မသိ။

ထင်းတုံးများကို ထင်းရုံထဲသွားပို့ပြီး ကျောင်းသားအားလုံး ဆရာတော်၏ ရှေ့မှာတန်းစီ၍ ကျိုကျိုယိမ့်ယိမ့်ထိုင်လိုက်ကြပြီးနောက် ဆရာတော်ကကြိမ်တုတ်ကို ဝှေ့ယမ်းပြီးမေးလေသည်။

"ဟင် - မင်းတို့အားလုံး ဦးမဲကြီးရဲ့ကောက်ညှင်းစပါးခင်းက ဖုံးလုံးတွေကိုခွဲစားခဲ့ကြတယ်ဆို"

ကျောင်းသားအားလုံးပင် ကိုယ့်အပြစ်နှင့်ကိုယ် ငြိမ်ကုပ်နေကြလေ၏။ တုတ်တုတ်မျှပင် မလှုပ်ရဲကြပေ။ ထို့ကြောင့် ဆရာတော်က ကြိမ်တုတ်ကို ဝှေ့ယမ်းပြီးဆက်မေးသည်။

"ငါမေးနေတယ်လေ။ မင်းတို့ ဦးမဲကြီးရဲ့ကောက်ညှင်းစပါးခင်းကို နွားစားစားခဲ့ကြတယ်ဆို မဟုတ်လား"

ဟု ဆရာတော်၏ ရှေ့တည့်တည့်မှာဖြစ်နေသော ဖုံးပြည့်မောင်၏ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ကို ကြိမ်တုတ်နှင့်တို့၍မေးလာသဖြင့် ဖိုးပြည့်မောင်က ကြောက်ကြောက်နှင့် ပြောလိုက်မိသည်။

"မဟုတ်ပါဘူး၊ ဟုတ်ပါတယ်"

"ဒါတောင် မဟုတ်ပါဘူး၊ ဟုတ်ပါတယ် လုပ်နေသေး။ လာခဲ့စမ်း"

"ဖြန်း. . . ဖြန်း. . . "

ဖိုးပြည့်မောင် ကျောကော့သွား၏။ ဤသည်မှာ ခွဲတမ်းရသောကြောင့်ချက် မဟုတ်သေး။ အလိမ်တစ်ဝက်ဖြင့် လျှောက်ထားလိုက်မိ၍ အပိုဆုရသောကြောင့်ချက်မျှသာဖြစ်ကြောင်းကို မကြာခဏ အပိုဆုရနေကျဖြစ်သော ဖိုးပြည့်မောင်သိလေသည်။

"ပိုက်ကောင်တွေ၊ မင်းတို့ငြင်းဖို့တော့ စိတ်မကူးနဲ့နော်။ မင်းတို့ ငါ့ကောက်ညှင်းစပါးခင်း ဝင်စားနေကြတာကို ငါကိုယ်တိုင်မြင်လိုက်ရတယ်ကွ။ ငါက တောင်ပေါ်တက်ပြီး ထွန်ပေါင်ခုတ်နေတုန်းဖြစ်လို့ဝေးနေတာကြောင့် မင်းတို့ကို မဖမ်းလိုက်ရတာ"

အသံကိုကြား၍ ကြည့်လိုက်ကြမှ ဆရာတော်၏နောက်ဘက်ပုဇွန်းကွယ်မှာထိုင်နေသော ကောက်ညှင်းစပါးခင်းရှင်ဦးမဲကြီးကို တွေ့လိုက်ကြရလေသည်။ ထို့ကြောင့် မငြင်းသာတော့။

"ဟင် - မင်းတို့ ဘုန်းကြီးကျောင်းသားဖြစ်ပြီး အဲလောက်ထိ ယုတ်မာကြရသလား။ သူများစပါးကို ဖျက်ဆီးရင် နွားဖြစ်တတ်တယ်ဆိုတာကော မသိဘူးလား။ လာကြစမ်း နွားလောင်းတွေ"

ဟု ပြောပြီး ဆရာတော်က ကုလားထိုင်မှာသွားထိုင်ပြီး ဖိုးပြည့်မောင်မှစ၍ တစ်ယောက်ငါးချက်ရိုက်လေသည်။ ဖိုးပြည့်မောင်မှာ အပိုဆုကိုပါ ထည့်ပေါင်းလျှင် (၇) ချက် ဖြစ်သွား၏။

ထို့နောက် ကိုရင်ကြီးဦးဆောင်ပြီး ကျောင်းသားမိဘများ ကျောင်းပေါ် တန်းတက်လာကြသည်ကို တွေ့လိုက်ရသည်။ ကျောင်းသားမိဘများ ဆရာတော်အား ရှိခိုးဦးချလိုက်ကြပြီးနောက် ဖိုးပြည့်မောင်၏အဖေ ဦးဝေထွန်းဦးက ကောက်ညှင်းစပါးခင်းရှင် ဦးမဲကြီးအား မေး၏။

"ဦးမဲကြီးရဲ့ကောက်ညှင်းစပါးခင်းက တင်းရော်ဘယ်လောက်ရမယ်လို့ ခန့်မှန်းပါသလဲ"

"နှစ်တိုင်း အနည်းဆုံး ငါးတင်းကျော်ခြောက်တင်းတော့ရတာပဲကွ"

"ကျွန်တော်တို့ ကျောင်းသားမိဘအားလုံးက ဦးမဲကြီးရဲ့ ကောက်ညှင်းစပါးတန်ဖိုးကိုပေးလျော်ကြမလို့ပါ"

"အာ - မလုပ်ပါနဲ့၊ မလိုပါဘူး။ ဆရာတော်က ကျောင်းသားတွေအားလုံးကို နောက်အဲလိုမျိုးမလုပ်ရဲအောင် ဆုံးမပြီးပြီပဲ။ ဒီလောက်ဆိုရင် ငါကျေနပ်ပါပြီ။ အလျော်လည်း ငါမလိုချင်ပါဘူး"

ဦးဝေထွန်းဦးက တစ်အောင့်လေး စဉ်းစားလိုက်ပြီး -

"ဦးမဲကြီးရဲ့ စပါးခင်းက နည်းနည်းပါးပါးများပြန်ရနိုင်ပါဦးမလား"

ဟု မေးကြည့်လိုက်သည်။

"ဘယ်လိုလုပ်ပြီး ပြန်ရနိုင်ဦးမလဲကွ။ တစ်ခင်းလုံး ညှက်ညက်ကြေကျွန်ခဲ့တဲ့ဥစ္စာ။ စပါးပင်ဆိုတာ အခုလိုဖုံးလုံးတက်ခိုန်မှာ အင်မတန်နုတာပဲ။ ဒါကြောင့် တစ်ခင်းလုံး ညှက်ညက်ကြေပြီး ပွက်ပေါက်ကျန်ခဲ့တာဆိုတော့ အပင်တောင်မကျန်တဲ့ဟာ ဘယ်ကအသီးရတော့မှာလဲ"

"ဟုတ်ပြီလေ၊ ဒီလိုဆိုရင်လည်း ဦးမဲကြီးရဲ့ ကောက်ညှင်းစပါးတန်ဖိုးကိုတော့ ကျွန်တော်တို့ ပေးလျော်ပါရစေ။ ဦးမဲကြီးလက်ခံပါ"

"မလုပ်နဲ့လေကွာ၊ ငါအလျော်မလိုချင်ဘူး။ ကျောင်းသားတွေကို ဆရာတော်ဆုံးမပြီးပြီပဲ။ ဒီလောက်ဆိုရင် တော်ရော့ပေါ့"

ဦးဝေထွန်းဦးက အခြားကျောင်းသားမိဘများဘက် တစ်ချက်လှည့်ကြည့်ပြီးဆက်ပြောသည်။

"ဦးမဲကြီးက အလျော်မလိုချင်ဘူးဆိုပေမယ့် ကျွန်တော်တို့ကတော့ ပေးမှာပဲ။ စပါးနဲ့ပတ်သက်လာရင် ကြောက်တယ်ဗျ။ သူများစပါးကို ဖျက်ဆီးရင် နွားဖြစ်တတ်တယ်ဆိုတာလည်း လူတိုင်းသိကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့သားတွေကိုတော့ နွားဖြစ်မခံနိုင်ဘူး။ ဦးမဲကြီးရဲ့စပါးကို ဖြစ်တဲ့နည်းနဲ့ လျော်မှာပဲ။ ဦးမဲကြီးလက်ခံပါ"

ဦးမဲကြီးက ခေါင်းကိုသာတွင်တွင်ယမ်းခါ၍နေလေသည်။ ထို့နောက် -

"မယူဘူး။ ငါအလျော်မလိုချင်ဘူး"

ဟု အပြတ်ငြင်းသည်။

ဦးဝေထွန်းဦးသက်မတစ်ချက်ကို ချလိုက်သည်။ ဦးမဲကြီးကိုလည်း စိုက်ကြည့်သည်။ ထို့နောက် မေးလိုက်သည်။

"ဦးမဲကြီးအဲလောက်ထိဘာကြောင့် ခါးခါးသီးသီး ငြင်းနေရတာလဲ။ ဦးမဲကြီး ငြင်းနေပုံကိုထောက်တော့ အကြောင်းတစ်ခုခုရှိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ဒါကြောင့် ဦးမဲကြီး ငြင်းရတဲ့အကြောင်းကို ကျွန်တော်တို့ပြောပြပါ"

"မင်းကပြောပါဆိုတော့လည်းပြောရတော့မှာပေါ့။ ငါလည်း မင်းတို့လိုပဲ စပါးနဲ့ပတ်သက်လာရင် ကြောက်တယ်။ ဒါကြောင့် မင်းတို့က ခန့်မှန်းပြီးပေးလို့ ငါဘက်ကိုသာပိုပါသွားရင် စပါးတစ်စေ့ချင်း ငါနွားဖြစ်ရတော့မှာပေါ့။ အဲဒါကို တွေးပြီးကြောက်တဲ့အတွက် ငါအလျော်မယူတာပါ။ ဒီတော့ မင်းတို့ အဲလောက်ထိသာ အလျော်ပေးချင်နေကြရင် ငါတင်းရေတစ်ဝက်လောက် လျှော့ပြီးယူမယ်။ မင်းတို့ပေးကြ"

"ဟာ - ဦးမဲကြီး၊ ခင်ဗျားလူကြီးလူကောင်းတစ်ယောက်လုပ်နေပြီး အဲလောက်ထိ ကျွန်တော်တို့သားလေးတွေကို မရက်စက်သင့်ဘူးဗျ။ ဦးမဲကြီးပြောသလိုသာ ကျွန်တော်တို့ကလျှော့ပြီးပေးလိုက်ရင် လျော့နေတဲ့စပါးလုံးရေအတိုင်း ကျွန်တော်တို့သားလေးတွေ နွားဖြစ်ကြရတော့မှာပေါ့။ ဒါကြောင့် ဦးမဲကြီးပြောတဲ့ လျှော့ပြီးအလျော်ပေးမယ့်ကိစ္စကို ကျွန်တော်တို့ဘက်က လုံးဝလက်မခံနိုင်ဘူးဗျ"

နှစ်ဦးနှစ်ဖက်အလျော်အစားကိစ္စကြီး ရှင်း၍မရဖြစ်နေသည်ကို မှတ်မိမှတ်ပြီး နားထောင်နေရာမှ ဆရာတော်က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး ဝင်ပြောသည်။

"ကိုင်း - ဒီကိစ္စကို ဒကာကြီးတို့အချင်းချင်းပြောနေကြလို့ ပြီးပြေမှာမဟုတ်ဘူးထင်တယ်။ ဒီတော့ ဘုန်းကြီးဆုံးဖြတ်ပေးတာကို ဒကာတို့လက်ခံကြမလား။ လက်ခံကြမယ်ဆိုရင်တော့ ဒကာတို့ရဲ့ စပါးမှုခင်းကို ဘုန်းကြီးလှည့်ကြည့်ပါ။ ပြီးမှဆုံးဖြတ်ပေးပါ့မယ်။ မလှည့်ဘဲ ဆုံးဖြတ်လို့တော့ အဆင်ပြေမှာမဟုတ်ဘူး။ ကိုယ်ပိုင်ဥစ္စာမဟုတ်တာကို ဝင်ဆုံးဖြတ်လိုက်လို့ မှားသွားရင် ဘုန်းကြီးမှာလည်း ဝိနည်းအာပတ်ရှိတယ်ဗျ"

"ဆရာတော်ကသာ အဆင်ပြေသလို ဆုံးဖြတ်ပေးမယ်ဆိုရင် တပည့်တော်တို့ လက်ခံပါတယ်ဘုရား။ ကြောင့် ဆရာတော်အမိန့်ရှိတဲ့အတိုင်း တပည့်တော်တို့ရဲ့ စပါးမှုခင်းကို လှည့်ပါတယ်"

ဟု တညီတညွတ်တည်း လျှောက်ထားလိုက်ကြ၏။

"ဟုတ်ပြီ၊ ဒီလိုဆိုရင် ခုတော့ ဒကာမဲကြီးပြောတာမှာ အဲဒီလိုခင်းဟာ ငါးတင်းကျော် ပြောက်တယ်



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ထွက်တယ်လို့ပါတယ်။ ဒါကြောင့် ငါးတင်းနဲ့ ခြောက်တင်းအကြားမှာပဲ ကျောင်းသားမိဘတွေက ငါးတင်းခွဲတန်ဖိုးကို ဦးမဲကြီးအား ပေးလျော်ကြပါ"

"သင့်မြတ်လှပါပေတယ် ဘုရား" ဟု ဆိုကာ ကျောင်းသားမိဘများ ခေတ်ကာလကောက်ညှင်းစပါးဆန်ကောင်းစေး တစ်တင်းလျှင် သုံးကျပ်နှုန်းဖြင့် ငါးတင်းခွဲတန်ဖိုးကို ပေးလျော်လိုက်ကြသည်။ ဦးမဲကြီးက ထိုငွေကိုပင်လျှင် ကျောင်းခံမယူရဲဘဲ ဆရာတော်ကိုသာ ကျောင်းမှာ ဝေယျာဝစ္စသုံးရန်အတွက်' ဟု လျှောက်ထားကာ ပေးလှူလိုက်လေသည်။ သို့မှ နှစ်ဦးနှစ်ဖက်လည်း သံသယဖြေရှင်းရန်လည်းကင်းသွားကြလေသည်။

ဖိုးပြည့်မောင်တို့အရပ်တွင် စပါးနှုန်းတံသက်လာလျှင် ထို့မျှအထိပင် ကြောက်တတ်ကြ၏။ စပါးနှင့်ပတ်သက်၍ ဘရားလုပ်တတ်သူ၊ အလေးတင်းဆောင်သူများကိုလည်း အလွန်အမင်း ရန်ကြီး၏။ ဤဇာတ်လမ်း၌ ဇာတ်ဆောင်ဖြစ်သော ဦးတင်မောင်ဦးသည်ကား ဖိုးပြည့်မောင်အရပ်ဒေသခံမဟုတ်ပေ။

❑

ရွာကြီးသလောက် သခ္ဓိုင်းကုန်းကြီးသည်လည်း ကျယ်ပြန့်၏။ တစ်ဖက်နှင့် လယ်ကွင်းပြင်ကြီးရှိပြီး တစ်ဖက်နှင့် တောင်ကုန်းတန်းကြီးရှိသည်။ ထိုလယ်ကွင်းကြီးနှင့် တောင်ကုန်းတန်းကြီးအလယ် တောင်ခြေတွင် သခ္ဓိုင်းကုန်းကြီး တည်ရှိသည်။

သစ်ပင်ကြီးများဖြင့်အုပ်ဆိုင်းနေသည်။ သခ္ဓိုင်းကုန်းကြီးနှင့် ရွာအကြားတွင် ဧရာမလယ်ကွင်းကြီးခြားထား၍ သခ္ဓိုင်းကုန်းကြီးမှာ အော်မကြားခေါ်ကြားလောက်အောင်ပင် ဝေးနေသောကြောင့် တောနက်တစ်နေရာဟူ၍ပင် ဆိုဆိုနိုင်လေသည်။

ဖိုးပြည့်မောင်တို့လူစု သခ္ဓိုင်းကုန်းသို့ ဝင်လာကြသည်။ သခ္ဓိုင်းကုန်းထဲတွင် လူသေကိုမြှုပ်နှံထားသည့်မြေပုံများအစစ်၊ အဟောင်းစိ၍ရှိနေလေ၏။ အလောင်းသစ်များကို သင်္ဂြိုဟ်ရန် မြေတူးရာ၌ ရှေ့ကသင်္ဂြိုဟ်ထားကြသော မြေပုံဟောင်းများကို ထပ်တူးမိ၍ဆင်းသည်။ ဒူးရိုး၊ ပေါင်ရိုး၊ နံရိုး၊ ဦးခေါင်းခြောက်များ ဦးခေါင်းခွံများ ဟိုတစ်ခုသည်ဆီ ပြန့်ကျဲနေသည်ကို တွေ့ရသည်။ တကယ့်တရားရစရာကြီးပင် ဖြစ်နေလေ၏။

အုတ်ဂူများမှာ တောခြေဘက်မြေမြင့်ပိုင်းတွင်သာ ဖြစ်သည်။ ပုံစံအမျိုးမျိုး၊ လက်ရာအမျိုးမျိုး၊ ကမ္ဘည်းစာအမျိုးမျိုးဖြင့်ရှိနေကြသောအုတ်ဂူများမှာလည်း တကယ့်ရွာကြီးတစ်ရွာ၊ မြို့ကြီးတစ်မြို့သဖွယ်ရှိနေလေသည်။

တချို့အုတ်ဂူများမှာ မကြာသေးမီကမှ သင်္ဂြိုဟ်ထားဟန်ရှိသည်။ အသစ်စက်စက်ရှိနေသည်ကို တွေ့ရသည်။ ပန်းစည်း၊ ပန်းခွေများရှိနေသည်ကိုပင် တွေ့ရသေးသည်။ တချို့အုတ်ဂူများမှာ ရေညှိများပတ်ကာ အိုဟောင်းနေပြီး တချို့ အုတ်ဂူများမှာမူ ပြန်လည်ပြုပြင်ကာ ထုံးသုတ်ထားသည်ကိုလည်း တွေ့ရသည်။

တကယ့်ချောက်ချားစရာကြီးပင် ဖြစ်သည်။ ဤနေရာကို မည်သည့်အချိန်မည်သည့်ခုနှစ်မှ စတင်၍ သခ္ဓိုင်းကုန်းအဖြစ်သတ်မှတ်ပြီး အသုံးပြုလာကြသည်ဟု တိတိကျကျ မသိနိုင်သော်ကြောင့် လူသေအကောင်ပေါင်း မည်မျှအထိပင် သင်္ဂြိုဟ်ခဲ့ကြသည်ကို မသိနိုင်ကြသလို ကလေး၊ လူပျို၊ အပျို၊ လူလတ်၊ လူအို၊ အဘိုး၊ အဘွားအရွယ်အမျိုးမျိုးတို့၏ အလောင်းများကိုလည်း ရေတွက်နိုင်ကြမည်မဟုတ်ပေ။

ဖိုးပြည့်မောင်သည် မြေပုံများ၊ အရိုးစုများ၊ အုတ်ဂူများကိုကြည့်ရင်း သက်မတစ်ချက်ကိုချလိုက်မိသည်။ ထို အခိုက်မှာပင် သာအောင်က ဖိုးပြည့်မောင်၏လက်ကို ဖွဖွလေးကိုင်ကာ-

"လာ - ဦးတင်မောင်ဦးရဲ့အုတ်ဂူဟိုဘက်မှာ"

ဟု ပြောပြီးခေါ်သည်။

ထို့နောက် သူငယ်ချင်းတစ်စု ဦးတင်မောင်ဦး၏ အုတ်ဂူရှိရာဘက်ကို လျှောက်သွားကြသည်။ သာအောင်က အုတ်ဂူတစ်ခုရှေ့မှာ ရပ်လိုက်ပြီး-

"ဒီမှာလေ"

ဟု လက်ညှိုးထိုးပြသည်။

ဖိုးပြည့်မောင် စကားမဆိုဘဲ တစ်အောင့်ကြာအောင်ပင် စိုက်ကြည့်နေမိသည်။ နွားရှပ်ဟုဆိုသော်လည်း တစ်ကောင်လုံး မဟုတ်ပေ။ ခေါင်းပြတ်လေးမျှသာ ဖြစ်၏။ အရှုပ်လုပ်တတ်သူ တစ်ယောက်ယောက်က ဘီလပ်မြေဖြင့် ထုလုပ်ထားခဲ့ခြင်း ဖြစ်သည်။ နွားရှပ်ခေါင်းပြတ်လေး၏ အောက်မှာလည်း စာရေးထားသည်။

စပါးကိုစား၍ နွားဖြစ်သည်။
ဟူ၏။
ထို့နောက် -
ဤနွားခေါင်းကို ဖျက်ဆီးသူအား ငရဲပြည်သို့ပို့မည်။

ပုံ/
ယမမင်းကြီး

ဟုလည်း ရေးထားသေးသည်။

ဦးတင်မောင်ဦးအပေါ် နာကြည်းမှုသုတစ်ယောက်က ထိုသို့ပြုလုပ်ပြီး စာရေးထားခဲ့ခြင်းပင် ဖြစ်ပေလိမ့်မည်။ ဦးတင်မောင်ဦး သက်ရှိထင်ရှားရှိနေစဉ်က မကျေနပ်မှုများရှိသော်လည်း မတော်လှန်နိုင်ခဲ့၍ ယခုအခွင့်ရသောအခါ လက်စားချေခြင်းသဘောဟုလည်း ဆိုနိုင်မည်ဟုထင်သည်။

"အတော့်ကို ကြံဖန်လုပ်ကြတာပဲကွာနော်"

ဟု သိန်းမောင်က နွားခေါင်းပြတ်လေးကိုကြည့်ရင်းပြော၏။

"လူဆိုတာ အနာဂတ်ရှိတယ်။ ထင်ရာစွတ်မလုပ်ကြနဲ့ဆိုတာ ဒါမျိုးပေါ့ကွာ။ ဦးတင်မောင်ဦးဟာ သက်ရှိထင်ရှားရှိတုန်းက လယ်သမားတွေအပေါ်မှာ ရက်ရက်စက်စက်လုပ်ထားခဲ့ဖူးလေတော့ အခု သူ့ဆီမှာခံထားရတဲ့ တစ်ယောက်ယောက်က သူ့ကိုပြန်လုပ်လိုက်ပြီးပေါ့။ အခုတော့ သူဘာမှမတတ်နိုင်တော့ဘူးလေ"

"ဒါမင်းဘယ်သူ့လက်ရာလို့ထင်သလဲ။ မင်းတပည့်ထဲက တစ်ယောက်ယောက်များဖြစ်လေမလား"

ဖိုးပြည့်မောင်ခေါင်းခါလိုက်၏။

"ငါ့တပည့်တွေထဲကတော့ မဖြစ်နိုင်ဘူးဗျ။ ငါ့တပည့်တွေရဲ့ လက်ရာသာဆိုရင် ငါတန်းသိပါတယ်။ ဒါ ဦးတင်မောင်ဦးကို အတော်လေး မကျေနပ်ဖြစ်ပြီး နာကြည်းနေကြတဲ့လူတွေထဲကတစ်ယောက်ယောက်လုပ်ထားခဲ့တာပဲဖြစ်မှာပါ။ အပါယ်တို့၊ သံသရာတို့ကို ထားပါဦး။ အခု ပစ္စုပ္ပန်မှာပင် တကယ့် သားစဉ်မြေးဆက် ခေါင်းမော့နိုင်လောက်အောင်အထိ အပြောခံကြရမယ့် ပေးဆပ်ခြင်းမျိုးပဲကွာ"

မင်းဇင်နိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းသော်

## တာမလွန်ရွာကိုဆောက်ခိုင်းခြင်း

မိုးရာသီရောက်တော့မည်ဆိုသည်နှင့် လယ်သမားများ အလုပ်များတော့သည်။ ထွန်ယက်စိုက်ပျိုးရန်အတွက် ပြင်ဆင်ကြရသည်။ ထိုထက်အရေးကြီးသည်မှာ နေအိမ်ပြုပြင်ရန်ကိစ္စဖြစ်သည်။ အိမ်ပြုပြင်ရာတွင် မိုးမကျမီ အိမ်အမိုးကို ပြီးပြီးအောင် ဆောင်ရွက်ထားရသည်။ အိမ်အမိုးမပြုပြင်နိုင်ပါက မိုးရွာသည်နှင့် နေစရာမရှိအောင် ခက်ခဲရောက်ရတတ်သည်။ လှမောင်သည် အိမ်မိုးရန်ကြွယ်ခဲသည်မှာကြာခဲပြီ။ သက်ကန်ကာလလွန်မြောက်သည်နှင့် အိမ်မိုးဖျင်နေသည်။ လိုအပ်မည့်ဝါးများခုတ်ရန် တောတက်ဖျင်သော်လည်း အဖော်မရှိ၍ မသွားနိုင်ခဲ့ပါ။ သူငယ်ချင်းများကိုအကူအညီခေါ်သော်လည်း အားလုံးမအားမလပ်ရှိနေကြ၍ တောသို့သွားရန်ကော်နေသည်။ ဤခုတ်ရန်တွင် မကျည်နိုင်သည့်တိုင် လှည်းစောင့်နွားကြည့်ထားဖော်ရလျှင်ဖြစ်ပါသည်။ လှမောင်သည် အိမ်ထောင်ကျမှ အဖေ့အိမ်ကဆင်းကာ အဖေအိမ်တော်တွင် အိမ်ဆောက်နေခဲ့သည်။ အဖေနှင့် အတူနေသည့် အသက် (၁၉)နှစ်အရွယ် ညီငယ်လှဆောင်ရှိသည်။ လှဆောင်က တောသို့လိုက်ချင်နေသည်ကို သိသော်လည်း အဖေ့ကိုမပြောရဲသဖြင့် ငြိမ်နေရသည်။

"တောကို မရောက်ဘူးလို့ပါ အစ်ကိုရယ်။ အစ်ကိုတောသွားရင် ကျွန်တော့်ကိုခေါ်ပေမဲ့ပါ"

လှဆောင်က တဖွဖွတောင်းဆိုနေသော်လည်း အဖေက လုံးဝခွင့်မပြုပါ။

"လှဆောင်က ရှင်ပြုတော့မယ်ဆဲဆဲ တောကိုမထည့်နိုင်ဘူး"

အဖေက ပြတ်သားစွာပြောသော်လည်း လှဆောင်က စိတ်မလျှော့ဘဲ တောသို့လိုက်ရန် ကြိုးစားနေသည်။ လှဆောင်၏ ကြိုးစားမှုကြောင့် နောက်ဆုံး အဖွောင့်ပြုခဲ့ရသည်။ ခွင့်ပြုသော်လည်း လှမောင်ကို အထပ်ထပ်မှာကြားပါသည်။

"လှဆောင်ကို ဂရုစိုက်နော်။ ဒီကောင်က အဆော့သန်တယ်။ တောထဲတောင်ထဲသွားတာလွယ်တာမဟုတ်ဘူး။ မလုပ်သင့်တာတွေမလုပ်မိစေဖို့ အရေးကြီးတယ်။ တောကနတ်ကြီးတော့ ဒါကမထည့်ချင်ဘူး။ ဗါဒေမယ့် လှဆောင်က သိပ်လိုက်ချင်နေလို့ ခွင့်ပြုရတော့၊ မင်း တာဝန်ယူနိုင်ရင်ခေါ်သွား။ လှဆောင် တစ်ခုခုဖြစ်လာရင် မင်း ငါနဲ့ တွေ့မယ်"

လှမောင်က တာဝန်ယူကြောင်း အကြိမ်ကြိမ်ဖြေပြောမှ လှဆောင်လိုက်ခွင့်ရသည်။ လှဆောင်လိုက်မည်ဖြစ်၍ လှမောင်က တောသို့တက်ရန်ပြင်ဆင်ရတော့သည်။

နွားလည်းဖြင့် နံနက်သုံးနာရီတွင် ရွာမှထွက်ခဲ့ကြသည်။ မိုးလင်းမှတောစပ်သို့ရောက်ပါသည်။ သစ်ဝါခုတ်သူများသောကြောင့် ဝါးကိုပင် တောစပ်၌မရနိုင်တော့ဘဲ တောနက်အထိသွားရသည်။ တောင်ကုန်းတစ်ခုပေါ် သို့ လှည်းကိုမောင်းပြီး ရပ်နားလိုက်သည်။ နွားများကို မြက်ရှိသည့်နေရာတွင်ချည်ထားလိုက်သည်။ လှဆောင်က တယ်မသွားရန်၊ လှည်းနားတွင်နေရန် အထပ်ထပ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီးမှ ဝါးပေါါသည့်တောင်အောက်သို့ဆင်းခဲ့ ပြီး စိတ်ကြိုက်ဝါးများကိုခုတ်ယူသည်။ နေမွန်းတည့်ချိန်တွင် လိုအပ်သော ဝါးအရေအတွက်ရပြီဖြစ်၍ သောင်းက လှည်းစခန်းသို့ပြန်လာပြီး အစ်ကိုနှစ်ယောက် ထမင်းထုပ်များကို ကျွေးကြသည်။ လှဆောင်မှာ တောင်ထမင်းစားရ၍ အလွန်မြိန်နေကြောင်းတွေ့ရသည်။ ထမင်းစားပြီးနောင့် ခုတ်ထားသောဝါးများကို လှည်းဆီသို့ သယ်ယူရတော့မည်။ သောင်း ဝါး သယ်နေစဉ် လှဆောင်က သောင်းပေါ် တက်ချင်ကြောင်း ပြောပါသည်။

"အစ်ကို၊ ဟိုတောင်ကုန်းအမြင့်ပေါ် တက်ကြည့်ချင်တယ်"

"မတက်ပါနဲ့ ညီလေးရာ။ တောင်ကမတ်စောက်တယ်၊ တက်လို့မလွယ်ဘူး"

"ခဏလေးပါ အစ်ကိုရယ်၊ ချက်ချင်းပြန်ဆင်းခဲ့ပါမယ်"

"မတက်ရဘူး၊ အဖေက မင်းရှင်မပြုခင် အမြင့်မတက်ရဘူးလို့မှာလိုက်တာ မင်းလည်းကြားတာပဲ"

လှဆောင် ဘာမှပြန်မပြောဘဲ နားထောင်နေပြီးငြိမ်နေသည်။လှဆောင် မကျေမနပ်ဖြစ်သော်လည်း တောင် တက်ခွင့်မပြုနိုင်ပါ။ လှမောင်သည် ဝါးသယ်ရန်ထွက်ခဲ့သည်။

"ဒီလောက်တက်ချင်ရင် အစ်ကို ဝါးသယ်ပြီးတဲ့အချိန်ထိစောင့်ပါ။ ဝါးသယ်ပြီးရင် အစ်ကိုနဲ့နှစ်ယောက်တောင်ပေါ် တက်ကြတာပေါ့။ ဝါးမြန်မြန်သယ်ပြီးမှ တို့အိမ်ကိုပြန်ရောက်မှာ။ ကဲ - အစ်ကိုဝါးသွားသယ်မယ်။ ဘယ်မှမသွားနဲ့နော်၊ လှည်းနားမှာပဲနေ"

လှမောင်သည် ညီကိုမှာပြီး ဝါးသယ်ရန်ထွက်သွားပါသည်။ လှမောင်သည် ခုတ်ပြီးသောဝါးများကို လှည်းဆီသို့သယ်ရသည်။ မိုးမချုပ်မီ အိမ်ပြန်ရောက်ရန် ဝါးများကိုအားစိုက်၍ သယ်လာသည်။ သယ်လာသည့်ဝါးများကို လှည်းအနီးတွင်စုပုံလိုက်သည်။ ဝါးများချပြီး လှဆောင်ကိုရှာကြည့်ရာ မတွေ့ရသဖြင့် စိတ်ပူသွားပါသည်။

"လှဆောင်ရေ၊ ဟေ့-လှဆောင်"

လှမောင်က အသံကုန်အော်၍ခေါ်သော်လည်း လှဆောင်၏အသံကို မကြားရပါ။

"လှဆောင်ရေ၊ ညီလေး"

လှဆောင်၏ ပြန်ထူးသံမကြားရသဖြင့် စိတ်ပူသည်ထက်ပူရသည်။ လှဆောင် တောင်ပေါ် တက်သွားသည်



www.burmeseclassic.com

www.burmeseclassic.com

ထင်ရသည်။ လှဆောင်နောက်သို့လိုက်ရတော့မည်။ လှဆောင်အတွက် အခွံန်ကုန်ရ စိတ်ပူရသဖြင့် စိတ်ပျက်ရသည်။ လှဆောင်ကိုခေါ် လာမိသည်မှာ မှားလေပြီဟု နောင်တရနေပါသည်။ အဖေက အတန်တန်မှာသဖြင့် လှဆောင်ကိုတွေ့အောင်ရှာရတော့မည်။ တောင်မှာ မတ်စောက်ပြီးမြင့်သဖြင့် တက်ရန်ခက်ခဲပါသည်။ လှမောင် စိတ်ဆိုးဆိုးနှင့် တောင်ပေါ် တက်ခဲ့သည်။ တောင်ပေါ် သို့ ခက်ခက်ခဲခဲတက်ရသည်။

လှမောင် တောင်ပေါ် သို့ရောက်ခါနီးတွင် တောင်ပေါ် ကဖြူဖြူအလုံးကြီး ကျလာသည်ကို ရိပ်ခနဲ တွေ့လိုက်ရ၍ ရင်ထိတ်သွားပါသည်။ သေသေချာချာကြည့်မှ တောင်ပေါ် က လူတစ်ယောက် လိမ့်ကျခြင်းဖြစ်ကြောင်း တွေ့ရသည်။ ပြုတ်ကျသည်ကို သေချာအောင် ထပ်မံကြည့်လိုက်မှ လိမ့်ကျလာသောသူမှာ လှဆောင်ဖြစ်ကြောင်း တွေ့လိုက်ရ၍ ခေါင်းကြီးသွားပါသည်။ အသက်ရှူရပ်မတတ်လန့်သွားသော်လည်း အောက်သို့ကျ၍ မြေပြင်ပေါ် တွင်လဲနေသော လှဆောင်ကို မြင်ရသဖြင့် တောင်ပေါ် မှအမြန်ဆင်းကာ လှဆောင်ကျသည့်နေရာသို့ အပြေးသွားရောက်ခဲ့ပါသည်။ လှဆောင်ဘာမှမဖြစ်ပါစေနှင့်ဟု အထပ်ထပ်ဆုတောင်းနေရသည်။ လဲကျနေသည့် လှဆောင်ကို တွေ့သည်နှင့် ပွေ့ချီလိုက်ပါသည်။

"လှဆောင် ညီလေး လှဆောင်"

လှဆောင်သည် တုတ်တုတ်မျှ မလှုပ်တော့ပါ။ သေသေချာချာကြည့်မှ လှဆောင်အသက်မရှူတော့ကြောင်းသိရသည်။ လှဆောင်အသက်မရှိကြောင်း သိလိုက်သည်နှင့် အဖေ့မျက်နှာကိုမြင်မိသည်။ အဖေကိုဘယ်လိုမျက်နှာပြရမည်နည်း။ လှဆောင်နှင့်ရော၍ သေချင်လောက်အောင် စိတ်ညစ်သွားသည်။ လှဆောင်၏အလောင်းကို ရွာသို့ပြန်၍ သယ်ဆောင်မှာဖြစ်မည်။ လက်ရှိနေရာမှ တောင်ပေါ် လှည်းဆီအရောက်သယ်ရန်ပင်မလွယ်ကူပါ။ သာမန်အခွံန်တွင် ကျော်ပိုး၍ သယ်နိုင်သော်လည်း ယခုလို စိတ်ဓာတ်ကျပြီး ခြေလက်ပင်မသယ်နိုင်လောက်အောင် အားပြတ်နေခွံန် တောင်ပေါ် အထိ မသယ်နိုင်တော့ပါ။ နောက်ဆုံးအကြံရသည်မှာ နွားလှည်းယူပြီး လှည်းပေါ် တင်မှဖြစ်တော့မည်။ ဝါးများကို သည်အတိုင်းထားခဲ့ရမည်ဖြစ်ပြီး နောက်အခြေအနေပေးမှလာသယ်နိုင်တော့မည်။ လှဆောင်၏အလောင်း ရွာသို့ရောက်ရန်အရေးကြီးသည်။ မိုးမချုပ်မီ လှည်းပေါ် ရောက်အောင် စီစဉ်ရတော့မည်။

လှမောင်သည် နွားလှည်းယူရန် တောင်ပေါ် သို့ပြန်တက်ခဲ့သည်။ နွားလှည်းကို လှဆောင်ရှိရာသို့မောင်းလာခဲ့သည်။ လှဆောင်လဲကျနေသည့်နေရာသို့ရောက်သည့်အခါ လှဆောင်သည် လဲကျသည့်နေရာတွင် မရှိတော့သဖြင့် လှမောင် ရင်ထိတ်ပြီး အလွန်အံ့သြသွားပါသည်။ လှဆောင်၏အလောင်းသည် သူနေရာတွင်မရှိတော့ပါ။ လှဆောင်လဲကျသည့်နေရာတွင် သွေးကွက်ကြီးကို သာ တွေ့ရပါတော့သည်။ လှဆောင် အသက်မသေ၍ ထသွားလေသလားဟု စဉ်းစားမိသော်လည်း လှဆောင်သေသည်ကို သူကိုယ်တိုင်တွေ့ခဲ့ပြီးဖြစ်သည်။ ပတ်ဝန်းကျင်ကြည့်သော်လည်း လုံးဝ မတွေ့ရပါ။ တောကောင်ကြီးများ အစာရှာထွက်ရာ လှဆောင်ကိုတွေ့၍ ဆွဲသွားခြင်းလားဟုတွေးနေသော်လည်း အခွံန်မှာ နေမဝင်သေးသဖြင့် သားကောင်ဆွဲသည်မှာဖြစ်နိုင်ခြေမရှိပါ။ တွေးရင်းရွာဖွေရင်း နေဝင်တော့မည်ကိုသတိရလာသည်။ တောထဲတောင်ထဲတွင် နေဝင်သွားပါက တစ်ယောက်တည်းမနေရဲပါ။ ရွာသို့လည်း မပြန်ရဲသဖြင့် အခက်ကြုံရသည်။

နေ့စဉ်မှစဉ်းစားမိသည်မှာ တောစပ်တစ်နေရာတွင် ဘုန်းကြီးကျောင်းသားဘဝက အတူနေခဲ့ဖူးသော သူငယ်ချင်းဂျက်သည် မုဆိုးဘဝ တဲတစ်လုံးနှင့် နေထိုင်သည်ကို သတိရသည်။ ဂျက်တဲတွင် ညအိပ်ပြီး နောက်နေ့ လှဆောင်ကို ဆက်လက်ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။ နွားလှည်းကို ဂျက်၏တဲဆီသို့ မောင်းခဲ့သည်။ ကံအားလျော်စွာ ဂျက်ကို သူ၏တဲတွင် အသင့်တွေ့လိုက်ရသည်။ ဂျက်၏တဲရှေ့တွင် နွားလှည်းကို ရပ်လိုက်ပြီး နွားများကိုလှည်းမှဖြုတ်ကာ သစ်ပင်တွင် ချည်ထားလိုက်သည်။ ထို့နောက် ဂျက်၏တဲပေါ် သို့တက်လိုက်သည်။

"ဟေး - ဂျက်"

"ဟာ - လှမောင်၊ ဒီအခွံန်ကြီး ဘာဖြစ်လာတာလဲ။ ငါဘာကူညီရမလဲ"

"ပြောရရင် မယုံကြည်နိုင်စရာ အလွန်ထူးဆန်းတဲ့အဖြစ်နဲ့ ကြုံခဲ့ရတယ် ဂျက်ရယ်။ ငါညီလှဆောင် တောထဲမှာ တောင်ပေါ် ကကျပြီးသေဆုံးသွားတယ်။ သူ့အလောင်းကိုလှည်းပေါ် တင်ဖို့လှည်းသွားယူပြီးပြန်လာတော့ လှဆောင် မရှိတော့ဘူး၊ ပျောက်သွားတယ်"

"မင်းညီက တကယ်သေတာမှ ဟုတ်ရဲ့လား"

"ငါကိုယ်တိုင်သေတာကို တွေ့ခဲ့တာပဲ"

"မင်းကဘယ်လိုထင်သလဲ၊ မင်းထင်မြင်ချက်ကိုပြောပါဦး"

"တောကောင်ကြီးတစ်ကောင် ကောင်များဆွဲသွားသလားလို့"

"မဖြစ်နိုင်ဘူး၊ ဒီအခွံန်တောကောင်တွေ အစာရှာမထွက်သေးဘူး"

"ဒါဆို ဘယ်လိုဖြစ်နိုင်မလဲ ဂျက်"

"သူပြုတ်ကျတဲ့နေရာနဲ့ပတ်ဝန်းကျင်အခြေအနေကြည့်ပြီးမှ ပြောလို့ရမယ်"

"ဒါဆို အခုသွားကြည့်မလား"

"မနက်မှကြည့်ပါကွာ၊ အခုအခွံန် မသွားသင့်တော့ဘူး။ မနက်ဖြန် ငါလိုက်ပါ့မယ်။ အခု မင်းထမင်းစားလိုက်ဦး ထမင်းအသင့်ရှိပါတယ်"

"ငါစားနိုင်တော့မှာမဟုတ်ဘူး"

"လာကွာ၊ အမြည်းစား။ ချေသားကြော်ရှိတယ်။ မင်းက အရက်မသောက်တတ်တော့ အမြည်းများများသာစား။ ငါ အရက်သောက်ဦးမယ်၊ နောက်နေ့ ငါတို့ လှဆောင်ကိုတွေ့အောင်ရှာကြတာပေါ့"

"လှဆောင်ကိုတွေ့ဖို့ မျှော်လင့်ချက်ရှိပါ့မလား"

"ရှိတာပေါ့၊ တို့ဘုန်းကြီးကျောင်းမှာအတူနေခဲ့တဲ့ ကျော်အံ့ကိုမှတ်မိသေးသလား"

"ကျော်အံ့က သေပြီပဲ"

"အေး-ဟုတ်တယ်၊ မင်းတို့ငါတို့သိထားတာက ကျော်အံ့သေပြီ။ ဒါပေမယ့် တောအောက်က ရွာတစ်ရွာမှာ ကျော်အံ့ရှိနေတယ်"

"ထူးဆန်းလှချေလားကွ"

"အဲဒါကြောင့်ပြောတာပေါ့။ တောထဲမှာ လှဆောင်ကိုမတွေ့ရင် ကျော်အံ့နေတဲ့ရွာအထိသွားရှာကြမယ်။ ကဲ-လာပါကွာ၊ တစ်ခုခုစားလိုက်ဦး။ စားပြီးအိပ်တော့၊ တို့မနက်စောစောသွားကြမယ်"

ဂျက်အရက်သောက်သည့်အေးတွင်ထိုင်ကာ ချေသားကြော်ကို ရေနွေးကြမ်းနှင့်ဝါးလိုက်သည်။ အဆာပြေသည်အထိစားပြီး ထိုနေရာတွင်လဲအိပ်လိုက်သည်။ အိပ်မပျော်ဘဲရှိနေသော်လည်း သန်းခေါင်ကျော်သည်နှင့် အိပ်ပျော်ခဲ့သည်။ အိပ်ဝင်လာသဖြင့် အိပ်ပျော်ခဲ့သည်။ အိပ်

www.burmeseclassic.com

ကာနီးသည့်အခါ မိုးမလင်းသေးသော်
သည်း အရုဏ်တက်နေပြီဖြစ်သည်။
ကြာထမင်းချက်နေသည်ကိုမြင်ရသည်။
"လှမောင် နိုးပြီလားကွ၊ ငါလည်း
ထမင်းချက်နေတာကျက်ပါပြီ"
"ဘာလို့ထမင်းစောစောချက်တာ
တဲ့ကွ"
"မင်းနဲ့ငါလမ်းမှာစားဖို့လေ"
"လမ်းမှာ ဘာမှစားစရာမရှိဘူး
လား"
"ကျတ်ကုန်းရောက်ရင် သူတို့
ဆွေးတာတွေမစားရဲဘူးကွ။ ငါကမုဆိုး
ဆိုတော့ အစားကြမ်းပြီး တွေ့မရှောင်
အကုန်စားပေမယ့် ကျတ်ကုန်းကအစာ
ဟာ့မစားရဲဘူးကွ။ ကဲ-လမ်းမှာအဆာ
မခံအောင် ဆတ်သားခြောက်နဲ့ထမင်းစား
ကြတ်ဦးကွာ"
လှမောင်သည် မျက်နှာသစ်ပြီး
ထမင်းစားလိုက်သည်။ သူတို့နှစ်ယောက်
စားသောက်ပြီးချိန် ရောင်နီလာပြီဖြစ်၍
အိမ်မှထွက်ခဲ့ကြသည်။ တောထဲသို့ဝင်
ကာ လှဆောင်လိမ့်ကျသည့်နေရာ ကျက်
ကိုပြလိုက်သည်။ ကျက်ကသေချာကြည့်
သည်။
"တောကောင်ဆွဲသွားရင် အရာ
ထင်ရမယ်။ အခုဘာလမ်းကြောင်းမှ
တွေ့တော့ လှဆောင်ဟာ သူခြေ
ဆောက်နဲ့သူ လမ်းလျှောက်သွားတာဖြစ်
မယ်။ တစ်ယောက်ယောက်ခေါ်လို့
ထိုက်သွားတယ်လို့ ငါထင်တယ်"
"ဒါဆို လှဆောင်မသေဘူးပေါ့
နော်"
"တိတိကျကျမပြောနိုင်သေးဘူး။
လှဆောင်ကိုမြင်ရမှပြောနိုင်မယ်"
"လှဆောင်ကို ဘယ်သူခေါ်သွား
တာလဲ"
"ကျတ်ရွာက တွေ့တဲ့လူကခေါ်
သွားတာဖြစ်နိုင်တယ်။ အဲဒီရွာရောက်
ရင်မပြန်ချင်တော့ဘူး။ ပြန်ခေါ်ဖို့အလွန်
ခက်တယ်။ သူတို့ရွာမှာပျော်ပြီး သူတို့
ရွာသားဖြစ်သွားတော့တာပဲ။ ဘာပဲဖြစ်
စေ အဲဒီရွာမှာ လှဆောင်ကိုတွေ့ရမယ်
လို့ ငါထင်တာပဲ"
"ဘာပဲဖြစ်ဖြစ် လှဆောင်ကိုတွေ့
ရင် ငါရအောင်ခေါ်ရမှာပဲ။ လှဆောင်
ကို အသက်ရှင်ရက်တွေ့ရပါစေလို့ပဲ ငါ
ဆုတောင်းတယ်"
လှမောင်က ညီကိုတွေ့ချင်၍ ခရီး
ဆက်ချင်နေသည်။ ကျက်က လှမောင်ကို
ကြည့်ပြီး စိတ်မကောင်းဖြစ်၍ စကားပင်
မပြောနိုင်တော့ပါ။ သူတို့နှစ်ယောက်
တောင်ပေါ် သို့တက်စဉ် ရွာမှလာသော
နွားလှည်းနှစ်စီးကို တွေ့လိုက်ရသည်။
"အင်ကို ဒွန်းဝတို့ပါလား၊ ဝါးခုတ်
ရအောင်လာကြတာထင်တယ်"
"ဟုတ်တယ် လှမောင်ရေ၊ ညက
မင်းတို့ညီအစ်ကိုနှစ်ယောက် ရွာပြန်
မရောက်လို့ မင်းအဖေနေထိထိုင်မသာ
ဖြစ်နေတယ်။ ရွာထိပ်မှာ တမျှော်မျှော်
နဲ့ရှိနေတယ်"
"ဟုတ်တယ် အစ်ကိုထွန်းဝေ၊
လှဆောင် တောထဲမှာပျောက်သွားလို့
လိုက်ရှာနေတာ။ အခုအနောက်ဘက်
ကိုသွားကြမလို့။ ဟိုတောင်ခြေမှာ ကျွန်
တော်ရဲ့ဝါးတွေ မသယ်နိုင်သေးဘဲ ဒီ
အတိုင်ပုံထားရတယ်။ လှဆောင်ကိုတွေ့
ဖို့အရေးကြီးလို့သွားပြီ အစ်ကိုရေ"
ရွာသားများကိုနှုတ်ဆက်ပြီး ကျက်
နှင့်အတူ တောင်တက်တောင်ဆင်းလမ်း
များကို ခက်ခဲစွာကျော်ဖြတ်ခဲ့ကြရသည်။
တောင်အမြင့်၏ထိပ်ဖျားသို့ရောက်သည်
နှင့် ချိုင့်ဝှမ်းကြီးတစ်ခုကို ခပ်ပျပျမြင်ရ
သည်။ ကျက်က ထိုနေရာကို လက်ညှိုး
ညွှန်ပြရင်းပြောပါသည်။
"ဟိုမြင်ရတဲ့ချိုင့်ဝှမ်းထဲက ရွာ
ကလေးဟာ ကျတ်ကုန်းပဲ။ ရွာကိုမြင်ရ
တာ ကံကောင်းတယ်၊ ရွာက အမြဲမြင်ရ
တာမဟုတ်ဘူး။ ရွာကိုမြင်ရမှတော့ လှ
ဆောင်ကိုမြင်ရဖို့နီးစပ်ပါတယ်"
"ကျတ်ကုန်းလို့ ဘာလို့ခေါ်တာ
လဲ ကျက်"
"ကျပန်ခေတ်က ကျပန်တွေထွက်
အပြေးမှာ သူတို့ပစ္စည်းတွေသယ်ဖို့
မြန်မာရွာသားတွေကိုခေါ် သွားကြတယ်။
အဲဒီနေရာရောက်တော့ ပါသမျှရွာသား
တွေကို အကုန်သတ်တာပဲ။ သေလိုက်
တဲ့လူတွေ ရာနဲ့ထောင်နဲ့ပဲ။ ဒါကြောင့်
ကျတ်ကုန်းဘက်ကို ဘယ်သူမှသွားရဲ
ကြဘူး။ ကျတ်ဆိုတာ လူယောင်ဆောင်
ပြီး လူသေကို သူတို့ရွာကိုခေါ် သွားလေ့
ရှိတယ်လို့ ကြားဖူးတယ်"
တောင်ကြီးပေါ်က ဆင်းလိုက်
သည်။ ကျတ်ကုန်းရွာကို မှိုင်းညို့ညို့မြင်
ရသော်လည်း တစ်နာရီခန့်လောက်
လျှောက်လိုက်သည်နှင့် ရွာကိုပြတ်ပြတ်
သားသားမြင်နိုင်ခဲ့ပါသည်။ အုန်းပင်များ၊
ကွမ်းသီးပင်များနှင့် စိမ်းစိမ်းစိုစို ရွာ
ကလေးကို မြင်ရတော့သည်။ နေပူရှိန်
ပြင်းလာသော်လည်း လှမောင်မှာ နေပူ
ရှိန်ကိုမမှုသည့်သဘောဖြင့် ရွာကိုရောက်
ရန် အပြင်းလျှောက်နေပါသည်။
"လှမောင်ရေ၊ ရှေ့နားကစမ်း
ချောင်းမှာခဏနားရင်း တို့ထမင်းစား
ကြရအောင်"
"ငါတော့ ရွာကိုရောက်ချင်နေလို့
ထမင်းတောင်မစားချင်ဘူး"
"လာပါကွာ စားလိုက်ပါ၊ ရွာကို
မြင်နေရပြီပဲ။ လှဆောင်ကိုတွေ့ရတော့
မှာပါ"
စမ်းချောင်းဘေးတွင် ခဏနားရင်း
ထမင်းစားလိုက်ကြသည်။ ထမင်းစားပြီး
ခရီးဆက်ရန်ပြင်ဆင်နေစဉ် ကျတ်ကုန်း
ရွာထဲက လူသုံးယောက်ထွက်လာသည်
ကို မြင်နေရသည်။ အနီးသို့ရောက်မှ ထို
လူသုံးယောက်အနက် အလယ်ကလူမှာ
ကျော်အံ့ဖြစ်ကြောင်း သိလိုက်ရသည်။
ကျော်အံ့ကွယ်လွန်သည်မှာ သုံးနှစ်ကျော်
ပြီဖြစ်သော်လည်း ကျော်အံ့ကိုယခင်ပုံစံ
အတိုင်းတွေ့ရသည်။ ကျော်အံ့က စတင်
နှုတ်ဆက်ပါသည်။
"ဟေး - ကျတ်၊ လှမောင်ကို မင်း
ဘယ်ခေါ် သွားမလို့လဲ"
ကျော်အံ့ရှေ့တွင်ရပ်ပြီး ကျတ်က
ပြန်ပြောလိုက်သည်။
"လှမောင်ရဲ့ညီ လှဆောင်ပျောက်
နေလို့ လိုက်ရှာတာပါ။ ရွာထဲမှာ လှ
ဆောင်ကို မင်းတွေ့မိသလား ကျော်အံ့"
"တွေ့တာပေါ့၊ မနေ့ကမှရောက်
လာတာ၊ ရွာအနောက်ပိုင်းက ဦးစံထွန်း
အောင်ရဲ့အိမ်မှာနေတယ်"
"ဒါဆို လှဆောင်ရွာမှာရှိနေတာ
ပေါ့"
"ရှိတယ်၊ ရွာအနောက်ပိုင်းကိုသာ
သွား၊ တွေ့ပါလိမ့်မယ်"
ကျော်အံ့ကိုနှုတ်ဆက်ပြီး လှမောင်
နှင့်ကျတ်တို့ ရွာထဲသို့ဝင်ခဲ့ကြသည်။ ရွာ
အဝင်လမ်းမကြီးမှဝင်ခဲ့ကြရာ လမ်းဘေး
ရှိ နေအိမ်အသီးမှ အိမ်သားများမှာ
မောင်းထောင်းသူများမောင်းထောင်းနေ
သည်ကိုတွေ့ရသည်။ဆန်ပြာသည်မိန်းမ
များက ဆန်ပြာနေကြသည်။ ဆီဆုံပြင့်

www.burmeseclassic.com

www.burmeseclassic.com

ဆီကြိတ်သူက ဆီကြိတ်နေပြီး ကလေးများက သစ်ပင်ရိပ်တွင်ကစားနေကြသည်ကို တွေ့ရသည်။ ရွာသူရွာသားများသည် သူတို့အလုပ်ကိုသာ အာရုံစိုက်၍ လုပ်နေပြီး သူတို့နှစ်ယောက်ကို လှည့်ကြည့်သူပင်မရှိကြပါ။ ရွာအနောက်ပိုင်းတွင် ဝါးတဲကလေးများကို တွေ့ရသည်။ ဂျက်က လမ်းပေါ်တွင်တွေ့သည့် လူငယ်တစ်ဦးအား ဦးစံထွန်းအောင်ကိုမေးရာ လူငယ်က ဝါးတဲတစ်လုံးကို ညွှန်ပြနေသည်ကိုတွေ့ရသည်။ ထိုလူငယ်ညွှန်ပြသောဝါးတဲအိမ်သို့ ဂျက်က ဦးဆောင်၍လျှောက်သွားပါသည်။ ထိုတဲ၏ရှေ့တွင် အဘိုးအိုးတစ်ဦးရပ်နေသည်ကို တွေ့ရသဖြင့် ဂျက်ကမေးလိုက်သည်။

"အဘက ဦးစံထွန်းအောင်ဟုတ်ပါသလား ခင်ဗျာ"

"ဟုတ်ပါတယ်၊ဘာကိစ္စရှိပါသလဲ"

"လှဆောင် ဒီအိမ်ကိုရောက်နေတယ်ကြားလို့လာခဲ့တာပါ။ သူက လှဆောင်ရဲ့အစ်ကို လှမောင်ပါ"

အဘိုးကြီးက လှမောင်ကိုစူးစိုက်ကြည့်နေစဉ် လှမောင်က ပြောလိုက်သည်။

"ကျွန်တော်ညီကိုပြန်ခေါ်သွားပါရစေ"

"သူကပြန်လိုက်မှာမဟုတ်ဘူး"

"ကျွန်တော်ရအောင်ခေါ်သွားမှာပါ"

"ခေါ်လို့ရရင်ခေါ်ပါ"

အဘိုးကြီးက အပြတ်ပြောသဖြင့် လှမောင်နှင့်ဂျက်တို့ တဲပေါ်တက်ခဲ့ကြသည်။ တဲပေါ်တွင် ဝါးတိုင်ကိုကျောမှီ၍ထိုင်နေသော လှဆောင်ကို တွေ့ရသဖြင့် လှမောင်က သူညီကိုခေါ်လိုက်ပါသည်။

"လှဆောင်၊ မင်းအစ်ကိုကိုမှတ်မိရဲ့လား"

လှဆောင်က မှတ်မိကြောင်း ခေါင်းညိတ်ပြသည်။

"အစ်ကိုက ညီလေးကိုလာခေါ်တာ၊ အစ်ကိုနဲ့ပြန်လိုက်မယ်မဟုတ်လား"

လှဆောင်က မလိုက်လိုကြောင်း ခေါင်းခါယမ်းပြပါသည်။

"လာပါညီလေးရာ၊ အဖေက စိတ်ပူနေတယ်၊ ပြန်လိုက်ခဲ့ပါနော်"

လှမောင်က နှုတ်ကပြောရုံသာမက လက်ပါဆွဲခေါ်သည်။ လှဆောင်မှာလုံးဝလိုက်လိုဟန်မရှိဘဲ အတင်းရုန်းကန်နေပါသည်။

"ညီလေး၊ ဒီရွာမှဆွေမျိုးမှမရှိတာမင်းဘယ်သူနဲ့နေမလဲ"

လှဆောင်က ဦးစံထွန်းအောင်ကို လက်ညှိုးညွှန်ပြပါသည်။

"လာပါကွာ၊ တို့ရွာကိုပြန်ကြရအောင်နော်"

လှမောင်က အားနှင့်အတင်းဆွဲခေါ်သော်လည်း လှဆောင်ကခုန်းသဖြင့် တဲပေါ်တွင် ဝုန်းဝုန်းဒိုင်းဖြစ်သွားသည်။ နောက်ဆုံးတွင် လှမောင် လှဆောင်၏လက်ကိုလွှတ်လိုက်ရတော့သည်။ ဦးစံထွန်းအောင်ကို အကဲအညီတောင်းရန် အိမ်ရှေ့သို့ထွက်ခဲ့သည်။

"အဘ၊ ကျွန်တော့်ညီလေး ကျွန်တော်နဲ့ပြန်လိုက်အောင် ကူပြောပေးပါဦး"

"မောင်ရင်ရအောင်ခေါ်နိုင်ရင်ခေါ်ပေါ့။ သူဆန္ဒမပါဘဲ ကျုပ်ကင်္ခ်မပါချင်ဘူး။ ကြည့်ရတာ သူလိုက်မှာမဟုတ်ပါဘူး"

လှမောင်လက်လျှော့ရတော့မည်ဖြစ်သည်။ ဂျက်ကလည်း နေစောင်းနေပြီဖြစ်၍ ပြန်ရန်သတိပေးနေပါသည်။

"တို့ပြန်ကြရအောင်၊ မကြောခင် မိုးချုပ်တော့မယ်။ မိုးချုပ်လို့ နေဝင်ရန် ရွာရဲ့အခြေအနေက ပြောင်းလဲသွားနိုင်တယ်။ နေဝင်ရင် တို့ဒီရွာကထွက်နိုင်တော့မှမဟုတ်တော့ဘူး။ လမ်းခရီးမှာ တောင်တွေကို ဖြတ်ကျော်ဖို့ကရှိသေးတယ်"

"ညီလေးမပါဘဲ ငါမပြန်နိုင်ဘူး ဂျက်"

"အဲဒီလို ခေါင်းမမာနဲ့ လှမောင်။ နေဝင်ရင် တို့နှစ်ယောက်ပြန်လို့ရတော့မှာမဟုတ်ဘူး။ နောက်နေ့ပြန်လာလို့ရနိုင်တာပဲကွာ။ နောက်နေ့မှ လှဆောင်ကိုရအောင်ခေါ်ကြတာပေါ့"

ဂျက်က အတင်းဆွဲခေါ်သဖြင့် လှမောင်ပြန်လိုက်ခဲ့ရသည်။ တဲပေါ်က မဆင်းခင် လှဆောင်ကို နှုတ်ဆက်ခဲ့သည်။

"လှဆောင်၊ မနက်ဖြန် ငါတို့တစ်ခေါက်လာခေါ်မယ်နော်"

လှမောင်နှင့်ဂျက်တို့ ခြံဝင်းမှထွက်သွားသည်ကို ဦးစံထွန်းအောင် စိမ်းစိမ်းကြီးစိုက်ကြည့်နေသည်။ သူတို့နှစ်ယောက်ပြန်သွားသည်ကို လုံးဝကျေနပ်ပုံမရဘဲ ဒေါသဖြစ်နေပုံရသည်။ရွာလယ်လမ်းတစ်လျှောက် လမ်းတစ်ဖက်တစ်ချက် အိမ်ရိုလူများက သူတို့နှစ်ယောက်ကိုဒေါသဖြင့်ကြည့်နေကြသည်ကို သတိထားမိသည်။ ရွာထဲသို့ဝင်လာစဉ်က ဘာသိဘာသာနေပြီး ကိုယ့်အလုပ်ကိုယ်လုပ်နေကြသူများက ယခုရွာမှအေးအေးဆေးဆေး ပြန်ထွက်သွားကြသည်ကို ကျေနပ်ပုံမရကြပါ။ လှမောင်က သူတို့ကိုကြည့်ရင်း ကြောက်နေသဖြင့် ဂျက်က လှမောင်၏လက်ကိုဆွဲ၍ ရွာမှအပြေးထွက်ခဲ့ရပါသည်။ ရွာကထွက်မိမှ ဂျက်သက်ပြင်းချနိုင်တော့သည်။ ရွာအပြင်တွင် ကျော်အံ့ကို အသင့်တွေ့လိုက်ရပါသည်။

"မင်းတို့သိပ်ကံကောင်းသွားတယ်။ နေမဝင်မီ ရွာကထွက်နိုင်လို့ မင်းတို့ဘဝမပြောင်းရတာ၊ နေဝင်တာနဲ့ မင်းတို့ပြန်လမ်းမရှိတော့ဘူး။ ဟိုတုန်းက ဒီရွာကို ကျတ်ကုန်းလို့ခေါ်ကြတယ်။ ဒါပေမယ့် အခု တမလွန်ရွာလို့ခေါ်တယ်။ တမလွန်ရောက်တဲ့လူတွေကို ရအောင်လိုက်စုပြီး ရွာကြီးစည်ကားအောင်လုပ်နေကြတာ။ ငါလည်း အဲဒီလိုနည်းနဲ့ရောက်ခဲ့တာပဲ။ လှဆောင်လည်း ပြန်ဖို့မလွယ်တော့ဘူး။ မင်းတို့နှစ်ယောက် ပြန်ခွင့်ရသွားတာကို တစ်ရွာလုံးကျေနပ်ကြတာမဟုတ်ဘူး။ နောက်တစ်ခေါက် မလာချင်ကြပါနဲ့တော့။ ဒီရွာမှာ အသက်ရှင်တဲ့လူတစ်ယောက်မှမရှိပါဘူး။ နေဝင်တာနဲ့ရွာကြီးပျောက်ကွယ်တော့မယ်။ ငါလည်း ရွာထဲပြန်ဝင်တော့မယ်။ ငါအကြံပေးချင်တာက မင်းတို့ဒီရွာနဲ့ဝေးအောင်ပြေးကြရင်ကောင်းမယ်"

ကျော်အံ့စကားကြောင့် လှမောင်နှင့်ဂျက်တို့ပြေးခဲ့ကြသည်။ မောရမှန်းမသိအောင်ပြေးခဲ့ကြရာ တောထဲရောက်သည်နှင့် နေဝင်သွားပါသည်။ တောနက်ထဲတွင် တောင်ကြီးများကို ခက်ခက်ခဲခဲကျော်ဖြတ်ပြီး ဂျက်၏တဲသို့ ပြန်ရောက်ခဲ့ကြသည်။ တဲရောက်သည်နှင့် ဂျက်က လှမောင်အတွက် ညစာပြင်ဆင်ပေးပြီး သူက အရက်သောက်နေပါသည်။

"လှမောင်၊မင်းလည်းအခြေအနေမှန်ကို ကိုယ်တွေ့မြင်လိုက်ရပြီပဲ။ နောက်ထပ်မသွားချင်ပါနဲ့တော့ကွာ၊ နောက်တစ်ခါသွားရင် ပြန်လမ်းရှိမှာမဟုတ်တော့ဘူး"

"ငါတော့ မနက်ဖြန်ထပ်သွားမှာပဲဂျက်။ လှဆောင်မပါဘဲရွာပြန်လို့မဖြစ်ဘူး။ မင်းမလိုက်လည်း ငါတစ်ယောက်ထဲသွားပြီး လှဆောင်ကို အသက်စွန့်ပြီးမရရအောင်ခေါ်ရမှာပဲ"

လှမောင်ကိုပြောမရတော့သဖြင့် ဂျက်က ဘာမှမပြောတော့ဘဲ အရက်ကိုသာသောက်နေခဲ့သည်။ လှမောင်က



www.burmeseclassic.com

www.burmeseclassic.com

မုဒိတာ (ကျိုက်လတ်)

# လောကီကိစ္စပဟုသုတ

**ဆုန်တိုက် ကုန်စွဲ ပန်းမန်း**

အောက်ပါမန္တန်ကို (၉) ခေါက် ရွတ်၍ ပန်းကိုမန်းပါ။ မန်းပြီးလျှင် ၎င်းပန်းနှင့် ကုန်ပစ္စည်းများ အရောင်းထွက်စေရန် မကြာခဏရိုက်ပေးပါ။

ဥံ - သြဂလိမွာ၊ ဆရာမှန်ထား၊ သိကြားပေးသည့်မန္တရား၊ မိသူဇာ ဆရာမှန်ထား၊ သိကြားပေးသည့် မန္တရား၊ နေမင်းထက်ပေ၊ လမင်းပယ်လေ၊ ဘိမ်မင်း-ဆိုက်-ဆရာ-ဆိုက်။

**သားဖွားရေမန်း**

မီးမဖွားနိုင်ပါက ၎င်းမန္တန်နှင့်ရေကိုမန်း၍တိုက်ပါ။

ဘုရားမြတ်စွာ၊ သဲတော်ပါ၏၊ နှင့်အိမ်သစ်ခေါင်း မအောင်းရရာထွက်ဆရာထွက်။ ။

ရေကို (၃၇) ခေါက် ဤမန္တန်နှင့် မန်းရွတ်ပြီးတိုက်ပါ။

**အကြောတင် ဆီမန်း ချောင်းဆိုး-အပင်းချ ထုံးနန္ဒင်းမန်း**

ဥံ ခြေမှာ နဂါး၊ ခါးမှာ ဂဠုန်၊ ရင်မှာ ငြဟ္မာ၊ ကိုယ်မှာသိကြား၊ ဘုရားမြတ်စွာ၊ ထိပ်ထက်ပါ၏၊ ပြေ ဆရာ ပြေ။ ။

ဆီဖြစ်စေ၊ ထုံးနန္ဒင်းဖြစ်စေ (၃၇) အုပ်မန်း၍ လိမ်းပါ။

**ကုန်ရောင်းကုန်ဝယ်ရွတ်သွားရန်**

အာရောစ ယာစန္ဒဂန္ဓော၊ ကာယ ဝတ္တာ၊ ရာဇာပိယံ။

ကွဒိန္နံ စတုမေဝ၊ ကွဒံ မန္တသ္မာ၊ အာနုဘာဝေါ။ ။

(ခြောက်ကြိမ်ရွတ်ပြီးမှသွားပါ။)

မုဒိတာ (ကျိုက်လတ်)

---

ကြည်း စကားမပြောတော့ဘဲ လဲအိပ်လိုက်သည်။

နောက်နေ့ လှမောင် စောစောနိုးလာသည်။ ဂျက်ထမင်းချက်နေသည်ကို မြင်နေရသည်။ လှမောင်သည် မျက်နှာသစ်ပြီး ခရီးထွက်ရန်ပြင်လိုက်သည်။

"ဂျက်ငါသွားတော့မယ်"

"မင်းတစ်ယောက်တည်းဘယ်ဖြစ်မလဲ ငါပါလိုက်ပါမယ်။ခဏသာစောင့်"

အားလုံးပြင်ဆင်ပြီးသည်နှင့် နှစ်ယောက်သားထွက်ခဲ့ကြသည်။ တောသို့အင် တောစပ်တစ်နေရာတွင် နောက်မှ ခေါ်သံကြောင့် လှမောင် လှည့်သွားပါသည်။

"ဟေ့ကောင် လှမောင်"

လှမောင်သည် အဖေ့ကိုတွေ့သိုက်၍ ရွတ်တရက်လန့်သွားပါသည်။

"လှဆောင်ကိုသွားခေါ်မလို့ပါ"

"လှဆောင်က ဘယ်မှာလဲ"

"လှဆောင်ကို မနေ့ကတမလွန်ဆွမ်းတွေ့ခဲ့တယ်။ မနေ့ကခေါ်တာမရသို့ ဒီနေ့တစ်ခေါက်ပြန်သွားတာပါ"

"မနေ့က ထွန်းလှပြောလို့ အကြောင်းစုံ ငါသိပြီးပြီ။ လှဆောင် ကျတ်ကုန်းဘက်ကိုရောက်နေမယ်ထင်လို့ ဒီဆရာကြီးကို ပင့်လာခဲ့တယ်။ အထက်ဂိုဏ်းဆရာဆိုတော့ ကျတ်ကို နိုင်တယ်"

"ဒါဆို အဆင်ပြေတာပေါ့ အဖေ။ လှဆောင်ကိုတွေ့ပါလျက် ခေါ်လို့မရခဲ့ဘူး။ ဆရာကြီးပါရင်တော့ ခေါ်လို့ရမှာသေချာတယ်"

ထို့နောက် လေးဦးခရီးဆက်ခဲ့ကြသည်။ လှဆောင်လိမ့်ကျသောနေရာကို ပြသပြီး အဖြစ်အပျက်များကို အသေးစိတ် ပြောပြလိုက်ပါသည်။ လှမောင် ပြောသည်ကို ဆရာကြီးက နားထောင်နေသော်လည်း ဝင်ရောက်ပြောဆိုခြင်း မပြု။ လမ်းကျွမ်းသောဂျက်က ဦးဆောင်သွားသဖြင့် ခရီးတွင်ပါသည်။ တောနက်ကိုဖြတ်ကာ တောင်များကိုကျော်ပြီး တောင်မကြီးထိပ်သို့ရောက်ခဲ့ကြသည်။ တောင်ထိပ်သို့ရောက်သည်နှင့် ကျတ်ကုန်းရွာကိုပြချင်နေသဖြင့် အဖေ့အနီးသို့ လှမောင်ကပ်လိုက်သည်။ အဖေကို ပြရန်ကြည့်လိုက်သော် ကျတ်ကုန်းရွာကို လုံးဝမတွေ့ရတဲ့ ရေပြင်ကျယ်ကြီးကိုသာ တွေ့လိုက်ရပါသည်။

"အဖေ၊ မနေ့ကတွေ့ခဲ့ရတဲ့ကျတ်ကုန်းကို အခုမတွေ့ရတော့ဘူး"

ဂျက်က ရေပြင်ကျယ်ကြီးကို ကြည့်၍ အားလုံးကို ရှင်းလင်းပြောပြပါသည်။

"ကျတ်ကုန်းက ပေါ်ချင်ပေါ်လာသလို ပျောက်ချင်လည်းပျောက်သွားတတ်ပါတယ်၊ မနေ့က ကံအားလျော်စွာ ကျတ်ကုန်းရွာကို တွေ့ခဲ့ရတာပါ။ ဒါကြောင့် လှမောင်ကိုထပ်မသွားဖို့ တားပါသေးတယ်၊ သူကိုတားမရလို့ လိုက်ပို့ရတာပါ"

ဂျက်၏စကားကြောင့် အားလုံးစိတ်ပျက်သွားကြပါသည်။ ဆရာကြီးက ကျတ်ကုန်းရွာဆီသို့ကြည့်ပြီး ပြောလိုက်ပါသည်။

"ဒါဆိုရင် လမ်းဆုံးပြီ၊ လှဆောင်ကို အသက်ရှင်ရက်ပြန်မရနိုင်တော့ဘူး။ ဒါဟာ ကျတ်ကုန်းပဲ။ တမလွန်ရွာဆိုတာသူတို့ဖန်တီးလို့ဖြစ်လာတဲ့ရွာပါ။ ဒီရွာမှာ အသက်ရှင်တဲ့လူနေခွင့်မရှိသလို ဒီရွာမှာ နေတဲ့လူတိုင်းဟာလည်း အသက်ရှင်ခွင့်မရနိုင်ဘူး။ ကျုပ်တို့ ဒီကလှည့်ပြန်ကြရုံပဲရှိတော့တယ်။ လှဆောင်အတွက် ကောင်းမှုကုသိုလ်တွေလုပ်ပေးရုံပဲရှိတော့တယ်။ ကုသိုလ်လုပ်ပေးပြီး လှဆောင်အတွက် အမျှဝေလိုက်ပါ။ သူသာခုခေါ်နိုင်ရင် ဒီဘဝကလွတ်မြောက်ပြီးကောင်းရာမွန်ရာရောက်နိုင်တာပေါ့"

အားလုံး ကျတ်ကုန်းဒေသ တမလွန်ရွာကိုကျော်ခိုင်းပြီး ပြန်ခဲ့ကြပါတော့သည်။

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဦးခေတ်လယ် နှင်းဦး
# ရခိုင်အမျိုးသမီးများ၏ဆင်ယင်ထုံးဖွဲ့မှု

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် မိမိတို့၏ စာပေဘာသာစကား ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများရှိကြသည်။ လူမျိုးတစ်မျိုးတို့၏ အဆင့်အတန်းမြင့်မားမှုကို ထိုလူမျိုး၏ ယဉ်ကျေးမှုအားကြည့်ခြင်းဖြင့် သိရှိနိုင်ပါသည်။ ယခုမျက်မှောက်ကာလတွင် မည်မျှတိုးတက်သည်ဖြစ်စေ အတိတ်တွင် ကျန်ရစ်ခဲ့သော ကိုယ်ပိုင်ယဉ်ကျေးမှုနှင့်ကင်းလွတ်မှုမရှိကြပေ။ လူမျိုးတစ်မျိုး၏လက္ခဏာကို သီးခြားဖော်ညွှန်းနေသည်မှာ ယဉ်ကျေးမှုပင် ဖြစ်သည်။ မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအနှစ်သာရကို တန်ဖိုးထားပြီး အမြတ်တနိုး ထိန်းသိမ်းခြင်းသည် ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုကို ဆက်လက် အသွန်ရှည် တိုးတက် မြင့်မားလာအောင်မြှုပြင်သောနည်းပညာရပ်ပင် ဖြစ်သည်။ ရှေးဟောင်းယဉ်ကျေးမှုအကြွင်းအကျန်မရှိသော လူမျိုးသည် သမိုင်းအစဉ်အလာမရှိသောလူမျိုးဖြစ်သည် ဟူသော ဆိုရိုးစကားမှာ ရှေးအတိတ်ကာလများဆီမှ ဘိုးဘွားတို့ကြွင်းကျန်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကြီးမားပုံနှင့် အရေးပါပုံတို့ကို အထင်အရှားပြသလျက်ရှိသည်။ ထို့အတူ ရခိုင်ပြည်တွင် ခုနှစ်ပေါင်းများစွာ ခေတ် စနစ်သုရိယမင်းလက်ထက်၌ မြတ်စွာဘုရားကိုယ်တိုင်ကြွရောက်တော်မူခဲ့သည်။

ထိုခေတ်မှစ၍ ခေတ်အဆက်ဆက် ပုဒ္ဓဘာသာထွန်းကားခဲ့သည့် အလျောက် ခေတ်အဆက်ဆက်မင်းတို့သည် တန်ခိုးကြီးဘုရားများနှင့်အတူ ကျောက်ဆစ်ရုပ်တု၊ ပန်းပုလက်ရာများသည့် ထွင်းထုတည်ထားကိုးကွယ်ကြသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများ၊ သမိုင်းအထောက်အထားများ အများကြီးတွေ့နိုင်ပါသေးသည်။ ထိုသမိုင်းရုပ်ကြွင်းအထောက်အထားများထဲမှ မြောက်ဦးခေတ် ရခိုင်အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအချို့ကို ဤဆောင်းပါးတွင် ရေးသား ဖော်ပြမည်ဖြစ်ပါသည်။

မြောက်ဦးခေတ်တွင် ရခိုင်အမျိုးသမီးများသည် အဆင့်အတန်းအလိုက် ဝတ်စားဆင်ယင် ထုံးဖွဲ့ရကြောင်းကို ကျောက်ဆစ်ရုပ်ကြွင်းများတွင် ဖော်ပြထားပါသည်။ မိမိတို့ရခိုင်တိုင်းရင်းသားများ၏ဆင်ယင်ထုံးဖွဲ့မှုကို သိရှိနားလည်နိုင်ကြစေရန် ရည်ရွယ်ပြီး ဤဆောင်းပါးတွင် ထုတ္ထန့်သိမ်ပုထိုးတော်ကြီးအတွင်းမှ အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုအချို့ကို ရေးသား ဖော်ပြမည် ဖြစ်ပါသည်။ ထုတ္ထန့်သိမ်ပုထိုးတော်ကြီးတွင် ကျောက်ဆစ်ရုပ်ကြွင်းများကို လိုဏ်ပတ်လမ်းတစ်လျှောက် လက်ဝဲ၊ လက်ယာတွင်ရှိသော ဘုရားဆင်းတုတော် စံပယ်နေသည့် မုခ် ပေါက်တစ်ခုစီ၏ ဘယ်ညာတွင် ထုဆစ်ထားသည်ကိုတွေ့ရှိရပါသည်။ ကျောက်ဆစ်ရုပ်ကြွင်းများမှာ မင်းမှူးထမ်းများ၏ ရာထူးအလိုက် ဆင်ယင်ထုံးဖွဲ့ကာ ကြာဖူးများ ကိုင်ဆောင်၍ ပူဇော်နေသည့် ဇနီးမောင်နှံရုပ်တုများကို ဆင်းတု၏ ဘယ်၊ ညာတွင် တစ်ဖက်တစ်ရုပ်စီတွေ့ရှိရပါသည်။ ရုပ်ကြွင်းပေါင်း (၂၆၇) ခုခန့်ရှိသည့်အနက် ရုပ်ကြွင်း (၁၀၀) ကျော်ခန့်သာ အသေးစိတ်တွေ့ခဲ့

ပုံ (၁)



www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါသည်။ ရုပ်ကြွအချို့မှာ လုံးဝပျက်စီးနေပါသည်။ ထို့အထဲမှာ ကောင်းနိုးရာရာ အမျိုးသမီးရုပ်ကြွ (၅) ရုပ်ကို ပုံနှင့်တကွ ရေးသား ဖော်ပြသွားမည်ဖြစ်ပါသည်။

ပုံ(၁)ဒီဇိုင်းလက်ရာမှာ မြောက်ဦးခေတ် ထုက္ကန်သိမ်ပုထိုးတော်ကြီးလိုဏ်တစ်ပတ်အဝင် လယ်ယာဘက်နံရံမှ နံပါတ် (၇၄) ရုပ်ကြွကျောက်ဆစ်လက်ရာပင် ဖြစ်သည်။ မင်းမူထမ်းကတော် ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၀)စင်တီမီတာခန့်၊ အကျယ် (၃၀)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၆) စင်တီမီတာခန့်ရှိပါသည်ကို တွေ့ရှိရပါသည်။ မင်းမူထမ်းကတော် ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာ၏ ဆံထုံးထုံးပုံမှာ ကြာဝတ်ဆံ ဆံထုံးဖြစ်ပါသည်။ ဆံထုံးဖွဲ့စည်းပုံမှာ အငယ်နှစ်ဆင့်ပေါ်၌ အကြီးတစ်ဆင့်ဆင့်ကာ ပွင့်ဖတ်များဖြင့်အာနေသည့်သဏ္ဌာန်ကို တွေ့ရှိရပါသည်။ မျက်နှာအနေအထားမှာ လုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးဖန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပခုံးနှစ်ဖက်ကို ဖုံးအောက်တဘက်စဖြင့် ခြုံထားသည့်ကို တွေ့ရှိရပါသည်။ ပခုံးခြုံထားသည့်တဘက်ဒီဇိုင်းများမှာ ကန့်လန့်စင်းဒီဇိုင်း များဖြစ်ပြီး တဘက်စနားကို ကန့်လန့်အစင်းနှင့် အနားသတ်ထားပါသည်။ လက်နှစ်ဖက်၏ အောက်တွင် တဘက်စနှစ်စကိုချထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်လက်ဖြင့် ကြာဖူးကိုင်၍ ပူဇော်နေသည်ကို တွေ့ရှိရပြီး ဘယ်ဘက်လက်ကို ပေါင်ပေါ်တွင်တင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် လက်ကောက် (၄) ကွင်းစီ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီမှာ တင်ပါးဖုံးအထိဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီဒီဇိုင်းမှာ ကန့်လန့်အစင်းများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

လုံချည်မှာ အပေါ်ပိုင်းအချောသားတွေ့ရှိရပြီး အောက်ပိုင်းလုံချည် အောက်နားတွင် ဖောင်းနှစ်ဆင့်ကြားရွဲလုံးကလေးများဖြင့် အလှဆင်ထားပြီး ရွဲလုံးကလေးများတွင် ဖောင်းနှစ်ဆင့်နှင့်အလှဆင်ထားကာ ရွဲလုံးကလေးများကြားတွင် ရာဇမတ်ကွက်၊ ဆန္ဒင်းမကင်းကွက်အလယ်တွင် စပွက်များဖြင့်အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ဤမင်းမူးထမ်းကတော် ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာမှာ အနုပညာလက်ရာမြောက်လှပြီး မြောက်ဦးခေတ်အလယ်မင်းမူးထမ်းကတော် ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

ပုံ(၂)ဒီဇိုင်းလက်ရာသည် ထုက္ကန်သိမ်ပုထိုးတော်လိုဏ်ပတ်လမ်းလက်ယာဘက်နံရံမှ နံပါတ်(၇၆)ရုပ်ကြွမှ ကူးယူရေးဆွဲထားသော မင်းမူထမ်းကတော် ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၄) စင်တီမီတာခန့်၊ အကျယ် (၂၈) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၇) စင်တီမီတာခန့်ရှိပါသည်။ မင်းမူထမ်းကတော်ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာ၏ ဆံထုံးထုံးပုံမှာ သုံးပတ်ခွေဆံထုံးပုံဟုသိရှိရပါသည်။ ဆံသုံးဖွဲ့စည်းပုံမှာ သုံးပတ်ခွေထားပြီး အစွန်းစကို ညာဘက်ချထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာအနေအထားမှာ လုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးကို ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပခုံးနှစ်ဖက်ကို ဖုံးအောင် တဘက်စဖြင့် ခြုံထားသည်ကို တွေ့ရှိရပါသည်။ ပခုံးခြုံထားသည့် တဘက်စအပေါ်ပိုင်းမှာ အချောသားတွေ့ရှိရပြီး အောက်နားဖောင်းရစ်နှစ်ခုကြားတွင် ကန့်လန့်အစင်းဒီဇိုင်းများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စကိုညာဘက်လက်တွင် တစ်ပတ်လျှိုတင်ပြီး ဘယ်ဘက်ပေါင်ပေါ်တွင်ချထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ဖြင့် ကြာပွင့်တစ်ပွင့်ကို ပူဇော်နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် လက်ကောက်လေးကွင်းစီ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီကိုလည်း တင်ပါးဖုံးဆင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီဒီဇိုင်းမှာ အချောသားတွေ့ရှိရပါ

ပုံ (၂)

ပုံ (၃)

www.burmeseclassic.com

ပုံ (၄)

ပုံ (၅)

ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။ လုံချည်အပေါ်ပိုင်းမှာလည်း အချောသာတွေ့ရှိရပြီး အောက်နား ဖောင်းရစ်များကြောင့် ရွဲလုံးကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤမင်းမူထမ်းကတော်ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာမှာ အနုပညာလက်ရာမြောက်လှပြီး မြောက်ဦးခေတ် အမျိုးသမီးများ၏ တစ်ခို့နှင်က ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ထင်ဟပ်စေပါသည်။

ပုံ (၃) ဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး လိုဏ်ဂပတ် အဝင် လယ်ယာဘက်နံရံမှ နံပါတ် (၃) ရုပ်ကြွမှ ကူးယူရေးဆွဲထားသော မင်းမူထမ်းကတော်ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာ တစ်ခုပင်ဖြစ်ပါသည်။ ကျောက်ဆစ်ရုပ်ကြွအမြင့် (၆၉)စင်တီမီတာခန့်၊ အကျယ် (၄၂) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၀) စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဆံထုံးဖွဲ့စည်းပုံမှာ လမုန့်သီးဆံထုံးဖြစ်ကြောင်း သိရှိရသည်။ ဆံထုံးဖွဲ့စည်းပုံမှာ အငယ်ဆင့်တစ်ဆင့်ပေါ်တွင် လမုန့်သီးသဏ္ဌာန်ဖြင့် တွေ့ရှိရပါသည်။မျက်နှာအနေအထားမှာ လုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းကြီးကြီးပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်တစ်ဖက်စီတွင် လက်ကောက်(၄) ကွင်းစီ ဝတ်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။

ပခုံးနှစ်ဖက်ကိုဖုံးအောင် တဘတ်စဖြင့်ခြုံထားသည်ကို တွေ့ရှိရပါသည်။ ပခုံးမှာ ခြုံထားသည့်တဘတ်ဒီဇိုင်းမှာ ရိုးစင်းလှသည့်အချောသာ တွေ့ရှိရပါသည်။ တဘတ်စတစ်စကို ညာဘက်လက်ကြားထဲမှာနေပြီး ပေါင်ပေါ်တွင်ချထားသည်ကို တွေ့ရှိရပါသည်။ နောက်တဘတ်စတစ်စကို နောက်ကျောဘက်တွင်ချထားသည်ကို တွေ့ရှိရပါသည်။ ပုဆစ်တုပ်ထိုင်နေပြီးကြာဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

အင်္ကျီကို တင်ပါးဖုံးအထိ ဝတ်ဆင်ထားသည်ကိုလည်း တွေ့ရှိရသည်။ ခါးတွင် ခါးပတ်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို ဘာဒီဇိုင်းမှမပါရှိဘဲ အချောသာ တွေ့ရှိရပါသည်။ အင်္ကျီအောက် ပေါင်ပေါ်တွင် ခါးကြိုးစနှစ်စကို ပန်းဖွားကလေးများဖြင့် အလှဆင်ချထားသည်ကိုတွေ့ရှိရပါသည်။ လုံချည်ဒီဇိုင်းမှာလည်း အချောဖြစ်ပြီး အောက်နားမှာ ဖောင်းရစ်နှစ်ရစ်ဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဤမင်းမူထမ်းကတော်၏ ဝတ်စားဆင်ယင်မှုမှာ ရိုးစင်းလှသည်ကို တွေ့ရှိရပါသည်။ သို့သော် ထူးခြားချက်တစ်ခုမှာ ခါးပတ်ပတ်ထားသည်ကို တွေ့ရှိရပါသည်။

ပုံ(၄)ဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏လိုဏ်ဂပတ် လက်ယာဘက်နံရံမှ နံပါတ် (၆၀) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားခြင်းဖြစ်သည်။ ရုပ်ကြွ၏အမြင့်မှာ (၅၀) စင်တီမီတာခန့်၊ အကျယ် (၂၇) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၀) စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။ မင်းမူထမ်းကတော်ဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာ၏ဆံထုံးထုံးပုံမှာ နှစ်ပတ်ခွေဆံထုံးဖြစ်သည်ဟု သိရှိရပါသည်။ ဆံထုံး၏ဖွဲ့စည်းပုံမှာ နှစ်ဆင့်ဆင့်ထားပြီး အပေါ်ကအာနေသည့်သဏ္ဌာန်ကို တွေ့ရှိရပါသည်။ မျက်နှာမှာလုံးသွယ်ပြီး နားနှစ်ဖက်တွင် နားတောင်းကြီးကို ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် ကြိုးလိမ်လက်ကောက်တစ်ဖက်နှစ်ကွင်းစီဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ပခုံးတွင်လည်း တဘတ်ခြုံလွှာထားသည်ကို တွေ့ရှိရပါသည်။ တဘတ်၏ ဒီဇိုင်းလက်ရာမှာ ကြက်ခြေခတ်အကွက်များ၊ လေးထောင့်အကွက်များဖြင့် ဆန်းပြားစွာ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ တဘတ်အောက်နားတွင် ဖောင်းရစ်များဖြင့် အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။

အင်္ကျီမှာလည်း တင်ပါးဖုံးဝင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီဒီဇိုင်းမှာ ရင်ဘတ်နားတွင် လှိုင်းတွန့်ဒီဇိုင်းကို တွေ့ရှိရပြီး ကျန်သည့်



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်ဝိုး

# မျက်စိဝေဒနာရှင်များအတွက်

ကျွန်တော်တို့ မြန်မာစကားမှာ မျက်စိအဆုံး၊ နားအရှုံး ဆိုတဲ့ စကားရှိတယ်။ နားအကြည်ရှုပ်လို့ခေါ်တဲ့ နားပသာဒ ပျက်စီးဆုံးရှုံးသွားရင် နားမကြားရတော့ပါဘူး။ ဒါပေမယ့် မျက်စိအမြင် ပသာဒဆုံးရှုံးတာနဲ့စာရင် အများကြီး ဖြေသာပါသေးတယ်။ လောကကြီးကို မြင်နိုင်စွမ်းရှိသေးတယ်။ အဲဒီတော့ ဘဝ ဆုံးသေးပါဘူး။ ရှုံးရှုံးရှုံးတာပါ။ ခုလို တိုးတက်တဲ့ခေတ်ကြီးမှာ နားကြားကိရိယာတွေနဲ့ နားထောင်နိုင်စွမ်းရှိပါသေးတယ်။ မျက်စိအမြင်အာရုံကွယ်ပျောက်ပြီဆိုလို့ကတော့ အဲဒီလူဟာ အမှောင်လောကကို လုံးဝရောက်သွားတော့တာပဲ့ ဘဝဆုံးရတာနဲ့အတူတူပါပဲ။ နေ့ည မခွဲခြားနိုင်အောင် သူ့အမြင်မှောင်နေခဲ့ပါပြီ။ သူ့အတွက် အမှောင်က ထာဝရ ကြီးစိုးနေမှာပါ။ ပြီးတော့ အရောင်အဆင်းတွေမခံစားနိုင်တော့ပါဘူး။ လောကကြီး ဘယ်လောက် တိုးတက်ပြောင်းလဲနေပါစေ အမြင်အာရုံနဲ့ ခံစားနိုင်စွမ်းမရှိတော့တဲ့ဘဝမျိုးပါ။

လောကမှာ မွေးကတည်းကမမြင်တဲ့လူတွေရှိတယ်။ မွေးတုန်းက မျက်စိအကောင်းပေမယ့် အကြောင်းတစ်ခုခုကြောင့် မျက်စိကွယ်သွားတဲ့လူတွေရှိတယ်။ ဥပမာ ရေတိမ်ဖြစ်နေတာကိုမသိတာကြောင့်(သို့)ငွေကြေးချို့တဲ့မှုကြောင့် မကုနိုင်တာကြောင့် မျက်စိကွယ်သွားရတာမျိုးတွေ၊ ထိခိုက်မှုကြောင့် (သို့) ထိခိုက်ရာမှ ဒဏ်ဖြစ်ကာ တိမ်ကျပြီး ကွယ်သွားတာမျိုးတွေရှိကြပါတယ်။ ဒီအခါ အလွန်ဝမ်းနည်းကြေကွဲဖို့ကောင်းနေရာများတွင် အခြားသာ တွေ့ရှိရပါသည်။ ပုဆစ်တုပ်ထိုင်ပြီး ကြာဖူးပူဇော်နေဟန်တွေ့ရှိရပါသည်။ အကျီအောက်ပေါင်ပေါ် တွင် ခါးကြိုးစနှစ်စကို ပန်းဖွားကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ လုံချည်၏ ဒီဇိုင်းမှာ အပေါ်ပိုင်းလှိုင်းတွန့်ပုံစံ တွေ့ရှိရပြီး အောက်နားတွင် ဖောင်းရစ်များကြား လေးထောင့်ကွက်များဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤမင်းမှုထမ်းကတော် ဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာမှာ အနုစိတ်မြောက်လှသည်ကိုတွေ့ရှိရပါသည်။ မြောက်ဦးခေတ်လယ် အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင်ဖြစ်ပါသည်။

ပုံ(၅)လက်ရာသည် ထုတ္ထန့်သိမ်ပုထိုးတော်ကြီး လိုဏ်ပတ်အဝင်လက်ယာဘက်နံရံမှ နံပါတ် (၈၀) ရုပ်ကြွင်းလက်ရာကို ကူးယူရေးဆွဲထားသည့် မူမတ်ကတော်လက်ရာတစ်ခုပင် ဖြစ်ပါသည်။ ထိုရုပ်ကြွ၏ အမြင့်မှာ (၆၉) စင်တီမီတာခန့်၊ အကျယ် (၃၂) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၈) စင်တီမီတာခန့်ရှိပါသည်။ ၎င်းရုပ်ကြွဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာ၏ ဆံထုံးထုံးပုံမှာ နဂါးလိမ်ဆံထုံးအမျိုးအစားဖြစ်သည်ဟု လေ့လာသိရှိရပါသည်။ ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်ငယ်နှစ်ဆင့်ပေါ် တွင်လိမ်ပြီး အတွေတင်ထားသည့်သဏ္ဌာန်ကိုတွေ့ရှိရပါသည်။ မျက်နှာအနေအထားမှာ ငုံးခန်းပြီး နားနှစ်ဖက်တွင် နားတောင်းဝန်းကြီး ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။လက်နှစ်ဖက်စီတွင် လက်ကောက်(၄) ကွင်းစီ ဝတ်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ပခုံးနှစ်ဖက်ကို တဘက်ဖြင့်ခြုံလွှမ်းထားသည်ကို တွေ့ရှိရပါသည်။ ပခုံးမှာခြုံထားသည့် ဒီဇိုင်း၏အနားတွင် ရွှေလုံးကလေးများဖြင့် အလှဆင်ထားသည်ကိုတွေ့ရှိရပါသည်။ တဘတ်စတစ်စကို ညာဘက်လက်ကြာထဲမှ ပေါင်ပေါ် တွင် တင်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

အင်္ကျီကိုလည်း တင်ပါးဖုံးသည်အထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဖုံးနားတွင် ရွှေလုံးကလေးများနှင့်အလှဆင်ထားပြီး အင်္ကျီအောက်နားစကိုလည်း ရွှေကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအောက်ပေါင်ပေါ် တွင် ခါးကြိုးစနှစ်စကို ပန်းဖွားကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပုဆစ်တုပ်ထိုင်ပြီး ကြာပွင့်ပူဇော်နေသည်ကို တွေ့ရှိရသည်။ ထဘီမှာ အပေါ်ပိုင်းအချောသာတွေ့ရှိရပြီး အောက်နားတွင် ဖောင်းရစ်နှင့် အလှဆင်ထားသည်ကို တွေ့ရှိရပါ သည်။ မြောက်ဦးခေတ်လယ် မင်းမှုထမ်းကတော်၏ ဆင်ယင်ထုံးဖွဲ့မှုမှာ အနုစိတ်လက်ရာမြောက်လှသည်ကို တွေ့ရှိရပါသည်။ မြောက်ဦးခေတ်လယ်၏ ဆင်ယင်ထုံးဖွဲ့ပုံကို ထင်ဟပ်စေပါသည်။

တစ်ချိန်က ရခိုင်တိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပုံစံကို ပြသနေသော ထုတ္ထန့်သိမ်ပုထိုးတော်ကြီးအတွင်းမှာ ရခိုင်အမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့ပုံများမှာ အလွန်တရာမှ လက်ရာမြောက်လှသည်ကို တွေ့ရှိရပါသည်။ ယခုအခါတွင် ရခိုင်တို့၏ ဗျောက်ကွယ်လုနီးပါးဖြစ်နေပြီးဖြစ်သည့် ဆင်ယင်ထုံးဖွဲ့မှုများသည် မြောက်ဦးခေတ် ရခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုများကို အမြော်အမြင်ကြီးစွာ ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများဖြင့် မှတ်တမ်းတင်ခဲ့သော မင်းစကြဝတေးနှင့် မင်းဖလောင်းတို့၏ ကျေးဇူးတရားများကြောင့်သာဖြစ်သည်။ ထုတ္ထန့်သိမ် ပုထိုးတော်ကြီးအတွင်းရှိ အမျိုးသမီးများဝတ်စားဆင်ယင်ထုံးဖွဲ့မှုရုပ်လုံးရုပ်ကြွများသည် မြောက်ဦးခေတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို လှစ်ဟဖော်ပြနေသော ပန်းချီကားတစ်ချပ်ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

နှင်းဦး

ကိုးကားကျမ်းများ -


၁။ နှင်းဦး၊ မ (မြောက်ဦးခေတ် ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုလေ့လာချက်)။

၂။ စောမုံညင်း၊ မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု၊ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ ၁၉၈၉ခုနှစ်။

၃။ ဦးသာထွန်း၊ ဦး (ရခိုင်မြန်မာပဏ္ဍိတ်) ရခိုင်ဆင်ယင်ထုံးဖွဲ့မှု၊ ၅/၁၉၆၇ ခုနှစ်။




www.burmeseclassic.com

www.burmeseclassic.com

လှပါတယ်။

လူတွေမှာ ငွေကြေးတတ်နိုင်တဲ့ လူတန်းစား၊ မတတ်နိုင်တဲ့ လူတန်းစား ဆိုပြီးတော့ကာရှိတယ်။ ငွေကြေးမတတ်နိုင်တဲ့ လူတန်းစားတွေကျတော့ ဘာမှ မတတ်နိုင်ဘဲ လက်မှိုင်ချကာ ဘဝကို အနှုံးပေးလိုက်ရတာတွေရှိတယ်။ အလွန်ဝမ်းနည်းဖွယ်ကောင်းတဲ့ဖြစ်ရပ်တွေပါ။ စေတနာဖြစ် ပရဟိတဆေးခန်း၊ ဆေးရုံတွေ မည်မျှရှိတယ်ဆိုစေဦးတော့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်တဲ့အဖြစ်မျိုးတွေပါ။ မိမိတို့ကိုယ်တိုင်က ရောက်အောင်သွားနိုင်ပါမှ၊ ပြုစုစောင့်ရှောက်နိုင်ပါမှ အဆင်ပြေတာပါ။ ဒီအခါ ငွေမပါရင် ဘာမှလုပ်လို့မရပါဘူး။

ကျွန်တော်ငယ်ငယ်က လရောင်နဲ့ တောင် စာဖတ်ခဲ့တာပါ။ အလင်းအား နည်းနည်းလေးနဲ့ ဖတ်နိုင်ခဲ့တဲ့ မျက်လုံးဟာ အသက် (၄၀) လောက်ကျတော့ အလင်းအားလိုလာခဲ့ပါတယ်။ အသက် (၅၃) ကျတော့ အလင်းအားမကောင်းရင် စာဖတ်ရတာ၊ ရေးရတာ အားမရတော့ဘူး။ ပြင်ပအလင်းနဲ့သာ အဆင်ပြေပါတယ်။ ဒါနဲ့ သူငယ်ချင်းဖြစ်တဲ့ မိုးကုတ် ကျောက်ဖျာက ကိုမြင့်သိန်းက အကြံပေးတယ်။ ပါဝါ (၁၅၀) လောက် ဝယ်တပ်ကြည့်ပါလားတဲ့။ ဒါနဲ့ ကျွန်တော် ပါဝါ (၁၅၀) စာကြည့်မျက်မှန် ဝယ်တတ်တယ်။ အဆင်ပြေလိုက်တာ အတော်အတန်အလင်းနဲ့ စာရေးစာဖတ် လုပ်နိုင်လာတယ်။ အလင်းအားနဲ့ စူးစိုက်ကြည့်ရတဲ့ဘဝကလွတ်သွားပါတယ်။ ခုထိ စာရေးစာဖတ်တိုင်း (၁၅၀)မျက်မှန် ပါဝါ တပ်နေရဆဲပါ။ မျက်မှန်မပါလည်း ရေးလို့ရတယ်။ ဖတ်လို့ရတယ်။ ဒါပေမယ့် စူးစိုက်ရတာ အလွန်ပင်ပန်းဆင်းရဲလှပါတယ်။ ဒါက မျက်စိနဲ့ပတ်သက်လို့ မျက်စိတန်ဖိုးကြီးပုံကို အနည်းငယ်တင်ပြခြင်းပါ။

ဆရာကြီးဒဂုန်တာရာဟာ မျက်စိကွယ်နေတော့ကာ သူ့ခမျာ ပါးစပ်နဲ့ စာရေးရတာ။ သူတူမအကူအညီနဲ့ပါ။ ဆရာကြီးနဲ့စာရင် လူထုဒေါ်အမာတို့၊ ပခုက္ကူဦးအုန်းဖေတို့က သာပါတယ်။ အသက်(၉၀)ကျော်အထိ စာပေတာဝန်ကို ထမ်းရွက်သွားကြတာမို့ လေးစားဂုဏ်ယူပါတယ်။ကျွန်တော်တို့ ဆရာကြီးတွေလို အသက်(၉၀)ကျော်တိုင်အောင် စာပေတာဝန်ထမ်းရွက်နိုင်မလား၊ မထမ်းရွက်နိုင်ဘူးလားဆိုတာ မသိသေးပါဘူး။ ထမ်းရွက်နေသမျှ မျက်စိအမြင်အာရုံ ကောင်းချင်ပါတယ်။ ဒါမှ စိတ်သွားတိုင်း ရေးနိုင်မှာပါ။

နေပြည်တော်မှာ ကျွန်တော်ရယ်၊ မွတ်တားရယ်၊ ကိုတင်ထွန်းရယ်က အရင်းနှီးဆုံးလူတွေပါ။ အဲဒီမှာ ကိုတင်ထွန်းက (၅၀) ကျော် အငယ်ဆုံးပေမယ့် အမြင်အာရုံအတွက် မျက်စိခွဲစိတ်ထားရတာပါ။ ကျွန်တော့်ကျတော့ စာကြည့်မျက်မှန်တပ်ရတယ်။ အနီးမှန်ပါ။ ကိုတင်ထွန်းကျတော့ အဝေးမှန်ပါ။ အဲဒါကြောင့် အမြဲမျက်မှန်တပ်ရတယ်။ ကျွန်တော်ကျတော့ စာရေး၊ စာဖတ်မှ တပ်ရတာ။ ကျွန်တော့်သူငယ်ချင်းရွယ်တူ မွတ်တားကျပြန်တော့ မျက်မှန်မလို ဘဲ စာဖတ်နိုင်တယ်။ သူက ဆံပင်ဆွတ်ဆွတ်ဖြူပြီး မျက်စိကျတော့ကောင်းပါတယ်။ အလွန်ကံကောင်းသူလို့ဆိုရမှာပါ။ အဲဒီလို မျက်စိနဲ့ပတ်သက်တဲ့ အကြောင်းကို မွတ်တားတို့အိမ်ရှေ့က သစ်ဆိမ့်ပင်ရိပ်ထိုင်ခုံမှာ ညနေတိုင်းစုမိကြတဲ့အခါ တစ်နေ့မှာ စကားစပ်မိလို့ ပြောဖြစ်ကြပါတယ်။

အဲဒီမှာ မွတ်တားရဲ့ ဒုတိယသားအင်ကြင်းပန်းစာပေတာဝန်ကို ထမ်းဆောင်နေတဲ့ ဆန်နီကျော်က သူ့အမေ မမြမြအကြောင်းနဲ့ သူ့အကြောင်းကို မှတ်သားဖွယ်ပြောပြပါတယ်။

"ဟိုးလွန်ခဲ့တဲ့ ၂၀၀၁ ခုနှစ် လောက်က အမေက (၅၃)နှစ်အရွယ်ပါ။ အိမ်မှာ ဆိုင်ဖွင့်ထားပါတယ်။ အဖေက ဝက်တွေမွေးပေါ့ဗျာ။ အမှန်တော့ မျက်စိမှုန်တဲ့အရွယ်မဟုတ်သေးဘူးဗျ။ ဒါပေမယ့် အမေက ငါသားရယ် အမေ အဝေးကိုကြည့်ရတာမရှင်းဘူး။ မျက်နှာတွေဝေါးနေတယ်။ဟောဟိုမှန်ကျောင်းရေတွင်းမှာ ရေခပ်နေတဲ့လူတွေရဲ့မျက်နှာတွေကို မြင်နေရပေမယ့် ဘယ်သူမှန်းမသိဘူးဖြစ်နေတယ်။ အမေ့မျက်စိတွေ ဘာဖြစ်တယ်မသိပါဘူးလို့ ပြောပြတယ်ဗျ။

အမေက ဆန်ဆိုင်ဖွင့်ထားတော့ ဆိုင်လေးမှာ အမြဲထိုင်ပြီး လမ်းဘက်ကြည့်နေတတ်တာ။ ပြီးတော့ မှန်ကျောင်းရေတွင်းဆိုတာက အဲဒီတုန်းက ခုလို အုတ်တံတိုင်းတွေမကာသေးတော့ ဘာဝေးတာမှတ်လို့လမ်းပဲခြားတာ။ ဘယ်သူဘယ်ဝါဆိုတာ မျက်စိကောင်းတဲ့လူဆို ရှင်းနေအောင်မြင်ရတာ။ အမေ အမြင်မရှင်းတော့ဘူးဆိုတော့ မျက်စိရောဂါရပြီဆိုတာ ကျွန်တော်သိလိုက်တယ်။

အမှန်တော့ အမေဟာ အဲဒီအချိန်မှာ ဆီးချိုရောဂါဝင်နေတာကို ကျွန်တော်တို့ မသိကြပါဘူး။ ကျွန်းမာရေးချို့တဲ့လာတာကိုတော့ သိကြပါတယ်။ ဒါနဲ့ မျက်စိကိစ္စ ဟိုမေးဒီမေးဟိုပြောဒီပြောလုပ်တဲ့အခါ အမေ့ရဲ့ မိတ်ဆွေ မိန်းမတစ်ဦးက ကြက်မောက်ဆူးပြန်အမြစ်ကို ရေနဲ့သွေးပြီး မျက်စိမှာကွင်းပေးရင် မျက်စိရောဂါပျောက်တယ်လို့ အတန်တန်မှာပါတယ်။

ဒါနဲ့ ကျွန်တော်က ကြက်မောက်ဆူးပြန်ပင်ဆိုတာ ဘ ယ်လိုအပင်မျိုးလဲလို့ ပြန်မေးရပါတယ်။ ဒီတော့ -

"ကြက်မောက်ဆူးပြန်ပင်များဟယ် ပေါလိုက်တာ၊ လမ်းဘေးချံတောတိုင်းမှာရှိတယ်။ နင်တို့ကလေးတုန်းက အဲဒီအပွင့်တံလေးခူးပြီး ဟေ့ - ငါးပိစော်နံတယ်၊ နမ်းကြည့်စမ်းဆိုပြီး မသိတဲ့ကလေးကို နမ်းခိုင်းပြီး နှုတ်ခမ်းကိုပွင့်တံနဲ့ဆွဲလိုက်ရင် အဲဒီဆူးပါတဲ့အပွင့်လေးတွေ နှုတ်ခမ်းမှာစိတန်းပြီး ခြိတ်ဆွဲကျန်ရစ်တယ်လေ။ ကလေးတိုင်းသိပါတယ်ဟာ။ ဒါကို လူကြီးအချို့က ကျဲနှာခေါင်း ခြိတ်ပင်လို့ ခေါ်တတ်ကြတယ်။ ကျဲတွေ့၊ နွားတွေရဲ့နှာခေါင်းမှာငြိပြီးခြိတ်ပါလာတတ်လို့လေ။ သူ့အပွင့်လေးတွေရဲ့ အရောင်က ပန်းရောင်တဲ့။ ကြက်မောက် မျိုးမှာပါပုံ ရတယ်။ နင်သိပြီ မဟုတ်လား"

ဆိုတော့ အဲဒီအပင်ချက်ချင်းသိတယ်လေ။ လမ်းဘေးတွေမှာ ပေါလွန်းလို့ဗျာ။ ဒါနဲ့ ကျွန်တော်လည်း သိတဲ့အကြောင်း ပြောရတာပေါ့။ ဒီအပင်ကို ကလေးတွေကစားနေကျမို့ ကလေးတွေနဲ့ ရင်းနှီးပြီးသားအပင်ပါ။ ဘာအသုံးဝင်တယ်လို့သာမသိတာ။

ဒါနဲ့ ကျွန်တော်နဲ့ အဖေဟာ အမေ့အတွက် ဆေးပင်ရှာရပါတယ်။ အမေတွေက ပေါမှပေါပါပဲ။ အပင်အမြင့်ဆုံး ရင်စို့လောက်အပင်တွေ့မှ အဖေက နုတ်ခိုင်းပါတယ်။ အပင်က အမြစ်အားကောင်းတော့ကာ မနည်းအားစိုက်ပြီးနုတ်ရတယ်။ သူ့အမြစ်က သုံးမတ်လုံးလောက်ရှိတယ်။ အဲဒီအမြစ်ကို ဓားနဲ့ဖြတ်ပြီးယူခဲ့တာပေါ့ဗျာ။

ရေစင်စင်ဆေးပြီး ကျောက်ပျဉ်မှာ ရေနဲ့သွေးပါတယ်။ပြီးတော့ အမေ့မျက်စိနှစ်ဖက်စလုံး ကွင်းပေးလိုက်တာပါပဲ။ နေ့လယ်တစ်ခါ ကွင်းပေးတယ်။ ညအိပ်ရာဝင်တစ်ခါကွင်းပေးတယ်။ သုံး၊ လေးရက်ပဲကွင်းပေးလိုက်ရတယ်။ အမေ့မျက်စိပြန်ကြည်လာပြီး မှန်ကျောင်းရေ


www.burmeseclassic.com

www.burmeseclassic.com

ဘွင်းမှာ ရောပ်တဲ့လူတွေကို ရှင်းရှင်းလင်းလင်း ပြန်မြင်လာတော့တာပါပဲ။

အဲဒီမှာ ကျွန်တော် ကြက်မောက်ဆူးပြန်ပင်ရဲ့အမြစ် ဘယ်လောက်စွမ်းဘယ်ဆိုတာ ကိုယ်တွေ့ကြုံလိုက်ရတာပါ။ အလွန်အစွမ်းထက်တဲ့ မျက်စိဆေးပင်ဟာ ကျွန်တော်တို့နဲ့အတူရှိနေတာကို သိလိုက်ရတာပါ။ မသိသူကျော်သွား၊ သိသူဖော်စားဆိုတာ ဒါမျိုးဆိုတာ သိလိုက်ပါတယ်။ ဒီအပင် ဒီလောက်အစွမ်းထက်လိမ့်မယ်လို့ ကျွန်တော်မထင်ထားပါဘူး။ ကိုယ်တွေ့မို့ယုံလိုက်ရတာပါ။

ကျွန်တော့်အမေဟာ အမှန်တော့ ဆီးချိုရောဂါ စဖြစ်လာတာပါ။ ဆီးချိုဝင်တော့ မျက်စိမှုန်တယ်။ မျက်စိကို ကုလို့ရပေမယ့် ဆီးချိုကျတော့ ကုလိုက်တာ ရှိတာအကုန်ပြောင်သွားပါတယ်။ ဆေနာကမပျောက်ဘဲ အမေ့အသက် (၈၆) နှစ်မှာ ဆုံးပါတယ်။ အဲဒီအချိန်ဘန်းမှာ လေးကျော်ဝိုးတို့လို မြန်မာ့နည်းမြန်မာ့ဟန်နားလည်သူသာ အနားရှိခဲ့မယ်ဆိုရင် အမေ့ဆီးချိုကို ကုသနိုင်မှာပါ။ အမေ့ကံပေါ့လေ။ လူဆိုတာ သူ့သက်တမ်းနဲ့သူလာကြတာကိုး။

ဒီလိုနဲ့ ကျွန်တော် စာအုပ်အငှားဆိုင်ဖွင့်ခဲ့ပြီး အဆင်ပြေခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့်မျက်စိ မျက်သားတက်ဆေနာခံစားရပါတယ်။ မျက်စိကြီးနီပြီး မျက်လုံးတွေကျိန်းနေပါတယ်။ အပူများထိုင်ရဲ့ဆိုပြီး အေးအောင် ရေစိမ်ချိုးသည်းမရဖြစ်နေတယ်။ မျက်ခွေးတဝေဆဲနဲ့ အနေခက်လှပါတယ်။

မျက်စိဝေဒနာဆိုတော့ အမေ့ကို ကူပေးခဲ့တဲ့ ကြက်မောက်ဆူးပြန်အမြစ်ဟာ လက်တွေ့ဆိုတော့ ကျွန်တော် ကြက်မောက်ဆူးပြန်မြစ် ပြေးနုတ်ပြီး ဆေးသွေးပါတယ်။ မျက်စိနှစ်ဖက်စလုံး ကွင်းပါတယ်။ ကွင်းပြီးတာနဲ့ နေ့လယ် အိပ်လိုက်ပါတယ်။

အိပ်ရာလည်းထကရော မျက်စိနှစ်ဖက်စလုံး ဖွင့်မရအောင် မျက်ခွေးတွေပိတ်နေတော့တာပဲဗျို့။ အဲဒါနဲ့ လက်နဲ့ အတင်းဖြဲပွင့်ပြီး မျက်နှာသစ်ရတယ်။ စိတ်ရှည်လက်ရှည်သစ်ရတာပေါ့ဗျာ။ အဲဒီမှာ မျက်သားတက်ပြီး မျက်ထောင့်နီတာ အတော်သက်သာသွားတယ်။ ကြည့်လို့အတော်အဆင်ပြေလာပါတယ်။ သက်သာတာတော့ သိသိသာသာကြီးကို သက်သာသွားပါပြီ။

အဲဒီမှာ အဖေက -

"ငါ့သား မင်းဟာ ဟုတ်ပြီကွ။ ည အိပ်ရာဝင်ရင် တစ်ခါကွင်းကွာ"

လို့ အားပေးပါတယ်။

ဒါနဲ့ ညအိပ်ရာဝင် တစ်ခါကွင်းပါတယ်။ ကွင်းတယ်ဆိုလို့ ပြောရဦးမယ်။ ကွင်းရုံကွင်းရပြီး မျက်စိထဲဝင်ရင် အန္တရာယ်ရှိတယ်လို့ထင်ကြမယ်။ ကွင်းတော့ မျက်စိထဲ အရည်နည်းနည်းဝင်ပါတယ်။ စပ်လည်း မစပ်ပါဘူး။ အေးပြီးနေလို့ကောင်းတယ်။ ဒါဟာ မျက်စိထဲဝင်လည်း အန္တရာယ်မရှိဘူးလို့ ပြောချင်ပါတယ်။ ဒါက ကိုယ်တွေ့မို့ပါ။ ကျွန်တော် ထင်တယ်။ သွေးပြီးအရည်ကြည်တက်လာရင် အဲဒီအရည်ကြည်ကို ခတ်လို့ရမယ်ထင်ပါတယ်။

နောက်နေ့ အိပ်ရာထတော့ မျက်ခွေးအနည်းငယ်ထွက်နေတာကလွဲရင် အရင်နေ့လယ်ကလိုပိတ်မနေတော့ပါဘူး။ မျက်စိက ပကတိအကောင်းဖြစ်နေခဲ့ပါပြီ။ ကျွန်တော်ပဲ ဒီကစပြီးမျက်သားတက်တဲ့ဝေဒနာ မခံစားရတော့ပါဘူး။

မျက်စိဝေဒနာဖြစ်ခဲ့ပြီဆိုရင် ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ဒေသတိုင်းမှာလည်း ရှိ၊ အန္တရာယ်လည်းကင်းတဲ့ အဲဒီကြက်မောက်ဆူးပြန်မြစ်ကိုသွေးပြီးကွင်းရင်ဖြင့် မျက်စိဝေဒနာ သက်သာ ပျောက်ကင်းမယ်လို့ ယုံကြည်ပါတယ်"

လို့ ဆန်နီကျော်က ကျွန်တော်တို့ကို ပြောပြပါတယ်။

ကြက်မောက်ဆူးပြန်ဆိုတာ နေရာတိုင်းမှာရှိတဲ့အပင်ပါ။ အလွန်လည်းပေါပါတယ်။ ဝက်ခွေးပန်းပင်တွေနဲ့အတူ လောင်းရိပ်ကင်းရာလမ်းဘေးတွေ၊ အိမ်ဝိုင်းတွေမှာ ပေါများစွာပေါက်တဲ့ အပင်မျိုးပါ။ တောနက်တောင်နက်တွေထဲမှာလုံးဝမရှိပါဘူး။ လူတွေနဲ့အတူနေတဲ့အပင်မျိုးပါ။ လူတွေနဲ့အတူရှိနေခြင်းဟာ အကြောင်းမဲ့မဟုတ်တန်ရာပါဘူး။ လူတွေရဲ့ကောင်းကျိုးကို သယ်ပိုးရွက်ဆောင်ဖို့လို့ ကျွန်တော်ယူဆမိပါတယ်။ မသိသူတွေ ကျော်သွားပေမယ့် သိသူတွေဖော်စားကြတဲ့အပင်မျိုးဆိုပါတော့။ မသုံးတတ်ရင် အမှိုက်ပေမယ့် သုံးတတ်ရင် တန်ဖိုးအနဂ္ဃရတနာလို့ဆိုနိုင်ပါတယ်။

ပြီးတော့ ပဋိဇီဝဆေးတွေလို ဘေးထွက်ဆိုးကျိုးလည်းရှိနိုင်မယ်မထင်ပါဘူး။ ပဋိဇီဝဆေးတွေဟာ ဘေးထွက်ဆိုးကျိုးရှိနိုင်တာများပါတယ်။ သဘာဝပေါက်ပင်တွေမှာလည်း ဘေးထွက်ဆိုးကျိုးတွေအချို့ရှိနိုင်ပါတယ်။ သံမဏိင်ကျောက်မနိုင်ပင်တွေဆိုရင် ခန္ဓာကိုယ်ထဲတည်နေတဲ့ကျောက်တွေကြေအောင်ဆိုပြီးတော့ သောက်ကြတယ်။ အဲဒီဆေးပင်ရဲ့ ဘေးထွက်ဆိုးကျိုးဟာ ကျောက်ကပ်ကို ရောင်စေတာပါ။ အဲဒီအခါမှာ ကျောက်ကပ်ရောင်တဲ့ဝေဒနာကို ပြန်ကုရတာပါပဲ။ ဒါက သံမဏိင်ကျောက်မနိုင်ပြုတ်ရည်ကို အတိုင်းအဆမရှိသောက်လို့ဖြစ်ရခြင်းပါ။ ဆေးဆိုတာ အတိုင်းအတာရှိပါတယ်။တန်ရင်ဆေးလွန်ရင်ဘေးလို့ဆိုထားတာပါ။ အဲဒါကြောင့် အတိုင်းအတာနဲ့ ဘေးမဖြစ်အောင်ပေးတတ်ကြဖို့လိုပါတယ်။ သောက်တတ်ကြဖို့လိုပါတယ်။ လိုသည်ထက်ပိုပြီး ပျောက်ချင်ဇောနဲ့သောက်ရင် ဆေးလည်းဖြစ်၊ ဘေးလည်းဖြစ်နိုင်ကြပါတယ်။ ချင့်ချင့်ချိန်ချိန် သုခမိန်တဲ့။ ချင့်ချိန်နိုင်ကြမှ သုခမိန်ဖြစ်ကြမှာပါ။

အခုလည်း ကြက်မောက်ဆူးပြန်မြစ်ကိုသွေးပြီး မျက်စိမှာကွင်းပေးနိုင်ရင် မျက်စိအကြည် ပြန်လည် ကောင်းမွန်စေနိုင်ကြောင်း တင်ပြလိုက်ခြင်းပါ။ သို့သော်လည်း နေ့လယ်အိပ်တတ်ရင် အိပ်ချိန်တစ်ကြိမ်၊ ညအိပ်ချိန်တစ်ကြိမ် သာကွင်းစေလိုပါတယ်။ မအိပ်ဘဲမကွင်းစေလိုပါ။ အိပ်နေချိန်အတွင်းမှာသာ ဆေးက သူ့အလုပ်သူလုပ်မှာပါ။ အလကားနေရင်းကွင်းထားဖို့တော့မသင့်ဘူးလို့ ထင်ပါတယ်။ ဒါက ဆန်နီကျော်ရဲ့ အတွေ့အကြုံနဲ့ ချိန်ဆပြီးပြောရခြင်းပါ။

ကျွန်တော်လည်း (၅၃) နှစ်မှသည် အခု (၆၈) နှစ်အထိ ပါဝါ (၁၅၀) စာကြည့်မျက်မှန်တပ်နေရပါတယ်။ အဲဒီမျက်မှန်ပြုတ်လိုပြုတ်ငြား စမ်းကွင်းကြည့်ပါမယ်။ ထူခြားခဲ့ရင်တော့ ထပ်မံတင်ပြပါဦးမယ်။

ဇမ္ဗူသီရီ အင်ကြင်းပန်းတောမှ
ဆန်နီကျော်သို့
ခွမ်းခမြာကြပါစေ

ခနဲ့ညည်းဘော်ကျော်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com

**ခရစ်နှစ် ၁၈၇၉ ခု၊ ဇူလိုင်လ ၃ ရက်
မန္တလေးမြို့**

ကျွန်ုပ်တို့တွေ့ကြုံရသောဒုက္ခမှာ အဆုံးမသတ်သေးပါ။ နောက်ထပ် ပြီတိသျှငြာနေကိုယ်စားလှယ်တော်လည်း ရောက်လာပါပြီ။ သူကတော့ ယခု ဖြစ်ပျက်ခဲ့သမျှကို လက်ပိုက်ကြည့်မည့် သူပါ။ သူနေရမှာကလည်း ရက်ပိုင်း၊ လပိုင်းဆိုတော့ နောက်ထပ်ကိုယ်စား လှယ်တော်မရောက်ခင် အခြေအနေ ထိန်းထားရန်သာ ကြိုးစားလုပ်ဆောင် မှာပါ။ ကျွန်ုပ်အား သူကပြောသည်မှာ မြန်မာများဘက်မှ ကျွန်ုပ်ကယ်၍ ရန်ကုန် ရောက်နေသောသူများကို အပူတပြင်း လိုက်ရှာနေကြသည်။ သတ်ဖြတ်မှုများ လည်း ဆက်ဖြစ်ပွားနေသည် ဆို၏။ သူတို့ ဖမ်းဆီးရန် ရှာဖွေသူများအနက် တစ်ဦးမှာ ကျွန်ုပ်ထံတွင်ရှိသေး၏။ အခွင့်စောင့်ပြီး ရန်ကုန်သို့ပို့ရမည် ဖြစ်သည်။

ယခု လက်ရှိဘုရင် နတ်ရွာစံလျှင် သော် လည်းကောင်း သို့မဟုတ် နန်းစွန့် လျှင် တိုင်းပြည်အတွက်ကောင်းမည်ဟု ထင်သည်။

လာမည့် တနင်္ဂနွေနေ့တွင် အသက် (၁၆) နှစ်အရွယ် မြန်မာအမျိုး သမီးတစ်ဦးနှင့် အသက် (၂၆) နှစ် အရွယ် မွတ်စလင်တစ်ဦးတို့ ခရစ်ယာန် ဘာသာခံယူသည့်အခမ်းအနားကျင်းပ ပါမည်။ မွတ်စလင်အများစုက ကန့်ကွက် ကြပါသည်။ အမွေဖြတ်မည်ဟုလည်း ခြိမ်းခြောက်သည်။ ယခု တင်ပြသည့် အတိုင်း ဒုက္ခခံရသည်အပေါင်းကို ရေရှည် သင်အလိုတော်အရ ကယ်တင်ပါမည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းအတွက် ကိုယ် တော်အား ကျေးဇူးတင်ပါသည်။

(ယာယီဌာနကိုယ်စားလှယ်ထား ရှိသည်။ ညောင်ရမ်းမင်းသားလို့၍ ဘုရင် ၏ မကောင်းသတင်း ကျော်စောမှုသာ သတင်းရသည်။ မွတ်စလင်ဘာသာဝင် တစ်ဦးကို ခရစ်ယာန်ဘာသာသို့ပြောင်း ရန်စီစဉ်ရာ မန္တလေးရှိ မွတ်စလင်တို့က မြန်မာအာဏာပိုင်များထံ ကန့်တ ကြောင်းစာတင်။)

**ခရစ်နှစ် ၁၈၇၉ ခု၊ ဇူလိုင်လ ၁၇ ရက်
မန္တလေးမြို့**

ကျွန်ုပ်တို့တော့ နိဂုံးတစ်ခု ရှေဦးအစကိုမြင်ရပြီဟု ယူဆသည် သီပေါမင်းကို နယ်တွေ့မှာမကြိုက်သ ပုန်ကန်ထကြွမှုနှစ်ခုဖြစ်ခဲ့ပါသည်။ လေးနှင့် မိုင် (၂၀၀) ခန့် ကွာလှမ်းသည် ဗန်းမော်ဘက်မှာဖြစ်ပွားခဲ့သည်။ နော တစ်ခုက မန္တလေးမှ အနောက်တော ဘက် ဗန်းမော်လောက်ဝေးသည့်နေ မှာဖြစ်သည်ဟု သိရသည်။ အကြောင် မှာ အခွန်တော်များ မတရားစည်း ကောက်ခံသည့်အတွက်ဖြစ်ပြီး နော အကြောင်းတစ်ခုကတော့ တစ် တစ်ယောက်ကျ စစ်သားအဖြစ်လိုက် အမိန့်တို့ကို ဖီဆန်တော်လှန်ကြသည် သိရသည်။ အခွန်တော်များကိုကော ရာ၊ လူတစ်ဦးကျ တပ်ထဲသို့ခေါ် တွင် အာဏာပိုင်များက အင်အားသုံး



၂၃၈
သူရဇ္ဈမဂ္ဂဇင်း
အတွဲ (၁၅) အမှတ် (၄) ၊ ၂၀၁၅ ခုနှစ် ဇူလိုင်

www.burmeseclassic.com

www.burmeseclassic.com

ရေချဖြစ်ပွားသည်။ စစ်သား (၂၀) ခန့် ကူးကြသည်။ နို့မ်နင်းရန် တပ်များပို့ ရသည်။အများပြောအရ (၃၀၀)ခန့်တပ် မှာသည်ဟုလည်း ဆိုသည်။ ပုန်ကန်မှု ဖြစ်နေသေးသည်။ မနို့မ်နင်းနိုင်သေး ကြားရသည်။ မန်းနေပြည်၌ ထီတော် များနှင့် တပ်သားများ စစ်ရေးပြကျင့်နေ သည်မှာ ဘာမှမဖြစ်သကဲ့သို့ပင်။

ယခင် ကျွန်ုပ်ရေးခဲ့သည့်အတိုင်း ဒို့ပဲတာ၌ ပြုလုပ်ခဲ့သော ခရစ်ယာန် ဘာသာခံယူပွဲကို အနှောင့်အယှက်မရှိ ကူးပနိုင်ခဲ့သည်။ မွတ်စလင်များက တန့်ကွက်လွှာကို မြန်မာအာဏာပိုင်များ ဆီတင်သော်လည်း ထိရောက်မှုမရှိပါ။ သူနှင့်အတူ ခရစ်ယာန်ဘာသာသို့ ခံယူ သူများမှာ အသက် (၁၆) နှစ်သား အက်ဒဝပ်၊ မာသာအမည်ရှိ အမျိုးသမီး နှင့် ၎င်း၏သား ကျိုးဇက်တို့ ဖြစ်၏။

ဗြိတိသျှကိုယ်စားလှယ်တော်အသစ် သည် မြန်မာစာနှင့်ဗမာတို့အကြောင်းကို ကောင်းစွာ နားလည်သူ ဖြစ်သည်။ ထို့ကြောင့် အကြောင်းခြင်းရာများကို တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းလေသည်။ တည်ကြည်ဖြောင့်မတ်သည်ဟု နှစ်ဖက် သောအစိုးရများဖြစ်သော ဗြိတိသျှနှင့် မြန်မာတို့က လေးစားခံရသူ ဖြစ်သည်။ ပြဿနာများကို အခြေခံကျစွာ ဖြေရှင်း မည်။ မရလျှင် မိမိမန္တလေးမှထွက်သွား မည်။ သူနှင့်အတူ ဗြိတိသျှသည်လည်း မြန်မာနှင့်ဆက်ဆံမှုဖြတ်မှာဖြစ်သည်ဟု ဆို၏။ အဆက်ပြတ်လျှင် ဆောင်းဝယ် ဖောက်ကားမှုလမ်းစနစ်အဆက်အသွယ် ပါဖြတ်တော့မည်။ ဤအခြေအနေမှ တစ်ဆင့် အခွံနှိုက်အနည်းငယ်အကွင်း စစ်ဖြစ်နိုင်သည်။ သူထွက်ခွာသွားလျှင် ကျွန်ုပ်တို့လည်း လိုက်ပါရပါတော့မည်။ မြန်မာတို့ကလည်း လိုက်လျောဆောင်ရွက် ကို လိုက်လျောပြီး မသွားရန်တားမည် မဟုတ်ပါ။

မန္တလေးမှ သင်္ဘောဖြင့် ထွက်ခွာ ရန်အတွက် (၂၄) နာရီအတွင်း သင်္ဘော ထက်သို့တက်ရန်အမိန့်ပေးသော် ကျွန်ုပ် တို့အတွက် အကယ်၍ ပြည်သိမ်းတပ်ဦး နှင့်အတူပြန်မလိုက်နိုင်က ပစ္စည်းအများ အပြား ဆုံးရှုံးမှုခံရရိုင်ပါသည်။ ဘစ်ရှော့

ကိုလိုနီခေတ်ဗြိုဟုတ်ကြီးတပ်ဦးပျက်တပ်ဖဲ့

# အနောက်တံခါးမျူးမောင်မျူး

## ခရစ်ယာန်ဘုန်းကြီးဂျိန်း(စ်)အယ်ဗရက်ကို(လ်)ဘက်၏ မန်းဒြို့တော်မှပေးစာများကိုတင်ပြခြင်း

အမှတ်စဉ်-၅

www.burmeseclassic.com

www.burmeseclassic.com

ဂိုဏ်းချုပ်ဆရာတော်ကြီးကိုလည်း ကျွန်ုပ်အား စစ်တပ်တွင် တွဲဖက်ထားပေးရန် လျှောက်ထားခဲ့ပြီး ဖြစ်ပါသည်။ တပ်ဦးနှင့်အတူ မန္တလေးသို့ပြန်လည်ဝင်ရောက်ရပြန်လျှင်လည်း ပျက်စီးနေသော ဘုရားရှိခိုးကျောင်းကြီးကိုတွေ့ရတော့မည်လားမသိ။ ညောင်ရမ်းမင်းသားမယ်တော်တော့ ကျွန်ုပ်မရှိလျှင်ခက်ပေတော့မည်။ ယနေ့နံနက် သူမထံမှရေးသောစာကို သင်ဖတ်ရပါက ကျွန်ုပ်သည် ညောင်ရမ်းမင်းသားမယ်တော်ကို ကြည်ညိုလေးစားခြင်းမှာ သင်အံ့သြစရာမဟုတ်ကြောင်း သိနိုင်ပါသည်။

ညောင်ရမ်းမင်းသား၏မယ်တော်သည် အကျဉ်းကျခံနေရစဉ်တွင်ပင် သိက္ခာရှိစွာထိန်းသိမ်းနေနိုင်သူတစ်ဦးဖြစ်သည်ကို သူမသည် ငွေကြေးအကူအညီ လိုအပ်နေပါသော်လည်း ကျွန်ုပ်ထံ ငွေကြေးတောင်းခံခြင်းမရှိ။ ကျွန်ုပ်မှ တတ်နိုင်သမျှ ထောက်ပံ့နေကြောင်းကို သိပြီးဖြစ်၏။ သားတော်ကြီးညောင်ရမ်းမင်းသားကလည်း ကာလတွင်းမြို့မှနေ၍ အခါအားလျော်စွာ ငွေများပေးပို့ထားသောကြောင့် ကျွန်ုပ်ကလည်း သူတို့လိုအပ်သောအချိန်တွင် ထောက်ပံ့နိုင်ခြင်း ဖြစ်၏။ လိုအပ်ချိန်တွင် လိုအပ်သလို ထောက်ပံ့ပေးပို့နိုင်ခြင်းမှာလည်း ငွေကြေးတို့သည် မြန်မာထောင်များတို့၏ တံခါးမှန်သမျှကိုဖွင့်နိုင်သောသော့တစ်ခုပင် ဖြစ်၏။

မင်းပျိုမင်းလွင် သီပေါဘုရင်သည် သူနှင့်တန်းတူစိန်ခေါ်သူတစ်ဦးကိုတွေ့ပြီ ဖြစ်၏။ ထိုသူမှာ အခြားသူမဟုတ်၊ သူ၏ မဟေသီပင် ဖြစ်တော့သည်။

မင်းတို့၏ ထုံးတမ်းစဉ်လာအရ မိဖုရား (၄) ဦးနှင့် မိဖုရားငယ် (၄) ဦး ထားရသည့်အစဉ်အလာရှိသော်လည်း မဟေသီကမူ သူတစ်ဦးမှတစ်ပါး အခြားမိဖုရားမထားရ။ သူခင်ပွန်းကို ဆက်ဆံခိုးယူပေါင်းသင်းက သတ်ပစ်မည်ဟု ကြေညာသည်။ လိုက်ဖက်ညီသော စုံတွဲပါတကား။

အာဖဂန်စစ်ပွဲလည်း ပြီးလေပြီ။ တောင်အာဖရိကတွင်ဖြစ်သော ဇူလူးစစ်ပွဲတွင်လည်း အနိုင်ရပြီ ဖြစ်သည်။ ထို့ကြောင့် မြန်မာအရေးကို အာရုံစိုက်ပြီဖြစ်၏။ မသေချာမရေရာသည့် အခြေအနေမျိုးကို အဆုံးသတ်လိုက်လျှင် ကောင်းပါသည်။ အချိန်တိုစစ်ပွဲကလေးနဲ့လိုက်တာက ကောင်းပါသည်။

မြန်မာနယ်နှင့် ပြိတိသျှပိုင်အောက်မြန်မာပြည် နယ်စပ်အတွင်းရှိ သရက်မြို့စစ်ခန်းတွင် တပ်အင်အား ဖြည့်ပြီး ဖြစ်သည်။ သရက်တွင်းရှိ တပ်စခန်းတွင်လည်း ဝမ်းရောဂါဖြစ်ပွားလျက်ရှိသည်ဟု ကြားရသည်။ တပ်သားများလည်း ဝမ်းရောဂါကြောင့် သေဆုံးကြသည်။ ဆရာဝန် (၂) ဦးလည်း ဝမ်းရောဂါကြောင့် သေဆုံးကြသည်ဟု ဆိုသည်။ စစ်ပွဲစမည်ဆိုလျှင်လည်းစ၍ မင်းညီမင်းသားများသတ်ဖြတ်မှုအတွက် အကြောင်းပြ၍ စစ်ဆင်နိုင်ပါသည်။ ရာသီဥတုမဆိုးမီ စစ်ပွဲနွှဲခြင်းသည် ကောင်း၏။

ကိုယ်စားတော် မစ္စတာရော်ကွယ်လွန်ပြီးနောက် အချို့သော အရာရှိများကို ရုပ်သိမ်းပြောင်းရွှေ့ခဲ့သဖြင့် ကျွန်ုပ်တစ်ဦးသာလျှင် ပြဿနာအစမှ ယခုအချိန်အထိ သိရှိသောသူတစ်ဦး အဖြစ်ရှိလေရာ ကျွန်ုပ်မှာ ယခင်ကထက် တာဝန်ယူရသူတစ်ဦးဖြစ်လာသည်။ မကြာခဏ ဌာနေကိုယ်စားလှယ်တော် မရရှိနိုင်သောသတင်းများကို ကျွန်ုပ်သည် သူ့ထံ သတင်းပို့နိုင်ခဲ့ပါသည်။

အမှန်ပြောရလျှင် ကျွန်ုပ်သည် နိုင်ငံရေးသမားမလုပ်လိုပါ။ ထို့အလုပ်သည် ကျွန်ုပ်အား ကောင်းကျိုးထက် ဆိုးကျိုးကို တစ်ခါတစ်ရံပြုတတ်သဖြင့် သဘောမကျပါ။ ယခုအချိန်အထိ ပြည်နယ်အစိုးရနှင့် ဘိရှော့ဂိုဏ်းချုပ်ကြီးတို့က ကျွန်ုပ်၏ ဆောင်ရွက်ချက်တို့ကို ဝမ်းမြောက်စွာ လက်ခံကြသည်ကို တွေ့ရပါသည်။

ညောင်ရမ်းမင်းသား၏ ညီမတော်မင်းသမီးသည် တိမ်းရှောင်၍ ကျွန်ုပ်ထံသို့ ရောက်လာလျက် သူ့အား ခိုလှုံခွင့်တောင်းရာ မစ္စတာရော် (ကွယ်လွန်သွားသော ယခင်ဌာနေကိုယ်စားလှယ်တော်) က အကာအကွယ်မပေးသောကြောင့် ဘုရားရှိခိုးကျောင်းထဲရှိ လုံခြုံသည့် အခန်းငယ်တွင်းတွင်ထားသည်ဟု ကြေးနန်းသတင်းအဖြစ် အင်္ဂလိပ်သတင်းစာများတွင် ဖော်ပြထားသည်ကို သင်ဖတ်ရမည် ထင်ပါသည်။ ထိုသတင်းသည် မမှန်ပါ။ သို့သော် တစ်ကြိမ်ကမူ ထိုသို့ ထွက်ပြေးလွတ်မြောက်ရန် အခါအခွင့်ကြုံခဲ့ပါသည်။ မင်းသမီးသည် အသက် (၁၆) နှစ်သာရှိသော်လည်း ထွက်မပြေးနိုင်သော မိခင်ကြီးကို ထားမပစ်နိုင်သောကြောင့် မိမိကြမ္မာကို မိခင်ကြီးနှင့်အတူခံတော့မည်ဟု ဆုံးဖြတ်လျက် မိခင်ကြီးနှင့်အတူ နေထိုင်ခြင်း ဖြစ်သည်။ မိဖုရားအိုကြီးကမူ ကျွန်ုပ်အား ကျန်းမာစေကြောင်း ချမ်းသာစေကြောင်း ဘုရားထံဆုတောင်းလျက် မေတ္တာပို့လျက်ရှိပါကြောင်း။

ကျွန်ုပ်ကမူ မိဖုရားအိုကြီးဆုတောင်းသောဘုရားသည် ကျွန်ုပ်ကိုးကွယ်သော ထာဝရဘုရားသခင်ပင် ဖြစ်ပေလိမ့်မည်။ သူမ၏ အစေခံများ အပျိုတော်များကမူ ခရစ်တော်၏ သမ္မာကျမ်းစာကို ကြားနာရပြီးဖြစ်သည်အတွက် တစ်နေ့တွင် ကျွန်ုပ်ပျိုးထောင်ပေးသောစိုက်ခင်းမှ အသီးအနှံကောင်းများထွက်အံ့ဟု ယုံကြည်ပါသည်။ အခက်အခဲရှိတိုင်း နှလုံးသားမှာ အသိဉာဏ်ပေးလေ့ရှိသကဲ့သို့ ကျွန်ုပ်၌ သာသနာပြုလမ်းစဉ်လည်းရှိပါမည်။

ယခုနှစ်အတွက် ကျောက်ပေါ်သည့်ကပ်ဆိုးခိုန်ကို ကျော်လွှန်လာပါပြီ။ အသေအပျောက်များမည်။ သီပေါဘုရင်လည်း ကျောက်ပေါက်၍ နတ်ရွာကျံတော်ကုန်ပြီဟုကြားရသည်။ သို့သော်ထိုသတင်းမှားပါသည်။ သီပေါမင်းနန်းရွာမစံပါ။ ကျန်းမာပကတိရှိပါသည်။

(အခွန်တော်များ ကောက်ခံအတွက် စစ်သားစုဆောင်းရာတွင် တစ်အိမ်တစ်ယောက်ကျလိုက်ရန်အမိန့်ကို မကျေနပ်သဖြင့် ဗန်းမော်နှင့် ပြည်တစ်နေရာတွင် သူပုန်ထသည့်သတင်း သာသနာပြုလုပ်ငန်း၊ ညောင်ရမ်းမင်းသား၏ နှမတော်နှင့် ပတ်သက်သော ကောလာဟလ၊ ညောင်ရမ်းမင်းသား အသိုင်းအဝန်းမှ နန်းတွင်းအပျိုတော်များကို ခရစ်ယာန်ဘာသာဝင်မည်သူ ယူဆထားကြောင်း၊ သီပေါဘုရင်နှင့် မိဖုရားတို့၏အိမ်ထောင်ရေးအခြေအနေတို့ကို ဖော်ပြထားသည်။ အာဖဂန်စစ်ပွဲ၊ ဇူလူးစစ်ပွဲတို့၌ စစ်နိုင်၍ စစ်ပွဲပြီးဖြစ်၍ မြန်မာနှင့် စစ်ပွဲဖြစ်ရန် အခြေအနေမည်မဟုတ်သည့်အတွက် မန်းမြို့တော်အချိန်မရွေး ထွက်ခွာရလျှင် အထုပ်မြန်မာပြည်သိမ်းသည့် တပ်ဦးနှင့်အလိုက်ရန်ရန်၊ ပြိတိသျှစစ်တပ်တွဲဖက်ထားပေးရန် ဘိရှော့ဂိုဏ်းချုပ်တင်ပြထားသည်ဟုဖော်ပြထားသည်)

**ခရစ်နှစ် ၁၈၇၉ ခု၊ ဩဂုတ်လ (၂၁)ရက်**
**မန္တလေး**

ခင်ဗျားအနေနှင့် ကျွန်ုပ်ထံမှ မရလို့ပြီးခဲ့သည့် (၂) ပတ်လောက်အတွင်း စိတ်ပူနေမှာလို့ထင်ပါသည်။ စာနာ



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတော်ကြီး(၁)နှင့် (၂) ဦးတို့ ဝင်ရောက် ကယ်ဆယ်ရသည်။ အသိုက်တော်များကိုသတ်ရန်ကြံစည်ခြင်းမှန်း သည်ဟုဆိုသည်။ စစ်ဆေးပြင်းသည်။ ဤကိစ္စအဖွဲ့ ရှေ့ရေးမသေချာ။)

## ခရစ်နှစ် ၁၈၇၉ ခု စက်တင်ဘာ ၁၁ ရက် မန္တလေးမြို့

လွန်ခဲ့သော ရက်သတ္တသုံးပတ် လောက်မှစပြီး ကျွန်ုပ်ထံမှ မည်သည့် အဆက်အသွယ်မရဖြစ်နေသဖြင့် ခင်ဗျား အတွက် စိတ်ပူစရာဖြစ်ရသည်ကိုအားနာ ပါသည်။ အဆက်အသွယ်ပြတ်ရခြင်းမှာ အပြင်းဖျားနာသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်ကို ကျေးဇူးတင်ရပါမည်။ ထမင်းစားနိုင်ပါပြီ။ နာလန်ထမှုမှာမြန်ပါ သည်။ နောက် (၂) ရက်၊ (၃)ရက်ဆိုလျှင် လူကောင်းပကတိဖြစ်ပါပြီ။ ဖြစ်ပုံမှာ (၂) ရက်၊ (၃) ရက်ခန့် ကိုယ်လက်မအီမသာ ဖြစ်သည်။ နောက်ကိုယ်အောက်ပိုင်းတွင် အပူဖုလေးများထွက်ပါသည်။ ဩဂုတ်လ ၂၄ ရက် တနင်္ဂနွေနေ့ နံနက်ပိုင်းမှာ ဘုရားရှိခိုးကျောင်းတွင် ဆုတောင်းပွဲ၌ တရားဟောပါသည်။ နောက်ညနေဝတ် ပြုပွဲတွင် တရားမပြနိုင်တော့ပါ။ ထိုနေရာ မှ ဆရာဝန်ထံ အမြန်ပြရပါသည်။ ဆရာ ဝန်ထံရောက်သောအခါ သူ၏စစ်ဆေးမှု အရ ကျွန်ုပ်၏ သွေးခုန်နှုန်း မှာ (၁၈၀) ရှိသည်ဟု သိရသည်။ ဆရာဝန်ထံသို့ ခြေကျင်လျှောက်လာနိုင်သည်ကို သူ အတွက် အံ့သြစရာဖြစ်သည်ဟု ဆိုပါ သည်။ သူပေးသောဆေးကို သောက်ရ ပါသည်။ နောက်တစ်နေ့ သူလာသော အခါ အဖျားတက်ပါတော့သည်။ ထုံးစံ အရဆိုလျှင် ဤလိုအခြေအနေ၌ လက် ကိုင်တုတ်မှာ ကားလိုး၍ (၁) ရက်လျှင် တထစ်မှတ်ကြသည်မှာ ပြုမြဲဖြစ်သော် လည်း အဖျားကြီးတော့ ကားပင်မကိုင်နိုင် တော့ပါ။ ဘယ်နှရက် ဘာဖြစ်ခဲ့သည်ဆို တာပင် မသိတော့ပါ။ ဩဂုတ်လ ၃၁ ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်တို့က ကျွန်ုပ် အတွက် ဘုရားရှိခိုးကျောင်းတွင်းတွင် ဝတ်တွားလျက် ဆုတောင်းသမှုပြုခဲ့ကြ ပါသည်။ တနလ်ာနေ့တွင်မူ အဆိုးဆုံး ပင်ဖြစ်ခဲ့သည်။ သေမည်၊ ရှင်မည်ကို ဝေခွဲမရသည့်အခြေအနေသို့ ရောက် သွားသည်။ ဘုရားသခင်၏ သဘော တော်အရ ဖြစ်ရမည့်အခါတွင် ကျေးဇူး တော်ရှင်၏ ကရုဏာတော်ကြောင့်

ဆိုင်ဆင်လိုက်သည်နှင့် အကြောင်းတစ်ခု ကောင်းနှင့်လာပြီး မရေးဖြစ်ခဲ့ပါ။ ခင်ဗျား အတွက် သတင်းကောင်းတွေရေးရန်ရှိ သော်လည်း မရေးနိုင်ခဲ့ပါ။ အရင်ရေး ထားတွေကို ခင်ဗျားမှတ်မိမည်ဆိုလျှင် ကျွန်ုပ်၏ပုံပိုးမှုနှင့် ဒုက္ခသည် (၇၀) ခန့် ကို သိုပို့ခဲ့ပြီးကြောင်း၊ အချို့လည်း သဘောဖြင့် ရေကြောင်း၊ အချို့လည်း ကျန်းမာမှုပို့ခဲ့ကြောင်း သိပြီးဖြစ်ပါ သည်။ သူတို့လွတ်မြောက်မှုတွင် ကျွန်ုပ် အပါအဝင်ဆောင်ရွက်ခဲ့ကြသော်လည်း သူတို့ထံမှ ကျွန်ုပ်ဆောင်ရွက်မှုအတွက် ကျေးဇူးတင် ကြောင်းသိရသည်။ တစ်ခုကောင်းသည် သူတို့မသွားမီ ဘုရားရှိခိုးကျောင်း အတွင်း ရက်သတ္တပတ်များစွာ နေထိုင် ကြရရာ ကျွန်ုပ်တို့အသင်းတော်၏ ဘာသာရေးဆိုင်ရာ အယူအဆများတို့ နားလည်သဘောပေါက်စေရန် သင် ကြားခွင့်ရလိုက်ပါ၏။ ကျွန်ုပ်စိုက်ခင်းမှ နှံကောင်းများရလိုက်ပါသည်။ ကယ် ဆင်ခဲ့သောသူများထဲမှ အဘွားအိုကြီး ဦးမှာ ခရစ်ယာန်ဘာသာဝင်ရန် သေပြည့်အနေဖြင့် စိပ်ပုတီးကို ယ်လိုက်ပါပြီ။ ခရစ်ယာန်ဘာသာဝင်တို့ ကို လေ့လာနေထိုင်ပါမည်ဟုကတိ ပြုလေသည်။ ထိုအဘွားအို (၂) ဦး သူတို့ကောင်းစားစဉ်က အရေးပါ သော နှန်းတွင်းသူများ ဖြစ်ကြသည်။ ဦးရမ်းမင်းသားမယ်တော် မိဖုရား၏ ဘဏ္ဍာစိုးအပျိုတော်ကြီးဖြစ်၍ ကျန် ဦးမှာ ညောင်ရမ်းမင်းသား၏ဦးမေ မင်းသမီးကိုထိန်းရသူ ဖြစ်သည်။ သူတို့ ယခုအခါ ရန်ကုန်၌ စိန်ဖွဲ့နွဲ့ ကျောင်းဝင်းထဲရှိ ဘုရားရှိခိုးကျောင်း ကို ရောက်နေပြီ။ ခရစ်ယာန်ဘာသာ ဝင်မည့်အခမ်းအနားကို မကြာမီ ကျင်းပမည်ဟု သိရသည်။

ခရစ်ယာန်ဘာသာသို့ ဝင်လိုက် ကြောင်း အုပ်စုလိုက်ဆန္ဒပြသူများလည်း ရှိ၊ (၃) ဖွဲ့ ရှိပါသည်။ ညောင်ရမ်း မင်းသား၏မယ်တော်နှင့် ညီမတော်တို့ အတွင် နောက်ဆုံးအဖမ်းခံရသည့်အချိန် အထိ နေထိုင်ခစားခဲ့သော အပျိုတော် ဦးလည်း ကျွန်ုပ်ထံသို့ အခက်အခဲ အကြားမှ ရောက်ရှိလာသည်။ သူတို့ ဦးမှာ ထွက်ပြေးတိမ်းရှောင်နေရပြီး ကောင်းသောအသက်မွေးဝမ်းကျောင်း အလုပ်ကိုလုပ်ကြရသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ထံ ရောက်လာကြခြင်း ဖြစ် သည်။ သူတို့လည်း ပြီးခဲ့သော ဩဂုတ် လ ၃ ရက်နေ့က ခရစ်ယာန်ဘာသာသို့ ဝင်ပြီးပါပြီ။ မေရီနှင့် အယ်လစ်ဇဘက် အမည်ဖြင့် သူတို့ကောင်းစွာရှိပါသည်။ မကောင်းသောဘဝဆိုးမှ လွတ်မြောက် ကြပါပြီ။ နန်းတွင်းသူများထဲမှ ပထမဦး စွာ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသူ များဖြစ်ကြသည်။ အကယ်၍ ညောင်ရမ်း မင်းသားပြန်လာ၍ ဘုရင်ဖြစ်ခဲ့သော် သူသည် ကျွန်ုပ်ကို ကျေးဇူးရှင်တစ်ဦး အဖြစ် မှတ်ယူရလိမ့်မည်။ မယ်တော်နှင့် သူ၏ ညီမတော်အား အကျဉ်းကျစဉ် နေစဉ်စားသောက်နေထိုင်မှုမှစ၍ ဆက် သွယ်လုပ်ဆောင်ပေးသူမှာ ကျွန်ုပ်ဖြစ် နေသည်အတွက်ဖြစ်၏။ သူတို့၏အရင်း နှီးဆုံး ဘဏ္ဍာစိုးနှင့် သားထိန်းတို့လည်း ကျွန်ုပ်ထံတွင် ခရစ်ယာန်ဘာသာဝင်ခွင့် ပြု၍ စောင့်ရှောက်ထားပြီး ဖြစ်သည်။ အခြားအပျိုတော် (၂) ဦးလည်း ခရစ် ယာန်ဘာသာသို့ဝင်ပြီး ဖြစ်၏။ ထိုသို့ ဆောင်ရွက်ထားသဖြင့် နောင်တစ်ချိန် မှာ ဘာတွေဖြစ်လာမည်ကို မည်သူပြော နိုင်မည်နည်း။ ရှင်တော်ဘုရားထံ ဆု တောင်းရပါတော့မည်။

အခြေအနေမှာ အေးချမ်းငြိမ် သက်နေသည်။ သို့သော် ဤကဲ့သို့မည်မျှ နေနိုင်ပါမည်နည်း။ သီပေါဘုရင်က တပ်သား (၂၀၀၀) ကို နယ်စပ်သို့စေ လွှတ်လိုက်ပြီ။ စစ်တိုက်ရန် အလံနိုလွှင့် လိုက်ခြင်း ဖြစ်သည်။ နန်းတော်ဝင်းထဲ မှာလည်း တပ်သားများစစ်ရေးကျင့်ကြ သည်။ စစ်ရေးပြစဉ် နန်းတွင်းသို့ နှိုင်ငံ ခြားသားများမဝင်ရ။ ကျွန်ုပ်တို့လည်း မလုံခြုံ။ ရှေ့ရေးမခန့်မှန်းနိုင်။ အပျို တော် (၄) ဦးထားရာအိမ်သို့ မားပြများ (သို့မဟုတ်) လူသတ်သမားများ ဝင် ရောက်ကြသည်။ ထိုအိမ်မှာ ဘုန်းတော် ကြီးအိမ်အစွန်တွင် ရှိသည်။ ကျွန်ုပ်၊ လောရင့်နှင့် အခြားသူတစ်ဦးက မားပြ များဝင်လာသည်ကိုကြားရသည်။ ကျွန်ုပ် တို့က အမြန်သွားကယ်ရသည်။ မားပြ သို့မဟုတ် လူသတ်သမား (သတ်ရန် ရည်ရွယ်ချက်ရှိသည်) တို့သည် ကျွန်ုပ် တို့ရောက်လာရာ သူတို့ထွက်ပြေးသွား ကြသည်။

(ခရစ်ယာန်ဘာသာသို့ကူးပြောင်း သူများအနက် နန်းတွင်းသူ (၄) ဦးပါရှိ ကြောင်း၊ ညောင်ရမ်းမင်းသားမယ်တော် ၏ အိမ်တော်ပါလူယုံများဖြစ်ကြသည်။ သီပေါမင်းတပ်မှ အင်အား (၂၀၀၀) ခန့် နယ်စပ်သို့ စေလွှတ်သည်။ အပျိုတော် (၄) ဦးရှိရာအိမ်ကို လူဆိုးများဝင်ရာ

www.burmeseclassic.com

ပြန်လည် သက်သာလာပါသည်။ လွန်ခဲ့သော (၂) ရက်ကမူ ဘုရားရှိခိုးကျောင်းသို့ ယိုင်တိယိုင်တိုင်နှင့်သွားခဲ့ရပါသည်။ ယခုမူ ကောင်းစွာလမ်းလျှောက်နိုင်ပါပြီ။

အများကြီးရေးစရာသတင်းတွေရှိပါသည်။ ခေတ္တသည်းခံစောင့်ပါ။ ကျန်းမာရေးကောင်းသည်အထိတော့ စောင့်ပါ။

ကျွန်ုပ်တို့ထံသို့ လှို့ဝှက်စကားဝှက်နှင့် ကဘူးလ်မြို့မှာရှိသည့် ဗြိတိသျှကိုယ်စားလှယ်တော် အိမ်[၁၁]ကို တိုက်ခိုက်ခံရကြောင်း သိရသည်။ မြန်မာများလည်း ရက်သတ္တပတ်အတွင်း သိနိုင်မည်။ထိုသတင်းနှင့်အတူ ထိုပြုမူအတွက် အပြစ်ပေးအရေးယူမှုအကြောင်းလည်း သတင်းပါလာပါဦးမည်။ အရေးယူမှုအတွက်ကြားသိရလျှင် ဘုရင်နှင့်နောက်တော်ပါများကတော့ မန္တလေးနေပြည်တော်မှ ဗြိတိသျှတို့ ထွက်သွားရန် အလိုရှိသည်။

ကျွန်ုပ်တို့၏ ခိုလှုံရာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အင်အားပေးသနားတော်မူသူ ဖြစ်သည်။ အတိ ဒုက္ခရောက်ချိန်တွင် ကယ်တင်တော်မူသည်။ သင့်တော်သောအချိန်ရောက်လျှင် ချစ်စရာကောင်းသော အဖြစ်အပျက်အကြောင်းအရာများကို ရေးပါမည်။ ခုအချိန်တွင် အရေးပါသည့်သတင်းများကိုသာဖော်ပြနိုင်ပါမည်။

နက်ဖြန်ဆိုလျှင် ညောင်ရမ်းမင်းသား ကျွန်ုပ်ထံသို့ လာရောက်ခိုလှုံခဲ့သည်မှာ တစ်နှစ်ပြည့်ပြီ ဖြစ်၏။ သူလာပြီးသည့်နောက် ကျွန်ုပ်ထံသို့ ဧည့်သည်များ ပြတ်လပ်သည်မရှိ ဝင်ရောက်လာကြပါတော့သည်။ ယခုလည်း မေရီနှင့် အယ်လစ်ဇာဘက်တို့ကို ရန်ကုန်သို့ပို့ရန် စီစဉ်ရသည်။ ကယ်ဆယ်ရေးလုပ်ငန်းစာရင်းပိတ်မှတော်တော့မည်။ သို့သော် အကြောင်းတစ်ခုပေါ် လာသဖြင့် သူတို့လည်း ကျွန်ုပ်နှင့်အတူ နေရပါဦးမည်။

(မကျန်းမာသည်မှ နာလန်ထစပြုဖြစ်ကြောင်း။ အာဖကန်မြို့တော် ကဘူးလ်၌ ရုံးစိုက်သော ဗြိတိသျှဌာနေကိုယ်စားလှယ် ဆာကာဗာနာရီ (British representative Sir Louis Cavagnari) သည် ၅-၉-၁၈၇၉ နေ့၌ သူနှင့်အဖွဲ့သားအားလုံး အသတ်ခံရကြောင်း လှို့ဝှက်ကြေးနန်းအရ သိရသည်။ ထိုအကြောင်းကို မြန်မာတို့မသိသေး။ ခရစ်ယာန်ဘာသာပြောင်းနန်းတွင်းသူဟောင်းများဖြစ်သည့် မေရီနှင့် အယ်လစ်ဇာဘက်တို့ ရန်ကုန်ပို့ရန် ဆိုင်းငံ့ထားလိုက်ရသည်။)

**ခရစ်နှစ် ၁၈၇၉ ခု၊**
**အောက်တိုဘာလ ၁၁ ရက်၊**
**အင်္ဂလိပ်အင်္ဂလန်သေးသေးတော်၊ ပြည်၊**
**ဗြိတိသျှပိုင်အောက်မြန်မာပြည်၊**

ကျွန်ုပ်ဗြိတိသျှပိုင်နက်အတွင်းပြန်ရောက်ပြီဆိုသောသတင်းကြားရလျှင် ဝမ်းသာလိမ့်မည်ဟု ယူဆရပါသည်။ အမှန်မတော့ မန္တလေးမှ ပရိသတ်အလယ် အရှက်တကွဲထွက်ပြေးခဲ့ခြင်းသာ ဖြစ်ပါသည်။ ပြီးခဲ့သော အင်္ဂါနေ့က မန္တလေးကထွက်ပါသည်။ အောက်တိုဘာလ ၇ ရက်က မွန်းတည့်ချိန်ရောက်တော့ နယ်စပ်ကိုကျော်ဖြတ်ပြီး တိုက်ပွဲတစ်ခုနွဲ့ရမည့်အလား စိုးရိမ်စိတ်များနှင့် စုန်ဆင်းလာခဲ့ရသည်။ သရက်မှာ တစ်ည တာရပ်နားခဲ့ပြီး ခုတော့ ပြည်မြို့ရောက်ပါပြီ။ ပစ္စည်းအများအပြားဆုံးရှုံးခဲ့ပြီး ထွက်လာခဲ့ရတာပါ။ ဘာပစ္စည်းမှမည်မည်ရရပါမလာပါ။ တိုက်ပွဲဆင်နွှဲရတော့မည့်အနေအထားနှင့် သည်းထိတ်ရင်ဖိုထွက်လာကြရပါသည်။ ယခုလည်း တိုက်ပွဲဖြစ်ဦးမလားဟု မျှော်လင့်နေရပါ၏။ ခရစ်ယာန်ဘာသာဝင်တိုင်း ပါလာကြသည်။ ဘာဆက်လုပ်ရမည်ကို ယခုအထိ မသိသေးပါ။ တပ်မှူး စစ်ခို်မည်ဆိုလျှင် တပ်နှင့်အတူလိုက်ရမည်ဟု မျှော်လင့်ထားပါသည်။ မန္တလေးမှာပဲ တာဝန်ထမ်းဆောင်လိုသည်။ အဲ့ဒြ လောက်အောင် ကျန်းမာရေးအခြေအနေက တိုးတက်လာပါသည်။ သည်းဖိစွန့်စားခရီးသွားမှုက မြစ်အတွင်း လေကောင်းလေသန့်၊ နေရောင်ခံမှုတို့ကြောင့် ကျန်းမာရေးကောင်းလာသည်ဆိုလျှင်မမှားပါ။ ခုတော့ အသားညှိချောဖြစ်နေပါပြီ။အများကလည်း ကျွန်ုပ်ကိုကြည့်ကောင်းသည်ဟု ဆိုကြသည်။ ကိုယ်အလေးချိန် က ပေါင် (၁၁၀)၊ အရင်ကုန်းက (၁၂၆)ပေါင်ပါ။ မနှစ်က (၁၁၅) ပေါင်။ ဒုက္ခသည်လက်ကျန်ကလေးကို တစ်ပါတည်းခေါ်လာခဲ့ပါသည်။

(ဤစာအရဆိုသော် ကဘူးလ် အရေးအခင်းဖြစ်ပွားရာ မြန်မာတို့ကလည်း ဗြိတိသျှကိုယ်စားလှယ်နှင့် ဗြိတိသျှတို့အား တိုက်ခိုက်လာနိုင်သည်ဖြစ် ၍ မန္တလေးမှ ထွက်ခွာလာကြသည်။ သူနှင့်အတူ ခရစ်ယာန်ဘာသာဝင်သူများလည်း ခေါ်ခဲ့သည်။ ထိုအထဲတွင် အပျိုတော် (၂) ဦးလည်း တစ်ပါတည်း ခေါ်ခဲ့သည်။)

**ခရစ်နှစ် ၁၈၇၉ ခု၊**
**အောက်တိုဘာလ ၁၈ ရက်၊**
**စိန့်ဂျွန်းကောလိပ်၊ ရန်ကုန်၊**

အထက်ပါ လိပ်စာကိုကြည့်လျှင် ကျွန်ုပ်တို့သည် အန္တရာယ်များမှကင်းဝေးပြီး လုံခြုံစိတ်ချရသည့်နေရာတွင်ရောက်ပြီဟုဆိုနိုင်ပြီ။ ရန်ကုန်သို့ ပြီးခဲ့သောကြာသပတေးနေ့ ရောက်ပါသည်။ ကြောင်းခရီးမှာ (၁၀) ရက်ခရီး ဖြစ်၏။ ရန်ကုန် စိန့်ဂျွန်းရှိ ဘုန်းတော်ကြီးကျောင်းမှာမမျော်ပါ။ မန္တလေးရှိ ဘုန်းတော်ကြီး အိမ်ကိုသာ တမ်းတမိပါသည်။ ခင်ဗျားတို့ကတော့ စောင့်လက်စနှင့် ဆက်ရေးသည်းခံ၍ နောက်အပတ်ထိစောင့်ပါဦး။ ခုတော့ နေ့စဉ်မှတ်တမ်းတစ်ခုလိုပဲ စာရေးနှင့် မရေးနိုင်သေး၍ ဖြစ်ပါသည်။ တော့ ဘာသာရေးဆိုင်ရာ အာဏာပိုင်အုပ်ချုပ်ရေးဘက်မှ အာဏာပိုင်တွေတွေ့ပြီး မန္တလေးကို တက်သိမ်းလျက် ရှေ့တန်းမှ တပ်များနှင့်အတူ တပ်တွဲဖက်ထမ်းဆောင်ခွင့်ရရန် ကြိုးစားရပါသည်။ နောက် (၆) လလောက်လျှင် အရေးအခင်းပြီးစီးနိုင်သည်တွက်ရသည်။ အာဖကန်၊ ကဘူးလ်အာဖရိကာဇူလူးအရေးအခင်းမပေါ်ခင် အရင် (၆) လလောက်ကပင် မန္တလေးသိမ်းပြီးလောက်ပါသည်။

အပျိုတော် (၂) ဦးလည်း စိန့်ဂျွန်းမှာ နေစေပါသည်။ ကျန်သူများကလေးအန္တရာယ်မရှိတော့ပြီဖြစ်၍ သွားလိုသို့သွား၍ အသက်မွေးဝမ်းကျောင်းရန်လွတ်ရပါသည်။ ရန်ကုန်သို့ သင်္ဘောဆိုက်ပြီးသည်နောက် လူစုမခွဲမီ ဘုရားရှိခိုးကျောင်းသို့သွားကြပြီး ဘုရားသခင်၏နာမတော်ကို ထောမနာပြုကြကျွန်ုပ်တို့အားစောင့်ရှောက်တော်မူသည်အတွက် ကျေးဇူးတင်ပါကြောင်းကို ဝတ်ပြုကြရသည်။

အဲ့ဒြဖွယ်ရာကောင်းလိုက်ပုံ ရန်ကုန်ကို သင်္ဘောဆိုက်သကာလ တစ်ယောက်တက်လာပါသည်။ သူသည် ညောင်ရမ်းမင်းသားညီတော်ကစေလွှတ်သူပါ။ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့သော အပျိုတော် အယ်လစ်ဇာဘက်နှင့် မေရီတို့အား ကာလကြွတ္တာမြို့လိုက်ပါ၍ ညီနောင် (၂) ပါးထံအမှုထမ်းရန် အမိန့်ပေးခြင်း ဖြစ်၏။ အကယ်၍ လိုက်သွားမည်ဆိုသော် သူတို့၏ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘုရား (၂၀) မျှနှင့် ဝါးထရံကာသစ်သား အိမ်များသည် ခုခံကာကွယ်နိုင်မည် မဟုတ်ကြောင်း၊ သင်္ဘောဆိပ်နှင့် (၂)မိုင် အကွာတွင် တည်ရှိသောကြောင့် အရေး အကြောင်းပေါ် လျှင်ဆုတ်ခွာရန် လမ်း မသာကြောင်းတို့ကို တင်ပြခဲ့ပါသည်။

အိန္ဒိယဘုရင်ခံချုပ်သည် အရေး အခင်းဖြစ်ပြီးမှ အကြောင်းတရားကို ဆင်ခြင်မိသည့်အဖြစ်မျိုး အဖြစ်မခံလို။ ထို့ကြောင့် ရုံးတွင်းမှတ်တမ်းများ၊ လက် နက်ခဲယမ်းများတို့ကို လိမ္မာပါးနပ်စွာ လှိုက်လှဲယူဆောင်စေလျက် ကိုယ်စား လှယ်တော်ရုံးနှင့်တကွ ဗြိတိသျှဘုရင်မ ကြီး၏ ကျေးတော်မျိုး နိုင်ငံသားအားလုံး မန္တလေးမှ ထွက်ခွာစေပါသည်။ ထွက် ခွာရာတွင် မြန်မာဘက်သို့ သတိပေး သလိုမဖြစ်စေရန် မည်သူမျှ အိမ်ဆောင် ပရိဘောဂများကို သယ်ဆောင်ယူလာ ရန် တားမြစ်ထားပါသည်။

တနဂ်နွေနေ့ (အောက်တိုဘာလ ၅ ရက်) သည် ဆုတ်ခွာရေးစီမံချက်၏ (စ)နေ့ဖြစ်သည်။မစ္စတာဘာဘီ၊ ဗြိတိသျှ ဌာနေကိုယ်စားလှယ်တော်အဖြစ် တာ ဝန်ယူထားသူသည် ထိုနေ့တွင် ကျွန်ုပ် ညနေပိုင်း ဘုရားရှိခိုးကျောင်းမှအပြန်၌ ကျွန်ုပ်နေထိုင်ရာဘုန်းတော်ကြီးအိမ်တွင် ရောက်နေကြောင်းတွေ့ရသည်။ ကျွန်ုပ် က အဘယ်ကြောင့် ဘုရားရှိခိုးကျောင်း မတက်ပါသနည်းဟု မေးမြန်းရာ သူက အထက်ပါအကြောင်း ပြောပါသည်။ နက်ဖြန် မနက် (၆) နာရီတွင် သင်္ဘော သို့ တိတ်တဆိတ်အားလုံးဆင်းကြရမည် ဟု ဆိုပါသည်။ ထိုအကြောင်းကို မည်သူ မျှမပြောရန်လည်း သတိပေးခဲ့သည်။ ကျွန်ုပ်နေခဲ့လျှင် ဒုက္ခတွေ့မည်။ အိန္ဒိယ အစိုးရအတွက် ဘာမှတတ်နိုင်မည် မဟုတ်။ အရေးအခင်းစီစဉ်မှုအတွက် အပျက်မခံနိုင်။ မြန်မာဘက်မှလည်း ကျွန်ုပ် လုပ်ဆောင်ချက်ကို သဘောကျ သည်မဟုတ်သဖြင့် သူ့အမိန့်နာခံပြီး လိုက်သင့်သည်ဟု ဆိုပါသည်။

ကျွန်ုပ်အနေနှင့်စဉ်းစားပြီး ခရစ် ယာန်ဘာသာဝင်သုံးဦး၊ လေးဦးသာ ကျွန်ုပ်နှင့်အတူ ကျန်ရှိပါသည်။ ထို့ ကြောင့် ကျွန်ုပ်ထွက်ခွာလျှင် ခရစ်ယာန် ဘာသာဝင် မိမိကိုမိမိခိုသူများကို စွန့်လွှတ် ထွက်ခွာသွားသည်ဟု အပြစ်တင်ခံရ ဖွယ်မမြင်ပါ။ ထို့ကြောင့် တပည့်ကျော် လောရင့်ကို ခေါ်ပြီ၍ ပြောသင့်သမျှ ပြောကာ အယ်လစ်ဇာဘက်နှင့် မေရီကို ခေါ်ပြီး ယခု ညနေပိုင်းတွင် သင်္ဘောသို့ ဆင်းစေပါသည်။ အထုပ်အပိုးကိုလည်း များများမယူနိုင်။ စောနိုင်သမျှစော ဘေးကင်းမည်။ ကျောင်းအုပ်ဆရာကြီး မစ္စတာမက်ကာတွမ်ကိုလည်းအကြောင်း ကြားရပါသေးသည်။ အဝိုးတန်ဝတ္ထုများ စာအုပ်၊ အဝတ်အစားအနည်းငယ်တို့ သာ ယူဆောင်နိုင်သည်။ ဘုရားရှိခိုး ကျောင်းမှ ဘုရားစင်လက်ဝါးကပ်တိုင်း ဖယောင်းတိုင်မီးပူဇော်သည့်ခုံ စသည် လောက်သာ ယူနိုင်သည်။ ဝတ်ပြုခြင်း နှင့်ဆိုင်ရာထဲမှ ဘုရားစာအုပ်၊ သာသ နာရေးမှတ်တမ်းတို့ကိုယူရသည်။ နံနက် (၀၄း၂၀) နာရီတွင် ကျောင်းအုပ်ကြီးနှင့် သူ့အိမ်ရှိကလေးများနှိုးရသည်။ ရန်ကုန် သို့သွားရမည်ဆိုသော် ကလေးများက အံ့အားသင့်သွားသည်။ ကလေးများက စာအုပ်များကို သယ်ဆောင်ပေးသည်။ ကျောင်းအုပ်လင်မယားစောင့်ရသဖြင့် အချိန်အနည်းငယ်လင့်၏။ စစ်တာရီများ ကလည်း သေနတ်အသင့်အနေထားနှင့် ကျွန်ုပ်တို့ကို စောင့်နေရသည်။ ကျွန်ုပ်တို့ စုရပ်ရောက်သောအခါ အခြားသူများ ထွက်ခွာသွားကြပါပြီ။ စစ်တာရီများနှင့် ကျွန်ုပ်တို့သည် ဘုရားရှိခိုးကျောင်းနှင့် ကျွန်ုပ်တို့ အိမ်ဝိုင်းကြီးကို စွန့်ခွာလာ ကြရာတွင် ဘုရားရှိခိုးကျောင်းအစောင့် အား ကောင်းစွာစောင့်ရှောက်ပါရန် မှာ ကြားပြီး အပြန်တွင် အကောင်းပကတိရှိ ပါက ဆုပေးမည်ဟုပြောခဲ့ရပါသတည်း။ ကျွန်ုပ်အိမ်လည်း ခြေရာလက်ရာမပျက် ထားခဲ့သည့်အတိုင်း ပြန်တွေ့ရသည်။

သင်္ဘောသို့ ရောက်သောအခါ သင်္ဘောထွက်ရန်စောင့်ခိုနှက်တွင် အခါ မရွေး အတိုက်ခံရမည့်ဘေးကို မျှော် လျက် အသင့်ပြင်ထားရသည်။ သို့သော် တိုက်ခိုက်မှုထတ္တိ ဗြိမ်းခြောက်မှုတစ်ခုမျှ ဆောင်၍ တပည့်များခေါ်ပြီး ဘုရားရှိခိုး ကျောင်းမှ ဟာမွန်နီယံလက်ဆွဲဓာတု ကြားဘုရားစင်၊ သစ်သားစားပွဲ စသည် တို့ကိုပါအောင်ယူနိုင်ခဲ့ပါသည်။ သင်္ဘော ပေါ် တွင်ညအိပ်စဉ် အခြားသင်္ဘောတစ် စီး အနားကပ်လာ၍ ဖြစ်ပါသည်။ သောင်ခဲကို ရှောင်တိမ်းစဉ် ကပ်မောင်း ခြင်း ဖြစ်ပါသည်။ မြန်မာတစ်သားများ လောဟ သံသယဖြစ်ဖွယ် လူအများ သင်္ဘောပေါ် တွင်ပါသွားသည်ကိုလည်း မြင်လိုက်ရ၏။

(အရေးတကြီးဆုတ်ခွာရာ သင်္ဘော ပေါ် ရောက်မှ ကျန်ပစ္စည်းများ သယ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်နိုင်သည်။)

**ခရစ်နှစ် ၁၈၇၉ ခု၊ အောက်တိုဘာ (၇) ရက်**

နံနက်စောစောထပြီး ကျန်ပစ္စည်းများကို သယ်ယူပို့ကြရန် မှာကြားရသည်။ ဌာနေကိုယ်စားလှယ်တော်က မြန်မာအစောင့်ခေါင်းကို ငွေ (၁၀၀) ပေး၍ မှာကြားသောပစ္စည်းများကို အမြန်သယ်ယူပေးရန် ပြောသည်။ ရနိုင်သမျှ သောပစ္စည်းကိုမှာယူကြသည်။ ယူလာသမျှပစ္စည်းတို့ကို သင်္ဘောဝမ်းထဲထည့်သိမ်းသည်။ ဌာနေကိုယ်စားလှယ်၏ အိမ်တော်အလံကိုလွှင့်လိုက်သည်။

(၁၂) နာရီထိုးသည်နှင့် သင်္ဘောထွက်ရန်အသင့်ဖြစ်ပြီ။ အခြားသင်္ဘောတစ်စီးလည်း ထွက်ရန်အသင့်။ မန္တလေးကို နှုတ်ဆက်ခဲ့ပါသည်။

မီးသင်္ဘောသည် မြင်းခြံသို့ ညအချိန်ရောက်သည်။ အောက်အရပ်မှ ဆန်တက်လာသော စာပို့သင်္ဘောကြီးနှင့်တွေ့ရာ သူတို့လည်း ကျန်ပ်တို့နှင့် အတူ စုန်ဆင်းမည်ဟု ဆုံးဖြတ်သည်။

(မန္တလေးမှ ၁၈၇၉ ခု၊ အောက်တိုဘာလ ၇ ရက်နေ့၊ နေ့ (၁၂) နာရီတွင် ထွက်ပါသည်။)

**ခရစ်နှစ် ၁၈၇၉ ခု၊ အောက်တိုဘာလ ၈ ရက်။**

နံနက် (၀၅း၃၀) သင်္ဘောထွက်သည်။ သင်္ဘောပါခရီးသည်တစ်ဦးက စွေးထဲတွင် သူ့ရရန်ရှိသောအကြွေးကျပ် (၂၅၀၀၀) ရှိရာ မည်ကဲ့သို့ တစ်လအတွင်းကောက်ခံရမည်နည်းဟုဆိုသည်။ သူသည် ဗြိတိသျှ ကျေးတော်မျိုးကျွန်တော်မျိုးတစ်ဦး၏။ British Subject ဟုဆိုရသည်။ ဗြိတိသျှကျေးတော်မျိုးကျွန်တော်မျိုးဖြစ်ခြင်းကြောင့် အန္တရာယ်မရှိလိုလျှင် သင်္ဘောနှင့်အတူအောက်အရပ်လိုက်ပေတော့ဟု ပြောရသည်။

သင်္ဘောကြီး(၃)စီးသည် တွဲသမွှန် (၉) စီးကိုဆွဲလျက် ဇရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလျက်ရှိသည်။

**ခရစ်နှစ် ၁၈၇၉ ခု၊ အောက်တိုဘာလ ၉ ရက်။**

စုန်ဆင်းရာတွင် တွေ့သမျှ ရေကြောင်းပြများကို တစ်ပါတည်းခေါ်လာခဲ့သည်။ သူတို့ကလည်း ကုမ္ပဏီများနှင့် ဆက်သွယ်သည့်ကိုယ်စားလှယ်တွေပါ။ နောက်ထပ် တွဲသမွှန် (၂) ခုနှင့် စာပို့သင်္ဘောတစ်စီးတွေ့ရာ သူလည်း ကျန်ပ်တို့နှင့်အတူလိုက်စေသည်။ ကျန်ပ်သည် အပြင်သို့မထွက်ပါ။ ညနေဆုတောင်းပွဲကိုသာလုပ်ပါသည်။ သင်္ဘောပေါ်တွင် တိမ်းရှောင်ဒုက္ခသည်များပါလာသည်ကို မသိစေလို၍ဖြစ်ပါသည်။ သင်္ဘောသည် မြန်မာမင်းပိုင်နက်ထဲတွင်ရှိသေးသည်။

မနက်ဖြန် မင်းလှရောက်ပါမည်။ ကပ္ပတိန်ဆယ်ဗင်နောက်က ပြောသည်မှာ မင်းလှခံတပ်တို့ အမြောက်ပြောင်းများရှေ့မှ မြစ်ကျဉ်းကိုဖြတ်ရန် ပြင်ဆင်မည်ဖြစ်သည်ဟုဆိုသည်။ သူ့ကိုတားလို့မရဟုပြော၏။

**ခရစ်နှစ် ၁၈၇၉ ခု၊ နိုဝင်ဘာလ ၇ ရက်**

မြန်မာခရစ်ယာန်များက ကျန်ပ်အား ပြန်လည်တွေ့ဆုံရာ အလွန်ဝမ်းသာကြသည်။ သီပေါမင်းအမျက်တော်ရှသည့်အကြောင်း၊ ကျန်ပ်မကျန်းမာသည့်အကြောင်းတွေကြားရသည့်အကြောင်းလည်း သူတို့ပြောကြသည်။ သူတို့က အဆိုးဘက်သာ မျှော်လင့်ထားကြသူများ ဖြစ်သည်။

မြန်မာနှင့် ပတ်သက်သမျှ ဘာမှမဆွေးနွေးတော့ပါ။ ရန်ကုန်သို့ မြန်မာသံအဖွဲ့ လာရောက်သော်လည်း လမ်းတစ်ဝက် ရန်ကုန်မြို့ရောက်နေလင့်ကစား သံအဖွဲ့ကို လက်မခံတော့ကြောင်း ရန်ကုန်မြို့ မဟာမင်းကြီးထံ အိန္ဒိယအစိုးရက အကြောင်းကြားပါသည်။ ဗြိတိသျှအစိုးရသည် မြန်မာနှင့် နိုင်ငံရေးအရ ဆက်သွယ်သော သံတမန်ကိစ္စများ ရပ်ဆိုင်းလိုက်ပါသည်။

ကျန်ပ်လည်း သီပေါမင်း၏သနားမှ ချမ်းသာရာရမည့်ဘဝမှလွတ်ပြီ။

(ဤတွင် သမ္မာကျမ်းစာပြန့်ပွားရေးအသင်းတော်မှ ဘုန်းတော်ကြီးဂျိန်း(မ်)ကော(လ်)ဘက်၏ ၁၈၇၈ခုနှစ် - ၁၈၇၉ ခုအတွင်း မန္တလေးမြို့နေစဉ် ရေးသားခဲ့သောစာများကို သူနှင့် ညီအစ်ကို တော်သူ ဂျော့ကောလ်ဘက်မှ ၁၈၈၂ ခုနှစ်တွင် တည်းဖြတ် ထုတ်ဝေသောစာများမှတ်တမ်းသည် ပြီးဆုံးပါသည်။

စာရေးသူ သတိမူသည်မှာ -

ဘုန်းတော်ကြီးဂျိန်း(မ်)သည် ဤစာများကို မည်သူထံ အစဉ်တစိုက် သတင်းပေးရေးသားသည်ကို ဖော်ပြထားသည်ကို မတွေ့ရသဖြင့် စာလက်ခံသူ၏ အလုပ်အကိုင်၊ အဆင့်၊ တော်စပ်ဆက်နွယ်ပုံတို့ကို မသိရပါ။ သူရောက်စဉ်ကပင်စတင်၍ မန္တလေးမှထွက်ခွာသွားသည်အထိ သီပေါမင်းနှင့် မိဖုရားတို့ကိုတွေ့ရသည်ဟု မဖော်ပြနိုင်သည့် အတွက် မင်းနှင့် မိဖုရားတို့၏ ပင်ကိုစိတ်ရင်းကို ကိုယ်တိုင်ကိုယ်ကျ ခန့်မှန်းနိုင်မည်ဟု မထင်မြင်ပါ။ မြန်မာ့နန်းတွင်းရေးကို သတင်းပေး၊ သတင်းယူသူတို့ထံမှတစ်ဆင့် စကားဖြင့် (မှန်ရာ၏။ ဖြစ်နိုင်သည်) ဟု ချင့်ချိန်ရေးသားသွားကြောင်း သုံးသပ်မိသည်။ ညောင်ရမ်းမင်းသားနန်းတင်လိုသည်၊ နန်းရနိုင်သည် ဗြိတိသျှတို့က နန်းတင်လိုသယောင် မျှော်လင့်ချက်ကို တွေ့ရသည်။ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရန် ရည်ရွယ်ချက်မူလကပင်ရှိပြီးဖြစ်သည်။ အာဖရိကတွင် ဇူလူးစစ်ပွဲ၊ အိန္ဒိယတွင် အာဖဂန်စစ်ပွဲများကြောင့် အချိန်ဆွဲ၍ နေခြင်းသာကြောင်း၊ ထိုစစ်ပွဲများမရှိပါက မင်းသားများသတ်မှုကိုပြ၍ သိမ်းသည်ဟုလည်း သိလိုက်ရသည်။ နန်းတွင်းရေးရာတွင်မက အကျဉ်းထောင်အထိပေါက်ရောက်သူလည်း ဖြစ်သည်။ မြန်မာအရာရှိတို့လာဘ်စားပုံကိုလည်း ငွေကြေးတို့သည် တံခါးများပွင့်စေသည်ဟု ဖော်ပြခဲ့သည်။ မြန်မာတပ်မတော်တွင် အမှုထမ်းရန် တစ်အိမ်တစ်ယောက် ကျလိုက်ရပုံ၊ စစ်တပ်လေ့ကျင့်ရပုံ၊ ထိုးဆောင်သောသေနတ်မှာ အင်္ဂလိပ်ပြင်သစ်ဘုရင် နပိုလီယန်နှင့်တိုက်စဉ်က ဝါတာလူးစစ်ပွဲတွင်သုံးသော ဘုရောဘက်စ် အမည်ရ ယမ်းထိုးတူမီးသေနတ်ဖြစ်ပြီး ထိုခေတ်က ဥရောပတွင် တပ်ထောသုံး စံချိန်မီ မာတန်ဟင်နရီရိုင်ဖယ် (မာအခေါ် ဗလချိုက်သေနတ်) မို့ကြောင်း၊ အမြောက်များမှာ ပြောင်းယမ်းထိုးသောအမြောက်သာရှိကြောင်း ထိုခေတ်က ဥရောပတွင် ပြောင်းရင်ကျည်ထိုး၍ လေကွဲအမြောက်ဆန်အမြောက်ဆန်တို့သုံးသော အမြောက်မြန်မာတို့တွင်မရှိကြောင်း သိရသည်သို့ဖြစ်၍ ကုန်းဘောင်ခေတ်နောက်ဆုံးနှစ်ပိုင်းတွင် နေဝင်ချိန်ရှိခဲ့သည့် လူအသိုင်းအဝိုင်းနန်းတွင်းရေးရာ နိုင်ငံအခြေအနေတို့ကို ကြေးမုံသဖွယ် တွေ့မြင်ရပါသည်။)

အနောက်တံခါးမှူးမောင်

၁၁ - အာဖဂန်မြို့တော် ကာဘူးလ်တွင် ၁၈၇၉ ခု၊ စက်တင်ဘာလ ၃၀ ရက်တွင် ဗြိတိသျှဌာနေကိုယ်စားလှယ် လောဒ်ကာဗဂနာရီသည် သူနှင့်အစောင့်များ၊ ရုံးအဖွဲ့သားများအသတ်ခံရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဗီဇျာဝရဏာ (ပြည်)

# သူရိန်ထွန်း

## နာမ်နှင့်ရုပ်မချုပ်သမျှ ဗရဂီဗွာန်

❑ *ကကို ယယ့်က် အစဖွက်လျှင် သူညထိုးလိုက်မှ၊ သူညထိုးလျှင် လုံးကြီးတင် ထိမတင်သည့် ကျောင်းတော်သား၊ ကျောင်းတော်သား လက်ထပ်စေ၊ ခင်ပွန်းရလျှင် တိတ်တိတ်နေ၊ ကမ္ဘာမြေဇာ၊ ရွှေလောင်စာ၊ ပညာရှိများ နှုတ်ထယ်ထား၊ အလားတူရန်မရဏံ ကုလားမသား သုံးယောက်ဘား၊ ဆွေသားညီနောင် တန်ခိုးဆောင် ကျော်ခေါင်သိဒ္ဓိတူမရှိ၊ ဘားမဲ့ဆရာ ထားခဲ့ပါသည်၊ ဦးကာကျမ်းနှင့်ညီ ဆိုသည့်အချက်စကားခက်လည်း အနက်ကြီးကျယ်၊ နယ်စကိုင်းမြို့၊ တောင်စဉ်ညို့၌၊ မြို့သမိုင်းထူး ပတူသခ်ရာ၊ မည်သညာနှင့်၊ ရာဇာရသေ ချမ်းမြေပျော်ရွှင်၊ ဥမင်သုံးဆယ်၊ များကြွယ်ရုပ်တု၊ ငါးခုစွန်းကယ်၊ လေးဆယ်နှင့်နှင်၊ ကုသိုလ်ရှင်ကား၊ ထွက်ဝင်သွားလမ်း၊ ရေချမ်းစဉ်မှာ၊ ရသောစာမှုမှတ်ရာလွယ်လွယ်၊ စွယ်နှစ်ချောင်းဆင်၊ ဖြူလွင်လွင်ကို၊ ဝမ်းတွင်ပျော်မွေ့၊ ခြင်္သေ့အောင်လျက်၊ ကြွက်ကိုခံကာ၊ ပြီးသောခါတွင်၊ စားပါဖြွေဖား၊ အဓိပ္ပာယ်သွားကို၊ မှတ်သားချက်ကြို၊ ဓာတ်ထိုထိုလည်း လိုရာပြီးမြောက်၊ ကြံမြောက်ပြီးစီး၊ ညာဏ်ကြီးသူမွန်၊ ရေးစီညွှန်သည်၊ ဆင်-မှန်ခြင်္သေ့စကားတည်း။*

ပညာပါရမီအလျောက် ကြီးစွာလုံ့လဖြင့် ကြိုးစားကြံစည်နေကြသော မြန်မာပြည်တစ်ဝန်းမှ ရဟန်းရှင်လူတိဟိတ်ပုဂ္ဂိုလ်များအတွက် စာရေးသူဉာဏ်မီသရွေ့ ကျမ်းပေါင်းစုံရောယှက်ပြီး အဆီအနှစ်များပေါ်လွင်ထင်ရှားစေရန် ဝေဖန်ထောက်ဆရေးသားတင်ပြလိုက်ပါသည်။ 'ပါဠိဓာတ်ကို တတ်အောင်သင် ပါဠိကျမ်းကို နှစ်၍ဆောင် အိုအောင် စားရမကုန်ဝ'၏' ဟူ၍ ရှင်ဂန္ဓာစရိယ၏ ညွှန်ပြမှုကြောင့် ပါဠိဓာတ်ခွင်တွင်ရှိနေကြသော ဒန်နာ - သံဘော် ဟူသော ဓာတ်လေးပါးကို အထူးအားဖြင့် ကောက်ယူ ကြိုးစားကြပါသော်လည်း အချိန်ကုန်လူပန်း၍ ရွှေပြည်တော်မှော်တိုင်းဝေးဖြစ်ကာ အိုနာသေနှင့်ပင်အဆုံးသတ်ကြပါသည်။ သို့ပါ၍ ပါဠိဓာတ်တို့၏ သဘာဝကို ဆန်းစစ်ကြည့်ရန်မှာ ပြိုဟ်ရှုခွင်ကွင် အစဉ်နေကာမျှဖြင့် ပါဠိစွမ်းအင်မရှိပါ။ ဝါယောဓာတ်နှင့် တေဇောဓာတ်တို့ ညီညွတ်မှုတစွာ ပေါင်းမိုခြင်းသည် ပါဠိဖြစ်ကြောင်း (မီးသည် လေနှင့် မြောက်ကုန်သင့်၍ နိုင်းခွင့်အဟုတ် နာမ်သမုတ်၏) အင်္ဂါနီတွင် အစဉ်ရှိနေသော သံဓာတ်သည် ပထဝီဓာတ်ဖြစ်သည်။ ထို့အတူပင် ရာဟုနံတွင်နေသော ဘော်ဓာတ်သည်လည်း ပထဝီဓာတ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ပထဝီဓာတ်နှစ်ခုပေါင်း၍ စွမ်းအားမဖြစ်နိုင်ပါ။ ခိုင်မာသော ပထဝီဓာတ်တို့ကို နူးညံ့၍ ဝါယော၊ တေဇော၏ စွမ်းအားကို ထိန်းသိမ်းထားနိုင်စေရန်မှာ အာပေါဓာတ်နှင့် ပြုပြင်ပေါင်းစပ်ရပါမည်။ ထို့ကြောင့်ပင် (ပထဝီ၊အာပေါ၊ ရုပ်ဟုဟောသည်ရှိသော ထုံးစံမှီကာကြံလော့) ဟူ၍ သဘာဝကလာသည်နှင့် အညီ ဓာတ်ကျမ်းမှပြဆိုခြင်း ဖြစ်သည်။ ထိုရုပ်ဓာတ်ဖြစ်တည်စေမှု အကြောင်းခြင်းရာကို အထူးအားဖြင့် မည်သည့်ကျမ်းမျှ မကွယ်ဝှက်ခဲ့ကြပါ။ တည်လှုက်နဂါးတစ်ဘို့ထား၍ ထပ်မွားဂဠုန် သုံးကြိမ်ကုန်အောင် ချက်တုံပြီးမှ အကြွေသော် ပုံတုပတ္တမြား နီထွားထွားကို မှာထားရှေ့က အန္တောပြလျက် အစတည်ရန် ဓာတ်အမှန်ဟု ကဏ္ဏရာသီဓာတ်ကျမ်းမှ ဆိုပါသည်။ ထို့အတူ ဦးအောင်ကျမ်းမှလည်း စင်တလင်းခတ်ဓာတ်ရင်းကို သတ်ရအောင် ခတ်တတ်သည့်ကျွဲ မင်းတ်ကယ်ရဲမလား အမဲသားရုပ် စဉ်းကောင်၍ သုတ်ကရော့မည် ဟူ၍ ထင်ရှားအောင် သာဓကနှင့် ရေးပြခဲ့ပါသည်။ ရုပ်ဓာတ်တစ်ခုဖြစ်စေရန် ပေါင်းစပ်ကျိုချက်ကြရာတွင်လည်း မခဲယဉ်းပါ။ သို့သော် သုခမသောဘောရောတ်ရှိရန် တော့လိုပါသည်။ ဩဇာဓာတ်မရှိသော မြေတွင် မျိုးစေ့ပင်မှန်သော်လည်း သီးပွင့်ရုန်းမလွယ်ပါ။ လူမိုက်တွေးနားလှပ်စေရန် ပရိယာယ်အသွယ်သွယ်ဖြင့် တွယ်ဝှက်ရေးသားခဲ့သည်မှာ နာမ်ဓာတ်ဖြစ်သော ဝါယောဓာတ်နှင့် တေဇောဓာတ်ပင်ဖြစ်ပါသည်။ ထိုဝါယောနှင့် တေဇောဓာတ်တို့မှာ သောမပြိုဟ်ခွင်တွင်သာရှိနေကြပါသည်။ ထို့ကြောင့် ပါဠိစွမ်းအားပါဝင်သို့ရောက်ရှိစေရန် မဟာဘူတအမှန်ဖြင့် ပြောင်းရွှေ့သက်ရောက်စေရပါမည်။

ထို့ကြောင့်ပင် ညောင်ရိပ်သာဆရာတော် ဦးဝိသုဒ္ဓဓာတ်ကျမ်းတွင် မီးကိုလေဖုံး ဝါယောခြုံး နာမ်လုံးဂန္ဓေစွဲဝင်စေ ဓာတ်မှာစရေ ဟူ၍ ပါဠိခွင်ရောက်ကြောင်း နဂိုဌာနေ ပါဠိခွင်မှ ဓာတ်နှစ်ပါးကိုလည်း ရေမှာမြေထဲ ပထဝီက ခေါ်မြဲသတ္တ စွဲမှတ်ကြ ဓာတ်ရဂဇ္ဈေနှစ်လုံးနေ ဟူ၍ သောမပြိုဟ်ခွင် သို့ရောက်ရှိစေပြီးမှ ဂဇ္ဈေ၊ စရေ နှစ်လုံးချေ ပေါ်ထွေ့ဒန္ဓော ဓာတ်ကျမ်းဟော ဟူ၍ အံကားအနက် တောကားအဆုံး ဓာတ်သည်းရင်သေ ဆိုသည့် ဂဠုန်ဆေးကို ညွှန်ပြခဲ့ပါသည်။ ထို့ပြင် နာမ်ဓာတ်ဖြစ်ကြောင်း ညွှန်းဆိုရာ၌ မည်ဆန်းတထူး နှစ်ကောင်မြူးသည့် စွယ်လုံးမုံသောက် ဆဒ္ဒန်ပေါက်ကို ကြီးမြောက်ဗလ ရဲသီဟနှင့်တကွ ဂုလယ်နှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

တွယ်သော် ဝှမ်းကြွယ်တေဇာ ရဲသီဟာလည်း မာန်မွှမထောင် တောဆင်ပြောင်လည်း မဆောင်ခွန်အား ထိုနှစ်ပါး၏ ထွားထွားညက်ကြေ ရှိအနေကို ယှက်လေမမှား အဆီသားဟု နဂါးနှင့် တွဲဝင်စမြဲတည်ပါစေမူ မြေတစ်ခုကို ရွှေလျက်လျော်စွာ ကြွေးတတ်ပါက ဆရာတစ်ယောက်ဆူ ဟူစလောက်လည်း ထုံးမွေနှီးလော့ လေးမည်ဘူတ သဘာဝကို ဟူ၍ လည်းကောင်း 'ဆင်ကျောကုန်းကြွက်ပုန်းလို့ ပုန်ကန်၊ ဆင်နင်းပြန် မြွေအံသည်ထုံး၊ ဖော်နိုင်သူ တစ်ပြည်လုံး၊ တင်းခြင်လို့သုံး' ဟူ၍ အထက်မှပြဆိုခဲ့သည့် ဥမင်သုံးဆယ်မှ စာနှင့် ထပ်တူပြဆိုခဲ့ကြပါသည်။

သိဖို့သိရာ လက္ခဏာကို၊ မှတ်ရာရှုပြီး၊ ခိုမှီးရာက၊ ခဲမတခု သူကြောင့် ပျက်မြုံး၊ ဓာတ်အားလုံးကို သုဉ်းသည်မှန်စွာ၊ သို့ဖြစ်ပါ၍ ဟိုင်းက ပူးဆင်ထိုအားအင်သည်၊ ခဲဘင်သေကြောင်း ကောင်းကောင်းဆင်ခြင်၊ မီးတွင်းအချက်၊ မဖွက်စကားဟူ၍လည်း နယကဋ္ဌိကျမ်းမှ ဆိုပါသည်။ ဖြစ်ပျက်အကြောင်းတရားတို့၏ အရင်းခံဖြစ်သော သီတတေဇောဓာတ်ဖြစ်ပွားကြောင်းကို ကျမ်းအဆောင်ဆောင်မှ ပြဆိုချက်များ ဖြစ်ပါသည်။ သတ္တဝါအနန္တတို့တွင် ကံစိတ် ဥတုအာဟာရကြောင့် ဖြစ်ပျက်ကြသော်လည်း ကံစိတ်မဲ့သော ရုပ်ဝတ္ထုသခါရတို့တွင် ဥတုဆိုသည့် ပူမှုအေးမှုအကြောင်း တေဇောဓာတ်သာလျှင် အဓိကဖြစ်၍ ညီညွတ်မှုတ တိုးပွားစေမှု အာဟာရသာလျှင်ရှိကြပါသည်။ သို့ပါသောကြောင့် တေဇောဖြစ်ပွားစေရန် ဓာတ်ခွင်းပေါင်းစပ်ကျိချက်ရာတွင် အယူအဆဓာတ်ပေါင်း၊ ဓာတ်ခွာမှန်ကန်၍ ဥဏှတေဇောနှင့် သီတတေဇောဖြစ်ပွားကြောင်းကို လောကနီယာမနှင့်ယှဉ်ပြီး ဓာတ်ကျမ်းအဆောင်ဆောင်မှ ညွှန်ပြခဲ့ကြပါသည်။ ထို့ပြင် ပိဋကတ်မှာ နှောက်၍ရှာ ဗေဒင်ကြောင်းနှင့် ပေါင်းလိုက်ပါဟူ၍ ဗုဒ္ဓတရားတော်လာ ရုပ်နာမ်ဓမ္မသခါရတို့နှင့် မကွဲမပြား တစ်သားတည်းသာလျှင် ဖြစ်ပျက်မှုရှိကြောင်း၊ ဓာတ်လေးပါးကြောင့် ဖြစ်တည်လာသော နာမ်တရား၏စွမ်းအင်မှာ အနန္တဖြစ်၍ လွန်စွာချုပ်တည်းမှုဟူသော အကျင့်မြတ်ဖြင့် သံသရာမှလွတ်မြောက်နိုင်ကြောင်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဒေသနာတို့တွင် မြတ်ဗုဒ္ဓ အတိအလင်း ဟောဖော်ညွှန်ကြားခဲ့သည်နှင့်အညီသာလျှင် ကြိုးစားကြံစည်ရမည် ဖြစ်ပါသည်။ အကြောင်းတရားကင်းသော အကျိုးတရားဟူ၍ ဤလောကတွင် မရှိပါ။ လူမျိုးအသီးသီး ယုံကြည်ကိုးကွယ်ကြသောဘာသာတရားတို့တွင် အကြောင်းအကျိုး ဆက်စပ်လျက်သာ လောကတည်ရှိနေခြင်းဖြစ်ကြောင်း မြတ်ဗုဒ္ဓ ဘုရားရှင်တစ်ပါးသာလျှင် ဟောကြားခဲ့ပါသည်။

ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် အဂ္ဂိရက်ပညာဓာတ်များကို ပေါင်းစပ်ကြံစည်၍ သိဒ္ဓိဆယ်ပါးရရှိကာ ထွက်ရပ်သို့ ကူးမြောက်နိုင်ခဲ့သော ဆရာတော် ရှင်မထီးမှာ အရည်းကြီးရဟန်းဖြစ်ပါသည်။ ဗုဒ္ဓတရားတော်များကို မြန်မာပြည်သို့သယ်ဆောင်လာသော ရှင်အရဟံနှင့် တွေ့ဆုံဆွေးနွေးရသဖြင့် ထွက်ရပ်ပြီးမြောက်ရခြင်း ဖြစ်သည်။ ထို့ကြောင့် မည်သည့်ပညာရှင်မျှအတွေးအခေါ်ဒဿနများဖြင့် အမှန်တရားကို ဖော်ထုတ်နိုင်ခြင်းမရှိပါ။ ကြံစည်ကြိုးစား၍ မသိမြင်နိုင်သော လောကဓမ္မဖြစ်ခြင်းကြောင့် မြတ်ဗုဒ္ဓ၏ အပေါ်တွင် ယုံကြည်မှုသဒ္ဓါတရားအပြည့်အဝထားကာ တရားတော်မှညွှန်ပြခဲ့သည့်အတိုင်း ဓာတ်ကျမ်းများနှင့် ညှိနှိုင်းဝေဖန် ကြံစည်နိုင်မှသာလျှင် အကျိုးတရားတို့ကို ရရှိခံစားရမည်ဖြစ်ပါသည်။ လောကနီယာမဖြစ်စဉ်များမှ လွှန်မြောက်ခြင်းကိုပင် ထွက်ရပ်ဟု ဆိုပါသည်။ သိဒ္ဓိဆယ်ပါးတွင် ယောဇနသိဒ္ဓိ ဆိုသည်မှာ အိုမင်းရင့်ရော်ခြင်းမှ နုပျိုခြင်းသို့ တစ်ဖန်ခန္ဓာကို ဖြစ်ပွားစေမှု ဖြစ်ပါသည်။ ဇာတိ ဇရာ၊ ဗျာဓိ၊ မရဏ ဖြစ်စဉ်အတိုင်း ပြောင်းလဲနေသော လောကကြီးတွင် ထာဝစဉ်တည်မြဲနေသောအရာ သက်ရှိသက်မဲ့တစ်ခုမှ မရှိပါ။ သို့သော် ဥတုအာဟာရပေါ်တွင် တည်မှီ၍ဖြစ်ပွားလာရသော ဤရုပ်တရားခန္ဓာအစုကို နှစ်ပေါင်းရာထောင်ချီ၍ တည်တံ့စေရန်မှာ လုံးစုံပြည့်ဝသည့် သြဇာဓာတ် ကမ္မာအမြေတေအမြိုက်ရတနာ ရသာယနဓာတ်ဆေး ကျိချက်ဖော်စပ်နိုင်ရန်လိုပါသည်။ သဘောသဘာဝ ဓာရေတိ ဆိုသည့်အတိုင်း သတ္တဓာတ်ကိုးပါးတွင် နိယာမဖြစ်စဉ်အတိုင်း ရုပ်ပါးသောဓာတ်တို့ ပြောင်းလဲဖြစ်ပျက်ကြသော်လည်း ပြဒါးဓာတ်မှာမူ သဘာဝကို ဆန့်ကျင်သောဇာတိပါရှိပြီးဖြစ်သည်။ ထို့ကြောင့်ပင် တေဇောဓာတ်မှ ပထဝီသို့ကူးပြောင်း၍ ဖြစ်မြဲဓမ္မတာတို့ကို ဆန့်ကျင်ကာ ပြောင်းပြန် လည်ပတ်စေခြင်းကြောင့် ဘုရားတရားပြဒါးသံယာဟူ၍ လောကီရတနာတွင် ထည့်သွင်းပြီးထားသင့်ကြောင်း ဓာတ်ကျမ်းမှဆိုခြင်း ဖြစ်ပါသည်။ ပြဒါးဓာတ်၏ အခြေခံယေဘုယျသဘောမှာပင် လွန်စွာကြောက်မက်ဖွယ်ကောင်းသော အဆိပ်ဓာတ်ဖြစ်သကဲ့သို့ မျှော်လင့်ချက်မရှိသော ရောဂါများကိုပင် ယူပစ်သလို ပျောက်ကင်းချမ်းသာစေနိုင်ကြောင်း ဆေးကျမ်းမှဆိုခြင်းဖြစ်ပါသည်။ မြန်မာတို့၏ တိုင်းရင်းဆေးပညာများတွင် အဘိဓမ္မာတောင်သာဆေးပညာမှကောက်နုတ်ချက်အတိုင်း ပူအေးတက်သက်ပွင့်ပိတ် ဟူသော လက္ခဏာခြောက်ပါး အခြေခံထား၍ (၉၆) ပါးသော ရောဂါဝေဒနာများကို ကုသရာတွင် ပူသောရောဂါဝေဒနာတွင် ပူသောဆေးဝါးသည် သေဆေးဖြစ်သကဲ့သို့ အေးသောရောဂါဝေဒနာတွင် ဆေးအေးသည် သေဆေးဖြစ်ပါသည်။ ထို့ကြောင့် အယူအဆမှန်ရန် အထူးလိုပါသည်။ ပြဒါးအပါအဝင်ဓာတ်များကို ဖော်စပ်ရသော ဝိဇ္ဇာရေနယဆေးပညာတွင်မူ ဥတုရာသီကို လည်းကောင်း၊ အပူ - အအေး အသက်အရွယ်၊ ရောဂါကြီးသေးတို့ကို ချိန်ဆဝေဖန်နေရန်မလိုပါ။ အသက်မသေခင် ဆေးဦးလျှင် ပျောက်ကင်းပါသည်။ ထိုအခြေခံသဘောပင်လျှင် သဘာဝဓမ္မသဘောကို တွန်းလှန်ပယ်ဖျက်နိုင်ကြောင်း ထင်ရှားပါသည်။ သဘာဝကို အခြေခံ၍ ရုပ်တရား၏ ဆက်နွယ် ရွှက်ဆောင်မှုဖြင့် ရှာဖွေတိုးတက်လာသော သိပ္ပံပညာရပ်တွင် ပြဒါးဓာတ်၏ ကြောက်မက်ဖွယ်ရာ ဆိုးကျိုးစွမ်းအားများသာ တွေ့ရှိနေခြင်းကြောင့် နျူကလီးယားထိန်းချုပ်ရေးကို ကမ္ဘာအင်အားကြီးနိုင်ငံများမှ အပူတပြင်းလုပ်ဆောင်နေကြခြင်း ဖြစ်ပါသည်။ ထိုအဆိုးတရားများကို လွှန်မြောက်၍ အကျိုးတရားဖြစ်ပေါ်စေရန်မှာ မြတ်ဗုဒ္ဓ ဒေသနာတော်မှလွဲ၍ အခြားမရှိပါ။ အဋ္ဌကထာ (၈) ပါး ရုပ်တရားအဖြစ် ဓာတ်များကို ပေါင်းစပ်စီရင်နိုင်မှသာလျှင် ပြဒါး၏ခန္ဓာအိမ်ဖြစ်သောကြောင့် (၁၀) ပါးသောသိဒ္ဓိနှင့်တကွ သိပ္ပံပညာရပ်တို့ မရောက်ရှိနိုင်သော ဝိဇ္ဇာအဖြစ် သို့ရောက်ရှိကာ အမျိုးဘာသာသာသနာကို စွမ်းစွမ်းတမံ ရွက်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

သူရိန်ထွန်း-ဝိဇ္ဇာစရိုး (ပြည်)



www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူများရဲ့ ဒဿနိကဝင်

ကိုအေးမြင့် (မဟာဝိဇ္ဇာ ရှေးသု)

## ချစ်သူတွေရဲ့ သင်္ကေတများ

အနောက်တိုင်း အယူအဆတွေထဲမှာသည်း ချစ်သူများအတွက် စိတ်ဝင်စားစရာ သင်္ကေတအမှတ်အသားတွေ၊ အဓိပ္ပာယ်ရာဒဏ္ဍာရီတွေ၊ မှတ်သားဖွယ်ရာတွေ အဆိုအမိန့်နဲ့ လေ့လာစရာ ခေလေ့ထုံးတမ်းတွေအများကြီးရှိပါတယ်။ အဲဒါတွေကို လေ့လာကြည့်တဲ့အခါ ချစ်စရာလည်းကောင်းပြီး ကြည်နူးစရာသက်မှုလည်းဖြစ်ရတယ်။

အဲဒီအချက်အလက်တွေကို တွေ့ရှိခဲ့တဲ့ စာအုပ်စာပေ၊ မှတ်တမ်းတွေထဲက တစ်ခုဖြစ်တဲ့ (Alexandra Collins Dickerman) ရဲ့ (Following Your Path) စာအုပ်ထဲက ချစ်သူများ (The Lovers) ဆိုတဲ့ အခန်းမှာ သရုပ်ဖော်ပုံတွေနဲ့တကွ စိတ်ဝင်စားဖွယ် ဖော်ပြထားတာကို တင်ပြလိုက်ပါတယ်။

**ဖူးစာရေးနတ် မြားနတ်မောင်**

သူတို့အနောက်တိုင်းအယူအဆမှာလည်း ချစ်ရေးချစ်ရာမှာ မြားနတ်မောင်က တောင်ပံတဖျတ်ဖျတ်ခတ်ရင်း အချစ်မြားလေးတပြင်ပြင်နဲ့ လေထဲမှာ ဝဲလို့ပါပဲ။ ချစ်သူတွေအကြားမှာ အချစ်မြားပစ်ပြီး နင့်နင့်နဲနဲ ရင်ထဲစွဲအောင် ချစ်သွားကြစေဖို့ ကူညီပေးမယ်ပေါ့။

**နစ်ကိုယ်တူပေါင်းစည်းသွားတဲ့ချစ်သူများ (The Lovers)**

ချစ်သူများရဲ့သင်္ကေတကို "The symbol of the Lovers represents the harmony of the two sides, the right and left, the male and female, the yin and yang. This image represents unity and the synthesis of opposites in compassionate, loving intimacy." လို့ ဖော်ပြထားပါတယ်။

ချစ်သူများရဲ့ သင်္ကေတဟာ ယောက်ျားနဲ့မိန်းမ (The yin and yang) ဆိုတဲ့ လက်ဝဲနဲ့ လက်ယာဘက်နှစ်ဖက်ရဲ့ညီညွတ်မှုတမှုကို ကိုယ်စားပြုနေပါသတဲ့။ ယင်(Yin)ဟာ တရုတ်ဒဿနိကဗေဒအရ အရောင်မှိုင်းပြီး အမဓာတ်သဘောရှိတဲ့ ငြိမ်သက်တဲ့ လောကဓာတ်ပါ။ ရန်း (Yang) ကတော့ အဲဒါရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အရောင်လွင်ပြီး အဖိုဓာတ်သဘောရှိကာတက်ကြွတဲ့လောကဓာတ် ဖြစ်ပါတယ်။ တရုတ်ဒဿနိကဗေဒအယူအဆမှာ ရန်းဓာတ်ဟာ ဆန့်ကျင်ဘက်ဖြစ်တဲ့ ယင်ဓာတ်နဲ့ တုံ့ပြန်ပြီး လောကရဲ့သက်ရှိသက်မဲ့တွေကို စီရင်ပါတယ်။

ဒီသရုပ်ဖော်ပုံဟာ ပေါင်းစည်းခြင်း (Unity) နဲ့ အကြင်နာမေတ္တာပိုကာ ဆန့်ကျင်ဘက်တွေ ပေါင်းစပ် သမ္မာရဖြစ်ပြီး အချစ်နဲ့ အတွင်းကျကျ ရင်းနှီးပေါင်းစည်းရင်း မေထုန်မှုကိုဖြစ်စေတာကို ဖော်ပြနေပါတယ်။

ချစ်သူနှစ်ဦးဟာ မြင့်မားတဲ့

တောင်တစ်တောင်ရဲ့ရှေ့က စိမ်းစိုတဲ့ တောင်စောင်းလေးမှာ ရပ်နေကြတယ်။ သူတို့နှစ်ဦးလုံးရဲ့ အချစ်တွေဟာ စွန့်လွှတ် အနစ်နာခံခြင်းအပြည့်နဲ့ပါ။ ဟင်းလင်းပွင့်နေတဲ့တည်ရှိခြင်းရဲ့ ဆန်းကြယ်မှုမှာ မျှော်လင့်ချက်တွေနဲ့ပေါ့။ သူတို့ဟာ ဆန့်ကျင်ဘက်တွေရဲ့ လုံးဝညီသော့ပေါင်းစည်းခြင်း (Unification) နဲ့ ပေါင်းစပ်သမ္မာဖြစ်ခြင်းကို ကိုယ်စားပြုနေပါတယ်။ တစ်ဦးချင်းမှာ ခွဲခွာလိုစိတ် ဆိုတာလည်း စိုးစဉ်းမျှမရှိနေကြပါဘူး။

မိန်းမသားဖြစ်သူက ထက်ကောင်းကင်ကို ငေးကြည့်ရင်း အတွေးတွေဖြန့်ကြက်နေရဲ့။ သူမရဲ့စိတ်ထဲမှာတော့ ငါဟာ သူ့ရဲ့ကိုယ်ပွားဖြစ်တယ်၊ ငါဟာသူနဲ့ပဲ သေတစ်ပန်သက်တစ်ဆုံးနေနိုင်တယ်၊ ငါ့မှာ သူ့ကိုပေးဆပ်ဖို့ ရင်နဲ့အမျှ အချစ်တွေရှိတယ်၊ ငါ သူ့တစ်ယောက်တည်းကိုပဲ အမြဲတမ်း မဖောက်မပြန်ချစ်မြတ်နိုးသွားမယ် စသဖြင့်လည်း တွေးနေမိပေါ့။ သူမရဲ့ နောက်ဘက်နားဆီက သစ်ပင်မှာတော့ မြွေတစ်ကောင်က ပင်



www.burmeseclassic.com

www.burmeseclassic.com

စည်ကို ရစ်ခွေထားရဲ့။ ဒီမြွေဟာ လှည့်ဖြားတတ်တဲ့ စေတန်မာရ်နတ်-နတ်ဆိုးလေလား။

တစ်ဖက် အမျိုးသမီးနဲ့ မျက်နှာတူရုမှာ ရပ်နေတဲ့ ယောကျ်ားသားကတော့ မိန်းမပျိုကို မြတ်နိုးစွာ ငေးစိုက်ရင်း ရွှန်းရွှန်းစားစားကြည့်နေရဲ့။ သူက ပွင့်လင်းစွာပဲ တဲတိုးပြောလိုက်သေးတယ်။ ငါတို့နှစ်ဦးကြားက ဒီတိမ်မည်းညိုတွေဟာ ငါတို့ကို နှောင့်ယှက်ဟန့်တားမယ့် အခက်အခဲပြဿနာတွေပေါ့။ ဒါတွေကို ငါက မင်းရှေ့ကနေ မားမားမတ်မတ် ရပ်တည်ကာကွယ်ရင်း ဖြေရှင်းပေးသွားမယ်တဲ့။ ရဲရဲဝံ့ဝံ့နဲ့ အားကိုးလောက်ဖွယ်ပြောပြနေတာပါ။

ရုပ်ပုံထဲက ချစ်သူနှစ်ဦးကြားမှာ အမှောင်ဖွဲ့နေတဲ့ တိမ်မည်းညို (dark cloud) တွေကတော့ ချစ်ခြင်းဖြစ်တည်ရာဖြစ်စဉ်မှာ ပူးတွဲဖြစ်ပေါ်လာတဲ့ ကိုယ်ရေးကိုယ်တာအခြေခံတဲ့ အခက်အခဲနဲ့ ပြဿနာတွေကို ကိုယ်စားပြုနေတာပဲ ဖြစ်ပါတယ်။

ချစ်သူတွေဟာ ဆန့်ကျင်ဘက်တို့

အတူတကွ ပေါင်းစည်းလာခြင်းကို ပြသနေပါတယ်။ ဒီလို ပေါင်းစပ်သွားခြင်းဟာလည်း၊ ဆန့်ကျင်ဘက်လက္ခဏာနှစ်ရပ်ဒွန်တွဲသွားဖို့ လက်ခံအတည်ပြုကာ အလေးထား အသိအမှတ်ပြုမှုတစ်ခု ဖြစ်ပေါ်လာတဲ့အချိန်မှသာ ဖြစ်ထွန်းလာနိုင်တာပါ။ နှစ်ဦးနှစ်ဖက် အပြန်အလှန် ပူးပေါင်းနေထိုင်လို့ချင်စိတ်ရှိမှသာ ဖြစ်ပေါ်လာပေမှာပေါ့။

**လေထဲက ဖူးစာရေးနတ်လေး (The Angle of the Air)**

လေထဲက ဖူးစာရေးနတ်ကလေး (The Angle of the Air) ကလည်း ချစ်သူချင်း မကွဲမကွာ အတူနေရဖို့ ဆုတောင်းစကားတွေနဲ့ သတင်းစကားတွေ ပါးလာပေါ့။ ဒီနတ်သူငယ်ကတော့ ကောင်းကင်ဘုံက တမန်တော်ကို ကိုယ်စားပြုနေပါတယ်။ သူမထံကနေ ဘာတွေများ ရယူနိုင်မှာပါလိမ့်။

**ဆန့်ကျင်ဘက်တို့ပေါင်းဆုံခြင်း**

အောက်ဖော်ပြပါ ပုံမှာတော့ ယောကျ်ားလိုလို၊ မိန်းမလိုလိုနဲ့ လိင်မကွဲပြားတဲ့ နှစ်ကိုယ်တစ်စိတ် ဒွိလိင် (Androgyne)နဲ့အတူ ကောင်းကင်နဲ့မြေအပြင်တွေကို ရေးဆွဲ တင်ပြထားပါတယ်။ ဒါဟာ ဆန့်ကျင်ဘက်တွေဖြစ်တဲ့ အမျိုးသားနဲ့ အမျိုးသမီး၊ ဣတ္ထိလိင်နဲ့ ပုလ္လိင်၊ ကောင်းကင်နဲ့ မြေကြီး၊ နေနဲ့လ၊ အမှောင်နဲ့အလင်း၊ အမေနဲ့အဖေတို့ အတူတကွ တစ်စုတစ်စည်း အပြည့်အဝ အင်နဲ့အားနဲ့ ပေါင်းစည်း ညီညွတ်ကာ သိစိတ်နဲ့ရော မသိစိတ်နဲ့ပါ မျှတတဲ့အနေအထားရောက်ရှိသွားခြင်းကို ကိုယ်စားပြုနေပါတယ်။

*(ဒီစာအုပ်ကိုမေတ္တာလက်ဆောင်ပေးတဲ့ ဦးအောင်မြတ်၊ ပညာရွှေတောင်စာပေတိုက်ကို အထူးပဲ ကျေးဇူးတင်ပါတယ်)*

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)

ကျမ်းကိုး -

(Following Your Path)
Alexandra Collins Dieckerman

www.burmeseclassic.com

ဒဂုန်ဦးသိန်းဝင်း (ငယ်လို)

# ရေသင်္ဘော

## တကယ်ပင်ကိုသလား

မြန်မာမှုမြန်မာ့နယ်ပယ်တွင် ဆင်သည် အလွန်အရေးပါလှသည်။ ရှေးမြန်မာဘုရင်များလက်ထက်က ဆင်သည် စစ်မှုရေးရာတွင် အလွန်ထိရောက်သည်ကား အရေးပါခဲ့လေသည်။ စစ်ချီစစ်ဆင် စစ်ထိုးသည့်ကိစ္စရပ်များတွင် ဆင်သည် အဓိကကျလေသည်။ ရှင်ဘုရင်ထွက်သည်လည်းကောင်း၊ သူရဲကောင်းများသည်လည်းကောင်း နှစ်ဖက်နိုင်ငံတော်အပေါ်တော်ကိုယ်စားပြု နှစ်ဦးယှဉ်ပြိုင်၍ စစ်ထိုးကြကာ ဆင်ဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုအခါ ရှင်ဘုရင်နှင့် သူရဲကောင်းတို့သာမက တိုက်ပွဲဝင်ဆင်၏ စစ်မက်ရေးရာကျွမ်းကျင်မှုသည် အရေးပါအရာရောက်ကြောင်း တွေ့ရှိရပေသည်။

မြန်မာ့ရိုးရာစကားပုံတွင် မိဘတို့သည် သားသမီးများအပေါ် 'ဆင်စီး၍ မြင်းရဲသည်ကိုသာ မြင်လိုသည်' ဟု သုံးနှုန်းခဲ့ဆိုပုံက ဆင်ကို အကြီးအပွားအမြင့်သဘောပုံ ပမာပြုထားသည်ကို တွေ့ ရှိရပေမည်။

စာရေးသူတို့ငယ်စဉ်က ဆင်ပိုင်ရှင်သည် သူဌေးစာရင်းဝင် ဖြစ်သည်။ ရှေးက ဆင်ပိုင်သူသည် ယခုခေတ် ကားပိုင်ရှင်ကဲ့သို့ ဂုဏ်သိက္ခာတန်းဝင်ဖြစ်ခဲ့သည်။ သာသနာ့အမွေခံရှင်ပြုပွဲတွင် တတ်နိုင်သူများက ရှင်လောင်း မောင်ရင်လောင်းများကို ဆင်ပေါ်တင်၍ ဂုဏ်တင့်ကာ ရှင်လောင်းလှည့်လေ့ရှိကြသည်။ ရှေးမြန်မာဘုရင်၊ ရခိုင်ဘုရင်များလက်ထက်က ဆင်ဖြူတော်ကို နိုင်ငံရတနာအဖြစ် များစွာ တန်ဖိုးထားခဲ့ကြလေသည်။ ဆင်ဖြူတော်သခင်ဘွဲ့ကိုလည်း ခံယူတော်မူကြလေသည်။

ဆင်အမျိုးအစားကိုလိုက်၍ ဆင်မည်း၊ ဆင်နီ၊ ဆင်ဖြူ၊ ရေဆင် စသည်ဖြင့်ရှိလေသည်။ ဆင်မျိုးနွယ်အုပ်စုအနေဖြင့်ကား အာရှဆင်နှင့် အာဖရိကဆင်ဟူ၍ မျိုးနွယ်စုနှစ်စုမှ အဆင့်ဆင့်ပေါက်ဖွားလာကြခြင်း ဖြစ်သည်။ သို့ရာတွင် မြန်မာခလေ့ဝုဒ္ဓဘာသာထုံးတမ်းစဉ်လာနှင့်အညီ အဋ္ဌကထာများမှ ကောက်နုတ်ချက်အရ ငါးရာငါးဆယ်နိပါတ်တော်လာ ဇာတ်တော်များအရ (၁) ဧရာဝဏ်ဆင်၊ (၂) ဂီရိမေခဠာဆင်၊ (၃)နာဠာဂီရိဆင်၊ (၄) ရုစာဂီရိဆင်၊ (၅) ဆဒ္ဒန်ဆင်မင်း စသည့်ဆင်ကြီးများသည် ဝုဒ္ဓသမိုင်းဝင်ဆင်ကြီးများ ဖြစ်ကြသည်။ ထို့ပြင် ဝိဋုကတ်ကျွန်းလာ ကာဠာဝကဆင်၊ ဂင်္ဂေယျဆင်၊ ပဏ္ဍရဆင်၊ ပိဂ်လဆင်၊ ဂန္ဓဆင်၊ မင်္ဂလဆင်၊ ဟေမဆင်၊ ဥပေါသထဆင်၊ တမ္ဗဆင်၊ ဆဒ္ဒန်ဆင် စသည်ဖြင့် ဆင် (၁၀) မျိုးလည်း ရှိပေသေးသည်။

သို့ဖြင့် လူသိများထင်ရှားသည့် ကုန်းပေါ်နေ ဆင်ကြီးအမျိုးမျိုးရှိသကဲ့သို့ လူသိနည်းပါးပြီး နှစ်တစ်ရာတွင် တစ်ကြိမ်မျှသာ သိမြင်တွေ့ကြုံခွင့်ရနိုင်သည့်၊ တွေ့မြင်နိုင်ရန် အလွန်ခဲယဉ်းလှသည့် ရေဆင်ကိုမူ စာရေးသူပင် (၅၇) နှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် မြင်တွေ့ သိရှိခွင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ရေဆင်နှင့် ပတ်သက်၍ ပြောချမယုံကြဖူးမှတကယ်ပင် အံ့သြထူးဆန်းဖွယ်ကို တွေ့မြင်ရခြင်း ဖြစ်ပါသည်။

စာရေးသူသည် ဆင်ကြီးအမျိုးမျိုးနှင့်ပတ်သက်၍ ကိုယ်တွေ့မြင်တွေ့ခွင့်ကြုံခြင်း၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတို့တွင် ဆင်မည်းအမျိုးမျိုးမှသည် ဆင်ဖြူတော်အထိ တွေ့မြင်သိရှိခွင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

လည်း ရေဆင်တကယ်ပင်ရှိမရှိဆိုသည့် ကိစ္စသည် ယုံတမ်းစကားသဖွယ်ရှိနေခဲ့ပါသည်။ ရေဆင် တကယ်ရှိမရှိကိစ္စနှင့် ပတ်သက်၍ ရှုပ်ပုံ၊ ဓာတ်ပုံများဖြင့် သက်သေထင်ရှား တင်ပြခွင့်မရသဖြင့် ရေဆင်ဟူသည် ဒဏ္ဍာရီဆန်ဆန်စကား တစ်ခုဟုသာ အများက မှတ်ထင်ယူဆနိုင်စရာဖြစ်ခဲ့ပါသည်။

စာရေးသူသည် ရေလုပ်သားများ၏အတွေ့အကြုံကို ရေဆင်နှင့်ပတ်သက်၍ ကြားသိခွင့်ရရှိနေပါသော်လည်း သက်သေ သာဓကတစ်ခုအနေဖြင့် ပြစရာမကြုံခဲ့ပေ။ စာပေမှတ်တမ်းများအရလည်းကောင်း၊ စာရေးဆရာများ၏မုဆိုးဝတ္ထုများထဲတွင်သော် လည်းကောင်း ရေဆင်နှင့် ပတ်သက်၍ ရေးသားထားကြပါသော်လည်း တိတိကျကျ သေသေချာချာ ရေရေရာရာ ဓာတ်ပုံမှတ်တမ်းများ မတင်ပြနိုင်ကြသေးသဖြင့် ရေဆင်ဟူသည် ဂမ္ဘီရဆန်ဆန် သတ္တဝါလိုလို၊ ဒဏ္ဍာရီဆန်ဆန် သတ္တဝါတစ်ကောင်လိုလိုသာရှိနေခဲ့ပါသည်။

ဂမ္ဘီရပစ္စည်းများနှင့်ပတ်သက်၍ စာရေးသူသည် လွန်ခဲ့သောဆယ်နှစ်ခန့်က ကြေးမိုးကြိုးသွား၊ အမြှေးတေဉအမျိုးမျိုး၊ မီးကွင်းပစ္စည်းအမျိုးမျိုး၊ ချေလက်ဝါးကာ၊ ဝက်စွယ်နှိ၊ ကြေးနက်၊ ညာတင်ကုတ်၊ ဒိုးဆီ၊ လက်ပံခါး စသည့် ဂမ္ဘီရအနွယ်ဝင် ပစ္စည်းအမျိုးမျိုးကို ဆရာကြီးများထံတွင် တပည့်ခံ၍ အနယ်နယ်အရပ်ရပ် တော၊ တောင်၊ ကျေးရွာအနှံ့သွားလာရှာဖွေ စုံစမ်းမေးမြန်းရာတွင် လိုက်ပါ ဆောင်ရွက်ခဲ့ဖူးပါသည်။ စမ်းသပ်၍ အောင်မြင်သည်လည်းရှိသလို မအောင်မြင်သည်က များစွာကြုံတွေ့ခဲ့ရဖူးပါသည်။

ရေဆင်နှင့်ပတ်သက်၍ လွန်ခဲ့သော ၁၉၇၀ ပြည့်နှစ် 'ရှေ့သို့'စာစောင်တွင် ဗိုလ်မှူးကြီးလှအောင်၏ 'ရေဆင်' ဆိုသည့်ဆောင်းပါးကို လေ့လာမှတ်သားဖတ်ရှုခဲ့ရဖူးသည်။ ဗိုလ်မှူးကြီးလှအောင်သည် မြန်မာပြည် ပါဏာဗေဒသုတေသီပညာရှင်ကြီးတစ်ဦး ဖြစ်သည်နှင့်အညီ တိရစ္ဆာန်ပေါင်းများစွာကို အကျွမ်းတဝင်ရှာဖွေစူးစမ်းလေ့လာမှတ်တမ်းတင်နိုင်ခဲ့သူတစ်ဦး ဖြစ်ပါသည်။

သို့သော် ရေဆင်နှင့်ပတ်သက်၍မူ ပါဏာဗေဒသုတေသီ ဗိုလ်မှူးကြီးလှအောင်က ရေဆင် ဆိုသည့် သတ္တဝါသည် မရှိဟူ၍ လည်းကောင်း၊ ရှိသည်ဟူ၍ လည်းကောင်း အခိုင်အမာ ငြင်းဆိုနိုင်ခြင်း၊ ခိုင်မာစွာတင်ပြပြောဆိုနိုင်ခဲ့ခြင်း မရှိခဲ့ချေ။ သို့ရာတွင် ၎င်း၏ ဆောင်းပါးကို လေ့လာဖတ်ရှုခဲ့ရာတွင် ရေဆင်အကြောင်း ရေးသားထားရာ၌ ရေဆင်တကယ်ပင်ရှိသည်ဆိုသည့်အကြောင်းကို အယူအဆရေးရာအားဖြင့် အလေးထား ရေးသားထားခဲ့သည်ကို လေ့လာဖတ်ရှုခဲ့ရပါသည်။

သို့ရာတွင် ရခိုင်ပြည်နယ် သံတွဲမြို့ တိရစ္ဆာန်ဆရာဝန် အင်စပက်တော်ဦးဘမြိုင်က ရေဆင်အကြောင်းကို ၁၉၇၀ ပြည့်နှစ်ထုတ် ဩဂုတ် ၁၃ ရက်နေ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင်မူ ရေဆင် အမှန်တကယ်ရှိကြောင်း ၎င်းကိုယ်တိုင် ရေဆင်အမတစ်ကောင်နှင့် အထီးတစ်ကောင်ကို ရေလုပ်သားတဲငါးညတို့ထံမှ ရရှိခဲ့ဖူးသည်ဟု ဆိုပါသည်။

၎င်း၏ သုတေသနပြုချက် မှတ်တမ်းများအရ ပထမဦးဆုံး ရေဆင်အမတစ်ကောင်ကို ၁၉၃၀ ပြည့်နှစ်က စစ်တွေခရိုင် ပေါက်တောမြို့နယ် ဖရဲတောကျွန်းစု အပါအဝင် ဆံတော်ရှင်ကျွန်းတောင်ဘက်ကမ်းတွင် တွေ့ရှိရသည်ဟု မှတ်တမ်းတင်ခဲ့ပါသည်။ ထိုရေဆင်အမ၏အရောင်မှာ မွဲပြာရောင်ရှိနေပြီး အရေခွံမှာ အလွန်တရာ ချောမွေ့

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုပါသည်။ တကယ်ကုန်းပေါ်
ဆင်ကြီးများအတိုင်း ကိုယ်ခန္ဓာဖွဲ့
ထားပုံမှာ အသွင်သဏ္ဌာန် လုံးဝ
သည်ဟု ရေးသားထားပါသည်။
လက်အပါအဝင် ခြေချောင်းငယ်
များပါရှိသည်။ အထက်မေးရိုးတွင်
နှင့် အောက်မေးရိုးတွင် အံသွား
ချောင်း ပါရှိသည်ကို တွေ့ရှိခဲ့ရသည်
ဆိုပါသည်။

ရေဆင်မသည် ကုန်းပေါ်နေဆင်
များ၏ မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ
အစိတ်အပိုင်းများအတိုင်း
များ တစ်ပုံစံတည်း တူညီမှုရှိသည်
မှတ်တမ်းတင်ထားပါသည်။ ခွဲစိတ်
တမ်းတင်မှုအရ ရေဆင်အမ၏
အိမ်သည် အလျား လက်မဝက်ခန့်
အနံမှာ တစ်လက်မ၏ လေးပုံတစ်ပုံ
တွေ့ရှိရသည်ဟု ဆိုပါသည်။

ဒုတိယမြောက် ရေဆင်အထီးကို
ခုနှစ် ရခိုင်ပြည်နယ် သံတွဲ
တောင်ကုတ်မြို့နယ် မဒေးကျွန်း
ကျောင်းရွာအနောက်ဘက်တွင်
ခဲ့ရသည်ဟု ဆိုပါသည်။ ရေဆင်
၏အရေခွံအရောင်မှာ မီးခိုးရောင်
သော ဖြူရော်ရော်အရောင်ရှိသည်
သည်။ ရေဆင်အထီး၏ပုံသဏ္ဌာန်
ကုန်းပေါ် နေ ဆင်ထီးကြီးများ၏
အင်္ဂါအတိုင်း တစ်ပုံစံတည်းရှိသည်
ဆိုပါသည်။ ရှေ့လက်၊ နောက်ခြေ
လုံးပေါင်း ခြေလေးချောင်း တည်ရှိ
သည်ဟု ဆိုပါသည်။

အစွယ်မှာ အဖြူရောင်ဖြစ်၍
အလျား (၁၃) လက်မခန့် ရှည်လျားကြ
သည်။ အစွယ်၏လုံးပတ်မှာ မီးခြစ်ဆန့်
ချောင်းအရွယ်မျှသာရှိသည်။ အစွယ်
များကို နုတ်ကြည့်သည့်အခါ ကုန်းနေ
ဆင်ကြီးများကဲ့သို့ပင် မေးရိုးပိုင်းထဲတွင်
နေသည့်အစွယ်သည် အခေါင်းပွသာ
ဖြစ်လေသည်ဟု ဆိုပါသည်။ ကုန်းနေ
ဆင်ကြီးများကဲ့သို့ပင် အထက်၊ အောက်
အံသွားနှစ်ချောင်းစီနှင့် အံသွားလေး
ချောင်း ပါရှိလေသည်။ ရေဆင် အထီး
၏လိင်အင်္ဂါမှာ (၃)လက်မခန့် အလျား
ရှိသည်။ ရေဆင်အထီးသည် ကုန်းနေ
ဆင်ကြီးများကဲ့သို့ပင် မျိုးပွားအင်္ဂါ
အပြည့်အစုံပါရှိသည်ဟု ဆိုပါ သည်။

သံတွဲမြို့ တိရစ္ဆာန်ဆေးကု
အင်စပက်တော် ဦးဘမြိုင်၏ မှတ်ချက်
တွင် ရေဆင်သည် အများခန့်မှန်းသလို
ရေသတ္တဝါလေးများကို စားသုံး၍ နေ
ထိုင် အသက်ရှင်ခြင်းမဟုတ်ဘဲ ကုန်းနေ
ဆင်ကြီးများကဲ့သို့ပင် အသီးအရွက်စား
တိရစ္ဆာန်မျိုးပင်ဖြစ်ကြောင်း၊ ရေဆင်၏
အစာအိမ်မှာ စတော်ဘယ်ရီသီးအရွယ်
ခန့်ရှိပြီး ခွဲစိတ်လေ့လာကြည့်သည့်အခါ
အစာဟောင်းအိမ်တွင် ရေမှော်ပင်များ၊
ရေညှိပင်များသာတွေ့ရှိရကြောင်း မှတ်
တမ်းတင်ထားပါသည်။ ထို့ကြောင့် ရေ
ဆင်သည် အသားစားသတ္တဝါ မဟုတ်
ကြောင်း သိရှိရပါသည်။

အင်စပက်တော် ဦးဘမြိုင်သည်
ရေဆင်များ သွားလာကျက်စားနေထိုင်
မှုနှင့်ပတ်သက်၍ စူးစမ်းလေ့လာခဲ့ရာ
ရေဆင်တို့ သွားလာကျက်စားနေထိုင်ရာ
ပင်လယ်ကမ်းခြေဒေသ၊ ကျောက်ဆောင်
ကျောက်တန်းရှိ ရေညှိရေမှော်များ
ပေါက်ရောက်ရာအရပ်ဒေသ သဲသောင်
ခုံပေါ်တွင် ရေဆင်ခြေရာကလေးများ
ကို အမှန်တကယ်ပင် တွေ့ရှိရကြောင်း၊
ရေညှိ၊ ရေမှော်များ ပေါများရာဒေသ
တွင် ကျောက်ဆောင်၊ ကျောက်တုံးများ
အကြား ရေဆင်ငယ်များ အမှန်တကယ်
ပင် ကျက်စားသွားလာ မြူးထူးပျော်ပါး
စားသောက်နေထိုင်ကြသည်ကို တွေ့ရှိ
ရကြောင်း သိရှိခဲ့ရသည်ဟု ဆိုပါသည်။
သဲသောင်ပေါ်ရှိ ရေဆင်ခြေရာများအရ
မူ ရေဆင်တို့သည် ရေထဲတွင် အမြဲနေ
ထိုင်ကြသည်မတုတ်ဘဲ ပင်လယ်လိပ်
နှင့် ဖွံ့များကဲ့သို့ ကုန်းနေ၊ ရေနေသတ္တဝါ
မျိုးသာဖြစ်ကြောင်း ယူဆနိုင်ပါသည်။

ငွေတာရီ မြို့တိမဂ္ဂဇင်းတွင် မုဆိုး
ဝဿုများ ရေးသား အောင်မြင်ခဲ့သည့်
ဆရာကြီး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာ
ရာကလည်း ရေဆင်ကို အမှန်တကယ်
တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်း ရေးသား
ဖော်ပြဖူးလေသည်။ ဗိုလ်တာရာ(ရဲဘော်
သုံးကျိပ်) သည် ပျဉ်းမနား တောင်တွင်း
ကြီးနယ် ပဲခူးရိုးမအနောက်ဘက်ခြမ်း
တစ်နေရာတွင် ရိုးမတောကြီးအတွင်းရှိ
ရေအိုင်ကျောက်ဆောင်တစ်ခုဆီမှာ ရေ
ဆင်အရှင်တစ်ကောင်ကို မမျှော်လင့်ဘဲ
ဖမ်းဆီးရမိခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။
ရေဆင်ကို အရှင်ဖမ်းမိခဲ့သော်လည်း
မကြာမီ သေဆုံးသွားကြောင်းနှင့် သေ
ဆုံးသွားသဖြင့် လေ့လာခွဲစိတ် မှတ်တမ်း
တင်သည့်အခါ ရေဆင်၏ အလျားမှာ
(၆) လက်မ၊ အမြင့်မှာ (၄၁) လက်မ
အရွယ်အစားရှိ၍ အရေပြားအလွှာ
ချောမွတ်ကာ ညိုပုပ်ပုပ်အရောင်ရှိ
ကြောင်း၊ အထက်မေးရိုးမှ အစွယ်နှစ်
ချောင်းတည်ရှိနေပြီး လေးဖက်မတ်ရပ်
အနေအထားတွင် မြေကြီးနှင့်ထိလုနီးပါး
တွဲကျနေသည့် နှာမောင်းပါရှိကြောင်း၊
နားရွက်မှာမူ ၁လက်မ၏ (၃) လက်မ
ခန့် ငြိတ်ရှိကြောင်း အမြီးမှာ (၁)လက်မ
၏ (၃) လက်မခန့် ရှည်လျားကြောင်း၊
ခြေထောက်မှာလည်း တကယ် ဆင်ကြီး
ခြေထောက်များနှင့်တူကာ ခြေချောင်း
လေးချောင်းပါရှိကြောင်း ရေးသားမော်ပြ
ခဲ့ဖူးလေသည်။

စာရေးသူသည် ၁၉၈၀ ပြည့်နှစ်
ဝန်းကျင်တာလောက သံတွဲမြို့ မော်ရံ
ကွေးရွာတွင် ဘွဲ့ရတော် အလပ်ကာလ
ခံကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်
က ရေဆင်နှင့်ပတ်သက်၍ သတင်း
စကားတစ်ရပ် ကြားခဲ့ရပါသည်။ ထိုအချိန်
က ရေလုပ်ငန်းနှင့်ပတ်သက်၍ ရေနံ
မြေနီပင်လယ်ပုစွန်များ ပုစွန်ကုန်များ
ပေါပေါများများ အလွယ်တကူဝယ်ယူ
ရမိနေခဲ့ချိန် ဖြစ်ပါသည်။ ထိုအချိန်က
မြို့တိ-ထားဝယ်မှ ဦးကျားအောင် စတင်
ဝယ်ယူ တင်သွင်း ရောင်းချခဲ့သည့်
ယိုးဒယားနိုင်ငံလုပ် သံတဲပုစွန်ဖိုက်များ
ခေတ်စားနေခဲ့ပါသည်။ သံတဲပိုက်မှာ
ပိုက်သားသုံးထပ်ဖြင့် တပ်ဆင်ထားပါ
သည်။ အပြင်ပိုက်သားနှစ်ထပ်မှာ ခပ်
သားကြီး၍ ပိုက်ကွင်း (၅) တန်မခန့်
ရှိပါ သည်။ ထိုပိုက်ကွင်းခန့်ထပ်ခြင်းကြား
(၁) လက်မတွင်းအရွယ် ပိုက်ချည်သေး
သေးဖြင့် အတွင်းမှ တစ်ထပ်ပါသည်။
နုန်းအောက်ရေထဲမှ ပုစွန်များပါဝင်
အတွင်းပိုက်သားတွင် ပုစွန်များမိနေ၍
အပြင်ပိုက်ကွင်းကြီးအရွယ် ကြီးမားမှု
ကပ်ငြိစေသည့်နေရာဖြစ်ပါသည်။

မော်ရံတွေးရွာမှ ရေလုပ်သားများ
ဦး သုံးထပ်ပိုက်ဖြင့် ပုစွန်များကျွေးမွေး
ထူးဆန်းသည့် ရေသတ္တဝါတစ်ကောင်
ကို သုံးထပ်ပိုက်အတွင်းရှိ ပါဝါသာ
ဖြင့် အထူးဆန်းအဲ့ဩနေကြပါသည်။
ထိုရေသတ္တဝါမှာ ဆင်တောကောင်နှင့်
လုံးဝတူညီနေပြီး အရွယ်အစားမှာ
သေးငယ်၍ ရေအတွင်းနေကိုယ်ဖြင့်
သူတို့ မွားစွာအံ့သြကြည့်လေသည်။ ထို
ပိုက်တွင် မိနေသည့် ရေဆင်ကလေး
ပိုက်မှ ဖြုတ်၍ လေ့လာပြီးမှ ရေထဲတွင်
ထည့်ထားလိုက်ကြသည်။ ရေဆင်
ကလေးသည် လေ့လာပိုက်အတွင်းရှိ ရေ
ထဲတွင် ကျွမ်းကျင်စွာ ကူးခတ်သွားလာ
နေသည်မှာ ငါးတစ်ကောင်နှင့် မခြား
တူညီသည်ဟု ဆိုကြပါသည်။ ရေထဲ
တွင် ဖမ်းဆီးရမိသည့် ရေကြွေး ရေနဂါး
ရေမြင်းရေနွားများ ရေကြောက်တုန်လှုပ်များ
ကဲ့သို့မဟုတ်ဘဲ ကုန်းပေါ် မှဆင်ကြီးနှင့်

www.burmeseclassic.com

တစ်ထေရာတည်းတူညီသည်ဟု ပြောဆိုကြပါသည်။

ရွာရှိလူကြီးသူမများနှင့် ရွာသားများ တစ်ဆင့်စကားကြောင့် စာရေးသူက စာပေတွင် လေ့လာ ဖတ်သားကာ ကြားဖူးနားဝ ဗဟုသုတရှိနေသဖြင့် ထိုရေလုပ်သားများ သုံးထပ်ပိုက်ဖြင့် ဖမ်းမိလာသည့် ဆင်နှင့်တူသည့်ရေသတ္တဝါမှာ ရေဆင်ဖြစ်ကြောင်း၊ တန်ဖိုးရှိကြောင်း ပြောသဖြင့် စာရေးသူနှင့်အတူ လေ့ထဲသို့ပြန်ကာ သွားရောက်ကြည့်ရှုကြသည့် အခါ ထိုရေဆင်ကလေးကို မတွေ့ရတော့ပေ။ ဖမ်းမိသည့်ရေဆင်မှာ အရှင်ဖမ်းမိထားသဖြင့် လေ့ဝမ်းထဲရှိရေထဲတွင် ကူးခပ်နေရာမှ လူမမှိသည့်အခါတွင် လေ့ဝမ်းထဲမှတစ်ဆင့် ရေထဲသို့ဆင်းကာ ပြန်လည် ကူးခပ်လွတ်မြောက်သွားခဲ့လေပြီဖြစ်သည်။ထိုအခါ ဝတ္ထုအကောင်အထည်ကို မပြသနိုင်သဖြင့် ရေလုပ်သားသုံးဦးစကားနှင့် စာရေးသူ၏ ဗဟုသုတမှာ ဒဏ္ဍာရီစကားသာ ဖြစ်ခဲ့ဖူးလေသည်။

ထို့ပြင် ၁၉၉၀ ပြည့်နှစ်ဝန်းကျင် ကာလခန့်က နွေရာသီတွင် မော်ရဲ့ကျေးရွာသို့ အလည်အပတ်ရောက်ရှိခဲ့စဉ် ဧရာဝတီတိုင်းဒေသကြီးမှ ကရင်တိုင်းရင်းသား ရေလုပ်သားများနှင့် တွေ့ဆုံခဲ့ပါသည်။ ထိုအချိန်က ပင်လယ်ငါးတောက်တူအရှင်များကို အရှင် ဝယ်ယူနေချိန် ဖြစ်ပါသည်။ သုံးလက်မမှသည် တစ်ပေ၊ နှစ်ပေအရွယ်အစား စသဖြင့် ဝယ်ယူကာ ရေထဲတွင် ဖောင်ကြီးများ ပြုလုပ်၍ ကန်သဖွယ်ရေထဲတွင် ပိုက်ဖြင့် လှောင်ထားကာ နိုင်ငံခြားသို့တင်သွင်းရောင်းချနေချိန်ဖြစ်ပါသည်။ ငါးတောက်တူတို့သည် ရေအောက်ကျောက်ခဲ၊ ကျောက်ဆောင်၊ ကျောက်လိုဏ်ခေါင်းအတွင်း နေထိုင်ကြသဖြင့် ရေငုပ်၍ဖမ်းဆီးပုံများကို စာရေးသားနိုင်ရန် စာရေးသူက လေ့လာ စုံစမ်းမေးမြန်းမိပါသည်။

ထိုအခါ ကရင်တိုင်းရင်းသား ရေငုပ်သမားများက ရေအောက်တွင် ရေနဂါး၊ ရေမြင်း၊ ရေခွေးမျောသာမက ရေဆင်များကိုပါ တွေ့ရှိရကြောင်း၊ ရေဆင်အထီး၊ အမစုံတွဲအုပ်စုများကို တွေ့ရှိရကြောင်းဖမ်းဆီးရမိရန်မလွယ်ကူကြောင်းနှင့် ရေထဲတွင် အလွန်လျင်မြန်ဖျတ်လတ်စွာ ကူးခပ်ထွက်ပြေး လွတ်မြောက်နိုင်ကြောင်း၊ ရေဆင်အထီး၏အစွယ်မှာ အလွန် အဆိပ်ပြင်းလှ၍ အနားပင် မကပ်ဝံ့ကြောင်း၊ အလွန်တရာကြီးမားသည့် ငါးကြီးများပင် ရေဆင်စွယ်နှင့် ထိုးမိလျှင် ချက်ချင်းသေဆုံးနိုင်ကြောင်း၊ ထို့ကြောင့် ရေဆင်စွယ်ကို ဆောင်ထား၍ ရေငုပ်ဆင်းပါက မည်သည့်ရေသတ္တဝါမျှ ရေငုပ်သူအနီးသို့ မကပ်ဝံ့ကြောင်း၊ ငါးမန်း၊ ငါးတောက်တူကဲ့သို့လူကိုအန္တရာယ်ပေးသည့် ငါးကြီးများပင် ကြောက်ရွံ့ကြကြောင်း စာရေးသူကို ပြောပြသွားလေသည်။

ရေဆင်ကို ရေသတ္တဝါငါးကြီးများသာမက ကုန်းနေဆင်များပါ ကြောက်ရွံ့လေ့ ရှိကြသည်။ ရေဆင်များ ကျက်စားနေထိုင်ရာ ရေအိုင်ချောင်းမြစ်များထဲသို့ ဆင်ကြီးများ မဆင်းဝံ့ကြကြောင်း၊ ရေဆင်ရှိကြောင်းကို ငင်းတို့၏သဘာဝအသိဉာဏ်ဖြင့် ကြိုတင်သိရှိကြပါသည်။ အချို့သစ်လုပ်ငန်းဝင်ဆင်များမှာ ရေဆင်ရှိရာ ချောင်း၊ မြစ်၊ အင်းအိုင်များသို့ ဆင်းရန် ငြင်းဆန်ကြောက်ရွံ့၍ တကျိကျိအော်ကာ ရေထဲဆင်းရန် ငြင်းဆန်လေ့ရှိကြသည်။ ရေထဲသို့ဆင်းမိပါကလည်း ရေဆင်ထိုး၍ မိနစ်ပိုင်းအတွင်း ကုန်းဆင်ကြီးများ ရေထဲမှပြေးတက်လာကာ ဗိုင်းခနဲလဲကျ၍ တဆတ်ဆတ်တုန်နေပြီး မကြာမီသေဆုံးလေ့ရှိကြောင်းကို သိရှိရပါသည်။

ရေဆင်စွယ် ရရှိဆောင်ထားသူဆင်ဦးစီးကို ဆင်များကသိကြောင်း၊ ခိုင်းစေအလုပ်လုပ်ရာတွင် လွန်စွာကျိုးနွံမှုရှိကြောင်း၊ ထိုဆင်ဦးစီးများကို ဆင်ဆိုးကြီးများပင် ရန်မမူဝံ့ကြောင်း၊ ဆင်ကိုအလွန်နှိုင်းကြောင်း စာရေးသူ၏ သင်ဆရာ ရေဆင်စွယ်ဆရာကြီးတစ်ဦးက ပြောပြဖူးပါသည်။ ထို့ကြောင့် ရေဆင်စွယ်ကို လွန်စွာတန်ဖိုးပေး၍ ဝယ်ယူလေ့ရှိကြောင်း ပြောပါသည်။

စာရေးသူမှာ ရေဆင်နှင့်ပတ်သက်၍ စာပေဆောင်းပါးဝတ္ထုများမှလည်းကောင်း၊ တွေ့မြင်သိရှိသူများထံမှလည်းကောင်း ရေဆင်အကြောင်း ဗဟုသုတရှိသော်လည်း ရုပ်ပုံသဏ္ဌာန် ရုပ်ဝတ္ထုဖြင့် တင်ပြနိုင်ခြင်း၊ ဓာတ်ပုံမှတ်တမ်းတင်ခြင်း မရှိနိုင်သေးသဖြင့် ရေဆင် တကယ်ရှိ၊ မရှိကို ဆောင်းပါးရေးသားတင်ပြရန် အခွင့်လမ်းမရှိဖြစ်ခဲ့ရလေသည်။

ယခုမူ ကျေးဇူးရှင်မုဆိုးကြီးတစ်ဦး၏ကူညီပံ့ပိုးမှုကြောင့် ရေဆင်တကယ်ရှိကြောင်း ရေသားမှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်၊ မတ်လက မော်ရဲ့ရွာမှ တပည့်တစ်ဦး၏သတင်းပေးချက်အရ ရွှေလှေရွာ သူဌေးချောင်း (ယခုရေအားလျှပ်စစ်စီမံကိန်းချောင်း အထက်ချောင်းဖျားကျေးရွာတစ်ရွာသို့ ရှိကြောင်း သတင်းရရှိချက်အရ ထိုမုဆိုး၏အကူအညီဖြင့် ဧပြိလအတွင်း စာရေးသူကိုယ်တိုင် မော်တော်ဆိုင်ကယ်ဖြင့်တန်၊ လေ့တစ်တန်၊ ခြေကျင်တစ်ဆယ်ဖြင့် ရေဆင်ပိုင် ချင်းအမျိုးသားကြီးရောက်ရှိခဲ့ပါသည်။

ငင်းတို့က လျှို့ဝှက်ချက်အရ ရှာအမည်နှင့် လူအမည်များကို ဖော်ထုတ်ရေးသားခွင့် မရရှိသည်ကိုမူ ခွင့်လွှတ်ကြစေလိုပါသည်။ ရေဆင်ပိုင်ရှင် ချင်းအမျိုးသားကြီးမှာ ကြောက်ရွံ့နေသည့် စာရေးသူနှင့် တွေ့ဆုံရန် ငြင်းဆိုခဲ့ပါသည်။ စာရေးသူ၏ ကျေးဇူးရှင် မုဆိုးကြီးမှတစ်ဆင့် ဓာတ်ပုံမှတ်တမ်းတင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကာ စာရေးသူအား အမြဲနာမ၊ နေရပ်ဒေသ မဖော်ပြရန် အနည်းဆုံးတတ် ကတိသစ္စာပြုရန် တောင်းဆိုခဲ့ကြပါသည်။

ရေဆင်ဖမ်းမိရရှိပုံမှာ ဤသို့ဖြစ်သည်ဟု စာရေးသူ၏ကျေးဇူးရှင် မုဆိုးကြီးမှ ပြောပြပါသည်။

သူဌေးချောင်းဖျားတွင် ငါးဖန်များကို မြှုံးထောင် သွားရောက် ဖမ်းဆီးစဉ် ငါးဖရဲမြှုံးအတွင်းမိနေသည်ဟုပြောပါသည်။ ရေချိုငါးဖရဲကြီးအသားမှာ ရွှေဖရဲသီးအရသာကဲ့သို့ ထူးခြားပြီး စားချိန် အလွန်အရသာရှိကာ နှိုင်ငံခြားဈေးကွက်ဝင် ဖြစ်ပါသည်။

မြှုံးထဲတွင်မိနေသော ရေဆင်ငယ်အစွယ်ဖြင့် ရန်မူသဖြင့် အဆိပ်သင့်မှာကြောက်၍ မြှုံးအတွင်းလှောင်ထားရာမှ သေဆုံးသွားခြင်းဖြစ်သည်ဟုဆိုပါသည်။ အရွယ်မှာ အလျား (၄) လက်မခန့် ရှည်ပြီး မွှာတ်ပုံပါအတိုင်း ကုန်းဆင်နှင့် တစ်ပုံစံတည်းတူညီကာ အစွယ်မှာ အနီရောင် ဖြစ်ပါသည်။

စာရှုသူများ ဓာတ်ပုံအရ ရေဆင်တကယ်ဟုတ်၊ မဟုတ် ဆုံးဖြတ်ကြပါကုန်။ စာရေးသူတော့ဖြင့် အသက်(၅၇) နှစ်အရွယ်တွင် အကောင်သေးသည်မှအပ တကယ့်ကုန်းဆင်ကြီးနှင့် တစ်ပုံစံတည်းတူညီသည့် ရေဆင်အကြောင်း ဗဟုသုတအလို့ငှာ သိရှိနိုင်ကြစေရန် စိတ်စေတနာအပေါင်းဖြင့် ကောင်းမွန်စွာ လေ့လာ ရေးသား တင်ပြလိုက်ရပါတော့သည်။

ဒွေဆျိုအောင် (ငယဒီ)



www.burmeseclassic.com

www.burmeseclassic.com

# သရဉ်းဆက်ထွန်းလင်း (အဝယုဘွဲ့) ၄၉

## ဝိန္ဒာဝရမြို့မှာအင်္ဂရက်ပညာအစဉ်အလာ

ဒီရဟန်းတော်များသည် နာမည်ကျော်ကြားသော အရည်းကြီးများ အတူတူပင်လော၊ ကွဲပြားခြားနားတာ..

ဤကိစ္စနှင့်ပတ်သက်၍ တန္တရဝါဒီရဟန်းတော်များ၏ ကျင့်သုံးမှုလုပ်ငန်းအချို့ကို ဖော်ပြလိုပါသည်။ သို့မှသာ သူများအနေဖြင့် နှိုင်းခြိန်စဉ်းစားနိုင်မည် ဖြစ်ပါသည်။

တန္တရဝါဒီဟု ဆိုလိုက်သည်နှင့် တကျ၊ စနစ်တကျ၊ ကျင့်ဝတ်သိက္ခာနည်းကျအတိုင်းသာ ခံစားစံစားကြခြင်း ဖြစ် ၏။

ထိုကိစ္စနှင့် ပတ်သက်ပြီး 'အတူလေးရယ်နဲ့ ယှဉ်ကာပြိုင်×××ပန်းမွှေ့ရာ ရွှေကော်ဇော×××'ဟူသည့် အစချီသောကိုကြီးကျော်နတ်ချင်းတစ်ပုဒ် မြန်မာ့ရိုးရာ၌ရှိ၏။ အဆိုပါတေးဇ၏အဓိပ္ပာယ်မှာ ပြည့်ဝလေးနက်လွန်းလှပါသည်။ အမှန်တကယ်ဆိုရပါမူ အဆိုပါတေးသည် တန္တရလမ်းစဉ်တစ်ရပ်လုံးကို ဖော်ကျူးထားခြင်း ဖြစ်၏။ ထိုတေးကို အပေါ်ယံမျှသာ နားထောင်ကြည့်ပါက သာမန်နတ်သီချင်းဟုပင်ထင်ရ၏။

အမှန်ကား လောကီဆိုင်ရာဘဝနေနည်းနှင့်ယှဉ်သော နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ် ဖြစ်၏။ ထိုလမ်းစဉ်ကား တန္တရလမ်းစဉ် ဖြစ်၏။ တေးတွင် ပါရှိသော 'အတူလေးရယ်နဲ့ ××× ယှဉ်ကာပြိုင်'ဟူသည်မှာ တူနှစ်ကိုယ်ယှဉ်တွဲခြင်း ဖြစ်၏။ အဖိုနှင့်အမသင်္ကေတကို ဖော်ကျူးထားခြင်း ဖြစ်၏။ ခွဲခွာစရာမလိုဘဲ သံသာလေကမ်းတိုင်တူပြိုင်ကူးမည့် သဘောကိုလည်း ဖော်ဆောင်ထား၏။ အဖို၊ အမပေါင်းစပ်မှုကို ကောင်းမွန်အောင်ပြုနိုင်သဖြင့် ကြီးမားသော စွမ်းအားဖြစ်စေမှုကိုလည်း ဖော်ဆောင်ထားခြင်း ဖြစ်၏။

ထို့ပြင် 'ပန်းမွှေ့ရာ×××ရွှေကော်ဇော' ဟူသည်မှာလည်း ကောင်းမွန်စွာ နေထိုင်ခြင်းတို့ဖြင့် ပြည့်စုံသောဘဝနေနည်းကို ဆိုလိုပါသည်။

သို့သော် တန္တရရဟန်းတော်များကမူ ဖို၊ မသဘောဝ၏ ကြီးကျယ်သော စွမ်းအားကိုယူသော်လည်း ဖိုမပေါင်းစပ်သည့်မေထုန်သံဝါသအယူကိုကျပ်တည်းစွာ ရှောင်ကြဉ်ကြ၏။ ထို့ကြောင့် သူတို့၏လမ်းစဉ်တွင် မသဘာဝစွမ်းအင်ကိုယူသော်လည်း လိင်သဘာဝချင်းပေါင်းစပ်ရောယှက်ခြင်း လုံးဝမပြုရသည်ကိုကား သတိပြုရန်လိုမည်ထင်ပါသည်။

ဤနေရာ၌ ပုဂံခေတ်က အရည်းကြီးရဟန်းများထံ ကညာစင်သတို့သမီးများပို့လွှတ်ရခြင်းထုံးထမ်းစဉ်လာသည် ရဟန်းတော်များ ကျင့်စဉ်ပိုင်းဆိုင်ရာ အဆင့်မြင့်ပိုင်း လိုအပ်ချက်အတွက် စမ်းသပ်ခံခြင်း (၀၀) စာမေးပွဲဖြေဆိုရခြင်းလောဟူသည်ကိုလည်း စဉ်းစားရန် လိုအပ်ပါသည်။ ထိုအခြေအနေကို ပုဂံခေတ်က လူထုရော ရဟန်းတော်များကပါ တန္တရသဘောတရားအရ နားလည်သဘောပေါက်လက်ခံကြပြီးဖြစ်ပါလိမ့်မည်။

ထိုခေတ်က ပေါက္ကံပြည်ကြီးတွင် တန္တရယာနသည် အလွန်ပင်ခေတ်စားလူကြိုက်များမည်ဖြစ်လေသည်။ တန္တရ၏ သဘောတရားအရလည်း သုတ္တန်စသည့်တရားသဘောတို့ကို ကျယ်ကျယ်ပြန့်ပြန့်ဟောကြားခြင်း၊ သွန်သင်ဆုံးမခြင်းတို့ပြုခြင်းထက် သင်္ကေတများလုပ်ဆောင်ချက်များဖြင့် မွေသဘာဝ၊ ဉာဏ်စဉ်သဘာဝ၊ နိမ္မာသဘာဝများကို ပြုပြင်ကာ အဆင့်ဆင့်မြင့်မားစေခြင်းကို ပို၍အာရုံထားခြင်းမျိုး ဖြစ်၏။ သို့ဖြစ်သောကြောင့်လည်း တန္တရဓမ္မကို လူတိုင်းနားလည်ရန် ခဲယဉ်း၏။ သဘောပေါက်ရန်လည်း မလွယ်ကူပေ။ ထို့ကြောင့် တန္တရဓမ္မကို အလေ့အကျက်များခြင်းအားဖြင့် လည်းကောင်း၊ ဉာဏ်ယှဉ်သော ဉာဏသမ္ပယုတ်မျိုးဖြင့် လည်းကောင်း ပြည့်စုံသောအခါတွင်မှသာ ထိုးထွင်းသိမြင်နိုင်မည်ဖြစ်ပါသည်။

တကယ်တမ်းတွင်လည်း တန္တရဓမ္မအနှစ်သာရကလည်း များပြားစွာမရှိပေ။ ကျစ်လျစ်သိပ်သည်းစွာသာရှိ



www.burmeseclassic.com

www.burmeseclassic.com

နေပါသည်။ ထို့ကြောင့် တန္ဆရ၏အရေးပါသောကျင့်စဉ်များတွင် ဖို၊ မသဘာဝနှစ်ရပ်လုံးပါနေ၏။ ထိုသို့ပါဝင်နေသော သဘာဝကို ပါဝင်ဆောင်ရွက်နေသူအားလုံးက ကာမဂုဏ်ခံစားရန်မဟုတ်ကြောင်း သိနားလည်ထားပြီး ဖြစ်၏။ ပါရမီဖြည့်ကျင့်သူနှင့် ပါရမီဖြည့်ခြင်းကို ကူညီနေသူတို့သာ ဖြစ်၏။ နှစ်ဦးစလုံး၏ကုသိုလ်ရေးလုပ်ငန်းဖြစ်၏။ ထိုသို့ကျင့်သုံးခြင်း၏ရည်ရွယ်ချက်မှာ နောက်ဆုံး၌ ဖြို့ခွဲရန်ခက်ခဲသော အသမ္ဘိန္နသဘောဆောင်သည့်ဓာတ်ကို ပိုင်ဆိုင်နိုင်စေရန် ဖြစ်၏။

အဆိုပါ အသမ္ဘိန္န၏ သဘောသည် အမတသဘောကိုလည်းဆောင်နိုင်ပါမည်။ အမတဆိုသည်မှာ ကြိမ်ဖန်များစွာ အဖန်တလဲလဲဖြစ်လေ့ရှိသောမွေး၊ သေသဲသရာကို အကြိမ်အရေအတွက်အနည်းဆုံးဖြစ်အောင် ပြုပြင်စီရင်လိုက်ခြင်းဖြစ်၏။

ထို့ကြောင့် အမတဆိုသည်မှာ အိုခြင်းကို လည်းကောင်း၊ နာခြင်းကို လည်းကောင်း၊ သေခြင်းကိုလည်းကောင်း အပိုင်းအခြားကြီးများစွာဖြင့် ဝေးကွာအောင်ပြုထားခြင်းပင် ဖြစ်၏။ ဆိုလိုသည်မှာ အမတသဘောဆောင်သည်နှင့် လူသား၏ ဇရာဖြစ်စဉ်သည် လည်းကောင်း၊ ဗျာဓိဖြစ်စဉ်သည် လည်းကောင်း၊ မရဏဖြစ်စဉ်သည် လည်းကောင်း လွန်စွာပင် နေးကွေးသွားတော့၏။ ထိုဖြစ်စဉ်ကိုပင် လူသားသည် ကျန်းကျန်းမာမာ နှစ်ပေါင်း ရာထောင်မကသောသက်တမ်းရှည်ခြင်းဖြင့် အဆုံးအဖြတ်ပြုကြ၏။

အဆိုပါ အသက်ရှည်ခြင်း၏ ရည်ရွယ်ချက်မှာ အသက်ရှည်ရှည်နေရလေ တစ်ဆက်တစ်စပ်တည်းသော ပါရမီတော်ကို များများဖြည့်ကျင့်နိုင်လေဖြစ်မည်။ ထိုကို့ရည်၍ ကျင့်ခြင်းဖြစ်၏။

တန္ဆရ၏ အဆင့်မြင့်သဘောတရားအရ လူသားသည် မကြာခဏသေဆုံးခြင်း၊ ပြန်လည်မွေးဖွားရခြင်း စသည့် ဓမ္မတာသဘောထို့ကြောင့် အချိန်ကာလများ လွန်စွာပင် ဆုံးရှုံးကြရသည်ဟု ခံယူ၏။ ထို့အပြင် အဆင့်ဆင့်ကြီးထွားရခြင်း ဟူသော ရင့်ကျက်ခြင်းအတွက် အချိန်ယူရခြင်းတို့ကို လည်းကောင်း၊ အဆင့်ဆင့်သော ရွေ့လျားပြောင်းလဲခြင်းတို့အတွက် ဆုတ်ယုတ်ရသောအချိန်တို့ကို လည်းကောင်း ထည့်သွင်းပေါင်းတွက်လိုက်ပါက အရင့်ကျက်ဆုံး၊ အပြည့်ဝဆုံးသော ပါရမီဖြည့်ခြင်းသည် အလွန်ပင် နည်းပါးလှသည်။ တိုတောင်းလှသည်ဟု သုံးသပ်ခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်လည်း အသက်ရှည်ရှည်နေနိုင်သမျှ ကျန်းကျန်းမာမာဖြင့် နေထိုင်နိုင်စေရန် အဆင့်မြင့်ကျင့်စဉ်များကို လိုအပ်ချက်အရ တန္ဆရရဟန်းတော်များက ကျင့်ကြခြင်း ဖြစ်၏။

ထိုသို့ကျင့်သောအကျင့်၏အဆင့်မြင့်ပိုင်းများတွင် ဖို၊ မသဘာဝပါသဖြင့် မလိုင်သဘာဝကို ဖိုလိုင်သဘာဝ ရဟန်းတော်များမှ အကူအညီယူပြီး အသုံးပြုကြခြင်း ဖြစ်၏။ အဆိုပါ ဖို၊ မသဘာဝ၏အကြောင်း နောက်ပိုင်းတွင် ထပ်မံရှင်းလင်းပါမည်။ ယခုကိစ္စသည် လိင်ပိုင်းဆိုင်ရာ အာရုံခံစားမှုမျိုးမဟုတ်သည်ကို ရှင်းပါသည်။

ထိုကို နောက်ပိုင်းခေတ်များတွင် တန္ဆရ၏သဘောကို သိမြင်နားလည်ရန် ဝေးသွားသဖြင့် နောက်ပိုင်းခေတ်၏ အမြင်၊ အတွေးရှုထောင့်များဖြင့် ရှုမြင်ကာထင်မြင်သည့်အယူအဆများအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုသဖြင့် ပုဂံခေတ်ကျင့်သုံးခဲ့သော တန္ဆရဗုဒ္ဓဝါဒသည် အရုပ်ဆိုးအကျည်းတုန်ရခြင်း ဖြစ်ပါသည်။ ထို့ပြင် တန္ဆရဗုဒ္ဓဝါဒ၏ သဘောကို ခြေခြေမြစ်မြစ်နားလည်ရန် မကြိုးပမ်းတော့ဘဲ နှိမ်ချလိုသည့်သဘောဖြင့် အရည်းကြီးဝါဒဟု ပစ်ပစ်ခါခါသုံးနှုန်းလိုက်ခြင်းပင် ဖြစ်ပါလိမ့်မည်။ ထိုသို့သော အလုံးစုံပစ်ပယ်လိုက်ခြင်းနှင့်အတူ တန္ဆရဗုဒ္ဓဝါဒ၏ ကောင်းမွန်သော ရည်ရွယ်ချက်လုပ်ငန်းစဉ်နှင့် အနှစ်သာရတို့ပါ တစ်ပါတည်း ဆုံးရှုံးသွားစေကြောင်း သတိပြုကြရမည် ဖြစ်ပါသည်။

**ရေငုပ်ခြင်း၊ တုံးခုန်ခြင်း၊ မီးလှုံခြင်း၊ ဇယ်ခတ်ခြင်းတို့သည် အပျော်တမ်းဆော့ကစားနေခြင်းလော**

နှောင်းခေတ်ပုဂ္ဂိုလ်တို့က ပုဂံခေတ်က အရည်းကြီးတို့နှင့် ပတ်သက်ပြီး အဓိကပြောဆိုပြစ်တင်ကြသည်မှာ နှစ်ချက်ဖြစ်၏။ ပထမအချက်မှာ ပန်းဦးလွှတ်ခြင်းကိစ္စဖြစ်သည်။ ဒုတိယအချက်မှာ အရည်းကြီးတို့၏အလေ့အကျင့်တို့ဖြစ်သည့် ရေငုပ်ခြင်း၊ တုံးခုန်ခြင်း၊ မီးလှုံခြင်း၊ ဇယ်ခတ်ခြင်းတို့ဖြစ်၏။ ထိုဒုတိယအချက်ကိုထောက်ပြပြီးလည်း အရည်းကြီးတို့သည် အလွန်ပင် ကလေးကလား ဆော့ကစားသည့် အပြုအမူအလုပ်အကိုင်များကို လုပ်ကိုင်ကြပါမည်လား၊ ဉာဏ်ရည်ဉာဏ်သွေးနည်းပါးလှချေလား ဟူသောအတွေးအမြင်မျိုးဖြင့် ပြောဆိုကြသည်လည်းရှိ၏။ ရယ်မောဟားတိုက်လှောင်ပြောင်ကြသည်လည်းရှိ၏။ ပြစ်တင်ရှုတ်ချကြသည်လည်းရှိ၏။

တန္ဆရဗုဒ္ဓဝါဒ၏သဘောသဘာဝကို လေ့လာကြည့်ပါက သူတို့သည် လုပ်ငန်းတစ်ရပ်ကိုပြုလုပ်လျှင် ထိုလုပ်ငန်း၏ အပြင်ပန်းဗဟိဒ္ဓသဘော အများအမြင် ကောင်းမွန်တင့်တယ်စေနိုင်ခြင်း မိန္ဒထက် အလျှတ္တ၏အနှစ်သာရထိရောက်မှုအရှိဆုံးဖြစ်နိုင်မည့်ကိစ္စကိုသာ ပို၍ အလေးထားကြသည်ကို တွေ့ရှိရမည်ဖြစ်၏။ ဥပမာ ရေငုပ်ခြင်းဟူသည် အလေ့အကျင့်ကို ဦးစွာစဉ်းစားကြသင့်ပါသည်။ အမှန်ကား ရေငုပ်ခြင်းသည် သာမန်အလေ့အကျင့်မျိုး၊ ဆော့ကစားနည်းမျိုး မဟုတ်ပေ။ ကျင့်လေ့တစ်ရပ်ဖြစ်၏။ ကျင့်စဉ်တွင်မှ ပြင်းထန်ထိရောက်သောကျင့်စဉ်ဖြစ်၏။

သီလ၊ သမာဓိ၊ ပညာလုပ်ငန်းများ၏အဆင့်မြင့်ဆုံးသောလုပ်ငန်းသည် သမထ၊ ဝိပဿနာကျင့်စဉ်ပင် ဖြစ်၏။ ထိုလုပ်ငန်းများ၏ အခြေခံအကျဆုံးနှင့် အရေးကြီးမှာ သမာဓိပင်ဖြစ်၏။ သမာဓိမတည်လျှင် မည်မျှပင်တရားအားထုတ်သည်ဖြစ်စေ၊ ပုတီးစိပ်သည်ဖြစ်စေ ဝေဖန် ဆန်းစစ် ထွင်းဖောက်နိုင်သော ပဋိဘာန်ဉာဏ်မျိုးနှင့်ဝေးကွာနေမည်သာ ဖြစ်၏။

ပဋိဘာန်ဉာဏ်၏ အကြောင်းရင်းသည် ပဋိဘာဂနိမိတ်၊ ဥပစာရသမာဓိ အပွနာသမာဓိ စသည်ဖြင့် အဆင့်ဆင့်တက်ရ၏။ ထိုသမာဓိမျိုးမှာ မဖြစ်ဘဲ နေသေးသမျှ ဝိဇ္ဇာခရာဝဏနေနည်းနှင့် ဝေးကွာနေမည်သာ ဖြစ်ပါသည်။

ဝိပဿနာအနေဖြင့်လည်း ဉာဏ်စဉ်အဆင့်မြင့်တက်ရန် သမထအနေဖြင့်လည်း စွာန်အဆင့်၊ အဘိညာဉ်အဆင့်မြင့်တက်ရန် အခြေခံအားပြုရမည့်လုပ်ငန်းသည် လည်းကောင်း၊ အားထုတ်ရမည့်အလုပ်သည်လည်းကောင်း သမာဓိသာဖြစ်၏။ သမာဓိမဖြစ်ဘဲနှင့် အထက်ပိုင်းရှိမည်ဆိုသော ဉာဏ်ပညာမျိုးကိုမရနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် မည်သည့်ပုဂ္ဂိုလ်မဆို မဂ်လမ်း၊ ဖိုလ်လမ်းပဲလိုက်လိုက်၊ ဝိဇ္ဇာရေလမ်းပဲလိုက်လိုက် ဦးစွာပထမ သမာဓိထူထောင်ရေးသည် အဓိကဖြစ်၏။

သို့သော်လည်း ဤလုပ်ငန်းများကို လုပ်ကိုင်သမျှသောပုဂ္ဂိုလ်တိုင်းအတွက် အဓိကကြုံတွေ့ရသော ပြဿနာအခက်အခဲမှာလည်း ထိုသမာဓိထူထောင်ရေးပင် ဖြစ်၏။ ထိုသမာဓိဟူသည်မှာ စိတ်သည် တစ်နေရာတည်



www.burmeseclassic.com

www.burmeseclassic.com

ကျင့် ဦးစိုက်တည်နေမှုပင် ဖြစ်ပါသည်။ ထို့ကြောင့် သမာဓိ၏သဘောတရားကား ပုဂ္ဂိုလ်ပင် လွယ်ကူရိုးရှင်းလွန်းလှပါသည်။ သို့သော် တကယ်တစ်းလုပ်ကြည့်သောအခါ အလွန်ပင်ခက်ခဲလှကြောင်း ကိုယ်တွေ့သိရှိနိုင်ပါသည်။

ထို့ကြောင့် သမာဓိလုပ်ငန်းသည် အပြောလွယ်သလောက် အလုပ်ရခက်သည့်လုပ်ငန်းပင် ဖြစ်ပါသည်။ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း စသည့်လုပ်ငန်းများကိုလုပ်ရာတွင် တစ်နာရီကြာအား ထုတ်၍ ဆယ့်ငါးမိနစ်ခန့် တစ်ဆက်တည်း သမာဓိထူထောင်နိုင်လျှင် ကံကောင်းသည်ဟုပင် ဆိုရပါမည်။ အများကြီးအနေဖြင့် ထိုထက်များစွာလျှော့နည်းကြသည်ကို ကိုယ်တိုင်အားထုတ်ဖူးသူများအနေဖြင့် အသိဆုံးပင်ဖြစ်သည်။ ထိုလမ်းစဉ်အပေါင်းတို့တွင် သမာဓိထူထောင်၍ မရသောကြောင့် ဝေးကွာသွားသူများ ဒုနှင့်ဒေးပင်ရှိပါသည်။ သို့ပါ၍ သမာဓိတည်အောင် ထူထောင်၍ရအောင်လုပ်နိုင်မည့်နည်းများကိုအမျိုးမျိုးဖော်ညွှန်းစားကြ၏။ ထိုတွင် အသက်အောင့်ထားသော သမာဓိထူထောင်သည့်နည်းနေ့ကို သွားတွေ့ကြ၏။ လူသားသည် အသက်အောင့်ပြီး ရှူမှတ်မှုပြုလျှင် သမာဓိပိုရလွယ်ခြင်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူသားသည် အသက်မရှူဘဲအောင့်ထားလျှင် မွန်းကျပ်လာ၏။ တဖြည်းဖြည်း အချိန်ကြာလာသည်နှင့် ပို၍မွန်းကျပ်သည်ထက်ကျပ်လာမည်ဖြစ်၏။ ထိုသို့ စက္ကန့်မလပ် မွန်းကျပ်နေသောလူတစ်ယောက်အဖို့ စိတ်ပျံ့လွင့်၍မရတော့ပေ။ မဖြစ်မနေ မွန်းကျပ်မှုပေါ်တွင်သာ အာရုံစူးစိုက်ရတော့မည်ဖြစ်၏။ ထိုအခါတွင် မိမိ၏ဦးစိုက်ရှုမှတ်နေသော အာရုံပေါ်တွင် သမာဓိတည်ရတော့၏။ ထို့ကြောင့် သမာဓိထူထောင်မရဘဲ အာရုံပျံ့လွင့်မှုများနေသူများသည် အသက်အောင့်ပြီး ရှူမှတ်သောနည်းစနစ်သည် အကောင်းဆုံးဟု သမာဓိဆိုင်ရာပညာရှင်များက ဆိုကြပါသည်။

အဆိုပါ သမာဓိထူထောင်မှုနှင့် ပတ်သက်ပြီး တန္တရပညာရှင်များကမူ အသက်အောင့်ရှူမှတ်ခြင်းကို သဘာဝအတိုင်း ကုန်းပေါ်တွင်ပြုခြင်းထက် အောက်ထဲတွင်ပြုခြင်းက ပို၍ထိရောက်မှုရှိကြောင်း သတ်မှတ်ကြ၏။

လူတစ်ယောက်သည် ကုန်းပေါ်တွင် အသက်အောင့်ပြီးရှူမှတ်မှုပြုပါက တဖြည်းဖြည်း ပို၍မွန်းကျပ်သည်ထက် ကျပ်လာလျှင် ပြင်ပလေကိုခိုးရှူတတ်၏။ ခိုးမရှူလျှင်လည်း ပြင်ပလေသည် သူ့အလိုအလျောက် အနည်းနှင့်အများစိမ့်ဝင်တတ်သည့်သဘာဝရှိ၏။ ထို့ကြောင့် ရေအောက်တွင်ငုပ်၍ အသက်အောင့်ရှူမှတ်ခြင်းကား လေကိုခိုးရှူရန်လည်း မဖြစ်နိုင်။ အလိုအလျောက် စိမ့်ဝင်ရှူရန်လည်း မဖြစ်နိုင်တော့ပေ။

ထို့အပြင် ရေအောက်တွင်ငုပ်နေနိုင်သမျှသော အချိန်ကာလသည် အဆိုပါပုဂ္ဂိုလ်၏ အသက်အောင့်နေနိုင်သော အချိန်ကာလ အတိုအကျပင် ဖြစ်ပေ၏။ ထိုနည်းကို ပုဂ္ဂိုလ်တစ်စုံတစ်ဦး၏ အသက်အောင့်နေနိုင်မှုကို စမ်းသပ်စစ်ဆေးသည့်နည်းစနစ်များတွင် အကောင်းဆုံးဟုဆိုရမည်ဖြစ်၏။

၎င်းအသက်အောင့်ကျင့်စဉ်သည် သမာဓိထူထောင်ရန် အကောင်းဆုံးဖြစ်သကဲ့သို့ သက်ရှည်ကျန်းမာကျင့်စဉ်ဆိုင်ရာများအတွက်လည်း အကြီးကျယ်ဆုံးဖြစ်နေပါသည်။ လူသား၏ အသက်အောင့်ခြင်းနှင့်လူသက်တမ်းရှည်ကြောင်းကို တန္တရကျမ်းများ၌သာမက အခြားသော တာအိုဝါဒကျမ်း၊ ယောဂကျမ်းများတွင်လည်း အခိုင်အမာ ထောက်ခံထားသည်ကို တွေ့ရပါသည်။

ဥပမာအားဖြင့် လူသားတစ်ဦးသည် အသက်အောင့်ထားပြီး အသက်မရှူဘဲ မိနစ် ၁၂၀ (နှစ်နာရီခန့်) နေနိုင်ပါက အဆိုပါ လူသားသည် လူသက်တမ်းတစ်ထောင်အထိနေမည်ဆိုလည်း ကောင်းစွာနေနိုင်မည်ဖြစ်၏။

သို့ဖြစ်ပါသောကြောင့် အသက်မရှူဘဲအောင့်ထားသည့် ကျင့်စဉ်သည် အသက်ရှည်စေသော အမတကျင့်စဉ်လည်းဖြစ်နေပါသည်။ ထို့ကြောင့်လည်း ဤကျင့်စဉ်သည် အလွန်ပင် အရေးကြီးသောကျင့်စဉ်၊ အကောင်းဆုံးသောကျင့်စဉ်များထဲမှတစ်ရပ်ဟု သတ်မှတ်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် တန္တရပညာရှင်တို့၏ ရေငုပ်ခြင်းလုပ်ငန်းသည် ကလေးကလား ဆော့ကစားနေခြင်းမဟုတ်ဘဲ ပြင်းထန်ထိရောက်သည့် သမာဓိထူထောင်မှုဆိုင်ရာကျင့်စဉ်တစ်ရပ်ကို ကျင့်ဆောင်နေခြင်းဖြစ်သည်ကို သဘောပေါက် နားလည်ရမည် ဖြစ်ပါသည်။

ထို့အတူ တုံးခုန်ခြင်းဆိုသည်မှာလည်း ခန္ဓာကိုယ်အား ပေါ့ပါးစေသည့် ကျင့်စဉ်ဖြစ်ပါသည်။ တုံးခုန်ခြင်းသည် အမြင့်ခုန်ခြင်းပင်ဖြစ်၏။ လူသားတို့၏ သမာဓိဆိုင်ရာထူထောင်မှုတွင် အချိန်ကာလများများ သမာဓိတည်လေ ရှူမှတ်နိုင်လေ ပေါ့ပါးလေဖြစ်၏။ ထို့သို့ပေါ့ပါးမှုသည် အဆင့်ဆင့်ကွဲပြားသော စွာန်သဘာဝဖြစ်လာလေဖြစ်၏။ စွာန်သဘာဝဆိုသည်မှာ အပေါ့ပါးဆုံးအနေကိုဆိုခြင်းဖြစ်၏။ ဤမျှပေါ့ပါးလာသနည်းဟုဆိုရပါမူ ကျွန်ုပ်၏ဆွဲအားတို့မှ ကင်းလွတ်သွားသည့် အခြေအနေမျိုးပင်ဖြစ်ပါတော့၏။ စွာန်အင်္ဂါများတွင် (၁) ဝိတက်၊ (၂) ဝိစာရ (၃) ပီတိ၊ (၄) သုခ၊ (၅) ကေဂ္ဂတာ ဟူ၍ ငါးပါးရှိ၏။ ဤငါးပါးစလုံး ပြည့်စုံနေလျှင် ပထမစွာန်ဖြစ်၏။ ဝိတက်ကြဉ်လျှင် ဒုတိယစွာန်ဖြစ်၏။ ဝိစာရကြဉ်လျှင် တတိယစွာန်ဖြစ်၏။ ဤသို့ဖြင့် ပဉ္စမစွာန်အထိဖြစ်သွားနိုင်ပါသည်။

အရေးကြီးသည့်အချက်မှာ စွာန်အင်္ဂါငါးပါး၏နောက်ဆုံးအချက်ဖြစ်သော ကေဂ္ဂတာကို အထူးဂရုပြုရမည်ဖြစ်ပါသည်။ ကေဂ္ဂတာ၏ အဓိပ္ပာယ်မှာ တစ်ကြောင်းတည်း၊ တစ်ဖြောင့်တည်း၊ တစ်ခုတည်းအပေါ်၌ အချိန်ကြာမြင့်စွာ တည်ခြင်းဟူ၍ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရပါမူ ကေဂ္ဂတာသည် သမာဓိ၏ အဆင့်မြင့်ဆုံးသော အစိတ်အပိုင်းဟုဆိုရမည်ပင် ဖြစ်ပါသည်။ ထို့ကြောင့် စွာန်၊ ကေဂ္ဂတာ၊ သမာဓိတရားတို့နှင့် ပေါ့ပါးခြင်း လဟုတာ (ကာယလဟုတာ၊ စိတ္တလဟုတာ) တို့သည် ကောင်းစွာ ချိတ်ဆက်နေကြ၏။

ထို့ကြောင့် တန္တရပညာရှင်တို့သည် မိမိတို့၏ သမာဓိထူထောင်မှု၊ ခိုင်မာမှု မည်မျှတိုးတက်လာသည်ကိုသိလိုသဖြင့် လည်းကောင်း၊ စမ်းသပ်စစ်ဆေးသည့်အနေဖြင့် လည်းကောင်း တုံးခုန်ခြင်း၊ အမြင့်ခုန်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြခြင်း ဖြစ်၏။ အမျော်တမ်းဆော့ကစားနေခြင်းမျိုးမဟုတ်ပေ။ မြင့်မြင့်ခုန်နိုင်လေ သမာဓိ၏ ကေဂ္ဂတာစွမ်းရည်တက်လာလေ ဖြစ်ကြောင်းကို အခိုင်အမာသိရှိနိုင်ခြင်းဖြစ်၏။ ထိုနည်းသည်လည်း တန္တရဝိဇ္ဇာရေပညာရပ်၏ တိကျသေချာသော စမ်းသပ်နည်းတစ်မျိုးပင်ဖြစ်သည်ဟုဆိုရပါမည်။

နောက်တစ်ချက်မှာ မီးလှုံခြင်းဖြစ်၏။ အများနားလည်ထားသည်မှာ မီးလှုံခြင်းကို အေးချမ်းသည့်ရာသီဥတုများတွင်သာပြုရမည်ဟု နားလည်ထားကြ၏။ ထိုသို့ပြုလျှင် လွန်စွာချမ်းအေးနေသည့်အခိုက်အတန့်အတွက် ကောင်းမွန်သော၊ ဇိမ်ရှိသောခွေးထွေးသည့်ခံစားမှုမျိုးပင်ဖြစ်၏။ တန္တရဝိဇ္ဇာရှင်တို့အမြင်သား



www.burmeseclassic.com

www.burmeseclassic.com

မီးလှုံသည့်ကျင့်စဉ်ကို ဆောင်းတွင်းတွင် မက မိုးအခါတွင်ရော နွေအခါတွင်ပါ ပြုကြခြင်း ဖြစ်၏။ နွေရာသီ၏အပူပြင်းဆုံးသော နွေခေါင်ခေါင်အခါမျိုးတွင် မီးလှုံရသည့်အခြေအနေကို ခံစားနားလည်နိုင်မည် ဖြစ်ပါသည်။ အအေးပေါ်တွင် အပူဆင့်သော သီတဉ္ဇာသဘောတို့သည် လူသားအဖို့ ပြေလျော့စေသည့် ခံစားမှုကိုဖြစ်စေသော်လည်း သီတပေါ်သီတထပ်ဆင့်ခြင်း၊ ဉာဏ်ပေါ်ဉာဏ်ထပ်ဆင့်ခြင်းဟူသည့်သဘောတို့သည် ဒုက္ခကိုတိုးစေသည့်သဘောရှိပါသည်။

တန္ဆရာဒေရဟန်းများတို့သည် ရေငုပ်၍ သမာဓိထူထောင်မှုမျိုးကို နွေအခါတွင်ပြုလုပ်သကဲ့သို့ ချမ်းအေးသော ဆောင်းတွင်းတွင်လည်း အေးစက်သည့်ရေထဲတွင်ငုပ်၍ ဥတုသုံးပါးမရွေး သမထအလုပ်ကို ပျက်ကွက်မှုမဖြစ်စေဘဲပြုလုပ်ကြသည်သာ ဖြစ်၏။

အဆိုပါ မီးလှုံခြင်း၊ မီးပူခံခြင်းသည်လည်း သမာဓိထူထောင်ရန် အထောက်အကူအဖြစ် အသုံးပြုသောနည်းလမ်းပင်ဖြစ်၏။ ထို့အပြင် သည်းခံမှုကို မြင့်မားစေသည့်နည်းလမ်းလည်း ဖြစ်ပါသည်။

ဤကျင့်စဉ်အားလုံးတို့မှာ တန္ဆရပညာရှင်တို့အဖို့ စိတ်ကူးပေါက်ရာ လျှောက်လုပ်နေခြင်း မဟုတ်ကြပေ။ အားလုံးတို့သည် သမာဓိထူထောင်ရန် အတွက်သာ ရည်ရွယ်ရင်းဖြစ်ကြပါသည်။ ထို့အတူ 'ဇယ်ခတ်ခြင်း' ဟူသည်မှာလည်း ဇယ်စသည့်ရေတွက်ရသော ပစ္စည်းများဖြင့် သမာဓိထူထောင်ခြင်း ဖြစ်ပါသည်။ ထိုနည်းကို ဂဏနာနည်းဟု ခေါ်ဆိုင်မည်ဖြစ်၏။ ဂဏနာနည်းသည် သခ်္ခဂဏန်းအရေအတွက်ဖြင့် ရှုမှတ်သောနည်းဖြစ်၏။ အဆိုပါဂဏနာနည်းဖြင့် ထူထောင်အားထုတ်၍ထင်မြင်လာသောအာရုံနိမိတ်သည် ပရိကမ္မနိမိတ် ဖြစ်၏။ အဆိုပါနိမိတ်သည် သုံးမျိုးရှိပါသည်။ ၎င်းတို့မှာ (၁) ပရိကမ္မနိမိတ်၊ (၂) ဥဂ္ဂဟနိမိတ်၊ (၃) ပဋိဘာဂနိမိတ် ဟူ၍ ဖြစ်၏။ ထိုနိမိတ်တို့သည် တစ်မျိုးထက်တစ်မျိုး ပို၍အဆင့်မြင့်သောအာရုံနိမိတ်များဖြစ်၏။

ဤကဲ့သို့နည်းများမှာလည်း ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ဖုဿနာနည်း၊ ထပနာနည်းများဟူ၍ ရှိ၏။ ဂဏနာနည်းဆိုသည်မှာ ရေတွက်သောနည်း ဖြစ်၏။ အနုဗန္ဓနာနည်း ဆိုသည်မှာ အစဉ်လိုက်သောနည်း ဖြစ်၏။ ဖုဿနာနည်းဆိုသည်မှာ ထိသည်၊ သိသည့်နေရာ၌ ရှုမှတ်နည်းဖြစ်၏။ ထပနာနည်းဆိုသည်မှာ အာရုံနိမိတ်ပေါ်၌ထားသောနည်း ဖြစ်၏။

ထိုသို့သော နည်းအမျိုးမျိုးဖြင့် သမာဓိထူထောင်ခြင်းသည် ဘာဝနာပင် ဖြစ်၏။ ဘာဝနာ၏အဓိပ္ပာယ်မှာ ပွားများခြင်းပင် ဖြစ်၏။ ဘာဝနာတွင် သဘောတရားနှစ်မျိုးနှင့် အမျိုးအစားသုံးမျိုးရှိ၏။ သဘောတရားနှစ်မျိုးမှာ (၁) သမထဘာဝနာ (၂) ဝိပဿနာဘာဝနာတို့ ဖြစ်၏။

တန္ဆရပညာရှင်တို့အဓိကထားပြီး အားထုတ်မှုပြုသည်မှာ သမထဘာဝနာ ဖြစ်၏။ သူတို့သည် ဝိပဿနာဘာဝနာကိုကား လုံးဝအားမထုတ်ခြင်းတော့ မဟုတ်ပေ။ အားထုတ်ခြင်းတော့ပြုကြ၏။ သို့သော် အထက်ဘက်စဉ်များနှင့် မဂ်ဆိုက်သည်အထိ အားထုတ်ခြင်းကိုကား မပြုကြပေ။ အလွန်ဆုံး အနုလောမဉာဏ်အထိသာ အားထုတ်ခြင်းပြုကြ၏။ ထိုထက်လွန်ပြီးသွား၍ရနိုင်မည့် အခြေအနေရှိသော်လည်း သွားခြင်းမပြုကြပေ။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ဘဝသံသရာအား ကန့်သတ်ခံရမည်စိုးသောကြောင့်ဖြစ်၏။ ထိုသံသရာကန့်သတ်ခံရခြင်းနှင့်အတူ သူတို့၏ပါရမီဖြည့်ကျင့်ရမှုကိုလည်း ကန့်သတ်ခံရမည်စိုးသောကြောင့်ဖြစ်၏။ ပါရမီကန့်သတ်ခံရခြင်းနှင့်အတူ ပါရမီဖြည့်ကျင့်ဆဲဘဝမှသတ္တလောင်းဟူသည့် ရည်မှန်းချက်၊ ရည်ရွယ်ချက်ထူးကြီးလည်း ပျောက်ကွယ်သွားမည်ကို စိုးရွံ့သောကြောင့်ပင် ဖြစ်၏။

ဘာဝနာအမျိုးအစားသုံးမျိုးမှာ (၁) ပရိကမ္မဘာဝနာ၊ (၂) ဥပစာရဘာဝနာ၊ (၃) အပ္ပနာဘာဝနာတို့ ဖြစ်၏။ ထိုပွားများမှသုံးမျိုး၏အဓိပ္ပာယ်မှာ ပရိကမ္မဘာဝနာသည် အခြေတည်စအစ ပိုင်းခြားပွားများခြင်း ဖြစ်၏။ ဥပစာရဘာဝနာသည် ပွားများမှုအားကောင်းလာပြီး အရှိန်ရလာသဖြင့် စျာန်နှင့်နီးကပ်သော ပွားများမှု ဖြစ်၏။ အပ္ပနာဘာဝနာဆိုသည်မှာ စျာန်ရရှိပြီးနောက် စျာန်စိတ်ကိုပွားများခြင်း ဖြစ်၏။ ထို့ကြောင့် သမာဓိသည်လည်း ပွားများသည့် ဘာဝနာအပေါ် မူတည်ပြီး သုံးမျိုးဖြစ်သွားပါသည်။ ပရိကမ္မဘာဝနာအခြေခံ၌ ဖြစ်ပေါ်လာသောသမာဓိကို ပရိကမ္မသမာဓိဟု ခေါ်ပါသည်။ ဥပစာရဘာဝနာအခြေခံ၌ ဖြစ်ပေါ်သော သမာဓိကို ဥပစာရသမာဓိဟုခေါ်ပါသည်။ အပ္ပနာဘာဝနာအခြေခံ၌ဖြစ်ပေါ်သောသမာဓိကို အပ္ပနာသမာဓိတဲ့ ခေါ်ပါသည်။

နိမိတ်ကို ဘာဝနာဖြင့် ပိုင်းခြားရာတွင် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့ဖြစ်ပေါ်ခိုက် ပွားများသော ဘာဝနာသည် ပရိကမ္မဘာဝနာမည်၏။ ဂဏနာနည်း စသည်တို့ဖြင့် ပွားများသောဘာဝနာကို ပရိကမ္မဘာဝနာဟု ခေါ်၏။ ထို့အခြေခံအဆင့်နှင့် စျာန်မရမီအထိပွားသောဘာဝနာကို ဥပစာရဘာဝနာဟု ခေါ်၏။ ပထမစျာန်မှ စတုတ္ထစျာန်ဟုဆိုအပ်သော ရူပါဝစရစျာန်လေးပါးပွားများခြင်းကို အပ္ပနာဘာဝနာဟုခေါ်၏။

အဆိုပါ အပ္ပနာဆိုသည်မှာ စျာန်ကိုခေါ်ခြင်း ဖြစ်၏။

တန္ဆရရဟန်းတော်များ၏ ပထမရည်မှန်းချက်မှာ အပ္ပနာကောသလ္လဖြစ်ရေးပင် ဖြစ်၏။ ကောသလ္လဆိုသည်မှာ ကျွမ်းကျင်ခြင်း၊ ပိုင်နိုင်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် တန္ဆရပုဂ္ဂိုလ်တို့သည် စျာန်အဘိညာဉ် စသည့် ရရှိရေးအတွက် သမာဓိထူထောင်ရန် ဘာဝနာတို့ကို အားထုတ်ရ၏။ ထိုအတွက် ရေငုပ်ခြင်း မီးလှုံခြင်း စသည့် မီး၊ ရေတို့ကို အသုံးပြု၍ လည်းကောင်း၊ အသက်ရှူမှုဆိုင်ရာကိုလည်းကောင်း၊ အာရုံနိမိတ်တစ်ခုခုကို အသုံးပြု၍လည်းကောင်း အပြင်းအထန် ကျင့်ကြံအားထုတ်ကြခြင်း ဖြစ်၏။

**စျာန်ရရှိရန် လိုအပ်သော အခြေခံကြောင်းများ**

တန္ဆရပုဂ္ဂိုလ်များသည် အထက်ပါ စျာန်အပ္ပနာကိုရရှိရန်အတွက် အခြေခံကျင့်စဉ်များကို အသုံးပြု၍ အားထုတ်ရ၏။ ထိုသို့ အပ္ပနာဖြစ်စေရန်၊ ကျွမ်းကျင်ပိုင်နိုင်စေရန် အကြောင်းတရားဆယ်ပါး လိုအပ်၏။ ၎င်းတို့မှာ-

၁။ ကိုယ်အင်္ဂါနှင့်တကွ အသုံးအဆောင်ပစ္စည်းများ သန့်ရှင်းမှုရှိစေရ၏။

၂။ ရှုမှတ်သည့် အာရုံနိမိတ်များ အပေါ်၌ ကျွမ်းကျင်ပိုင်နိုင်ခြင်း၊

၃။ ကွန်ရှောင်းပါးတို့အပေါ်၌ ညီညွတ်အောင်ပြုနိုင်ခြင်း၊

၄။ တက်ကြွလွန်းသောစိတ်ဖြစ်လာလျှင် နှိမ့်ချနိုင်ခြင်း၊

၅။ ဆုတ်နစ်လွန်းသောစိတ်ဖြစ်လာလျှင် ပြန်၍တက်ကြွစေနိုင်ခြင်း၊

၆။ ခြောက်သွေ့ခြင်း၊ ညှိုးခြောက်ခြင်းဖြစ်သောစိတ်ဖြစ်လျှင် စိုပြည်ရွှင်လန်းစေနိုင်ခြင်း၊

၇။ ညီညွတ်သောစိတ်ကို လျစ်လျူရှုခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

- သမာဓိမတည်သော ပုဂ္ဂိုလ်မျိုးကို ရှောင်ရှားခြင်း၊
- သမာဓိတည်သောပုဂ္ဂိုလ်အား မှီဝဲဆည်းကပ်ခြင်း၊
- ဈာန်ရရှိခြင်း၌ အမြည်တက်သော စိတ်ရှိခြင်း

တို့ ဟူ၍ ဖြစ်၏။

အထက်ပါလိုအပ်သည့်အကြောင်းများကို ပြည့်စုံစွာလိုက်နာကြရ၏။ ဦးစွာသင်ယောသော ပဋိဘာဂနိမိတ်တို့၌ မိမိစိတ်ကို အစွဲကြီးစွဲ၍ အမြဲကြီးမြဲနေရသည်ဖြစ်၏။ ထိုသို့ မြဲစွဲနေစေရန်လည်း ဆောင်ရွက်ရသည်လမ်းများ ရှိမှတ်ပွားများရမည်။ ထိုသို့ ပွားများမှု စွဲမြဲလာသည်နှင့် ပဋိဘာဂနိမိတ်သည် ပိုမိုထင်ရှားလာ၍ ပိုမိုသန့်ရှင်းလင်းတောက်ပလာပါမည်။ ထိုသို့ ပွားများမှုကို အဆက်မပြတ် ကြိုးပမ်းအားထုတ်ပါက ပထမဈာန်မှသည် ဒုတိယဈာန်အထိ ရောက်ရှိနိုင်မည်ဖြစ်သည်။

ဤမျှဆိုလျှင် တန္တရဝါဒဆိုင်ရာ ပုဂ္ဂိုလ်သာတို့၏ သဘောသဘာဝကို ဆည်းကပ်ကြောင်း၊ အရည်းကြီးတို့၏ သဘောသဘာဝကို လည်းကောင်း၊ အရည်းကြီးတို့၏ကျင့်သုံးသည့်လုပ်ငန်းသဘောသဘာဝများကို လည်းကောင်း၊ ဆက်တအသုံးပြုမှုကို လည်းကောင်း အတော်အသင့် နားလည်သိမြင်နိုင်မည်ဟု ယူဆပါသည်။ တန္တရဝါဒကို အသေးစိတ်သိရန်ကား မဖြစ်နိုင်ပေ။ ကျမ်းတစ်ဆောင်တစ်ဖွဲ့ရေးမှသာ ဖြစ်နိုင်ပါမည်။ ဤနေရာ၌ မြန်မာ့ရိုးရာ ဝိဇ္ဇာဧရပညာရပ်များနှင့် အဂ္ဂိရတ်ပညာတို့၏ မူလအစမြစ်မြစ်ဖျားခံရာ တန္တရဝါဒဗုဒ္ဓဘာသာ၏သဘောသဘာဝကို အကြမ်းဖျင်းသာ ထင်ရှားစေရန် ဖော်ပြခြင်းသာ ဖြစ်ပါသည်။ သို့ပါ၍ မြန်မာနိုင်ငံ၏ တန္တရဝါဒကျင့်သုံးခဲ့မှုအစဉ်အလာကို သိမြင်စေရန် ရည်ရွယ်ပါသည်။ မည်သည့်ဂိုလ်ဝါဒကိုမျှ တစ်ဖက်သတ်နှိမ်ချခြင်း၊ ဆဲမြောက်လိုခြင်းကြောင့်မဟုတ်ပေ။

## တန္တရဝါဒ သို့မဟုတ် မြန်မာ့လောကီဆရာဝန်များဆင်းသက်ရာလမ်း

တန္တရဝါဒသည် မူလက ဤအည်အတိုင်းသာရှိခဲ့၏။ ပုဂံခေတ် အနော်ရထာမင်းလက်ထက် (အေဒီ ၁၀၄၄-၁၀၇၇) သို့ ရောက်ရှိသောအခါတွင်မှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းအမျိုးအစားသည် နှစ်မျိုးကွဲပြားခဲ့၏။ ဒုတိယအမျိုးအနေဖြင့် အရည်ဝါသီကျောင်းနှင့် ဂါမဝါသီကျောင်းဟူ၍ဖြစ်ပေါ်လာခဲ့၏။ ထို့နောက်ပိုင်းတွင်မှ ဂါမဝါသီကျောင်းများကို 'ပွဲကျောင်း' ဟုလည်းကောင်း ခေါ်ဝေါ်ခဲ့ကြ၏။ ထိုပွဲကျောင်းကိုပင် ယခုခေတ်၌ 'အရည်းကြီးကျောင်းများ' ဟု ခေါ်ဝေါ်ကြပါသည်။

ဤသို့ကျောင်းအမျိုးအစားနှစ်မျိုးကွဲသွားခြင်းသည် ယေဘုယျအားဖြင့် သုံးသပ်ပါက လောကီ၊ လောကီလွန်နှင့် လောကုတ္တရာအမျိုးအစားပေါ် မူတည်၍ ကွဲပြားသွားခြင်း ဖြစ်၏။ ဤနေရာ၌ အထူးသတိပြုနားလည်ရမည်မှာ ဗုဒ္ဓဝါဒ၏ အခြေခံသဘောမတူသောကြောင့် ဂိုဏ်းအယူအဆကွဲသွားခြင်းမဟုတ်ပေ။ လုပ်နည်းလုပ်ဟန် ဦးတည်ချက်များ၊ အကောင်အထည်ဖော်မှုများနှင့်ပတ်သက်ပြီး သူ့နည်းသူ့ဟန်ခွဲ၍ လုပ်ကြခြင်းသာ ဖြစ်၏။ နောက်ဆုံးရည်ရွယ်ချက်ပန်းတိုင်ကား နှစ်ဖက်စလုံးပင် အတူဖြစ်ပါသည်။ အားလုံး၏ရည်မှန်းရာကား နိဗ္ဗာန်ပင်ဖြစ်၏။

အရည်ဝါသီကျောင်းများတွင် ဗုဒ္ဓစာပေ၏လောကုတ္တရာပိုင်းသက်သက်ကို သာသင်ကြားပို့ချကြ၏။ အများအားဖြင့် ကျင့်သုံးသောဘာဝနာကား ဝိပဿနာဖြစ်၏။ နောက်ပိုင်းတွင် ထိုလမ်းစဉ်ကို ထေရဝါဒဟု သတ်မှတ်ကြ၏။

ဂါမဝါသီခေါ် ပွဲကျောင်းများတွင်ကား ဗုဒ္ဓစာပေ၏လောကီဆိုင်ရာ လောကီလွန်ဆိုင်ရာများကို သင်ကြားပို့ချပေး၏။ အများအားဖြင့် ကျင့်သုံးလေ့ရှိသောဘာဝနာမှာ သမထဖြစ်၏။ ထိုလမ်းစဉ်ကို မဟာယာနဝါဒ၊ တန္တရယာနဝါဒဟု သတ်မှတ်၏။

ဤနေရာ၌ လောကီပညာ၊ လောကီလွန်ပညာတို့မှာ လောကီပညာအနေဖြင့် သေနင်္ဂဗျူဟာပညာ၊ ဂဏသျှောက္ကရခေါ် ဆင်အတတ်၊ အသဘေဒခေါ် မြင်းအတတ်၊ သိုင်းအတတ်၊ ဗန်တို့၊ ဗန်ရှည်အတတ်များဖြစ်သော လက်သိုင်း (လက်နက်မဲ့)၊ တုတ်သိုင်း၊ လှံသိုင်း၊ ဓားတစ်လက်သိုင်း၊ ဓားနှစ်လက်သိုင်း၊ ကြိုးသိုင်း၊ ကြိုးတပ်လက်နက်သိုင်း စသည့် ကိုယ်ခံပညာများ၊ ဒူးလေး၊ မြား၊ လောက်လေး၊ လင်းလေး စသည့် အဝေးပစ်လက်နက်ပညာများ၊ ဒိုင်းများဖြင့်သိုင်းကနည်း၊ ကာကနည်းများ၊ လက်ဝှေ့၊ လက်ပမ်း၊ နပန်းသက်နည်း၊ အနှိပ်ပညာ စသည့် ကာယပိုင်းဆိုင်ရာပညာရပ်များကို သင်ကြားပေး၏။ ထို့အပြင် ပန်းပဲ၊ ပန်းချီ၊ ပန်းပု စသည့် အသက်မွေးနေထိုင်မှုအတတ်ပညာများ၊ စာတတ်အာဇာနည်များ၊ အနုပညာရပ်များကိုလည်း ဖြစ်ပေါ်အောင် သင်ကြားပေး၏။

လောကီလွန်ပညာရပ်များအနေဖြင့်လည်း အခြေခံမှသည် အဆင့်မြင့်ပိုင်းအထိ ပုဂ္ဂိုလ်၏ အခြေအနေပေါ် မူတည်သင်ကြားပေး၏။ ထိုပညာရပ်များကို ဝိဇ္ဇာဧရပညာများဟု ခေါ်၏။ ၎င်းတို့မှာ ဝိဇ္ဇာဧရအင်းပညာရပ်များ မန္တန်ပညာ၊ ဆေးပညာ၊ ပြဒါး၊ သံစသည် ဓာတ်ဆေးပညာ၊ ယကြာပညာ စသည့် ပညာရပ်များ ပါဝင်၏။ ထိုမှတစ်ဆင့်တက်၍ လုပ်ကိုင်အားထုတ်နိုင်သူများအား ဈာန်လမ်း၊ အဘိညာဉ်လမ်းများအထိပါ ပေါက်မြောက်အောင် သင်ကြားပေး၏။ ထို့အပြင် အကာအကွယ်၊ အဆောင်အယောင်၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့ပညာများကိုလည်း သင်ကြားပေး၏။ ကာယသိဒ္ဓိ စသည့် ပညာများနှင့် ပတ်သက်၍လည်း တုတ်ပြီး၊ ဓားပြီး၊ မီးမကူးခြင်း စသည့် သိဒ္ဓိဆိုင်ရာကိစ္စများလည်း ပါဝင်၏။

တန္တရပွဲကျောင်းများ၏ သင်ကြားပေးမှုဆိုင်ရာနည်းစနစ်များကို လေ့လာသုံးသပ်ကြည့်ပါက ကာယပိုင်းရော ဉာဏပိုင်းတို့ကို ဘက်ညီမျှအောင် သင်ကြား ပေးသည်ကိုတွေ့ရ၏။ ၎င်းတို့၏ရည်ရွယ်ချက်မှာ ဘာသာရေးတစ်မျိုးတည်းကိုသာ သင်ကြားပေးမှုမျိုးမဟုတ်ဘဲ လက်ဦးစွမ်းရည်ရော နှလုံးစွမ်းရည်ပါထက်မြက်စေရန် ရည်ရွယ်ကြောင်း ထင်ရှားပါသည်။ သူတို့၏ လုပ်ငန်းစဉ်တစ်ရပ်လုံးကို ခြုံငုံသုံးသပ်ပါက နိုင်ငံတော်ကာကွယ်ရေး၊ တည်ဆောက်ရေးနှင့် အမျိုးဘာသာသာသနာတို့ ကြီးပွားတိုးတက်ရေး၊ တန်ခိုးစွမ်းရည် ဣဒ္ဓိပါဒ်များရရှိရေး၊ ပါရမီဖြည့်ကျင့်ရေးဟူ၍ ကျယ်ပြန့်စွာတွေ့ရပါသည်။

မြန်မာလူမျိုးတို့၏ သန့်စွမ်းမှု၊ ကျန်းမာမှု၊ စစ်ရေးကျွမ်းကျင်မှု၊ ဝိဇ္ဇာဧရပညာပိုင်နိုင်မှုတို့၏ အခြေခံအုတ်မြစ်မြစ်ဖျားခံရာသည် ဂါမဝါသီ သို့တည်းမဟုတ် တန္တရပညာရှင်တို့၏ ကျေးဇူးပင်ဖြစ်သည်ဟု ဆိုရပါမည်။

(ရွှေလဆက်ပါမည်)

ဆရာဦးဆက်ဆွန်းလင်း

(အာယုဒ္ဒေဒ)



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း (လွန်ဆေး)

# လေးဖက်နာအတွက် တောဖရုံဆေးရွက် ၃

တစ်လောက ဂျာနယ်တစ်စောင်တွင် ညီငယ်တစ်ဦးက သူကိုယ်တိုင်ခံစားနေရသော ဂေါက်ရောဂါ (Gout) အတွက် မိတ်ဆွေတစ်ဦး ပြောကြားခဲ့သည့် တောဖရုံရွက်နှင့် ငါးခူချက်စားခဲ့ရာ မပျောက်သည့်အပြင် ပိုမို့ဆိုးဝါးလာသည်ကြောင့် အထူးကုနှင့် ပြသကုသကာမှသက်သာခဲ့ရသည်။ သွေးတိုးရောဂါအတွက် ဆေးခါးကြီးပင်အရွက်နှစ်ရွက်ဝါးစားခြင်း၊ ဧကရာဇ်ရွက်ရေနွေးစိမ်တိုစားခြင်း၊ ကွမ်းရွက်ငါးရွက်-ရဲယို ငါးရွက်အရည်ညှစ်သောက်ခြင်း၊ တရုတ်နံနံပဉ္စင်းပါးသတ္တုရည်ညှစ်ယူ ဒွန်းထဲထည့် ဖယောင်းတိုင်မီးဖြင့် အပူပေးသောက်ပါဆိုသော ဆေးမြီးတိုများ၊ ချောင်းဆိုးပျောက်ရန် ကွမ်းရွက်ထဲ ဆားထည့်စားပျောက်သည်ဆိုသော ဆေးမြီးတိုများမပျောက်ကင်းပါ။ ရောဂါများကို ဆေးမြီးတိုနည်းများနှင့်မကုရန်တိုက်တွန်းကြောင်းများ ရေးသားခဲ့တာ ဖတ်ရှုရပါသည်။

မြန်မာနိုင်ငံရှိ မြန်မာတိုင်းရင်းသားများတွင် ကိုယ့်နည်းကိုယ့်ဟန်နှင့် ကိုယ့်တိုင်းရင်းဆေးပညာများရှိခဲ့ကြပါသည်။ သားစဉ်မြေးဆက်လက်ဆင့်ကမ်းခဲ့ကြသလို အဆက်ပြတ်ပျောက်ဆုံးခဲ့ရသည့် တိုင်းရင်းဆေးပညာများလည်း များစွာရှိသည်။ တိုင်းရင်းဆေးပညာရှိသကဲ့သို့ နေရာဒေသအလိုက် ဆေးမြီးတိုနည်းများလည်းရှိကြသည်။ ဆေးမြီးတိုနည်းများ၊ ဓာတ်စာစားသုံးနည်းများ ဒေသတစ်ခုနှင့်တစ်ခု မတူညီတတ်ကြပါ။

ဆေးမြီးတိုနည်းများသည် အကွက်ဆန်းထွင်ရေးသားသော နည်းများမဟုတ်ပါ။ လူမှုဝန်းကျင်အသိုက်အဝန်းထဲက လက်တွေ့သုံးစွဲမှုဖြင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သိသိသိပ်သိပ်မှ ပြန့်ကားလာသော နည်းလမ်းများသည် ဆေးမြီးတိုများအဖြစ် ဖြစ်တည်လာရသည်သာ။ ဆေးမြီးတိုများသည် လူထုအကြား ပံ့နှံ့လျက်ရှိပါသည်။ ယုံကြည်မှုနှင့် သုံးစွဲကြရာတွင် ပျောက်ကင်းသူ၊ သက်သာသူ၊ မည်သို့မျှ အကြောင်းမထူးသူဟူ၍ ရှိကြပါမည်။ မြန်မာတိုင်းရင်းဆေးများ၊ ဆေးမြီးတိုနည်းများသည် ခုသောက်၊ ခုပျောက်ဆိုသော ဥဖွဆေးများ မဟုတ်ကြပါ။ ချက်ချင်းလက်ငင်းအစွမ်းပြ ပျောက်ကင်းသည်မျိုး ရှိချင်မှရှိပါလိမ့်မည်။

သို့သော်လည်း ဆေးမြီးတိုများသည် ဝေဒနာရှင်များအတွက် အားကိုးအားထားတစ်ခု ဖြစ်ပါသည်။ သူ့အစွမ်းအစနှင့်သူရှိကြသည်မှာ လက်တွေ့သာဓကများစွာရှိပါသည်။ လက်လျှော့အရှုံးပေးကြရမည့် အခြေအနေအဖြစ်ဆိုးများမှ ဆေးမြီးတိုနည်းဖြင့် နာလန်ထူကျန်းမာလာကြသူများလည်းရှိပါသည်။

လက်ရှိကာလတွင်လည်း သုံးစွဲစားသုံးနေကြဆဲ။ နောင်တွင်လည်း စားသုံးကြ၊ သုံးစွဲနေကြမည် ဖြစ်ပါသည်။

❑

လေးဖက်နာအတွက် တောဖရုံ၊ ဆေးရွက်အကြောင်းကို ၂၀၁၄ ခုနှစ်၊ မေလထုတ်နှင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် သူရဇ္ဈမဂ္ဂဇင်းတို့တွင် ရေးသားတင်ပြခဲ့ပါသည်။ ဆေးမြီးတိုနည်းများကိုကြား၊ သိရသည့်အခါ သုံးစွဲမှု ပျောက်ကင်းမှု၊ သက်သာမှုတို့၏ ဇာစ်မြစ်ကို သေချာလေ့လာစိစစ်ရပါသည်။ ကိုယ်တိုင်သုံးစွဲစားသုံးသင့်လျှင်လည်း သုံးစွဲစားသုံးရပါသည်။ လေ့လာမေးမြန်းစိစစ်ပြီး ကျေနပ်မှုရှိသည့်အခါမှ ရေးသားတင်ပြရပါသည်။ ယုံကြည်လက်ခံစားသုံး၍ ပျောက်ကင်းမှုရှိကြောင်း ကြားသိရသည့်ပီတိမှာ စာရေးသူအဖို့ အားဆေးတစ်ခွက်ဖြစ်ပါသည်။

တောဖရုံဆေးရွက်နှင့် ငါးခူတစ်ဆယ်သားကို ချက်စားပါ။ လေးဖက်နာရောဂါပျောက်ကင်းသည်ဟုဆိုရာတွင် တစ်ဦးက တစ်ကြိမ်မျှစားသုံးရုံနှင့်သက်သာသည်၊ ပျောက်ကင်းသည်ဆိုသော်လည်း တခြားတစ်ဦးအဖို့ နှစ်ကြိမ်၊ သုံးကြိမ်စားသုံးမှ ပျောက်ကင်းသည်လည်းရှိပါမည်။ ဝေဒနာရှင်တစ်ဦးချင်းစီ၏ ဓာတ်သဘာဝ၊ ကိုယ်ခံစွမ်းအား၊ ရောဂါအနုအရင့်တို့ မတူကွဲပြားကြမည်သာဖြစ်သည်။ ထို့ကြောင့် ထူးခြားမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တောဖရုံဆေးရွက်နှင့် ငါးခူတစ်ဆယ်သားချက်ကို ရက်သတ္တတစ်ပတ် (သို့) နှစ်ပတ်ခန့်စွာ၍ စားသုံးမှီဝဲသင့်သည်ဟု တိုက်တွန်းလိုပါသည်။

တောဖရုံဆေးရွက်ကို စာရေးသူနှင့် မိတ်ဆွေ (၄) ဦးခန့်က စိုက်ပျိုးထားတာရှိပါသည်။ စားသုံးပျောက်ကင်းမှုကို သူတို့ကလည်း ဝေဝေဆာဆာပြောပြနိုင်ကြပါသည်။ တောဖရုံဆေးရွက် အစွမ်းထက်မြက်မှုကို သိလာသည့်အခါ သုံးစွဲကြသူ များပြားလာပါသည်။ ရပ်နီးရပ်ဝေးဒေသပေါင်းစုံမှ ကိုယ်တိုင်လည်းလာယူကြသည်။ ဖုန်းဖြင့်ဆက်သွယ်မှာကြား၍ လိုင်းကားများဖြင့် ပါဆယ်ထုပ်တင်ပို့ရသည်လည်းရှိသည်။

ထိုအခါ တောဖရုံပင်၊ တောဖရုံအရွက်စစ်စစ်ရရှိရေးသည် အဓိကဟုလာပါသည်။ စာရေးသူတို့နေထိုင်ရာ (မြန်အောင်မြို့) တွင် တောဖရုံပင်မျိုးတို့သုံးမျိုးရှိသည်။ တောဖရုံရိုးနီ၊ တောဖရုံကြီးနှင့် တောဖရုံတို့ ဖြစ်သည်။ တောဖရုံနီပင်က လေးဖက်နာအတွက် အသုံးမဝင်ပါ။ တောဖရုံရွက်ကြီးက လေးဖက်နာရောဂါများကို သက်သာစေပါသည်။ အကြိမ်များစွာ စားသုံးရပါသည်။ တောဖရုံပင် (အစစ်) ကတော့ နှစ်ကြိမ် (သို့) သုံးကြိမ်မျှနှင့် သက်သာပျောက်ကင်းနိုင်ပါသည်။ စားသုံးလိုပါလျှင် တောဖရုံပင်အစစ်၏အရွက်များကိုသာ စားသုံးစေချင်ပါသည်။ သို့မှသာ အစွမ်းထက်ထိရောက်မှုကို ရရှိခံစားရပါမည်။

❑

အသင်စာရှုသူသည် လေးဖက်နာရောဂါအတွက် တောဖရုံဆေးရွက်ကို စားသုံးလိုပါလျှင် ၂၀၁၄ ခုနှစ်၊ မေလထုတ် သူရဇ္ဈမဂ္ဂဇင်းစာမျက်နှာ (၁၂၄-၁၂၅) ရှိ **လေးဖက်နာအတွက် တောဖရုံဆေးရွက်** ဆောင်းပါးကို ဖတ်ဖြစ်အောင် ဖတ်ပါဟု တိုက်တွန်းလိုပါသည်။ ထိုဆောင်းပါးတွင် တောဖရုံဆေးရွက်စိမ်စားသုံးနည်း အသေးစိတ်ပါရှိပါသည်။

တောဖရုံဆေးရွက် စားသုံးရန် ဆေးရွက်၊ ဆေးပင် အခက်အခဲရှိလျှင် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ရယူနိုင်ပါကြောင်း သတင်းပေးရေးသားအပ်ပါသည်။

၁။ ဦးဝင်းဝိုဒ် မြန်အောင်မြို့
၀၉-၄၂၄၇၃၇၃၁၀

၂။ ဦးကျော်မြင့်သန်း မြန်အောင်မြို့
၀၉-၂၅၀၄၃၁၇၂၆

၃။ ဦးနေဝင်း မြန်အောင်မြို့
၀၉-၂၅၀၁၁၉၉၅၅

နေဝင်းဝင်း (လွန်ဆေး)



www.burmeseclassic.com

www.burmeseclassic.com

အင်ဒိုနီးရှားနိုင်ငံမှထုတ်ဝေသည့် တံဆိပ်ခေါင်းအထိမ်းအမှတ်မှတ်တမ်းလွှာ

ကောင်ကိုရီးယားနိုင်ငံမှထုတ်ဝေသော ဗောရောဗုဒ္ဓေတံဆိပ်ခေါင်း

# တံဆိပ်ခေါင်းများပေါ်က ဗောရောဗုဒ္ဓေစေတီတော်ကြီး

ကြည့်လွင်

ကမ္ဘာပေါ်ရှိ ဗုဒ္ဓအယူဝါဒဆိုင်ရာ အဆောက်အအုံများအနက် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် တည်ရှိသော ဗောရောဗုဒ္ဓေ စေတီတော်ကြီးသည် အကြီးအကျယ်ဆုံး အဆောက်အအုံကြီး ဖြစ်လေသည်။ စေတီတော်ကြီး၏ ကြည့်ညှာယ်ရာဖြစ်သော ဗီသုကာနှင့် ပန်းပုအလှော့လက်ရာတို့မှာလည်း ကမ္ဘာပေါ်၌ ကျော်စောထင်ရှားလှပေသည်။ ဤစေတီတော်ကြီးမှာ အရှေ့တောင်အာရှ၏ အလယ်ခေတ်က ဗုဒ္ဓသာသနာ ဥန်းလင်းတောက်ပခဲ့သော သာဓကထင်ရပ်လည်းဖြစ်၍ ဂျာဗားကျွန်း၏ ဂုဏ်သရေဆောင်လည်း ဖြစ်လေသည်။ ဤမှု ထင်ပေါ်ကျော်ကြားသော စေတီတော်ကြီးအတွက် ကမ္ဘာ့နိုင်ငံအချို့မှာ စေတီတော်ကြီးကို ဂုဏ်ပြုသောအားဖြင့် စာပို့တံဆိပ်ခေါင်းနှင့် စာပို့တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများဖြစ်သည့် တံဆိပ်ခေါင်းအထိမ်းအမှတ်မှတ်တမ်းလွှာ၊ ပထမနေ့ထုတ်တံဆိပ်ခေါင်းကပ်စာအိတ်များ စသည်တို့ ထုတ်ဝေထားရှိသည်မှာလည်း မဆန်းလှပါဘူး။ ဤဆောင်းပါးမှာ ဗောရောဗုဒ္ဓေစေတီတော်ကြီးအကြောင်းနှင့် စေတီတော်ကြီးအား ဂုဏ်ပြုထုတ်ဝေထားသော တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများအကြောင်း စုစည်းဖော်ပြထားခြင်း ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှထုတ်ဝေသော ဗောရောဗုဒ္ဓေစေတီတံဆိပ်ခေါင်းများ



www.burmeseclassic.com

www.burmeseclassic.com

ပြင်သစ်နိုင်ငံထုတ် ဗောရောဗုဒေါစေတီတံဆိပ်ခေါင်း၊

ဂျပန်နိုင်ငံမှထုတ်ဝေသော
ဗောရောဗုဒေါ စာပို့အမှတ်အသား

## တည်နေရာနှင့် အမည်နာမ

ဗောရောဗုဒေါစေတီတော်ကြီးမှာ ဂျာဗားကျွန်းအလယ်ပိုင်း ကျေးဂျာကာတားမြို့ အနောက်မြောက်ဘက် မိုင် (၂၀၀) ခန့်အကွာတွင်ရှိသော ကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည်။ ယင်းဒေသသည် တစ်ချိန်တစ်ခါက ရေအိုင်ကြီးသဖွယ်ဖြစ်လေရာ ဗေရောဗုဒေါစေတီတော်ကြီးမှာလည်း ရေအိုင်ကြီးအတွင်းမှ ငွားငွားစွင့်စွင့်ပေါ်ထွက်လျက်ရှိသော ကြာပန်းကြီးသဖွယ် တင့်တယ်လှသည်ဟု အဆိုရှိလေသည်။ စေတီတော်ကြီး၏ပတ်ဝန်းကျင် ကုန်းမြင့်တစ်တိုက်၌ ထန်းပင်များဖြင့်အထူးတင့်တယ်ပြီး အချို့နေရာများမှာမူ စပါးပင်တို့ဖြင့် စိမ်းလန်း စိုပြည်လျက်ရှိသည်။ အရှေ့နှင့် အနောက်ဘက် ခပ်လှမ်းလှမ်းတွင် မီးတောင်ကြီးများကို တွေ့ရှိရမည်။ ဗောရောဗုဒေါစေတီတော်ကြီးကို (၇) ရာစု နှင့် (၈) ရာစုအတွင်းက တည်ခဲ့ဟန်တူပေသည်။ သို့ရာတွင် ဗိသုကာနှင့် ပန်းတမော့လက်ရာများကို လေ့လာအကဲခတ်ခြင်းအားဖြင့် (၈) ရာစုနောက်ပိုင်းတွင်မှတည်သည်ဟု ယူဆနိုင်သည်။ သေလိန္ဒာဘုရင်များလက်ထက်က ထွန်းကားခဲ့သော အနုပညာလက်ရာများကို တွေ့ရှိရသော်လည်း မော်ကွန်းကျောက်စာမှတ်တမ်းကို တိတိကျကျ မတွေ့ရှိရသောကြောင့် သက်သေအရင်းအမြစ်ခိုင်ခိုင်မာမာ မသိကြရပေ။

'ဗောရောဗုဒေါ' ဟူသော အမည်မှာ 'ဗရာ' နှင့် 'ဗုဒေါ' ဟူသောဝေါဟာရ (၂) မျိုးက ပေါင်းစပ်ထားခြင်းဖြစ်သည်ဟု သမိုင်းပညာရှင်အချို့က အဆိုရှိသည်။ ဗရာ ဟူသည်မှာ ဗိဟာရ၊ ထိုမှ ဗိရ၊ ဗရာဖြစ်လာသည်ဟု ဆိုသည်။ အဓိပ္ပာယ်မှာ ကျောင်းတော်ကြီး ဖြစ်သည်။ ဗုဒေါ ဟူသည်မှာ ယခုစေတီတော်ကြီး၏တောင်ဘက်၌တည်ရှိသော ရွာလေး၏အမည်ဟုဆိုသည်။ထို့ကြောင့် 'ဗောရောဗုဒေါ' ဟူသည်မှာ ဗုဒေါရွာအနီးမှ ကျောင်းတော်ကြီးဟု အဓိပ္ပာယ်ကောက်ယူနိုင်သည်။ အချို့ကလည်း 'ဗုဒ္ဓ' မှ 'ဗုဒေါ' ဖြစ်လာသည်ဟု ဆိုသည်။ ဗုဒ္ဓ၏ အနက်အဓိပ္ပာယ်မှာ ထင်ရှားခြင်းဟု ကောက်ယူပါက တောင်ကုန်းပေါ် မှထင်ရှားသောကျောင်းတော်ကြီးဟု အဓိပ္ပာယ်ရပြန်သည်။ မည်သို့ပင်ဆိုစေ ပညာရှင်တို့ ကောက်ယူကြသော ဗောရောဗုဒေါ၏ အဓိပ္ပာယ်မှာ တစ်ခုနှင့်တစ်ခု မတိမ်းမယိမ်းသာရှိလေသည်။

## ဗိသုကာနှင့်အနုပညာလက်ရာများ

ဗောရောဗုဒေါ စေတီတော်ကြီးကို အနီးရှိ မီးတောင်များမှရရှိသော ကြာခိုက်ကျောက်များဖြင့်တည်ဆောက်ထားခြင်း ဖြစ်သည်။ စေတီတော်ကြီးသည် ဗိသုကာပုံစံမှာ အိန္ဒိယနိုင်ငံရှိ စေတီများ၏ ပုံစံများကို အတုယူ၍ ဂျာဗားအနုပညာလက်ရာတို့ဖြင့် မွမ်းမံခဲ့သည်ဟု ယူဆရသည်။ စေတီတော်ကြီး၏ ပန်းပုံမှာ လေးထောင့်ပုံဖြစ်ပြီး မျက်နှာသာဖက်လျှင် (၄၇၉) ပေရှိသည်။ စေတီတော်မှတစ်ဆင့် ပစ္စယာ (၅) ဆင့်တက်ပြီး ကျည်းဝန်း (၃) ဆင့်နှင့် အထက်ဆုံးတွင် သပိတ်မှောက်၊ ဂှက်ပျောဖူးနှင့် တော်တို့ရှိသည်။ ပစ္စယာ (၅) ဆင့်တွင် မုခ်ဝအဆောင်များရှိပြီး ထိုအဆောင်များထဲတွင် လူတစ်ကိုယ်နီးပါးရှိ ဗုဒ္ဓပွားတော်များကို တည်ထား ကိုးကွယ်သည်။ ထိုကဲ့သို့သော ရုပ်တုတော်စုစုပေါင်းမှာ (၄၃၂) ဆူရှိသည်။ အပေါ်ဆုံးပစ္စယာတွင် ရုပ်ပွားတော် (၆၄) ဆူရှိရာ ကျန်ပစ္စယာ (၄) ခုတွင် တစ်ဖက်လျှင် ရုပ်ပွားတော် (၉၂) ဆူရှိသည်။ စေတီတော်၏ နံရံ (၄) ဖက်တွင် ပန်းတမော့လက်ရာများဖြင့် ထုလုပ်ထားသော ကျောက်ကျောက်ချပ်များကို တွေ့ရှိရသည်။ စေတီတော်ကြီးတည်ဆောက်ရာက စဉ့်ကွင်းကျောက်ချပ်ပေါင်း (၂၀၀၀) ခန့်ရှိခဲ့ဟန်တူသော်လည်း ယခုအခါ ကျောက်ချပ်ရေ (၁၃၀၀) ခန့်သာတွေ့သည်။ ထိုကျောက်ချပ်များတွင် တစ်ခုနှင့်တစ်ခု ဆက်၍ အလှူးလိုက်သွားပါက (၃) မိုင်ခန့်ရှည်လျားမည်ဟု ခန့်မှန်းကြသည်။

စေတီတော်ကြီး၏ အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ပုံသဏ္ဌာန်တွင် စဉ့်ကွင်းတန်းရှိသည်။ အပေါ်တန်း၌ မြတ်စွာဘုရား အလောင်းတော်နတ်သားမှ လူပြည်သို့ကြည့်ခြင်း (၅) ပါးဖြင့်ကြည့်ပြီးနောက် စုတေသည့်ချပ်ပုံမှစ၍ ဓမ္မစကြာတရားတော်ဟောကြားသည့် ချပ်ပုံများကို ချပ်လုံးဖော်ထားသည့် စဉ့်ကွင်းများရှိသည်။ အောက်တန်းတွင်မူ မဟာယာနဗုဒ္ဓဘာသနာအယူဝါဒဆိုင်ရာဖြစ်စဉ်ဇာတ်ဖော်များကို ချပ်လုံးဖော်ထားသည့် စဉ့်ကွင်းများရှိသည်။ အပေါ်တန်းတွင် ပို့ကွင်းကျော်ချပ် - (၁၂၀) ရှိ၍ အောက်တန်းတွင်လည်း (၁၂၀) ရှိသည်။ စေတီတော်ကြီး၏ ပုံသဏ္ဌာန်ကို အတိအကျပြောဆိုရန် အလွန်ခက်ခဲသည်။ ပထမပစ္စယာ (၆) ဆင့်အထိသည်ဆောက်ထားပုံမှာ ကောင်းကင်အထက်သို့ မတ်မတ်ကြီးမြင့်တက်သွားသောင်ထင်ရသည်။သို့ရာတွင် ကျည်းခုံး (၃) ဆင့် တည်ဆောက်ထားပုံကမူ အလယ်သို့ တဖြည်းဖြည်းစု၍ စေတီတော်ကြီးပုံသဏ္ဌာန်ကို ပို့ပို့လေးလေးကြီး ဖန်ဖွယ်ပုံပေါ်လာစေသည်။ ဗောရော်ဘုရားစေတီတော်ကြီးမှာ နှစ်ပေါင်းများစွာ လေဒဏ်မိုးဒဏ်ခံရသဖြင့် ယိမ်းယိုင်လူမည်ကဲ့သို့ရှိလာရာ ယခင် အင်ဒိုနီးရှားနိုင်ငံကို ကိုလိုနီပြုထားသော ဒပ်ချ်အစိုးရက စေတီတော်ကြီးထိန်းသိမ်းရေးအတွက် ငွေကြေးမြောက်မြားစွာအကုန်ကျခံ ဆောင်ရွက်ခဲ့သည်။ ယခုအခါ၌ အင်ဒိုနီးရှားအစိုးရနှင့် ယူနက်စကိုတို့ ပေါင်း၍ စေတီတော်ကြီးအရှည်တည်တံ့နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

**စေတီတော်ကြီးဆိုင်ရာတံဆိပ်ခေါင်းများ**

အင်ဒိုနီးရှားနိုင်ငံရှိ ကမ္ဘာ့အကြီးအကျယ်ဆုံး ဗုဒ္ဓသာသနာဗိသုကာလက်ရာဖြစ်သည့် ဗောရော်ဘုရားစေတီတော်ကြီးအထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းများကို စေတီတော်ကြီးတည်ရှိရာ အင်ဒိုနီးရှားနိုင်ငံမှသာမဟုတ် အခြားနိုင်ငံများမှလည်း ဝုဏ်ပြုထုတ်ဝေထားသည်။ သို့ရာတွင် စေတီတော်ကြီးတည်ရှိသည့် မိခင်ရင်း အင်ဒိုနီးရှားနိုင်ငံမှသာ ဗောရော်ဘုရားစေတီတံဆိပ်ခေါင်းများကို အများဆုံး ထုတ်ဝေထားသည်ကို တွေ့ရှိရသည်။

တံဆိပ်ခေါင်းဝါသနာရှင်၌ သူများနှင့်ကဲ့ တံဆိပ်ခေါင်းစုဆောင်းနည်းနှင့် ခေါင်းစဉ်လိုက် တံဆိပ်ခေါင်းစုဆောင်းနည်း ဟူ၍ (၂) မျိုးရှိသည်။ သမားရိုးကျ စုဆောင်းနည်းမှာ နိုင်ငံတစ်နိုင်ငံ၏ တံဆိပ်ခေါင်းများကို စုဆောင်းခြင်းဖြစ်ပြီး ခေါင်းစဉ်လိုက် တံဆိပ်ခေါင်းစုဆောင်းနည်းမှာ စုဆောင်းသူ ဝါသနာရှင်က ကြိုက်နှစ်သက်သည့် ခေါင်းစဉ်တစ်မျိုးမျိုးနှင့် ဆက်စပ်သော တံဆိပ်ခေါင်းများကို ရှာဖွေစုဆောင်းရခြင်း ဖြစ်သည်။

ဤနေရာ၌ 'ဗောရော်ဘုရားစေတီတော်ကြီးတံဆိပ်ခေါင်းများ' ဟူသော ခေါင်းစဉ်ဖြင့် စေတီတော်ကြီးကို ဝုဏ်ပြုထုတ်ဝေထားသော တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို ရှာဖွေစုဆောင်း လေ့လာရသော ဝါသနာမျိုးဖြစ်သည်။ တံဆိပ်ခေါင်းဝါသနာရှင် တစ်ယောက်အနေဖြင့် ဤခေါင်းစဉ်ဖြင့် စုဆောင်းမည်ဆိုပါက ဗောရော်ဘုရားစေတီတော်ဆိုင်ရာ စာပို့တံဆိပ်ခေါင်းများအပြင် တံဆိပ်ခေါင်းအထိမ်းအမှတ်မှတ်တမ်းလွှာများ၊ပထမနေ့တံဆိပ်ခေါင်း ကပ်စာအိတ်များ၊ စာပို့အမှတ်အသားများ စသည်ဖြင့် အမြင်ရ တံဆိပ်ခေါင်းများအထိမ်းအမှတ်မှတ်တမ်းလွှာများ၊ပထမနေ့တံဆိပ်ခေါင်း ကပ်စာအိတ်များ၊ စာပို့အမှတ်အသားများ စသည်ဖြင့် အမြင်ရ တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကိုလည်း ရှာဖွေစုဆောင်းလေ့လာရမည်ဖြစ်သည်။

ဗောရော်ဘုရားစေတီတော်ကြီး ဆိုင်ရာ တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများ အများအပြား ထုတ်ဝေထားရှိထားရာ ယခုဤဆောင်းပါးနှင့် ပူးတွဲဖော်ပြထားသည့် တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများမှာ နမူနာအချို့သာ ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံနှင့် နိုင်ငံအချို့မှ ဗောရော်ဘုရားစေတီတော်ကြီးဆိုင်ရာတံဆိပ်ခေါင်းများ ထုတ်ဝေကြရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာမှဗောရော်ဘုရားစေတီတော်ကြီး၏ရှေးဟောင်းဗိသုကာနှင့်အနုပညာလက်ရာများကို စိတ်ဝင်စားသတိချပ်မိလာစေရန်နှင့် စေတီတော်ကြီးမပျက်မစီးရန် ထိန်းသိမ်းရေးအတွက် ရန်ပုံငွေထည့်ဝင်ကြစေရန် လှုံ့ဆော်ခြင်းအတွက် ဖြစ်သည်။ နမူနာအဖြစ် ပြသထားသော ဗောရော်ဘုရား စေတီတော်ကြီးတံဆိပ်ခေါင်းများနှင့်တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများမှာ အမှတ်စဉ် (၁) တောင်ကိုရီးယားနိုင်ငံမှ တံဆိပ်ခေါင်းဖြစ်ပြီး ဒီဇိုင်းပုံမှာ ဗောရော်ဘုရားစေတီတော်ကြီးမှာ စေတီငယ်များပုံနှင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူပုံတို့ ဖြစ်သည်။ အမှတ်စဉ် (၂)တွင်ပြထားသော တံဆိပ်ခေါင်း(၃)မျိုးမှာ အင်ဒိုနီးရှားနိုင်ငံမှထုတ်ဝေသော တံဆိပ်ခေါင်းများဖြစ်ပြီး တံဆိပ်ခေါင်းဒီဇိုင်းများမှာ ဗောရော်ဘုရားစေတီတော်ကြီးအား [illegible] ၍ ခပ်လှမ်းလှမ်းတောင်နေရာမှ မြင်ရသော ရုပ်၊ စေတီတော်ကြီးစုံလင်နေရာရှိ ဗုဒ္ဓရုပ်ပွားတော်ပုံစေတီတော်ကြီးအား ခေတ်မီအင်ဂျင်နီယာဆန်ဆန် [illegible] ပြုပြင်နေပုံနှင့် စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓဝင်ရုပ်တုပုံများ ဖြစ်သည်။ အမှတ်စဉ် (၃) မှာ အင်ဒိုနီးရှားနိုင်ငံမှ ထုတ်ဝေသော တံဆိပ်ခေါင်းအထိမ်းအမှတ်မှတ်တမ်းလွှာဖြစ်သည်။ ဗောရော်ဘုရားစေတီတော်ကြီးရှိ နံရံစဉ့်ကွင်းပန်းပုလက်ရာများမှ ရွှက်လေ့ပုံလက်ရာကို အထူးအသားပေး ပုံနှိပ်ထားခြင်း ဖြစ်သည်။ တံဆိပ်ခေါင်းအထိမ်းအမှတ်မှတ်တမ်းလွှာများမှာ တန်ဖိုးကြီးမားပြီး တံဆိပ်ခေါင်းဝါသနာရှင်တို့ နှစ်ခြိုက်စွာ စုဆောင်းလေ့ရှိသည့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းမျိုးဖြစ်သည်။ အမှတ်စဉ်(၄)မှာ ပြင်သစ်နိုင်ငံမှ ထုတ်ဝေသော ဗောရော်ဘုရားစေတီတော်ကြီးတံဆိပ်ခေါင်း ဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်ပုံကို အသားပေးပြီး စေတီရုံများကို နောက်ခံထားဒီဇိုင်းဖော်ထားသည့်တံဆိပ်ခေါင်း ဖြစ်သည်။ အမှတ်စဉ် (၅) မှာ ဂျပန်နိုင်ငံမှထုတ်ဝေသော ဗောရော်ဘုရားစေတီတော်ဆိုင်ရာ တံဆိပ်ခေါင်းဖြစ်ပြီး ဗောရော်ဘုရားစေတီနှင့် ဆက်စပ်သော စာပို့အမှတ်အသားနှင့် ပူးတွဲမြင်တွေ့နိုင်သည်။ ကမ္ဘာ့အံ့ဖွယ်ရာ ဤဗောရော်ဘုရားစေတီတော်ကြီး၏ဗိသုကာဆိုင်ရာ၊ အနုပညာလက်ရာများဆိုင်ရာ ပညာရပ်များကို လေ့လာရုံသာမက ဤစေတီတော်ကြီးနှင့် နီးနွှယ်ဆက်စပ်သော တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကိုလည်း ရှာဖွေ စုဆောင်း လေ့လာနိုင်ကြစေရန် ဤဆောင်းပါးဖြင့် လှုံ့ဆော်သတင်းကောင်းပါးအပ်ပါသည်။

ကြည်လွင်

**ကိုးကားမှုများ -**


၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၈) (၁၉၆၃) မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ ရန်ကုန်မြို့။

၂။ *John Holman (1989) Guide to Stamp Collecting. Stanley Gibbons Publications Ltd: London.*




www.burmeseclassic.com

www.burmeseclassic.com

ဟသ်ာတမြို့နယ်အတွင်းတွင်ရှိ ကျွန်တော်တို့ရွာကြီးသည် ကောက်ပဲသီးနှံတို့ အထွက်များပြီး စည်ကားဖွံ့ဖြိုးသောရွာကြီးတစ်ရွာ ဖြစ်သည်။ ထိုရွာကြီးတွင် ရွာမြောက်ပိုင်း၊ အနောက်ပိုင်းနှင့် တောင်ပိုင်း ဟူ၍ (၃) ပိုင်းကွဲနေသည်။ ထိုအပိုင်းများတွင် ရွာတောင်ပိုင်းသည် လယ်ပိုင်ရှင်များအနေများသည်။ အနောက်ပိုင်းသည် ကုန်သည်ပွဲစားများပြီး ကျွန်တော်နေထိုင်သော ရွာမြောက်ပိုင်းမှာ လက်လုပ်လက်စား သူရင်းငှားများပြီး နွမ်းပါးခဲ့ကြတဲ့ကြေသည်။

မြောက်ပိုင်းသားတို့သည် တောင်ပိုင်းရှိ လယ်ပိုင်ရှင်များထံသို့ လယ်ကူလိုလုပ်ကြရသည်။ သို့သော် ရွာရှိ သာရေး၊ နာရေးကိစ္စများတွင်မူ ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကူညီသောဓလေ့စရိုက်ရှိကြသည်။

တစ်ခုထူးခြားသည်မှာ တောင်ပိုင်းနှင့် အနောက်ပိုင်းသားများသည် မြောက်ပိုင်းရှိ အပျိုမတို့ကို လူပျိုမလှည့်ခြင်းပင် ဖြစ်သည်။ အကြောင်းမှာ ကျွန်တော်တို့မြောက်ပိုင်းတွင် စုန်းကဝေတတ်သောမိန်းကလေးများကြောင့်ဟုဆို၏။

ရှေးယခင်က နယ်လှည့်မြွေအလမ္မာယ်ပြ၍ မြွေဆေးရောင်းသောအဖွဲ့တစ်ဖွဲ့ ရွာသို့ရောက်ရှိလာခဲ့သည်။ ထိုအဖွဲ့သည် ရွာလယ်မြေကွက်လပ်တွင် စည်းသား၍ ဘင်တီးပြီး လူခေါ်စုသည်။ ရွာသားများရောက်လာသည်နှင့် ထိုမြွေဆရာက (ရှမ်းသံဝဲဖြင့် ရှမ်းဘောင်းဘီဝတ်ထားပြီး အပေါ်ပိုင်းကိုယ်ဗလာဖြင့် ဆေးမှင်ကြောင်အင်းကွက်များထိုးထားသည်။) ၎င်းနာမည်မှာ ဆရာကြီးဗန္ဓက ဖြစ်ကြောင်း စုန်း၊ ကဝေ၊ မောက်လုံး၊ မောက်ပြား၊ ဇော်ဂနီ၊ ဇော်ဂနက်တို့ပညာမစမ်းရန် မေတ္တာရပ်ခံကြောင်း အကယ်၍ ၎င်း၏ပွဲကိုနှောင့်ယှက်ပါက နတ်မြွေနှင့်တိုက်မည်ဖြစ်ကြောင်း ကြိမ်းဝါးပြောဆိုခဲ့သည်။

ထို့နောက် မြွေဟောက်ကြီးတစ်ကောင်ကိုထုတ်၍ ထိုမြွေနှင့် ကစားပြီးနောက် မြွေဆေးရောင်းတော့သည်။

တပည့်ကျော် မောင်ညိုက ရှေ့ဆုံးမှ လက်ဝါးဖြန့်ထားသူများလက်ထဲသို့ ကျောက်မီးတုံးနှင့်သဏ္ဌာန်တူသော အတုံးလေးများလိုက်ဝေပေးပြီး ယွန်းအစ်ထဲမှာကုန်ပြီဖြစ်ကြောင်းပြလိုက်သည်။ ကျွန်တော်တို့က နောက်တွင်ရောက်နေသဖြင့် မရလိုက်၍ ဒေါသဖြစ်ရသည်။

"ကဲ - ခင်ဗျားတို့ အခုရထားတဲ့သူတွေကို ကျုပ်အားလုံးမှတ်မိတယ်။ ဒီဆေးကို ဘယ်လိုသုံးရမလဲဆိုရင် တကယ်လို့ မြွေကိုက်တယ်ဆိုရင်ဗျာ သွေးလိမ်းလိုက်၊ ပါးစပ်ထဲလည်းခွံ့ပေး။ ချက်ချင်းမြွေဆိပ်ပြေပျောက်သွားမယ်။ ဆောင်ထားရင်လည်း ကိုယ့်ရှေ့မှာ မြွေရှိနေရင်တောင် ရှောင်သွားလိမ့်မယ်။ အဲဒါစိတ်ချသားသုံးပေတော့"

ရွာသားများမှာ နောက်ဆုံးမြွေဆေးမြစ်အတွက် ငွေ (၂) ကျပ်ကိုရွာကြ၍ ပေးလိုက်ရတော့သည်။ ထိုအချိန်က ငွေ(၂)ကျပ်မှာ ပုဆိုးကြမ်းတစ်ကွင်းဝယ်ရသည်။

"ကဲ - အခု နောက်ဆုံးပြမယ့် ပြကွက်ကတော့ ဟိုးပင်လယ်ပိုင်းအရပ်မှာ ခက်ခက်ခဲခဲဖမ်းလာခဲ့တဲ့ 'ဆာပါပျောက်' လို့ခေါ်တဲ့မြွေကြီးကိုပြသမှာဖြစ်ပါတယ်။ ဒီကောင်က ဒေါသလည်းသိပ်ကြီးတယ်။ အဆိပ်လည်းပြင်းတယ်။ ကဲ - သားကြီးရေ၊ ထွက်ခဲ့တော့ကွာ"

ဆရာဗန္ဓက မြွေသေတ္တာကြီးကို ဖွင့်၍ နှုတ်မှဂါထာတချို့ကိုရွတ်ဆိုလိုက်ရာ စပါးအုန်းနှင့်တူသောမြွေကြီးတစ်ကောင်ထွက်လာသည်ကို တွေ့ရသည်။ ရွာသားများမှာ ထိုမြွေကြီးကို ကြည့်ပြီး ကြောက်ရွံ့သွားသဖြင့် နောက်သို့ဆုတ်လိုက်ကြသည်။ ထိုမြွေကြီးသည် စည်းဝိုင်းအတွင်း ဖြည်းညင်းစွာသွားနေစဉ် စည်းဝိုင်းအစပ်၌ထိုင်နေသော ဒေါ်လုံးတင်ရွှေသို့အရောက် ရုတ်တရက် ရပ်တန့်သွားပြီး ရှူးခနဲနှာတစ်ချက်မှုတ်လိုက်သည်။

ဒေါ်လုံးတင်မှာ ကြောက်ရွံ့ဟန်မရှိဘဲ ထိုမြွေကြီးကို စူးစူးရဲရဲကြည့်လိုက်ပြီး -

"ဟဲ့- အကောင်ရှည်၊ သေချင်လို့လား။ ငါကိုဘာမှတ်နေလဲ"

ဟု ပြောပြောဆိုဆို ၎င်းဖင်ခုထိုင်ထားသော ခုံဖိနပ်ကိုယူ၍ မြွေကြီးအား ရိုက်ဟန်ပြလိုက်ရာ ထိုဆာပါပျောက်မြွေကြီးမှာ နောက်သို့ အလျင်အမြန်တွန့်၍ ၎င်း၏သေတ္တာကြီးထဲသို့ ဝင်သွားတော့သည်။ တစ်ချိန်တည်းပင် ပခြုံပ်တွင်းရှိ မြွေဟောက်ကြီးကလည်း ဒေါသတကြီး ပါးပျဉ်းထောင်၍ တရှူးရှူးနှာမှုတ်သံကိုလည်း ကြားနေရသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com

သူကိုပြန်တိုက်သော ကဝေပညာ
ခြစ်ကြောင်း သိလိုက်ပြီး အခြေ
ရိပ်မိလိုက်သော ဆရာကြီး
သည် ချက်ချင်းပင် ၎င်း၏ မြေ
များနှင့် အခြားပစ္စည်းများကို
စွာ သိမ်းဆည်းပြီးနောက် -
ကဲ - ကျွန်တော် တောင်းပန်ပါ
ကျွန်တော့်သားကြီး ရုတ်
မှားသွားတာပါ။ အစ်မကြီး
ပေးပါနော်"
ပြောပြီး ၎င်းအဖွဲ့နှင့်အတူ
ဘည်း ရွာမှထွက်ခွာသွားတော့
ထိုအချိန်မှစ၍ ကျွန်တော်တို့
ဆရာကြီးဗန္ဓကဆိုသူ တစ်ခေါက်
မျှ မရောက်လာတော့ပေ။

❑

ကျွန်တော်သည် ရွာမြောက်ပိုင်း
လက်ပံပင်ကြီးအောက်ရှိ ဒေါ်လုံး
သို့ ထိုနေ့ညနေရောက်သွားခဲ့
အဘယ်ကြောင့်ဆိုသော် ထိုတဲ
ကျွန်တော် သံယောဇဉ်တွယ်နေ
မန္တယ် ဆိုသည့် မိန်းကလေးရှိနေ
ကြောင့် ဖြစ်၏။
"မန္တယ်ရေ၊ နေ့လယ်က မြွေ
လမ်္ဘာယ်ပြပွဲမှာ နင်တို့အမေ မြွေကြီး
ခံဖိနပ်နဲ့ ရိုက်မလို့လုပ်နေတုန်း မြွေ
သည်းကြောက်ပြီး သေတ္တာကြီးထဲ
ဝင်သွားတာတန်းနေတာပဲ။ နင့်
ဘာလုပ်လိုက်လို့လဲ"
မန္တယ်က ကျွန်တော့်စကားကို
ကြားချင်ယောင်ဆောင်၍ ကန်စွန်းရွက်
ကိုသင့်၍ပြုံးနေသည်။ ဘာကြောင့်
ခဲ့သည်ကို ကျွန်တော် မသိခဲ့ပါ။

(ဟာသ်ာတ)

# ရဲရဲထွန်း

## ကဝေမလေးကိုချစ်မိလေသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သိသောအချိန်သည် မနွယ်နှင့်ချိန်းတွေ့သော လက္ခဏာတစ်ညပင်ဖြစ်ပါသည်။

ထိုညက လက္ခဏာရက်မို့ လသည် ပိန်းပိတ်အောင် မှောင်နေလေသည်။ ကျွန်တော်သည် အဖော်မခေါ် ဘဲ မနွယ်နှင့် ဆုံတွေ့ရန်သာ စိတ်ကူးကာ ရင်ခုန်နေသည့်နှလုံးသားဖြင့် တစ်ယောက်တည်းထွက်လာခဲ့သည်။

"ဟေ့ကောင် ငရဲ ဒေါ်လုံးတင်က ကဝေမကြီးကွ။ သူသမီးလည်း ကဝေတတ်တယ်ဆိုပဲ။ သူအမေက ဦး (ကဝေအတတ်) သွင်းထားတာလို့ ပြောတယ်"

ကျွန်တော့် သူငယ်ချင်းများက ပြောသော်လည်း ကျွန်တော်ကလက်မခံ။ မနွယ်၏အချစ်ကိုရပြီးကတည်းက အားလုံးသောသတင်းများကို ပယ်ချခဲ့သည်။

နွယ်တို့တဲမှာ ရွာအစွန်ဖြစ်သဖြင့် နည်းနည်းလှမ်းသည်။ ကျွန်တော်သည် ရွာပြင်လှည်းလမ်းအတိုင်း မြွေမကြောက်ကင်းမကြောက်ဇောက်ပ်ထွက်လာခဲ့ရာ ရွာစွန်အရောက်တွင် မနွယ်တို့တဲဆီသို့ လှမ်းကြည့်မိလိုက်သည်။

"ဟာ"

ကျွန်တော် အံ့သြထိတ်လန့်သွားသည်။ အဘယ်ကြောင့်ဆိုသော် နွယ်တို့တဲနောက်ဘက်ရှိ လက်ပံပင်ကြီးဆီမှ မီးလုံးကြီးကြီးတစ်လုံးနှင့်ငယ်ငယ်တစ်လုံးတို့သည် တက်လိုက်၊ ဆင်းလိုက်ဖြစ်နေသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"စုန်းတွေက ညဘက် လပြည့်၊ လက္ခဏာတွေမှာ စုန်းတောက်စားကြတယ်ကွ။ မီးလုံးကြီးတွေနဲ့ ဟိုကူးဒီကူးလည်းလုပ်ကြတယ်။ အဲဒါ သူတို့ရဲ့ပညာခန်းတွေစစ်ဆေးတာလို့လည်းပြောကြတယ်"

ကျွန်တော့်ဘကြီး၏ စကားကို ပြန်လည်ကြားယောင်မိပြီး ကျွန်တော့် တစ်ကိုယ်လုံးကြက်သီးများထလာသည်။ မနွယ်နှင့်လည်း တွေ့ရန်စိတ်မကူးတော့ဘဲ ရွာထဲသို့ တစ်ချီးတည်းပြေးလာခဲ့တော့သည်။

❑

ကျွန်တော် ရွာမှထွက်လာပြီး တပ်မတော်ထဲသို့ဝင်ရောက်ခဲ့သည်။ ရွာဆီသို့လည်းမပြန်ဖြစ်။ မနွယ်နှင့်လည်း အဆက်အသွယ်ပြတ်ခဲ့သည်။ သို့သော်ကံကြမ္မာတို့သည် အလွန်ဆန်းကြယ်လှပါသည်။ မည်သို့မျှ ထင်မှတ်မထားခဲ့ပါ။ မနွယ်နှင့် ကျွန်တော်သည် ပြန်လည်ဆုံတွေ့ခဲ့ပါသည်။

ကျွန်တော် တပ်မတော်သို့ဝင်ရောက်ပြီး အရာရှိဘဝနှင့် ဟင်္သာတသို့ ပြန်လည်ရောက်ရှိခဲ့သည်။ မိဘများကို ကန်တော့ရန် ဂျစ်ကားဖြင့် ရွာသို့ထွက်လာခဲ့သည်။ မရောက်သည်မှာ (၁၀) နှစ်တာကာလအတွင်း ရွာရိပ်ဝန်းကျင်သည် ဘာမှမပြောင်းလဲသည်ကို အဝေးကပင် မှန်းဆမြင်နိုင်ပါသည်။

ကျွန်တော် ရွာမြောက်ဖျားသို့ အဝင် မနွယ်တို့တဲအိမ်နောက်က လက်ပံပင်ကြီးအောက်အရောက် လက်ပံပွင့်ကောက်နေသော မနွယ်ကို ရုတ်တရက်မြင်လိုက်ရသည်။

"နွယ်ဟုတ်ပါတယ်နော်"

ကျွန်တော်က ဂျစ်ကားကိုရပ်၍ မေးလိုက်သည်။

မနွယ်သည် ကျွန်တော့်ကို မော့ကြည့်၍ပြုံးနေ၏။ ထိုအပြုံးသည် ဘာကြောင့်ပြုံးသည်ကို ကျွန်တော် မစဉ်းစားနိုင်ခဲ့ပါ။ ထိုအခိုက် ကလေးမလေးတစ်ဦး ပြေးထွက်လာသည်ကို တွေ့ရသည်။

"အဲဒါ နွယ့်သမီးပေါ့။ အဲဖေကတော့မရှိတော့ဘူး၊ ဆုံးသွားပြီ။ နွယ့်သမီးလေးကို နွယ့်လိုမဖြစ်စေရဘူး။ သမီး အဲဒါ ဦးဦးစစ်ဝိုလ်ကြီးပေါ့ကွယ်။ နွယ့်ကိုကြောက်ပြီး ထွက်ပြေးသွားတာ။ သမီးလေး နွယ်တို့ဆက်လိုက်ပါဦး၊ ခွင့်လွှတ်ပါတယ် ဝိုလ်ကြီးရေလို့"

နွယ်သည် သမီးလေးကို လက်ဆွဲ၍ တဲအိမ်ထဲသို့ ဝင်သွားတော့သည်။ ကျွန်တော်သည် နွယ့်စကားသံများကို အိပ်မက်မှလန့်နိုးသူပမာကြားနေရသည်။

အိမ်သို့ရောက်ပြီး အမေ့ကို မေးကြည့်သည်။

"ဟုတ်တယ် သားရေ။ သူအမေ ဒေါ်လုံးတင်က သူသမီးကို သူ့ရဲ့ ကဝေအတတ်တွေနဲ့ ပူးသွင်းပေးထားတာ။ မနွယ်က အဲဒီပညာတွေမလိုချင်ဘူးလို့ အခါခါငြင်းပေမယ့် ဒေါ်လုံးတင်ကို ကြောက်လို့နေခဲ့ရတာ။ သားဘာကြောင့် ထွက်သွားတယ်ဆိုတာ သူသိနေတဲ့ပုံပဲ။ အခုဆို သူစိတ်သိပ်မမှန်တော့ဘူးလေ"

ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။ နွယ်၏နှလုံးသားတို့သည် နူးညံ့သိမ်မွေ့သော်လည်း သူမတွင် ကဝေအတတ်ပညာက ရှိနေသည့်အတွက် ထိုညက စုန်းတောက်စားနေသည်ကို ကျွန်တော် မြင်တွေ့သွားပြီး သူမကို စွန့်ခွာသွားကြောင်း သူမသိ၍ ခွင့်လွှတ်ပါတယ် ဝိုလ်ကြီးရေဟု ပြောခဲ့ခြင်းဖြစ်နိုင်ပါသည်။

"မနွယ်ဟာ သူ့အမေဆုံးတော့ အောက်လမ်းဆရာကြီးတစ်ဦးနဲ့တွေ့ပြီး သူ့အမေသွင်းထားတဲ့ ကဝေပူးကိုထုတ်ပေးခဲ့တယ်။ မနွယ်လည်း အဲဒီဆရာကြီးနဲ့ အိမ်ထောင်ကျပြီး သမီးလေးထားယောက်ရခဲ့တယ်။ ခုတော့ သူ့ယောကျ်ားလည်း ဆုံးရှာပါပြီကွယ်။ လက်ပံပွေ့ခုလိုပွင့်နေပြီဆိုရင် လက်ပံပင်အောက်မှာ လက်ပံပွင့်တွေနဲ့ ဆော့ကစားလိုက်ရယ်မောလိုက်နဲ့ပေါ့ကွယ်"

အမေ၏ နောက်ဆုံးစကားသည် ကျွန်တော့်ရင်ကို ပို၍ဆို့နင့်ခံစားခဲ့ရသည်။

❑

ညနေခင်း၏ နေအုပ်ရှိန်သည် လျော့ကျသွားသည်။ ဟိုအဝေးတွင် ပေါက်လဲပင်နှင့် လက်ပံပင်တို့၏ ခဲ့နီသောအပွင့်တို့ကို လှမ်းမြင်နေရသည်။

ကျွန်တော့်မိဘများကို ကန်တော့ပြီး ဂျစ်ကားကို မောင်းထွက်လာခဲ့သည်။ ဟိုရှေ့မှာ မနွယ်၏ လှုပ်ရှားမှုပုံရိပ်သဏ္ဌာန်ကို လှမ်းမြင်နေရသည်။

မနွယ်သည် သူ့သမီးလေးနှင့်အတူ လက်ပံပင်ကြီးအောက်၌ လက်ပံပွင့်များကောက်၍ ပစ်ပေါက်ကစားနေသည်ကို တွေ့မြင်ရသည်။ ကျွန်တော့်ကို တစ်ချက်မျှ လှည့်မကြည့်။ သို့သော် နှုတ်မှ တီးတိုးရွတ်နေသံကို ကြားနေရသည်။

"ခွင့်လွှတ်ပါတယ် ဝိုလ်ကြီးရေ၊ နောင်တမလွန်ဆိုတာရှိခဲ့ရင် အဲဒီဘဝမှာ ပြန်လည်ဆုံတွေ့ချင်ပါသေးတယ်။ အခုတော့ သွားပေဦးတော့"

ဟု ပြောပြောဆိုဆို လက်ပံပွင့်များကို အပေါ်သို့ကြဲချလိုက်သည်ကို မြင်တွေ့လိုက်ရသည်။

ထိုအသံနှင့် မြင်ကွင်းကို ကျွန်တော် မကြားရက်၊ မမြင်ရက်တော့။ တစ်ချိန်က ကျွန်တော့်ချစ်သူ ကဝေမလေး မနွယ်ကို ကျောခိုင်း၍ ဂျစ်ကားကို မောင်းထွက်လာခဲ့တော့သည်။ တပ်ရင်းတွင် ဇနီးသည် စောင့်မျှော်နေမည်ကို ကျွန်တော် သိပါသည်။

*(သူငယ်ချင်း ဝိုလ်ကြီးတစ်ဦး၏ ဘဝဖြစ်ရပ်မှန်ကို ဝတ္ထုပုံစံဖြင့် ရေးဖွဲ့ပါသည်။)*

ခဲခဲထွန်း (ဟင်္သာတ)



www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနိုင်ငံမီးရထားဌာန၏ မှတ်တမ်းဝင်အင်းဝတံတားကြီး

## တင်ထွန်း(စက်မှု ၂ ဦးမြင့်)

ကမ္ဘာပေါ်ရှိ ရှည်လျားကျော်ကြားသော တံတားကြီးများတွင် ပေပေါင်း (၁၉၄၈) အရှည်ရှိသည့် မန္တလေးတိုင်းဒေသကြီး အမရပူရဆိပ်ကမ်းမှ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မီးရထားလမ်းနှင့် မော်တော်ယာဉ်လမ်းပါရှိသည့် ဧရာဝတီမြစ်ကို ဖြတ်ကျော်ဆောက်လုပ်ထားသည့် အင်းဝတံတားကြီးခေါ် စစ်ကိုင်းတံတားကြီးလည်း တစ်ခုအပါအဝင်ဖြစ်ပါ၏။ အင်းဝတံတားကြီးကို ဆောက်လုပ်ရန်အတွက် ခရစ်နှစ် ၁၈၉၈ ခုနှစ် ပထမဦးဆုံးသောအကြိမ်အဖြစ်နှင့် မြန်မာနိုင်ငံမီးရထားက ကြိုးပမ်းခဲ့ပါသည်။ သို့သော်လည်း ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းများမရှိခဲ့ပါ။ ခရစ်နှစ် ၁၉၀၉ သို့ ရောက်မှ အင်းဝတံတားကြီးကို ဆောက်လုပ်နိုင်ရန်အတွက် ခန့်မှန်းထားသည့်ကုန်ကျငွေ ရှုပြီး (၅၈၃၀၈၈၆) ကို အသုံးပြုရန် မြန်မာနိုင်ငံ မီးရထားအုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်ခွင့်ပြုခဲ့ပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် တံတားဆောက်လုပ်မည့်ကုန်ကျမည့်ငွေများကို အခြားအရေးတကြီးလိုအပ်နေသောနေရာများ၌သုံးစွဲရန် ပိုမိုသင့်တော်မည်ဟုသော အကြောင်းပြချက်များဖြင့် အင်းဝတံတားကြီး ဆောက်လုပ်မည့်အကြံကိုနှိမ်ခေတ္တဆိုင်းငံ့ထားခဲ့ပါသည်။

ခရစ်နှစ် ၁၉၂၄ သို့ ရောက်ရှိလာသည့်အခါ အင်းဝတံတားကြီးဆောက်လုပ်ရေးစီမံချက်ကို ထပ်မံ၍ စဉ်းစားခဲ့ကြပါသည်။ ဒီတစ်ကြိမ်တွင်မူ ယခင် ၁၈၉၈ ခုနှစ်က ဆုံးဖြတ်ခဲ့ကြသလို မီးရထားလမ်းကြီးသက်သက်ပါဝင်သော တံတားကြီးမဟုတ်တော့ဘဲ မီးရထားလမ်း၏ တစ်ဖက်တစ်ချက်တွင် (၁၂)ပေ အကျယ်ရှိသော မော်တော်ယာဉ်လမ်းများပါဝင်သည့် တံတားကြီးအဖြစ်နှင့် ဆောက်လုပ်ရန်ဆုံးဖြတ်ခဲ့ကြပြီး တံတားကြီး၏အောက်ခြေနှင့် သံထည်ပိုင်းအတွက်ပုံစံများရေးဆွဲ၍ ရန်ဒဲလ်ပါးမားနှင့် ထရစ်တန်ကုမ္ပဏီအား တာဝန်ပေးအပ်ခဲ့ပါသည်။

အင်္ဂလိန်ပြည်ရှိ [illegible] ဆန်ဂိုး ရောဆွဲခဲ့သော [illegible] စရိတ် ရှုပေါင်း(၁၅၅၅၅၅၅) ကို မြန်မာနိုင်ငံမီးရထားအုပ်ချုပ်ရေးအဖွဲ့က သဘောတူခွင့်ပြုခဲ့ပါသည်။ [illegible] အတွက် သံချောင်းကြီးများနှင့် သံပြေးသံထည်အစိတ်အပိုင်းများ ပေါင်းကြီးများ [illegible] အတွက် အိန္ဒိယနိုင်ငံ [illegible] ကုမ္ပဏီသို့ တန်ထိုးပေး လုပ်ကိုင်စေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရန်အတွက် နေရာရွေးချယ်သည့်အခါတွင် လက်ရှိကမ်းပါးရဲ့ ရွေ့ကြက်ကျဘုရားဘက်နေရာကို အသင့်တော်ဆုံးနေရာအဖြစ်နှင့် တွေ့ရှိကြရသော်လည်း ထိုနေရာမှာ သာသနာ့မြေနေရာ ဖြစ်သည်ကတစ်ကြောင်း၊ အောက်ခြေတွင် ကျောက်ဝံကြီးများရှိနေကြ၍ လည်း ကောင်း၊ ယင်းနေရာကို စွန့်လွှတ်ပြီး ယခုလက်ရှိဆောက်လုပ်ထားသည့်နေရာကို ရွေးချယ်ကြပြီး တည်ဆောက်ထားခဲ့ခြင်း ဖြစ်ပါသည်။ ထို့အင်းဝတံတားကြီးတည်ဆောက်ရာတွင်လည်း သင်္ဘောများသွားလာမှုကိုမထိခိုက်စေနိုင်အောင် အမြင့်ဆုံး ရေတက်ချိန်၊ တက်ရေအနေအထား၏ ရေမျက်နှာပြင်မှ အမြင့်ပေ (၃၅) သို့သားရှိပြီး ဆောက်လုပ်ခဲ့ခြင်းလည်း ဖြစ်ပါ၏။

အင်းဝတံတားကြီးကိုဆောက်လုပ်ရန် အတွက် ကျောက်များကို မူးမြစ်ဝှမ်းရှိ မိုးရထားဘူကာအသီးသီးနှင့် ပြင်ဦးလွင်လမ်းရှိ ထုံးဘိုဘူတာမှ သယ်ယူခဲ့၍ ရွာထောင်ဘူတာရှိ ကျောက်ခဲခွဲစက်၌ ဖြတ်တောက်၍ လည်းကောင်း၊ အုတ်ခဲများကို မန္တလေးမှ ကန်ထရိုက်စနစ်ဖြင့်ရယူခဲ့ပြီး တံတားဆောက်လုပ်ရန်အတွက် အဆင့်အတန်းမီခြင်း ရှိ၊ မရှိကို ရန်ကုန် တက္ကသိုလ်၌ စမ်းသပ်၍ လည်းကောင်း၊ တံတားဆောက်လုပ်ရန် ဘိလပ်မြေများကို အိန္ဒိယနိုင်ငံမှာယူခဲ့ပြီး အဆင့်အတန်းမီခြင်း၊ မမီခြင်းကို စစ်ကိုင်းပြ၊ ရှိ ဘိလပ်မြေစမ်းသပ်စက်များ၌ စမ်းသပ်၍ အသုံးပြုခဲ့ပါသည်။

အင်းဝတံတားကြီး၏ ရောဝတီမြစ်ကမ်း တစ်ဖက်တစ်ချက် ထိပ်များတွင်တည်ရှိသော အုတ်သံပေါင်နှစ်ခုစပ်ကြား အကွာအဝေးမှာ (၃၉၀၈) ပေရှိ၍ (၆) ဖာလုံပြည့်ရန် (၁၂) ပေသာလိုပါတော့သည်။ အင်းဝတံတားကြီးတွင် တံတားပေါင်းကူးကြီးပေါင်း (၁၀) ခုရှိ၍ (၉)ခုမှာ (၃၅၀)ပေရှည်ကာ ကျန်တစ်ခုမှာ (၂၅၀) ပေ ရှည်ပါသည်။ ထို့ပြင် ပေ (၆၀) စီရှည်သော တံတားပေါင်းကူးမဟုတ်သည့် သံရက်မဇာန်း (၆) ခန်းလည်း ပါဝင်နေပါသည်။ ရောဝတီမြစ်ရေအလယ်တွင် မြေစိုက်အုတ်တိုင်ကြီးပေါင်း (၁၅) တိုင်ရှိသည့်အနက် အရှည်ဆုံးတိုင်သည် ရေအောက်မြေကြီးမှ မီးရထားသံလမ်းအထိ (၁၈၂) ပေ ဖြစ်ပါသည်။ အင်းဝတံတားကြီးပေါ် တွင်ခင်းထားသည့် သံလမ်းများမှာ ပေါင် (၆၀) ရှိသော ရထားသံလမ်းအမျိုးအစားဖြစ်၍ ရထားများအရှိန်ဖြင့် ဖြတ်ကျော်ခုတ်မောင်းနေသည်ကာလတွင် လုံခြုံမှုရှိစေရန် အတွင်းသံလမ်းထိန်းများကိုလည်း တပ်ဆင်ထားပါသည်။

စကားချပ် - အတွင်းသံလမ်းထိန်းဆိုသည်မှာ ရထားများလမ်းမချော်နိုင်စေရန် အတိန်းအကွပ်သဘောမျိုး ဖြစ်ပါ၏။ ယခုတိုင် (၆၀) ရထားသံလမ်း ဆိုသည့် တစ်ပေအရှည်ရှိသော ရထားသံလမ်း၏တန်အလေးချိန် ဖြစ်ပါ၏။

အင်းဝတံတားကြီးကို အိန္ဒိယနိုင်ငံ 'ဘရိတ်ဝိတ်ကုမ္ပဏီ' မှ တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး ရောဝတီမြစ်ကမ်းခြေပို့ခြင်းနှင့် တံတားဆောက်လုပ်ခြင်းအတွက် ရူပီးငွေ သိန်းသုံးဆယ်ကို လည်းကောင်း၊ တံတားအောက်ခြေလုပ်ငန်းများအတွက် ရူပီးငွေ (၅၂) သိန်းကို လည်းကောင်း၊ တံတားပေါင်လုပ်ငန်းများအတွက် ရူပီးငွေ (၆၁) သိန်းကို လည်းကောင်း အသုံးပြုခဲ့ရာ စုစုပေါင်း အင်းဝတံတားကြီးတည်ဆောက်ကုန်ကျသည့် ငွေကြေးမှာ (၁၄၃) သိန်း၊ ရူပီးငွေ ဖြစ်ပါသည်။ ခရစ်နှစ် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် မြန်မာနိုင်ငံ၏ ထိုအချိန်က ဘုရင်ခံဖြစ်ခဲ့သူ ဆာဟူချွလင်းစဒေါင်းစတီဗင်ဆင်က အင်းဝတံတားကြီးကို ဖွင့်လှစ်ပေးခဲ့ပါသည်။

အင်းဝတံတားကြီး ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၄၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်းသို့ ဂျပန်တပ်များ ရောက်ရှိလာခဲ့ကြသဖြင့် မြန်မာနိုင်ငံတွင်းမှ ဗြိတိသျှတပ်များ တမူးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာခဲ့ကြစဉ်ကာလမှာ ဂျပန်တပ်များ ဗြိတိသျှတပ်များကို လိုက်လံမချေမှုန်းနိုင်ရန်အတွက် မြန်မာနိုင်ငံတွင်းရှိ တံတားကို ဖောက်ခွဲဖျက်ဆီးခဲ့ကြပြီး လမ်းပန်းဆက်သွယ်ရေးကို ဖြတ်တောက်ခဲ့ကြပါသည်။ ထိုသို့ ဗြိတိသျှတပ်များ ဖောက်ခွဲဖျက်ဆီးခဲ့ကြသည့် တံတားများတွင် အင်းဝတံတားကြီးလည်း ပါဝင်ခဲ့ပါသည်။ ၁၉၄၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ ည (၂၃း၅၉) နာရီ၌ အင်းဝတံတားကြီး၏ ရေလယ်တိုင် အမှတ် (၇) ကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးလိုက်ကြသဖြင့် ပေ (၃၅၀) အရှည်ရှိသည့် အမှတ် (၇) နှင့် အမှတ် (၈) တံတား သံမဏိသံပေါင်ကြီးနှစ်ခုသည် ဧရာဝတီမြစ်အတွင်းသို့ ထိုးကျသွားခဲ့ပြီးနောက် ရထားများခုတ်မောင်းသွားလာခြင်းများ ရပ်ဆိုင်းခဲ့ကြရသလို မော်တော်ယာဉ်လမ်းလည်းပြတ်တောက်သွားခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် ပျက်စီးနေသော အင်းဝတံတားကြီးကို ပြန်လည်ပြုပြင်နိုင်ရန် စီမံချက်များရေးဆွဲခဲ့သော်လည်း တံတားသံထည်များကို မှာယူနိုင်ရန် အခက်အခဲများရှိသဖြင့် မြန်မာနိုင်ငံ လွတ်လပ်ပြီးနောက် ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလသို့ ရောက်ရှိခဲ့သည့်အခါကျမှ အင်းဝတံတားကြီးကို ပြန်လည်၍ ပြုပြင်နိုင်ရန်အတွက် မြန်မာနိုင်ငံမီးရထားဌာနမှ အင်ဂျင်နီယာများဖြင့် လုပ်ဆောင်ခဲ့ရပါသည်။ အင်းဝတံတားကို ပြန်လည်၍ ပြုပြင်ခဲ့ရသည့်အတွက် စုစုပေါင်းကုန်ကျငွေမှာ ထိုအချိန်က မြန်မာနိုင်ငံငွေကြေးအရ ကျပ် (၅၇၈၉၇၂၇) ကုန်ကျခဲ့ရာတွင် တံတားပေါ်ရှိ မော်တော်ယာဉ်လမ်းအတွက် ကျပ်ငွေပေါင်း (၂၃၆၉၇၆၀)ကို လမ်းပန်းဆက်သွယ်ရေးနှင့်အဆောက်အအုံဌာနမှ ကျခံခဲ့ပါသည်။

ခရစ်နှစ် ၁၉၅၃၊ စက်တင်ဘာလတွင် အင်းဝတံတားကြီးကို ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ကြပြီး ကာယနှင့် ဉာဏလုပ်သားကြီးတို့၏ အားကြိုးမာန်တက်လုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် မူလခန့်မှန်းရက်ဖြစ်သည့် ဇန်နဝါရီလ ၄ ရက်နေ့ထက် (၃) လစောစီးစွာဖြင့် ပြီးစီးခဲ့သဖြင့် ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့၌ အင်းဝတံတားကြီးကို ပြန်လည်၍ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်းကို ရေးသားဖော်ပြရင်း မြန်မာနိုင်ငံ မီးရထားဌာန၏ သမိုင်းဝင် အင်းဝတံတားကြီးကို ပြန်လည်၍ တည်ဆောက်ခဲ့ခြင်း ဆောင်းပါးကို ရေးသား ဖော်ပြလိုက်ပါသည်။

တင်ထွန်း (စက်မှုဘွဲ့ပြင်း)



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းလွင်

## (သဘာဝဓမ္မ)

## ဆန်းကြယ်တွေ့ပြား သဘာဝတရား



နံနက်ပိုင်း ကျွန်တော်တို့စကား ပိုင်းစသည်နှင့် -

**ကိုအုန်းစိန်** ။ ။ မနေ့က သက်မဲ့ သဘာဝအကြောင်းတွေကိုပြောခဲ့တယ်။ မပြည့်စုံပေမယ့် အတော်အသင့်တော့ ရိပ်စားမိလောက်တယ်။ ငါဘက်ကတော့ အိတ်သွန်ဖာမှောက် မှတ်ထားသမျှ အကုန်ပြောပြတာပဲ။ဒါပေမယ့် တကယ့် အရှိန်နဲ့စာရင်တော့ ငါပြောခဲ့တာက ဖန်ခွက်ထဲကရေလောက်ရှိပြီးတော့ ကျန်သေးတာက သမုဒ္ဒရာထဲကရေလောက်ရှိမယ်။

ဒီနေ့ သက်ရှိတို့ရဲ့ သဘာဝတရား အကြောင်းကို မှတ်ထားသမျှ ပြောပြမယ်။ သူကပိုပြီးနည်းမယ်။ ဘာကြောင့်လဲဆိုတော့ သူကပိုပြီးများပြားပြီး ပိုပြီးဆန်းကြယ်လို့ပဲ။ ကံတရားက သူ့ဆီမှာ ပါလာတယ်။

**ကိုအုန်းရွှေ** ။ ။ သခီရကပြုလုပ်တာဆို၊ ထုတ်လုပ်တာဆို။ ပြုလုပ်တယ်ဆိုတာ 'ကံ' မဟုတ်ဘူးလား။ သခီရဟာ 'ကံ'မဟုတ် ဘူးလား။

**ကိုအုန်းစိန်** ။ ။ သခီရက ပြုလုပ်တာပဲ။ အကြောင်းတွေစုပြီး ဖန်တီးတာပဲ။ မြေကြီးပေါ်ကျနေတဲ့ သရက်စေ့တစ်စေ့က သရက်ပင်ပေါက်လာတယ်။ အဲဒါ (၁) မြေကြီးပေါ်ကျလို့၊ (၂) ရေဓာတ်ရလို့၊ (၃) လေဓာတ်ရလို့၊ (၄) အနွေးဓာတ်၊ မီးဓာတ်ရလို့ပေါက်တာ။ သူရဲ့သခီရက ဓာတ်ကြီးလေးပါးပဲ။ ဘူးထဲ၊ ပူလင်းထဲမှာ လေလုံအောင်ပိတ်ပြီး အစိုဓာတ်လည်းမရ၊ အနွေးဓာတ်လည်းမရ၊ အလင်းရောင်လည်းမရရင် လုံးဝပေါက်မှာမဟုတ်ဘူး။ ဒီတော့ သရက်စေ့က အပင်ပေါက်စေကာ မြေ၊ ရေ၊ လေ၊ မီးတို့ ပေါင်းဆုံပြီး စုပေါင်းပြီး ထုတ်လုပ်လိုက်လို့။ သရက်စေ့ကိုယ်တိုင်ကလည်း ဓာတ်ကြီးလေးပါးနဲ့ဖွဲ့စည်းထားတာ။ အဲဒါသခီရပဲ။ ဒီသက်မဲ့တို့ရဲ့ သခီရမှာ အသိမရှိလို့ စေတနာမပါဘူး။ စေတနာမပါတဲ့အတွက် ကံမဖြစ်ဘူး။ သက်ရှိကျတော့ အသိရှိတယ်။ ဒီတော့ စေတနာပါလာတယ်။ စေတနာပါတဲ့ကံဖြစ်လာတယ်။ လောကသုံးပါးဆိုတာကို သိတယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

**ကိုအုန်းရွှေ ။ ။** သိတာပေါ့။ သတ္တလောက၊ သခ်ါရလောက၊ ဩကာသလောကတဲ့။

**ကိုအုန်းစိန် ။ ။** အဓိပ္ပာယ်တွေ ကောသိလား"

**ကိုအုန်းရွှေ ။ ။** သိတာပေါ့ကွ။ သတ္တလောကဆိုတာ သက်ရှိသတ္တဝါတွေကိုပြောတာ။ သခ်ါရလောကကို အရင်က မွေးလိုက်၊ သေလိုက်ဖြစ်နေတာလို့ သိခဲ့တယ်။ အခု မင်းပြောလို့ အကြောင်းစုံပေါင်းဆုံပြီး ဖန်တီးထုတ်လုပ်တာလို့သိပြီး ဩကာသလောက ဆိုတာ တောတောင်ရေမြေစတဲ့သက်မဲ့၊ သက်ရှိသတ္တဝါတို့ရဲ့ တည်ရာမှီရာ နေရာ။

**ကိုအုန်းစိန် ။ ။** တော်တယ်၊ မင်း ငါ့ထက်သာသွားတယ်။ ငါပြောတဲ့တုန်းက ဩကာသလောကကို တောတောင်ရေမြေပဲပြောခဲ့တာ။ သက်ရှိသက်မဲ့တို့ရဲ့ တည်ရာမှီရာဆိုတာမပါဘူး။

သခ်ါရလောကဆိုတာ သတ္တလောကရော ဩကာသလောကပါ အကျုံးဝင်တယ်။ အားလုံးဟာ သခ်ါရပဲ။

လောကသုံးပါးကိုသိတာ ဘုရားတစ်ဆူပဲရှိတယ်။ ဘုရားမပွင့်ခင်က လောကနှစ်ပါးပဲရှိတယ်။ သတ္တလောကရယ်၊ ဩကာသလောကရယ်ပေါ့။ သခ်ါရလောကဆိုတာကို မသိကြဘူး။ ဒီတော့ သူဟာသူအလိုလိုဖြစ်တာလို့ ပြောသူပြော၊ တန်ခိုးရှင်ဖန်ဆင်းရှင်က ဖန်ဆင်းလို့ဖြစ်တာလို့ ပြောသူကပြောနဲ့ပေါ့။

ဩကာသလောကကြီးမှာ အာရုံခြောက်ပါးရှိတယ်။အဲဒါတွေက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ စိတ်ကူးစရာပဲ။ သက်ရှိသတ္တဝါတွေမှာ အဲဒီအာရုံခြောက်ပါးနဲ့ ထိတွေ့စရာထိရင်သိနိုင်တဲ့ နေရာခြောက်နေရာရှိတယ်။

**ကိုအုန်းရွှေ ။ ။** သတ္တဝါတိုင်းမှာ ခြောက်နေရာရှိသလား။

**ကိုအုန်းစိန် ။ ။** မင်းတော်တယ်။ ငါအလောကြီးသွားတယ်။ သတ္တဝါတွေမှာလို့မပြောဘဲ လူတွေမှာလို့ပြောရမယ်။

**ကိုအုန်းရွှေ ။ ။** လူတိုင်းမှာကော ရှိသလား။

**ကိုအုန်းစိန် ။ ။** ထပ်တော်ပြန်ပြီ။ လူတွေမှာလည်း မျက်မမြင်၊ နားမကြား၊ အနာကြီးရောဂါသမား စတာတွေဆိုရင် အကုန်ဘယ်ထိသိပါ့မလဲ။အခြားသတ္တဝါတွေမှာလည်း အဲဒီလိုရှိမှာပေါ့။ ငါမသိဘူး။ ဒီတော့ အာရုံအဂါမချို့တဲ့သူ 'လူ' အကြောင်းပဲ ပြောရအောင်။

အပြင်အာရုံခြောက်မျိုးနဲ့ထိတွေ့ဖို့လူမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ်၊ စိတ် (စိတ်တည်မှီဖြစ်ခေါ်ရာနှလုံး သို့မဟုတ် ဦးနှောက် သို့မဟုတ် နှစ်မျိုးစလုံး) ဆိုတဲ့နေရာ ခြောက်မျိုးရှိတယ်။တံခါးခြောက်ပေါက်လို့လည်းခေါ်တယ်။ အပြင်ကအာရုံကို အတိုက်အာရုံလို့ပြောပြီး ခန္ဓာကိုယ်တွင်းကအာရုံကို အခံအာရုံလို့လည်းခေါ်တယ်။ အဲဒါနောက်သူ့အခန်းကျတော့ ပြောရဦးမှာပဲ။ အခုက သခ်ါရအတွက်ပြောတာမို့ အလွယ်နဲ့ အတိုပဲပြောမယ်။ အပြင်အာရုံနဲ့ အတွင်းအာရုံထိရင် (၁) သိတယ်၊ (၂) ခံစားတယ်၊ (၃) ဘယ်လို ခံစားမှုလဲ မှတ်သားတယ်၊ (၄) ခံစားမှု (အကောင်း၊ အဆိုး) ပေါ် မူတည်ပြီး တုံ့ပြန်တယ်၊ ပြုလုပ်တယ်။ ဒါကို ပါဠိလို (၁) ဉာဏ်၊ (၂) ဝေဒနာ၊ (၃) သညာ၊ (၄) သခ်ါရ လို့ ခေါ်တယ်။

ဒီတော့ ဒီလေးခုပေါင်းလိုက်တာ သခ်ါရပဲ။ ပြုလုပ်ဖို့အကြောင်းကတော့ (၁-၂-၃) ဆုံမှဖြစ်တာ။ ဒီတော့ ဒီမှာ အသိကရှိတော့ အကောင်း၊ အဆိုး အပေါ်မှာ လိုချင်မှု၊ မလိုချင်မှု 'လောဘ၊ ဒေါသ၊ စေတနာ' တွေဖြစ်ပါတယ်။ အဲဒီစေတနာအရ တုံ့ပြန်တာပဲ၊ ပြုလုပ်တာပဲ။ ဒီအပေါ်မှာတည်ပြီး အကောင်း၊ အဆိုး တုံ့ပြန်တာပဲ။ ဒါကို ပါဠိလိုတော့ ပုညာဘိသခ်ါရ (ကောင်းမှုပြုတယ်)၊ အပုညာဘိသခ်ါရ (မကောင်းမှုပြုတယ်) လို့ ခေါ်တယ်။ သခ်ါရက အခရာပဲ။ ဒါကြောင့် သခ်ါရကို စေတနာလို့လည်း ခေါ်တယ်။ အဲဒီစေတနာပါမှ ကံဆိုတာဖြစ်တာ။ ဝိညာဏ်၊ဝေဒနာ၊သညာ၊သခ်ါရကို နာမ်ခန္ဓာလေးပါးလို့ ခေါ်တယ်။ အဲဒီအကြောင်းတွေကြောင့် အကျိုးတွေရပြီး ရတဲ့ ကောင်းကျိုး၊ ဆိုးကျိုးအပေါ် မူတည်ပြီး သံသရာမှာ ဘဝဆက်ကာ စံစား၊ ခံစားကြရတာပဲ။

ဒါကြောင့် သက်ရှိသခ်ါရနဲ့သက်မဲ့သခ်ါရမတူဘူး။ ဒါက သတ္တဝါဖြစ်ပြီး ဆက်သွားနေတဲ့သခ်ါရကိုပြောတာ နာမ်သခ်ါရပဲ။သတ္တဝါစဖြစ်ဖို့သခ်ါရကျတော့ နက်နဲတယ်။ ငါမရှင်းပြတတ်ဘူး။ သဘောလောက်ပဲသိတယ်။ ဒီတော့ ရုပ်သခ်ါရက ဓာတ်ကြီးလေးပါး၊ နာမ်သခ်ါရက နာမ်ခန္ဓာလေးပါးလို့ မှတ်ပေါ့။

အဲဒီ သက်ရှိ၊ သက်မဲ့တို့ရဲ့ သခ်ါရကို ငါနာခဲ့ရတဲ့တရားတစ်ပုဒ်က မှတ်ထားတာကို ပြောတာ။ ဟောသူကို မမှတ်မိဘူး။ ပါမောက္ခချုပ်ဆရာတော်က သတ္တဝါတွေရဲ့ ရုပ်နာမ်သခ်ါရဟာကံ၊ စိတ်၊ ဥတု၊ အာဟာရဖြစ်တယ်။ ရုပ်ရဲ့သခ်ါရကတော့ ဥတု(အပူအအေး)ဖြစ်တယ်လို့ ဟောတော်မူတယ်။ ငါမှတ်တာကိုပြောတာနော်။ သတ္တဝါတွေရဲ့ သံသရာဟာ ဘယ်၍ဘယ်မှရှိတယ်လို့ မပြောနိုင်လောက် ရှည်ကြာလာတော့ သူတို့ပြုခဲ့တဲ့ကောင်းက်၊ ဆိုးက်တွေဟာ များပြားလာတယ်။ များပြားတာနဲ့အမျှ ကွဲပြားလာတယ်။ ဘဝခြား၊အမျိုးခြားပြီး ကွဲပြားသလို တစ်ဘုဝတည်း၊ တစ်မိုးတည်းမှာပဲ တစ်ဦးနဲ့တစ်ဦး ထပ်တူထပ်မျှမဖြစ်နိုင်အောင် ကွဲပြားလာတယ်။

(၃၁) ဘုံ ရှိတယ် ဆိုတာကို အားလုံးသိကြတာပဲ။ သတ္တဝါမှန်သမျှ (၃၁) ဘုံမှာ မရောက်ဘူးတဲ့ဘုံမရှိဘူးတဲ့။ ရောက်ဖူးတာမှ တစ်ဘဝ၊ တစ်ဘဝကို ကြိမ်ဖန်များစွာ ထပ်ခါတလဲလဲ ရောက်ဖူးတယ်။ ဘဝတွေဘယ်လောက်များခဲ့သလဲဆိုတာကို မြတ်စွာဘုရားဟာ ဥပမာပေးခဲ့တယ်။ မြေကြီးခဲကို မြန်မာဆီးသီးအလုံးသေးလောက်လုံး၊ တစ်လုံးကို တစ်ဘဝလို့ သတ်မှတ်မယ်ဆိုရင် ကမ္ဘာမှာရှိတဲ့ မဟာပထဝီမြေကြီးတန်သွားတဲ့ဘဝတွေ ကျင်လည်ခဲ့တဲ့ဘဝတွေ ကုန်မှာမဟုတ်ဘူးတဲ့။ ပြီးတော့ တစ်ဦးနဲ့ တစ်ဦး မိဘ၊ သားသမီး စတဲ့ပုံစံမျိုးနဲ့ ပတ်သက်ဖူးခဲ့ကြတာချည်းပဲ။ ဒီတော့ ဒီသတ္တဝါတွေရဲ့အကြောင်းကို ခွဲခြားပြီး သိဖို့ဆိုတာ ဘုရားမှတစ်ပါးမရှိဘူး။

သတ္တဝါတွေများပြားဆန်းကြယ်သလို သဘာဝတရားကလည်း သတ္တဝါတွေနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် သဘာဝကို ဆန်းကြယ်စွာ ဖန်တီးပေးထားတယ်။ ဥပမာ အသားစားမင်း သတ္တဝါကို ချွန်ထက်တဲ့သွား၊ အေးရာသီဥတုမှာ ရှည်ပြီးထူတဲ့အမွေးအမြှေးစသည်ဖြင့် ဖန်တီးပေးတာမျိုးပေါ့။ မှန်ဘီလူးနဲ့ကြည့်မှပြင်နိုင်တဲ့ ပိုးမွှားလေးကအစ တောင်ငယ်လေးတစ်လုံးလောက်ကြီးတဲ့သတ္တဝါများအထိ အရွယ်အစားမျိုး၊ ပုံစံအမျိုးမျိုးကို အံ့သြစရာ ဖန်တီးထားတယ်။ မမြင်နိုင်တဲ့ ပရလောကသတ္တဝါတွေအကြောင်းမပါသေးဘူး။

သဘာဝတရားက ဘယ်လောက်ဆန်းကြယ်သလဲဆိုရင် လူတွေက သတ္တဝါလို့ထင်ပြီး ပိုးမွှားလို့အယူအဆထားတဲ့ လှုပ်ရှားတဲ့ ပိုးမွှား သဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com

အစားတွေဟာ မရေတွက်နိုင်အောင်ဘဲ အမည်ပေးထားတာတွေရှိသလို အမည်မပေးရသေးတာတွေလည်း အများကြီးပဲ။ ပြီးနောက် ထပ်ပေါ်ပြီးပေါ်ဆဲ၊ပေါ်လတ္တံ့အမည်တွေလည်း သန်ဖွာမရှိဘူး။ အဲဒီအမည်တွေကို 'ပညတ်' လို့ ခေါ်တယ်။ မင်းစမေးတဲ့ 'သတ္တဝါ' ဆိုတာ 'ပညတ်' ပဲ။ အလွယ်ပြောရင် သက်ရှိသဘာဝလို့ပြောမလားဘဲ။

**ကိုအုန်းရွှေ ။ ။** ဘာလို့ ပညတ်လို့ ခေါ်သလဲ။

**ကိုအုန်းစိန် ။ ။** အလွယ်ပြောရရင်. . . ။

**ကိုအုန်းရွှေ ။ ။** မင်းဟာကလည်း အကုန်အလွယ်ချည်းပဲ။

**ကိုအုန်းစိန် ။ ။** အေးလေ၊ ငါက အလွယ်ပဲသိတာကိုး။ အခက်မှမသိဘဲ။ သတ္တဝါကို လူသတ္တဝါ၊ တိရစ္ဆာန်သတ္တဝါ၊ အပါယ်ဘုံသားသတ္တဝါ၊ သုဂတိဘုံသားသတ္တဝါ ဒီလိုပြောတယ်။ ဒါက သက်ရှိသဘာဝတွေ။ သက်မဲ့သဘာဝကျတော့ အရာဝတ္ထုပစ္စည်း စသည်ဖြင့်ပြောတယ်။ ဒီတော့ သက်ရှိနဲ့ သက်မဲ့မှာ သက်ရှိကိုပဲ သတ္တဝါခေါ်လို့ သက်ရှိသဘာဝလို့ပြောလိုက်တာ။ စကားလုံးရဲ့ မူရင်းက ဘယ်လောက်နက်နဲနေတယ် ငါမသိဘူး။ သတ္တဝါကို သက်ရှိလို့ပြောတာတော့ မမှားဘူး။ အခုပဲ 'ပညတ်' ဆိုတာလည်း အလွယ်ပြောရရင် သိစေအပ်တာလို့ အဓိပ္ပာယ်ရတယ်။ မင်းကို အုန်းရွှေလို့ မင်းမိဘများက ပတ်ဝန်းကျင်ကို သိစေလိုက်တာပဲ။ ပြီးတော့ တစ်ခုကို အများက အညီအညွတ်သိစေအပ်လိုက်တာ ပညတ်လိုက်တာတွေရှိတယ်။ ဥပမာ မင်းတို့ငါတို့လို ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပြီး ခါးမတ်မတ်သွားတဲ့သတ္တဝါကို ဗမာစကားပြောသူတွေက 'လူ' လို့ ပညတ်တယ်။ အမည်တပ်တယ်။ သိစေအပ်တယ်။ ပါဠိစကားပြောသူတွေက 'မနုဿ' တဲ့။ အဲဒီကိုပဲ မိမိတို့ပြောကြတဲ့ ဘာသာစကားအရ ပညတ်ကြတာပဲ။

ပညတ်အမျိုးမျိုးရှိတယ်။ အသံပညတ်၊ သဏ္ဌာန်ပညတ်၊ မရှိပညတ်၊ မဟုတ်ပညတ် စသည်ဖြင့်ပေါ့။

**ကိုအုန်းရွှေ ။ ။** မရှိ၊ မဟုတ်တွေလည်းရှိသေးလား။

**ကိုအုန်းစိန် ။ ။** အေးအေး ရှိတယ်။ ပြီးတော့ပြောမယ်။ အရင်ဆုံး အသံပညတ်ကိုပြောမယ်။ မြန်မာအက္ခရာကကြီး၊ ခွေး စသည်ဖြင့် အသံမျိုးတွေထွက်ဖို့ ပညတ်ထားတယ်။ အဲဒီအတိုင်းထွက်ရတယ်။ ဘယ်သူဖတ်ဖတ် အဲဒီအသံပဲထွက်တယ်။ စကားပြောတာလည်း ဒီအတိုင်းပဲ။ သဏ္ဌာန်ပညတ်က အသံနဲ့ အရာဝတ္ထုကို အမည်တပ်ပြီး သိစေအပ်တာ။ သစ်ပင်၊ ကျောက်တုံး စတောတွေပေါ့။ သဏ္ဌာန်ပညတ်မှာ သဏ္ဌာန်ပြောင်းရင် ပညတ်လိုက်ပြောင်းတယ်။ ဥပမာ သစ်ပင်။ မြေပေါ်မားမားမတ်မတ်ပေါက်နေတဲ့သစ်ပင်ကို သစ်ပင်လို့ခေါ်တယ်။ လှဲပြီးခွဲလိုက်ရင် သစ်သားအမည်ကိုပြောင်းသွားတယ်။ တစ်ခါစားပွဲ၊ ကုလားထိုင်လုပ်လိုက်ရင် စားပွဲ၊ ကုလားထိုင်အမည်ကို ပြောင်းပြန်ရော။ ပြီးတော့ ဉာဏ်ပညာနဲ့ဆင်ခြင်လိုက်ရင် လုံးဝပျောက်သွားတယ်။ အမြစ်၊ ပင်စည်၊ အကိုင်း၊ အရွက်၊ အပွင့်၊ အသီးခွဲလိုက်ရင် သစ်ပင်ဆိုတ ဘရှိတော့ဘူး။

**ကိုအုန်းရွှေ ။ ။** မရှိပညတ်ဆိုတာကော။

**ကိုအုန်းစိန် ။ ။** ဝိယဆေးဖော်ပေးမယ်။ ယုန်ချိုနဲ့ လိပ်မွေးရှာလာဆိုတာပေါ့။

**ကိုအုန်းရွှေ ။ ။** မဟုတ်ပညတ်ဆိုတာကော။

**ကိုအုန်းစိန် ။ ။** အရုပ်ရည်သွေကို ကိုယ်လို့အမည်ပေးပြီး အသားမည်းသူကို မဖြူလို့ အမည်ပေးတာမျိုးပေါ့။

ဤတွင် ထမင်းစားခွန်ရောက် သဖြင့် ကျွန်တော်တို့စကားဝိုင်းလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သန့်ဇင်

## ကာကွယ်ရေးကျင့်သာင်းနှင့် ရွာသာကုန်းရွာတလေးဒေသကြီး



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးတပ်ပေါင်းစု) ပါလီမန်တွင် လူနည်းစုဖြင့် အတိုက်အခံဖြစ်နေသောကာလ ဖြစ်သည်။

ဦးကျော်ငြိမ်းတို့ ဆိုရှယ်လစ်အဖွဲ့များသည် နိုင်ငံအနှံ့အပြားရှိ ပျူစောထီးတပ်များ၊ ကာကွယ်ရေးတပ်များဖွဲ့ထားကြသည်။ တကယ်တော့ ခါးပိုက်ဆောင်တပ်များသာဖြစ်သည်။ထိုအဖွဲ့များသည် အမှန်တကယ်အားဖြင့် တစ်ဖက်နိုင်ငံရေးအဖွဲ့များအား နိမ်နင်းရန်သက်သက်သာဖြစ်သည်။ ရပ်ရွာအတွင်း၌ ယူနီဖောင်းဝတ်၊ သေနတ်ကိုင်၍ ဆောင့်ကြွားဆောင့်ကြွားသွားလာကြပြီး စိတ်မထင်လျှင် ရပ်ရွာလူထုအား နှိပ်စက်ကြသေးသည်။ ကြက်၊ ဝက်ဆွဲ၊ ပိုက်ဆံတောင်းပြီး သောက်စားမူးယစ်ကြဖြင့် ကျေးရွာများ၌ ကာကွယ်ရေးတပ်သားများ အလွန်ကြီးစိုးခဲ့ကြသည်။ ဒီလို ရှိဆိုရှယ်လစ်သင်္ကေတအမည်ခံများကလည်း သူတို့တပည့်တွေ လုပ်ချင်တာလုပ် မပြောင်ချင်ယောင်ဆောင်ပြီး အကာအကွယ်ပေးထားကြသည်။

အဲ - ယင်းကာကွယ်ရေးတပ်သားများကြောက်သည်က ကွန်မြူနစ်အလံနီ၊ အလံဖြူဗကပများဖြစ်သည်။ ထိုခေတ်က မြန်မာနိုင်ငံ၏ တချို့ဒေသများသည် အလံနီ၊ အလံဖြူဗကပများကြီးစိုးထားရာနေရာများဖြစ်ခဲ့ကြသည်။ ဆိုရှယ်လစ်နှင့် ကွန်မြူနစ်ကလည်း တစောင်းစေးနှင့်မျက်ချေးပမာမတည့်။တွေ့ရာသရိုင်းစေးမဆိုင်းဘဲ ဖြေရှင်းနေချင်သူများဖြစ်သည်။

❑

ရောဝတီတိုင်းဒေသကြီး အင်္ဂပြို့နယ်၌ ရွာသာကုန်းရွာလေးရှိပါသည်။ အိမ်ခြေနှစ်ရာကျော်ခန့်ရှိသော ထိုရွာကလေးသည် အနောက်ရိုးမကြီးအား နောက်ခံပြုပြီးအေးချမ်းတိတ်ဆိတ်သည့် လယ်သမား၊ ကိုင်းသမားများ နေထိုင်ကြသော သာယာလှပသည့်ရွာကလေး ဖြစ်၏။

သို့သော် ထိုရွာလေးရှိရာဒေသသည် အလံနီကွန်မြူနစ်များ ကြီးစိုးဝင်ထွက်သွားလာရာ နေရာဖြစ်ခဲ့သည်။ ထုံးစံအတိုင်း ရွာသာကုန်းရွာတွင်လည်း ကာကွယ်ရေးအဖွဲ့ရှိသည်။ကျော်သောင်းသည် ထိုရွာလေးတွင် ကာကွယ်ရေးတပ်သားဖြစ်၏။ ရွာထဲသို့ အလံနီကွန်မြူနစ်များ အုပ်စုလိုက်ဝင်လာကြလျှင် ကျော်သောင်းတို့ ကာကွယ်ရေးတပ်သားတွေ ကြက်ပျောက်ငှက်ပျောက်ဘယ်ရောက်ကုန်သည်မသိ။ သို့ပေသည့် အလံနီများ ပြန်ထွက်သွားကြလျှင်တော့ ကျော်သောင်းတို့ကာကွယ်ရေးတပ်သားတစ်သိုက်သည် အလျှိုလျှိုဖြင့်ပြန်ပေါ်လာကြပါတော့သည်။

တစ်နေ့ -

"ငါတို့ကာကွယ်ရေးတပ်သားတွေဟာ ရပ်ရွာကိုကာကွယ်နေကြတာဖြစ်တယ်။ ငါတို့ဟာ လစာရိက္ခာရကြတာမဟုတ်ဘူး။ ဒါကြောင့် ငါတို့ကိုထောက်ပံ့ပေးဖို့လိုတယ်"

"ဘာကိုထောက်ပံ့ပေးရမှာလဲ။နေ့ဘက်မှာ ခင်ဗျားတို့လည်း သူလိုငါလို ရွာသားတွေပါပဲ။ ညဘက်ရောက်မှ ရွာတောင်ဘက်၊ မြောက်ဘက်နှစ်ပေါက်မှာ ကင်းစောင့်ရတာက နှစ်ယောက်စီပါ။ ဦးတော့ ကျုပ်တို့ရွာသားတွေလည်း အတူတူ ကင်းစောင့်ရတာပဲဟာ"

"မင်းတော်တော်စကားရှည်တယ်မောင်ဖြင့်။ ငါက ကာကွယ်ရေးတပ်သားနော်။ မင်းထက်တာဝန်ပိုကြီးတယ်ဆိုတာ နားလည်ထား"

www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးကျော်သောင်းဘာဆိုလို
ခဲ့တာလဲ၊ ရှင်းအောင်ပြောပါ"

ရွာသားတစ်ယောက်ကဝင်ပြော
သည်။

ကျော်သောင်းနှင့် အဖော်နှစ်
ယောက်သည် ရွာလယ်ဇရပ်အနီး၌ လူ
ကြီးများရောကုန်စုံဆိုင်အနီး အော်ဟစ်
ဆူဆိုနေကြခြင်း ဖြစ်သည်။

"အေး - မင်းက ဟိုကောင်
ကောင်ဖြင့်ထက် ပါးရည်နှားရည်ရှိတယ်။
ဘိုးဘိုချင်တာက ကြက်တစ်ကောင်ပဲ"

"ပေးလိုက်ပါကွာ၊ ရွာထဲမှာလည်း
ဘိုးဘိုးစေ့ ကြက်တွေရှိကြတာပဲဟာ"

သက်ကြီးဝါကြီးဖြစ်သော ဦးလေး
များ ကားနည်းရန်စဲ ဝင်ဖျန်ဖြေရင်း
ပြောသည်။

ထိုအခါ ရွာသားတစ်ယောက်က
ခပ်ကျယ်ကျယ်အမှိုက်ပုံတွင် အစာယက်
နေသော ကြက်ဖနှင့်ကြက်မနှစ်
ကောင်တွဲထဲသို့ ထင်းစကြီးဖြင့်လွှဲပစ်
လိုက်ဝါတော့သည်။

"ဝီး ဒုတ် ကွတ် ကွတ် ကွတ်"

ကြက်ဖကြီးမှာ မြေကြီးပေါ်၌
ဆန့်ငင်ဆန့်ငင်ဖြစ်နေရလေ၏။ ကျော်
သောင်း၏ အဖော်တစ်ယောက်က
အမြန်ပြေးကောက်လိုက်သည်။ သူ့ကို
လူစုကြက်ကိုဆွဲပြီး ရွာပြင်ဖွေးကိုသွားကြ
သည်။ ဦးတည်ရာက ဝေနံထန်းတော။

"ဒီကာကွယ်ရေးကွေတော်တော်
လူပါဝေတယ်၊ ဆုနိုင်ဘဲတဲ့ဦး
သေနတ်လေးတိုင်ရောနဲ့ ဆွဲကြိုး
မြောက်ကြွဖြစ်ပြီး ရွာသားချင်းဒုက္ခပေး
နေတာ"

ရွာသားတစ်ယောက်က ဟေး
မနုပ်ဖြင့်ပြောသည်။

"မင်း စကားတို့ ဆင်ခြင်ပြီးပြော၊
ငါတို့မှာ ဒီကာကွယ်ရေးကြောက်ရမှ အလံ
နီကြောက်ရန် ရေးကြီးယောက ဘုးခါးသီး
တွေဖြစ်နေပြီ။ ငါတို့မင်းကြားကြားသေးလို့
လည်းတားဆိုဘာမှာ မနောင်း
ကြောစိတောင်ကြီး ကာကွယ်ရေးတွေ
သေနတ်နဲ့ပစ်သတ်တာ လူပေးသေတဲ့
ပွဲချင်းပြီးပဲ၊ လူတွေရွေ့ဖာဝစ်သတ်ဖာ
နော်၊ ငါသတင်းကြားခဲ့ရတယ်။ ဘယ်
အောင်နေကြပါကွာ"

ဦးလေးပြစကားကြောင့် အားလုံး
ငြိမ်ကျသွားသည်။

တိုင်းရပ်သည် ဘုရားရှင်ခေတ်
မြည်တွင်းစကတည်းရှိ ပြောကြားခဲ့ရာမှ
အာနိန်၊ အလံ့ဒ ဝတား၊ ရဲဘော်ရှိ
စသည် သောင်းကျန်းသူတို့ခေတ်ကြီး
ဒေသကြီးရန်ကုလည်း ကြာတော်နေရ
သည်။ လူဆိုလျှင်လျှင်း၊ လှည်းဆိုလျှင်
ထင်း၊ နွားဆိုလျှင်ဟင်း စသည့် ကြိမ်ဝါး
သံများကိုကြောက်ရွံ့ ပိုတ်ဆဲရှိသူတွေ
ဖြို့သို့ပြောင်းပြေးကြရလေသည်။ သူတို့တွေ

www.burmeseclassic.com

www.burmeseclassic.com

ရွာထဲဝင်မလာခဲ့လျှင် ရွာခံကာကွယ်ရေးတွေက တစ်စခန်းထကြသည်။ သူတို့တွေကလည်း အာဏာရဆိုရှယ်လစ်တို့၏ ခါးပိုက်ဆောင်တပ်များဖြစ်နေကြ၍ ကျန်ရစ်ခဲ့ကြသော ဆင်းရဲသည့် ရွာသားများမှာ ဘာမှပြန်မပြောဝံ့။ ထိုစဉ်က ရန်ကုန်မြို့တော်နှင့် ဝေးလံသော တောနယ်ဒေသများသည် ဤနည်းနှင့်နှင်ဖြစ်နေခဲ့ကြသည်။

❑

"ဟား ဟား ဟား - ရွာသားကုန်းမှာ ကျော်သောင်းကို ဘယ်သူအန်တုရဲလဲ။ သောက် - ငါ့တပည့်တို့၊ ထန်းရည်နဲ့ ကြက်ကြော်ကလည်းလိုက်ပါ့ကွာ"

"ဆရာကျော်သောင်း၊ မြူအိုးထဲမှာ ထန်းရည်မရှိတော့ဘူး လုပ်ပါဦး"

"ဟေ့ကောင် ငပိန်၊ မင်းအလိုက်မသိဘူး။ ဒီမှာထန်းရည်ကုန်နေတာ မင်းမသိဘူးလား။ ငါမင်းထန်းပင်တွေပေါ်က ထန်းရည်အိုးတွေကို သေနတ်နဲ့ပစ်ချလိုက်ရမလား"

"မဟုတ်ရပါဘူး ဆရာကျော်သောင်းရယ်၊ ကျုပ်တဲနောက်ဖေးမှာ ထမင်းရည်ငဲ့နေလို့ပါ လာပါပြီ"

"ဒီလိုမှပေါ့ကွာ၊ မြန်မြန်လုပ်"

"ဘာတွေဖြစ်နေတာလဲ ကိုကျော်သောင်း"

စကားသံကြောင့် ကျော်သောင်း လှည့်ကြည့်လိုက်သည်။

အစိမ်းရောင် ယူနီဖောင်းနှင့် သေနတ်များလွယ်ထားသော လူ(၁၅)ဦးခန့်အား တွေ့လိုက်ရသည်။ သူအမှုပြေချင်သလိုဖြစ်သွား၏။ သူကိုစကားပြောသူက မြန်မာ့တပ်မတော်မှဗိုလ်ကြီး။

"ဟာ - ဗိုလ်ကြီး၊ ဟဲဟဲ-ထန်းရည်သောက်ပါဦးလား။ ဘယ်ကိုလာကြတာလဲ"

ကျော်သောင်းလောက္ခတ်တွေချော်ပြီး မျက်နှာချို့သွေးနေ၏။

"ဘယ်ကိုမှမဟုတ်ပါဘူး။ ကျွန်တော်တို့ တိုက်ကင်းလှည့်လာတာပါ။ ကိုကျော်သောင်းတို့ကိုလည်း စကားနည်းနည်းပြောချင်ပါတယ်"

"ပြောပါ ဗိုလ်ကြီး၊ ထန်းရည်သောက်ရင်းပြောကြပါလား။ ရဲဘော်တွေလည်း နားနားနေနေပေါ့"

"တာဝန်ချိန်မှာ သောက်စားထားလို့မဖြစ်ပါဘူး၊ နယ်မြေအခြေအနေကမအေးချမ်းပါဘူး။ကိုကျော်သောင်းတို့ကို ကာကွယ်ရေးအဖွဲ့တွေဖွဲ့ပေးထားတာ ဒီအတွက်ပါ။ ဒီတော့ ရပ်ရွာလုံခြုံရေးအတွက် ကိုယ်စွမ်းသလောက် ဆောင်ရွက်ပါ။ ကိုယ့်အတွက် ရပ်ရွာမှာဝန်ထုပ်ဝန်ပိုးမဖြစ်ပါစေနဲ့။ ကျွန်တော်ပြောချင်တာ ဒါပါပဲ"

ဗိုလ်ကြီးနှင့် တပ်စုမှာ ပြောပြီးသည်နှင့် လှည့်ထွက်သွားကြသည်။ ကာကွယ်ရေးအဖွဲ့သားတွေ ရပ်ရွာမှာ ဗိုလ်ကျနေတာ တပ်မတော်မှသိသွားပြီလားမသိ။ ကျော်သောင်း အမူးပြေသွား၏။ ထန်းတဲမှ ငပိန်အား အော်ခေါ်ကာ နောက်ထပ် ထန်းရည်နှစ်မြူးချခိုင်းလိုက်ပြီး ခွက်ဆင့်မော့လိုက်တော့သည်။

မြောက်ပြန်လေသည် နှုတ်ဆက်နေသည်ထင့်။ စပါးရိတ်သိမ်းထားသော လယ်ကွင်းပြင်၌ ရိုးပြတ်တို့ကြားမှ လေပွေဖြစ်ပေါ်နေသည်။ ရိုးပြတ်အစအနများနှင့် ဖုန်မှုန့်တို့ လေစီးကြောင်းနှင့်အတူ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေကနေကြ၏။ နေ့အပူရှိန်က ကွင်းပြင်အလယ်မှာ တံလျှပ်တို့ထောင်းထောင်းထနေသည်။ ရေမရှိသော ကန်သင်းရိုးအစပ်၌ ဝေသာလီဗျိုင်းလေး၊ ငါးကောင်သည် လယ်ပုစွန်လုံးတွင်းအား ချောင်းနေကြလေ၏။

❑

တစ်နေ့ -

ရွာလယ်မှာ ကျော်သောင်းတစ်ယောက် ဟောင်ဖွာဟောင်ဖွာလုပ်နေ၏။ မျက်စိမှိတ်လည်လမ်းမှားပြီးရောက်လာသောရွာသားအချို့ ကျော်သောင်း စက်ကွင်းမှမလွတ်တော့ပါ။

"မင်းတို့ ပစ္စည်းမဲ့ဝါဒဆိုတာ ဘာလဲသိကြလား"

ရွာသားများက တုတ်တုတ်မျှ မလှုပ်။ ကျော်သောင်းအား အူကြောင်ကြောင်အကြည့်ဖြင့် ကြည့်ကြသည်။ တစ်ယောက်က လစ်ထွက်ဖို့ပြင်သည်။ ဒီနေ့ ကျော်သောင်းလက်မှာ သေနတ်ပါမလာ၍ဖြစ်သည်။

"ဟိုကောင် ဘယ်ပြေးမလို့လဲ၊ ထိုင်ကြစမ်း။ ငါမေးတာကိုဖြေလေ"

"ဒီလိုပါ ကိုကျော်သောင်း၊ ကျုပ်တို့ဖြေလို့မှားသွားရင် မကောင်းဘူးလေ။ ကျုပ်တို့လည်းသိတာမဟုတ်ဘူး"

"ရတယ်၊ သိသလောက်ဖြေ။ မှားသွားလည်း ငါခွင့်လွှတ်တယ်"

"ပစ္စည်းမဲ့ဝါဒဆိုတာ ပစ္စည်းမရှိရင် ထမင်းငတ်လိမ့်မယ် အဲဒါကိုပြောတာ"

ရွာသားတစ်ယောက်ကထ၍ဖြေသည်။

နောက်တစ်ယောက်က ဝင်ပြောပြန်၏။

"မဟုတ်ဘူးကွ၊ မင်းပြောတာမှားနေတယ်။ ပစ္စည်းမဲ့ဝါဒဆိုတာ ရွာစဉ်လှည့်ပြီးတောင်းစားနေတဲ့ သူတောင်းစားတွေအတွက် ထုတ်ပြန်ထားတဲ့စည်းကမ်းကိုပြောတာ"

"တော်ကြစမ်း၊ မဟုတ်တာတွေလျှောက်ပြောနေတယ်။ ငါပြောပြမယ် နားထောင်၊ ပစ္စည်းမဲ့ဝါဒဆိုတာ ဘုံဝါဒကိုပြောတာ"

ကျော်သောင်းကား သူ့ကိုရွာသားတွေ အထင်ကြီးကြလေပြီဟုထင်မှတ်ပြီး ခါးကိုထောက် ခေါင်းကိုမော့လိုက်၏။ ရွာသားတစ်ယောက်က သူထင်တာကို ဝင်ပြောပြန်သည်။

"ဘုံဝါဒဆိုတာ ဆိုင်းသမားတွေအတွက် ဆိုင်းတီးနည်းပဲ"

"ဘုံဆိုတော့ အိုးစည်တို့ဗိုးပတ်ဇိုမပါဘူးလား"

ကျော်သောင်းသည် ကြားဖူးနားဖြင့် ခပ်တည်တည်မှုတ်နေခြင်းဖြစ်ရာ တကယ်တမ်းရှင်းပြရမည်ဆိုတော့ ဟိုလိုလိုဒီလိုလိုဖြစ်လာ၏။

ထို့စဉ် -

"ဒိုင်း"

သေနတ်သံတစ်ချက်နှင့်အတူ ရွာထဲသို့ လက်နက်ကိုင်လူတစ်စုဝင်ရောက်လာ၏။ အယောက်သုံး၊ လေးဆယ်ခန့်မည်။ လက်ထဲမှာလည်း စတင်းဂန်း ဘရင်းဂန်း၊ ရိုင်ဖယ်မျိုးစုံနှင့်ဖြစ်သည်။ ကာကီရောင်အင်္ကျီ ပုဆိုးတိုတို့နှင့် လွယ်အိတ်စလွယ်သိုင်းထားပြီး ဝါးခမောက်များဆောင်းထားကြသည်။ ရွာထဲသို့ အလံနီတွေဝင်လာပါပြီ။ရွာလယ်ကောင်မှာ လူတစ်စုကဗိုင်းထိုင်ပြီး အလယ်ကောင်မှာ မတ်တတ်ရပ်၍ဟောပြောနေသော ကျော်သောင်းအား ဘာထင်သွားသည်မသိပါ။ အဖွဲ့ခေါင်းဆောင်နှင့် လူတချို့ ကျော်သောင်းတို့လူသိုက်ဆီသို့ ရောက်လာကြသည်။ အဖွဲ့ခေါင်းဆောင်က သူ့လူတွေကိုအမိန့်ပေးနေ၏။

"တစ်ဖွဲ့ကကင်းချထား၊ တစ်ဖွဲ့ကရွာလူကြီးဆီကိုသွား၊ ဆန်ဆီခဲ့ကြက်ကိုရအောင်တောင်း၊ ငါဒီလူအုပ်ကိုစစ်လိုက်ဦးမယ်"

အလံနီတပ်သားတွေ အလျှိုလျှိုထွက်သွားကြသည်။ အလံနီတပ်သားယောက်က ကျော်သောင်းတို့တပ်အား စတင်းဂန်းများဖြင့် ဝိုင်းပတ်ချိန်ထား



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ကြသည်။

"ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"

အဖွဲ့ခေါင်းဆောင်က မေးသည်။

ရွာသားများမှာ သေနတ်တွေမြင်သဖြင့် ကြောက်ဒူးတုန်နေကြလေ၏။ ကျော်သောင်းမှာလည်း ဒူးမခိုင်ချင်သော်၊ ကျော်သောင်းကြောက်ကြောက်နှင့်ဖြေသည်။

"ဟို. . . ဟို ဗိုလ်ကြီး ကျွန်တော်တို့ မထွေးလေးနဲ့မြွေကြီးပုံပြင်ပြောနေကြတာပါ"

အလံနီဗိုလ်က်မယုံသဖြင့် ထိုင်နေသော ရွာသားများဘက်လှည့်ကြည့်လိုက်သည်။

"သူပြောတာဟုတ်လား"

"မဟုတ်ပါဘူး ဗိုလ်ကြီး၊ သူညာနေတာ။ သူ ကျွန်တော်တို့ကို ပစ္စည်းမဲ့ဒါဒသဆိုတာ ထမင်းတစ်နေတဲ့သူတွေရဲ့ ဒါဒ၊ ဘုံဝါဒဆိုတာ ဆိုင်းသမားတွေရဲ့ ဘဲကမ်းလို့ပြောနေတာ။ နောက်ပြီး သူက ကာကွယ်ရေးအဖွဲ့ဝင်"

ရွာသားတစ်ယောက်က ကျော်သောင်းအား ချောက်တွန်းလေပြီ။ အလံနီဗိုလ်တစ်ချက်ပြူးလိုက်သည်။

"မင်းက ငါတို့ရဲ့ဆရာကြီးလီနင်နဲ့ စတာလင်ရဲ့ သဘောတရားရေးရာကို မောမခန့်ပေါက်ကရတွေလျှောက်ပြောအယ်ပေါ့။ ဟေ့ကောင်တွေ၊ ဒီကောင့်ကို ကြိုးတုပ်လိုက်ကြ"

အလံနီတွေ ကျော်သောင်းအား ကြိုးဖြင့်တုပ်လေပြီ။

ကျော်သောင်းမှာ ယခုမှ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်ကာ ဗိုလ်ဖြစ်သူအား နှိုင်းပြ၏။

"မဟုတ်ပါဘူး ဗိုလ်ကြီးရယ်၊ ကျွန်တော် လီနင်တို့၊ စတာလင်တို့ သင်မယား ဘယ်မှာနေမှန်းတောင်မသိပါဘူး။ သူတို့နဲ့လည်းတစ်ခါမှမတွေ့ဖူးပါဘူး"

"တော်စမ်း၊ တွေ့ရာတွေလျှောက်ပြောမနေနဲ့။ ရွာသားတွေကိုယ့်အိမ်ကို ပြုပြင်ကြ။ ရိက္ခာရရင် စခန်းကိုပြန်ကြမယ်။ ဒီကောင့်ကို အမှုစစ်ရဦးမယ်"

ဤသို့ဖြင့် ကျော်သောင်းတစ်ယောက် ယက်ကန်ယက်ကန်ပါသွားလေသတည်း။

❑

တစ်ပတ်ခန့်ကြာသောအခါတွင် ကျော်သောင်းပြန်ရောက်သည်။ ရွာသားများက သူ့အား ငခုတ်ကြီး၊ ငဆော်ကြီးများနှင့်တွေ့၍ သေပြီထင်ထားခဲ့ကြသည်။ ကျော်သောင်းမသေပါ။ သို့သော် သူစိတ်တွေမူမမှန်တော့။ အလံနီတွေက ဘယ်လောက်တောင် နားရင်းပါးရင်း တွေတီးလိုက်သည်မသိ။ ပါးစပ်မှတွေ့ကရာစကားတွေ တတွတ်တွတ်ရွတ်၏။ တစ်ခါတစ်ရံ ပစ္စည်းမဲ့ဝါဒဆိုတာ ပိုက်ဆံမရှိတာ၊ ဘုံဝါဒဆိုတာ ခြောက်လုံးပတ်တီးနည်း စသည်ဖြင့် ရွတ်ဆိုနေတတ်သည်။ ကာကွယ်ရေးကျော်သောင်း စိတ်မမှန်တော့၍ ကာကွယ်ရေးအဖွဲ့ခေါင်းဆောင်က သူ့အား သေနတ်ထုတ်မပေးတော့ပါ။ ရူးကြောင်ကြောင်ဖြစ်နေ၍ ကျော်သောင်းအလုပ်လက်မဲ့ဖြစ်ရတော့သည်။ လက်ထဲမှာသေနတ်မရှိ၍ ယခင်က သူမြင်လျှင် ကြောက်ကြရသောကလေးများပင်လျှင် ကာကွယ်ရေးကျော်သောင်းလာလျှင် ခဲနှင့်ပစ်ကြ၏။ အောင်နက်တို့၊ ဂုတ်ကျားတို့အုပ်စုက တစ်ဟုန်ထိုးဝိုင်းဟောင်ကြသည့်အပြင် အလစ်မှကိုက်ခဲချင်လာသည်။ ကြောင်တောင်တောင်ဖြစ်နေသော ကျော်သောင်းအား သူ့အိမ်မှမကြည့်ဖြူတော့။ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်ဖြင့် ငတ်တစ်လှည့်ပြတ်တစ်လှည့်ဖြစ်နေသော ကျော်သောင်းအား ရွာလယ်ကောင်ဇရပ်အနီးညောင်ငုတ်တိုကြီးပေါ်တွင် ငုတ်တုတ်ထိုင်၍မှိုင်နေသည်ကို ရွာသားများတွေ့မြင်ကြရသည်။ တချို့ သနားတတ်သည့် ရွာသားများက စားစရာလေးများပေးလျှင် သူစားရတတ်သည်။ တစ်နေကုန်ဆေးလိပ်တိုကြီးကိုက်ပြီး ငိုင်နေသော ကျော်သောင်းအား ထိုညောင်ငုတ်တိုၦ အမြဲလိုလိုတွေ့မြင်ရပါတော့သည်။

❑

ဤသို့ဖြင့် တစ်နေ့သောအခါ ရွာအပြင်ကွင်းစပ်ချုပ်တံတစ်ခုအတွင်း ကျော်သောင်း အခင်းကြီးသွားနေစဉ် မလှမ်းမကမ်း လယ်ကွင်းထဲ၌ အလံနီများနှင့် အစိုးရစစ်တပ်တို့ ထိပ်တိုက်တိုးပြီး တိုက်ပွဲဖြစ်ပါတော့သည်။

"ဒိုင်း ဒိုင်း ဒက် ဒက် ဒက် ဒက် ဝုန်း"

သေနတ်သံများ ဆူညံနေသဖြင့် ကျော်သောင်း ချဲ့ထဲမှချောင်းကြည့်ပြီး အပြင်မထွက်ရဲတော့။ သူပုန်းနေသော ချုပ်တံနံဘေးမှ ကျည်ဆန်များက တရှိန်ရှိုးဖြတ်သန်းနေကြသည်။

"ဟေ့အလံနီတွေ လက်နက်ချကွ"

အစိုးရစစ်တပ်မှ လှမ်းအော်သည်။

"လက်နက်မချဘူးတွေ သေချင်တာ အလံနီဟေ့"

အလံနီများက လက်နက်မချဘဲ ပြန်ခံပစ်သည်။ ထို့ကြောင့် တစ်ယောက်ပြီးတစ်ယောက် သေနတ်မှန်ပြီး အတုံးအရုံးကျဆုံးကုန်၏။

ထိုစဉ် သေနတ်ဒဏ်ရာဖြင့် အလံနီတပ်သားတစ်ယောက် ကျော်သောင်းရှိရာချုပ်တံကြီးအနီး ရောက်လာသည်။ ရင်ဘတ်မှ သေနတ်ဒဏ်ရာက သွေးများဖြင့်မြင်မကောင်း။

လက်ထဲလည်း ရိုင်ဖယ်သေနတ်ကို ကျစ်ကျစ်ဆုပ်ကိုင်ထား၏။ ပြီးနောက် ဗုန်းခနဲပစ်လဲသွားတော့သည်။ ကျော်သောင်း ထိုအလံနီအား ခြေနှစ်ချောင်းမှဆွဲ၍ ချုံထဲဆွဲသွင်းထားလိုက်သည်။ ထိုအလံနီကား အသက်မရှိတော့ပါ။

မကြာမီ တိုက်ပွဲပြီးသွား၍ အစိုးရတပ်သားများက လက်နက်များသိမ်းပြီး သေဆုံးသူများစာရင်းကောက်ကာ ရွာသားများအား အလံနီအလောင်းများကို မြေမြှုပ်ပစ်ရန်ပြောပြီး ထွက်ခွာသွားသည်။

ရွာသာကုန်းရွာလေး၏နံနက်ခင်း။

"ဒိုင်း"

"ဟေ့ကာကွယ်ရေးကျော်သောင်းကွ။ မင်းတို့ရွာသားတွေမဟုတ်တာမလုပ်ကြနဲ့။ မဟုတ်တာလုပ်တဲ့သူရှိရင် ငါ့ကိုလာပြော"

ရွာသူရွာသားများမှာ သေနတ်သံကြားရ၍ အိမ်ထဲမှ ကိုယ်စီကိုယ်စီပြေးထွက်ပြီး ရွာလယ်သို့စုလာကြသည်။ သူတို့မြင်တွေ့ရသည်က ကာကွယ်ရေးကျော်သောင်းသည် ညောင်ငုတ်တိုကြီးပေါ်၌ထိုင်ပြီး ရိုင်ဖယ်သေနတ်ကြီးအား ပိုက်ထားသည့်မြင်ကွင်း။

ရွာသားတွေနောက်သို့ရှဲသွားကြသည်။ ကာကွယ်ရေးတပ်သားအချို့က ကျော်သောင်းအား ဝင်မဖမ်းရဲ။ စိတ်မမှန်သူလက်ထဲ သေနတ်ရောက်နေ၍ မတော်လို့ပစ်လိုက်လျှင် အချောင်သေဦးမည်။

"မင်းတို့ကောင်တွေ မှန်မှန်ကန်ကန်လုပ်ကြနော်။ ငါကာကွယ်ရေးကျော်သောင်း။ ဒီမှာသေနတ်တွေ့လား၊ ပစ်ထည့်လိုက်မယ်"

ကျော်သောင်းကား အရင်က စိတ်ဝေဒနာသည် ကျော်သောင်းမဟုတ်တော့။ သေနတ်ရှိနေသော စိတ်ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com

သည်ဖြစ်နေပါ့ချေ။ ရွာသားတွေက သူ့ကိုမကြောက်သော်လည်း လက်ထဲမှာ လက်နက်ကိုင်ထား၍ ကြောက်နေရပါချေပြီတည်း။

❑

ထိုနေ့မှစ၍ ရွာသူရွာသားများမှာ ရွာလယ်ညောင်ငုတ်တိုနားသို့ ဖြတ်သန်းသွားလာခြင်းမလုပ်ကြတော့။ ကာကွယ်ရေးတပ်သားများမှာလည်း ကျော်သောင်းအား မျက်ခြည်မပြတ်ချောင်းကြည့်နေရသည်။

နောက်တစ်နေ့နံနက် -

"ဒို့ငိုး"

ကျော်သောင်း ရိုင်ဖယ်သေနတ်အား မိုးပေါ်ထောင်ပစ်လိုက်သည်။ နှုတ်မှလည်း အသံကျယ်ကြီးနှင့်အော်လိုက်သေးသည်။

"ဘယ်သူတွေမဟုတ်တာ့လုပ်လဲ၊ ကာကွယ်ရေးကျော်သောင်းရှိတယ်ကွ"

ရွာသားတွေ အခက်ကြုံလေပြီ။ မဖြစ်မနေ ရွာလယ်မှဖြတ်သွားရမည်သူများ မည်သို့လုပ်ရမည်မသိပါ။ တခြားနေရာမှလည်း သွားဖို့ရာလမ်းမရှိ။ ရွာလယ်လမ်းဆိုရ၍ ဤစာစ်လမ်းသာရှိသည်။ ကျော်သောင်းကလည်း ညောင်ငုတ်တိုပေါ်မှ တုတ်တုတ်မလှုပ်။

ဤသို့အခက်တွေ့နေစဉ် ဦးလေးမြက ဆီထမင်းနှင့်ကြက်ကြော်ပန်းကန်ကြီးအားကိုင်၍ ကာကွယ်ရေးကျော်သောင်းအနီး မချင့်မရဲဖြင့်တိုးကပ်သွားသည်။

"ဘာကိစ္စလဲ ဦးလေး၊ ဘယ်သူက ဦးလေးကိုမတရားလုပ်လဲ။ ကျွဲ့ကို ပြော"

စိတ်မနှံ့သောကျော်သောင်းသည် သေနတ်ကိုင်၍ သူ့ကိုယ်သူ အာဏာရှင်ကြီးသဖွယ်ပြောနေပါလေ၏။

"မဟုတ်ရပါဘူး ကျော်သောင်းရယ်၊ ဒီမှာ မင်းစားဖို့ ဆီထမင်းနဲ့ကြက်ကြော်လာပို့တာ"

"ကောင်းတယ်၊ ဝိုက်ဆာနေတာနဲ့ အတော်ပဲ။ ဦးလေးသွားလို့ရပြီ"

ကျော်သောင်း ဆီထမင်းနှင့်ကြက်ကြော်အား ဆာဆာနှင့်စားလိုက်သည်မှာ ခဏချင်းတစ်ပန်းကန်လုံးပြောင်သွား၏။

ဤနည်းကို သိသွားကြသော ရွာသားများက အကြောင်းကိစ္စရှိ၍ ရွာလယ်လမ်းမှ ဖြတ်သွားရမည်ဆိုလျှင် ဆေးလိပ်၊ ငှက်ပျောသီး၊ ကောက်ညှင်းထုပ်မှအစ စားစရာတစ်ခုခုယူပြီး ကိုကြီးကျော်သောင်း၊ ဦးလေးကျော်သောင်းဟု အနားတိုး၍ ပသပြီးမှ လိုရာဆက်ကြသည်။ ကျော်သောင်းကား စားစရာတစ်ပုံကြီးဖြင့် ညောင်ငုတ်တိုဂိတ်မှာထိုင်ပြီး ကြီးပွားနေပါတော့၏။

❑

ရွာသားတွေက နံနက်ခင်းရောက်တိုင်း သေနတ်သံတစ်ချက်ကြားရ၏။ ကာကွယ်ရေးတပ်သားတွေက ကျော်သောင်းစပစ်သည့်နေ့ကစပြီး သေနတ်သံကိုမှတ်ထား၏။

ရွာလယ်လမ်းမှ ဖြတ်သွားလိုသူတိုင်း အိမ်မှ စားစရာ၊ ဆေးပေါ့လိပ်စသဖြင့် ယူသွားကြရ၏။ ကျော်သောင်း၏ဩဝါဒကိုခံယူပြီးမှ လိုရာဆက်သွားရ၏။ ရွာသူရွာသားများမှာ လူလူချင်း အတူတူ စိတ်ဝေဒနာသည်ဖြစ်နေသော ကျော်သောင်းအား မကြောက်သည့်အပြင် အချိန်မရွေး ယှဉ်ပြိုင်ရဲသည့် သတ္တိရှိသော်လည်း စိတ်မနှံ့သူလက်ထဲ လူသတ်လက်နက် သေနတ်ရောက်နေ၍ လူကိုမကြောက်သော်လည်း သေတတ်သည့် သေနတ်ကိုတော့ ကြောက်ကြသည်။ သတ္တိရှိသည့် လူငယ်တစ်ဦးက သူသေကိုယ်သေဝင်လုံးမည်ဟု အကြံပြုသည်ကို ကာကွယ်ရေးခေါင်းဆောင်က လက်မခံ။အချိန်ကိုစောင့်ပါ။မကြာတော့ သည့်အချိန်မှာ ကျော်သောင်းကိုလက်ရဖမ်းပြပါမည်ဆိုလာသဖြင့် ရွာသားများက ကျော်သောင်းအား အလိုက်အထိုက်ဆက်ဆံနေရ၏။

❑

ကျော်သောင်းအတွက် ဂြိုဟ်ဆိုးဝင်သောနေ့သို့ရောက်လာခဲ့ပြီ ဖြစ်၏။

ဖြစ်ပုံက ဤသို့တည်း။

ထိုနေ့နံနက်ခင်း၌ ထုံးစံအတိုင်း ကျော်သောင်းသည် ညောင်ငုတ်တိုပေါ်မတ်တတ်ရပ်၊ ရိုင်ဖယ်သေနတ်အား လက်နှစ်ဖက်ဖြင့်မြှောက်ကိုင်ပြီး မိုးပေါ်သို့ထောင်၏။ ထို့နောက် သေနတ်မောင်းခလုတ်အား လက်ညှိုးလေးကွေးပြီးပစ်လိုက်ပါသည်။

"ချောက်"

ကျော်သောင်း သူ့သေနတ်အား သေသေချာချာကြည့်၏။ ကျည်ဆန်ဘူးအား ခေါက်ကြည့်၏။ ပြီးတော့ မောင်းပြန်တင်ပြီးပစ်ပြန်သည်။ တချောက် ချောက်အသံများသာ ထွက်လာသည်။ ကျော်သောင်း ချွေးများပြန်လာသည်။ ပြောင်းထဲမှာ ကျည်ဆန်များထစ်နေမလာဟု သေနတ်ပြောင်းဝမှ ချောင်းကြည့်သည်။

ထိုစဉ် ကာကွယ်ရေးအဖွဲ့ခေါင်းဆောင်နှင့် ကာကွယ်ရေးတပ်သားများ ပြုံးဖြီးဖြီးမျက်နှာဖြင့် ကျော်သောင်းအနား တိုးကပ်လာကြသည်။ သူတို့သည် လူကောင်းများဖြစ်သောကြောင့် ကျည်ဆန်ငါးတောင့်သာကျန်တော့သော ကျော်သောင်းသေနတ်ကို သဘောပေါက်သွားကြ၏။ နေ့စဉ် တစ်ချက်ပစ်၍ ဗိုလ်ထူနေသော ကျော်သောင်း၏ ရိုင်ဖယ်သေနတ်က ကျည်ဆန်ဘယ်နှတောင့်ရှိနိုင်ပါမည်နည်း။ ထို့ကြောင့် ကျည်ဆန်ကုန်သည့်နေ့အား စောင့်နေကြခြင်းဖြစ်သည်။

ယနေ့သည် ကျော်သောင်းအတွက် ကံဇာတာနိမ့်၍ မြောင်းသို့ရောက်မည့်နေ့ဖြစ်ပါတော့သည်။

"ကျော်သောင်း လက်နက်ချ သေနတ်ကိုပေး"

အဖွဲ့ခေါင်းဆောင်က သေနတ်ကို တောင်းသည်။

"မပေးဘူး၊ ငါ့သေနတ်ပျက်နေပြင်ရဦးမယ်။ ပြန်ကောင်းသွားမှ မင်းနဲ့တွေ့မယ်"

"မင်းပေးမလား၊ မပေးဘူးလား"

"မပေးဘူး"

"ဟေ့ကောင်တွေ ဝိုင်းဖမ်းကြ"

ကာကွယ်ရေးတပ်သားတွေ ကျော်သောင်းအား ဝိုင်းဖမ်းကြသည်။ ကျော်သောင်းတစ်ယောက် လူအုပ်အလယ်မှာ ရုန်းရင်းကန်ရင်းဖြင့် ကြိုးတုပ်ခံလိုက်ရပါတော့သည်။ ကျော်သောင်းအား ပြင်သို့ခေါ် ထုတ်သွားကြ၏။ ထို့နောက် ဘယ်ဆီသို့ခေါ်သွားမှန်းမသိ။ မြို့ပြစိတ်ရောဂါကုဆေးရုံသို့လား သို့တည်း မဟုတ် လူမိုက်တို့သွားရာလမ်းဖြစ်သော မြေကျင်းထဲသို့ ဇာတ်သိမ်း၍ ဝိုလိုက်သလားမသိ။ ထိုနေ့မှစ၍ ကျော်သောင်း ရွာသာတုန်းရွာလေးမှ ပျောက်ကွယ်သွားသည်မှာ ယနေ့ထက်တိုင်။ကာကွယ်ရေးတပ်သားတွေကို မေးကြည့်သော်လည်း မည်သူမျှဖြေသူမရှိ။ သို့သော်သူအကြောင်းကိုတော့ အင်္ဂပူဇီကွင်းကောက်ရွာအုပ်စု ရွာသာကုန်းလေးမှာ ပုံပြင်လေးတစ်ပုဒ်အဖြစ် ထာသူမများက ကလေးများအား ပြောပြဆိုပင်တည်း။

သန့်



www.burmeseclassic.com

www.burmeseclassic.com

# သရောဒယခရီးသည် (၄)

သရောဒယခရီးသည်

**သရဒွေးဆိုတာ**

ဒီတစ်ခေါက်တော့ သရောဒယ ဟောပြောပွဲကို သရဒွေးလို့လည်း ခေါ်ကြတာ ဘာကြောင့်လဲ အဖြေထုတ်ကြတာ ဆို၊ သရောဒယပညာရှင်ဖြစ်လိုတဲ့သူတာ ဦးဆုံး သရစက်(၂၀)ကို စလေ့လာရပါတယ်။ တချို့ဆို အဲဒီသရစက်တွေထဲက တစ်ခုလောက်သိရုံနဲ့ အခါပေးဟောထုတ်နဲ့ရပ်တည်နေကြတာတွေ့ရပါတယ်။ အဲဒီလိုလူမျိုးတွေဟာ စက်(၂၀) လုံး မပေါက်ရောက်ဘူးဆိုပေမယ့် သူသိတဲ့စက်လောက်ကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်တဲ့အတွက် အလုပ်ဖြစ်နေပြန်တာမို့ 'ကျမ်းလျှောက်လှည့်မဆုံး၊ ကျင်းပေါက်လျှင်တစ်လုံး' ဆိုတဲ့ ဆိုရိုးစကားတောင်သတိရမိပြီး ဒါလည်းဟုတ်တာပဲလို့ တွေးမိပြန်ပါတယ်။

အခု အောက်မှာ ဖော်ပြမယ့် သစောထိုကရွေးသုံးတွေကိုခဏလောက် သုံးခဲ့ပြီး ဖတ်ကြည့်လိုက်ပါ။ ရွေးသုံးတွေဟာ ဖတ်ရခက်မှန်းသိပေမယ့် သင်္ခေါင်းရဲ့ခြေရာလေးတွေကျန်နေစေချင်သေးလို့ပါ။

❑ *မင်းအား အကူဥ ပြောဟူသော သရဆိုအပ်သော ရတနာငါးပါးကို စင်စစ်အကျယ်အားဖြင့် ဤသရဒွေးကျမ်းနှင့်ဆိုလတံ့။ အစနှင့်က သရလက္ခဏာကို ဆိုလတံ့။ နောက်မှ စက်လက္ခဏာသည်သည်ကိုလည်းဆိုလတံ့။*

သူပြောချင်တဲ့အဓိပ္ပာယ်က သရစက် (၂၀) နောက်တော့ပြောမယ်။ အခုသောလောဆယ် သရတွေကို အရင်ရှင်းဦးမယ်လို့ ဆိုလိုတာပါ။ ဆက်ဖတ်ကြရအောင်။

❑ *ထိုနောက်နှိုက် မြေတို့လက္ခဏာကို ဆိုလတံ့။ အကြင်ကြောင့် သရကို သိခြင်းသည်လည်း ခဲယဉ်းငှ်။ ထို့ကြောင့် ဆိုသရ၏အမည်ကို ဆိုလတံ့။ စက်နှိုက်ဆေးအပ်သောသရတို့သည် တဆဲ့ခြောက်လုံးတို့တည်း။*

သရစက်(၂၀)ထဲမှာ ထည့်သွင်းရတဲ့ သရအလုံးရေက (၁၆) လုံးရှိတယ်လို့ ဆိုလိုတာပါ။ စက်ဆိုတာ ပုံပါ သရဆိုတာ အက္ခရာတွေပါ။ မရောထွေးပါနဲ့။

❑ *အလုံးစုံကုန်သော ယာမလကျမ်းနှိုက်လည်း အကြင်သရစက်တို့ကို ဆိုအပ်ကုန်၏။ ယခုအခါနှိုက် ထိုသရစက်တို့ကို သရဒွေးကျမ်းနှိုက်ဆိုလအံ့။ သရစက်တို့သည် နှစ်ဆယ်တို့တည်း။*

ဒီနေရာမှာ စက်ဆိုတာကို ထပ်ရှင်းပြချင်ပါတယ်။ အလွယ်ဆုံး မျက်စိထဲမြင်အောင်ပြောရရင် စာရွှေသူတို့မဟာဘုတ်ခွင်ချဖို့ မျဉ်းခြောက်ကြောင်းဆွဲရာခုနစ်ဌာနမှာ ဆိုင်ရာဂဏန်းတွေသွင်းကြရတယ်မဟုတ်လား။ အဲဒီတော့ မဟာဘုတ်ပုံရရောပေါ့။ ဒီလိုရလာတဲ့ပုံ၊ ဆွဲပြရတဲ့ပုံကို စက်လို့ခေါ်တာပါပဲ။

အခုရှေ့ဆက်ပြီး ရွေးသုံးတွေကို ရှောင်ရင်း ခေတ်အသုံးအနှုန်းနဲ့ပြောကြတာပေါ့။ ဦးဆုံးစက်တွေရဲ့အမည်ကို ပြောပါ့မယ်။ မကြာသရစက်၊ ဝဏ္ဏသရစက်၊ ဂြဟသရစက်၊ ဇဝသရစက်၊ ရာသီသရစက်၊ နက္ခတ္တသရစက်၊ ဝိဇ္ဇာသရစက်၊ ယောဂသရစက်ဆိုပြီး ရှိပါတယ်။ အဲဒီသရစက် ရှစ်ခုဟာ **နာမသရ** ရှစ်ပါးပါ။

ပြီးတော့ ဒွါဒဂဒ္ဓိက (၁၄ယ်ထဲက အစက်ကလေးတစ်စက်ထည့်ရေးရပါတယ်။ဂဿလို့အသံထွက်ဖတ်ရပါတယ်။) သရစက်၊ ဝဿသရစက်၊ အယနသရစက်၊ ဥတုသရစက်၊ မာသသရစက်၊ ပက္ခသရစက်၊ တိထီစက်၊ ဃဋီသရစက်ဆိုပြီး **ကာလသရ** ရှစ်ပါးလာပါတယ်။

အခု နာမသရရှစ်ပါးနဲ့ ကာလသရ ရှစ်ပါးပေါင်းတော့ သရ (၁၆) စက် ရပြီ။ ကျန်တဲ့ စက်လေးစက်ကို ဆက်ပြောပါမယ်။ တိထီရက်နဲ့ယှဉ်တဲ့ ဧကာဒသဒ္ဓိကသရစက်၊ ဗာလ ကုမာရ စတဲ့ အခိုက်အတန့် ခြောက်ဆယ်နဲ့ယှဉ်တဲ့ ဒိဂသရစက်၊ ဇာတာနဲ့တကွ၊ စစ်ပြိုင်သူ နှစ်ဦးရဲ့အောင်ခြင်း၊ ရှုံးခြင်းကို ဆုံးဖြတ်ဟောဆိုတဲ့ တက္ကာလိကသရစက်၊ ပြီးတော့ သရနဲ့စပ်တဲ့အကျိုးတွေကို ဟောဆိုတဲ့ သရိရဏ္ဍသရစက်ဆိုပြီး စုစုပေါင်း သရစက် (၂၀) နဲ့ သရောဒယကျမ်းကို စပါတယ်။

ဒါပေမယ့် သရစက်တွေထဲမှာ ဂေါဒုဂသရစက် (ဂထယ်တွေထဲမှာ အောင် ကလေးတွေထည့်ရေးရပါတယ်) ဆိုတဲ့ ဝါရနက္ခတ္တသရစက်ဆိုပြီး စက်(၂၀)မှာ ရှိပါသေးတယ်။ သို့သော် ဂေါဒုဂသရစက်ဟာ အထက်က စက် (၁၆) စက်ကို ယှဉ်တွဲသုံးရုံသက်သက်မို့ရယ်၊ သရိရဏ္ဍစက်ဆိုတာလည်း အထက်မှာပြောခဲ့တဲ့ စက်အုပ်စုတွေနဲ့ သဘောသွားချင်းမတူတာရယ်၊ အဲဒီအချက်တွေကိုပေါင်းပြီး သူတို့ကိုထည့်မရေတွက်တဲ့အတွက် သရစက် (၂၀) လို့ပဲ သတ်မှတ်တာ ဖြစ်ပါတယ်။ သရိရဏ္ဍစက်ဟာ အတိတ်အနာဂတ်တွေကိုသိတဲ့ ဉာဏ်ရောက်အောင် နေသရ၊ လသရတို့ကို ရည်ရွယ်ပြီးဆိုတဲ့ သရပါ။ အင်မတန် ရှုပ်ထွေးပါတယ်။ စာရေးသူတောင် ခေါင်းမူးလွန်းလို့ အဲဒီစက်ကို သေချာမလေ့လာအားပါဘူး။

ကိုယ်ဟောချင်တာတွေအတွက် တခြားနည်းနဲ့ အားကိုးရှိနေလို့လည်းပါပါတယ်။ နဂါးကို မနိုင်ပေမယ့် ဂဠုန်နဲ့က သူငယ်ချင်းဖြစ်နေတာကိုး။ သို့သော် ပညာရပ်တစ်ခုအနေနဲ့ ကြံဆပြီး လက်ဆင့်ကမ်းပေးဖို့တော့သင်ပါတယ်။ တစ်ချိန်ချိန်ပေါ့လေ။ ပေမူထဲပါတာတွေကို အနက်ပေါ်အောင်ဖတ် (အနက်ပေါ်ဖို့ကလည်း မလွယ်လှပါဘူး။ ရှေးသုံးတွေကလည်းဖြစ်ပြန်၊ ပညာကလည်း နက်နဲပြန်)။ ဖတ်ပြီးတော့ အချိန်ကာလတစ်ခုပေးဆပ်ပြီး လက်တွေ့သုတေသနပြုပြုပြီးတော့မှ အသုံးချဟောပြောရလက်ဆင့်ကမ်းရတာ မဟုတ်လား။ ဒီတော့ ပညာရပ်တစ်ခုကို လက်ဆင့်ကမ်းပေးရတယ်ဆိုတာ တာဝန်ကြီးလှပါတယ်။ စွမ်းတဲ့အခါ မခိုးကျူးကြရင်နေမယ်၊ လွဲသွားရင် ဝိုင်းကဲ့ရဲ့လိုက်ကြမယ့်အမျိုးဆိုတော့ ရှေ့ဆောင်ပါးတွေမှာလို စက်တွေနဲ့ လက်တွေ့ဟောပြခဲ့တာမျိုးမလုပ်တော့ဘဲ အပြစ်လွတ်အောင် ကျမ်းကူးဆရာလုပ်ရင်တောင်ကောင်းမလား တွေးမိပါတယ်။ ကိုယ့်ရဲ့ပညာစွမ်းတွေမပြနိုင်ဘဲ ဟိုကျမ်းကဟိုလိုရှိတယ်၊ ဒီကျမ်းကဒီလိုရှိတယ်ဆိုပြီး ကူးချစာအုပ်ထုတ်ရင် တာဝန်ပေါ်တယ်လေ။

ကိုင်း - ပညာတွေဘက်ပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com

ရအောင်။ သရစက်(၁၆)ပါးကို ရှင်းရှင်းလင်းလင်းမြင်အောင် ဒီလိုနေပြချင်ပါတယ်။

| | နာမဇသရ | ကာလဇသရ |
|---|---|---|
| ၁။ | မတြာ | ဃဠီ |
| ၂။ | ဝဏ္ဏ | တိဏိ |
| ၃။ | ဂြဟ | ပက္ခ |
| ၄။ | ဇီဝ | မာသ |
| ၅။ | ရာသီ | ဥတု |
| ၆။ | နက္ခတ္တ | အယန |
| ၇။ | ပိဏ္ဍ | ဝဿ |
| ၈။ | ယောဂ | ဒွါဒဂဒ္ဒိက |

နာမဇသရအုပ်စုနဲ့ ကာလဇသရအုပ်စုပေါ့။ ယေဘုယျအားဖြင့် အထက်မှာနေပြတဲ့အတိုင်း သရတွေဟာ အဆင့်ဆင့်အားကြီးသွားပါတယ်။ ယောဂ ဒွါဒဂဒ္ဒိကအတွဲထက် ပိဏ္ဍ ဝဿအတွဲက အားကြီးတယ်။ ပိဏ္ဍ ဝဿအတွဲထက် နက္ခတ္တ အယနအတွဲက အားကြီးတယ် အဲသလိုမျိုးပေါ့။ ဒီနေရာမှာ ယေဘုယျအားဖြင့်လို့ စကားခံထားတာကို သတိထားမိနိုင်ပါတယ်။ ခြွင်းချက်ရှိနေလို့ပါ။ အခုနည်းနည်း ကျမ်းထဲကအတိုင်း ပြန်နေပြချင်ပါတယ်။ သည်းခံဖတ်ကြပါဦး။ လွန်ခဲ့တဲ့နှစ် (၂၃၀) က ပေစာမူ မိုနိုဝါး ဝါးတွေကို စာကြည့်မျက်မှန်တပ်ရတဲ့အထိ မျက်စိတွေအားနည်းသွားအောင် ဖတ်ခဲ့ရ ကူးခဲ့ရတာမို့ နည်းနည်းပါးပါးတော့ စာရှုသူတွေကို ကဿကအောက် ဖြစ်အောင် ပြန်လုပ်ခွင့်ပြုပါ။

*ဂ ယခုအခါ ဝဏ္ဏသရ၏ အားကြီးသောအဖြစ်ကို လည်းကောင်း၊ မတြာသရ စသော နာမဇသရသွစ်ပါး၏ အဟောအသီးသီးကို လည်းကောင်း ပြအံ့သောငှါ ဤဂါထာတို့ကိုဆို သတည်း။*

*သဗ္ဗကာလေဗလိဝဏ္ဏး၊ သဗ္ဗဗျာ ပိနသံဂယး။*

*တသ္မာတ်သဗ္ဗပြယတ္တေန။ ဝဏ္ဏော ဝိကွံဗလာဗလံ။ ။*

ဆက်နေရင် အရှည်ကြီးဆိုတော့ ဒီလောက်ပဲ နှိပ်စက်ချင်ပါတယ်။ (ဂငယ်ထဲတင်မက ပစောက်ထဲမှာပါ အစက်ကလေးတစ်စက် ထည့်နေရပါတယ်။ ပစောက်ထဲထည့်တဲ့ဟာကို ပသ္ဝလို့ဖတ်ရပါတယ်)။ စာနေသူဟာ ကျမ်းကူးရတာ ဝါသနာမပါပေမယ့် ကျမ်းကိုးရတာတော့ တစ်ခါတစ်ခါ ခံတွင်းတွေ့တတ်ပါတယ်။ ဒါမှလည်း ခိုင်လုံတော့မှာ မဟုတ်လား။ အခုမြန်မာပြန်နဲ့ပဲဆက်နေရကြရအောင်။

ဂ *အလုံးစုံနှိုက်နုံမ်းခြင်းရှိသောကြောင့် ဝဏ္ဏသရသည် အလုံးစုံသော ကာလနှိုက် အားရှိ၏။ ယုံမှားမရှိရာ။ ထို့ကြောင့် အလုံးအားထုတ်ခြင်းဖြင့် ဝဏ္ဏသရနှိုက် အားရှိသည်၊ မရှိသည်ကို အထူးသဖြင့် ကြံအပ်၏။*

*တန္တမည်သည်ကား သားတို့ခြေရာတို့သည် ဆင်တို့ခြေရာနှိုက် ဝင်ကုန်၏။ ထို့အတူ မတြာသရ အစရှိသည်တို့သည် ဝဏ္ဏသရ၏အကျိုးဥဒ္ဒါးနှိုက် ဝင်ကုန်၏။ တန္တတပါးသော်ကား မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့သည် သမုဒ္ဒရာလေးစင်းတို့နှိုက် စင်စစ်ဝင်ကုန်၏။ ထို့အတူ မတြာသရအစရှိသည်တို့သည် ဝဏ္ဏသရ၏အကျိုးဥဒ္ဒါးနှိုက်ဝင်ကုန်၏။*

ဆက်နေရင် ကျန်ပါသေးတယ်။ သူပြောချင်တာက နာမဇသရ၊ ကာလဇသရတွေဘယ်လိုပင်ရှိရှိ အားအကြီးဆုံးကတော့ ဝဏ္ဏသရဖြစ်ပါတယ်လို့ ညွှန်းတာပါ။ ဒါကြောင့်လည်း အထက်မှာ ပြောခဲ့တာပေါ့။ ဝဏ္ဏသရကိုပိုင်အောင် လုပ်ထားတာ နဂါးကို မနိုင်ပေမယ့် ဂဠုန်နဲ့ သူငယ်ချင်းဖြစ်ရသလိုပါပဲလို့ ဆို တာပါ။ စက် (၂၀) လုံးကို ပိုင်နိုင်နေရင်တော့ အကောင်းဆုံးပေါ့လေ။ ဆိုင်ရာဆိုင်ရာတွေကို ကွက်ပြီး အသေးစိတ် လိုက်တွက်လို့ရတာပေါ့။

အပေါ်မှာ မတြာသရစက်နဲ့ ယဠီသရစက်အတွဲ(၀ါ)နာမဇအုပ်စုနဲ့ကာလဇအုပ်စုအတွဲတွေကို ရေးပြခဲ့ပါတယ်။ အဲဒီလို စက်နှစ်ခုစီယှဉ်ပြီး အသုံးချတာကို ဂေါဒဂသရစက်လို့ ခေါ်ပါတယ်။ သီးခြားစက်ထပ်ရေးစရာမလိုပါ။ စက်နှစ်ခုယှဉ်တာကိုသာ ဂေါဒဂသရစက်လို့ ခေါ်ခြင်းပါ။

၁။ စည်းဝေးတိုင်ပင်တဲ့အခါ၊ လျှို့ဝှက်တဲ့အလုပ်တွေလုပ်တဲ့အခါ မန္တန်ဗေဒင်ယတြာတွေပြုတဲ့အခါ မတြာသရနဲ့ ယဠီသရစက်အတွဲကို ကြည့်ပြီး အခါပေးရ၊ အဟောထုတ်ရပါတယ်။

၂။ သေအောင်၊ တွေဝေအောင်၊ ထိတ်လန့်အောင်၊ ကိုယ့်အလိုပါအောင်၊ ညှဉ်းဆဲရအောင်၊ ငြင်းခုံရအောင်၊ ခိုက်ရန်ဖြစ်ရအောင် ဂြဟသရအတွဲကိုကြည့်သုံးရပါတယ်။

၃။ ပညာစသင်ဖို့၊ ထိမ်းမြားဖို့၊ ခေါင်းလျှော်၊ သောက်စား၊ ဝတ်စားဆင်ယင်ဖို့ ဇီဝသရအတွဲကိုကြည့်ရပါတယ်။

၄။ ပြာသာဒ်ဆောက်ဖို့၊ နတ်ကွန်းတည်ဖို့၊ နတ်ရုပ်ထားဖို့၊ မင်းမြှောက်ဘိသိက်သွန်းဖို့၊ ဆရာဆီက မန္တန်တောင်းဖို့ အဲဒါတွေအတွက် ရာသီသရအတွဲကို အသုံးချရပါတယ်။

၅။ စီးပွားရေးအတွက် သွန်ပြုအတွက်၊ ယတြာပြန်ဝင်ဖို့အတွက်၊ မြေစိုက်ပျိုးဖို့အတွက်၊ သမီးပေးထိမ်းမြားအတွက် နက္ခတ္တသရဥဒ္ဒါးကောင်းမကောင်းကြည့်ပြီးလုပ်ရပါတယ်။

၆။ ရန်သူတွေရဲ့အရပ်ဒေသကို ဖျက်ဆီးဖို့၊ စဉ်းလဲတဲ့ စစ်ထွက်ခြင်းစဖို့၊ ဦးရစ်ပေါင်းဖို့၊ စစ်သည်တွေကို နှစ်စေဖို့၊ တိုင်ပင်နှီးနှောဖို့ ပိဏ္ဍသရအတွဲကို ကြည့်သုံးရပါတယ်။

၇။ ပညာနဲ့ပြီးတဲ့အမှု၊ နှလုံးသွင်းပြီးတဲ့အမှု၊ နတ်နဲ့အဆိုင်တဲ့အမှု စတာတွေကို တွက်ချက်အခါပေးဖို့အတွက် ယောဂသရစက်အတွဲကို ကြည့်ရပါတယ်။

၈။ ဇာတ်လိုက်ကျော် ဝဏ္ဏသရကို တမင်နောက်ဆုံးထားပြီးမှ ဖော်ပြထားပါ။ အလုံးစုံသော ကောင်း၊ မကောင်းသော အမှုကိုပြုဖို့၊ အမှုခပ်သိမ်းပြီးမြောက်အထူးသဖြင့် စစ်ထွက်တဲ့အခါအောင်ပွဲ ဝဏ္ဏသရနဲ့ တိဏိသရအတွဲရဲ့ အမြွှာကြည့်ပြီး လုပ်ရပါတယ်။ အလုံးစုံသော ကောင်းမှု၊ မကောင်းမှုဆိုကတည်းက ဝဏ္ဏသရစက်ဟာ သရစက်တွေကြားမှာ ခေါင်းဆောင်နေနိုင်တာ တွေ့ကြရမှာပါ။

ရှေ့က ဆောင်းပါးမှာပြောခဲ့သည့် သရောဒယဟာ . လူမှုရေး၊ စီးပွားရေး၊ စစ်ရေး၊ မြို့ရွာပျက်၊ မပျက်၊ မီးဘေးသင့်မသင့်၊ မြစ်တွေ ချောင်းတွေ တောမကောခန်းခြောက်၊ မခြောက်၊ မွေးလာတဲ့ကလေးရဲ့ အကျိုးအပြစ်၊ ဇနီးသည်မုဆိုးဖြစ်၊ မဖြစ်၊ ဘယ်နိုင်ငံမှာကား သင့်၊ မသင့်၊ မင်းပြောင်း၊ မပြောင်းစတဲ့ မဆုံးနိုင်သော အကြောင်းအရာတွေကို တွက်ချက်ကြတဲ့ပညာရပ်ပါ။

ဒါပေမယ့် သရောဒယပညာကို ကျွမ်းကျင်ဖို့အတွက် သရစက်တွေနဲ့ အရင်ထိတွေ့ရပါတယ်။ တွေ့တဲ့အခါမှာလည်း ကိုယ်လိုချင်တဲ့ အဖြေတစ်ခုခုကို ထုတ်ဖို့၊ ဟောဖို့၊ အခါပေးဖို့၊ အခါစောင့်ဖို့ ဆိုင်ရာဆိုင်ရာ သရစက်အတွဲနှစ်ခုကို နားလည်အောင်လုပ်ပြီး တွဲလွှဲအသုံးချရပါတယ်။

ဒါကြောင့်လည်း သရဒွေးလို့ သရောဒယကို အမည်တပ်ခဲ့ကြတာ စက်သုံးခုစီသာတွဲပြီး တွက်ချက်ရတဲ့ သရတို့၊ စက်လေးခုစီတွဲထွက်ရတဲ့ သရ

www.burmeseclassic.com

# မိုးယပ်ပြုဆင်း ပျောက်ကင်းလိုလျှင်

သဒ္ဒါ(ဥယျာဉ်)

အမျိုးသမီးများအလှယ်ရောက်ချိန်ရောင် လစဉ်မမှတ်မလာမီနှင့်လာပြီးချိန်ကာလများတွင် မိုးယပ်ပြုဆင်းကြပါသည်။ ထိုဆင်းခြင်းသည် ပုံမှန်သဘာဝဆင်းခြင်းဖြစ်ပြီး ထိုသို့သောသဘာဝမျိုးလွန်ကာ အလွန်အမင်းဆင်းလာသောအခါ မိုးယပ်ပြုဆင်းရောဂါ သို့မဟုတ် ပြုဆင်းရောဂါဟုခေါ်ပါသည်။

ထိုသို့သဘာဝမဟုတ်သောမိုးယပ်ပြုဆင်းရောဂါခံစားရသူအမျိုးသမီးသည် ဆင်းမူးခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မောပန်းလွယ်ခြင်းများကိုခံစားရပြီး ယောနိတစ်ဝိုက်တွင် နာကျင်ဖွယ်ရာလည်း ရောင်ရမ်းပြီး အနံ့အသက်ဖြစ်စေပါသည်။ မိုးယပ်ပြုဆင်းဆေးဝါးအားမကုမီသဘောပါက ဆားအိမ်ဆင်းရောင်ရမ်းခြင်း၊ ယောနိတစ်ဝိုက်မာသန့်ရှင်းခြင်းများကြောင့် ရောဂါပိုးပြန့်ပွားပြီး အနာစက်များဖြစ်လာစေပါသည်။

အမျိုးသမီးများအတွက် ကြောက်စရာကောင်းသော ထိုမိုးယပ်ပြုဆင်းရောဂါအပြစ်ပြုတိုက်ရှင်းအောင် ပျောက်ကင်းဖို့အတွက် -

ခရမ်းကစားပဉ္စင်းပါးကို ရေဖြင့်ဆေးရှင်းစစ်ထားပြီး နုပ်နုပ်စဉ်းပါ။ ခရမ်းကစားပဉ္စင်းပါးနုပ်နုပ်စဉ်းလေးဆယ်ကျပ်သားခန့်အား ရေတစ်ပိဿာဝင်းဆယ်သားထည်ရှိ ကျိုပါ။ ရေတစ်ဝက်ခန့်ခန်းလျှင် ပိတ်သန့်သန့်နှင့်စစ်ယူပါ။ စစ်ယူပြီး ဆေးရည်အေးလျှင် ဗူးရည်စစ်စစ်တစ်ဆယ်သားထည့်မွှေပါ။ ဆေးရှပါပြီ။

ဖော်ပြပါဆေးအား မိုးယပ်ပြုဆင်းနေသူအနေဖြင့် ဟင်းသောက်ရန်းဖြင့် တစ်ခါသောက်လျှင် (၃)လွန်းတစ်နေ့ (၂)ကြိမ်သောက်ပါ။ ရောဂါရှုံ့ရှင့်လိုက်ရှိကြောမည်ဖြစ်သော်လည်း ဒီဆေးကသော ဖြစ်နိုင်မှာဆေးဖြစ်ပါသည်။

မိုးယပ်ပြုဆင်းသော အမျိုးသမီးအနေနှင့် နေ့စဉ်ဝတ်သောအောင်းဘီ၊ အတွင်းခံ၊ စကပ်တို့ကို ဆပ်ပြာဖြင့် ထေချာလျော်ဖွပ်ပြီး နေရောင်ပူပူတွင် သေချာခြောက်သွေ့အောင်လှန်းပြီး ဖြစ်နိုင်လျှင် မီးပူပြင်းပြင်းတိုက်ပြီးမှဝတ်ဆင်ပါ။

သဒ္ဒါ(ဥယျာဉ်)

---

ဒီတော့ သရောဒယခေါ် သရဒွေးဟာ လက်ဆန်းလားမေးတဲ့သူတွေ လက်ဆန်းမဟုတ်မှန်းတွေ့နိုင်သလို လက်ရိုးသမားတွေတွက်ကြသလို အတန့်တွေ၊ ဂြိုဟ်တွေအပေါ်မှာ အဓိကထားမတွက်ဘဲ နက္ခတ်နဲ့ သရအက္ခရာတွေအပေါ်မှာသာ အဓိကထား တွက်ချက်ဟောပြောရတာပို့ လက်ဆန်းလည်းမဟုတ်၊ လက်ရိုးလည်းမမည်၊ သရောဒယဟာ သရောဒယပါပဲလို့ ပြောကြားရင်း-

နောက်ပိုင်း ဆောင်းပါးတွေမှာ သရစက်တွေကို လက်တွေ့အသုံးချပုံ၊ သရစက်နှစ်ခုတွဲပြီး လက်တွေ့ဟောပြောခဲ့ အခါပေးခဲ့ပုံတွေကို အလျဉ်းသင့်သလို ရေးပြသွားပါ့မယ်။

သရောဒယခင်ဦးသည်

စက်ကိုကြည့်ရင် သဘောပိုက်လွယ်ပါတယ်။ စ၊ ဌ၊ ဒ၊ ဗ၊ လ၊ ဟ စတဲ့ အက္ခရာတွေဟာ ဩသရအောက်မှာရှိတဲ့အတွက် ဩသရအုပ်စုဝင်ပါ။ ကျန်တာတွေ ဒီအတိုင်းစဉ်းစားပါ။ အောက်ဆုံးတန်းက ဂနဲ့ ပထဲမှာတော့ အစက်လေးတစ်စက်စီထည့်ရေးပါ။ သူတို့နှစ်ခုက ဂသ္မနဲ့ ပသ္မပါ။

အခု တိထီသရစက်ကို နမူနာပြပါမယ်။

**တိထီသရစက်**

| အ | က | ခ | ဂ | ဃ |
|---|---|---|---|---|
| နန္ဒာ | အဒြာ | ဇေယျာ | ရိက္တာ | ပုဏ္ဏာ |
| ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |

၅နာရီ ၂၇ ပလ အန္တရောဒယ

**ဝဏ္ဏသရစက်**

| အ | က | ခ | ဂ | ဃ |
|---|---|---|---|---|
| အ | ခ | ဂင | ဃ | စ |
| အာ | ဇ | ဈ | ဉ | ဋ |
| ဣ | ဌ | ဍ | ဎ | ဒ |
| ဤ | ဏ | တ | ထ | ဒ |
| ဥ | န | ပ | ဖ | ဗ |
| ဦ | မ | ယ | ရ | လ |
| ဧ | ဝ | ဗ | သ | ဟ |



www.burmeseclassic.com

www.burmeseclassic.com



## လူမိုး(ပညာရေး)

# ဘုရင်ခံဆာဟာကုတ်ဘတ္တလာ ယွန်းခင်ခင်

ကိုလိုနီခေတ် မြန်မာ့ပညာရေး သမိုင်းနှင့်ဆက်နွယ်နေသော ဗြိတိသျှ အမျိုးသား ဘုရင်ခံတစ်ယောက်၏ အကြောင်း ဆောင်းပါးတစ်စောင်ကိုရေး ပါဟုဆိုလျှင် ဆာဟာကုတ်ဘတ္တလာ အကြောင်းရေးရပါလိမ့်မည်။ အမှန်အား ဖြင့် ဘုရင်ခံဆာဟာကုတ်ဘတ္တလာ ကို ကျွန်တော် လူကိုယ်တိုင် မမြင်ဘူးခဲ့ ရပါ။ သူမြန်မာနိုင်ငံဘုရင်ခံအဖြစ် သက်တမ်းကုန်ဆုံး၍ ဗြိတိသျှအစိုးရ အမှုထမ်းအဖြစ် အငြိမ်းစားယူခဲ့ပြီး ခြောက်နှစ်ကြာမြင့်မှ ကျွန်တော့်ကို ဖွားမြင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ကျွန်တော် လူလူသူဖြစ်လာခဲ့သော ဒုတိယကမ္ဘာစစ်ကြီးကာလကထုတ်ဝေခဲ့ သည့် မဂ္ဂဇင်းများ၊ ဂျာနယ်များတွင်မူ သူ့ဓာတ်ပုံနှင့်သူ့အကြောင်း ဖန်တစ်ရာ တေ့အောင် ဖတ်ရှုခဲ့ရ၏။

ထိုကာလက ကျောင်းဆရာ၊ ကျောင်းဆရာမများအဖြစ် အမှုထမ်းကြ သော ကျွန်တော့်ဦးလေးများ၊ အစ်မများ ကလည်း သူ့အကြောင်းကို ပြောမဆုံး အောင် တောသုံးထောင်ဖြစ်အောင် ပြောခဲ့ကြပါသည်။ ကျွန်တော်မူလတန်း ကျောင်းသားအရွယ် ဒုတိယတမ္ဘာစစ် ကြီးခေတ် ရန်ကုန်သို့အလည်ရောက်ခဲ့ စဉ်က တက္ကသိုလ်ချုန်ဆလာလမ်းထိပ် (ယခု ဘွဲ့နှင်းသဘင်လမ်းထိပ်) တွင် လမ်းကြီးတွင် ဆာဟာကုတ်ဘတ္တလာ ကြေးရုပ်ကြီးကိုတွေ့ခဲ့ရ၏။ (ဂျပန်ခေတ် တွင် ထိုကြေးရုပ်တုအား ပြောင်းရွှေ့ခြင်း ခဲ့သည်သိရ၏။) မှတ်တမ်းများအရ ဆာဟာကုတ်ဘတ္တလာသည် ဗြိတိသျှ တို့၏အိန္ဒိယအင်ပါယာကြီးတွင် (၃၇) ဦး တိုင်တိုင် အမှုထမ်းရွက်သွားသောပုဂ္ဂိုလ် တစ်ဦးဖြစ်ပါသည်။

ဆာဟာကုတ်ဘတ္တလာကို ခရစ်နှစ် ၁၈၆၉ခု ဩဂုတ်လ ၁ ရက်နေ့တွင် အင်္ဂလန်နိုင်ငံတွင် ဖွားမြင်ခဲ့သည်။ မိသား များမှာ ထိုစဉ်က အင်္ဂလန်နိုင်ငံတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော စပင်ဆာဘတ္တလာမိသားစုမှဖွားမြင်သော

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ ကိုလိုနီနိုင်ငံများ၏ ပညာရေး တိုးတက်အောင် ဖွင့်ဆောင်မှုတွင် ထို နိုင်ငံများ၏ ယဉ်ကျေးမှုစာပေနှင့် ရေး ထုံးစံများကို လေးစားစိတ်ဝင်စားမှုမျိုး မှာ အဆန်းမဟုတ်ဟု ဆိုရမလောက် မည်။ သူ့အား အိန္ဒိယဇွန်းတော် (India Office) ကလည်း အိန္ဒိယတိုက်ငယ်၏ ထူးခြားသော စာပေဝါသနာပါသူ ဘက်စုံလူတော်လူကောင်း အိုင်စီအက် (စ်) အရာရှိတစ်ဦးဟု မှတ်ယူထား၏။

ထိုစဉ်ကာလက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အိန္ဒိယတိုက်ငယ်၏ ပြည်နယ်တစ်နယ်ဟု သတ်မှတ်ထား၏။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ လက်ထောက် ဘုရင်ခံ (လက်ဖတင်နင်ဂါဇနာ) မှာ အိန္ဒိယဘုရင်ခံချုပ်၏ လက်အောက်ခံ ဖြစ်သည်။ ၁၉၁၅ ခုနှစ်တွင် ဆာဟာကုတ်ဘတ္တလာသည် အိန္ဒိယတိုက်ငယ်၏ ပြည်နယ်ဟု သတ်မှတ်ထားသည်။ မြန်မာနိုင်ငံ၏ လက်ထောက်ဘုရင်ခံဖြစ်လာသည်။ ထိုအချိန်က ပထမကမ္ဘာစစ်ကြီး ဥရောပတိုက်တွင်ဖြစ်ပွားနေသည့် အချိန်ဖြစ်၏။ ပြိတိသျှနှင့် မဟာမိတ်တို့၏ လက်နက်ထုတ်လုပ်ရေးတွင် ဝူဖရန် သတ္တုမှာ အထူးအရေးပါအရာရောက်ပေသည်။ ဆာဟာကုတ်ဘတ္တလာသည် သူကိုယ်တိုင် ထားဝယ်သို့သွားရောက်၍ ဝူဖရန်သတ္တုထုတ်ယူရေးအတွက် လုပ်ငန်းရှင်များကိုစည်းရုံး၍ ဆောင်ရွက်ခဲ့ရာ ဝူဖရန်သတ္တုထုတ်လုပ်ရေးတွင် ယခင်က ထုတ်လုပ်နိုင်သည်ထက် နှစ်ဆတိုး၍ ထုတ်လုပ်နိုင်ခဲ့ရာ ဆာဟာကုတ်ဘတ္တလာ၏ လုပ်ရည်ကိုင်ရည်အား ပြိတိသျှအစိုးရမှ တာဝန်ရှိသူများက လေးစားခဲ့ကြသည်။ ၁၉၁၇ ခုနှစ်တွင်မူ အိန္ဒိယနိုင်ငံ ယူနိုက်တက်ပရောဗင့်ပြည်နယ် ဘုရင်ခံအဖြစ် ပြောင်းရွှေ့ခဲ့ရပြန်သည်။

အိန္ဒိယပြည်နယ်မှ ခွဲထွက်ခဲ့ရပြီဖြစ်ရသော မြန်မာနိုင်ငံ၏ ပထမဆုံး ဘုရင်ခံအဖြစ် ဆာဟာကုတ်ဘတ္တလာသည် ၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ရောက်ရှိလာခဲ့ပြီး ဟူးကောင်းတောင်ကြားကို သွားရောက်၍ ကျေးကျွန်စနစ်ဖျက်သိမ်းရေးကို စနစ်တကျဆောင်ရွက်ခဲ့၏။ ထိုစဉ်က မှတ်တမ်းများအရ ကျွန်ပေါင်း (၄၀၀၀)ကို လွတ်ငြိမ်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်းဖြင့် နာမည်ကျော်လာသော ဆာဟာကုတ်ဘတ္တလာသည် မန်ချက်စတာတွင် ခေတ်မီသော ဘတ္တသိပ်ပံကျောင်း

ခဲ့သူ ဖြစ်၏။ ငယ်စဉ်က နာမည်ကျော်ဘရိုးကျောင်းတွင် ပညာသင်ယူခဲ့ပြီး အောက်(စ်)ဖို့(ဒ်)တက္ကသိုလ်မှ စာပေဝါရင်္ဂလာရရှိခဲ့သူဖြစ်ရကား ပညာရေးဘွင့် လည်းကောင်း၊ စာပေတွင် လည်းကောင်း စိတ်ဝင်စားသောအိုင်စီအက်(စ်) ဘုရင်ခံတစ်ယောက်ဖြစ်သည်မှာ ဘာဆန်းသလဲဟု ဆိုရမည် ဖြစ်၏။ ၁၈၉၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ယူနိုက်တက် ရောဗင်(စ်)ပြည်နယ်၏မြို့တော်ဖြစ်သော အာလာဟာဗတ်မြို့တွင် အုပ်ချုပ်ရေးအရာရှိအဖြစ် အမှုစတင်ထမ်းဆောင်ခဲ့၏။ ထို့နောက် အိန္ဒိယနိုင်ငံ အူဒါပရာဒက်(ရှ်)ပြည်နယ် မြေစာရင်းအရာရှိဖြစ်သည်။ ထိုပြည်နယ်၏ အတွင်းဝန်အလေးရာထူးကို ထမ်းဆောင်ခဲ့သူဖြစ်သ၏။

ဆာဟာကုတ်ဘတ္တလာသည် ထိုရာထူးများကို ထမ်းဆောင်ခဲ့စဉ်ကပင် ထိုပြည်နယ်များတွင် နေထိုင်သော လူမျိုးစုများ၏ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံများကို လက်တစ်ဆုံးနှိုက် လေ့လာခဲ့သူဖြစ်ရကား အိန္ဒိယတိုင်းရင်းသားအများစုက လေးစားကြည်ညိုသူ ဖြစ်လာသည်။ အိန္ဒိယတိုင်းရင်းဘာသာကို အိန္ဒိယတိုင်းရင်းသားတစ်ယောက်ကဲ့သို့ ပြောဆိုနိုင်သည်ဟု လူသိများခဲ့၏။ ထို့နောက် လက်ကနောင်းအရေးပိုင်အဖြစ်အမှုထမ်းခဲ့ရာ လက်ကနောင်မြို့အား အဘက်ဘက်က တိုးတက်အောင် ပြုပြင်မွမ်းမံခဲ့သဖြင့် လက်ကနောင်မြို့လူထုက သူ၏ကြေးရုပ်တစ်ခုကို တည်ဆောက်ခဲ့သည်။ ဤသို့အိန္ဒိယပြည်သူလူထုလေးစားသူဖြစ်လာခဲ့ရာမှ အမှုထမ်းသက် တစ်ဆယ့်ရှစ်နှစ်တွင် အိန္ဒိယအစိုးရ၏ နိုင်ငံခြားရေးအတွင်းဝန်ဖြစ်လာသည်။

ထို့နောက် အိန္ဒိယဘုရင်ခံချုပ်၏ အတိုင်ပင်ခံကောင်စီအဖွဲ့တွင် ပညာရေးနှင့်ပတ်သက်သည့် မူဝါဒရေးဆွဲရေးနှင့် ပညာရေးစနစ်အား ခေတ်မီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် တာဝန်ယူခဲ့ရာမှ ထင်ပေါ်ကျော်ကြား လူသိများလာသည်။ ဗြိတိသျှအစိုးရ ကိုလိုနီအုပ်ချုပ်ရေးယန္တရားကြီးအား လည်ပတ်အောင် ဆောင်ရွက်ကြရသော အိုင်စီအက်(စ်) အရာရှိကြီးများတွင် ဆာဟာကုတ်ဘတ္တလာမှာ ထူးထူးခြားခြားအောက်စဖို့(ဒ်)တက္ကသိုလ်ကျောင်းတိုက်ကြီးမှစာပေပါရဂူရခဲ့သောအရာရှိတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

တိုက်ကြီးတည်ဆောက်ရန် စီမံခဲ့သည်။ ထိုတက္ကသိုလ်ကျောင်းတိုက်ကြီး တည်ဆောက်ဖို့ ရန်ပုံငွေထည့်ဝင်လှူဒါန်းရန် မေတ္တာရပ်ခံချက်ကို သူကိုယ်တိုင် လက်မှတ်ထိုး၍ ဖြန့်ဝေခဲ့သည်။ ဤကဲ့သို့ ဘုရင်ခံဆာဟာကုတ်ဘတ္တလာကိုယ်တိုင် လက်မှတ်ထိုး၍ မေတ္တာရပ်ခံသော ကြေညာကို ထိုစဉ်က ထုတ်ဝေသော သတင်းစာများ၊ ကျာနယ်များကလည်း ကျယ်ကျယ်ပြန့်ပြန့် ရေးသား ဖော်ပြခဲ့သဖြင့် မြန်မာတစ်နိုင်ငံလုံး သိမ့်သိမ့်လှုပ်ခဲ့သည်။ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများရှိ လုပ်ငန်းရှင်များ၊ ငွေရှင်းကြေးရှင်များက မိမိတို့တတ်နိုင်သလောက် အလှူငွေထည့်ဝင်ခဲ့သည်။

ထိုကာလက မြန်မာ့ရေနံလုပ်ငန်းကိုလက်ဝါးကြီးအုပ်ထားခဲ့သော ဘီအိုစီ ရေနံထုတ်လုပ်ရေးကုမ္ပဏီနှင့် သစ်ကုမ္ပဏီများတွင် ကြီးငါးကြီးဟု နာမည်ကျော်ကြားလှသိများသော သစ်ကုမ္ပဏီကြီးများဖြစ်သည့် ဘုံဘောဘားမားထရိတ် ကော်ပိုရေးရှင်းလီမိတက်ကုမ္ပဏီ၊ စတီးဘရားသားသစ်ကုမ္ပဏီ၊ ဖူးကားသစ်ကုမ္ပဏီ၊ မဂ္ဂရီကာသစ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် တီဒီဖင်လေသစ်ကုမ္ပဏီကြီးများကလည်း အထိုက်အလျောက်ထည့်ဝင်ခဲ့ကြသော်လည်း လိုအပ်သောငွေ မရရှိခဲ့ပေ။

ဤတွင် ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာလက်အောက်တွင်အမှုထမ်းကြသော တိုင်းမင်းကြီးများ၊ (တိုင်းအုပ်ချုပ်ရေးအရာရှိ)၊ အရေးပိုင်များ၊ (ခရိုင်အုပ်ချုပ်ရေးမှူးများ)၊ နယ်ပိုင်များ၊ မြို့ပိုင်များ၊ ပုလိပ်(ရဲ)ဌာနာမှ ခရိုင်ရာဇတ်ဝန်များ (ခရိုင်ရဲမှူး) များနှင့် အခြားဌာနများမှ အင်္ဂလိပ်အရာရှိများသည် ထိုရန်ပုံငွေရရှိရေးအတွက် ချက်ချင်းအစီအစဉ်များပြုလုပ်ခဲ့ကြတော့သည်။ ထိုအစီအစဉ်မှာ အာဝါဒေးပွဲတော်များဟု ကျင်းပပြီး ကစားဝိုင်းများဖွင့်ကာ ရန်ပုံငွေရှာခဲ့ကြသဖြင့် လိုအပ်သောရန်ပုံငွေရရှိခဲ့သော်လည်း ထိုကစားပွဲများကျင်းပသည့်ရက်များအတွင်းနှင့် ကျင်းပပြီးရက်များနောက်တွင် ဦးမှုဖောက်ထွင်းမှုလုယက်မှု၊ ဓားပြတိုက်မှု၊ ပြန်ပေးဆွဲမှုများဖြစ်ပွားလာခဲ့သည်။ ကစားဝိုင်းများကြောင့် ကျေးလက်ဒေသနှင့် မြို့ပေါ်မှ လူကြီးလူငယ်အချို့မှာ ကစားဝိုင်းများကြောင့် မွဲပြာကျသွားကြပြီး လူဆိုး၊ သူခိုးဘဝရောက်သူတွေ လက်ဆစ်ချိုးရေတွက် မရအောင်ရှိခဲ့၏။ သို့ဖြစ်၍ အမျိုးသားရေးရှေ့ထောင့်က ကြည့်သူမြင်သူအများကမူ ထိုကိစ္စနှင့်ပတ်သက်၍ အပြစ်တင်ဝေဖန်ခဲ့ကြ၏။

အချို့ကမူ ဆာဟာကုတ်ဘတ္တလာသည် မြန်မာလူမျိုးတို့၏ တွေးခေါ်မြော်မြင်မှုကို နားလည်သည်သာမက မြန်မာလူမျိုးတို့၏ သဘောထားဘက်မှ ရပ်တည်လိုသောဆန္ဒရှိသည်ဟု ယူဆကြ၏။ မြန်မာလူမျိုးတို့၏ စာပေနှင့် ရှေးဟောင်းယဉ်ကျေးမှုဖော်ထုတ်ရေးကိုလည်း အားပေးခဲ့သည်။ မြန်မာနိုင်ငံသုတေသနအသင်းအား ထူးထူးခြားခြား အားပေးခဲ့သည်သာမက သူကိုယ်တိုင် ဦးစီးနာယကအဖြစ် ဆောင်ရွက်ခဲ့သော ကော်မတီတစ်ခုသည် မြန်မာနိုင်ငံတွင် ထူးထူးခြားခြား ထင်ပေါ်သော ပုဂ္ဂိုလ်ကျောင်းများ၏အတ္ထုပ္ပတ္တိကို ရေးသားပြုစု၍ "Who's who in Burma" ထုတ်ဝေခဲ့သည်။ ထိုစာအုပ်အမှာစာကို သူကိုယ်တိုင်ရေးသားခဲ့သည်ဟု သိရ၏။ မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာနိုင်ငံအကြောင်း စာတစ်စောင်ပေတစ်ဖွဲ့ ရေးကြသည့် အနောက်တိုင်းသား စာရေးဆရာကြီးများကိုလည်း ဆာဟာကုတ်ဘတ္တလာသည် များစွာအကူအညီပေးခဲ့ရာ ဤသူသည် မြန်မာခရေတုံးစံနှင့် မြန်မာတို့၏ ချစ်စဖွယ်ဆက်ဆံရေးကို ကမ္ဘာကသိစေအောင် ဆောင်ရွက်ခဲ့သူ တစ်ဦးဟုလည်း အချို့က ယူဆခဲ့ကြသည်။

အချို့ကမူ ကမ္ဘာ့အလယ်ပိုင်းတွင် ထင်ရှားစေခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးအား ဘက်စုံတိုးတက်အောင်ဆောင်ရွက်ခဲ့သူဟုမှတ်ယူခဲ့ကြရကား သူမြန်မာနိုင်ငံဘုရင်ခံဘဝမှ အငြိမ်းစားယူ၍ အင်္ဂလန်နိုင်ငံသို့ပြန်ရန် ပြင်ဆင်နေချိန်မှာပင် သူ့ကြေးရုပ်ကြီးထုလုပ်၍ ရန်ကုန်တက္ကသိုလ် ချန်ဆလာလမ်း (ဘွဲ့နှင်းသဘင်လမ်း) နှင့် မျက်နှာချင်းဆိုင်ရှိ မြေကွက်လပ်ကြီးပေါ်တွင် တည်ထားခဲ့ပြီး ကြေးရုပ်ဖွင့်ပွဲအခမ်းအနားကို ခမ်းခမ်းနားနား ပြုလုပ်ခဲ့ကြသည်။ ထိုစဉ်က သတင်းမီဒီယာအချို့ကမူ ဗြိတိသျှတို့၏ နေမဝင်သော အင်ပါယာကြီးကို တည်တံ့အောင်ကြိုးစားခဲ့သူ တစ်ဦးအား အမှတ်တရဖြစ်စေရန် ဗြိတိသျှအလိုတော်ရိများက စီမံဆောင်ရွက်သည်ဟု စွပ်စွဲဝေဖန်ခဲ့ကြသည်။ မှန်ပါသည်။ ဆာဟာကုတ်ဘတ္တလာသည် ထိုကာလက မိုးကျွေ့ကိုယ်ဟု ကင်ပွန်းတပ်ခံရသော အိုင်စီအက်(စ်) ဗြိတိသျှအရာရှိတစ်ဦးဖြစ်သော်လည်း မြန်မာ့ယဉ်ကျေးမှုမြန်မာဓလေ့၊မြန်မာကိုးကွယ်မှုဘာသာများကို လေးစားသည်။ မြန်မာလူမျိုးတို့အား ခေတ်မီတိုးတက်သော အမြင်ရှိစေလိုသူ၊ မြန်မာနိုင်ငံအကြောင်း ကမ္ဘာကသိစေလိုသော ပြုရှိကရာ ဘုရင်ခံတစ်ဦးဖြစ်သည်ကိုမူ အထောက်ထားရမည်ဖြစ်၏။

ဤနေရာတွင် ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့်ပတ်သက်၍ မှတ်မှတ်ရရ ရေးသားဖော်ရန်လိုလာပါသည်။ အကြောင်းမှာ စစ်ကြိုခေတ်က ဟိုးတုန်းကျော်ခဲ့သော မြန်မာ့သမိုင်းရထားသော ခေတ်နောက်ခံ The Lacquer Lady (ယွန်းခင်ခင်)ဝတ္ထုအကြောင်း ဖော်ပြမည် ဖြစ်ပါသည်။ ယွန်းခင်ခင်ဝတ္ထုနှင့် ထိုဝတ္ထုကိုရေးသားသူ စာရေးဆရာမကြီး တင်နီဆင်ဂျက်စီအကြောင်း မိတ်ဖွဲ့ပေးရန်မလိုဟု ဆိုရပေတော့မည်။ အာဏာကြောင့်ဆိုသော် ထိုဝတ္ထုအား စစ်ကြိုခေတ်က နာမည်ကျော်စာရေးဆရာများ ငွေမျှားက 'စုဖုရားလတ်' အမည်ဖြင့် ဘာသာပြန်ဆို ထုတ်ဝေခဲ့ပြီး ထိုစာအုပ်ပင် စာရေးဆရာကြီးမောင်သာထွန်းက 'ယွန်းရုပ်နတ်မယ်' အမည်ဖြင့် တိုက်ရိုက်မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်ပါသည်။ ထိုဝတ္ထုကိုပင် ကွယ်လွန်သူ စာရေးဆရာကြီး ဆရာမြသန်းတင့်က 'ချစ်သောယွန်းခင်ခင်' အမည်ဖြင့် လုံးစေ့ပတ်စေ့ မြန်မာဘာသာပြန်ဆို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံတကာမှ စာပေအကဲခတ်သူအများကမူ မြန်မာ့သမိုင်းနောက်ခံဝတ္ထုများတွင် သမာဓိမတ်အကျဆုံး သမိုင်းနောက်ခံဝတ္ထုတစ်ပုဒ်ဖြစ်သည်သာမက ထိုဝတ္ထုတွင် ပါဝင်သော ဇာတ်ဆောင်များအားလုံးသည် လက်ထက်တော်လေးဟု နာမည်ကြီးခဲ့သော ရတနာပုံခေတ်က အမှန်တကယ်ရှိခဲ့သောပုဂ္ဂိုလ်များဖြစ်ကြသည်ဟု ဆိုသည်။

ဤယွန်းခင်ခင်ဝတ္ထုကိုရေးသားသူ တင်နီဆင်ဂျက်ဆီမှာ မစ္စ(စ်)ဟာဝို(ဒ်) မတ်(သ်)ဟာဝု(ဒ်)ဆိုသူ၏ ကလောင်အမည်ဖြစ်၏။ အမှန်အားဖြင့် သူသည် ကဗျာပြဇာတ်နှင့် ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများရေးသားသူ စာရေးဆရာမကြီးတစ်ဦးသာဖြစ်၏။ ယခင်က သမိုင်းနောက်ခံဝတ္ထုများရေးသားခြင်းမရှိခဲ့။ မြန်မာ့သို့ သွားရောက် လည်ပတ်၍ ကဗျာများ ပြဇာတ်များရေးရန်ကုန်ကြေးအရှာထွက်လာခဲ့သည်။ သူသည် ဤစဉ်က မြန်မာ

www.burmeseclassic.com

ဦးဘုရင်ခံဆာဟာကုတ်ဘတ္တလာနှင့် ဆက်ဆံရေးနှီးနှဲသူဖြစ်ရာ ဘုရင်ခံ၏အထူးအပ်သည်တော်အဖြစ် တည်းခိုနေခဲ့သည်။ စာပေဝါသနာပါသူ ဘုရင်ခံဆာဟာကုတ်ဘတ္တလာသည် စာရေးဆရာမကြီးတင်နီဆင်ဂျက်ဆီအား ရတနာပုံနေအိမ်ခံ ဖြစ်ရပ်မှန် သမိုင်းဝတ္ထုရှည်တစ်ပုဒ်ရေးသားရန် တိုက်တွန်းခဲ့သည်အထိ ထိုဖြစ်ရပ်အကြောင်းကိုလည်း ဆာဟာကုတ်ဘတ္တလာကပြောပြခဲ့သည်။

သူ၏ခွင့်ပြုချက်အရ ရန်ကုန်ရှိ ပြည်သူ့ရုံးတော်မှ မှတ်တမ်းများ၊ ဖိုင်တွဲများ သုတ်ရှိုးများ၊ အရပ်သတင်းပေးများ ရရှိတနာပုံခေတ်အကြောင်းပေးပို့သည့် အင်္ဂလိပ်ခံစာများကို အေးအေးဆေးဆေး ဖတ်လာခွင့်ပြုခဲ့သည်သာမက မှတ်ယူခွင့်ပြုသည်းပြုခဲ့သည်။ ဤတွင် စာရေးဆရာမကြီး တင်နီဆင်ဂျက်ဆီသည် အထက်ဖော်ပြပါ 'ယွန်းခင်ခင်' ဝတ္ထုကို ရေးသားရန် စိတ်ဝင်စားလာခဲ့သည်။ ဆာဟာကုတ်ဘတ္တလာ၏ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ထိုကာလက မြန်မာ့နေရာပါရဂူဟု စာပေပညာရှင်များက အသိအမှတ်ပြုထားသော ဆာဂျော့စကော့နှင့်ဆာသာကယ်ဒီတို့ထံမှလည်း ယင်းဝတ္ထုကြီးရေးရန် အခွင့်အလမ်းများရရှိခဲ့၏။

ရတနာပုံခေတ်က နာမည်ဆိုးဖြင့် ပြောင်ကျော်ခဲ့ရသော သီပေါမင်း၏ ဘုရားကြီးစုဖုရားလတ်၏ နန်းတွင်းအပျို ဆယ်များထဲမှ ကုလားဝန် မစ္စစ်ဟိုဆာမန္ဒတ်နှင့် မတ်တီးယားကာလိုဂရီဒီ ဆယ်တို့ကိုလည်း ကိုယ်တွေ့မေးမြန်းသွားနိုင်ခဲ့သည်။ ထို့အပြင် ဘုရင်ခံဆာဟာကုတ်ဘတ္တလာ၏ စီစဉ်ပေးမှုကြောင့် ထိုစဉ်က တရားလွှတ်တော်ချုပ်တွင် ဥပဒေအကျိုးဆောင်အဖြစ်ဆောင်ရွက်နေသူ မစ္စတာရောဒနီဆွင်ဟိုးဆိုသူနှင့်တွေ့ဆုံခွင့်ရခဲ့၏။ ထိုရှေ့နေမစ္စတာဆွင်ဟိုးမှာ 'ယွန်းခင်ခင်' ဝတ္ထု၏ အဓိကဇာတ်ကောင်ဖြစ်သော ဖန်နီ (Fanny) ၏အတွင်းရေးပြဿနာများကို မှတ်တမ်းပြုစုထားခဲ့သူဖြစ်ရာ ထိုအချက်အလက်များကို တစ်နေ့တွင် သမိုင်းနောက်ခံဝတ္ထုအဖြစ် ရေးသားမည်ဟု မျှော်လင့်ထားခဲ့၏၊ သို့သော် အကြောင်းကြောင်းကြောင့် ထိုဝတ္ထုကို မစ္စတာရောဒန်ဆွင်းက မရေးဖြစ်ခဲ့။ သို့ဖြစ်၍ ထိုမှတ်တမ်းများကို တင်နီဆင်ဂျက်ဆီအားပေးခဲ့သည်။ ထိုမှယွန်းခင်ခင်ဝတ္ထုထွက်ပေါ်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ယွန်းခင်ခင်ဝတ္ထု ထွက်ပေါ်လာရခြင်းသည် မြန်မာပြည်ဘုရင်ခံဆာဟာကုတ်ဘတ္တလာ၏ ကြိုးပမ်းမှုပါသည်ဟုဆိုရမည် ဖြစ်၏။

ထိုဝတ္ထုကို စာရေးဆရာမကြီးတင်နီဆင်ဂျက်ဆီသည် ရေးသားပြုစုခဲ့ပြီး ၁၉၂၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ရာ ထိုကာလက သောက်သောက်လဲရောင်းချခဲ့ရသော စာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။ အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရပြီး နိုင်ငံတကာမှ မြန်မာနိုင်ငံအကြောင်း ရေးသား ပြုစုကြသော စာပေပညာရှင်များက အထူးတလေးတစား ချီးကျူးခြင်းခံရသည်။ သမိုင်းနောက်ခံဝတ္ထုတစ်ပုဒ်ဟု ဆိုရမည်ဖြစ်သော်လည်း ထိုဝတ္ထုထဲတွင် ပါဝင်သော ဇာတ်ဆောင်အများမှာ အကြောင်းကြောင်းကြောင့် နာမည်အစစ်အမှန်ထုတ်ဖော်ရေးသားခြင်းမပြုခဲ့သော်လည်း ထိုဇာတ်ဆောင်များမှာ အမှန်တကယ် သက်ရှိထင်ရှားသူများဖြစ်ကြသည်။

မှန်ပါသည်။ ယွန်းခင်ခင်သည် ရတနာပုံခေတ် နန်းတွင်းအပျိုတော်မတ်တီးယားကာလိုဂရီဒီ၏ ကိုယ်ရေးအကြောင်းအရာဖြစ်သည်။ ယွန်းခင်ခင်ဝတ္ထုတွင်မူ ဖန်နီအမည်ခံ ဇာတ်ဆောင်အဖြစ် ဖော်ပြခဲ့ပါသည်။ သူသည် ဂရိလူမျိုးနှင့် မြန်မာအမျိုးသမီးမှ ဖွားမြင်ခဲ့သူဖြစ်၏။ အင်္ဂလန်နိုင်ငံတွင် ပညာအတော်အသင့် သင်ယူခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လာခဲ့ပြီးနောက် မင်းတုန်းမင်းလက်ထက်တော်ကြီးအခါကပင် ဆင်ဖြူမရှင်မိဖုရားကြီး၏ အဆောင်တော်တွင်း နန်းတွင်းအပျိုတော်အဖြစ်ခစားရသူဖြစ်၏။

စုဖုရားလတ်၏ အတိုင်ပင်ခံလက်စွဲအပျိုတော်ဖြစ်လာသဖြင့် ရတနာပုံခေတ်နန်းတွင်းအရေးဟူသမျှကို လက်တစ်ဆုံးနှိုက်လေ့လာထားသူ၊ ခရေစေ့တွင်းကျသိသူဖြစ်၏။ ဤတွင် နန်းတွင်းသို့ ဝင်ထွက်သွားလာနေသော ပြင်သစ်နိုင်ငံသား ဘွန်ဗီလျှံနှင့် ချစ်ခင်ကြရာမှ လူမသိသူမသိ ဇနီးမောင်နှံဖြစ်ခဲ့၏။ ထို့ကာလက ပြင်သစ်အစိုးရသည် အထက်မြန်မာနိုင်ငံတွင် မန္တလေးမြို့တော်မှ တောင်ငူမြို့အထိ မီးရထားလမ်းဖောက်ရေး၊ ကျောက်တွင်းများတူးရန်အရေးနှင့် ဘဏ်တိုက်များဖွင့်ရန် ထိုမြန်မာအစိုးရနှင့် စီစဉ်ဆောင်ရွက်နေသည်အချိန် ဖြစ်သည်။ ထိုကိစ္စရပ်များကို ပြင်သစ်အထောက်တော်များ သိရှိခြင်းမရှိရန် လျှို့ဝှက်ထားခဲ့ကြသည်။ ပြင်သစ် အထောက်တော်များသည် မြန်မာအစိုးရနှင့် ပြင်သစ်အစိုးရတို့၏ဆက်ဆံရေးကို စောင့်ကြည့်နေကြ၏။

ဤလုပ်ငန်းများအောင်အောင်မြင်မြင် ဖော်ရေးအတွက် အလှူငွေကောက်ခံရန် ဘွန်ဗီလျှံသည် ပြင်သစ်နိုင်ငံပါရီသို့ ခေတ္တပြန်သွားခဲ့ရာမှ အပြန်တွင် ဘွန်ဗီလျှံသည် ပြင်သစ်သူတစ်ဦးအား လက်ထပ်ထိမ်းမြားခဲ့၍ ရတနာပုံနေပြည်တော်သို့ခေါ်ခဲ့သည်။ သီပေါမင်း၏ မိဖုရားကြီးစုဖုရားလတ်၏ လက်စွဲအပျိုတော် ဖန်နီကို အဆက်ဖြတ်ခဲ့သည်။ ဤတွင် ဖန်နီခမျာ သောကဝေဒနာအဖြာဖြာခံစားလာခဲ့ရ၏။ ဘွန်ဗီလျှံ၏ လုပ်ငန်းအားလုံးအား ပျက်ပြားစေရန် ကြံစည်သည်။

ဖန်နီသည် ကင်းဝန်မင်းကြီး၏ ဘာသာပြန်စာရေးတော်၏ အကူအညီဖြင့် ပြင်သစ်အစိုးရနှင့် မြန်မာအစိုးရတို့ချုပ်ဆိုသောစာချုပ်၊ မိတ္တူများကိုကူးယူ၍ ထိုစဉ်က ဗြိတိသျှအစိုးရအထောက်တော်ဖြစ်သူ အီတလီအမျိုးသား ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီနှင့် ဗြိတိသျှအမျိုးသားပိုင် ဘုံဘောဘားမားထရိတ်ဒင်းကော်ပရေးရှင်းလီမိတက်၊ သစ်ကုမ္ပဏီကိုယ်စားလှယ် အန်ဒရီနိုလက်သို့ ပေးအပ်လိုက်သည်။ ဤတွင် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ထားပြီးဖြစ်သော ဗြိတိသျှတို့အဖို့ ပြင်သစ်တို့ထက် လက်ဦးမှုယူရန် အကြောင်းရှာခဲ့ရာ ဘုံဘောဘားမားသစ်ကုမ္ပဏီကိစ္စကို အကြောင်းပြု၍ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရတော့၏။

ဤဖြစ်စဉ်ကို စာရေးဆရာမကြီးတင်နီဆင်ဂျက်ဆီက သူ၏ဝတ္ထုရေးနည်းအတတ်ပညာဖြင့် 'ယွန်းခင်ခင်' အမည်ဖြင့် သမိုင်းနောက်ခံဝတ္ထုကြီးကိုရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ထိုဝတ္ထုတွင် စာရေးဆရာမကြီးသည် ဘုရင်ခံဆာဟာကုတ်ဘတ္တလာအား ရည်ညွှန်းပါသည်ဟု ရေးသားခဲ့ပါကြောင်း။

လှခိုး (ပညာရေး)

ကျမ်းကိုး -

၁။ The Lacquer Lady
By - T.Jesse

၂။ Mandalay The Golden
By - E.C.V Foucar



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ စွေးကွက်စီးပွားရေးကာလကို ရောက်ရှိလာသည်။

ထို့အခါ -

မြန်မာနိုင်ငံသားတို့အနေနှင့် ယခင်က မကြားဘူး၊ မကြုံဘူး၊ အိပ်မက်ပင် မမက်ဘူးကြသော နိုင်ငံတွင်းရှိ မြေပေါ်၊ မြေအောက် သယံဇာတသဘာဝပစ္စည်းများသည် နိုင်ငံခြားသားတို့ မျက်စိထဲတွင် ငွေခဲချည်းမြင်လာကြသည်။

ထို့ကြောင့်လည်း တောတောင်ရေမြေပင်လယ်သမုဒ္ဒရာထဲရှိ သယံဇာတသဘာဝပစ္စည်းများကို နိုင်ငံခြားသားတို့သည် ကုမ္ပဏီကြီးငယ်များဖွင့်ကာ အပြိုင်အဆိုင် အလုအယက် ဝယ်ယူလာကြသည်။

ရေထဲက သားငါးပုစွန်၊ ကဏန်း၊ မိကျောင်းများအပြင် ကမ်းလွန်ပင်လယ်သားများ ဘိုးစဉ်ဘောင်ဆက် စားရကောင်းမှန်းမသိခဲ့ကြသော ပင်လယ်ရေခူများကိုပင် ဒိုင်ဖွင့်၍ ဝယ်လာကြသည်။ ရေခူများကိုသာမက ပင်လယ်ထဲမှ ခရု၊ ပေါင်း၊ ယောက်သွားအသေ၊ အရှင်အခွံများနှင့် ကျောက်ပွင့်၊ ကျောက်မွတ်၊ ကျောက်ကြီး၊ ကျောက်ခက်၊ ငြင်းကောင်အကြီး၊ အသေးပါမကျန် သဲကြီးမဲကြီး ဝယ်လာကြသည်။

ကုန်းပေါ်ဆိုလျှင်လည်း မန်ကျည်းစေ့၊ ကုက္ကိုစေ့၊ ဆီးစေ့၊ စံပန်းစေ့၊ တမာသီး၊ ခုံညင်းဖိုး၊ မြို့မျိုးစုံအထိ ဝယ်ယူကြသည်။

တောတိရစ္ဆာန်များအနေကလည်း ကျား၊ ကျားသစ်၊ ဝက်ဝံ၊ မြွေ၊ လိပ်၊ ငြေပါ၊ တောက်တဲ့၊ သင်းခွေချပ်၊ သစ်ခွေး၊ တောခွေး၊ ခွေးအ၊ ခွေးတူဝက်တူ၊ ချေ၊ ဆတ်၊ သမင်၊ ဖွတ်၊ အရိုး၊ အရေ၊ သည်းခြေနှင့် ငှက်မျိုးစုံတို့ကိုပါ ရသမျှ အကုန်စုဝယ်လာကြသည်။

ထို့အခါ မြန်မာပြည်မှာ ငွေတွေချည်းဖြစ်လာကြသည်။

ထို့ပြင် မဟာမြို့ကြီးနားရှိ ရွာများသို့ ကြိမ်အဝယ်တော်များရောက်လာကြပြန်လေသည်။ (၆) ပေရှည် ကြိမ်တစ်ပိုင်းကို ငါးကျပ်၊ တစ်ဆယ်၊ ဆယ့်ငါးကျပ်အထိ သူ့စျေးနှင့်သူပေးဝယ်လာကြ၏။ ကြိမ်ဆိုလျှင်လည်း ကြိမ်နီ၊ ကြိမ်ဝါ၊ ဖိုးခေါင်ကြိမ်၊ မျောက်ကြိမ်၊ ကြက်ဥကြိမ်၊ နွယ်ကြိမ်။ ကြိမ်ဆိုလျှင် လက်သန်းလက်မ ဖြတ်ကြိမ်ကအစ အားလုံးကို ဝယ်ကြ၏။

ထို့အခါ တောနားတောင်နားရှိ ဒေသခံများမှာ မိုးလင်းသည်နှင့် ကြိမ်ရှာရန်၊ ကြိမ်ခုတ်ရန် ဓားဆွဲ၍ တောတက်ကြတော့၏။ ရသမျှသောကြိမ်ပင်အကြီး၊ အသေးများကို ရွာထဲရှိ အဝယ်တော်များဆီတွင် ရောင်းချ၍ အပိုဝင်ငွေရကုန်ကြ၏။

တစ်စတစ်စနှင့် ရွာနားဝန်းကျင် တောကောင်ထဲ၌ ကြိမ်ပင်၊ ကြိမ်တောများပြုန်းတီးသွားရာ လယ်ထဲယာထဲဝင် သလို စားအိုးစားခွက်များနှင့် အစုလိုက်အဖွဲ့လိုက် တောထဲတွင် တဲထိုး၍ ကြိမ်ခုတ်ထွက်ကြသည်။

ယောကျ်ားကြီးတစ်ယောက်တစ်နေ့ ကြိမ်ခုတ်ရငွေမှာ သုံး၊ လေးရာခန့်ရှိသဖြင့် ဒေသခံများအနေနှင့် ကြိမ်ခုတ်လုပ်ငန်းကို ပို၍မက်မောလာကြသည်။ တစ်မိုး၊ တစ်နွေ လယ်လုပ်ယာလုပ်သည် ထက်ပင်ဝင်ငွေကောင်းနေကြလေသည်။

❑

စခန်းတဲနှင့်မနီးမဝေးရှိ အနောက်ဘက် စမ်းချောင်းနား တောထဲတွင် ဦးကြီးထွန်းနှင့် စံသိန်းတို့သည် ကြိမ်ပင်၊ ကြိမ်ပုတ်တွေကို လိုက်ရှာနေကြသည်။ မကြာမီ ကြိမ်ပုတ်တစ်ပုတ်ကို တွေ့၏။ ထို့ကြိမ်ပုတ်တွင် ကြိမ်နီဆယ်ပင်ခန့်ပင် ရှိ၏။

ကြိမ်နီပုတ်နှင့်အနီးဆုံး သပြေပင်ကြီးတစ်ပင်၌ ရေဘူးကိုသွားချိတ်မည်ပြုလုပ်နေစဉ် သပြေပင်ပေါ်ကို အမှတ်တမဲ့ မော့ကြည့်လိုက်ရာ သပြေပင်ပေါ်တွင် ရေအိုးနီးနီးရှိ အလုံးကြီးတစ်လုံးကို လှမ်းမြင်လိုက်ရသည်။ ထို့ကြောင့် စံသိန်းက ဦးကြီးထွန်းကို လှမ်းခေါ်လိုက်၏။

"ဦးကြီး - ခဏ၊ ခဏ"

တောကျွဲမ်းတောင်ကျွဲမ်းသောဦးကြီးထွန်းက အသံမပြုဘဲ စံသိန်းနား ရောက်လာ၏။

"ဦးကြီးထွန်း၊ ဒီအပင်ပေါ်မှာ အလုံးကြီးတစ်လုံးဗျ။ သပြေပင်တွေမှာ ဒီလောက်ကြီးတဲ့ ကျိုးပေါင်းထုပ်လည်း ကျွန်တော် မတွေ့ဘူးလို့"

စံသိန်းပြောသော သပြေပင်ပေါ်က အလုံးကြီးဆိုသည်ကို ဦးကြီးထွန်းလည်း သေသေချာချာကြည့်၏။

ခါချဉ်ထုပ်လည်း မဖြစ်နိုင်။ ခါချဉ်ထုပ်ဆိုလျှင် အရွက်ဖျားတွေကို လုံးစုရ၍ သူတို့ပါးစပ်က အစေးနှင့်ကပ်ကာ အိမ်ဖွဲ့အထုပ်လုပ်တတ်သည်။ သို့သော် နောက်တစ်ကြောင်းက ခါချဉ်ထုပ် ဤမျှကြီးသည်ကိုလည်း တောတောင်မှာ ကြီးလာသော ဦးကြီးထွန်း တစ်ခါမှ မမြင်ဘူး။

ရေအိုးနီးပါးရှိသော အလုံးကြီးသည် လူနှစ်ရပ်ကျော်ကျော်မြင့်သော သပြေပင်ခွကြား၌ရှိနေသည်။

"ပျားအုံများလားကွ"

"ပျားအုံဆိုရင် အုံပေါ်မှာ ပူးကောင်တွေ မြင်ရမှာပေါ့။ အဲ့အလုံးကြီး



www.burmeseclassic.com

www.burmeseclassic.com

သူရဖြူမဂ္ဂဇင်း
အတွဲ (၁၆) အမှတ် (၄) ၊ ၂၀၁၆ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

နားမှာ ဘာပျားကောင်မှမရှိဘူး ဦး။ ပြီးတော့ ကျီပေါင်းလုံးလည်းမဟုတ်၊ ခါချဉ်ထုပ်လည်းမဟုတ်ဘူး။ ကျွန်တော် သေသေချာချာကြည့်ပြီးပြီဗျ။ မြေလုံးလုံးကြီးပဲ ဦးကြီးရယ်။ ပဒုံ (ပျားတူ) အိမ်ကြီးလားဗျ"

"မင်းအဘ - ပဒုံ (ပျားတူ) က မြေကြီးထဲပဲ ကျင်းနဲ့နေတာ။ ဘယ်နှယ် သစ်ပင်ပေါ် အိမ်လာဖွဲ့မှာလဲ။ ပြီးတော့ ပဒုံ(ပျားတူ)အုံဆိုရင် ပဒုံကောင်တွေမြင်ရမှာပေါ့။ နကျယ်အုံများလား"

"ဦးကြီးကလည်း၊ နကျယ်အိမ်က ဒီလောက်ကြီးမလားဗျ"

"တောကြီးနကျယ်ကောင်တွေဆို ကြီးချင်ကြီးမှာပေါ့ကွ။ အလုံးကြီးက မြေလုံးကြီးဆိုတော့ နကျယ်အိမ်ကလွဲပြီး တခြားဟာမဖြစ်နိုင်ဘူး"

"တောထဲမှာနကျယ်အိမ်ဒီလောက်ကြီးတာ ကျွန်တော်တော့မမြင်ဖူးဘူး"

"မင်းမမြင်ဘူးတိုင်းမရှိမပြောနဲ့။ မင်းပျားကောင်ဘယ်လောက်ကြီးကြီးထိ မြင်ဖူးလဲ"

"ပျားနသန်ကောင်ဆို လက်သန်းလောက်ရှိတာမြင်ဖူးတယ်"

"တို့ မဟာမြိုင်တောထဲက စဉ်ပျားတွေဆို အုံက လှည်းဘီးလောက်ရှိပြီး အကောင်တွေက လက်မလောက်ရှိတာ မင်းမှမမြင်ဘူးတာ"

"ဦးကြီး - ဒီမှာလည်း စွပ်ကြောင်းလိုလို၊ ဗိုက်ချပ်ရာလိုလို ပင်စည်မှာ အကြောင်းတစ်ကြောင်းဗျ"

တစ်ယောက်ဖက်လောက်ရှိသော သပြေပင်ကြီးကို လှည့်ပတ်ကြည့်နေသူ စံသိန်းက ပြောပြန်၏။

စံသိန်းပြောသည်မှာ မှန်သည်။ သပြေပင်စည်ပေါ်မှသည် အောက်မြေကြီး၊ အောက်မြေပြင်မှသည် စမ်းချောင်းရှိရာဘက် တိရစ္ဆာန်တစ်ကောင်ကောင် အခေါက်ခေါက်အခါခါသွားလာထားသော လမ်းကြောင်းရာကို တွေ့ရ၏။ ထိုလမ်းကြောင်းမှာ ပြောင်ချောနေသည်။

ပင်စည်က ခြကြောင်းမက လက်သုံးလုံးနီးပါးရှိသော လမ်းကြောင်းကို သူတို့နှစ်ယောက် သေသေချာချာကြည့်ကြသည်။ လမ်းကြောင်းပေါ်တွင် ထိသတ္တဝါသွားလာမှုခေါက်ရေများသဖြင့် သစ်ခေါက်ခွံများပင် ပြောင်ချောနေသည်။ ပြီး လမ်းကြောင်းက လတ်လတ်ဆတ်ဆတ်။ စိုနေသော မြေစင်္ကန်ခွံစလေးတွေကိုလည်းတွေ့ရ၏။ ထိုလမ်းကြောင်းသည် သပြေပင်ပေါ်ရှိ အလုံးကြီး၌ အဆုံးသတ်နေသလို မြေပြင်တွင်တော့ စမ်းချောင်းဘက်ကို ဦးတည်နေပြီး ဘယ်နေရာ၊ ဘယ်ဒေသ၌ အဆုံးရှိလိမ့်မည်ကို မသိကြချေ။

"အေးကွ၊ ထူးဆန်းတယ်။ ဒီလမ်းကြောင်းကို ကြည့်ရတာတော့ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ ဗိုက်ရှပ်ရာလမ်းကြောင်းပဲ။ ဒီလမ်းကြောင်းက ထိုအပင်ပေါ်မှာရှိတဲ့ မြေလုံးကြီးဆီမှာ အဆုံးသတ်နေတော့ အဲဒီမြေလုံးကြီးဟာ. . ."

"ဦကြီး၊ ဦးကြီး"

ဦးကြီးထွန်း၏ စကားမဆုံးမီ စံသိန်းက အထိတ်တလန့် ခေါ်လိုက်သဖြင့်-

"ဘာလဲကွ စိန်သိန်း"

"စမ်းဘက်က ကျွန်တော်တို့ဘက်ကိုလာနေတဲ့ ခြေသံလိုလိုကြားတယ်။ ဦးကြီးလည်း ကြားတယ်မို့လား။ ခုစောစောကနဲ့စာရင် ပိုကျယ်လာသလိုပဲဗျ"

ဦးကြီးထွန်းနားစွင့်လိုက်၏။

မှန်သည်။ မြေပြင်က သစ်ရွက်ခြောက်တွေကို တိုးတိုက်လာနေသလို၊ မြေပေါ်တွင် အရာဝတ္ထုတစ်ခုခုကို ခွာဆွဲယူငင်လာသလို တရှဲရှဲမြည်လာသံတစ်ခုကို ကြားကြရ၏။

ချက်ချင်းပင် နှစ်ယောက်သား သစ်ပင်နားကခွာပြီး မနီးမဝေးရှိ ကညင်ပင်ကြီးတစ်ခုခုကိုကွယ်ကာ အသံလာရာဘက် နားစွင့်ကြည့်နေကြသည်။

မကြာပါချေ။ ရှဲရှဲမြည်သံက ကျယ်လာသလို အသံရှင်ကလည်း ပေါ်လာလေသည်။

လူကြီးလက်ကောက်ဝတ်သာသာရှိသော မြွေထူးမြွေဆန်းတစ်ကောင်သည် စမ်းချောင်းဘက်မှ သူသွားလာနေကျဖြစ်သော သပြေပင်ကြီးဘက်ဆီ ဦးတည်တက်လာနေသည်။

မြွေထူးမြွေဆန်းဟု ပြောရခြင်းမှာ ထိမြွေတစ်ကိုယ်လုံးသည် တွတ်တွတ်နီနေသည်။ ပြီးတော့ ကျောရိုးတစ်လျှောက်တွင် ဆူးတောင်လေးတွေ ပါပြီး ထိပ်ပေါ်ရှိအမောက်က လက်နှစ်ဆစ်လောက်ရှည်သည်။ မြင်စကမူ ပုတ်သင်ညိုကြီးလားဟုပင် ထင်မိလိုက်ကြသေး၏။ သို့သော် ပုတ်သင်ညိုလို ခြေ၊ လက်မပါ။ ဗိုက်ရှပ်၍လာနေသလို သပြေပင်ပေါ်ကိုလည်း ဗိုက်ရှပ်၍ပင် တက်သွား၏။ ထိုအခါမှ သူတို့က မြွေမှန်းသိကြသည်။

ထိုမြွေသည် သပြေပင်ပေါ်ရှိ မြေလုံးကြီးပေါ် တက်၍ ဗိုက်ရှပ်တွား သွားနေသည်။ ကြည့်ကောင်းကောင်း နှင့် ဦးကြီးထွန်းနှင့် စံသိန်းတို့ ငေးကြည့်နေကြရာ ကွမ်းတစ်ယာညက်အခန်း လောက်မှာ လာရာလမ်းကြောင်းအတိုင်း ပြန်ဆင်းလာပြီး စမ်းချောင်းဘက်ကို ဆင်းသွားပြန်သည်။

ထိုအခါမှ ဤမြွေသည် အခြားမြွေများလို အသိုက်ကိုသစ်ရွက်သစ်ခက် နှယ်မြက်တို့နှင့်မလုပ်ဘဲ ရွှံစေး၊ နွံမြေတို့နှင့် အသိုက်လုပ်မှန်းသိကြရသည်။ သူ၏ ဝမ်းဗိုက်တွင် အရစ်အရစ်ထနေသော ကွဲကြောင်းများ၌ ရွှံနွံများကိုသယ်လာသည်။ သူဝမ်းဗိုက်တစ်လျှောက်တွင် သံချပ်ကာချိန်းကြိုး၊ တင့်ကားချိန်းကြိုးများလို အကြားအကြားတို့၌ ရွှံနွံတို့ပါလာကြသည်ကိုလည်း သူပြန်သွားသော စွပ်ကြောင်းနှင့် မြေအစအနစိုနေသည်ကို မြင်ရ၍ သိကြရ၏။

ဦးကြီးထွန်းနှင့် စံသိန်းတို့သည် ထိမြွေ စမ်းချောင်းဘက်ဆင်းသွားသော အခါမှာလည်း သပြေပင်ပေါ်က ထိမြွေ၏ အသိုက်လုံးကို မော့ကြည့်ကြသည်။ လောလောလတ်လတ် ထိမြွေ ဗိုက်နှင့် ရှပ်ယူလာခဲ့သော ရွှံနွံတွေနှင့်လုပ်ထားခဲ့သည့် မြေလုံးအသိုက်ထဲတွင် အပေါ်၌ လောလောလတ်လတ် အစိုတစ်ရှင်ကိုလည်း မြင်ကြရ၏။

ပို၍ထူးခြားသည်မှာ ဤမြွေသိုက်နီးနားဝန်းကျင်တွင် ပိုးပုရွက်ကအစ ကင်းခြေများ၊ ကင်းမြီးကောက်၊ မြွေပျား၊ ကင်းသန် စသည် အဆိပ်ရှိသော တောတိရစ္ဆာန်များကို တစ်ကောင်တလေပင် မတွေ့မမြင်ရခြင်းပင်။ အခြားအရပ်၌မူ ကြိမ်ပုတ်တောတိုင်း၌ မြွေပျား၊ ကင်းသန်များကို အရင်ရှင်းပြီးမှ ကြိမ်ခုတ်ကြရခြင်း ဖြစ်၏။

ထို့ကြောင့် ဤမြွေသည် အလွန်အဆိပ်ပြင်းသောမြွေဖြစ်သည်ကို သူတို့တိရစ္ဆာန်အချင်းချင်းသိ၍ရှောင်ကြသလို ဦးကြီးထွန်းနှင့် စံသိန်းတို့မှာလည်း ဤမြွေသိုက်ရှိရာ သပြေပင်ကြီးနားက ကြိမ်ပုတ်ကို မခုတ်ရဲကြတော့ဘဲ ထိုနေရာနှင့် ဝေးဝေးကိုထွက်လာကြသည်။

ရွာရောက်၍ မုဆိုးဘိုးအကြီးများကို မေးကြည့်သောအခါ ထိုမြွေမျိုးကို 'နဂါးနိုင်မြွေ' ဟု ခေါ်ကြောင်း သိကြရလေသည်။

ပိုးကောင်



www.burmeseclassic.com

www.burmeseclassic.com

ပြည်ပြန်ဆိုးမောင်၊ ကြာဘဏ် ခုနှစ်၊ မဟာရာသဇော်ဦး

# မန်ဒိန်းဇာတာပေါက်နည်း

## (၁၄-၄-၂၀၁၅) နေ့မှ (၁၅-၄-၂၀၁၅) နေ့အထိကာလ




အနောက်တိုင်း (သာယန) စနစ် မန်ဒိန်းဇာတာခွင်




အရှေ့တိုင်း (နိယာန) စနစ် မန်ဒိန်းဇာတာခွင်

၁၄-၄-၂၀၁၅နေ့၊ ညနေ(၄း၃၁း၅၁)
ဆန်းတွင် တနင်္ဂနွေဂြိုဟ်သည် မိသ
ရာသီသို့ ကူးပြောင်းဝင်ရောက်ရာ
တန်ရာသီ၌ ဥဒယလဂ်သည် ထွက်ပေါ်
သည်။ ၎င်းသည် သဏ္ဌာန်ဇာ ၁၃၅၇
နှစ်၏မဟာသင်္ကြန်ဇာတာခွင်ဖြစ်သလို
၂၀၁၅ ခုနှစ်၊ မိသရာသီ၏ စူဠသင်္ကြန်
ဇာတာခွင်လည်းဖြစ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ
မီးသရာသီထဲ၌ ဗုဒ္ဓဟူးဂြိုဟ်၊ တနင်္ဂနွေ
ဂြိုဟ်၊ ယူရေနပ်ဂြိုဟ်၊ ကိတ်ဂြိုဟ်တို့
သည် ၅ ဒီဂရီ၊ ၈ ဒီဂရီ၊ ၇ ဒီဂရီအတွင်း
ယှဉ်တွဲနေကြသည်။ ပြီး တနင်္ဂနွေဂြိုဟ်
နှင့် နက်ပကျွန်းဂြိုဟ်တို့သည် ဂြိုဟ်ပြိုင်
များဖြစ်နေကြသလို အင်္ဂါဂြိုဟ်နှင့်
တနင်္လာဂြိုဟ်တို့သည်လည်း ဂြိုဟ်ပြိုင်
များဖြစ်နေကြသည်။ နောက်ပလူတို
ဂြိုဟ်က အင်္ဂါဂြိုဟ်ကို ၁၂၀ ဒီဂရီအမြင်၊
အင်္ဂါဂြိုဟ်က ကြာသပတေးဂြိုဟ်ကို ၉၀
ဒီဂရီအမြင်၊ ကြာသပတေးဂြိုဟ်က ပလူ
တိုဂြိုဟ်ကို ၁၂၀ ဒီဂရီအမြင်တို့ဖြင့်
ပတ်လည်ဖွဲ့မြင်နေကြသည်။ ယင်းအပြင်
ယူရေနပ်ဂြိုဟ်က ကြာသပတေးဂြိုဟ်
ကို ၁၂၀ ဒီဂရီအမြင်၊ ကြာသပတေး
ဂြိုဟ်က စနေဂြိုဟ်ကို ၁၂၀ ဒီဂရီအမြင်၊
ပလူတိုဂြိုဟ်က ယူရေနပ်ဂြိုဟ်ကို ၉၀
ဒီဂရီအမြင်၊ ရာဟုဂြိုဟ်က ပလူတိုဂြိုဟ်
ကို ၉၀ ဒီဂရီအမြင်၊ ယူရေနပ်ဂြိုဟ်က
သောကြာဂြိုဟ်ကို ၄၅ ဒီဂရီအမြင်၊
သောကြာဂြိုဟ်က စနေဂြိုဟ်ကို ၁၈၀
ဒီဂရီအမြင်တို့ကလည်း အထူးသတိထား
စရာလေးများပင် ဖြစ်သည်။

အားလုံးကိုခြုံ၍ ကောက်ချက်ချ
လျှင် နိုင်ငံအချင်းချင်းဆက်ဆံရေး၊
သံတမန်ဆက်ဆံရေး၊ စီးပွားရေးဆိုင်ရာ
ဆက်ဆံရေး၊ ၎င်းတို့နှင့်စပ်ဆက်ရေးသား
စာချုပ်စာတမ်းကိစ္စရပ်များနှင့်နှီးနွယ်နေ
သော ပြင်းထန်သည့်အငြင်းပွားရမှုများ၊
အတိုက်အခံပြုစောဒကတက်မှုများ၊ ညှိ
နှိုင်းရမလွယ်သည့် မတူကွဲပြားမှုများ၊
တင်းမာသော ဆန္ဒထုတ်ဖော်မှုများ၊
ခေါင်းမာတက်ကြွလှုပ်ရှားမှုများကို တွေ့
နေရသော်လည်း တည်ငြိမ်နေသယောင်
ရှိမည်။

တိုင်းရင်းသားဆိုင်ရာကိစ္စရပ်များ၊
တိုင်းရင်းဒေသဆိုင်ရာများနှင့် စပ်လျဉ်း
၍ အငြင်းအခုံပြုရမှု၊ ညှိနှိုင်းဖြေရှင်း၍
မရနိုင်မှုများရှိနေဦးမည်။ ဘာသာရေး၊
လူမျိုးရေး၊ အမျိုးသားရေး၊ ဥပဒေရေး၊
လူမှုရေး၊ တရားစီရင်ရေးတို့နှင့်ဆက်နွယ်
လျက် ဖြေရှင်းရခက်ခဲသည့်ဝိရောဓိဖြစ်
မှု၊ ပဋိပက္ခဖြစ်မှုတို့အသွင်တစ်မျိုးဖြင့်ရှိ
နေတတ်မည်။ အပျော်အပါးဆိုင်ရာ
အကျင့်စာရိတ္တဆိုင်ရာမှုခင်းများ၊ ကလေး
သူငယ်၊ အမျိုးသမီးတို့နှင့် ပတ်သက်နေ
သောမှုခင်းများ ရှေ့ကဖိနောက်ကပေါ်
ရှိနေဦးမည်။ ဆင်းရဲနွမ်းပါးမှု၊ နှစ်နာ
ဆုံးရှုံးမှု၊ စီးပွားရေး၊ ကျန်းမာရေးတို့
အခြေခံလျက် အခြေခံလူတန်းစားတို့၏
အရေးဆိုတောင်းဆိုမှုများ သိသိသာသာ
ကြီးပေါ်လွင်လာမည်။

စာနယ်ဇင်းမီဒီယာလောကနှင့်
ဆက်နွယ်နေသော(သို့)ဆက်သွယ်ရေး
သယ်ယူပို့ဆောင်ရေးနှင့် ဆက်နွယ်နေ
သော ထင်ရှားသည့် နိုင်ငံရေးသမား
တစ်ဦး၊ (၀၆) အစိုးရ သို့မဟုတ်
လွှတ်တော် ဆိုင်ရာအကြီးအကဲတစ်ဦး
အပုပ်ချခံရမှုကျန်းမာရေးထိခိုက်နှစ်နာမှု
မည်။ ယေဘုယျအားဖြင့် ရာသီဥတု
ကောင်းသော်လည်း မြေငလျင်ဒဏ်
မြေပြိုဒဏ်၊ မြေကြီးရေလွှမ်းတို့ကို
တော့ သတိထားရပါမည်။ ရေကြောင့်
ဒုက္ခတွေ့ရတတ်မည်။



www.burmeseclassic.com

www.burmeseclassic.com

# ၆၀ဝီ (ရောဝတီ) မြင်းမိုရ်ထက်မှစုန်သောရေ

သူရဇွန်ဝင်း
အတွဲ (၁၆) အမှတ် (၄) ၊ ၂၀၁၅ ခုနှစ် ဧပြီလ

(၁)

ကဆုန်လကုန်၍ နယုန်လဆန်းပြီဆိုကတည်းက မိုးကမပြတ်ရွာချင်ပြီ။ နွေကာလ၏ ခြောက်သွေ့ပူလောင်မှုဒဏ်ကို အလူးအလဲခံနေရသော လူသားတွေအဖို့ မိုးကိုမျှော်ကြပြီ။ မြက်ခြောက်တို့ဟစ်ငိုသံကို ဝသန်မိုးမင်းကြားခဲ့ပြီထင့် တိမ်ပေါ်မှာခိုဝီးလျက် မိုးစက်တို့ကို သယ်ဆောင်လာခဲ့သော မုတ်သုန်လေတို့ တသွင်သွင်မြူးသည်ရာသီ။

ကြည့်လေရာ အာကာပြင်တစ်ခွင် တိမ်မည်းညစ်တို့ နေရာယူလာပြီးချိန်။ အနောက်တောင်ထောင့်က ပြိုးရိပ်ဆင်သောမိုးက အင်အားကြီးစွာ ရွာသွန်းခဲ့လေပြီ။ မိုးမျှော်ဖားသတ္တဝါတို့က ရွှင်မြူးကြပြီး မိုးသံနှင့်ရောနှောရွှဲ ဖားအော်သံ၊ ဖားခဲညင်းအော်သံတို့ကို ရောယှက်၍ ကြားနေရပြီ ဖြစ်သည်။

လယ်သမားတို့လုပ်ငန်းခွင်ဝင်ကြပြီး ပျိုးခင်းကြီး လယ်ထွန်၊ လယ်ကန်သင်းရှင်းသူ၊ ခုတ်သူများနှင့် လယ်ကွင်းတစ်ခွင် လူစည်သော အခါသမယကိုနေအေးတို့မိသားစုတွင် ကိုယ်ပိုင်လယ်၊ နွားမရှိ ကြံရာကျပန်း လုပ်ကိုင်စားသောက်ကြရသူများပင် ဖြစ်ပါ၏။

ငယ်စဉ်ကတော့ ကိုနေအေးဘဝအေးချမ်းခဲ့ပါသည်။ အတန်းပညာလည်း အဋ္ဌမတန်းအထိ နေဖူး၏။ မိသားစုတွင် အငယ်ဆုံးသားလေးဖြစ်၍ သမီးသုံးယောက်ဆက်တိုက်မွေးပြီး နှစ်ခြား၍ မမျှော်လင့်ခါမှရလာသောသားငယ်ကို မိဘတို့တုန်အောင်ချစ်ကြသည်။ အစ်မများကလည်း အလိုလိုက်၍ ကိုနေအေးခမျာ ပင်ပန်းသည့်အလုပ်ဆို ဘာမှမလုပ်ခဲ့ရ။ ပညာရေးကလည်း မအောင်မြင်တော့ (၈) တန်းနှင့် ကျောင်းထွက်၍ ဟိုယောင်ယောင်ဒီယောင်ယောင်နှင့် အချိန်ဖြုန်းရင်း အသက်(၂၀)ကျော်ခဲ့ပြီ။ သူငယ်ချင်းတစ်စု အဆွယ်ကောင်း၍ စပါးစက်ကြီးတစ်ခုတွင် အလုပ်ဝင်လုပ်သည်။

စပါးသယ်ထမ်းပိုးရသောအလုပ်ကြမ်းအလုပ်ကို ခပ်သွယ်သွယ်နွဲ့နွဲ့ကိုနေအေးမလုပ်နိုင်။ အလုပ်အဆင်မပြေပေမယ့် အချစ်ရေးဘက်မှာတော့ အဆင်ပြေခဲ့သည်။ စပါးသယ်အလုပ်သမ မခင်ဝေနှင့်အကြောင်းပါခဲ့သည်။

မခင်ဝေက လင်သေမုဆိုးမသားတစ်ယောက်ရှိသူ။ အသက်က(၄၀)ခန့်။ ကိုနေအေးနှင့် (၁၈) နှစ်လောက် ကွာသည်။ အရွယ်က ခပ်တင်တင်။ မခင်ဝေက တောင့်တင်းစိုပြည်ဆဲ။ ချစ်မိပြီဆိုတော့လည်း မခွဲနိုင်မခွာရက်။ မိဘများ မဆုံးဖြတ်ရသေး၊ နှစ်ဦးသဘောတူ ညားခဲ့ကြသည်။

ဒီလိုနှင့် လုပ်ကိုင်စားသောက်လာခဲ့တာ သားလေးနီတွတ်ပင် (၅) နှစ်ပြည့်ခဲ့ပြီ။ စီးပွားရေးက မချောင်လည်ပြေလည်သည်မရှိပေမယ့် ကိုနေအေးစိတ်မပျက်။ မခင်ဝေကို အသက်ကြီးချစ်လည်း စိတ်မကုန်။ နီတွတ်ကိုလည်း ချစ်လိုက်သည်မှာတုန်လို့။ အချစ်ရေးပေါပေမယ့် ဥစ္စာမပေါတော့ ဆင်းရဲတွင်းကနက်သထက်နက်ခဲ့သည်။

ဒီနှစ် နီတွတ်ကျောင်းထားရမည်။ ကျောင်းတက်ဖို့ တပူဆာဆာ၊ မခင်ဝေကလည်း အလုပ်မရှိ။ ကောက်စိုက်ရသေး စပါးစက်ကလည်း မိုးကုန်ရပ်လိုက်ရပြီ။ ကိုနေအေး ခေါင်းခဲနေပြီ။

"ဖေကြီး၊ သားကျောင်းတက်ရတော့မယ်။ ကျောင်းဝတ်စုံဝယ်ပေးဦးလေ။ ကျောက်သင်ပုန်း၊ ကျောက်တံလည်းလိုချင်ပြီ။ ဝလုံး၊ ကကြီး၊ ခဏွေးသားရေးတတ်နေပြီလေ ဖေကြီးရဲ့။ မည်ရင် ကျောက်သင်ပုန်းဝယ်ပေး၊ သားရေးပြမယ်"

တွတ်တီတွတ်တာသား၏စကားကြားရတော့ သားဆန္ဒလေးကိုဖြည့်ပေးချင်လှပြီ။

"ဝယ်ပေးပါ့မယ်၊ ကျောင်းလည်းအပ်မှာပါ သားရယ်"

ကတိတွေအလွယ်ပေးတော့ သားနီတွတ် ကျေနပ်သွားပေမယ့် မခင်ဝေသက်ပြင်းတချချ။ ဆင်းရဲသည့်ဘဝများဆိုးလှပါရဲ့ဟုတွေးရင်း မျက်နှာခပ်ငယ်ငယ်။

"အားမငယ်ပါနဲ့ မခင်ဝေရယ် ကျွန်တော် ယောကျ်ားပါ။ ဖြစ်အောင်လုပ်ပေးပါ့မယ်။ ဒီည သာထူးတို့နဲ့ဖား

www.burmeseclassic.com

www.burmeseclassic.com

ခြင်လိုက်မယ်"

"ဖြစ်ပါ့မလား၊ ရှင်မှ မရိုက်ဘူး"

"ဖြစ်ပါတယ်ဗျာ၊ မိုးရွာရင်ထွက်ပြေး တုတ်နဲ့ရိုက်ပြီးပလိုင်းထဲကောက်ထည့်ပေးတာပဲ ခက်တာလိုက်လို့"

"အင်းလေ - ဒါဆိုလည်း သာထူးကို ခေါ်အေးတို့၊ ကိုသာခင်တို့နဲ့လိုက်ပေါ့"

သာထူးဆိုသည်က မခင်ဝေ၏ အိမ်ထောင်နှင့်ရသည့်သားဖြစ်၏။ (၁၀) နှစ်လောက်ရှိပြီး ပညာက(၄)တန်းအောင်ခဲ့သာတတ်၍ လယ်ထွန်၊ ပိုးနှုတ်၊ ကြိမ်ရိုက်၊ ငါးရှာနှင့်အသက်မွေးရသူ။ အရင်ကတော့ မခင်ဝေနှင့် သားအမိ အတူတူလုပ်ကိုင်စားသောက်သူ။ မိခင်နောက်အိမ်ထောင်ပြုတော့ ပထွေးနှင့် မသားပါသား အသက်ကသိပ်မကွာ၍ ဆော့ကြွတ်မှာစိုး၍ မခင်ဝေအစ်မဖြစ်သူ ထားခဲ့ထားသည်။

တကယ်တမ်းကျ သူတို့စိုးရိမ်သလိုဖြစ်မလာ။ ကိုနေအေးနှင့် သာထူး ဘယ်ဘဝကရေစက်ကြောင့်မသိ သင့်မြတ်ပါ၏။ တချို့က သာထူးကို တို့ပေးကြသည်။

"ဟေ့ကောင် သာထူး၊ မင်းဖေဖေလေးနဲ့တည့်ရဲ့လား။ မင်းအမေကိုနိုင်ပုံရတယ်နော်"။ ပထွေးဆို ဘယ်ပထွေးမှ မကောင်းဘူး၊ ကိုယ်ကဦးအောင်ဆော်ထားမှကွ"

ထန်းတောအရက်ဆိုင်လိုနေရာမျိုးမှာ မြောက်ပေးသူ၊ ရန်တိုက်သူရှိပေမယ့် သာထူးစိတ်မလွတ်။ သူ့အမေလိုအမေအရွယ်ကို သားမှတ်မှတ်မယားမှတ်မှတ် ပေါင်း၍ ရှာဖွေကျွေးမွေးရှာသည့်ပြင် သာထူးကိုလည်း မယားပါသားဆိုပေမယ့် ညီတစ်ယောက်လို ဆက်ဆံတာသူအသိ။

ကိုနေအေးရော သာထူးပါ အသောက်အစားမကင်းပေမယ့် ရန်မရှိ၊ အတူနေသော်လည်းအဆင်ပြေပါသည်။ မပြေသည်က စီးပွားရေး။

(၂)

ကိုနေအေးတို့မြေလတ်ဒေသတွင် ယခုလို မိုးရာသီမျိုးတွင် လယ်ယာလုပ်ငန်းအပြင် တခြားလုပ်ငန်းသိပ်မရှိပေ။ လယ်ကွင်းထဲ ဖားရိုက်၊ ရေကြီးလာလျှင် ကြွက်ထောင်ကြွက်လိုက်၊ ကြောင်လိုက်၊ ငါးရှာအလုပ်ဖြင့်သာ လက်လုပ်လက်စားမှား ဝမ်းစာဖြည့်ဆည်းကြရရှာသည်။

ချောင်းကြီးမြောင်းကြား၊ ကွင်းကြီးကွင်းကြား ငါးရှာ၊ ကိုင်းထောက်အလုပ်က သာထူးတို့မိသားစုအတွက် မပို့လျှံပေမယ့် တစ်ဝမ်းတစ်ခါးတော့ဖုံးလုံသည်။ နေ့လယ်က မိုးကြီးကြီးရွာထား၍ ညတွင် ဖားရိုက်ရန် သာထူးတို့ပြင်ဆင်လေပြီ။ ကိုနေအေးကလည်း လိုက်ရန်အဆင်သင့်။ နဖူးစည်းဘက်ထရီမီးပင်ငှားထားပြီးပြီ ဖြစ်သည်။

ညစာထမင်းစားအပြီး မှောင်စပျိုးတော့ မခင်ဝေက ဘက်ထရီမီး၊ လက်နှိပ်မီး၊ ပလိုင်း၊ ဆေးပေါ့လိပ်ကအစ ပြင်ထားပြီးပြီ။ မိုးကခပ်ကျဲကျဲရွာဆဲ။ ဖားအော်သံ၊ ပုစဉ်းအော်သံတို့က မိုးဦးဂီတသံစဉ်တစ်ခုနှယ် လယ်ကွင်းတစ်ခုလုံး တိတ်ဆိတ်မနေ ဆူလို့ရယ်။

ကိုနေအေးရော သာထူးတို့တစ်ဖွဲ့လုံး ဖားအတော်ရကြသည်။ ဈေးဦးဈေးကောင်းဖို့ ဝမ်းစာအပြင် အပိုဝင်ငွေလေးပါရ၍ နဖူးစည်းဘက်ထရီမီးလေးပင် ကိုနေအေး အပိုင်ဝယ်လိုက်နိုင်ပြီး ဖားရိုက်အလုပ်ကိုလည်း ကိုနေအေး ခံတွင်းတွေ့သွားလေပြီ။ နောက်ရက်တွေ ဒီလို ဖားဆက်ရပါက သား နီတွတ် ကျောင်းအပ်နိုင်လိမ့်မည်။ မိုးကြီးကြီးရွာရန် ကိုနေအေးမျှော်နေရပြီ။

မခင်ဝေလည်း ခုမှပြုံးနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၂ ခုနှစ်၊ ဇွန်လဆန်းမှာ နီတွတ်ကို ကျောင်းအပ်ရန် အဆင်ပြေဖို့လမ်းစရခဲ့ပြီလေ။ ဒီညလည်း နေ့လယ်က မိုးရွာထား၍ မြို့တွင်းလမ်းမီးဓာတ်တိုင်တွေ အောက်မှာ ပုရစ်ကောက်ရန် လူစုစုကို တစ်မြို့လုံးလိုလို့တွေ့နေရသည်။

ပုရစ်ကောက်သည်ဆိုသည်မှာ မိုးကြီးကြီးရွာသောကြောင့် မြေတွင်းမြေဆီလွှာစား၍ တွင်းအောင်းနေကြသော ပုရစ်သတ္တဝါငယ်လေးများ မြေတွင်းသို့ ရောင့်၍ မြေပေါ် သို့ထွက်လာကြပြီး ရွှက်နုရွှက်ဖူးလေးများကို ကိုက်ဖြတ်စားသောက်ကြရင်း ပိုးဖလံမျိုး မီးကိုတိုး ဆိုသည့်အတိုင်း အလင်းရောင်ရှိရာ မီးတိုင်များဆီ စုလာပုံသန်းနေကြစဉ် ဖမ်းကြခြင်းကို ဆိုလိုသည်။

မျက်လုံးမျက်ဆန်ပြူးပြူး၊ လက်နှစ်ချောင်း၊ ခြေနှစ်ချောင်းမှာ မားသဖွယ် ထက်သော အသွားစူးလေးများပါသည့် နှုတ်ခမ်းမွေးရှည်ရှည်နှင့် ပုရစ်သတ္တဝါလေးများမှာ သူတို့၏အသက်အန္တရာယ်ကို မသိရှာ။ မိုးရေပက်ဖျန်း၍ စီမံးလန်းစိုပြည်နေသော သစ်ပင်ချုံပုတ်တွေပေါ် ပျံရင်းနားရင်း အလင်းရောင်တွေဆီတိုးဝှေ့ပျံသန်းရင်း သဘာဝအလျောက် ပျော်နေကြပါသည်။

ဒီလိုရာသီမှာ ဒီလိုသတ္တဝါလေးများအထွက်ကိုစောင့်နေသော (တချို့သောသူများက အထွက်ပင်မစောင့်နိုင်၊ တွင်းကလေးများထဲ ရေလောင်းထည့်ပြီး တွင်းကိုတူး၍လည်းရှာကြပါသည်) ပုရစ်အသားလေးကဆိမ့်လှသည်ဟု သူတစ်ပါးအသက်နှင့်မှ အာဟာရမှီဝဲချင်သူများမှာ မုဆိုးများသဖွယ် သူ့အသက်ပေါင်းများစွာသတ်ဖို့ဝန်မလေးကြပါ။

လူကြီး၊ ကလေးအရွယ်စုံ ဓာတ်တိုင်တွေအောက်မှာ တွေ့နိုင်ပါသည်။ ပျံဝဲနေသော ပုရစ်ကောင်လေးများကို အုန်းတံမြက်စည်းရှည်ဖြင့်ရိုက်ချသူကချ၊ အတောင်ညောင်း၍ နားနေကြသော ပုရစ်များကို နည်းမျိုးစုံဖြင့်ဖမ်းကြသည်။ ပုရစ်များမှာ သူတို့တွင်ရှိသော သဘာဝကပေးထားသည့် သွားထက်ထက်ပါသောပါးစပ်ဖြင့်ကိုက်၊ ဆူးပါသော ခြေလက်တို့ဖြင့် ခုခံကြပေမယ့် သေးငယ်သောသတ္တဝါများပေမို့ လူမုဆိုးများလက်သို့ သက်ဆင်းကြရရှာသည်။ စား၍ရသော သက်ရှိသတ္တဝါအားလုံးကို စုပုံလက်ခံသော သခ္ခိုင်းနှင့်တူသည့် တချို့သောလူတို့၏ ဝမ်းဗိုက်အတွင်း သက်ဆင်းကြရခြင်းမှာ ကိုယ်ချင်းစာစိတ်ဟူသောအသိတရားတစ်ခု လောကတွင် ပျောက်ကွယ်လုလုဖြစ်နေမှုကြောင့် ပင် ဖြစ်ပါလိမ့်မည်။

"ဖေကြီး ပုရစ်ကောက်မယ်၊ ပုရစ်ကောက်မယ်"

ရေသန့်ဘူးအခွံတစ်ခုနှင့် နီတွတ်က လာပူဆာတော့ ကိုနေအေးမနေသာတော့ပြီ။

"ဟာ-သားကလည်းကွာ၊ ဖေကြီးဖားရိုက်သွားမလို့ကွ။ သားသူငယ်ချင်းတွေနဲ့သွားကွာ"

မခင်ဝေက -

"ဖြစ်မလား ကိုနေအေးရဲ့ ကလေးကို၊ မြွေပါးကင်းပါးနဲ့"

"ကဲ - လာလာ၊ ဖေကြီးကောက်ပေးမယ်"

သားအဖနှစ်ယောက် လမ်းမီးတိုင်တွေအောက်ရောက်တော့ ပုရစ်ကောက်ပွဲ ကျင်းပနေသလားမှတ်ရရဲ့ အလုအယက်။ သတ္တဝါလေးများ နှိပ်စက်ညှဉ်းပန်းပွဲမှာ သူတို့သားအဖ အပါအဝင်။ ပုရစ်ဆိုတာ စားကောင်းသည်ဟု ဘယ်သူကစခဲ့သလဲမသိ။ စိမ့်သည်၊ ကောင်းသည်ဟုဆိုလျှင် ထိုစိမ့်သော၊ ကောင်းသော အသားမျိုးစုံ၊ အာဟာရမျိုးစုံ မှီဝဲထားသောလူတို့၏အသားကပိုကောင်းတော့ပေမပေါ့။ ဒီလောက်အစားကြူးသူတို့အတွက် ကိုယ်အသားကိုယ်ပြန်စားကြသည့် အခြေအနေမျိုးရောက်လာလေမလားဟု အသိတရားရှိသူတို့တွေးနေကြရောမည်။အသိအမြင်ရှိသူတွေက အကောင်း၊ အဆိုးခွဲခြားသိကြပေမယ့် မသိသူကပိုများပါ၏။ မသိသူများထဲ ကိုနေအေးပါနေခြင်းကို မိဘများက စိတ်မကောင်းပါ။

"သားနီတွတ် လမ်းဘေးမဆင်းနဲ့၊ ချဲထဲမဝင်နဲ့၊ မြွေပါးကင်းပါးနဲ့တွေ့မယ်"

သားအပေါ် ချစ်စိတ်၊ စိုးရိမ်စိတ်တွေနှင့် ကိုနေအေး တတွတ်တွတ်ပြောနေရသည်။ ရေသန့်ဘူးတစ်လုံး၊ ပုဆိုးခါးပိုက်ထောင်တစ်လုံးရတော့ သားအဖနှစ်ယောက်ပြန်လာခဲ့သည်။ တစ်ကောင်၊ နှစ်ကောင် ရေတွက်သလို တစ်သက်၊ နှစ်သက်လို့များ ဘယ်သူမှတွေးမိပုံမပေါ်ပါ။

သာထူး၊ ကိုအေး၊ ကိုရင်သာခင်၊ ဖိုးလေးထွန်းတို့အဖွဲ့နှင့် ဖားရိုက်ထွက်ခဲ့သည်။

"ကိုနေအေးဆေးပေါ့လိပ်ယူသွားဦး"

"အေး - မခင်ဝေ၊ ကျွန်တော်နှစ်လိပ်ယူသွားတယ်။ ဒီသုံးလိပ်သိမ်းထားလိုက်"

"လောက်အောင်ယူသွားပါ ကိုနေအေးရယ်၊ မိုးရွာရင်ချမ်းနေပါ့မယ်။ ဆေးပေါ့လိပ်ဖွာရင် အချမ်းလုံတယ်။ ဒီမှာ မိုးကာစအပြဲနေရာချုပ်ထားတယ်။ ယူသွားဦး"

မိုးကာစ၊ ခါးပတ်၊ ဆေးလိပ်နှစ်လိပ်ကို အကျီအိတ်ကပ်ထဲထည့်၍ ထွက်သွားသော ခင်ပွန်းကိုကြည့်၍ မခင်ဝေစိတ်မကောင်း။ သူ့ထက်အသက်ငယ်သော်လည်း မငြီးမငြူလုပ်ကွေ့နေသည်။ သားကျောင်းထားဖို့အတွက် အစားအသောက်သာမက ဆေးလိပ်ပါ ချွေတာရှာသည်။

သားနီတွတ်ကတော့ ပုရစ်ကောင်စားရန် တပူဆာဆာ၊ မခင်ဝေကလည်း ခင်ပွန်းသည်အပြန် ပုရစ်ကြော်စားရန် အတွက် ပြင်ဆင်တော့သည်။ နီတွတ်က တစ်ကောင်၊ နှစ်ကောင် ရေတွက်သည်။ တစ်သက်၊ နှစ်သက်ရေတွက်ရင်း မခင်ဝေမှာ အသိတရားမပြည့်စုံ။ ဆင်းရှာ၍လည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

(၃)

ကိုနေအေးတို့လူစု စထွက်တော့ မိုးကတဖွဲဖွဲပဲရွာသည်။ ဖားကတော့ ခပ်ပါးပါး၊ အသံသာကြားပြီး ရှာမတွေ့လွှောက်ရင်းနှင့် အောက်ကျင်းဘက်ရောက်တော့ ဖားအကောင်ကြီးကြီး တချို့တွေ့ရသည်။ ရှိက်ရင်းသွားရင်း လူစုကွဲကုန်သည်။ တစ်ယောက်နှင့်တစ်ယောက် အလှမ်းဝေးပေမယ့် မီးရောင်လက်လက်တော့မြင်ကြရ၏။ သိပ်မကြာခင် ကန်သင်းရိုးတစ်ခုမှာ ကိုနေအေးနှင့် သာထူးဆုံသည်။

"သာထူးရော့အခြေအနေကောင်းလား"

"အနည်းအပါးပဲဗျ"

"အေး - ငါလည်းနည်းတယ်ဟာ တွက်ခြေမကိုက်ဘူး။ တို့နှစ်ယောက် ရထားသံလမ်းကနေ ဟိုဘက်ကွင်းဘူးအောင်"

နှစ်ယောက်သား ရထားလမ်းပေါ် တက်ရင်း မျက်စိရှင်ရှင်ထားရသည်ကြောင့်တွေ့က ကြောင်လိုက်နိုင်ရန် ခြေသည်။ (၃) မိုင်၊ (၄) မိုင်အကွာ ကွင်းကျော်လာခဲ့ပြီ။ သာထူး ဖားအော်ကြားရာမဲ၍ လိုက်ရင်း ကိုနေအေးကိုခေါ်သွားသည်။ ကိုယ့်အာရုံနှင့်ကိုယ်ဖမ်းခဲ့ညနက်မှာ မှောင်မည်းမည်းပင်ပန်းကွင်



www.burmeseclassic.com

www.burmeseclassic.com

[illegible]လန့်ဖို့ သတိမရ။

[illegible]အတော်အတန်ရမှ ကိုနေအေး သတိရ၍ကြည့်လိုက်တော့ ဟိုးခပ်[illegible]မှာ နဖူးစည်းမီးကို လက်ခနဲ [illegible]ပြသည်။မီးရောင်က လယ်ကန်သင်း [illegible]ပေါ်လှမ်းမြင်နေရသည်။

"ဟ - ဒီလူ လယ်ကန်သင်းပေါ် [illegible]မှားနေသလား၊ နားနေသလား"

တွေးရင်း ဖားဆက်ရိုက်နေ၏။

သတိရ၍ တစ်ခါလှမ်းကြည့်လိုက်တော့ မီးရောင်ကနေရာမရွေ့။ သာထူး [illegible]ထဲတစ်မျိုးဖြစ်လာသည်။ မသိစိတ် [illegible]ဆော်မှုဖြင့် ခြေလှမ်းက မီးလက် [illegible]မြင်ရာ ဦးတည်လိုက်သည်။ အနီး [illegible]တော့ နဖူးစည်းမီးရော လက်နှိပ် [illegible]စုံထိုးကြည့်လိုက်တော့ ကန်သင်း [illegible]လဲနေသော ကိုနေအေး။

"ဟာ-ကိုနေအေး၊ ခင်ဗျားဘာဖြစ် [illegible]သလဲ"

မူးနေခြင်းလားဟုတွေးရင်း စိုးရိမ် [illegible]ကြီးပြေးသွားတော့ မှိန်းနေသော ကိုနေအေးက သာထူး၏အသံကြောင့် [illegible]လုံးဖွင့်ကြည့်ပြီး -

"သာထူး၊ ငါ. . ငါအကောင်ရှည် [illegible]တွေ့လိုက်ပြီကွာ"

"ဟာ - ဒုက္ခပါပဲ"

ထိုစဉ် လူစုကွဲသွားသော ကိုနေ အေးတို့ (၃)ယောက် ရထားသံလမ်းပေါ် [illegible]သွားစဉ် စကားပြောသံကြားလိုက်ရ [illegible]

"ကိုအေး၊ ကိုသာရင်လာကြပါဦး။ [illegible]မှာ ကိုနေအေး . . . ထိလို့"

အကာလ ညအခါ အပမှီမှာ ယည်းကြောက်ရသော၍ အသံကျယ် ကျယ်အော်မခေါ်ရဲ၊အပြေးအလွှားသွား၍ တိုးတိုးနှင့် စကားကိုထိန်း၍ပြောရ သည်။ အားလုံး ပူပန်စိတ်နှင့်ထိတ်လန့် [illegible]ကြားဖြစ်သွားပြီး ကိုနေအေးကိုထမ်း [illegible]နီးရာဆေးခန်းပြေးရလေသည်။

အဆိပ်က ပြင်းလွန်းသည်ထင့် သတိရတစ်ချက်မရတစ်ချက်။ သတိ ယည်သည့်အခါ -

"ငါ့သား နီတွတ် ကျောင်းထားရ ပေး။ ငါ့သားလေးဆယ်တန်းအောင်ပြီး ပြောတတ်ဖြစ်ရမယ်။ သာထူး၊ သာထူး ဒို့မှာ ဖားကြီး ဖားကြီး ရိုက်ရိုက်၊ ဟာ အကောင်ရှည် အား"

ကယောင်ကတမ်းတွေပြောရင်းက ဆေးရုံရောက်ပြီး[illegible]ခဏအကြာ ကိုနေအေး ဆုံးပါးသွားခဲ့ပြီ။ ဆေးလုံခြုံမှုမပီလိုက်ပါ။ အချိန်က ည၉(၂)နာရီ။ ကိုနေအေးမိဘ များဆီအကြောင်းကြားတော့ မိဘနေ အိမ်က ဆေးခန်းနှင့်နီး၍ အလောင်းကို မိဘနေရပ်ပြန်ယူခဲ့ရသည်။

မခင်ဝေနှင့်နီတွတ်ထံ ကိုနေအေး ဘယ်သောအခါမှ မပြန်နိုင်တော့ပြီ။ ယောကျ်ားပြန်အလာ ပုရစ်ကြော်နှင့် အဆာပြေစားရန် ပြင်ဆင်ထားသော မခင်ဝေ ရင်ဆို့ကာဖြေမဆည်နိုင်ခဲ့ပြီ။

(၅) နှစ်အရွယ် နီတွတ်ကလေးက ဘာမှနားမလည်။ အသက်ကုန်နေသော ကိုနေအေး အကျီအိတ်တွင်းမှ မီးခြစ်သတ်ထားသော ဆေးလိပ်အစီခံသာသာ ဆေးပေါ့လိပ်တိုလေးနှင့် ဂတ်(စ်) မီးခြစ်လေးကိုတွေ့ရ၍ မိဘတို့ရင်ကွဲရပေပြီ။ ဆင်းရဲရျာသောသားလေး၊ မိဘများမှာလည်း အသက်အရွယ်ရ သိပ်မပြေလည်တော့ မကြည့်နိုင်။ သား ကျွေးမွေးမယားကျွေးမွေးနှင့် အသက်ဆုံးပါးခဲ့ရပြီ။

မပစ်ရက်ပေမယ့် တစ်ခဏချင်း မှာပင် ကိုနေအေးရုပ်ခန္ဓာမှာ ကြည့်ရက် စရာမရှိအောင်ပင် ပွတက်ဖောင်းကား လာနေပါ၏။ လက်နှစ်ဖက်မှာ ကား တက်လာ၍ ကြာကြာထားလို့မရမှန်း အားလုံး သဘောပေါက်ပြီ။

မနက်လင်းတော့ ကိုနေအေး ရုပ် မပီပြင်တော့ပါ။ ခန္ဓာတစ်ခုလုံး အသားအရေပြောနှမ်းပြီး မျက်နှာပြင်မှာညိုမည်း နေသည်။ မျက်လုံးနှစ်ဘက်လုံး ပါးစပ်ဟ ပုံဖမ်း၍ မရတော့ပါပြီ။ သွေးပုပ်ညိုညို စီးကျသောနေရာတို့သည်သာ ပါးစပ်၊ နားပေါက်ဟုမှန်းယူရသည့်အဖြစ်။ မုဆိုးမ သားကောင်အဖြစ် လည်စင်းပေးခဲ့ရသော ကိုနေအေး။ သားလေးကျောင်းထားရန်ဟူသောအစွဲနှင့် အသက်စွန့်ခဲ့ရသော ကိုနေအေး။ ပုရစ်သတ္တဝါငယ်လေးများ၏ အသက်ပေါင်းများစွာက ကျိန်စာဆိုခဲ့ဖူးကြောင့်လားမသိပါ။

တန်ဖိုးရှိသော လူခန္ဓာကိုစွန့်၍ သံသရာတွင် ဘယ်လမ်းကိုသူလျှောက် ရမှာပါလိမ့်။ လောလောဆယ်မှာတော့ မကျွတ်လွတ်ရှာ။ မိဘအိမ်နှင့် ဇနီးသား အိမ် လူးလာခေါက်တုံ့နေရသော သူ အဖြစ်။ သံယောဇဉ်မီးသည် ကြောက် စရာကောင်းအောင် တောက်လောင်နေ ဆဲပင်။

မခင်ဝေတို့သားအမိ၏ သောက ကို သူမြင်နေပုံရ၏။ မခင်ဝေကလည်း ခင်ပွန်းရုပ်အလောင်းမြေခဲ့တော့ မပဋ္ဌာ မြေလူး။ အရူးမီးဝိုင်း၊ မုဆိုးမနှစ်ထပ်ကွင်း ဖြစ်ရလေသောသောက တရားနှင့်မငြိမ်း သန္တေ ဘယ်သောအခါမှ ငြိမ်းချမ်း မဟုတ်သော တိလောကအပူမီး။

"ကိုနေအေး အိမ်ပြန်ပါကုန်ပါ။ ခင်ဗျားတို့ကို ပစ်မထားပါနဲ့ခင်ဗျာ။ ခင်ဗျားတို့ကို ပစ်မထားပါနဲ့ခင်ဗျာ"

တရင်းငိုရင်း တက်လိုက်လူးလိုက် လိုက်ဖြင့် မခင်ဝေကြောင်ကွဲပုံက ရင်ဆို့ စရာပါ။ နီတွတ်လေးမှာတော့ မိခင်ငိုချိခြင်းကလွဲ၍ ဘာမှမခံစားတတ် ရှာပါ။

(၄)

လင်ကံမကောင်းရှာသော မခင်ဝေ ကို သားဖြစ်သူ သာထူး ပစ်မထားနိုင်။ ညီငယ်လေးတာဝန်ကလည်း သူ့အပေါ် ပုံပြီး ကိုနေအေးတာဝန်ကို သူတစ်လှည့် ပြန်ယူရပြီ။

"အားမငယ်ပါနဲ့ အမေရယ်၊ သား ရှိပါတယ်။ ညီလေးကို သူ့အဖေ့ဖြစ်စေ ချင်သလို ဖြစ်စေရပါမယ်။ သားကြိုးစား ပြီး ကျောင်းထားပါ့မယ်"

သာထူး၏မျက်ရည်၊ မခင်ဝေ၏ ရွှိက်သံတို့ဖြင့် နီတွတ်ကျောင်းအပ်ပွဲမှာ အခြေမလှခဲ့။ ဆရာများက ကရုဏာနှင့် လူညီကြပါသည်။ ကျောင်းစိမ်းဝတ်စုံဖြင့် နီတွတ်လေးမှာပျော်လို့။

"နီတွတ်ကို ကျောင်းအပ်ပြီးပြီ ကိုနေအေးရေ"

သာထူး၏ မချိတင်ကဲ ဟစ်ငိုသံ အဆုံးမှာ မခင်ဝေ ဗုန်းဗုန်းလဲရှာ၏။ သာထူးမှာ အလုပ်စုံအောင်လုပ်၍ မိခင် ကိုဆေးကု၊ ညီကိုကျောင်းထားရှာသည်။ သာထူး ပင်ပန်းသည်ကို မြင်နေရသည် လား မမှန်းတတ်တော့ပါ။မကျွတ်မလွတ် သော ကိုနေအေးဝိညာဉ်ကို အိမ်အနီး တွင် ခဏခဏတွေ့ရတတ်သည်။

မီးခြစ်ဖြစ်သံ၊ ဆေးလိပ်မီးမှာဟန် ကို မြင်ရမှန်မှားတော့ သိပ်မကြောက်မိ ပါတော့။ အမျှအတန်းပေးဝေပေမယ့် တွေ့နေရဆဲ။ အချိန်ကြာလာတော့ နွေ အခါနှင့် ဆောင်းမှာ ကိုနေအေးကို မေ့မေ့ပျောက်ပျောက်ပင်။ မိုးရာသီရောက် လျှင်တော့ သတိတရဖြစ်မြဲ။ ပို၍မမေ့ သည်က သာထူးပါလေ။

ဖားရိုက်ထွက်မည်ဆိုလျှင် စိတ်မှာ မြင်ယောင်လာသည်။ တစ်ညအိပ်မက် ထဲတွင် ကိုနေအေးကို ညိုးညိုးငယ်ငယ် နှင့်တွေ့ရသည်။

"သာထူးရာ ငါ့ကိုနှင်လည်းမလွတ်ပါနဲ့၊ အမျှလည်းမဝေပါနဲ့ကွာ။ ငါ့သား လေးကို ပညာတတ်ကြီးဖြစ်စေချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ငါအနားကနေစောင့်ရှောက်ပါရစေ"

"ကိုနေအေးရယ်၊ ဘဝခြားနေပြီပဲ။ ခင်ဗျားဘယ်လိုစောင့်ရှောက်လို့ရမှာလဲ"

"ရတယ်ကွ၊ သူဟိုနားကပ်လို့တော့ မရဘူးပေါ့ကွာ။ မင်းကတစ်ဆင့်ကူညီလို့ရတယ်ကွ"

"ဟင် - ဘယ်လို၊ ကျွန်တော်က တစ်ဆင့်ဟုတ်လား"

"ဟုတ်တယ်၊ - ငါကမသေခင် နောက်ဆုံး မင်းနဲ့အတူရှိခဲ့တာလေ စိတ်အစွဲတစ်ခုပေါ့ကွာ။ မင်းနဲ့ ငါက ဘဝဟောင်းက ပဋ္ဌာန်းဆက်ရှိတယ်ကွ၊ မင်းမသိနိုင်ပါဘူးကွာ။ ငါ့သားလေးကျောင်းအပ်ခါနီးတိုင်း မင်းဖားရိုက်ထွက်ကွာ။ ငါကူညီမယ်။ ကဲ-ငါသွားဦးမယ် သာထူး"

"ခင်ဗျားဘယ်မှာနေ. . . နေ အဲ အဲ ကိုနေအေး၊ ကိုနေအေး"

ဖျတ်ခနဲ ပျောက်သွားသော ကိုနေအေးကို လှမ်းခေါ်ရင်း လန့်နိုးသွားမှ အိပ်မက်မှန်းသိရသည်။ ဒါအိပ်မက်ပဲဟု မေမေ့မျောက်ပျောက်နှင့် အမေတို့ကိုလည်း ပြန်ပြောမနေတော့ပါ။ နောက်ည ဖားရိုက်ထွက်တော့ မယုံနိုင်လောက်အောင် ရလှသည့်ဖား။ အောက်ကျင်းမှာ ငါးမျှားချိတ်မှာ ငါးအရှင်ခပ်ငယ်ငယ်လေးများကို ငါးစာအနေဖြင့်တပ်ဆင်ပြီး သစ်ကိုင်းခိုင်ခိုင်စိုက်၍ ကိုင်းဆောက်ထားခဲ့ရာ ငါးတွေက ကိုင်းတိုင်းလိုလို မှာချိတ်မိလျက်သား။

သာထူး ဝမ်းသာအားရ အိမ်ပြန်လာပြီး မခင်ဝေက စျေးမှာသွားရောင်း၊ နီတွတ်ကိုလည်း ကျောင်းထားနိုင်ခဲ့ပြီ။ တစ်မိုးတွင်းလုံး သာထူး ဖားရှာငါးရှာ၍ ကောင်းမှကောင်းပေါ့။ ငါးဖားများများရခြင်းကို ကိုနေအေးနှင့်တွဲ၍ မစဉ်းစားမိ၊ မိုးလွန်မှစ၍ တစ်နှစ်လုံး အိပ်မက်ပြန်တော့ မမေ့မျောက်ပျောက်နေခဲ့သည်။

နီတွတ်ပင် ဒီလိုနှင့် (၁၀)နှစ်သားအရွယ်ရောက်ခဲ့ပြီ။ကျောင်းအပ်ချိန်တွင် မပူပင်ရ။ အခြေအနေပေးဆဲ။ နီတွတ် (၅)တန်းအတက် ဇွန် ၁ ရက်ရောက်ရန် (၂)ရက်အလို ဖားရိုက်ထွက်ရန်ပြင်နေစဉ် မိုးကောင်း၍ အိပ်ပျော်သွားခဲ့သည်။

"ဟေ့ကောင် သာထူး ထကွာ၊ မင်းကလည်း အိပ်လိုက်တာ"

အိပ်ပျော်စဉ် လာနှိုး၍ ထကြည့်လိုက်တော့ တံခါးဝမှာ မတ်တတ်ရပ်နေသည်က ကိုနေအေး။

"အောက်ကျင်းမှာ မြစ်ရေနဲ့ငါးပါလာတယ်ကွ။ မင်းထောက်ထားတဲ့ကိုင်းတွေမှာ ငါးရဲ့တွေမိနေတယ်။ မြို့ထဲမှာလည်း ငါးကြိုးတွေဝင်နေတယ်။ သူများတွေခိုးမှာစိုးလို့ ငါ့မှာစောင့်နေရတယ်"

သာထူး စကားပြန်ပြောရန် အားယူပေမယ့်ပြော၍မရ။ ကိုနေအေးကိုမြင်နေရတာ အသေအချာ။ အိပ်မက်လား၊ တကယ်လား ဝေခွဲမရ။ အချိန်က (၁၂) နာရီခန့်။ ခဏအကြာ ခွေးအူသံစူးစူးဝါးဝါးကြားရပြီး ကိုနေအေးကို မတွေ့ရတော့ပေ။

အိပ်ရာမှလူးလဲထတော့ မိုးကရွာဆဲ။ မိုးရွာထဲမှာပင် လယ်ကွင်းထဲထွက်ခဲ့ပြီး လယ်မှာ တွေ့သမျှ ဖားရိုက်ရင်း အောက်ကျင်းမြေနိမ့်ပိုင်းကိုရောက်တော့ ကိုင်းတွေမှာမိနေသောငါးတွေက ခြေရာလက်ရာမပျက်။ ဒီတစ်ခါတော့ တိုက်ဆိုင်မှုဟု မထင်တော့။ မြို့ထဲမှာငါးတွေ ပလိုင်းတွင်းထည့်ရင်း ကိုနေအေးစောင့်ရှောက်နေခြင်းဟု ယုံကြည်လိုက်မိ၏။

နီတွတ် (၆) တန်းအရောက်တွင် သာထူး တစ်ဖက်ရွာမှ မိခိုင်နှင့် အိမ်ထောင်ကျသည်။ မခင်ဝေမှာတော့ လက်ရုံးတစ်ခုပြုတ်ခဲ့သလို ခံစားရ၏။ ဆေးလိပ်ခုံမှာဆေးလိပ်လိပ်၊ ရာသီပွဲစျေးတွေမှာ ကောက်ညှင်းကျည်တောက်လည်ရောင်းရင်း ဘဝကိုခက်ခဲပင်ပန်းစွာရုန်းကန်ရဆဲ။ သာထူးက ပစ်မထားပါ။ အိမ်သူနှင့်မို့ အရင်ကလိုတော့ မဟုတ်တော့ပြီ။

မိုးရာသီရောက်လျှင်တော့ ကိုနေအေးကကူညီမြဲ။ ဘယ်ကဘယ်လိုပေါ်လာသလဲမသိပါ။

"စွပ်. . . စွပ်. . . စွပ်"

လယ်ကန်သင်းတစ်လျှောက် ဖားရှာနေသော သာထူး နောက်မှ ကန်သင်းဘေးရေစပ်စပ်မှ တစ္ဆေစွပ်မြည်၍လိုက်ပါလာသောခြေသံနှင့်တစ်ခု။လှည့်ကြည့်တော့ ဘာမှမမြင်ရ။ ခပ်လှမ်းလှမ်းမှာတော့ သူလိုဖားရိုက်သူတချို့ကိုတွေ့ရသည်။

တစ်နေရာတွင် လယ်ကွင်းအစပ်၌ ဖားခပ်ကြိုးကြီးတစ်ကောင် မိုး၏ အရသာကို တမှေတမော ခံယူနေပုံနှင့် သာထူး ဖားကြိုးဆီ အာရုံပို့လိုက်သည်။ အသံလုံလုံနင်း၍ လျှောက်သွားလိုက်ပြီး ရိုက်ရန်ပြင်လိုက်စဉ် နောက်မှလက်ကို လှမ်းဆွဲလိုက်သလိုခံစားလိုက်ရပြီး လူကယိုင်သွားပြီး နောက်ကိုခြေဆုတ်မိလျက်သားဖြစ်သွား၏။ ကြက်သီးတဖြန်းဖြန်းထသွားပုံက မယုံနိုင်စရာ။ သာထူးက သရဲနှင့်မတွေ့ဘူးသလို သိပ်လည်း မကြောက်တတ်သူပါ။

ဇောက ဖားဆီရောက်နေရချိန် မီးရောင်ကို ဖားရှိရာတည့်မတ်စွာလှမ်းအထိုး ဖားကြိုးကိုမတွေ့ရတော့ပါ။ ဖားရှိရာနေရာတွင် မြွေပွေးကြီးတစ်ကောင်က ပုံပုံကြီးခွေလျက် သားကောင်ကို အသင့်စောင့်နေသည့်မုဆိုးသဖွယ်။

"ဘုရား၊ ဘုရား"

သာထူး ခေါင်းနားပန်းကြီးသွားပြီး ခြေလှမ်းကိုနောက်ပြန်လှည့်လိုက်သည်။

"ဗုန်း . . . အုန်း . . . အုန်း"

ဘာသံတွေမှန်းမသိ အနောက်မှကြားနေရပေမယ့် သာထူးလှည့်မကြည့်ရဲ။ တစ်ချိုးတည်းအိမ်ပြန်သုတ်ခဲ့သည်။ အိမ်ရောက်တော့ ရေတစ်ခွက်သောက်ပြီး အိပ်ရာဝင်လိုက်သည်။ စိတ်တွင်းမှာတော့ မြွေပွေးဖြစ်သွားသောဖားနောက်မှလှမ်းဟန့်ဆွဲလိုက်သောအပြုအမူ၊ ရေသံတစ္ဆေပစ်နှင့် ခြေသံတစ်စုံ၊ နောက်တအုန်းအုန်းအသံများတွေးနေမိဆဲပင်။

"ဟေ့ကောင် ထဦးကွာ"

အိပ်ပျော်လှုပ်ပျော်ခင် လာနှိုးသူက ကိုနေအေး။ ခန္ဓာကိုယ်မှာ ရွှဲတွေလူးလို့ပေပွလို့။

"ကို. . . ကိုနေအေး"

"မင်းကွာ၊ ကဲကောင်းလို့ပေါ့။ ဒီဝိညာဉ်တွေလှည့်စားတာကွ။ မင်းငါ့စိတ်မချလို့ ငါနောက်ကလိုက်လာတာ။ ဒီကောင့်တွေနဲ့ ငါ တော်တော်တီးခဲ့ရတယ်"

"ဘာကောင်တွေလဲဟင် ကိုနေအေး"

"နာနာဘာဝတွေပေါ့။မင်းငါးတွေစားချင်လို့ပေါ့ကွာ"

"ကိုနေအေးရယ်၊ ကျေးဇူးကြီးလိုက်တာဗျာ။ ခင်ဗျားကယ်ပေလို့သာပေါ့"

အိပ်မက်လိုလိုဘာလိုလိုပေမယ့် ကိုနေအေး တကယ်ရောက်လာခြင်းဟု အတပ်သိလိုက်သည်။ ဒီအပြစ်ကို အမေနှင့် မိန်းမကို ပြန်မပြောပြခဲ့။ ကိုနေအေးမကျွတ်မှန်းသိ၍ ကြောက်နေကြဦးမည်။

နီတွတ် (၈) တန်းကိုရောက်တော့ မခင်ဝေနှင့် သာထူးတို့ သားအမိ တတ်နိုင်သရွေ့လေးနှင့် ရှင်ပြုအလှူပွဲလေးလုပ်သည်။ ကိုနေအေးကို အမှဝေကြသည်။ ညအခါမှာတော့ သာထူး အိပ်မက်မက်ပါသည်။ ကိုနေအေးနဲ့ ငိုသံကြီးနှင့် -

"သာထူး၊ သာထူး"

"ဟာ - ကိုနေအေး ဒီနေ့ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com

သားရှင်ပြုတယ်၊ အမျှဝေတယ်"

"သာထူးရယ်၊ ငါ့ကိုအမျှမဝေကြဘဲနဲ့ဦးကွာ။ မင်းတို့လူတောင်ဝဝမိုးသာပါတယ်၊ ဘုန်းကြီးတွေကြွလာတော့ ငါ့မှာ ဆွမ်းလိုက်ရတာကွာ။ ငါသားလေး (၁၀) တန်းအောင်မှ ငါကိုနှင်ပါကွာနော်"

တောင်းပန်စကားဆိုရင်း ဝိုနေရာသောကိုနေအေးကို သာထူးသနားနေမိသည်။

"မင့်ပါနဲ့တော့ဗျာ၊ ကျွန်တော်တို့ နေ့တာမဟုတ်ပါဘူး။ ခင်ဗျားသားလည်း (၁၀) တန်းရောက်ဖို့ နှစ်နှစ်ပဲလိုပါတော့တယ်"

သားရှင်ပြုမှာပင် သာမုမခေါ်နိုင်ရွာဘဲ အစွဲအလမ်းကြီးမားလွန်းသောကိုနေအေး၏မိဘမေတ္တာ။ ဒီအဖြစ်တွေအကောင်အထည်လည်းပြစရာမရှိ။ ဘယ်သူကိုပြော၍လည်း ယုံကြည်ကြမှာမဟုတ်။ အစွဲအလမ်းကြောင့်မက်သောအိပ်မက်ဟု အမည်တပ်ကြပေမည်။ သာထူးမှာသာ ကိုယ်တွေ့ကြုံနေရသည့် မယုံနိုင်စရာအဖြစ်တစ်ခုမို့ မျိုသိပ်ထားရသည့်အဖြစ်ပါပေ။

(၅)

သို့နှင့် ၂၀၁၃ ဇွန်လမှာ နီတွတ် (၁၀) တန်းရောက်ခဲ့ပြီ။ နီတွတ်မှာ ဖခင်ဆယ်သွင်ကိုပင် မမှန်းတတ်တော့ပြီ။ အမေ (ခင်ဝေ)ပင်လျှင် သောကတွေအနည်ထိုင်ခဲ့လေပြီ။ ကျောင်းဖွင့်တော့မည်။ ကိုနေအေး ရောက်လာတော့မည်။ နောချင်းဆက်သွယ်နေသော သာထူးတစ်ယောက်သာ သတိတရဖြစ်နေ၏။

မိခိုင်က ကလေးငယ်လေးနှင့်မို့ သာထူး ညဘက်အပြင်သိပ်မထွက်ဖြစ်။ အမေ့အိမ်ပင်မရောက်။ အမေ့အိမ်ကနည်းနည်းလှမ်းသည်။ အိမ်ခွဲလိုက်တာဘာမှမကြာသေး။ ညနေခြိန်ကမှထောက်သားသောကိုင်းနှင့်မြူးများကို မနက်မှပင်ခေါ်တော့မည်ဟူသောအတွေးနှင့် အေးဆေးစွာအိပ်ရာဝင်လိုက်သည်။

"သာထူး၊ သာထူး"

"ဟင်"

"အူး ဝူး ဝူး ဝူး ဝူး"

ခွေးအူသံစူးစူးဝါးဝါးဟောင်သံကို အဦးဆုံးကြားလိုက်ရပြီး ခေါ်သံကိုမတိုးကျယ်ကြားလိုက်ရသည်။ မိခိုင်နံဘေးမှ နှစ်မြို့က်စွာအိပ်နေသော ကလေးငယ်က ရုတ်တရက်ထင်သဖြင့် မိခိုင်နိုးပြီးချောနေသည်။

"သာထူး၊ မင်းငါးကိုလူခိုးဖို့ကြံနေတယ်၊ ငါလှန့်ထားတယ်။ မင်းငါးနဲ့လိုက်ခဲ့"

"ကိုနေအေးလားဟင်"

"ဟုတ်တယ် သာထူး၊ အောက်ကျင်းရေမြောင်းနံဘေးမှာ ငါးပလိုင်းတစ်လုံး၊ ဖားပလိုင်းတစ်လုံးချထားတယ်။ ငါ့သားလေးအိမ်ပို့လိုက်ပါ။ ဒီနှစ်ဆယ်တန်းအောင်အောင် မင်းဂရုစိုက်ပေးပါကွာ။ ငါလည်း ဒီတစ်ခါပဲကူညီခွင့်ရတော့မှာ"

အိပ်မပျော်ပါဘဲ လတ်လတ်ဆတ်ဆတ်ကြားလိုက်ရသောစကားသံ။ ပြန်ပြောလျှင် ရူးတယ်ထင်ကြမည်။ သာထူးမရူးပါ။ အစွဲအလမ်းနှင့်သားသမီးအပေါ်ထားသည့်မိဘမေတ္တာ။ ဘယ်သူရူးတယ်ပြောပြော သာထူးဂရုမစိုက်တော့ပါပြီ။ ဘယ်သူမယုံ၊ ယုံယုံ ကိုနေအေးမေတ္တာကို သာထူး ယုံကြည်လေးစားမိပါ၏။

လယ်ထဲကိုရောက်တော့ ပလိုင်းခပ်ကြီးကြီးနှစ်လုံးမှာ ငါးအပြည့်၊ ဖားအပြည့်တွေ့ရသည်။ သာထူးက လမ်းမှာသွားရင်း ရိုက်ထားသောဖားများနှင့်ငါးများဖြုတ်ပြီး မြူးတွေဖော်ကြည်တော့ ငါးတွေက မနည်းပါ။ မနိုင်မနင်းနှင့်ဘယ်လိုသယ်ရပါ့အတွေးရောက်စဉ် -

"မင်းငါးမင်းသယ်၊ ဒီပလိုင်းနှစ်လုံးငါသယ်ပို့မယ် သာထူး"

လူမမြင်ရသော်လည်း ကြားလိုက်ရသည့်အသံက ကိုနေအေးအသံပါ။ သာထူးကြောက်စိတ်ပေါ်မလာ။ သူ့ကို ဒုက္ခပေးမည့်သူမဟုတ်မှန်း တထစ်ချယုံကြည်ပြီးသား။ သာထူးရှေ့မှသွားတော့ နောက်မှခြေသံခပ်ပြင်းပြင်းနှင့်လိုက်ပါလာတာသိသည်။

ရွာအဝင်ရောက်တော့ အိပ်ပျော်နေသော ခွေးတစ်အုပ်က ထဟောင်သည်။ ဖိုးအေးတို့လူစုနှင့်တွေ့တော့ -

"အံမယ်-သာထူး၊ အဖော်ရတော့ငါတို့တောင်အသံမပြဘူး။ ငါးတွေလည်းရလှချေလားကွ"

"ဘယ်ကအဖော်လဲ"

သာထူးကပြန်မေးတော့ -

"မင်းနောက်ကလူပေါ့ကွ။ မင်းယောက်ဖ မိခိုင်မောင်လား။ မီးမပါဘာမပါနဲ့ကွာ"

"ဟေ - အေး၊ အေးကွာ ဟိုဘက်ရွာကပါ"

သာထူး အလိုက်သင့်ဖြေပြီး ရွာထဲဝင်တော့ ခွေးတစ်စီ၊ အမေအိမ်ရှေ့ရောက်တော့ တံခါးပုတ်၍ -

"အမေ၊ အမေ"

"ဟင် - ကိုကြီးသာထူး၊ လာလာ"

အခန်းက ည(၁၂)နာရီခွဲထိုးလုပြီ။ နီတွတ်မအိပ်သေး၊ ဘက်ထရီလေးနှင့် စာကြည့်နေသည်။ ဒီကောင် စာတော့အတော်ကြိုးစားသားဟု ကျေနပ်မှာတွေးရင်း အမေ့အိမ်လေးပေါ် ငါးပလိုင်း ဖားပလိုင်းကို တင်ပေးလိုက်သည်။

"ဟဲ့သား သားထူး၊ ဖားတွေငါးတွေများလှချေလား။ ဘယ်လိုများရလာသလဲ။ ဟဲ့ - နောက်ကဘယ်သူလဲ။ အိမ်ပေါ်တက်လေ၊ ရေနွေးကြမ်းသောက်ကြဦး"

"အူး.. ဝူး... ဝူး... ဝူး"

ခွေးတစ်အုပ်က အူသံပေးရင်း အိမ်ရှေ့ရောက်လာပြီး ထိုးဟောင်နေ၍ နီတွတ်က လေးခွနှင့်ပစ်လွှတ်နေသည်။ သာထူးက အခြေအနေကိုနားလည်ပြီး-

"မသောက်တော့ဘူး အမေ၊ မနက်ကျ ဒီငါးတွေရောင်းချပြီး ညီလေးကို ကျောင်းအပ်နော်"

"နီတွတ်၊ ဒီနှစ်နှစ်ချင်းပေါက်အောင်အောင်ကြိုးစားနော်"

"ဟုတ်ကဲ့ပါ ကိုကြီး"

လိမ္မာရိုကျိုးနေသော ပညာတတ်ကလေး နီတွတ်ကိုမြင်ရ၍ ကိုနေအေးကျေနပ်မှာပါလေဟုတွေးရင်း သာထူးအိမ်ပြန်လမ်းမှာ မျက်ရည်ကျခဲ့ရပါသည်။ သာထူးနောက်မှ ကိုနေအေး၏သောကကို သာထူးမြင်နေရပါ၏။

(၆)

ရာသီတွေ အလှီလှီပြောင်းခဲ့ပြီး ကိုနေအေး ဆုံးခဲ့တာပင် (၁၂) နှစ်ပြည့်ခဲ့ပြီ။ အရိုးတွေပင်ဆွေးလုပြီ။ ကိုနေအေး၏ဝိညာဉ်က သံယောဇဉ်ငြိတွယ်ဆဲ။ မေတ္တာတွေစီးဆင်းဆဲဟု ဘယ်သူယုံနိုင်ပါ့မလဲလေ။

နီတွတ် ဆယ်တန်းကို နှစ်ချင်းပေါက်ခဲ့ပြီ။ မခင်ဝေ တပြုံးပြုံး၊ နီတွတ်က မြောက်ကြွမြောက်ကြွနှင့် ဟော်လို့။ သာထူးတစ်ယောက်သာ ဝမ်းလည်းသာ၊ ဝမ်းလည်းနည်းမိပါသည်။

"ကိုနေအေးရေ၊ ခင်ဗျားရဲ့အကူအညီတွေနဲ့ ခင်ဗျားသား ပညာတတ်ခဲ့တာပါ။ မြင်းမိုရ်ထက်လို အမြင့်မားဆုံးနေရာမှ မေတ္တာတွေစုန်ရေလိုစီးဆင်းနေတာ ကျွန်တော်ဂုဏ်ယူလေးစားပါတယ်ဗျာ"

နှလုံးသားတွင်းမှ တီးတိုးဆိုရင်း သာထူး ကြေကြေကွဲကွဲငိုနေသည်ကို ဘယ်သူက သရုပ်ခွဲတတ်မှာတဲ့လဲ။ သာထူးဦးဆောင်ပြီး နီတွတ်ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com

ရဲရဲထွန်း(ဟာသိတ)

# စကားဖို၊ စကားမ

ယနေ့ မြန်မာစကားပြေအရေးအသားသည် ယခင်ကနှင့်မတူ များစွာပြောင်းလဲခဲ့ပြီ ဖြစ်၏။ ယနေ့ စာနယ်ဇင်းများတွင် စကားပြေကို ထိထိမိမိ တိုတိုရှင်းရှင်း ရေးလာကြသည်ကို တွေ့ရသည်။ အထူးသဖြင့် စကားပြေအရှည်ကြီးများကို မရေးတော့ပေ။ အဓိကအကျဆုံးအချက်မှာ မြန်မာသတ်ပုံသတ်ညွှန်းတို့ကို အမှားအယွင်းမခံ 'မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း' ကို လက်ကိုင်ပြု၍ စာရေးသူများ ဂရုပြုရေးသားလျက် ရှိနေကြပါသည်။ အယ်ဒီတာများကပို၍ အလေးအနက်ထားကြသည်။

သို့သော် မြန်မာ့စာပေတွင် စကားဖို၊ စကားမတို့သည် ၎င်းတို့၏ ဗျည်းအလိုက်ရှိနေကြဆဲဖြစ်သည်။ အဆိုပါ စကားဖို၊ စကားမကို ပစ်ပယ်ထား၍မရပေ။ အဘယ်ကြောင့်ဆိုသော် ထိုစာစုတို့သည် စကားပြေအရေးအသားကို ကျစ်လျစ်စေသော အသုံးအနှုန်းများကြောင့် ဖြစ်သည်။

မြန်မာ့စာပေတွင် လက်ရှိအသုံးပြုနေသော စကားဖို၊ စကားမတို့ကို ဗျည်းအက္ခရာစဉ်အလိုက် အောက်ပါအတိုင်း ရေးသားဖော်ပြအပ်ပါသည်။

က။ ကကခုန်ခုန်၊ ကယုကယင်၊ ကသုတ်ကရက်၊ ကတိုက်ကရိုက်၊ ကလေကဝ၊ ကလေးကလား၊ ကလီကမာ၊ ကလန်ကဆန်၊ ကသိကအောက်၊ ကရော်ကမည်း၊ ကသောကမျော၊ ကန္တဲ့ကလျ၊ ကလေကချေ၊ ကယောက်ကယက်၊ ကမန်းကတန်း၊ ကမူးရှူးထိုး၊ ကလန်ကလား။

ခ။ ခခယယ၊ ခနိုးခနဲ့၊ ခခယမ်းယမ်း၊ ခုံခုံမင်မင်၊ ချေချေငံငံ၊ ချွဲချွဲပျစ်ပျစ်၊ ချစ်ချစ်ခင်ခင်၊ ခိုင်ခိုင်ခံ့ခံ့၊ ချိုချိုချဉ်ချဉ်၊ ခိုးလိုးခုလု၊ ခွေးခွေးခတ်ခတ်၊ ခြိုးခြိုးခြံခြံ၊ ခွတီးခွတ။

ဂ။ ဂုဏ်တူဂုဏ်ပြိုင်၊ ဂလယ်စကား၊ ဂွတီးဂွတ၊ ဂယနဏ။

ဃ။ ငါးပိငါးပင်၊ ငေါက်ငေါက်ငမ်းငမ်း၊ ငေါ်တော်ငေါ်တောက်၊ ငိုးတိုးငေါင်တောင်၊ ငိုးတိုးငုတ်တုတ်၊ ငေးတိငေးတေး၊ ငိုင်တိငိုင်တိုင်၊ ငွားငွားစွင့်စွင့်၊ ငေးတိငေးမှိုင်၊ ငယ်ကျိုးငယ်နာ။

စ။ စကောစက၊ စကားကြီးစကားကျယ်၊ စကားဖို စကားမ၊ စကားစမြည်၊ စနောင့်စနင်း၊ စရန်စက၊ စလုံးစခု၊ စာစီစာကုံး၊ စေ့စေ့စပ်စပ်၊ စေ့စေ့ပေါက်ပေါက်၊ စုတ်စုတ်နုပ်နုပ်၊ စုတ်စုတ်ပဲ့ပဲ့၊ စောစီးမီး၊ စည်စည်ကားကား၊ စွန့်စွန့်စားစား၊ စပ်မိစပ်ရာ၊ စိတ်နေစိတ်ထား၊ စိတ်ကူးစိတ်သန်း၊ စိုစိုစွတ်စွတ်၊ စနိုးစနောင့်စိမ်းစိမ်းစိုစို။

ဆ။ ဆာဆာလောင်လောင်၊ ဆိတ်လျော်လျော်၊ ဆူဆူဆောင့်ဆောင့်၊ ဆူဆူညည်း၊ ဆဲဆဲဆိုဆို၊ ဆန့်ဆန့်ညှာ၊ ဆင်ခြေဆင်လက်၊ ဆိုးဆိုးဆတ်ဆတ်၊ ဆိုးခနဲဆာခနဲ၊ ဆယ်မိုးဆယ်စွေ၊ ဆန်တော့ဆန်ကြမ်း။

စျ။ စျေးသူစျေးသား၊ စျေးသွားစျေးလာ၊ စျေးဝယ်စျေးဆစ်၊ စျေးရောင်းစျေးဝယ်။

ည။ ညိုးညိုးညည်း၊ ညည်းညည်းငြူငြူ၊ ညီညီညာညာ၊ ညာတာတေး၊ ညက်ညက်ညောညော၊ ညစ်ညစ်ညမ်းညမ်း၊ ညှပ်ပူးညှပ်တ်၊ ညီညီညွတ်ညွတ်၊ ညစ်ညစ်ပတ်၊ ညဉ့်အိပ်ညဉ့်နေ။

တ။ တစ်ခါတစ်ရံ၊ တစ်ခါတရံ၊ တခမ်းတနား၊ တစေ့တစောင်း၊ တစ်ဆိတ်တစ်အိတ်၊ တပင်တပန်း၊ တစ်ပွဲတစ်လမ်း၊ တစ်ပြည်တစ်ရွာ

အောင်၍ အလှူတစ်ခုပြုလုပ်သည့်အနေဖြင့် ဘုန်းကြီးငါးပါးပင့် လူတွေကို အကျွေးအမွေးနှင့် ဧည့်ခံတော့ ကိုနေအေးကိုဖိတ်၍ အမှုဝေခဲ့ပါသည်။

"ကိုနေအေးရေ၊ ခင်ဗျားဆန္ဒတွေ ပြည့်ပါပြီ။ အစွဲအလမ်းတွေကျွတ်ပြီး ကောင်းရာမွန်ရာဘဝကူးပါစေဗျာ"

"အမှု အမှု အမှု၊ သာဓု သာဓု သာဓု"

ထိုည အိပ်မက်ထဲ၌ ကိုနေအေးရောက်လာခဲ့ပါ၏။ အဝတ်အစားတောက်တောက်ပပနှင့် ပြုံးရွှင်ရွှင်မျက်နှာထားနှင့်ပါ။

"သာထူး၊ မင်းဝေတဲ့အမှုကိုရပါတယ်။ သာဓုလည်းခေါ်ရပါတယ်။ ငါလည်း အစွဲတွေကျွတ်သွားပါပြီ။ ဒါမင်း ကျေးဇူးပါကွာ။ တို့လိုဘဝခြားတဲ့ဝိညာဉ်ဘဝရောက်ရသူတွေကိုနားလည်ပြီး ကုညီပေးခဲ့တဲ့မင်းကို အရမ်းကျေးဇူးတင်ပါတယ်ကွာ။ ငါသွားတော့မယ်နော်"

"ကိုနေအေး၊ ကိုနေအေး"

သာထူး၏ အလန့်တကြားအော်ခေါ်သံကြောင့် ကလေးငယ်နို့တိုက်နေရာမှ မိခိုင်က လှုပ်နိုးသည်။

"ကိုသာထူး၊ ကိုသာထူး ဘာဖြစ်လို့လဲဟင်"

သာထူးမှာ မျက်ရည်တွေနှင့် ဝမ်းသာကြည်နူးမှုနှင့် ဝမ်းနည်းကြေကွဲမှုကြောင့် ရောနှောနေသောမျက်ရည်တွေ မခန်းခြောက်နိုင်သေး။ လူမမယ်သားလေးကိုကြည့်၍ သာထူးတွေးမိသည်။

"ကိုနေအေးရော ကျွန်တော်ရဲ့ဒီသားလေးအပေါ် မှာထားတဲ့ ကျွန်တော်ရဲ့မေတ္တာဟာ ဘယ်လောက်ပဲကြီးမားစေ မြင်းမိုရ်ထက်မှစုန်သောရေမေ အင်အားကြီးမားစွာ စုန်ဆင်းတဲ့ ခင်ဗျားရဲ့မေတ္တာရေကို မမိနိုင်တော့ပါဘူးဗျာ"

ကိုနေအေးတစ်ယောက် ကောင်းရာသုဂတိဘုံကို (၁၂)နှစ်ကြာမှရောက်နိုင်ခြင်းကို သာထူးမှလွဲ၍ ဘယ်သူမသိခဲ့ပါချေ။

ဝေး(ရောဝတီ)

**မှတ်ချက် -**

ဖြစ်ရပ်မှန်တစ်ခုအား အမည်ပြောင်း၍ ခံစားရေးဖွဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တပိုတပါး၊ တစ်လုတ်တစ်ဆုပ်၊ တစ်သားတစ်မွေး၊ တအံ့တသြ၊ တိတိကာကာ၊ တူတူတန်တန်၊ တင့်တင့်တယ်တယ်၊ တွတ်တီးတွတ်တာ၊ တောက်တီးတောက်တဲ့၊ တိုက်ကြိုးတာကြိုး၊ တောင့်တောင့်တင်းတင်း၊ တို့ကဆိတ်တို့ကနန်း၊ တိုးတိုးတိတ်တိတ်၊ တမ်းတမ်းတတ။

ထ။ ထိထိရောက်ရောက်၊ ထိထိမိမိ၊ ထူထူထဲထဲ၊ ထူးထူးထွေထွေ၊ ထွေထွေထူးထူး၊ ထင်ယောင်ထင်မှား၊ ထပ်တူထပ်မျှ၊ ထန်ထန်မာမာ၊ ထွန်းထွန်းပေါက်ပေါက်။

ဒ။ ဒေါက်ဒေါက်ဒက်ဒက်၊ ဒေါင်ဒေါင်ဒင်ဒင်၊ ဒိုးဒိုးဒေါက်ဒေါက်၊ ဒယိမ်းဒယိုင်၊ ဒိုးခနဲဒက်ခနဲ၊ ဒဏ်ရာဒဏ်ချက်။

န။ နမော်နမဲ့၊ နှမိန်းမြော၊ နတီးနတ၊ နမော်မိန်မာမဲ့၊ နားစွန်နားဖျား၊ နားနားနေနေ၊ နားပူနားဆာ၊ နီးနီးနားနား၊ နူးနူးနပ်နပ်၊ နွဲ့နွဲ့နောင်းနောင်း၊ နမေနမော၊ နည်းနာနယ၊ နစ်နစ်နာနာ၊ နောက်ဖေးနောက်ဖီ၊ နိုင်နိုင်နင်းနင်း၊ နောင်လာနောက်သား၊ နံတိုနံနဲ့၊ နေကုန်နေခန်း။

ပ။ ပလူးပလဲ၊ ပလုတ်ပလောင်း၊ ပါချည်ပါခဲ့၊ ပိပိပြားပြား၊ ပြီးပြီးပျောက်ပျောက်၊ ပူစပ်ပူလောင်၊ ပူဇော်ပသ၊ ပေါ့တီးပေါ့တော့၊ ပေါ့တီးပေါ့ဆ၊ ပေတိပေကတ်၊ ပိန်ပိန်ပါးပါး၊ ပိုင်စိုးပိုင်နင်း၊ ပုံတိုပတ်စ၊ ပျာတိပျာတာ၊ ပျာယီးပျာယာ၊ ပျော့ပျော့ပျောင်းပျောင်း၊ ပျော်ပျော်ပါးပါး၊ ပြူးတူးပြဲတဲ၊ ပြူးတူးပြောင်တောင်၊ ပြေပြေပြစ်ပြစ်၊ ပြောမိပြောရာ၊ ပရမ်းပတာ၊ ပရောပရည်၊ ပေါ်ဦးပေါ်ဖျား၊ ပျော့အိပျော့နဲ့၊ ပျင်းတိပျင်းတွဲ၊ ပြေရာပြေကြောင်း၊ ပြောက်တိပြောက်ကျား။

ဖ။ ဖရိုဖရဲ၊ ဖူးဖူးမြော်မြော်၊ ဖေးဖေးမမ၊ ဖုံးဖုံးဖိဖိ၊ ဖောက်လွဲဖောက်ပြန်၊ ဖိုသီဖတ်သီ၊ ဖိုးရိုးဖားရား၊ ဖောက်လဲဖောက်ပြန်။

ဘ။ ဘလီဘဖာ၊ ဘလီဘဇာတ်၊ ဘေဘေဗုံဗုံ၊ ဘလောက်ဘယက်၊ ဘလောင်းဘလဲ၊ ဘလုံးဘထွေး၊ ဗျိုက်ပင်ဗျိုက်တော၊ ဗျစ်တောက်ဗျစ်တောက်၊ ဗြုန်းစားပြင်းစား။

ဘ။ ဘိုးဘေးဘီဘင်၊ ဘာသာဘာဝ၊ ဘာသိဘာသာ၊ ဘဲစားဘဲချေ၊ ဘိုးစဉ်ဘောင်ဆက်၊ ဘယ်ပြန်ညာပြန်။

မ။ မကွေမက္ကာ၊ မခိုင်မခဲ့၊ မညီမညွတ်၊ မတွေးမတော၊ မတောင့်မတင်း၊ မတောင့်မတ၊ မတော်မတရား၊ မနေမနား၊ မန္တမ်းမနယ်၊ မပင်မပန်း၊ မပြုမပြင်၊ မရှိမရှား၊ မရေမရာ၊ မသိမသာ၊ မလှုပ်မယှက်၊ မော့တီးမော့တော့၊ မူးမူးမောက်မောက်၊ မက်မက်မောမော၊ မွေးမွေးမြိန်းမြိန်း၊ မြိမြိမောက်မောက်၊ မောင်မမိသံ၊ မှောက်မှောက်မှားမှား၊ မှန်တိမှန်မွား၊ မြို့စွန်မြို့နှား၊ မြို့သူမြို့သား၊ မသိုးမသန့်၊ မယောင်မလည်၊ မတော်မတည့်၊ မခိုးမခန့်၊ မဆီမဆိုင်၊ မမိမကမ်း၊ မလုံမလဲ၊ မဦးမချတ်၊ မီးကျိုးမောင်းပျက်၊ မီးကပ်မီးခိုတ်၊ မီးကျည်မီးပန်း၊ မူရာမာယာ၊ မိုက်တိမိုက်ကန်း၊ မင်းခမ်းမင်းနား၊ မည်ရွေ့မည်မျှ၊ မျက်စမျက်နှာ၊ မျက်နှာထိမျက်နှာထား၊ မြီစားမြီရှင်၊ မြင်ယောင်မြင်မှား၊ မှိုချိုးမျှစ်ချိုး၊ မွေ့လိမ်မွေ့ကောက်။

ယ။ ယုယုယယ၊ ယီးတီးယောင်တောင်၊ ယုတ္တိယုတ္တာ၊ ယိုင်တိုးယိုင်တိုင်၊ ယီးတီးယားတား၊ ယောင်တိယောင်တီ၊ ယောင်တီယောင်ချာ။

ရ။ ရသေ့ရဟန်း၊ ရက်ရက်ရောရော၊ ရပ်ဆွေရပ်မျိုး၊ ရပ်မိရပ်ဖ၊ ရိုးတိုးရွတ၊ ရိုးတိုးရိပ်တိပ်၊ ရှုးရှုးရှဲရဲ၊ ရှောရှောရှူရှူ၊ ရွာစွန်ရွာဖျား၊ ရှက်ကိုးရှက်ကန်း၊ ရွတ်တီးရွတ်တ၊ ရှုပ်တီးရှုပ်ပွ၊ ရဲဘော်ရဲဘက်၊ ရောရီရောရာ၊ ရင်းခွဲရင်းထောင်၊ ရန်ဆူးရန်ငြောင့်၊ ရုပ်ပြောင်းရုပ်လွဲ၊ ရွတ်တိရွတ်ထိုး။

လ။ လူကြီးလူကောင်း၊ လူပေါ်လူဇော်၊ လူစုလူဝေး၊ လူလူးလှိမ့်လှိမ့်၊ လေးဖက်လေးတန်၊ လက်သီးလက်မောင်း၊ လက်ရေးလက်သား၊ လှိုက်လှိုက်လှဲလှဲ၊ လှန်လိုက်လှော်လိုက်၊ လောက်လောက်လားလား၊ လဆန်းလဆုတ်၊ လူစွမ်းလူစ၊ လူပါးလူနပ်၊ လူရွှပ်လူပွေ၊ လူရိပ်လူယောင်၊ လေယူလေသိမ်း၊ လေးစိတ်လေးမြွာ၊ လက်ခုပ်လက်ဝါး၊ လက်စွမ်းလက်စ၊ လက်ဆပ်လက်ကိုင်၊ လက်ပူးလက်ကြပ်၊ လက်လီလက်ကား၊ လက်လုပ်လက်စား၊ လျော့ရိလျော့ရဲ၊ လျှပ်ပေါ်လောလည်။

ဝ။ ဝါဝါဝင်းဝင်း၊ ဝေလီဝေလင်း၊ ဝေ့တီးဝေ့လည်၊ ဝိုးတိုးဝါးတား၊ ဝတ်မိုးဝတ်မြေ၊ ဝတ်မှန်ဝတ်ဆံ။

သ။ သိသိသာသာ၊ သူကြီးသူမ၊ သူခိုးသူဝှက်၊ သူပုန်သူကန်၊ သေးသေးသိမ်သိမ်၊ သေးသေးသွယ်သွယ်၊ သံဖိုသံမ၊ သွေးရိုးသားရိုး၊ သွေးတူသားတူ၊ သွေးချင်းသားချင်း၊ သိပ်သိပ်သည်းသည်း၊ သုတ်သီးသုတ်ပျာ၊ သိုသိုသိပ်သိပ်၊ သရိုးသရဲ၊ သရုပ်သကန်၊ သူဌေးသူကြွယ်၊ သေရည်သေရက်၊ သက်သောင့်သက်သာ၊ သက်သေသက်ကန်၊ သွေးရူးသွေးတန်း။

ဟ။ ဟာလာဟင်းလင်း၊ ဟေးလှားဟားလား၊ ဟေးဟေးဟားဟား၊ ဟင်းသီးဟင်းရွက်။

အ။ အကွက်အကွင်း၊ အကျင့်အကြဲ၊ အခိုက်အခဲ၊ အချိန်းအချက်၊ အချိုအချဉ်၊ အစားအစာ၊ အတိုင်းအတာ၊ အပူအပင်၊ အပြုအပြင်၊ အလယ်အလတ်၊ အဟုတ်အဟတ်၊ အေးတိအေးစက်၊ အိုးတိုးအောင့်တောင့်၊ အိမ်ကြိုအိမ်ကြား၊ အချက်အချာ၊ အကျဉ်းအကျပ်၊ အကျိတ်အခဲ၊ အကန့်အသတ်၊ အကောင်အထည်။

စာရေးသူတို့ စာနယ်ဇင်းသမားတို့သည် နေ့စဉ်စာများကိုအဆက်မပြတ် ရေးသားလျက်ရှိရာ မိမိရေးသောစာနှင့် ဆီလျော်မည့် စကားဖို၊ စကားမများကို ထည့်သုံးခြင်းအားဖြင့် စကားပြေတစ်ပုဒ်ကို ပို၍ မြင်သာထင်သာရှိလာမည် ဖြစ်သည်။ ဥပမာ ကျွန်ုပ်သည် ကသုတ် ကရက်ဖြင့် ရုတ်တရက်ထွက်လာခဲ့ရသည်။ မောင်လှသည် ကျွန်ုပ်ကို ခနိုးခနဲဆို ကဲ့ရဲ့လည်း သည်းခံလိုက်ပါသည် စသည်ဖြင့် များစွာအသုံးပြုရေးသားနိုင်ပါကြောင်း မိဘမေတ္တာဆယ်စောင်တွဲမှ မှီငြမ်းဖော်ပြအပ်ပါသည်။

ခဲ့ခဲ့ထွန်း (ဟင်္သာတ)

မှတ်ချက် -

(ကျန်နေဦးမည် [illegible])

ရှာဖွေအသုံးပြုနိုင်ရန် [illegible])



www.burmeseclassic.com

www.burmeseclassic.com



"The Purple Plain" ဇာတ်ကားမှ ဂရီဂိုရီပက်နှင့် ဝင်းမင်းသန်းတို့၏ သရုပ်ဆောင်ပုံ

# The Purple Plain ခရမ်းရောင်လွင်ပြင်မှ မြန်မာမင်းသမီး ဝင်းမင်းသန်း

## ကိုကိုး(ရန်ကင်း)

၁၅-၁၀-၂၀၁၄ နေ့ထုတ် ကြေးမုံသတင်းစာတွင် မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ်သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ အပြည့်အစုံမှာ ဤသို့ဖြစ်သည်။

မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်အဖြစ် ရှေးခေတ် အသံတိတ်ရုပ်ရှင် ပို့ချစ်လင်ဇာတ်ကားကြီးကို Laurel Art Academy ရုပ်ရှင်အနုပညာသင်တန်း

Win Min Than had reservations about a love scene with mi in *The Purple Plain*. Also in this still are Brenda de Banzie and Bernard Lee.

ကျောင်းအတွင်း၌ အောက်တိုဘာ သုရက်၊ မွန်းလွဲ (၁) နာရီက တီးဝိုင်းပြုံးအခမဲ့ဖော်ဖြေပြသပေးခဲ့ကြောင်း သိရသည်။

ရုပ်ရှင်အနုပညာသင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ ဇာသုတရရှိစေရန်နှင့် ရုပ်ရှင်ကြည့်ပရိသတ်များ ကြည့်ရှုနိုင်ရေးအတွက် ရည်ရွယ်သခဲ့ခြင်းဖြစ်ကြောင်း ဒါရိုက်တာကြီးထွန်းက ပြောကြားသည်။ ၁၉၅၀ ပြည့်နှစ်တွင် ရိုက်ကူးခဲ့သည့် အသံတိတ်ဇာတ်ကား ပို့ချစ်လင်ကို စာရေးဆရာသခုက ရေးသားခဲ့ပြီး ဒါရိုက်တာတင်မောင်မြင့် ရိုက်ကူး၍ အင်္ဂလန်ပေးပို့ကာ ကူးဆေးထားခြင်းဖြစ်ကြောင်း ဖိုးပါကြီး၊ ဖိုးပါလေး၊ ကြူကြူ စောသာကြည်နှင့် တင်မောင်ကြီးတို့ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါ ဇာတ်ကားနှင့်ပတ်သက်၍ ရုပ်ရှင်အတတ်ပညာသင်ဆိုင်ရာ၊ တည်းဖြတ်မှုအတတ်ပညာဆိုင်ရာနှင့် သမိုင်းအကြောင်းကို ဒါရိုက်တာကြည်စိုးထွန်းက ရုပ်ရှင်ကြည့်ပရိသတ်များအား ရှင်းလင်း ပြောကြားခဲ့သည်ဟူ၍ သတင်းကဖော်ပြထားသည်။

ကျေးဇူးတင်ရပါသည်။

မြန်မာ့ရုပ်မြင်သံကြားတွင် မြန်မာ့ရုပ်ရှင်နှင့်ပတ်သက်၍ Movie Talk ကဲ့သို့မျိုး၊ ဂီတနှင့်ပတ်သက်၍ 'ခြေမြစ်မြစ်နှစ်နှစ်ကာကာ' ကဲ့သို့မျိုး အစီစဉ်တင်ဆက်နေကြသည့် ဆရာဒါရိုက်တာကြည်စိုးထွန်းနှင့် စန္ဒရားတင်ဝင်းလို့တို့ကို ကျေးဇူးတင်ရပါမည်။ သူတို့ကျေးဇူးကြောင့် ကျွန်တော်တို့ မသိမသော



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်၊ ဂီတအကြောင်းများကို သိကြရ
သည်။ ဘဟုသုတများတိုးကြရပါသည်။

❑

ရုပ်ရှင်လောကတွင် ဥရောပမှ
တင်သွင်းပြသော ရုပ်ရှင်ဇာတ်
သူမျက်ကို အင်္ဂလိပ်ကားဟူ၍သာ
ယူအားဖြင့် ခေါ်ဆိုကြသည်။
ပေါ် ဦးစက မြန်မာနိုင်ငံတွင်စတင်
ခဲ့သည့် ရုပ်ရှင်ဇာတ်ကားများမှာ
လိပ်ကားများသာ ဖြစ်ကြသည်။
ပထမဆုံး မြန်မာတို့ရိုက်ကူးပြီး
ဇာတ်လမ်း၊ မြန်မာဇာတ်လိုက်များ
ရိုက်ကူးပြသခဲ့သော 'မေတ္တာနှင့်
ရုပ်ရှင်ဇာတ်ကားသည် ၁၉၂၀
နှစ်၊ အောက်တိုဘာ ၁၃ ရက်တွင်
ရုပ်စီနီမာရုံ၌ စတင်ပြသနိုင်ခဲ့သည်။
နေ့ကိုအကြောင်းပြုကာ မြန်မာနိုင်ငံ
ရုပ်ရှင်အစည်းအရုံးမှ ၁၉၉၆ ခုနှစ်၊ နိုဝင်
၂ ရက်တွင် ဆရာကြီးဦးသုခ၏
ရုပ်ရှင်နေ့ဟောပြောပွဲ ကျင်းပခဲ့
သို့ဖြင့် အောက်တိုဘာ ၁၃ ရက်
မြန်မာ့ရုပ်ရှင်နေ့အဖြစ် နှစ်စဉ်ကျင်းပ
ခဲ့ပေသည်။

**အင်္ဂလိပ်ရုပ်ရှင်ဇာတ်ကားမှ မြန်မာသရုပ်
ဆောင်များ**

အနောက်နိုင်ငံသားတို့ ရိုက်ကူး
အင်္ဂလိပ်ကားများထဲတွင်
ဆော်ပါဝင်ခဲ့ကြသူ မြန်မာများမှာ
ဘောမင်းဆက်၏နောက်ဆုံးဘုရင်

GREGORY PECK

သီပေါမင်းမိသားစုတု ဆိုနိုင်ပါသည်။
၁၉၁၃ ခုနှစ်တွင် ရတနာဂီရိစံအိမ်တော်
၌ သီပေါမင်း၏သမီးတော်လေးပါးအား
နားထွင်းမင်္ဂလာအခမ်းအနားကျင်းပပေး
ခဲ့သည်။ ယင်းအခမ်းအနားသို့ ဂျာမနီ
ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်အဖြစ် လာ
ရောက် ရိုက်ကူးခဲ့သည်။ ယင်းသတင်း
ကားမှာ ပေ (၈၀၀) ခန့်ရှည်ပြီး ရန်ကုန်
နှင့် မန္တလေးမြို့များတွင် ပြသခဲ့ဖူး၏။
သို့သော် နောက်ပိုင်း၌ ဗြိတိသျှအစိုးရက
ပြသခွင့် ပိတ်ပင်ခဲ့သည်။

သတင်းကားတွင် ဦးစွာ ရတနာ
ဂီရိမြို့၏ လှပသောရှုခင်းများကိုပြသပြီး
နောက် စံအိမ်တော်ကြီးကို ဘက်ပေါင်းစုံ
မှ ရိုက်ပြသည်။ ထို့နောက် သီပေါမင်း၊
စုဖုရားလတ်နှင့် သမီးတော်တစ်ပါးစီ

အား အနီးကပ်ရိုက်ပြီး နားဆင်း
မင်္ဂလာပွဲကျင်းပပုံကို မှတ်တမ်းတင်ထား
၏။ သတင်းကားကို ဘုရင်သမီးတော်
များ မြို့တွင်းလှည့်လည်ပုံနှင့် အဆိုးသတ်
ထားသည်ဆို၏။ မြန်မာနိုင်ငံတွင် ပြသ
စဉ်က သီပေါမင်းတရားကြီးကိုကိုယ်တိုင်
ဖူးမြော်လိုသူများ အလုပ်ရုံ (လွှော်တန်)
သို့ကြွပါဟု မောင်းခတ်ကြေညာခဲ့ရာ
လာရောက် ကြည့်ရှုသူ အထူးများပြားခဲ့
လေသည်။

**အင်္ဂလိပ်ဇာတ်ကားမှ ပထမဆုံးမြန်မာ
သရုပ်ဆောင်**

ခေတ်ဦးကာလတွင် ရိုက်ကူးခဲ့ကြ
သည့် အင်္ဂလိပ်ဇာတ်ကားအချို့၌ မြန်မာ
နိုင်ငံအကြောင်း၊ မြန်မာလူမျိုးများ
အကြောင်း ဇာတ်အိမ်ဖွဲ့ရိုက်ကူးမှုများ
ရှိခဲ့ကြရာ ထိုစဉ်က မြန်မာလူမျိုးများနှင့်
သရုပ်ဆောင်ရိုက်ကူးမှုမျိုး မရှိခဲ့ပေ။
၁၉၁၃ ခုနှစ် ဟောလိဝုဒ်မီတာဂရပ်
(Vitagraph) ရုပ်ရှင်ကုမ္ပဏီမှ A Maid
of Mandalay ရုပ်ရှင်ဇာတ်ကားကို
မန္တလေး၌ လာရောက် ရိုက်ကူးခဲ့သည်။
ယင်းဇာတ်ကားမှာ ၁၈၉၀ ပြည့်နှစ်က
ကစ်ပလင် (Rudyard Kipling) ရေးဖွဲ့ခဲ့
သည့် 'မန္တလေး' အမည်ရှိကဗျာရှည်ကြီး
ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားခြင်း ဖြစ်
သည်။ ယင်းဇာတ်ကားတွင် မောရစ်ကစ္စ
တယ်လို (Maurice Castello) က အင်္ဂ
လိပ်စစ်သားအဖြစ်ပါဝင်ပြီး ကလာရာ

အုပ်-၆၄) နေက ချော်တွင်းကုန်းရှိ အရှင်
အနေယျကျောင်းတွင် သီလရှင်ဘဝသို့
ကူးပြောင်းလွှားခဲ့သည့် သီလရှင်ကလေး
မဝံသမာလာ (ခ) ဝင်းမင်းသန်း

ဝင်းမင်းသန်းဘဝမှ သီလရှင်ကလေး မဝံသမာလာအဖြစ်သို့ မကူးပြောင်းခင်
ကာလအတန်ကြာက ရိုက်ကူးထားခဲ့သည့် ခင်ပွန်းသည် ဗိုလ်စကြာနှင့်အတူ
ဝင်းမင်းသန်း

www.burmeseclassic.com

ကင်းဘောလ်ယန်း (Clara Kimball Young) က မြန်မာအမျိုးသမီးအဖြစ် သရုပ်ဆောင်သည်။

နောက်ပိုင်း အင်္ဂလိပ်ဇာတ်ကားများရိုက်ကူးကြရာ၌မူ မြန်မာအချို့ပါဝင်သရုပ်ဆောင်လာကြသည်။ အင်္ဂလိပ်ဇာတ်ကားများထဲတွင် ပထမဆုံးသရုပ်ဆောင်အဖြစ်ပါဝင်ခဲ့သည့် မြန်မာလူမျိုးတစ်ဦးမှာ ဦးမောင်မောင်ကလေးဖြစ်သည်။ ရက်(စ်)ခဲ့ဒိုး (Yes Shadow) အမည်ရှိ အင်္ဂလိပ်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ မောင်မောင်ကလေးမှာ ပထမဆုံးမြန်မာဇာတ်ကားရုပ်ရှင်ဖြစ်သော 'မေတ္တာနှင့်သူရာ' ဇာတ်ကားတွင် မင်းသား၏သူငယ်ချင်းအဖြစ်ပါဝင်ခဲ့ပြီး ဒဂုန်မဂ္ဂဇင်းမန်နေဂျာအဖြစ်လည်း လုပ်ကိုင်နေသူ ဖြစ်သည်။

**ခရမ်းရောင်လွင်ပြင်မှ ဝင်းမင်းသန်း**

ကမ္ဘာကျော် အမေရိကန်ရုပ်ရှင်မင်းသားကြီး ဂရီဂိုရီပက် (Gregory Peck) နှင့် မြန်မာအမျိုးသမီး ဝင်းမင်းသန်းတို့ တွဲဖက်သရုပ်ဆောင်ထားကြသော 'ခရမ်းရောင်လွင်ပြင်' ဇာတ်ကားမှာ နာမည်ကြီးရုပ်ရှင်ကားတစ်ကား ဖြစ်၏။ ယင်းဇာတ်ကားကို ဒါရိုက်တာ ရောဘတ်ပါရစ် (Robert Parrish) က ရိုက်ကူးခဲ့ခြင်း ဖြစ်လေသည်။ ယင်းဇာတ်ကားတွင် မြန်မာအမျိုးသမီး ဝင်းမင်းသန်းက အဲယ်နာ(Anna)အဖြစ်လည်းကောင်း၊ မင်းသားကြီးဂရီဂိုရီပက်က ဗြိတိသျှလေတပ်ဗိုလ် မစ္စတာဖော်ရက်စတာ (Mr.Forester) အဖြစ် လည်းကောင်း ပါဝင်သရုပ်ဆောင်ထားကြ၏။

ဇာတ်လမ်းမှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားနေသောအချိန် ဂျပန်များမြန်မာနိုင်ငံကို ဝင်ရောက် သိမ်းပိုက်ပြီးနောက် မြန်မာများအား ကြမ်းတမ်းစွာဖြင့်အုပ်ချုပ်နေစဉ် မဟာမိတ်များဘက်မှ လေသူရဲတစ်ဦးသည် မြန်မာပြည်အလယ်ပိုင်းရှိ မိတ္ထီလာခရိုင်သို့ ဝင်ရောက်၍ ဂျပန်စစ်စခန်းများအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်စဉ် ဂျပန်များကလည်း ပြန်လည် ပစ်ခတ် တိုက်ခိုက်သဖြင့် လေသူရဲ၏လေယာဉ်မှာ ပျက်ကျခဲ့သည်။ လေသူရဲမှာ လေထီးဖြင့်ခုန်ဆင်းလွတ်မြောက်ခဲ့ပါသော်လည်း မြေပြင်တွင် ဒုက္ခဆင်းရဲများကျရောက်နေစဉ် -

ရိုးသားဖြူစင်သဘောထားပြည့်ဝလှသော ကျေးတောသူမြန်မာအမျိုးသမီးဖြူဖြူက လေသူရဲ၏အသက်ကို ဖက်ဆစ်ဂျပန်များလက်တွင်းမှ ကယ်တင်၍ နှစ်ဦးသားချစ်ကြည်ရင်းနှီးနေစဉ်မှာပင် ဒုတိယကမ္ဘာကြီးပြီးဆုံးသွားသော ဇာတ်လမ်း ဖြစ်သည်။

ထိုဇာတ်လမ်းကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးလိုသဖြင့် ဟောလိဝုဒ်ရုပ်ရှင်လောကတွင် ကျော်ကြားနေသော ဒါရိုက်တာ ဒင်းနစ်ဟန်းတားအားလွှဲအပ်လိုက်ပါသည်။

ဒါရိုက်တာ ဒင်းနစ်ဟန်းတားသည် ထိုကားတွင် အဓိကသရုပ်ဆောင်ရန် 'မိုဘီနှစ်' ဇာတ်ကားဖြင့် ကမ္ဘာကျော်နေသော မင်းသားချော ဂရီဂိုရီပက်ကို ရွေးချယ်လိုက်ပြီး မင်းသမီးကို ရွေးချယ်ရာတွင် ထိုအချိန်က နာမည်ကျော်ကြားနေသောအမေရိကန်ရုပ်ရှင်မင်းသမီးများကို လုံးဝရွေးချယ်ခြင်းမပြုဘဲ မြန်မာနိုင်ငံသို့ သွားရောက်ကာ မြန်မာအမျိုးသမီးတစ်ယောက်ယောက်ကို ရွေးချယ်မည်ဆိုပြီး ဝါနာဘရားသားကုမ္ပဏီအဖွဲ့သားများနှင့် ဒါရိုက်တာတို့မှာ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ကြသည်။

မြန်မာနိုင်ငံသို့ရောက်ရှိလာသော အခါတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနှင့် တွေ့ဆုံခဲ့ရာ ဝန်ကြီးချုပ် ဦးနုကလည်း ထိုအချိန်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဖြစ်သော ဦးညီပုထဲသို့ ကူညီရန်လွှဲအပ်ခဲ့ပါသည်။ ဦးညီပု၊ ဦးချင်စိန်၊ ဦးတင်နွယ်တို့ကဦးဆောင်ကာ ထိုဇာတ်လမ်းနှင့်သင့်တော်မည့် ရုပ်ရှင်မင်းသမီးကို ရှာဖွေခဲ့ကြလေသည်။

ကျေးတောသူလေးပီပီလှပကြော့ရှင်းကာ အင်္ဂလိပ်စကားကိုလည်း ပြောဆိုတတ်ရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင်လက်ရှိကျော်ကြားနေသော အကျော်အမော်မင်းသမီးများကိုလည်း မသုံးနိုင်သဖြင့်-

ဒုိင်အိုဆီဇင်ကွန်ဗင်္ကျောင်းထွက် ဝင်းမင်းသန်းကို အားလုံးသော နှစ်ဖက် ဒါရိုက်တာကြီးများက ရွေးချယ်ခဲ့ကြပါသည်။ ဝါနာဘရားသားရုပ်ရှင်အဖွဲ့သားများသည် မင်းသမီးသစ်လေး ဝင်းမင်းသန်းကို ခေါ်ဆောင်ပြီး ဟောလိဝုဒ်သို့ ပြန်ကြကာ (The Purple Plane) ခရမ်းရောင်လွင်ပြင် အမည်ဖြင့် ထိုဇာတ်ကားကြီးကို စတင်ရိုက်ကူးခဲ့ကြပါသည်။

ဒင်းနစ်ဟန်းတားသည် ကျော်ကြားသော ရုပ်ရှင်ဒါရိုက်တာကြီးတစ်ဦးဖြစ်ရာ မင်းသမီးလေးမှာ အစိမ်းသက်သက်ဖြစ်နေသဖြင့် အင်္ဂလိပ်စကားပြောရာတွင် အခက်အခဲရှိလိမ့်မည်ဟု ဦးခဲ့ခဲ့ပါသော်လည်း ဝင်းမင်းသန်းမှာ အလွန်မှပင် ကောင်းမွန်လွန်းသည့် မိတ္ထီလာခရိုင်မှ ကျေးတောသူလေးတစ်ဦး၏ပြောစကားမျိုးဖြစ်ရန် အင်္ဂလိပ်စကားကို အနည်းငယ်ပြင်၍ပင် ပြောခိုင်းရပါသည်။

ထိုဇာတ်ကားကြီး ရိုက်ကူးနိုင်ရေးအတွက် ဗြိတိသျှလေတပ်မှ လေယာဉ်များနှင့် တိုက်လေယာဉ်ပုံးကြလေယာဉ်များကပင် အကူအညီပေးခဲ့ပါသည်။ ဝင်းမင်းသန်းသည် အမျိုးအရွယ်လေးဖြစ်ရာ မင်းသားဂရေဂိုရီပက်နှင့်တွဲထားအတော်ပင် ပင်ပင်ပန်းပန်းရိုက်ကူးခဲ့ရလေသည်။

ဇာတ်လမ်းထဲတွင် ဖက်ဆစ်ဂျပန်များသည် ၎င်းတို့ပစ်ချလိုက်သော လေယာဉ်ကို ရှာဖွေတွေ့ရှိသော်လည်း လေသူရဲကို မတွေ့ဘဲရှိနေခဲ့ရာ လေသူရဲကို တွေ့ပါက အမှန်ချေရန်ပင် ခေါင်းထွက်ပျက်ရှိနေခဲ့စဉ် -

ကျေးတောသူလေးဖြူဖြူ(အယ်နာ)က လေသူရဲကို လျှို့ဝှက်စွာ ခေါ်ယူသွားပြီးလျှင် ဒဏ်ရာများကို ကုသဖက်ဆစ်တို့ မတွေ့နိုင်အောင် လုံခြုံရာတွင်ဝှက်ထားခဲ့သည်။

လေသူရဲပျောက်နေသဖြင့် တပ်ရွာလုံးကို ဂျပန်များက ဒုက္ခအမျိုးမျိုးပေးခဲ့သည်။ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခဲ့သည်။

Purple Plane ဟူသည် ခရမ်းရောင်အဆင်းရှိ ဘုရားပထိုးစေတီတော်ပေါင်း မြောက်များစွာဖြင့်တင့်တယ်လှပသော ရှမ်းပြည်နယ်ကောင်းလှသော မြန်မာနိုင်ငံကို ဂုဏ်ပြုချီးကျူးထားသည့်ဇာတ်လမ်းဟု သိရသည်။ ခရမ်းရောင်လွင်ပြင်သည် ကမ္ဘာ့တစ်ဝန်းလုံးက အသည်းစွဲခဲ့ကြသော ရုပ်ရှင်ကားတစ်ကားဖြစ်ခဲ့ပြီး အမေရိကန်သတင်းစာဆရာများက ဂရီဂိုရီပက်အား မြန်မာမင်းသမီးအသစ်ကလေး ဝင်းမင်းသန်းနှင့် ပတ်သက်၍ မေးမြန်းရာ မင်းသားချော ဂရီဂိုရီပက်က "သိပ်တော်တာပဲဗျာ။ အမေရိကန်မင်းသမီးတွေကျတော့ ပညာပြိုင်တာရယ်၊ မာနကြီးတာရယ်၊ ဘဝင်မြင့်တာတွေနဲ့ ရွံစရာပါ။ အခုမြန်မာမင်းသမီးလေးကတော့ ချစ်စရာ၊ သူ့ပြောစကားသံကလေးတွေကလည်း နှစ်သက်စွဲမက်စရာကောင်းလှပါတယ်" ဟူ၍ ပြောကြားခဲ့ပါသည်။

သရုပ်ဆောင်မင်းသမီး ဝင်းမင်း

www.burmeseclassic.com

# ခါးကိုက်လျှင်သောက်လိုက်ပါ

နေမဝင်(နတ်မောက်)

အထိုင်များသောအလုပ် အထူးသဖြင့် လက်နှိပ်စက်၊ ကွန်ပျူတာကိုင်ရသူများ ကိုယ်လက်လှုပ်ရှားနည်းပါး သမားလျှောက်နည်းပါးသူများတွင် ခါးဆစ်နှိုးနှင့် ခါးတစ်ပိုက်တွင် ကိုက်ခဲသောဆေးနာတို့ ဖြစ်ပေါ်တတ်ပါသည်။ သေသောက်သည့်ဝေဒနာမဟုတ်သော်လည်း ခါးကိုက်ခဲခြင်းသည် အလွန်ပင်အခံရဆာပါသည်။

သို့အတွက် ခါးကိုက်ခဲသူများသည် လမ်းလျှောက်ပေးခြင်း၊ သင့်တင့်မျှတသောကိုယ်လက်လှုပ်ရှားအားကစားပြုပေးခြင်း၊ ရေအေးများများသောက်ပေးခြင်း၊ လက်ဖက်ရည်ရှောင်ပေးခြင်းများပြုပေးပါ။

ခါးကိုက်အမြန်ပျောက်ရန်အတွက် အောက်ပါဟင်းချိုချက်၍ သောက်ပေးပါ။

ဝါးရုပင်မှ ဝါးရွက်အစိုအနုများခူးယူပြီး ငါးပိ၊ ဆား၊ နနွင်း၊ ကြက်သွန်နီတို့နှင့် ဟင်းချိုချက်ပြီး သုံးရက်ဆက်တိုက်သောက်ပေးပါ။ ဝါးရွက်ဟင်းချိုသည် ခါးကိုက်ဝေဒနာကို သက်သာပျောက်ကင်းစေပါသည်။

မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိပါ။ ခါးကိုက်သူများ လွယ်ကူစွာဖြင့် ဝါးရွက်ဟင်းချိုကိုချက်သောက်ခြင်းဖြင့် ပျောက်ကင်းစေပါသည်။

နေမဝင်(နတ်မောက်)

# ကျွဲ၊ နွား၊ သိုး၊ ဆိတ် အနာပိုးလောက်တက်ဆေးကုသနည်း

တစ်ခါတစ်ခါ ကျွန်ုပ်တို့ မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့တွင် ထိခိုက်မိ၍သော် လည်းကောင်း၊ သူတို့အချင်းချင်းဝေ့ရာ ဆော့ကစားရာမှလည်းကောင်း ထိခိုက်ဒဏ်ရာရရှိပြီး အနာတရဖြစ်ရတတ်ပါသည်။

ငှင်းအနာကို မွေးမြူသူသခင်တာဝန်၍ အမှတ်တမဲ့နေမိခြင်း၊ ဂရုမစိုက်ခြင်းကြောင့် ယင်မမဲရိုင်းများက အနာကိုအုံဖွဲ့ပြီး ဥများဝင်ဥကာ ပိုးလောက်များ အနာအတွင်းတွယ်တတ်ပြီး အနာကြီးဖြစ်ကာ မပျောက်နိုင်တော့ပါ။ အလွန်အနာဒဏ်ရာကြီးလျှင် ထိုတိရစ္ဆာန်မှာ ပျက်စီးဆုံးရှုံးသည့်အထိဖြစ်ရတတ်ပါသည်။ သို့အတွက် အောက်ပါအတိုင်း ဂရုတစိုက် ကုသပေးခြင်းဖြင့် ပျောက်ကင်းချမ်းသာရာရစေပါသည်။

မြန်မာဆေးရွက်ကြီး (၁၀) သားကို ခြေမွှပြီး မြေအိုးအတွင်းထည့်ကာ ပြာကျသည်အထိ မီးဖုတ်ပါ။ ထိုဆေးရွက်ကြီးပြာကို ဖန်ပုလင်းတွင် လေလုံစွာထားပါ။

အနာကို ဖန်ရည်ဆေးရန်အတွက် နဘူးရွက်၊ တမာရွက်ကြမ်း၊ လက်ဖက်ခြောက်တို့ကို လက်တစ်ဆုပ်စီယူ၍ပြုတ်ကျိုကာ ထိုပြုတ်ရည်ခပ်နွေးနွေးဖြင့် အနာကို ဖန်ရည်ဆေးပေးပါ။

ဖန်ရည်ဆေးပေးပြီးပြီဆိုမှ ဆေးရွက်ကြီး ပြာမှုန့်ကို အနာပေါ် သို့ မိမိရရသိမ်းထည့်ပေးပါ။

ထိုသို့ တစ်ကြိမ် သေသေချာချာ မိမိရရ ပြုလုပ်ပေးလိုက်လျှင် ပိုးလောက်များ အမြစ်ပြတ်ပြီး အနာအမြန်ကျက်ကာ ပျောက်ကင်းသွားပါမည်။

ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူသောတောင်သူတိုင်းသိထား အသုံးပြုနိုင်ရန် တင်ပြရေးသားလိုက်ရပါသည်။

နတ်မောက်မင်းချစ်နော်

---

သန်းသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးတစ်ဦးဖြစ်ပြီး ဖခင်အမည်မှာ ဦးကျော်စိန် ဖြစ်သည်။ သူမသည် သိရိစကြာနှင့် စကြာကုမ္ဗဏ်များ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာ၏ ဇနီးလည်းဖြစ်ပါသည်။

၂-၂-၁၉၅၇ ရက်စွဲပါ ပြည်သူ့ဂျာနယ်၏ 'မပြေးသော်လည်း ကန်ရာရှိပါလို့'ကဏ္ဍတွင် မင်းသမီး ဝင်းမင်းသန်းအား အပြာရောင်မယ်အဖြစ် ထိခိုက်ရေးသားခဲ့သဖြင့် ပြည်သူ့ဂျာနယ်အယ်ဒီတာအပေါ် အသရေဖျက်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ထို့အတူ ၂-၃-၁၉၅၇ ရက်စွဲပါ ကြေးမုံဂျာနယ်တွင် 'ဒီပုံဘယ်သူလဲ' ခေါင်းစဉ်ပါ ဓာတ်ပုံသတင်းရေးသားချက်များသည် မိမိနှင့် မိမိခင်ပွန်းဖြစ်သူ ဗိုလ်စကြာတို့၏ ဂုဏ်သရေကိုထိခိုက်စေသဖြင့် ပုဒ်မ ၅၀၀ ဖြင့် အရေးယူရန် ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးရုံးတော်သို့ ဦးတိုက်လျှောက်ထားခဲ့ကြောင်း ဖော်ပြထားလေသည်။

မည်သို့ဖြစ်စေ ၁၇ - ၆ - ၆၄နေ့က ချော်တွင်းကုန်းရှိ အရှင်ဇာနေယျကျောင်းတွင် သီလရှင်ဘဝကိုကူးပြောင်းသွားသည့် ဝင်းမင်းသန်း၏ ဓာတ်ပုံကိုလည်း ဤဆောင်းပါးတွင် ရှာရှာဖွေဖွေဖော်ပြလိုက်ရပါသည်။

ကိုတိုး (ခန့်ကင်း)

**စာညွှန်း -**


၁။ တင်နိုင်တိုး၏
ပုဂ္ဂိုလ်ထူးတို့၏ဘဝတစ်ကွေ့
Weekly Eleven 4.2. 2009.

၂။ ဦးဇကလေး၏
The Purple Plane ခရမ်းရောင်လွှင်ပြင် နံနက်ခင်းသတင်းဂျာနယ်
၂၈-၁၀-၂၀၀၉

၃။ သင့်ဘဝမဂ္ဂဇင်း (အမှတ်၁၁)




www.burmeseclassic.com

www.burmeseclassic.com



ကာလအားဖြင့် ၁၉၈၂ ခုနှစ် လောက်တွင် ဖြစ်သည်။ ကျွန်တော် မော်လမြိုင်မြို့တွင်နေခဲ့စဉ်က တွေ့ကြုံခဲ့ရသည်တို့ ဖြစ်၏။ မော်လမြိုင်သူနှင့် အိမ်ထောင်ကျပြီး ရုံးတစ်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ကလေးသုံးယောက်ပင်ရရှိလာခဲ့သော်လည်း ဆင်းရဲတွင်းကနက်တုန်းပင်။

ဇနီထမ်းဘဝဆင်းရဲသော်လည်း အလုပ်လုပ်ကိုင်ရသည်မှာ စိတ်အေးချမ်းမှုရှိပါသည်။ ထိုစဉ်က ဝန်ခွာရိပိုဇာလိုင်းကို စိတ်အားသန်နေသဖြင့် ပိတ်ဆွေကိုမောင်မြင့်နှင့် ညနေ နေဝင်ရိုးရီအချိန်တွင် ဦးဇင်္ဂနဘုရားသို့သွားကာ အမိဋ္ဌာန်ပုတီးစိပ်ဖြစ်သည်။ ဘုရားရှိရာတောင်ပေါ်သို့တက်ရသည်မှာ ပင်ပန်းသော်လည်း ဘုရားရင်ပြင်တော်ပေါ်သို့ရောက်လျှင် တစ်မြူးမြူးတိုက်နေသောလေနှင်းလေးတွေက ရွှေးသိပ်အေးမြေ့စေသည်။ ဘုရားမှလမ်းဇော်ကြည့်လျှင် တစ်မြို့လုံး၏မြင်ကွင်းကို အထင်အရှားကြည့်ရှုးဖွယ် တွေ့မြင်ရသည်။ သလွင်ဖြစ်နှင့် ခေါင်းဆေားကျွန်း၏ အလှ၊ ပင်လယ်ဝဆီမှ ဘီလူးကျွန်း၏ သဘာဝအလှအပတွေကို ဘဝကြီးရှုမြင်ခံစားရသည်။ ဆူညံသံများမရှိဘဲ ဘုရားမှဆည်းလည်းသံ၊ ညဉ့်ငှက်လေးတွေအော်သံ၊ ပုစဉ်းရင်ကွဲကောင်လေးများ၏အသံနှင့် လေတိုက်သံတွေသာကြားနေရသဖြင့် ပုတီးစိပ်ရသည်မှာ သမာဓိရလွယ်ပြီး ဇွဲမှင်အေးချမ်းမြေ့လျော့မေသည်။

ရုံးတက်ရက် တနင်္ဂနွေနေ့တွင် နန်းကုပ်ဦးတွင် အိမ်နီးချင်းမှ ဦးသိန်းနှင့် စကားလက်ဆုံကျနေစဉ် ဦးလှိုင်တစ်ယောက် ရောက်ချလာသည်။ ဦးအုန်းလှိုင် ရေနွေးကြမ်းခွက်ကို သောက်အပြေဖြေပြီး စကားစလာသည်။

"မောင်ကြည့်သန်း၊ မင်းအရင်အရောင်းဇဝယ်တွေမယုမိဘဲ ရုံးမှာလုပ်နေတယ်ဆို"

"ဟုတ်တယ်၊ ရုံးမှာဝင်လုပ်တယ်"

"မင်းတို့နှစ်ယောက်စလုံး ဝန်ထမ်းလုပ်နေကော့ ကလေးသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com

# အောင်ကြည်သန်း
(ဟောင်ကောင်သို)

## ဂျပန်သိုက်

ဘယ်လိုဆုံးဆာနိုင်တော့လဲ။ ငါသည်ဖြစ်မယ့်ပုံပေါက်တစ်ခုတွေ့ထားသည်။

ဟ ဆိုကာ ဆေးပေါ်လိပ်ကို လက်ကြားညှပ်ပြီး မီးခိုးတွေကို ဘကွင်းလိုက်မှုတ်ထုတ်နေသည်။

"ဒါဆိုလည်းမြန်မြန်ပြောပါဦး"

ဟု ကျွန်တော်က လောပြီးမေးလိုက်သည်။

"ငါ ဒီရပ်ကွက်ကပြောင်းသွားပြီး ကမ္ဘာကြီးက ဦးဇင်နဘုရားကနေ အရှေ့ဘက်ဆင်းသွားတဲ့လမ်းအဆုံး တောစပ်ခြေကုန်မှာနေခဲ့ကာ။ ငါ့ခြံနဲ့လမ်းပဲခြားတဲ့ မှတ်စောင်းလိုးလောက်ကမြို့မှာ ဦးသာဝင်းတိုင်းသားဈေးကြီးတယ်ကွ။ ပြီးခဲ့တဲ့လကပဲ ဦးသာဝင်းနဲ့ငါစကားစမြည်ပြောဖြစ်ခဲ့ကြတယ်။ သူက သူ့မြေထဲမှာ ဂျပန်တွေမြှုပ်ထားတဲ့ရတနာတွေ ရှာဖွေသင်းဖိုကိစ္စလောက်ခိုင်းတယ်။ ငါလည်း အတော်လေး စိတ်ဝင်စားသွားလို့ ခေါ်ကြောင်းစံမေးတော့ ဦးသာဝင်းက ဖြစ်ရပ်မှန်ဆောက်ကြောင်းလေးကို ဒီလို ပြောပြတယ်ကွ"

ဟု အစချီကာ ဦးသာဝင်းပြောပြသည်များကို ပြန်ပြောင်းပြောပြလေတော့သည်။

"တစ်နေ့ညနေ ငါ့အိမ်ကို အရပ်အပေါင်းတောင်းလောင်း အသားညှိ အဘိုးကြီးတစ်ယောက် ရောက်လာတယ်။ အသံကျယ်ကျယ်က သန်သန်မာမာကြီး။ မျက်စိတစ်ဖက်ဆိုင်တော့ ဆွဲငင်နေပုံကနဲနေတယ်။ သူကိုယ်သမီးတော်ဆက်ပြီး စကားတွေပြောကြရင်း ခြံထဲမှာ ဘာသစ်တွေစိုက်ထားလဲလို့ကဲ့ကြည့်ခွင့်တယ်ဆိုလို့ကိုယ်ခြရတယ်။ ငါ့ခြံကလည်း မင်းမြင်တဲ့အတိုင်း လေး ငါးကောလောက်ကျယ်တယ်လေ။ အပင်တွေလို့ကိုကြည့်ပြီး နှုတ်ဆက်ပြန်သွားတယ်။

ပြန်သွားပြီး တစ်လတောင်ကြာတော့ အဲဒီကောင်ကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတယ်။အဖော်ပါလာတဲ့သူက လူလတ်ပိုင်း အသားဖြူဖြူ။ ဥပဓိရုပ်ကောင်းကောင်း သူဌေးပုံပဲကွ။ ငါခြံကို တောင်းဝယ်တယ်။ ပေါက်စေးထက် အဆမတန်ပေးပြီးတောင်းဝယ်တယ်။ ငါလည်း မိဘလက်ဝှက်ခြံဖြစ်လို့မရောင်းပါဘူးလို့ပြောလိုက်ရတယ်။ စေးတွေတိုးတိုးပေးပြီး သုံးခါလောက်လာတောင်းဝယ်သေးတယ်။ စေးကောင်းပေးဝယ်တာ အကြောင်းတော့ရှိရမယ်ထင်လို့ လိုက်စုံစမ်းတော့ အဖြစ်မှန်ကိုသိရတယ်။

အဖြစ်က ဒီလို မောင်အုန်းလှိုင်ရ။ အဲဒီအဘိုးကြီးက ဂျပန်ပစ္စည်းတွေထမ်းသယ်ခဲ့ရတဲ့အဖွဲ့ထဲမှာပါခဲ့တယ်။ ကားသုံးစီးတိုက်ရတနာတွေ မြေမှာကျင်းတူးပြီးမြှုပ်ပေးခဲ့ရတယ်။ သူနဲ့အတူ အားလုံးပေါင်း လူ(၁၆)ယောက်ပါတယ်။ ရတနာသေတ္တာတွေ မြေမှာမြှုပ်ပြီးတော့ သူတို့ကို တန်းစီခိုင်းပြီး သေနတ်နဲ့ ပစ်သတ်တယ်။ အဲဒီအဘိုးကြီးကခေါင်းကိုမထိဘဲ ဘယ်ဘက်မျက်စိကို ရှုပ်ထိသွားတယ်။ ပစ်လဲပြီး သေချင်ယောင်ဆောင်နေခဲ့တယ်။ ဂျပန်တွေအလစ်မှာ ထွက်ပြေးပြီး အသက်ဘေးက လွတ်မြောက်ခဲ့တယ်။ ဂျပန်တွေ မြန်မာပြည်ကထွက်ခွာသွားပြီးကတည်းက ရတနာတွေမြှုပ်တဲ့နေရာကို လိုက်ရှာနေခဲ့တာ ဒီနှစ်မှရှာလို့တွေ့တယ်တဲ့။ အဲဒီနေရာက ငါ့ခြံထဲမှာပဲ။ ငါလည်း ရတနာတွေရအောင် သိုက်ဆရာတွေနဲ့ဆက်သွယ်ပြီးတူးတာနှစ်ဖွဲ့ရှိသွားပြီ။ ရတနာတွေရှာလို့ကို မတွေ့သေးဘူး။ အဲဒါ မောင်အုန်းလှိုင် မင်းတူးချင်ရင်လည်း တူးပါကွာ။ အောင်မြင်ခဲ့ရင် တစ်ဝက်စီပေါ့ကွာ

လို့ ဦးသာဝင်းက ငါ့ကိုပြောခဲ့တာ မောင်သန်းကြည်ရ။ ဒါသူဌေးဖြစ်မယ့်ပုပေါက်ပဲကွ၊ ငါတူးကြည့်ချင်တယ်"

"ကျွန်တော်ကရုံးတက်နေရတော့ တူးဖို့တော့သိပ်မလွယ်ဘူး ဦးအုန်းလှိုင်ရဲ့

ဟု ပြောလိုက်လျှင် -

"မောင်သန်းကြည်၊ မင်းကတို့တူးတဲ့အခါ ပယောဂအနှောင့်အယှက်တွေကင်းအောင်သာလုပ်ပေးပါကွာ။ မင်းကဝိဇ္ဇာဂိုဏ်းတွေဘာတွေလုပ်နေတော့ ဘေးအန္တရာယ်ကင်းအောင်လုပ်နိုင်မှာပါ။ တို့ရမယ့်ဝေစုထဲက တစ်ဝက်ကို သာသနာပြုလုပ်ငန်းတွေ၊ ဘုရားတည်၊ ကျောင်း၊ ဇရပ်၊ သိမ်၊ ဓမ္မာရုံဆောက်တဲ့နေရာတွေမှာလျှုမယ်ကွာ၊ သူဌေးလည်းဖြစ်၊ ကုသိုလ်တွေလည်း ရကြတာပေါ့ကွာ"

"ပယောဂအနှောင့်အယှက်ဘေးရန်ကင်းအောင် ကျွန်တော် အစီအရင်တွေလုပ်ပေးပါ့မယ်"

"ဒါဆို သိုက်တူးဖို့ မင်းစိတ်ချယုံကြည်ရတဲ့မိတ်ဆွေတစ်ယောက်ရှာကွာ"

"ညီကိုလိုခင်တဲ့ကျွန်တော့်မိတ်ဆွေကိုမောင်မြင့်ရှိတယ်။ကျွန်တော်နဲ့တောင် ပေါ်တက်ပြီး ပုတီးလိုက်စိပ်နေတဲ့သူပဲ"

"ဒါဆို ငါရယ်၊ ဦးသိန်းဝင်းရယ်၊ မင်းမိတ်ဆွေနဲ့ဆို တို့တူးလို့ရပြီ။ ခြံရှင် ဦးသာဝင်းရဲ့သား ကိုတင်အေးပါတူးမှာ။ တို့လေးယောက်ဆို့ရပြီ။ လူများရင်လည်း မကောင်းဘူး။ သိုသိသိပ်သိပ်လုပ်ကြရမှာ။ ဒါဆို စနေနေ့မနက် ငါ့အိမ်မှာတွေ့ကြမယ်ကွာ"

ဟုဆိုပြီး ဦးအုန်းလှိုင်တစ်ယောက် သူဌေးဖြစ်မည့် ပွဲပေါက်ဂျပန်သိုက် အကြောင်းပြောပြီး နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။

ဆောင်းတွင်းကာလ ငွေနှင်းပွင့်လေးတွေတဖွဲဖွဲကျနေသည်။ စနေနေ့နံနက်စောစောတွင် ဦးသာဝင်း၏အိမ်၌ ဂျပန်သိုက်တူးကြမည့် အဖွဲ့သားများဆုံစည်းကြသည်။ ဦးအုန်းလှိုင်၊ ဦးသိန်းဝင်း၊ ကိုမောင်မြင့်နှင့် ၎င်း၏ဇနီး မလှရီ၊ ခြံပိုင်ရှင် ဦးသာဝင်း၏သား ကိုတင်အေးလည်းပါသည်။ မလှရိုက ချက်ပြုတ်စားသောက်ရေးကို တာဝန်ယူသည်။ အုန်း၊ ဌက်ပျော်ပွဲများ စီစဉ်ဆက်ကပ်ပြီးနောက် မနက်ဖြန် ဇာနဂိုဠေနှင့်နက်တွင် ဂျပန်သိုက်ကို စတင်တူးကြမည့်အကြောင်း၊ ရတနာရှိရာနေရာကို သက်ဆိုင်ရာပုဂ္ဂိုလ်များက သစ်ကိုင်းတစ်ကိုင်းချိုးချပြီး ညွှန်ပြပေးကြပါရန် ပန်ကြားခဲ့သည်။ ကျွန်တော်လည်း ရုံးတက်အမီ ပြန်လာခဲ့ရသည်။ ထိုစဉ်က စနေနေ့နေ့တစ်ဝက်ရုံးတက်ရသည်။

တနဂ်္ဂနေ့နံနက်စောစော သိုက်တူးမည့်ခြံသို့ အရောက်သွားခဲ့သည်။ ခြံထဲတွင် အုန်းပင်၊ ဌက်ပျော်ပင်၊ သရက်ပင်၊ ပိန္နဲပင်၊ မာလကာပင်၊ သီဟိုဠ်ပင်၊ သပြေပင်၊ ရေသဖန်းပင်၊ သက်ရင်းပင်နှင့် အခြားသစ်ပျော့ပင်၊ ချဲ့နွယ်ပင်များ ပေါက်ရောက်လျက်ရှိသည်။ တစ်ခြံလုံး တောအုပ်လေးကဲ့သို့ အုပ်ဆိုင်းနေသည်။ ခြံထဲတွင် ငွေနှင်းမှုန်တွေရစ်သိုင်းနေသည်။ သစ်ရွက်များပေါ်က နှင်းစက်လေးများသည် မြေပြင်ရှိ သစ်ရွက်ခြောက်များ၊ မြက်ပင်၊ ချဲ့ပင်လေးများပေါ်သို့ တဖြောက်ဖြောက်ကျရောက်နေသည်။

ကျွန်တော်တို့ခြံထဲလျှောက်ကြရာ ဦးသာဝင်း၏အိမ်အရှေ့ ယွန်းယွန်းရှိ ရေသဖန်းပင်ပေါ် မှ တစ်ကိုင်းကျိုးပြီး တွဲလောင်းဖြစ်နေကို တွေ့ရသည်။ မနေ့ကတိုင်တည်သဖြင့် ရတနာသိုက်တည်ရှိရာနေရာ သက်ဆိုင်ရာပုဂ္ဂိုလ်က ညွှန်ပြထားဟု ယူဆလိုက်ကြသည်။ သစ်ကိုင်းရာ မြေနေရာတစ်ဝိုက်ကို စတုရန်းထောင့်နေရာ သတ်မှတ်လိုက်သည်။ ကျွန်တော်လည်း ထောင့်လေးတွင် ကျင်းငယ်တစ်ကျင်းစီတူးပြီး အနောင့်အယှက် ဘေးအန္တရာယ် ပေါင်းကင်းဝေးစေရန် စည်းချထားလိုက်သည်။ ကျင်းတစ်ကျင်းစီတွင် အင်းဆန်ချပ်စီထည့်ပြီး မြေပြန်ဖို့ထားလိုက်သည်။ ကျင်းနေရာတို့တွင် အောင်လံအသေး(၉) တိုင်စီကို စိုက်ထူထားလိုက်သည်။ သိုက်တူးမည့်သူများကို ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန် မန္တန်မှုတ်ဖတ်သရဏ္ဂုံယပြီး စည်းအထပ်ထပ်ချထားလိုက်သည်။

သိုက်တူးရန် မင်္ဂလာအခိုန်ရောက်သည်နှင့် အဖွဲ့သားအားလုံး သတ်မှတ်ထားသည့်နေရာတွင် စတင်တူးကြသည်။ စတူးချိန်တွင် ဌက်ကောင် ကွ် ကွ် ကွ်ဟုအော်မြည်ပြီး အရှေ့တောင်ထောင့်ဘက်ကထမှုံသည်ကို တွေ့လိုက်ရသည်။ အားလုံးမာန်တက်တူးကြပြီး နေ့လယ်မွန်းတည့်တွင် ထမင်းစားနားကြသည်။ မွန်းနှစ်နာရီမှ ညနေနေဝင်ရီတရောအထိ ဆက်တူးကြသည်။

နေ့စဉ်ရက်ဆက် တူးလာခဲ့ကြလေးရက်မြောက်နေ့တွင် နှစ်ပေါက်လည်ကျောက်ပြားတစ်ချပ်တွေ့ရသည်။ အုတ်ကျိုးများကိုလည်း တွေ့ရသည်။ ကျောက်ပြားမှာ ပေါက်တူးဖြင့်ထိသွားသဖြင့် အပိုင်းပိုင်းကျိုးသွားသည်။ ဆစ်ကြည့်ရာ ဂျပန်စာများဖြစ်ကြောင်း သိရသည်။ စာလုံးနေရာများ ကွဲကြေသဖြင့် မြန်မာဘာသာသို့ပြန်ဆို၍ အခက်တွေ့ရသည်။ အဖွဲ့သားများမှာ ရတနာသိုက်နေရာမှန်နေပြီထင်ပြီး တူးရသည်မှာ အားတက်လာသည်။

နေ့စဉ်တူးလာခဲ့ကြရာ ခုနစ်ရက်မြောက်တွင် မြေတွင်းကြီးမှာ ဆယ်ပေကျော်လောက်နက်လာခဲ့သည်။ ရတနာတွေ တစ်ခုတလေမှ မတွေ့ရသေး၊ နေ့လယ်ထမင်းစားသောက်ကြပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com

အနားယူကြရင်း စကားတွေထွေရာ ဆေးပါးပြောနေကြသည်။ ဦးအုန်းလှိုင်က ကွန်မြူနစ်ထွက်။စကားပြောကောင်းသည်။ ကြမ်းပိုးကို လိပ်ဖြစ်အောင်ပင် ချော့နိုင်သူ ဖြစ်သည်။ ဦးသိန်းဝင်းက စေ့ထွက်ပင်စင်စား။ နယ်စုံဗဟုသုတအတွေ့အကြုံများနှင့် ရယ်ရွှင်ဖွယ်ရာတွေ အပြောကောင်းသည်။

ဦးသိန်းဝင်းက ဆေးပေါ်လိပ်ကို နှာရင်း စကားစလာသည်။

"ရတနာသိုက်ကို တူးနေရတော့ ကျွန်တော်ကချင်ပြည်နယ်မှာတာဝန်ကူတုန်းက ကျောက်ဖားကြီးသိုက်ထဲက ရတနာတွေရသွားတဲ့ ကချင်အဘိုးကြီးနဲ့ အဘွားကြီးလင်မယားကို သတိရမိတယ်ဗျာ"

ကိုမောင်မြင့်က -

"ရတနာတွေဘယ်လိုရသွားတာ ပြောပြပါဦး"

ဟု စကားလမ်းကြောင်းထောက်ဆွေးလိုက်ရင်း မျက်လုံးကြီးပြူးကြည့်ကာ ရေနွေးကြမ်းပန်းကန်ကိုကိုင်လျက်သား ချောလာမယ့်စကားကိုငဲ့လင့်နေသည်။

"ဒီလိုဗျ။ လပြည့်နေ့ညတစ်ည သန်းခေါင်အချိန်လောက်မှာ ကချင်အဘိုးကြီးက ထူးဆန်းတဲ့အိပ်မက်ကို မက်တယ်။ အိပ်ရာက လန့်နိုးလာတော့ သူ့အဘွားကြီးကိုနှိုးပြီး အိပ်မက်အကြောင်းပြောပြမယ်။ အိပ်မက်ထဲမှာ ကျောက်ဖားကြီးက သူဝမ်းဗိုက်ထဲက ရတနာတွေလာယူပါ။ ပါးစပ်ဖွင့်ပေးထားမယ်။ ဖယောင်းမီးတိုင်တစ်တိုင်မကုန်ခင် ရတနာတွေနိုင်သလောက်ယူနိုင်ကြောင်း၊ မြေမြဲတာနဲ့ သူပါးစပ်ဝူပေါက်ပိတ်မယ့်အကြောင်းတွေပြောသွားတယ်လို့ အဘွားကြီးကိုပြောပြတယ်။ အဘွားကြီးက သူလည်း အဲဒီအတိုင်း အိပ်မက်မက်နေတာလို့ပြန်ပြောပြတယ်။ ဒါကြောင့် အဘိုးကြီးနဲ့ အဘွားကြီး တောင်းတစ်တောင်းစီယူပြီး အိမ်နဲ့ခပ်လှမ်းလှမ်းမှာ ရှိနေတဲ့ တောင်ခြေကကျောက်ဖားကြီးပုံ ရှိတဲ့လိုဏ်ဝူကိုသွားကြတယ်"

ဟု ပြောပြီး ဦးသိန်းဝင်းက စကားကိုရပ်ထားပြီး ရေနွေးကြမ်းကို ဇိမ်ခံသောက်နေသည်။

ကိုမောင်မြင့်က နားထောင်နေရသည်ကို အားမလိုအားမရဖြစ်ပြီး -

"ဟိုရောက်တော့ ဘယ်လိုတွေ့ဖြစ်သွားလဲ၊ ဆက်ပါဦး ဦးသိန်းဝင်းရ"

ဟု မေးလိုက်သည်။

"သူတို့ရောက်သွားတော့ အိပ်မက်ထဲကပြောတဲ့အတိုင်း ကျောက်ဖားကြီး ပါးစပ်ပွင့်နေတယ်။ ဒါနဲ့ မီးတိုင်တစ်တိုင်စီ တောင်းတစ်တောင်းစီနဲ့ လိုဏ်ဝူထဲဝင်သွားတယ်။ အထဲမှာ စိန်ရွှေရတနာတွေက ဟိုနေရာတစ်စုဒီနေရာတစ်စုနဲ့ အများကြီးပဲ။ အဘိုးကြီးက တောင်းထဲလည်း ရတနာတွေအတော်လေးရ၊ မီးတိုင်းလည်းငြိမ်းခါနီးလို့ သူ့အဘွားကြီးကို ပြန်ထွက်ကြမယ်ဟေ့လို့ အော်ပြောပြီး ဝူအပြင်ကို ထွက်လာတယ်။ အဘိုးကြီး ဝူအပြင်ကနေ အဘွားကြီးကို စောင့်နေတယ်။ အဘွားကြီးတော်တော်နဲ့မထွက်လာဘဲ လောဘကြီးပြီးရတနာတွေလိုက်ကောက်ထည့်နေတယ်။ မီးငြိမ်းခါနီးမှ အဘွားကြီး ရတနာတောင်းကြီး မနိုင်တနိုင်မ,ပြီး နောက်ဆုတ်နောက်ဆုတ်နဲ့ ထွက်လာခဲ့တယ်။ သူ့ခြေနှစ်ဖက်နဲ့ တင်ပါးဆုံကြီးအပြင်လည်းရောက်ကရော မီးကငြိမ်းသွားတယ်။ ကျောက်ဖားကြီး ပါးစပ်လည်းပိတ်သွားတယ်။ အဘွားကြီး ရတနာတောင်းကိုင်လျက် လက်နှစ်ဖက်နဲ့ ခေါင်းပိုင်းက ဂူထဲမှာ၊ ခြေထောက်နှစ်ဖက်နဲ့တင်ပါးဆုံကြီးက ဂူအပြင်ဘက်မှာ တစ်လစ်ကြီးဖြစ်နေတယ်။ အဘိုးကြီးလည်း သူ့အဘွားကြီး အပြင်ရောက်အောင် ကြိုးစားပြီးဆွဲထုတ်တယ်။ ဘောင်းဘီ၊ အင်္ကျီတွေသာကျွတ်ထွက်လာတယ်။ အဘွားကြီးက တန်းလန်းတစ်လစ်လေးဖက်ကုန်းကြီးပဲ"

ဦးသိန်းဝင်းက စကားကိုရပ်ထားပြီး ဆေးလိပ်ကို တွင်တွင်ဖွာနေလိုက်သည်။

ဦးအုန်းလှိုင်က -

"ကောင်းခန်းရောက်မှ ရပ်မထားနဲ့ဦး ဆက်ပါဦးဗျ"

ဟု ပြောလိုက်သည်။

"အဘွားကြီးကို ဂူအပြင်ဆွဲထုတ်လို့မရတော့ အဘိုးကြီးကအတွေးပေါက်ပြီး 'အင်း - ဒီလိုသာဆိုရင် မိန်းမတော့သေတော့မှာပဲ။ မသေခင် အကြင်နာလေးပေးလိုက်မှ ဒါနောက်ဆုံးအခွင့်ရေး ပဲ' လို့ ပြောပြီး အဘွားကြီးရဲ့တင်ပါးဆုံကြီးကို ဖက်လိုက်ပြီး ခပ်သွက်သွက်လေး အကြင်နာပေးလိုက်တယ်။ ကျောက်ဖားကြီးက အဘိုးကြီးအချစ်ကြီးပုံကိုကြည့်ပြီး သဘောကျလို့ ဟားဟားဟားနဲ့ ရယ်ပါလေရော။ ရယ်တော့ ကျောက်ဖားကြီး ပါးစပ်ဟသွားလို့ ဂူပေါက်ပြန်ပွင့်သွားတယ်။ အဘွားကြီးကိုဆွဲထုတ်ကယ်တင်နိုင်တယ်။ အဘွားကြီးရဲ့ရတနာတောင်းကတော့ လိုဏ်ဝူထဲမှာပဲကျန်ရစ်ခဲ့တယ်"

ဟု ပြောပြီး စကားကို နိဂုံးချုပ်လိုက်သည်။

ဦးသိန်းဝင်းအပြောကောင်းမြဲအတိုင်း အဖွဲ့သားအားလုံး ကျောက်ဖားကြီးသို့ပင် တဟားဟားရယ်မောနေကြတော့သည်။ ရယ်မောသော စကားဦးကောင်းနေစဉ် အိမ်ရှင်ဦးသောင်းခင်မိတ်ဆွေသိုက်ဆရာတစ်ယောက်ရောက်ချလာသည်။

ဦးအုန်းလှိုင်က -

"နောင်ကြီး လာထိုင်ပါ။ ရေနွေးကြမ်းလည်းသောက်၊ လက်ဖက်သုပ်လည်းစားပါဦး"

ဟု ဖိတ်ခေါ်လိုက်သည်။

"ဆရာတို့ကျပန်သိုက်တူးနေတယ်ကြားလို့လာခဲ့တာ။ ဒီသိုက်ကိုကျွန်တော်တူးတုန်းက တပည့်တစ်ယောက်စည်းဖောက်သွားလို့ မအောင်မြင်ခဲ့ဘူး"

"အေးဗျာ၊ ကျွန်တော်တို့လည်း ကြိုးစားပမ်းစားတူးနေကြတာပဲ။ အခုထိတော့ ရတနာမပြော နဲ့ ရတနာနဲ့တူတဲ့ ပုလင်းကွဲတောင်မတွေ့သေးဘူးကျောက်ပြားတစ်ချပ်နဲ့ အုတ်ကျိုးတွေပဲတွေ့တယ်"

ဟု ဦးအုန်းလှိုင်က ရှင်းပြလိုက်သည်။

"အားမလျှော့ကြပါနဲ့ဆရာတို့၊ ဒီကျပန်သိုက်တူးလို့ အောင်ခဲ့ရင် တောင်ဝိုင်း တောင်ညိုတောင်တန်းမှာ ကျပန်သိုက်တစ်ခုရှိသေးတယ်ဗျ"

"ဟုတ်လား၊ ဘယ်လိုအခြေအနေရှိလဲ ပြောပါဦး"

ဟု ကိုမောင်မြင့်က သိလိုဇော ဖြင့် မေးလိုက်သည်။

"အဲဒီကျပန်သိုက်ကို ဦးအောင်ဖေဆိုတဲ့လူတူးခဲ့သေးတယ်ဗျ၊ တွင်းတော်တော်နက်နက်မှာ ရတနာသေတ္တာတွေ့ခဲ့တယ်။ ရတနာသေတ္တာကိုကြိုးနဲ့ဆိုင်းပြီး ဆွဲတင်ဖို့လုပ်နေတုန်း ကျင်းထဲပြုတ်ကျပြီးသေသွားတယ်။ အဲဒီနောက်ဘယ်သူမှသွားမတူးကြတော့ဘူး"

"နောင်ကြီးကော သွားမတူးဘူးလား"

ဟု ဦးအုန်းလှိုင်က မေးလိုက်သည်။

"တူးဖို့လုပ်ဖူးပါတယ်။ တပည့်တွေနဲ့ ကရင်ဆိုဒါပုလင်းတွေနဲ့ ပ,သင်းတူးခွင့်တောင်းတာ ပုလင်းထဲက အချို့ရည်တွေ အပေါ်ပန်းတက်ပြီး ခုနစ်လုံးထွင်းပြောင်သွားတယ်။ ပုလင်းတွေကအောက်လျက်ပဲ။ ကျပန်သိုက်ကိုတူးနိုင်ခွင့်ပြုတယ်



www.burmeseclassic.com

www.burmeseclassic.com

ထင်နေကြတုန်း ဝေါဝေါဝေါနဲ့ တောခြောက်သံတွေကြားရတယ်။ မကြာပါဘူး၊ ပျားအုပ်ကြီးကျန်ခဲ့တို့ဆီပျံလာနေတာတွေ့လို့ ပျားအောက်ကို ရောက်အောင် မနည်းနေပြေးလာခဲ့ကြရတယ်။ မတူးဖြစ်ခဲ့ပါဘူးဗျာ

ဟု သိုက်ဆရာက ဖြစ်ကြောင်း ကုန်စင်ပြောပြလေသည်။

ဦးအုန်းလှိုင်နှင့် အဖွဲ့သားများ ဂျပန်သိုက်တူးလာခဲ့ကြရာ (၈) ရက်မြောက်နေ့သို့ပင် ရောက်လာခဲ့သည်။ နေ့လယ်(၁၁)နာရီလောက်တွင် ကိုမောင်မြင့်နှင့် ဦးသိန်းဝင်းက ကျင်းအောက်တွင်တူးပြီး ကိုတင်အေးက မြေခဲများကို ရေခပ်သကဲ့သို့ ပုံးဖြင့်အပေါ် သို့ဆွဲတင်သည်။ ရုတ်တရက် ကိုတင်အေးက ကျင်းနှုတ်ခမ်းပေါ်မှ ကျင်းထဲသို့ ပြုတ်ကျလာသည်။ ကိုမောင်မြင့်တို့ သတိရှိပြီး ဆီးဖမ်းထားရင်း 'ဘယ်လိုဖြစ်တာလဲ' ဟု ပြိုင်တူမေးလိုက်သည်။

"ကျွန်တော့်ကို တစ်ယောက်ယောက်က တွန်းချလိုက်သလိုပဲ။ ဒါပေမယ့် အနားမှာဘယ်သူမှမရှိဘူး။ ဦးအုန်းလှိုင်လည်း အိမ်မှာသောက်ရေသွားယူနေတယ်"

ဟု ပြောရင်း ကိုတင်အေးမျက်နှာကပြူးတူးပြဲတဲနှင့်ထိတ်လန့်နေပုံရသည်။ မကြာမီ ဦးအုန်းလှိုင်ရောက်လာပြီး -

"မွန်းတည့်တော့မယ်၊ ထမင်းစားကြရအောင် တက်ခဲ့ကြတော့ဗျာ"

ကိုမောင်မြင့်က -

"ခုပဲအပေါ်တက်မလို့ပါ။ ကိုတင်အေးလည်း အတော်ပင်ပန်းနေပုံရတယ်။ အောက်ကို ပြုတ်ကျတာ ကံကောင်းလို့ မထိခိုက်တာ"

"အေးဗျာ၊ကျင်းကလည်းအတော်လေးနက်လာပြီ။ ဘေးအန္တရာယ်ကင်းအောင် ကျွန်တော်တို့သတိထားတူးကြရမယ်ဗျာ"

ဟု ပြောပြီးနောက် အဖွဲ့သားတွေအိမ်ဘက်သို့လှမ်းလာကြလေသည်။

အဖွဲ့သားအားလုံး ရေမိုးချိုးကြပြီးနောက် ထမင်းစားကြသည်။ သက်သတ်လွတ်စားဖွယ်များဖြစ်ကြသည့် ပဲကုလားဟင်း၊ ငရုတ်သီးထောင်း၊ သရက်သီးသနပ်၊ ပန်းဂေါ်ဖီကြော်၊ ပဲငပိနှင့်တို့စရာဥသျှစ်ညှော်နှ့၊ သီဟိုဠ်ရွှက်နှ့၊ မာလာဖူးပြုတ်စသည်တို့ ထမင်းပွဲတွင်စုံလင်လှသည်။ မလှရိုးလက်ရာကလည်းကောင်း၊ ကျင်းတူးခဲ့ကြရသည်မှာလည်း မောပန်းထားကြသဖြင့် တစ်ဖွဲ့သားလုံးစားလို့မိန်းကြသည်။

ဂျပန်သိုက်တူးလာကြရာ (၉)ရက်မြောက်နေ့သို့ပင် ရောက်လာခဲ့သည်။ ထိုနေ့နံနက်စောစောတွင် ကျွန်တော်တောင်ပေါ် သို့တက်ကာ ဦးဇိနဘုရားကို ဝင်ဖူးပြီးနောက် သိုက်တူးသည့်အဖွဲ့ဆီသို့လာခဲ့သည်။ တောင်ခိုးတွေထွက်ကာ ငွေနှင်းတွေဝေပြီး ချမ်းအေးနေသော်လည်း တောင်တက်၊ တောင်ဆင်းလျှောက်လှမ်းလာရသဖြင့် နွေးထွေးပြီး ချွေးများပင်စို့လာသည်။

ဦးသာဝင်း၏အိမ်သို့ရောက်လျှင် ကိုမောင်မြင့်တို့လင်မယားရောက်နှင့်နေသည်ကို တွေ့ရသည်။ ကျွန်တော့်ကို တွေ့သည်နှင့် ကိုမောင်မြင့်က မျက်လုံးကြီးပြူးကြည့်ပြီး -

"ကိုသန်းကြည်ရေဒီမနက်အရုဏ်တက်မှာ အုန်းငှက်ဖျော်ပွဲတွေက အုန်းသီးတွေ တဖြောင်းဖြောင်းနဲ့ကြွက်မြီးတွေကျွတ်ပြီး အုန်းရည်တွေပန်းထွက်ကုန်တယ်"

လို့ ဦးသာဝင်းပြောပြတယ်။

"ဟုတ်လား၊ ဘယ်လိုတွေဖြစ်ကုန်တာလဲ မသိဘူး"

ဦးသာဝင်း ဘုရားခန်းသို့ရောက်လာပြီး -

"ဟုတ်တယ်မောင်ရင်ရဲ့။ ညသန်းခေါင်အချိန်တုန်းကလည်း အိမ်အောက်ကစားပွဲမှာ ဂျပန်စစ်သားသုံးယောက်နဲ့ လူရိပ်တွေနှင့်တွေ့ရပြီး စကားသံတွေလည်း မသဲမကွဲကြားနေရတယ်။ လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်တော့လည်း ဘာမှမတွေ့ရတော့ဘူး။ သြော်-ဒီမနက်အရုဏ်တက် တဖြောင်းဖြောင်း အသံတွေကြားလို့ ဘုရားခန်းမှာ လာကြည့်တော့ အခုမောင်ရင်တို့မြင်တဲ့အတိုင်းပါပဲ"

ဟု ရှင်းပြနေသည်။

"ဒါဆို ကိုမောင်မြင့်တို့ ဆက်မတူးကြနဲ့တော့။ အခြေအနေမကောင်းတော့ဘူး။အခြေအနေသိရအောင် အစ်မလှရီကို ဥစ္စာစောင့်တွေ ဝင်ပူးခိုင်းပြီး မေးကြည့်ရင်ကောင်းမလား"

ကိုမောင်မြင့်က -

"ဟုတ်တယ်၊ ရှင်းအောင်မေးကြည့်ရမယ်၊ လာ၊လာ မိန်းမ ဘုရားရှိခိုး"

ဟု ပြောလိုက်သည်။

ဒေါ်လှရီ ဘုရားဝတ်ဖြည့်ဦးချပြီး မကြာခင် လက်ဖျားတွေ တဆတ်ဆတ်တုန်လာသည်။ နှုတ်ကလည်း ဖွင့်ပြောလာသည်။

"ဆရာတို့ ဆက်မတူးကြနဲ့တော့ မရတော့ဘူး။ ဂျပန်သိုက်ကို ဘုရားသိုက်ကြီးက လာသိမ်းသွားပြီ။ ဂျပန်သူယောက်ကျားတွေက ကျွတ်လွတ်ချင်ကြလို့ ဆရာတို့ကို ရတနာတွေပေးချင်ပေမယ့် မလို့မရတော့ဘူး။ တိုင်းသူပြည်သားတွေရဲ့ ရတနာတွေဖြစ်လို့ အရိမေတ္တေယျဘုရားပွင့်တော်မူတဲ့အခါ သုံးစွဲဖို့ ဘုရားသိုက်ကြီးကသိမ်းသွားပြီ"

ထိုသို့ပြောပြီး ဒေါ်လှရီ ထိုင်နေရာကနေ ခွေလဲသွားသည်။ ရေစင်နှင့်ပက်ဖျန်းပေးလိုက်မှာ သတိရလာတော့သည်။

ဂျပန်သိုက်တူးလာကြရာ (၉)ရက်မြောက်နေ့သည် အောင်ပွဲမဖြစ်ခဲ့ပါ။ စခန်းသိမ်းပွဲသာဖြစ်ခဲ့သည်။ အလံတိုင်များစိုက်ထူထားသည့်နေရာများမှ ကျွန်တော် စိစင်ထားခဲ့သည့် အင်းပြားများကို ပြန်လည်ဖော်ယူရာ အရှေ့မြောက်ထောင့်တွင်ထားသည့် အင်းပြားတစ်ချပ်ပျောက်ဆုံးနေပါသည်။ အင်းတစ်ချပ် ဘုရားသိုက်ကြီးထဲသို့ ပါသွားပြီထင်။

ကျွန်တော် ရန်ကုန်သို့ပြောင်းရွှေ့လာခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာပေပြီ။ ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် သားငယ် မောင်ဝဏ္ဏမောင်နှင့် မထက်ထက်လှိုင်တို့၏ မင်္ဂလာပွဲ မော်လမြိုင်မြို့ချမ်းဆာမင်္ဂလာခန်းမမှာ ပြုလုပ်သဖြင့် မော်လမြိုင်သို့ရောက်ခဲ့ရပြန်လေသည်။ ဦးအုန်းလှိုင်နှင့်တွေ့ဖြစ်သည်။

"မောင်သန်းကြည်ရေ၊ တို့တူးခဲ့တဲ့ ဂျပန်သိုက်နေရာကတော့ မော်လမြိုင်ဘူတာဝင်းကြီးဖြစ်သွားပြီကွ။ အဲဒီနေရာကို ဘူတာဆောက်ဖို့ မြေတွေညှိတော့ ငါနေ့တိုင်းသွားကြည့်တယ်။ မြေကို ဘိုတူဆာနဲ့ထိုးညှိတဲ့အခါ ဂျပန်သိုက်ရတနာတွေများပေါ်လာမလားလို့လေ့ကွာ။ ရတနာတွေတော့ မတွေ့ဘူးဗျ။ မည်းမဲညစ်ကြုတ်ကြုတ် ဂျပန်စစ်သားရုပ်လေးသုံးရုပ်ပေါ်လာတယ်။ ငါပြောကောက်တာ မမီလိုက်ဘူး။ ဘိုတူဆာထိုးတဲ့ထဲပြန်ပါသွားပြီး မြေအောက်ပြန်မြှုပ်သွားတယ်"

ဆိုသည့် ဦးအုန်းလှိုင်၏စကားများကို ယနေ့တိုင် ကြားယောင် မြင်ယောင်နေမိပါတော့သည်။ ဂျပန်သိုက်တူးကြသည့်အဖွဲ့သားများကို သတိရနေဆဲ။

အောင်ကြည်သူ
(ဇောင်ကောသီ)



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြည်တွင်
# မြန်မာတို့အဓိပ္ပါယ်နာရသည်

ရန်နိုင်

၂၀၀၇ ခုနှစ်က ငယ်သူငယ်ချင်းများနှင့်အတူ မွန်ပြည်နယ် ကျိုက္ခမီမြို့သို့ အလည်ရောက်သည်။ အဓိကရည်ရွယ်ချက်မှာ ကျိုက္ခမီရေလယ်ဘုရားဖူးရန်။ မော်လမြိုင်မှကူးလာကတည်းက အချိန်နှောင်းသည်။ ကျိုက္ခမီရောက်ချိန်တွင် ညနေ (၇) နာရီထိုးသည်။ တည်းခိုခန်းတွင် ပစ္စည်းချပြီးသည်နှင့် ညနေစာစီစဉ်ရပြန်သည်။ ကျိုက္ခမီတွင် စားသောက်ဆိုင်ကလည်း (ထိုအချိန်က) ရှားရှားပါးပါးတစ်ဆိုင်တည်း။ ညနေစာပြီးစီးသည့်အချိန်က ည (၉) နာရီ။

မနက်ကျမှဘုရားဖူးမည်ဟု ကနဦးသဘောရှိသည်။ သို့သော် ညလည်းတစ်ကြိမ်၊ မနက်လည်းတစ်ကြိမ် ဖူးမြော်ရသူငှာ ပို၍ကောင်းလှသည်ဟု စိတ်ကူးပြောင်းသည်။ သို့သော် ဘုရားဖူးခွင့်မရခဲ့။ ဘုရားသို့ဝင်ရောက်ခါးများပိတ်နေသည်။ စိတ်ပျက်အားလျော့လာသော်လည်း ကယ်မည့်သူပေါ်လာသည်။ ညစောင့်တာဝန်ကျ ဂေါပကတစ်ဦး။ သူကတံခါးသော့များဖွင့်၍ မီးချောင်းထွန်းညှိကာ ဘုရားအား အလင်းဓာတ်ပေးသည်။

ကျွန်တော်တို့သူငယ်ချင်းအားလုံး သတ်မှတ်နေရာတွင် ဘုရားလည်းဖူးကြသည်။ ပုတီးစိပ်ကြသည်။ အချို့ပရိတ်များရွတ်ကြသည်အထိ အချိန်ရလိုက်သည်။

မနက်တစ်ကြိမ် ဘုရားဖူးသည့်အခါ ကျွန်တော်တို့အတွက် သီးသန့်နေရာရသည်။ သူငယ်ချင်းအမျိုးသမီးများက ညကမူလဝတ်ပြုသည့်နေရာဝင်ကြသည်။ ဘုရားများ၏ တည့်တည့်တူရွေနေရာမှ ဖူးမြော်ရသည်မှာ တစ်မူခြားနားလှသည်။ နေရာသစ်အတွက် ကျွန်တော်တို့ ကြည်နူးနေကြသော်လည်း အမျိုးသမီးများကမူ ဘုရား၏တစောင်းမှ ဖူးမြော်နေကြဆဲ ဖြစ်သည်။

ညက သူတို့အတွက် သတ်မှတ်နေရာတွင် ကျွန်တော်တို့ပါ ဘုရားဖူးခွင့်ရခဲ့ကြရသည်။ နေ့လယ်ခင်းဘက်တွင် ကျွန်တော်တို့ တသီးတခြား။ အမျိုးသမီးများဝင်ခွင့်မရ။ အမျိုးသမီးများအား အားနာစရာ။ ထိုအချိန်တွင် သူတို့နှင့်ပါလာသော တစ်နယ်ရပ်ခြားမှ အမျိုးသမီးတစ်ယောက်က စူးစမ်းလာသည်။

"တို့ကဘုရားကိုတည့်တည့်မဖူးရဘူး"

"ယောကျ်ားများသာအထူးအခွင့်အရေးရတာဘာကြောင့်လဲ"

"မင်းတို့နိုင်ငံမှာ အမျိုးသမီးယုတ်ညံ့တယ်လို့ သတ်မှတ်ထားကြသလား"

မေးမြန်းချက်က Dynamic Question အဖြစ် ပြင်းပြင်းထန်။ အဖြေက ခပ်ခက်ခက်။ ဘုရားသမိုင်းတွင် ပါဝင်သည့်အချက်အလက်ကို ကိုးကား၍မရနိုင်။ ဧည့်သည်ကျေနပ်ဟန်မတူ။

❑

စာဖတ်သူလည်း ကျိုက္ခမီဘုရားဖူးကြသည့်နည်းတူ ကျိုက်ထီးရိုးဆံတော်ဦးစေတီကိုလည်း ဖူးမြော်ကြမည် သေချာပါသည်။ ကျွန်တော် ယခုတစ်ကြိမ်နှင့်ဆိုလျှင် ကျိုက်ထီးရိုးဘုရားသို့ (၃) ကြိမ်ရောက်ခဲ့လေသည်။ တရုတ်လူမျိုးတို့က (၃) ကြိမ် ကျိုက်ထီးရိုးဘုရားဖူးရလျှင် ထောင်ကဲအဖြစ် စီးပွားရေးအဆင်ပြေသည်ဟုယုံကြည်ကြသည်ကို ပြန်အမှတ်ရသည်။ သည်အတိုင်း အဆိုမှန်လျှင် ကျွန်တော်လည်း သူဌေးဖြစ်တော့မည်ဟု မှတ်ယူရတော့မည်။

ငယ်စဉ် ကျောင်းသားဘဝတွင် ဘုရားသို့ တောလမ်းတောင်လမ်းဖြင့် လျှောက်လှမ်းဖူးသည်ကတစ်ကြိမ်၊ ရသေ့တောင်သို့ ကားဖြင့်တက်၍ ရသေ့တောင်မှ ဘုရားသို့ခြေကျင်လျှောက်ခဲ့ဖူးသည်က ဒုတိယအကြိမ်၊ ယခုမူ ဘုရားခြေရင်းသို့ ကားဖြင့်အရောက်တက်လှမ်းခဲ့သည်။ တတိယအကြိမ် မိမိ၏ အသက်အရွယ်ဖြင့် ဤနည်းလမ်းက အဆင်ပြေသော်လည်း လမ်းတစ်လျှောက်လုံး စိုးရိမ်ထိတ်လန့်။ ရင်ထဲတွင် မြည်သံစွဲလျက်ခုန်မြန်နေသည်က တဒိတ်ဒိတ်။

ကျိုက်ထီးရိုးစေတီက ထူးထူးခြားခြား သပ္ပာယ်သည်။ ဘုရားရင်ပြင်ပေါ် နေရာယူထားသူကအပြည့်။ ဆီမီးပူဇော်ပုံက လေလေးတဖြူးဖြူးဖြင့် တောက်တောက်ပပ။ ရာသီဥတုက အေးတစိမ့်စိမ့်။ အချို့က စေတီကျောက်တုံးတော်ကြီးကို အလုအယက်ရွှေချသူကချ။ သည်နေရာတွင် ခြားနားမှုကို သတိထားလိုက်မိသည်။ ရင်ပြင်တော်အနှံ့ နေရာယူထားသူများက အမျိုးသမီးအစုအဝေး။ ကျောက်တုံးဆီကူးသည့် လေ့ကျားနှင့် ရွှေချပူဇော်သူများက အမျိုးသားအဖွဲ့အစည်း။

ကျွန်တော် နိုင်ငံခြားသူဧည့်သည်ကို ရုတ်ခြည်းပင်သတိရလိုက်သည်။ သူသာရှိလျှင် မေးလိုသမျှ မေးခွန်းဖြင့် အားမနာတမ်း စူးစမ်းဦးမည်မှာ အသေအချာ။

"တို့အားငယ်စိတ်လျော့သွားရပါတယ်"

ဟု သူပြောလာမည့် စကားကမသက်မသာ။ သူ့ကိုရှင်းပြရင်းကျွန်တော် အပါအဝင် ယောကျ်ားတိုင်းက မြင့်မြတ်နေကြပါသလားဟု ပြန်လည် ဝေဖန်သုံးသပ်ရသည်။

ကျွန်တော်တို့ မြန်မာပြည်တွင်စေတီ၊ ဆင်းတုများကို ရွှေချရာ၌ အမျိုးသားများသာလုပ်ခွင့်ရှိကြသည်ကို သတိထားမိသည်။ အထူးသဖြင့် ရခိုင်မုနိ၊ မန္တလေးမဟာမြတ်မုနိ၊ ရှင်ကျော်မုနိ၊ ဇလွန်မုနိပြည်တော်ပြန် ဘုရားပုထိုးတို့တွင်လည်း ထိုနည်းလမ်းကောင်း ရွှေချရသည်။

မြန်မာရှိ စွယ်တော်ဘုရားများ၌ စွယ်တော်ပွားများကို သယ်ယူသယ်ပို့နေရာချကြရာတွင် မည်သည့်အမျိုးသမီးမျှမကိုင်တွယ်ရ။ အမျိုးသားများသာလုပ်ရသည်။ ထို့ပြင် အင်းလေးဆောင်တော်ဦးဘုရားကျောင်းတွင်လည်း ဘုရားရွှေချရာ၌ အမျိုးသားများသာ ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ရွှက်ရသည့်အပြင် ဘုရားဖူးရာတွင်လည်း အမျိုးသမီးအတွက် ဝတ်ပြုသောနေရာအနိမ့်စား အလှမ်းဝေးသည့်နေရာဖြစ်နေသည်ဂ ဖြစ်၍ သိသာမြင်သာ။

❑

ရန်ကုန်မြို့တွင် နေထိုင်သူဖြစ်သည့်အတွက် ရွှေတိဂုံဘုရားသည် ဆွေဘုရားမျိုးဘုရားဟု ဆိုနိုင်သည်။ မကြာခဏဘုရားဖူးရသည်။ ပုတီးစိပ်၊ တရားထိုင်၊ ပရိတ်ရွတ်ဖတ်မှုများ ပြုလုပ်ကြသည်။ မိသားစုအားလုံးမလာဖြစ်သော်လည်း ဇနီးသည်နှင့် နှစ်ယောက်က သွားလာမှုအများဆုံး။ မိမိတို့အသက်အရွယ်အရ ဓာတ်လှေကားဖြင့် အသုံးဝင်လှသည်။

ဓာတ်လှေကားခဆိုသည်မှာ နှစ်ဉီးပါး အလှူရှင်ပေါ်လာတတ်သည်။ လှူဒါန်းလိုသူ၏ နိဗ္ဗာန်ကူးတို့ပို့လိုသည့် ရည်ရွယ်ချက်က ကောင်းမွန်လှသည်။ ဓာတ်လှေကားကို ယာဉ်စီးသူက နှိပ်ရန်မလို။ ဘုရားဓာတ်လှေကားသည် လမ်းခုလတ် ရပ်စရာမလို။ အောက်ခြေမှ အပေါ်ထပ်အထိ တက်သည်၊ ဆင်းသည်။ အခက်အခဲမရှိ။ သို့သော် စက်မောင်းသူပါသည်ကလည်း အဆင်ပြေလှသည်။

အခန်းထဲတွင် လူပြည့်လျှင် တံခါးကိုပိတ်သည်။ အပေါ်တက်ရန် ခလုတ်နှိပ်ရသည်။ ထိုအချိန်တွင် စက်မောင်းသူက လှုပ်ရှားရသည်။ ထိုအခါမျိုးတွင် အခန်းထဲပါလာသူများအားလုံး အဆင်မပြေမှုကြုံကြရသည်ကို ချက်ချင်းသိလိုက်ကြသည်။ စက်မောင်းသူထံမှထွက်ပေါ်လာသည့် အနံ့အသက်။ ထိုလူများ၏ ချိုင်းကြားမှ ပေါ်ထွက်လာတတ်သည့် လက်ပပ်ချွေး။ ပြင်းထန်သဖြင့် ပါလာသူအားလုံး နှာခေါင်းကို လက်ဖြင့်ကွယ်လျက် အောင့်အည်းသည်းခံ။

ဓာတ်လှေကားအခန်းထဲမှ အပြင်ထွက်ချိန်ရောက်မှ အသက်ပြင်းပြင်းရှူနိုင်သည်။ ဘုရားသို့လာရောက်ကြသူများ အဆင်ပြေစေချင်သည်။ စိတ်နှလုံးကြည်လင်ဆွတ်ပျံ့စေလိုသည့်အတွက် ဝန်ဆောင်မှုလိုအပ်လာသည်။စက်မောင်းတစ်ယောက်၏ ဆင်ခြင်နိုင်မှုက အရေးပါလှသည်။

ဘုရားရင်ပြင်ပေါ် ရောက်သည့်အခါ ကျွန်တော်နှင့် ဇနီးသည်တို့ ခွဲ၍ နေရာယူကြရသည်။ ကျွန်တော်သွားနေကျမှာ အလယ်ပစ္စယံနေရာ။ မိမိတို့ကဲ့သို့ တရားထိုင်မည့်သူများ၊ ပုတီးစိပ်မည့်သူများက အပြည့်အဝ။ မိမိနေရာကျသည်နှင့် ဘုရားကန်တော့သည်။ သီလယူသည်။ထို့နောက် တရားထိုင်ရန် ဟန်ပြင်သည်။ ထိုအချိန်တွင် မိတ်ဆွေဖြစ်ခဲ့သော နိုင်ငံခြားသားဧည့်သည်ကို သတိရလိုက်သည်။ သူ၏ စူးစမ်းသော စကားကို ပြန်လည် ကြားယောင်လာသည်။ ကျိုက္ခမီဘုရား၊ အင်းလေးဖောင်တော်ဦးဘုရား၊ ကျိုက်ထီးရိုးဘုရားနည်းတူ ရွှေတိဂုံစေတီတော်တွင်လည်း အခွင့်ရေးထူးထူးမြတ်မြတ်ရရှိခဲ့သောကြောင့် ဖြစ်သည်။

❑

ဤသတ်မှတ်ခွဲခြားချက်အပေါ် မည်သည့် မြန်မာအမျိုးသမီးကမျှ စောဒကမတက်ခဲ့ကြ။ ပြင်းထန်စွာ ဝေဖန်မှုမရှိခဲ့ကြ။ ဒေသဆိုင်ရာ စည်းကမ်းတစ်ခုကို လိုက်နာရုံသာ သဘောထားခဲ့ကြသည်မှာ ထင်ရှားသည်။ ကျိုက်ထီးရိုးနှင့် မဟာမုနိဘုရားများသို့ ရွှေမချရလျှင်လည်း လိုက်နာသည်။ အမျိုးသမီးများဝတ်ပြုရမည့် နေရာသတ်မှတ်ထားပါက တင်းတိမ်ရောင့်ရဲနေကြသည်။ ထိုင်ရမည့်နေရာတွင်ထိုင်၊ မသွားလာအပ်သောနေရာသို့ ခြေဦးမှမလှည့်ကြလေသော မြန်မာအမျိုးသမီးများ။ သို့သော် နိုင်ငံခြားအမျိုးသမီးများကမူ သည်အချက်အပေါ် စိတ်မကျေနပ်ကြသည်ကို နားလည်နိုင်သည်။

ဘုရားများတွင် -

'ဘုရားဆုပန် မင်းယောကျ်ား မဟုတ်သော အမျိုးသမီးများ ဂန္ဓကုဋိ ပေါ်တက် ပူဇော်ကန်တော့ခြင်းပြုပါလျှင် မြတ်စွာဘုရား၏ ဓာတ်တော်၊ ဆံတော်များကို မရိုမသေ မလေးမစား ရာရောက်သည်'

ဟု မှတ်တမ်းတင်ကြသည်။

မိုးကြိုး၊ လေကြိုးကျစေခြင်း၊ ဘေးဥပဒ်အန္တရာယ်မျိုးစုံ ကြုံတွေ့ရခြင်း စသည်ဖြင့် ခြိမ်းခြောက်ထားရသည်။ မင်းယောကျ်ားများ ဘုရားဓာတ်တော်၊ ဆံတော်၏အထက်သို့ တက်ရောက်ခြင်းဖြင့် သင့်လျော်ပါ၏လောဟူသော အယူအဆကို တွေးမိသည်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မည်သူ့ကိုမျှ အခွင့်အရေးပိုမယူရန်သင့်ပါသည်။

အမျိုးသမီးများနည်းတူ ကျွန်တော်တို့အမျိုးသားများလည်း ထပ်တူညီခံစားကြဖူးသည်။ အခြားမဟုတ်။ ဆရာတော်ကြီးအား မိမိက ဝတ္ထုပစ္စည်းလှူဒါန်းလိုသော်လည်း သီလရှင်ဆရာကြီးမှတစ်ဆင့်သာ လှူဒါန်းခွင့်ရသည်။ လူသားနှင့် တိုက်ရိုက်ထိတွေ့အခွင့်မရှိသည်ပြဿနာ။ သီလရှင်ဆရာကြီးများမှာ ဘုရားဆုပန် မင်းယောကျ်ားများ မဟုတ်ကြသည်ကို သတိထားမိရာ သီချင်းစာသားကဲ့သို့ 'မိန်းမရှားသလားဟုတ်စ၊ ယောကျ်ားရောရှားမလား' ဆိုရမလိုပင်။ ဤသို့ ရည်ညွှန်းဖွဲ့စည်းပြောကြောင့် တိုင်းတစ်ပါးခြား ရွှေ့ပြောင်းသည်တစ်ယောက်က ပြုံးပြုံးရယ်ရသည်။ စိတ်သက်သာဖွယ်ကိုတွေ့လိုက်ရသည်။

သာမန်အားဖြင့် နတ်မကြိုက်သည့်အကြောင်း၊ နတ်ကောင်းနတ်မြတ်များက ဘုရားဖူးသူ လူကောင်းမြတ်ဘဝ နှင့်ထုတ်သည့်အဖြစ်၊ မြေအနှံ့အစားအလိုက် နတ်နဂါးက ကန့်ကွက်လာသည့်အချက်များလည်း ပြဋ္ဌာန်းလာကြသည်။

ပျံလွန်တော်မူရှာသွားသောဆရာတော်ကြီးတစ်ပါးက ဤစနစ်နှင့်ပတ်သက်၍ရယ်စရာဖွဲ့သည်။

သည်ကိုရောက်မှ ငါ့ကိုမွေးမြူပေးခဲ့တဲ့ မယ်တော်ဟာ အလွန်ယုတ်ညံ့သွားကြောင်း သိလိုက်ရလို့ စိတ်ထိခိုက်ရတယ်"

ဆရာတော်ကြီးက စကားစပ်၍ပြောသည်။ သည်အယူအဆသည် ဗုဒ္ဓဘာသာအယူအဆ မဟုတ်ကြောင်း တိတိလင်းလင်းမပြောဆိုခဲ့၊ မတားမြစ်ခဲ့။ ဆရာတော်ကြီး အမိန့်ရှိသည်ကို ကြားဖူးသူကသိသော်လည်း ဆရာတော်ကဲ့သို့ ထောက်ထောက်ထားထားပြောဆိုရန် ခက်ခဲလှသည်။

မြန်မာ ဗုဒ္ဓဘာသာ အယူအဆ မဟုတ်ဘဲ ဒေသန္တရအယူသီးမှုများကို ဤသို့ တားမြစ်ချက်များပေါ် ပေါက်လာသည်ဟု ဆရာတော်များက ဆိုမိန့်လာသည်ကို ကိုးကားမိသည်။ သို့သော် သည်စည်းကမ်းကို လိုက်နာရန် မလိုအပ်ကြောင်း ကန့်ကွက်တားမြစ်မှုမျိုး မဖြစ်လာခဲ့။

ဆက်လက်၍ မြန်မာဖြစ်သော ကျွန်တော်တို့အဖို့ လိုက်နာဆောင်ရွက်ကြရဦးမည်ထင်ပါသည်။

ခန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



# ဦးထွန်း (ဘုရားဆေး)

## နှပ်ပျိုကိုယ်နှ ကျန်းမာရွှင်လန်းစေသည့် နည်းတောင်းတစ်လက်

ဦးမြတ်စိုးနဲ့ ကျွန်တော် မတွေ့ တာကြာပြီမှာ အနှစ် (၂၀) ကျော်ပေမည်။ ကျွန်တော်က တွေ့တွေ့ချင်းမမှတ်မိ။ သူကတော့ ရယ်ကြဲကြဲမျက်နှာအမူအရာနဲ့ မှတ်မိနေသည်ပုံ။

"ခင်ဗျားကျွန်တော့်ကိုမှတ်မိလား"

"သိသလိုလိုတော့ရှိတယ်။ ဒါပေမဲ့ မှတ်မိတော့ဘူး"

"ခင်ဗျား ရွှေစည်းခုံလမ်းအိမ်မှာ အိုးသားဘော်ဒါဆောင်ဖွင့်တာမှတ်မိလား"

"ဒါတော့ သိတာပေါ့"

"ဒါဆိုရင် ဘော်ဒါဆောင် အခန်း (၃) ကလူကို မှတ်မိလား"

"ဟ - သိပြီ။ ကိုမြတ်စိုး မဟုတ်လား"

"ဟုတ်ပါဗျာ"

ဒီလိုအစဖော်ပေးမှ ကျွန်တော်က သိတဲ့လူ။ အထူးသဖြင့် ကျွန်တော့် မှာနှာပေါက်က လုံးဝမပြောင်းလဲဘဲ သမှျက်နှာက သိသိသာသာ ပြောင်းလဲနေတာကိုး။ မျက်နှာကဖောင်းဖောင်း၊ ဆံပင်က နေတိုးကေလိုလို၊ ဝတ်လာတာက စပို့ရှပ်၊ အသားအရောက စိုစိုပြည်ပြည်။ အသက်မေးလိုက်တော့ (၇၃) နှစ်ဘဲ၊

နားရှိလိုသာ ကြားလိုက်ရတယ်။ ကျွန်တော်ထင်တာက ကျွန်တော့်ထက် ကြီးလှ တစ်နှစ်၊ နှစ်နှစ်ပေါ့။ အခုတော့ (၇၃) နှစ်လို့ ပြောလိုက်တဲ့အတွက် ကျွန်တော့်ထက် (၈) နှစ်ကြီးနေပါတယ်။ လောလောဆယ်အံ့သြတာတွေခကာထား ပြီး အနှစ် (၂၀) ကျော်ကွဲနေတဲ့မိတ်ဆွေဟာ လက်ဖက်ရည်ဆိုင်မှာ သွားပြီးစည့်ခံလိုက်တယ်။

သူ့ကို ပိုပြီးခင်မင်သွားတဲ့ အကြောင်းထူးပူပန်နွေးနွေးကလည်းရှိပါတယ်။ အဲဒီကိစ္စက သူရဇ္ဈမဂ္ဂဇင်းနဲ့ဆိုင်နေတယ်။ ဒီပဂ္ဂိုလ်က သူရဇ္ဈထွက်လာပြီဆိုရင် ကျွန်တော့်နာမည်ရှာပြီးအရင်ဖတ်တယ်တဲ့။ ကျွန်တော်က နာမည်ရင်းနဲ့ မရေးတာကို ဘယ်လိုလုပ်သိသလဲလို့ မေးတော့ စာရေးသူနဲ့ဘုရားဒါယကာတွဲရိုက်တဲ့ပုံကိုတွေ့လို့သိတာတဲ့။ ဒီနေရာမှာ စာအုပ်ကိစ္စကနေ သူ့ရဲ့အကြောင်းပြောင်းပြီးပြောလာပါတယ်။

"အခုကျွန်တော့်အသက်ကိုလည်း (၇၀) ကျော်လို့ မထင်ဘူး။ ပိန်နေတဲ့ပါးကဖောင်းပြီး လူရဲ့ငယ်ရုပ်ပါပြောင်းလာရတဲ့ကိစ္စဟာ ဘာကြောင့်လို့ ခင်ဗျားထင်လဲ"

လို့ ကျွန်တော့်ကို မေးတော့ ကျွန်တော်က ရှည်ရှည်ဝေးဝေးမစဉ်းစားဘဲ -

"မသိဘူး"

လို့ တိုတိုတုတ်တုတ်ပဲဖြေလိုက်ပါတယ်။ ဒီတော့မှ အခုလို ရုပ်ပျိုကိုယ်နှ ကျန်းမာရွှင်လန်းနေတဲ့ဘဝကို ပိုင်ဆိုင်လာရတဲ့ဇာတ်ကြောင်းကို သူကရှင်းပါတော့တယ်။

❑

ဒီလိုဗျ။ ခင်ဗျားဆီကနေ ရန်ကုန်ကိုပြောင်းရတော့ ကျွန်တော့်သမီးတွေနေတဲ့ ဥက္ကလာကို ရောက်သွားတယ်။ ကျွန်တော့်ရပ်ကွက်ထဲက ဦးထွန်းခင်နဲ့ ကျွန်တော်က ပုလင်းတူဘူးဆို့။ ကျွန်တော်တို့နှစ်ယောက်က လစ်မစ်နဲ့ သောက်တယ်။ နှစ်ပက်ဆိုရင် ပြီးပြီ။ ဒါပေမယ့် ဒီလူက မနက်ပါသောက်တဲ့လူ။ ပြီးတော့ သူကိုယ်သူ အထွေထွေရောဂါကုဆေးရုံကြီးလို အထွေထွေရောဂါသည်လို့ ပြောတယ်ဗျ။ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ နှလုံး နေရာတိုင်းမှာ ရောဂါနည်းနည်းစီရှိတယ်တဲ့။ ရောဂါသူဌေးကို သူက သူဌေးရောဂါရှိတဲ့လူလို့ ဂုဏ်ယူပြီးတောင်ပြောပါတယ်။

တစ်နေ့မှာ သူနဲ့ထိုင်နေကျဝိုင်းကို ဒီလူရောက်မလာဘူး။ အဲဒီရက်ကစပြီး အရက်ဆိုင်မှာ ဒီလူ ပျောက်ခြင်းမလှ ပျောက်သွားတယ်။ သူနဲ့ ကျွန်တော် တစ်နှစ်ကျော်ကျော် မတွေ့ဖြစ်ဘူးဗျ။ ကျွန်တော့်စိတ်ထဲ ဒီလူသေများသွားသလား။ သေလို့ ရောက်မလာတာဖြစ်မယ်လို့ တွေးနေတယ်။ သူပြီးရင် ငါ့အလှည့်များလားဆိုပြီး ကျွန်တော် ကြောက်စိတ်ကြောင့် အရက်ပြတ်သွားတယ်။

တစ်နှစ်ခွဲကျော်ကျော်လောက်မှာ ဦးထွန်းခင်က ကျွန်တော့်အိမ်ပေါ်ကို ဘွားခနဲရောက်လာတော့ မနည်းလေး



www.burmeseclassic.com

www.burmeseclassic.com

လန့်သွားတာပေါ့။ နေ့ခင်းဘက်လာလို့ တော်သေးတာ။ ညသာလာရင် သရဲခြောက်တာဆိုပြီး တကယ်ထွက်ပြေးလောက်တဲ့ ဖြစ်ရပ်ဗျ။ ဦးထွန်းခင်ကတော့ အသားတွေဘာတွေစုံပြည့်လို့။ လူလည်းဝလာတယ်။ သူက ပြုံးစိစိနဲ့ ဇည့်ခန်းခုံမှာဝင်ထိုင်တော့ -

"ခင်ဗျားဗျာ ပျောက်ချက်သားကောင်းလိုက်တာ။ တစ်နေရာသွားမယ် ဆိုရင်လည်း နှုတ်ဆက်သွားပေါ့။ ခုတော့ သေမှန်းမသိရှင်မှန်းမသိ။ လူပုံပါပြောင်းလာတယ်။ ဘယ်ကိုရောက်နေတာလဲ ရှင်းစမ်းပါဦး"

"ဒီလိုဗျ၊ ခင်ဗျားကိုနှုတ်ဆက်ချင်ပေမယ့် အရက်သောက်ဖော်သောက်ဖက်ဖြစ်လို့ အရက်ကိုဖြတ်ရင် ခင်ဗျားပါဖြတ်မှသဘဝကျမှာပေါ့။ ဒီရပ်ကွက်မှာနေရင် အရက်ဖြတ်ဖို့ မလွယ်ဘူး။ အားလုံးက သောက်တတ်တဲ့မိတ်ဆွေတွေကများတာကိုး။ ဒါကြောင့် တူတွေ့၊ တူမတွေနေတဲ့ရွာဆင်းပြီး ခြေရာဖျောက်လိုက်တာဗျ"

"ခင်ဗျားအရက်ဖြတ်တဲ့ကိစ္စကြီးက ထူးခြားနေတယ်။ အဲဒါကြီးကို အရင်ရှင်းပါဦး"

"ကျွန်တော်က ဘုရားမွေးနေ့ကို အရက်မသောက်တာတော့ ခင်ဗျားသိမှာပေါ့။ အဲဒီနေ့မှာ ကျွန်တော် ညနေ (၆)နာရီလောက်ဆိုရင် ဘုရားကိုရောက်နေပြီ။ အိမ်မှာထိုင်နေရင် သောက်တဲ့မိတ်ဆွေတွေအတင်းဆွဲရင် အခက်တွေ့မှာစိုးလို့ ရှောင်တဲ့သဘောလည်း ပါပါတယ်။ ည (၇) နာရီလောက်မှာ မုတီးစိပ်ပြီး အညောင်းဖြေနေတုန်း ဘုန်းဘုန်းကြီးတစ်ပါးက -

'မင်းရဲ့ အထွေထွေရောဂါတွေ မပျောက်ချင်ဘူးလား'

လို့ မေးလာတယ်။

ကျွန်တော်က ဖြုံသွားတယ်။ ဒီရောဂါအကြောင်းက လူတိုင်းမသိပါဘူး။ ခင်ဗျားတောင် သောက်ဖော်သောက်ဖက်ဖြစ်တာရယ်၊ လူရင်းဖြစ်တာကြောင့် သိတာပါ။ ကျွန်တော်က စဉ်းစားမနေဘဲ--

'ပျောက်ချင်ပါတယ် ဘုရား'

လို့ ဖြေလိုက်တယ်။ ကျွန်တော့်ရဲ့ အဖြေကိုသိသွားတော့ ဘုန်းဘုန်းကြီးက -

'ကတိတည်နိုင်မယ်ဆိုရင် ရောဂါပျောက်နိုင်တဲ့ဆေးကိုပေးမယ်။ ဆေးနည်းက မင်းကတိတည်နိုင်တယ်၊မတည်နိုင်ဘူးဆိုတဲ့အပေါ်မှာ မူတည်နေတယ်ကွယ့်။ မင်းဆီက ကတိဆိုတာ ဘာလဲလို့ မင်းက သိချင်နေမယ်။ ဆေးလိပ်နဲ့ အရက်ကိုဖြတ်လိုက်၊ မင်းဖြတ်လို့တစ်လ ပြည့်ခိုနဲ့မှာ ငါက ကတိအတိုင်း ဆေးနည်းပေးမယ်။ မင်းမှာ အသက်ရှင်ရမယ့် ကုသိုလ်ကံလေး ကျန်သေးတယ်ကွ။ ဒါပေမယ့် ဆေးလိပ်နဲ့ အရက်မဖြတ်ရင်တော့ မင်းခန္ဓာက အသက်ဖြတ်သွားလိမ့်မယ်။ ကဲ - စမ်းပြီး ဖြတ်ကြည့်ပေါ့။ ဘုရားမွေးနေ့တောင် အရက်ဖြတ်နိုင်သေးတာပဲ။ အခိုက စိတ်ဓာတ်ပါပဲ ဒကာ'

ကျွန်တော်က ဆရာဝန်ကြီး ပူပူနွေးနွေးပြောတာကို သွားပြီးသတိရနေတယ်။ ဆရာဝန်ကြီးက-

'ခင်ဗျားနှလုံးသိပ်အလုပ်မလုပ်တော့ဘူး။ အရက်ကိုဖြတ်လိုက်တော့။ ခင်ဗျားဆက်သောက်ရင် ကျုပ်ကုလို့ မရတော့ဘူး'

ဆိုတဲ့ စကားနဲ့ ဘုန်းဘုန်းကြီးရဲ့ မိန့်မှာချက်က ကျွန်တော့်ဘဝမှာ အရေးအကြီးဆုံးအချိန်ရောက်လာပြီလို့ တွေးမိတယ်။ ဒီရပ်ကွက်မှာနေရင် သောက်ဖော်သောက်ဖက်တွေနဲ့က ရှောင်လို့ မလွယ်ပါဘူး။ အထူးသဖြင့် အမြဲတွဲဖြစ်တဲ့ ခင်ဗျားကို သံယောဇဉ်အရင်ဖြတ်မှ ဖြစ်မယ်ဆိုပြီး နှုတ်မဆက်ဘဲ ရွာဘက်ကို ပြေးတာဗျ။

ကျွန်တော် တစ်လကျော် အရက်ပြတ်သွားတော့ ဘုန်းဘုန်းကြီးကို တွေ့ချင်လိုက်တာ အရမ်းပဲ။ ကျောင်းတိုက်လည်း မမေးဖြစ်၊ ဘွဲ့တော်လည်း မမေးဖြစ်၊ ဘယ်နေ့၊ ဘယ်နေရာမှာဆုံမယ် မှန်းလည်းမသိတော့ ဘာပဲဖြစ်ဖြစ် အရက်နဲ့ဆေးလိပ်ပြတ်တာ အမြတ်ပဲလို့ သဘောထားလိုက်ရတာပေါ့။ ဒါပေမယ့် ကျွန်တော်စိတ်မလျှော့ဘူး။ သောကြာနေ့မှာပဲ ရုန်ကုန်ကို ပြန်တက်လာတယ်။ လူတွေမတွေ့နိုင်အောင် ည (၇) နာရီလောက်ရောက်လာတာပါ။ ရောက်တာနဲ့ တုရားပေါ်ကို အပြေးတစ်ပိုင်းနဲ့ တက်လိုက်တယ်။ ပြီးတော့ ပန်း၊ ရေချမ်း၊ ဆီမီးကပ်ပြီး အရက်နဲ့ဆေးလိပ်ပြတ်ကြောင်း သစ္စာဆိုမယ်။ ဤသစ္စာစကားမှန်ကန်ရင် ဘုန်းဘုန်းကြီးကြားပါစေ၊ သိပါစေသတည်းလို့ ဆုလည်းတောင်းမယ်ပေါ့။ ဒါက ကျွန်တော့် စိတ်ကူး။

ကျွန်တော်က ပရိတ်ယူတဲ့အနေနဲ့ ဂုဏ်တော်ပုတီးတစ်ပတ်စိပ်ပြီး သစ္စာဆိုခါနီးမှာ ကျွန်တော် ကြားချင်တဲ့အက ပေါ်လာတယ်ဗျ။

'အံမယ် မင်းက ကတိတည်ပဲ။ ဆေးလိပ်ရော အရက်ပါ ရွာထောင်ဆင်းပြီးဖြတ်လိုက်တာကိုး။ အေး- သာသာ သာခု၊ မင်းကတိတည်တယ် ဒါကြောင့် အစာလည်းဆေး ဆေးလည်း အစာဆိုသလို မင်းထမင်းစားတိုင်း ကြိတ်မှန့်ရွက်ကိုစားပေး။ တစ်ရက်ရက်နဲ့ မထူးခြားဘူးနော်။ အနည်းဆုံး (၆) လစားရမယ်။ ဒါမှ ကိုယ်တွင်းရောဂါတွေတဖြည်းဖြည်းပျောက်မှာပေါ့။ (၆) လပြည့်ရင် မင်းတို့ သားနည်းနဲ့ တီထွင်ထားတဲ့ စက်တွေနဲ့ ခန္ဓာကို ပြန်စစ်လိုက်။ မင်းရောဂါပျောက်ချက်သားကောင်းနေတာကို တွေ့ရှုပါလိမ့်မယ်။ ကဲကဲ-ပုတီးဆက်လိုက်'

လို့ မိန့်ပြီး ထွက်သွားရောဗျ။

ကျွန်တော့်မှာ ဘွဲ့တော်လည်း မမေးဖြစ်၊ ဘယ်ကျောင်းတိုက်သိတင်းသုံးမှန်းလဲမသိဘဲ ဘုန်းဘုန်းကြီးမိန့်တဲ့အတိုင်း ဆက်ပဲပုတီးစိပ်နေတာပေါ့။ ကျွန်တော့်အတွက် အဆင်ပြေတာက တောမှာ ကြိတ်မှန့်ရွက်ကတယ်။ လိုသလောက်ရနေတော့ စားတာ အဆင်ပြေပါတယ်။ ကျွန်တော်ရေနွေးဖျော်ပြီးတို့စရာအဖြစ်စားထားအခုလို (၆) လလောက် စားဖို့ဆိုတော့အရပ်မှာနေလို့ အဆင်ပြေတာကျွန်တော် (၇) လပြည့်တော့ ရောပေါင်းစုံ မြို့တက်ပြီးစစ်ဆေးတယ် အားလုံးကင်းနေတယ်ဗျ။ တကယ်ထူးထူးခြားခြား ပျောက်သွားတာကျွန်တော်က တစ်နှစ်ခွဲလောက်စားမှ မြို့ကိုတက်မယ်တွေးထားတယ်။ ပထမဆုံး မြို့ကမိတ်ဆွေနဲ့ဆုံတဲ့နေ့ ခင်ဗျားလည်း ရှုနာရှိက်ကုန်းလေးနေတယ်။ ဖြတ်နိုင်ရင်တော့ အရက်ဖြတ်လိုက်ပါ"

ကျွန်တော်က အားရဝမ်းသာ -

"ခင်ဗျားပျောက်သွားတဲ့နေ့ပြီး လန်ဖြတ်ဖြတ်လိုက်တာ အခုဆိုတစ်နှစ်ကျော် အရက်ပြတ်ခဲ့ကြောင်းကိုပြောတော့ ကျွန်တော့်ကို အားရသာလက်ဆွဲနှုတ်ဆက်တယ်။ ကျွန်တော်က ရန်ကုန်မြို့ပေါ်မှာတော့ ကြိတ်မှန့်ရွက်-အမြဲတမ်းရဖို့ မလွယ်ကူဘူး။ ဒါမယ့် ဦးထွန်းခင်ကတောကိုမှာပေးတယ်။ ကျွန်တော်က ရသမျှ ကြိတ်မှန့်ရွက်ကို အခြောက်လှန်းပြီး လာဖက်ခြောက်



www.burmeseclassic.com

www.burmeseclassic.com

အကြမ်းသောက်သလိုသောက်တယ်ဗျ။

ကျွန်တော်သောက်လို့ ငါးလသောက်အကြာမှာ သိသိသာသာ ချောင်းလဲလာတယ်။ ဆံပင်တွေနက်သာတယ်။ မျက်နှာလည်းဖောင်း၊ ရင်အုပ်လည်းဖောင်းပေါ့။ အ ခုဆိုရင် အသားအရေပါစိုလာတယ်။ ကျွန်တော် ဆင်လာတော့ ခင်ဗျားတောင် မမှတ်မိဘူး မဟုတ်လား။ အဲဒါ ကြိတ်မှန်ရွက် ချောက်လက်ဖက်ရည်ရဲ့ ကျေးဇူးပဲ။ ကျွန်တော်က ဒီနည်းကောင်းလေး ငဲ့ဘူးသိအောင် တမင်ပုသိမ်လာပြောတာဗျ"

ဟု သူ့ရဲ့ဇာတ်ကြောင်းကို အဆုံးသတ်လိုက်ပါတယ်။

ကြိတ်မှန်ရွက်အကြောင်းရေးနေတော့ ကျွန်တော်က ကြိတ်မှန်ရွက်ဟာ ဒီလောက်တောင် စွမ်းသလားလို့ တော်တော်လေး စိတ်ဝင်စားသွားတယ်။ ကျွန်တော်သိတာက အနာဖြစ်ပြီး အနာဖေးဖြူဖြူတွေဖြစ်လာရင် ကြိတ်မှန်ရွက်နဲ့ ပွတ်လိုက်။ အသားကောင်းဖြစ်သွားတာတော့သိနေတယ်။ ကျယ်ကျယ်ပြန့်ပြန့်သိဖို့ဆိုရင် ဆေးပင်တွေအကြောင်းဖတ်မှ။ ခက်နေတာက ကျွန်တော်သိချင်တဲ့အချိန်က သက်ရှိကြီး၊ အခုလို အခက်တွေ့နေချိန်မှာ ကျွန်တော့်သမီးကြီး မိုးပိုးဆွေက -

"ဖေကြီးသမီးငယ်က ကွန်ပျူတာအိပ်စပတ်လေ။ သူ့ကို ကွန်ပျူတာမှာ နှာခိုင်းလိုက်၊ ဖေကြီးသိချင်တာတွေ ဆောလေးနဲ့ သိလိမ့်မယ်"

လို့ အကြံပေးတယ်ဗျ။

သမီးကြီး အကြံပေးတဲ့အတိုင်း သမီးငယ်သူသူကို အရှာခိုင်းလိုက်တာ (၁၀) မိနစ်တောင် မကြာပါဘူး။ သိချင်တာတွေ သိလိုက်ရပါတယ်။

ကျွန်တော်သိတဲ့ ကြိတ်မှန်ပင်အကြောင်း အရင်တင်ပြရမယ်ဆိုရင် ငင်စည်ကသေးရင် အစိမ်းရောင်၊ ကြီးသာတော့ နီညိုရောင်လေး၊ အရွက်ကတော့ အရှည် (၂) လက်မ၊ ဖြောက်သက်မဝက်လောက်ပဲကြီးပါတယ်။ လမ်းသေးက အခြားအပင်တွေနဲ့ မှားတတ်တယ်ဗျ။ ထူးတာဆိုလို့ ရွေးစေ့လောက် အပွင့်ဖြူဖြူလေးတွေပွင့်တယ်။ အပွင့်တွေနေ ရွေးစေ့အကြီးလောက်ရှိတဲ့ အသီးလေးတွေဖြစ်လာတယ်။ သူ့အရွက်ကို ကြိတ်ခြေပြီးညှစ်ရင် မင်နက်ပြာရောင်ထွက်ပါတယ်။ အဲဒီသတ္တုရည်ဟာ အနာဒဏ်ရာကိုလိမ်းဖို့ အကောင်းဆုံးဆေးပါပဲ။



ကြိတ်မှန်ပင်အကြောင်းကို ၂၀၁၂ ခုနှစ် သတင်းစာတစ်စောင်မှာ ဆရာစောထွေးကိုကို(လားရှိုး)က တော်တော့်ကို ပြည့်ပြည့်စုံစုံ တင်ပြထားပါတယ်။ အဲဒီဆေးဗဟုသုတကို ကျွန်တော့်ရဲ့ ရုပ်ပျိုကိုယ်နှ ကျန်းမာရွှင်လန်းစေတဲ့ ဇာတ်လမ်းနဲ့ ပေါင်းစပ်ပြီး အခုလိုအားဖြည့်ဖော်ပြလိုက်ပါတယ်။

မြန်မာ့ဆေးကျမ်းများတွင် လေနာ၊ သလိပ်နာကိုနှိုင်နင်းကြောင်း၊ အထူးသဖြင့် သွေးကို ဓာတ်ကြွစေ၏။ အနာကို နှိုင်နင်း၏။ ဓာတ်ကိုပြောင်းလဲစေ၍ လူအသက်ကိုရှည်စေသည်ဟု ဖော်ပြထားပါသည်။ ၎င်းအပင်သည် နေကြာမျိုးရင်းတွင်ပါဝင်ပြီး အလေ့ကျတစ်နှစ်ခံ ပင်မျိုး ဖြစ်ပါသည်။ အဖြူမျိုးအဝါမျိုးနှင့် အနက်မျိုးဟု (၃) မျိုးရှိလေသည်။ ကြိတ်မှန်ပင်၏ကောင်းကျိုးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မျက်စိရောင်ခြင်း၊ လိင်ဥရောင်ခြင်း၊ နှလုံးရောဂါ၊ ချောင်းဆိုးရောဂါ၊ သမင်ဖြူ၊ အရေပြားယားယံခြင်း၊ အနာစက်၊ ကာလသားရောဂါ၊ အဆိပ်နာတို့အား ပျောက်ကင်းချမ်းသာစေပါသည်။

သားဖွားပြီးနောက် သားအိမ်ကိုက်ခဲခြင်း၊ စအိုကျွံနာ၊ ရေယုန်ကြီးနာ၊ မီးလောင်နာ၊ ဆံပင်ဖြူ ဆံပင်ကျွတ်၊ မီးယပ်သွေးမဆင်းခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။ ခါးကိုက်ခြင်း၊ မီးယပ်ထုံကျဉ်နာခြင်း၊ အရေပြားပြတ်ခြင်း၊ အသည်းရောင်ခြင်း၊ သွေးဝမ်းရောဂါဖြစ်ခြင်း၊ အားတိုးစေခြင်းတို့ကို ပဓာငါးပါး အသုံးပြုရသည်။

အဖြူကွက်နှင့် ရေနွေးပူလောင်ခြင်း၊ မီးလောင်ထားသည့်အနာတို့ကို ကြိတ်မှန်ရွက်၊ ပင်စိမ်းရွက် (၂) မျိုးရောစပ်၍ သတ္တုရည်အား တစ်နေ့ နှစ်ကြိမ် လိမ်းရသည်။ ရေယုန်ပေါက်လျှင် ကြိတ်မှန်ရွက်နှင့် နန်းရည်ဆော်ပြီး နေ့စဉ် တစ်ကြိမ် လိမ်းပေးခဲ့ခြင်း ဖော်ကင်းစေပါသည်။

ကိုယ်ဆောင်ဆေးဝါးကို ကြိတ်မှန်ရွက်သတ္တုရည်နှင့် ရေတိကောက်မှန့်ရောပြီး ဒိန်ချဉ်ရည်နှင့် (၇) ရက်ဆက်သောက်ရမည်။ မီးယပ်သွေးဆင်ပြီခြင်းဂုပ်ခြင်းကို ထန်းလျက်နှင့် (၃) ခွက်(၁) ခွက်တင်ကျိ၍သောက်ရသည်။

မွေးစကလေးများ နှာစေးချောင်းဆိုးဖြစ်လျှင် ကြိတ်မှန်ပင်ပဓာငါးပါးသတ္တုရည် (၂) စက်ဖြင့် ပျားရည်အနည်းငယ်ရောတိုက်ရသည်။ ကြိတ်မှန်ရွက်အမှုန့်အား နွားနို့နှင့်ရောစပ်၍ တစ်လပြည့်အောင်သောက်လျှင် မျက်စိကြည်လင်ပြီး သွားကို ခိုင်မာစေသည်။

သန်ပိုး၊ တုတ်ပိုးများကျစေလိုပါကား ကြိတ်မှန်ရွက်သတ္တုရည်ကို စအိုဝင်သုံး၊ လေးကြိမ်လူးပေးခြင်းဖြင့် သန်ပိုး၊ တုတ်ပိုးများကျစေသည်။ သွေးခန်းခြင်း၊ ဝမ်းမီးငုပ်ခြင်းများကို ကြိတ်မှန်ရွက်အမှုန့်နှင့် ဆီးဖြူသီး၊ ဖန်ခါးသီး၊ သစ်ဆိမ့်သီးများကို အမှုန့်ပြုပြီး သကြားဖြင့်တို့၍ စားရသည်။ အနာစက်များ၊ ယားနာများ၊ ဝဲနှင်းခူနာများဖြစ်လျှင် ကြိတ်မှန်ရွက်ကို သတ္တုရည်ညှစ်လျက် အရည်ပျစ်ပျစ်ပြု၍ ဆေးအဖြစ်သောက်ခြင်းပြုလျှင် ပျောက်ကင်းသည်။

အင်တာနက်မှာ အခြားဆေးစွမ်းတွေ ဖော်ပြထားပေမယ့် ဆရာစောထွေးကိုကိုလို လက်တွေ့မကျလို့ ဖော်မပြတော့ပါဘူး။ အခုလို သက်စောင့်ဆေးပင်ကို လူတိုင်းလူတိုင်း ရေစိုတဲ့အရပ်မှာ ကြိတ်မှန်ပင်လေးတွေစိုက်ထားမယ်ဆိုရင် ကျန်းမာရေးအတွက် စိတ်အေးရပါတယ်။ အဓိကအချက်ကတော့ ရုပ်ပျိုကိုယ်နှ ကျန်းမာရွှင်လန်းပြီး ရောဂါတွေကင်းစေချင်ရင်တော့ (၆) လကျော်ကျော်လောက် အရွက်ကို တို့စရာအဖြစ်စားစား၊ အရွက်ကိုအခြောက်လှန်းပြီး လက်ဖက်ခြောက်လို သောက်သောက် လူသားအတွက် အကျိုးပြုတာကို တွေ့မြင်ကြရမှာပါ။ စာရေးသူလည်း အခုမှ အပင့်ပေါက်တွေစုနေပါတယ်။

(ဖြစ်ရပ်မှန်ပြောပြခဲ့သော ဦးမြတ်စိုးနှင့် ဆရာစောထွေးကိုကို (လားရှိုး) အား ကျေးဇူးတင်ရှိပါကြောင်း။)

လူသားတိုင်း
ကျန်းမာရွှင်လန်းကြပါစေ
စိုးထွန်း (ညဘေး)



www.burmeseclassic.com

www.burmeseclassic.com

# ပညာကျော်
# မဟာသဗ္ဗညုဓ၊ မဟာသဗ္ဗလောဓ၊ မဟာသိဒ္ဓိ ရစေနိုင်သောအဓိဋ္ဌာန်

အတုမဲ့အနိုင်းမဲ့ ဗုဒ္ဓကိုယ်ပွားတော်

တစ်နေ့သ၌-

ကျွန်ုပ်သည် နှစ်ပေါင်း (၁၂၀) ကျော်လာနေပြီဖြစ်သော လက်ရေးမူကတ်ထူစာအုပ်နှင့် အခြားမှတ်တမ်းစာအုပ်ကို ကြံ့ခိုင်ရေးအတွက်ပြုလုပ်နေစဉ် ဖြစ်သည်။ ချုပ်ထားသောကြိုးတို့ကပင် ပုံစံမပျက်ဆွေးမြည့်လျက်ရှိနေသောကြောင့် တောင်လေတစ်ချက်မွှေ့လိုက်သည်နှင့် အထပ်ငြိမ်သက်နေသောဝါရွေသောအရောင်နှင့် အိပ်နေသော စာရွက်တို့မှာ တစ်ရွက်၊ နှစ်ရွက်အလွှာလိုက် လွင့်ပါသွားခဲ့ပါတော့သည်။

ကျွန်ုပ်မှာ စိုးရိမ်တကြီးဖြင့် လွင့်ပါသောစာရွက်ကို တယုတယကောက်ယူလိုက်ရလေသည်။ စာရွက်များမှာ လေထိပင်မခံသည့်အဖြစ်ကို မျက်မြင်ကိုယ်တွေ့ကြုံရပါတော့ပြီ။ စာရွက်နှုတ်ခမ်းတို့မှာ မညီမညွတ် လွှသွားလိုပင်ဖြစ်အောင် လေစားခံလိုက်ရပါတော့သည်။

ယုယုယယဖြင့် စက္ကူများကို ထပ်လိုက်ပါသည်။ အစွန်းများမညီညွတ်၍ ပြုပြင်ရန် မ,လိုက်ထပ်,လိုက်ပြင်နေခဲ့ရာ ယခုစာစုကို ရေးသားရန်အတွက် အကြောင်းကပေါ်လာခဲ့ရပါတော့သည်။

ကျွန်ုပ်၏ စိတ်ကူးသည် သူများနှင့်တော့ တူမည်မထင်ပါ။ ကျွန်ုပ်၏ သဒ္ဓါဆန္ဒသည် ယနေ့လူအများစုမှာ စီးပွားရေးဒဏ်ကြောင့် မနက်မိုးလင်းမှ ည၌်အိပ်ချိန်ရောက်သည်အထိ မိသားစုအတွက် ကြံရစည်ရ လုပ်ကိုင်ကြိုးစားနေရချိန်လည်း ဖြစ်သည်။

လူတန်းအလိုက် ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရသော လူတစ်စု၊ အစိုးရဝန်ထမ်းနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် လုပ်ကိုင်နေကြရသောလူတစ်စု၊ မိမိ၏ကိုယ်ပိုင်လုပ်ငန်းများကို ဦးဆောင်နေကြသော လူတစ်စု စသည်ဖြင့် လူတန်းစားများစွာရှိနေကြသော်လည်း ဘဝအမောကိုပြေစေရန်နှင့် မိသားစုတစ်စုအရေးတို့မှာ အောက်ပါတို့ ဖြစ်ကြပါသည်။

- ကျန်းမာရေး
- စီးပွားရေး
- လူမှုရေး
- ပညာရေး

နောက်တစ်ခုကတော့ လူတိုင်း၏ ရင်ဝယ်မှာ ကိန်းဝပ်ပြီး ပုန်းကွယ်နေကြရသည့်အကြောင်းမှာ ဩဇာအာဏာနှင့် ဂုဏ်ဒြပ်တို့ ဖြစ်နေပါသည်။

ဤနေရာတွင် ရှေးရှေးတုန်းက သူဟောင်းကြီးများဖြစ်ကြသော ဆရာသခင်တို့သည် မိမိတို့၏အလွန်ယဉ်ကျေးသော လူမျိုးဖြစ်သည့်အတိုင်း ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများက ယနေ့အထိ အခိုင်အမာတည်နေသလို ကိုးကွယ် ယုံကြည်ကြသည့် ဘာသာရေးကဆိုလျှင်လည်း ထေရဝါဒဗုဒ္ဓဘာသာဖြစ်နေသောကြောင့်ပင် ကျွန်ုပ်၏ စီးပွားကို အကောင်အထည်ဖော်ရန် အခွင့်သတ္တိကိုရရှိနေပါတော့သည်။

ကျွန်ုပ်တို့သည် ကံကိုယုံရသည်က်၏ အကျိုးဆက်ကိုလည်း ယုံကြည်မည် ဖြစ်သည်။ သို့ဆိုလျှင် ကျွန်ုပ်၏ အနေဖြင့် သီလတရားကို ကောင်းစောင့်ထိန်းပြီး အကျင့်စရိုက်အနေဖြင့် အဓိဋ္ဌာန်ဝင်ကြကာ ဘဝအမောကို ဖြေဖျောက်ကြရမည် ဖြစ်ပါသည်။

ကံကိုယုံရာတွင် ပစ္စက္ခတွင်ပြသော ကောင်းသောကံနှင့် အတိတ်ပဋိပေးသောကံတို့ ပေါင်းဆုံလိုက်လျှင် မိမိတို့ ရည်မှန်းထားသော ပန်းတိုင်ကို မုချရောက်ကြရမည် ဖြစ်သည်။ အခု သူမိတ်ဆွေတို့ စဉ်းစားနိုင်လို့ တင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ပါသည်။

ကျွန်ုပ်တို့ လူဖြစ်လာခဲ့ပြီးနောက် ကောင်းသောအတွေးကောင်းသောအကြံ များဖြင့် ကြိုးစားကြရမည် ဖြစ်ပါသည်။ ဤအကြောင်းကိစ္စကို အကောင်အထည် ဖော်ရာတွင် ရည်မှန်းချက်နှင့် ပန်းတိုင်တို့ ရှိပါသည်။

လှဘဝတွင် နိမ့်လိုက် မြင့်လိုက်၊ ကျော်ရှင်လိုက်၊ စိတ်ဆင်းရဲလိုက် စသည့် အတည်မဲ့သည့် အပြောင်းများ မည်သို့ပင် ကြုံ တွေ့နေရပါစေ ရည်မှန်းချက်ကိုတော့ ထိုးကျော်စေရန် အခိုင်အမာထိန်းရပါ မည်။ ထိုသို့ ရည်မှန်းချက်ကို ပျောက် ကွယ်မသွားဘဲ အကောင်အထည်ဖော် ဆောင်သည်နှင့် အမှန်တကယ် မိမိတို့အလို အလျောက်ဖြစ်သောပန်းတိုင်ကိုရောက်မည် မှာ အသေအချာပင် ဖြစ်ပါသည်။

အထက်တွင် စခဲ့ပြီးသည့်အတိုင်း ကျွန်ုပ် ယခု ဤစာစုကို ရေးသားရန် ဆုံးဖြတ်ရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ သည် ဘုရားရှင်၏ ဆုံးမစကားများအရ အသေသရာပြတ်ပြီး ထာဝရအေးချမ်း သောအမတကို ရောက်အောင်သွားစေ ချင်ပါသည်။

ကျွန်ုပ်၏ ဆန္ဒအလိုကတော့ သောကတွင် ကြီးမြတ်သောသုခ၊ အဘာတိုးရပြီး မကောင်းဘေးဒုက္ခတို့မှ ကင်းလွတ်စေသော အကြောင်းကောင်း များ ပြုလုပ်လိုသည့်ဆန္ဒမွန် ဖြစ်နေပါ သည်။ ဘဝပြတ်မှုအတွက် လောကုတ္တ ရာနှင့် ပြီးမြောက်စေပါသည်။ လောက ကြီးမှုမှာဆိုလျှင် ဝိဇ္ဇာဓရဂုဏ်ရပညာ ရှိဖြစ်စေ သမာဓိထူထောင်ရသော သမထအလုပ်တို့က လောကီအကျိုး ရလဒ်များကို တိုးပွားအောင်မြင်စေသည်ဟု ဆိုကြည်ပါသည်။

အဓိကအကြောင်းတို့မှာမူ -

- ၁။ ဒါနမှုပြုရာတွင် စေတနာကို ပဓာနထားပါ။
- ၂။ သီလဆောက်တည်ရာတွင် သဒ္ဓါ တရားကို ပဓာနထားရပါမည်။
- ၃။ သမထအားထုတ်ရာတွင် သမာဓိ ကို ပဓာနထားရပါမည်။
- ၄။ ဝိပဿနာအားထုတ်ရာ၌ အသိ ပညာဉာဏ်ကို ပဓာနထားရပါ မည်။

ဆိုခဲ့ပြီးသော အကြောင်းများကို ဆောက်ရွက်မည်ဆိုလျှင် ဝိဇ္ဇာဓရဂုဏ်ရ သောနယ်မှ အကျင့်စရာဖြင့် အကျိုး ပြုနိုင်ကြမည်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကြုံစားအားထုတ်မှုသည် သူတစ်ပါးကို ထိခိုက်နစ်နာခြင်းမလျှင်းမရှိဘဲ ထွန်း ပေါက်နိုင်သော ကြီးမြတ်သည့်လုပ်ငန်း ကြီးဖြစ်သည်ဟုပင်ယုံကြည်သည့်အတိုင်း အောက်တွင် ပြည့်စုံအောင် ရေးသား တင်ပြလိုက်ပါသည်။

ကျွန်ုပ်တို့အမှန်ယုံကြည်မှုသည် -

- ၁ ဗုဒ္ဓသာ ပူဇ မဟာတေဇဝန္တော၊
- ၂ ဓမ္မသာ ပူဇ မဟာပညာဝန္တော၊
- ၃ သံဃသာပူဇ မဟာဘောဂဝန္တော

ဆိုထားသည့်အတိုင်း ယခုမြတ်စွာ ဘုရားရှင်၏ ကိုယ်ပွားတော်ကို အထူတ် ပြုပြီး ကျင့်ကြံရသောအဓိဋ္ဌာန်ကို ဝင်ကြ ရမည်ပင် ဖြစ်ပါသည်။

### ၁။ ရက်ရွေးခြင်းနှင့် ကာလသတ်မှတ်ခြင်း

- ၁ အနီးဆုံးရက်ကောင်းတွင် စတင် ပါ။
- ၂ ကာလကို (၄၅) ရက် သတ်မှတ် ရမည်။

### ၂။ ဗုဒ္ဓကိုယ်ပွား (ကိုယ်စား) ကို ဦးစွာပြုစု စီမံခြင်း

ပုံတွင်ပြထားသည့်အတိုင်း မဟာ ကရုဏာမုဒြာပုံတော်ကို ကြိုတင်စီမံ ထားပါ။ (ထိုပုံတော်ကို အလူမိနီယမ် ပေါင်သွင်းထားပါ။)

- ၁ ပုံကို သီးခြားဖော်ပြထားသည်။

ဘုရားခန်းမှာ ချိတ်ဆွဲထားပါ။

### ၃။ ဒါနမှုများစီမံထားရခြင်း

က။ - အောင်သပြေပန်း
- မြတ်လေးပန်း
- သစ္စာပန်း (၃) မျိုးလျှုရန်။

ခ။ - အလင်းတိုင်
- နံ့သာတိုင်လျှုခြင်း။

ဂ။ - သောက်တော်ရေ
- အဆင်ပြေသည့် သစ်သီး(၃)မျိုး။

### ၄။ နေ့စဉ်ပြုဖွယ်များ

က။ ရှေးဦးစွာ သာသနာတော်စောင့် နတ်မင်းကြီးများ၊
- မဟိဒ္ဓိရှင်ဆရာတော်များ၊
- ပါရမီဖြည့်ဖက်များကို ပင့်ဖိတ် ထားပါ။

ခ။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခြင်း။

ဂ။ အောက်ပါဂါထာများကို ပုတီး စိပ်ပါရန်။

- ၁ ဗုဒ္ဓသိဒ္ဓိ၊ ဓမ္မသိဒ္ဓိ၊ သံဃသိဒ္ဓိ၊ မာတာပိတုသိဒ္ဓိ၊ အာစရိယသိဒ္ဓိ။ (ပုတီးတစ်ပတ်စိပ်ရန်)
- ၂ သြောင်း နမော ဗုဒ္ဓါ ဘဂဝါ၊ သိရိလောကော စတောသိရိသေ သာ ဗုဒ္ဓါ ဘဂဝါ သွာဟာ။ (ပုတီးတစ်ပတ်စိပ်ရန်)

(သတိပေးလိုသောအကြောင်း - ဂါထာများပုတီးစိပ်ရာတွင် ဂါထာ တစ်ပုဒ်လုံးဆုံးမှ ပုတီးတစ်လုံးချီး (၁၀၈) လုံး ဂုဏ်တော်ပုတီးတစ်ပတ်စိပ် ရန် ဖြစ်ပါသည်။ တစ်နေ့မှာ ပုတီး (၂) ပတ်စိပ်ရန် ဖြစ်ပါသည်။

အဓိဋ္ဌာန်ကာလကို (၄၅) ရက် သတ်မှတ်ထားရသည်ဖြစ်၍ တစ်ဆက် တည်းသွားသည်ထက် ပေါ့ပါးပြီး အစွမ်း သိဒ္ဓိအားကောင်းအောင် စွမ်းဆောင်နိုင် စေရန်အဓိဋ္ဌာန်ကာလ (၄၅) ရက်ကို အပိုင်း (၅) ပိုင်းခွဲထားပြီး တစ်ပိုင်းတွင် (၉)ရက်သတ်မှတ်ကာ ဝါရလေး တစ်ဝါရ သတ်မှတ်ပြီး ဝါရငယ် (၅)ကြိမ်သတ်မှတ် ဆောင်ရွက်ရန်သင့်ကြောင်း အကြံပြုပါ သည်။)

### ၅။ အောက်ပါအတိုင်းဆောင်ရွက်ပါရန်

- ၁ သစ္စာပြုဆုတောင်းပါ။
- ၂ မေတ္တာပို့သပါ။
- ၃ ကုသိုလ်အမျှပေးဝေပါ။
- ၄ သရဏေပါ။

ကျွန်ုပ်မှ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်ခဲ့သည့် ပုဂ္ဂိုလ် များရှိပါက ခွင့်လွှတ်ကျေနပ်ကြပါရန် တောင်းပန်ပါ၏။

ကျွန်ုပ်အပေါ် သို့ ပြစ်မှားကျူးလွန် ခဲ့သူများရှိပါက ကျွန်ုပ်မှ ခွင့်လွှတ်ပါ၏၊ ဟု သရဏေပါ။

- ၁ မူလဖိတ်ထားခဲ့သူများကို နေရပ် ဌာနသို့ ပြန်ပို့ပေးပါ။

ကျွန်ုပ် ရေးသား တင်ပြခဲ့သော အဓိဋ္ဌာန်ကျင့်စဉ်ကို ယခင်နှစ်ပေါင်း (၃၀) ကျော်အခါကာလက ကျွန်ုပ်၏ အရင်းနှီးဆုံးမိတ်ဆွေများနှင့် တပည့် များကိုပေးခဲ့ဖူးပါပြီ။ အများစုမှာလည်း အောင်မြင် ကြီးပွားကြပါသည်။ ယခု အဓိဋ္ဌာန်ကျင့်စဉ်ကိုဝင်ကြသူများအနေ ဖြင့် အစွမ်းထက်သူများ မုချဖြစ်ကြမည် ဟု ယူဆမိပါသည်။

ကျွန်ုပ်အနေဖြင့်လည်း လွန်စွာ နက်နဲပြီး ဂမ္ဘီရဆန်သောအဆောင်များ ယကြာများနှင့် အဓိဋ္ဌာန်ကျင့်စဉ်တို့ကို လည်း အခွင့်ကြုံတိုင်း ရေးသား တင်ပြ ပါဦးမည်ဟု ဆန္ဒပြုလိုက်ပါသည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ

ပညာကောင်း



www.burmeseclassic.com

www.burmeseclassic.com

# ရိုရိုငြိုး

## ပေါင်းခြောက်ခြောင်းမစားကောင်း

မုဆိုးကြီး ဦးသာမောင်တို့အုပ်စုသည် ပဲခူးရိုးမကြီးအတွင်း၌ အမဲလိုက်ရန် နံနက်စောစောထွက်လာခဲ့ကြသည်။ ပဲခူးရိုးမကြီးထဲသို့အဝင်တွင် -

"တစ် တစ် တစ် တစ်တီတူး"

"တစ် တစ် တစ် တစ်တီတူး"

တစ်တီတူးငှက်၏ ရုတ်တရက် အော်သံကြောင့် ဦးသာမောင်သည် ရောက်သည့်နေရာတွင်ရပ်ကာ မော့ကြည့်လိုက်သည်။ ကြီးမားသော လက်ပံပင်ကြီးပေါ်တွင် တစ်တီတူးငှက်တစ်ကောင်ကို မြင်လိုက်သည်။

ဦးသာမောင်သည် ထိုသစ်ပင်ကြီးအောက်သို့သွားကာ ပါလာသည့် ကောက်ညှင်းပေါင်းနှင့် ငါးကြော်ကို ဖက်ပေါ်တင်ပြီး -

"တောပိုင်တောင်ပိုင်ဘိုးဘိုးကြီးကို ဤစားဖွယ်များဖြင့် ဆက်သပါတယ်။ အနှောင့်အယှက်များ ကင်းဝေးအောင် တားဆီးပေးပါ။ သားကောင်သေးသေး ကလေးများစွန့်ကြတော်မူပါ။ အပြစ်များရှိရင်လည်း အမိုက်အမဲများကို ခွင့်လွှတ်တော်မူပါ"

ဤသို့ပြောပြီး ပါလာသည့်အရက်ဖြူများကို မြေကြီးပေါ် သို့လောင်းချလိုက်သည်။

"ဤသေရည်များကိုလည်း ဆက်သပါတယ်"

ဟု ပြောဆိုကာ ခရီးဆက်ခဲ့ကြသည်။ မွန်းလွဲအချိန်တွင် ပါလာသည့် ထမင်းထုပ်များကို ဖွင့်၍စားခဲ့ကြသည်။ ထမင်းစားချိန်တွင် ဦးသာမောင်၏သား ဖြစ်သူ ဖိုးဆိုးက -

"တစ်တီတူးငှက်အော်သံကြားတာနဲ့ အဖေဘာဖြစ်သွားတာလဲ"

"တစ်တီတူးကတော့ တစ်တီတူးလို့အော်တာပဲ။ ဒါပေမယ့် လူတွေက နိမိတ်ကောက်ပြီး 'တစ်တီတူးက မဖြစ်ပြီဘူးလို့အော်' ဆိုပြီး တေးသီချင်းစပ်ခဲ့ကြတယ်။ အဖေတို့အလုပ်က နိမိတ်နဲ့လည်း သက်ဆိုင်တယ်။ အဲဒါကြောင့် တောပိုင်တောင်ပိုင်းဘိုးဘိုးကြီးတွေဆီမှာ အနှောင့်အယှက်ကင်းဝေးပြီး သားကောင်များများရဖို့ ဆုတောင်းရတာပေါ့ကွာ"

"ဟင်-အဖေ့ဟာက တောကောင်များများရဖို့သာပြောတယ်၊ အဖေဆုတောင်းတော့ တောကောင်သေးသေးလေးများ စွန့်ကြပါဆို"

"ဟေ့ကောင် ဖိုးဆိုး၊ တောပိုင်တောင်ပိုင်များကိုပြောတဲ့အခါမှာ သားကောင်ကြီးကြီးပေးပါလို့မတောင်းရဘူး။ အဲဒီလိုတောင်းရင် လောဘကြီးတယ်ဆိုပြီး တောကောင်တွေမပေးတော့ဘူး"

"ဩော် - အဲဒီလိုလား။ မသိလို့ပါ အဖေရယ်"

"အိမ်း - ငါ့တူသုံးယောက်လည်း သတိထားရမယ်။ ငါကောင်းကောင်း အမဲလိုက်နိုင်တုန်းမှာ ငါ့ပညာတွေယူထားကြ"

"ဟုတ်ကဲ့ပါ ဦးလေး"

သူတို့မုဆိုးအုပ်စုမှာ ငါးယောက်အုပ်စု ဖြစ်လေသည်။ မုဆိုးအုပ်စု၏ခေါင်းဆောင်မှာ ဖိုးဆိုး၏ဖခင် ဦးသာမောင် ဖြစ်သည်။ ဦးသာမောင်သည် အသက် (၅၀) ခန့်ရှိပြီဖြစ်သော်လည်း သန်တုန်းမြန်တုန်း။ မုဆိုးအတွေ့အကြုံမှာ နှစ်ပေါင်း (၃၀) ကျော်ခန့်ရှိသည်။ ကျွမ်းကျင်သောမုဆိုးကြီးဖြစ်သလို အမဲလိုက်ခြင်းအတတ်ပညာတွင် သူများထက်ပိုပြီး စဉ်းစားဉာဏ်ရင့်သန်သူဖြစ်သည်။ ဦးသာမောင်နှင့် ဖိုးဆိုးကား အဖေမုဆိုး၊ သားမုဆိုးဖြစ်ပြီး ကျန်သုံးဦးမှာ တူတော်စပ်သူများဖြစ်သည့် နီတွတ်၊ ဆန်းဝင်းနှင့် ပုတက်တို့ ဖြစ်သည်။ သူတို့ငါးယောက်အဖွဲ့ တောလိုက်ခဲ့ကြသည်မှာ ငါးနှစ်ခန့်ရှိချေပြီ။ မုဆိုးကျော် ဦးသာမောင်၏ လမ်းညွှန်မှုအောက်တွင် အမဲလိုက်ခဲ့ရာ တောကောင်များများရရှိကာ စားဝတ်နေရေးဖူလုံခဲ့ကြသည်။

သူတို့မုဆိုးအုပ်စုမှာ မိုးရာသီမှလွဲ၍ ဆောင်းဥတုနှင့် နွေဥတုအချိန်အခါတွင် အမဲလိုက်ခဲ့ကြသည်။ ယခုလည်း ရိုးမတောကြီးအတွင်းသို့ရောက်ခဲ့ကြပြီ။

"ကိုင်း - တို့တစ်တွေ ဒီတောကြီးထဲမှာ အနည်းဆုံးသုံးရက်လောက်နေရမှာမို့ ပထမဦးဆုံးလင့်စင်ထိုးရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်နေရာမှာလင့်စင်ထီးရမလဲ"
"ဟောဟိုကသစ်ပင်မြင့်မြင့်ကြီးရဲ့
သစ်ခွဆုံပေါ်မှာလင့်စင်ထိုးရမယ်"
"အဖေ၊ ဒီသစ်ခွဆုံဆိုရင် သိပ်မြင့်
နေမယ်ဟား"



www.burmeseclassic.com

www.burmeseclassic.com

"မမြင့်ဘူး သား။ အနည်းဆုံး ကျားသစ်တို့၊ ကျားတို့ တစ်ခုန်စာလွတ်မှ အန္တရာယ်ကင်းတာ"

"ဩော် - အဲဒီလိုလား အဖေ"

"ဟုတ်တယ် သားရဲ့၊ ဒီလောက် အမြင့်မှအတော်ပဲ။ အပေါ်မှာလင့်စင် ထိုးဖို့သစ်ကိုင်းတွေသွားခုတ်ကြ"

"ဟုတ်ကဲ့ အဖေ"

ဖိုးဆိုးတို့အုပ်စုမှာ အနီးရှိသစ်ပင်များမှ သစ်ကိုင်းများခုတ်ယူကာ လင့်စင်ထိုးခဲ့ကြသည်။ လင့်စင်ပေါ် သို့တက်ရန် ဝါးလှေကားများလည်း အသင့်လုပ်ခဲ့သည်။ ညနေသုံးနာရီလောက်တွင် လင့်စင်ထိုးခြင်း ပြီးဆုံးသွားခဲ့သည်။

ညနေ (၄) နာရီခန့်တွင် ညနေစာ ထမင်းစားပြီးနောက် ညနေ (၆) နာရီတွင် လင့်စင်ပေါ် သို့ တက်ခဲ့ကြသည်။ ညနေမိုးချုပ်ချိန်အထိ ထိုနေရာသို့ မည်သည့် တောကောင်မျှ မလာချေ။ တဖြည်းဖြည်းမိုးချုပ်လာပြီဖြစ်၍ လင့်စင်ပေါ် သို့ ဝါးလှေကားကို ဆွဲတင်လိုက်သည်။

မုဆိုးခေါင်း ဦးသာမောင်က -

"တောကောင်တွေ ဒီနေ့မမြူးဘူး၊ တစ်ခုခုတော့တစ်ခုခုပဲ"

"ဟုတ်တယ်အဖေ။ တောကောင်မပြောနဲ့ ကျားဟိန်းသံတို့၊ ချေဟောက်သံတို့တောင်မကြားရဘူး"

"တောဆိတ်သားလည်း သူ့ရဲတောသံ ဆိတ်သားရှိတယ်ကွယ်။ အသံတိတ်လွန်းရင် အန္တရာယ်ရှိနိုင်တယ်။ ဒါပေမယ့် သားတို့ဘာမှစိတ်မပူပါနဲ့။ အဖေမအိပ်ဘဲ တစ်ညလုံးထိုင်စောင့်နေပါ့မယ်"

"အဖေရယ်၊ သားလည်း အဖေ့သားပါ။ သားကိုတာဝန်ပေးပါ"

"ကိုင်း - ဒါဆိုဒီညငါတို့သားအဖ ကင်းစောင့်ကြတာပေါ့"

ထိုအခါ နီတွတ်တို့သုံးယောက်ကလည်း -

"ဦးလေး အိပ်ပါ၊ ကျွန်တော်တို့ ဒီညကင်းစောင့်ပါ့မယ်"

ဟု ဆိုလိုက်သည်။

"နီတွတ်တို့၊ ဆန်းဝင်းတို့ရေ။ တို့က ဒီမှာသုံး၊ လေးရက်နေမှာဆိုတော့ ဒီညဦးလေးတို့အလှည့်၊ နောက်ညကျရင် မင်းတို့အလှည့်ပေါ့ကွာ"

"ကောင်းပါပြီ ဦးလေး"

ကောင်းကင်ယံ၌ လကလေးပြူထွက်လာခဲ့သည်။ ရှစ်ရက်လဖြစ်၍ ကောင်းကင်ပြင်၌ အလင်းဖျော့နေသည်။အမှောင်နှင့်အလင်းတို့ရောယှက်နေသဖြင့် မသဲမကွဲဖြစ်နေသည်။

ည (၉) နာရီကျော်ကျော်ခန့် ဖြစ်လာခဲ့ပြီ။ ဦးသာမောင်နှင့်ဖိုးဆိုးတို့နှစ်ဦးသာ မအိပ်ဘဲ ကင်းစောင့်နေခဲ့သည်။ ကျန်သုံးယောက်မှာမူကား ပိုးလိုးပက်လက်လန်ကာ အိပ်မောကျနေခဲ့သည်။

ဦးသာမောင်က ဖိုးဆိုးအား -

"သားမအိပ်နဲ့နော်၊ ဒီညတိတ်ဆိတ်နေပုံကတစ်မျိုးပဲ။ တစ်ခုခုထူးခြားလိမ့်မယ်"

"ဟုတ်တယ် အဖေ၊ သားမအိပ်ပါဘူး"

ထိုသို့ဖြင့် (၁၀) နာရီကျော်လာသောအခါ ဖိုးဆိုးသည် နေ့ခင်းက လင့်စင်ထိုးကာ အလုပ်များသည့်ဒဏ်ကြောင့် တဝါးဝါးသမ်းကာအိပ်ချင်လာခဲ့သည်။ သူ၏အဖေ ဦးသာမောင်ကတော့ သေနတ်ကို နံဘေးမှာထားရင်း ထိုင်စောင့်နေခဲ့သည်။

ည၌သန်းခေါင်ယံသို့တိုင်ခဲ့ပြီ။ ထိုအချိန်တွင် -

"အဟီး ဟီး ဟီး"

"အီး အီး အီး"

"အဟင်း ဟင်း ဟင်း"

ထိုသို့ ဆွဲဆွဲငင်ငင်ငိုညည်းသံများကို ခပ်ဝေးဝေးနေရာလောက်မှ စတင်ကြားခဲ့ရသည်။

"သားငိုသံတွေကြားနေရတယ်"

"ဟုတ်တယ် အဖေ၊ သားလည်း ကြားတယ်"

"ဒါဆို နီတွတ်တို့သုံးယောက်ကို နှိုးလိုက်စမ်း"

"ဟုတ်ကဲ့ အဖေ"

ဖိုးဆိုးလည်း နီတွတ်တို့သုံးဦးကို အသံအုပ်အုပ်ဖြင့်နှိုးလိုက်သည်။ မုဆိုးများပီပီ သူတို့သုံးဦးလည်း ချက်ချင်းနိုးလာခဲ့သည်။

"ငိုသံတွေကြားနေလို့ မင်းတို့ကို ငါနှိုးလိုက်တာ၊ မင်းတို့နားထောင်ကြည့်စမ်း"

ထိုစဉ် ငိုညည်းသံများမှာ တဖြည်းဖြည်းနှင့်ပိုပြီးနီးလာသကဲ့သို့ ပို၍ကျယ်လောင်လာခဲ့သည်။

"ဟုတ်တယ်၊ ငိုသံတွေကြားနေရတယ်။ ငိုသံတွေက တစ်ယောက်တည်း ငိုတာမဟုတ်ဘူး၊ အုပ်စုဖွဲ့ပြီးငိုနေသလိုပဲ"

ထိုသို့ပြောနေစဉ် ငိုညည်းသံများ တဖြည်းဖြည်းကျယ်လောင်လာသည်။

မကြာမီအချိန်တွင် တောစပ်မှ မည်းမည်းအကောင်များ တန်းစီကာ ထွက်လာနေသည်ကို အုံဩြစွာတွေ့လိုက်ရသည်။

"ဟော၊ဟော - တောစပ်မှာမည်းမည်းအကောင်တွေတန်းစီပြီးထွက်လာတယ်"

ဟု ဖိုးဆိုးကလေသံဖြင့်ပြောလိုက်သည်။

ထိုအခါ ဦးသာမောင်က -

"ငါတော့သိပ်ပြီးသဲသဲကွဲကွဲမမြင်ရဘူး။ အဲဒီအကောင်တွေက မျောက်တွေလား"

အသက်ကြီး၍ မျက်စိအဝေးမှုန်ဖြစ်နေသည့် ဦးသာမောင်က ပြောလိုက်သည်။

"ဦးလေး၊ အရွယ်အစားကတော့ မျောက်အရွယ်ပဲ။ ဒါပေမယ့် သူတို့သွားတာက ခုန်ဆွခုန်ဆွနဲ့သွားနေတော့ မျောက်လည်းမဖြစ်နိုင်ဘူး"

"ဒါဆိုရင် သေသေချာချာကြည့်စမ်း၊ ဘာကောင်တွေလဲလို့"

"ဟုတ်ကဲ့ အဖေ"

တဖြည်းဖြည်း တောစပ်မှဖိုးဆိုးတို့လင့်စင်ထိုးထားသည့်သစ်ပင်ကြီးအောက်သို့ရောက်ရှိလာသဖြင့် စောစောကထက်ပိုပြီး ထင်ရှားစွာမြင်တွေ့ရသည်။

ဖိုးဆိုးတို့ဝါးယောက်စလုံး ထိုမည်းမည်းကောင်လေးများကို သေချာစွာတွေ့လိုက်ရသည်။ သူတို့ပုံသဏ္ဌာန်မှာ လူအသေးစားကဲ့သို့ဖြစ်ပြီး ယောကျ်ားမိန်းမနှစ်မျိုးစလုံးပါရှိသည်။ သူတို့၏ အရပ်အမောင်းမှာ နှစ်ပေကျော်ခန့်ရှည်ပြီး ခြေထောက်တစ်ချောင်းသာပါသည့် အတွက် ခုန်ဆွခုန်ဆွသွားနေခြင်း ဖြစ်သည်။

တန်းစီကာ ငိုညည်းသွားသူများနောက်တွင် ထိုသတ္တဝါတစ်ဦးမှာ ပက်လက်အနေအထားဖြင့် ကျူးဖျာပေါ်တွင် လဲလျောင်းနေပြီး ကျူးဖျာ၏တစ်ဖက်တစ်ချက်တွင် အခြားသတ္တဝါလေးကောင်မှထမ်းလာသည်။

၎င်းသတ္တဝါအုပ်စုသည် သစ်ပင်ကြီးအောက်မှဖြတ်ပြီး တောင်ကုန်းနိမ့်သစ်ပင်ချုံပုတ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ၎င်းတို့ကိုမြင်နေသည့်အချိန်မှာ ငါးမိနစ်ခန့်သာကြာမြောထင်သည်။ မကြာမီ ငိုညည်းသံလည်း ပျောက်ကွယ်သွားခဲ့သည်။

၎င်းတို့ ပျောက်ကွယ်သွားပြီး တစ်အောင့်အကြာတွင် နီတွတ်မှ

"ဦးလေး၊ အဲဒါဘာကောင်တွေတုံး"

www.burmeseclassic.com

"ငါလည်း ဒီရိုးမတောကြီးထဲမှာ အဲလိုက်လာတာ နှစ်ပေါင်းသုံးဆယ် ကျော်ပြီ။ ဒီလိုလူနဲ့တူတဲ့သတ္တဝါမျိုး တစ်ခါမှမတွေ့ဖူးဘူး"

"ဦးလေး၊ ဒါဆိုတောခြောက်တာ သားမသိဘူး"

"တောခြောက်တာအမြီးမြီးနဲ့လည်း တွေ့ဖူးပါတယ်၊ ဒီလိုအကောင်သေးတွေ မဟုတ်ဘူး။ သရဲသဘက်တို့ဆိုတာ နည်းတဲ့အကောင်ကြီးတွေမှ မဟုတ်တာ"

"ဒီတစ်ခါတော့ အကောင်သေး သေးတွေနဲ့ တောခြောက်တာဖြစ်မယ်နဲ့ တူတယ် အဖေ။ သူတို့ကိုကြည့်ရတာ သူ့အထဲက တစ်ကောင်သေလို့ မသာချဲ့မြင်ကွင်းမျိုးပဲ။ ကျန်တဲ့သူတွေက အသုဘမှာငိုညည်းနေသလိုပဲ"

"အိမ်း - ဖိုးဆိုးပြောတာဖြစ်နိုင်တယ်။ ငါလည်း သူတို့ကို မသာချဲ့တဲ့ခံစားမှုမြင်တယ်"

"ဒါဆိုဒီအကောင်တွေကတကယ် ခြောလား။ ကျွန်တော်တို့ကိုလန့်အောင် ခြောက်လှန့်တဲ့ ကျတ်တွေလားမသိဘူး"

"အိမ်း- အခုအချိန်က ညကြီးမင်းကြီးဆိုတော့ ဒီအကြောင်းကိုဆက်မပြောနဲ့တော့၊ မနက်ကျမှ လိုက်ကြည့်မယ်။ တိုင်း - မင်းတို့အိပ်ကြ၊ ငါတို့ဆက်ပြီး ဘင်းစောင့်မယ်"

"ဟုတ်ကဲ့ ဦးလေး"

နီတွတ်တို့သုံးယောက် လင့်စင်ပေါ်၌ အိပ်လိုက်ကြသည်။ ဦးသာမောင်တို့သားအဖကား သည်နေ့ည်အတွက် ဘင်းစောင့်လျက်။

အရုဏ်ကျင်း၍နံနက်မိုးသောက် အလင်းသို့ရောက်ခဲ့ပြီ။

သူတို့အုပ်စုသည် လင့်စင်ပေါ်မှ ဆင်းကာ မီးဖိုပြီးထမင်းချက်ခဲ့ကြသည်။ ပါလာသည့်ဆတ်သားခြောက်ကို မီးဖုတ်ပြီး ဆီဆမ်းကာ နံနက်စာထမင်းစားခဲ့ကြသည်။

ထမင်းစားရင် ပုတက်က -

"ဦးလေး၊ ဦးလေး ညကတွေ့ခဲ့တဲ့ အကောင်တွေ လျှောက်ရှာကြည့်ရင် မကောင်းဘူးလား"

ဟု မေးလိုက်သည်။

ထို့အခါ ဦးသာမောင်က -

"မင်းရှာရင်ရှာကြည့်ပေါ့။ ငါက တော့ တွေ့မယ်လို့မထင်ဘူး"

"ဦးလေး၊ ကျွန်တော်တို့ညကတွေ့တဲ့အကောင်တွေက ဒီတောကြီးထဲမှာ တကယ်ရှိတဲ့အကောင်တွေလား ဒါမှမဟုတ် တစ္ဆေသရဲတွေလား"

"အဲဒါတော့ ဦးလေးလည်းအတပ် မပြောနိုင်ဘူး။ ကဲ - အဲဒါတွေပြောနေလို့ ငါတို့အမဲရမှာမဟုတ်ဘူး။ နီတွတ်နဲ့ပုတက်နဲ့က ဟိုတောင်ဘက်ကတောင်ကုန်းမှာသွားပြီး ထောင်ချောက်ငါးခုလောက်ထောင်ချေ။ ဖိုးဆိုးနဲ့ ဆန်းဝင်းက မြောက်ဘက်တောအုပ်ထဲမှာ ထောင်ချောက်ငါးခုထောင်ချေ။ ငါကတော့ ဟိုဘက်စမ်းချောင်းမှာ တောဝက်ရေဆင်းအသောက် မောင်းဖြုတ်လိုက်မယ်"

"ဟုတ်ကဲ့ပါ အဖေ"

အားလုံးကိုယ်စီကိုယ်စီတာဝန်ယူကာ တောင်ဘက်တစ်ဖွဲ့၊ မြောက်ဘက်တစ်ဖွဲ့၊ စမ်းချောင်းဘက် တစ်ယောက်သွားခဲ့ကြသည်။ ဖိုးဆိုးတို့အုပ်စုနှစ်စုမှာ ထောင်ချောက်များထောင်ပြီးနောက် ဦးသာမောင်ရှိရာစမ်းချောင်းဆီသို့လိုက်လာခဲ့သည်။

ညနေစောင်းအချိန်လောက်ကျမှ တောင်ပေါ်မှ တောဝက်တစ်အုပ် စမ်းချောင်းရှိရာသို့ ဆင်းလာခဲ့ကြသည်။ ဦးသာမောင်မှာ အားလုံးအား တိတ်တိတ်နေရန် အချက်ပြပြီး တောဝက်တစ်ကောင်အား သေချာစွာချိန်ဗစ်လိုက်ရာ-

"ဒိုင်း"

"ဗုန်း"

ပြင်းထန်သော ကျည်ပြင်းအား ကြောင့် တောဝက်မှာ နေရာတွင်ပုန်းခနဲ ကျသွားခဲ့သည်။ ကျန်တောဝက်များမှာ ကစဉ့်ကရဲခြေဦးတည့်ရာသို့ပြေးသွားခဲ့ကြသည်။ ဦးသာမောင်ပစ်လိုက်သော ကျည်ဆန်မှာ လက်ဖျံမှနှလုံးသို့ဖောက်ထွက်သွားသဖြင့် ထိုနေရာတွင် ခဏမျှ အကြောဆွဲပြီးသေသွားခဲ့သည်။

"ဦးလေးက အရမ်းလက်ဖြောင့်တာပဲ"

"မင်းတို့ကလည်း အချင်းချင်း မြှောက်နေပြန်ပြီ။ ကဲ၊ ကဲ - အဲဒီဝက်ကို ပေါ်ပြီး အူ၊ အသည်းတွေကို ဒီနေ့ည ပြုတ်စားရမယ်"

ဝမ်းတွင်းဆားများကို ခွဲထုတ်ထားမှ မပုပ်သိုးဘဲရှိချေသည်။ သူတို့အုပ်စုသည် တောဝက်ပေါ်ပြီး ချက်ပြုတ်နေရသည့်အတွက် အချိန်ကုန်မှန်းမသိကုန်လွန်ကာ ညနေစောင်းအချိန်သို့ရောက်ရှိခဲ့သည်။

ဤတွင် ဦးသာမောင်က ဖိုးဆိုးတို့အုပ်စုအား -

"ညနေတောင်အတော်စောင်းသွားပြီ။ မင်းတို့ထောင်ထားတဲ့ထောင်ချောက်တွေကို သွားကြည့်ကြရအောင်။ ထောင်ချောက်မှာပဲတဲ့အကောင်တွေသူတစ်ပါး မမိသေးရင် ဆက်ထောင်ထား"

"ဟုတ်ကဲ့ ဦးလေး"

ဖိုးဆိုးနှင့် ဆန်းဝင်းတို့အဖွဲ့က မြောက်ဘက်တောအုပ်အတွင်းသို့သွားခဲ့သည်။ နီတွတ်နှင့် ပုတက်တို့အဖွဲ့က တောင်ဘက်တောင်ကုန်းဘက်သို့သွားခဲ့၏။ ဖိုးဆိုးတို့အုပ်စုတို့ ထောင်ချောက်ငါးခုဆင်ထားရာ လေးခုစလုံးတွင် မည်သည့်သားကောင်မျှမမိချေ။ နောက်ဆုံး ထောင်ချောက်မှာ လိုက်ခေါင်းကြီးတစ်ခုအနီး၌ ထောင်ချောက်ဆင်ထားသဖြင့် ထိုနေရာသို့ရောက်အောင်အတော်သွားရသည်။

ဤတွင် ဆန်းဝင်းက -

"ဖိုးဆိုးရေ၊ နောက်ဆုံး ထောင်ချောက်မှာသာ ဘာမှမရရင်တော့ ငါတို့လာရကျိုးနပ်မှာမဟုတ်ဘူး"

"အေးကွာ၊ နောက်ဆုံးထောင်ချောက်မှာ သမင်ဖြစ်ဖြစ်၊ ချေဖြစ်ဖြစ်ရရင်ကောင်းမယ်"

"အေးကွာ၊ အဲဒီအကောင်ကြီးတွေသာရရင် မနက်ဖြန်ရွာပြန်မယ်"

ငှင်းတို့နှစ်ဦး စကားတပြောပြောနှင့် ကျောက်လိုက်ဂူနားရှိ နောက်ဆုံးထောင်ချောက်ဆီသို့ လျှောက်လှမ်းလာခဲ့ကြသည်။

နောက်ဆုံး ထောင်ချောက်အနီးသို့အရောက်တွင် ဆန်းဝင်းမှ -

"ဖိုးဆိုးရေ ဒီထောင်ချောက်မှာ အကောင်တစ်ကောင်မိနေတယ်"

"ဟာ-ဟုတ်ပါရဲ့၊ ငါတို့တော့်ကံကောင်းတာပဲ"

"ဘာကောင်လဲမသိဘူး၊ အနားသွားကြည့်မှပဲ"

ပြောပြောဆိုဆို နှစ်ယောက်သား အနားသို့ကပ်ကြည့်လိုက်ရာ-

"ဟာ - မျောက်လားမသိဘူး"

ထောင်ချောက်ထဲရောက်နေသည့် သတ္တဝါကို သေချာစွာကြည့်လိုက်သော အခါ အရပ်နှစ်ပေလောက်ရှိ ဆံပင်ဖားလျားချထားသည့် မိန်းမငယ်ကလေးတစ်ယောက်ဖြစ်နေသည်။

"ဆန်းဝင်းရေ၊ လုံပေါက်စလေး"

"ဟာ - ခြေထောက်တစ်ချောင်းတည်း"

"ငါသိပြီ။ မနေ့ညကငှဲချင်းရွာသို့ လာတဲ့အကောင်တွေထဲက တစ်ကောင်ဖြစ်မယ်"

"ဖြစ်နိုင်တယ်၊ ဒီကောင်တို့



www.burmeseclassic.com

www.burmeseclassic.com

ထောင်ချောက်ကထုတ်ပြီး မင်းအဖေကို ပြကြည့်မှပဲ"

"အေး - အဲဒါကောင်းတယ်"

ဖိုးဆိုးက ထောင်ချောက်မထုတ်ယူပြီး ထိုသတ္တဝါအား ကြိုးဖြင့်အထပ်ထပ်ချည်နှောင်ကာ လင့်စင်ထိုးထားသည့်နေရာသို့ ယူဆောင်လာခဲ့သည်။

"အဖေ၊ သားတို့ထောင်ထားတဲ့ ထောင်ချောက်မှာ အဲဒီအကောင်မိနေလို့ သားခေါ်လာခဲ့တာ"

"ဟ-ဘာကောင်လဲကွ၊ မှန်းစမ်း"

ဖိုးဆိုးအဖေက ထိုသတ္တဝါကို သေချာစွာကြည့်လိုက်သည်။ ကျွန်အဖွဲ့သားများကလည်း ထူးဆန်းသောသတ္တဝါကို ဝိုင်းအုံပြီးကြည့်ကြသည်။ ထိုသတ္တဝါသည် သွားအနည်းခေါ်နေသောအမျိုးသမီးတစ်ယောက်၏ မျက်နှာမျိုးရှိပြီး မျောက်ကဲ့သို့ အမွေးအမှင်များရှိသည်။ လူအမျိုးသမီးကဲ့သို့ ပြည့်ဖြိုးမို့မောက်နေသည့်ရင်သားနှစ်ခုရှိသည်။ သူ့ကို မုဆိုးအုပ်စုကဝိုင်းကြည့်သောအခါ သူမျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ထားသည်။ သူ့ခန္ဓာကိုယ်အောက်ပိုင်း အလယ်တည့်တည့်တွင် တစ်ချောင်းတည်းသောခြေထောက်ရှိသည်။ မုဆိုးကြီး ဦးသာမောင်သည် ထိုသတ္တဝါကို သေချာစွာကြည့်ပြီး -

"အိမ်း-ရှေးဘိုးဘွားများစကားပုံတစ်ခုထားရစ်ခဲ့တယ်။ အဲဒါက 'ငေါင်းခြေတစ်ချောင်း မစားကောင်း' တဲ့။ လူမျက်နှာနဲ့တူပြီး ခြေထောက်တစ်ချောင်းပဲရှိတဲ့သတ္တဝါဟာ ငေါင်းဆိုတဲ့သတ္တဝါပဲတဲ့။ အခုလည်း ဒီသတ္တဝါဟာ ငေါင်းမဖြစ်ဖို့များတယ်"

"အဖေ၊ မနေ့ညကငို့ချင်းရှည်ငိုပြီး တောထဲကထွက်လာတာ ဒီငေါင်းသတ္တဝါအုပ်စုပဲဖြစ်မယ်"

"ငါသားပြောတာမှန်တယ်။ ငေါင်းတွေဟာ ကျောက်တောင်ကြားတွေ ကျောက်လိုဏ်ဂူတွေထဲမှာ အုပ်စုဖွဲ့နေတတ်တယ်။ ငေါင်းတစ်ကောင်သေရင် အဲဒီအသေကောင်ကို လိုဏ်ဂူထဲမှာ မထားဘဲ တောင်ကြားတို့၊ လျှိုမြောင်တို့မှာ သွားလွှင့်ပစ်တတ်တယ်တဲ့။ မနေ့ညက ငေါင်းမသာချတာဖြစ်မယ်"

"အဖေရယ်၊ သားတို့ တွေ့မှဖြင့် ကြဲကြဲဖန်ဖန်တွေ့ချည်းပဲ"

"ဒီလိုပေါ့ကွာ၊ သူတို့လည်း ဒီတောကြီးထဲမှာနေတာပဲ၊ ငါတို့ကလည်း ဒီတောကြီးထဲသားကောင်လာရှာတာပဲ ဆိုတော့ တစ်နေ့မတွေ့ တစ်နေ့တွေ့ကြ တာပေါ့ကွာ"

"ဒါနဲ့အဖေ ဒီငေါင်းမကို ဘယ်မှာထားမလဲ"

"လင့်စင်ရဲ့ဟိုဘက်နားက သစ်ပင်သေးသေးမှာ ကြိုးတုပ်ထားလိုက်၊ သူ့ကို ဘယ်လိုလုပ်မယ်ဆိုတာ နောက်မှစဉ်းစားမယ်"

မုဆိုးကြီးဦးသာမောင်၏ညွှန်ကြားချက်အတိုင်း လင့်စင်မှလှမ်းမြင်ရသည့် သစ်ပင်ကလေးတွင် ငေါင်းမကို ကြိုးချည်ထားလိုက်သည်။

ထိုနေ့ညက တောဝက်သားကလီစာပြုတ်ဖြင့် စားသောက်ပြီးနောက် ငေါင်းမ၏အနီးတွင် မီးပုံတစ်ပုံဖိုထားလိုက်သည်။ ည (၉) နာရီခန့်တွင် သူတို့အားလုံး လင့်စင်ပေါ် သို့တက်ကာ ကင်းစောင့်သူမှအပ ကျန်လူများက အိပ်စက်ခဲ့ကြသည်။

ည၌သန်းခေါင်ယံအချိန်တွင်-

"အီး အီး အီး"

"အဟီး အဟီး အဟီး"

တောစပ်မှ ထိုအသံများကြားရသဖြင့် ကင်းစောင့်သူ ပုတက်က ဦးသာမောင်ကို ပုတ်နိုးကာ -

"ဦးလေး၊ ဦးလေး ဟိုကောင်တွေ အသံပေးနေပြီ"

ဟု ပြောလိုက်သည်။

"အေး- ဟိုမှာ ငေါင်းမကိုဖမ်းထားတော့ လာကယ်တာနဲ့တူတယ်"

ဦးသာမောင်ပြောသည့်အတိုင်းပင် မကြာမီ တောစပ်မှ ငေါင်းသတ္တဝါအုပ်စုထွက်လာပြီး ငေါင်းမဖမ်းထားရာသစ်ပင်ဆီသို့ သွားနေကြသည်။

"အဖေ၊ ငေါင်းတွေ ငေါင်းမကို သွားကယ်မလို့နဲ့တူတယ်"

"အေး - ဖြစ်နိုင်တယ်၊ သူတို့ကို သေနတ်သံပေးပြီး ခြောက်လှန့်လိုက်မယ်"

မုဆိုးကြီးဦးသာမောင် သေနတ်ပြောင်းကို အပေါ်သို့ထောင်ကာ ခလုတ်ဆွဲလိုက်ရာ -

"ဒိုင်း"

ဟူသောအသံကြီးဟိန်းထွက်လာသည်။

သေနတ်သံကြောင့် ငေါင်းသတ္တဝါများမှာ တောစပ်အတွင်းပြေးဝင်ကာ ပျောက်ကွယ်သွားကြသည်။

"သားရေ၊ သူတို့ငေါင်းမကိုဖမ်းထားတယ်ဆိုပြီး လာကယ်ကြတာနဲ့တူတယ်။ သူတို့ ဒီညမှာထပ်လာဦးမှာပဲ။ ဒီတော့ ငေါင်းမကိုလင့်စင်ပေါ် တင်ထားမှဖြစ်မယ်။ လာ - မင်းလိုက်ခဲ့"

မုဆိုးကြီး ဦးသာမောင်က ဤသို့ပြောသဖြင့် ဖိုးဆိုးလည်း ဖခင်ကြီးနှင့်အတူ လင့်စင်ပေါ်မှဆင်းကာ ငေါင်းမဆီကိုလာခဲ့ကြသည်။ ငေါင်းမအနီးသို့ ရောက်ချိန်တွင် သူမအနီးရှိ မီးပုံမှ မီးအလင်းရောင်ကြောင့် သူမကိုကောင်းစွာမြင်ရသည်။

သူမ၏မျက်နှာပြင်တွင် မျက်ရည်များစီးကျနေသည်။ ထို့အပြင် သူမ၏ရင်သားအစုံမှနို့ရည်များစီးကျနေသည်။

"သားရေ၊ ဒီငေါင်းမကြည့်ရတာ ကလေးရှိပုံရတယ်"

"သားလည်းအဖေ့လိုပဲထင်တယ်။ သူ့ကိုလာကယ်တဲ့အထဲမှာသူ့ယောကျ်ားပါနေတယ်နဲ့တူတယ်"

"ဖြစ်နိုင်တယ် ငါ့သား။ အဖေတာ ဒီငေါင်းမကို ရွာယူသွားပြီး ရွာသားတွေကိုပြမလို့၊ အခုတော့ ကလေးလည်းရှိတယ်၊ ယောကျ်ားလည်းရှိတယ်ဆိုတော့ သူများရဲ့မိသားစုကို ဖျက်ဆီးသလိုဖြစ်နေပြီ"

"ဒါဆို ဘယ်လိုလုပ်မလဲ အဖေ"

"အဖေတော့ ငရဲအကြီးမခံတော့ဘူး။ ဒီငေါင်းမလေးကိုလွှတ်ပေးလိုက်တော့မယ်"

"ကောင်းပါတယ် အဖေ"

"ကဲ၊ ကဲ - မင်းပဲကြိုးဖြေပြီးလွှတ်ပေးလိုက်ပါကွာ"

"ဟုတ်ကဲ့ပါ အဖေ"

ဖိုးဆိုးလည်း ငေါင်းမဆီသို့သွားကာ ကြိုးများကို ဓားဖြင့်ပြတ်တောက်ပြီး လွှတ်ပေးလိုက်သည်။ ကြိုးအားလုံးသွားသည့်တိုင် ထွက်မပြေးဘဲ ဖိုးဆိုးအနီးသို့လာပြီး မြေပြင်တွင်မှောက်ချလိုက်ကာ မြေကြီးနှင့်သူမ၏ဦးခေါင်းကို သုံးကြိမ်မျှတိုက်လိုက်သည်။

"သြော် - သူ့ကိုလွှတ်ပေးလိုက်တာ သူဟာ ငါ့ကိုကျေးဇူးတင်ကြောင်း အမူအသေပြုတာနဲ့တူတယ်"

ဤသို့ စဉ်းစားနေစဉ် ငေါင်းမသည် ဖိုးဆိုးအနီးမှ လျင်မြန်သောအဟုန်ဖြင့်ထွက်ပြေးသွားခဲ့သည်။

"သြော် - ငေါင်းမလေးတော့ တောစပ်ထဲကိုထွက်ပြေးသွားပြီ"

ဤသို့တွေးတောကာ သူမပြေးသွားသည့်တောစပ်သို့လှမ်းကြည့်လိုက်ရာ တောစပ်မှငေါင်းကလေးငယ်တစ်ဦးကိုချီပြီး ထွက်လာသည်ကိုတွေ့လေးတို့ ဖိုးဆိုးနှင့်တကွ မုဆိုးအဖွဲ့အားလုံး မြင်တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဇေအောင်သိန်းဝင်း (ပွင့်ပြု)

# မြေအနှစ်ရာယ်သတိပြုဖွယ်

သတိဟူသည် ပိုသည်မရှိ လိုသည်မရှိသည်။

အမြဲသတိရှိနေရမည်။ သတိထားနေထိုင်ရမည်။

နေသတိ၊ စားသတိ၊ သွားသတိရှိရမည်။

မြွေပွေး၊ မြွေဟောက် ထိမှပေါက်သော်လည်း မတို့မထိသော်လည်း ကိုက်တတ်သည့်သဘောတော့ရှိသည်။

အနာမသိဆေးမရှိတဲ့။ အနာသိသော်လည်း ဆေးမရှိ၊ ဆေးမသိ၊ ဆေးမီတဲ့ ကုစားမရသည်များလည်းရှိသည်။ ဦးသူများကို 'အဖို့ပါ' ဟု ပြောတတ်ကြသည်။

ကျေးလက်နေ တောသူတောင်းများသည် နှမ်းရိတ်၊ စပါးရိတ်၊ မြက်ခိုတ်၊ ထင်းခုတ်၊ သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်၊ ပဲစဉ်းငုံခွါတ်ရင်း မြွေပွေး၊ မြွေဟောက်၊ ငန်းကိုက်ခြင်း မကြာခဏကြုံတတ်သည်။ တချို့သေဆုံးကြသည်။

**ဆောင်း (၃) စောင်း**

ငန်းစောင်း (ငန်းမြွေ) ကိုကိုသော်ဆောင်း (၂) စောင်းနှင့် ညီညွတ်လျှင် သေတတ်သည်ဟု ဆိုသည်။

လူက သျှောင်တစောင်း၊
မြွေက ငန်းစောင်း၊
ကိုက်သည့်အချိန်ကညနေစောင်းဆိုသော် စောင်း (၃) စောင်းနှင့်ညီ၏။ ထိုသို့သော အကြောင်း (၃) ပါး ညီညွတ်တိုက်ဆိုင်လျှင် သေတတ်သည်ဟု ဆိုသည်။ ငန်းမြွေကိုက်လျှင် ငန်းဆေးပြန်သာသွားနိုင်ပြီးသေတတ်ကြောင်း ကြားဖူးသည်။ ယခုခေတ်၌ သျှောင်ထုံးထားတတ်သူများ မရှိသလောက် ရှားပါးပြီ။

**လင်းမြွေ**

လင်းမြွေ၌ အဆိပ်မရှိပါ။ လင်းမြွေကိုက်က မသေနိုင်။

အမျိုးသမီးများကို ခေါင်းထောင်ခြောက်တတ်သည်။

(ပါးပျဉ်းထောင်ခြင်းမဟုတ်။) ထိုကြောင့် လင်းမြွေခြောက်ခြောက်သည်ဆိုရ၏။ သို့သော် ဝေလီဝေလင်း လင်းအားကြိုးခိုန်ကိုက်က သေတတ်သည်ဟုဆိုသည်။ နွားများနှင့် ဓာတ်မတည့်တတ်။ လင်းမြွေအကိုက်မခံရဘဲ နွားအောက်ကဖြတ်သွားရုံနှင့်သေတတ်ကြောင်းကြုံဖူးသည်။

**ထွက်မြွေ၊ ဝင်မြွေကိုက်ခြင်း**

ထွက်မြွေဆိုသည်မှာ ကျင်းအောင်းရာမှထွက်လာသော မြွေကို ခေါ်သည်။ ထွက်လာခါစ၌ ဝမ်းဗိုက်ထဲတွင် ဘာအစာမှမရှိ။ ထိုအချိန်၌ လူ၊ နွားတို့က တက်နင်းမိ၍ဖြစ်စေ၊ ခေတ္တတိုက်၍ဖြစ်စေ ထိခိုက်မိက စိတ်ဆိုးမာန်ဆိုးနှင့် ကိုက်တတ်သည်။ ထိုအခါမျိုး၌ အဆိပ်အကုန်ဝင်သည်။ မျက်လုံးထဲက မီးဝင်းဝင်းတောက်သလို ခံစားရမှုမျိုးသည် ထိုအချိန်ကာလမျိုးဖြစ်နိုင်သည်။

ဝင်မြွေဆိုသည်မှာ အစာရှာရာမှ အပြန်တွင် ဝမ်းဗိုက်ထဲ၌ ဖား၊ ကြွက်၊ မြွေမျိုထားပြီး၍ သူ့အဆိပ်အိတ်ထဲတွင် ရှိသောအဆိပ်များ အစာနှင့်ရောမွှေပါသွားသဖြင့် အဆိပ်မပြင်းထန်တော့။ မလွဲမရှောင်သာ၍ ကိုက်ခဲသော်လည်း အဆိပ်အင်အားလျော့သွားသည်။

**မြွေဆိုးအန္တရာယ်မှကာကွယ်ရန်**

၁။ ယာခင်း၊ လယ်ခင်းသွားလျှင် ရော်ဘာဖိနပ် (တောစီးလည်ရှည်ဖိနပ်)ကို စီးသွားပါ။

၂။ ညဉ့်အခါ ခရီးသွားလျှင် ဓာတ်မီး၊ မီးအိမ်၊ မီးအုပ်ဆောင်းယူဆောင်ပါ။

၃။ တောင်ဝှေး၊ တုတ်ထောက်၍ အသံပေးသွားလာပါ။

၄။ တောချုံနွယ်၊ မြက်ဖုတ်၊ အမှိုက်ပုံတို့ကို တုတ်ရှည်ရှည်ဖြင့်ဖွပြီးမှကိုင်တွယ်ပါ။

၅။ မြွေများ အရွေ့လိုက် (မိတ်လိုက်) နေ့စဉ် မြွေမသတ်ပါနှင့်။
ဘေးက အခြားမြွေများ ရောက်လာတတ်သည်။ သတိပြုပါ။

၆။ မြွေများဦးဆောင်ရာ ကျင်းလိုက်ခေါင်း၊ တောင်ပို့၊ အမှိုက်ပုံ၊ တောချုံတို့ကို သတိထား ချဉ်းကပ်ပါ။

၇။ တောဆေး၊ တောဝါး၊ သစ်မြစ်၊ သစ်ဥ၊ သစ်ဖုများကို မြွေဆိပ်သက်သာခွင့်ရရန်သာ အသုံးပြုပါ။ ဆေးရုံး ဆေးခန်းသွားပြီး မြွေဆိပ်ဖြေဆေးကို အချိန်မီထိုးနှံပါ။ ဆေးကုသမှုကို မဖြစ်မနေ ခံယူပါ။

ဇေအောင်သိန်းဝင်း (ပွင့်ပြု)

---

ငေါင်းမလေးသည် မုဆိုးအုပ်စုအား သူမ၏ကလေးငယ်ကလေးကို သုံးကြိမ်မျှအပေါ် သို့ ထောင်ပြလိုက်သည်။

ထိုအခါ မုဆိုးကြီး ဦးသာမောင်က -

"သားရေ၊ ငေါင်းမလေးက သူမှာကလေးရှိကြောင်း အဖေတို့ကိုလာပြတာပဲ"

"ဟုတ်ပါတယ် အဖေ၊ သူလည်း သူ့မိသားစုနဲ့ မကွဲမကွာအတူနေရလို့ သားတို့ကို ကျေးဇူးတင်မှာပါ"

ထိုသို့ပြောနေချိန်တွင် ငေါင်းမလေးသည် သူ၏ကလေးကိုချီကာ တောစပ်အတွင်းသို့ ဝင်ရောက်ထွက်ပြေးသွားခဲ့သည်။

သားအဖနှစ်ယောက်ကြည်နူးသောစိတ်ဖြင့် လှည့်စင်ပေါ် သို့ ပြန်တက်လာခဲ့ကြသည်။

ထိုအခါ နီတွတ်တို့အုပ်စုက -

"ဦးလေး၊ ငေါင်းမလေးကိုဘာဖြစ်လို့ပြန်လွှတ်တာလဲ"

ဟု ဝိုင်းမေးခဲ့ကြသည်။

"သားသည်အမေဖြစ်နေတဲ့ငေါင်းမလေးဟာ သူ့မိသားစုအသိုင်းအဝိုင်းမှာပဲ ပြန်နေပါစေတော့။ ငါတို့ဟာ မုဆိုးဖြစ်လို့ သူများရဲ့အသက်တွေကိုသတ်ပြီး အကုသိုလ်ဖြစ်နေပေမယ့် ဒီကနေ့တော့ ငေါင်းမလေးတို့မိသားစုဟာ ချွင်ရွှင်စွာနေနိုင်အောင် ကောင်းမှုတစ်ခုကိုပြုပေးခဲ့တာပေါ့ကွာ"

(မုဆိုးကျော် ဦးဖိုးထော်၏ကိုယ်တွေ့ဖြစ်ရပ်မှန်)



www.burmeseclassic.com

www.burmeseclassic.com

အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး စသောနတ်တို့အား ပူဇော်ပသခြင်းကို ဒေဝတာဗလိဟု ခေါ်သည်။ ဒေဝတာဗလိသည် ယခုခေတ်မှပင်မဟုတ်ချေ။ ရှေးကမ္ဘာဦးခေတ် မဟာသမ္မတမင်းလက်ထက်မှ စတင်ခဲ့သည်ဟု ဆိုသည်။ ဒေဝတာဗလိဆိုသော်လည်း ဒေဝတာဗလိတစ်မျိုးတည်းမဟုတ်ချေ။ ဗလိအမျိုးမျိုးရှိသည်။ ဗလိ၏အဓိပ္ပာယ်မှာ ဆွမ်းဥာတိစသည်တို့အား တစ်စုံတစ်ခုသော ဝတ္ထုပစ္စည်းဖြင့်ဖြစ်စေ၊ စားဖွယ်သောက်ဖွယ်တို့ဖြင့်ဖြစ်စေ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ချီးမြှောက်ထောက်ပံ့ခြင်း၊ ကျွေးမွေးခြင်း၊ ပူဇော်ပသခြင်း၊ မိမိပြုသော ကုသိုလ်အဖို့အား အမျှပေးဝေခြင်း၊ ရှိသေမြတ်နိုးခြင်းတို့ကို ဗလိဟု ခေါ်သည်။ ဗလိတွင်လည်း ငါးမျိုးရှိသည်။

(၁) **ဥာတဗလိ**- ဆွေမျိုးဥာတိတို့အား ပေးကမ်းလှူဒါန်းခြင်း၊ ချီးမြှောက်ထောက်ပံ့ခြင်းကို ဥာတိဗလိဟု ခေါ်သည်။

(၂) **အတိထိဗလိ**-မိမိထံရောက်လာသောဧည့်သည်အာဂန္တုတို့အား လှူဒါန်းပေးကမ်းခြင်း၊ ချီးမြှောက်ထောက်ပံ့ခြင်း၊ ကျွေးမွေးပြုစုခြင်းကို အတိထိဗလိဟု ခေါ်သည်။

(၃) **ပုဗ္ဗပေတဗလိ** - သေလွန်ပြီးသောသူတို့အား ရည်မှတ်၍ ကုသိုလ်ကောင်းမှုပြုပြီးလျှင် ကုသိုလ်ကောင်းအဖို့ကို အမျှပေးဝေခြင်းအား ပုဗ္ဗပေတဗလိဟု ခေါ်သည်။

(၄) **ရာဇဗလိ**-အစိုးရမင်းတို့အား သတ်မှတ်ပြဋ္ဌာန်းထားသော၊ တောင်းထားသော အခွန်တော်များ ပေးဆောင်ရခြင်းသည် ရာဇဗလိဟု ခေါ်သည်။

# တတ်ပုံ-မောင်မောင်အေး

## ရုက္ခစိုးကြီးကောင်မ၌ သေဘေးမှလွတ်ခဲ့ရသူလေး

www.burmeseclassic.com

www.burmeseclassic.com

(၅) **ဒေဝတာဗလိ** ဟူသည် အစောင့်အရှောက်နတ်၊ မိရိုးဖလာနတ်၊ သမာဒေဝနတ် စသည်တို့အား ရှိသေမြတ်နိုးခြင်း၊ ပူဇော်ပသခြင်း၊ မိမိတို့ပြုသောကုသိုလ်ကောင်းမှုအဖို့ကို အမျှပေးဝေခြင်းတို့သည် ဒေဝတာဗလိ ဟူ၍ သိငါးမျိုး ဖြစ်သည်။

ဒေဝတာဗလိ၌ (က) ဓမ္မိကဗလိ၊ (ခ) အဓမ္မိကဗလိ ဟူ၍ နှစ်မျိုးရှိသည်။ သက်ရှိသတ္တဝါတို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်းမပြုဘဲ ထမင်း၊ အဖျော်၊ မုန့်၊ သစ်သီး၊ ယို၊ သကာ၊ ထောပတ်၊ ထီး၊ ဘဲခွန်၊ ကုတ္တား၊ မုလေးပွား၊ ပန်းနံ့သာ၊ နံ့သာတို့ဖြင့် သက်သတ်လွတ်ပူဇော်ပသခြင်းသည် ဓမ္မိကဗလိဖြစ်၏။

သက်ရှိသတ္တဝါတို့အား ညှဉ်းဆဲသတ်ဖြတ်၍ အသွေး၊ အသားတို့ဖြင့် ပူဇော်ပသခြင်းသည် အဓမ္မိကဗလိဖြစ်၏။

အဓမ္မိကဗလိကို တရားတော်နှင့် မညီညွတ်၍ မြတ်စွာဘုရားရှင် တားမြစ်တော်မူသည်။ ပညာရှိ သူတော်ကောင်းတို့ ပူဇော်ပသလေ့မရှိ။

ဓမ္မိကဗလိကိုကား တရားတော်နှင့် ညီညွတ်သည့်အတွက် ဘုရားရှင် တားမြစ်တော်မမူ။ ပညာရှိ သူတော်ကောင်းတို့ ပူဇော်ပသလေ့ရှိ၏။

ဓမ္မိကဗလိအရ နတ်တို့အားပူဇော်ပသခြင်းကြောင့် နတ်၊ ရက္ခစိုးတို့ကလည်း ပြန်လည် စောင့်မသည့်သာဓကများ ပိဋကတ်တော်၊ သုတ်မဟာဝါဂ္ဂပါဠိ၊ အင်္ဂုတ္တရပါဠိ၊ သုတ္တနိပါတ်ပါဠိ၊ ဇာတကပါဠိတို့နှင့် ယင်းအဋ္ဌကထာတို့တွင် ကောင်းကျိုးရကြောင်း ဟောကြား ပြဆိုထားသည်။

ဓမ္မိက ဒေဝတာဗလိ ပူဇော်ပသခြင်းကြောင့် ကောင်းကျိုးရရှိပုံတစ်ခုကို ဖော်ပြရသော် ဧကနိပါတ် ကုဏ္ဍကပူဝဇာတ်၌ -

ဗာရာဏသီပြည်သား သူဆင်းရဲတစ်ယောက်သည် တစ်ပြည်လုံး နတ်ပူဇော်ပွဲ ကျင်းပသည်ကို ရောက်သောအခါ မိမိ တတ်နိုင်သမျှ ဆန်ကွဲဖြင့်လုပ်သည့် မုန့်အိုးကင်းကပ်၊ သောက်တော်ရေတစ်ခွက်တို့ဖြင့် ကြက်ဆူပင်တွင်နေသောနတ်အား ပူဇော်ပသဒေဝတာဗလိလုပ်လေသည်။

ဤတွင် ကြက်ဆူပင်၌နေသော ရက္ခစိုးနတ်က ထိုသူဆင်းရဲအား ကြက်ဆူပင်အနီး မြေတွင်မြှုပ်နေသည့် ပိုင်ရှင်မဲ့ ရွှေအိုးအား ညွှန်ပြသဖြင့် ရွှေအိုးရသောသာဓကရှိသည်။

မှန်နန်းရှင်ရာဇဝင်တော်ကြီးတွင်လည်း ကွန်းဆော်ကြောင်ဖြူမင်း၊ ကျန်စစ်သားမင်းတို့အကြောင်းတွင်တွေ့ရှိနိုင်ပါသည်။ ဤသည်တို့မှာ ဒေဝတာဗလိပူဇော်မှုကြောင့် ကောင်းကျိုးရသောသာဓကအချို့ဖြစ်၏။ ထို့ကြောင့်လည်း လူအတော်များများသည် ဓမ္မိကဒေဝတာဗလိဖြစ်သော ပူဇော်ပသခြင်း၊ ရှိသေမှုပြုခြင်း၊ ကောင်းမှုကုသိုလ်အဖို့

www.burmeseclassic.com

www.burmeseclassic.com

ကို အမျှပေးဝေခြင်းပြုကြ၏။

ဤသို့ ခမ်းကဒေဝတာဗလိ ကြောင့်ပင် လွန်ခဲ့သော ၁၉၆၇ ခုနှစ် (လွန်ခဲ့သော နှစ်ပေါင်း ၄၇ နှစ်) က လူ့အသက်တစ်ချောင်းကို ကယ်ခွင့်ရသည့် ထူးခြားဖြစ်ရပ်ကိုယ်တွေ့တစ်ခုကို တင်ပြလိုပါသည်။

၁၉၆၇ ခု၊ နွေဦးရာသီဆိုသော်လည်း ကျွန်တော်တို့ ဘူမိဗေဒလေ့လာရှာဖွေရေးအဖွဲ့စခန်းချထားသည့် သိမ်ကုန်းဘုရားတောင်တွင် အပူရှိန်မများသေးဘဲ အေးစိမ့်စိမ့်ဖြင့်နေထိုင်ကောင်းရုံသာရှိပါသေးသည်။ ပတ်ဝန်းကျင်တွင်လည်း သစ်တောဝါးတောကြီးများ အုပ်မိုးနေခြင်းကြောင့် တစ်ကြောင်း၊ တောင်စောင်း လျှိုမြောင်းများကလည်း ပျမ်းမျှ (၄၅) ဒီဂရီခန့် မတ်စောက်ကာ V ရှိတ်ပုံသဏ္ဌာန် အထပ်ထပ်ကာဆီးနေ၍ အအေးပိုလေသလား။ ပင်လယ်ပြင်အထက် အမြင့်ပေ(၄၀၀၀)ခန့်တွင်ရှိနေ၍လားမသိပါ။ ဆောင်းရာသီ ဇန်နဝါရီလတွင် အိုးခွက်ထဲမှရေတို့ပင် ခဲသည်အထိကြုံဖူး၏။

ကျွန်တော်တို့နေသော သိမ်ကုန်းဘုရားတောင်စခန်း၌ တကယ်ပင် ဘုရားစေတီသုံးဆူရှိပါသည်။ စေတီတော်သုံးဆူ၏ အမြင့်ဘုရင်တော်သည် ဆယ်ပေခန့်ဟု ခန့်မှန်းရပါသည်။ အတိအကျတိုင်းတာနိုင်ပါသော်လည်း တိုင်းတာရကောင်းမှန်းမသိသဖြင့် ခန့်ဟုသာဆိုနိုင်ပါသည်။ ဤသို့ လူသူမနီးသည့် တောတောင်အလယ်၌ စေတီတော်သုံးဆူတည်ရှိနေခြင်းက ထူးခြားသည်ဟုတွေးမိပါသည်။

တောင်ထိပ်အကျယ်အဝန်းသည် ပေငါးဆယ်မျှသာရှိသောကြောင့် တစ်ဆူနှင့်တစ်ဆူ နီးကပ်စွာတည်ထားရပါသည်။ အဆင့်ဆင့်မှတ်သားလာသော ပါးစပ်ရာဇဝင်အရ ဤစေတီတော်သုံးဆူအောက်၌ ရွှေငုတ်ပေါ် ထွက်ပိုင်း (Out-Crop) ကြီးတစ်ခုရှိသည်ဟူ၏။ တွေ့ရှိသူက ကရင်အမျိုးသမီး ထောင်ပိုင်ကြီး 'မကွေ' ဟု ဆိုပါသည်။ လောဘမရှိသူ ပီပီ ဤရွှေငုတ်ကြီးကို မသမာသူများ မယူနိုင်စေရန် ရွှေငုတ်ကို ဖုံးအုပ်၍ ဘုရားတည်လိုက်သည်ဟု ဆိုပါသည်။ တစ်လက်မ တစ်မိုင်စကေးမြေပုံ၌ပင် ဤအနီးမှသစ်တောဧရိယာကို 'မကွေကြီးပိုင်း' (Ma Gawe Reserve Forest) ဟု ဖော်ပြပါရှိသည်။

စေတီတော်သုံးဆူကို ဘဲဥပုံရင်ပြင်တော်ပေါ်၌တည်ထားပြီး စေတီတော်၏ အနောက်တောင်ဘက် ပေသုံးဆယ်ခန့်တွင် ညောင်ပင်ကြီးရှိပါသည်။ ညောင်ပင်နှင့် စေတီတော်ကြားတွင် ဘုရား၊ ဇရပ်တစ်ဆောင်ရှိနေပါသည်။ ၎င်းဇရပ်တွင် ကျွန်တော်တို့ဘူမိဗေဒအဖွဲ့ စခန်းပြုလုပ်ထား၏။

စေတီတော်သုံးဆူအရှေ့မြောက်တောင်ကြောပေါ်တွင် ဂျီပီ(G.P)အဖွဲ့ရှိပါသည်။ ဘူမိရူပဗေဒတိုင်းတာရေးအဖွဲ့ကို အတိုကောက်ပြီး ဂျီပီအဖွဲ့ဟု ခေါ်ခြင်းပါ။ ဂျီပီအဖွဲ့၏ဦးစီးအရာရှိ ကိုမင်းဦးသည် လတစ်လ၏ဥပုသ်ညတိုင်း စေတီတော်၌ အလင်းတိုင်ပူဇော်၍ ကျွန်တော်နှင့် ပုတီးစိပ်ဖော်စိပ်ဖက်ဖြစ်ပါသည်။

အလင်းတိုင်အား စေတီတော်တွင် မီးပူဇော်ရုံမကဘဲ စေတီတော်အနီးရှိ ညောင်ပင်ကြီး၌ပါ ရုက္ခစိုးနတ်အား ရည်မှန်း၍ ပူဇော်ပသ ဒေဝတာဗလိလုပ်ပါသည်။ ကျွန်တော်တို့နှစ်ဦးသည် ဥပုသ်သီလမစောင့်နိုင်သေးသည့်တိုင် ဥပုသ်ညတိုင်း ပုတီးစိပ်မပျက်ကြပါ။ ပုတီးစိပ်ပြီးသည့်အခါတွင်လည်း ရုက္ခစိုးကြီးနှင့်တကွ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်တို့အား အမျှပေးဝေပါသည်။

ကိုမင်းဦးတို့၏ G.P အဖွဲ့နှင့် ကျွန်တော်တို့ ဘူမိဗေဒအဖွဲ့သည် ရွှေမင်းဘုံဒေသရှိ တောင်ပဲ့ရွာအနီးမှ တောင်ပဲ့ချောင်းနတ်စင်ချောင်းရေကန်ချောင်း၊ ကိုလှချောင်းဝန်းကျင်ရှိ တောင်ကြောများ၌ ရွှေသတ္တုလေ့လာရှာဖွေနေကြခြင်း ဖြစ်ပါသည်။ အဖွဲ့ရှိကွာအတွက် တစ်ပတ်တစ်ခါ ကလောမြို့သို့ စျေးဝယ်တက်ကြရပါသည်။

ကလောစျေးသည် ရှမ်းပြည်နယ် ၄ ထုံးစံအတိုင်း ငါးရက်တစ်စျေးဖြစ်ရာ ကလောစျေးနေ့ရောက်တိုင်း အလှည့်ကျ ရိက္ခာဝယ်ရန် သွားရပါသည်။ ကျွန်တော်တို့အဖွဲ့များစခန်းချရာ သိမ်ကုန်းဘုရားတောင်နှင့် ကလောမြို့သည် ခြေကျင်ခရီး ကိုးမိုင်ကွာဝေးသလို လမ်းကလည်း တောင်ပေါ်ဒေသဖြစ်သည့် အလျောက် တစ်တောင်တက်၊ တစ်တောင်ဆင်းဖြင့် လေးနာရီခန့်ကြာအောင်လျှောက်ရသည့်အတွက် ကလောစျေးသို့သွားချင်သူမရှိပါ။ ထို့ကြောင့် အလှည့်ကျစျေးဝယ်သွားကြရပါသည်။

သိမ်ကုန်းဘုရားတောင်အောက်ဘက်တွင်ပင် မုံးဗယ်လီတောင်ကြားရှိသည့် အောက်အနိမ့်ဆုံးနေရာပင် မုံးချောင်းကမ်းပေါ်၌ ပထမလွန်းထိုးဘူတာငယ်လေးရှိပါသည်။ ထိုဘူတာလေးမှရထားစီးလျှင် ကလောသို့ သက်သောင့်သက်သာ သွားနိုင်သော်လည်း စျေးခိုရန် မမီတော့သဖြင့် အဆင်မပြေ၍ ခြေကျင်သာလျှောက်ကြရသည်။ ဘူတာငယ်လေးဆိုသော်လည်း ခရီးသည်အတက်၊ အဆင်းမရှိဘဲ ပထမလွန်းထိုးလမ်းခွဲပေးသူ ဂျမဒါနှင့်ကြိုးကြာသူ ရုံပိုင်လေးတို့သာရှိပါသည်။ လက်မှတ်လည်းမရောင်းပါ။ ရထားစီးလိုလျှင် ရထားပေါ်၌ လိုက်ပါလာသော ရထားထိန်းဂါတ်ဗိုလ်ထံခွင့်ပန်၍လိုက်ကာ နေ့တစ်ဘူတာရောက်မှ လက်မှတ်ဝယ်ရသည်။

ယခုအပတ် ကလောစျေးနေ့တွင် ရိက္ခာဝယ်တာဝန်အတွက် ကံဆိုးသူ မောင်မောင်အေး အလှည့်ကျပါသည်။ ယနေ့ညသည်လည်း ဥပုသ်ရက်ဖြစ်၍ စေတီတော်၌ ဝတ်မပျက် အလင်းတိုင် ကပ်လှူပူဇော်ခြင်း၊ ညောင်ပင်ကြီးတွင် အလင်းတိုင်ပသခြင်းများ ပြုလုပ်ထားပုတီးစိပ်ပါသည်။ ပုတီးစိပ်နေရင်း မနက်ဖြန် ကလောစျေးကို မလိုက်တော့သော စျေးဝယ်စာရင်းနေးပေး၍ ထမင်းချက်မောင်ခကိုပင် လွတ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ပုတီးစိပ်၊ အမျှဝေ၊ မေတ္တာပို့ကာ အိပ်ရာစောစောဝင်ခဲ့ပါသည်။ နေ့လယ်က ဆာဗေးလုပ်ငန်းခွင်တွင် အတော်ပင် ကြိုးစားလိုက်ရသဖြင့် ပင်ပန်းနွမ်းနယ်နေရာ မကြာမီ အိပ်ပျော်သွားပါတော့သည်။

မည်မျှကြာအောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည် မသိရ၊ တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်မှပင် နိုးပါတော့သည်။ နိုးလာပါသော်လည်း မျက်လုံးဖွင့်မကြည့်သေးဘဲ အိပ်ခင်းမူးတူးဖြင့် ကလောစျေးသွားရန်နှိုးဆဲဟု တွေးမိသဖြင့် -

"ငါ ဒီကနေ့မသွားတော့ဘူး၊ မောင်ခကိုလွှတ်လိုက်မယ်"

ဟု ဆိုရာ -

"ငါသား မျက်လုံးဖွင့်ကြည့်ပါဦး"

ဆိုသော ထူးခြားသည့် အသံကြောင့် ချက်ချင်းထထိုင်မိပါသည်။ ဤစခန်းရှိသူအားလုံး ကျွန်တော့်ကို ငါ့သား ဟု သုံးနှုန်းခေါ်ဝေါ်မည့်သူမရှိ။ အားလုံးကြည်လင်ပြတ်သားပီပြင်လွန်းလှသည်ဖို့ မျက်လုံးပွတ်သပ်ကြည့်ပြီး ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးကို မြင်ရသည်ကို မြင်ရသဖြင့် ဘာပြန်ပြောရမည်ကိုမသိတော့ဘဲ တအံ့တသြဖြစ်နေစဉ်

www.burmeseclassic.com

"ငါ့သား ဒီနေ့ ကလေးစေ့းကို သွားဖြစ်အောင်သွားပါ"

ဟုဆိုရင်း စေတီတော်အနောက်တောင်ဘက်ရှိ ညောင်ပင်ကြီးဆီသို့ ဦးတည်ခွာသွားပါသည်။

ကျွန်တော်လည်း ပျောက်ကွယ်သွားသော ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးအား မည်သူပေနည်းဟု စဉ်းစားခက်နေခိုက် အိပ်ရာမှတကယ်ပင်နိုးတော့မှ အိပ်မက်တပါးဟုသိရပါသည်။

အိပ်မက်ဆိုသော်လည်း ပီပီပြင်ပြင်ထင်ရှားလွန်းလှပါသည်။ ကလေးစေ့းသို့ သွားဖြစ်အောင်သွားပါဟု ဆိုခြင်းသည် အကြောင်းမဲ့တော့ မဟုတ်တန်ရာဟုတွေးရင်း ပထမက မသွားတော့ဘူးဆိုသည့် ဆုံးဖြတ်ချက်အား ပြောင်းလိုက်ရပါသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ညောင်ပင်ကြီးမှ ရုက္ခစိုးနတ်ပေလောဟုလည်း စဉ်းစားမိ၏။

သိမ်ကုန်းဘုရားတောင်စခန်းမှ ဆွေက်သည်ဆိုကတည်းက တောင်ဘက်ခရီးဖြစ်၏။ နတ်စင်တောင်အတက်မှစ၍ တောင်ပဲ့ရွာအတက်၊ တောင်ပဲ့ရွာမှဆက်သော် ရွှေမင်းဘုံစေတီတော်တောင်ထွတ်အထိ အတက်ချည်ကြီးကို ချွေးပြန်အောင်တက်ရ၏။ ဤဝန်းကျင်၌ ရွှေမင်းဘုံစေတီတော်တောင်ထွတ်သည် အမြင့်ဆုံးဖြစ်၏။ ညအချိန် ရွှေမင်းဘုံစေတီရင်ပြင်တော်ပေါ်မှ လှမ်းမျှော်ကြည့်လျှင် မိတ္ထီလာ၊ သာစည်မြို့တို့မှ မာကျူရီမီးပြာလဲ့လဲ့များကို မြင်ရပါသည်။

ရွှေမင်းဘုံစေတီတော် တပေါင်းခဲ့၌ လုပ်အားဒါနညလုံးပေါက် မီ စက်မောင်းပေးစဉ်က ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ဖူး၏။ ရွှေမင်းဘုံတပေါင်းပွဲတော်သို့ ကလော၊ အောင်ပန်းမြို့ပေါ်မှလူများဝင် ဘုရားဖူးလာကြ၏။ ရွှေမင်းဘုံတောင်ကျော်ပြီးသည်နှင့် ညောင်ကုန်းရွာ၊ ရွှေညောင်ပင်လမ်းခွ (ရွှေညောင်ပင်လမ်းခွသည် ခြေကျင်လမ်းနှင့် လှည်းလမ်းခွသောနေရာဖြစ်၏။) မှ တောင်ကြားလျှိုထဲအထိ တောက်လျှောက်အဆင်းချည်းဖြစ်ပြန်၏။

လျှိုထဲကအဆင်း ဆုံးသော်တောင်တက်ရပြန်၏။ထိုတောင်အတက်သည် များစွာမမြင်လှသဖြင့် အဆင်ပြေ၏၊ သစ်ပင်များအုပ်ဆိုင်းနေသဖြင့် နေပူမှာ မစိုးရိမ်ရပေ။ ထိုမှလွန်သော် တလောအဝင် ထင်းရှူးတောင်ရောက်ပြီဖြစ်၏။ ကလောမြို့ထဲရောက်လျှင် ပထမဆုံး စာတိုက်ဝင်၍ ထည့်စရာစာများထည့်ရသလို G.Pအဖွဲ့နှင့် ဘူမိအဖွဲ့သားများထံလာသည့်စာများကို စာတိုက်မှူး မဌေးငွေးတို့ထံမှ ယူရ၏။ ပြီးလျှင် စေ့းသို့ဆက်လျှောက် စေ့းရောက်သော် အဆာပြေ တို့ဟူးသုပ်စားရင်း အမောဖြေရ၏။

ကလောငါးရက်တစ်စေ့းနေ့တွင် ပတ်ဝန်းကျင်တောင်ပေါ် ရွာများမှ တိုင်းရင်းသားတို့သည် ဒေသထွက်သီးနှံများ၊ ကုန်ပစ္စည်းများ လာရောက် ရောင်းဝယ်ကြသလို စေ့းဝယ်သက်သက်လာကြသူများလည်းရှိသဖြင့် စေ့းနေ့တွင် လူမျိုးစုံတွေ့မြင်နိုင်ပါသည်။ ရွှေမင်းဘုံဒေသဝန်းကျင်ရှိရွာများဖြစ်သော တောင်ပဲ့ရွာ၊ ရွှေမင်းဘုံရွာ၊ ညောင်ကုန်းရွာ၊ တာယောရွာနှင့် ဟင်းခါးကုန်းရွာတို့မှ ပလောင်တိုင်းရင်းသားများလည်း ကျွန်တော်တို့သွားသောလမ်းကြောင်းအတိုင်းသွားကြ၍ လမ်းခရီးတွင် လူပြတ်သည်မရှိပါ။

ယနေ့ကျွန်တော်စေ့းဝယ်အလှည့် ကျသောနေ့တွင်မှ G.Pအဖွဲ့ကလည်း သူတို့မသွားနိုင်၍ စေ့းကြုံပစ္စည်းလေးများမှာလိုက်သည်ကြောင့် သယ်ယူရမည့် အလေးချိန်က များနေပါသည်။ မောင်ခက သူသယ်နိုင်သည်ဟု ပြောသော်လည်း သူ့ကိုအားနာ၍ ရထားစီးပြန်ကြရန်ဆုံးဖြတ်လိုက်သည်။ သာစည်သို့ဆင်းမည့်ရထားချိန်လည်းမီသေး၍ ကလောဘူတာသို့ထွက်ခဲ့ကြပါသည်။

ဘူတာသို့ရောက်သောအခါ ကျွန်တော်တို့စခန်းအနီးရှိရွာမှ ပလောင်မလေးတစ်စုကိုတွေ့ရပါသည်။ ဘူတာအပြင်ဘက် ထောင့်လူရှင်းသောနေရာတွင် စု၍ တစ်တစ်ခုကို ဆွေးနွေးတိုင်ပင်နေပုံရပါသည်။ ကျွန်တော်တို့ကိုမြင်လျှင် ရေကြီးသုတ်ပျာဖြင့် မောင်ခကို လှမ်းခေါ်ပါသည်။ ကျွန်တော်တို့အလုပ်သမားမောင်ခသည် သူတို့ရွာသားပင်ဖြစ်၏။ မောင်ခမှာ ခေတ္တကြာလျှင်ပြန်ရောက်လာပြီး -

"ဆရာမောင်အေး၊ သူတို့အဖွဲ့ထဲက မိန်းကလေးတစ်ယောက် မကောင်းတဲ့သွေးတွေဆင်းနေလို့ ရွာကိုရထားစီးပြီးပြန်ချင်တယ်ပြောတယ်။ အဲဒါ ရထားစီးခွင့်ရမလားဆိုတာ မေးပေးပါတဲ့"

ဟု ပြန်ပြောပါသည်။

ကျွန်တော်လည်း အခြေအနေကို သိနိုင်ရန် သူတို့ရှိရာသွားကြည့်ရသည်။ မျက်နှာကိုမတွေ့ရသေးသဖြင့် ဘယ်သူဘယ်ဝါဟုမသိရသော်လည်း ထိုမိန်းကလေးရေါ်နေသည့်ခြေရင်းတွင် သွေးတွတ်ကြီးက မနည်းမနော တွေ့ရသဖြင့် သာမန်မဟုတ်ဟု နားလည်လိုက်ပါသည်။

ထို့ကြောင့် အားမနာနိုင်တော့ဘဲ သူဘယ်သူလဲဟု မေးရပါတော့သည်။ ကာယကံရှင် မိန်းကလေးက ကျွန်တော်၏မေးခွန်းကို ပြန်ဖြေနိုင်မည့် အင်အားပင်ရှိပုံမပေါ်တော့ဘဲ မြေပေါ် သို့လဲကျတော့မည့် အခြေအနေရှိနေပါသည်။ အခြားမိန်းကလေးတစ်ဦးက ထိန်းကိုင်ထားရပါသည်။ အခြားတစ်ယောက်က-

"ရဝမ်းပါ ဆရာ"

ဟု အဖြေပေးပါသည်။

ရဝမ်း ဆိုသော မိန်းကလေးကို အမှတ်ထင်ထင်သိပါသည်။ အသက်အစိတ်ခန့် အိမ်ထောင်ရှိသူလေးဖြစ်ပါသည်။ လပြည့်၊ လကွယ်ဥပုသ်ရက်တိုင်း သိမ်ကုန်းဘုရားတောင်ရှိ စေတီတော်တွင် သပြေပန်းနှင့်အခြားတောပန်းလေးများကို လာရောက်ကပ်လှူလေ့ရှိသလို ဘုရားခြေတော်ရင်းမှ ညောင်ပင်ကြီးတွင်လည်း ပန်းတင်လေ့ရှိသဖြင့် အမှတ်ထင်ထင်သိရှိနေခြင်းဖြစ်ပါသည်။ ဤအခြေအနေဖြင့် ရထားစီးပြန်၍မည်သို့မျှမဖြစ်တော့ပေ။ သွေးလွန်၍ ဒုက္ခရောက်မှာမလွဲ။

"နင်တို့မေးသလို ရထားတော့စီးလို့ရတယ်။ ဒါပေမယ့် သွေးလွန်ပြီးဒုက္ခရောက်မယ်။ ဆေးရုံမပို့လို့မရဘူး။ နင်တို့ဆေးရုံပို့ကြ"

ဟု ပြောရပါသည်။

ဤတွင် သူတို့ချင်းတစ်ယောက်တစ်ပေါက် ပလောင်စကားဖြင့်ပြောကြရင်း -

"ဆရာမောင်အေး၊ တို့ဆေးရုံကိုလည်း မသိဘူး။ ပို့လည်းမပို့တတ်ဘူး။ ရထားကြီးလည်းလာတော့မယ်။ အိမ်မှာလည်း ကလေးတွေပဲကျန်တာ၊ တို့မပြန်လို့မရဘူး။ နင်ပဲပို့ပေးပါ"

ဟု ကျွန်တော့်ကို ပုံအပ်ပါတော့သည်။ ဤမိန်းကလေး၏ အခြေအနေသည် အကြောင်းမသင့်က အသက်ပင်ဆုံးသွားနိုင်သည့်အဖြစ်ကို သူတို့သိပုံမပေါ်ကြပါ။ ထို့ကြောင့် 'ပို့မယ့်ပို့ ကုးတို့ရောက်အောင်ပို့' ဆိုသောစကားပုံလို -

"ကဲ-ဒီအတိုင်းဆိုရင် ရဝမ်းလည်း လမ်းလျှောက်နိုင်မှာမဟုတ်ဘူး။ စေ့းနားမှာ ငါကားသွားရှာမယ်။ ရထားမလာခင် နင်တို့ခရာထိန်းထားပေးကြ"

ဆိုရင်း ကလောစေ့းဘက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com

သဒ္ဒါ(ဥပဒေ)

# နွားနို့နှင့်မတွဲဖက်သင့်သည့်များ

နွားနို့သည် နွေယခင်မှသည် ယခုဖွံ့ဖြိုးတိုးတက်နေသောခေတ်တိုင် အောင် လူတိုင်းနှင့်လည်းသင့်သော၊ တည့်သောသောက်စရောင်ဖြစ်ပါသည်။

နွားများသည် သစ်ပင်တို့၏ အရွက်၊ အညွှန့်များ၊ ချို၍အရသာရှိသောအစာများကိုစားခြင်း၊ ဆေးဖက်ဝင်သည်းအပင်တို့၏အရွက်၊ အညွှန့်ပိုင်းများကို စားသုံးခြင်းများကြောင့် နွားနို့သည် ချိုသောအရသာရှိ၍ ကိုယ်ခန္ဓာကိုလည်း ကြီးထွားစေပါသည်။

နွားနို့သောက်သုံးခြင်းဖြင့် အစာကြေလွယ်ပြီးခွန်အားဖြစ်စေခြင်း၊ အသက်ရှည်စေခြင်း၊ အကြောင်းကြောင်းကြောင့် ကုန်ခန်းသွားသောအားအင်ကိုပြန်လည်ပြည့်စေခြင်း၊ အရိုးများသန်မာစေခြင်း၊ အသားရေလှပစေခြင်းစသောအကျိုးထူးများကြောင့် နွားနို့ကိုသောက်သုံးများများပြားပါသည်။

သောက်သုံးသူများပြားလာသည်နှင့်အမျှ နွားမည်စ၍ရသောနို့လတ်ထတ်ဆတ်ဆတ်ကို သောက်သုံးကြသူများရှိသလို ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်ထားသော နို့ထွက်ပစ္စည်းသောက်သုံးစရာများကို သောက်သုံးကြသည်လည်းရှိပါသည်။

ထိုသို့ နေ့စဉ်နှင့်အမျှ နွားနို့သောက်သုံးသူများအနေဖြင့် နွားနို့သောက်သုံးရာတွင် ၎င်းနှင့်မတွဲဖက်သင့်သည့် စားသုံးစရာများကိုရှောင်ပေးဖို့လိုအပ်ပါသည်။

၎င်းအစားအသောက်များမှာ နှမ်းစေ့၊ နှမ်းဆီ၊ ဆိတ်သား၊ ဆိတ်ကလီစာ၊ သိုးသား၊ သိုးကလီစာ၊ ကြက်သား၊ ဖွတ်သား၊ ဝက်သား၊ ဝက်ကလီစာ၊ မျှားရည်၊ မျှားသလက်၊ ကြက်တင်းခါးသီး၊ ကြက်တင်းခါးရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ မုန်လာဥ၊ မုန်လာရွက်၊ ကင်းပုံသီး၊ ကင်းပုံပွင့်၊ သဲပရာသီး၊ သဲပရာရွက်၊ ရှောက်သီး၊ ရှောက်ရွက်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ အရက်အမျိုးမျိုး၊ ငါးမျက်ဆန်နီ၊ ဖား၊ ဖခုံမျိုး၊ စိမ်းစားဥ၊ အချဉ်အမျိုးမျိုး၊ မြို့တို့နှင့်တွဲမစားရပါ။ ဒါပြင် နို့မျိုးချဉ်နှင့် ဒေါင်းသား၊ ထန်းသီး၊ ခွိုခဲနှင့် ပဲလက်တိုကိုလည်း တွဲဖက်မစားရပါ။

အဆိုပါ အစားစာများအား နွားနို့နှင့် တွဲဖက်စားသုံးမိပါက ဝိုက်နာခြင်း၊ ဦးခေါင်းမူးဝေ၍ လေးလံကိုက်ခဲခြင်း၊ အော့အန်ခြင်း၊ အစာမကြေခြင်းများဖြစ်ပေါ်ခံစားရပြီး အခန့်မသင့်လျှင်အသက်ကိုပင် စိုးရိမ်ရသည့်အတွက် နွားနို့သောက်သုံးသူများသိရှိရှောင်ရှားနိုင်စေရန် တင်ပြအပ်ပါသည်။

သဒ္ဒါ(ဥပဒေ)

---

အပြေးတစ်ပိုင်းထွက်ခဲ့ရပါသည်။ ထိုစဉ်က (၁၉၆၇ ခန့်) က ဆိုင်ကယ်ကယ်ရီလည်းမရှိ၊ ဆိုက်ကားလည်း မရှိပါ။ ဘူတာရုံနှင့် စေ့းက မိုင်ဝက်သာသာခန့် ဝေးသဖြင့် အမောဆို့အောင်ပြေးခဲ့ရပါသည်။ ထိုစဉ်က ကျွန်တော်၏ အသက် (၃၀) ခန့်သာရှိသေးသဖြင့် အမောဆို့အောင် အပြေးတစ်ပိုင်းသွားနိုင်ခြင်း ဖြစ်ပါသည်။ ယခု ဤစာစုကိုရေးချိန်တွင် (၇၉) နှစ်ရှိပါပြီ။

မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံအနားတွင် ပစ်ကပ်ကားတစ်စီးတွေ့သဖြင့် အကျိုးအကြောင်းမေးကာ ငှားရပါသည်။ ကား ဆရာက သူကားညစ်ပေကုန်မည်ဆိုပြီး ငြင်းနေသဖြင့် ကျွန်တော်ကိုယ်တိုင်ဆေးကြောသန့်စင်ပေးပါမည်ဟု အာမခံမှလိုက်ခဲ့ပါသည်။

ကောင်မလေးများအား ရဝမ်း၏ ပစ္စည်းများနှင့်ကျွန်တော်တို့၏ပစ္စည်းများခွဲသယ်ယူသွားကြရန် ပြောကြားပြီး ရထားလက်မှတ်ခပေးလိုက်ရင်း ကားပေါ်တွင် သတင်းစာစက္ကူခင်းကာ ကျွန်တော်ကိုယ်တိုင်ပင် ရဝမ်းကိုပွေ့တင်ပေးပါသည်။

ရှောင်လွဲမရသော မိန်းမသားတို့၏ အာဝေဏိကဝေဒနာကြောင့်သာ လူမြင်ကွင်းတွင် သွေးအလူးလူးဖြင့် အရှက်တရားကို ဥပေက္ခာပြုကာ အားတင်းရင်း ရပ်နေခဲ့ရရှာသော ရဝမ်းသည် ကျွန်တော်ပွေ့ဖာင်၍ ကားပေါ်ရောက်လျှင်ပင် သတိလစ်လဲကျသွားပါတော့သည်။ ဆေးရုံလူနာစမ်းသပ်ခုတင်ပေါ်ရောက်လျှင် တာဝန်ကျဆရာဝန်က Dripပုလင်းချိတ်ပေးသည်ကို တွေ့ရပါသည်။

ကျွန်တော်လည်း ကတိအတိုင်းကားတွင် ပေကျံနေသောသွေးများကို ကိုယ်တိုင်ပင် ဆေးကြောသန့်စင်ကာ ကားကိုလည်း နှစ်ဆပေးလိုက်ပါသည်။ ဆရာဝန်ခေါ်သည်ဆို၍ ဆရာဝန်အခန်းသွားရပြန်ပါသည်။ ဆရာဝန်လည်း ရောက်မဆိုက်ပင်-

"ကိုင်း-ဘုမိဗေဒဆရာရေ၊ ခင်ဗျားအမျိုးသမီးက Abortion ဖြစ်တာ ဆိုတော့ Drip ချိတ်ပြီးရင် သားအိမ်ခြစ်ရမယ်။ အဲဒီအတွက် သဘောတူကြောင်း ဒီဖောင်မှာ လက်မှတ်ထိုးပေးပါ"

ဟု ဆိုပါသည်။

ကျွန်တော်လည်း ဆရာဝန်စကားကြောင့် 'ဟိုက် ဗုဒ္ဓေါ်' ဟု အော်မိရင်း-

"ကျွန်တော့်မိန်းမ မဟုတ်ရပါဘူး ဒေါက်တာ။ ဘူတာမှာတွေ့လို့ သူတို့လည်းမလုပ်တတ်ဘူးဆိုလို့ ကျွန်တော်ကူညီတာပါ။ ကျွန်တော်တို့အဖွဲ့စခန်းချထားတဲ့ရွာက မိန်းကလေးပါ"

ဟု ရှင်းပြရပါသည်။

ဒီလိုဆိုလျှင် သူ့ယောကျ်ားကိုယ်စား လက်မှတ်ထိုးပေးပါဆိုပြန်သဖြင့် တစ်ရွာတည်းသားမောင်ခကို လက်မှတ်ထိုးခိုင်းလိုက်မှ ကိစ္စကပြီးသွားပါသည်။ ဤမိန်းကလေးသည် ကျွန်တော်နှင့်သာမတွေ့ပါက မလွမ်းသွေ့ သေဖို့ဘက်ကများပါသည်။ ဆရာဝန်၏ စကားအရ နောက်ထပ်တစ်နာရီခန့်မှ ဆေးရုံသို့ရောက်ခဲ့လျှင် မျှော်လင့်ချက်မရှိတော့ဟုဆိုပါသည်။

ဆရာဝန်၏စကားအရဆိုလျှင် 'ငါနဲ့အချိန်မီတွေ့ပေလိုသာပေါ့' ဟုဝမ်းသာပီတိဖြစ်ရာမှ 'သြော် - ဒါကြောင့် ရုက္ခစိုးကြီးက 'ငါ့သား ဒီနေ့ ကလောဈေးကို သွားဖြစ်အောင်သွားပါ' ဟု အသက်ကယ်ရအောင် လွှတ်လိုက်တာပါလား' ဟု သဘောပေါက်ရပါတော့သည်။

ဓာတ်ပုံမောင်မောင်အေး

**ဝန်ခံချက် -**

ဤဇာတ်လမ်းသည် စိတ်ကူးဖြင့် ဖွဲ့ဆိုရေးသားခြင်းမဟုတ်ဘဲ နေရာမှန်၊ အမည်မှန်၊ ဖြစ်ရပ်မှန်အတိုင်း ရေးသားခြင်း ဖြစ်ပါသည်။ ရွှေမင်းဘုံဒေသရှိ ဖော်ပြပါရွာရောက်လျှင် ကာယကံရှင်အမည် မေး၍ ဟုတ်၊ မဟုတ်စုံစမ်းနိုင်ပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကျော်နှင့် ဆရာချစ်မင်း (LLB)



ကျော် ဂျာမန်လူမျိုး ဗီသူကာနှင့်ဒီဇိုင်နာပညာရှင် JORG PRVIN လက္ခဏာလာရောက်ဆွေးနွေးခဲ့စဉ်က

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား ?** " မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ " ရဲ့ ဆုံဝေါဒကို နိဒါယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားဖြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ စေတီတော်ရဲ့ အခြေပါတင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နှတ်ခြည်ဘဂျင်္ဂခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅ ) ဆရာတော်ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာ ခြည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆ခုနှစ်ဝင်ဘာလထုတ် ဓောတိသဝေဒမဂ္ဂဇင်း အမှတ် (၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဖော်ပြခဲ့ခြင်းဖြစ်၏။

ဂျပန်နိုင်ငံမှာ (၉) နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချစ်မင်း အခုမြန်မာပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။သူ့ကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်းသွားမေးတာ ကွက်တိမှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ သွားမေးဖူးတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ သာမန်အရောင်းအဝယ်သမားလေးတစ်ယောက်ပဲ။ အိုးအိမ်-မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ရောင်းက ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ သန်းကြွယ် သူဌေး ဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော် မယုံခဲ့ပါဘူး။ အခုတော့ ဒုဝေါ ဖြစ်လာခဲ့တယ်။ ဆရာ တစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင် ပိုင်ရှင် ဦးသန်းမောင်(မိုးကုတ်) ရောင်းစကားပါးခြင်း ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီလ၊ စာမျက်နှာ- ၁၅၃)

**အမှတ်တရရဲ့ အမှတ်တရ** -ကမ္ဘာကစ်အောက်ဆာချန်ပီစ်ံ ဂျပန်လူမျိုး **တကရှိအီတိုစ်**ကိုယ်တိုင် ဆရာချစ်မင်းထံ လက္ခဏာ ဆွေးနွေး သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇)၊ ဇူလိုင်၊ ၂၀၀၂ ၊စာမျက်နှာ -၁၃၂- ၁၃၃ - ၁၃၄-၁၃၅)

" ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး **(ITTI BALANOORA)** ဆိုတဲ့ နာမည်ကြီး အဆိုတော်သီချင်းရေးဆရာ တစ်ယောက်ကို ဟောပြောခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေနာခံစားရသူ အစဉ်အဆက် ရှိခဲ့ကြောင်း အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေနာ ခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူ ဖြစ်ခဲ့ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကို ထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ထမင်းစားဖို့ကို ကျေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြမြေ ရောင်းထွက်အောင် သဘနာပွဲ (၂၇) ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ- ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉ ၊ အမှတ်- ၂၈၈၊ စာမျက်နှာ- ၂၃- ၂၄- ၂၆- ၂၇- ၂၈ )"


ခန်း-ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း ( တတိယမြောက် ဘယ်ဘက်လမ်းသွယ်-ရွှေခတ္တာလမ်း၊)
ခန်းကြီးရိပ်သာ (VIP) ရွေးပြည်သာမြို့။(ဥပုသ်နေ့မှအပ နံနက် (၇) နာရီမှ ညနေ (၃) နာရီအတွင်း) Ph-09 851652

ရွှေခင်းအလင်းလက္ခဏာ-အမှတ် (၁)

ပြီးရေး

ိုင်းဝင်းခိုင် (သိမ့်ထိုက်စာပေ)

ေ ( ၂၃၁) ဒုတိယထပ် (ဝဲ)၊ ၃၂ လမ်း (အထက်)

ိုတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၀၅၉၂၁၄

စာအုပ်ဝယ်ယူရန် အခက်အခဲရှိနေပါက သိမ့်ထိုက်စာပေနှင့်
ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**လက္ခဏာပညာဖြင့် အကူအညီပေးပါရန်နှင့်**
**ဘဝရွှေခင်းအလင်းလက္ခဏာ အစုတ် (၂)**
မကြာမီ ထွက်ရှိလာမည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

ဝင်ငွေခုနှစ်ကပေါ့ဗျာ။ ကျွန်တော် မြစ်ကြီးနား ဆွမ်ပရာဘွန်လမ်းစခန်းကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတယ်။ ပီးစာခြံရဲဘက်စခန်းမှာ ခေတ္တတည်းခိုပြီး ဆွမ်ပရာဘွန်စခန်းကို ရဲဘက် (၅၀၀) နဲ့အတူထွက်ရတာပါ။ ရာသီက ဆောင်းလယ် ဇန်နဝါရီလ။ မြစ်ကြီးနားမှာ အတော်အေးတယ်။ မြစ်ကြီးနားနဲ့ ဆွမ်ပရာဘွန်က (၈၅) မိုင် ဝေးတယ်။ ခလရ (×××) က ဦးစီးတဲ့ ယာဉ်တန်းကြီးပေါ့။ စုပ်တပ်က CARGO ကားကြီးတွေနဲ့ အရပ်သားကောင်တွေထားတဲ့ DODGE ကားတွေ အပါအဝင် ယာဉ်ကလည်း (၁၅)စီးပဲ။ ကားဟတ္တပေါ်မှာ ရိက္ခာပစ္စည်းတွေနဲ့ တံတားဆောက်ပယ် သစ်ခွဲသားတွေကို CARGO ကားကြီးတွေပေါ်မှာ မျှတင်၊ ရဲဘက်နဲ့ဝန်ထမ်းတွေ၊ စစ်သားတွေလည်း ဆုံသလောက်တင်ရတာပေါ့။ ကျွန်တော်ကတော့ စက်အားကောင်းပြီး သစ်လွင်တဲ့အရပ်ဘက်ကား (DODGE) ကားတစ်စီးကိုရွေးပြီးစီးတယ်။ ဒီတောင်ဆင်းကောင်တက်ခရီးမှာ အတွေ့အကြုံရှိတဲ့ ယာဉ်မောင်း စစ်သားလူထွက်တပ်ကြပ်ကြီး ဦးအုန်းမောင် မောင်းတဲ့ကားပေါ့။

ကားခေါင်းထဲမှာ ကားဆရာရယ်၊ ကျွန်တော်ရယ်၊ တပည့်တစ်ယောက်ရယ်ပဲပါတယ်။ နောက်ခန်းမှာ ရဲဘက်နဲ့ ဝန်ထမ်းတွေပေါ့။ ကုန်ပစ္စည်းတွေမပါဘူး။ ကျွန်တော်တို့ကဆိုးတာက ကျိုန်ခရန်ရေအားလျှပ်စစ်မီကိန်းဆောက်နေတဲ့နေရာရောက်တော့ ကျွန်တော်တို့စီးလာတဲ့ DODGEကားက ရေလည်အုံဘောကြွေသွားတယ်။ ယာဉ်တန်းနဲ့ခရီးသွားရတာမို့ ကားတစ်စီးပျက်တာနဲ့ ယာဉ်တန်းကြီးရပ်ရတာပဲ။ အပိုပစ္စည်းမပါတော့ ကားဆရာက ဆိုင်ကယ်ကြုံနဲ့ မြစ်ကြီးနားပြန်ပြေးပြီး ဝယ်ရတော့တာပေါ့။ နှစ်နာရီလောက်ကြာတော့ ကားဆရာပြန်လာပြီး ရေလည်အုံဘောလဲတယ်။ (၃) နာရီလောက်ကြာမှ စက်ပြင်ပြီးလို့ ယာဉ်တန်းကြီးပြန်ထွက်နိုင်တယ်။ ကားဆရာတပ်ကြပ်ကြီးဟောင်းနဲ့ ခလရ (×××)က ဗိုလ်ကြီးမြင့်လွင်တို့ ပြဿနာဖြစ်ကြတယ်။ ကားပျက်လို့၊ ခရီးစဉ်နောက်ကျလို့တဲ့လေ။

ရေပါတာပဲလို့ချင့်တယ်၊ ရေဘူးပေါက်တာမလို့ချင့်ဘူးတဲ့။ စစ်တပ်က တပ်ကြပ်ကြီးဟောင်းနဲ့ စစ်ဗိုလ်တွေရန်ဖွဲ့ပေါ့။ တစ်လမ်းလုံး ပြဿနာတက်ကြတယ်။ ဗိုလ်ကြီးမြင့်လွင်ဆိုသူကလည်း အတော်ရိုင်းပါတယ်။ ကိုယ့်အဖေလောက်ရှိတဲ့ ကားဆရာတပ်ကြပ်ကြီးကို တစ်လမ်းလုံး ဆဲဆိုလာတာ တန်ဖိုးရှာကြီးအနားရောက်တော့ ရိက္ခာတင် (ARGO) ကားကြီးတစ်စီး လမ်းပေါ်မှာ ဆတ်ကြီးတစ်ကောင်ဖြတ်ပြေးလို့ ရုတ်တရက်ရှောင်လိုက်ရင်း မလိုခမြစ်ကမ်းပါးဖောက်ထဲ ရေသောက်ဆင်းသွားတယ်။ တော်ပါသေးရဲ့၊ ကားပေါ်မှာ လိုက်ပါလာသူတွေ အန္တရာယ်မရှိဘူး။ ကမ်းပေါ်ပြန်တက်လာကြတယ်။ ကားကြီးကိုတော့ သည်အတိုင်းထားခဲ့ရတာပေါ့။ ဆက်ပြီးခရီးထွက်လာကြတော့ မှောင်စပျိုးချိန်မှာ တန်ဖိုးရှာကိုရောက်တယ်။ အဲဒီရှာကြီးက ခလရ (×××) အထိုင်စခန်းရှိပြီး ဧရာဝတီမြစ်ဆုံနဲ့ (၁)မိုင်ပဲဝေးတယ်။ အတော်စည်ကားတဲ့ရွာကြီးပါပဲ။ ကျွန်တော်တို့အဖွဲ့ ကျောင်းပိတ်ထားတဲ့ မူလတန်းကျောင်းကြီးမှာ ညအိပ်ရပ်နားကြရတယ်။ အဲဒီရောက်မှ ချက်ပြုတ်စားကြရတာပေါ့။

ရာသီဥတုကအလွန်အေးတယ်။ မီးလှုံရင်း ညစာကို စောင့်စားကြရတာ။ ညစာကတော့ ထမင်းနဲ့ကုလားပဲပြုတ်ကို

www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးကြီးသိန်းဝင်း

ကျွန်တော်နှင့်သစ္စာရှိသောမုဆိုးရဲဘက်များ

ဆွမ်ပရာဘွန်ရတနာသိုက်

www.burmeseclassic.com

www.burmeseclassic.com

ဆားဖြူးပြီးစားကြရတာပါ။ ခရီးသွားနေစဉ် လူအင်အားကများတော့ ဖြစ်သလိုပေါ့။ အဆင်မပြေဘူး။ အိပ်တော့လည်း ရဲဘက်တွေကို ခြေတံရှည်ကျောင်းကြီး အောက်မြေတလင်းနဲ့ ကျောင်းပေါ်မှာ ကျပ်ကျပ်တည်းတည်းခွဲဝေသိပ်ရတာပါ။ ဆောင်းကာလ အေးလွန်းတော့လည်း ပူးပူးကပ်ကပ်ပေါ့။ နောက်တစ်နေ့မနက် စောစော (၅)နာရီထကြပြီး မနက်စောစော ဆန်ပြုတ်သောက်ကြရတယ်။ ဆားနဲ့ ဆန်နဲ့ရေနဲ့ပြုတ်ထားတဲ့ ဆန်ပြုတ်အစစ်ပါ။

အဲသလိုနဲ့သွားလိုက်ကြတာ လမ်းခရီးမှာ ကချင်ရွာတွေဖြစ်ကြတဲ့အင်စွယ်၊ ဆွစ်ခါး၊ အင်ခ၊ ဖုံအင်ခရွာတွေကို ဖြတ်ကျော်ရတယ်။ တောင်တက်တွေမှာ စစ်တပ်က (CARGO) ကားဟောင်းကြီးတွေဟာ မတက်နိုင်လို့ ရှေ့ကားက အလျင် တက်ပြီးဆွဲတင်ရတယ်။

(CARGO)ကားကြီးတွေဟာ တစ်မိုင်ကို ဓာတ်ဆီ (၁) ဂါလန်စားသတဲ့။ အဲ-ပြောရဦးမယ်၊ တောင်တက်ခရီးတွေမှာ ကားကြီးတွေမတက်နိုင်လို့ စီးတဲ့သူတွေ လမ်းဆင်းလျှောက်ရတာလည်း တစ်လမ်းလုံးပဲ။ ကားကြီးတွေက လူလမ်းလျှောက်သလောက်တောင်မမြန်ကြပါဘူး။ လမ်းလျှောက်တာမှာလည်း အလွန်သတိထားရပါတယ်။ လမ်းအလယ်မှာ တူးဆွထားတဲ့မြေပွနေရင် ဝေးဝေးကရှောင်ရတယ်။အဲဒါဟာ KIAက ထောင်ထားတတ်တဲ့ မိုင်းကျင်းပဲ။ ဒါကြောင့် (၆)ညအိပ်မြောက်ရောက်တော့ အကျဉ်းဦးစီးက ယာယီစခန်းဖွင့်ထားတဲ့ မလိခမြစ်ကမ်းခြေက အလွန်သာယာတဲ့ တီယန်စွပ်ဆိုတဲ့ ရွာကလေးကိုရောက်ပြီး နားကြရတယ်။ ရာသီဥတုအေးပေမယ့် တစ်ပတ်လောက် ရေမချိုးကြရတာကြောင့် မလိခမြစ်ထဲမှာ ရေဆင်းချိုးကြရတယ်။ ရေစီးက အလွန်သန်ပြီး ရေကရေခဲရေလိုအေးတယ်။ ခပ်သွက်သွက်ချိုးပြီး အဝတ်သစ်လဲ၊ အနွေးထည်ဝတ်ပြီး မီးလှုံကြရတယ်။

တီယန်စွပ်စခန်းမှာ အရင်ရောက်နေတဲ့ ထောင်မှူး အာဂျန်က ကချင်အရက်နဲ့ဧည့်ခံတယ်။ လူလိုသူလိုစားသောက်ရတဲ့ ရှားပါးတဲ့နေ့ကလေးပါ။ တဲအိမ်ပေါ်မှာ နွေးနွေးထွေးထွေးနဲ့ ဇိမ်ကျမယ်မကြံသေးဘူး။ တစ်ဖက်ကမ်း KIAအဖွဲ့က လက်နက်မျိုးစုံနဲ့ လှမ်းပစ်တယ်။ ကျွန်တော်တို့ဘယ်ဆင်းပြေးရမှန်းမသိဘူး။ ဒီဘက်ကမ်းက ခလရ (×××) ကလည်း လက်နက်မျိုးစုံနဲ့ပြန်ပစ်တယ်။ ထောင်မှူးအာဂျန်က တဲပေါ်က ဆင်းမပြေးဘဲ လှဲချခိုင်းလို့ ကျွန်တော် လှဲချလိုက်တာ ကံကောင်းပြီး အချိန်မီလေး ပွိုင့်ဖိုက်ကျည်ဆန်က ကျွန်တော့် ခေါင်းပေါ် ကဖြတ်ပြီး နံရံမှာ အပေါက်ကြီးဖြစ်သွားတယ်။ ထိုင်သာနေရင် ခေါင်းပြတ်သွားပြီပေါ့။ (၁၅) မိနစ်လောက်ကြာမှ အပစ်အခတ်ရပ်သွားတယ်။ ကျွန်တော်တို့ပြန်ပြီးစားကြသောက်ကြရပြန်တယ်။ ဒါဟာ ထုံးစံပဲလို့ ထောင်မှူးအာဂျန်က ပြောတယ်။

ပင်ပန်းလွန်းလို့အိပ်ကြပြီး နောက်တစ်နေ့ မနက် (၆) နာရီလောက်မှာ နှစ်ဖက်ပစ်ကြခတ်ကြပြန်တယ်။ အိပ်ရာကမထသေးလို့ အန္တရာယ်ကင်းပါတယ်။

မနက် (၇) နာရီလောက်မှာ အိပ်ရာကထကြပြီး မနက်ထမင်းကြော်စား၊ မနက် (၈) နာရီမှာ ခရီးဆက်ရပြန်တယ်။ ဒီခရီးမှာတော့ ထောင်မှူးအာဂျန်တို့ စခန်းလည်းသိမ်းပြီး ကျွန်တော်တို့နဲ့အတူ ဆွမ်ပရာဘွန်စခန်းသစ်ကို လိုက်ပါလာကြတာမို့ လူအင်အားပိုများသွားတယ်။ ကားကြီးတွေပါပေမယ့် ထုံးစံအတိုင်း လမ်းလျှောက်ကြရတာပါပဲ။

❑

ဒုတိယကမ္ဘာစစ်အတွင်းကဖောက်ခဲ့တဲ့ ပြူဟာလမ်းဟောင်းကြီးကို KIA ကလည်း ဖျက်ဆီးထားတယ်။ အင်္ဂလိပ်ခေတ်က ချောင်းကူးဘီလီသံပေါင်တံတားကြီးတွေကို KIA က မိုင်းခွဲထားတော့ ပျက်စီးသွားပြီး (ဆ-လ-က) က သစ်သားယာယီတံတားတွေဆောက်ထားပေမယ့် ကားတစ်စီးချင်းသာသွားနိုင်တာမို့ အတော်ခက်ခဲပြီး အချိန်ကုန်အန္တရာယ်များတာပေါ့။ တီယန်စွပ်ရွာစခန်းနဲ့ ကျွန်တော်တို့ခရီးစဉ်အဆုံး စခန်းချရမယ့် ဒုရုဆစခန်းက (၁၀) မိုင်လောက်ပဲ ဝေးပါတယ်။ မြေညီလမ်းမို့ လမ်းလည်းသာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ယာဉ်တန်းကြီး ညနေစောင်းမှာ ဒုရုခမြစ်ကမ်းဘေး ခလရ(×××)တောင်ကုန်းအောက်ကယာယီရဲဘက်စခန်းလေးဆီကို ညနေစောင်းမှာ ရောက်ရှိသွားပါတယ်။ ရောက်ရောက်ချင်းပဲ ကျွန်တော်က ပြောင်းရွှေ့လာတဲ့ ရဲဘက်သစ်(၅၀၀) ကို အဲဒီမှာ အရင်ရောက်နှင့်နေတဲ့ စခန်းတာဝန်ခံ ဦးရွှေသန်းထံ အပ်နှံလိုက်ပါတယ်။

ကျွန်တော့်တာဝန် ပြီးဆုံးပြီး စခန်းအနီး ဒုရုခမြစ်ကမ်းမှာနှင့် ရွာဟောင်းက တဲပျက်ကြီးတစ်လုံးမှာ တပည့်ဝန်ထမ်းတွေနဲ့အတူ ညအိပ်တည်းခိုအနားယူလိုက်ပါတယ်။မြစ်ကမ်းဘေးမို့ ဆောင်းရာသီလေက အေးတယ်။ တဲပျက်ကြီးထဲမှာဆိုတော့ မီးလည်းလှုံလို့မရ။ ယူနီဖောင်းပေါ် ထအနွေးထည်အထပ်ထပ်ဝတ်ပြီး ဂွမ်းကောင်းကြီးနဲ့ကွေးရတော့တာပေါ့။ မြစ်ကမ်းက လေဆောင့်တိုးရင် အပိုးထဲအထိစိမ့်ပြီးအေးတာ။ တစ်ညလုံးပင်ပန်းပေမယ့် နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့မပျော်ပါဘူး။ မနက် (၃) နာရီလောက်က အပေါ်ထသွားလို့ ရဲဘက်စခန်းဘက်ကြည့်လိုက်တော့ ဖွေးဖွေးလှုပ်နေအောင် ရဲဘက်တွေပြေးကြတယ်။

မနေသာတော့။ အသင့်ပါလာတဲ့ သေနတ် မိုးပေါ် ထောင်ဖောက်ပြီး တန်ထားရတယ်။ တစ်စခန်းလုံးနီးနီးလာပြီး တန့်တားဝိုင်းဖမ်းကြတာ ရဲဘက် (၂၀) လောက်ပြန်ဖမ်းမိပြီး ရဲဘက်သစ် (၂၀) လောက်လွတ်မြောက်သွားတယ်။ ခလရ (×××) က ဗိုလ်မှူးကျော်ဝင်းလည်း ဆင်းလာပြီး ဆဲဆိုဆူပူတော့တာပေါ့။ အဲဒါကြောင့် နောက်တစ်နေ့မနက်မှာ စခန်းတာဝန်ခံ ဦးရွှေသန်းကို ရှေ့တန်း (တာဘန်) ပို့ပြီး ကျွန်တော်ကို နောက်တန်းစခန်းတာဝန်ခံအဖြစ် တာဝန်ပေးတယ်။ စခန်းသစ်ကို ခလရ (×××) တောင်ကုန်းအောက်က တောထဲမှာ တစ်လအတွင်း အပြီးဆောက်ဖို့ နေရာပေးပါတယ်။

နောက်တစ်နေ့မနက်မှစပြီး ကျွန်တော်နဲ့ဝန်ထမ်း၊ ရဲဘက်တွေတောရှင်းတော့တယ်။ အအေးပိုင်းဒေသမို့ တောက အလွန်ရှုပ်တယ်။ ကြိမ်ရုံတွေက ဆူတွေနဲ့ အလွန်ဒုက္ခပေးတယ်။ လုပ်ငန်းခွင်သုံးလက်နက်က မပြည့်စုံဘူး။ ဓားကြီးတွေနဲ့ ပေါက်ပြားလောက်သာရှိတော့ အလွန်ဒုက္ခရောက်ပါတယ်။

တစ်ခြိန်တည်း တောရှင်းငုတ်ဆော်တစ်ဖွဲ့၊ သစ်ဝါးရှာတစ်ဖွဲ့၊ အမိုးအတွက် စလွန္ဓက်ခုတ်တစ်ဖွဲ့နဲ့ ဆောလုပ်ရေးလက်သမားတစ်ဖွဲ့ (၄)ဖွဲ့ကိုဖွဲ့ပြီး ဖုတ်ပူမီးတိုက်လုပ်ကြရတယ်။ ပထမဆုံးအရေးကြီးတာက ဆူးရိုးအကာဝါးတွေကို ကျားမှောက်ကျားလှန်၊ ဆူးကြိုးနှစ်ထပ်ကာရတယ်။ တစ်ဖက်ကမ်းက ရဲဘက်စခန်းတဲစုကလည်း လုံခြုံရေးမကောင်းတော့ ဆူးရိုးဝင်းပြီးတာနဲ့ ရဲဘက်တွေကို ရွှေ့ပြောင်းပြီး ဆူးခြံ

www.burmeseclassic.com

[illegible]ဆီမှာ ယာယီတဲလေးတွေဆောက်[illegible]ထားရတယ်။ ရဲဘက်ဘားတိုက်ကြီး[illegible]ဆွေးလည်း ဆောက်ရင်းပေါ့။ ရဲဘက်[illegible]၁၀) စာနဲ့ ဝန်ထမ်း (၅၀) လောက်[illegible]အတွက် ရွာကြီးတစ်ရွာတည်ပေးရသလို[illegible]။ စားရေးသောက်ရေး၊ လုံလုံခြုံခြုံ[illegible]နေထိုင်ရေးကလည်းပါလာတယ်။တရုတ်[illegible]ကားပုံလို လူများတော့ ခွေးများတာ[illegible]ပေါ့။ ဆူးရိုးဝင်းထဲမှာ မိလ္လာစနစ်က[illegible]သည်းလုပ်ရသေးတယ်။ ဘေးပတ်လည်[illegible]ခြံခြေရေးအတွက် ဝန်ထမ်းတဲတွေ[illegible]ဆောက်ရတယ်။ အဓိကအရေးအကြီး[illegible]ဆုံး ထမင်းချက်ဖို့ကြီးကလည်း မဖြစ်[illegible]နေဆောက်ရပါသေးတယ်။

တစ်လလောက်ကြာတော့ ဒရုဇ[illegible]ရဲဘက်စခန်းဆိုပြီး ဆိုင်းဘုတ်နဲ့ဘာနဲ့၊[illegible]ဆောက်ဘားတိုက်ကြီး(၅)လုံးနဲ့ စခန်းကြီး[illegible]ဖြစ်သွားတယ်။ အဲဒီမှာ ကျွန်တော်နေတဲ့[illegible]ယာယီတဲနန်းကိုစွန့်ပြီး ရဲဘက်စခန်းကို[illegible]အပေါ်စီးကမြင်ရပြီး တောင်ကုန်းကြီးကို[illegible]နောက်ခံအကာအကွယ်ပြုထားတဲ့နေရာ[illegible]ရွှေ့ပြီး ခိုင်ခံ့တဲ့တဲကြီးဆောက်တယ်။[illegible]အပ်ခန်းပတ်လည်မှာလည်း သေနတ်[illegible]ချည်ကို ကာကွယ်နိုင်ဖို့ ကွာဆိုင်သစ်[illegible]သားတွေနဲ့ အကာအရံလုပ်တယ်။ အဲ - [illegible]ဒီပေမယ့် စိတ်မချရသေးပါဘူး။တကယ်[illegible]တမ်း KIA က လာတိုက်ရင် အနောက်[illegible]ဘက်မှာ တောင်ကုန်းကြီးခံနေလို့ ပြေး[illegible]ထမ်းပိတ်နေပါတယ်။ ဒါကြောင့် ပုန်း[illegible]ကွယ်းတူးဖို့ စိတ်ကူးမိပြန်တယ်။ ပုန်းကွယ်[illegible]းတူးတော့လည်း အနောက်ဘက်မှ ခလရ[illegible](×××) က တပ်စွဲထားတဲ့ တောင်ကုန်းနဲ့[illegible]အရှေ့ဘက်ကကားလမ်း ကြားညှပ်ခံနေ[illegible]ရဦးမှာပဲ။

ဒါကြောင့် တဲအိမ်က အနောက်[illegible]ဘက်ကတောင်ကုန်းကို လိုဏ်တူးပြီး[illegible]အနောက်ဘက်ကလျှိုထဲကို ဆင်းပြေး[illegible]နိုင်တဲ့လျှိုလမ်းကို စဉ်းစားမိတာနဲ့ အတူ[illegible]နေ ရဲဘက်မှဆိုးအဖွဲ့ ကျော်ထွားနဲ့[illegible]ဗာတောင်ကိုတိုင်ပင်ကြည့်တော့ သူတို့[illegible]ကလည်း သဘောတူတယ်။ သူတို့နှစ်[illegible]ယောက်တည်း တစ်နေ့ နည်းနည်းချင်း[illegible]လျှိုဝှက်ပြီးတူးကြမှာလေ။ ရှေ့မှာတဲအိမ်[illegible]ခံနေတော့ အနောက်ဘက်က လှုပ်ရှား[illegible]နေတာကို မမြင်နိုင်ဘူးပေါ့။ ၁၉၈၈ ခုနှစ်[illegible]အရေးအခင်ကာလမှာ KIA က ဆွမ်ပရာ[illegible]ဘွန်လမ်းတစ်လျှောက်မှာရှိတဲ့ ရဲနဲ့[illegible]စစ်တပ်ကို အပြတ်ခေမှုန်းသွားတာကို[illegible]ကျွန်တော်သိထားတယ်လေ။ ဒါကြောင့်[illegible]တိုက်ပွဲဖြစ်လာရင် လိုရမည်ရကြိုတင်[illegible]လျှိုဝှက်ပြီး စီစဉ်ထားတာပါ။ ဒရုဇစခန်း[illegible]ကလည်း အခြေကျပြီး အခိုင်အခဲ့ဖြစ်[illegible]သွားပြီလေ။ တောစခန်းဆိုပေမယ့် အတော် သပ်သပ်ရပ်ရပ် အခိုင်အခဲ့[illegible]ဆောက်ထားတာမို့ စခန်းက အတော်[illegible]သာယာခန့်သွားပါတယ်။ စခန်းအရှေ့[illegible]မှာလည်း ရိက္ခာဂိုဒေါင်တွေနဲ့ လမ်းဘေး[illegible]မှာ ထမင်းချက်ဖို့ကြီးနဲ့ ထင်းရုံတွေက[illegible]လည်း အစီအရီပေါ့လေ။

တောကြီးရှင်းလိုက်တော့ ရဲဘက်[illegible]စခန်းကြီးက ထင်ထင်ရှားရှားကြီးပေါ်[illegible]လာတယ်။ စည်းရိုးအဝင်ပူးတံခါးကြီးနဲ့[illegible]ကင်းရုံ၊ တာဝန်ကျလုံခြုံရေးဝန်ထမ်းတွေ[illegible]အရံကင်းရုံနဲ့ အတော်ဟိတ်ဟန်ကောင်း[illegible]ပြီး စနစ်ကျပါတယ်။ ရဲဘက်စခန်းကြီး[illegible]သာယာလာတော့ မနီးမဝေးမှာရှိတဲ့[illegible]ကဝဘန်နဲ့ တီယဲစွပ်ရွာတွေက ကချင်[illegible]စွေးသည်ကလေးတွေရောက်လာကြပါ[illegible]တယ်။ ဟင်းချက်စရာ အသီးအနှံ၊ ဥနဲ့[illegible]ဆေးလိပ်၊ အရက်နဲ့ ကချင်ရိုးရာစားစရာ[illegible]ကောက်ညှင်းနဲ့လုပ်တဲ့မုန့်တွေပါ။ သူတို့[illegible]ကလည်း KIA စံပိုင်တွေဖြစ်နိုင်တာမို့[illegible]ကျွန်တော်တို့ အတော်သတိထားရပါ[illegible]တယ်။ရဲဘက်တွေကလည်း အောက်ပိုင်း[illegible]ကလာကြပြီး P.P.C လို့ခေါ်တဲ့ သူတို့[illegible]အပ်ငွေတွေကိုလည်း စခန်းကြီးအထိုင်[illegible]ကျလို့ ထုတ်ပေးထားတော့ စခန်းမှာ[illegible]ငွေကပေါတယ်။ စွေးသည်ကလေးတွေ[illegible]ပါလာသမျှပစ္စည်းတွေကို အလုအယက်[illegible]ဝယ်ကြတယ်။ အရက်ကိုတော့ ရဲဘက်[illegible]တွေ မသောက်ရအောင် ကန့်သတ်ထား[illegible]တယ်။ ဝန်ထမ်းစံတွဲကတော့ အလွန်[illegible]အေးတဲ့ဒေသမို့ ခွင့်ပြုထားရပါတယ်။[illegible]အလုပ်ချိန်မှာတော့ သောက်ခွင့်မပြုပါ[illegible]ဘူး။ ငှက်ဖျားကာကွယ်ဆေးတွေကို[illegible]တော့ အပတ်စဉ် စနေနေ့ညနေ ထောင်[illegible]ပိတ်ခါနီးတိုင်း ဝန်ထမ်းနဲ့ ရဲဘက်တွေကို[illegible]တန်းစီးပြီးတိုက်ပါတယ်။

KIA ကို ကြောက်လို့ ကျွန်တော်[illegible]တို့မှာ ရိုင်ဖယ်သေနတ်တွေရှိပေမယ့်[illegible]တောမလည်ရဲပါဘူး။ မုဆိုးကျော်ထွား[illegible]က ဒေသခံပီပီ စခန်းအနီးအနားမှာ[illegible]ကြက်ထောင်၊ ငှက်ထောင်ပြီး ရှာကျွေး[illegible]ပါတယ်။ တောကြက်၊ တောကြောင်နဲ့[illegible]ရစ်ကြက်တွေရလို့ အသားကိစ္စက[illegible]ကျွန်တော့်အတွက် အဆင်ပြေပါတယ်။[illegible]ဝန်ထမ်းနဲ့ရဲဘက်တွေအတွက်ကတော့[illegible]အသားဘူးတွေပေါ့။ တစ်ခါတစ်ရံလည်း[illegible]စစ်တပ်က ဒရုဇချောင်းထဲမှာ ငါးပုံးခွဲလို့[illegible]ကျောက်ငါးကြင်းတွေ ရတတ်ပါတယ်။[illegible]အရိုးကတော့ အလွန်များတယ်။ တော[illegible]ထဲတောင်ထဲနေရတော့ ဋ္ဌရင်ကောက်[illegible]ညှင်နဲ့ တောကင်ပွန်းချဉ်ရွက် ဟင်းချို[illegible]ရွက်၊ ကင်မလင်းရွက်၊ မွှေးအမျိုးမျိုး[illegible]အမျိုးမျိုး၊ တောတညင်းသီး ပိန်းသီး[illegible]မက်လင်ချဉ်သီးတွေလည်း ရတတ်ပါ[illegible]တယ်။အရင်က တောင်ယာတောင်တွေ[illegible]ရှိခဲ့လို့ ငရုတ်သီး၊ ပိန်းဥ၊ မွှေးတွဲနဲ့ ဆေး[illegible]ရွက်ကြီးပင်တွေလည်း ရှာရင်ရနိုင်ပါ[illegible]တယ်။

❑

ကျွန်တော့်တဲအနောက်က ဥမင်လိုဏ်ခေါင်းကထွက်တဲ့ မြေစာတွေကို ရေစီးမြောင်းတူးတဲ့သဘောနဲ့ လျှိုထဲကို စွန့်ပစ်ပါတယ်။ ဥမင်အဝကိုလည်း နွယ်ချဲတွေနဲ့ ကာကွယ်ထားပါတယ်။ တစ်နေ့ နည်းနည်းချင်းတူးတာမို့ မသိသာပါဘူး။ အဲ - တစ်နေ့တော့ ကျွန်တော် နေ့လယ်စာစားနေတုန်း မုဆိုးကျော်ထွားကပြောလာတယ်။

"ဆရာ၊ ကျွန်တော်နဲ့ ဂျာတောင် ဥမင်တူးနေတာ ဟိုတစ်ဖက်ကိုပေါက်ခါနီးပြီနဲ့တူတယ်။ လိုဏ်ခေါင်းက ပေ(၂၀) ကျော်သွားတော့ လိုဏ်သံကြားရတယ်။ တစ်ဖက်မှာ လိုဏ်ဂူရှိသလိုပဲ။ ဆရာလည်းဝင်မကြည့်တာ နှစ်ရက် သုံးရက်ရှိပြီ။ ထမင်းစားပြီးရင် ဝင်ကြည့်ပါဦးနော် ဆရာ"

"အေး၊ အေး - ငါလည်း အလုပ်များနေတာနဲ့ လိုဏ်ထဲဝင်မကြည့်ဖြစ်တာကြာပြီ။ ဒီနေ့ကြည့်ကြတာပေါ့။ မီးအိမ်အပြင် လက်နှိပ်ဓာတ်မီးပါဆောင်ထား။ လိုရမည်ရ ဓားရှည်ကလေးဘာလေးလဲရှာထား။ တော်ကြာ လိုဏ်ခေါင်းတဲက တွင်းအောင်းမြွေကြီးတွေနဲ့တွေ့နေဦးမယ်"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် အသင့်လုပ်ထားပါ့မယ်"

ကျွန်တော်နေ့လယ်စာစားပြီးတော့ တဲအိမ်အနောက်မှ ဥမင်လိုဏ်ခေါင်းထဲ ဝင်ကြတယ်။ လိုဏ်အဝမှာ လေးဖက်ထောက်ဝင်ရတဲ့ အဝကျဉ်းဖြစ်သော်လည်း အတွင်း (၆) ပေခန့်ရောက်တော့ မတ်တပ်ရပ်သွားနိုင်အောင်ကျယ်ဝန်းပါတယ်။ ပေ (၁၅) ခန့်အရောက် လူလေး၊ ငါးဦးစုဝေးနေထိုင်နိုင်တဲ့ (၁၀) ပေပတ်လည်အခန်း ဖြစ်နေပါတယ်။ ပေ (၂၀) ကျော်ခန့်မှာ တူးလက်စရပ်နေပါတယ်။ ကျွန်တော် အနီးကပေါက်ပြားနဲ့ထုကြည့်တော့ လိုဏ်သံကြားရတယ်။ တစ်ဖက်မှာ မြေလိုဏ်ခန်းရှိနေတာ အသေအချာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အေးကွ၊တစ်ဖက်မှာမြေအောက်လိုဏ်ဂူရှိနေတာသေချာတယ်။ ဒီနေရာက ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်နဲ့ ဂျပန်စစ်ပွဲအကြီးအကျယ်ဖြစ်ခဲ့တဲ့နေရာတွေပဲ။ ဆွမ်ပရာဘွန်လမ်းဆိုတာက အင်္ဂလိပ်တွေ ဂျပန်တိုက်လို့ အိန္ဒိယပြန်ဘက်ဆုတ်ပြေးတဲ့ ဗျူဟာလမ်းပဲ။ ဒါကြောင့် တစ်ဖက်က ဥမင်ဂူဟာ ဂျပန်လက်နက်တိုက်လား၊ အင်္ဂလိပ်တွေဌက်ခဲ့တဲ့လက်နက်တိုက်လား။ ကံကောင်းရင်တော့ ရတနာသိုက်တစ်ခုလည်းဖြစ်ရင်ဖြစ်နိုင်တယ်။ သတိထားပြီးတူးကြတာပေါ့"

အဲဒီနေ့က ကျွန်တော်တို့ ဆရာတပည့် (၃) ဦး ဥမင်လိုဏ်ထဲဝင်ကြပြီး လေ့လာ ဆန်းစစ်ကြပါတယ်။ ဥမင်ဂူအတွင်းမြေသားမှာ အနက်ရောင်ဖြစ်တယ်။ မီးအိမ်၊ လက်နှိပ်ဓာတ်မီးအလင်းရောင်နဲ့ အတွင်းမြေသားမှ ပိုးစုန်းကြူးများ အုပ်လိုက်မြူးသလိုတလက်လက်ရောင်ပြန်ထနေပါတယ်။ ဆွမ်ပရာဘွန် (မြန်မာပြည်မြောက်ပိုင်း)မှ မြေများမှာ ရွှေမှုန်များပါဝင်တဲ့မြေများ ဖြစ်ကြပါတယ်။ ဘယ်နေရာမဆို မြေကြီးကို ရေဖျော်ပြီး ရွှေကျင်ရင် အနည်းနဲ့အများရတတ်ပါတယ်။ ဒရုခချောင်းကမ်းစပ်မှာ ဒေသခံများ ရွှေကျင်ထားတဲ့ တွင်းချိုင့်များကို အများအပြားတွေ့ရမှာဖြစ်ပါတယ်။ အခုလက်ရှိလည်း ထားဝယ်မိသားစုများ တဲထိုးပြီး နေရာရွှေ့ပြောင်းရွှေကျင်နေကြရာ တစ်နေ့ မိသားစုတစ်စုရွှေကြီးလေးငါးရွှေးခန့်ရတတ်ပါတယ်။ အချို့နေရာများမှာ ကျွန်တော်တို့ ရေချိုးဆင်းရင်း လက်သည်းခွံခန့် ရွှေပြားလေးများကို ရတတ်ပါသေးတယ်။

ဦးစွာ တစ်ဖက်နံရံ မြေသားအားတူးရွှင်းနဲ့ အပေါက်ဖောက်ရာ တစ်ပေခန့်တူးမိတော့ အခေါင်းပေါက်ကြီးဖြစ်သွားတယ်။ တစ်ဖက်မှာ မြေတိုက်အခန်းပဲ ဖြစ်ပါတယ်။ တဖြည်းဖြည်း အပေါက်ချဲ့ပြီးတူးရာ လျှို့ဝှက်မြေတိုက်ခန်းတစ်ခုပေါ်လာပါတယ်။ နှစ်ချို့မြေတိုက်ခန်းဖြစ်လို့ အလွန်သတိထားပြီးတူးကြရပါတယ်။ လူတစ်ကိုယ်စာဝင်ပေါက်ရလို့ အခန်းထဲကိုမီးထိုးကြည့်တော့ ကျည်ဆန်သေတ္တာသုံးလုံးကို အောက်မှာ (၂) လုံး၊ အပေါ်မှာ (၂) လုံးဆင့်ထပ်ထားသည်ကို တွေ့ရပါတယ်။ သေတ္တာများအနီးမှာလည်း လူအရိုးစုများနဲ့ ရိုင်ဖယ်သေနတ်များ ထောင်ထားတာကို တွေ့ရတယ်။ အတွင်းကထွက်လာတဲ့အနံ့က အောက်သိုးသိုးအနံ့ဖြစ်နေလို့ ကျွန်တော်တို့ ခဏနားပြီး အပြင်ထွက်လေရူကြရပါသေးတယ်။ အပြင်မှာ နေလယ်နေ့ခင်းဖြစ်လို့ ရဲဘက်စခန်းအတွင်းမှာလည်း လူရှင်းနေပြီး လုပ်ငန်းခွင်က ပြန်မလာကြသေးပါ။ အချိန်က မွန်းလွဲ (၂) နာရီခန့်သာရှိပါသေးတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆရာတပည့် တဲအတွင်းခေတ္တအနားယူကြပြီး အခြေအနေအေးဆေးတာနဲ့ ဥမင်ထဲပြန်ဝင်ကြပါတယ်။

ဒီတစ်ခါမှာတော့ မီးခိုးညှော်နံ့ရတဲ့မီးအိမ်ကို မီးငြိမ်းလိုက်ပြီး လက်နှိပ်ဓာတ်မီးကိုသာသုံးပါတယ်။ ထိုအခါမှ အသက်ရှူချောင်သွားပါတော့တယ်။ ဝင်ပေါက်အားချဲ့ပြီး မြေအောက်ခန်းအတွင်း ဝါးလုံးနဲ့မွှေနှောက်ထိုးကြည့်ရာ ထင်တဲ့အတိုင်း ကင်းများနဲ့မြွေများရှိနေတာကို တွေ့ရတယ်။ အဲဒီမှာ နှစ်ချို့မြေတိုက်ခန်းများရဲ့ သဘောသဘာဝပဲ ဖြစ်ပါတယ်။

"ဆရာ၊ အပြင်ခဏထွက်နေပါ။ ကျွန်တော်နဲ့ ဂျာတောင် အထဲက အကောင်တွေကိုရှင်းလိုက်မယ်"

"ကျော်ထွားရေ၊ မီးရှို့လို့တော့ မရဘူးနော်။ ကမ္ဘာစစ်လက်ကျန်ခဲယမ်းမီးကျောက်တွေက အခုအချိန်အထိ အသက်ဝင်နေတုန်းပဲနော်"

"စိတ်ချပါဆရာ၊ ကျွန်တော်ကြည့်ပြီးစီစဉ်ပါ့မယ်"

ဒါကြောင့် ကျွန်တော်အပြင်ထွက်ပြီး တဲစခန်းအတွင်း ရေနွေးကြမ်းသောက်ရင်း အနားယူရပါတယ်။ အပြင်ရောက်မှ အသက်ရှူဝတော့တယ်။ နာရီဝက်ခန့်ကြာတော့ ဂျာတောင် ကျည်ဆန်သေတ္တာ(၁)လုံးထမ်းပြီးထွက်လာတယ်။ ပတ္တာနဲ့ ကြေးသော့ခလောက်မှာ မပျက်စီးသေး။ မြေတိုက်ခန်းအစိုဓာတ်ကြောင့် သံချေးတော့ကိုက်နေပါတယ်။ကျွန်တော်တို့ သံတူးရွင်းနဲ့ ကြေးသော့အား ရိုက်ဖြုတ်ပြီး ကလော်ဖွင့်တော့ အထဲမှာ ဆွေးမြည့်နေတဲ့ ကတ္တီပါစဖုံးလွှမ်းထားသော ရွှေချောင်းများဖြစ်နေပါတယ်။ သရဖူတံဆိပ်နဲ့ အရည်ဝင်းလဲ့နေတဲ့ လေးအောင်စခန့် ရွှေချောင်းရေ(၅၁)ခန့် ပါပါတယ်။

"ဒါကဘယ်သေတ္တာလဲဂျာတောင်"

"အပေါ်ဆုံးသေတ္တာပါ ဆရာ။ ဒါကြောင့် မပျက်စီးတာ။ အောက်ကသေတ္တာ (၂) လုံးကတော့ မြေကြီးထဲကျွံဝင်နေလို့ ကိုကျော်ထွား ချိတ်နဲ့ချိတ်ယူတာမရဘူး။ အထဲဝင်ယူဖို့လုပ်နေတယ်"

"အထဲမှာ အကောင်ပလောင်တွေနဲ့ကွာ၊ တော်ကြာအန္တရာယ်ဖြစ်နေပါဦးမယ်"

"စိတ်ချပါဆရာ၊ ကိုကျော်ထွားကဆေးဆရာမုဆိုးပါ။ သူကျွမ်းပါတယ်"

(၁၅) မိနစ်ခန့်ကြာတော့ မုဆိုးကျော်ထွားထွက်လာပါတယ်။ သူလက်မှာ လက်နှိပ်ဓာတ်မီးတစ်လက်နဲ့ ဂျပန်ကင်ဒိုဓားနှစ်လက်သာပါလာပါတယ်။

"ဆရာ၊ အောက်ကသေတ္တာ(၂)လုံးကဆွေးနေပြီ ဆရာ။ မြေကြီးကိုတော့ နေလို့ အတော်ဘူးယူမှရမယ်။ ကျွန်တော် အဖုံးဖွင့်ကြည့်တော့ တစ်လုံးက ကျည်ဆန်သေတ္တာ၊ တစ်လုံးက လက်ပစ်ဗုံးတွေဆရာ။ ထောင်ထားတဲ့ကင်ဒိုဓားတွေနဲ့ ရိုင်ဖယ်သေနတ်တွေက ဂျပန်ရိုင်ဖယ်တွေမို့ ဂျပန်တွေပဲဖြစ်လိမ့်မယ်ထင်တယ်ဆရာ။ အရိုးစုတွေကလည်း အရပ်ပုပုံရတယ်၊ လိုက်ကြည့်ပါဦးဆရာ၊ ကျွန်တော် ကင်ဒိုဓား(၂)လက်တော့ယူလာခဲ့တယ်"

"မြွေတွေကင်းတွေနဲ့ မင်းဘယ်လိုယူလာခဲ့တာလဲ"

"အသံတိတ်စနစ်ပေါ့ ဆရာရဲ့၊ ကျွန်တော်က ဆေးဆရာမုဆိုးပါ။ တွင်းပါတယ် ဆရာ"

"အေးပါ ကျော်ထွားရယ်၊ မင်းမြင်ခဲ့ရင်ပြီးတာပဲ။ လိုက်မကြည့်တော့ဘူး။ အန္တရာယ်များပါတယ်။ ကဲ-အဲဒီတော့ ဒီရွှေချောင်းသေတ္တာကို (၃) ခုပြီး (၁)ပုံစီခွဲဝေယူကြတာပေါ့"

"မဟုတ်ပါဘူး ဆရာရယ်၊ တွေတော်တို့မယူပါဘူး၊ ဆရာပဲယူပါ။ ဒီကျွန်တော်တို့က ကင်ဒိုဓားတစ်လက်ရပြီပဲ။ နောက်ပြီးတော့ ကျွန်တော်တို့အကျဉ်းသားရဲဘက်တွေ၊ လေး၊ ငါးနှစ်ဒီစခန်းမှာနေရဦးမှာ။ ဆရာကအခုချိန်မရွေး အိမ်ပြန်နိုင်ပါတယ်ဘာလုပ်မလဲဆရာရယ်၊ ဒီမှာ အသုံးအန္တရာယ်များလှပါတယ်။ ရန်ကုန်ပြန်သူဌေးလုပ်၊ ဇိမ်နဲ့နေစမ်းပါ"

ဒါကြောင့် ကျွန်တော် အလုပ်ထွက်ခဲ့ပြီး ရန်ကုန်ပြန်ခဲ့ပါကြောင်း ရဲဘက်တပည့်များ ကောင်းမွန်ကြောင်း မတောင့်မတမကြောင့်ကြရဘဲ အေးဆေးစွာနေနိုင်ခြင်းဖြစ်ပါကြောင်းဝန်ခံလိုက်ပါသည်။

ထောင်မှုးကြီး



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနှင်း)

# ပျိုမေများအသားအရေလှပစိုပြည်စေရန် ရှောင်သင့်၊ ဆောင်သင့်သည့် လှုပ်ရှားချက်များ

ကမ္ဘာပေါ်တွင် လူအမျိုးမျိုး အသီးသီး တိုင်းနိုင်ငံအစုံရှိကြရာတွင် အသားအရောင်ကွဲပြားမှုတို့လည်းရှိကြပါသော်လည်း အသားရောင်ဖြူသည်၊ ညိုသည်၊ ဝါသည်ဖြစ်စေ အသားအရောင်မရွေး လူတိုင်းလက်ခံထားသည့် စံနှုန်းတစ်ခုမှာ 'အသားအရေစိုပြည်ချောမွေ့ခြင်း' ဆိုသည့် ဂုဏ်အင်္ဂါတစ်ခုသည် အလှကမ္ဘာ၏ တော်ဝင်စံသတ်မှတ်ချက်တစ်ခုအဖြစ် ထင်ရှားလှပါသည်။

အသားဖြူသော်လည်း အသားရောင်ကြောက်သွေ့၍ ညစ်နွမ်းကြမ်းတမ်းနေလျှင် ခန္ဓာကိုယ်အချိုးအဆစ်လှနေပါသော်လည်း တစ်ခုခုလိုနေသလို ပြီးပြည့်စုံသည့်အလှတရားကို မသိမ်းပိုက်နိုင်ပါ။

ထို့ကြောင့် လှပခြင်းကိုမြတ်နိုးကြတုန်သော ပျိုမေများသည် မိမိတို့၏ မျက်နှာနှင့် အသားအရေလှပစိုပြည်ရွှန်းစေရန် အလှပြင်ပစ္စည်း ကော့(စ်)မက်တစ်များ၊ ဓာတုဗြပ်ပေါင်း ဖော်မြူလာများနှင့် ဖော်စပ်ထုတ်လုပ်ထားသော အသားရေထိန်းအလှပစ္စည်းများကိုချည်းကပ်းမနေကြဘဲ မိမိတို့၏ပတ်ဝန်းကျင်တွင် နေ့စဉ်တွေ့မြင်နေရပြီး အလွယ်တကူရှာဖွေယူငင်၍အသုံးပြုနိုင်ကြသည့် သဘာဝပစ္စည်းဩဇာနှစ်အပင်ထွက်သီးနှံများကိုသာသုံးစွဲ၍ ပျိုမေတို့၏ မျက်နှာနှင့်အသားအရေကို မိမိတို့ကိုယ်တိုင် စိတ်တိုင်းကျပြုပြင်ထိန်းသိမ်းနိုင်ကြမည့် နည်းစနစ်များကို အဓိကထားတင်ပြပေးပါမည်။

ထိုသို့ ပျိုမေများ မျက်နှာနှင့် အသားအရေကို သဘာဝနည်းကျထိန်းသိမ်းကြမည်ဆိုလျှင် ပထမဦးစွာ ပျိုမေများ၏ခန္ဓာကိုယ်တွင်း ကိုယ်တွင်းရောင်ရမ်းမှု (Inflammation) ကိုမဖြစ်ပေါ်စေရန် အထူးဂရုပြုရမည်ဖြစ်ပါသည်။

အကြောင်းမှာ လူ့ခန္ဓာကိုယ်တွင် ကိုယ်တွင်းရောင်ရမ်းမှု (Inflammation) အစပြုလာခဲ့ပြီဆိုလျှင် နှုံးဦးစွာ မျက်နှာပြင်တွင် ပြောင်းလဲမှုများ စတင်လာပါသည်။

အထူးသဖြင့် မျက်နှာအစ်လာခြင်း၊ မျက်ခွံမို့လာခြင်း၊ မျက်ကွင်းညိုလာခြင်း၊ ဝက်ခြံ၊ အဖုအပိမ့်၊ မွဲခြောက်၊ တင်းတိပ်ထွက်ခြင်း၊ ချွေးပေါက်များပိတ်၍ အသားအရေခြောက်သွေ့လာခြင်း၊ ကိုယ်သားကိုယ်ရေအေးမြမှုမရှိခြင်းတို့နှင့်အတူ မီးယပ်သွေးမမှန်ခြင်း၊ မီးယပ်ဖြူအဆင်းများခြင်း၊ ဆီး၊ ဝမ်း၊ သွေး၊ လေတို့ မှုတမှုမရှိ ချို့ယွင်းမှုများဖြစ်ပေါ်လာခြင်း စသည့် အကြောင်းအချက်များဖြစ်ပေါ်လာပြီး

မှန်ကန်သင့်လျော်သည့်နည်းလမ်းများဖြင့် ကိုယ်တွင်းရောင်ရမ်းမှုကိုမလျှော့ချနိုင်ခဲ့ကြလျှင် ရောဂါဝေဒနာစွဲကပ်လာသည့်အဆင့်ကို ကူးပြောင်းလာနိုင်ပါသည်။

ထိုသို့ ကိုယ်တွင်းရောင်ရမ်းမှုကို အားပေး လှုံ့ဆော်စေတတ်သည့် အစာအာဟာရများကို ရှောင်ကြဉ်ရန် အထူးလိုအပ်ပါသည်။

**ကိုယ်တွင်းရောင်ရမ်းမှုကို ဖြစ်ပေါ် အားပေးစေသည့် ရှောင်ရမည့် အစားအစာများမှာ -**

၁။ ပြည့်ဝတဲ့ ဖက်တီးအက်စစ် (Fatty Acid) ဓာတ် အများဆုံး ပါဝင်ဖွဲ့စည်းထားသော အမဲဆီ၊ ဝက်ဆီ၊ မလိုင်၊ ထောပတ် စသည့် တိရစ္ဆာန်ထွက်အဆီများနှင့် အုန်းဆီများ၊ သာမန်အခန်းအပူချိန်တွင် ဒီအတိုင်းထားလိုက်လျှင်ပင်ခဲသွားစေသည့်အဆီများသည် ပြည့်ဝဆီများဖြစ်ပြီး ရောင်ရမ်းမှုကို ပိုဆိုးစေ၍ ရှောင်ကြဉ်ရပါမည်။

၂။ ဖက်တီးအက်စစ်ဓာတ်များတဲ့ ပြည့်ဝဆီတွေကိုရှောင်ပြီး 'မပြည့်ဝတဲ့ဆီ' တွေကို ရွေးချယ်စားသောက်ပါသော်လည်း ထို 'မပြည့်ဝဆီ'များသည် အဖုံးဖွင့်ထားတာကြာ၍ လေသလင်းမှုများခြင်း၊ အပူရှိန်များသည့်နေရာတွင်ထားမိခြင်း၊ နေရောင် ထိုးမှုများခြင်း စသည့် အခြေအနေများကြောင့် Oxidized ဖြစ်၍ ဓာတ်ပျက်သွားစေပြီး ၎င်းဆီကိုစားသုံးမိခဲ့လျှင်လည်း ရောင်ရမ်းမှုကိုအားပေးတဲ့ (Pro-inflammatory) အာနိသင်ရှိကြ၍ ရှောင်ကြဉ်ရပါမည်။

၃။ အသားကင်များ၊ ယင်းစိမ်းနှင့် ပြုပြင်ထားသော ဝက်အူချောင်း၊ အမဲသားခြောက်၊ ငါးခြောက် စသည်တို့ကို သတိပြုရှောင်ကြဉ်ပါ။

၄။ အချိုဓာတ်ဩဇာကြားများစွာပါဝင်သော အစားအသောက်များနှင့် အသင့်စား Ready made အစားအစာများကိုရှောင်ပါ။

၅။ မျှစ်ချဉ်၊ ပုစွန်ချဉ်၊ ငါးချဉ်၊ တညင်းသီး၊ ဆူးပုပ်ရွက်၊ ငါးပိကောင်၊ ဒူးရင်းသီး စသည်တို့ကိုရှောင်ပါ။

၆။ အရက်၊ ဘီယာနှင့် ကဖင်းဓာတ်များများပါဝင်သော အချိုရည်များသောက်သုံးခြင်းတို့ကို ရှောင်ကြဉ်ရပါမည်။

၇။ စည်သွတ်ဘူးများတာရှည်ခံအောင် မို့သတ်ဆေးသွင်းထားသော အစားအစာများကိုရှောင်ပါ။

၈။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဓာတ်ကြွင်း များပြားစွာပါဝင်နေသော သီးနှံများကိုရှောင်ပါ။

၉။ ဆေးတို့၍ အမှည့်ခံထားသည့် အသီးများကိုရှောင်ပါ။

(သဘာဝအတိုင်း ရင့်မှည့်ခြင်းမဟုတ်သည့် သစ်သီးများ စသည်တို့ကို ပျိုမေများ အထူးရှောင်ရှားသင့်သည့် အစားအစာများဖြစ်ပါသည်။)

**ရောင်ရမ်းမှုကို တားဆီးလျှော့ချပေးနိုင်သည့် သဘာဝထွက်အစားစာများ**

အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ သဘာဝက ဖန်တီးလက်ဆောင်ပေးထားသည့် ရောင်ရမ်းမှုကို လျှော့ချတားဆီးပေးနိုင်သည့် (Anti-inflammatory property) အာနိသင်ဓာတ်ပေါ်ကြွယ်ဝတဲ့ အစားအစာများကို ဂရုပြုစားသောက်ပေးကြမည်ဆိုပါလျှင် သဘာဝကဖန်တီးပေးထားသည့် ရောင်ရမ်းမှုကို တားဆီး လျှော့ချပေးနိုင်တဲ့ အစားအစာတွေဟာ ဆေးအဖြစ်သက်ရောက်မှုရှိရုံသာမက အရသာလည်းရှိပြီး ခန္ဓာကိုယ်အတွက် လိုအပ်နေတဲ့ ဗီတာမင်နှင့် သတ္တုဓာတ်တွေလည်းများစွာပါဝင်နေကြပါသည်။

ဂုဏ်တို့မှာ -



www.burmeseclassic.com

www.burmeseclassic.com

၁။ အမျှင်ဓာတ်ကြွယ်ဝသည့်သီးနှံများဖြစ်ကြသော လတ်ဆတ်သည့် သစ်သီးဝလံများ -

ဥပမာ - သစ်ငှော်သီး၊ ပန်းသီး၊ ငှက်ပျောသီး၊ သရက်သီး၊ မာလကာသီး၊ သံပရာသီး၊ ကွဲကောသီး၊ လိမ္မော်သီး စသည်များ၊

ဟင်းသီးဟင်းရွက်များ ကညွတ်၊ ပန်းမုန်လာ၊ မုန်ညင်း၊ ဟင်းနုနယ်၊ ပြောင်းဖူး၊ ခဲယဉ်ရွက်၊ ပဲသီးမျိုးစုံ၊ မုန်လာဥ၊ ခရမ်းသီး စသည့် သီးနှံများ၊ (ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေး၊ ဓာတ်ကြွင်းကင်းသည့်သီးနှံဖြစ်ဖို့တော့ လိုအပ်ပါသည်။)

သစ်သီးခြောက်များဖြစ်ကြသည့် တရုတ်ဆီးသီးခြောက်၊ စပျစ်သီးခြောက်၊ စွန်ပလွံသီးခြောက်၊ ကဲတွတ်သီးယို၊ သရက်သီးခြောက် ၊ မရန်းသီးခြောက် စသည်တို့သည် အမျှင်ဓာတ်ပေါကြွယ်ဝပြီး ရောင်ရမ်းမှုကို လျော့ချတားဆီးပေးနိုင်ပါသည်။

၂။ မပြည့်ဝဆီပါဝင်မှုရာနှုန်းများကြသည့် သံလွင်ဆီ၊ မြေပဲဆီ၊ နှမ်းဆီ၊ ပြောင်းဆီ၊ ပဲပုပ်ဆီ၊ နေကြာဆီ၊ ဆူးပန်းဆီ၊ ချဉ်ပေါင်စေ့ဆီ စသည့် လတ်ဆတ်ပြီး အရည်အသွေးကို ထိန်းသိမ်းထားသည့် ဆီကောင်း၊ ဓာတ်မပျက်သေးသည့်ဆီတို့ကိုသာ စားသုံးပါ။

၃။ ဗီတာမင်စီဓာတ်များစွာပါဝင်သောသစ်သီးဝလံများမှာ အင်တီအောက်ဆီးဒင့်အာနိသင်ရှိသည့် ဗီတာမင်ဓာတ်ဖြစ်သောကြောင့် ရောင်ရမ်းခြင်းကို ထိန်းသိမ်းပေးနိုင်စွမ်းအာနိသင်များစွာပါဝင်နေကြသည်။

မာလကာသီး၊ တရုတ်နံနံ၊ ပန်းဂေါ်ဖီစိမ်း၊ ငရုတ်သီးစိမ်း၊ သံပယိုသီး၊ ဂေါ်ဖီထုပ် (အနီရောင်)၊ လိမ္မော်သီး၊ ဆီးဖြူသီး၊ လိုင်ခွီး၊ သရက်သီးစိမ်း၊ နာနတ်သီး၊ သလဲသီး၊ ငွေးသီး စသည် သစ်သီးဝလံများကို စားသုံးပေးရမည်။

၄။ ပင်လယ်ရေမှော်၊ ကျောက်မှင့်၊ ငါးသေတ္တာငါး၊ ငါးကွမ်းရှပ်၊ ငါးပါးနီ စသည်တို့သည် ရောင်ရမ်းမှုကို လျော့ချပေးနိုင်သည့် အစားအစာများ ဖြစ်ပါသည်။

၅။ နနွင်း၊ ချင်း၊ ကြက်သွန်ဖြူ၊ ငရုတ်ကောင်း၊ နံနံစေ့၊ ဇီရာ၊ ပျဉ်းတော်သိမ်ရွက်၊ ပူဒိနာ စသည့်ဟင်းခတ်အမွှေးအကြိုင်များသည်လည်း အာနိသင်ထက်ကြပါသည်။

၆။ ရေနွေးကြမ်းတွင် ဖလေဖိုရိုက်ဓာတ်ပါဝင်နေသောကြောင့် ရောင်ရမ်းမှုကို လျော့နည်းစေပြီး နှလုံးရောဂါနှင့် ကင်ဆာဖြစ်နိုင်တဲ့ ဓာတ်တွေကိုလည်း လျော့ချနိုင်ကြောင်း သုတေသနတွေ့ရှိထားပြီးဖြစ်၍ ရေနွေးကြမ်းကို နေ့စဉ် (၇) ခွက်၊ (၈) ခွက်ခန့် သောက်သုံးသင့်ပါသည်။

ထို့အတူ မြန်မာများအကြိုက်လက်ဖက်အသားကိုသုပ်စားခြင်းကလည်း အလားတူအကျိုးများကိုရစေပါသည်။

သို့သော် ပျိုမေများ မီးယပ်သွေးသားဖြစ်ခါနီး (၇) ရက်အလိုနှင့် သွေးသားပေါ်နေစဉ်အတွင်းမှာတော့ လက်ဖက်စားသုံးခြင်းကိုခေတ္တရှောင်ထားလျှင် ပို၍သင့်တော်ပါသည်။ လက်ဖက်တွင်ပါဝင်သည့်အဖန်ဓာတ်က သွေးသားကိုချပ်စေသည့် သတ္တိရှိသောကြောင့်ဖြစ်ပါသည်။

၇။ သဘော်သီးတွင် ပါပိန်း (Papain) ဓာတ်ပါဝင်နေလျှင် ပရိုတင်းဓာတ်ကို ခြေဖျက်ပေးနိုင်သည့် အင်းဇိုင်းမျိုးဖြစ်ပါသည်။ ဗီတာမင်စီ၊ ဗီတာမင်အီး ဓာတ်တို့လည်း ပါဝင်နေပါသေးသည်။

ထို့ကြောင့် ပါပိန်းဓာတ်သည် ရောင်ရမ်းမှုကို လျော့ချပေးနိုင်ပြီး အစာချေစနစ်ကို ကောင်းမွန်စေသောကြောင့်ဆီး၊ ဝမ်းမှန်ကန်မှုတိုလည်း အကျိုးပြုပြီး အသားအရေကို ကြည်လင်တောက်ပစေသည့်ရောင်ခြည်ဓာတ်ကလည်း ဖြည့်စွက်ထားပါသေးသည်။

သဘော်သီးကဲ့သို့ အကျိုးပြုစေသည့်အသီးတစ်မျိုးမှာ နာနတ်သီးဖြစ်ပါသည်။ နာနတ်သီးမှာ ဘရိုမီလိန်း (Bromelain) အင်ဇိုင်းဓာတ်ပါဝင်နေ၍ အစာခြေစနစ်ကိုအားပေးပြီး အဆစ်ရောင်၊ လေးဖက်နာရောဂါများနှင့်အခြားရောင်ရမ်းမှုတို့ကို လျော့ချပေးနိုင်စွမ်းရှိပါသည်။

၈။ စတော်ဘယ်ရီ၊ ဘလူးဘယ်ရီ၊ ခရန်ဘယ်ရီ၊ ရက်(စ်)ဘယ်ရီ၊ ဘလက်ဘယ်ရီ စသည် ဘယ်ရီသီးအုပ်စုဝင်တို့သည် အင်တီအောက်ဆီဒင့်ဓာတ် ပေါများကြွယ်ဝကြ၍ ကင်ဆာရောဂါကာကွယ်ခြင်းနှင့် ရောင်ရမ်းမှုတို့ကို လျော့ချနိုင်သည့် အစွမ်းသတ္တိပြည့်စုံကြသဖြင့် စားသောက်ပေးရပေမည်။

၉။ သံလွင်ဆီကို စပိန်တို့က ကျန်းမာ၍ အသက်ရှည်စေသည့် ဆေးအဖြစ် သတ်မှတ်ထားကြပါသည်။ သံလွင်ဆီမှာ ပေါ်လီဖီနောလ်(စ်)ဓာတ် ပါဝင်ပြီး နှလုံးနှင့်သွေးကြောများအတွင်း ရောင်ရမ်းမှုကို ကာကွယ်ပေးနိုင်ပြီး အန်ဆက်ကျူးရေးတစ်အက်စစ်ဓာတ် ပါဝင်နေ၍ လေးဖက်နာအဆစ်ရောင်ခြင်းကိုလည်း လျော့ချစေနိုင်ပါသည်။

၁၀။ ရောင်ရမ်းမှုကို လျော့ချပေးနိုင်သည့် ထိပ်တန်းအစားအစာများတွင် ဂေါ်ဖီပန်းအစိမ်းကလည်း အစွမ်းထက်ပါသည်။ ၎င်းတွင် ဆဲလ်ဖိုရာဖိန်းဓာတ်က ကင်ဆာကိုဖြစ်စေနိုင်သည့်ဓာတ်များကို ခြေဖျက်ပေးနိုင်သည့်အစွမ်းရှိသည်။

ပန်းဂေါ်ဖီစိမ်းကိုစားပေးခြင်းဖြင့် ကိုယ်တွင်းအဆိပ်ဓာတ်တွေကိုခြေဖျက်ပေးပြီး ရောင်ရမ်းမှုကိုလျော့ကျသွားစေပါသည်။

ယခုဖော်ပြပါ သစ်သီးဝလံအသီးအနှံများသည် ပျိုမေတို့မျက်နှာပြင်နှင့် ခန္ဓာကိုယ်အသားအရေရိုပြည်နုပျိုစေပြီး ကျန်းမာကျစ်လျစ်သည့် အလှတရားများကို အစွမ်းကုန် ဖော်ထုတ်ပေးစေသည့် အစွမ်းထက် အစားအစာ သစ်သီးဝလံများ ဖြစ်ပါသည်။

အထက်ဖော်ပြပါ (၁၀) မျိုးတို့ကို မိမိတို့နှင့် အဆင်ပြေ အလှမ်းမီသည့် အစားအစာများကို အထူးဂရုပြု စားသောက်ပေးမည်ဆိုလျှင် လွန်စွာ အကျိုးများလှပါသည်ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ယခု နောက်ဆုံးပိတ်လက်ဆောင် အနေဖြင့် ပျိုမေများအတွက် အသားအရေလှပစေရန် အကောင်းဆုံး မိုးရာတိုင်းရင်းဆေးနည်းတစ်ခုကို ဖော်ပြပေးလိုက်ပါသည်။

အဲဒါကတော့ -

၁။ နနွင်းစစ်စစ်အမှုန့် (၁၀) ကျပ်သား

၂။ ချင်းခြောက်အမှုန့် (၁) ကျပ်သား

၃။ ဗျားရည်စစ်စစ် (၅၀) ကျပ်သား

ဤ(၃)မျိုးကို သေချာသာမှတသွားအောင်ဖော်စပ်၍ နေ့နှင့် (၁) ရက်လှူးပါ။ (ချက်ပါ)။ ပြီးလျှင် လေးစွာထားပြီး နံနက်၊ ည စားပွဲဖွန်း(၁)ခွက်ရေကျက်အေးဖြင့် ပုံမှန်သောက်ပေးသွားပါက ပျိုမေများ ရွှေသားရုပ်သွင်နှိုင်းယှဉ်သည့် အလှတရားများကို ပိုင်ဆိုင်နိုင်ကြပြီး သွေးသားမှန်ကန်၍ -

ရေကြည်သောက်လျှင် မြင်းမလောက်ပင် ဆိုသည့် မင်းဂံဘုတ်ရွာသီချင်းစာသားထဲကလို လှပဝေးကြာနိုင်ကြပါစေ။

ဦးမင်းလင်း(ရွှေနဝင်း)

www.burmeseclassic.com

www.burmeseclassic.com

# မင်းရှိန်အောင်

## မိန်တပေါင်းဂါဝေသဂုဏ်ရည်များ

မိန်တပေါင်း ဆိုသည်မှာ တခြားမဟုတ်။ မိန်ရာသီခေါ် တပေါင်းလကို ရည်ညွှန်းခြင်းပင် ဖြစ်ပါသည်။ ပြက္ခဒိန်တစ်နှစ်တာကာလ၏(၁၂)လ(၁၂)ရာသီဖြစ်သော မိဿရာသီ(တန်ခူးလ)၊ ပြိဿရာသီ (ကဆုန်လ)၊ မေထုန်ရာသီ(နယုန်လ)၊ ကရကဋ်ရာသီ (ဝါဆိုလ)၊ သိဟ်ရာသီ (ဝါခေါင်လ)၊ ကန်ရာသီ (တော်သလင်းလ)၊ တူရာသီ(သီတင်းကျွတ်လ)၊ ဗြိစ္ဆာရာသီ (တန်ဆောင်မုန်းလ)၊ ဓနုရာသီ (နတ်တော်လ)၊ မကာရရာသီ (ပြာသိုလ)၊ ကုံရာသီ (တပို့တွဲလ)၊ မိန်ရာသီ(တပေါင်းလ)ဟုရှိရာ မိန်တပေါင်းသည် (၁၂) ခု ဒွါဒသမမြောက် နောက်ဆုံးပိတ်လ ဖြစ်သည်။

ဤမိန်တပေါင်းတွင် ရက်ပေါင်း (၃၀)၊ နေ့နာရီ (၃၆) နာရီ၊ ညနာရီ (၂၄) နာရီ၊ အရုဏ်တက်ချိန် နံနက် (၅း၂၀) နာရီ၊ နေထွက်ချိန် နံနက် (၆း၁၀) နာရီ၊ နေဝင်ချိန် ညနေ(၅း၅၀)နာရီ၊ မွန်းတည့်ချိန် ခြေဖဝါး (၄) ဖဝါး၊ နဂါးလှည့်ဦးခေါင်းသည် အနောက်ဘက်၊ အမြီးသည် အရှေ့ဘက်၊ ဝဋ်ဗိုက်သည် မြောက်ဘက်၊ ကျောကုန်းသည် တောင်ဘက်သို့ လှည့်နေသည်ဟု ရှေးမြန်မာကြီးတို့က မှတ်ယူထားခဲ့ကြသည်။

တစ်ခါ မိန်တပေါင်းတွင် ရာသီပွဲတော်သည် သဲပုံစေတီပွဲ၊ ရာသီပန်းသည် သရဖီပန်း၊ ရာသီစန်းယှဉ်နက္ခတ်သည် ဥတ္တရဖလဂုဏ်(ဥတ္တရဖလဂုဏ်ကို)နက္ခတ်၊ ရာသီတာရာသည် ဆဲကျင်တာရာ (တချို့က ဘိုင်းတာရာ)၊ ရာသီနေစီးနက္ခတ်သည် ပြဋ္ဌဘဒြပိုဒ်နက္ခတ်၊ ရာသီရုပ်မှာ ငါးနှစ်ကောင်ရုပ်ဟူ၍ ရှေးမြန်မာကြီးတို့က ယုံမှတ်ခဲ့ကြသည်။

ဤနေရာမှာ အနည်းငယ်ဝိတ္ထာရ ချဲ့ပြောချင်ပါသည်။ မိန်တပေါင်း၏ နေစီးနက္ခတ်ဖြစ်သော ပြဋ္ဌဘဒြနက္ခတ်သည် ခုတင်အသွင်သဏ္ဌာန်ရှိသော အင်ပြင်ခေါ် ဖထိုင်ခေါ် လေးထောင့်ကွက်ကြီးကြယ်အစု၏ အနောက်ဘက်ကြယ်ကြီး ဖြစ်လေသည်။ ထို့ကြောင့် ရှေးပညာရှိတို့က ပြဋ္ဌဘဒြပိုဒ်၊ ဥတြဘဒြပိုဒ်၊ ခေါ် သမိုက်၊ မှတ်ပိုက်အင်ပြင်လို့ဟု အမှတ်ပြုခဲ့သည်။ မိန်တပေါင်းလပြည့်ညသန်းခေါင်တွင် လပြည့်ဝန်းခေါ် စန်းနှင့်ယှဉ်တွဲလျက် မွန်းတည့်သော ရာသီစန်းယှဉ်နက္ခတ် ဖဂ္ဂုဏီခေါ် ပြဋ္ဌဖလဂုနီနက္ခတ်သည် သိဟ်ရာသီ ရာသီရုပ်ခြင်္သေ့ရုပ်ကြယ်အစုအဝေး၏ အနောက်ဘက်ပေါင်ရင်းကြယ်ဖြစ်သည်။ ထို့ကြောင့် 'ပြဋ္ဌဖလဂုနီ၊ ဥတ္တရဖလဂုနီ၊ နှစ်လုံးစီ၊ တူညီပြောင်စောင်လို' ဟု ရှေးပညာရှိတို့က မှတ်သားခဲ့ကြသည် ဖြစ်၏။

ရှေးဆရာအများစုက မိန်တပေါင်း လပြည့်ညသန်းခေါင်ချိန်တွင် စန်းနှင့်ယှဉ်လျက် မွန်းတည့်သောတာရာကို ဆဲကျင်တာရာဟုဆို၏။ ရှေးနက္ခတ်ကျမ်းများ၌ 'ဆဲကျင်တာရာ၊ သုံးလုံးသာ၊ ယှဉ်ကာလင်းသကို။ ကောသဋ္ဌိပြည်၊ ဆဲကျင်မည်၊ ရောင်ခြည်လင်းသကို' ဟု ဆိုကြသည်။ ဤဆဲကျင်တာရာသည် ဟဿတ၊ စိတြ၊ သွာတိဆိုသည့် နက္ခတ်သုံးလုံးနှင့်ယှဉ်သည်ဟု ဆိုပြောကြသည်။ တချို့ပညာရှိများကမူ မိန်တပေါင်းလစန်းယှဉ်သည့်တာရာသည် ဗျိုင်းတာရာဟု ပြဆိုကြသည်။ 'ကိုးလုံးမှန်စွာ၊ ဗျိုင်းတာရာ၊ များလာယှဉ်မြဲကိုး။ သောက္ကတဲပြည်၊ တာရာမည်၊ ထွန်းသည် ဥဗျိုင်းဆို' ဟု မြွက်ဆိုထားသည်။ ဤဗျိုင်းတာရာသည် ပြဋ္ဌဘဒြပိုဒ်၊ ဥတ္တရဘဒြပိုဒ်၊ ရေဝတီနက္ခတ်တို့နှင့်ယှဉ်၍နေသည်ဟု ဆိုထားပြန်သည်။

အနောက်တိုင်းသားတို့က ဆဲကျင်တာရာကို ဘာရင်နီး၏ ဆဲပင်များဟု ခေါ်သည်။ ဗျိုင်းတာရာကိုမူ စီးဖီးယပ်ဘုရင်ကြီး၏ ကြင်ရာတော် အီသီယိုးပီးယားဘုရင်မ ကာစီးယိုးပီးယားဟု ဆိုကြသည်။ ယင်းဗျိုင်းတာရာမှာ အင်္ဂလိပ် အက္ခရာ (W) နှင့် တူလှသောကြောင့် ဗျိုင်းပုံနေသလိုပင်။

မိန်တပေါင်းရာသီရုပ်ကြယ်အစုအဝေးသည် ငါးနှစ်ကောင်ရာသီရုပ်ပုံအသွင်ဖြစ်သည်။ ဤနေရာမှာ အရှေ့တိုင်း အနောက်တိုင်းအမြင်ချင်းထပ်တူကျနေသည်။ ထိုငါးရုပ်ကြယ်အစုသည် ကြီးသော်လည်း မှိန်သည်ဖြစ်၏။ ထိုမိန်တပေါင်းငါးနှစ်ကောင်ရုပ်ပုံမှာ ကြိုးဖြင့် ငါးနှစ်ကောင်ဖမ်းမိထားသည့်အသွင်ဖြစ်သည်။ မြောက်ဘက်ငါးကို ကြယ်သုံးလုံးဖြင့် ဖွဲ့စည်းထားပြီး အနောက်ဘက်ငါးကို ဖမ်းမိထားသော ကြိုးချောင်းပေါ်တွင် ရေဝတီနက္ခတ်တည်ရှိသည်။ ရှေးဆရာတို့က ဤငါးနှစ်ကောင်ရုပ်ကြယ်အစုအဝေးထဲကို နေရောက်လျှင် မိန်တပေါင်းရောက်ပြီဟုသတ်မှတ်ကြသည်။ ဤငါးနှစ်ကောင်ရာသီရုပ်ကြယ်အစုအဝေး၏ဆန့်ကျင်ဘက်တွင် ကန်ရာသီ၏ ရာသီရုပ် အဖျိုကညာပုံကြယ်အစုအဝေး ရှိသည်ဆို၏။

တစ်ခါ မိန်တပေါင်း၏ မိန်ရာသီနှင့်တပေါင်းလတို့မှမိန့်ဆိုသောဝေါဟာရနှင့်တပေါင်းဆိုသောဝေါဟာရတို့ကို စေ့စေ့စောကြောကြည့်ကြပါမည်။ တနည်းဆိုရသော် တပေါင်းဆိုသော ဝေါဟာရသည် တပို့တွဲလတွဲသို့ ဆန်းပင်၏



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းပြု၍ (၀၀) ထန်းလုပ်ငန်းကို အကြောင်းပြု၍ ဖြစ်ပေါ် လာသည်ဟု ဖော်ပြမှုကို တွေ့ရသည်။ ဤရာသီတွင် ထန်းရည်များကို ပေါင်းစပ်ကျိုချက်ပေး လေ့ရှိကြသဖြင့် ထန်းပေါင်းလဟုခေါ် ဆိုနေရာမှ ကာလတာရှည်လာသောအခါ ဝယ် တပေါင်းဟု ရွေ့လျားခေါ် ဝေါ် လာသည်ဟုယူကြသည်။

တစ်ဖက်တွင်လည်း ဝေါဟာရ လီနတ္ထဒီပနီကျမ်းအလိုအရ အဆိုနှစ်ခုကို တွေ့ရှိရသည်။ ပထမအဆိုမှာ အမရကောသအဘိဓာန်ကျမ်းမှာ တပသ္သား၊ တပေါင်းဟုံ ပြဆိုထားသည်ကို တွေ့ရှိရသည်။ ကာလတာရှည်လာသောအခါ ဝယ် မူလသက္ကတဘာသာ တပသ္သား သည် ပုဗ္ဗမျက်၍ မြန်မာဘာသာ တပေါင်းဟု ပြောင်းလဲသွားသည်ဟူ၏။ ပြီး 'တပ်အာတပ် ဩဂဿ္ဓန္တေ ဂဒ္ဓတီထိ-တပေါင်း' ဟူ၍ ရှေးဆရာမြတ်တို့ဝိဂြိုဟ်ပြုကြပြန်သည်။ အနက်ဖွင့်သော် **တပ်အာတပ်** - နွေဦးရာသီသို့၊ **ဩဂဿ္ဓန္တေ** - သက်လျက်၊ **ဂဒ္ဓတီ** - သွားတတ်၏၊ **ဣတိတသ္မာ** - ထို့ကြောင့်၊ **တပေါင်း** - တပေါင်းလ မည်သည်ဟူ၍ ဖြစ်၏။ ဤသို့ဆိုလျှင် အမရကောသလာ 'တပသ္သား' ဝေါဟာရသည် တပေါင်းလ ပရိယာယ်ပါဠိဆိုဆိုင်တိုက်ဆိုင်နေပြန်သည်။

နို့င်းယှဉ် ဝေဖန် စောကြောစရာ တစ်ခုမှာ မုံရွေးဆရာတော်မှတ်စုမျှားက အမှတ် (၁၆၀)တွင် **ပေါ်သီ** - ပြာသို၊ **တပါး** - ပူပန်ရာဖြစ်သောလ (တပို့တွဲ တည်း)၊ **တပသ္သ** - ပူပန်ခြင်းကောင်းသော လ (တပေါင်းလတည်း)၊ **စေတြကော** - တန်ခူးလ (စေ-ပျောက်သည်) ဟူသော ဖော်ပြချက်ကိုပင် ဖြစ်၏။ သိထားစရာ တစ်ခုက တပေါင်းကို ပုဂံခေတ်ကျောက် စာများ၌ တပေါင်ဟု ဝိသဇနီမပါဘဲရေး ထိုးလေ့ရှိပြီး အင်းဝခေတ်ရောက်မှ တပေါင်ကို တပေါင်းဟု ဝိသဇနီပါရေး ထိုးလျက် ရေးသားကြသည် ဟူ၏။

တစ်ဖန် တပေါင်းလကို နောက် တစ်မျိုးခေါ်သော မိန်ရာသီလာမိန့်ဆိုသော ဝေါဟာရမှာ 'မိန' ဟူသောပါဠိမှ သက်ရောက်လာသည်ဖြစ်၍ 'ငါး' ဟူ၍ အနက်အဓိပ္ပာယ်ရှိ၏။ နောက် မိန်ရာသီ၏ရာသီရုပ်မှာ ငါးနှစ်ကောင်ပုံသဏ္ဌာန် ဖြစ်သည်။ ထို့ကြောင့် တချို့ဆရာတို့က မိန်ရာသီကို ငါးရာသီ၊ ရေရာသီဟုဆိုကြသလို မိန်ရာသီခွင်ရှိ ရေဝတီနက္ခတ်သည် ရေတွင်းသဲသောငါးဖမ်းသည့်မြှား နက္ခတ်ဟုဆိုကြပြီး ရာသီတာရာအဖြစ် တချို့ကယူကြသော ဗျိုင်းတာရာလာ ဗျိုင်းဂ္ဂဟ်သည် ရေဂ္ဂဟ်ဖြစ်သည်။ ဝေဒပညာအလိုအရ မိန်ရာသီသည် ရေရာသီဖြစ်သည်။ အားလုံးကို ခြုံ၍ အနှစ်ချုပ်လိုက်လျှင် မိန်ရာသီ၏ တပေါင်းခေါ် မိန်တပေါင်းသည် အပူအအေးရောနှော နေသောကာလ၊ နေမှာ ပူပြင်း၍ ညမှာ ချမ်းအေးသောကာလဟု သမုတ်ခြင်းခံရသည်ပင်ဖြစ်၏။ ဤနေရာမှာ အထက်ကဆိုခဲ့သော ဝေါဟာရလီနတ္ထဒီပနီကျမ်းလာ ဒုတိယအဆိုနှင့်ကိုက်ညီနေသည်ဟု ဖော်ညွှန်းရသည်ပင် ဖြစ်၏။

ပွင့်လင်းမြင်သာစွာဆိုရလျှင် ဤမိန်ရာသီ လတပေါင်း (မိန်တပေါင်း) သည် ဆောင်းဥတုတစ်ဝက်၊ နွေဥတု တစ်ဝက်ရှိသောလရာသီပင် ဖြစ်သည်။ အဂ္ဂညသုတ် အဋ္ဌကထာတွင် ဟေမန္တဥတု (ဆောင်းဥတု) ကို တန်ဆောင်းမုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ဂိမှာနဥတု (နွေဥတု) ကို တပေါင်းလဆုတ် ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ၊ ဝဿာန္တဥတု (မိုးဥတု) ကို ဝါဆိုလဆုတ် ၁ ရက်နေ့မှ တန်ဆောင်းမုန်းလပြည့်နေ့အထိဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ရတုအားဖြင့်ဆိုသော် ပြာသိုလဆန်း ည၌နှစ်ချက်တီးကျော်မှ တပေါင်းလဆန်း ၁၅ ရက် ည၌နှစ်ချက် တီထိကို သဿရရတု (သိသိရရတု) ဟူ၏။ ဤသိသိရရတုကို ဆောင်းနှောင်းရာသီ၊ ဆောင်းနှောင်းဥတုဟု ခေါ်၍ရနိုင်မည် ထင်ပါသည်။ တပေါင်းလဆန်း ၁၅ ရက်နေ့ ည၌နှစ်ချက်တီးကျော်မှ ကဆုန်လဆန်း ၁၅ ရက် ည၌နှစ်ချက် တီထိကာလကို နိဒ္ဓရတု (ဝသန္တရတု)ဟု ဆို၍ရနိုင်မည်ထင်သည်။ ၎င်းကို နွေဦးရာသီ၊ နွေဦးဥတုဟု ပြော၍ရနိုင်မည် ထင်သည်။

ထိုထိုသောအကြောင်းများကြောင့် ဤမိန်ရာသီလတပေါင်းသည် 'ညချမ်းလိုနေ့ပူ တပေါင်းလမာယာထူ၊ နေ့ပူလို့ ညချမ်း တပေါင်းလသရမ်း' ဟု စွပ်စွဲပုတ်ခတ်ခြင်းခံခဲ့ရသည်ပင်ဖြစ်၏။ ဤနေရာမှာ ပုဏ္ဏားနွားရောင်း လတပေါင်း ဆိုသောစကားပုံ ဖြစ်ပေါ် လာပုံကို ပြောပြပါက ပိုမိုသရုပ်ပီပြင်သွားမည် ထင်သည်။

ရှေးရှေးတုန်းက ပုဏ္ဏားဆင်းရဲ တစ်ယောက်သည် စောင်မရှိသော် လည်း တစ်ဆောင်းလုံး အအေးဒဏ်ကို အံကြိတ်သည်းခံနိုင်ခဲ့ပေမယ့် တပေါင်းလ၏ အချမ်းကြီးဒဏ်ကို ဆက်လက် သည်းမခံနိုင်တော့သဖြင့် မနှိမ်နင်း တစ်ကောင်တည်းနွားကို ရောင်းချ နောက် စောင်တစ်ထည်ကို ဝယ်ယူ တပေါင်းည၏ အချမ်းအအေးဒဏ် ကာကွယ်ရတော့သည်။ သို့သော် တစ်ပတ်၊ ဆယ်ရက်တောင်မကြာလိုက် တပေါင်းလရက်များသည် နေ့ရောညပူအိုက်လာသဖြင့် ထိုပုဏ္ဏားဝယ်ယူသော စောင်သည် သိမ်းဆည်းထားရ မှတစ်ပါး တခြားမရှိဖြစ်သွားရတော့ ဤကား တပေါင်းလ၏ ပရိယာယ် မာယာပေါ်ကြွယ်မှုသရုပ်ပင် ဖြစ်သည်။

မည်သို့ပင်ဆိုစေ ရှေးမြန်မာစာဆို တို့ကတော့ ဤမိန်ရာသီတပေါင်းလ တနှစ်ခြိုက်ခြိုက် တမွေ့လျော်လျော်နဲ့ စာပန်းချီခြယ်သခဲ့ကြသည်။

'တပေါင်းလသာ၊ လတကာထက် နှိုင်းရာဖက်ရှောင်၊ လမျှားနောင်ထား တောင်လည်းသာမော၊ တောလည်းသာထွေ့၊ ရေလည်းသာလှ၊ ဖြူလွလောင်ပြာ ငှက်မျှားရွှင်လျက်'

ဟူ၍ လည်းကောင်း၊

'မြိုင်ခြေငယ်သင်းပါလို့ အင်ကြင်းငယ်ရွှေဖို၊ ဝတ်မှန်ငယ်စီသည်၊ မြစ်နံသောင်တစ်ခိုက်၊ မောင်-မယ်ညီမြူခြိုး တော့တယ်လေး၊ ရာသီမိန်ငယ်၊ ဂိမှာန်ရက်ပြောင်း၊ လတပေါင်းမို့၊ ရွှက်ဟောင်းကြွေကာ'

ဟူ၍ လည်းကောင်း၊

'လတွင်လကောင်း၊ လတပေါင်းမည်ဟောင်းတွင်တပါး။ ထိုမိန်ရာသီသဲစေတီ၊ ရှုအိပ္ပဲတော်များ။ ဥတ္တရဖလဂုနီ၊ စန်းနှင့်မိ၊ ရွှေဖိုပွင့်ကားကား'

ဟူ၍ လည်းကောင်း၊

'တပေါင်းရယ်တဲ့မိန်ရာသီ၊ ရွှက်ဟောင်းကိုလေနှင်လို့၊ ပန်းတော်ဝင် ရွှေအင့်ကြင်းငယ်၊ သင်းပျံ့ခဲ့ပြီ။ နီစာသန္တနှစ်လိုပ၊ စီအမြွာညာသရစ်ကယ်တို့ ဝနာသစ်ပြောင်းခါမီ၊ ဆောင်းရာသီတဲ့ ကုန်ကျမ်း'

ဟူ၍ လည်းကောင်း၊

'မိန်တပေါင်း၊ ညာညောင်းလို့ရွှက်ကြွေ၊ ပြုဇွာဖလဂုနီ၊ ရာသီမှာ ရွှေဖီဆန်းတယ်၊ ပန်းမြတ်ဝတ်ရွှေ'

ဟူ၍ လည်းကောင်း၊

'မိန်ရာသီ လတပေါင်းမို့၊ ညာညောင်းလို့ ရွှက်သစ်ခဲ့၊ ဖူးညွှန့်စီစီ၊ မန်းရွှေပြည်၊ သဲစေတီလျှုတော်ပွဲနှင့်လွှဲကြလေး'

ဟူ၍ လည်းကောင်း။

ရှေးမြန်မာစာဆိုကို မိန်ရာသီ



www.burmeseclassic.com

www.burmeseclassic.com

သတပေါင်း၏ အလှအပဖွဲ့သီမှုကို တင်ပြနေမည်ဆိုလျှင် လွယ်လွယ်နှင့် အဆုံးသတ်ပေးနိုင်မည် မဟုတ်ပါ။ သည်လောက်နှင့် ရပ်ဆိုင်းထားပါမည်။

ဤနေရာမှာ တွေးစရာတစ်ခုကို တွေ့မြင်လာခဲ့ရသည်။ စာဆိုတော်များ တွေးမြင်ခံစားကြသလို မိန်ရာသီ သတပေါင်းသည် အဆုံးတစ်ခု၏အဆုံးကို အစတစ်ခု၏အစကို ဖြစ်ပေါ်စေသလား။

ရွက်ဟောင်းကြွေခြင်းသည် အဆုံးတစ်ခု၏အဆုံးကိုရည်ညွှန်းသလား။ ရွက်သစ်ဝေခြင်းသည် အစတစ်ခု၏အစကို ညွှန်းဆိုသလား။ မိန်ရာသီ တပေါင်းလကို 'ဆောင်းအကုန် နွေအကူး၊ မင်းလွင်မြူသည်လ၊ နွေဦးကာလ မြူထသော အခါ' ဟု ရှေးစာဆိုများဖွဲ့သီရာ၌ ဤမိန်တပေါင်းနွေဦးကာလကို အစတစ်ခု၏အစ (ဝါ) နှစ်သစ်တစ်ခု၏အစဟု ယူရ ဆောမည်လော။

တစ်ခါ မုံရွေးဆရာတော်၏မှတ်စုများထဲက ဝေဖန်စောကြောစရာတစ်ခုမှာ 'တန်ခူးလ၊ ကဆုန်လသကြိန်အတွင်း ရေလောင်းသွန်ကြသည်ကား နှစ်သစ်ကို ရည်သလော၊ နှစ်ဟောင်းကိုရည်သလော' ဟူအံ့။ နှစ်ဟောင်းကိုရည်သည်။ မိန်ရာသီလည်း ငါးရာသီတည်း။ ရေဝတီသည် ရေတွင်သုံးသည့် မြို့နက္ခတ်တည်း။ ဗျိုင်းတာရာသည် ရေနက္ခတ်တည်း။ သည်ကိုရည်၍ယူရ၏' ဟူသောအပြုချက်သည် အစစတစ်ခု၏အစကို ရည်ညွှန်းနေသလား။

ထို့ပြင်တဝ အာဒိကမ္မကမ္မာဉီးကျမ်း၊ မဟာသင်္ကြန်လင်္ကျိုးကျမ်းအပါအဝင် ရှေးဟောင်းမြန်မာကျမ်းအဆို၌ အပြုချက်တစ်ခုမှာ 'အမိုက်မှောင်လုံးဝဲ့လွှမ်းခြင်းခံခေရသော ကမ္ဘာဉီးလူသားတို့သည် အကြောက်လွန်ကြီးစွာဖြင့် ပြင်းပြင်းထန်ထန် အလင်းကို တောင့်တကြသည်ရှိသော် ရောင်ခြည်တစ်ထောင် အလင်းဆောင်သော လုံးဝန်းမင်္ဂလာယူဇနာ(၁၅၀)ရှိသော သူရိယနေမင်းကြီးသည် အရှေ့ဘက်မှ ပေါ်ထွက်လာခဲ့သည်။ ထိုနေမင်းသည် ညဉ့်အခါရောက်၍ အနောက်ဘက်သို့ ဝင်ရောက်သွားသဖြင့် အလင်းပျောက် မှောင်မိုက်သို့ တစ်ဖန် ရောက်သွားသောအခါတွင် ကမ္ဘာဉီးလူသားတို့၏ ကြီးစွာသောဆန္ဒကြောင့် ငွေစန္ဒာလမင်းကြီးသည် ဂြိုဟ်နက္ခတ်တာရာများခြံရံလျက် ထွက်ပေါ်လာကာ အလင်းဓာတ် အလင်းရောင်ကို ပေးဝေပြန်သည် ဟူ၏။ ဤကဲ့သို့ ကမ္ဘာဉီးကာလမှာ နေလင်္ဂြိဟ်နက္ခတ်တာရာတို့ စတင်ထွက်ပေါ်လာသည့် နေ့ရက်ကား တပေါင်းလပြည့်ရက် တနင်္ဂနွေနေ့ဖြစ်သည်ဟု ဆိုခဲ့သော ကျမ်းကြီးကျမ်းခိုင်များ၌ ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ သို့ဆိုလျှင် ယခုဖော်ပြချက်သည် အစတစ်ခု၏အစကို ရည်ညွှန်းနေသလော။ ပသို့ပင်ဆိုစေ သုတေသီများအတွက် မီးခိုးကြွက်လျှောက် လေ့လာသုံးသပ်စရာ တပေါင်းပဟေဠိ အဖြေညှိစရာ သော့ချက်တစ်ခုပင်။

ဤနေရာမှာ လိုရာပြန်ကောက်ပြောရလျှင် ရှေးခေတ် စာဆိုတို့ရောယခုခေတ်စာဆိုတို့ပါ စာဆိုဟူဟူရာရာတို့သည် နွေမိန်တပေါင်းနှင့် ဉာဉုက်တို့ကို ဆက်နွယ်၍ ဖွဲ့သီသမှုပြုကြသည်မှာ သတိထား အလေးဂရုပြုစရာပင်။ ဥဒဟရုဏ်ဆိုရသော် -

'နွေခိုန်ခါ ငွေမိလွှာပြာရီရော
ပါလို့၊ ဉာဉုဖိုတွန်သာကြည်တော့၊
သောတာပန်မထေရ်တို့တောင်၊ မဆည်
နိုင် မျက်ရည်စို့ရှာလိမ့်'

ဟူ၍ လည်းကောင်း၊

'တောင်ထိပ်ပေါ်မှာ၊ နွယ်ချိုနှော်
ပါလို့၊ ဉာဉုတွန်တဲ့လရာသီ၊ ဖက်ဆွတ်
ကယ်သပြေပန်း၊ လန်းခဲ့ပြန်ပြီ၊ တပေါင်း
လရယ်တဲ့ပွဲတော်မီ'

ဟူ၍ လည်းကောင်း၊

'ရွှေဉာဉုတွန်သံသာ၊ နွေဦးပေါက်
တော့မှာ' ဟူ၍လည်းကောင်း -

စသည်ဖြင့် ဖွဲ့ဆိုထားသည်ကို အလေးနက်နက် တွေ့ရှိရပေသည်။ ဆိုချင်သည်က မြန်မာစာဆိုရှင်တို့သည် ဉာဉုက်နှင့်နွေမိန်တပေါင်းတို့ဆက်နွယ်မှုကို ကြုံလျှင်ကြုံသလို ဖော်ကျူးလေ့ရှိသဖြင့် သဲပုံစေတီပွဲကို ရာသီပွဲ၊ သရဖီပန်းကို ရာသီပန်း၊ ငါးနှစ်ကောင်ရုပ်ကြယ်အစုအဝေးကို ရာသီရုပ် စသဖြင့် သမုတ်ကြသလိုပင် ဉာဉုက်ကို ရာသီဌက်ဟု ကင်ပွန်းတပ်လျှင် ကန့်ကွက်သူရှိမည်မထင်။

တစ်ဆက်တည်း ဖော်ပြချင်သည်က မိန်တပေါင်း၏ ရာသီပန်းဖြစ်သော သရဖီပန်းနှင့် ပတ်သက်၍ဖြစ်သည်။ သရဖီပင်သည် ပုန်းညက်ပင်နှင့်အမျိုးတူသည်။ ကိုင်းတံမှအဖြူရောင်ပွင့်ဖတ်ငယ်နှင့်အဝါရောင်ဝတ်ဆံအစုအလုံးပွင့်သော ပင်စောက်မျိုးဖြစ်သည်။ ယင်းအပွင့်ဝတ်ဆံများကိုကြိတ်ပြီးအခဲပြုကာ သနပ်ခါးနှင့် ရောနှော လိမ်းကျံလေ့ရှိကြသည်။ ပုအိုက်စတိုသောရာသီကို နှစ်ခြိုက်သည် ဆို၏။ သရဖီပန်းကို မိန်တပေါင်း၏ ရာသီပန်းဟု အများစုက ပြဆိုကြသော်လည်း တချို့က ပိတောက်ပန်းနှင့် အင်ကြင်းပန်းကိုပါ ရောထွေးညွှန်းဆိုကြပါသေးသည်။

တစ်ဖန် ဤနေရာမှာ မိန်တပေါင်း၏ ရာသီပွဲဖြစ်သော သဲပုံစေတီပွဲတော်နှင့်ပတ်သက်၍ အထူးတလည် ဖွင့်ဆိုချင်ပါသည်။ သဲပုံစေတီပွဲတော်သည် ဤမြန်မာနိုင်ငံသို့ဗုဒ္ဓသာသနာတော်ရောက်ရှိလာခဲ့သည်နှင့် တစ်ပါတည်းရောက်ရှိလာခဲ့ပုံပေါ်သည်။ တကယ်တော့ မိန်တပေါင်းကာလသည် ဆောင်းအကုန် နွေအကူးဖြစ်သည့်အားလျော်စွာ မြစ်ရေချောင်းရေများနည်းပါးလျက် သန့်ရှင်းကြည်လင်မှုအလေးသာလာသည့်အပြင် မြစ်၊ ချောင်းတို့၌ အဖြူရောင်၊ ဝါဖျော့ဖျော့ရောင်သဲသောင်ပြင်များပေါ်ထွန်းလေ့ရှိ၏။ ထိုအခါမျိုး၌ တပေါင်းလပြည့်နေ့ရက်နှင့် ကြုံကြိုက်ပါလျှင် မြစ်ကမ်းစပ် သဲသောင်ပြင်၊ ချောင်းကမ်းစပ် သဲသောင်ပြင်၊ တချို့အရပ်၌ ပင်လယ်ကမ်းစပ်သဲသောင်ပြင်တို့တွင် သဲပုံစေတီပွဲတော်ကို တခမ်းတနားပြုလုပ်လေ့ရှိကြသည်။ မြစ်နှင့်မနီး၊ ချောင်းနှင့်မနီး၊ ပင်လယ်နှင့်မနီးသော ဒေသများတွင် သင့်တော်ရာမှာ သန့်စင်သောသဲများကို သယ်ဆောင်လျက် သင့်တင့်လျောက်ပတ်သောနေရာများတွင် သဲပုံစေတီပွဲတော်ပြုလုပ်လေ့ရှိခဲ့သည် ဆို၏။

အချိန်ကောင်းအခါကောင်း၊ နေကောင်းရက်ကောင်းများ ရွေးချယ်ကာ သဲပုံစေတီတော်ကို တည်ဆောက်လေ့ရှိကြသည်။ မာကျောသော ဝါးခောင်း၊ သစ်သားချောင်းများကို မဏ္ဍိုင်ပြုပြီး ဝါးခြမ်းများကို ရိုင်ပတ်ခွေကာ တည်ဆောက်ကြသည်။ မြင်းမိုရ်တောင်ရိုး အာလိန်ငါးဆင့်ကို ရည်ရွယ်လျက် ဝါးရိုင်ပတ်ငါးဆင့်ပတ်ခွေရစ်ကာ သဲဖြူဖွေးဖွေးများကို အပြည့်အသိပ်ထည့်ပြီး သဲပုံစေတီတော် ပြုလုပ်ကြလေသည်။ ထိုသဲပုံစေတီတော်မှာ ရွှေစက္ကူ၊ ငွေစက္ကူ ရောင်စုံစက္ကူဖြင့်ပြုလုပ်သော ထီးတံခွန်လုံး၊ တံခွန်ပြား၊ ကုက္ကား မူလေးပွား၊ ကြက်လျှာ စသော အရာများ သစ်သီး၊ ပန်း၊ ရေခဲမုန်း အမွှေးနံ့သာ ဆွမ်းဘောဇဉ်ခဲဖွယ်စသောလူ့ဖွယ်ဝတ္ထု အစုစုတို့အား ကပ်လှူလှုံ့ ထားနိုင်သံယာတော်တို့အား ပင့်ဆောင်ကာ အနေကဇာတင် ဘိသိက်မြှောက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ပရိတ်တရားဒေသနာများ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းစသော ပူဇော်မှုအသွယ်သွယ်တို့ကို ပြုလုပ်ကြသည်ဖြစ်၏။ ဤကား ရှေးမြန်မာကြီးတို့၏ သဲပုံစေတီပူဇော်ပွဲပြုလုပ်ခြင်း၏ ပုံရိပ်ကောက်ကြောင်းပင် ဖြစ်သည်။

ရခိုင်ဒေသတွင် သဲပုံစေတီပူဇော်ပွဲကို ရှစ်သောင်းမြောက်ပွဲများဟုလည်း ခေါ်ကြသည်။ ရှေးတုန်းက ရခိုင်မင်းနေပြည်တော်ဖြစ်သော မြောက်ဦးရွှေမြို့တွင် တည်ရှိသော မင်းဗာကြီးမင်း၏ကုသိုလ်တော် ရှစ်သောင်းပုထိုးတော်ကြီးကိုရည်မှန်း၍ ရခိုင်ဒေသအနှံ့အပြား၌ သဲပုံစေတီပူဇော်ပွဲ ပြုလုပ်ကြရာမှ ရှစ်သောင်းမြောက်ပွဲဟု ခေါ်တွင်လာခဲ့ကြသည် ဟူ၏။ ထူးခြားချက်တစ်ခုမှာ ဝါးပိုးဝါး၊ ဝါးနက်ဝါးများကို တံခွန်တိုင်ကြီးများပြုပြီး တံခွန်လုံး၊ တံခွန်ပြားများ ချိတ်ဆွဲကာ ၎င်းတံခွန်တိုင်များကို တစ်အိမ်တစ်လုံးကျ သဲပုံစေတီတော်အနီးတွင်စိုက်ထူစေလျက် ထိုရှစ်သောင်းမြောက်ပွဲတွင် ပါဝင်ဆင်နွှဲရသည်ဆို၏။ ထိုသဲပုံစေတီတော်အနီးတွင် တံခွန်လုံး၊ တံခွန်ပြားတလူလူလွင့်နေသောတံခွန်တိုင်များအပြိုင်အဆိုင်ရှိနေပုံက အလွန်သဒ္ဒါပီတိကြီးထစေသည်ဟူ၏။

ဤတွင် မေးတွေးစရာတစ်ခုက ဤသဲပုံစေတီတော် တည်ထား ပူဇော်မှုသည် အဘယ်ကစတင်ခဲ့သနည်းပင်ဖြစ်၏။ သို့ဆိုလျှင် 'သဲပုံစေတီပူဇော်မှုအစ ရှင်နရဒရသေ့ကြီးက' ဟု ဆိုရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဂေါတမဘုဒ္ဓဘုရားရှင်၏ ပကတိသာဝကရဟန္တာတစ်ပါးဖြစ်သော အရှင်ပုလိနထူပိယမထေရ်၏ ရှေ့တစ်ဘဝဖြစ်သော ရှင်နာရဒရသေ့ကြီးက ဤသဲပုံစေတီတော်ကို တည်ထား စတင်ပူဇော်ရာမှ မြစ်ဖျားခံလာခဲ့ရသည် ဆို၏။

ရှေးကမ္ဘာတစ်သိန်းလောက်က ရှင်ပုလိနထူပိယမထေရ်အလောင်းလျာ ရှင်နာရဒရသေ့ကြီးသည် တပည့်ရသေ့တစ်သောင်းလေးထောင်ကို စီမံအုပ်ချုပ်လျက် သင်ကြားပို့ချမှု၊ ကျင့်ကြံပွားများမှုများကို ဟိမဝန္တတောကြီးတစ်နေရာ ယမကတောင်ခြေတွင် သီတင်းသုံးနေထိုင်လျက်ပြုလုပ်နေခဲ့သည်ဆို၏။ အချိန်အတန်ကြာသော် တစ်နေ့တွင် ရှင်နရဒရသေ့ကြီးသည် -

ငါသည် အများ၏အပူဇော်ကို ခံယူရရှိနေရပေမည့် ငါကပူဇော်ရမည့် ဆရာသမား ဘုရားရှင်နှင့် ကင်းဝေးလှပေ၏'

ဟု ဆင်ခြင်နှလုံးသွင်းမိသဖြင့် အနီးရှိ မြစ်ထဲသို့သက်ဆင်းကာ သဲသောင်ပြင်ပေါ်၌ ဗုဒ္ဓဘုရားရှင်အားရည်မှန်း၍ သဲပုံစေတီတော်အား တည်ထားကိုးကွယ် ပူဇော်လေသည် ဟူ၏။ ဤသည်မှစ၍ သဲပုံစေတီတော်ပူဇော်မှုသည် မြန်မာ့ယဉ်ကျေးမှုအသိုက်အဝံ့ထဲမှ ဆယ်နှစ်လ ဆယ့်နှစ်ရာသီပွဲတော်စာရင်းသို့ ဝင်ရောက်လာသည်ဟု ဆို၏။ အလေးဂရုပြုဖွယ်ရာတစ်ခုက မြန်မာပြည်အနှံ့အပြား၌ကျင်းပသော ဘုရားပွဲ၊ စေတီပုထိုးပွဲ၊ ဗုဒ္ဓပူဇနိယပွဲအများစုသည် တပေါင်းလပြည့်နေ့တွင် ကျင်းပလေ့ရှိသည်ကို တွေ့ရှိရသည်။ အထင်အရှား ဆုံးမှာ ရန်ကုန်မှ ရွှေတိဂုံဘုရားပွဲပင်ဖြစ်သည်။ ဤသည်မှာ တပေါင်းလပြည့်နေ့တွင်ပြုလုပ်သော သဲပုံစေတီပူဇော်ပွဲက ဆင်းသက် ဆင့်ပွားလာဟန်တူသည်။ နောင်တွင် သဲပုံစေတီပူဇော်ပွဲပျောက်ကွယ်သွားသော်လည်း ဘုရားပွဲ၊ ဗုဒ္ဓပူဇနိယပွဲများကား ပေါ်ထွန်းခဲ့သည်ဖြစ်၏။

တစ်ခါ ဤတပေါင်းလပြည့်နှင့်၊ မဟာဗုဒ္ဓဝင်နှင့် ဆက်နွယ်မှုတစ်ခုကို တင်ပြချင်ပါသေးသည်။ ယင်းမှာ တခြားမဟုတ်။ ဗုဒ္ဓဘုရားရှင် ဘုရားအဖြစ်သို့ရောက်ပြီးတစ်နှစ်အကြာတွင် ခုနစ်နှစ်ကာလမျှ စွန့်ခွာခဲ့ရသော မွေးရပ်ဇာတိမြေ သက္ကတိုင်း ကပိလဝတ်ပြည်ကို ပြန်လည်ကြွမြန်းဖို့အတွက် ရာဇဂြိုဟ်ပြည်မှ စတင်ထွက်ခွာခဲ့ကြသည်မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့ပင်ဖြစ်သည်ဟု ဆို၏။

ကပိလဝတ်ပြည်ရှင် ဖခမည်းတော်သုဒ္ဓါဒနမင်းကြီးသည် သားတော်ဗုဒ္ဓဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေသည်ကို သိရှိသဖြင့် ဖူးတွေ့လိုရှိအမတ်တမန်များကို ကိုးကြိမ်စေလွှတ်ပေမယ့် အရာမထင်သဖြင့် ဖွားဖက်တော် ကာဠဒါယီအမတ်အား စေလွှတ်ခဲ့သည်။

ကာဠဒါယီအမတ်သည် အချိန်အခါကိုကြည့်ကာ မိန်ရာသီလတပေါင်း၏ ရာသီဥတုသာယာပုံ၊ သစ်ပင်ပန်းပင်မန်များသီးပွင့်ကြပုံ၊ တောတိရစ္ဆာန်များမြူးထူးပျော်ပါးနေပုံ၊ မိုးလေဝသ၏အပူအအေးမျှတပုံ၊ သစ်ပင်ရိပ်၊ ဝါးပင်ရိပ် တောရိပ် တောင်ရိပ်အေးမြပုံ စသည်တို့ကို ဂါထာ(၆၄)ဂါထာ သီဖွဲ့လျက် လျှောက်ကြားလျက် ကပိလဝတ်ပြည်သို့ ပင့်ဆောင်တော်မူလေသည်။

ဗုဒ္ဓဘုရားရှင်သည် လက်ခံတော်မူသဖြင့် ဆိုခဲ့သလို မဟာသက္ကရာဇ် ၁၀၃ ခု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ စတင်ထွက်ခွာလျက် ကပိလဝတ်ပြည်သို့ ကြွချီတော်မူလေသည်။ထို့ကြောင့် တပေါင်းလပြည့်ကျော် ၁ ရက်နေ့ကို ပြည်တော်ပြန်နေ့ပြည်တော်ဝင်နေ့ဟူ၍ သမုတ်ကြလေသည်။

မှတ်သားစရာတစ်ခုမှာ ဗုဒ္ဓဘုရားရှင်အား ရှင်ကာဠဒါယီမထေရ်လျှောက်ကြားသော ဂါထာ (၆၄) ဂါထာတို့အခြေခံလျက် အင်းဝခေတ် စာဆိုရှင်ရှင်အုန်းညိုက ဂါထာ(၆၀)ပျို့ကို ဖွဲ့သံခဲ့ရာ မြန်မာစာပေလောကတွင် နေတစ်ဆူလတစ်ပါးလို ထင်ရှားလှသည် ဖြစ်၏။

အားလုံးကို ခြုံငုံ၍ လိုရင်းကိုဆိုရလျှင် ဆောင်းအကုန် နွေအကူး မိန်ရာသီ တပေါင်းလကို ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေလျက် ခြေခင်းလက်ခင်းသာသော သဘာဝပတ်ဝန်းကျင် အခင်းအကျင်းရှိနေသောကြောင့် ခေတ်အဆက်ဆက် စာဆိုရှင်တို့က နှစ်သိမ့်ကြည်နူးဖွယ်ရာ ဖွဲ့သီပြုခဲ့ကြသည်။ ထို့အပြင် ဆောင်းအဆုံးနွေအစ၊ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေမှုဆိုသော အဆုံးအစ၊ နှစ်ဟောင်းအဆုံး၊ နှစ်သစ်အစ စသော ပဟေဠိဆန်သောအတွေးစများကိုလည်း ပေးဝေရှိသလို ဗုဒ္ဓဝင်၊ မဟာဝင်နှင့်ဆက်နွယ်မှုများကိုလည်း တွေ့ရှိရပေသည်။ နောက်ပြကွဒဒိန်ဆိုင်ရာဝေဖန်စောကြောစရာသဲလွန်စများကိုလည်း တွေ့ရှိရမြဲပင်သည်။

ဤနေရာမှာ မြန်မာပြက္ခဒိန်ပညာရှင် ဦးသဒ္ဓိယ၏ အဆိုအမိန့်တစ်ခုဖြင့် နိဂုံးချုပ်ပါရစေ။ ဦးသဒ္ဓိယက သူ၏ဆောင်းပါးတစ်ပုဒ်တွင် ယခုအခါ နေနာရီ၊ ညနာရီ တူညီသော တပေါင်းလအတွင်း (၂၁)ရက်တွင် ကျရောက်တတ်သဖြင့် ရာသီဥတုခန့်မှန်းလိုသော ရိုးရာအစဉ်အလာအတိုင်း မြန်မာနှစ်ဆန်း (၁) ရက်နေ့မှ စတင် တွက်ချက်သည်ထက် တပေါင်းလအတွင်း ကျရောက်သော မတ်လ ၂၁ ရက်နေ့မှ စတင်တွက်ချက်သင့်သည်ဟု မိန့်ဆိုထားသည်ကို တွေ့ရှိရခြင်းပင် ဖြစ်၏။

မင်းခိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နာမည် ထွန်းဆိုင်ဟု ခေါ်သည်။ ရှမ်းတိုင်းရင်းသားဖြစ်ပြီး ဗုဒ္ဓဘာသာကို ကြည်ညိုပါသည်။ ပုသိမ်သို့ တာဝန်အရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ တောင်တန်းဒေသမှ မြေပြန့်မြစ်ဝကျွန်းပေါ်တွင်ပြောင်းလာရသဖြင့် ရာသီဥတုပြောင်းလဲမှု၊ လူတွေနှင့်ထိတွေ့ဆက်ဆံမှုမှာ လုံးဝပြောင်းလဲသွားသည်။

မြန်မာတို့သည် ရိုးသားသော ရှမ်းတိုင်းရင်းသား ကျွန်ုပ်အားချစ်ခင်ကြပါသည်။ တစ်ရုံးတည်းနေ ဦးသိန်းရွှေနှင့် ခင်မင်ရာမှ တရားစကားများပြောဖြစ်ပါသည်။ ကျွန်ုပ်မှာ ဗုဒ္ဓဘာသာဖြစ်၍ လိုက်၍ပြောနိုင်ပါသည်။ တစ်ခါတစ်ရံ ဗုဒ္ဓနှင့်ပတ်သက်သောစာအုပ်စာပေများကို ယူဆောင်လာပြီး ကျွန်ုပ်အား ဖတ်ရှုစေပါသည်။ စာရေးဆရာကြီး ဦးသုခရေးသော မင်္ဂလသုတ်၊ မေတ္တာသုတ် စာအုပ်များသည် ကျွန်တော်တို့ ဖတ်၍ကောင်းသောစာအုပ်များ ဖြစ်ပါသည်။

တစ်ခါတစ်ရံ ဘုရားသို့သွားပြီး ပုတီးစိပ်ကြသည်။ တရားထိုင်ကြသည်။ ပုသိမ်မှ မှန်စက်ရုံသွားကားလမ်းပေါ်တွင် ငွေးချိုရွာရှိပါသည်။ သချိုင်းကုန်းအနီးတွင် ဘုရားတစ်ဆူနှင့်ဇရပ်တစ်လုံးရှိသည်။ ကျွန်ုပ်တို့ ၎င်းဘုရားတွင် တရားထိုင်ကြသည်။ ဇရပ်တွင် တရားကျင့်ကြံနေသော ဆရာစုကို တွေ့ရလေသည်။

ဆရာစုသည် အင်းပညာ၊ ဆေးပညာ၊ ဝိဇ္ဇာပညာများကို တတ်ကျွမ်းသည်။ အထူးသဖြင့် ပယောဂများကို နိုင်နိုင်နင်းနင်း ကုသပေးလေသည်။ ဦးသိန်းရွှေသည် ဆရာစု၏တပည့်ဖြစ်သည်။ ကျွန်ုပ်အား ဆရာစုနှင့်မိတ်ဆက်ပေးသည်။ အမှန်အတိုင်းပြောရလျှင် ဆရာစုတတ်သော ဝိဇ္ဇာပညာများ ရှမ်းပြည်နယ်တွင် မရှိပါ။ မမြင်ဘူး၊ မတွေ့ ဘူးပါ။ လေ့လာရင်း၊ ဗဟုသုတ ရှာဖွေရင်းဖြင့် ဆရာစု၏တပည့်ဖြစ်သွားလေသည်။

တစ်နေ့သောအခါ ကိုသိန်းရွှေမှ ကျွန်ုပ်အား လာခေါ်လေသည်။ ဆရာစုအားပယောဂကုရန်လာပင့်သွားကြောင်း၊ ငါတို့နောက်ကလိုက်ခဲ့ရန်မှာခဲ့ကြောင်း ပြောပါသည်။

"မောင်စိုင်း၊ ဆရာစုမှာတယ်"

"ဟုတ်ကဲ့"

"သူ 'ဒါး'က နားကရွာမှာ ပယောဂကုဖို့ လာပင့်သွားတယ်။ နောက်ကလိုက်



# အရှေ့ဝါလိုင်း သရဲကိုအနိုင်ယူကနိုင်သော ဆရာစုအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဖို့လည်းမှာတယ်"

"ဒီလိုပွဲမျိုး ကြည့်ချင်နေတာ အတော်ပဲ။ ဘယ်တော့သွားရမှာလဲ"

"မနက်ဖြန်လိုက်သွားကြမယ်"

"ကောင်းပါပြီ-ဒါနဲ့ဘာရောဂါလဲ၊ ဘာထူးမှာလဲ။ သတင်းအစအနလေးတော့ ပြောပြပါလား"

"ဒါကမြို့နားမှာ ဆင်ခေါင်းဆိတဲ့ရွာရှိတယ်။ တစ်ခါက ဆရာစုတို့ကို ကိုးကွယ်ကြတယ်ကွ။ ဆရာစုက ဝိဇ္ဇာလမ်းစဉ်၊ အထက်လမ်းပေါ့ကွာ။ ဘုရားတည်တယ်၊ ကျောင်းဆောက်တယ်။ ပယောဂတွေ၊ အောက်လမ်းပညာနဲ့လုပ်ထားတာတွေကိုကုသပေးရင်း ဝေနေယျတွေကိုကယ်တင်ရရှာတယ်။ ဆရာစုက ဆေးဝိဇ္ဇာနဲ့လည်းဆက်သွယ်မိနေတယ်။ သူတပည့်တွေကို တစ်ခါတစ်ရံ ဆေးပွဲကျင်းပကြတယ်"

"ဘာလဲဗျ၊ ဆေးပွဲဆိုတာ"

"မင်းကိုနားလည်အောင်ပြောရရင် ဆရာကန်တော့ပွဲပေါ့ကွာ။ ဝိဇ္ဇာတွေကို ကန်တော့တာ"

"တော်တော်ထူးထူးဆန်းဆန်းပါပဲ၊ ပြောပါဦး"

"ဆရာကန်တော့ပွဲမှာ အတွင်းစည်း၊ အပြင်စည်းဆိုပြီး စည်းသားထားတယ်။ အတွင်းစည်းကို ရာဇမတ်ကာပြီး သာသနာ့အလံတွေကြက်လျှာတွေ့တံခွန်တွေ စိုက်ထူထားတယ်။ ဝင်ပေါက်တစ်ပေါက်ပဲထားတယ်။ အဖွင့်၊ အပိတ်တံခါးရှိတယ်"

"တစ်ခါမှမကြားဘူးတာတွေမို့ စိတ်ဝင်စားဖို့ကောင်းတယ်။ ဆက်ပြောပါဦး"

"ဒီအတွင်းစည်းမှာ ဆရာစုရဲ့ဆရာတွေကို ကန်တော့ပွဲပေးရတယ်။ သာသနာ့ပွဲက ဌက်ပျော (၅) ဖီး၊ အုန်းသီး (၁) လုံး၊ ဝိဇ္ဇာပွဲက ဌက်ပျော(၃)ဖီး၊ အုန်းသီး (၁) လုံး၊ ဝိဇ္ဇာပွဲ (၉) ပွဲပြည့်ရတယ်။ ဘုရား (၅) ဆူ ပင့်ရတယ်"

"ဝိဇ္ဇာပွဲမှာ ဘာလို့ဘုရား(၅)ဆူပင့်ရတာလဲ"

"ဆရာစုက ဘုရား (၅) ဆူဂိုဏ်းလေ"

"ဘုရားက (၄) ဆူပဲပွင့်သေးတာ။ ဘာလို့ (၅) ဆူဖြစ်ရတာလဲ"

"ဘာလို့ (၅) ဆူပင့်တာလဲဆိုတာတော့ မင်းကိုယ်တိုင်ပဲမေးကြည့်ပေါ့။ ငါတော့ မသိဘူး"

"ဟုတ်ပါပြီ၊ ဆက်ပြောပါဦး"

"ဘုရား (၅) ဆူကိုပင့်ပြီးမှ ပွဲတွေထိုးတာ။ ပွဲတွေရှေ့မှာ အလင်းတိုင်၊ အမွှေးတိုင်တွေထွန်းဖို့ ခုံတွေလုပ်ထားရတယ်။ ခုံတွေရှေ့မှာတော့ ကြိမ်လုံးတစ်လုံးချထားတယ်။ ဒီရှေ့မှာတော့ စားပွဲတစ်လုံးနဲ့ ခဲတံတွေ၊ ရှမ်းစက္ကူတွေ၊ ပေတံတွေတင်ထားတယ်"

"ဒီစက္ကူတွေကဘာလုပ်ဖို့လဲ"

"အင်းရေးဖို့ အင်းချဖို့ပဲ။ ထူးခြားတာက တပည့်တွေကို မှတ်တမ်းတင်ခြင်းကိစ္စပဲ"

"ကျွန်တော်မရှင်းဘူးဗျ။ ဘာပြောတာလဲ၊ ဘာမှတ်တမ်းတင်တာလဲ"

"ဒါတွေကို နောက်မှအသေးစိတ်ပြောမယ်။ အပြင်စည်းကိုတော့ အဆောက်အအုံရဲ့ ထောင့်လေးထောင့်သတ်မှတ်တယ်။ သွားလို့ရအောင်လည်းရှင်းထားရတယ်။ တပည့်တွေ၊ ပွဲကြည့်ပရိသတ်တွေကတော့ အပြင်စည်းပိုင်းထဲမှာဝင်လို့ရတယ်။ အတွင်းစည်းကိုတော့ဝင်လို့မရဘူး"

"ဆေးချတာကဘယ်ရောက်သွားပြီလဲ၊ ပြောပါဦး"

"အေး - ဆေးပွဲကျင်းပမယ်ဆိုရင် ဒီအခမ်းအနားအတိုင်း ပြင်ဆင်ကြရတယ်။ ဆေးပွဲကို ည (၉) နာရီကျော်မှ ကျင်းပတတ်ကြတယ်"

"ဘာလို့လဲဗျာ"

"ည (၉) နာရီနောက်ပိုင်းမှ ဝိဇ္ဇာတွေအခိုန်ဖြစ်တယ်။ ဝိဇ္ဇာတွေကြွလာနိုင်တယ်ပေါ့ကွာ။ ဆေးပွဲကျင်းပရင် ဆရာစုက အထက်ဖြူ အောက်ဖြူဝတ်ပြီးစည်းဝိုင်းထဲမှာဝင်တယ်။ပေါက်ဆရာ (၆၉) ပါးကို ပင့်တယ်။ ဝိဇ္ဇာရှစ်သောင်းဆရာပေါင်းကိုပင့်တယ်။ သိုင်းကျိုး၊ ပြည်ကျိုး၊ လောကသာရကျိုးတွေပင့်တယ်"

"ပေါက်ဆရာတွေ၊ ဝိဇ္ဇာတွေကထားပါတော့။ ဘာလဲဗျ သိုင်းကျိုး၊ပြည်ကျိုး၊ လောကသာရကျိုးဆိုတာ"

"ဒါက အဆင်အတန်းခွဲခြားထားတာ။ မင်းက လူသားလေ။ ဝိဇ္ဇာပညာဂန္ဓာရီလမ်းကို လိုက်စားရင် ပထမလောကသာရကျိုးအဆင့်ကိုတက်ရမယ်။ သတ်မှတ်စည်းကမ်းတွေ လိုက်နာပြီး ပညာတတ်လာရင် သိုင်းကျိုးအဆင့်ကို တက်ပေးရတယ်။ သိုင်းကျိုးအဆင့်မှာလည်း စည်းမဖောက်ဘူး၊ ပညာတွေတတ်တယ်ဆိုရင် သာသနာ့ကျိုးကိုတက်ပေးရတယ်"

"ဒီပညာအဆင့်အတန်းတွေကို ဘယ်သူကသတ်မှတ်တာလဲ။ စာမေးပွဲဖြေသလိုဖြေရတာလား။ စာစစ်ဌာနကဘယ်မှာလဲ။ မေးခွန်းတွေ၊ အဖြေတွေဘယ်သူကထုတ်လို့ ဘယ်သူကစစ်တာလဲ။ စည်းမဖောက်ဘူး၊ ဖောက်တယ်ဆိုတာကောဘာနဲ့တိုင်းမှာလဲ"

"မင်းက အထက်တန်းစာမေးဖြေသလိုမေးနေပြန်ပါပြီ။ ဝိဇ္ဇာကသတ်မှတ်တဲ့အဆင့်တွေပဲကွ။ စာမေးပွဲစစ်တယ်၊ အောင်တယ်၊ ရှုံးတယ်ဆိုတာခုဆေးပွဲမှာကြေညာတာပဲ။ ဝိဇ္ဇာတွေဆိုတာ အကုန်သိတယ်။ ကိုယ်စောင့်နတ်ကိုယ်စီရှိတယ်။ သူတို့က ဝိဇ္ဇာတွေကို သတင်းပို့ရတာ"

"တော်တော်ကိုအံ့သြစရာပဲ။ထားပါတော့၊ ဆေးပွဲကိုပြောပါဦး"

"ဆရာစုက ဝိဇ္ဇာတွေဖိတ်လို့ကြွလာပြီဆိုရင် ဆရာစုမဟုတ်တော့ဘူး၊ အထက်ဝိဇ္ဇာတစ်ပါးပါးပူးပြီးပြောတော့တာပဲ။ အနားမှာလျှောက်တဲ့ တပည့်တစ်ယောက်ရှိသေးတယ်။ အခုကြွလာသော ဆရာအပေါင်းကို တပည့်မှားကာယကံ၊ဝစီကံ၊မနောကံတို့ဖြင့်ပြစ်မှားမိရင် သည်းခံခွင့်လွှတ်ဖို့ တောင်းပန်ဝန်ခံ၊ ကန်တော့ကြတယ်။ ပြီးမှ တပည့်စာရင်းကို တင်ပြလျှောက်ထားရတယ်။ (ဥပမာ- သောကြာသား သိန်းရွှေ သာသနာကျိုး) လို့ တပည့်က လျှောက်ထားလိုက်တယ်။ မိုင်းကိုင်စက္ကူစာရွက်အလွတ်နှစ်ရွက်မှာ ဝိဇ္ဇာတွေရေးတဲ့စာနဲ့မှတ်တမ်းတင်တော့တာပဲ။ လူတွေတော့ မဖတ်တတ်ဘူး"

"ဝိဇ္ဇာကဘာတွေပြောလဲ"

"ဝိဇ္ဇာက သောကြာသား သိန်းရွှေ ဘာတွေလုပ်တယ်၊ စည်းဖောက်ရင် ဖောက်တယ်၊ ဂန္ဓာရီပညာတွေလိုသေးတယ် စသဖြင့်ပြောသွားတယ်။ အဆင့်တက်လို့ရရင် ရတယ်၊ မရရင်လည်း မရဘူးလို့ပြောတယ်။ ဒီလိုနဲ့ တပည့်အားလုံး မှတ်တမ်းတင်ပြီးရင် အပြင်စည်းကို ရိုက်တယ်။ အပြင်ထောင့်လေးထောင့်မှာ ဒီပန္နက်ရိုက်တယ်။ ဖယောင်းတိုင်ကို အင်းချထားတဲ့စက္ကူနဲ့ပတ်ပြီး ဆရာစုညွှန်ကြားရာနေရာမှာ မီးထွန်းညှိထားတယ်။ ထောင့်လေးထောင့်မှာ မီးပန္နက်ရိုက်ပြီးရင် အတွင်းစည်းထဲကို ပြန်ဝင်လာတယ်။ ခုနမှတ်တမ်းတင်ထားတဲ့ တပည့်တွေအတွက် ဆေးချပေးတယ်"

"ဆေးကဘယ်လိုချပေးတာလဲ"

"ပိတ်ဖြူစကြိုးနဲ့ ခံထားရတာ၊ ဆရာစုက မီးပန္နက်ရိုက်ပြီးပြန်ဝင်လာရင် လက်ထဲကဆေးတွေ ပက်ပက်ဆေးလိုက်တာ။ ပိတ်ဖြူစပေါ်ကွဲသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာစုလက်ထဲက ဆေးတွေက ဘယ်ကရောက်လာတာလဲ"

"လက်ထဲမှာဆေးမရှိပါဘူး၊ ဟန်ချောင်စေပေါက်လိုက်တာ။ ဆေးကအပေါ်အတ္ထုလာတာ။ ဆေးဝိဇ္ဇာတွေကချပေးတာ"

"တော်တော်ကိုထူးဆန်းတာပဲ။ နောက်တစ်ခါ ဆေးပွဲဆိုရင် ကျွန်တော်ဒို့က်မယ်"

"ဆေးက လက်မဝက်ခန့်ရှည်တယ်၊ အရင်းကြီးပြီး အဖျားသေးတဲ့ဆုလုံးရှည်လေးပဲ။ မွှေးနေတာပဲ။ ဝိဇ္ဇာတွေချပေးတဲ့ဆေးက ရခဲတယ်၊ တွေ့ရခဲတယ်"

"ခုနမှတ်တမ်းတွေကဘာလုပ်မှာလဲ"

"မှတ်တမ်းတွေကို မီးရှို့ပြာချပြီး သင်္ဘောဆိုင်သူတွေကသောက်ရတာ။ ဒါမှအသင်းဝင်ဖြစ်သွားတာ။ အင်းတွေဆွဲတယ်၊ သိဒ္ဓိတင်တယ်၊ သောက်ကြတယ်၊ ဆေးတွေလည်း တပည့်တွေကို ခွဲဝေပေးတယ်"

"တော်တော် စိတ်ဝင်စားစရာကောင်းတယ်။ နောက်တစ်ခါလိုက်မယ်"

"ဆေးပွဲရှိရင်ပြောမယ်။ အခုဆရာစုပြောတဲ့ ဆင်ခေါင်းရွာထဲမှာပဲ ဆေးပွဲတွေကျင်းပပြီးတပည့်တွေရှိတယ်။ သိုင်းကျိုး၊ ပြည်ကျိုး၊ လောကသာရကျိုး၊ သာသနာကျိုး အဆင့်ဆင့်တပည့်တွေရှိကြတာပေါ့ကွာ။ တစ်နေ့တော့ အောက်လမ်းဆရာ ရောက်လာတယ်။ အောက်လမ်းဆရာက ဆရာစုတပည့်တွေနဲ့ ပညာစမ်းကြတယ်"

"လာပြန်ပြီ။ စိတ်ဝင်စားစရာတစ်ခု"

"ဟုတ်တယ်၊ တကယ့်ဖြစ်ရပ်ဆန်းဗျ"

"အောက်လမ်းဆရာရောက်လာတော့ ဘာဖြစ်ကြတာလဲ။ ပြောပါဦး"

"ဆရာစုက ဝိဇ္ဇာအတတ်ပညာတတ်တယ်။ ဆေးချလို့ရတယ်၊ ဆေးကုလို့ရတယ်။ အင်းနဲ့တိုက်ထားရင်လည်း မြှုပ်ထားအင်းကိုဖော်လို့ရတယ်"

"ဒီတော့ အောက်လမ်းဆရာက ဘာပြောလဲ"

"သူလည်းပညာတတ်တယ်၊ဆေးကုလို့ရတယ်။ တောင်ပိုင်းက ဒေါ်ငြိမ်းတင် နေမကောင်းလို့ သူ့ကိုလာပင့်တာ။ သူကုပေးလို့ အခုကောင်းသွားပြီ။ ဆေးလည်းချတတ်တယ်ဆိုပြီး ပိတ်ဖြူကြီးခံပြီး ဆေးချပြတယ်။ အင်းမြှုပ်တဲ့နေရာလည်း လက်တွေ့ဖော်ပြတယ်။ ဟေ့ - အင်းလာစမ်း ဆိုပြီး မြှုပ်တဲ့နေရာကပေါ်ပြီး လေထဲမှာဝဲလာတာ"

"ဒီတော့ ရွာသားတွေစိတ်ထဲမှာတွေဝေသွားမှာပေါ့"

"တွေဝေရုံတင် မဟုတ်ဘူး။ ဒီအောက်လမ်းဆရာကို အတော်ကို အထင်ကြီးသွားတာ။ ဆရာစွမ်းပြလိုက်သေးတယ်ကွ"

"ဘယ်လိုပြလိုက်တာလဲ"

"မင်းတို့ဆရာစုက အင်းကို မီးခြစ်နဲ့သာရှို့လို့ရတာ။ ငါကအင်းကိုဒီလိုရှို့ပြမယ်ဆိုပြီး ခွက်ထဲမှာ အင်းစာရွက်ကို ထားပြီး လက်ညှိုးထိုးလိုက်တာ မီးထတောက်တာပေါ့"

"ဟာ - တော်တော်စွမ်းပါလား"

"ဒါတင်ဘယ်ကမလဲ။ ငါကိုင်နေကျဆေးတောင်ပေး လာစမ်း ဆိုပြီး ခေါ်လိုက်တာ တောင်ပေးက အသက်ဝင်ပြီး ကြမ်းပြင်ကို တဒေါက်ဒေါက်ခေါက်ပြီး လာတယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ဘာဆက်ဖြစ်လဲ"

"ရွာသားတွေက ဒီဆရာကို အထင်ကြီးတာပေါ့။ ဆရာ့ထံတပည့်ခံကြတာပဲ။ အောက်လမ်းဆရာက တပည့်ဖြစ်ချင်ရင် သရဲတစ်ကောင်စီမွေးရမယ်လို့ ပြောတယ်"

"သရဲကဘယ်လိုမွေးရတာလဲ"

"သရဲမွေးစာက သူတို့သခ္ဓိုင်းထဲကို ခေါ်သွားတယ်။ ဆိတ်ကို အရှင်လတ်လတ် ခေါင်းဖြတ်သတ်ပြီး ထွက်လာတဲ့သွေးကိုသောက်ရတာ။ ဆရာက သရဲကိုခေါ်ပြီးအပ်ပေးလိုက်တာ။ တချို့က လောဘကြီးပြီး နှစ်ကောင်တောင်မွေးတာ"

"နွားမွေးတော့ နွားစာကျွေးရတယ်။ သရဲမွေးတော့ဘာကျွေးရသလဲ"

"သရဲကို တစ်လတစ်ခါ အမဲသားကျွေးရတယ်။ အမဲတစ်ပိဿာဝယ်ပြီး သူလည်းချက်စား၊ သရဲကိုလည်းကျွေးပေါ့"

"သရဲမွေးတော့ . ဘာသုံးလို့ရသလဲ"

"သရဲမွေးတော့ အောက်လမ်းဆရာဖြစ်ပြီပေါ့ကွာ။ ဟိုကောင်ကိုပြစားလိုက်၊ သူက ဆေးကုလိုက်လုပ်စားတာပေါ့"

"ဒါတွေကိုတစ်ခါမှမကြားဖူးဘူး"

"ဟုတ်တယ်၊ တစ်ခါတလေ သူငယ်ချင်းချင်း သရဲချင်းပြိုင်တာရှိသေးတယ်"

"ဘယ်လိုပြိုင်တာလဲ"

"သရဲချင်းနပန်းလုံးပြိုင်တာ"

"အင်္ဂါ အနိုင်ကို ဘယ်လိုဆုံးဖြတ်သလဲ"

"အမဲသားများများစားရတဲ့သရဲက အကောင်ကြီးထွားတာပေါ့ကွာ။ အစားနည်းတဲ့သရဲက အကောင်သေးတာပေါ့။ အားကြီးတဲ့သူနိုင်တာပေါ့"

"နပန်းလုံးတာ မြင်ရသလားဗျ၊ ဘယ်လိုသိတာလဲ"

"ရှုံးတဲ့သရဲက သူ့ဆရာထံဝင်ပြေးတာပေါ့။ နိုင်တဲ့သရဲက နောက်ကလိုက်တော့ ဆရာသမားရော သရဲပါ လဲကျသွားတာပေါ့"

"ဩော် - ဆရာလဲကျသွားရင် ရှုံးပြီပေါ့"

"အေး - ရှုံးရင် အမဲသားကျွေးရတယ်။တစ်ခါက မောင်နုဆိုတာလက်မှာ အနာသေးသေးလေး အပ်ဖျားလောက် ရှိတယ်။ သူတို့သူငယ်ချင်းချင်း သရဲပြိုင်တာ မောင်နု ရှုံးသွားတယ်။ မောင်နုက အမဲသားမကျွေးနိုင်ဘူး။ ငွေလည်းမရှိဘူးပေါ့ကွာ။ မြင်လည်းမမြင်ရတော့ မကျွေးဘူးပေါ့။ နိုင်တဲ့သရဲက သူ့ဆရာကို တောင်းတာပေါ့။ မောင်နုက မကျွေးရင် မောင်နုလက်ကအနာကိုစားပေါ့လို့ပြောလိုက်တာ"

"ဟာ - ဆက်ပြောပါဦး"

"မောင်နုလက်က အပ်ပေါက်လောက်ရှိတဲ့အနာက အနှံ့ပဆုပ်လိုဖြစ်ပြီး လက်အကြီးကြီးဖြစ်လာတယ်။ ဆေးရုံ၊ ဆေးခန်းတွေစုံနေပြီ။ ဘယ်လိုမှကုလို့မပျောက်ဘူး။ နောက်လက်ကြီးဖြတ်ပစ်လိုက်ရတော့မယ့်အခြေအနေရောက်လာတယ်"

"ဟာ - တော်တော်ဆိုးတာပဲ"

"ဘယ်လိုမှ မပျောက်တော့မှ ဆရာစုထံဆေးလာကုတယ်။ ဆရာစုက အမဲသားကျွေးခိုင်းလိုက်တယ်။ သရဲက အမဲသားလည်းစားရရော ရောဂါချက်ချင်းပျောက်သွားတာ"

"ဒီရွာကသရဲတွေမွေးပြီးအောက်လမ်းဆရာပေါက်စတွေလုပ်နေကြတာပေါ့"

"ဟုတ်တယ် မောင်စိုင်းရဲ့ အခုလည်း ဆရာစုကိုပင့်တာ သရဲကိုရွေးမင်းလည်းသိရအောင် ခေါ်ခိုင်းလိုက်တာ"

"အခုကိစ္စလည်းပြောပါဦး"

"အခုလာပင့်တာက ကိုလှမြင့်"



www.burmeseclassic.com

www.burmeseclassic.com

ပဲ။ သူက သရဲမွေးပြီးလာတာ။ သရဲက အစားကြီးတော့ အမဲသားမကျွေးနိုင်ဘူး။ ငါလည်း ဆင်းရဲတယ်။ မင်းတို့ကို ငါသတ်သတ်မကျွေးနိုင်ဘူး။ တစ်လတစ်ကြိမ် အိမ်မှာ အမဲသားဝယ်ချက်စားတယ်။ ငါစားတဲ့အခါကျမှ မင်းတို့လည်း စားလို့ပြောပြီးမွေးလာတာ။ ကြာတော့ အသက်အရွယ်ကရလာပြီ။ ဘာသာရေးကို စိတ်ဝင်စားလာတော့ သရဲကိုမမွေးချင်ဘူး"

"သူနှစ်ပေါင်းများစွာမွေးလာတဲ့ သရဲကို မမွေးချင်တော့ဘူးဆိုတော့ နှင်ရတော့မှာပေါ့"

"ဟုတ်တယ်၊ သရဲကိုခေါ်ပြီး ငါမကျွေးနိုင်တော့ဘူး။ ငါ့ကိုလည်း သခင်လို့ သဘောမထားနဲ့။ မင်းတို့လည်း သွားချင်တဲ့နေရာသွားကြလို့ပြောတယ်"

"သရဲကစကားနားထောင်လား"

"ဘယ်နားထောင်မှာလဲ။ မိတ်ဆွေကနေ ရန်သူဖြစ်သွားတာပေါ့"

"ရန်သူဖြစ်တော့ဘာလုပ်လဲ"

"ပထမ မသွားဘူး။ ဘယ်မှမသွားဘူးဆိုပြီး ခြံထဲက သရက်ပင်ကို လှုပ်ခါချလိုက်တာ သီးနေတဲ့ သရက်သီးတွေ တစ်လုံးမှမကျန်ဘူး၊ အကုန်မြေခဏုန်တယ်။ နောက်တစ်ခါ ထပ်ပြောတယ်။ ငါ့နားမှာမနေကြနဲ့၊ သွားကြလို့ ပြောတော့ စိုက်ထားတဲ့ကွမ်းရွက်တွေ ကြေကျကုန်တယ်။ နောက်တစ်ခါ ထပ်နှင်တော့ အိမ်မှာမွေးထားတဲ့ကြက်ကို စားတော့တာပဲ"

"ကြက်ကိုဘယ်လိုစားတာလဲ"

"အိမ်ကကြက်တွေသေကုန်တာပေါ့ကွာ။ သရဲကကိုက်စားတာပေါ့ကွာ။ ဒါနဲ့ ကိုလှဦးက ဒေါသဖြစ်ပြီး ငါမွေးတဲ့သရဲကငါ့ခိုင်းတာလုပ်ရမှာ။ ခုတော့ ငါခိုင်းတာမလုပ်တဲ့အပြင် ငါ့ကိုပြန်ခြောက်နေသေးတယ်။ တွေ့ကြသေးတာပေါ့ကွာဆိုပြီး ရွာဦးကျောင်းကိုသွားတယ်။ ဆရာတော် (၅) ပါးပင့်တယ်။ အသံခဲ့စက်ငှားပြီးမိုက်နဲ့ကမ္ဘဝါစာရွက်စေတယ်"

"ကိုလှဦးက သူမွေးတဲ့သရဲကို ဘုန်းကြီးတွေကိုနှင်ခိုင်းတာပေါ့။ ဆက်ပြောပါဦး။ သရဲထွက်ပြေးသွားသလား"

"ဆရာတော်(၅)ပါး ရောက်လာပြီး အသံခဲ့စက်လည်းဖွင့်လိုက်ရော ဆရာတော်က ကမ္ဘဝါစာမရွတ်ရသေးဘူး၊ သရဲက စ,ရွတ်တာ။ အသံသေးအသံညောင်နဲ့ မိုက်ထဲမှာ စူးစူးဝါးဝါး အော်ဟစ်တော့တာပဲ။ ဆရာတော် (၅) ပါးလည်း စီးလာတဲ့ဖိနပ်တောင် မစီးနိုင်ဘူး၊ ကျောင်းကိုထပြေးတော့တာပဲ"

"ဟာ - ပွဲကကြည့်မကောင်းဘူး"

"ဟုတ်တယ်၊ ကမ္ဘဝါစာရွက်လို့ မရဘူး။ သူ့ကို ဆရာတော်တွေပင့်ပြီး တကယ်နှင်တာလည်းသိရော သရဲက ရန်သူအဖြစ်သတ်မှတ်ပြီး အိမ်ကန္ဒားကြီးတစ်ကောင်ကိုသတ်လိုက်တယ်။ နွားကြီးသေလို့ (၇) ရက်ကြာတယ်၊ နောက်ထပ်နွားတစ်ကောင်စားပြန်တယ်။ နွားတစ်ရှဉ်းလည်းကုန်ပြီ။ သရဲက အားမရဘူး။ (၇) ရက်ထပ်ကြာတော့ သူ့သမီးလေးကို စားနေလို့ ဆုံးတော့တာပဲ။ နောက် ကိုလှဦးလည်း အိပ်ရာထဲမှာလဲတော့တာပဲ"

"ဟာ - ကြောက်စရာကောင်းတယ်။ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်တယ်ဆိုတာ ဒါပဲ။ ဒါဆိုရင် အခြေအနေက သေးသေးလေးမဟုတ်ဘူး၊ တိုက်ပွဲက တော်တော်ပြင်းထန်နေပြီ"

"ဟုတ်တယ်၊ တစ်ရွာလုံးက ကိုလှဦးကို သနားနေကြတယ်။ ဒီတစ်ခါ သရဲစားမှာတော့ ကိုလှဦးပဲ။ ဒါကြောင့် အပျိုကြီးဒေါ်ဝိုင်းစိန်က အကုန်အကျခံပြီး ဆေးကုပေးမှာ။ ဆရာစုကိုပင့်တာလည်း ဒေါ်ဝိုင်းစိန်ပဲ။ သူက ကိုလှဦးကို သနားလို့ ဆေးကုပေးတာ"

"အေးဟာ - ဒီအဖြစ်အပျက်ကတော့ ကျွန်တော်တစ်ခါမှမကြားမိဘူး။ တော်တော့ စိတ်ဝင်စားစရာကောင်းတယ်။ ကျွန်တော်တို့ မနက်ဖြန် ဆရာစုနောက်ကို လိုက်သွားကြမယ်"

"ကောင်းပြီ၊ မနက်ဖြန် (၇) နာရီသွားမယ်"

သို့ဖြင့် ကိုသိန်းရွှေတစ်ယောက် ပြန်သွားလေတော့သည်။

ကျွန်ုပ်လည်း စိတ်ဝင်စားစရာဝတ္ထုတစ်ပုဒ်ကို နားထောင်ရသလို ဇာတ်လမ်းထဲမှာ စီးဝင်မျောပါသွားလေသည်။ ပြန်စဉ်းစားသောအခါ သရဲ၊ တစ္ဆေ၊ မြေဖုတ်၊ ဘီလူး၊ ဂန္ဓဗ္ဗ အစရှိသော နာနာဘာဝဝိနာဘာဝများသည် ပြိတ္တာများ ဖြစ်ကြသည်။ သူတို့ကို လူအသိုင်းအဝိုင်းကြားမှာရောက်အောင် ဆရာများက စီစဉ်ကြသဖြင့် မဖြစ်သင့်တာတွေဖြစ်လာခြင်း ဖြစ်၏။

ကိုလှဦး၏အသက်ကိုကယ်ဖို့သာရှိတော့သည်။ ဒီတစ်ခါ ပွဲစဉ်ကတော့ ကိုလှဦး၏သရဲနှင့် ဆရာစုတို့၏ တိုက်ပွဲပင် ဖြစ်သည်။ ဒီတိုက်ပွဲရှုံးပါက ကိုလှဦး အသက်ဆုံးရှုံးရမည် ဖြစ်ပါသည်။ ငါတို့ ဆရာစုကော ဒီသရဲကိုနိုင်ပါ့မလား စသည်ဖြင့် အတွေးအာရုံများဝင်လာသည်။ နောက်မှ မေးခန့် အိပ်ပျော်သွားပါသည်။

❑

နံနက် (၇) နာရီတွင် ကျွန်တော်နှင့် ကိုသိန်းရွှေတို့ ပုသိမ်း-ဒါးကတိတ်ရောက်လာကြသည်။ ကားမှာ သစ်သားကိုယ်ထည်ဖြင့် ရှည်မျောမျောဖြစ်သည်။ ခေါင်ပေါ်တွင် ကုန်ပစ္စည်းများအပြည့်တင်ဆောင်ထားသည်။ လူအပြည့်၊ ကုန်အပြည့်တင်ဆောင်ထားသော လိုင်းကားကြီးသည် မကြာမီ ပုသိမ်မှစထွက်သည်။ အပင်နှစ်ဆယ်ရှာ၊ ဒကုန်းကြီးရှာ၊ ကံကြီးဒေါင့်ရွာတို့ကို အလှည့်ကျရပ်လိုက်၊ လူတွေဆင်းလိုက်၊ ကုန်တွေချလိုက်၊ ပြန်ထွက်လိုက်ဖြင့် မကြာမီ ဒါးကသို့ရောက်လာပါသည်။ ဒါးကတွင် မီးရထားလမ်းဖြတ်သန်းသွားသည်။ အိမ်မဲမြစ်ကိုဖြတ်သောတံတားမှာ မီးရထားရော ကားပါးပွဲတွဲကူးဖြတ်ရသောတံတား ဖြစ်သည်။

ဒါးက - အိမ်မဲ ကားလမ်းဆုံတွင် ကျွန်တော်တို့နှစ်ယောက်ဆင်းကြသည်။ ဒါးကမှ ဆင်ခေါင်းရွာသို့ ခြေကျင်သွားရသည်။

"ကဲ - ကိုသိန်းရွှေ၊ ဆင်ခေါင်းရွာတာ ဘယ်ရွာလဲ လူတွေကိုမမေးနဲ့၊ ခင်ဗျားအစောင့်ကိုမေး"

ကျွန်တော်တို့လည်း ဆရာပေါက်ဖော်များဖြစ်၍ အထင်အမြင်တွေ၊ အာရုံတွေ ရကြသည်။ သူ့အစောင့်ကိုမေး၍ လမ်းကြောင်းကို ရှာဖွေကြသည်။

"မောင်စိုင်း၊ ဒီရွာပဲ။ ဒါဆင်ခေါင်းရွာဖြစ်မယ်ထင်တယ်။ ဟုတ်၊ မဟုတ် မင်းပဲအစောင့်ကိုမေးကြည့်ကွာ"

ကျွန်ုပ်လည်း အစောင့်ကိုမေး၍ အာရုံခံလိုက်သောအခါ ကိုသိန်းရွှေသောဘက်နှင့် ဆန့်ကျင်ဘက်အရပ်ကို ပြလေသည်။ အရပ်မျက်နှာကွဲနေသည်။ လူတွေကိုမေး၍ အဖြေထုတ်သောအခါ ကျွန်ုပ်ညွှန်ပြရာသည် ဆင်ခေါင်းရွာကြောင်း သိရလေတော့သည်။

ရွာနားသို့ရောက်သောအခါ ရွာ (၃) ရွာ ဖိုခုံလောက်ဆိုင်ဖြစ်နေသည်။ ဘယ်ရွာကဆင်ခေါင်းရွာလဲဆိုတာ သိနိုင်လိုသည်။ကျွန်ုပ်တို့နှစ်ယောက်က လူတွေကိုမမေးဘဲ မိမိအစောင့်ကိုသာမေးသွားကြသည်။ရွာအတည်ဖြစ်သောအခါ ကိုလှဦးအိမ်ကိုရှာကြသည်။ ရွာထဲကလူတွေကိုမမေးဘဲ မိမိတို့အစောင့်ကိုသာ


www.burmeseclassic.com

www.burmeseclassic.com

ချေသွားကြလေသည်။ တစ်ခါတစ်ရံ ကိုသိန်းရွှေပြောတာ မှန်သလို တစ်ခါတစ်ရံ ကျွန်ုပ်ပြောတာမှန်လေသည်။ ဆရာအစွမ်းအစထုတ်၍ ခြေကျင်လိုက်တာတာ ကိုလှဦးအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာကြသည်။ ရွာသားများမှ ခရီးဦးကြိုပြုကြသည်။ ဆရာစုကို တန်တော့၍ နှုတ်ဆက်ကြသည်။

"ဆရာစု၊ သားတို့ ရောက်ပါပြီ ဆိုတော့"

"အေး - ကောင်းတယ်။ ငါမင်းကို ချောနေတာ။ အင်းစာရွက်တွေကော ပါလား"

"ပါတယ် ဆရာစု"

"ဒါဆိုရင် ဒီညဆေးကုရအောင်" ကျွန်ုပ်တို့ ဧဏာအနားယူသည်။ အပျိုကြီးဒေါ်ဝိုင်းစိန်ည့်ခံသောထမင်းကိုစားပြီး ရေနွေးကြမ်းကိုသောက်ရင်း လူနာကို အကဲခတ်ရလေသည်။

ထမင်းစားပြီးနောက် ကျွန်တော်တို့သည် သာသနာပွဲများ၊ ဝိဇ္ဇာပွဲများကို ပြင်သည်။ ဘုရား (၅) ဆူကိုပင့်သည်။ အလင်းတိုင်၊ အမွှေးတိုင်များကိုထွန်းညှိပြီး ကိုလှဦးကို ဘုရားကျောင်းဆောင်ရှေ့သို့ခေါ်ပေါသည်။ ဆရာစုသည် ကြိမ်လုံးကိုကိုင်ထားသည်။ လူနာ ကိုလှဦးအား ဘုရားကိုကန်တော့ခိုင်းလိုက်သည်။

ထိုအချိန်တွင် ဆရာစုက -

"ငါဆရာပြောသမျှ၊ စေခိုင်းသမျှ အောင်မြင်စေရမည်။ အထက်ဆရာကြီးများအမိန့်၊ ပေါက်ဆရာ (၆၉) ပါး၏ အမိန့်။ လူနာရှင်၏ပယောဂသည် လူနာအား ချက်ချင်းဝင်စီးစေ"

ဟု အမိန့်ပေးလိုက်သည်။

လူနာသည် တုန်တုန်ရီရီဖြစ်လာပြီး လက်နှစ်ဖက်သည် ရင်ဘတ်သို့ အရှိန်ပြင်းစွာရိုက်ခတ်လေသည်။ လူနာအား သရဲဝင်ပူးလေသည်။ ကျွန်ုပ်အာရုံထဲတွင် ဝင်ပူးသောသရဲမှာ လူ (၄) ဦး လက်ချင်းချိတ်မိဖို့ မလွယ်ပေ။ ထိုမျှကြီးသောသရဲကြီးကို အာရုံထဲတွင် တွေ့လိုက်ရသည်။

"ကဲ - အခုဝင်လာတာဘယ်သူလဲ။ နှုတ်ကဖွင့်ပါ။ ငါဆရာမပြောဘဲ ထွက်ခွာမသွားစေရ"

ဆရာစုသည် ဝင်လာသော သရဲကို ပြန်မထွက်စေရန် ချုပ်ထားလိုက်၏။ ဤသို့မချုပ်ပါက ပယောဂဆရာကို ပညာစမ်းတာတွေလည်းရှိသည်။

"ကဲ - ပြောနေတယ်၊ နှုတ်ကဖွင့်။ မင်းကိုဒီမှာဆက်မထားနိုင်ဘူး"

"ငါ ဒီအိမ်ကမဆင်းဘူး။ ငါ့ကို ဘယ်သူမှနှင်လို့မရဘူး"

"ဩော် - မင်းကခေါင်းမာသေးတယ်။ ကဲကွာ- ခေါင်းမာဦး"

ဆရာစုလက်ထဲက ကြိမ်လုံးဖြင့် (၃) ချက် ဆက်ရိုက်လိုက်သည်။ သရဲအတော်အထိနာသွားသည်။

"ကြောက်ပါပြီ ဆရာရယ်၊ ဆက်မရိုက်ပါနဲ့"

"ဒီကောင် ငါ့ကို အာခံတယ်။ ဒီကောင့်ကို ကြိုးပိုင်က ကြိုးနဲ့တုပ်ထားစေ။ မားသိုင်း၊ တုတ်သိုင်းဆရာများက ဝိုင်းရံထားစေ"

လူနာ ကိုလှဦးမှာ လက်နောက်ပြန်၍ကြိုးနှင့်ချည်ထားသလို မလှုပ်မယှက်နေရလေသည်။ သရဲကိုချုပ်ထားသောကြိုးကိုတော့မမြင်ရချေ။

"ဆရာ့စကားကို နားထောင်ပါမယ်။ ဒါပေမယ့် ဒီအတိုင်းတော့ မသွားနိုင်ဘူး"

"ဟုတ်ပြီ၊ ဘာလိုချင်လို့လဲ"

"ကျုပ်ကိုပင့်စဉ်က ဆရာသမားနဲ့ သေသေချာချာအပ်ပေးတာ။ ကတိရှိတယ်။ ခိုင်းတာအကုန်လုပ်ပေးသလို ဝဝလဲလဲ ကျေးရမယ်။ ခုတော့ ထမင်းမကျွေးတဲ့အပြင်နှင်တယ်"

"မင်းစားတာ နွားနှစ်ကောင်ကုန်ပြီ။ ဒီထက်ကဲလာပြီး သမီးလေးလည်း စားလိုက်တယ်။ အခု မင်းဆရာကိုစားဖို့ လုပ်တယ်။ ငါခွင့်မပြုနိုင်ဘူး"

"လွယ်လွယ်နဲ့တော့ မထွက်သွားနိုင်ဘူး"

"မသွားလို့မရဘူး၊ သွားကိုသွားရမယ်။ ဒါပေမယ့် မင်းဆန္ဒကိုလိုက်လျောတဲ့အနေနဲ့ မင်းလိုချင်တဲ့အခွင့်အရေးကို တောင်းဆို"

"ဟုတ်ပြီ။ ဒါဆိုရင် ကြက်ဖိုကြက်မ ချက်ပြီး ကျွေးရမယ်"

"ရတယ်၊ ကျွေးပေးမယ်"

"ဒီအတိုင်းတော့ မစားဘူး။ စင်နိမ့်စင်မြင့်ပေါ်မှာ ဒုက်ပျော်ဖက်ခင်းပြီး ကျွေးရမယ်။ ဒီစင်နိမ့်စင်မြင့်ကိုလည်း ရာဇမတ်ကာပေးရမယ်။ ထီးဖြူ ထီးနီ ဆောင်းပြီး သေသေချာချာကျွေးရမယ်"

"ဟော့ကောင် အခွင့်အရေးရတာနဲ့ မတန်မရာတောင်းလို့မရဘူး။ ကျန်တာလုပ်ပေးလို့ရတယ်။ ထီးဖြူ ထီးနီဆိုတာ မြင့်မြတ်တဲ့ထီးတွေကွ။ ဒါတော့ လုပ်မပေးနိုင်ဘူး၊ ကျန်တာတော့လုပ်ပေးမယ်။ ဒါတောင် ငါစိတ်ကောင်းဝင်လို့ မင်းအခွင့်အရေးပေးတာ"

"ဆရာ၊ ထီးဖြူထီးနီတော့ ထည့်ပေးပါ။ ဆရာပြောတဲ့ ရွှေထီးပြောတာ မဟုတ်ပါဘူး။ စက္ကူအဖြူအနီထီးဆိုရင် ရပါတယ်"

"တော်တော်ကြီးကျယ်တဲ့ သရဲ။ သေရင် အဝီစိကျဦးမယ်။ ဒါတောင် မတန်မရာတောင်းနေသေးတယ်။ ကဲကွာ - တောင်းဦး"

ဟု ကြိမ်ဖြင့် (၃) ချက် ရိုက်ချလိုက်သည်။

"သေပါပြီဗျာ။ ထီးမပါလည်း ရပါပြီဗျ။ ကျန်တာနဲ့ကျွေးပါခင်ဗျာ"

"အေး- ကောင်းပြီ။ မင်းဘက်က တောင်းဆိုတဲ့အခွင့်အရေး ငါပေးမယ်။ ငါကိုယ်တိုင် မင်းကိုကျွေးမယ်။ ကျေနပ်လား"

"ဟုတ်ကဲ့၊ ကျေနပ်ပါတယ်"

"မင်းဘက်ကအခွင့်အရေးတောင်းဆိုသလို လိုက်နာရမယ့်တာဝန်လည်းရှိတယ်"

"ဘာတာဝန်တွေလဲ"

"နောက်ထပ် ဒီအိမ်၊ ဒီဝိုင်း၊ ဒီရွာ၊ ဒီနယ်မှာ မနေရ။ အပြီးတိုင်ထွက်ခွာသွားရမည်။ ကာယကံရှင် ကိုလှဦးကိုလည်း ရန်မပြုရ။ မိမွေးတိုင်းဖမွေးတိုင်း ဖြစ်စေရမည်။ မည်သူ့ကိုမျှဒုက္ခမပေးရ"

"ဟုတ်ကဲ့၊ ကျွေးတာစားပြီးရင် ဒီကနေ ကောင်းကောင်းမွန်မွန် ထွက်ခွာသွားမှာပါ"

"အေး - ကောင်းပြီ။ ညနေ (၆) နာရီတိတိ ငါမင်းကိုစကျွေးမယ်။ မင်းဘက်က ကတိတည်ပါစေ"

ဘုရားဆောင်ရှေ့တွင် ဆရာစုနှင့် သရဲတို့အပေးအယူတည့်သွားလေသည်။ သရဲလည်း တောင်းတာရသဖြင့် ကျေကျေနပ်နပ်ဖြင့် ထွက်သွားလေသည်။ ကိုလှဦးလည်း ဘုရားကိုဦးတိုက်၍ လူအသိများပြန်ဝင်လာတော့သည်။ ကျွန်ုပ်တို့သည် မကြားဘူး၊ မမြင်ဘူး၊ မတွေ့ဘူးသော ဒီအဖြစ်အပျက်ကို ကိုယ်တိုင်ကြုံရလေသည်။

"မောင်စိုင်း၊ ဒီဘုရားဆောင်ရှေ့မှာ အင်းဆွဲထား"

"ဟုတ်ကဲ့ အဘ၊ ဘာအင်းတွေဆွဲရမှာလဲ"

"(၃) ကွက်အင်း၊ (၉) ကွက်အင်း၊ စမအင်း၊ သိုင်းကျိုးအင်းတွေနဲ့ ဘုရားအင်းတွေဆွဲထား"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်သည် ဒီညဆေးကုခဲ့အတွက် ဆရာစုစေခိုင်းရာအင်းများကို စတင်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

ဆွဲလေသည်။ အင်းမှာ အထွက်နေဆွဲခြင်း၊ အင်းဆန်ထည့်ခြင်း၊ အင်းအသက်သွင်းခြင်း ဟူ၍ (၃) ဆင့် ရှိပါသည်။ ဆရာစုတို့သည် ရွာသားများနှင့်တိုင်ပင်ပြီး ဝါးများကိုခုတ်စေ၏။ ဝါးများ ရောက်လာသောအခါ ခွဲစိတ်ပြီး နှီးများ ထွက်လာသည်။ နှီးများ၊ ဝါးခြမ်းများဖြင့် ရာဇမတ် (၃) ခုကို ရက်စေသည်။ ရာဇမတ် (၃) ချပ်ကို ကာရံပြီး အလယ်တွင် ဝါးခြမ်းဖြင့် စင်ဆောက်သည်။ စင်အမြင့် (၁) ခုဘေးတွင် စင်အနိမ့် (၂)ခုဆောက်လုပ်ထားသဖြင့် စင် (၃) ခု ဖြစ်ပေါ်လာသည်။ ထိုစင်ကို ငုတ်ပျောဖက်ခင်းပြီး သရဲကွေးရန် အသင့်ပြင်ဆင်ထားသည်။ စက္ကူအဖြူ၊ အနီကိုခေါက်ပြီး အလယ်တွင် ဝါးဖြင့်ချည်ထားသဖြင့် စက္ကူအတွန့်များဝိုင်းသွားသဖြင့် ထီးသဏ္ဌာန်ဖြစ်ပေါ်လာသည်။ ထိုစက္ကူအဖြူ၊ အနီ စက္ကူလျှာများကို ပြုလုပ်စေပြီး ရာဇမတ်ကွက်တွင် စိုက်ထူထားလေသည်။ သရဲထွက်ခွာမည့်အရေးကို ကြိုးကြိုးကျယ်ကျယ် ခမ်းခမ်းနားနားလုပ်ပေးရလေသည်။

လူလိုပြောရင် သာမန်တော့ ငါမထွက်ပေးနိုင်ဘူး။ ကြိုးကြိုးကျယ်ကျယ် အပူဇော်ခံပြီး မင်းခမ်းမင်းနားနဲ့ထွက်ခွာမှာဟု ဆိုရပေမည်။ သရဲကျတော့ အဆင့်မြင့်ဖြင့်စင်နိမ့်စင်မြင့်နှင့်စားသည်။ ထီးဖြူ၊ ထီးနီဖြင့် ခမ်းခမ်းနားနားထွက်ခွာမည် ဖြစ်သည်။

ညနေ (၆) နာရီသို့ ရောက်ရှိလာပါသည်။ လူအများမျှော်လင့်နေသော သရဲထွက်ပွဲကို တစ်ရွာလုံး လာရောက်ကြည့်ရှုကြလေသည်။ ဆရာစု၏အောင်ပွဲကို လာရောက် ခီးမြွင့်ခြင်းဟု ဆိုရပေမည်။ ရာဇမတ်ကာထားသော (၂) ပေခန့်အမြင့်ရှိ စင် (၃) ခုပေါ်သို့ ဆီဖြင့် သေသေချာချာ ချက်ပြုတ်ထားသော ကြက်ဖို၊ကြက်မ၏အသားများကို ထမင်းပုံပေါ်သို့တင်ကြလေသည်။ သုံးပုံညီညီ ပုံစေပြီး မြေကြီးပေါ်တွင် ဖယောင်းတိုင်၊ အမွှေးတိုင်မီးကို ထွန်းညှိလေသည်။

ဆရာစုသည် ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားသည်။ ကြိမ်တစ်ချောင်းကို ကိုင်ပြီး လူနာ ကိုလှဦးကို ခေါ်စေသည်။ သရဲစားရန် စီစဉ်ထားသော ရာဇမတ်ကာရံထားရာ ရှေ့အပေါက်သို့ ရောက်သောအခါ ကိုလှဦးကို ကိုင်ထားသည်။

"ကဲ - လှဦးကို ဝင်ပူးပြီး မင်းစားချင်တာ အားရပါးရစားစေ။ လှဦး၏ခန္ဓာကိုယ်ကိုမထိခိုက်စေရ။ သင်တောင်းဆိုသောပုံစံဖြင့် ငါဝင်အောင်ကျွေးပြီ။ အားရပါးရစားစေ။ ငါဆရာခေါ်တိုင်းလာ။ ဝင်ဆိုဝင်၊ ထွက်ဆိုထွက်။ ငါဆရာအာဏာတည်စေရမည်"

မကြာမီ ကိုလှဦးတစ်ယောက် တုန်တုန်ရီရီဖြစ်လာသည်။ ခြေထောက်တွေကြွေလာပြီး ခြေဖနောင့်နှစ်ခုသည် မဟာပထဝီမြေကြီးကို စည်းချက်ကျကျ တစ်ဖက်ပြီးတစ်ဖက်ပေါက်နေလေတော့သည်။ ရွာအလယ်မှ သရဲ၏ ခြေပေါက်သံသည် တဒိန်းဒိန်းတုန်ဟည်းပြီး မြေလျှင်လှုပ်သလို ရိုက်ခတ်နေလေတော့သည်။ သရဲကအသားတွေကိုစားနေခြင်းဖြစ်သည်။ ကျွန်တော်တို့အမြင်မှာတော့ ခုန်နေတာပဲ တွေ့ရလေသည်။ ကြက်သားတွေ၊ ထမင်းတွေ ဘာမှကုန်မသွား၊ လျော့မသွားပါ။ (၁၀) မိနစ်ခန့် စားပြီးဝသောအခါ အခုန်ရပ်သွားသည်။ နောက် ဘက်သို့လှည့်ပြီး အပေါက်ဘက်သို့ မျက်နှာမူလေတော့သည်။

"ကဲ- မင်းဝအောင်စားပြီးပြီ။ မင်းဆန္ဒတွေပြည့်ပြီ။ ဒီအပေါက်၊ ဒီလမ်းအတိုင်း မင်းထွက်သွားတော့၊ ကာယကံရှင် လှဦးကို မထိခိုက်စေရ။ ကဲ - ပရိသတ်တွေ လမ်းဖွင့်ပေးလိုက်ပါ"

လူအုပ်ကြီးသည် သရဲသွားရာလမ်းကို ဖွင့်ပေးကြလေသည်။ ကိုလှဦးမှခွာပြီး လမ်းအတိုင်း ရွာပြင်သို့ထွက်ခွာသွားလေသည်။ စင်ကို ဝါးချောင်းဖြင့် ပိတ်ထားလိုက်လေသည်။ နံနက်မိုးလင်းသည်အထိ မည်သည့်ခွေးတစ်ကောင်မျှ ဝင်၍စားခြင်းမရှိပေ။ ကြက်များ နံနက်နှီးလာသောအခါ အစာရှာကြသည်။ ရာဇမတ်ကွက်ထဲရှိ ထမင်းလုံးကို စားချင်၍ ပတ်ချာလှည့်နေသည်။ ဝင်လို့မရပေ။ ဆရာစုဖွင့်ပေးမှ တံခါးပွင့်၍ ကြက်များ၊ ခွေးများ စားလို့ရပေသည်။

သရဲထွက်သွား၍ သတိရလာသော ကိုလှဦးကို အိမ်ပေါ်သို့ ခေါ်စေသည်။ ဘုရားဆောင်ရှေ့တွင် အင်းများပြာချ၍ ရေဖြင့်သောက်စေသည်။ အရက်မသောက်ရ၊ သူများသားမယားများ မပြစ်မှားရဟူသော ကံ (၂) ပါးကိုစောင့်ထိန်းရန် ကတိပေးရလေသည်။ ဘုရား (၅) ဆူဂိုဏ်းသို့ဝင်ချင်သောတပည့်များကိုလည်း အသင်းဝင်အဖြစ် လက်ခံပြီး အင်းများရေဖျော်၍သောက်စေသည်။ ဆေးများကို ခေါင်းမှာထိုးစေသည်။

ထိုသို့ အသင်းဝင်စာရင်းများ အတည်ပြုပြီးသောအခါ ဆေးသောက်ထား သောရွာသားများ သိုင်းအကဖြင့် က၊လေတော့သည်။ ရှေ့ကျွမ်း၊ နောက်ကျွမ်းထိုးလေတော့သည်။ ဦးသိန်းရွှေ့မေးကြည့်သောအခါ ထိုရွာသားများသိုင်းမတတ်ပါ။ ရှေ့၊ နောက်ကျွမ်းမထိုးတတ်ပါ။ ဆေးထိုး၊ ဆေးစားပြီး အသင်းဝင်ဖြစ်မှ ဆေးအစွမ်းပြခြင်းဖြစ်ကြောင်း သိရလေ၏။ တချို့က လူတွေ့နားမလည်သောကုလားစကားများပြောလေတော့သည်။ တဲချို့က တရုတ်လိုပြောသည်။ ထိုသူများစကားကို ဆရာစုတစ်ယောက် သာဘာသာပြန်၍ရသည်။ အခြားသူများ မည်သူမျှမသိကြပေ။ အပျိုကြီး ဒေါ်ဝိုင်းစိန်က ပြုံးပြုံးပြုံးပြုံးနှင့် ဝမ်းသာနေလေသည်။ ဆရာစုကိုကပ်ပြီး ထူနာအခြေအနေမေးကြည့်ရာ-

"လူနာက အားလုံးကောင်းသွားပြီ။ သရဲလည်းမရှိတော့ဘူး၊ ထွက်သွားပြီ။ ဒေါ်ဝိုင်းစိန်ပြုတဲ့ ဒါနကုသိုလ်ဟာ လူအသက်တစ်ချောင်းကို ကယ်လိုက်တာပဲ။ လှဦးရဲ့အသက်သခင်ကျေးဇူးရှင်ပဲ"

"ဟုတ်ကဲ့ဆရာ၊ ဝမ်းသာပါတယ်။ ဒီမှာ ရွာသားတွေ မြူးထူးပျော်ပါးနေတာက. . ."

"ဒါက ဝိဇ္ဇာနွယ်ဝင်သိုင်းကျိုးဝင်နေတာ။ သူတို့တွေ မြူးပျော်နေတာဟာ ဆရာဘက်ကအနိုင်ရတယ်ဆိုတဲ့သဘောတစ်ခုပေါ့"

"ကျေးဇူးတင်ပါတယ် ဆရာ လောကမှာ သရဲကိုနိုင်တဲ့ ဆရာစုက်ကျန်မနဲ့တကွ တစ်ရွာလုံးက ကန်တော့ပါတယ်။ ကျေးဇူးတင်ပါတယ်"

ည (၉) နာရီမှ ဆေးကုပွဲ ပြီးသွားသည်။ တစ်ရွာလုံးလည်း ပြုံးပျော်ရွှင်ကြသည်။ ဆရာအဖွဲ့ကို အားလုံးဝိုင်း၍ ကျေးဇူးတင်ကြလေသည်။ ကျွန်တော်လည်း ဘဝတစ်သက်တွင် တစ်ခါမှမကြုံဘူး၊ မတွေ့ဘူးသောအဖြစ်ဆန်းကို ၎ထဲဝယ် မှတ်တမ်းတင်ထားလေသည်။ နံနက်မိုးလင်းသောအခါ ဆရာစုနှင့်အတူ ဒေါ်ကြူထီ လှည်းဖြင့် လိုက်ပို့သည်။ တစ်ရွာလုံး နှတ်ဆက်လိုက်ကြတာ မမောနိုင်မပန်းနိုင်ပါဘဲ ဝမ်းသာကိုယ်စီဖြင့်လက်ပြနေကြသည်။

ဤပညာရပ်သည် အနောက်တိုင်းဆေးပညာဖြင့် ကုသ၍မရသောရောဂါကို ပျောက်အောင်ကုသပေးသော တိုင်းရင်းဆေးကုနည်းတစ်ခု ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဒေါ်လှဝါဆိုင်း



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်အတွင်းမှ

# စမ်းနဝင်းအင်းများ

## △ကြိုရတနာဆောရေယျာဝင်း

(ကာတွန်းပါပြုစုပြီး၊ ရွှေဆီးတောင်း)

**စမ်းနဝင်းတတိယဝင်းအင်း**

ဤစမ်းနဝင်းတတိယဝင်းအင်း၏ အင်းဆန်များကိုလည်း ဒုတိယဝင်းအင်း၏ အင်းဆန်များတွင် တစ်ခုစီတိုးသွားလျှင်လည်းကောင်း သို့မဟုတ် မူလစမ်းနဝင်းလက်ာအရ အင်းဆန်ဂဏန်းများတွင် နှစ်ခုစီတိုးသွားခြင်းဖြင့်လည်းကောင်း ရရှိပေမည်။ ဤသို့ဖြင့် ဤတတိယဝင်းအင်း၏အင်းဆန်များမှာ ၄၊ ၁၁၊ ၆၊ ၉၊ ၇၊ ၈၊ ၃၊ ၁၀ အသီးသီးဖြစ်ကြပါမည်။ ဤနည်းဖြင့် အင်းဆန်များကို မြင်းသွားအတိုင်း နေသွင်းစီရင်သော် အောက်ဖော်ပြပါ စမ်းနဝင်းတတိယဝင်းအင်းကို ရရှိပေလိမ့်မည် ဖြစ်သည်။

| | | |
|---|---|---|
| ၆ | ၂ | ၄ |
| ၂ | ၁၀ | ၂ |
| ၈ | ၁၂ | ၆ |

အင်းသခ်ၤဂဏန်းပုံစံ

| | | |
|---|---|---|
| ၆ | ၉ | ၄ |
| ၃ | ၁၀ | ၉ |
| ၃ | ၁၁ | ၈ |

နိုးနိုးဂဏန်းအင်းပုံစံ

ဤစမ်းနဝင်းတတိယဝင်းအင်း၏ အကျိုးမှာ ရွှေပြား၊ ငွေပြားတွင် စီရင်ပြီး မိမိကိုယ်၌ ဆောင်ထားပါက လာဘ်သပွကာရွှင်၏။ အရောင်းအဝယ်လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စေ၏။ စီးပွားတိုးစေ၏။ အရောင်းအဝယ်၌ စားသုံးသူ၊ ဝယ်ယူသူများ၏ နှစ်ခြိုက်ခြင်းကို ရရှိစေနိုင်၏။ အရောင်းအဝယ်အပြိုင်အဆိုင်၊ စီးပွားရေးလုပ်ငန်းအပြိုင်အဆိုင်များ ပြုလုပ်နေရလျှင် ဆောင်ထားသင့်သောအင်းမျိုး ဖြစ်ပေသည်။

**စမ်းနဝင်းစတုတ္ထဝင်းအင်း**

ဤစမ်းနဝင်းစတုတ္ထဝင်းအင်း၏ အင်းဆန်ကောက်ယူပုံမှာလည်း တတိယဝင်းအင်း၏ အင်းဆန်ဂဏန်းများ၌ တစ်ခုစီတိုး၍လည်းကောင်း၊ မူလစမ်းနဝင်းလက်ာအင်းဆန်ဂဏန်းများတွင် သုံးခုစီတိုးပွားလျှင်လည်းကောင်း ဤစတုတ္ထဝင်းအင်း၏ အင်းဆန်ဂဏန်းများကို ရရှိပါလိမ့်မည်။ စမ်းနဝင်းစတုတ္ထဝင်းအင်း၏ အင်းဆန်ဂဏန်းများမှာ ၅၊ ၁၂၊ ၇၊ ၁၀၊ ၈၊ ၆၊ ၉၊ ၄၊ ၁၁ အသီးသီးရရှိပါလိမ့်မည်။ ယင်းအင်းဆန်ဂဏန်းများတို့လည်း မြင်းသွားအတိုင်း နေသွင်းစီရင်လေက အောက်ဖော်ပြပါ စမ်းနဝင်းစတုတ္ထဝင်းအင်းကို ရရှိပေသည်။

| | | |
|---|---|---|
| ၇ | ၆ | ၅ |
| ၄ | ၁၁ | ၁၀ |
| ၈ | ၁၂ | ၉ |

နိုးနိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၈ | ၆ | ၇ |
| ၄ | >> | >၀ |
| ၈ | >၁ | ၂ |

အင်းသခ်ၤဂဏန်းပုံစံ

ဤစမ်းနဝင်းစတုတ္ထဝင်းအင်း၏ အကျိုးကား ဤအင်းကိုဆောင်ထားလျှင် ရန်သူများ မိမိကိုနှောင့်ယှက်တားဆီးနှိပ်စက်ညှဉ်းပန်းခြင်းမပြုနိုင်။ ရန်သူများနှင့်တွေ့လျှင် ရန်သူတို့ တွေဝေမိန်းမောရပ်တန့်သွားစေနိုင်၏။ ရန်သူဘေးမှ ပြေလျှင် ရန်သူတို့မတွေ့နိုင်။ ရန်လုံစေ၏။

**စမ်းနဝင်းပဉ္စမဝင်းအင်း**

ဤစမ်းနဝင်းပဉ္စမဝင်းအင်း၏အင်းဆန်များလည်း အထက်ပါအတိုင်း မူလစမ်းနဝင်းအင်းဆန်များ၌ (၄) ခု စီတိုး၍လည်းကောင်း၊ စတုတ္ထဝင်းအင်း၏အင်းဆန်တို့တွင် တစ်ခုစီတိုး၍ လည်းကောင်း ရရှိပေသည်။ သို့အားလျော်စွာ ၆၊ ၁၃၊ ၈၊ ၁၁၊ ၉၊ ၇၊ ၁၀၊ ၅၊ ၁၂ ဟူသော ပဉ္စမဝင်းအင်း၏အင်းဆန်များကို ရရှိပေတော့သည်။ ထိုအင်းဆန်များကို ထုံးစံအတိုင်း မြင်းသွားနေသွင်းလေသော် အောက်ပါ စမ်းနဝင်းပဉ္စမဝင်းအင်းကို ရရှိပေတော့သည်။

| | | |
|---|---|---|
| ၈ | ၃ | ၄ |
| ၆ | ၁၃ | ၁၂ |
| ၁၀ | ၁၄ | ၁၀ |

နိုးနိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၂ | ၆ | ၆ |
| ၅ | ၁၂ | ၁၀ |
| ၉ | ၁၃ | ၁၀ |

နိုးနိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၄ | ၂ | ၆ |
| ၅ | ၁၂ | ၁၀ |
| ၉ | ၁၃ | ၁၀ |

နိုးနိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၆ | ၂ | ၆ |
| ၅ | >> | >၀ |
| ၂ | >၁ | ၂ |

အင်းသခ်ၤဂဏန်းပုံစံ

စမ်းနဝင်းပဉ္စမဝင်းအင်း၏အကျိုးကား ရန်သူပင်လျှင်ခွစ်ခင်စေတတ်၏။ ဝန်မလိုဘဲ ရန်ပြိုစေနိုင်သောအင်းပင်။ အမျက်အပြိုးထားသူတို့ အမျက်အပြိုးပြေ၏။ ရန်ပြေမာန်ပြေအင်းဟုဆိုသော်ရ၏။

**စမ်းနဝင်းဆဋ္ဌမဝင်းအင်း**

ဤစမ်းနဝင်းဆဋ္ဌမဝင်းအင်း၏အင်းဆန်များမှာလည်း အထက်ပါနည်းများအတိုင်း မူလစမ်းနဝင်းအင်းဆန်များ၌ (၅) ခုစီတိုး၍လည်းကောင်း၊ ပဉ္စမဝင်းအင်း၏အင်းဆန်များတွင် တစ်ခုစီအသီးသီးတိုး၍လည်းကောင်း ရရှိလာသော အင်းဆန်များ ဖြစ်ကြလေသည်။ သို့ဖြင့် ၇၊ ၁၄၊ ၉၊ ၁၂၊ ၁၀၊ ၈၊ ၁၁၊ ၆၊ ၁၃ ဟူသော အင်းဆန်ဂဏန်းများသည် ဆဋ္ဌမနဝင်းအင်းများ၏အင်းဆန်များဖြစ်လာကြပေသည်။ ထိုအင်းဆန်များကို မြင်းသွားအတိုင်း နေသွင်းစီရင်လိုက်သော် အောက်ပါ စမ်းနဝင်းဆဋ္ဌမအင်းကို ရရှိပေသည်။

| | | |
|---|---|---|
| ၉ | ၈ | ၇ |
| ၆ | ၁၃ | ၁၂ |
| ၁၀ | ၁၄ | ၁၀ |

နိုးနိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၂ | ^ | ^ |
| ၆ | >၂ | >၁ |
| >၀ | >၄ | >> |

အင်းသခ်ၤဂဏန်းပုံစံ

ဤစမ်းနဝင်းအင်း၏ အကျိုးတန်ခိုးသိဒ္ဓိကား ရွှေမြင်ခွစ်ခင်၊ အသိကြားသနားစေ၏။ မျက်နှာသွင်းလန်းစေ



www.burmeseclassic.com

www.burmeseclassic.com

၏။ ရာဇသို့။ သဗ္ဗသို့ စသည့်သို့သုံးပါး ပြီးမြောက်စေတော့၏။

**စမ္ဘာနဝင်းသတ္တမဝင်အင်း**

ဤစမ္ဘာနဝင်းသတ္တမဝင်အင်း၏ အင်းဆန်များမှာလည်း ဆဋ္ဌမဝင်အင်း၏ အင်းဆန်များတွင် တစ်ခုကိုတိုး၍ လည်းကောင်း၊ မူလစမ္ဘာနဝင်းအင်းဆန်များတွင် (၆) ခုစီတိုး၍လည်းကောင်း ဤသတ္တမဝင်အင်းဆန်များကိုရရှိပေသည်။ သတ္တမဝင်အင်း၏အင်းဆန်များမှာ ၈၊ ၁၅၊ ၁၀၊ ၁၃၊ ၁၀၊ ၉၊ ၁၂၊ ၇၊ ၁၄ အသီးသီးရရှိလာပေသည်။

| | | |
|---|---|---|
| ၁၀ | ၉ | ၈ |
| ၇ | ၁၄ | ၁၃ |
| ၁၁ | ၁၅ | ၁၂ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၃၀ | ၃ | ၁၀ |
| ၁၀ | ၁၄ | ၁၈ |
| ၁၆ | ၁၇ | ၁၂ |

အင်းသခ္ခါဂဏန်းပုံစံ

ဤစမ္ဘာနဝင်းသတ္တမဝင်အင်း၏ အကျိုးသော်ကား သတ္တဝါအပေါင်းတို့က မိမိအား မြင်လျှင်မြင်ချင်း ချစ်ခင်မြတ်နိုးခြင်းဖြစ်စေပေသည်။

**စမ္ဘာနဝင်းအဋ္ဌမဝင်အင်း**

စမ္ဘာနဝင်းအဋ္ဌမဝင်အင်း၏အင်းဆန်များကိုလည်း သတ္တမဝင်အင်း၏ အင်းဆန်များ၌ တစ်ခုစီတိုး၍သော်လည်းကောင်း၊ မူလစမ္ဘာနဝင်းအင်းဆန်များတွင် ခုနစ်ခုစီတိုး၍ လည်းကောင်း ရရှိပေမည်။ ဤသို့ဖြင့် ၉၊ ၁၆၊ ၁၁၊ ၁၄၊ ၁၂၊ ၁၀၊ ၁၃၊ ၈၊ ၁၅ ဟူသော အဋ္ဌမဝင်အင်း၏အင်းဆန်များကို ရရှိစေလေတော့သည်။

| | | |
|---|---|---|
| ၃၁ | ၁၀ | ၉ |
| ၈ | ၁၅ | ၁၄ |
| ၁၂ | ၁၆ | ၁၃ |

| | | |
|---|---|---|
| ၃၂ | ၃၀ | ၂ |
| ၆ | ၁၄ | ၁၆ |
| ၁၈ | ၁၀ | ၁၂ |

စမ္ဘာနဝင်းအဋ္ဌမဝင်အင်း၏အကျိုးများကား လူ၊ နတ်နဂါး၊ သိကြား၊ ဗြဟ္မာ၊ အသူရာ၊ ဂန္ဓဗ္ဗ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသဋ္ဌေဝါအစရှိသော လူ၊ နတ်အပေါင်းတို့၏ ချစ်ခင်လေးမြတ် စောင့်ရှောက်ကူညီခြင်းကို ရရှိစေနိုင်ပေသည်။ နတ်ချစ်အင်းဟုလည်း ခေါ်နိုင်ပေသည်။

**စမ္ဘာနဝင်းနဝမဝင်အင်း**

ဤ(၉)ခုမြောက် စမ္ဘာနဝင်းနဝမအင်း၏အင်းဆန်များကိုလည်း အဋ္ဌမဝင်အင်း၏အင်းဆန်များကို တစ်ခုစီတိုး၍ သော်လည်းကောင်း၊ မူလစမ္ဘာနဝင်းအင်းဆန်များ၌ (၈) ခုစီတိုး၍သော်လည်း ဤစမ္ဘာနဝင်းနဝမဝင်အင်း၏ အင်းဆန်များကို ရရှိပေသည်။ ဤနဝမဝင်အင်း၏အင်းဆန်များကား ၁၀၊ ၁၇၊ ၁၂၊ ၁၅၊ ၁၀၊ ၁၄၊ ၉၊ ၁၆ ဟူသော အင်းဆန်များကို ရရှိလာပေသည်။

| | | |
|---|---|---|
| ၁၂ | ၁၁ | ၁၀ |
| ၉ | ၁၆ | ၁၅ |
| ၁၃ | ၁၇ | ၁၀ |

| | | |
|---|---|---|
| ၃၂ | ၃၁ | ၃၀ |
| ၁၀ | ၁၄ | ၁၈ |
| ၁၆ | ၁၂ | ၁၀ |

ဤနဝမဝင်အင်း၏ အကျိုးသော်ကား တုတ်၊ ဓား၊ လေး၊ မြား၊ လုံ၊ သေနတ်၊ အမြောက်၊ စိန်ပြောင်း၊ မီးကြိုး၊ လောင်မီး စသော ဘေးအပေါင်းတို့မှ လွတ်ကင်းစေသည်။ ဤအင်းကို အင်းအဟိန်းဂါထာအပြင် သမ္ဘဒ္ဓေဂါထာတော်ဖြင့် တစ်ထောင်ထပ်၍စုတ်က အပါး (၃၀) ပြီးစေနိုင်၏။

**(၃-၂) စမ္ဘာနဝင်းထွက်အင်းများ**

အထက်တွင် စမ္ဘာနဝင်းထွက်အင်းများအကြောင်း ဖော်ပြပြီးနောက် စမ္ဘာနဝင်းအင်းများကို ဆက်လက်ဖော်ပြပါမည်။ ဤစမ္ဘာနဝင်းထွက်အင်းများမှာလည်း ဝင်အင်းများကဲ့သို့ စမ္ဘာနဝင်းဇာလင်းသတ္တပဋ္ဌမတြိဆဧကအဋ္ဌဆိုသည့်အတိုင်း ပထမအင်းဆန်များကို ထိုအင်းဆန်များဖြင့်ပင် အစပြုရေးသွင်းစီရင်ရပေသည်။ ထို့နောက် ဒုတိယထွက်အင်းမှစလျက် တစ်ခုစီ(+၁)ပြုလုပ်၍ တိုးပွားခြင်းဖြင့် စမ္ဘာနဝင်းနဝမထွက်အင်းအထိ အင်း(၉)အင်း၏ အင်းဆန်အသီးသီးကို ရရှိမည် ဖြစ်ပေသည်။ဤစမ္ဘာနဝင်းထွက်အင်းနှင့် စမ္ဘာနဝင်းဝင်အင်းများ၏အင်းဆန်များ ကောက်ယူပုံတူညီလေသော်ငြား အင်းဆန်အသွားများမှာမူ မတူညီကြချေ။ စမ္ဘာနဝင်းအင်းများ၏ အင်းဆန်သွားမှာ မြင်းသွားဖြစ်သော်လည်း ဤစမ္ဘာနဝင်းအထွက်အင်းတို့၏ အင်းဆန်အသွားမှာမူ ပထမဆုံးဖြစ်သည့် အင်းဆန်ကို တနင်္ဂနွေထောင့်မှစတင်၍ ရေးသွင်းရပြီး အင်းဆန်ဂဏန်းသင်္ချာအတိုင်း လက်ယာရစ်ခရုပတ် (နာရီလက်တံအလှည့်အတိုင်း) ရေးသွင်းရသည်။ ပို၍ရှင်းလင်းစေရန် စမ္ဘာနဝင်းပထမထွက်အင်းကို အင်းအသွားနှမူနာပြဂဏန်းအင်း၊ ရိုးရိုးဂဏန်းပုံစံဖြင့် ပထမထွက်အင်းပုံစံ၊ အင်းသင်္ချာဂဏန်းပုံစံဖြင့် အင်းပုံစံတို့ကို တစ်ပြိုင်တည်း ယှဉ်တွဲဖော်ပြလိုက်ပါသည်။

**စမ္ဘာနဝင်းပထမထွက်အင်း**

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၈ | ၉ | ၄ |
| ၇ | ၆ | ၅ |

ထွက်အင်းအသွားပြ နမူနာဂဏန်းအင်း

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၁ | ၈ | ၃ |
| ၆ | ၇ | ၅ |

ရိုးရိုးသင်္ချာဂဏန်းပုံစံ

| | | |
|---|---|---|
| ၄ | ၃ | ၈ |
| ၄ | ၁ | ၁ |
| ၇ | ၂ | ၆ |

အင်းသင်္ချာဂဏန်းပုံစံ

ဖော်ပြထားသော စမ္ဘာနဝင်းပထမထွက်အင်းပုံစံကို ကြည့်လျှင် အင်းဆန်မှာ အဝင်အင်းများတွင် အသုံးပြုထားသည့် စမ္ဘာနဝင်းဇာလင်းသတ္တပဋ္ဌတြိဆဧကအဋ္ဌဟူသောအင်းဆန်လက်အတိုင်း ၂၊ ၉၊ ၄၊ ၇၊ ၅၊ ၃၊ ၆၊ ၁၊ ၈ အသီးသီးဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပြီး အင်းဆန်ရေးသွင်းရာ၌မူ အင်း၏ ညာဘက်ထောင့်(တနင်္ဂနွေထောင့်)မှနေ၍ စတင်ရေးသွင်းပြီး အင်းဆန်များကို အစဉ်အတိုင်း လက်ယာရစ်ခရုပတ်ရေးသွင်းထားသည်ကို တွေ့ရပေမည်။

ဤစမ္ဘာနဝင်းပထမထွက်အင်း၏ အကျိုးကား ပထမဝင်အင်းနှင့်အနှီကွာ ဘက်အကျိုးကိုပေး၏။ ဤအင်းသည်

www.burmeseclassic.com

သစ်ပင်ပန်းပင်တို့အား အပွင့်မပွင့်၊ အသီးမသီး၊ အသီးမတင်ဖြစ်စေ၏။ လက်ဖွဲ့ဆောင်သော် သားသမီးအဖတ်မတင်ဖြစ်စေတတ်သည်။

**စမ္ဘနဝင်းဒုတိယထွက်အင်း**

ဤဒုတိယထွက်အင်း၏အင်းဆန်းများကို ပထမထွက်အင်း၏အင်းဆန်းများတွင် တစ်ခုစီတိုး၍လည်းကောင်း၊ မူလစမ္ဘနဝင်းအင်းဆန်းများတွင် တစ်ခုစီတိုး၍ လည်းကောင်း ရရှိပေသည်။

| | | |
|---|---|---|
| ၃ | ၁၀ | ၅ |
| ၂ | ၉ | ၈ |
| ၇ | ၄ | ၆ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၄ | ၁၀ | ၇ |
| ၁ | ၄ | ၈ |
| ၈ | ၅ | ၆ |

အင်းသခ္ခါဂဏန်းပုံစံ

ဤစမ္ဘနဝင်းဒုတိယထွက်အင်း၏အကျိုးသည်ကား မင်းဘေးမင်းဒဏ်၊ ဘေးရန်အန္တရာယ်ခပ်သိမ်းတို့ ဝေးကွာပျောက်ကင်းစေနိုင်ပေသည်။ သမ္မုဒ္ဒေဂါထာတော်ဖြင့် (၁၀၀၀) စုတ်ရမည်။

**စမ္ဘနဝင်းတတိယထွက်အင်း**

ဤစမ္ဘနဝင်းတတိယထွက်အင်း၏အင်းဆန်းများကို ပထမထွက်အင်း၏အင်းဆန်းများတွင် တစ်ခုစီတိုး၍ လည်းကောင်း၊ မူလစမ္ဘနဝင်းအင်းဆန်းများတွင် တစ်ခုစီတိုး၍လည်းကောင်း ရရှိပေသည်။

| | | |
|---|---|---|
| ၄ | ၁၁ | ၆ |
| ၃ | ၁၀ | ၉ |
| ၈ | ၅ | ၂ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၈ | ၁၂ | ၄ |
| ၅ | ၁၀ | ၁၅ |
| ၁၂ | ၇ | ၃ |

အင်းသခ္ခါဂဏန်းပုံစံ

ဤစမ္ဘနဝင်းအင်း၏အကျိုးသည်ကား ကုန်ရောင်း၊ ကုန်ဝယ်စွဲစေလိုလျှင် ဤအင်းကို ကြေးပြား၊ ငွေပြားတို့၌ စိစဉ်သုတ် ရေစိမ်ပြီး ကုန်ပစ္စည်းများကို တောက်ပေး၊ ဖျန်းပေး။ နို့ရည်မလိုက် သောမိခင်များကိုနို့ထွက်စေသည်။ ဆီးမသွားသော် ဤအင်းကိုရေစိမ်၍သောက်လေ။

**စမ္ဘနဝင်းစတုတ္ထထွက်အင်း**

| | | |
|---|---|---|
| ၅ | ၁၂ | ၇ |
| ၄ | ၁၁ | ၁၀ |
| ၉ | ၆ | ၈ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၇ | ၁၂ | ၆ |
| ၄ | ၁၁ | ၁၈ |
| ၁၀ | ၅ | ၉ |

အင်းသခ္ခါဂဏန်းပုံစံ

ဤစမ္ဘနဝင်းစတုတ္ထထွက်အင်း၏အင်းဆန်းများကိုလည်း တတိယထွက်အင်း၏အင်းဆန်းများတွင် တစ်ခုစီတိုး၍ လည်းကောင်း၊ မူလစမ္ဘနဝင်းအင်းဆန်းများတွင် သုံးခုစီတိုး၍လည်းကောင်း ရရှိပေသည်။ ဤသို့ဖြင့် စမ္ဘနဝင်းစတုတ္ထထွက်အင်း၏ အင်းဆန်းများအဖြစ် ၅၊ ၁၂၊ ၇၊ ၁၀၊ ၈၊ ၆၊ ၉၊ ၄၊ ၁၁ တို့ကိုရရှိပေသည်။ ဤအင်းဆန်းများအတိုင်း အင်း၏ တနင်္ဂနွေထောင့်မှစ၍ လက်ယာရစ်ရေးသွင်းသည်ရှိသော် အောက်ဖော်ပြပါ စမ္ဘနဝင်းစတုတ္ထထွက်အင်းကို ရရှိပေမည် ဖြစ်သည်။

ဤစမ္ဘနဝင်းစတုတ္ထထွက်အင်း၏ အကျိုးသွားကား ရန်လုံ၏။ ရန်သူအပေါင်းတို့ မိမိကို မကောင်းမကြံနိုင်၊ ရန်မပြုနိုင် ဘေးဆီးရန်ကာ၏။

**စမ္ဘနဝင်းပဉ္စမထွက်အင်း**

| | | |
|---|---|---|
| ၆ | ၁၃ | ၈ |
| ၅ | ၁၂ | ၁၁ |
| ၁၀ | ၇ | ၉ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၉ | ၂၄ | ၁ |
| ၂ | ၁၁ | ၂၀ |
| ၁၃ | ၈ | ၆ |

ရိုးရိုးဂဏန်းအင်းပုံစံ

ဤစမ္ဘနဝင်းပဉ္စမထွက်အင်း၏ အင်းဆန်းများကိုလည်း စတုတ္ထထွက်အင်း၌ တစ်ခုစီတိုး၍သော် လည်းကောင်း၊ မူလစမ္ဘနဝင်းအင်းဆန်းများ၌ လေးခုစီတိုး၍လည်းကောင်း ပေါင်းထည့်လိုက်ခြင်းဖြင့် ဤပဉ္စမထွက်အင်း၏အင်းဆန်းများဖြစ်သော ၆၊ ၁၃၊ ၈၊ ၁၁၊ ၉၊ ၇၊ ၁၀၊ ၅၊ ၁၂ တို့ကို ရရှိပေသည်။

ဤစမ္ဘနဝင်းပဉ္စမအင်း၏ အင်းအကျိုးသွားကား ဤပဉ္စမထွက်အင်းသည် ရန်သူအပေါင်းတို့ ရန်မမူဘဲ မေတ္တာသက်ဝင်ချစ်ခင်ပြေပြိမ်းစေနိုင်၏၊ ရန်မလိုဘဲရန်ပြန်လေသည် ဟူသတတ်၊ မေတ္တာသုတ် (၁၀၈) အုပ်စုတ်ပေးရ၏။

**စမ္ဘနဝင်းဆဋ္ဌမထွက်အင်း**

ဤစမ္ဘနဝင်းဆဋ္ဌမထွက်အင်း၏ အင်းဆန်းများကိုလည်း ပဉ္စမထွက်အင်း၏အင်းဆန်းများ၌ တစ်ခုစီတိုး၍ဖြစ်စေ၊ မူလစမ္ဘနဝင်းအင်း၏အင်းဆန်းများတွင် ငါးခုစီတိုး၍ဖြစ်စေ ထိုစမ္ဘနဝင်းဆဋ္ဌမအင်း၏အင်းဆန်းများဖြစ်သော ၇၊ ၁၄၊ ၉၊ ၁၂၊ ၁၀၊ ၈၊ ၁၁၊ ၆၊ ၁၃ တို့ ရရှိပေသည်။ ထိုအင်းဆန်းများကို သတ်မှတ်ထားသော လက်ယာရစ်ခရုပတ်အတိုင်း ထည့်သွင်း စီရင်လိုက်သောအခါတွင် အောက်ဖော်ပြပါ စမ္ဘနဝင်းဆဋ္ဌမထွက်အင်းကို ရရှိပါလေတော့သည်။

| | | |
|---|---|---|
| ၇ | ၁၄ | ၉ |
| ၆ | ၁၃ | ၁၂ |
| ၁၁ | ၈ | ၁၀ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၈ | ၂၄ | ၂ |
| ၄ | ၁၂ | ၁၂ |
| ၁၂ | ၁၀ | ၆ |

အင်းသခ္ခါဂဏန်းပုံစံ

ဤဆဋ္ဌမထွက်အင်း၏အကျိုးကား ရာဇသို့၊ သဓူသို့၊ ကုဋ္ဌီသို့၊ သို့သုံးပါးကို ပြီးမြောက်အောင်မြင်စေသည်။

**စမ္ဘနဝင်းသတ္တမထွက်အင်း**

ဤစမ္ဘနဝင်းအင်း၏အင်းဆန်းများကိုလည်း ဆဋ္ဌမထွက်အင်း၏ အင်းဆန်းများအား တစ်ခုစီတိုးသွား၍သော်လည်းကောင်း၊ မူလစမ္ဘနဝင်းအင်းဆန်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com

ခြောက်ခုစီတိုးရှိသွားသော်လည်းကောင်း ဤသတ္တမထွက်အင်း၏အင်းဆန်များ အဖြစ် ၈၊ ၁၅၊ ၁၀၊ ၁၃၊ ၁၁၊ ၉၊ ၁၂၊ ၇၊ ၁၄ တည်းဟူသော အင်းဆန်များကိုရရှိမည်ဖြစ်ပြီး နမူနာအင်းကား အောက်ပါအတိုင်းဖြစ်လေသည်။

| | | |
|---|---|---|
| ၈ | ၁၅ | ၁၀ |
| ၃ | ၁၄ | ၁၃ |
| ၁၂ | ၉ | ၁၁ |

နိုးရိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ∧ | >၅ | >၀ |
| ∧ | >၄ | >၃ |
| >∧ | ၃ | >> |

အင်းသခ္ခါဂဏန်းပုံစံ

ဤစမွာနဝင်းသတ္တမထွက်အင်း၏ အကျိုးကား မိကျောင်း၊ ငါးမန်းစသည့် ရေသတ္တဝါတို့၏အန္တရာယ်မကျရောက်နိုင်။ ဤအင်းကိုဆောင်သွားက ရေလမ်းခရီး၌ ဘေးအန္တရာယ်ကင်းစေ၏။

**စမွာနဝင်းအဋ္ဌမထွက်အင်း**

ဤစမွာနဝင်းအဋ္ဌမထွက်အင်း၏ အင်းဆန်များကိုလည်း သတ္တမထွက်အင်း၏ အင်းဆန်အသီးသီး၌ တစ်ခုစီတိုးရှိဖြစ်စေ၊ မူလစမွာနဝင်းအင်း၏ အင်းဆန်များ၌ ခြောက်ခုစီတိုးရှိဖြစ်စေပေါင်းလိုက်ခြင်းဖြင့် ဤစမွာနဝင်းအဋ္ဌမထွက်အင်း၏အင်းဆန်များဖြစ်ကြသော ၉၊ ၁၆၊ ၁၁၊ ၁၄၊ ၁၂၊ ၁၀၊ ၁၃၊ ၈၊ ၁၅ ဟူသော အင်းဆန်များကို ရရှိပေသည်။ နမူနာအင်းကား အောက်ပါအတိုင်းဖြစ်ပေသည်။

| | | |
|---|---|---|
| ၉ | ၁၆ | ၁၁ |
| ၈ | ၁၅ | ၁၄ |
| ၁၃ | ၁၀ | ၁၂ |

နိုးရိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| ၃ | >၄ | >> |
| ∧ | >၇ | >၅ |
| >၃ | >၀ | >∧ |

အင်းသခ္ခါဂဏန်းပုံစံ

ဤစမွာနဝင်းအဋ္ဌမထွက်အင်း၏ အကျိုးကား မိမိအား မလိုမုန်းထား ရန်ပွားနေသောသူများကို ဤအင်းဆောင်၍ စကားပြောဆိုရုံမျှဖြင့် ရန်သူတို့ ရန်မလိုဘဲရန်ပြုလျက် ပြေငြိမ်းအေးချမ်းမှုရစေနိုင်ပေသည်။ ရန်ပြေမာန်ပြေအင်းဟု ဆိုနိုင်ပါလေသည်။

**စမွာနဝင်းနဝမထွက်အင်း**

ဤစမွာနဝင်းနဝမထွက်အင်း၏ အင်းဆန်များကိုလည်း အဋ္ဌမထွက်အင်း၏အင်းဆန်များ၌ တစ်ခုစီတိုးရှိဖြစ်စေ၊ မူလစမွာနဝင်းအင်းဆန်များ၌ ရှစ်ခုစီ အသီးသီးတိုးရှိဖြစ်စေ ရရှိနိုင်လေသည်။ ဤသို့ဖြင့် ၁၀၊ ၁၇၊ ၁၂၊ ၁၅၊ ၁၃၊ ၁၁၊ ၁၄၊ ၉၊ ၁၆ ဟူသော နဝမထွက်အင်း၏ အင်းဆန်များကို ရရှိပေတော့သည်။

| | | |
|---|---|---|
| ၁၀ | ၁၇ | ၁၂ |
| ၉ | ၁၆ | ၁၅ |
| ၁၄ | ၁၁ | ၁၃ |

နိုးရိုးဂဏန်းအင်းပုံစံ

| | | |
|---|---|---|
| >၀ | >∧ | >၂ |
| ၃ | >၆ | >၇ |
| >၄ | >> | >၃ |

အင်းသခ္ခါဂဏန်းအင်းပုံစံ

ဤစမွာနဝင်း နဝမထွက်အင်း၏ အကျိုးကား ဘေးအပေါင်း၊ ရန်အပေါင်း၊ အန္တရာယ်အပေါင်းတို့ကို ပယောက်စေ၏။

ဤကား စမွာနဝင်းကိုးကွက်အဝင်အင်း၊ အထွက်အင်းကိုးအင်းအသီးသီးတို့၏အင်းဆန်များကောက်ယူပုံ၊ အင်းဆန်ရေးသွင်းပုံနှင့် အင်းအသီးသီးတို့၏ အကျိုးသွားများကို စုံလင်အောင် လေ့လာသိရှိနိုင်ကြစေရန်အလို့ငှာ တင်ပြလိုက်ပါသည်။ ဤယခုတင်ပြခဲ့သော စမွာနဝင်းဝင်အင်း၊ ထွက်အင်း (၉) အင်းအသီးသီးတို့အား အောက်ဖော်ပြပါ အင်းအဟိန်းမန္တန်ဖြင့် (၃၇) ဖူပ်အသီးသီးစုတ်ရပါမည်။

ဧံ့ - သူရဿတီ ဝိယ်မမ၊ ပစ္စေက ဗုဒ္ဓါသိန္နေဟံ၊ ဇေဟိ ဇေဟိ၊ ဣဏ္ဍိ ပုရိသ သတ္တဒေဝန္နာ၊ ဇေဟိ ဇေဟိ ဩဘောင်းကပ်။

ထိုအင်းအဟိန်းဂါထာအပြင် ယှဉ်တွဲဖော်ပြထားသော ဂါထာမန္တန်များနှင့် လည်း ထပ်၍စုတ်ရပါမည်။

ယခု ဖော်ပြခဲ့သော စမွာနဝင်းအဝင်၊ အထွက် ကိုးအင်းအသီးသီးတို့သည် စမွာနဝင်းအင်းနယ်၌ အခြေခံကျပြီး လက်တွေ့အသုံးများသောအင်းများလည်းဖြစ်ကြပါသည်။

ဤအင်းများ၏ အင်းဥန်းလက်ာအဖြစ် ရှေးကျမ်းမြတ်တို့၌ဆိုခဲ့သည်မှာ-

သောကကြီးစွာ၊ အင်းတကာတွင် စမွာနဝ၊ မှတ်ကြက်နှံလော့၊ ဂုဏာကြီးလိုင်၊ အခေါင်တိုင်၏။ အခိုင်ဤမျှမသိကြသော်၊ ဇေတပူ၊ အယူများစွာ၊ နတ်မိစ္ဆာတို့ ရွဲ့ရှာခဲ့ဉာဏ်၊ ဟန့်ဆီးတား၏။ ဒွေးကားရာဇာ၊ မင်းတကာတို့ မေတ္တာဝှန်ပြီး။ ကိုယ့်သားမျိုးသို့၊ ရောင်ဦးဝယ်ရာ၊ ကုန်စည်မှာမူ၊ တြိယူလော့၊ ကြီးသူလာဘ၊ မင်းဘေးစသည်၊ တောမှကျားခြေကင်းစေလိုမူ၊ စတုမှန်စွာ၊ ချပါလေလော့၊ ပဉ္စာတစ်မူ၊ ဗိုလ်လူများစွာ စစ်မျက်နှာဝယ်၊ ကင်းစွာဘေးပေါင်း၊ အောင်လိမ့်ရှောင်းအံ့ အကြောင်းတစ်ခု၊ ခြောက်ခု ဘဏ္ဍသစ်ကျားစငြား၊ တောသားရှောင်ခွာ၊ ဝေးလေရာ၏။ နာဂါပြိုင်တော်လေ့လည်းသော်မူ၊ တေဇော်မှန်လှသတ္တာချလော့။ ပီယာဒဿနာလူတကာတို့၊ မေတ္တာရှိကြောင်း ရှစ်ခုလောင်းလော့၊ တစ်ကြောင်းထိုမှ၊ ချလော့ကိုးခု၊ ပြစ်မှုလေးမြား အောက်ငြားသေနတ်၊ မိုးကြိုးပစ်လည်း၊ ရန်စစ်လွတ်ရာ၊ အောင်နိုင်ရာသည်။ စမွာနဝအကျိုးတည်း - ဟူ၍ ကျမ်းရင်းတို့၌ ဆိုထားပါသည်။

လက်ာ အဓိပ္ပာယ်အကျယ်သော်ကား အင်းအသီးသီး၌ ပူးတွဲဖော်ပြပြီးဖြစ်၍ စကားပြေသီးခြားမရေးလိုတော့ပါ။ ရှေးစကား အစဉ်အလာ သိမှတ်ဖွယ်ရာအဖြစ် လည်းကောင်း၊ ရှေးကျင်းပုရိုက်အဆုဆုတို့၌ စနစ်တကျ မှတ်တမ်းတင်ထားသည့် အင်းများအဖြစ် လည်းကောင်း သိမှတ်ကြနိုင်ပါစေရန် အလို့ငှာ ထည့်သွင်းဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

တြိဂုတနာ-ဆရာဇေယျာလင်း
(ကတ္တီပါမိနပ်စီး၊ ရွှေထီးလောင်း)



www.burmeseclassic.com

www.burmeseclassic.com

(ဂလော)

# ခင်မမလင်း

## ဗုန်းဆိုးရွာ မှင်စာလေးတွေ့ခိုတဲ့ည

ပူပြင်းခြောက်သွေ့သောနွေရာသီက မြေလတ်ဒေသမှာတော့ ပိုသည်ထင်၏။

ကားလမ်းတွေက နေရာအနှံ့ ပျက်စီးပေါက်ကွဲနေကျဖြစ်လို့ နွေရာသီရောက်တိုင်း လမ်းဖာလမ်းပြင်လုပ်ရတာ ရှည်လျားသော အဝေးပြေးလမ်းမကြီး ထုံးစံပါ။

အောင်ကျော်၊ မြတ်ထွေးနှင့် လေးမောင်တို့သုံးယောက် နွေရောက်တိုင်း စိုက်ပျိုးရေးနှင့် ပတ်သက်သည့် လုပ်ငန်းတွေနားသော်လည်း သူတို့သုံးယောက်မှာ အိမ်တွင်ထိုင်နေတတ်သူများမဟုတ်။

ခုလည်း မြတ်ထွေးအသိတစ်ယောက်က လမ်းပြင်သည့်ဘက်မှာ လိုအပ်သည့် ကျောက်ထုအလုပ်လုပ်မလားလာမေးသဖြင့် သုံးယောက်သား ဝမ်းသာအားရ ခေါင်းညိတ်ဖြစ်ကြ၏။

"ပုတ်ပြတ်လုပ်မှာကွ၊ သုံးယောက်တစ်ဖွဲ့ဆို့တော်ပြီ။ ကိုယ်နိုင်သလောက် အကျိုးဖြစ်တယ်။ ထမင်းထုပ်စောစောပြင်ခိုင်းကွ"

မြတ်ထွေးစကားအတိုင်း အောင်ကျော်နှင့် လေးမောင် သူတို့အိမ်စောစောပြန် ထမင်းထုပ်ကိစ္စပြောရသည်။

သူတို့ရွာလေးက လမ်းမနှင့် သုံးမိုင်ကျော်သာဝေးလို့ ခြေလှမ်းသွက်သော လူငယ်တွေအတွက် နေမပူခင် အလုပ်စခန်းရောက်ကြသည်။ ကိုယ့်ထက်ဦးပြီး ဝီရိယရှိသူတွေက တခွမ်းခွမ်းထုခွဲသံတွေတောင်ကြားနေရပြီ။

လမ်းဘေးမှာ ကျောက်ခဲကြီးတွေ ကားတစ်စီးစာပုံထားပြီး လမ်းခင်းလို့ရနိုင်မည့်အရွယ်အစား ထုပေးရမှာဖြစ်တာကြောင့် သူငယ်ချင်းသုံးယောက် မနားမနေ မခိုမကတ်ထုပေမယ့် ထင်သလောက်တော့မပြီးပါ။

နေ့လယ်စာစားပြီး အရိပ်ကောင်းသော ကုက္ကိုပင်ကြီးအောက်မှာ ပုဆိုးဟောင်းကလေးတွေ သစ်မြစ်မှာတင်ပြီး တစ်ရေးအိပ်လိုက်ရမှ အားပြန်ပြည့်လာသည်ဟုထင်ရသည်။

သူတို့အလုပ်ပြန်ချိန်က နှမ်းဂီရိပျိုးချိန်မို့ လမ်းတစ်လျှောက်လုံး အလင်း



www.burmeseclassic.com

www.burmeseclassic.com

ရောင်တာ သစ်ပင်ကြီးကြားတွင်ဆင်မြန်ရောသည်၊ တင်းမာတစ်ရဲ့ အရိပ်ကောင်းရောတာ သစ်ပင်ကြီးအောက်ရောက်လျှင် ကြယ်ရောင်၊ လရောင်တောင် မမြင်ရတော့ပါ။

ဓာတ်မီးလေးတော့ဆောင်မှာပြုမယ်၊ အပြန်ခြေခင်းလက်ခင်းမြင်ရောလေး မောင်၊ ဓာတ်မီးမင်းအိမ်မှာမှိရင်ယူ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကွ"

"အေးပါ၊ နောက်နေ့ ငါယူလာခဲ့မယ်။ မနက်ဖြန်ဆို တို့တွေနေရာရွှေ့ကြရဦးမှာနော်။ ရွာနဲ့ပိုဝေးသွားပြန်ပြီ"

လမ်းပြင်လမ်းခင်းတာ နှစ်ပတ်ကျော်ပြီဖြစ်လို့ ကျောက်ထုသူတွေ တဖြည်းဖြည်း နေရာပြောင်းထုတာ ရွာနှင့်ဝေးသွားကြပြီ။ သုံးမိုင်လျှော်ရမှ လေးမိုင်လောက်လျှောက်ရသည်။ သူတို့လိုကျောက်ထုသူတွေ တခြားရွာက လည်းလာကြသည်။ ကိုယ်မသွားထုလျှင် အလုအယက်လုပ်ချင်သူတွေပေါသည်။

"နောက်နေ့တော့ မိုးချုပ်မှပြန်မယ်ကွာ။ တို့လုပ်နိုင်သလောက်လုပ်ခရတာပဲ။ ဝါမဝင်ခင် သန်းလှက လာတောင်းတော့တဲ့"

လေးမောင်စကားကို သဘောကျစွာ ကျန်နှစ်ယောက်ကရယ်မောလျက်-

"မင်းငွေလိုရင် ညအိပ်ထုပေးပါ့မယ်ကွာ"

ဟု နှစ်ယောက်လုံးသဘောတူကြ၏။ သို့သော်လည်း လရောင်မရှိသောညဖြစ်လို့ ညအိပ်ထုဖို့ အလုပ်သမားခေါင်းဆောင်ကသဘောမတူပါ။ ပြဿနာတက်လိမ့်မယ်ကွဟုသာ ပြန်ဖြေပြီး သူတို့အစီအစဉ်ကိုငြင်းလိုက်၏။

❑

သစ်ပင်ကြီးတွေအုပ်ဆိုင်းလျက် ရွာနှင့်အတော်ဝေးကွာသည့်ကျောက်ပုံတွေဆီရောက်ခဲ့သည်။ ရွာနှစ်ရွာကလာလုပ်ကိုင်သူတွေ နံနက်ပိုင်း ပိုစောစောထွက်လာကြရပြီး ပြန်ချိန်ကပိုမှောင်နေတတ်သည်။

လေးမောင်တို့ရွာက သူတို့သုံးယောက်သာရှိပြီး မကြောက်တတ်သူများဖြစ်လို့လည်း မှောင်သည်ထိကျောက်ထုပြီး အကုန်လုံးပြန်သွားပြီး နောက်ဆုံးမှ သူတို့ပြန်နေကျဖြစ်သည်။

ဒီနေ့လည်း နေ့လယ်ကကျန်သည့်ထမင်းချိုင့်လေးတွေက အခြောက်ဟင်းလေးတွေ တစ်ယောက်တစ်ဇွန်းစားပြီး ရေသောက်လိုက်သော်လည်း ဝမ်းထဲကဆာလောင်နေတာသိသာလွန်းသည်။

"ငါထမင်းအရမ်းဆာနေပြီကွ၊ ရွာကိုဖြတ်လမ်းကပြန်ရအောင်"

"ဟာ-ဘယ်ကဖြတ်လမ်းလဲ။ကြားတောင်မကြားဘူးတဲ့ကိစ္စ ပုံမှန်ပြန်ကြရအောင်ပါကွာ။ ဆာလည်းအောင့်ထားငါလည်းဆာတာပဲ"

"မဟုတ်ဘူးကွ၊ မနေ့ညက ငါ့အဘိုးပြောသဲကြားတယ်။ ဒီတာလမ်းက အရှေ့တည့်တည့်အတွင်းထဲဝင်ပြီး မြောက်ဘက်ချိုးရင် ရွာအနောက်ဘက်လမ်းထဲရောက်တယ်တဲ့ကွ"

"အေး - မင်းသေချာရင်သွားလေ၊ ငါတို့နှစ်ယောက်က မင်းပြောတဲ့အတိုင်းလိုက်တာပေါ့။ လမ်းကြောင်းမှန်ရင် နေ့တိုင်းပြန်မယ်"

သုံးယောက်သား ထမင်းချိုင့်လွယ်အိတ်များကို စလွယ်သိုင်းရင်း ဓာတ်မီးတစ်ချောင်းနှင့် ပေတစ်ရာလမ်းမကြီးမှ အရှေ့တည့်တည့်လျှောက်ခဲ့ကြ၏။

ထူးဆန်းစွာ လူသွားလမ်းသေးသေးလေးကို တွေ့လိုက်ရသည်။ သုံးယောက်သား ဝမ်းသာသွားကြသည်။ အောင်ကျော်အဘိုးပြောသည့်ဖြတ်လမ်းက ဒီလမ်းဖြစ်လိမ့်မည်။ ဝါးရုံတောကြီးက ခြောက်သွေ့နေ၏။

လရောင်မှိန်မှိန်လေးက သစ်ပင်ရိပ်တို့လွတ်သည်နှင့် သဲကွဲစွာမြင်နေရသည်။လူသွားလမ်းလေးမှာ သုံးယောက်သားစကားပြောရင်း လေးမောင် မင်္ဂလာဆောင်မှာ သတို့သားရဲသူလုပ်မည်၊ ငါလုပ်မည်ငြင်းလျက် လမ်းလျှောက်လာသည်မှာ နာရီဝက်ကျော် တစ်နာရီရှိတော့မည်။

"ဟေ့ကောင်ဘယ်ဘက်သွားရမှာတုံးကွ"

"အဘိုးကပြောတာတော့ ရွာဘက်ချိုးခါနီးရင် ဖျောက်ဆိတ်ပင်ကြီးရှိတယ်တဲ့။ ဒါပေမယ့် ငါတို့အဘိုးငယ်ငယ်တုန်းကဆိုတော့ ခုရှိချင်မှလည်းရှိမယ်ကွ"

"ဟာ-ဒုက္ခပါပဲ အောင်ကျော်ရာ၊ အခုမှ နောက်ကြောင်းပြန်လှည့်ဖို့လည်း အဝေးကြီး၊ ဘယ်လိုလုပ်မတုံးကွ"

"ဆက်လျှောက်ပေါ့ကွာ"

စကားဆက်မများစေချင်သောမြတ်ထွေးက ရှေ့ကကျော်တက်သွားပြီဖြစ်၍ သူတို့လည်း ဆာလောင်ခြင်းကို မျိုသိပ်ရင်း ဆက်လျှောက်ပေမယ့် ခြေလှမ်းတွေက မသွက်တော့ပါ။ နွေလည်းဖြစ် တစ်နေ့လုံးလည်း ကျောက်တုံးတွေကို ထုခွဲထားရတာ ပင်ပန်းဆာလောင်မှုနှင့်အတူအိပ်ချင်စိတ်တွေကပိုလာသည်။

"ဟာ - ရှေ့မှာရွာပေ့။ မီးရောင်မြင်နေရပြီ"

"တော်ပါသေးရဲ့၊ ရွာရောက်လာလို့ပေါ့ကွာ။နေဦးကွ၊ တို့ရွာကမီးမရှိဘူး"

လေးမောင် ဝမ်းသာပေမယ့် ကိုယ့်ရွာမဟုတ်လို့ စိတ်ညစ်သွားမိသည်။ ရွာလေးကစောသေးလို့လား။ အခြားသည်မုန့်သည်တွေတောင် မသိမ်းသေးဘဲရှိနေဆဲပါ။ ရွာထဲက ကလေးတစ်အုပ်ဆူညံအော်ဟစ်ကစားသံတွေလည်းကြားနေရသည်။

"ငါ ဘာမှမစားရသေးဘဲနဲ့ ရွာဘက်ပြန်လှည့်နိုင်မယ်မထင်ဘူးကွာ"

ရှေ့ကနေ ဦးဆောင်လာသော အောင်ကျော်စကားကို သဘောတူပါလာသည့် ငွေလေးတွေထုတ်၊ ဆိုင်တွေရှိရာ ဦးတည်လိုက်ကြသည်။

"ဘာစားကြမလဲ အစ်ကို။ မုန့်ဟင်းနောက်၊ မုန့်လိပ်ပြာ၊ မုန့်ကြာဇေ့၊ သားကြို"

သုံးယောက်သားမျက်လုံးဆုံလျက် အံ့သြနေသော်လည်း ဘာစကားမှမဆိုဖြစ်ဘဲ ဈေးသည်ကောင်မလေးသာ ကြောင်ကြည့်နေ၏။ ရုပ်ဆိုးလိုက်တာ စိတ်ထဲမှာတညီတညွတ်တည်းမှတ်ချက်ပေးဖြစ်သည်။

မျက်လုံးကပြူးတယ်ထင်ရမေမေ့သေးသေးလေး။ ဆံပင်ကလည်းအတော်ပါးပြီး နဖူးပေါ်ချထားသည့်ဆံပင်တွေကဖရိုဖရဲဖြစ်နေ၏။ နှာခေါင်းကလည်းကောက်သည်။ ပါးစပ်ကတော့ ပါးစပ်ချွန်ချွန်၊ ရုပ်ပြလိုက်စဉ် ထူထဲစွာဖြူနေလွန်းသည့်သွားတွေက အထပ်တွေ့ရတာ သုံးယောက်လုံးသတိထားမိသည်။

"ထမင်းပဲစားချင်တာ။ ဒီမုန့်ဟင်းကျွန်တော်တို့သုံးယောက်စလုံး သိပ်မကြိုက်ကြဘူး။ ချက်ပြီးသားထမင်းနဲ့ ရင်ရောင်းပေးပါဗျာ"

ကျော်အောင့်စကားကို ကန့်ကွက်မည့်သူမရှိ။ ခုနေဘာဟင်းနှင့်ကွက်လပ်မဝမ်းပြည့်အောင်စားမည်။ ပြီးမှ ရွာကိုအချိန်မီရောက်အောင်ပြန်မည်ဟု စီစဉ်ကူးထားသူတွေပါ။

ကောင်မလေးက -

"ထမင်းချက်ပြီးသာရှိရင် ရောင်းလိုက်ပါ အမေ"

ဟု ပြောစကားအဆုံး ခပ်ပိန်ပိန်အဘွားကြီးက ဒီဆိုင်ဘက်လာဟု လက်ယပ်လှမ်းခေါ်ရာ ဝမ်းသာအားလျှော်လျှောက်သွားကြ၏။

❑

သူတို့တွေလျှောက်သည့်လမ်းမှာ ဆိုင်လေးတွေရှိသော်လည်း လူတွေမရှိ။ စကားပြောသံတွေသာကြားနေရသည်။ ဆိုင်နောက်ဘက်မှာလင်နေတ



www.burmeseclassic.com

www.burmeseclassic.com

သည်းဖြစ်မည်။

ပန်းကန်ပြားတွေက ကြွေသုတ်ပန်းကန်တွေ။ တချို့နေရာမှာ ကွာနေပြီဖြစ်သော်လည်း အရမ်းညစ်ပတ်တာမျိုး မဟုတ်သေးလို့ သုံးယောက်သားခဲ့တန်းညီလေးမှာထိုင်ဖြစ်သည်။

လုံးထွေးပြီး ခပ်ညိုညိုထမင်းက သုတ်လိုဆင်းရဲသားတွေတောင် မစားချင်ပါ။ သို့ပေမယ့် ဝမ်းထဲကဆာလောင်မှုကရင်ဘတ်တွေတောင်အောင့်လာ၏။

"အဒေါ်ဘာဟင်းရှိလဲဟင်"

"ကြက်သားကင်တာ စားမလား၊ ခွက်တာစားမလား"

လေးမောင် မျက်နှာရှုံ့မဲ့လျက် ခေါင်းယမ်းပြသည်။ ဘာဟင်းရှိသေးလဲ မေးပါဦးကွဟု တီးတိုးပြောလိုက်စဉ်-

"ဖားသားစားမလား၊ ကြောင်သားစားမလား။ အကုန်တော့ခတ်ထားတယ်၊ ကြိုက်တာစားကြ။ ငါရွာထဲခဏသွားဦးမယ်"

ဟင်းခွက်တွေတစ်မျိုးပြီးတစ်မျိုးချတာ -

"မိကြပ်ရေ၊ ရွာထဲခဏပြန်ရအောင်ဟဲ့။ မြန်မြန်လာ"

ဟု ခေါ်သံနှင့်အတူ ရွာဘက်နှစ်ယောက်သားထွက်သွားကြ၏။ စောစောကစကားပြောသံတွေတိတ်ဆိတ်ကုန်၏။ ဆိုင်သိမ်းပြီး လူတွေပြန်သွားကြတာများလား။

သုံးယောက်သား ရှေ့မှာရှိသောဟင်းခွက်ကိုနှိုက်မည်ပြင်ခိုက် ရှေ့ကယောင်းတိုင်မီးလေးက ဟုပ်ခနဲငြိမ်းသွားတော့သည်။

"လေးမောင် ဓာတ်မီးထိုးကွ။ မင်းစားချင်လည်း ငါတို့စားမယ်။ ဇွန်းမြင်အောင် ဓာတ်မီးပြဦး"

မြတ်ထွေးစကားအဆုံး လက်ထဲကဓာတ်မီးနှင့် ဟင်းခွက်ရှိရာထိုးပေးလိုက်သည်။ 'အောင်မလေးဗျ' ဟုအော်သော မြတ်ထွေးပါးစပ်ကို အချိန်မီပိတ်လျက် -

"ပြေးရအောင် ပြေးရအောင်၊ နောက်ကျတဲ့ကောင်နေခဲ့ရမှာ"

အသက်ရှင်ရေးနှင့်ပတ်သက်လာသည့်အချိန်မှာ ဆာလောင်တာ၊မောပန်းတာတွေမရှိတော့ဘဲ · သုံးယောက်သားလာလမ်းအတိုင်း အားကုန်ပြေးတော့သည်။ လရောင်၊ ကြယ်ရောင်တွေစုံနေပြီမို့ ပိုမိုလင်းလျက် လာလမ်းကို သဲကွဲစွာမြင်ရသည်။

လေးမောင်လက်ထဲမှာ ဓာတ်မီးတစ်လက်မှလွဲ၍ ပါလာသည့် ထမင်းချိုင့်၊ ရေဘူး စသည်တို့ကို တစ်လမ်းလုံး လွှင့်ပစ်ခဲ့သည်။ ထိုအခိုက် သူတို့နောက်ထက်ကြပ်မကွာလိုက်လာသည့် လူသံ၊ လှည်းသံ၊ နွားခလောက်သံတွေကြားနေရ၏။

"မကြပ်ရေ၊ အဲဒီကောင်လေးတွေတွေ့ပြီလားဟေ့"

"မတွေ့သေးဘူးတော့်၊ အဲဒါကြောင့် အမေစောင့်ကြည့်နေပါဆိုပြောတာပေါ့ ။ ခုတော့ နှစ်ပေါင်းအတော်ကြာမှစားရမယ့်လူတွေလွတ်ကုန်ပြီ"

"အဘွား၊ ကျွန်တော်တို့ဆာနေပြီဗျ။ စားစရာပေးမယ်ဆို၊ ဆော့ရတာလည်း နေ့တိုင်းပဲ။ ဗိုက်ဆာနေပြီဗျ အီးဟီး ဟီး"

ကလေးတွေက ငိုကြပြီ။ အဘွားကြီးက လှည်းပေါ်မှာ ကြိမ်လုံးကိုင်ပြီး နွားတွေကို မြန်မြန်လိုက်ဟဲ့ဟု အော်သံကြားနေရ၏။ လေးမောင် ဦးဆောင်ပြီး လာလမ်းအတိုင်း ပြေးလွှားနေရတာ ပင်ပန်းနေပြီ။ အသံတွေကနိုးလာလိုက်၊ ဝေးသွားလိုက်၊ လမ်းကျဉ်းလေးမှာပင် နွားလှည်းတွေ ဒုန်းစိုင်းပြေးလာတာကြားနေရ၏။

"ဒီတိုင်းတော့မဖြစ်ဘူး၊ လမ်းအတိုင်းမဟုတ်ဘဲ ဘေးကချဲ့တွေထဲတိုးဝင်ပြေးမှဖြစ်မယ်"

အောင်ကျော်က ဦးဆောင်ပြီး လူမသွားသည့်တောဘက်သို့ပြေးခဲ့သည်။ တစ်နေရာအရောက်မှာတော့ နတ်ကွန်းအဟောင်းကြီးကို ဘွားခနဲတွေ့လိုက်၏။

"ဟေ့ကောင်တွေ၊ ဒီဘက်လာ ဒီဘက်။ ဒီမှာနတ်ကွန်းဟောင်းကြီး၊ ငါတောင်းပန်မယ်၊ မင်းတို့ငြိမ်ငြိမ်နေ"

ဒူးတုပ်ထိုင်နေသော အောင်ကျော်ဘေးမှာ နှစ်ယောက်သားငြိမ်လျက်နားစွင့်ထားကြ၏။

"တောစောင့်နတ်၊ တောင်စောင့်နတ်တွေ ကူညီပေးကြပါ။ ကျွန်တော်တို့အားလုံး အမိအဖ၊အဘိုးအဘွားတွေကို ရိုးသားစွာရှာဖွေကျွေးမွေးကြသူတွေပါ။ တိရိစ္ဆာန်တွေကိုလည်း သတ်ဖြတ်ခြင်းမရှိခဲ့ပါဘူး။ ဒီစကားမှန်ကန်ပါ၍ ထက်ကြပ်မကွာလိုက်လာသော မကောင်းဆိုးဝါးတွေဘေးက လွတ်ကင်းရပါလို့၏"

❑

တယ်ပင်ရွာက သေးသေးလေးမဟုတ်သော်လည်း လေးမောင်တို့သူငယ်ချင်းသုံးယောက် ပြန်မလာတာ မနက်လင်းဘာနှင့် တစ်ရွာလုံးသိသွားကြပြီ။

လမ်းမှာ တစ်ခုခုဖြစ်နေသေးကျောက်ထုသည့်နေရာမှာလဲ ညအိပ်သလား။ စားစရာအိတ်ပေါက်သည့်ကောင်လေးတွေ ညအိပ်နေကြမှာတော့မဟုတ်မှန်း အောင်ကျော်အဘိုး သေချာသိသည်။

တစ်နေ့ညက သူပြောပြလိုက်သည့်ဖြတ်လမ်းကိုသွားကြလို့ တောထဲမျက်စိလည်နေသလား။

မထင်မှတ်ဘဲ ဖုန်းဆိုးရွာဟောင်းဆီရောက်သွားရင်တော့ ပြန်လမ်းမမြင်ပါ။

တစ်ယောက်တစ်မျိုးထင်မြင်ချက်တွေပေးရင်း ရွာသားငါးယောက်၊ ခြောက်ယောက်စုကာ သူတို့သုံးယောက်ကျောက်ထုရာလိုက်လာခဲ့ကြ၏။ ထင်သည့်အတိုင်းပါပဲ၊ ညကပြန်သွားတာသေချာသည်။ အိမ်လည်းပြန်မရောက်လာကြောင်းပြောပြမှ လမ်းပြင်ကြီးကြပ်သူ ဦးဇော်ခေါင်ကိုယ်တိုင် အလုပ်သမားအချို့နှင့် ရှာဖွေရေးလုပ်ရတော့သည်။

"ကျုပ်စိတ်အထင်တော့ ပေတစ်ရာလမ်းကနေ အရှေ့ဘက်တောထဲဝင်လိမ့်မယ်ထင်တယ်"

"ဒါဆိုရင်လည်း အချိန်ရှိတုန်း လူစုနဲ့ရှာကြရအောင်ဗျာ။ ရိုးမအတွင်းထဲဝင်သွားရင်တော့ ကျားရဲတိရစ္ဆာန်အန္တရာယ်ရှိနိုင်တယ်။ နောက်ပိုင်းအလုပ်အတွက် လူနည်းနည်းပဲချန်ခဲ့၊နေမပူခင် တောထဲဝင်ရအောင်"

လမ်းမကြီးမှ အရှေ့တည့်တည့်တောထဲ လူစုဝင်လိုက်သည်နှင့် မိုးရိပ်တွေမည်းလာ၏။ မိုးရွာမလားစိုးရိမ်စိတ်ထက် လမ်းပျောက်သွားမှာကြောက်တာပိုကြသည်။ နာမည်လည်းမခေါ်ရဲ၊ ဟေးဟေး ဟု အသံပြုရုံး ဟိုချုံတိုးသည်ချုံတိုးဘာလမ်းကြောင်းမှမရှိဘဲသွားလာနေရ၏။

တစ်နေရာအရောက် -

"ဒီမှာဗျို့၊ ထမင်းချိုင့်တွေ့ပြီ"

"ဟာ - ဒီမှာလည်း လွယ်အိတ်နဲ့ ရေဘူးအခွံတွေ့တယ်"

"ဒီအနားမှာပဲရှိလိမ့်မယ်၊ သေသေချာချာရှာကြပါဟေ့"

အောင်ကျော်အဘိုး အားတက်သရော ရှေ့ကသွားရင်း ဘာများဆွေးမလဲ အောက်ခြေလည်းကြည့်ရသေးသည်။ ဖိနပ်တစ်ဖက်ပြုတ်စီးတစ်ဖက်ပဲ ဝေးရောက်တိုင်းတွေ့ရပြီ။ ညောင်ပင်



www.burmeseclassic.com

www.burmeseclassic.com

# ဆူးသမာ(ဆူးပဆုပ်) ပျောက်အောင်နည်း

သစ်၊ ဝါး၊ ဆူး စသည်ဖြင့် ဆူးစူးပြီး ဆူးအစအနများအသားတွင်ကျန်ရစ်ခဲ့ပါက ယင်းနေရာတွင် အသားမာလုံးခဲဖြစ်ကာ ဆူးသမာ (ဝါ) ဆူးပဆုပ် (ဝါ)ဆူးပဆွတ်ဖြစ်လာပါသည်။ ယင်းကဲ့သို့ဖြစ်လာသော် အသားမာကို ကတ်ကြေး၊ ဘလိတ်ဓားစတာတွေနှင့်လှီးဖြတ်ပစ်လိုက်လျှင် ခဏသာပျောက်သွားပြီး မကြာမီ အသားမာပြန်ဖြစ်လာပါသည်။ သစ်၊ ဆူးစ အသားတွင်းတွင်မရှိတော့မှသာ လုံးဝပျောက်ကင်းပြီး မူလအသားအရေအတိုင်းပြန်ဖြစ်လာပါသည်။

ယင်းကဲ့သို့ ဆူးသမာဖြစ်လာခဲ့လျှင် ပျောက်စေသော ဆေးနည်းမှာ ငရုတ်ကောင်းစေ့နှင့် ပဲမြစ်တို့ကိုသုံးရသည့်နည်း ဖြစ်ပါသည်။ ရှေးဦးစွာ ငရုတ်ကောင်းစေ့(၇)စေ့ကို ညက်အောင်ထောင်းထားပါ။ ထို့နောက် ပဲမြစ်(သရေစာအဖြစ်ပြုတ်၍စားသော ပဲမြစ်လတ်တစ်ဆစ်ခန့်ကိုလည်း ညက်အောင်ထောင်းပါ။ ပြီးလျှင် ငရုတ်ကောင်းနှင့် ပဲမြစ်နှစ်မျိုးရောရောကို ထောင်းပါ။ ယင်းရောရောထောင်းထားသောဆေးကို ဆူးသမာဖြစ်သောအနာပေါ်တွင်အုပ်၍အပြီး အပေါ်မှ ပလတ်စတာဖြင့် ကပ်၍ပတ်တီးစည်းထားလိုက်ပါ။ တစ်နေ့လျှင် နှစ်ကြိမ်ခန့် အသစ်လဲလှယ်ခြင်းပေးရင် ဆေးက တဖြည်းဖြည်းနှင့် အသားမာများကိုစားပစ်ပြီး အတွင်းသစ်၊ ဆူးစလေးတွေထွက်လာပါလိမ့်မည်။ တစ်ပတ်ခန့် ဆေးစည်းပေးလိုက်လျှင် အသားတွင်းမှ သစ်စဆူးစများ အကုန်ထွက်လာပြီး မူလအသားအရေအတိုင်းပြန်ဖြစ်လာပါမည်။

သာမန်ဆူးစူးပြီး ဆူးထွင်ရခက်နေမယ်ဆိုလျှင် ဆူးကျိုးပြီး အသားတွင်းတွင်ကျန်ရစ်မည်ဆိုလျှင် သည်ဆေးနည်းအတိုင်းလုပ်ပေးပါက ဆူးပြန်ထွက်လာစေပါသည်။ ပဲမြစ်ရှာမရတဲ့အခိုန်မှာ ဆူးစူးပြီး ဆူးကျန်ခဲ့လျှင် ဆူးပုပ်ရွက် (ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေး) ရရာ အနည်းငယ်ကို ထမင်းကြမ်း (ထမင်းအေး) နှင့် ရောရောကြိတ်ကြိတ်ကာ အုံစည်းပေးထားလျှင်လည်း ဆူးလွယ်လာစေနိုင်ပါသည်။

ဥဂ္ဂော်မြင့် (တောင်တွင်း)

ကြီးအောက် လူတွေစုရောက်လာကြသည်။

"ဟာ - ဟိုမှာသုံးယောက်တွေပြီ၊ အသက်ရှိသေးတယ်ထင်တယ်။လှုပ်လာပြီဗျ"

အော်သံတွေကြောင့် ပထမဦးဆုံးမျက်လုံးဖွင့်ကြည့်တာ လေးမောင်၊ ပြီးမှ ဘေးကနှစ်ယောက်ကို လှုပ်ခါနှိုးဖြစ်သည်။

"အဘိုး၊ တကယ်အဘိုးတို့ဟုတ်လား။ လှည်းတွေနဲ့နောက်ကလိုက်လာတဲ့သူတွေမဟုတ်ပါဘူးနော်။ဟေ့ကောင်တွေ ထ၊ ထ"

ဦးဇော်ခေါင်ကိုယ်တိုင် ဆွဲထူမှ လေးမောင် သက်ပြင်းချမိသည်။ ရေသောက်ချင်လိုက်တာ အဘိုးရယ်ဟု သနားစဖွယ်တောင်းသော မြေးဖြစ်သူအောင်ကျော့်ကို မျက်ရည်ဝဲကာကြည့်ရင်း ပါလာသည့် စားစရာနှင့် ရေဘူးချပေးဖြစ်သည်။

"ကျွန်တော်တို့လမ်းမလျှောက်နိုင်တော့ဘူး အဘိုးရဲ့"

ခြေထောက်တွေမှာ ဆူးတွေစိုက်ဝင်၍ သွေးစတွေနီရဲနေတာထိုးပြရင်း မြေတံထွေးက မျက်ရည်ကျလာ၏။

"အေးပါကွာ၊ လူတွေအများကြီးရှိပါတယ်။ ဆူးတွေထွင်ပြီး တစ်လှည့်စီတွဲပါမယ်။ စိတ်ဝင်းမှပေါ့ကွ၊ မင်းတို့ဘာမှမဖြစ်တာ ကံကောင်းလို့ပေါ့ကွာ။ မင်းတို့အမေတွေစိတ်ပူနေပြီ ပြန်ကြစို့"

❑

သူငယ်ချင်းသုံးယောက် ခြေထောက်ကဆူးဒဏ်ရာတွေကြောင့်လမ်းမလျှောက်နိုင်ဘဲ အိပ်ရာထဲလဲနေရ၏။ အဘိုးက သုံးယောက်စလုံးခေါ်ထားပြီး ညဘက်အိပ်မက်ယောင်ကာ 'နွားလှည်းတွေလိုက်လာပြီ'ဟု တစ်ယောက်တစ်မျိုး အော်ကြ၏။

နေ့ဘက်မှာတော့ ပျက်စီးပျောက်ကွယ်သွားသော ဖုန်းဆိုးရွာဟောင်းအကြောင်း အဘိုးပြောပြတာ သေချာနားထောင်ကြ၏။

နှစ်ပေါင်း ခြောက်ဆယ်ကျော်က စည်ကားသာယာသော ဖုန်းဆိုးရွာလေးကို အဘိုးလည်းသွားဖူးသည်။ ရွာလမ်းဘေးမှာ စျေးဆိုင်လေးတွေက ယခုသူတို့နေသော တယ်ပင်ရွာသားတွေဖြတ်သွားဖြတ်လာလှည်းတွေကို စျေးရောင်းခြင်း ဖြစ်သည်။

ဖုန်းဆိုးရွာတောင်ဘက်မှ ရှေ့ဟောင်းစေတီကြီးရှိသည်။ မိုးရွာတိုင်း ထိုစေတီပတ်လည်မှာရှိသည့် ဝါးရုံတောကြီးမှာ ဝါးယောင်းမို့တွေပေါတာ တစ်ရွာလုံးစားရသည်။

တစ်နေ့ ဝါးရုံတောမှာမို့ရှာရင်း မြေကြီးထဲအောင်းနေသည့် မြွေကြီးကို တွေ့ကာ တစ်ရွာလုံး တုတ်၊ ဓားတွေနှင့် သတ်ဖြတ်ပြီး ခုတ်ထစ်ကာ အလုအယက်သယ်ကြသည်။

ကင်သူကင်၊ နှပ်သူနှပ် ပွဲတော်ကြီးမှာ စားသောက်ပြီး ဆရာတော်ဆွမ်းချိုင့်ပို့ပေမယ့် လက်မခံခဲ့ပါ။ တစ်ပတ်တောင်မကြာ တစ်ရွာလုံး ဖျားနာ အရည်ကြည်ဖုတွေထွက် ပေါက်ပြဖြစ်ကြ၏။

ဆေးဆရာလည်းမမီ၊ သုံးလေးရက်အတွင်းမှာပင် တစ်ရွာလုံးသေကြေသွားကြတာ ဆရာတော်နှင့်ကိုရင်လေးသာကျန်ခဲ့သည်။

"တစ်ရွာလုံး အလောင်းတွေဆိုတော့ မြေမြှုပ်ဖို့လည်းခက်တယ်။ အနံ့တွေတထောင်းထောင်းထွက်နေတော့ တခြားရွာကလူတွေပဲလာပြီး တစ်ရွာလုံးမီးရို့ပစ်ရတာပေါ့။ ရိုးမထဲသွားသူတွေ ဖုန်းဆိုးရွာဟောင်း မျက်စိလည်ရောက်သွားမှာ အကြောက်ဆုံးပဲ။ အသက်ရှင်ပြန်လာရတယ်မရှိဘဲကွ"

သူတို့သုံးယောက်မျက်လုံးထဲမှာ ဓာတ်မီးထိုးကြည့်လိုက်သောဟင်းခွက်တွေထဲမှ လောက်ကောင်တွေကို မြင်ယောင်နေမိသည်။

ဆံပင်ခြည်တွေကို မြင်ယောင်မိသည်။ ပြေးမှဖြစ်မည်ဆိုသောအသိနှင့်အတူ အပြေးမြန်သောခြေလှမ်းတွေကို အံ့သြမိသည်။

ရိုးမတောထဲမှာ ကျားရှိသည်၊ မြွေရှိသည်ဆိုကာ ကြောက်ရွံ့နေတတ်သောလူတွေ ဖုန်းဆိုးရွာဟောင်းအကြောင်းသိကြလျှင် သို့မဟုတ် မျက်စိလည်လမ်းမှားရောက်သွားကြလျှင် မြွေကျားတွေထက်ကြောက်ကြပါလိမ့်မည်။

တောတောင်စောင့်နတ်များ၏ စောင့်ရှောက်မှုကြောင့် အသက်မသေသောသူတို့သုံးယောက်အတွက် သားစဉ်မြေးဆက် ရိုးမတောတွင်းက ဖုန်းဆိုးရွာဟောင်းမှာရှိတဲ့ မှင်စာလေးတွေငိုတဲ့ညကိုတော့ လက်ဆင့်ကမ်းပြောပြဖြစ်မှာသေချာသည်။

ခင်မမလင်း(ကလော)

www.burmeseclassic.com

# ဦးလှထွန်းအောင်
(အင်္ဂြိမ်းဟားနာ-ဃ-ကကျောင်းအုပ်ကြီး)

# အသချေ်ယျသခ်ျာ

ယနေ့မျက်မှောက်ခေတ်ကာလ ဤကမ္ဘာလောကကြီးသည်၊ သိပ္ပံပညာရပ်များ ထွန်းကားနေသော ကမ္ဘာကြီး (၀၊) ကမ္ဘာ့ရွာကြီးဖြစ်နေ၏။ သိပ္ပံပညာနှင်ကြီးများ၏ ဆန်းသစ်တီထွင်မှုများကြောင့် တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ အသစ်အဆန်းများသည် ဆက်ကာဆက်ကာ ဖြစ်ထွန်းပေါ် ပေါက်နေကြ၏။ ဤဆောင်းပါးကို ရေးရခြင်းမှာ ခေတ်နောက်ပြန်ဆွဲချင်သောကြောင့် မဟုတ်ပါ။

သို့သော် အသစ်ဘယ်လိုကောင်းကောင်း၊ အဟောင်းကိုတဲ့တလည်လည်၊ ဘမ်းတမိတယ် ဆိုတဲ့အတိုင်း ပျောက်ဆုံးယွင်းနိုးဖြစ်သော ရှေးခေတ်ဟောင်းတ ဂဏန်းသင်္ချာအရေအတွက်တစ်ခုကို တင်ပြလိုပါသည်။ ယနေ့ခေတ်ကာလသို့ခေါ် ၀ေါ် သုံးစွဲပြောဆိုနေကြသောအရေအတွက်များ၊ ချမ်းသာကြွယ်ဝမှုများကို မီလျံနာ (Millioner) သန်းကြွယ်သူဌေး၊ ဘီလျံ (Billion) (သိန်းကုဋေ) (၀၊) သန်းတစ်ထောင်ဟူသော အနောက်တိုင်းအခေါ် အ၀ေါ် ၀ေါဟာရများဖြင့်ပြောဆိုသုံးစွဲနေကြပါသည်။ဥစ္စာပစ္စည်းချမ်းသာကြွယ်ဝမှုကိုပင် မီလျံနာသူဌေးဟုပြောဆိုနေကြပါသည်။

ရှေးခေတ်ကမူ ကုဋေကြွယ်သူဌေးဟု ပြောဆိုသုံးနှုန်းခဲ့ကြပါသည်။ ယနေ့ခေတ် အစိုးရစာသင်ကျောင်းများ၌ပင် ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေ ဟု ခုမှစ၍ ကုဋေအထိ သင်ကြားပေးလျက်ရှိနေကြပါသည်။ အသချေ်-အသချေ်ယျဟူသော အခေါ် အ၀ေါ် တစ်ခါတလေကြားဖူးသော်လည်း အသချေ်ယျရေတွက်ပုံကိုကား သိသူ၊ တတ်သူ အလွန်ရှားပါးနေပါပြီ။ ခေတ်လူငယ်များ ဗဟုသုတတိုးပွားစေရန် ဤဆောင်းပါးကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

အသချေ် ဟူသောအခေါ် အ၀ေါ် သည်၊ ပါဠိစာပေဖြစ်ပြီး အဓိပ္ပာယ်မှာ မရေတွက်နိုင်သောဟုအကျဉ်းဆိုရမည် ဖြစ်သော်လည်း အသချေ်၏ ဂဏန်းအရေအတွက်မှာ တစ်ဂဏန်းတစ်လုံး၏နောက်မှ သုည(အလုံးပေါင်း တစ်ရာလေးဆယ်ရှိသောအရေအတွက်ပင် ဖြစ်ပါသည်။ ဤသချေ်ကို ရေတွက်ပြရန်မှာ ဧက-၁ ခု၊ ဒွေး-၂ ခု၊ တြိ-၃ ခု၊ စတု-၄ ခု၊ ပဉ္စ- ၅ ခု၊ ဆဋ္ဌ-၆ ခု၊ သတ္တ- ၇ခု၊ အဋ္ဌ- ၈ ခု၊ နဝ- ၉ခု၊ ဒသ-၁၀ ခု ကစမှ ပြည့်စုံပါမည်။ ကစ္စည်းသင်္ခါကြီးတွင် ဂဏန နေ ပရိယာပန္နံသ၊ ဒသဒသက် သတ်ဟောတိ၊ သတဒသကသ သတ သဿ်ဟောတိ။ ယောမှိပရေ၊ သတ်၊ သတ သဿ်၊ ဒွိကာဒိန်၊ တဒုတ္တရဃာနဋ္ဌ နိပ္ပဇ္ဇန္တေ၊ ယထာသချ်၊ သတသဒွိတ်၊ တဒိဒ်ဟောတိ။ ဒွိသတ် ဧ၀်တိသတ်၊ စတုသတ်၊ ပဉ္စသတ်၊ ဆသတ်၊ သတ္တသတ်၊ အဋ္ဌသတ်၊ နဝသတ်၊ ဒသသတ် သဟဿ်ဟောတိဟု ဆိုထားပါသည်။

အဓိပ္ပာယ်မှာ -

ယောမှိပရေ - ယောဝိဘတ် နောင်းခြင်းကြောင့်၊ ဂဏနေရေ - တွက်ခြင်းအတတ်၌၊ ပရိယာပန္နေ - အကျွံဝင်သော၊ ဒသဒသကသ-ဆယ်ခုဆယ်လီသည်၊ သတံ - တစ်ရာဖြစ်ခြင်းသည်၊ ဟောတိ - ဖြစ်၏။ သတဒသကသ - တစ်ရာဆယ်လီသည်၊ သဟဿံ - တစ်ထောင်သည်၊ ဟောတိ - ဖြစ်၏။ (သတံ - ၁၀၀၊ သဟဿံ - ၁၀၀၀) ဒွိကာဒိန်-နှစ်ဆတိုးခြင်း၌လည်းကောင်း။ တဒုတ္တရပဒါနဋ္ဌ - ထိုထက်လွန်သော သချ်ာတို့၌ လည်းကောင်း၊ နိပ္ပဇ္ဇန္တေ - ရေတွက်ရန်/ ဆတိုးရန် လိုအပ်သည်ရှိသော် (ပြီးစေအပ်ကုန်၏)။ ယထာသချ်-အရေအတွက်အစဉ်အတိုင်း၊ သတဿ-တစ်ရာ၏။ ဒွိတံ - ၂ လီသည်၊ တဒိဒံ - နှစ်ရာ၊ သဟဿံ - တစ်ထောင် စသည်၊ ဟောတိ - ဖြစ်၏။ ဧ၀် - ထို့အတူ၊ တိသတံ - သုံးရာ၊ စတုသတံ - လေးရာ၊ ပဉ္စသတံ - ငါးရာ၊ ဆသတံ - ခြောက်ရာ သတ္တသတံ-ခုနစ်ရာ၊ အဋ္ဌသတံ-ရှစ်ရာ၊ နဝသတံ-ကိုးရာ၊ဒသသတံ-တစ်ထောင် (သဟဿံ) ဟောတိ - ဖြစ်၏ဟုဆိုလိုပါသည်။

တစ်ဖန် ကစ္စည်းသင်္ခါကြီး၌ (သုတ် စဉ်-၃၉၅) ၌ ယာသံပနသချ်ာနံ၊ အနိဋ္ဌနာမဒေယျာနံ၊ သကေဟိ၊ သကေဟိ၊ နိပ္ပဇ္ဇန္တေ၊ သတသဟဿနံသတံကောဋ်၊ ကောဋိသတသဟဿနံသတံပကောဋ်၊ ပကောဋိသတသဟဿနံသတံကောဋ်၊ ပကောဋ်၊ ကောဋ်ပကောဋ်သတသဟဿနံသတံ နဟုတံ၊ နဟုတသတသဟဿနံသတံနိန္နဟုတံ၊ နိန္နဟုတသတသဟဿာနံ သတံဧကွောဘိနီ။ တထာဒိန္ဓ။ အဋ္ဌဒ်၊ နိရဗ္ဗုဒ်၊ အဟဟ်၊ အဗဗ်၊ အဋဋံ၊သောဂန္ဓိက်၊ဥပ္ပလံ၊ကုမုဒ်၊ပဒုမံ၊ ပုဏ္ဏရိတ်၊ ကထာနံ၊ မဟာကထာနံ၊ အသချေ်ယျ - ဟု ပါရှိပါသည်။

အကျဉ်းချုပ်၍ မြန်မာလို အဓိပ္ပာယ်ဖော်ပြရမည်ဆိုသော် တစ်ရာခုတစ်ထောင်လီ၏ အဆတစ်ရာသည် (သတသဟဿနံသတံ)ကောဋိ- တစ်ကုဋေဖြစ်ပါသည်။ ထို့နည်းအတူ ကောဋိသတသဟဿနံသတံ (ကုဋေတစ်သိန်းကို) ပကောဋိဖြစ်သည်။ (ကုဋေတစ်ရာကို တစ်ထောင်နှင့်မြောက်ပြီး တစ်ရာနှင့်ထပ်မြောက်သော်) ပကောဋိဟု ဆိုလိုပါသည်။ ကျန်သော ကောဋိပကောဋိ၊ နဟုတ၊ နိန္နဟုတ အင်္ကောဘိနီ စသည် အရေအတွက်တို့ကိုလည်း နည်းတူသိရာ၏ဟု ဆိုလိုပါသည်။ သို့ဖြစ်ရာ ခု ဆယ်၊ ရာမှ စ၍ အသေခ်ျယျအထိ ရေတွက်နည်းကို ဇယားဖြင့် ဖော်ပြလိုက်ပါသည်။

အထက်ပါ ရေတွက်နည်းမှာ ခု ဆယ်၊ ရာ၊ ထောင်၊ သောင်း သိန်း သန်း၊ ကုဋေအထိ (ဆယ်သန်း) သည် အရေအတွက် အစုအဝေး တင်ခဲ့ဖြစ်ပြီး ကျန်သော ပကောဋိ ကောဋိကောဋိ

www.burmeseclassic.com

| ပိဋ္ဌအခေါ်အဝေါ် သဒ္ဒါ | ကုဋေ | သန်း | သိန်း | သောင်း | ထောင် | ရာ | ဆယ်ခု | ခု | ဘဏ္ဍာ သုညံ |
|---|---|---|---|---|---|---|---|---|---|
| ကုဋေ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ သုညံ |
| ပကောဋိ | ပကောဋိ | ကုဋေသန်း | ကုဋေသိန်း | ကုဋေသောင်း | ကုဋေထောင် | ကုဋေရာ | ကုဋေဆယ် | ကုဋေခု | ၁ သုညံ |
| ကောဋိပကောဋိ | ကောဋိပကောဋိ | ပကောဋိသန်း | ပကောဋိသိန်း | ပကောဋိသောင်း | ပကောဋိထောင် | ပကောဋိရာ | ပကောဋိဆယ် | ပကောဋိခု | ၁ သုညံ |
| နဟုတ | ၁ နဟုတ | ကောဋိပကောဋိသန်း | ကောဋိပကောဋိသိန်း | ကောဋိပကောဋိသောင်း | ကောဋိပကောဋိထောင် | ကောဋိပကောဋိရာ | ကောဋိပကောဋိဆယ် | ကောဋိပကောဋိခု | ၁ သုညံ |
| နိန္နဟုတ | ၁ နိန္နဟုတ | နဟုတသန်း | နဟုတသိန်း | နဟုတသောင်း | နဟုတထောင် | နဟုတရာ | နဟုတဆယ် | နဟုတခု | ၁ သုညံ |
| အက္ခောဘိနီ | ၁အက္ခောဘိနီ | နိန္နဟုတသန်း | နိန္နဟုတသိန်း | နိန္နဟုတသောင်း | နိန္နဟုတထောင် | နိန္နဟုတရာ | နိန္နဟုတဆယ် | နိန္နဟုတခု | ၁ သုညံ |
| ဗိန္ဓု | ၁ ဗိန္ဓု | အက္ခောဘိနီသန်း | အက္ခောဘိနီသိန်း | အက္ခောဘိနီသောင်း | အက္ခောဘိနီထောင် | အက္ခောဘိနီရာ | အက္ခောဘိနီဆယ် | အက္ခောဘိနီခု | ၁ သုညံ |
| အဗ္ဗုဒ် | ၁ အဗ္ဗုဒ် | ဗိန္ဓုသန်း | ဗိန္ဓုသိန်း | ဗိန္ဓုသောင်း | ဗိန္ဓုထောင် | ဗိန္ဓုရာ | ဗိန္ဓုဆယ် | ဗိန္ဓုခု | ၁ သုညံ |
| နိရဗ္ဗုဒ် | ၁ နိရဗ္ဗုဒ် | အဗ္ဗုဒ်သန်း | အဗ္ဗုဒ်သိန်း | အဗ္ဗုဒ်သောင်း | အဗ္ဗုဒ်ထောင် | အဗ္ဗုဒ်ရာ | အဗ္ဗုဒ်ဆယ် | အဗ္ဗုဒ်ခု | ၁ သုညံ |
| အဟဟ် | ၁ အဟဟ် | နိရဗ္ဗုဒ်သန်း | နိရဗ္ဗုဒ်သိန်း | နိရဗ္ဗုဒ်သောင်း | နိရဗ္ဗုဒ်ထောင် | နိရဗ္ဗုဒ်ရာ | နိရဗ္ဗုဒ်ဆယ် | နိရဗ္ဗုဒ်ခု | ၁ သုညံ |
| အဗဗ် | ၁ အဗဗ် | အဟဟ်သန်း | အဟဟ်သိန်း | အဟဟ်သောင်း | အဟဟ်ထောင် | အဟဟ်ရာ | အဟဟ်ဆယ် | အဟဟ်ခု | ၁ သုညံ |
| အဋဋ | ၁ အဋဋ | အဗဗ်သန်း | အဗဗ်သိန်း | အဗဗ်သောင်း | အဗဗ်ထောင် | အဗဗ်ရာ | အဗဗ်ဆယ် | အဗဗ်ခု | ၁ သုညံ |
| သောကန္ဓိက် | ၁သောကန္ဓိက် | အဋဋသန်း | အဋဋသိန်း | အဋဋသောင်း | အဋဋထောင် | အဋဋရာ | အဋဋဆယ် | အဋဋခု | ၁ သုညံ |
| ဥပ္ပလ် | ၁ ဥပ္ပလ် | သောကန္ဓိက်သန်း | သောကန္ဓိက်သိန်း | သောကန္ဓိက်သောင်း | သောကန္ဓိက်ထောင် | သောကန္ဓိက်ရာ | သောကန္ဓိက်ဆယ် | သောကန္ဓိက်ခု | ၁ သုညံ |
| ကုမုဒ် | ၁ ကုမုဒ် | ဥပ္ပလ်သန်း | ဥပ္ပလ်သိန်း | ဥပ္ပလ်သောင်း | ဥပ္ပလ်ထောင် | ဥပ္ပလ်ရာ | ဥပ္ပလ်ဆယ် | ဥပ္ပလ်ခု | ၁ သုညံ |
| ပဒုမ် | ၁ ပဒုမ် | ကုမုဒ်သန်း | ကုမုဒ်သိန်း | ကုမုဒ်သောင်း | ကုမုဒ်ထောင် | ကုမုဒ်ရာ | ကုမုဒ်ဆယ် | ကုမုဒ်ခု | ၁ သုညံ |
| ပုဏ္ဏရိက် | ၁ ပုဏ္ဏရိက် | ပဒုမ်သန်း | ပဒုမ်သိန်း | ပဒုမ်သောင်း | ပဒုမ်ထောင် | ပဒုမ်ရာ | ပဒုမ်ဆယ် | ပဒုမ်ခု | ၁ သုညံ |
| ကထာန် | ၁ ကထာန် | ပုဏ္ဏရိက်သန်း | ပုဏ္ဏရိက်သိန်း | ပုဏ္ဏရိက်သောင်း | ပုဏ္ဏရိက်ထောင် | ပုဏ္ဏရိက်ရာ | ပုဏ္ဏရိက်ဆယ် | ပုဏ္ဏရိက်ခု | ၁ သုညံ |
| မဟာကထာန် | ၁မဟာကထာန် | ကထာန်သန်း | ကထာန်သိန်း | ကထာန်သောင်း | ကထာန်ထောင် | ကထာန်ရာ | ကထာန်ဆယ် | ကထာန်ခု | ၁ သုညံ |
| အသင်္ခ်ေယျ | ၁ အသင်္ခ်ေယျ | မဟာကထာသန်း | မဟာကထာသိန်း | မဟာကထာသောင်း | မဟာကထာထောင် | မဟာကထာရာ | မဟာကထာဆယ် | မဟာကထာခု | ၁ သုညံ |

မှ အသင်္ခ်ေယျထိ အခေါ်အဝေါ်များ မှာလည်း ကုဋေနှင့် အဆင့်တူသော အရေအတွက်တစ်ခုစီ၏ အခေါ်အဝေါ် ပင် ဖြစ်ပါသည်။ ခု၊ ဆယ်၊ ရာ၊ ထောင်မှ ကုဋေထိပြီးပါက ကုဋေခု၊ ကုဋေဆယ်၊ ကုဋေရာ၊ ကုဋေထောင်၊ ကုဋေသောင်း၊ ကုဋေသိန်း၊ ကုဋေသန်း၊ ပကောဋိဟု ရွတ်ဆိုရေတွက်ရမည်ဖြစ်ပြီး ကျန်သော အရေအတွက်များကိုလည်း ဇယားကို ကြည့်၍ ဤနည်းအတိုင်း ဆက်လက် ရေတွက်သွားလျှင် အသင်္ခ်ေယျဟူသော ပါဠိသဒ္ဒါအရေအတွက်မှာ တစ်ဂဏန်း နောက်မှ သုညအလုံးပေါင်း (၁၄၀) ရှိသော ရေတွက်နည်းပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ကမ္ဘည်းသဒ္ဒါ ကျမ်းရှိ သုတ်စဉ်နံပါတ် (၃၉၄) နှင့် (၃၉၅) တို့ကို လေ့လာကြည့်ရှုပါက ထင်ရှားစွာသိရှိနိုင်မည် ဖြစ်ပါကြောင်း။

စာရှည်လွန်းမည်စိုး၍ ဤမျှသာ။

ဦးသုဇဉ်

(အင်ြိမ်းစား၊ အထက ကျောင်းအုပ်ကြီး)

www.burmeseclassic.com

# ကျော်စောပွင့်လန်း ဘေးမသန်းစေသော ပဉ္စပုတ်အဆောင်

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

**ဘနဂ်နွေသားသမီးများအတွက်**

ကျော်စောပွင့်လန်း ဘေးမသန်းစေဘဲ ပယောဂကိုပါ နှိုင်စေလိုသော် ကြာသပတေးနေ့နံနက်အရုဏ်တက်ချိန် ၌ (၆) နာရီအတွင်း 'အောင်မဖြူအမြစ်' ကို ဆန်ပန်းပေါက်ပေါက်ကြိုး မိမိအလိုရှိရာကို ဆုတောင်းယူပါ။ ထိုအောင်မဖြူအမြစ်ကို ဖြဟ္မာရုပ်အဆောင်ရုပ်ထုပြီးလျှင် ရွှေသုံးထပ်ခု၊ ဘုရားရှေ့တော်ဘွင် ငါးပါးသီလခံယူပြီး ဘုရားဂုဏ်တော်ကိုးပါးနှင့် မေတ္တာသုတ်တော်ကို (၉) ခေါက်စီ ရွတ်ဆိုပူဇော်၍ 'ဥံ တိ-ပိ-ဂ္ဂန္ဓန္ဓောသွာဟ' ဟူသော ဖြဟ္မာမင်းအရန်ဂါထာနှင့် (၃၇) အုပ်စုတ်ပါ။ မိမိကိုယ်တွင် ၎င်းအဆောင်ရုပ်ကို သန့်ပြန့်စွာဆောင်ထားပါ။

**တနလ်သားသမီးများအတွက်**

ကျော်စောပွင့်လန်းဘေးမသန်းဘဲ ပယောဂနိုင်စေလိုသော် သောကြာနေ့နံနက် အရုဏ်တက်ပြီးနောက် (၆) နာရီမထိုးမီအချိန်အတွင်း ကသစ်မြစ်ကို ဆန်ပန်းပေါက်ပေါက်နှင့်ကြ၍ မိမိလိုရာဆုတောင်းကာ သိကြားရုပ်နှင့်တူစွာထုလုပ်ပါ။ ဘုရားရုပ်ပွားတော်ရှေ့တွင် ငါးပါးသီလခံယူ၍ ဘုရားဂုဏ်တော်(၉)ပါးနှင့် မေတ္တာသုတ်တော်ကို (၉) ခေါက်စီရွတ်ဆိုပူဇော်ပြီးလျှင် 'ဥံ-တိ-ပိ-ဂ္ဂန္ဓန္ဓော သွာဟ' ဟူသော သိကြားမင်းအရန်ဂါထာနှင့် (၃၇) ခေါက် ရွတ်ဆိုစုတ်ပါ။ မိမိကိုယ်တွင်သန့်ပြန့်စွာဆောင်ပါ။

**အင်္ဂါသားသမီးများအတွက်**

ကျော်စောထင်ရှား ဘေးမသန်းဘဲနှင့် ပယောဂကိုပါနှိုင်စေလိုပါက စနေနေ့နံနက် အရုဏ်တက်မှ(၆)နာရီအတွင်း ခွယ်တော်မြစ်၊ ခွယ်တော်သားတစ်ခုခုကို ဆန်ပန်းပေါက်ပေါက်နှင့်ကြိုးလျှင် အလိုရှိရာဆုတောင်းယူပြီး နေနတ်သားရုပ်တု ရွှေသုံးထပ်ချ၍ ဘုရားရှေ့တော်မှာငါးပါးသီလခံယူကာ ဘုရားဂုဏ်တော်ကိုးပါးနှင့် မေတ္တာသုတ်တော်ကို(၉)ခေါက်စီ ရွတ်ဆိုပူဇော်၍ 'ဥံ - ရမစန္ဒာဂ္ဂနသသွာဟ' ဟူသော နေနတ်သားဂါထာနှင့် (၃၇) အုပ်ရွတ်ဆိုပါ။ မိမိကိုယ်တွင် သန့်ပြန့်စွာဆောင်ပါ။

**ဗုဒ္ဓဟူးသားသမီးများအတွက်**

ကျော်စောပွင့်လန်း ဘေးမသန်းဘဲ ပယောဂကိုပါနှိုင်စေလိုပါက တနင်္ဂနွေနေ့နံနက် အရုဏ်တက်မှ (၆) နာရီအတွင် ဝင်အူမြစ်ကို ဆန်ပန်းပေါက်ပေါက်ကြိုးလျက် အလိုရှိရာဆုတောင်းပြီးယူပါ။ အရိန္ဒမနတ်မင်းရုပ် သေချာစွာထုလုပ်လျက် ရွှေသုံးထပ်ချပြီး ဘုရားရှေ့တော်တွင် ငါးပါးသီလခံယူ၍ ဘုရားဂုဏ်တော် (၉) ပါးနှင့် မေတ္တာသုတ်ကို (၉) ခေါက်စီ ရွတ်ဆိုပူဇော်ပြီးလျှင် 'ဥံ နန္ဒာတေဇော် ဂ္ဂန္ဓန္ဓောသွာဟုံ' ဟူသော အရိန္ဒမနတ်မင်းအရန်ဂါထာနှင့် (၃၇) ခေါက်စုတ်လျက် ထိုအဆောင်ရုပ်ကို ကိုယ်တွင် သန့်ပြန့်စွာထား၍ဆောင်ပါလေ။

**ကြာသပတေးသားသမီးများအတွက်**

ကျော်စောပွင့်လန်း ဘေးဥပဒ်မသန်းစေဘဲ ပယောဂပါနိုင်စေလိုသော် တနလ်နေ့နံနက် အရုဏ်တက်မှ (၆) နာရီမထိုးမီအချိန်တွင် မန်ကျည်းမြစ်၊ မန်ကျည်းသားတစ်ခုခုကို ဆန်ပန်းပေါက်ပေါက်ကြိုးလျက် မိမိအလိုရှိရာဆုတောင်းပြီးယူကာ ကုဝေရနတ်မင်းရုပ်ကိုထု၊ ရွှေသုံးထပ်ချပြီးလျှင် ဘုရားရှေ့တော်မှာ ငါးပါးသီလခံယူဆောက်တည်ပါ။ ဘုရားဂုဏ်တော်ကိုးပါးနှင့် မေတ္တာသုတ်ကို (၉) ခေါက်စီ ရွတ်ဆိုပူဇော်၍ 'ဥံ ဥတ္တရဋ္ဌဒိသာရာဇာ ကုဝေရော တံ ပသတိ ယက္ခာနံ အဓိပတိ မဟာရာဇာယသသိနော' ဟူသော ကုဝေရနတ်မင်းအရန်ဂါထာနှင့် (၃၇) အုပ်စုတ်ပြီး မိမိကိုယ်၌ သန့်ပြန့်စွာဆောင်ထားပါ။

**သောကြာသားသမီးများအတွက်**

ကျော်စောပွင့်လန်းဘေးမသန်းစေဘဲ ပယောဂကိုပါနှိုင်စေလိုပါက အင်္ဂါနေ့နံနက် အရုဏ်တက်ပြီး (၆)နာရီမထိုးမီအချိန် သစ်ဆိမ့်သား၊ သစ်ဆိမ့်မြစ်တစ်ခုခုကိုဆန်ပန်းပေါက်ပေါက်ကြလျက် မိမိအလိုဆန္ဒရှိရာဆုတောင်း၍ယူဆောင်ပြီးလျှင် စကြာမင်းရုပ်ထုလုပ်ကာ ရွှေသုံးထပ်ချပြီးနောက် ဘုရားရှေ့တော်မှာ ငါးပါးသီလကို ခံယူဆောက်တည်ပါ။ ထို့နောက် ဘုရားဂုဏ်တော်ကိုးပါးနှင့် မေတ္တာသုတ်တော်ကို (၉)ခေါက်စီရွတ်ဆိုပူဇော်ပါ။ ပြီးလျှင် စကြာမင်းအရန်ဂါထာဖြစ်သော 'ဥံ - နန္ဒာ အရဟံ သွာဟ' ဂါထာနှင့် (၃၇) အုပ်စုတ်ပြီး မိမိကိုယ်တွင် သန့်ပြန့်စွာဆောင်ထားပါ။

**စနေသားသမီးများအတွက်**

ကျော်စောပွင့်လန်းလိုသော် ဗုဒ္ဓဟူးနေ့နံနက်အရုဏ်တက်ပြီး (၆) နာရီမထိုးမီ ထင်းရှူးသား၊ ထင်းရှူးမြစ်ကို ဆန်ပန်းပေါက်ပေါက်ကြကာ လိုရာဆုတောင်း၍ယူပြီး လနတ်သားရုပ်တု၊ ရွှေသုံးထပ်ချပြီးလျှင် ဘုရားရှေ့တော်မှာ ငါးပါးသီလခံယူ၍ ဘုရားဂုဏ်တော်ကိုးပါးနှင့် မေတ္တာသုတ်ကို (၉) ခေါက်စီ ရွတ်ဆိုပူဇော်ပါ။ ထို့နောက် လနတ်သားအရန်ဂါထာဖြစ်သော 'ဥံ သုဘစန္ဒာ ဂ္ဂနဿ စန္ဒာ သွာဟုံ' ဟူသော ဂါထာနှင့် (၃၇) အုပ်စုတ်ပါ။ မိမိကိုယ်တွင် သန့်ပြန့်စွာထား၍ဆောင်ထားပါ။

လိုရာဆန္ဒပြည့်ကြပါစေ

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

မြို့လှမိဖုရား

မှတ်မှတ်ရရ ၁၉၇၁ ခုနှစ်လောက် ကဖြစ်၏။ ထိုအချိန်က စာရေးသူသည် ရန်ကုန်နှင့် မန္တလေးသို့ မကြာခဏ ကားလမ်းခရီးဖြင့် အသွား၊ အပြန်သွားနေရသည်။ တစ်ခါတွင် စာရေးသူတို့ကားသည် တောင်ငူခရိုင် ရေတာရှည်မြို့မြောက်ဘက်(၈)မိုင်ကွာရှိ မြို့လှမြို့အနီး ရွှေနတ်တောင် ဟူသော တောင်ကုန်းလေးသို့ရောက်လျှင် စက်မမှန်ဖြစ်လာ

"အဲဒါမြို့လှမိဖုရားနတ်ကွန်းပေါ့ ဆရာရယ်"

ဟု ပြောသည်။

စာရေးသူသည် မြို့လှမိဖုရား ဆိုသည့်နတ်ကို မကြားဘူး၍ -

"ဘယ်ကနတ်လဲ။ ဒီနားကနတ်လား"

ဟု မေးလိုက်သည်။

"မြို့လှမိဖုရားဆိုတာ တောင်ငူဘုရင်မ စောစလာလို့ပြောတာပဲ"

ဟုသာ ပြန်ပြောနိုင်သည်။ သူလည်း ဒီထက်ပို၍ သိပုံမရပေ။

စာရေးသူ၏စိတ်ထဲတွင် မြို့လှသူတော်သမီးများအနေဖြင့်ကား သိရုံသိကြသည်။ အကြောင်းကား စောစလာဘုရင်မသည် နန်းသက်တိုသောကြောင့် ဖြစ်ပုံရသည်။

တောင်ငူဘုရင်မ စောစလာမှာ ဇေယျဝတ္ထာတိုင်း ကေတုမတီမြို့(၉)မြို့အနက် သဝန်ကြီး၊ သဝန်ငယ်ညီနောင် တည်ထောင်သော အောင်ကြာဝတီခေါ် မူလတောင်ငူမြို့၏မင်းဆက်(၂၉)ဆက်အနက် တတိယမင်းဆက်မြောက်တွင် စိုးစံခဲ့သူဖြစ်လေသည်ဟု သိရသည်။ သို့ရာတွင် တောင်ငူရာဇဝင်အချို့၌ ဘုရင်မစောစလာ ရင်ခွင်ပိုက်၍ အုပ်စိုး



မြန်မာရိုးရာနတ်ယုံကြည်မှုဒေသ(၆၉)

# မောင်သန်းခွေ (ထားဝယ်)

## မြို့လှမိဖုရား

သည်။ လမ်းတွင်ထည့်ခဲ့သည့် မာတ်ဆီ၌ ရေပါသောကြောင့်ဖြစ်သည်ဟု ဒရိုင်ဘာကဆို၏။ ထိုရွှေနတ်တောင်တောင်ကုန်းလေးလွန်၍ ဒုတိယတောင်ကုန်းပေါ် ရောက်သောအခါ ကားကို လမ်းဘေးတွင်ရပ်လိုက်ရသည်။ ဒရိုင်ဘာက စက်ခေါင်းဖွင့်ပြီး မသန့်သောဆီများကို ဖယ်ထုတ်နေသည်။

စာရေးသူသည် လမ်းအရှေ့ဘက်မြေကမူထိပ်၌ အုတ်တိုက်နတ်ကွန်းလေးတစ်ခုကိုတွေ့၍ အနီးသို့သွားကြည့်သောအခါ ပဝါရင်စည်းလျက် နန်းဝတ်နန်းစားဖြင့်ထုလုပ်ထားသော မိန်းမနတ်ရုပ်တစ်ရုပ်ကိုမြင်ရသည်။ ခပ်လှမ်းလှမ်းမှ အကြော်တဲရှိရာသို့သွားပြီး အကြော်ဝယ်စားတာ အကြမ်းသောက်ရင်းဖြင့် အကြော်ရောင်းသူလင်မယားအား နတ်ကွန်းလေးအကြောင်း မေးမြန်းကြည့်သည်။

အကြော်သည်အဘိုးကြီးက -

မိဖုရားဟုခေါ်သည့် တောင်ငူဘုရင်မ စောစလာအကြောင်းကို စွဲလမ်းသွားသည်။ နတ်ကိုးကွယ်ယုံကြည်သူများကိုလည်း မေးမြန်းကြည့်သည်။ တောင်ငူရာဇဝင်ပါသော စာအုပ်များကိုလည်း ဖတ်၍ရှာကြည့်ရသည်။

တောင်ငူဘုရင်မ စောစလာကား တောင်ငူဘုရင်မဟု ဆိုရသော်လည်း တောင်ငူသူတောင်ငူသားတိုင်းပင်လျှင် ကောင်းစွာမသိကြပေ။ တောင်ငူရာဇဝင်ရသော အသက်(၉)နှစ်မျှရှိ သားတော်စောနှစ်အမည်ကိုသာ ထုတ်ဖော်၍ စောနှစ်အမည်ကိုသာ တောင်ငူ၏ တတိယမင်းဆက်အဖြစ် ဖော်ပြခဲ့ခြင်းကြောင့် စောစလာအကြောင်း လူသိနည်းခဲ့ရခြင်းဖြစ်သည်ကို တွေ့ရ၏။ စောစလာ၏အမည်ရင်းမှာ မြစလာဖြစ်၍ ကရင်အမျိုးသမီးဟုလည်း သိသည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်နန်းရာဇဝင် 'ဇေယျဝတ္ထုဏာဘိုင်း၊ တောင်ငူပြည်တွင်စံနေသောမင်းတို့အကြောင်း' အခန်း၌ သဝန်ကြီး၊ သဝန်ငယ်နှင့် စောစလာတို့အကြောင်းကို တွေ့ရသည်။

ဆွာချောင်းနား ကမ်းပါးမြင့်ရွာသည် ထက်ဝန်းကျင် ချုံစေးပျစ်ထူထပ်သောကြောင့် မွန်တို့ကြဲ၍မရနိုင်ရှိလျှင် ထိုရွာပတ်သည် စေးပျစ်တောဌ် ရွှေစင္ေစ အခဲငယ်များစွာကြလာ၍ ရွှေငွေများကို ရွာသားတို့ တောကိုထွင်ယူလေသဖြင့် လွင်ဖြစ်မှ ရွာသားအလုံးနှင့်တကွ ကမ်းပါးမြင့်ရွာစားကို မွန်တို့ယူ၍ ပျူရွာတွင်ထားလေ၏။ ကမ်းပါးမြင့်စားလည်း သားသဝန်ကြီး၊ သဝန်ငယ်တို့ကို 'ငါ့သားတို့၊ ညီနောင်လွတ်လာသော် ငါတို့ ကမ်းပါးမြင့်ရွာကား ပေါင်းလောင်ကိုဆန်သွားလျှင် လက်ဝဲဘက်က ချောင်းတက်ရှိ၏။ ထိုချောင်းတက်သို့လိုက်သော် တောင်ငယ်အငူရှိ၏။ ယင်းသည်အရပ်တွင် ရွာတည်လေ' မှာထားခဲ့၍ အဖသေလွန်သည်နောက် သဝဏ်ညီနောင်တို့သည် မွန်ကျေးပျူရွာကထွက်ခဲ့၍ ပေါင်းလောင်မြစ်ကိုဆန်ခဲ့လေသည်။ ပေါင်းချောင်းပေါက်ကိုရောက်လျှင် ခပေါင်းတို့ဝင်လေ၍ ဆန်လတ်သော် တောင်ငယ်အငူတွေ့၍ ဤတောင်ငူကား ငါတို့ဘမှာခဲ့သောအရပ်တည်းဟု တောင်ငူငယ်ကို တည်လေ၏။

ဟူ၍လည်းကောင်း -

'သက္ကရာဇ် ၆၄၁ ခု၊ ကဆုန်လဆန်း ၉ ရက်၊ နက္ခတ်ခုနစ်လုံး၊ နှစ်ပတ်ပြည့်သလင်၊ ကရကဋ်စဉ်အခါတွင် တောင်ငူမြို့ကိုတည်၍'

ဟူ၍ လည်းကောင်း ရေးထားသည်။ တစ်ဖန် သဝန်ကြီးကို သဝန်ငယ်လုပ်ကြံသည့်အခန်းတွင် -

'သဝန်ငယ်က ကျွန်တို့ကို ဓားမြှုပ်ထားစေ၍ သဝန်ကြီးလည်း လှေဆိုက်၍ ဘုရားရှင်သို့တက်လေသော် သဝန်ငယ်ကျွန်တို့လုပ်ကြံ၍ မြန်မာနှစ် ၆၇၉ ခုတွင် အနိစ္စရောက်လေ၏။ သဝန်ကြီး စည်းစိမ် (၃၈) နှစ်၊ သက္ကရာဇ် ၆၇၉ ခုတွင် ညီတော် သဝန်ငယ်မင်းပြုလျှင် နောင်အရေးကို မျော်တင်း၍ ပင်းတယစီးရှင်မင်းကြီးက သားတော် ဥဇနာကျော်စွာတို့ကို တောင်ငူသို့လုပ်ကြံစေသည်။ သဝန်ငယ်လည်း မခံဝံ့၍ အမတ်လက်ယာထောက်လှေကားတို့ထွက်၍ သစ္စာခံရ၏။ မြန်မာနှစ် ၆၈၆ ခု၊ သဝန်ငယ် အနိစ္စရောက်၏။ စည်းစိမ် (၇) တည်း။ မြန်မာနှစ် ၆၈၆ ခု၊ သဝန်ငယ်မယား စောစလာ၊ စောကုမာ(၂)ယောက်တွင် မယားကြီး စောစလာသည် သားစောနစ်ကို မင်းလွှာထား၍ မိမိမင်းပြု၏။ စောစလာ

www.burmeseclassic.com

www.burmeseclassic.com

*ကား ထောင်မှူးကရင်ဘခွန်အား မြောက်များသည်ကို ခန့်ညား၍ မြို့မြောက်မှာ ဘုရားတည်သည်။ ။*

ဟု ပါသဖြင့် စောစလာသည် သားတော် စောနစ်ကို ရင်ခွင်ပိုက်၍ ဘုရင်မအဖြစ် အုပ်စိုးခဲ့သည်မှာ အမှန်ဖြစ်သည်ကို တွေ့ရသည်။ တောင်ငူဘုရင်မ စောစလာ၏ အကြောင်းကို လက်လှမ်းမီသမျှ ထင်ရှားသည့်တောင်ငူရာဇဝင်စာအုပ်များတွင်ဆက်၍လေ့လာကြည့်ရာ ထူးထူးခြားခြား တွေ့ရသေးသည်။ စာရေးဆရာ စီးပွားရေးမြင့်ဦးသွေးသောက်မဂ္ဂဇင်းတွင်ရေးသားသည့် 'ကေတုမတီ တည်ကိုးတည်၊ မြို့ကိုးမြို့' ဆောင်းပါးနှင့် တောင်ငူဘုရင်မ စောစလာဆောင်းပါးတို့တွင်လည်းတွေ့ရပါသည်။

သက္ကရာဇ် ၆၄၁ ခုနှစ်တွင် သဝန်ကြီး၊ သဝန်ငယ်တို့ အောင်ကြာဝတီမြို့ကို တည်ထောင်ကြပြီးနောက် ကရင်ဘခေါ်မုဆိုးကြီး၏ အကူအညီရသည်နှင့် ၎င်းကို မြို့ဝန်ခန့်လေသည်။ (မြို့ဝန်ကို ထောင်မှူးဟုလည်း ခေါ်သည်။) ကရင်ဘတွင် မိဘမဲ့ ကရင်မလေးတစ်ဦး မွေးစားထားသည့် ဆွေမျိုးတော်စပ်သော ချောမောလှပသည့်စောစလာခေါ် မြစလာဆိုသည့် ကရင်မလေးတစ်ဦးလည်း ပါလာသည်။ ထိုအခါ သဝန်ငယ်သည် စောစလာကို သိမ်းပိုက်၍ အိမ်ရှေ့မိဖုရားအဖြစ် မြှောက်စားထားလေသည်။

သက္ကရာဇ် ၆၇၉ ခုနှစ်တွင် သဝန်ကြီးမင်းကို သဝန်ငယ်က လုပ်ကြံ၍ နန်းတက်သောအခါ စောစလာသည် မိဖုရားဖြစ်လာသည်။ သဝန်ငယ်သည် ဘုရင့်မိဖုရားစောစလာကို အလွန်ချစ်မြတ်နိုးသည်။ ခမ္မသတ်၊ ရာဇသတ်များသာမက ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လုံထိုးအမျိုးမျိုးနှင့် သနင်္ဂဗျူဟာစစ်ဆင်မှုအတတ်များကိုပါ သင်ကြားပေးထားလေသည်။ စောစလာသည် ကရင်အမျိုးသမီးတို့ဘာသာဘာဝ အလွန်ဖျတ်လတ်သွက်လက်သန်မာ၍ ဆင်စီး၊ မြင်းစီး အမျိုးမျိုးတို့ကို ကျွမ်းကျင်လှသည်သာမက မင်းသားတစ်ပါးကဲ့သို့ ဝတ်ဆင်၍ မြင်းပေါ်တွင်ပတတ်ရုပ်၍လည်းကောင်း၊ မြင်းဇက်ကိုမကိုင်ဘဲ လက်(၂)ဖက်လွတ်၍လည်းကောင်း၊ လေး-မြားတို့ကိုနှိုင်နင်းစွာ ပစ်ခတ်ခြင်းကို လည်းကောင်း ကောင်းစွာ တတ်ကျွမ်းသူဖြစ်သည်ဟု ဆို၏။




မုန်နန်းရာဇဝင်တွင်သာ - မြန်မာနှစ် ၆၈၆ ခု သဝန်ငယ်မယားစောစလာ၊ စောကုမာ(၂)ယောက်တွင် မယားကြီး စောစလာသည် သားစောနစ်ကို မင်းလျာထား၍ မိမိမင်းပြု၏ဟု ရေးထားသော်လည်း တောင်ငူဘုရားသမိုင်းရာဇဝင်တို့၌ မိဖုရားစေစလာအား ဘုရင်မအဖြစ်ရေးထားသည်ကိုမတွေ့ရပါ။ စောစလာ နန်းတက်စတွင် ပြည်သူပြည်သားများကို ကောင်းစွာ အုပ်ချုပ်လေသည်။ သို့သော် မိမိ၏ ဦးရီးတော် မြို့ဝန် ကရင်ဘကိုမူ မိမိ၏ဘီးနန်းကို



www.burmeseclassic.com

www.burmeseclassic.com

သူလိမ့်မည်ဟုယူဆ၍ မြို့ဝန်ကရင်ဘာအပေါ် အကောက်ကြံမိလေသည်။ နန်းဘက်၌ မကြာမီလျှင် စောစလာသည် မြို့မြောက်ဘက်တွင် ဘုရားတည်လေသည်။ ဘုရားတည်ပြီးသော် ဆွမ်းကပ်သူပွဲကျင်းပ၍ ဘုရားတွင်းသို့ ထောင်ဘူး (မြို့ဝန်) ကရင်ဘာ ဝင်လာသောအခါ ခုတ်သတ်ရမည်ဟု အမိန့်ပေး၍ ဘေးကိုင်လူများကို ဘုရားမုခ်ဝမ်းတွင် ဝှက်ကွယ်နေစေ၏။ ကရင်ဘာ ရောက်လာသောအခါ ဘုရင်မစောစလာက-

"အသင်မြို့ဝန်ကြီး၊ ကောင်းမှုတော်ကိုဝင်၍ ဖူးလော့"

ဟုဆိုသဖြင့် ဝင်မည်ပြုရာ လူရိပ်မြင်သည်နှင့် အခြေအနေကိုရိပ်မိလေသည်။

ငါကား ဘုရင်မသားအမိကို အထွေအရာမရှိ။ ဘုရင်မကပင်လျှင် ငါ့ကိုကြံလေသည်ဟု နှလုံးမသာမယာ ရှိသည်နှင့် ရုတ်တရက်ထွက်သွားကာ တောင်ပေါ် ကရင်များစုရုံးပြီး တပ်ဆင်ကာ အောင်ကြာဝတီမြို့ကို တစ်နှစ်နီးပါး ဝိုင်းထားပြီး တိုက်ခိုက်လုပ်ကြံလေသည်။ ကြာသော် မြို့တွင်းသားတို့တက်ပြတ်လာသည်နှင့် မြို့တံခါးဖွင့်ပေးရာ ကရင်ဘာ၏တပ်များ မြို့အတွင်းဝင်တိုက်သည်နှင့် ဘုရင်မစောစလာ၏တပ်များ ပျက်ပြားကာ စောနစ်မင်းသားကလေးအသတ်ခံရလေတော့သည်။

ဘုရင်မ စောစလာသည် ဆင်မကိုစီးကာ အခွေအရံအနည်းငယ်နှင့် တောင်တွင်းကြီးဘက်သို့ ထွက်ပြေးရလေသည်။ သို့ရာတွင် တောင်ငူခရိုင် ရေတာရှည်မြို့၏မြောက်ဘက် မြို့လှအနောက် ကညင်တောင်ထိပ်သို့ရောက်လျှင် ကွယ်လွန်သွားကြောင်း မှုန်နန်း ရာဇဝင်နှင့် တောင်ငူဘုရားသမိုင်းအချို့ကဆိုလေသည်။ အခြားအဆိုတစ်ခုမှာ ဘုရင်မစောစလာသည် ရှိသမျှအခွေအရံများနှင့် တောတွင်းအရောက်ပြေးကာ တောင်တွင်းကြီးအားနှင့် တောင်ငူမြို့ကို ပြန်တိုက်ရန် ရည်ရွယ်သည်ကို ကရင်ဘာသိသည်နှင့် မြင်းသည်ကျော်များဖြင့် လိုက်လံတိုက်ခိုက်စေသဖြင့် မြို့လှအနီး ကညင်တောင်ထိပ်တွင် ကျဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။ သာဂရမြို့စား၊ ထောက်လှေကားအမတ်နှင့်တောင်တွင်းကြီးမြို့စား၊ လက်ယာစကြာတို့က ကရင်ဘာ၏တပ်များကို ဆက်လက်တိုက်ခိုက်သည်နှင့် မြို့အလှအနောက်တောသို့ ဝင်ပြေးကြရလေသည်။

ယင်းသို့သော ဖြစ်ရပ်များ၏ နောက်ဝယ် တောင်ငူမြို့လယ်တွင် ပြောစမှတ်ကျန်ရစ်သည်ကား ဘုရင်မစောစလာ၏ ဝိညာဉ်သည် ကညင်တောင်ကို အစွဲပြု၍ နတ်ဖြစ်နေသည်ဟူ၏။ ထို့ကြောင့် နတ်ဖြစ်နေသည်ဆိုသော စောစလာ၏နတ်ကွန်းကို မြို့လှမိဖုရားနတ်၊ နတ်ကွန်းအနေဖြင့် စာရေးသူ တွေ့ခဲ့ရခြင်း အဆိုရှိသည်။ မိဖုရားစောစလာခေါ် မြစလာက ကရင်ဘာအား လိမ်လည်လှည့်ဖြားခေါ်ခြင်းကြောင့် မြလိမ်ဒါ (ဝါ) မြလိန္ဒာဘုရားဟု ခေါ် ဆိုခြင်းဖြစ်ကြောင်း ပြောကြသည်။ တောင်ငူရာဇဝင်များ၌မူ မြလိန္ဒာခေါ် မြနိန္ဒာဘုရားမှာ တောင်ငူမြို့စားဘုရင်အသခ်ယာမင်းတည်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ဘုရင်မစောစလာ မရှိလေလျှင် အောင်ကြာဝတီ တောင်ငူမြို့ကြီးတွင် မုဆိုး ကရင်ဘာ မင်းပြုလေသည်။ သို့ဖြစ်၍ တောင်ငူရာဇဝင်တွင် စောစလာဘုရင်မနောက် စတုတ္ထစိုးစံသော မင်းမှာ ကရင်ဘာမင်းဟူ၍ အထင်အရှား တွေ့ရမည် ဖြစ်ပါသည်။ ဤသို့အဆန်းတကြယ်အမည်များထက် ထူးဆန်းသော အမည်ကား ဆဋ္ဌမတောင်ငူမင်းဆက်တွင် ထောက်လှေကားမင်း ဟူသော အမည်ပင် ဖြစ်လေသည်။ ထောက်လှေကားမင်း၏ဖြစ်ရပ်ကား ဘုရင်မစောစလာ၏အတ္ထုပ္ပတ္တိနှင့် ဆက်စပ်လျက်ရှိနေပေသည်။

ဘုရင်မစောစလာ ကျဆုံးသွားသည်နှင့်တစ်ပြိုင်နက် သဝန်ညီနောင်တို့၏တူဖြစ်သော ထောက်လှေကားအမတ်နှင့် နောင်တော် လက်ယာစကြာတို့သည် ကရင်ဘာရန်ကို ကြောက်၍ မြို့လှအနောက်တောသို့ဝင်နေကြ၏။

ထိုအခါ ကရင်ဘာမင်းသည် -

"ငါကား ပုဂံမင်းမျိုးမဟုတ်။ ပုဂံမင်းမျိုးဖြစ်သော ထောက်လှေကားမင်းသားတို့ကို ရှာဖွေကြလော"

ဟု စေခိုင်းလိုက်သဖြင့် ကရင်ဘာမင်း၏တပ်များ တောနင်းရှာဖွေရာတွင် မင်းသားညီနောင် (၂) ပါး တောင်ကမ်းပါးယံတွင် လှေကားထောင်လျက် အိပ်ပျော်နေသည်ကို ဖမ်းမိသဖြင့် ယခုတိုင်အောင် ထိုနေရာကို လှေကားထောင်ကျေးရွာဟု ခေါ်ဝေါ်ကြ၏။

ထောက်လှေကားဟူသောအမည်ကား အခြားမဟုတ်ပေ။ အဆိုပါမင်းသားငယ်စဉ်က အရပ်အမောင်းထွား ကိုင်းသဖြင့် လှေကားနှင့် (၂) ခုကို၍ ကုလားမြေထောက်ထောက်ကာ သကဲ့သို့ တစ်ယောက်နှိုက်ခြင်း ထောက်လှေကားမင်းသား ခေါ်ကြသောဟူ၏။ လှေကားထောင်မင်းသား ညီနောင်ကို ဖမ်းမိသောအခါ ကရင်ဘာက -

"အသင်တို့ကို သတ်ရန် ငါမင်း ခိုင်းခြင်းမဟုတ်။ တောင်ငူမင်းဆက်တွင် ပုဂံမင်းမျိုးမပြတ်ကောင်း၍ သင်တို့ကို သမက်ပြု၍ နန်းလျာထားရန် ငါခေါ်ခြင်း ဖြစ်သည်"

ဟု ဆိုကာ အကြီးဖြစ်သော လက်ယာစကြာကို မွေးစားသမီး ကရင်မလေးနှင့်ပေးစားပြီး အိမ်ရှေ့အရာထား၏။ သို့ဖြစ်၍ ကရင်ဘာလွန်လေသော် မြန်မာနှစ် ၇၀၄ ခုနှစ်တွင် လက်ယာစကြာ ပဉ္စမတောင်ငူမင်းအဖြစ် မင်းပြုလေသည်။ နန်းသက် (၂) နှစ်ခန့်ကြာသောအခါ ညီတော် ထောက်လှေကားက နောင်တော် လက်ယာစကြာကို လုပ်ကြံကာ မြန်မာနှစ် ၇၀၆ ခုနှစ်တွင် ထောက်လှေကားမင်းဟူ၍ ဆဋ္ဌမမြောက် တောင်ငူမင်းအဖြစ် အောင်ကြာဝတီခေါ် ပထမတောင်ငူမြို့ကို မင်းပြုလေသည်။ အဆိုပါ အောင်ကြာဝတီ တောင်ငူမြို့တွင် သဝန်ညီနောင်မှအစ မင်းကြီးညီအထိ မင်းဆက်ပေါင်း (၂၉) ဆက်မြောက် စိုးစံသွားလေသည်။ လက်ရှိတောင်ငူမြို့ကား မြန်မာနှစ် ၈၇၂ ခုနှစ်တွင် မင်းကြီးညီ တည်ထောင်သောကေတုမတီမြို့တော် ဖြစ်ပါသည်။ ဝတီကိုးရုပ် မြို့အရေအတွက်အားဖြင့် ဆဋ္ဌမမြောက် တောင်ငူမြို့ဖြစ်လေသည်။

ဘုရင်မစောစလာသည်ကား နန်းသက်တိုလှသော်လည်း ရာဇဝင်ပြောင်မြောက်သော ဘုရင်မတစ်ပါးဖြစ်သည်။ သူမ၏လက်ရာ သမိုင်းအထောက်အထားများကား ယခုတိုင်အောင် တောင်ငူမြို့လယ်တွင် ကျန်ရစ်ပေသေးသည်။ သူစွမ်းကောင်းများသေလွန်လျှင် နတ်အဖြစ်နှင့် ယုံကြည် ကိုးကွယ် ပသကြသည့် မြန်မာတို့ဓလေ့အတိုင်း တောင်ငူဘုရင်မ စောစလာကို မြို့လှမိဖုရားနတ်အဖြစ်နှင့် ကိုးကွယ်ပသနေကြသည်။ ဒေသန္တရနတ်ဖြစ်၏။ နတ်ကနားမှာ၌ နတ်လမ်းခင်းရာတွင် မပါပေ။

မောင်သန်းဆွေ (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

ဆရာစိုးရွှေအာရုဏ်ဦး
(ဆေးရွေ့သုဒေဝီ) ဒီဇင်ဘာ

# တားရော်ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း
# (အဓိကကားချပ်များ/ Major Arcana)

## VIIII. Hermit - သူတော်စင်

*ဩ မျက်မမြင်ပုဏ္ဏား(၆)ယောက် နှင့် ကျွန်တော် သို့မဟုတ် တားရော်ပုံပြင် (၁) ဆောင်းပါးအားဖတ်ပြီးမှ တားရော်ကားချပ်ဆောင်းပါးများအား လေ့လာဖတ်ရှုပါက ပိုမိုသဘောပေါက်နိုင်မည်ဖြစ်ပါသည်။*

**အခြားအမည်ကွဲများ -**

- Prudence
- Capuchin
- The Old One
- Truth
- Sage

**ပတ်သက်ဆက်နွယ်မှုများ**

ဟီးဘရူးအက္ခရာ - Yod
(၁၂) ရာသီခွင် - ကန်ရာသီ Virgo

**သရုပ်ဖော်ပုံ**

အဝါရောင်ဖောက်ထားတဲ့လိမ္မော်ရောင်နောက်ခံ၊ ဖြူဆွတ်နေတဲ့မုတ်ဆိတ်မွေး၊ ဆံပင်နဲ့ အဘိုးအိုတစ်ဦး။ အပေါ်၊ အောက်အနီရောင်ဝတ်စုံကို အတွင်းခံပြီး အပေါ်ခြုံထည်က အပြာရောင်၊ အကျီလက်တွေက အဖြူရောင်၊ ညာလက်မှာ အနီ၊ အဝါခြယ်ထားတဲ့ မီးအိမ်ကို မြွောက်ကိုင်ထားပြီး ၎င်းရဲ့လက်ယာဘက်(အတိတ်)ဆီကိုမျှော်ကြည့်နေဟန်။ လက်ဝဲဘက် တောင်ဝှေးတစ်ချောင်းကို ကိုင်ထားတယ်။ ခေါင်းစွပ်လို့ ယူဆရတဲ့ ဝတ်စုံရဲ့ထိပ်ဆုံးပိုင်းကို အနီရောင်ပေးပြီး၊ ထိပ်စည်းကို လိမ္မော်ရောင်ပေးထားပါတယ်။

လုပ်ချင်တဲ့ဆန္ဒတွေနဲ့ လုပ်သင့်၊ မလုပ်သင့် ဆင်ခြင်တွေးတောမှုတွေ ဝိရောဓိဖြစ်ပြီး အလိုဆန္ဒတွေကို သတိ - အသိနဲ့ အတင်းထိန်းချုပ်ရင်းနဲ့ စိတ်တွေ ဝေဝါးစွာ အတိတ်ကို သို့မဟုတ် မိမိလာခဲ့ရာလမ်းကို ပြန်တမ်းတနေဟန်၊ ပြန်လည်ဆန်းစစ်နေဟန်။ မိမိရဲ့မီးအိမ်လေးက အရောင်နဲ့၊ အလင်းရောင်မဲ့နေသူတွေ၊ လမ်းပျောက်နေသူတွေကို လမ်းပြပေးမှာလား၊ မိမိလာရာလမ်းကို အန္တရာယ်ကင်းစွာ ပြန်လျှောက်နိုင်ဖို့လား။ စဉ်းစားစရာပါ။

ဒီနေရာမှာ သင်္ကေတနဲ့အရောင်တွေနဲ့အကြောင်းကို နည်းနည်းလောက် ပြန်ရွေးချင်ပါတယ်။

ကားချပ်တွေအကြောင်း ဆွေးနွေးတင်ပြလာတာ အခုဆို နံပါတ် (၉) မြောက်ကားချပ်၊ 'O'ကတ်ပါထည့်ပေါင်းရင် (၁၀) ချပ်မြောက်ရှိပါပြီ။ သိပြီးသားသူတွေလည်း ပြန်သတိရအောင်၊ မသိသေးတဲ့သူတွေလည်းသိစေရအောင် Symbolism ဆိုတဲ့ သင်္ကေတဝါဒနဲ့ Colourlism ဆိုတဲ့ အရောင်အဓိပ္ပာယ်တွေအကြောင်းကို နည်းနည်းလောက် ပြန်ဆွေးနွေးပါမယ်။

သင်္ကေတဝါဒအရ ဒီ Hermit ကားချပ်ဟာ ရည့်/ သူတော်စင်ရဲ့ရုပ်ပုံကို သင်္ကေတပြုထားတဲ့အတွက် ရည့်၊ သူတော်စင်တွေရဲ့ ယေဘုယျသဘာဝကိုကြည့်ရပါမယ်။ တောထွက်ခြင်း၊ တစ်ကိုယ်တည်း နေထိုင်ကျင့်ကြံအားထုတ်ခြင်း၊ အလှူခံစားခြင်း၊ လူများစုနဲ့ဝေးကွာခြင်း၊ ခွဲခွာခြင်း၊ လူချင်းအနေနီးသော်လည်း စိတ်ချင်း၊ အကျင့်စရိုက်မတူကွဲပြားခြင်း၊ မိမိ၏မကောင်းသောစိတ်၊ အကျင့်၊ စရိုက်များကို ရှာဖွေပြုပြင်ခြင်း၊ ပို့မိုကောင်းမွန်သောအကျင့်စရိုက်များဖြစ်လာစေရန် လေ့ကျင့်ခြင်း၊ သီလစောင့်တရားထိုင်ခြင်း၊ စိတ်ကိုဖြူစင်အောင်ကြိုးစားခြင်း၊ အပူသောကများမှကင်းဝေးပြီး အေးချမ်းသောဘဝရအောင်ကြိုးစားခြင်း၊ မိမိနှင့် ကြုံတွေ့လာသော ဒုက္ခရောက်နေသူတို့အား တတ်စွမ်းသမျှ ကူညီစောင့်ရှောက်ကယ်တင်ခြင်းရှိသမျှနဲ့ ရောင့်ရဲတင်းတိမ်ခြင်း အစရှိသော ကျွန်တော်တို့ တွေ့မြင်သိရှိထားတဲ့သူတော်စင်၊ ရည့်တွေရဲ့ ယေဘုယျအကျင့်စရိုက်ဘဝတွေ ပေါ်လာပါတယ်။

အရောင်တွေဘက်က ကြည့်ရင်လည်း -

အနီ- သတ္တိ၊ အတ္တ၊ တစ်ဇွတ်ထိုး၊ အလိုလောဘ။

အပြာ - ကောင်း၊ဆိုးခွဲခြားနိုင်ဉာဏ်ပညာ၊ အတွေးအခေါ်။

အဖြူ - အတ္တစိတ်ကင်းတဲ့အများအကျိုးဆောင်ရွက်လိုစိတ်။

လိမ္မော် - စိတ်ပျံ့လွင့်မှု၊ဆွဲဆောင်ရာ ပါတတ်မှု။

အဝါ - ချစ်ခြင်းမေတ္တာ၊ သံယောဇဉ်။

အစိမ်း - အကျိုးစီးပွားဖြစ်ထွန်းအောင်မြင်ခြင်းဆိုတဲ့ အဓိပ္ပာယ်တွေအရ Hermit ရဲ့ ရုပ်ပုံကို ပုံဖော်ဘာသာပြန်ကြည့်ရအောင်။

ဖြူသောဆံပင်ဖြူသောမုတ်ဆိတ်မွေးတွေ ဝန်းရံထားတဲ့ဦးခေါင်းက ဖြူစင်သောမေတ္တာ၊ အများအကျိုးဆောင်ရွက်လိုသောစေတနာတွေ အရင်းခံရှိနေကြောင်း ဖော်ပြထားတယ်။ အတွင်းခံအင်္ကျီရဲ့လက်ဖျားတွေကလည်း ဖြူနေတယ်။ လက်တွေ့ဆောင်ရွက်ရာမှာလည်း အများအကျိုးကို လက်တွေ့အကောင်အထည်ဖော်လိုစိတ်ရှိတယ်။

ဒါပေမယ့် ဝတ်ရုံရဲ့အပေါ်ထိပ်ပိုင်းနဲ့ ရှေ့ပိုင်းမှာ အနီရောင်ရင့်ရင့်ကအတ္တအကျိုးဆောင်ရွက်လိုစိတ်၊ လိုအင်ဆန္ဒ (လောဘ) အတွက် တစ်ဇွတ်ထိုးလုပ်လိုစိတ်တွေကလည်း ခိုင်ခိုင်မာမာရှိနေသေးကြောင်း၊ အတ္တကို မငြိမ်းသတ်နိုင်သေးကြောင်း ဖော်ပြနေပါတယ်။

လက်မှာ ကိုင်မြှောက်ထားတဲ့ မီးအိမ်မှာလည်း အဝါရောင်နဲ့ အနီရောင်တစ်ကန့်စီဖော်ပြထားတယ်။ အဝါရောင်က ပိုများတယ်။ ဒီတော့ အတ္တနဲ့ယှဉ်တဲ့ချစ်ခြင်းမေတ္တာသံယောဇဉ်တွေကလည်းရင်ထဲမှာ တောက်ပစွာကိန်းဝပ်နေဆဲလို့ ယူဆလိုပါတယ်။

ဝတ်ရုံတစ်ခုလုံးကိုတော့ အပြာ



www.burmeseclassic.com

www.burmeseclassic.com

ရောင်နဲ့ ဖုံးလွှမ်းဖော်ပြထားတဲ့အတွက် သံယောဇဉ်တွေ၊ တွယ်တာစရာတွေရှိရာ အတိတ်ဆီကို ပြန်လည်တမ်းတရည်ရွယ်နေဟန်ရှိသေးသော်လည်း ခြေလှမ်းလှမ်းနေဟန်မပြုခြင်း၊ အသိဉာဏ်ပညာနဲ့ ထိန်းချုပ်ကွပ်ကဲထားနိုင်ကြောင်းတွေ့မြင်နိုင်ပါတယ်။

အဲဒီလို (Symbolism နဲ့ Colourism) သင်္ကေတဝါဒနဲ့ အရောင်ရဲ့ အဓိပ္ပာယ်နှစ်ခုပေါင်းလိုက်တဲ့အခါ -

အထီးကျန်ဖြစ်နေသူ၊ ပတ်ဝန်းကျင်ကိုကြောက်ရွံ့နေသူ၊ မိမိကိုယ်ကို လက်ရှိဘဝအခြေအနေအား ပြန်လည်ဆန်းစစ်ဝေခွဲမရဖြစ်နေသူ၊ လိုအင်ဆန္ဒတွေကို အသိ + သတိဖြင့် ထိန်းချုပ်ထားနေရသူ၊ နောက်ကြောင်းပြန်လည်လိုသူ၊ နောက်ကြောင်းပြန်လိုသော်လည်း မဝံ့မရဲဖြစ်နေသူ၊ စိတ်ကို ဖြူစင်အောင် ကြိုးစားနေသူ၊ အများအကျိုးအတွက်ဆောင်ရွက်လိုသူ၊ မိမိရဲ့ဆင်ခြင်တွေးတောမှုကို မိမိကိုယ်တိုင် အကောင်အထည်ဖော်ရန် မှတစ်ပါး အခြားအကူအညီအထောက်အပံ့ကင်းမဲ့နေသူ၊ အဲဒီလိုပုံဖော်ချက်တွေ ထွက်လာပါတယ်။

အဲဒီပုံဖော်ချက်တွေကိုပဲ အကိုးအကားပြုပြီး ဟောချက်ထုတ်ရတာပါ။

လက်တွေ့နမူနာဟောချက်လေးတွေနဲ့ လေ့လာကြည့်ရအောင်။

**ဥပမာ (၁)**

"ဆရာ လက်ရှိကျွန်မဘဝအခြေအနေကိုသိချင်တယ်။ ဘာလုပ်ရမလဲဆိုတာလည်း သိချင်တယ်။ တိုတိုရှင်းရှင်းပဲ ဟောပေးပါ"

"တားရောကတ်ထုပ်ကို လက်နှစ်ဖက်နဲ့ကိုင်၊ အစောင့်အရှောက်ပုဂ္ဂိုလ်တွေကို အာရုံပြုပြီး မေတ္တာပို့၊ သိချင်တာကို ရင်ထဲကမေး"

သူ မွေနှောက်ထားပြီးချိုးထားပြီးတဲ့ အပုံက အပေါ်ဆုံးတစ်ထပ်ကို ကောက်ယူလိုက်တယ်။

Hermit။

"ငါ့ညီမ၊ ညည်းလက်ရှိဘဝကြီးကို စိတ်ပျက်နေတာလား။ အခန်းအောင်း၊ အိမ်တွင်းအောင်းလုပ်နေတယ်။ ဘယ်သူနဲ့မှမတွေ့ချင်ဘူး။ စကားမပြောချင်ဘူး။ ပတ်ဝန်းကျင်နဲ့အဆက်အသွယ်ဖြတ်ထားတယ်။ မရှောင်သာလို့ စကားပြောရရင်လည်း မေးထူးခေါ် ပြောလောက်ပဲလုပ်ချင်တယ်။ တစ်ယောက်တည်းတွေးနေချင်တယ်။ အတွေးကလည်း ဘာအကြောင်းရယ်လို့ ပီပီပြင်ပြင် မရှိဘူး။ ကိုယ်လုပ်ခဲ့တဲ့အလုပ်တွေ၊ ဖြတ်သန်းခဲ့ရဖြတ်သန်းနေဆဲဘဝအကြောင်းတွေ၊ ဖြစ်ပျက်ခဲ့ရတာတွေ၊ ပတ်ဝန်းကျင်ရဲ့ရိုက်ခတ်တုံ့ပြန်မှုတွေ၊ ဒီအကြောင်းတွေကိုပဲ တဝဲလည်လည်တွေးနေမိတယ်။ ဖြစ်ခဲ့တဲ့ကိစ္စတွေမှာ သူမှားသလား၊ ငါမှားသလား၊ ငါဘာကြောင့် ဒီနေရာမှာ ဒီလိုပြောခဲ့မိ၊ လုပ်ခဲ့မိတာလဲ စသဖြင့် အပြန်ပြန်အလှန်လှန် သုံးသပ်နေမယ်။ ရှေ့ဘာဆက်လုပ်ရမလဲ။ ငါ့ကိုယ်ငါဘာတွေပြုပြင်ရမလဲ။ ငါကပဲညံ့တာလား။ ပတ်ဝန်းကျင်ကလူတွေပဲ မကောင်းတာလား။ လောကကြီးကပဲ မတရားတာလား။

လားပေါင်းများစွာ ဒီဘဝဒီအခြေအနေတွေကို အဆင်ပြေစွာ ကျော်ဖြတ်နိုင်ဖို့ ဘယ်သူ့ထံမှာအကူအညီတောင်းရမလဲ။ဘုရားထံဆုတောင်းပြီး အဓိဋ္ဌာန်တစ်ခုခုလုပ်ရကောင်းမလား။ သူတော်စင်ပုဂ္ဂိုလ်တွေကို အကူအညီတောင်းရမလား။ အားကိုးရမယ့်သူကလည်း မသေမချာ။ အဲဒီအတွေးတွေနဲ့ ဒီကို ရောက်လာ၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဆရာ၊ ဆရာပြောတာတွေအားလုံးမှန်ပါတယ်။ ယောကျ်ားသေတော့ အမွေမကျန်ဘဲ အကြွေးတွေသာချန်ထားခဲ့တယ် ဆရာ။ သားသမီးနှစ်ယောက်ကလည်း လူလားမမြောက်သေးဘူး။ ကျောင်းနေတုန်း။ ကျွန်မရဲ့ဝန်ထမ်းလစာလေးတစ်ခုနဲ့ နေ့စဉ်စားဝတ်နေရေး၊ ကလေးတွေရဲ့ ကျောင်းစရိတ်၊ အကြွေးတွေဆပ်ဖို့၊ ဘယ်လိုမှမလည်တော့ဘူး ဆရာ။ မောင်နှမတွေ၊ ဦးလေးအဒေါ်တွေကတော့ချောင်လည်ပါတယ်။ သူတို့ကိုလည်း အပူမပေးချင်လို့ ပေးစရာရှိတဲ့အကြွေးတွေကို ဘဏ်မှာ အိမ်ပေါင်ပြီး ပေးလိုက်ပြီ။ ဘဏ်ကိုလည်း အတိုးမှန်မှန်မသွင်းနိုင်တော့ Notice စာပေးနေပြီ။

ဟိုတုန်းကတော့ ကိုယ့်ဘဝကို အားကိုး လက်မထောင်ပြီး ဆွေမျိုးတွေနဲ့ ကင်းကွာခဲ့တာဆိုတော့ အခုလို ဒုက္ခရောက်မှ ပြန်ပြီးအောက်ကျို့ရမှာလည်း ဝန်လေးနေတယ်။ မောင်လေး လူပျိုလေးကတော့ ပြောပါတယ်။ လိုတာရှိရင်ပြောလို့၊ သူက အိမ်ထောင်လည်းမရှိ၊ ဝင်ငွေလည်းကောင်းတော့ သူ့ကို အကူအညီတောင်းရင် ကောင်းမလားစဉ်းစားနေတာ။ ငယ်ငယ်တုန်းက သူ့ကို ကျွန်မ အိမ်မှာခေါ်ထားပြီး ကျောင်းထားပေးခဲ့ရတာ။ ဒီကျေးဇူးတရားတွေကို ခုထိလုပ်ပြီးပြောတယ်လို့ အထင်ခံရမှာလည်း စိုးတယ်။ ဒီအကျိုးအထည်တွေကို သားသမီးတွေလည်းသိမှာပဲ၊ ဘယ်ဆွေမျိုးကိုမှလဲဖွင့်မပြောချင်၊ တစ်ခုခုလုပ်မှဖြစ်တော့မယ်။ မဟုတ်ရင် ဘဏ်က အိမ်ကိုလာသိမ်းတော့မှ ပိုပြီးအချောက်ကွဲစရာတွေကြုံရတော့မယ်"

"ကဲ - ငါ့ညီမ၊ ခေါင်းအေးအေးထားပြီး စဉ်းစား။ ရောဂါသိရင် ဆေးရှိတယ်။ ပြဿနာရဲ့အကြောင်းရင်းကို သိရင်၊ ဖြေရှင်းနိုင်မယ့်အဖြေဆိုတာလည်း ရှိရမှာပေါ့။ ညည်းရဲ့ မာနစိတ်တွေကို လျော့ချလိုက်ပါ။ ညီအစ်ကိုမောင်နှမတွေကိုလည်း ကြည်ကြည်လင်လင် မြင်ကြည့်ပါ။ လူဆိုတာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ ရှင်သန်ရပ်တည်နေကြရတာ။ တစ်ယောက်တည်းနေလို့မရဘူး။ ကိုင်းကျွန်းမှိကျွန်းကိုင်းမှိစကားပမာလိုပေါ့။

ညည်းလည်း တစ်ချိန်က ကိုယ့်ညီအစ်ကိုမောင်နှမတွေ၊ ဆွေမျိုးတွေကို ကိုယ်တတ်နိုင်သလောက်ထောက်ပံ့ကူညီခဲ့ဖူးတာပဲ။ အခု ကိုယ့်မှာအမှန်တကယ် အကျပ်အတည်းကြုံနေတာကို အမှန်အတိုင်း သူတို့သိနေကြတာပဲ။ ယုံယုံကြည်ကြည်နဲ့ အကူအညီတောင်းကြည့်ပါ။ သူတို့ကူညီပါလိမ့်မယ်။

အခုလို မိသားစုနဲ့ အဆက်အသွယ်ဖြတ်ပြီး တစ်ဦးတည်းစိတ်ညစ်ခံနေလို့ဘာအကျိုးမှဖြစ်လာမှာမှမဟုတ်တာ။ ဒါကြောင့် စိတ်ကို ကြည်ကြည်လင်လင်ထားပြီး မိသားစုနဲ့ နွေးနွေးထွေးထွေးဆက်ဆံပါ။အကူအညီတောင်းပါ။ညည်းရဲ့အခက်အခဲပြေလည်မှာသေချာတယ်။

တစ်ခုတော့ အကြံပေးချင်တယ်။ အခုတစ်ယောက်တည်းစိတ်ညစ်နေမယ့်အစား စိတ်ကိုကြည်ကြည်လင်လင်ထားပြီး ဘာသာရေးလုပ်ပါ။ ဘုရားကျောင်းဆောင်ကို သန့်ရှင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ပုံမှန်ကပ်လှူ။ ငါးပါးသီလခံယူစောင့်ထိန်း၊ ဗုဒ္ဓဂုဏ်တော်တွေကို အာရုံပြု၊ ရွတ်ဆိုပူဇော်၊ ရတနာသုံးပါးနဲ့တကွ အနန္တောအနန္တင်ပါးကျေးဇူးကို အောက်မေ့။ (၃၁) ဘုံကို မေတ္တာပို့အမျှဝေ၊ မိမိအခက်အခဲပြေလည်စေဖို့ဆုတောင်းတတ်နိုင်ရင် အဓိဋ္ဌာန်ထားပြီး ဆောင်ရွက်ပါ။ (၉) ရက်စီ (၁၈) ရက်စီ စသဖြင့်ပေါ့။ မိမိရဲ့ဒါန၊ သီလ၊ ဘာဝနာအကျိုးကြောင့် ဂျပ်ညီမအတွက်အခဲတွေ အနှေးနဲ့အမြန် အဆင်ပြေသွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနဲ့တကွ သူတော်စင်ပုဂ္ဂိုလ်တွေကိုလည်း အမြဲ မေတ္တာပို့၊ အမျှဝေ၊ အခက်အခဲကိုတိုင်တည်အကူအညီတောင်းပါ"

သူတော်စင်ရဲ့နိမိတ်ပုံအားကိုးနဲ့ ရဲရဲကြီးပြောလိုက်ပါတယ်။ သူမစိတ်ချမ်းသာအောင်အကြောင်းမဲ့အလိုလိုက်ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံက ဗုဒ္ဓဘာသာမြန်မာနိုင်ငံလေ။ ကြုံကြိုက်ရင် အငတ်ခံပြီးတော့တောင် လှူရဲကြသေးတာ။ တကယ်ကို အခက်အခဲနဲ့ ကြုံနေရတဲ့ကိစ္စကို မောင်နှမသားချင်းတွေက လက်ပိုက်ကြည့်မနေပါဘူး။

နောက် (၆) လလောက်ကြာတဲ့အခါ သူမ ထပ်ရောက်လာပါတယ်။

"ဆရာ၊ ကျွန်မကို မှတ်မိလား။ အရင်တစ်ခါ အိမ်ပေါင်ထားရတဲ့ကိစ္စကို တားရော့နဲ့မေးသွားတာလေ။ အိမ်ကိစ္စ အဆင်ပြေသွားပြီဆရာ။ မောင်လေးက ကူညီပေးတယ်။ ဘဏ်တိုးတွေကိုဆပ်ပေးမယ်။ ချေးငွေကိုအရစ်ကျဆပ်ပေးတယ်။ အခုချေးငွေဆပ်ဖို့နောက်ဆုံးတစ်ရပ်ပဲကျန်တော့တယ်။ ဒီတစ်ခါဆပ်ပြီးရင်တော့ အိမ်ကိစ္စရှင်းသွားပါပြီ။ ခုမှ ကျွန်မလည်း. စိတ်ချမ်းသာတော့တယ်။ ဆရာခိုင်းထားတဲ့အတိုင်း ကျွန်မအမိဌာန်တွေလုပ်နေတာ။ အခုတော့ ဖြတ်လို့တောင်မရတော့ဘူး။ စိတ်ကမလုပ်ရမနေနိုင်လောက်အောင်ဖြစ်နေပြီ။ ပဋ္ဌာန်းမရွတ်၊ ပုတီးမစိပ်ဘဲနဲ့ အိပ်ရင် အိပ်မပျော်ဘူး။ တစ်ခုခုလိုနေသလိုခံစားရတယ်။ စိတ်လည်းအေးချမ်းတယ်။ အစစအရာရာလည်း အဆင်ပြေလာတယ်။ အိမ်ကိစ္စတွေအတွက်လည်း အဆင်ပြေအောင် စိတ်ဓာတ်တွေကျနေတဲ့ ကျွန်မကိုလည်း ကုသိုလ်ရေးတွေဆောင်ရွက်ခိုင်းရင်း စိတ်ဓာတ်မြင့်တင်ပေးတဲ့ဆရာ့ကို ကျေးဇူးတင်စကားပြောရင်းနဲ့ နောက်ထပ်မေးစရာလေးလည်း ရှိလို့ပါ"

"မေးစရာရှိတာမေးပေါ့။ ကျေးဇူးတင်ချင်ရင်တော့ငါ့ကိုမတင်နဲ့။ တားရော့ကို ကျေးဇူးတင်။ Hermit သူတော်စင်ကားချပ်ကိုသာ ကျေးဇူးတင်ပေတော့"

ဥပမာ (၂)

"ဆရာ၊ သမီးရဲ့အချစ်ရေးကိစ္စ မေးချင်လို့"

"သမီးရဲ့အချစ်ရေးကိစ္စ အဆင်မပြေဘူး။ တစ်ယောက်တည်းကျိတ်ပြီးခံစားနေရတယ်။ အထီးကျန်ဘဝရောက်နေတယ်။ အဖော်မဲ့နေတယ်။ ကိုယ့်ကို နားလည်ပေးမယ့်သူ၊ ကူညီမယ့်သူမရှိဘူး။ ဘုရားရော၊ သူတော်စင်တွေရော နားပူနေလောက်ပြီ။ သမီးခဏခဏဆုတောင်းနေလို့ ဟုတ်ရဲ့လား။ တစ်ခ်ိုန်တုန်းကတော့ မာနတွေထောင်ခဲ့ပြီး ခုမှ အဖေကယ်ပါ၊ အမေကယ်ပါနဲ့၊ အဘတွေကိုလည်း မချန်ဘူး။ အဘဘိုးဘိုးအောင်ကိုပဲ ဆုတောင်းရမလိုလို၊ အဘအောင်မင်းခေါင်ရှေ့မှာပဲ ပုတီးစိပ်၊ အမိဌာန်ဝင်ရမလိုလိုဖြစ်နေပြီထင်တယ်"

"ဟုတ်ပါတယ်ဆရာ၊ သမီးချစ်သူနဲ့ရန်ဖြစ်ထားလို့ သူမဆက်ရင် သမီးကလည်း မဆက်ဘူးဆိုပြီးတင်းနေတာ တစ်လကျော်ပြီဆရာ။ သူကမဆက်လာဘူး။ သမီးမနေနိုင်တော့ဘူး။ လျှော့ပေးရမလိုဖြစ်နေပြီ၊ အမေတို့ကလည်း မေးနေပြီ၊ သူမလာတာကြာလို့။ သူနဲ့သမီးက မိဘတွေသဘောတူထားပြီးသား လက်ထပ်ကြတော့မယ်ဆဲဆဲပါ။ သမီးကဖုန်းဆက်တော့လည်းမကိုင်ဘူး၊ ဖုန်းပိတ်ထားတယ်။ အရင်တုန်းကလည်း ခဏခဏရန်ဖြစ်နေကျဆရာရဲ့။ ပြီးရင် သူကပဲ လာချော့တာပါ။ အခုမှ . . . (အသံတွေတုန်လာပြီးခေါင်းငုံ့၊ မျက်ရည်သုတ်) ဆရာပြောသလိုပဲ၊ အခုလည်း အဘအောင်မင်းခေါင်ရုပ်တုရှေ့မှာ အမိဌာန်ပုတီးစိပ်ပြီးမှဆရာ့ဆီလာခဲ့တာပါ။ အဘအောင်မင်းခေါင်နဲ့သမီးက ပဋ္ဌာန်းဆက်ရှိတယ်ထင်တယ်ဆရာရဲ့။ အကြောင်းကိစ္စရှိတိုင်း သမီးအမိဌာန်ဝင်ပုတီးစိပ်တိုင်း အောင်မြင်ခဲ့တာချည်းပဲ။မလုပ်ဖြစ်တာကြာပြီ။ အခုကိစ္စပေါ် လာမှ ကြုံရာမရတဲ့အဆုံး အဘထံမှာ ဆုတောင်းပြီး အမိဌာန်ပုတီးစိပ်နေတာပါ"

"ပုတီးစိပ်၊ အမိဌာန်ဝင်တယ်ဆိုတာ ကောင်းပါတယ် သမီးရယ်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဆိုတဲ့ အနန္တောအနန္တဂါဝါးပါးရဲ့အရိပ်မှာ ခိုလှုံနေစဉ်မှာ ကုသိုလ်လည်းရသလို သမီးရဲ့လောဘ၊ အတ္တ၊ မာနစိတ်တွေလည်း လျော့နည်းသွားပြီး အေးချမ်းမှု၊ နူးညံ့မှုတွေလည်း ဖြစ်ပေါ် လာမှာပါ။ အဲဒီလို အေးချမ်းတဲ့စိတ်နဲ့ မိမိရဲ့ချို့ယွင်းချက်၊ အားနည်းချက်တွေကို မြင်အောင်ကြည့်ပါ။ ပြုပြင်ပါ။ သမီးပြန်မြင်ရမှာပါ။ ဟိုတစ်ခ်ိုန်တုန်းက လောဘ၊ အတ္တ၊ မာနစိတ်တွေနဲ့ မောက်မောက်မာမာပြောဆိုဆက်ဆံခဲ့တာတွေ၊ မပြောသင့်တဲ့စကား၊ မလုပ်သင့်တဲ့အမူအရာတွေကိုလုပ်ခဲ့မိတာတွေ၊ ကိုယ့်အမှားတွေမြင်ပြီဆိုရင် ပြုပြင်နိုင်အောင် ကြိုးစားပါ။ တစ်ပြိုင်နက်ထဲမှာပဲ တစ်ဖက်လူအပေါ် အမြင်မှားခဲ့တာတွေ၊ တစ်ဖက်သတ် ကောက်ချက်ချမိခဲ့တာတွေကိုလည်းသိလာမှာပါ။ အဲဒီအခါ မေတ္တာစိတ်နဲ့ ချေဖျက်လိုက်ပါ။ အရာရာမှာ မေတ္တာရှေ့ထားပြီး စဉ်းစားဆောင်ရွက်ပါ။ သတ္တဝါဝေနေယျအားလုံးတို့အပေါ်မှာတောင် မေတ္တာပွားနေကြရသေးတာပဲ။ ကိုယ့်ချစ်သူအပေါ်မှာ ဘာကြောင့်အေးချမ်းပြီးဖြူစင်တဲ့မေတ္တာစိတ်မထားနိုင်မှာလဲ။ ဒေါသရှေ့ထားမှားတတ်တယ်ဆိုတဲ့ လူကြီးမိဘတွေရဲ့စကားဟာ ဘယ်တော့မှ မမှားဘူး သမီးရဲ့။ သမီးရဲ့ချစ်သူအပေါ်မှာ အလိုမကျတဲ့ ဒေါသစိတ်တွေ၊ ကိုယ့်ချစ်သူကို ကိုယ်တစ်ဦးတည်းသာ ပိုင်ချင်တဲ့အတ္တ၊ လောဘအပူစိတ်တွေကို မေတ္တာစစ်မေတ္တာမှန်နဲ့ ငြိမ်းသတ်လိုက်ပါ။ သမီးရဲ့စိတ်တွေအေးချမ်းသွားသလို သမီးရဲ့ချစ်သူကိုလည်း အေးချမ်းပျော်ရွှင်စေပါလိမ့်မယ်။ အဆင်ပြေလာပါလိမ့်မယ်။ ဒေါသဆိုတဲ့ အပူမီးတာ ကူးစက်လောင်ကျွမ်းတတ်သလို အေးမြတဲ့မေတ္တာတရားကလည်း ရောင်ပြန်ဟပ်တတ်ပါတယ်"

"သမီးသဘောပေါက်ပါပြီ ဆရာ။ သမီးက သူ့ကို အရမ်းနှိုင်ချင်တာ ဆရာရဲ့။ အရမ်းချစ်လို့ပါ။ ဘာမဆို သမီးရဲ့စိတ်တိုင်းကျလိုက်လျောမှ သမီးကိုချစ်တယ်လို့ထင်တာ။ ဒါကြောင့် အနိုင်ကျင့်သလိုဖြစ်နေတာ။ သူသမီးအပေါ်မှာ စိတ်ကုန်သွားပြီလားမသိဘူး။ သူသမီးကို အရမ်းချစ်တာ၊ အရမ်းအလိုလိုက်တာတွေကို သမီးမသိလို့မဟုတ်ဘူး၊ သိပါတယ်။ ဒါပေမယ့် နောက်ဆို သမီးအတ္တမကြီးတော့ပါဘူး။ သူ့စိတ်ချမ်းသာအောင်သမီးနေသွားပါ့မယ်။ သူသမီးဆီကို ပြန်လာပါဦးမလား ကြည့်ပေးပါဦးဆရာရယ်"

အထက်ကပြောခဲ့တဲ့ ကားချပ်ကတော့ Hermit လို့ခေါ် တဲ့ခေါ် တဲ့သူတော်စင်ကားချပ်ပါ။ မေတ္တာစစ်မေတ္တာမှန်နဲ့ ချစ်သော်လည်း လောဘကြီးမှု၊ ဒေါသကြီးမှုတွေနဲ့ အကျိုးအကြောင်းဆင်ခြင်နိုင်မှု(ပညာ)နဲ့၊ လွန်ဆွဲနေပုံတွေကို အကျဉ်းရောင်၊ အနီရောင်၊ အပြာရောင်တွေကပြောပြနေပါတယ်။

အပြာရောင်က အားများတဲ့အတွက် အမှားနဲ့ အမှန်၊ အကြောင်းနဲ့ အကျိုးကိုဆင်ခြင်တတ်တဲ့ပညာကို ဦးဆောင်သွားတဲ့အခါ သာယာအေးမြစေတဲ့မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

လမ်းခရီးက ရှေ့မှာဖြောင့်ဖြူးသာယာတော့မှာ မလွဲတော့ပါ။

ဥပမာ (၃)

အသက် (၅၀) ခန့် အမျိုးသားတစ်ဦး သန့်ပြန့်သပ်ရပ်သော အဝတ်အစား၊ မွန်ရည်သောစကားပြောဟန်။ မေးခွန်းက စီးပွားရေး၊ ထွက်ပေါ်လာတာက Hermit သူတော်စင်။

"ခင်ဗျားအပေါင်းအသင်းတွေက ကောင်း၊ လုပ်ငန်းအဟောင်းတွေက အောင်မြင်၊ အတူနေမိန်းမကတောင် ကြည်ဖြူချင်တော့တဲ့ အနေအထား ရောက်နေပြီ။ စီးပွားရေးကို ရှေ့မဆက်နိုင်တော့ဘဲ ရောက်တဲ့နေရာက ရပ်ပြီး နောက်ပြန်လှည့်ဖို့ စဉ်းစားနေပြီလား"

"ဆက်ပြောပါဦး ဆရာ။ ဆရာတွေ့သမျှကို"

"လုပ်ဖော်ကိုင်ဖက်တွေက ကတိတည်၊ လုပ်ငန်းအစီအစဉ်တွေပျက်၊ ငွေကြေးအမြတ်မထွက်၊ အကူအညီလည်းမရ၊ ဘဝမှာစိတ်ပျက်စရာတွေပဲကြုံနေရပြီး လူတွေနဲ့ မဆက်ဆံချင်လောက်အောင် စိတ်ဓာတ်ကျနေပြီထင်တယ်။ စိတ်ဓာတ်မကျပါနဲ့။ အနှုံးထဲက အမြတ်ထွက်အောင်လုပ်ရမှာပေါ့"

"ဘယ်လိုမြတ်အောင်လုပ်ရမှာလဲ ဆရာ"

"အခု ကျန်နေတဲ့ စီးပွားရေး၊ အဆင်မပြေတဲ့ဘဝအခြေအနေကို ပြန်လည်သုံးသပ်ပြီး ကိုယ့်အားနည်းချက်တွေကို ပြန်ရှာရမယ်။ အားနည်းချက်တွေကိုပြင်ပြီး စိတ်သစ်လူသစ်နဲ့ ပြန်လုပ်ရမှာပေါ့။ ဥပမာ အပေါင်းအသင်း၊ ပတ်ဝန်းကျင်ကိုယုံမိလို့ ဆုံးရှုံးခဲ့ရတာမျိုးရှိခဲ့ရင် နောက်တစ်ခါ လူတွေကို သေသေချာချာစိစစ်အကဲခတ်ပြီးမှ ကိုယ့်ဘက်ကခိုင်လုံတဲ့အထောက်အထားတွေနဲ့လုပ်ဖို့။ ကိုယ်က အပေါင်းအသင်း အသိုင်းအဝိုင်းနည်းလို့ သို့မဟုတ် တစ်ကိုယ်တော်သမားဖြစ်လို့၊ လုပ်ငန်းတူတွေက အုပ်စုဖွဲ့ပြီးပညာပေးလိုက်လို့ ကိုယ်ခံလိုက်ရတာမျိုးဆိုရင် နောင်မှာ အပေါင်းအသင်းမိတ်ဆွေဖွဲ့ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ဖို့။

အဲဒီလို အခုမှမှားမိခဲ့တာတွေ၊ အားနည်းခဲ့တာတွေကို သင်ခန်းစာယူပြီး နောင်မမှားအောင် ပြင်ဆင်ဖြည့်စွက်ပြီး အားသစ်မာန်သစ်နဲ့ ပြန်ကြိုးစားရင် အခုထက် ပိုအောင်မြင်ရမှာပေါ့။ အဲဒီလို အနှုံးထဲက အမြတ်ထုတ်ယူရမှာပေါ့။

ကျွန်တော်ပြောချင်တာကို ခင်ဗျား သဘောပေါက်ရဲ့လား၊ လက်ခံရဲ့လား"

"သဘောပေါက်ပါတယ်၊ လက်လည်းခံပါတယ်။ ဆရာပြောတာတွေလည်း မှန်ပါတယ်။ ကျွန်တော်စီးပွားတွေတောက်လျှောက်ကျလာတာ။ အဆုံးအရှုံးတွေနဲ့ချည်းကြုံလာတာ။ကြာတော့ မိန်းမကတောင် မယုံချင်တော့ဘူး။ ရတုန်းက အပ်ထားတဲ့ငွေတွေကိုလည်း ထပ်ထုတ်မပေးတော့ဘူး။ ဒီတော့ အိမ်မှာငွေရှိလျက်နဲ့ ရှိတဲ့အကြွေးမဆပ်နိုင်၊ လုပ်ငန်းအသစ်ကလည်းထပ်မလုပ်နိုင်။ စီးပွားပျက်မိတ်ပျက်ဖြစ်နေတာ။ ကိုယ့်ကိုယ်ကိုတောင် သတ်သေဖို့ ကြံစည်ပြီး အားလုံးပြင်ဆင်ထားပြီးပြီ။ နောက်မှ ဘုရားဟောတရားတော်တွေကို ဆင်ခြင်ပြီး ကိုယ့်ကိုယ်ကိုယ်ထိန်းနိုင်လာတယ်။ ခုတော့ လူတွေကိုတော်တော်ကြောက်သွားပြီဆရာ။ ဟိုတုန်းက စီးပွားရေးအဆင်ပြေစဉ်က ကျွေးမွေးပေးကမ်းထောက်ပံ့ထားခဲ့သူတွေက ခုဆိုနှုတ်ဆက်ရမှာစိုးလို့ မျက်နှာချင်းဆိုင်တွေ့ရင်တောင် မမြင်ဟန်ပြုလာကြတယ်။ အိမ်မှာမိန်းမကတောင် မကြည်ဖြူတော့ဘူးဆိုတော့ သူစိမ်းတွေကတော့မပြောနဲ့တော့ ဆရာရေ။

အကြွေးလေးတွေဆပ်ပြီးရင်တော့ ကိုယ့်ဘဝလွတ်ရာလွတ်ကြောင်းအတွက် အားလုံးကိုစွန့်ခွာပြီး သက်နှံးဝတ်ဖို့တော့ စဉ်းစားနေတယ်။အပြီးအပိုင်ရဟန်းဝတ်နိုင်ပါ့မလားတော့မသိဘူး။ လူလောကကြီးကို တော်တော်စိတ်ကုန်ပြီးဦးငွေ့နေပြီ။ အခုလောလောဆယ် ကြွေးပူလေးတွေဆပ်ချင်လို့ တစ်ခါမှငွေမချွေးဘူးတဲ့ မိတ်ဆွေဟောင်းတစ်ယောက်ဆီမှာ ခဏငွေသွားဆွဲမလို့ အဲဒါ ရနိုင်၊ မရနိုင်ဆက်ကြည့်ပေးပါဦးဆရာ"

နိဂုံး

ဒီလောက်ဆို Hermit ကားချပ်ရဲ့ သဘောသဘာဝနဲ့တကွ ဆက်စပ်တွေးခေါ်ပြီး ဟောချက်ထုတ်ပုံကို သဘောပေါက်လောက်ပါတယ်။

ကျွန်တော့်ရဲ့တားရောဆောင်းပါးများကို စဉ်ဆက်မပြတ် စောင့်ဖတ်နေကြတဲ့ ပရိသတ်များကို ကျေးဇူးတင်ပါတယ်။ တချို့က စောင့်ဖတ်ရတာ အားမရဘူး။ ရေးစရာရှိတာတွေ အားလုံးတစ်ခါတည်း အပြတ်ရေးပါ။ စာအုပ်ထုတ်ပေးပါလို့ တောင်းဆိုကြပါတယ်။

တားရောပညာကို အခြေခံကျကျလေ့လာလိုတဲ့ ပါသနာရှင်တွေရှိနေကြကြောင်းသိရလို့ ကျွန်တော် အရမ်းဝမ်းသာပါတယ်။ နေရာရွှေ့နပ်ပါတယ်။ ကျွန်တော်သိသမျှကို ပြန်ပြောပြရလို့ရတဲ့ ကျွန်တော့်စောနာကလည်း သက်ဆိုင်သူ ပါသနာရှင်တွေအတွက် အုတ်တစ်ချပ်၊ သဲတစ်မွှာ်အဖြစ် အရာထင်ခဲ့တဲ့အတွက် ထပ်မံပြီးဖြစ်ရပါတယ်။

ရေးခဲ့သမျှတွေထဲက မရှင်းလင်းတာများရှိခဲ့ရင် ကျွန်တော်သိထားသမျှနဲ့ ထပ်မံ ရှင်းလင်း ပြောပြပေးပါ့မယ်။ ကျွန်တော့်ဟောခန်းကိုသာလာခဲ့ကြပါ။

ကားချပ် (၂၂) ကတ်လုံးအတွက် တစ်ခါတည်း အပြီးအပြတ်ရေးဖို့ကတော့ မဖြစ်နိုင်သေးပါ။ မဂ္ဂဇင်းဖြစ်တဲ့အတွက်ကတစ်ပိုင်း၊ နောက်တစ်ပိုင်းကတားရောပညာခန်းကို အခြေခံကစပြီး အခြေအနေတစ်ရပ်ထိ ဆုံးခန်းတိုင်ဖွင့်ဆိုတင်ပြပြီးမှ ကားချပ်တစ်ချပ်ချင်းစီကို ဟောချက်ထုတ်ပုံ၊ ဖြန့်ကြက်ခင်းကျင်းပုံတွေကို တစ်ဆင့်ချင်းသွားသင့်တာပါ။ တားရောပညာရပ်ရဲ့အခြေခံအသိအမြင်တွေမပါဘဲနဲ့ တားရောကတ်တွေရဲ့ဟောချက်တွေကို သီခြားထုတ်လို့မရပါဘူး။ အဲဒီလိုထုတ်ခဲ့ရင် တားရောပညာမျှဝေတာမဟုတ်ဘဲနဲ့ ကြက်တူရွေးကို စကားပြောတတ်အောင်သင်ရတာနဲ့တူနေမှာပေါ့။ အတွေးအခေါ်၊အကြောင်းအကျိုးဆက်နွယ်မှုတွေမပါရင် ပညာလို့ ခေါ်လို့မရတော့ပါ။

ဒါကြောင့် ကျွန်တော်ကလည်း ကားချပ်တွေအကြောင်းကို မြန်မြန်သိစေချင်သလို ဝါသနာရှင်များရဲ့.. ဆန္ဒလည်း ပြည့်ဝအောင် တားရောပညာရပ်ကို ဖွင့်ဆိုရှင်းပြတဲ့ ဆောင်းပါးရှည်ကြီးတွေရေးလိုက်၊ တားရောကားချပ်အကြောင်းတွေရေးလိုက်နဲ့ တစ်လှည့်စီတင်ပြနေခဲ့တာ ဖြစ်ပါတယ်။ ပညာခန်းဆောင်းပါးရှည်ကြီးတွေချည်းပဲ တင်ပြနေရင် ငြီးငွေ့စရာလည်းဖြစ်သွားမှာစိုးလို့ပါ။ စိတ်ရှည်ရှည်နဲ့ သည်းခံပြီး လေ့လာသွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ တားရောပညာနဲ့ ပတ်သက်တဲ့ အခန်းကဏ္ဍတွေ၊ ခေါင်းစဉ်သစ်တွေ တင်ပြစရာတွေအများကြီးရှိနေပါသေးတယ်။

ဆရာစိုးဌေးအောင်ဦး
(တားရော့သုတေသီ)၊ ဦးကောင်း



www.burmeseclassic.com

www.burmeseclassic.com

# မျိုးသစ်
## မကွယ်လွန်မီကသေဆုံးခဲ့ကြသူများ

သေချာလေ့လာဆန်းစစ်လျှင် - မြန်မာစာ၊ မြန်မာစကားက ဝေါဟာရကြွယ်လွန်းပါသည်။ လူတစ်ဦး တစ်ယောက်အတွက် သေဆုံးသည်ဆို သော စကားအသုံးကို 'သေသည်၊ ဆုံး သည်၊ ကွယ်လွန်သည်၊ အနိစ္စရောက် သည်၊ တိမ်းပါးသည်၊ ဘဝတစ်ပါး ပြောင်းသွားသည်။ ကမ္ဘဏုပ်ချုပ်သည်၊ အသက်ဖြတ်သည်၊ ကိန္နပြတ်သည်၊ ဇီဝိန်ကင်းသည်၊ နာရေးဖြစ်သည်၊ စျာပနပွဲကျင်းပသည်၊ အသုဘဖြစ် သည်၊ (မင်းညီမင်းသား) ကံတော်ကုန် သည်၊ (ဘုရင်)နတ်ရွာစံသည်၊ (ရဟန်း) ပုံတော်မူသည်၊ ခန္ဓာဝန်ချသည်၊ နတ် ထီးစံသည်၊ (နတ်) နတ်သက်ကြွေသည်၊ စုတေသည်၊ (ဘုရားရဟန္တာ) ပရိနိဗ္ဗာန် ပြုတော်မူသည် ဟူ၍ ခွဲခွဲခြားခြားရှိနေ ခဲ့ပါ၏။ ထိုသို့သော သေဆုံးခြင်းများ အပြင် အချို့မှာ မကွယ်လွန်မီက သေ ဆုံးခဲ့ကြသူများရှိခဲ့ပါသည် ဟူ၍ ပြော လျှင် ယုံနိုင်ဖွယ်မရှိ စောဒကတက်လာ နိုင် သည်။

"မဖြစ်နိုင်တာဘဲဗျာ၊ လူဆိုတာ တစ်ခါတော့သေရမှာပါပဲ။ ကြိုတင်သေ ရတယ်လို့ မကြားဘူးပေါင်"

ဆိုပြီး ရယ်သွမ်းသွေးကြမည်သာ။ တကယ်တမ်း အသက်ဇီဝိန်မချုပ်မီကပင် သေနေသူများ လူ့လောကတွင် အမှန် ရှိပါ၏။ သူတို့သည်. . . ။

### မမြင်ကွယ်ရာ

ဗုဒ္ဓမြတ်စွာ၏(အရဟံ)ဂုဏ်တော်မှာ ဆိတ်ကွယ်ရာ (မမြင်ကွယ်ရာ) တွင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာ ဘုရားဟု ဆိုထားပါသည်။ လူမြင်ကွင်း မဟုတ်လင့်ကစား(မမြင်ကွယ်ရာ)တွင်ပင် မကောင်းမှုကိုပြုတော်မမူခြင်းမှာ ပကတိ ရိုးရှင်းခြင်း ဖြစ်၏။ အချို့က အများရှေ့ တွင် ဟန်တစ်လုံးပန်တစ်လုံးနှင့် စကား ကြီးစကားကျယ်တွေသုံးကာ အယောင် ဆောင်နိုင်သော်လည်း ကွယ်ရာတွင် အကျင့်ပျက်ခြင်းမှာ (သီလကြောင်) ဟု ခေါ်ရလေမည်လားမသိ။

ကိုတင်ကွန်း။

သူအလုပ်ကစုံသည်။ ရေနံသုတ်၊ တွင်းတူး၊ အိမ်မိုးအိမ်ပြင်၊ ခြံကာ၊ တောက်တိုမည်ရအလုပ် အကုန်လုပ် သည်။ လူတန်းစားစုံနေသော တိုးခဲ့ ရပ်ကွက်တွင် ကိုတင်ကွန်းလိုလူမျိုးက မရှိမဖြစ်လို့နေ၏။ ကိုယ်တိုင်ကိုယ်ကြပ် မလုပ်နိုင်သူတွေများသည့်ရပ်ကွက်မှာ အလုပ်ဖြစ်သည်။ လက်ယက်ထိုးခေါ် သူတွေကြောင့် ကိုတင်ကွန်းတို့ မျက်နှာ ပွင့်သည်ဆိုရမည်။ ချက်ချင်းခေါ်၍မရ ကြိုတင်ငွေပေးပြီး စရန်သတ်ထားမှ တန်ကာကျသည်။ သို့ပေမယ့် ကိုန်းသေ လာမည်မပြောနိုင်သေး။ စိတ်လိုလက်ရ ရှိမှထလိုက်လာတတ်၏။ အကြောင်း အမျိုးမျိုးပြောင်းတတ်သည်က သူ့လေ့။ ယခင်က သူအလုပ်မှာ ရေရှားသည့် ရပ်ကွက်မို့ ရေထမ်းရောင်းသည်။ ရေ ထမ်းအိမ်တွေက သူမှတ်ခဲ့သည့် မြေဖြူ အမှတ်အတိုင်း ငွေရှင်းပေးရသဖြင့် သူ့အတွက် စားသာသည်။ တစ်အိမ် တစ်အိမ် မြေဖြူသုံး၊ လေးချက်ပိုသော် လည်း ဖောက်သည်တွေကစားမပြော ဘဲ သူတောင်းသမျှပေးခဲ့၏။ ကျောင်း ဆရာပင်စင်စားကြီးဦးခင်မောင်နှင့်တွေ့ မှ ဒုက္ခများရပါလေရော။

"တိုင်ကီတစ်လုံးရေခြောက်ထမ်း ပဲဝင်တာ လူတိုင်းအသိပါ။ အရစ်သုံးရစ် ရှိတော့ တစ်ရစ်နှစ်ထမ်းပေါ့။ မနေ့ သုံးပြီး တစ်ရစ်ပဲကျသွားတာကို မင်း လေး ထမ်းမှတ်ထားတယ်။ ဒီနေ့လည်း ချမ်းစိမ့်စိမ့်နေလို့ ရေမချိုဖြစ်ဘူးလေ အိမ်က အမယ်ကြီးကလည်း သမီးအိမ် သွားနေတော့ ဖွပ်တာလျှော်တာလည်း မရှိဘူး။ မင်းကို နေ့တိုင်းရှင်းပေးနေ အကြွေးလည်းမရှိတာအမှန်။ဘာကြောင့် နှစ်ထမ်းပို့နေတာလဲ"

ကိုတင်ထွန်းက အများကို ဝန် တောင်းတိုင်းရသည့်အကျင့်က စွဲနေ ပေပြီ။ ဆရာကြီးက အကြောင်းသင့် ရှင်းပြနေသည့်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ယက်မခံ။ ဇွတ်ပြော၍မရအရှင်းလိုက်သဖြင့် ဆရာကြီးရေလေးထမ်းပိုးပေးပြီး အဆက်ဖြတ်လိုက်သည်။

"မင်းအရင်ကလည်း ဒီလိုလုပ်နေဘာသိပါလျက်နဲ့ငြိမ်နေခဲ့တယ်။ တဖြည်းဖြည်းလွန်မင်းလာတာမို့ ဒီနေ့အတိအကျ ပြောခွင့်အကြုံမှာ ပြောရတာပဲ။ တရားတဲ့အလုပ်ဟာ သက်တမ်းမရှည်ပါဘူးကွာ"

ဆရာကြီး စကားမှန်ပါသည်။ အဝီစိတွင်းပေတို့၊ ပေရှည်တွေတူးလာသောအခါ တစ်လမ်းတည်းတွင်ပင် အဝီစိတွင်းလေး၊ ငါးတွင်းဖြစ်လာ၍ ရေထမ်းအလုပ် စွန့်လွှတ်လိုက်ရပြီးသည့်နောက် အကျော်အဖြတ်အခုတ်အထစ်များကြောင့် တစ်ယောက်ကစ တစ်ရာသိလာခဲ့သည်တွင် အလုပ်အားလုံးမှာ ငှားသူမရှိပါလေ။ လုပ်ငန်းတူလုပ်သူများက လည်း တစ်စတစ်စများအလာတွင် မှန်ကန်သူ၊ တိကျသူ၊ ဖြူစင်သူတွေ နေရာရပြီး ကိုတင်ကွန်းကို လမ်းဘေးရောက်ခဲ့ကြရသည်။ နောက်ဆုံး ကိုတင်ကွန်းခမျာ ဆန်ဂိုဒေါင်များတွင် ညစောင့်အလုပ်ရခဲ့သော်လည်း ဆန်ဂိုဒေါင်ဖောက်ထွင်းမှုတွင် ထွေးရောယှက်ဆင်ပါဝင်မှုကြောင့် ထောင်တစ်နှစ်ကျခြင်း ၏။

ထောင်မှအထွက်တွင် အိမ်နှင့်မြို့ကို ရောင်းချပြီး ကျေးလက်နေမိဘများထံ ပြန်သွားသည့်ဇနီးနှင့် ကလေးများနောက်လိုက်သွားသည်ဆိုသော သတင်းမှတစ်ပါး သူ့အကြောင်းမှာ စုံစုံမြဲပေါ်မလာတော့ပေ။ ကိုတင်ကွန်းကဲ့သို့ မိမိ

www.burmeseclassic.com

www.burmeseclassic.com

၏လုပ်ရပ်ကြောင့် မမြင်ကွယ်ရာပင်ဖြစ်စေကာမူ ဘူးပေါ် သလိုပေါ် လာတတ်၍ လူမသေသော်လည်း နာမည်သေသူတွေ လူ့လောကတစ်ခွင်ရှိနေမည်မှာ အမှန်ပင်။

**ကြွေးထူမပူ သန်းထူမယား**

မစု၏ ဒဿနက အခက်သား။ သူ့တွင် အကြွေးတွေ သိန်းချီနေအောင် တင်ခဲ့ခြင်းကို အားပါးတရဂုဏ်ယူသည်။ အပြောကလည်းချောပေါ့။

"ငါ့ကိုယုံလို့ သူတို့ပေးတာလေ။ ဒါဟာ ငါတန်ဖိုးပဲပေါ့။ ငါလိုယူနိုင်ဖို့ဆိုတာ လွယ်မယ်မထင်နဲ့။ တို့ကအခြေနဲ့အနေနဲ့လေ"

မစုစကားကို ထောက်ခံရမည်။ မစုက လူတစ်ယောက်ဆီက ပိုက်ဆံရဖို့အတွက် နည်းလမ်းအမျိုးမျိုးနှင့် ချဉ်းကပ်သည်မှာ ထုံးစံ။

"ပင်လယ်ပိုင်းကဆွေမျိုးတွေလာတော့ပါလာတာလေ။ငါးခြောက်ကောင်းကောင်းစားတတ်မှန်းသိလို့လာပေးတာ"

တံစိုးလက်ဆောင်ကြိုက်တတ်သူကို စေးထဲက ဝယ်လာပေမယ့် ဆွေမျိုးတွေပါလာသယောင် အပေးအကမ်းနှင့် စတတ်၏။

"ဒေါ် ဒေါ် တို့မိသားစုသခ္ဓါကောင်းပုံကတော့ အရပ်ထဲမှာ နားမဆံ့အောင်ကြားနေခဲ့ရတာယ်။ လူတိုင်းလက်ဖျားခါလောက်ပါရဲ့"

အမြောက်အပင့်ကြိုက်သူတို့ကိုလည်း အမြောက်အပင့်နှင့် ဝင်တတ်၏။

"မမတို့မှမကယ်ရင်တော့ ကျွန်မဘဝပျက်ရမှာပါ။ နှုတ်ကတိမတည်ရင် လုပ်စားဖို့ဘယ်လွယ်တော့မှာလဲ။ တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး"

သနားတတ်သူများထဲ မျက်ရည်တစ်ဖက်၊ နှပ်ချေးတစ်ဖက်နှင့် ခွဲခွဲပြတတ်၏။တစ်ဖက်သားယုံကြည်လောက်သည့် ကြွားလုံးတွေနှင့်လည်း မြူဆွယ်တတ်သည်။ ဓာတ်မသိသူမှာ သူစကား (လေ) ကြောမျောပြိမ့်တ်။

"သမီးက သူ့ရစရာ တစ်သိန်းသောကြာနေ လွဲပေးမယ်တဲ့။ ခုအရေးတကြီးလိုနေတာက သုံးသောင်းတည်းပါ။ အတိုး သုံးရက်၊ တစ်နေ့ ကိုးရာဆို နှစ်ထောင့်ခုနစ်ရာပေးနိုင်ပါတယ်။ ကိုယ့်ခက်ခဲနေပြီကိုး"

သို့နှယ်အပြောလေးများနှင့် လုပ်စားလာခဲ့သည်မှာ ကြာပါပြီ။ ငွေကြေးအပိုအလျှံရှိမည်ထင်သည့်အိမ်တိုင်း သူမရောက်သည်မရှိ။

"ငွေဆိုတာ အလုံကြည့်နေလို့မရဘူး။ ခိုင်းစားတတ်ရတယ်။ သူ့ကိုတကယ် တမ်းခိုင်းစားနိုင်ရင် သူကကျိုးနွံတယ်။ မခိုင်းရင် သူကအလကားပဲ။ ကျွန်မကို သုံးကျပ်စားပဲပေး၊ တစ်လဆယ့်နှစ်ကျပ် အသာလေးယူ၊ မပင်မပန်းရမှာနော်။ ပြောစရာရှိ ကျွန်မနဲ့ရှင်းမယ်ပြောမယ်"

အပြီးသတ် မစုမှာ ဟိုကပေါ် ဒီကပေါ် နှင့် အကြွေးတွေက သိန်းဆယ်ဂဏန်း။ မစုတို့က ကိုယ်ပိုင်တိုက်တစ်လုံးနှင့်နေသူမို့ လူတိုင်းက ယုံယုံကြည်ကြည် လက်လွှဲယ်ကြသည်။ မစုယောကျ်ားက လူရိုးကြီးမို့ လုပ်ကိုင်ရသမျှ မိန်းမအပ်နေသည့်တိုင် မစုတွင် လောက်သည်မရှိ။ ငွေကြေးလောဘကြောင့် အလောင်းအစားဖက်လိုက်သည်တွင် ပို၍နစ်လာခဲ့၏။ အတိုးပေါ် အတိုးတက်ပြီး ဦးကစပါးပဲ့ပြောင်း၊ ပဲ့ကစပါးဦးပြောင်း အလုပ်ကောင်းသဖြင့် ကြွေးငွေက မချိမဆံ့။ လင်သားနှင့်သမီးမသိသည့်ကြွေးကပင် တစ်ပုံကြီး။ သမီးက ဆပ်ပေးမည်ပြောခဲ့သော်လည်း တစ်ယောက်မှမရသေး။ ဆပ်ရန်ဝေးသေးသည်။

တချို့သောငွေကို မသိသယောင် ပြောင်ပြောင်တင်းတင်းမဆပ်။

တချို့သောငွေက မောင်ရင်လေးသဘက်ခါ။ အသွားအလာပုံစံဟန်မျက်။ သို့သော် ငွေတစ်ထောင်၊ ကိုးရာပင် ရှာရန်မလွယ်တော့ပါ။ မစုအဖို့ မကွယ်လွန်မီက သေဆုံးခဲ့ပြီကို သူသိပါလေစ။

**လည်လွန်းသောဘီး**

သူက ကုန်စုံဆိုင်နှင့် စတိုးဆိုင်ပေါင်းထားသော ဆိုင်ကြီးတစ်ဆိုင်ကို ပိုင်သည်။ ရပ်ကွက်ကြီးတစ်ရပ်ကွက်ကို နောက်ခံထားပြီး အနီးအပါးရပ်ကွက်တွေကလည်း အားပေးသဖြင့် လေး၊ ငါး နှစ်အတွင်း အိမ်ကြီးရခိုင်ဆောက်လုပ်နိုင်ခဲ့၏။ ဆိုင်ကို တစ်နှစ်စီလှည့်ပြင်ဆင်ခဲ့ရာ တိုက်လုံးဝဖြစ်လာ၍ အရောင်းပစ္စည်းများက ပြည့်ပြည့်စုံစုံ။ အချိုရည်အချိုဘူးများနှင့် ရောသန်ပင်တစ်ခန်းစာပြည့်လုနီးပါး။ ဆိုင်ကလည်း ခေတ်မီမီ။ တယ်လီဖုန်းရှားပါးသည့်ခေတ်တွင်ပင် စကားပြောလိုသူများအဖို့ နယ်ဝေးပြေး၊ မြို့တွင်းပြောပြောရန် ဖုန်းနှစ်လုံးထားပေးခဲ့၏။ အဘက်ဘက်က ငွေဝင်နေခဲ့သဖြင့် တစ်မိသားစုလုံး အနေအထားပြောင်းသွားပါသည်။ ယခင်ကတဲ့ရပ်ကွက်နေ လူတန်းစားပေါင်းစုံနှင့် ပြေပြေလည်လည် မဆက်ဆံတော့ပါ။ စကားသံက မာမာထန်ထန်၊ ဝယ်ခင်ဝယ်၊ ရောင်းချင်မှရောင်းမည့်သဘော။ ရပ်ကွက်နေသူများကိုလည်း အထက်မတန်သလိုမျိုး မချေမငံဆက်ဆံမှုကြောင့် မကြာမကြာစကားများရန်ဖြစ်ရသည်။

"ဒီကောင်က အိတ်ဖောင်းလို့စိတ် ပြောင်းသွားတာကွ"

လူတကာပြောစရာပစ်မှတ်ဖြစ်ခြင်းကို အဆိုးမဆိုသာ။ ဟိုယခင်းချည်လုံချည်ကြမ်း၊ အကျီကုတ်ပြဲ၊ ပေါ့သောက်ပြီး စက်ဘီးစုတ်တဆောင့်ချောက်နင်းနေရသူက ယခု ဦးဂျင်းနှင့်နိုင်ငံဖြစ်ရှုပ်ရောင်စုံ၊ စီးကရက်လက်ကြားညှပ်၊ ဆိုင်ကယ်သစ် (ယိုးဒယားဖြစ်) စီးနေနိုင်ပြီပဲ။ အသက်လေးဆယ်ကျော်ငါးဆယ်ချဉ်းသော်လည်း နှစ်ကုန်သားဆွဲကြိုးတဝင်းဝင်း၊ ဇနီးကလည်း လက်ကောက်တစ်တောင်ရောက် ပါတိုင်ဝမ်းဆက်ခုံးခံနေသည်။ ထို့ကြောင့် နာမည်ရင်း ဝေလွင်ဖျောက်ပြီး ငွေခင်ဖြစ်နေခြင်းမှာမဆန်း။ ကိုဝေလွင်ငယ်အလုပ်ကြိုးစားပမ်းစားလုပ်သည့် နှစ်ကာလမကြာသေးသော်လည်း ကြီးပွားတိုးတက်မှုမြန်ဆန်လွန်းသည်မို့ လူတိုင်း အံ့အားသင့်ခဲ့ကြရ၏။ သူတို့မခန့်မှန်းစက်ဆက်ဆံခဲ့သူတွေထဲတွင် ငန်းပုပ်သိုးတောကြီးမြွေဟောက်လို အပြိုးအထေးကြီးသူများလည်းပါသည်။ အတွေ့ကောင်းစောင့်နေသူများကမရှား။ ဘူတစ်ယောက်အပေါ် ပြဟ္ဒိုရိုရိုတရားထားတတ်ဖို့ထက်အပြစ်ရှာတတ်ခြင်းကလွယ်ပေမည်။ ကိုဝေလွင်အတွက် ကျရိပ်ထင်လာသည့်တစ်နေ့ -

မူလကုမ္ပဏီမှ တိုင်စာအရ အချို့ရည်ကတ်များဆင်းဖမ်းရာ ကိုဝေလွင်အိမ်နောက်ဂိုဒေါင်တွင် အချို့ရည်ကတ်အတုများ လက်ပူးလက်ကြပ်မိခဲ့ရသည်။ အချို့ရည်ကတ်အတုများနှင့်တကွအင်အားအချို့မှန့်တု၊ အရက်တုလုပ်သည့်ပစ္စည်းပစ္စယများ၊ တံဆိပ်စက္ကူများ တွေ့ရှိသဖြင့် သက်ဆိုင်ရာကုမ္ပဏီကကျေနပ်ပေးရန်တောင်းပန်ပြီး လျော်ကြေးပေးရသည်အပြင် ဟိုဆို့ဒီပိတ်လုပ်ရသည့်အတွက် မနည်းကုန်ကျခဲ့၏။ ကိုဝေလွင်က မြို့မှဆိုင်တစ်ဆိုင်ကိုအခြေခံထား၍ ပစ္စည်းအတုလုပ်နိုင်သည်မှန်သမျှ အားလုံးပေးခဲ့သူတစ်ယောက်ပါ။ သည်လို့သူ့အိမ်ထောင်မကျမီကပင် လုပ်သားထား

www.burmeseclassic.com

ယောက်အဖြစ် ဒီလောကကို ကျင်လည်ခဲ့ဖူးသည့်ကိုဝေလွင်မှာ ဇနီးဖြစ်သူ အမွေအရတွင် အပွကြဲခဲ့ခြင်း ဖြစ်သည်။

တရားဥပဒေအရ ခိုးယူမှုထက် ဘာသာရေး၏ခိုးခြင်းကြီး (၂၅) ပါးတွင် ခိုနစ်စဉ်းလဲ၊ တင်းစဉ်းလဲ၊ သပြာစဉ်းလဲ ဖြင့်ခိုးခြင်း၊ ကမ္ဘည်းပြောင်း၍ဦးခြင်းများ ပါဝင်သည့်အပြင် အရောအနှော အတုအပတို့မှာလည်း ခိုးခြင်းပင်။ မရိုးသားသောယူခြင်းအားလုံးမှာ (အဒိန္နာဒါန) ဘု၍ မှတ်ယူရပေမည်သာ။

သောက်သောက်လဲရောင်းကောင်းခဲ့သော ကိုဝေလွင့်ဆိုင်ကြီးမှာ နေ့ချင်းညချင်းအရောင်း,အသွားသည်။ မဝေးလှသော ကတ္တရာလမ်းမကြီးနံဘေးတွင် စတိုးဆိုင်ကြီးတစ်ဆိုင်မှာ အစစစျေးနှုန်း ချိသာစွာပေါ် ပေါက်လာခြင်းတစ်ရပ်ကလည်း ကိုဝေလွင်၏ ဆိုင်ပျက်စီးစေဖို့ အကြောင်းတရားပါ။ ပျက်စီးမှုဆိုသည်က အဖော်အပေါင်းနှင့်ရောက်လာလေ့ရှိ၏။ အကုသိုလ်ကလည်း ထိုအတိုင်းပင်။

မကြာခင်က အပေါင်းအသင်းရောင်းရင်းခင်မင်သူတစ်ယောက်ထံတွင် လုပ်ငန်းတစ်ခုလုပ်ရန် စာချုပ်စာတမ်းမဲ့ပေးထားသောငွေးသိန်းတစ်ရာကလည်း ပြောင်ပြောင်တင်းတင်း ပြန်မရတော့၍ မြွေပူရာကင်းနှောက် ကိုဝေလွင် ဗျာများရပါပြီ။ ဒီကြားထဲ ဇနီးမဟား (အငယ်အနှောင်း) ကိစ္စက ဖြုန်းစားပေါ် ပေါက်လာသောကြောင့် လင်မယားတကျက်ကျက်။ အလုပ်အကိုင်က မကောင်း၍ စိတ်လက်မရှင်မပျ။ နောက်ဆုံး ဇနီးက နှင်ချကိန်းဆိုက်လာပြီ။ ကိုဝေလွင်အဝေးတစ်နေရာလွှင့်သွားသကဲ့သို့ အိမ်ကြီးနှင့် ခွဲကို မတန်ရေတန်ရေနှင့်ရောင်းကာ မိသားစုများပြောင်းသွားကြရခြင်းဖြင့် အဆုံးသတ်သွားသည်ဟု ဆိုရပါမည်။ လေးငါးဆယ်နှစ်အတွင်း အပြောင်းလဲကြီးပြောင်းလဲသွားသော ကိုဝေလွင်တို့အဖို့ အသက်ထင်ရှားရှိလင့်ကစား သေသူဖြစ်ခဲ့ရပါပြီဆိုလျှင်. . . ။

**ယုံမှတ်လို့ပုံအပ်မိပါသည်**

လူတွေဟာ စုဆောင်းဖို့ ဝါသနာမပါကြဘူး။ (ခြုပ်နုံးတောင်ပို့ဖို့သည့်ခြင်းရာ) ဆိုတာလို ခြလေးတွေတစ်စတစ်စ အိမ်ဖွဲ့တာမျိုးတဖြည်းဖြည်းလုပ်လာတော့ တောင်ပို့ဖြစ်ရတယ်မဟုတ်လား။

မဝင်းတင့်က စုဆောင်းနေတရားဟောနေကျမို့ တချို့ကလည်း သဘောကျကြသည်။ ချွေတာစုဆောင်းသူငွေးလောင်းဆိုထားသည်ပဲ။

တချို့ကမူ -

'တစ်နေ့စာတစ်နေ့ နပ်မှန်အောင် မနည်းရှာနေရတဲ့အထဲ စုဆောင်းဖို့ ပြောနေတယ်။ ခက်ပဲခက်ရချည့်။ သူမှ အပြောကောင်း'။ သို့ဖြင့် သူ့အပြောမှာ အငေါ်တူးနှာခေါင်းရှဲ့ချင်ကြသည်။ မဝင်းတင် ဂရုမစိုက်။ သူဝန်းကျင်တစ်ခွင်လုံးသာမက နီးစပ်ရာရပ်ကွက်များရှိနေ့စဉ် ဝင်ငွေရှိသူအတော်များများ သူ့စုငွေစာရင်းဝင်ကြ၏။ သူတွင် ငွေငါးရာစု၊ တစ်ထောင်မှ နှစ်ထောင်စုအထိ အစုသမားနှစ်ဆယ်လျှင် တစ်ဖွဲ့စုပေးထားပြီးပါ။ မဝင်းတင့်က အိမ်ဆိုင်လည်းဖွင့်ထားသဖြင့် လူကဝင်တိုးထွက်။ နေ့စဉ်သွင်းရမည့်အစုမသွင်းလျှင် နှစ်ရက်ထက်ပိုမထား။ မဝင်းတင့်က စည်းကမ်းကြီးပြီး တိကျသဖြင့် အစုဝင်သူများလာသည်ဆိုရမည်။

အစု၏သဘောမှာ နေ့စဉ်စုငွေသွင်းပြီး တစ်လကြာသောအခါ တစ်ခါအစုငွေထုတ်စမြဲ။ ပထမဦးဆုံးလတွင် အစုကို စုပေးရသူ မဝင်းတင့်က (ခေါင်) အစုငွေများကို ရပိုင်ခွင့်ရှိသည်။ ဒုတိယလမှစ၍ ကြိုတင်မဲဖောက်ထားသူက မဲဖေါက်သည့်အမှတ်စဉ်လမှာ ရကြမည်ဖြစ်၏။ ငါးရာစုသည်ပင် သုံးသိန်းရမည်ဖြစ်ရာ စောစီးစွာပေါက်သူအဖို့ တရင်းတနှီးအလုပ်လုပ်နိုင်ပေပြီ။ နောက်ကျသူတွေအတွက်လည်း စုငွေတစ်ရပ်ဖြစ်လာ၍ အလဟဿကုန်ငွေများမှာ လျော့ပါးသွားပေမည်။ စုစုဆောင်းဆောင်းလုပ်ခြင်းဖြင့် ငွေပင်ငွေရင်းတိုးပွားလာသောကြောင့် လုပ်လိုသမျှကိုလုပ်နိုင်မည် ဖြစ်သည်။

"ကျွန်မတို့က နေ့စဉ်ဝင်ငွေရအောင်လုပ်နေပေမယ့် ဟိုသုံးဒီသုံးနဲ့ ငွေက အဖတ်တင်တယ်မရှိပါဘူး။ တကယ်တမ်း အသုံးလိုရင် အတိုးကြီးနဲ့ရှာရပြန်တာပဲ။ အဲဒီလိုနဲ့ လုံးခွာပါခွာလိုက်ပြီး ကြွေးသံသရာကမဆုတ်တော့ဘူး၊ ခွလုံစုငွေလေးရလာမှ အဆင်ပြေမှာလေ"

တချို့က သူအတွေးနှင့်သူဟန်ကျလို့ပါပဲ။ ဘဝဆိုတာ သူတို့ပြောသလောက် ပြေချောမှုမရှိတာ အမှန်၊ အတက်၊ အဆင်း အနိမ့် အမြင့်တွေနှင့် အမြဲတမ်း လှုပ်ရှားရုန်းကန်နေရသည့်အဖြစ်။ မဝင်းတင့်စုငွေအတော်များများကိုင်ထားရချိန်တွင် ရုတ်တရက်ပျောက်ခြင်းမလှပျောက်သွားခဲ့သည်။ အသက်အရွယ်မငယ်တော့သည့် မုဆိုးမတစ်ယောက်ဖြစ်၍ ယောကျ်ားနောက်ကို လိုက်သွားခြင်းလည်း မဟုတ်တန်ရာ။ အိမ်ထောင်ရှင်သားသမီးများက အပူတပြင်းလိုက်ရှာနေကြသည်။ သားသမီးတွေထက် စိုးရိမ်ကြီးစွာရှာနေသူများက အစုရှင်တွေပါ။ ရာဂဏန်းလောက်ရှိမည့်သူတွေ၏ငွေများ ပါသွားခဲ့သည်။ အစုတွေက အချိန်သိပ်မကွာသဖြင့် ပေါင်းစုပါသွားငွေမှာ သိန်းဆယ်ဂဏန်းမကရှိသည်။ အသိအမှတ်ပြုထားမှုတစ်စုံတစ်ရာမရှိဘဲ လက်လွတ်စပယ် ပေးလိုက်ရငွေကို သူတို့နှမြောတသရှိနေပေမည်။

မကြာမီ မဝင်းတင့်ကို မော်လမြိုင်တွင် သတင်းကြားသည်။ သူပြန်ရောက်လာလျှင် အစုငွေကိစ္စများရှင်းပေမည်ပြောသည့်အတိုင်း ယနေ့အထိ ရောက်မလာသေး။ ပြန်ရောက်လာသည့်အခါ မဝင်းတင် အသက်မသေသော်မှ ဘဝချုပ်သွားပြီကိုမူ. . . ။

❑

မမြင်ကွယ်ရာတွင် ယုံကြည်မှုကို ချိုးဖောက်သည့် ကိုတင်ကွန်းလိုလူမျိုးတွေ။

ကြေးထူပေမယ့် မပူသူ မစုလိုလူမျိုးတွေ။

လည်လွန်းသောဘီးပင် ဖြစ်လင့်ကစား ချေးသင့်ချိန်တွင် ကိုဝေလွင်လိုလူတွေ။

ယုံမှတ်လို့ပုံအပ်မိသည့် မဝင်းတင့်လိုလူတွေက လောကမှာရှိနေမှာပါ။ သူတို့မကွယ်လွန်မီက သေသူတွေဖြစ်ဆို တာကို ယုံပြီမဟုတ်လား။ နာမည်ပျက်ခြင်းဟာ သေဆုံးခြင်းတစ်မျိုးပါ။

သင်္ဃသတ္တာ ကမ္မသကာ

ချိုသင်း

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

(ရုန်ကိုးသွေးဖြူဝေဿား)

## ပညာရှင် ၆

(အင်ဒိုဂျာဂျီရာအခန်းဆက်ဝတ္ထုရှည်)

ရောက်ရပြန်ပါပြီ ရန်ကုန်။

အစ်မလှနှင့် တိုင်ပင်လိုက်၏။ လုပ်ခဲ့သမျှ အကုန်ဖွင့်ပြောလိုက်၏။ အစ်မလှက ဆူလိုက်သည်ဖြစ်ခြင်း၊ တော်တော်ကြာအောင်ဆူပြီးမှ -

"သွား-ဆရာအောင်ဆီသွား။ နင် လုပ်ခဲ့သမျှတွေဝန်ခံ၊ နင့်လက်ထဲမှာရှိတဲ့ ဟာကြီးကိုသွားပြ၊ အိမ်ပြန်သယ်မလာနဲ့"

ဟု ပြောသောကြောင့် ထိုညတွင်း ချင်းသွားရ၏။

ဆရာ့ကိုမြင်လိုက်သည်နှင့် လူမှာ နေ၍မရတော့။ အိမ်ခေါင်မိုးဆီမှ ဆွဲဆွဲငင်ငင်စုတ်ထိုးလိုက်သော အိမ်မြှောင်တစ်ကောင်၏အသဲထွက်လာပြီး ဆရာမျက်စိမှိတ်ထားလိုက်၏။ ငြိမ်သက်နေသည်မှာ အသက်ရှူမှန်းပင်မသိရ၊ တစ်အောင့်လောက်အကြာတွင် ဆရာ့မျက်လုံးပြန်ပွင့်လာပြီး ကျွန်ုပ်ကိုစိုက်ကြည့်နေ၏။ မျက်လုံးမှာ နောက်နားမှ ဓာတ်မီးထိုးထားသလားဟု ထင်ရလောက်အောင် အလင်းရောင်တစ်ခုခုလင်းနေသလိုဖြစ်နေ၏။ ခေါင်မိုးပတ်ပတ်လည်ဆီမှအိမ်မြှောင်စုတ်ထိုးသံများ ညံသွား၏။

ကျွန်ုပ်မှာ ဆိုးဆိုးဆတ်ဆတ်နှင့် ဘာဖြစ်လာမှန်းမသိ။ မျက်လုံးထဲတွင် လူများ ကခုန်နေသလို အရိပ်ကြီးများ ဟိုပြေးဒီပြေးပြေးနေ၏။ စကားပြောသံများလိုလိုကြားနေရ၏။ ကျွန်ုပ်အလွန်ချစ်သော၊ အလွန်ရိုသေလေးစားရသော ဆရာ့ရှေ့တွင်ထိုင်နေရသည်မှာ အလွန်ပူလောင်လာသလိုဖြစ်လာပြီး ထိုင်မနေချင်တော့။ ယခုအချိန်တွင် ဆရာနှင့် အဝေးဆုံးသို့ထွက်သွားရပါက ကောင်းလိမ့်မည်ဟုသာ တွေးမိတွေးရာတွေးနေရင်း လူမှာအန်ချင်လာ၏။ ထိုင်နေရင်းမှ ပျို့တက်လာသောကြောင့် ထအန်မည်အပြု ဆရာသည် အမေကြည်အားလှမ်း၍ -

"မယ်တော်ကြီး စက္ကူဖြစ်ဖြစ်၊ ပလတ်စတစ်အလွတ်တစ်ခုဖြစ်ဖြစ်ပေးလိုက်ပါ။ မောင်မောင်သန်း၊ အဲဒီအထဲအန်ထည့်၊ ပြီးရင် အဲဒါတွေကို ဟိုလမ်းဆုံလမ်းခွဘက်ယူသွား၊ မြေကြီးမှာတူးပြီးမြေမြှုပ်ပစ်လိုက်။ ပြန်မပေါ်အောင်မြှုပ်၊ မင်းအိတ်ထဲကကောင်ကိုပါ တစ်ခါတည်းမြှုပ်ပစ်လိုက်တော့"

ဆရာခိုင်းသည့်အတိုင်း အမေကြည်တို့အိမ်ရှေ့ခြံဝတွင် ထိုင်အန်လိုက်လေရာ ကွမ်းယာကြီးလိုမျိုးပြန်ထွက်လာ၏။ အနံ့မှာ ကျွန်ုပ်ပင်မခံနိုင်။ ထိုအန့်ဆိုးကြီးကြောင့် အမေကြည်ရော သူ့သား



www.burmeseclassic.com

www.burmeseclassic.com

မှားပါ နှာခေါင်းတွေပိတ်ထားကြပြီး ဘဝေါဝေါ်ဖြစ်နေကြ၏။ ထိုအဖတ်ကြီးရော ကျောက်ဘီလူးပါ ပလတ်စတစ်အိတ်ထဲရောထည့်၍ မြေတွင်းတူးပြီး မြှုပ်လိုက်ရပါတော့သည်။

ဆရာ့ရှေ့ ပြန်ရောက်သည်နှင့် ဆရာသည် ကျွန်ုပ်၏ဦးခေါင်းကိုကိုင်၍ မေတ္တာပို့လိုက်ပြီး ရေမန်းတိုက်လိုက်ပါတော့၏။

သွားပါပြီ။

ကျွန်ုပ်အလွန်သဘောကျလှသော ကျောက်ဘီလူးတော့ပါသွားပါပြီ။ ထူးတော့ ထူးဆန်း၏။ ထိုအရာများအန္တက်သွားပြီးသည့်နေ့မှစ၍ လူမှာပေါ့ပါးလိုက်သည့်ဖြစ်ခြင်း။ လမ်းလျှောက်ရသည်မှာ မြေမထိသလိုဖြစ်နေ၏။ အမြဲတမ်း အိပ်ချင်နေသောစိတ်လည်းမရှိတော့။ ညဘက်ဆိုလည်း နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်လာတော့၏။ ညစဉ်ကြားနေရသော တောက်ခေါက်သံကြီးများ၊ ခွေးအူသံများ တိတ်ဆိတ်သွားခဲ့ပြီ။

"လူလေး"

"ဗျာ"

"ဒီတစ်ခေါက် ငါ့သားပြန်သွားပြီး နှစ်ရက်လောက်လည်းကျရော စျေးရောင်းကောင်းလိုက်တာအရမ်းပဲ။ လှိုင်းကြီးတွေဆို ကိုက်ဖြတ်စပါမကျန်ဘူး အကုန်ကုန်တယ်။ ဖော့ခရစ်ဆိုကြည့် ရောင်းဖို့တောင်မကျန်တော့သလောက်ပဲ။ မောင်ကောင်းသိန်းကတောင်ပြောကိုယူရော"

"ဟုတ်လား အမေ"

"အေး"

"အဲဒါဆရာလုပ်ပေးလိုက်တာ"

"ဆရာအောင်လား"

"ဟုတ်တယ် အမေ၊ ဆရာလုပ်ပေးလိုက်တာ။ ဆရာကတော့ အမေ့ကိုလည်းကယ်လိုက်တယ်၊ လာဘ်လည်းပွင့်အောင်စောင့်ရှောက်တယ်။ တကယ်ကျေးဇူးကြီးမားလှပါတယ်"

ပြောရင်းနှင့် မော်လမြိုင်မှနေ၍ ဆရာရှိရာ ရန်ကုန်ဆီသို့ ရည်မှန်းအာရုံပြုပြီး လက်အုပ်ချီ၍ ကန်တော့နေလိုက်

www.burmeseclassic.com

www.burmeseclassic.com

၏။

"သားဘာသွားပူဆာလိုက်လဲ"

"အမေ့သမီးလေ၊ အစ်မလေးသူခိုင်းလို့"

ပြောရင်းနှင့် စကားကိုချန်ပြီးရပ်ထားလိုက်ပါသည်။ ကျွန်ုပ်ပြုလုပ်ခဲ့သမျှ အမေ့ကို မသိစေလိုပါ။ အမေနှင့်အဖေ အတွက် မခံချင်၍ပြုလုပ်ခဲ့သမျှကိုပြောပြလိုက်လျှင် အမေစိတ်မကောင်းဖြစ်သွားမည်စိုး၍ နှုတ်ဆိတ်နေလိုက်ပါသည်။

ဒေါင်းမင်းစွေးသည် အလွန်စည်၏။ ကျွန်ုပ်တို့ရောင်းရသောနေရာမှာ ဒေါင်းမင်းစွေးကုန်းမှဆင်းလာပြီး မြေပြန့်နေရာဖြစ်၏။ လှမ်းကြည့်လိုက်လျှင် စွေးကုန်းပေါ် အထိ အလွန်စည်ကားလှ၏။ နာရီပြင်သည့် ဆရာကြီးအိမ်ရှေ့ ဖိနပ်ချွတ်တွင် လေးပေမရှိတရှိလေးမှာ ထိုင်ရင်း စွေးဗန်းခင်းရ၏။ အနှံ့ပေါင်းစုံ ဒဏ်ခံရ၏။ တစ်ခါတစ်ခါ စွေးထိုင်ရောင်းရင်း စဉ်းစား၏။ 'ဩော် - ငါ့အမေဟာ ဘယ်လိုဘဝရောက်နေပြန်တာလဲ။ သူများ အတက်၊ အဆင်း ဖိနပ်ချွတ်မှာ တစ်နေကုန်ရောင်းရတယ်။ အဲဒီမှာပဲ ချိုင့်လေးဖွင့်ပြီး ထမင်းစားရတယ်။ အောက်ကျလိုက်တာ' ဟု ရင်ထဲမကောင်းဖြစ်ရပြန်၏။

မီးလောင်ပြင်ရပ်ကွက်မှာ အလွန်စည်၏။

ညဘက်ရောက်သည်နှင့် ကမ်းနားရှိကျောက်ဆောင်များပေါ် လာတော့၏။ ရေကျသွားပြီး ပေါ်လာသည့် ထိုကျောက်ဆောင်များပေါ်တွင်ထိုင်ရင်း ဂစ်တာတီးပြီး သီချင်းအော်အော်ဆိုဖြစ်၏။

ရေတက်လာလျှင် ကျောက်ဆောင်များမမြင်ရတော့။ ရေစီးသန်လှသော မြစ်ပြင်ကျယ်ကြီးဖြစ်နေပြန်၏။

ဘဝစုံစွာ လူပ်ရှားရုန်းကန်နေရရှာသူများကို မီးလောင်ပြင်ရပ်ကွက်တွင် တော်တော်များများတွေ့ခဲ့ရပြီး အချို့အတော်ခင်ခဲ့ရ၏။

"ခင်ဗျားသီချင်းဆိုတာ၊ ဒါကြီးတီးတာ နားထောင်လို့ကောင်းမှကောင်း။ ဒါပေမယ့် ညမိုးချုပ်ရင် ကမ်းနားမှာ သွားမတီးနဲ့၊ မဆိုနဲ့"

"ဘာဖြစ်လို့လဲ"

"ဒီနယ်မှာအယူရှိတယ်၊ သွားမလုပ်နဲ့"

"ဟုတ်လား"

ပါးစပ်ကသာပြောသည်၊ နေ့စဉ်အတီးမပျက်။ ထူးဆန်းသည်မှာ ညဘက် ကမ်းနားရှိ ကျောက်ဆောင်မှာ ဂစ်တာထိုင်တီးလျှင် ကျွန်ုပ်ထံမည်သူမျှမလာ။

တစ်ည ဂစ်တာတီးပြီး သီချင်းဆိုနေစဉ် ကျောက်ဆောင်များဘေးတွင် ခေါင်းများမသိမသာစောင်းထွက်ကြည့်နေကြပုံများ ကျွန်ုပ်မြင်နေရ၏။ ပုံစံမှာ ကျောက်ဆောင်အကွယ်မှာ ထိုင်၍ခိုးကြည့်နေကြပုံများဖြစ်၏။ ကောင်းကင်ရှိကြယ်ရောင်ပျပျလေးများနှင့်မြင်နေရ၏။ ဂစ်တာကိုငုံတီးသည်ဖြစ်စေ၊ ကောင်းကင်ကိုမော့ပြီး သီချင်းဆိုသည်ဖြစ်စေ ထိုအရာများ ထင်ထင်ရှားရှား လှုပ်လှုပ်ရှားရှားဖြစ်နေကြ၏။ သေချာကြည့်လိုက်လျှင် ဘာမှမမြင်ရတော့။ ကျောက်ဆောင်နောက်သို့ပြန်ကွယ်သွားကြသည်နှင့်တူ၏။

စိတ်ထဲမှာ -

'အင်း - တော်တော်ရိုးတဲ့သူတွေပဲ။ သီချင်းနားထောင်တာပဲ ငြောင့်ပေါ့။ ခိုးကြောင်ခိုးဝှက်နဲ့'

ဟု တစ်ယောက်ထဲပြောပြီး ည(၁၀)နာရီလည်းထိုးပြီဖြစ်၍ လူဘယ်နှယောက်များချောင်းကြည့်နေကြပါလိမ့် ဟု သီချင်းသောကြောင့် ထသွားကြည့်လိုက်၏။

ဖျဉ်းခနဲထလာသော ကြက်သီးကြောင့် ခေါင်းနားသယ်မွေးများထောင်သွားလား အောက်မေ့လိုက်ရ၏။ ကျောက်ဆောင်များနောက်တွင် ဘာမှမရှိပါချေ။

ထိုအချိန် မြစ်စပ်နားဆီမှ -

"မောင်မောင်သန်းရေ၊ မောင်မောင်သန်းရေ"

ဟု ခေါ်သံကြားနေရသဖြင့် မှောင်ထဲသို့စူးစိုက်ကြည့်ပြီးရှာနေလိုက်၏။ အတန်ကြာသည်ထိ ဘယ်သူမှမတွေ့။ ရေလှိုင်းပုတ်သံများသာကြားနေရ၏။ ခပ်လှမ်းလှမ်းတွင် လှမ်းမြင်နေရသော ခေါင်းဆေးကျွန်းမှ မီးရောင်ပျပျလေးသာ တွေ့နေရ၏။

ကျွန်ုပ်လည်း ဂစ်တာကိုကိုင်၍ တစ်လှမ်းချင်းလျှောက်လာပြီး အိမ်ထဲပြန်ဝင်လာလိုက်ပါတော့သည်။

နောက်နေ့ -

ဒေါင်းမင်းစွေးမှ ခဏပြန်လာပြီး တားမရဆီးမရသော ရေချိုးချင်စိတ်ကြောင့် မြစ်ဆိပ်သို့ ရေဆင်းကူး၏။ ကိုရင်လေးများ (၇) ပါးခန့် ရေချိုးရင်း ဆော့ကြ၊ ရေကူးနေကြ၏။

ရေချိုးရင်းရေကူးရင်းနှင့် ကမ်းနားမှ ပေနှစ်ဆယ်ခန့်အကွာတွင် တိုင်ငုတ်ချည်၍ဆိုက်ထားသော လှေတစ်စင်းဆီသို့ ကိုရင်လေးများ ကူးကြပြန်ကူးလာကြနှင့် ဆော့နေသည်ကိုကြည့်ပြီး ကျွန်ုပ်လည်း ထိုလှေဆီသို့ ကူးသွားချင်စိတ်ပေါက်လာ၏။

ကူးလိုက်ပါသည်။

သို့သော် ရေစီးနှင့်မျှောနေသောကြောင့် လှေနှင့်တဖြည်းဖြည်းဝေးသွားပြီး လှေရှိရာကိုကူးနေလေရာ ရေကိုဆန်ကူးနေသလိုဖြစ်နေတော့၏။ တအားကူးတအားခပ်နေရင်း လက်များ၊ ခြေများ ညောင်းလာပြီး ခြေကုန်လက်ပန်းကျ၍ တစ်ချီနစ်သွား၏။ လှေမှာ(၁၀)ပေခန့်ပင် မဝေးတော့သော်လည်း မရောက်နိုင်။ ပါးစပ်ထဲမှ ရေများမှုတ်ထုတ်လိုက်ပြီး -

"လုပ်ပါဦး ကိုရင်၊ ကယ်ပါဦး"

ဟု ကုန်အော်လိုက်ရာ ကျွန်ုပ်ရေနစ်နေပြီးမှန်းသိသည်နှင့် ကိုရင်လေးတစ်ပါးသည် လှေကိုကိုင်၍ခြေဆန့်လိုက်၏။ နောက်တစ်ပါးက ရှေ့တစ်ပါး၏ခြေကိုကိုင်ရင်းထပ်ဆန့်၏။ တတိယတစ်ပါးက ဒုတိယတစ်ပါး၏ ခြေကိုဆုပ်ကိုင်၍ ထပ်ဆန့်ပေးလိုက်ရာ ကျွန်ုပ်အနားသို့ ခြေထောက်ရောက်လာသောကြောင့် ထိုကိုရင်လေး၏ ညို့သကျည်းကို အသာလှမ်းဆွဲရင်း ကိုရင်ဆွဲသွားရာလှေဆီသို့ပါသွားပါတော့သည်။

"ဒကာကြီး၊ ရလား"

"ဝူး. . . ရ. . ရ. . . တယ်ဘုရား ဝူး"

မောလိုက်သည်မှာ ဘာနှင့်မှမတူ။ ကိုရင် (၃) ပါးက ကျွန်ုပ်ကိုဝိုင်းကြည့်နေကြ၏။

လှေဝမ်းဗိုက်ထဲတွင် ထိုင်ရင်း ကိုရင် (၃) ပါးနှင့်အမောဖြေနေစဉ် ကမ်းစပ်ဘက်တွင် လူသုံးဆယ်ခန့် ဝိုင်းအုံကြည့်နေကြ၏။

"ရလားဟေ့"

"ရတယ်"

သူတို့ထဲမှလှမ်းအော်သံကို ကိုရင်တစ်ပါးက အော်ပြောလိုက်၏။ ကျွန်ုပ်တို့အိမ်ဘေးမှ သျှောင်တစောင်းနှင့် ဦးကြီးမောင်က ခါးကြီးထောက်၍ကြည့်နေ၏။

တော်တော်ကြာအောင် အမောဖြေပြီးမှ -

"ဒကာကြီး၊ ပြန်ကူးနိုင်လား"

"ရပါတယ် ဘုရား"

"ကိုရင်တို့ဘေးကရပြီးကူးပေးမယ်၊ ဒကာကြီးက ရေကိုဆန့်မကူးနဲ့လေ၊ စုန်



www.burmeseclassic.com

www.burmeseclassic.com

ပြီးမျှောကူးသွား"

"တင်ပါ့ဘုရား"

ကမ်းဆီသို့ ကိုရင်(၃) ပါးနှင့်အတူ ကူးလာလိုက်ပါသည်။ ဘေးမှရဲပြီးကူးလာပေးသော ကိုရင်လေးများမှာ ကျွန်ုပ်၏ဘဝတွင် မည်သို့မျှမမေ့နိုင်တော့သော အသက်သခင်ကျေးဇူးရှင်များဖြစ်ကြပါသည်။ မီးလောင်ပြင်ရပ်ကွက်လေသာကျောင်းမှ ကိုရင်လေးများဖြစ်ကြပါသည်။

ကမ်းစပ်ရောက်သည့်အခါ ဦးကြီးမောင်က ကျွန်ုပ်၏ပခုံးအား တဖြန်းဖြန်းခိုက်၍ စိတ်ပူကြောင်းပြော၏။ ဘေးမှ အိမ်နီးနားချင်းများကလည်း သူတို့ကူးလာတော့မည့်အကြောင်းလှမ်းကြည့်နေကြောင်းပြောကြ၏။ ကျေးဇူးတင်ပါသည်။

"ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်လည်းကူးတာပဲ။ ရေဆန်ကြီးမှန်းသိသိနဲ့ လှေဆီကိုသာ အာရုံရောက်နေတယ်၊ တခြားဘာမှသတိမရတော့ဘူး။ လှေဆီကိုပဲမဲကူးရင်း လက်ပန်းကျသွားတာ"

"မင်းနော်၊ ကိုရင်တွေသာမရှိရင် မင်းသေပြီ"

"ဟုတ်တယ်၊ ကျွန်တော့်ကိုကယ်လိုက်တာ ကိုရင်လေးတွေပဲ"

စကားပြောနေစဉ် အမေကိုဘယ်သူသွားပြောလိုက်သည်မသိ။ ဆိုက်ကားနှင့်ရောက်ချလာ၏။ စိတ်ပူပြီးရှိက်ကြီးငင်ကြီးငိုဇ်။

"မသေကောင်းမပျောက်ကောင်းသားလေးရယ်"

ဟု ပြောရင်းငိုဇ်။

ထို့နေ့မှစ၍ မြစ်ဆိပ်ဆင်းပြီး ဂစ်တာမတီးရဲတော့ပါ။

ရိုးရိုးထိုင်လျှင်ပင် ကမ်းနားထိ မဆင်းတော့။

မီးလောင်ပြင်ရပ်ကွက်တွင် ခဲထိုး၊ သဲထိုးနှင့် ဘဝရှင်သန်ကြသောသူတွေလည်းရှိကြ၏။ သဘောကောင်းကြပါသည်။ မူးတော့မူးကြ၏။သို့သော် မည်သူ့ကိုမှရန်မရှာကြ။ ကျွန်ုပ်၏အစ်ကိုဝမ်းကွဲကိုယ်တိုင် ကျောက်ထိုးစား၊ သဲထိုးစား၏။

ကျွန်ုပ်တို့မရောက်ခင်နှစ်က ထိုမီးလောင်ပြင်တွင် ကလေးမွေးလေရာကလေးမှာ မွေးပြီး မကြာခင် အတင်းအားယူကုန်းထမလိုလုဖြစ်နေသည်ဆို၏။ မှက်လုံးမှာလည်နေပြီး တိုကြည့်ဒီကြည့်ကြည့်နေ၏။ ပါးစပ်မှာ ထောင့်နားတွင် အစွယ်သဏ္ဌာန်သွားလေးနှစ်ချောင်းထွက်နေပြီး တရှူးရှူးဖြစ်နေသောကြောင့် -

"ဘီလူး၊ ဘီလူး"

ဟု အော်ကြပြီး ဝမ်းဆွဲဆရာမလည်း လန့်အော်ပြေး၊ ကလေး၏ ဖခင်ကိုယ်တိုင် ရဲတင်းယူ၍ ခုတ်သတ်လိုက်ရသည်ဟူ၏။ ကြားရုံကြားခဲ့ပါသည်။ မတွေ့ခဲ့ပါ။ မီးလောင်ပြင်ရပ်ကွက်တွင် ကွမ်းသီးညှပ်သော မာဂရက်တိုမိသားစုမှ ဗဟုသုတပြောပြကြခြင်းဖြစ်၏။ အမျိုးစုံအောင်ကြားရ၏။ ကြောက်မက်ဖွယ်ရာများ၊ ကြက်သီးထဖွယ်ရာများကြားရ၏။

အမေသည် လေသာကျောင်းဆရာတော်ဘုရားအား ဆွမ်းဟင်းချိုင့်ဆက်ကပ်၍ နေ့စဉ်ကုသိုလ်ယူ၏။

လေသာကျောင်းမှာ ကုန်းမြင့်ဖြစ်ပြီး အတော်ကျယ်ပြန့်သောကြောင့် ထိုလေသာကျောင်းကွယ်လပ်တွင် ကျွန်ုပ်ကိုခင်၍ လာရောက် ကစားကြသော ကရာတေးသမားများ၊ မြန်မာ့လက်ဝှေ့သမားများနှင့် မကြာမကြာကစားရ၏။ အလွန်ခင်စရာကောင်းပါသည်။ နီးသားဖြူစင်ကြ၏။ ကျွန်ုပ်မသိသေးသည်များလည်း ပညာရ၏။ သင်ပေးကြ၏။

သို့သော် -

(ထိုလေသာကျောင်းမှ မြေများ၊ ခဲလုံးများ ကျွန်ုပ်တို့အိမ်များရှိရာ အိမ်နီမ့်လျှောဘက်ဆီသို့ လိမ့်ဆင်းလာပြီး အိမ်များအောက်သို့ဝင်လာတတ်လေ့ရှိရာ ထိုအိမ်စုလေးတွင် နေထိုင်ကြသော မိသားစုငါးစုခန့်သည် လုပ်သမျှကုန်ပြီး စီးပွားပျက်၊ လူတွေစိတ်ဝမ်းများကွဲ၊ တစ်စီဖြစ်ကြနှင့် အတော်လေးထိခိုက်ကုန်ကြသည်ကို မြင်ဖူးပါသည်။ ကြုံခဲ့ရပါသည်။)

လေသာကျောင်းကွဲက်လပ်ကြီးသည် ကျွန်ုပ်ကရာတေးလေ့ကျင့်ရာနေရာဖြစ်လာပြီး ကမ်းနားရှိ ကျောက်ဆောင်များမှာ ကျွန်ုပ်အသက်ရှူလေ့ကျင့်ခန်းနှင့် ကရာတေးလေ့ကျင့်ရာနေရာများ ဖြစ်လာပါသည်။

မော်လမြိုင်တွင် ခေတ္တနေထိုင်ခဲ့စဉ်က ဆရာတစ်ဦးနှင့်ခင်ခဲ့ဖူးပါသည်။ ဆရာ၏အမည်မှာ ဦးချစ်သန်းဖြစ်ပြီး လမုတန်းစွေးထဲတွင်နေထိုင်သူဖြစ်၏။

အိမ်တွင် ညီအစ်ကိုဝမ်းကွဲတော်သူတစ်ယောက် အတော်လေးအပြင်းဖွား၍ သူကိုသွားပင့်ရာ ဆိုက်ကားနှင့်လိုက်လာပြီး ရောက်သည်နှင့် ကျွန်ုပ်၏ညီအစ်ကိုတော်အား ငရုတ်သီးမှိုင်းတိုက်တော့၏။ ဓောင့်နှင့်ခြုံခိုင်းထားပြီး အပေါ်က ကျွန်ုပ်နှင့် တိုကောင်းသိန်းတက်ဖိရ၏။ အမေလေး' တရင်း အသံတော်တော်ငြိမ်သွားမှ ဓောင့်ခြုံခိုင်းရာ ခွေးများနစ်နေသည်ကို တွေ့ရ၏။ ပြီးမှ သခွားသီးနှစ်လုံးကိုစားမလားဟုမေးပြီး စားခိုင်းပြန်၏။ ထိုအချိန်မှစ၍ ထိုနေ့မှစ၍ အဖျားကြီးမှာဘယ်ရောက်သွားမှန်းပင် မသိရ။

အမေစျေးရောင်းမကောင်း၍ဟု ဆိုသောကြောင့် သူဟာသူ ပျဉ်ပြားခုပ်လေးတစ်ခုရှာပြီး အိမ်တိုင်နှင့်ကပ်ရိုက်၏။ ထိုပျဉ်ပြားပေါ်တွင် နောက်တစ်ပြားကိုတင်ရိုက်၏။ ထိုအပြားပေါ်တွင် အုတ်နီခဲကျိုးတစ်ခုနှင့် အုန်းဆံဖတ်တစ်ခုတင်ထားခိုင်းလေးရာ အမေသည် ထိုရက်များက ဝင်လာမစဲလောက်အောင်ပင် စျေးဝယ်သူများစွာအုန်းအုန်းထနေတော့၏။

ကျွန်ုပ်လည်း ဆရာ့ထံတွင် အင်္ဂလိပ်စာသင်နေပြီဖြစ်ရာ ဆရာဦးချစ်သန်း၏ပညာများကို ပညာနှင့်လိုက်ချိန်ကြည့်၏။ ဘာမှန်းမသိခဲ့ပါ။

အုတ်ခဲကျိုးနှင့် အုန်းဆံဖတ်တင်လိုက်ရုံနှင့် အုန်းအုန်းထရောင်းကောင်းသွားသည်ကို ကျွန်ုပ်ဉာဏ်မမီတော့။

ဆရာသည် ရန်ကုန်သို့မကြာမကြာသွားပြီး သင်တန်းပေးရသည်ဟုကြား၏။ ကျွန်ုပ်က ထိုပညာကို အုံ့ဩခဲ့အံ့ဩခဲ့ပြီး သင်ရကောင်းမှန်းမသိခဲ့ပါ။ အတော်လေး အမြော်အမြင်ညံ့ဖျင်းခဲ့ပါသည်။

ပညာရပ်တစ်ခု စတင်သင်ကြားထားပြီးဖြစ်ရာ ဘာမဆို ထိုပညာရပ်က အခုအခံသဖွယ်ဖြစ်နေပါတော့သည်။ မထားအပ်သောမာနဖြစ်၏။ ထိုမထားအပ်သောမာနကြောင့် ဆရာဦးချစ်သန်းကဲ့သို့ အလွန်အဖိုးတန်လှသောပညာရှင်များနှင့်ဆေးခဲ့ရပါသည်။

မည်မျှရင်နှီးစွာ ပခုံးဖက်ပေါင်းသင်းနေစေကာမူ တန်ဖိုးကိုနားမလည်ခဲ့ပါ။ ငါအင်္ဂလာသင်နေပြီပဲဟူသောမာနသည် ကျွန်ုပ်အား လွှမ်းခြုံခဲ့လေပြီ။ ဒုက္ခမျိုးစုံခံစားပြီးမှသင်ရသောပညာဖြစ်နေ၍ အသက်နှင့်ထပ်တူတန်ဖိုးထားခဲ့ခြင်းဟု ဝန်ခံရပေမည်။

ဆရာဦးချစ်သန်းနှင့် သွားအတူ၊ လာအတူ၊ စားအတူနေခဲ့ဖူးပါသည်။ အနီးဆုံးနေခဲ့ရပြီး ဘာမှမသင်ခဲ့ရ၍ အဝေးဆုံးဖြစ်ခဲ့ရပါသည်။

တစ်နေ့ -

ရန်ကုန်မှ လူကြီးမှာလိုက်၍



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ပြန်ဖြစ်၏။

"ဒီမှာ၊ နင့်အဖေဘုန်းကြီးဝတ်တာ ကဘယ်လိုလဲ။ လူတကာကို ဒုက္ခပေးဖို့ ဖြစ်နေပါလား"

"ဟာ - ဘာဖြစ်လို့လဲ"

"အေး - သူသွားနေတဲ့ဘုန်းကြီး ကျောင်းက ဘုန်းကြီးက သိပ်လက်မခံချင်ဘူး၊ နင်တို့ဘာသိလဲ။ ငါတို့က တာဝန်ခံပြီး မကြာမကြာဆွမ်းချိုင့်သွားပို့နေရတယ်။ အလုပ်ကြီးတစ်ခုလိုဖြစ်နေတယ်"

"ဟာ - အဖေကဘာဖြစ်လို့လဲ"

"အေး - အဲဒါငါတို့ကိုလာမမေးနဲ့။ ငါတို့ကလဲညီး ငါတို့ဘဝနဲ့ငါတို့ ကြိုးစားပြီး ဒီဘဝရောက်လာတာ ဘယ်သူကျေးဇူးမှမရှိဘူးဟေ့။ ငါတို့ခြေသလုံးအိမ်တိုင်ဘဝမျိုးကနေ၊ အဝတ်ထုပ်လေးတစ်ထုပ်ကနေ ဒီလိုအိမ်ကြီးခြံကြီးနဲ့နေနိုင်အောင် ငါတို့ဟာငါတို့ ကြိုးစားလာတာမှတ်ထား။ ခုမှလာပြီးဆွေမျိုးမစပ်နဲ့ဟေ့"

ကျွန်ုပ်ခေါင်းငုံ့ထားလိုက်ပါသည်။ မျက်နှာမှာပူထူပြီး အမ်းတန်းတန်းကြီးနှင့် ပုရွက်ဆိတ်များတက်နေသလို၊ ရေနွေးငွေ့များဟပ်နေသလို ဖြစ်နေပါတော့သည်။ တစ်ကိုယ်လုံးမှာ နတ်ကျသလို တုန်နေ၏။

ထိုလင်မယားသည် အလွန်ဆင်းရဲသောဘဝမှ အဖေက ငွေကြေးစိုက်ထုတ်ပေးပြီး လုပ်ငန်းများလုပ်ခိုင်းခဲ့သူများဖြစ်ပါသည်။ သူတို့လင်မယားသည် ကျွန်ုပ်တို့ ဗဟန်းရဲဌာနာတွင်နေစဉ်က ကျွန်ုပ်နှင့် ညီမလေးကို လက်ကပင်မချစတမ်းထိန်းကျောင်းခဲ့ကြသူများဖြစ်ပါသည်။ သူတို့လင်မယားမှာ ဧရာဝတီတိုင်းဒေသကြီးဘက် မြစ်ကမ်းနဖူးရွာလေးမှဖြစ်ကြပါသည်။ ယောကျ်ားက ဝပ်ရှောလုပ်ငန်းလုပ်ရင်း စုတတ်ဆောင်းတတ်၍ တဖြည်းဖြည်းကြီးပွားလာကြသူများ ဖြစ်၏။ သူတို့လုပ်ငန်းအတွက် ဗဟန်းရဲဌာနာမှ ဗဟန်းစျေးဘက်ထွက်သော လမ်းကြားလေးထဲတွင် အဖေကိုယ်တိုင် ဝပ်ရှောထောင်ပေးခဲ့ခြင်းဖြစ်၏။ နောက်မှ သူတို့ မင်္ဂလာဒုံ ဝါယာလက်ဘက်သို့ပြောင်းသွားကြ၏။ နှစ်စဉ် သီတင်းကျွတ်တိုင်း လာလာကန်တော့ကြပါသည်။ သို့သော် အဖေ ဘုန်းကြီးဝတ်တော့မှ၊ အဖေ့ခြေထောက်အကြီးကြီးဖြစ်တော့မှ ယခုကဲ့သို့ ပစ်ပစ်ခါခါ ပြောလိုက်သည်ကို ကျွန်ုပ်နားမထောင်ရင်း ရင်ထဲမှာဆို့နေ၏။

"ရပါတယ်၊ ကျွန်တော့်အဖေ့ကို လက်မခံချင်ကြတော့ဘူးဆိုရင် ကျွန်တော်ပဲ ပြန်ခေါ်သွားပါ့မယ် စိတ်ချပါ"

"အေး - ခေါ်သွား၊ ခေါ်သွား ဇာတ်လာမရှုပ်နဲ့။ လူဆိုတာကိုယ့်ထမင်းကိုယ်စားတာ။ ကိုယ်တွေအပူကို လူတကာကိုလျှောက်မပေးရဘူးဟဲ့ မှတ်ထား။ နင်တို့မှာဦးနှောက်မရှိဘူးလား"

မကြားနိုင်တော့ပါ။

ကျွန်ုပ်ဘာကိုမှကြားလည်းမကြားချင်တော့ပါ။

"အဖေ"

"ဟေ - မင်းပျောက်လှချည်လား"

"သားမော်လမြိုင်သွားနေလို့ပါ အဖေ"

"ဩော်"

"အခု သားအဖေ့ကိုလာခေါ်တာ၊ အဖေဒီမှာမနေနဲ့တော့"

"ဟေ-ဘာဖြစ်လို့လဲ။ ဆရာတော်က ငါ့ကိုဘာမှမပြောပါဘူး"

"မဟုတ်ပါဘူး အဖေ၊ ဒီမှာမနေပါနဲ့တော့။ သား အစ်မလှကိုလိုက်ပို့ခိုင်းမယ်။ အဖေ သထုံဘက်ကို အစ်မလှနဲ့လိုက်သွား။ အစ်မတို့ ဘကြီးဘုန်းကြီးကျောင်းမှာ တရားအားထုတ်ရင်းသွားနေပေတော့"

"အေးလေ၊ မင်းတို့ကောင်းမယ် ထင်ရင် စီစဉ်ပါ"

ဆရာတော်ကို ဝတ်ဖြည့်လိုက်ပြီး ခွင့်တောင်းလိုက်ရင်း -

သားအဖနှစ်ယောက် မြေနီလမ်းလေးအတိုင်း ကျောင်းထဲမှထွက်လာခဲ့ကြပါတော့သည်။

ကျွန်ုပ်က အဖေ့အိပ်ရာလိပ်ကြီးကိုထမ်း၍ ဘယ်ဘက်က ကြိမ်ခြင်းကြီးကိုဆွဲရင်း တစ်လှမ်းချင်းလျှောက်လာ၏။ အဖေက နောက်နားမှ တစ်လှမ်းချင်း ထော့နင်းထော့နင်းနှင့် လိုက်လာ၏။ ကျောင်းနှင့် ကားဂိတ်မှာ အတော်ဝေးရကား ညနေ (၃) နာရီ ကျနေအောက်တွင် သားအဖနှစ်ယောက် မဆုံးသေးသော ခရီးရှည်ကြီးကို ဦးတည်နေကြပါတော့သည်။ နားထဲတွင် ဆရာကြီးဦးသုခ၏ဘဝသံသရာသီးချင်းကို အလိုလိုကြားယောင်နေတော့၏။ ညြော် - တို့သားအဖနှစ်ယောက်ဟာ ကယ်မယ့်သူကူညီမယ့်သူတောင်မရှိတော့ပါလား။ ခြေဦးတည့်ရာလျှောက်နေရသလိုဖြစ်နေကြတာပါလားဟုတွေးရင်း ကျလာသောမျက်ရည်ကို အဖေမသိအောင်ထိန်း၍ အံကြိတ်ထားလိုက်ပါသည်။

အိမ်သို့ရောက်ပြီး နောက်နေ့တွင် အဖေ့ကို အစ်မလှကိုယ်တိုင် သထုံသို့ပို့ပေးလိုက်ပါတော့သည်။

အဖေ ဘုမသိဘမသိနှင့် သထုံရောက်သွားရှာပါပြီ။

သူ့ကို သူကျေးဇူးပြုခဲ့သူများတခါးခါးသီးဖြစ်နေခြင်းကိုအား သူမသိသူပါ။ သူ့ကိုကြည်ဖြူစွာနှင့်ဆွမ်းချိုင့်ပို့ပေးနေသည်ဟုသာ ထင်နေရှာ၏။ ကျွန်ုပ်လာခေါ်သည်ကိုလည်း ဘာကြောင့်လာခေါ်မှန်းမသိ။ အကောင်းသားနေရင်းတသူ့ကို သထုံပို့လိုက်သည်ဟုသာထင်နေရင်း အစ်မလှပို့ပေးရာဆီသို့ရောက်သွားရှာပြီဖြစ်၏။

ညြော် - ပုထုဇဉ်လူသားဟူသည် တစ်ခါတစ်ခါစဉ်းစားရခက်လှပါလား။ ငါ့အဖေကြောင့် လုပ်ငန်းရှင်ကြီးဖြစ်ပြီး ကြီးပွားချမ်းသာလာသူက ဘာကျေးဇူးမှမရှိဘူး ဟူသောစကားကို လက်ညှိုးငေါက်ငေါက်ထိုးပြောခဲ့ပါရောလား။ ငါ့အဖေကို မျက်နှာလိုမျက်နှာရနဲ့ ငါတို့ထိန်းကျောင်းလာခဲ့သူတွေက ပကတိရန်သူကြီးတွေလိုဖြစ်သွားပါရောလား။ လူဆိုတာ ကျေးဇူးရှိမှကျေးစွပ်တယ်ဆိုတာ ဒါလား။ သူတို့ကို ချမ်းသာလာအောင် မြှောက်စားပေးခဲ့သူကို ထမင်းတစ်နပ်တောင် မကြည်ဖြူကြတော့ပါလား။

ငါရှိတယ်။

ငါ့အဖေနဲ့ ငါ့အမေ သူများမြောတာ မခံစေရဘူးဟေ့။

"ဟဲ့ - လူလေး၊ လူလေး"

"ဗျာ"

"ဈေးသိမ်းကြမယ်လေ၊ ဘာတွေးနေတာလဲ"

"ဘာမှမတွေးပါဘူးအမေ။ အစ်မလှလည်း တစ်နေ့ကပြန်ရောက်လာပြီ၊ အဖေလည်း ဟိုမှာအဆင်ပြေပါတယ်ပြေမှာပါ"

"ပြေမှာပါ သားရယ်၊ အလှမပစ်မထားပါဘူး။ နင့်အဖေအတွက်ပူမနေပါနဲ့"

"ဟုတ်ကဲ့- သားလည်း တစ်ရက်နှစ်ရက်နေရင် ရန်ကုန်ပြန်တော့မလေ။ အမေလည်း အရမ်းအလုပ်လွန်မနေပါနဲ့တော့လား"

အမေအသက်ကြီးပြီဖြစ်၍ သား တစ်ယောက်လို အားကိုးရမှာကိုကောင်းသိနိုင်းကို မော်လမြိုင်ဘွဲ့ထား

www.burmeseclassic.com

ပြီး ရန်ကုန်ပြန်လာလိုက်ပါတော့သည်။

ရထားစီးလာရင်း သထုံမြို့ဘက် ဆီသို့မှန်း၍ -

"ဩော် - ငါ့အဖေဒီမှာရှိနေတယ်၊ ငါတစ်ပြားမှမကန်တော့နိုင်ပါလား။ ဒီအရွယ်ထိ ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့အဖေ။ သက်နှံးဝတ်ကြီးနဲ့ဘယ်သွားလို့သွားရမှန်းမသိ၊ ဘယ်နေလို့နေရမှန်းမသိဖြစ်နေတာကို ငါဘာမှလုပ်မပေးနိုင်ပါလား။ ငါ့အဖေကြောင့် ချမ်းသာလာခဲ့ကြသူတွေက ငါ့အဖေကို ခါးခါးသီးပြောဆိုနေကြတာ၊ လက်ညှိုးငေါက်ငေါက်ထိုးပြောနေလိုက်ကြတာ ရစရာကိုမရှိတော့ဘူး။ ငါ ငါ့အဖေရှေ့က ဘယ်လိုမှမရပ်တည်နိုင်ခဲ့ပါလား။ ငါ့မှာသာ ငွေရှိရင် ခင်ဗျားတို့ ကျုပ်အဖေကို လုံးဝပြောစရာမလိုဘူးဆိုပြီး ရဲရဲတင်းတင်းပြန်ပြောရဲခဲ့မှာ သေချာတယ်။ ခုသူတို့ထမင်းကို ရက်ပိုင်းလေးစားနေရ ရှာတဲ့ ငါ့အဖေအတွက် ငါ့နှတ်တွေဆွံ့နေခဲ့ပါလား။ ငါ့အဖေ ရက်ပိုင်းလေးစားခဲ့ရတဲ့ သူတို့ထမင်းဟာ ငါ့အတွက် လူအတစ်ယောက်ဖြစ်သွားခဲ့ရပါလား'

လည်သောမျက်ရည်ကို အင်ကြိတ်ပြီးတင်းထားရင်း ဟိုးဝေးဝေးနေလိုက်၏။ မျက်နှာချင်းဆိုင်တွင်ထိုင်နေသော ဘကြီးတစ်ယောက်မှာ အဖေ့အရွယ်လောက်ရှိမည်ဖြစ်ပြီး ရထားပြတင်းမှဝင်လာသောလေကို တဘက်လေးနှင့်ကာ၍လိုက်လာသူဖြစ်၏။

ကျွန်ုပ်ကို အားနာ၍ဖြစ်မည်ထင်ပါသည်။ ပြတင်းတံခါးပိတ်ရန်မပြောရှာ။ ကျွန်ုပ်သည် သူ့အားကြည့်လိုက်ပြီး -

"အဖေ၊ ပြတင်းပေါက်ချလိုက်မယ်။ လေတိုက်တော့ မျက်စိထဲဖုန်တွေဝင်မှာစိုးလို့"

လွတ်ခနဲထွက်သွားသော စကားကိုကျွန်ုပ်သတိထားလိုက်မိချိန် ထိုဘကြီးကလည်းပြုံး၍ -

"ကျေးလူတင်ပါတယ် သားလေး" ဟု ဆို၍ရှာ၏။

ကျွန်ုပ်ရင်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာတစ်မျိုးခံစားလာရပြီး ဝမ်းနည်းမှုများနှင့်ဆို့နေသလိုခံစားလိုက်ရ၏။

ဘဝ ဟူသည် ရင်နှင့်စရာများတစ်ခုပြီးတစ်ခုဖြစ်နေရခြင်း၊ လွမ်းမောစရာများ တစ်ခုပြီးတစ်ခုဖြစ်နေရခြင်း၊ နာကြည်းစရာများ တစ်ခုပြီးတစ်ခုဖြစ်နေရခြင်းကို ခေါ်လေသလား။

"မောင်မောင်သန်း"

"ဗျာ - အစ်မ"

"နင်ခရီးသွားတုန်း အမေကြည်လာတာ နှစ်ခါရှိပြီ။ ဆရာဦးသန့်ဇင်လည်းလာတယ်"

"ဟုတ်လား အစ်မ"

"အေး"

"ဆရာဦးသန့်ဇင်ဘာပြောသွားသေးလဲ"

"နင်ပြန်လာရင် သူ့ဆီလွှတ်လိုက်ပါဦးတဲ့။ အမေကြည်ကတော့ ဆရာအောင် နင့်ကိုတွေ့ချင်လို့တဲ့"

"ဩော် - ဟုတ်ကဲ့ အစ်မ"

ပရိသတ်ဗိုလ်ပုံအလယ်တွင် ဝင့်ထည်လှသည် ဟူသော စကားသည် ဆရာ့အား ရည်ညွှန်းလေသလားဟုပင် ထင်ရလောက်၏။ လူဆယ်ယောက်ခန့် ရှေ့တွင် ခုံညားတည်ကြည်စွာထိုင်နေသော ဆရာအရှင်အား ရိုသေစွာရှိခိုးကန်တော့လိုက်၏။ ဘေးနားတွင်ထိုင်နေသော ဆရာကြီးဦးလှမြင့်နှင့် ဆရာကြီးကတော်ဒေါ်ကြည်က ပြုံးရင်းကြည့်နေကြ၏။ ဆရာ့ရှေ့တွင်ထိုင်နေသော ဧည့်သည်များသည် ကျွန်ုပ်ကို စောင်းငဲ့ပြီး လှည့်ကြည့်ကြ၏။ ရိုးရိုးသာမန်လူငယ်တစ်ဦးသာဖြစ်နေ၍ မည်သူမျှ အထင်မကြီးသတိမထားပြန်လှည့်သွားကြ၏။

"မောင်မောင်သန်းလေးလားဟေ့"

"ဟုတ်ကဲ့ပါ ဆရာ"

"အေး၊ အေး - မင်းမေမေကော နေကောင်းရဲ့လား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်ခင်ဗျာ အသံပြန်တိတ်သွား၏။

ဆရာသည် ကျွန်ုပ်ကိုကြည့်နေရင်းမှ မျက်လုံးမှိတ်ပြီးငြိမ်သွားပြန်၏။ လုံးဝမလှုပ်။ ငါးမိနစ်ခန့်ကြာမှ မျက်လုံးမှိတ်ထားရက်နှင့် -

"အေး၊ အေး - (၇)ရက်သားသမီးတွေကို ကယ်ဦးမယ်ဆိုတော့ ရေမနစ်ဘူးပေါ့ကွာ၊ ဟုတ်ဖူးလား"

ချောမောလှပစွာပြုံးရင်းပြောလိုက်သောစကားကြောင့် ခေါင်းရင်းဘက်ဘေးနားတွင်ထိုင်နေသော အမေကြည် မျက်နှာသို့ ဆတ်ခနဲလှည့်ကြည့်လိုက်မိ၏။

"လူလေး၊ နင်ဘာလဲ ရေနစ်လို့လား၊ ဟိုမှာဆရာပြောနေတယ်"

"ဟုတ်တယ် အမေကြည်၊ မော်လမြိုင်မှာဖြစ်ခဲ့တာ"

"ဟယ်-ကြည့်စမ်း၊ မသေကောင်းမပျောက်ကောင်း"

"ကျွန်တော် ..... ကျွန်တော် အရမ်းအားတွေ့ရှိလာသလိုပဲ အမေကြည်၊ တကယ်ပါ"

"ဘာဖြစ်လို့လဲ လူလေး"

"ကျွန်တော့်လို ဘာမဟုတ်တဲ့ကောင်တစ်ကောင်ကို ဆရာမေတ္တာထားပြီးစောင့်ကြည့်နေသလိုပဲ အမေကြည်။ ကျွန်တော်ဘာဖြစ်ဖြစ် ဆရာသိနေသလိုပဲ"

"အေး - ဟိုရက်ကတော့ပြောနေတယ်။ မောင်မောင်သန်းကိုတော့ မေတ္တာအထူးပို့ပေးနေရတယ်တဲ့။ အမေကြည်တို့တောင် ဒီစကားထူးဆန်းတယ်ဆိုပြီးပြောနေသေးတယ်။ မှန်း-တစ်ပတ်ပေါ့ အများဆုံးရှိ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ဖြစ်ခဲ့တာ ရှစ်ရက်ကိုးရက်လောက်ပဲရှိသေးတယ်"

အမေကြည်နားသို့ တိုးတိုးကပ်ပြောနေသည်ကို ဆရာလှမ်းကြည့်ပြီး သူတပည့်များနှင့် စကားဆက်ပြောနေ၏။

ထိုစကားထဲတွင် -

ကျွန်ုပ်ရင်ထဲသို့ရောက်လာသော စကားတစ်ခွန်းပါလာ၏။

ဤသည်မှာ -

ရန်ကုန်တစ်ဖက်ကမ်း သန်လျင်မြို့မှ ဆာဒူးဂူအကြောင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်မှာ ဆာဒူးဂူအကြောင်းကြားသည်နှင့် အလွန်သွားချင်စိတ်များပြင်းပြလာပြီး ဆရာနှင့်လိုက်ပါရစေဟု ခွင့်တောင်းရန် အားယူလိုက်၏။ ပြောရန်ဟန်ပြင်ရုံရှိသေး -

"အေး၊ အေး - မနက်ဖြန်မင်းဘာအလုပ်ရှိသေးလဲ"

"မရှိပါဘူး ဆရာ"

"အေး-ဒါဆိုသန်လျင်ဘက်လိုက်ခဲ့လေ"

"ဟုတ်ကဲ့ - လိုက်ခဲ့ပါ့မယ် ဆရာ"

'ဟေး' ဟု ထအော်ချင်သွား၏။ ဆာဒူးဂူအကြောင်းကိုကြားသည်နှင့် ထူးဆန်းသောထိုနေရာကို အလွန်သွားချင်လေရာ ကျွန်ုပ်ဆန္ဒပြည့်သွားပါပြီ။

သန်လျင်မြို့။

ဆရာ့တပည့်တစ်ဦး၏ နေအိမ်သို့ နံနက်ရှစ်နာရီကတည်းကရောက်၏။ ဆရာရောက်သည်ဟုကြားသည်နှင့်လာလိုက်ကြသည့်တပည့်များမှာ တအုန်းအုန်းဖြစ်နေပါသည်။

နံနက်စာစားပြီးကြပြီး၌ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဂူသို့သွားရန် ပြင်ဆင်ကြပါပြီ။ ကျစ်ကားများနှင့်ထွက်လာကြ၏။

ကျိုက်ခေါက်စေတီတော်မြတ်ကြီးကိုဦးတိုက်ပြီးသည်နှင့် သန်လျင်မှသည် ခရမ်းသုံးခွဘက်သွားသော ကားလမ်းအတိုင်း ကားကွေ့လိုက်ပြီး စက္ကန့်လေးဆယ်ခန့်မောင်းလိုက်သည်နှင့် -

ရောက်ပါပြီ -

'လှိုက်ဂူဘုရား'။

ကြားကတည်းက ဘိလွန်ရောက်ချင်သောနေရာရောက်ရပါပြီ။ ဟိန္နူဘုရားကျောင်းဖြစ်၏။ ဘုရားကျောင်းတံခါးဖွင့်လိုက်သည်နှင့် မြေအောက်ထဲဆင်းသွားရသော အုတ်လှေကားထစ်များအတိုင်းဆင်းသွားလျှင် ပထမဆုံးတရားကျင့်သွားသော 'ရပ်(ခ်)ကူးမား' ဘာဘာကြီးဂူကိုတွေ့ရ၏။

ကျွန်ုပ်တို့ကို ဆရာကမှာလိုက်သည့်အတိုင်း လက်နှိပ်ဓာတ်မီးများနှင့် ဟိုဝင်ဒီထွက်ကြည့်ဖြစ်၏။

ဂူကြီးမှာ ဂဝံကျောက်များပါနေသော မြေနီအမျိုးအစားဂူကြီးဖြစ်၏။ အပေါက်များမှာ မနည်းလှ။ ဂူကြီးထဲတွင် ရေတွင်းများရှိ၏။ လေးဖက်ထောက်ဝင်ရသောအပေါက်များရှိသလို မတ်တတ်ဝင်ရသောအပေါက်များ၊ ငုံဝင်ရသောအပေါက်များရှိ၏။ နောက်ဆုံးသုံးပေါက်မှာ ဘေးတိုက်ဝင်ရ၏။ သေချာတိုင်းကြည့်လျှင် တစ်မိုက်ခန့်များသာရှိ၏။ သို့သော် ဘေးတိုက်အနေအထားဖြင့် ရှောခနဲရှောခနဲဝင်၍ရ၏။ မြေနီများတော့ အနည်းငယ်ပေ၏။ တစ်ပေါက်ဝင်ပြီးလျှင် တရားထိုင်ရန် ကွက်လပ်တစ်ခုရှိ၏။ ညီညာပြီး ကျယ်ကျယ်လေးထိုင်၍ရ၏။ ကျွန်ုပ်လည်း ဆရာ့တပည့်များဝင်ပြသလိုလိုက်ဝင်ပြီး နောက်ဆုံးသုံးပေါက်ကိုပါဝင်လိုက်၏။

"ဟာ - မင်းမဆိုးဘူးဘဲကွာ။ ဒီသုံးပေါက်ကဝင်ရတာမလွယ်ဘူး။ ဒီမှာတင် တစ်ကြိမ်တာမျှားတယ်။ ဆရာအောင်လာပြီးတရားထိုင်ရင် အဲဒီနောက်ဆုံးက သုံးခုမြောက်ဂူပေါက်ထဲမှာထိုင်တာကွ"

"ဩော်"

"ကဲ - တရားထိုင်ကြမယ်၊ ရောက်တုန်း"

"ဟုတ်ကဲ့"

ဓာတ်မီးများမှိတ်လိုက်ပြီးထိုင်ကြ၏။ သင်နေသောမြေနံ့လေးများသာရ၏။ အေးနေသောခံစားမှုကြောင့် ထိုင်ရသည်မှာ အလွန်ကောင်း၏။ ကရာတေးရောအင်္ဂဝိဇ္ဇာပါသင်ကြားပြသပေးသော ဆရာဦးသန့်ဇင်သင်ထားသည့်အတိုင်း ဝင်လေ၊ ထွက်လေကို ငြိမ်သက်စွာရှုနေလိုက်၏။ 'ပါဒမာဆဲ' ပုံစံမျိုးထိုင်ရ၏။ ခြေနှစ်ဖက်ချိတ်ထိုင်ပြီး လက်နှစ်ဖက်က လက်ညှိုးနှင့်လက်မများထိ၍ ဒူးများပေါ်တွင် ပက်လက်လှန်တင်ထားရသောထိုင်နည်း ဖြစ်၏။ အသက်ကို ပုံမှန်ရှူရပြီး အသက်ရှူခြင်းတစ်ခုတည်းကိုသာ အာရုံပြု၍မှတ်နေရသောနည်းဖြစ်၏။ လုပ်ရှူ၏မရ၊ သူသဘာဝအတိုင်း ရှူနေသောလေကိုသာ စောင့်မှတ်ရပါသည်။

မည်မျှကြာသွားသည်မသိ။

ပခုံးကိုလာထိလိုက်မှ တရားထိုင်ခြင်းကိုဖြုတ်လိုက်၏။ ဓာတ်မီးရောင်များ ဂူနံရံဆီသို့ရောက်လာပြီး 'သွားကြစို့' ဟု ဆိုသောကြောင့် ကျွန်ုပ်လည်း ပြန်ထွက်လာလိုက်ပါသည်။ ဆရာသည် ဂူကြီး၏ အပေါ်နားရှိ ဘုရားကျောင်းဘေးမှတိုက်ခန်းအတွင်းဝယ် ဘာဘာကြီးနှင့် စကားပြောနေပါသည်။

ဘာဘာကြီးမှာ ဆရာ့ကို အလွန်ခင်၏။ ကြည့်ရုံနှင့်သိသာလှ၏။ ဆရာကလည်း ဘာဘာကြီးလိုအပ်သည်များကို ပြုလုပ်ပေး၏။

"ဆရာ၊ ဒီကောင်မဆိုးဘူး။ ဟိုသုံးပေါက်လုံးဝင်နိုင်တယ်"

"ဟုတ်လား - အေး၊ အေး"

ဆရာ့တပည့်တစ်ဦးမှ ကျွန်ုပ်ကို ခြီးကျူးစကားဆိုခြင်းအား ဆရာကပြုံးကြည့်နေပါသည်။ ဆရာ့ဘေးနားကြမ်းပြင်တွင် ဆရာ့တပည့်များထိုင်နေပြီး စကားစမြည်ပြောနေကြ၏။

ထိုနေ့မစ၍ -

နောက်ပိုင်း -

ဆရာအရှင်သွားလျှင် ကျွန်ုပ်မကြာမကြာလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ အပေါ်တွင်ရှိသော ဘာဘာကြီးမှာ သစ်တောအရာရှိတစ်ဦးဖြစ်၏။ ပျဉ်းမနားဘက်တွင် တာဝန်ထမ်းဆောင်သည်ဟုပြော၏။ ဓာတ်ပုံလည်းတွေ့ပါသည်။

ယခု ဘာဘာကြီးသည် ဤဂူကြီးကိုရောက်လာသည့်အခါ ရပ်(ခ်)ကူးမား ဘာဘာကြီးက -

"ဩော် - မင်းရောက်လာပြီကိုး။ မင်းကိုငါစောင့်ခဲ့တာ နှစ်ပေါင်းသုံးဆယ်ရှိပြီ။ မင်းဒီမှာဆက်ကျင့်ပေတော့။ ငါသွားတော့မယ်"

ဟု ပြောပြီး ယခု ဘာဘာကြီး၏ ဂူပြုလုပ်ပူဇော်ထားရာနေရာတွင် ထိုင်လိုက်ခြင်းသာဖြစ်သည်ဟုပြောပြကြ၏။

ထိုဂူမှာ ဘုရားကျောင်းတွင်းဝင်၍ ဘုရားဝတ်ပြုပြီးသည်နှင့် ဂူကြီးအဝလေ့ကားအတိုင်းဆင်းဆင်းချင်းစတွေ့သောဂူ ဖြစ်ပါသည်။ ထိုင်ရက်ပုံကို ကျောက်ပြားများနှင့် ငုံ၍ပူဇော်ထားကြပါသည်။

ထိုဂူသည် -

အရှင်ဂူဟုလည်း ကျော်ကြား၏။ ခရမ်းသုံးခွသွဲသားသော ကားလမ်းဘေးတွင်ရှိပြီး အလွယ်တကူသွားလာ၍ရသောနေရာဖြစ်သော်လည်း ဂူထဲသို့ဝင်လိုက်သည်နှင့် အလိုလိုနေရင်း ကြောက်စိတ်များလွှမ်းမိုးလာပါတော့သည်။ ဂူထဲတွင် အောက်ဆီဂျင်ရတော့ရပါသည်။ သို့သော် နည်း၏။ ဖယောင်းတိုင်ထွန်းသွား၍ဖြစ်စေ၊ ဓာတ်မီးနှင့်သွား၍ဖြစ်စေသွားလျှင် ဂူထဲရှိ ပင်ကူအိမ်များနှင့် တိုးတတ်ပြီး ထိုပင့်ကူအိမ်များပြတ်တောက်သွားလျှင် ထိုပင့်ကူအိမ်များတွင် တွယ်ကပ်နေသော ရေအသီးလေးများကြောင့် တစ်စုံတစ်ယောက်က ရေနှင့်လှမ်းတောက်လိုက်သလိုကြုံရ၏။ ကျွန်ုပ်လည်း ပထမဆုံးကြုံရသော ထိုအတွေ့အကြုံကြောင့် လန့်သွားခဲ့ဖူးပါသည်။ နောက်မှသိရ၏။ ထိုဂူထဲတွင် ကင်းခြေများများ၊ ကင်းမြီးကောက်များရှိ၏။ တစ်ခါတစ်ခါ အလွန်ကြီးမားသော မြွေကြီးတစ်ကောင်ကိုတွေ့ရ၏။ အားလုံးသည် လူများကို ရန်မမူပါ။ သူ့ဟာသူနေကြခြင်းသာဖြစ်ပါသည်။ သူတော်ကောင်းများသာဖြစ်၏။

ဘာဘာကြီးမှာ ငယ်ထိပ်တည့်တည့်တွင် သျှောင်ထုံးထုံးထားပြီး မုတ်ဆိတ်မွေးများကိုပါ ထုံးချည်ထားသောကြောင့် သျှောင်ထုံးနှစ်ခုနှင့် မျက်နှာမှာ အတော်ကြည့်ကောင်းလှပါသည်။

ဂူမှာ လေတဟူးဟူးဖြစ်နေသော်လည်း ဘာဘာကြီးမှာ ဘာမှဝတ်မထားပါ။ သင်္ကန်းရောင်ကိုသာ ခါးမှာပတ်ဝတ်ထား၏။ တစ်ခါတစ်ခါမှသာ သင်္ကန်းရောင်တစ်ထည်ကို ကိုယ်ပေါ်ခြုံထား၏။ ကြမ်းပိုးများမှာ နှာခေါင်းတစ်ဖက်ကဝင် တစ်ဖက်က ပြန်ထွက်၊ နားထဲဝင်သွားလိုက်၊ ပြန်ထွက်လာလိုက်နှင့်။ သို့သော် ဘာဘာကြီးမှာ သူနှင့်မဆိုင်သလို ဒီတိုင်းနေ၏။ လက်ထဲတွင် ဗောဓိသီးပုတီးကြီးကိုကိုင်ထားပြီး ပါးစပ်ကလှုပ်စိလှုပ်စိနှင့် တွင်တွင်စိပ်နေ၏။

ဂူသို့ရောက်သွားလျှင် ဘာဘာကြီးထိုင်နေသည်မှာ ဟိုးမြင့်မြင့်ပေါ်ထောင့်နှင့်ချိုင်းကွာလှသောနေရာဆီ



www.burmeseclassic.com

www.burmeseclassic.com

သို့ လှမ်းကြည့်နေသလိုမျိုးပုံဖြစ်နေ၏။ တော်ရုံနှင့်စကားမပြော။

စရောက်ချိန် သူ့ကို ဝတ်ပြုနူတ်ဆက်လျှင် 'ဘယ်ကလာလဲ' တစ်ခွန်းသာ မေး၏။ ပြီးသည်နှင့် သူ့ဘေးတွင် ထိုင်သည် တစ်နေကုန်ထိုင်နေလျှင်လည်း တစ်နေကုန်စကားမပြောပါ။ ပြန်ခါနီးနူတ်ဆက်မှသာ 'ဟမ်း ဟမ်း' ဟု ပြော၏။

"ကောင်းကောင်းနေ၊ ဘုရားကောင်းကောင်းထားမယ်။ ကောင်းကောင်းမနေရင် ဘုရားကောင်းကောင်းမထားဘူး"

ဤသည်မှာ ဘာဘာကြီး အမြဲပြောလေ့ရှိသောစကား ဖြစ်၏။

သူတွင် အလွန်ကြီးမားပြီး ချောမွတ်နေသော အုန်းမှုတ်ခွက်ကြီးတစ်ခုရှိ၏။ ထိုဂူနားရှိ ရပ်ကွက်မှ ဘကြီးတစ်ဦးပြောသည်မှာ ဤခွက်ကြီးနှင့်ဆွမ်းထွက်ခံသည်ဟု ဆို၏။ ထွက်သည်မှာလည်း သုံးအိမ်ခန့်သာဟုပြော၏။

ကျန်ုပ်က -

"ဘာဘာကြီး၊ထမင်းတွေဘာတွေ မလောင်းရင် ဘာလောင်းကြလဲ"

ဟု မေးသောအခါ ဘာဘာကြီးက -

"ဘာမှမရှိရင် ပါနီစားတယ်"

ဟုသာ ပြော၏။ ဘာမှမရှိလျှင် ရေသောက်နေခြင်းကို ဆိုပါသည်။

ကျန်ုပ်သည် -

ဘာဘာကြီးဝူသို့ နှစ်ခါ၊ သုံးခါ ရောက်သွားပြီးမှ ဆရာဦးသန့်ဇင်ဆီသွားဖြစ်တော့၏။ ဆရာသည် ကျန်ုပ်ကိုမြင်သည်နှင့် လှမ်းကြည့်ရင်းပြုံးနေ၏။ ခါတိုင်းကဲ့သို့ အားမာန်တော့မပါ။

"ငါလာရှာတာနှစ်ခါရှိပြီကွ"

"ဟုတ်ကဲ့"

"ခဏစောင့်နေ၊ ငါခုပြန်လာခဲ့မယ်"

ကိစ္စရှိ၍ထင်၏။ ဆရာ ကျန်ုပ်ကိုပင်မခေါ်။ အပြင်ခဏထွက်သွား၏။ ကျန်ုပ်လည်း ထိုင်နေရင်း၊ စောင့်နေရင်း အတွေးပေါင်းစုံ ဝင်ရောက်လာတော့လေရာ . . .

အင်္ဂိဇာပညာကြီးကို အလွန်တတ်ချင်လွန်းလှသော ကျန်ုပ်မှာ နေပူမရှောင်မိုးရွာမရှောင် ဌေးကြေးချို့တဲ့လွန်းသည့်ကြားမှ အလူးအလဲကြဲကြဲခံရင်း ဆရာ့ထံ မပျက်မကွက် ဆရာခေါ် သည့်ရက်တိုင်း လာရောက်ခဲ့ပုံများကို မျက်လုံးထဲပြန်မြင်ယောင်လာ၏။

မည်သူခေါ် ခေါ်၊ မခေါ် ခေါ် မည်သူစကားပြောပြော၊ မပြောပြော မြေကြီးတို့၊ ကြမ်းပြင်တို့ကိုသာကြည့်ပြီး နူတ်ဆိတ်စွာထိုင်နေရင်း ဆရာသင်ကြားပေးခဲ့သမျှ တစ်ကွက်တလေများကို စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်ဖြစ်နေအောင် နူတ်မှအလွတ်ကျက် အာဂုံဆောင်ခဲ့သူ ဖြစ်၏။ ဉာဏ်မမီသူဖြစ်သောကြောင့် အာဂုံဆောင်ခဲ့ရသော်လည်း ကျက်၍မှေ့သွားလျှင် ကိုယ့်ကိုယ်ကိုယ်ဒဏ်ပေးပြီး နားရွက်ဆွဲထိုင်ထလုပ်၏။ ထမင်းမစားဘဲ ကိုယ့်ကိုယ်ကိုယ်အပြစ်ပေး၏။

ဘဝကြီးတစ်ခုလုံးကို အင်္ဂိဇာပညာအတွက် နှစ်မြှုပ်ထားလိုက်၏။ အလွန်အထင်သေးခံရလွန်းသောဒဏ်သည် ကျန်ုပ်အတွက် အကောင်းဆုံးခွန်အားများအဖြစ် ပြောင်းလဲလာခဲ့၏။

အလွန်နှိမ်ကြလွန်းသူများသည် ကျန်ုပ်ကိုကြီးစားအောင်ဝိုင်းဝန်းမြှောက်စားခဲ့ကြသော ကျေးဇူးရှင်များအဖြစ် ကျန်ုပ်မှတ်ယူလိုက်၏။ သူတို့နှိမ်လုံး၍ ဘဝနာခဲ့ရပြီဖြစ်ရာ သူတို့ကိုလည်း ကျေးဇူးတင်ပါသည်။

ငွေကြေးမပြည့်စုံ၍ အဖက်လုပ်ပြီးစကားပြောမခံခဲ့ရသောကျန်ုပ်သည် ကျန်ုပ်နှင့်ပတ်သက်ခဲ့သမျှသူအားလုံးကို ကျေးဇူးတင်တတ်လာ၏။ နူတ်ဆိတ်စွာနေနိုင်သောအကျင့်ကို ကျင့်ပေးခဲ့ကြသူများဟု သူတို့ကို ကျေးဇူးတင်တတ်လာ၏။

ဆရာကလည်း အင်္ဂိဇာပညာကို ကျန်ုပ် အလွန်မြတ်နိုးကြောင်း၊ အလွန်တတ်ချင်ကြောင်း၊ အင်္ဂိဇာပညာနှင့် ပတ်သက်လာလျှင် ကျန်ုပ်အလွန်ဒုက္ခခံပြီးသင်ကြောင်း သိထား၏။

ဆရာ ကျန်ုပ်ကိုစကားမပြောလျှင် နူတ်ဆိတ်စွာ နေတတ်သောအကျင့်ကို ကျင့်ပေးနေသည်ဟု ခံယူ၏။

ဆရာဆူလျှင် ကျန်ုပ်အလွန်ပျော်၏။ ကျန်ုပ်ကို အသိအမှတ်ပြုသည်ဟု ပီတိဖြစ်ရ၏။

ဆရာရိုက်လျှင် ကျန်ုပ်ကို အချစ်လွန်၍ တတ်စေချင်လွန်းသောမေတ္တာကြီးမားလှသည်ဟု ခံယူပြီး ဝမ်းသာစွာခေါင်းငုံ့ခံ၏။

ထို့ကြောင့် -

ဆရာ့ကိုချစ်၏။

ဆရာ့ကို ရိုသေရလွန်းသောကြောင့် သတိရတိုင်း ကန်တော့မိ၏။ မေတ္တာအမြဲပို့မိ၏။

ပညာယူရသည်မှာ မလွယ်ပါ။

ဆရာမပေးမချင်း ဘာကိုမှမမေးရဲပါ။ မည်မျှသိချင်သိချင် မဟရဲပါ။ ဆရာ့အရိပ်အကဲကိုသာကြည့်နေရ၏။ နာရီကို သတိထား၍ အခါတိုင်းမျှကို စိတ်ထဲတွင် အဆင်သင့်အသင့်ပြင်ပြီး ထူထား၏။ ဆရာမေးလျှင် ဒေါက်ခနဲဖြေနိုင်အောင်ဖြစ်ပါသည်။ နိမိတ်ကိုလည်း သတိထားနေရ၏။

ဆရာနှင့် အခြားသူများ စကားပြောနေလျှင် ထိုစကားများကို လိုက်မှတ်နေရ၏။ အကြောင်းအရာသည် ဘာအကြောင်းအရာ၊ဘယ်အခါမို့ဘာအကျိုးဝတ်ထားပြီးဘာပြောသည်၊ ဘာစားနေ၍ ဘာပြောသည်၊ ဘယ်နိမိတ်ကို ကိုင်ဆောင်ထား၍ ဘာစကားပြောသည်ဟူသည်ကို သတိမလွတ်အောင်မှတ်နေရ၏။ ဆရာမေးမေး၊ မမေးမေး ကြိုးစားပြီးမှတ်နေရမည်မှာ ကျန်ုပ်၏တာဝန်ဖြစ်၏။

ဆရာသည် ကျန်ုပ်ကိုချစ်ပါသည်။ ကျန်ုပ်သိ၏။

ကျန်ုပ်ကို မည်သည့်အခါမျှ အကောင်းမပြောသော်လည်း ကျန်ုပ်လာခိုန်ရောက်လျှင် ကျန်ုပ်လာတတ်သည့် လမ်းဘက်သို့မျှော်ကြည့်နေတတ်၏။ ပညာပေးလျှင် ရင်ထဲ၊ အသည်းထဲစွဲသွားအောင်ပေး၏။

ဆရာ့ထံပညာသင်ကြားနေရလျှင် ကျန်ုပ်အလွန်ပျော်၏။ ကြိုးစား၏။ ဤမျှ သတိထားလွန်းပြီး ကြိုးစားနေသည့်ကြားမှ -

"မောင်မောင်သန်းရေ"

"ဗျာ - ဆရာ"

"မနက်ဖြန်ကျ မင်းနဲ့ငါနဲ့သွားစရာရှိတယ်"

"ဟုတ်ကဲ့"

ဆရာနှင့်အတူသွားရသောနေရာမှာ အခြားနေရာမဟုတ်။ ရန်ကုန်မြို့ထဲရှိ ပန်းဆိုးတန်းဆိပ်ကမ်းဖြစ်၏။ ဆရာသည် ပန်းဆိုးတန်းဆိပ်ကမ်းတွင် မတ်တတ်ရပ်၍ ငြိမ်သက်စွာ လေချွန်နေ၏။ ကျန်ုပ်က ဆရာဘေးတွင်ရပ်၍ ဆရာဘာခိုင်းမည်ကိုစဉ်းစားရင်း အသင့်ပြင်ထား၏။ (၁၅) မိနစ်ကြာသည်ထိတိတ်ဆိတ်စွာလေချွန်နေပြီးမှ -

"မင်း ဟိုမှာကြည့်စမ်း တွေ့လား ရေတွေ"

"ဟုတ်ကဲ့ ဆရာ၊ တွေ့ပါဘယ်"

မြစ်တွင်းသို့မေးငေါ့ပြပြီးမေးလိုက်သည်နှင့် မဆိုင်းမတွဖြေလိုက်၏။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဘာမှမပြော။ ခေါင်းလေးတညိတ်ညိတ် လုပ်နေ၏။ ပြီးမှ -

"အေး - ပြန်ကြမယ်"

ဟု တစ်ခွန်းသာပြောပြီး ကားဂိတ်ဘက်သို့ လှည့်ပြန်သွားရာ ကျွန်ုပ်လည်း နောက်ကအပြေးလေးလိုက်သွားရ၏။

ဆရာခေါ်သည့်ရက်တွင် ဆရာဆီသွားရ၏။ တစ်ပတ်လျှင် တစ်ရက်သာဖြစ်၏။ ဘာမှမပြောသေးပါ။ ယခင်သင်ထားပေးခဲ့သော အင်္ဂဝိဇ္ဇာတိုင်များကို ကျွန်ုပ်က စဉ်းစားထားသော်လည်း ဆရာဘာမှမမေး။

ဗဟိုဧရိယရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း အလှာပသလွှာပပြော၏။ ကရာတေးပညာအကြောင်းသာများ၏။

တစ်လခန့်အကြာတွင် -

"မင်းနဲ့ငါနဲ့သွားစရာရှိတယ်"

"ဟုတ်ကဲ့"

ပြီးခဲ့သောလက ရောက်ခဲ့သော ပန်းဆိုးတန်းဆိပ်ကမ်းပင်ဖြစ်၏။ ကျွန်ုပ်အလွန်သတိထားပါသည်။ ဤနေရာကို လာသည်မှာ နှစ်ခါရှိပြီဖြစ်ရာ အကြောင်းတစ်ခုခုတော့ရှိလိမ့်မည်ဟု သတိကိုထားနေရာမှ -

"မောင်မောင်သန်း"

"ဗျာ - ဆရာ"

"ဟိုတစ်လောက ငါမင်းကိုပြခဲ့တဲ့ ရေတွေရှိသေးလား၊ ကြည့်စမ်း"

"ရှိတယ်လေ ဆရာ၊ ဟိုမှာလေ မြစ်ပြင်ကျယ်ကြီး"

ဆရာပြုံးလိုက်ပါသည်။ မဲ့ပြုံးဖြစ်၏။

"အင်း - မင်းအင်္ဂဝိဇ္ဇာပညာတတ်ဖို့မလွယ်ဘူး။ အင်္ဂဝိဇ္ဇာပညာရှင်ဖြစ်လာဖို့ဆို အိပ်မက်တောင်မမက်နဲ့"

ဆရာ့ကိုအလွန်ကြောက်ရသူဖြစ်သောကြောင့် ဆရာ့စကားကိုနားထောင်အပြီး ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားသော်လည်း ဘာမှမမေးရဲပါ။

"မင်းဟာ အင်မတန်ဉာဏ်နုနည်းတယ်၊ ဉာဏ်ကိုလွှာမသုံးတတ်ဘူး။ မင်းကို ငါပြခဲ့တုန်းက ရေကသေနေလား၊ ရှင်နေလား"

"ဗျာ"

"ငါပြတုန်းက ရေကစီးနေလား၊ ရပ်နေလား"

"စီးနေပါတယ် ဆရာ"

"အေး - ဒါဖြင့် ငါပြခဲ့တုန်းကရေတွေရှိနေပါသေးတယ်လို့ မင်းဘယ်လို သက်သေပြမလဲ။ ဘယ်မလဲ အဲဒီရေတွေ"

'ဟာ' ဟု စိတ်ထဲမှရွတ်လိုက်မိသော်လည်း အသံထွက်မလာပါ။ တွေဝေသွားပါတော့သည်။

"သွားပြီ အဲဒီရေတွေ၊ ဟိုးပင်လယ်တို့၊ သမုဒ္ဒရာတို့ဆီကိုသွားကြပြီ။ မင်းတွေ့တဲ့ရေတွေမရှိတော့ဘူး။ သူတို့စီးဆင်းသွားကြတဲ့နေရာကို နောက်ရေအသစ်အသစ်တွေက ထပ်ထပ်ရောက်လာပြီး စီးဆင်းနေကြပြီ။ အစားဝင်ကုန်ပြီ"

ဆရာ့စကားကို နားထောင်ရင်း ကြောင်တောင်တောင်နှင့် ဟိုကြည့်ဒီကြည့်ကြည့်ရင်း ဘာမှမပြောရဲတော့ပါ။ နှုတ်ဆိတ်နေမိပါ၏။ ဆရာသည် အတန်ကြာအောင် ငြိမ်သက်စွာ လေချွန်နေလိုက်ပြီးမှ တဖြည်းဖြည်းချင်းလျှောက်သွားတော့၏။ ကျွန်ုပ်က နောက်မှကပ်ရက်။

ဆရာခေါ်သည့် ရက်များတွင် ဆရာဘာမှမပြောမချင်း ကျွန်ုပ်မှာဘာစကားမှမပြော၍ မေးဖို့ဆိုလျှင်ငေးစွဲ။ ဆရာနှင့်မလှမ်းမကမ်းလေးမှာထိုင်ရင်း နှင့်သာ ကျေနပ်နေ၏။

ကျွန်ုပ်အားရှိပါပြီ။ သင်ရသည်ဖြစ်စေ၊ မသင်ရသည်ဖြစ်စေ ဆရာခေါ်ခေါ်ထား၍ ဆရာ့အနီးနားနေပြီး ဆရာကိုကြည့်နေရသည်ကိုက ကျွန်ုပ်အလွန်ကျေနပ်ပီတိဖြစ်နေ၏။ ဆရာ့ကို အမြဲကြည့်ခွင့်ရပါပြီ။

ဆရာ့အနီးတွင်နေခွင့်ရပါပြီ။

"အစ်မ၊ ကျွန်တော်ဆရာ့နားမှာ နေခွင့်ရနေပြီသိလား"

"ဟုတ်လား၊ သင်ရပြေပဲ"

"ဘယ် - သင်တာ၊မသင်တာအပထား။ ဆရာ့ကိုထိုင်ကြည့်နေရတာနဲ့တင် ကျွန်တော်ထီပေါက်သလောက်ဝမ်းသာနေပြီ။ ဆရာ့နားကို ဒီလိုကပ်ရဖို့လွယ်မှတ်လို့"

ဆရာ့ကို ကျွန်ုပ်ဘယ်လောက်ချစ်သည်၊ ဘယ်လောက်ကြောက်ရသည်၊ ဘယ်လောက်ရိုသေရသည်ကို အစ်မလှသိနေပါသည်။ သွားသွားသင်နေသော အင်္ဂဝိဇ္ဇာပညာကြီးကို မည်မျှတတ်ချင်မှန်းလည်း အစ်မလှသိပါသည်။ ယခု ကျွန်ုပ်၏စကားတွင် သင်ကြားခြင်းအကြောင်းများ တစ်ခွန်းမှမပါ၍ထင်၏။ အစ်မမျက်နှာမကောင်း။ ကျွန်ုပ်ကို သနားစွာနှင့်ကြည့်ရင်း မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်နေ၏။

တစ်ရက်စ -

နှစ်ရက်စမှသည် -

တစ်နှစ်ကျော်လာသည်ထိ ဆရာဘာမှသိပ်မသင်ပေးသေး။ ဆရာသည် ကျွန်ုပ်ကို ဇွဲစမ်းနေသည်ဟု ကျွန်ုပ်ကလည်း ခံယူပါသည်။ ကျွန်ုပ်ကိုယ်က ဉာဏ်နုနည်းလွန်းရာ ဆူဆူဆဲဆဲနှင့် ပင်ပင်ပန်းပန်းသင်ပေးရသော ဆရာ့အား ကျွန်ုပ်က အလွန်အားနာနေမိ၏။

ဆရာ့အား အင်္ဂဝိဇ္ဇာပညာအချို့နှင့် အဂ္ဂိရတ်ပညာများပါ သင်ကြားပေးသော ဆရာကြီးတစ်ဦးရှိ၏။ ထိုဆရာကြီးမှာ ဆရာ့ထက်များစွာအသက်ကြီးပြီး ကျွန်ုပ်လည်း သိမီလိုက်၏။ ဒေါင်အလွန်ကောင်း၏။ စကားပြောလျှင် တစ်ခွန်းချင်းပြောတတ်၏။ ဆရာနှင့်ပြောမနာဆိုမနာ သူငယ်ချင်းပေါင်းပေါင်း၏။

အင်္ဂဝိဇ္ဇာပညာကို အချို့တစ်ခွန်းနှစ်ခွန်းစသင်ပေးသည်ဟု ဆရာကပြောဖူးသော်လည်း ကျွန်ုပ်တို့မျက်စိရှေ့တွင် အဂ္ဂိရတ်ပညာသာပြသည်များ၏။ တစ်ခါတစ်ခါမှ ဒေါက်ခနဲပြောတတ်၏။ ဆရာကြီးသည် မူလဂြိုဟ်ကိုကြည့်၍ နံတော်စဉ်နှင့်ဟောလိုက်လျှင် ကြောက်စရာကောင်းလောက်အောင် မှန်လွန်း၏။

အချို့ကိစ္စများကို ဟောလျှင် ဆရာက ကိန်းဂဏန်းများနှင့်ဟော၏။ သူက နံတော်စဉ်နှင့်ဟော၏။ မှတ်မှတ်ရရ -

လူတစ်ယောက်သည် ကြာသပတေးအခါတွင်ရောက်လာပြီး ဆရာ့ထံလာမေး၏။ သူမေးချိန်မှာ ဆရာ၏ဆရာကြီးလည်းရှိနေ၏။ မေးခါနီး ထိုသူသည် ဘာမပြောညာမပြောနှင့် လက်နှစ်ဖက်ကိုဖြန့်ပြီး ဆရာ့ရှေ့ထိုးပေး၏။ သို့သော် သူ၏လက်မှာ လက်ဝါးမဖြန့်တဖြန့်ဖြစ်နေပြီး လက်ဝါးနှစ်ဖက်အတွင်း ဘက်လှည့်ရက်ကြီးဖြစ်နေ၏။ ကြည့်သည်မှာ ဆရာကပြောမှ လက်နှစ်ဖက်လုံးဖြန့်လိုက်မည့်ဟန်တူပါသည်။ ဆရာမဆိုထားနှင့် ကျွန်ုပ်၏ အမြင်မှာတွင် ထိုသူ တစ်မျိုးကြီးဖြစ်နေ၏။ ဆရာထိုသူ၏လက်နှစ်ဖက်ကို သေချာစိုက်ကြည့်နေသလို ဆရာကြီးကလည်း ထိုလက်နှစ်ဖက်ကိုကြည့်နေ၏။

"ခင်ဗျားအမှုဖြစ်နေပါလား"

ဟု တစ်ခွန်းထဲပြောထွဲလိုက်ထိုလူသည် သူ့လက်များကို ဆတ်ခနဲရုတ်သွားပြီး ဆရာ့ကိုကြောင့်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com

၏။ ထိုစဉ် -

ဆရာကြီးသည် -

"ဩော် - သူများစကားကြောင့် မြင့်ရာကနေ နိမ့်ရာကိုကျဲသွားရှာတာကိုး"

ဟု ထပ်ပြောလိုက်ပါ၏။

ထိုသူသည် ကြမ်းပြင်ပေါ် သို့ လက်ထောက်လိုက်ပြီး ဆွဲဆန့်လျှင် အတော့်ကို ရှည်လျားလောက်သည့် သက်ပြင်းရှည်ကြီးကိုချရင်း ကြမ်းပြင်သို့ ခေါင်းငိုက်စိုက်ချထားလိုက်ပါတော့သည်။

"ဘယ်လိုဖြစ်တာလဲဗျာ။ ကျွန်တော် ဘယ်မှာသွားမေးမေး၊ ဘယ်နှခုလဲ၊ အသက်ဘယ်လောက်လဲ၊ ဘာနဲ့သားလဲတွေမေးပြီးမှ တောင်ဟောမြောက်ဟောတွေလျှောက်ပြောကြတာချည်းပဲ။ ခုလို ဘာမှလဲမမေးဘဲနဲ့ ဘာမပြောညာမပြော တုတ်ထဲလိုက်တာ ဒီတစ်ခါပဲကြုံသေး၊ အံ့ပါဗျာ"

"ခင်ဗျားအကြောင်းကို ခင်ဗျားပြောမှသိရမှာလား"

"ဩော် - မဟုတ်ပါဘူး ဆရာ၊ အံ့သြလွန်းလို့ပါ။ ကျွန်တော့်စကား အဓိပ္ပာယ်မှားသွားရင် ရှိခိုးတောင်းပန်ပါတယ်ဆရာ။ ဟုတ်ပါတယ်၊ကျွန်တော် အမှုဖြစ်နေတာပါ၊ အိမ်အမှုပါ။ ကျွန်တော်ရှုံးသွားလို့ ဆင်းပေးလိုက်ရပါပြီ။ ဟိုဆရာကြီးပြောသလိုပါပဲ၊ ဘေးကမ္ဘောက်ပေးလို့ ကျွန်တော်ကတင်းခံထားရင်းကနေ တရားစွဲခံလိုက်ရပြီး ကျွန်တော်ပြောင်းပေးလိုက်ရတာပါ။ ဟာဗျာ၊ မမြင်ဘူးပါဘူး အံ့ရော"

ထိုလူသည် ဆရာနှင့်ဆရာကြီးတို့ တစ်လှည့်စီ တအံ့တသြကြည့်ရင်း စကားမပြောနိုင်ဖြစ်နေရာမှ ကျွန်ုပ်ဘက်သို့လှည့်၍ ခေါင်းတညိတ်ညိတ်လုပ်ပြ၏။ သဘောမှာ 'ငါတော့ အံ့ရော ညီလေးရာ' ဟု အသံတိတ်ပြောနေပုံရ၏။

ဤအတွေ့အကြုံမှာ ဆရာနှင့် ဆရာကြီး မကြာခဏ ဆုံကြပြောကြသည့်အကြောင်းအရာများထဲမှ မှတ်မှတ်ရရတစ်ခုဖြစ်၏။ အချို့အကြောင်းများမှာ ကြက်သီးထခမန်းများပါ၏။ ယခုအတွေ့အကြုံမှာ ကျွန်ုပ်၏ရှေ့တွင် ပထမဦးဆုံး စတင်တွေ့ရသော နှစ်ဦးလုံး၏ဟောကိန်းဖြစ်၏။

သူတို့နှစ်ဦးသည် တစ်ပတ်လျှင် သုံးရက်ခန့်ဆုံ၏။

တစ်ခါတစ်ခါ နှစ်ပတ်၊ သုံးပတ် မဆုံဖြစ်ပြန်။

ဆုံတိုင်းတော့ မဟော်ကြပါ။ နှစ်ယောက်သား ငြင်းကြခုံကြ၊ ရန်ဖြစ်ကြသည်ကသာများ၏။ သူတို့အဂ္ဂိရတ်ကိစ္စသာများ၏။

သူတို့နှစ်ယောက်၏ တစ်ပြိုင်တည်းကျလာသည့် မျက်လုံးတိုင်းကို ကျွန်ုပ်ရှောင်၏။ ဝေးဝေးမှာနေ၏။ ကျွန်ုပ်ကိုနှစ်ယောက်သားဆုံကြည့်ကြပြီ ထင်လျှင် ဟိုလိုလိုဒီလိုလိုလုပ်ပြီး ဆရာသားလေးများနှင့်သွားဆော့နေလိုက်ပါသည်။ သူတို့၏ ကြောက်စရာကောင်းသော ဟောကိန်းကြီးများကို နားမထောင်ရဲပါ။

တစ်နေ့ -

အမျိုးသမီးကြီးတစ်ယောက် ရောက်လာပြန်၏။

ထိုနေ့ကလည်း ဆရာနှင့် ဆရာကြီးတို့နှစ်ယောက် ပြဒါးတို့၊ သွပ်တို့၊ ဘော်တို့နှင့်ပတ်သက်ပြီး ကျွန်ုပ်နားမလည်သော အကြောင်းအရာများကို ငြင်းခုံနေကြချိန်ဖြစ်၏။

"မောင်သန့်ဇင်ရေ၊ စန္ဒြာအခါကွ"

"အေးလေ၊ သူလက်ထဲမှာကိုင်လာတဲ့ ပိုက်ဆံအိတ်က ရွှေရောင်လေဗျာ။ ခေါက်ယပ်တောင်တဖျတ်ဖျတ်နဲ့။ ဘာပဲဖြစ်ဖြစ် ယပ်တောင်ကယပ်တောင်ပဲ၊ ဗုဒ္ဓဟူးအားတွေများနေပြီ။ အပေါ်မှာ တနင်္ဂနွေကစီးထားတယ်။ အတွင်းရန်မကောင်းတော့ဘူး"

"ဟုတ်တယ်ကွ၊ လူထွက်ချိန်ပဲ။ ဒါအကောင်းထွက်ကြီးမဟုတ်ဘူး"

"ခင်ဗျားကလည်း ရန်စီးထားမှတော့ အကောင်းထွက်မလားဗျ"

ဆရာကြီးသည် ကော့နေသော မျက်ခုံးမွေးများကိုထောင်သွားလောက်သည်ထိ အားရပါးရရယ်လိုက်ပြီး သူလက်ထဲမှ လုံအထုပ်ကိုကြည့်နေ၏။ ဖိထိုးဖို့ လုံများဝယ်လာခြင်း ဖြစ်၏။

"အေးလေ-ငါကလည်းဘာပြောလို့လဲ၊ လူထွက်ပါပြီဆို"

ဆရာကြီးနှင့် ဆရာ အချိုအချဉ်ပြောနေကြသည်ကို ထိုအမျိုးသမီးကြီး ငေးကြောင်ကြည့်နေရင်း -

"နေ. . . နေကြပါဦး၊ ကျွန်မအိမ်က လူထွက်သွားတာ ဒီက ဆရာတို့ကို ဘယ်သူများလာပြီး လာပြီး. . . "

"ခင်ဗျားနှယ်၊ ကျုပ်တို့က ခင်ဗျားအကြောင်းကို သူများပြောမှသိရမှာတဲ့လား။ ခင်ဗျားယောကျ်ားထွက်သွားတာ"

"ဆရာ"

"ဆို"

"ဟုတ်တယ်ဆိုတာတော်တော်မေးတော့ဘူးဗျာ ဆရာ"

ဆရာသည် ဆရာကြီးဘက်သို့ လှည့်ကြည့်၍ တစ်ချက်မှိတ်ပြီးလျှင်မဘက်သို့ မျက်နှာပြန်လှည့်သွား၏။ ဘာမှဆက်မပြောတော့။

"ကျွန်မတော်တော်လန့်သွားလို့ပါ ဆရာ၊ အဲဒါဘာခေါင်းစဉ်လဲဟင်"

"ခင်ဗျားဗျာ ပညာကိုမှား ရာရာစစ"

"မောင်သန့်ဇင်ကလည်းကွယ် သူမှမသိတာကိုး။ အေး၊ အေး - ခင်ဗျားကလည်း ဟုတ်နေရင် ပြီးပြီပေါ့။ ဘာလုပ်ချင်လို့လဲ၊ ပြန်ခေါ်ချင်တာလား။ ဟို ဆရာက ဒဲ့ပဲပြောတတ်တယ်။ ပြောရင်လည်း တုတ်ထိုးအိုးပေါက်ပဲ၊ မှန်နေရင်ပြီးပြီပေါ့။ ပြန်ခေါ်ချင်တယ်မို့လား"

"ဟုတ်ကဲ့ရှင့်၊ ပြန်ခေါ်ချင်လို့ပါ"

"အေး၊ အေး - ဘုရားဆောင်ကကျွမ်းနေတဲ့မီးလုံးအသစ်လဲလိုက်၊ ပြန်ရောက်လာလိမ့်မယ်"

"ဟယ် - အမလေး"

"ဘာဖြစ်တာလဲ"

"ဟယ်တော့ ဘုရားစင်ဘုရားမီးလုံးကျွမ်းနေတာ တစ်ပတ်ရှိပြီ။ ဟယ်တော့ - ကတဲ - သိလိုက်ကြတာတော်၊ အံ့ရော အမလေး"

ထိုအမျိုးသမီးကြီးသည် ဆရာကြီးခိုင်းလိုက်သည့်အတိုင်း မီးလုံးအသစ်လဲပြီး နှစ်ရက်အကြာ သူ့ယောကျ်ားပြန်ရောက်လာ၍ ဆရာ့အား ငွေသုံးဆယ့်နှစ်ကျပ် လာကန်တော့သွားပါသည်။

ဤသို့ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တစ်ယောက်တစ်မျိုး ဟောကြသော ဆရာတပည့်နှစ်ဦး၏မန်းမဝေးတွင် ကျွန်ုပ်သတိကြီးစွာထားရင်း ခိုင်းသမျှပြုလုပ်ပေးရင်း၊ အရိပ်အကဲကြည့်ရင်း ပညာအကြောင်းများကို ကြောက်ခမန်းလိလိကြားခဲ့ရပါသည်။

ဆရာနှင့်ဆရာကြီးဟောကြသည်မှာ အလွန်မှန်ကန်လှပါသည်။ အင်္ဂလာသန့်သန့်လေးဖြစ်ပြီး အခြားဘာဟောကိန်းမှမပါပါခဲ့ချေ။

တစ်နေ့ ဆရာကြီးအား မီးသွေးအိတ်လိုက်ထမ်းပေးရင်း -

"ဆရာကြီး"

"ဟေကွာ"

"ဟိုးတစ်လောက ဟိုအမျိုးသမီးကြီးတစ်ယောက် ဟိုခင်း"



www.burmeseclassic.com

www.burmeseclassic.com

"မင်းဟာက ဟိုတွေမျှားနေပြီ လကွယ်"

"သူယောကျ်ားဆင်းသွားတော့ မီးလုံးကျွမ်းတာလဲခိုင်းလိုက်တာ ကျွန်တော် တော်တော်လေး. . . "

"ဩော် - ဒါလား၊ သားကတတ် ချင်တယ်ပေါ့"

"ဟုတ်ကဲ့"

"မင်းလည်း တိုင်တတ်နေတာပဲ လေကွယ်၊ ကြည့်ပေါ့"

"ကျွန်တော် ဉာဏ်နဲ့နည်းပါတယ် ဆရာကြီး၊ ဉာဏ်မမီပါဘူး"

"အေး-ငါဟောခဲ့တုန်းက လူထွက်တဲ့အခါလေ၊ စဖြော"

"ဟုတ်ကဲ့"

"မင်းဆရာ၊ ဘုဒ္ဓဟူးနိမိတ်တွေ ချည်းပြောမနေဘူးလား"

"ဟုတ်ကဲ့ - ပြောနေပါတယ်"

"အေး-သူ့အပေါ်မှာဘာရှိတုံး"

"ဗျာ-ဘယ်သူ့အပေါ်မှာလဲခင်ဗျ"

"အိုကွာ၊ အဲဒီဘုဒ္ဓဟူးအပေါ်မှာ ဘာရှိတုံး"

"တနင်္ဂနွေ ခင်ဗျ"

"အေး - ဘာဓာတ်လဲ"

"မီးခဲပါ ဆရာကြီး"

"ငါမေးတော့လည်း မင်းအဖြေ ဟုတ်သား၊ မသိဘူးဆို"

"လူထွက်တာကို နံတော်စဉ်နဲ့မှန်းလို့ရပေမယ့် မီးလုံးကျွမ်းတာကို . . . "

"အေးလေ- မီးလုံးဟာ မီးတောက်မှမဟုတ်ဘဲ၊ မီးခဲလေးနဲ့မတူဘူးလား"

"ထူတယ် ခင်ဗျ"

"အေး- ဒါဖြင့် မီးခဲဟာဘာပြုနေတုံး။ တနင်္ဂနွေလေ၊ ဘာပြုနေတုံး"

"ခိုက်နေပါတယ် ဆရာကြီး"

"ခိုက်ရင် သူအသက်ရှိပါတော့ မလား"

"မရှိပါဘူး"

"အေး - ဒါပေမယ့် ရှိတယ်ကွယ်၊ အခိုက်သတ္တိတော့ရှိတယ်။ ဘာသတ္တိလဲ၊ အိမ်ထောင်ဦးစီးခိုက်တဲ့သတ္တိ၊ ယောကျ်ား ခိုက်တဲ့သတ္တိ မရှိဘူးလား၊ ရှိလား"

"ယောကျ်ားဆိုတာ ဟို. . . . "

"မင်းကလည်းလေ၊ မင်းဆရာက ဒါကြောင့်အပြစ်ဆိုတာမင့်ကို။ မင်းအင်္ဂါဝိဇ္ဇာသင်တော့ မသင်ရဘူးလား။ အောင် - ဆု - လည်း - ပွား ဘာတဲ့"

"ပြော် - အောင်ဆုလည်းပွား ကြိုဟ်ယောကျ်ား။ ဟာ - ဟုတ်တာပေါ့၊ ယောကျ်ားခိုက်နေတာ"

"အေး - အခိုက်သတ္တိတွေပြည့်စုံမနေဘူးလား"

"ဟုတ်ကဲ့ - ပြည့်စုံနေပါတယ်"

"ဒါဖြင့် တနင်္ဂနွေဒါလောက်ခိုက်နေမှတော့ ရေများလို့ပေါ့ကွ။ ရေများရေနှင့်၊ မီးများမီးနှင့်လေ။ ရေများပြီ"

"အဲဒီရေက"

"ဟား-ဒီကလေးနှယ်၊ မင်းဆရာပြောတဲ့ ဘုဒ္ဓဟူးနိမိတ်တွေမမှတ်မိတော့ ဘူးလား"

"ပြော် - မှတ်မိပြီ၊ ဆရာကြီး"

"ဘုဒ္ဓဟူးနိမိတ်တွေဦးစီးမလာဘူး လား။ သူလာတာ မနက်ပိုင်းလေ"

"ဟုတ်ကဲ့ - ဦးစီးပါတယ်"

"အေးပေါ့၊ ရေများပြီလေ။ ဘုဒ္ဓဟူးက ရေကြိုဟ်လေ၊ မီးနိမိတ်မှမလာဘဲ"

ပခုံးပေါ်တွင် မီးသွေးအိတ်သာ မရှိပါက ကိုယ့်နဖူးကိုယ်ပြန်ရိုက်မိမှာ သေချာ၏။ ငါတော်တော်ဉာဏ်နည်း တာပဲဟု တွေးရင်း -

"ဟုတ်ကဲ့ - ရေများပါပြီ"

"အေး- မီးများမီးနှင့်၊ရေများရေနှင့် ပေါ့။ ရေများတော့ မီးငြိမ်းရပြီပေါ့။ ဒါကြောင့် ဘုရားမီးလုံးကျွမ်းနေတာကို ငါ ပြောလိုက်တာပေါ့"

ကျွန်ုပ်၏ခြေထောက်များပိုသွက် သွားပါတော့သည်။

"သားဖြည်းဖြည်းလျှောက်လေ၊ ချော်လဲဦးမယ်၊ တော်နေကြာ. . . . "

တွေးတတ်ခေါ်တတ်အောင်သင် ကြားပေးသော ဆရာကြီးကို ချက်ချင်း ကန်တော့လိုက်ချင်ပါပြီ။ သို့သော် မီးသွေးအိတ်အောက်ချပြီးမှ ကန်တော့ရ မည်မို့ မီးသွေးအိတ်ကို ပြန်မ,တင်ရန် အံ့ခက်အခဲရှိနေ၍ လက်တစ်ဖက်နှင့် သာ ရင်ဘတ်ထိ၍ကန်တော့ရင်း လိုက် ပါသွားရပါတော့၏။

ဆရာကြီးသည် ဆရာ့အား မကြာ မကြာပြော၏။

"မောင်သန့်ဇင်၊ မင်းဒီကလေးကို ကောင်းကောင်းမွေးပါ။ သူဟာတော် တော်ရှားပါးပါတယ်။ ဆရာရဲ့အလိုက် ကို သိတတ်လွန်းတဲ့တပည့်ကောင်းလေး ပါ။ 'လာမူကြိုဆီး ထံနီးလုပ်ကျွေး သင် တွေးအံ့ရွတ်' ဆိုတာနဲ့ အတော်ကိုညီတဲ့ ကလေးပါ။ ခမျာမှာ ပျာနေရှာတာပဲ။ မင်းပြောသမျှဆိုသမျှ၊ ဆဲသမျှ၊ အပြုံး မပျက်ဘူး။ တစ်ခါတစ်ခါ မင်းဒဏ်ပေး လည်းလုပ်တာပဲ၊ နာယူတာပဲ။ မင်းငါ ရွေ့မှာ ဇက်ပိုးတွေဘာတွေပစ်အုပ်လဲ ခမျာမှာခံရှာပါတယ်ကွယ်။ မျက်နှာတစ် ချက်မပျက်ဘူး။ ဆရာ၊ဆရာနဲ့နေတာပဲ။ တစ်နေ့တစ်နေ့ မင်းမျက်နှာပဲထိုင်ကြည့် နေရှာတာ၊ မင်းဘာခိုင်းမလဲရယ်လို့။မင်း သင်မပေးလည်း သူခမျာဒီလိုလေးပဲပြန် သွားရှာပါတယ်။ ဘာမှလဲမပူဆာတတ် ရှာပါဘူး၊ ပညာမတောင်းရှာပါဘူး။ သူ့ကို သားသမီးလိုမွေးပါကွယ်။ တစ်နေ့ မင်းလိုတာတွေကို ဒီကလေးဖြည့်တဲ့သူ တစ်ယောက် မလွဲမသွေဖြစ်လာပါလိမ့်မယ်။ မင်းရဲ့လက်ကသုံးတောင်ဖေးလေး ပါ"

ဟု ပြောလိုက်လျှင် -

"အို - ကျွပ်က ဘယ်မအေ×××မှ အားမကိုးဘူး"

ဟုသာ ပြန်ပြောလေ့ရှိ၏။

ကျွန်ုပ်သည် ဆရာ့ကိုအလွန်ချစ် ၏။

ထို့ကြောင့် ဆရာသင်ပေးသည် ဖြစ်စေ၊ မသင်ပေးသည်ဖြစ်စေ ဆရာ့ကို ကြည့်နေရလျှင် ကျေနပ်နေ၏။ ဆရာ အနားတွင် ငြိမ်ငြိမ်လေးထိုင်နေပြီး ဆရာဦးသမျှ ပြေးပြေးလွှားလွှား သွက် သွက်လက်လက်လုပ်နေရလျှင် ပီတိဖြစ် နေ၏။ ဆရာကရာတေးတိုက်ကွက်များ သင်ပေးစဉ်ကလည်း ထိုအတိုင်းပင်နေ လေ့ရှိသောကြောင့် ယခုအင်္ဂါဝိဇ္ဇာပညာ သင်လာရသည့်အခါတွင် နေကျင့်ရနေ ချေပြီ။

ဆရာကြီးသည် ကျွန်ုပ်ရိုက်ချိုးလွန်း အလိုက်သိလွန်းသည်ကိုကြည့်နေတတ် ပြီး -

"အေး၊ အေး- မီးနှာတဲ့သံချောင်း ကောင်းဖြစ်လာမှာပေါ့ကွယ်"

ဟု အမြဲပြောတတ်၏။

"မင်းအိုးလုပ်တဲ့လေးတွေတွေ့ဖူးလား"

"မတွေ့ဖူးပါဘူး ဆရာကြီး၊ ကြားဖူးပါတယ်"

"အိုးလုပ်တဲ့သူဟာ အိုးကိုနာနာ ရိုက်တာ အိုးကောင်းဖို့ကွယ်။ ကွဲစေ ပဲ့စေချင်လို့ ရိုက်တာမဟုတ်ဘူး"

တစ်ခါတစ်ခါ ကျွန်ုပ်မကြားဘူး သောစကားများ၊ ကျွန်ုပ်ဉာဏ်မမီသော စကားများနှင့် ကျွန်ုပ်ကို ဆုံးမတတ်၏။ အားပေးတတ်၏။

မကြာခဏ ဆုံခဲ့ဖူးသော်လည်း တစ်ခါတစ်ရံမှသာ စကားပြောခွင့်ရခဲ့ပါ သည်။ ထိုဆရာကြီးသည် အတော်စွမ်း လှ၏။

ကျွန်ုပ်ကြုံဖူးသည်။

ခန့်တင်ဆိုသူ အိမ်ကအငယ်းသွား သည်ကို တံခါးတွင် သူ့အကြီးတင်ထား

www.burmeseclassic.com

ခိုင်းလိုက်ရာ ခန့်တင်မှာ ယောင်လည်လည်နှင့် (၄၈) နာရီအတွင်း ပြန်ရောက်လာ၏။

အလုပ်အတွက်လာသူကို လက်ဝါးမှာ ဝက္ကင်းပေးလိုက်ပြီး ထိုသူကို အင်တာဗျူးသွားဖြေခိုင်းလိုက်ရာ ထိုသူ ရှောရှောရှူရှူ အလုပ်ဝင်သွားပါတော့သည်။

နှင်းဆီပန်းကလေးတစ်ပွင့်ပန်ခိုင်းလိုက်ပြီး ကြွေးသွားတောင်းခိုင်းလိုက်ရာ ကြွေးရလာသည်များလည်း တွေ့ရ၏။

ဆရာကြီး၏ပညာများမှာ ဘာမှအထင်ကြီးစရာ အဆောင်အယောင်များမပါပါ။ ကြုံရာနှင့်ပြုလုပ်ခြင်းသာဖြစ်၏။ ကျွန်ုပ်က ဤသို့လက်တစ်ကမ်းပြုလုပ်ခြင်းများကို အလွန်သဘောကျသောကြောင့် အင်္ဂဝိဇ္ဇာပညာကြီးကို ပို၍ ပြီး ရိုသေလေးစား မြတ်နိုးလာခဲ့ရပါသည်။

တစ်ခါက ဆရာကြီးနှင့်ဆရာတို့ သွားသောနေရာသို့ ကျွန်ုပ်ပါလိုက်သွားခဲ့ဖူးပါသည်။ အလွန်ကိုက်သည်ဟု နာမည်ကြီးလှသော ခွေးသားအုပ်မသောင်းကျန်းနေချိန်ဖြစ်၏။ မွေးခါစ ခွေးလေးများကို ဟိုလူကလာယူလိုက်၊ ဒီလူကလာယူလိုက်ဖြစ်နေသောကြောင့် သူ၏ကလေးများ ပျောက်သွားခြင်းကို မည်းမည်းမြင်ရာလိုက်မဲကိုက်နေခြင်းဖြစ်၏။

ဆရာကြီးသည် ထိုခွေးသားအုပ်မ ၁၀နေသည့်နေရာနားအရောက် သူ၏ ညာလက်မလေးထောင်ပြလိုက်ပါသည်။ ခွေးမသည် ဆတ်ခနဲခေါင်းထောင်ထ၍ မာန်ဖီလိုက်ပြီး အမြီးလေးတနှန့်နှန့်နှင့် ပြန်လှဲချသွား၏။ ကျွန်ုပ်ကဆဲကာမှဆဲရော ဆရာ့အကျီစကို နောက်ကကိုင်ထားရင်း ဆရာနှင့်ကွယ်ထား၏။ ခွေးပြန်လှဲသွားမှ ဆရာဘေးမှကပ်လျှောက်ခဲ့၏။ဆရာကြီးက ခွေးမကို လက်မလေးထောင်ပြလိုက်ရုံနှင့် ဤမျှကိုက်နေသော ခွေး အဘယ်ကြောင့်ငြိမ်သွားပါသနည်း။

မတွေးတတ်တော့ပါ။

တစ်နေ့လည်း -

"မောင်သန့်ဇင်ရေ စနေနဝင်းခွဲနိုက္ခ"

"အေးလေ၊ မွေ့တွေ့ရင် ဘယ်လိုလုပ်မလဲ"

"တွေ့ရင်လည်း တွေ့တဲ့မွေ့ဟာ အဆိပ်ပြင်းမှာကွ၊ ဘာလုပ်လို့ရမှာလဲ။ မင်းကောက်ယူပြီး လည်ပင်းဆွဲထားပေါ့ကွာ ဟား ဟား ဟား"

မကြာပါ။ သူတို့နှစ်ယောက် လျှောက်၍ (၁၅) ပေခန့်အရောက် ပါးပျဉ်းထောင်စပြုနေသော မြွေဟောက်လေးတစ်ကောင်နှင့် ပက်ပင်းတိုး၍ ဆရာတပည့်နှစ်ယောက်လွှေ့ပတ်ရှောင်သွားခဲ့ရဖူးပါသည်။

သူတို့နှစ်ယောက်သည် သွားအတူ၊ လာအတူ၊ စားအတူနေကြသော်လည်း မည်သည့်အခါမျှမတည့်။ ရန်ဖြစ်ရင်းနှင့် သူတို့အမြင်ကို သူတို့ပြောတတ်ကြ၏။ ဤသည်ပင်လျှင် တန်ဖိုးမဖြတ်နိုင်သော ပညာများထွက်ထွက်လာခြင်းဖြစ်၏။

တစ်ခါတစ်ခါ တစ်ဦးက ကိစ္စတစ်ခုကို ဓာတ်ရိုက်ဓာတ်ဆင်ပြု၏။ တစ်ဦးက ထပ်မံဖြည့်စွက်ပေး၏။ ဥပမာ ခရေညွှန့် (၂၇) ညွှန့်ကိုတင်ခိုင်းလိုက်မည်ဟု ဆရာကပြောလိုက်သည်နှင့် ခရားထဲက ရေနွေးငွေ့ပြီးသောက်ခိုင်းသွားလိုက်ဦးဟု ဆရာကြီးကပြောတတ်၏။

တစ်ဦးက မန်ကျည်းကိုင်းလက်နှစ်ဆစ် လက်ခလယ်နဲ့ တိုင်းဖြတ်ဟုဆိုလိုက်သည်နှင့် တစ်ဦးက အရေ့အရပ်ကိုမျက်နှာပြုပြီးခူးခိုင်းဟုပြောတတ်၏။

သူတို့နှစ်ယောက်တွင် တူညီသည့် အချက်ရှိ၏။

ထိုအချက်ကို ကျွန်ုပ် အလွန်သဘောကျလွန်းလေရာ ဆရာနှင့်ဆရာကြီးကို အလွန်အားကျကာ အတုယူခဲ့ရပါသည်။

ထိုအချက်မှာ -

သူတို့နှစ်ယောက်သည် သူတို့ကိုယ်သူတို့ အလွန်ယုံကြည်ကြခြင်းပင်ဖြစ်၏။ မကြာခဏလည်းပြောကြ၏။ ငါတို့မှာ ဘာမဆိုလုပ်နိုင်တဲ့အားတွေရှိတယ်ဟု မကြာခဏပြောကြလေ့ရှိ၏။

လူတစ်ယောက်ယောက် နေမကောင်း၍ သူတို့ရှေ့ရောက်လာလျှင် -

"အေး အေး၊ နောက်လဲ ဒီလိုအချိန်ကျရင် မင်းကိုဘယ်ဘုရားလွတ်ပြီး ဘာကိုဘယ်လိုပူဇော်ခိုင်းမလို့ လာခဲ့

ဟု တစ်ခွန်းတည်းပြောလိုက်၏။ ကာယကံရှင်မှာ ဝေဒနာပြင်းပြင်းထန်ထန်ခံစားနေရရှာသည့်ကြားမှ တအံ့တသြနှင့်ပြန်ပြန်ကြည့်ကြ၏။

သို့သော် ထိုလူတို့အလွန်ကျန်းမာသွားကြကြောင်း ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့လာရသည့်အခါ ဆရာကြီးကိုရော ဆရာ့ကိုပါ ကျွန်ုပ် အလွန်သဘောကျသွားရလေ့ရှိ၏။

(နေမကောင်း၍ စိတ်သောက ခံစားနေရရှာသူကို စိတ်ဓာတ်စွမ်းအင်များထည့်ပေးလိုက်နိုင်စွမ်းသော သူတို့၏အား၊ သူတို့၏ယုံကြည်မှုကို ကျွန်ုပ် အမြဲတမ်း အတုယူခဲ့ရပါသည်။)

ဆရာကြီးသည် ကျွန်ုပ်ကို တစ်ခါတစ်ခါ ပြောပြောပြတတ်၏။ လက်လေးများနှင့်ဖြစ်၏။

"အင်္ဂါသားဟာ သောကြာကိုကျရင် အဆွေအရံ မိတ်ဆွေများသကွယ်။ သောကြာသားသည် အင်္ဂါကိုကျခဲ့ရင် မိတ်ဆွေ ခင်ပွန်းနဲ့ရန်ဖြစ်ရော။

'အင်္ဂါဥဒေါင်း - မွေ့ကိုဆောင်း - တွင်းအောင်းမလွတ်သာ - ဥဒေါင်းနှင့် မွေ့ ရန်မကွေ - မိတ်ဆွေမြဲသည်သာ' လို့ဆိုတဲ့အတွက် အင်္ဂါသားဟာ စနေကို ကျရင် ခိုက်ရန်များပြီသာမှတ်။ ဒါပေမယ့် စနေသားကျတော့ အင်္ဂါကိုကျပြန်ရင် အဆွေခင်ပွန်းများပြန်ရော ဟော"

ဟု ဆိုလိုက်လျှင် ဉာဏ်အလွန်လျင်သော ကျွန်ုပ်သည် ဘာမှန်းမသိတော့ပါ။ ကြောင်တောင်ကြည့်ပြီး ငေါင်တောင်တောင်နှင့် ဘာလုပ်ရမှန်းမသိ၊ ဘာမှတ်ရမှန်းမသိဖြစ်ရတော့၏။

"တနင်္ဂနွေသားဟာ ဗုဒ္ဓဟူးသားကိုမနိုင်ဘူး၊သောကြာသားဟာ တနလ်ာသားကိုမနိုင်ဘူး။ ဒါမျိုးလည်းရှိသကွယ်။ ဒါလေးတွေ လိမ္မာရမယ်။ ဘာလို့လဲဆိုတော့ တနင်္ဂနွေဆိုတဲ့ နံစုတ်ဌက်ငယ်ကို ဗုဒ္ဓဟူး ဖားစားတယ်။ ဗုဒ္ဓဟူးဖားကို စနေမွေ့ကိုက်တယ်။ စနေမွေ့ကို အင်္ဂါဥဒေါင်းပေါက်တယ်။ အင်္ဂါဥဒေါင်းကို သောကြာ မုဆိုး လေးနဲ့ပစ်တယ်။ သောကြာမုဆိုးကို တနလ်ာကျား စားတယ်။ တနလ်ာကျားကို ကြာသပတေး ခြင်္သေ့ဟောက်တယ်။ ကြာသပတေးခြင်္သေ့ကို တနင်္ဂနွေ နံစုတ်ဌက်က မခန့်လေးစားပြုတယ်။ ဒါဟာ ဓာတ်သဘောတွေပဲ။ ကတ္တားရှိရာ ကံမလာနှင့် ဆိုတဲ့နေရာမှာလည်း နံ - ကံ - ကတ္တားသုံးပါးမှာ ကံသည် ကတ္တားကို မနိုင်ဘူး"

ဆရာသည် အားရပါးရရယ်ရင်း-

"ခင်ဗျားဗျာ၊ ဒီကောင့်မှာ ဒါတွေသွားပြောနေလို့ သူဦးနှောက်က ဉာဏ်မီမယ်ထင်လို့လား။ ဒီကောင်က စာတတ်တအားပျင်းတဲ့ကောင်။ ဟေ့ကောင် ဒါမြင်ဒါဟော အဲလိုပြောမှရမှန်းသိရဲ့သားနဲ့"

ဟု ပြောလေ့ရှိ၏။

မှန်ပါသည်။

ဤလိုသင်၍ ကျွန်ုပ်နားလည်ပါ။ ဉာဏ်လည်းမမီပါ။ ဆရာကြီးသာတစ်ခါတစ်ခါ ကြုံတောင့်ကြုံခဲသော



www.burmeseclassic.com

www.burmeseclassic.com

(အာဟလည်းဆေး၊ ဆေးလည်းအာဟ)

## ရောဂါလည်းပျောက် လျှာလည်လောက်သည့်

# ရသစုံလင် ဆေးဖက်ဝင်ဟင်းလျာများ (၄)

ရွှေဝင်း(ပုသိမ်)

ယခင်လက အသားအမျိုးမျိုးတို့တွင် အဓိကခန္ဓာကိုယ်ဖွဲ့ဖြိုးမှုအတွက် မရှိမဖြစ်အရေးကြီးတဲ့ အမိုင်နိုအက်စစ် (Essential amino acid)ဓာတ်ပါဝင်မှုနှင့် သံဓာတ်၊ သွပ်ဓာတ်တို့ အထူးသဖြင့် ပါဝင်ဖွဲ့စည်းနေကြပုံကို စာရှုသူများအား တင်ပြခဲ့ပြီးဖြစ်၍-

ယခုလတွင် 'လူသားတို့၏ ခန္ဓာကိုယ်ဖွဲ့ဖြိုးမှုအတွက် အဓိကနေရာမှပါဝင်နေသော အသားဓာတ်အမျိုးမျိုးတို့ အနက်မှ အမြတ်ဆုံး၊ အကောင်းဆုံး အသား' ဟု ယောအတွင်းဝန် ဦးဘိုးလှိုင် စီရင်ရေးသားခဲ့သော ဥတ္တဘောဇန သင်္ဂဟကျမ်းတွင် ချီးမွမ်းဖော်ပြခဲ့သည့် ဆိတ်သား၏ လူခန္ဓာကိုယ်ကျန်းမာကြံခိုင်စေရေးအတွက် 'အစာလည်းဆေး၊ ဆေးလည်းအစာ'အဖြစ် စွမ်းဆောင်ပေးနိုင်ပုံတို့ကို တင်ပြပေးပါမည်။

နေထိုင်မကောင်း၍ ဘာကိုမှ မစားချင်မသောက်ချင်ဖြင့် ခံတွင်းပျက်နေသော ဝေဒနာရှင်များအတွက် လျှာခံတွင်းတွေ့ပြီး စားချင်သောက်ချင်စိတ်များ ပြန်လည်နိုးထလာကာ အမြန်ဆုံး အားအင်ကိုဖြစ်စေမည့် -

**ဆိတ်သားပြုတ်ကြော်**
**ဆေးဓာတ်စာဟင်းလျာ စီမံ ချက်ပြုတ်နည်း (၂)**

ဤဆေးဟင်းလျာစီမံချက်ပြုတ်နည်းသည် သာမန်ကြည့်လျှင် ဘာများခက်ခဲပြီးထူးဆန်းနေလို့လဲ။ လူတိုင်း ဒီလောက်ဟင်းလေးတော့ စီမံချက်ပြုတ်နိုင်ကြပါလိမ့်မည်ဟု တွေးထင်စရာရှိပါသည်။

သို့သော် ဤနေရာတွင် အစားအစာအသားတုံးမှ ဆေးဖက်သဘောသက်ဝင်အောင် စီမံနိုင်မှုအရည်အသွေးသည် အဓိကအချက် ဖြစ်ပါသည်။

စာရှုသူများ သဘောပေါက်နားလည်နိုင်စေရန် ဥပမာတစ်ခုဖြင့် တင်ပြပါမည်။

ဘုရားရှင် တောဓိပင်နှင့်ရွာပလွင်တွင်အောင်တော်မူပြီး ဘုရားအဖြစ်ကို မရရှိမီ စပ်ကူးမပ်ကူးကာလတွင် သုဇာတာသူဌေးသမီး ဆက်ကပ်လှူဒါန်းသည့် နို့ယနာဆွမ်း၏ အာဟာရပစ္စယသတ္တိ၏အစွမ်းကို မှီတည်၍ ဒုက္ကရစရိယာအကျင့်ကြောင့် ကုန်ခန်းသွားသော ဘုရားရှင်၏ ခန္ဓာကိုယ်တော်မှ အသွေးဓာတ်၊ အသားဓာတ်နှင့် ရသအနုဇီဝဓာတ်များကို သုဇာတာ၏ နို့ယနာဆွမ်း



သော်လည်း ကျွန်ုပ်မှာဘာမှန်းမသိခဲ့ပါ။ တစ်ခါတစ်ရံမှာသာ စကားပြောခွင့်ရသော်လည်း ရသည့်အချိန်လေးမှာ ပညာပေးတတ်သော၊ ဆုံးမတတ်သော ဆရာကြီးကို ကျွန်ုပ် အလွန်ရိုသေမိပါသည်။

သို့သော် -

ဆရာနှင့်, ဆရာကြီးတို့နှစ်ဦးတစ်ပြိုင်တည်း ကျွန်ုပ်ကိုကြည့်ပြီဆိုလျှင် ကျွန်ုပ်ဟိုလိုလိုဒီလိုလိုနှင့်ထသွားတတ်၏။ သူတို့နှစ်ယောက်၏ ကြောက်စရာကောင်းလှသော ဟောကိန်းကြီးများကို နားမထောင်ရဲ၍ဖြစ်ပါသည်။ အထူးသဖြင့် ကျွန်ုပ်အလွန်ချစ်ရသော အမေကို ခပ်ကြမ်းကြမ်းအဟောများနှင့် ဟောထဲလိုက်မှာမကြားရဲသောကြောင့် ဖြစ်ပါသည်။

"ဟေ့ကောင်၊ ဟေ့ကောင်"

"ဗျာ - ဆရာ"

"ဘာတွေငေးနေတာလဲဟ၊ ငိုင်တိုင်တိုင်နဲ့"

"ဘာ . . . ဘာမှမဟုတ်ပါဘူး ဆရာ"

"မင်းငါအစာအိမ်ကြောင့်ဆေးရုံတက်လိုက်ရတာမသိသေးဘူးနဲ့တူတယ်။ ဟိုလူတွေနဲ့လည်း လမ်းခွဲလိုက်ပြီ။ မင်းမသိသေးဘူး"

"ဗျာ-ဟုတ်ကဲ့ ဆရာ၊ မသိသေးပါဘူးခင်ဗျ"

"အေး- ဒါကြောင့် မင်းမမေးတာကိုး။ ဒါဆို မင်းမသိလောက်သေးဘူး။ အဘိုးကြီးသွားပြီကွ၊ မရှိတော့ဘူး ဆုံးပြီ"

"ဟာ. . . ဟာဗျာ"

ဆရာ့ရှေ့တွင်ချထားသော လက်ဖက်ရည်ခွက်မှာ သူ့အလိုလိုလည်နေသလားအောက်မေ့ရသည်အထိ ကျွန်ုပ်၏ မျက်လုံးများ ပြာဝေသွား၏။ စိတ်မကောင်းလိုက်သည့်ဖြစ်ခြင်း။

"အေး- မင်းကလည်းငါ့ဆီမလာတော့ဘူးလေ"

"ကျွန်တော် မော်လမြိုင်မှာလိုက်လိုက်နေလို့ပါ ဆရာ"

"အေး - တစ်နေ့ကွာ သူနဲ့ငါနဲ့စကားပြောဖြစ်တယ်။ ငါ့ကိုဘာပြောလဲဆိုတော့ သန့်ဇင်ရေတဲ့၊ငါသေတော့မယ်ကွတဲ့။ ငါကလည်းပြောနေကျဆိုနေကျဆိုတော့ ကောင်းတာပေါ့၊ ခင်ဗျားသေရင် ကျုပ်လာခဲ့မယ်လို့ ပြောလိုက်တာပေါ့။ အဲဒီမှာ သူကဘာပြောလဲသိလား မင်းငါ့အသုဘကိုလုံးဝရောက်မလာနိုင်ပါဘူးတဲ့။ ငါကတောင်ပြန်ပြောလိုက်သေးတယ်။ ခင်ဗျားကြည့်ကြည့်ပါလို့"

ဆရာသည် တစ်လုံးချင်းအေးချမ်းစွာပြုံး၍ပြောနေသော်လည်း သူ၏မျက်လုံးမှာ သူ၏ညာဘက်ရှေ့ထောင့်နားရှိ ခုံဆီသို့ ငေ့ကြည့်နေ၏။ ထိုခုံလေးမှာ ဆရာကြီးနှင့် ဆရာ လက်ဖက်ရည်ဆိုင်ထိုင်တိုင်း ဆရာကြီးထိုင်လေ့ရှိသော ခုံလေးဖြစ်၏။ ပြုံးနေသော်လည်း သူ၏ ဆရာကို သတိရနေဟန်တူ၏။ အသံချက်ချင်းမဆက်။

"အေး - ဒါနဲ့ ငါလည်း အစာအိမ်ဖြစ်ပြီးဖြူနုံးခနဲ့ဆေးရုံတက်လိုက်ရတယ်။ ငါလည်း ဆေးရုံတက်ရော သူလည်းဆုံးသွားတာပဲ"

"ဟာ"

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးစေသား)

www.burmeseclassic.com

www.burmeseclassic.com

အထောက်အပံ့ကြောင့် ဘုရားရှင်၏ ကိုယ်တော်အတွက် လိုအပ်နေသည့် အာဟာရဓာတ်အပေါင်းတို့ အမြန်ဆုံး ပြည့်ဖြိုးလာပြီး သတ္တဥ္ညတရွောဂဏ်တော်ကို လက်ဝယ်ပိုင်ပိုင် ရယူတော်မူနိုင်ခဲ့သည်ကို ဗုဒ္ဓဘာသာဝင်အများ ထင်ရှားစွာသိထားကြပေမည်။

ထိုသို့ ဒုတ္တရစရိယာ (၆)နှစ်ကျော် ကျင့်လာခဲ့သည့်ဒဏ်ကြောင့် ကုန်ခန်းသွားသော ဘုရားရှင်၏ အားအင်များကို သုဇာတာ၏ နို့ယနာဆွမ်းတစ်နပ် (၄၉) လုတ်ဘုဉ်းပေးလိုက်ရုံဖြင့် -

သတ္တသတ္တာဟ (၄၉) ရက်လုံးလုံး ဘုရားရှင်သည် ဘာကိုမှဘုဉ်းမပေး မစားသောက်ဘဲ အသက်ဇီဝက္ကန္ဒြေညှိုး နွမ်းမှုမရှိ ပကတိကြည်လင်နေရခြင်း၏ အကြောင်းတရားမှာ -

သုဇာတာသူဌေးသမီး၏ နို့ယနာဆွမ်းချက်လုပ်စီမံမှု၏ ဆေးဖက်ဝင် အရည်အသွေး ပြည့်ဝကောင်းမွန်စွာ စီမံနိုင်မှုစွမ်းရည်ကြောင့် ဖြစ်ပါသည်။

အကြောင်းမှာ သုဇာတာသူဌေး သမီးသည် နို့ယနာဆွမ်းချက်လုပ်မည့် နွားနို့ကို စီမံရယူရာတွင် ပထမ နို့ထွက်ကောင်းမွန်သော နွားမ (၁၀၀၀) ကို နွယ်ချိုတောမှာကျောင်း၍ကျွေးမွေးပြီး နွားမ (၁၀၀၀) ကို အုပ်စု(၂)စုခွဲလိုက်ပြီး ပထမနွားမ(၅၀၀)၏ နို့ရည်ကိုညှစ်ယူပြီး ဒုတိယနွားမ(၅၀၀)ကို ရေအစား ထိုနွားနို့ကို ပြန်တိုက်ကျွေးလေသည်။

ထိုကဲ့သို့ အဆင့်ဆင့်နွားမများကို ထက်ဝက် ထက်ဝက်အုပ်စုခွဲ၍ အဆင့်ဆင့် နွားနို့ဦးရည်ကို တိုက်ကျွေးလာရာ နောက်ဆုံး နွားမတစ်ကောင်တည်းသို့ နွားမအပေါင်း (၁၀၀၀) မှ ရသည်းရည် နို့ချိဆဉ်လာစုသည့်အနေတွင်မှ ထို တစ်ကောင်တည်းသောနွားမ၏ မွန်မြတ်လှစွာသော နို့ဦးရည်ကိုညှစ်ယူ၍ နို့ယနာဆွမ်းကို စီမံချက်လုပ်ခဲ့ခြင်းဖြစ်ပါသောကြောင့် -

စာရေးသူ အထက်တွင် တင်ပြခဲ့သော ဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူပြီး သတ္တဥ္ညုတဉာဏ်ရှင် ဘုရားရှင်အဖြစ်ရရှိခဲ့ခြင်းမှာ သုဇာတာ၏မွန်မြတ်လှစွာ စီမံချက်လုပ်ကပ်လှူခဲ့သည့် နို့ယနာဆွမ်း၏ ဆေးဖက်ဝင်အစွမ်းကြောင့်သာ ဖြစ်ပါသည်ဟု သာဓကထင်ရှားစေပါသည်။

ထိုကဲ့သို့ သုဇာတာသူဌေးသမီး၏ နည်းကိုမြီးယူ၍ ယခုဆိတ်သားပြုတ်ကြော်ဆေးဓာတ်စာချက်နည်းကို တင်ပြပါမည်။

ရှေးဦးစွာ ဆိတ်ပေါင်သားကောင်းကောင်း မိမိအလိုရှိသလောက်ရွေးချယ်၍ အနေတော်အရွယ်တုံးတစ်ထားပြီး ဆိတ်သား (၁) ပိဿာဆိုလျှင် ချင်း(၅)ကျပ်သားကို ညက်အောင်ထောင်းပြီး အရည်ညှစ်၍ ငင်းချင်းရည်ဖြင့် ဆိတ်သားကို သေချာစွာနယ်ပြီး (၁၅) မိနစ်ခန့်ထားပါ။ ပြီးမှ ဆား၊ နနွင်း၊ ငံပြာရည် အချိုရည်ကို သင့်တော်ရုံထည့်၍ နယ်ပြီး (၂) နာရီခန့်နှပ်ထားပါ။

ထိုသို့ ဆိတ်ပေါင်သားကိုနှပ်ထားစဉ်မှာ ဆိတ်ခါးဆစ်ရိုး (၃) ပိဿာခန့်ကို တုံးတစ်ပြီး အဆီများကိုရသလောက် ဖယ်ရှားပြီး ဒီနိကာရည်ဖြင့်နယ်၍ ရေစင်အောင်ဆေးကာ မြေအိုးကြီးကြီးတစ်လုံး တွင်ထည့်ပြီး မီးမျှဉ်းမျှဉ်းဖြင့်ပြုတ်ပါ။

ထိုသို့ပြုတ်သည့်ဆိတ်ခါးဆစ်ရိုးများထဲသို့ ဇာတိပွဲလ်သီးအဆံ(၁)လုံးကို စလုံးစခုထုခွဲ၍ထည့်ပြုတ်ပါ။ ၎င်းပြုတ်ရည်ကို အနည်းဆုံး နေ့တစ်ဝက်ခန့် ရေခန်းလိုက်၊ ရေပြန်ထပ်ဖြည့်လိုက်ဖြင့် နောက်ဆုံး နေ့တစ်ဝက်ခန့် အချိန်စေ့သည့်အခါမှာ ပြုတ်ရည်အားလုံးကို စစ်ယူထားပါ။

၎င်းဆိတ်ရိုးပြုတ်ရည်ဖြင့် ပထမပြုတ်ရည် (သုံးပုံတစ်ပုံ) ကို ယခင်နှပ်ထားသော ဆိတ်ပေါင်သားတွင် ပြုတ်ရည်ထည့်ပြီး မီးမျှဉ်းမျှဉ်းဖြင့် ဆိတ်သားကိုပြုတ်ပါ။ ၎င်းပြုတ်ရည်ခန်းသွားလျှင် နောက်ထပ် ဆိတ်ရိုးပြုတ်ရည်ဒုတိယတစ်ပုံကိုထည့်ပြုတ်၊ ၎င်းခန်းသွားလျှင် နောက်ဆုံး တတိယကျန်နေသည့် ဆိတ်ရိုးပြုတ်ရည်ထည့်ပြီး ရေခန်းသွားသည်အထိပြုတ်ပါ။

အထက်ပါအတိုင်း ဆိတ်ပေါင်သားကောင်းကောင်းကို ဆိတ်ခါးဆစ်ရိုးပြုတ်ရည်ဖြင့် (၃) ကြိမ် ရေခန်းအောင် ပြုတ်ပြီးသွားလျှင် ၎င်းဆိတ်ပေါင်သားများသည် ရန့်မွေးကြွင်၍ အသားများမှာ မွှေ၍နူးအိပြီး ဆိတ်ခါးဆစ်ရိုးမှအရသာခြင်ဆီဓာတ်များသည် ဆိတ်ပေါင်သားတွင် ဝင်ရောက် စုစည်းနေသည်ကိုတွေ့ရမည်။

ဤအနေတွင် ဆိတ်ပေါင်သားများကို အအေးခံပြီး လက်ဖြင့်အသားများကို အမျှင်လိုက်ဖြစ်သွားအောင် မွှေ၍မွှေပေးပါ။

ပြီးနောက် ဆိတ်ပေါင်သား (၁) ပိဿာပြုတ်ထားလျှင် ကြက်သွန်ဖြူ (၁၀) ကျပ်သားကို အခွံခွာပြီး (၅) ကျပ်သားကိုပါးပါးလှီးထားကာ ကြက်သွန်ဖြူကြော်ကြော်ထားပါ။

ကျန်(၅)ကျပ်သားကို ငရုတ်သီးခြောက်လတ်လတ်ဆတ်ဆတ် ဝယ်စိတ်ကွဲကို အစပ်အနေအထားခွင့်ခြံ၍ ဟင်းစားဇွန်း (၂) ဇွန်းမှ (၃) ဇွန်းအထိ စိတ်ကြိုက်ထည့်၍ ကြက်သွန်ဖြူနှင့် မည်းတည်းဖြစ်အောင်ဆော်ထားပါ။

ပြီးလျှင် ပဲဆီစစ်စစ်ကို မိမိကြော်မည့်ဆိတ်သားနှင့် ချင့်ချိန်၍ထည့်ပြီး ဆီပူ၍ ဆီကျက်လာလျှင် ယခင်မွှေထားသော ဆိတ်သားများကိုထည့်၍ မီးအေးအေးဖြင့်ကြော်ပါ။ ဆိတ်သားများမွှေ၍ ကြွပ်လာသည့်အနေတွင် ဖိုပေါ်မှခူ၍ ဆယ်ယူထားပြီး ၎င်းဆီဒယ်အိုးပြင့် ငရုတ်သီးလေးစိတ်ကွဲနှင့်ကြက်သွန်ဖြူထောင်းထားသည်တို့ကို ဆီသင့်ရုံဖြင့် ကြော်ပါ။

ကြက်သွန်ဖြူနှင့် ငရုတ်သီးတို့ အနေတော်ဖြစ်သည့်အချိန် ငံပြာရည် အချိုရည်(၂)ဇွန်းခန့်ထည့်၍မွှေပေးပါ။

ပြီးလျှင် ပထမကြော်ထားသော ဆိတ်သားကိုထည့်၍မွှေပေးပါ။ အားလုံးနှံ့စပ်သွားပြီဆိုလျှင် ယခင် ကြက်သွန်ဖြူအကွင်းအကြွပ်ကြော်များပါ တစ်ခါတည်းထည့်၍ရောမွှေပြီး ဖိုပေါ်မှချလိုက်ပြီးလျှင် -

၎င်းဆိတ်သားပြုတ်ကြော်ဆေးဖက်ဝင်ဆေးဓာတ်စာကို ခံတွင်းပျက်နှုတ်မမြိန် နာလန်ထစပုဂ္ဂိုလ်များကို ဆိတ်သားပြုတ်ကြော်အနံ့ကလေးပေးလိုက်ရုံဖြင့် မစားရမနေနိုင်ထထိုင်ပြီး လူနာ အမဲခြောက်တောင်းဆိုသကဲ့သို့ ကျွေးမလောက်သည့်ကိန်းသို့ဆိုက်ပေလိမ့်မည်။

၎င်းဆေးဓာတ်စာဟင်းကို လူနာကို ကျွေးတော့မည်ဆိုလျှင် လက်ဖက်ခြောက်ကောင်းကောင်းတွင် နှမ်းနက်ကို မီးဖြင့်လှော်၍ ခပ်ပြီး လက်ဖက်ရည်ကြမ်းဖြင့်တွဲ၍ တိုက်ကျွေးပေးလိုက်လျှင် -

စားသမျှသော အစာအာဟာရများကို ပါစကဝမ်းမီးက ကြေညက်အောင် အမြန်ဆုံး ချေဖျက်ပေးပြီး လူနာသည် အမြန်ဆုံး အားအင်ပြည့်ဖြိုးရန် ကျန်းမာလာပါမည်။

*သတ္တဝါအများ စားသမျှအာဟာရကို ၎င်းကျန်းမာကြပါစေ။*

ဦးနောင်(ဟင်္သာ)



www.burmeseclassic.com

www.burmeseclassic.com

**မျက်နှာကြက်များအားသတိမူခြင်း**

ဆင်ခြေလျှော်ပုံစံရှိသည့် မျက်နှာကြက်များအောက်၌ အိပ်ရာမထားရှိသင့်ပါ။

မိမိအိမ်ရာပေါ်သို့ မျက်နှာကြက်က တဖြည်းဖြည်းအိကျလာသည်ပုံ ဖြစ်နေခြင်းသည် ကောင်းသောစွမ်းအင်များအား တဖြည်းဖြည်းလျော့နည်းကျသွားစေပြီး မကောင်းသောစွမ်းအင်များကိုသာ ပိုမိုများပြားလွှမ်းမိုးလာစေသည်။

အဆိုပါ အနေအထားနှင့် ကြိမ်ဖန်များစွာ ကြုံတွေ့ရပါက ခေါင်းကိုက်ဝေဒနာခံစားလာရတတ်သည်။

အဆိုပါအခြေအနေအား အထက်ဖော်ပြပါအတိုင်း ကြည့်မှန်ထောင်ပေးခြင်း၊ အဝတ်စဖြင့်ကာရံခြင်းပြုလုပ်ပေးပါ။

**အဆိပ်များဖြစ်ပေါ်စေသည့် စူထွက်၊ ချွန်ထွက်နေသောထောင့်ချွန်များ**

အိပ်ခန်းအတွင်းရှိ စူထွက်နေသော ထောင့်ချွန်များသည် အိပ်ရာနှင့် တန်းနေပါက ၎င်းစူထွက်နေသောနေရာ၌ အပင်ငယ်များ၊ ပန်းအိုးဖြင့်စိုက်ထားခြင်း၊ လေဖြင့်လှုပ်ရှားနေသော သလင်းကျောက်ဘောလုံးချိတ်ဆွဲပေးခြင်းတို့ဖြင့် မကောင်းသောစွမ်းအင်များအား လျှော့ချပေးနိုင်သည်။

**ကြည့်မှန်များ**

သင့်အိပ်ရာ၏ အပေါ်ဘက်တွင် ကြည့်မှန်ကြီးတစ်ချပ်ရှိနေပြီး ၎င်းမှန်က သင့်ဦးခေါင်းနှင့်တန်းနေလျှင် သင့်အတွက် မကောင်းသောခံစားတတ်များကို ဖြစ်စေပါသည်။

**ဓာတ်ကြီး (၅) ပါးကိုယ်စားပြုပစ္စည်းများ**

အိပ်ရာခုတင်သည် သစ်သားဖြင့်ပြုလုပ်ထားပါက (သစ်သား၊ သစ်ပင်သည် မြေကြီးအတွင်းနစ်နေအောင် အမြစ်စွဲနေသည့်သဘောကို ထင်ဟပ်စေလိုပါက) အိပ်ရာရှိရာ အခန်းအတွင်း မြေဓာတ်ကိုယ်စားပြုအရောင် အဝါရောင်နှင့် သစ်သားဓာတ်ကိုယ်စားပြုသစ်ပင်အရောင် အစိမ်းရောင်တို့အားသုတ်ထားပေးပါ။ သတိပြုရန်အချက်မှာ မိသားစုကွာရှိရာအခန်းအတွင်း သတ္တုဓာတ်ဖြင့်လုပ်ထားသည့်အိပ်ရာမထားမိရန် သတိပြုရပါမည်။

အကယ်၍ သစ်သားဓာတ်ကိုယ်စားပြု မိသားစုကွာအခန်းအတွင်း သတ္တုဖြင့်လုပ်သောခုတင်ထားရှိပါက သတ္တုက သစ်သားအားဖျက်ဆီးခုတ်ဖြတ်နိုင်သည့် သဘောဖြစ်စေခြင်းကြောင့် မိသားစုကွာအတွက် ပြဿနာမျိုးစုံဖြစ်ပေါ်တတ်သည်။

သတ္တုဓာတ်ကိုယ်စားပြုအိပ်ရာအား ၎င်းနှင့်လိုက်ဖက်သောဖန်တီးနိုင်စွမ်းနှင့် သားသမီးများကွာရှိရာအခန်း၌ပင်ထားရှိသင့်သည်။

ထို့အတူ မီးဓာတ်ကိုယ်စားပြု ထင်ပေါ်ကျော်ကြားခြင်းကွာနေရာတွင် ရေဓာတ်ကိုယ်စားပြု ခုတင်၊ အိပ်ရာများ မထားရှိသင့်ပါ။ ရေကမီးကိုငြိမ်းသတ်သည့် ဖျက်ဆီးပျက်သုဉ်းခြင်းပြစက်ဝိုင်းအတွင်းကျရောက်ခြင်းကြောင့် ထင်ပေါ်ကျော်ကြားမှုများ တဖြည်းဖြည်း သြဇာရှိန်ဝါလျော့ကျလာမည် ဖြစ်လေသည်။ ထို့ကြောင့် ရေဓာတ်ကိုယ်စားပြုအိပ်ရာခုတင်တို့အား သစ်သားဓာတ်ကိုယ်စားပြု မိသားစုကွာရှိရာအခန်းအတွင်း ထားရှိပေးမှသာ ရေဓာတ်က သစ်သားဓာတ်အား စည်ပင်ကြီးထွားအောင် အားဖြည့်ပေးနိုင်မည် ဖြစ်သည်။

ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတကွာ၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကွာ၊ ကူညီတတ်သူများ၊ ခရီးသွားခြင်းကွာတို့ မျှတသည့်နေရာ၌ 'အိမ်အဝင်ဝ' ရှိသည်။

စာရေးသူအား ဖုန်းရွှေဆိုင်ရာ အကြံဉာဏ်တောင်းခံသူ မာရင်ဒါသည် သူမခင်ပွန်း ဆေးရုံမှမဆင်းမီ လိုအပ်သော အစီအရင်များလုပ်ရန် စီစဉ်ခဲ့သည်။ မာရင်ဒါ၏ ခင်ပွန်းသည်သည် တင်ပါးဆုံရိုးကျိုးပြီး အစာအိမ်အူလမ်းကြောင်းဆိုင်ရာပြဿနာအတွက် ဆေးကုသမှုခံခဲ့ရသည်။

ဖုန်းရွှေဆိုင်ရာစစ်ဆေးမှုများအရ မာရင်ဒါ၏ ခင်ပွန်းသည် အိပ်နေစဉ် တင်ပါးဆုံနေရာနှင့် ရေချိုးခန်းတံခါးတို့ တစ်တန်းတည်းကျနေခြင်းကြောင့် ၎င်းတံခါးမှ မကောင်းသော စွမ်းအင်များက တင်ပါးဆုံရှိရာသို့ ရောက်စေခဲ့ကြောင်း တွေ့ရှိရသည်။

မာရင်ဒါ၏ခင်ပွန်း ရော့(ဘ်)သည် ထိခိုက်ဒဏ်ရာကြောင့်အဓိကမသက်ဘဲ ဖုန်းရွှေဆိုင်ရာ အစီအရင်များ လိုအပ်သလိုမလုပ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု

**ဦးမြေအောင်။ အိပ်ရာနံဘေး မြေ ထောက်တို့အား မြင်စေနိုင်သည့် ဆင် ခြေလျှော်ပုံစံတပ်ထားသော အိပ်ရာအ ထက်မှ ကြည့်မှန်က မကောင်းသောချီ တက်များအား ထုတ်ယူတတ်နေပုံ**



www.burmeseclassic.com

www.burmeseclassic.com

ခန်းသည်က ယုံကြည်ထားသည်။

ခင်ပွန်းဖြစ်သူ ရှော့(ဘ်)က ဆေးရုံမှ အိမ်သို့ရောက်ပြီးနောက်ပိုင်း ကွယ်လွန်ခဲ့သည်။

ခင်ပွန်းသည် ကွယ်လွန်ပြီးသည်နှင့် မာရင်ဒါက အခန်းအဲတွင်း အိပ်ရာအထားအသို့များပြင်ဆင်နေရာရှေ့ခြင်း၊ အလင်းရောင်ရရှိရန် ပြတင်းပေါက်သစ်ဖောက်ခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာအား စွမ်းအင်မြှင့်တင်ရာ၌ ဆက်ဆံရေးက အရေးပါသလို အချစ်ရေးကလည်း အတော်များများကိစ္စများအတွက် စွမ်းအင်များဖြစ်စေသည်။

အချစ်ဟူသည် စွမ်းအင်တစ်ခုဖြစ်သည်။ စွမ်းအင် ဟူသည် ကျွန်ုပ်တို့အသက်ရှင်ရပ်တည်နိုင်စွမ်းအားမြှင့်တင်ထိန်းချုပ်ပေးသည့်အခြေအနေတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး အချစ်ကိုပေးရသလို အချစ်ကိုရရှိခြင်းလည်း ကြုံရတတ်သည်။

သင်သည် အချစ်ရေးဆိုင်ရာကိစ္စ အဝဝ၌ တိုးတက်မှုရှိစေလိုပါက အချစ်ရေးဆိုင်ရာ ကွာနေရာ၌ အချစ်ရေးကိစ္စများအား စဉ်းစားပေးပါ။ ထိုအခါလက်တွေ့ဘဝ၌ အမှန်တကယ် အချစ်ရေးကိစ္စများ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။

**သတိပြုစရာများ -**

သင်သည် အိမ်ရှေ့တံခါးဝအတွင်းသို့ စတင်ခြေလှမ်းလိုက်သည်နှင့် ပထမဆုံး အိပ်ရာအား မြင်ကွင်း၌ တွေ့ရခြင်းရှိ၊ မရှိ စစ်ဆေးပါ။

ထို့နောက် အိပ်ခန်းအား ဖြတ်သန်းသွားပြီးနောက် မကောင်းသော စွမ်းအင်ဖြစ်စေသည့် အတားအဆီးအပိတ်အဆို့ဖြစ်သော ပစ္စည်းများရှိ၊ မရှိ စစ်ဆေးပေးပါ။

ထို့နောက် ပါကွာပုံစံအတိုင်း အိမ်အား နေရာများ ပိုင်းခြားသတ်မှတ်ပြီး ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာနှင့် ကျွမ်းကျင်မှု၊ ပညာဗဟုသုတကွာတို့မျက်နှာချင်းဆိုင်ကျနေပုံကို သတိပြုပါ။ ပြီးနောက် အထက်ဖော်ပြပါ ကွာနှစ်ခုတစ်ခုနှင့်တစ်ခု စွမ်းအင်မျှတနေစေရန် လိုအပ်သောအစီအရင်များ သက်ဆိုင်ရာကွာအလိုက် ပြုလုပ်ပါ။

**ကိုယ်အင်္ဂါအစိတ်အပိုင်းများ**

ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာသည် ခန္ဓာကိုယ်ရှိ အင်္ဂါအစိတ်အပိုင်းများနှင့် ဆက်စပ်လျက်ရှိသည်။ အထူးသဖြင့် နှလုံးနှင့်ဆိုင်သော ကျန်းမာရေးဆိုင်ရာကိစ္စများအားရည်ညွှန်းသည်။ ၎င်းပြင် ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာသည် ကိန်းဂဏာန်း (၂) အား ကိုယ်စားပြုထားသည်။

**ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာအတွက် အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စများ**

၁။ သေနေသော အပင်ငယ်များ၊ အသုံးပြုခြင်းမရှိ ပျက်စီးနေသော အင်္ဂါ မစုံလင်သည့် ပစ္စည်းများအား ဖယ်ရှားပါ။

၂။ အိပ်ရာနှင့် အိပ်ခန်းအတွင်း အဆိပ်များဖြစ်စေသည့် အရာများအား မြင်ကွင်းမှ ကွယ်ဝှက်သွားအောင် ဖယ်ရှားပါ။

၃။ လိုအပ်ပါက စွမ်းအင်မြှင့်ပစ္စည်းများထားရှိပေးပါ။

**ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာအတွက် အကျဉ်းချုပ်မှတ်စရာ**

**စွမ်းအင်မြှင့်ပစ္စည်းများ**

ကြည့်မှန်များ၊ ဖယောင်းတိုင်များ၊ လန်းဆန်းစွာပွင့်နေသောပန်းများ၊ ပန်းရောင်၊ အနီရောင်၊ အောက်ခံအဝတ်အစား၊ လင်စိတ်နိုးကြွစေသည့် ဂီတသံစဉ်၊ ညီညွတ်မှုတစေခြင်း။

**အန္တရာယ်ပေးနိုင်သည့်ပစ္စည်းများ**

မကောင်းသော နိမိတ်ဆောင်ပစ္စည်းများ၊ သို့လှောင်ထားသောပစ္စည်းများ၊ စိတ်ပျက်စရာကောင်းသည့်ပစ္စည်းများ။

**ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်ဖြစ်နေသောကွာ**

ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတ။

ကိုယ်စားပြုအင်္ဂါအစိတ်အပိုင်း - ခန္ဓာကိုယ်ရှိ အဓိကအရေးပါသော အင်္ဂါအစိတ်အပိုင်းများ။

ဆက်စပ်ပတ်သက်နေသောကိန်းဂဏာန်း - (၂)




အပိုင်း (၅)

**ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာ**

သင့်အိမ်ရှိ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာအား စွမ်းအင်မြှင့်တင်ပေးပါက အောက်ပါအကျိုးသက်ရောက်မှုများအား ဘဝတစ်သက်တာအတွင်းခံစားခွင့်ရရှိမည် ဖြစ်သည်။

- မွေးလာသော သားသမီးများအားလုံး မွေးရကျိုးနပ်ခြင်း။
- အခြေအနေတိုင်းအတွက် ဖန်တီးနိုင်စွမ်းများ မြှင့်တင်ပေးနိုင်ခြင်း။
- မိဘနှင့်သားသမီးဆက်ဆံရေး ကောင်းမွန်အောင်အသိန်မြှင့်ပေးနိုင်ခြင်း။
- အပေါင်းအဖော်ကောင်း ရရှိအောင် စွမ်းဆောင်နိုင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com




*THIS SIDE OF THE BAGUA ALWAYS HAS THE MAIN DOOR OF THE HOME OR ROOM LOCATED ON IT.*

**ပါကွာဆောင်းရှိ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများ ကွာ**

**ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာ ကွာအတွက် စွမ်းအင်မြှင့်တင်ပေးနိုင်သည့်ပစ္စည်းများ**

**သတ္တုဓာတ်ကိုယ်စားပြုပစ္စည်းများ**

ဖန်တီးနိုင်စွမ်းနှင့် သားသမီးများကွာအား သတ္တုဓာတ်က ကိုယ်စားပြုထားခြင်းကြောင့် ၎င်းကွာအတွင်း သတ္တုဓာတ်များလေလေ ပိုကောင်းလေဖြစ်သည်။

ထို့ကြောင့် အဆိုပါကွာအတွင်းရှိ အခန်းနံရံ၌ သံထည်ဖြင့် ပန်းပဲ၊ ပန်းပုဆိုင်ရာပစ္စည်းများထားရှိပေးသင့်သည်။ အကယ်၍ ဖန်တီးနိုင်စွမ်းနှင့် သားသမီးများကွာသည် မီးဖိုချောင်တွင်ကျောက်နေပါက မီးဖိုချောင်သုံးပစ္စည်းများ ဖြစ်သည့် သံဒယ်အိုး၊ သံအိုး၊ ဒန်အိုးများက သတ္တုဓာတ်ကိုယ်စားပြုထားသောကြောင့် စွမ်းအင်မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

သို့သော်လည်း ဖုန်းရွှေရူထောင့်အရ အကောင်းဆုံးသော စွမ်းအင်မြှင့်ပစ္စည်းများမှာ သတ္တုထည်ဖြင့် ပြုလုပ်သော ဂီတတူရိယာ၊ သတ္တုဆည်းလည်း၊ သတ္တု (ကြေး)ခေါင်းလောင်းတို့ပင် ဖြစ်သည်။

ဖန်တီးနိုင်စွမ်းနှင့် သားသမီးများကွာအတွင်း သတ္တုဓာတ်ကိုယ်စားပြုကြေးနီ၊ ကြေးဝါ၊ ရွှေ၊ သံ၊ ငွေ၊ စတီးပစ္စည်းများ၊ သတ္တုဓာတ်ပါဓာတ်ပုံပေါင်း၊ ပန်းချီကားပေါင်များ၊ ငွေအကြွေစေ့များထားရှိပေးခြင်းဖြင့်လည်းစွမ်းအင်မြှင့်တင်ပေးနိုင်သည်။

**အပြုရောင်ရှိသောပစ္စည်းများ**

ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာအား ကိုယ်စားပြုထားသော အရောင်မှာ အပြုရောင် ဖြစ်သည်။

အကယ်၍ ဖန်တီးနိုင်စွမ်းနှင့်သားသမီးများဆိုင်ရာကွာသည် မီးဖိုချောင်အတွင်း ကျောက်နေပါက အပြုရောင်ပါပြီးသော နွားနို့အား သောက်စေခြင်းဖြင့် သားသမီးများအတွက် စွမ်းအင်မြှင့်တင်ပေးနိုင်သည်။

၎င်းပြင် အပြုရောင်ရှိသောကား ဖန်တီးနိုင်စွမ်းနှင့်သားသမီးများဆိုင်ရာကွာရှိ ကားဂိုဒေါင်တွင် ထားပေးပါကလည်း စွမ်းအင်မြှင့်တက်စေသည်။

**ဝိုင်းသောပုံစံရှိပစ္စည်းများ**

သတ္တုပစ္စည်းတို့၏ ပုံသဏ္ဌာန်၊ အရွယ်အစားများသည် ဖုန်းရွှေရူထောင့်အရ ဝိုင်းသောပုံစံဖြစ်လျှင် ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာ ကွာအတွက် စွမ်းအင်မြှင့်တင်ပေးနိုင်သည်။ ဥပမာ အားဖြင့် သတ္တုအိမ်ပါ နာရီအဝိုင်းအား နံရံ၌ ချိတ်ဆွဲပေးနိုင်ခြင်းကို ဆိုလိုသည်။

အကယ်၍ သတ္တုပစ္စည်းသည် ဝိုင်းသောအရောင်ရှိပြီး ဝိုင်းနေပါက အောပါ ကွာအတွက် အလိုက်ဖက်ဆုံးသော စွမ်းအင်မြှင့်ပစ္စည်း ဖြစ်သည်။

**မြေဓာတ်ကိုယ်စားပြုပစ္စည်းများ**

မြေဓာတ်သည် သတ္တုဓာတ်အား မွေးဖွားဖြစ်တည်ဖန်တီးနိုင်စွမ်းဖြစ်သည်။ ထို့ကြောင့် ဖန်တီးနိုင်စွမ်းကွာသည် မြေဓာတ် (မြေသား) ဖြင့် ပြုလုပ်သည့် ကြွေထည်၊ မြေထည်ပစ္စည်းများ ထားရှိပေးပါ။

ကြွေထည်များအား မြေဓာတ်ကိုယ်စားပြုအဖြစ်ထားရှိရာ၌ ဝိုင်းသောပုံစံဖြစ်ပါက (သို့) အပြုရောင်ဖြစ်ပါက ပိုမိုကောင်းမွန်စွာ စွမ်းအင်မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

**အဝါရောင်ရှိသော ပစ္စည်းများ**

အဝါရောင်သည် မြေဓာတ်အား ကိုယ်စားပြုသည့်အရောင် ဖြစ်သည်။ ထို့ကြောင့် မြေဓာတ်ကိုယ်စားပြု ဖန်တီးနိုင်စွမ်းရှိခြင်းကွာနေရာ၌ အဝါရောင်ဆေးသုတ်ခြင်း၊ အဝါရောင်ပစ္စည်းများ ထားရှိခြင်း ပြုလုပ်ပေးသည်။

ထို့နောက် ၎င်းကွာနေရာ၌ ထုံးဝန်း၍ အဝါရောင်ရှိသောမြေထည်၊ကြွေထည်ပစ္စည်းများထားရှိပေးပါ။ အဝါရောင်မရှိခဲ့ပါက အပြုရောင်နှင့် အပြုရောင်ပစ္စည်းများထားရှိပေးနိုင်သည်။

အကယ်၍ အပင်စိုက်လိုပါက အဝါရောင်ရှိသော ပန်းအိုးအတွင်း၌ အပင်ငယ် (၃) ပင် စိုက်ထားပေးပါ။ အပင်ငယ် (၃) ပင်သည် ခင်ပွန်းသည် မိမိခင်ပွန်းနှင့် သားသမီးတို့အား ရည်ညွှန်းသည်။

အကယ်၍ ဆန္ဒရှိပါက ၎င်းကွာရှိရာအခန်း၌ အဝါရောင်အနုပညာဆီး၊ လိုက်ကာများထားရှိပေးနိုင်သည်။

**ပြားသော(သို့)လေးထောင့်ကျသောပစ္စည်းများထားရှိခြင်း**

ပြားသော (သို့) လေးထောင့်ပုံစံရှိပစ္စည်းများသည် ဖုန်းရွှေရူထောင့်အရ မြေဓာတ်အား ရည်ညွှန်းသည်။ အကယ်၍ ဖန်တီးနိုင်စွမ်းရှိခြင်းကွာ၌ သံဖြင့်ပြုလုပ်သောကော်ဖီစားပွဲရှိနေပါက ဖန်တီးနိုင်စွမ်းကိုယ်စားပြုသံ(သတ္တု)ဓာတ်အား မြေဓာတ်က အားကောင်းစွာ စွမ်းအင်မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

၎င်းအပြင် အဆိုပါ ကွာအတွင်း



www.burmeseclassic.com

www.burmeseclassic.com

လေးထောင့်ပုံစံရှိ သတ္တုပြားဖြင့် ပြုလုပ်သော ပန်းခွံ၊ ဓာတ်ပုံပေါင်းများလည်းရှိနေနိုင်သည်။

**ရုပ်/သံစက်ထားရှိခြင်း**

ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာ၌ ရုပ်/သံစက်ထားရှိပြီးနေနေတိုင်း ကာတွန်းရုပ်ရှင်ကြည့်ပေးခြင်းလည်း စွမ်းအင်မြှင့်တင်ပေးခြင်းပင် ဖြစ်သည်။

**အရုပ်နှင့်ဂိမ်းစက်များ**

ဖန်တီးနိုင်စွမ်းနှင့်သားသမီးများကွာအတွင်း အိပ်ခန်းကျရောက်နေပါက အရုပ်နှင့်ဂိမ်းစက်များ၊ ရုပ်/သံစက်များ ထားရှိသင့်ပါ။

**ဂီတနှင့်ပတ်သက်သောအစီအရင်များ**

ဖန်တီးနိုင်စွမ်းနှင့်သားသမီးများဆိုင်ရာကွာအတွင်း နူးညံ့သော ဂီတ၊ သံစဉ်များဖွင့်ထားပေးပါ။ စပီကာများ၊ သီချင်းခွေများလည်း ထားရှိပေးပါ။

**ပန်းချီဆိုင်ရာပစ္စည်းများ**

အနုပညာလက်ရာမြောက်သော စိတ်ကူးစဉ်းစားဉာဏ်ပါသောပစ္စည်းများ ထားရှိပေးပါ။

**အိပ်ရာ**

အိပ်ရာသည် အခြားသောကွာတွင် ကျရောက်နေပါက ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာသို့ နေရာရွှေ့ပေးပါ။

**မီးသီး/မီးအလင်းရောင်**

ဖန်တီးနိုင်စွမ်းရှိခြင်းကွာအတွက် စွမ်းအင်အားကောင်းစေရန် မီးအလင်းရောင်အား ကောင်းစွာထွန်းထားပေးပါ။

**ခေါင်းလောင်းများ**

ဖန်တီးနိုင်စွမ်းရှိခြင်းကွာ၌ သတ္တုဓာတ်ကိုယ်စားပြု ကြေးခေါင်းလောင်းထားရှိပေးခြင်းဖြင့်လည်း စွမ်းအင်မြှင့်တင်ပေးနိုင်သည်။

ခေါင်းလောင်းထားရှိခြင်းသည် ထားရှိသောနေရာတစ်ခုစီအလိုက် စွမ်းအင်မြှင့်တင်ပေးနိုင်သည်ကို လေ့လာတွေ့ရှိရသည်။

သင်သည် ဖန်တီးနိုင်စွမ်းရှိခြင်းကွာ၌ ခေါင်းလောင်းငယ်တစ်ခုထားရှိပေးပါက စီးပွားရေး၊ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတတို့အတွက် စွမ်းအင်မြှင့်တင်ပေးနိုင်သည်။

အကယ်၍ ခေါင်းလောင်းငယ်အား ပိုက်ဆံအိတ်၊ လက်ဆွဲသေတ္တာ၊ ကွန်ပျူတာလက်(ပ်)တော့၊ ကား၊ အရှေ့တံခါးတို့တွင် ထားရှိပေးပါက အကာအကွယ်အစောင့်အရှောက်ကို ဖြစ်စေသည်။

ကုမ္ပဏီလုပ်ငန်းအတွက် အရေးကြီးသော ဆုံးဖြတ်ချက်များအားချရာတွင် ခေါင်းလောင်းဦးစွာတီးပေးပြီးမှ ဆုံးဖြတ်ပါ။

တစ်နည်းအားဖြင့် ခေါင်းလောင်းမှာ အာရုံစိုက်အလေးထားခြင်းသဘောကို ရည်ညွှန်းသည်။ ဥပမာအားဖြင့် ကျောင်း၌ ခေါင်းလောင်းထိုးခြင်းသည် ကျောင်းသားများအား သက်ဆိုင်ရာ အတန်းအလိုက်စုစည်းရန်နှင့် ကျောင်းဆင်းချိန်၊ တက်ချိန်အား သိရှိစေရန် အသိပေးသောအချက်ပြပစ္စည်းပင် ဖြစ်သည်။

**ဖန်တီးနိုင်စွမ်းရှိခြင်း၏အမှတ်သင်္ကေတ**

ဖန်တီးနိုင်စွမ်းရှိခြင်းကွာ၌ မိမိနှစ်သက်သော ကဗျာ၊ သီချင်းများထားရှိပေးပါ။ သို့သော်လည်း အီကွစ်မှ ပိရမစ်ပုံများ၊ မက်ဒေါနားရုပ်တုပုံများ လုံးဝမထားရပါ။

ပိရမစ်(သို့)ချွန်ထက်သောကြိုင်ပုံရှိပစ္စည်းများသည် မီးဓာတ်အားရည်ညွှန်းခြင်းကြောင့် ဖန်တီးနိုင်စွမ်းရှိသောကွာအတွက် အန္တရာယ်ပေးနိုင်သည့် ပစ္စည်းများ ဖြစ်သည်။

ဖျက်ဆီး ပျက်သုဉ်းခြင်းကွာအရ မီးဓာတ်သည် သတ္တုဓာတ်အား အရည်ပျော်ကျစေသောနည်းဖြင့်ဖျက်ဆီးတတ်သည်။

**သားသမီးများနှင့်ဆိုင်သော အမှတ်သင်္ကေတ**

သင်သည် သားသမီးရင်းချာဖြစ်စေ၊ မွေးစားသားသမီးဖြစ်စေ မွေးဖွားရန် ဆန္ဒရှိနေပါက ၎င်းကွာ၌ ကလေးများ၏ ဓာတ်ပုံကားချပ်များ ချိတ်ဆွဲထားပေးပါ။

**ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာအတွက် အန္တရာယ်ပေးနိုင်သော ပစ္စည်းများ**

**မီးဓာတ်ကိုယ်စားပြုပစ္စည်းများ**

သတ္တုဓာတ်ကိုယ်စားပြုသည့် ဖန်တီးနိုင်စွမ်းရှိခြင်းနှင့် သားသမီးများဆိုင်ရာ ကွာတွင် မီးဓာတ်ကိုယ်စားပြုပစ္စည်းများထားရှိပါက မီးက သတ္တုအားအရည်ပျော်အောင် ဖျက်ဆီးပစ်မည်ဖြစ်သည်။ အကယ်၍ ၎င်းကွာတွင် မီးလင်းဖိုရှိနေပါက မီးလင်းဖိုနှင့် မျက်နှာချင်းဆိုင်ရာ ကြည့်မှန်ထားရှိခြင်း မပြုလုပ်သင့်အောင် ပြုလုပ်ပေးပါ။ အကယ်၍ မီးလင်းဖိုအပေါ်မှ ရေနွေးကြိုးစက်အစီအရင်အား ပြုလုပ်ရာ၌ မီးလင်းဖိုအပေါ် (သို့) အနီးဘေးတွင် ထားရှိခြင်း၊ ရေဓာတ်ကို ရည်ညွှန်းသော အပြာရောင်၊ အမည်းရောင်အရောင်များသုတ်ပေးခြင်း ပြုလုပ်နိုင်သည်။

**အနီရောင်ရှိသောပစ္စည်းများ**

မီးလင်းဖိုအပေါ်မှာ ကျပန်းမိုးနှင့် အနီရောင်အဝတ်အထည် ထားရှိပါက မီးဓာတ်အား ပိုမိုမြင့်တက်စေကာ ဖန်တီးနိုင်စွမ်းရှိခြင်းကွာအား လောင်မြိုက်ပျက်စီးနိုင်သည်ကို သတိပြုပါ။

**ကြိုင်ပုံချွန်ထက်သောပုံစံရှိပစ္စည်းများ**

ချွန်ထက်သော၊ ကြိုင်ပုံရှိသောပစ္စည်းများသည် မီးဓာတ်အား ကိုယ်စားပြုသောကြောင့် အတတ်နိုင်ဆုံးဝင်းကွာ၌ မထားရှိမိစေရန် သတိပြုပါ။

**သားသမီးရရှိရေးအတွက် အစီအရင်များ**

- အိပ်ရာတစ်ပိုက်နှင့် အိပ်ရာအောက်၌ သန့်ရှင်းရေးလုပ်ပေးပါ။
- ဘာသာရေးဆိုင်ရာရုပ်တုအား အိပ်ခန်းအတွင်း ထားရှိပါ။
- ဖလားအတွင်း ရေကြည်သန့်များထည့်၍ လရောင်ဆမ်းသောနေရာတွင်ချထားပါ။

လရောင်အောက်၌ရေဖလားထားရှိခြင်းကို အနည်းဆုံး (၃) နာရီကြာလုပ်ပေးပါ။ ထို့နောက် မိခင်လောင်းဖြစ်မည့်သူ၏ဝမ်းဗိုက်နေရာနှင့် တန်းနေအောင် ချိန်ဆ၍ အိပ်ရာအောက်၌ ဖလားထားရှိပေးပါ။

အထက်ပါအစီအရင် အစအဆုံးအား (၉) ရက်ကြာအောင် လုပ်ပေးပါ။

ဖုန်းရွေးချယ်ခြင်းအရ သားသမီးရရှိရေးအစီအရင်နောက်တစ်ခုမှာ သားသမီးမွေးဖွားခြင်းဆိုင်ရာကွာနေရာတွင် ယုန်နှစ်ကောင်မွေးပေးခြင်းပင် ဖြစ်သည်။

ယုန်များသည် ရွှေလှာခြင်း၊ နွားသန်ခြင်း၊ စွမ်းအင်မှစေခြင်း၊ သားသမီးမွေးဖွားခြင်းတို့ကို စွမ်းအင်ဖြစ်စေသည့် သတ္တဝါများ ဖြစ်သည်။

ဦးအောင်သိုင်း (သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ် ဧပြီလ
# ကောင်းကျိုးဝေမြော
# တစ်နေ့တာလမ်းညွှန်
## ဒေါ်ခင်စံသူ (B.Sc)

**ဧပြီလ ၁ ရက်၊ ပုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အဝါရောင်နှင့် အဖြူရောင်။ အကျိုးပေးနေ့သား စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်သို့လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၂ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်းမှာ (၃)။ စိုးမိုးဂဏန်းမှာ (၄၊ ၅၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနလ်ာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၃ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်းမှာ (၄)။ စိုးမိုးဂဏန်းမှာ (၀၊ ၁၊ ၂)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၄ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်များ အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၅ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၆၊ ၈၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အညိုရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ပုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၆ ရက်၊ တနလ်ာနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အပြာရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၇ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၉၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနီရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၈ ရက်၊ ပုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၄)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အဝါရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်ာ။ တစ်နေ့တာအကြံအစည်များအောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၉ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၀ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၀)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အဝါရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ပုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၁ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၂ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အနက်ရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနလ်ာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ပုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဧပြီလ ၁၃ ရက်၊ တနလ်ာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်



www.burmeseclassic.com

www.burmeseclassic.com

အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေသား တနလ်၊ စနေ။ တစ်နေ့ဘာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓါ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၁၄ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဝါရောင်၊ အညိုရောင်။ အကျိုးပေးနေသား ပုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ခမ်မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် ပန်းရောင်၊ မီးခိုးရောင်။ အကျိုးပေးနေသား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၁၆ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အညို၊ မီးခိုးရောင်။ အကျိုးပေးနေသား အင်္ဂါ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၁၇ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၈)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေသား တနလ်၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၁၈ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၈၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဝါရောင်၊ အစိမ်းရောင်။ အကျိုးပေးနေသား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၁၉ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၅၊ ၇)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဝါရောင်၊ အဖြူရောင်။ အကျိုးပေးနေသား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၂၁ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၆၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေသား ပုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အညိုရောင်၊ အဖြူရောင်။ အကျိုးပေးနေသား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၂၃ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၇၊ ၈၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အစိမ်းရောင်၊ အညိုရောင်။ အကျိုးပေးနေသား တနင်္ဂနွေ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓါ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၂၄ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၀)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင် အစိမ်းရောင်၊ အညိုရောင်။ အကျိုးပေးနေသား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၂၅ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၉၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဝါရောင်၊ အနီရောင်။ အကျိုးပေးနေသား ကြာသပတေးနေ့၊ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၂၆ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၈၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်၊ အဝါရောင်။ အကျိုးပေးနေသား တနလ်၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ပုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၂၇ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၉၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အညိုရောင်၊ မီးခိုးရောင်။ အကျိုးပေးနေသား တနလ်၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၂၈ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေသား ပုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အညိုရောင်၊ အဖြူရောင်။ အကျိုးပေးနေသား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၃၀ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၅၊ ၈)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်၊ အညိုရောင်။ အကျိုးပေးနေသား တနင်္ဂနွေ၊ ပုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ပြေလ ၃၁ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဝါရောင်၊ အစိမ်းရောင်။ အကျိုးပေးနေသား တနလ်၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓါ (၉) ခါ ရွတ်ဆိုပါ။



www.burmeseclassic.com

www.burmeseclassic.com

ဇယထွန်းရိပ်
တန်ခူးညိတ်သော်
မိဿရာသီ
လေးချက်ညီမှု
ကြယ်နီဖုသျှ
စိတြဆံကျင်
မင်းလွင်ရွှင်၍
သဘင်ရေသွန်း
ရင်ခတ်ပန်းနှင့်
ပျံ့သန်းကဲ့ကော်
ဆိပ်မြူးပျော်လွှက်

**(သင်္ဘောတော်အုပ်**
**စာတော်ဆက် ဦးဘိုးမင်း)**

သင်းပျံ့ထုံကြိုင်သော ဝိတောက်ရန့်လေးများနှိုးကြားလုဆဲဆဲ မိဿရာသီသို့ ကူးပြောင်းတော့မည့်ကာလ အခါသမယသို့ရောက်လာပြန်ပါပြီ။

နှစ်ဟောင်းမှအညစ်အကြေးများ၊ အတွေ့အကြုံဟောင်း၊ အယူအဆဟောင်းများ ကင်းစင်ကုန်ပျောက်၍ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံသော နှစ်သစ်ကို ကူးပြောင်းတော့မည့်လလည်း ဖြစ်၏။

မသိခဲ့၍ ကုသိုလ်၊ အကုသိုလ်ပြုခဲ့သည်ဖြစ်စေ၊ သိလျက်နှင့် ကုသိုလ်၊ အကုသိုလ်ပြုခဲ့သည်ဖြစ်စေ၊ မသိခြင်းနှင့်သိခြင်း၏ကြားကာလတွင် အကြောင်းမညီညွတ်မှုများရှိခဲ့သည်ဖြစ်စေ အားလုံးတို့သည် နှစ်ဟောင်းနှင့်အတူ ကျန်ရစ်ခဲ့တော့မည် ဖြစ်၏။

မင်္ဂလာ ဟူသည် မကောင်းမှုကို ပယ်ဖျက်၍ ကောင်းမှုကို တည်ဆောက်ခြင်းပင်ဖြစ်ရာ မကောင်းမှုကို ပယ်ဖျက်တတ်သောသဘောသည် မင်္ဂလာမည်သကဲ့သို့ ကြီးပွားချမ်းသာခြင်း၏အကြောင်းကို ဖြစ်စေသောသဘောသည်လည်း မင်္ဂလာမည်ပါပေ၏။

ဤမည်သော မင်္ဂလာတို့အတွက် မင်္ဂလာတရားတော်နှင့်အညီ မင်္ဂလာရှိစွာတွေးကြံခြင်း၊ မင်္ဂလာရှိစွာပြောဆိုပြုမူနေထိုင်ခြင်းတို့ဖြင့် ကိုယ့်ကိုယ်ကိုယ် သာမက ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံအား အလှဆင်ရတော့မည် ဖြစ်၏။ ကောင်းကျိုးဝေဖြာစေရတော့မည် ဖြစ်၏။ လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး ဝေဖြာတိုးစေရတော့မည် ဖြစ်၏။

လောကီအလို နှစ်ဦးမင်္ဂလာယဉ်ကြေးပေါင်းများစွာရှိကြပါသည်။

သို့သော် အခြားအခြားသော ပညာရှင်ကြီးများမှ မည်သည့်မင်္ဂလာယဉ်ကြေးကိုပြုသည်ဖြစ်စေ ကျွန်ုပ်တို့သူရဇမိသားစုမှ မည်သူကိုမဆို ဆန့်ကျင်မှုကင်းစွာဖြင့် ကျွန်ုပ်တို့ပါရမီဖြည့်နိုင်သောအတိုင်းအတာမှ ကျွန်ုပ်တို့၏ပညာစဉ်အတိုင်း မကောင်းမှုကိုပယ်ဖျက်စေနိုင်သော နှစ်သစ်မင်္ဂလာယဉ်ကြေးများဖြင့်သာ -

သူရဇမဂ္ဂဇင်းကြီး၏ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့အား ကံဆိုး၊ ကြမ္မာဆိုး၊ ဂြိုဟ်စီးဂြိုဟ်နင်းဆိုးတို့မှ ကင်းဝေးသည်ထက် ကင်းဝေးရင်း ဘုန်းကောင်းလာဘ်လာဘများပွင့်ပြီးရင်း ပွင့်ရင်းဖြစ်စေအံ့သောငှာ -

ပါရမီဖြည့်လိုက်ရပါသည်။

ကောဇာသက္ကရာဇ် ၁၃၇၆ ခု နှောင်းတန်ခူးလပြည့်ကျော် ၁၃ ရက်၊

www.burmeseclassic.com

www.burmeseclassic.com

ခရစ်နှစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၆ ရက်၊ ကြာသပတေးနေ့ မြန်မာစံတော်ချိန် ည ၈နာရီ (၈) နာရီ၊ (၃၅) မိနစ်၊ (၅၇) စက္ကန့်တွင် သင်္ကြန်တက်ပြီး ၁၃၇၇ သို့ပြောင်း၏။

၁၃၇၇ ခု၊ တန်ခူးလပြည့်ကျော် ၁၄ ရက်၊ ခရစ်နှစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ သောကြာနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဖြစ်ပါသည်။

နှစ်ဆန်းတစ်ရက်နေ့ **နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း အဂါသားသမီး (အဂါနာမည်ရှင်)** တို့သည်-

မိမိတို့၏ ပဋ္ဌပ္ပတ်အရပ် ဖြစ်သော အနောက်တောင်ထောင့်အရပ်သို့ မျက်နှာမူပြီး မိမိတို့၏ အမြစ်နုံဖြစ်သော ကြဲရွက်တစ်တောင်ခန့်(၂)ရွက်ကို ခြေစုံရပ်၍နင်းထားပါ။ ပန်းကန်တစ်ချပ်ထဲတွင် ဆောင်ပန်းအဖြစ် ရွှေက်လှည်းခွန် (သို့) ဝါးညွှန့် (၄) ညွှန့်ကိုထည့်ထားပြီး အနားတွင်ထားရင်း တရော်ကင်ပွန်းနှင့် ဦးခေါင်းဆေးလျှော်ခြင်းကိုပြုပါ။

ခေါင်းလျှော်စဉ် သမ္မာဒ္ဓေဂါထာကို (၁၀) ခေါက်ရွတ်လျှော်ပါ။

ခေါင်းလျှော်ပြီးနောက်ဆုံးခေါင်းဆေးရေသန့်ကို ဆောင်ပန်းများထည့်ထားသော ပန်းကန်တွင်းသို့သပ်ချပါ။

ပြီးမှ ပန်းကန်တွင်းမှ ခေါင်းဆေးရေနှင့် အညွှန့်များကို မျက်နှာမူရာ ခပ်လှမ်းလှမ်းဆီသို့ကိုယ်တိုင်သွားစွန့်ပါ။

စွန့်စဉ် ကျန်ခဲ့သောနင်းကြမ်းရွက်များကို တနင်္ဂနွေနာမည်ရှင်တစ်ဦးဦးက ယူပြီး အရှေ့အရပ်သို့ စွန့်ပစ်ရမည်။

www.burmeseclassic.com

တနင်္ဂနွေနာမည်ရှင်မရှိလျှင် ကိုယ်နှင့် နံတူမဟုတ်သူတစ်ယောက်ယောက်က ယူပြီးစွန့်ပေးပါ။ ဘယ်သူမှမရှိလျှင် ကိုယ်တိုင် တုတ်တစ်ချောင်းနှင့်ယူပြီး စွန့်၍ရပါသည်။ (မိဘများကစွန့်ပေး၍ လုံးဝမရပါ။)

ပြီးလျှင် ရေချိုးပါ။ ခေါင်းထပ်မလျှော်ရ။

အားလုံးပြီးလျှင် အဝတ်သစ် (လျှော်ဖွပ်ပြီးသား) ကို ဝတ်ဆင်၍ အိမ်မှ ဘုရားဆောင်တွင် စနေနံဆွမ်းများနှင့် ကပ်လှူပါ။ ဥပမာ နို့၊ ထောပတ်ဆွမ်း၊ ထန်းလျက်ဆွမ်း၊ နဂါးမောက်သီး၊ တည်သီး၊ ထောပတ်သီး ရရာကိုကပ်လှူပါ။

ပြီးလျှင် ဒိဝါတပတိဂါထာတော်ကို ပုတီးတစ်ပတ်ရအောင်စိပ်ပါ။

ပြီးလျှင် မိဘနှစ်ပါးကို ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားမိရာပြစ်မှား မိကြောင်းများမှ ကျေနပ်သည်အထိ လှူဖွယ်တစ်ခုခုနှင့် 'ပူဇာစ ပူဇနိယာနံ' မည်ခြင်းအလို့ငှာ ဝန်ချတောင်းပန်ပြီး မာန်လျှော့ကန်တော့ပါ။

မိဘများသက်ရှိထင်ရှားမရှိတော့သူများက ရည်မှန်း၍ ကန်တော့ပါ။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အာစရိယ ဆရာသခင်ကျေးဇူးရှင် အပေါင်းတို့ကို ရည်မှန်း၍ကန်တော့ပါ။

မပြစ်မှားအပ်သော ခင်ပွန်းကြီး (၁၀) ပါးကို ရိုသေစွာ ရည်မှန်း၍ ကန်တော့ပါ။

နှစ်ဦးမင်္ဂလာယတြာကြီး အထမြောက်အောင်မြင်သွားပါပြီ။

အခြားသော ကုသိုလ်ထူးများကို ပြုလိုသူများက သတ်အံ့ဆဲဆဲ သတ္တဝါလေးများကို ကယ်တင်ခြင်းများပြုပါ။

### နံနက် (၇) နာရီခွဲမှ (၉) နာရီအတွင်း

**တနင်္ဂနွေသားသမီး** (တနင်္ဂနွေနာမည်ရှင်) တို့သည် -

**မျက်နှာမူရာ** - အနောက်အရပ်။
**ဆောင်ပန်း** - ကဲ့ကော်ညွှန့် (၂) ညွှန့်။
**နင်းကြမ်း** - ထန်းတစ်ထွာခန့်(၇)ရွက်။
**နင်းကြမ်းစွန့်ရန်** - အနောက်တောင်အရပ်။
**စွန့်ပေးရန်** - သောကြာသားသမီး။
**ပူဇော်ရန်** - ပေါက်ပေါက်၊ မုန့်လုံးရေပေါ်၊ ပေါင်မုန့်။

### နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်း

**သောကြာသားသမီး** (သောကြာနာမည်ရှင်) တို့သည် -

**မျက်နှာမူရာ** - အရှေ့တောင်အရပ်။
**ဆောင်ပန်း** - ၁နှံး (၇) ညွှန့်။
**နင်းကြမ်း** - ပျဉ်းမ (၅) ရွက်။
**နင်းကြမ်းစွန့်ရန်** - အနောက်အရပ်။
**စွန့်ပေးရန်** - ဗုဒ္ဓဟူးသား။
**ပူဇော်ရန်** - အင်္ဂါနံဆွမ်း၊ သစ်သီးများ။

### နံနက် (၁၀) နာရီခွဲမှ (၁၂) နာရီအတွင်း

**ဗုဒ္ဓဟူးသားသမီး** (ဗုဒ္ဓဟူးနာမည်ရှင်) တို့သည် -

**မျက်နှာမူရာ** - အရှေ့မြောက်အရပ်။
**ဆောင်ပန်း** - မေမြို့ပန်း (၅) ပွင့်/ပျဉ်းမ (၅) ညွှန့်တစ်မျိုးမျိုး။
**နင်းကြမ်း** - ဆီး (၃) ခက် (ဆူးများဖဲ့ထားပါ။)
**နင်းကြမ်းစွန့်ရန်** - အရှေ့တောင်အရပ်။
**စွန့်ပေးရန်** - တနလ်သားသမီး။
**ပူဇော်ရန်** - အုန်းသီးစိတ်။

### မွန်းတည့် (၁၂)နာရီမှ (၁)နာရီခွဲအတွင်း

**တနလ်သားသမီးများ** (တနလ်နာမည်ရှင်) တို့သည် -

**မျက်နှာမူရာ** - မြောက်အရပ်။
**ဆောင်ပန်း** - ဆီး (၃) ညွှန့် (သို့) ဇွန် (၃) ညွှန့်
**နင်းကြမ်း** - အုန်းတစ်ရွက်။
**နင်းကြမ်းစွန့်ရန်** - အရှေ့မြောက်အရပ်။
**စွန့်ပေးရန်** - စနေသားသမီး။
**ပူဇော်ရန်** - သစ်သီး (၆) မျိုး (သို့) သကြားဆွမ်း။

### မွန်းလွဲ (၁) နာရီခွဲမှ (၃) နာရီအတွင်း

**စနေသားသမီး** (စနေနာမည်ရှင်) တို့သည် -

**မျက်နှာမူရာ** - တောင်အရပ်။
**ဆောင်ပန်း** - အုန်းတစ်ထွာခန့်တစ်ညွှန့်။
**နင်းကြမ်း** - သီဟိုဠ် (၆) ရွက် (သမြေမသုံးရ)။
**နင်းကြမ်းစွန့်ရန်** - မြောက်အရပ်။
**စွန့်ပေးရန်** - ကြာသပတေးသားသမီး။
**ပူဇော်ရန်** - ဗုဒ္ဓဟူးနံအသီးများ၊ ဆွမ်းများ။ ဥပမာ-ရွှေရင်အေး။

### မွန်းလွဲ (၃) နာရီမှ (၄) နာရီခွဲအတွင်း

**ကြာသပတေးသားသမီး** (ကြာသပတေးနာမည်ရှင်) တို့သည် -

**မျက်နှာမူရာ** - အရှေ့အရပ်။
**ဆောင်ပန်း** - သပြေ (၆) ညွှန့်။
**နင်းကြမ်း** - ရွှက်လှ (၄) ရွက်။
**နင်းကြမ်းစွန့်ရန်** - တောင်အရပ်။
**စွန့်ပေးရန်** - အင်္ဂါသားသမီး။
**ပူဇော်ရန်** - ကျောက်ကျော(သို့)ကော်ဖီ (သို့) ကိတ်မုန့်၊ (သို့) ကြာဆံကြော် (သို့) ခေါက်ဆွဲကြော်။

နှစ်ဦးမင်္ဂလာယတြာခန်းများသည် များသောအားဖြင့် ခေါင်းဆေးမင်္ဂလာများသာဖြစ်ကြ၏။

ဦးခေါင်းဆေးလျှော်ခြင်းဖြင့် လိုရာဆန္ဒပြီးစေဟု ရှေးပညာရှိများဆုံးမခဲ့ပါသည်။

နှစ်ဦးနှစ်ဖျားတွင် မင်္ဂလာယူကြခြင်းဖြစ်ရာ စကားဆိုး၊ နိမိတ်ဆိုးများကို ပြောဆိုခြင်းမှလည်း ရှောင်ရှားသင့်ကြပါမည်။

အောင်မြင်ရာအောင်မြင်ကြောင်းကိုဖြစ်စေသော လောကီအစီအရင်များဖြစ်သည့်အတွက် ရတနာမြတ် (၃) ပါး ဂုဏ်ရှိနိမ့်စွာ သောကစားမူးယစ်လေ့ရှိသူများ၊ အပျော်အပါးလိုက်စားသူများ၊ မိဘနှစ်ပါးကို စိတ်ဆင်းရဲအောင်ပြုမူဖန်တီးနေကြသူများ၊ သူတစ်ပါး၏ငွေကြေးဥစ္စာတို့ကိုခွေးငှားပြီးပြန်ပေးခြင်းမပြုတော့သူများ -

ဤ မင်္ဂလာရှိစွာဘုန်းကံချမ်းသာတိုးစေသောယတြာကြီးများကို မပြုလုပ်သင့်ပါ။ ဘာမှလည်းအကြောင်းထူးလာလိမ့်မည် မဟုတ်ပါ။

တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်သာ စီရင်ရသော ရှားရှားပါးပါး မင်္ဂလာယတြာကြီးဖြစ်၍ အထူးသတိထားကာ ဆောင်ရွက်သင့်ကြပါသည်။ အလွန်မှ အကျိုးပေးသလို လုံးဝလည်း အမှားမခံသော ယတြာကြီးများ ဖြစ်ပါသည်။ အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း လုံးဝမှား၍မရပါ။

ထို့ကြောင့် -

စီရင်ပုံများကို သေချာစွာဖတ်ရှုပြီးမှ အောင်မြင်ခြင်းများစွာကို ရယူပိုင်ဆိုင်လိုက်ပါဟု မေတ္တာစကားဆိုရင်း -

နှစ်ဦးမင်္ဂလာယတြာကြီးများဖြင့် ဂါရဝပြုလိုက်ရပါတော့သတည်း။

ဆရာဦးမောင်မောင်သန်း
(ခင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာမော်
# အလွယ်လေ့လာ
# လက္ခဏာပညာ



လက်ဝါးပြင်ပေါ်ရှိ
သောကြာခါးပတ် တည်ရှိနေပုံ



အပြတ်အတောက်များပါနေသည့်
သောကြာခါးပတ်ပုံစံ



ပြဿနာဒုက္ခများမှ
ကာကွယ်ကယ်တင်နိုင်သည့်သဘော
ဆေးရေးခြင်း ကုသ
ပျောက်ကင်းသည့်သဘောကို
ကိုယ်စားပြုသည့် Medical Stigmata



အကျိုးအပဲ့၊ အစအနပုံစံဖြင့် ရှိနေသော
သောကြာခါးပတ်ပုံစံ

**သောကြာခါးပတ် (The Grirdle of Venus)**

**သောကြာခါးပတ်တည်ဆောက်ပုံရှင်းလင်း ထင်ရှားနေပါသလား**

သောကြာခါးပတ်ထင်ရှားမှုရှိပါက စိတ်ခံစားမှု၌ အမြင့်ဆုံးအခြေအနေရှိပြီး စိတ်ထိခိုက်ခံစားလွယ်သူ၊ တစ်ခါတစ်ရံ စိတ်အခြေအနေအပေါ် မှုတည်၍ အစွန်းရောက်တတ်သူ၊ သူတစ်ပါးအပေါ် မှီခိုလွန်းရာ၌ သူများနောက်လိုက်ဖြစ်သွားတတ်သူဖြစ်ကြောင်းရည်ညွှန်းသည်။

**သောကြာခါးပတ်၏ တစ်နေရာ၌ (သို့) နေရာအတော်များများ၌ ပြတ်တောက်နေပါသလား**

သောကြာခါးပတ်အပြတ်အတောက်များနေပါက စိတ်ခံစားမှု၌ ထိခိုက်ခံစားလွယ်တတ်သူ၊ စိတ်အလိုကျမှုနှင့် စိတ်အားခွန်းမှုရရှိရေးအတွက် အခက်အခဲရှိတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**သောကြာခါးပတ်သည် ဆိုးရွားစွာ ပြတ်ဆောက်နေသည့် ပုံစံ (သို့) တစ်ဝက်တစ်ပျက်ပုံစံဖြစ်နေပါသလား**

အထက်ပါအတိုင်း ဖြစ်ပေါ်နေပါက ပြောဆိုပြုမူလှုပ်ရှားမှုတိုင်း၌ စိတ်ခံစားမှုကို အခြေခံသူဖြစ်ကြောင်း ဖော်ပြသည်။

**ပြဿနာဒုက္ခများမှ ကယ်တင်နိုင်သည့် အခြေအနေကို ကိုယ်စားပြုသော လမ်းကြောင်း (Medical Stigmata)**

**အထက်ပါလမ်းကြောင်း ထင်ရှားမှုရှိပါသလား**

Medical Stigmata လမ်းကြောင်းသည် ရောဂါများအား ပျောက်ကင်းအောင် ကုသနိုင်သူ၊ ပညာရှင်အဖြစ် အလုပ်လုပ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။ Medical Stigmataလမ်းကြောင်းကို ပြဿနာဒုက္ခများမှ ကယ်တင်နိုင်သည့်လမ်းကြောင်းအဖြစ်လည်း သတ်မှတ်ထားသည်။ အဆိုပါ လမ်းကြောင်းထင်ရှားပါက ရောဂါဇေဒါနာခံစားရမှုများအား ကင်းပျောက်စေသူ၊ နှိပ်နယ်ပေးခြင်းအားဖြင့် သက်သာစေတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဉာဏ်လမ်းကြောင်း (Intuition Line)**

**လက်ဝါးပြင်ပေါ်ရှိ ဉာဏ်လမ်းကြောင်းကို တွေ့ရပါသလား**

ရေဓာတ်ကိုယ်စားပြုသောလက်တွင်ဖြစ်စေ၊ မီးဓာတ်ကိုယ်စားပြုသောလက်တွင်ဖြစ်စေ ဉာဏ်လမ်းကြောင်းတွေ့ရှိရပါက စိတ်နယ်လွန်တန်ဆေးတတ်သူ (သို့) အကြားအမြင်ပေါက်သူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ မြေဓာတ်ကိုယ်စားပြုလက်နှင့် လေဓာတ်ကိုယ်စားပြုလက်တွင် ဉာဏ်လမ်းကြောင်းကို တွေ့ရှိရပါက ထိုးထွင်းဉာဏ်အားကောင်းသည့်သဘော၊ စိတ်အတွင်းမှအလိုလိုသိနေသည့်သဘော၊ ဆဋ္ဌမအာရုံရနေသည့်



www.burmeseclassic.com

www.burmeseclassic.com

**ဥာဏ်ထမ်းကြောင်းရှိနေပုံ**

သဘောများကို ဆိုလိုသည်။

**မိဘမိသားစုမောင်နှမသံယောဇဉ်အနောင်အဖွဲ့များအား ကိုယ်စားပြုထားသည့် ကွင်းဆက်သံကြိုးများသဖွယ်ရှိနေသည့် လမ်းကြောင်းပုံစံ**

မိသားစုနှင့်အနီးကပ်ဆုံးရှိနေခြင်းကြောင့် သံယောဇဉ်ကြိုးရစ်ပတ်ရသည်သဘော၊ မိသားစု၏ အထောက်အပံ့အပေါ် မှီခိုခြင်း သက်သောင့်သက်သာနေထိုင်နိုင်သည့် သဘောများကို ရည်ညွှန်းသည်။



**မိသားစု၊ သံယောဇဉ်အနောင်အဖွဲ့များအား ကိုယ်စားပြုထားသည့် ကွင်းဆက်ကြိုးများသဖွယ်ရှိနေသည့် ထမ်းကြောင်း**

Family Chain လမ်းကြောင်းပါ လက်ဝါးပိုင်ရှင်အများစုအား နွေးထွေးသော ဆက်ဆံရေးရှိနေသည့် မိသားစုအသိုင်းအဝန်းများ၌ အများဆုံးတွေ့ရတတ်သည်။

**စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာများအား ထိခိုက်စေသည့်သဘော ကိုယ်စားပြုသည့် လမ်းကြောင်း (The Poison Line)**



**စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများအား ထိခိုက်စေသည့်သဘောကိုယ်စားပြုသည့် လမ်းကြောင်း**

The Poison Line သည် အမှန်တကယ် ဖြစ်လာနိုင်ဖွယ်ရှိသည့် မကောင်းသောအခြေအနေအရပ်ရပ်အား ဖော်ပြသည်။ ဥပမာအားဖြင့် စိတ်ပိုင်းရော ရုပ်ပိုင်းကိုပါထိခိုက်စေသည့် မူးယစ်ဆေးစွဲခြင်း၊ ရောဂါဝေဒနာရရှိခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ စိတ်အလိုလိုက်လွန်းသောကြောင့် မဖြစ်သင့်မဖြစ်ထိုက်သည်များဖြစ်လာခြင်း၊ ဓာတ်မတည့်သောကြောင့် ခန္ဓာကိုယ်အရေပြားပေါ်၌ အဖုအပိမ့်ထွက်ခြင်းတို့ကို ဆိုလိုသည်။

**လက်သည်းများ (Nails)**

လက်သည်းများတည်ဆောက်ပုံနှင့် အရွယ်အစားအမျိုးမျိုးတို့အလိုက် သက်ဆိုင်ရာလက္ခဏာရှင်၏ပင်ကိုစရိုက်လက္ခဏာများ၊ ကျန်းမာရေးအခြေအနေများကို သိရှိနိုင်ပါသည်။

လက်သည်းများအားလေ့လာရာ၌ ၎င်းတို့၏ နူးညံ့ပျော့ပျောင်းမှုအခြေအနေ၊ ကွဲအက်ခြင်းရှိ/မရှိ၊ အဖြူရောင်အစက်အပြောက်များ ပေါ်နေခြင်းရှိ/မရှိနှင့် ကျန်းမာရေးရှုထောင့်အရ အာဟာရဓာတ်ချို့တဲ့ခြင်းရှိ/မရှိကိုပါ ထည့်သွင်းလေ့လာ စစ်ဆေးရမည် ဖြစ်သည်။

လက်သည်းခွံများသည် -

**အကိုက်ခံထားရသည့်ပုံစံရှိနေပါသလား**

အများအားဖြင့် အကိုက်ခံထားရသော လက်သည်းခွံများသည် မကောင်းသော အလေ့အထတစ်ခု၏ နောက်ဆက်တွဲအကျိုးဆက်ပင် ဖြစ်လေသည်။

ဘာကြောင့် လက်သည်းခွံအား ကိုက်သည်ကို လေ့လာပါက စိတ်ခံစားမှုများအတွင်း ဝမ်းနည်းကြေကွဲဖွယ်ရာများ လွန်ကဲနေသည့်အခြေအနေနှင့် စိတ်ဖိစီးခံနေရသည့်အချိန်များ၊ မိမိအတွေးအခေါ်နှင့် စိတ်ခံစားမှုများအား ပြန်လည်ဆန်းစစ်နေချိန်များ၊ အထီးကျန်ဆန်နေသည့်အချိန်များ၊ စိတ်လှုပ်ရှားနေသည့်အချိန်များတွင် အများဆုံးဖြစ်ပေါ်သည်ကို လေ့လာတွေ့ရှိရသည်။

အကိုက်ခံထားရသောလက်သည်းခွံများသည် လက္ခဏာရှင်ကိုယ်တိုင် မိမိ၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းအား မျှတအောင်မထိန်းချုပ်နိုင်သေးသည့်အခြေအနေကို ဖော်ပြသည်။

**လက်သည်းခွံများသည် ရှည်သည်ထက် ပို၍ ဘေးသို့ ပြန်ကားနေပါသလား (လက်သည်းခွံတိုတောင်းပါသလား)**

အထက်ပါ ကြန်အင်လက္ခဏာအတိုင်းဖြစ်ပါက ဆန်းစစ်ဝေဖန်တတ်သူ၊ အပြစ်ရှာတတ်သူ၊ ကျိုးကြောင်းဆီလျော်စွာတွေးခေါ်ကြဲဆန်သူ၊ ခွဲခြမ်းစိတ်ဖြာလေ့လာတတ်သူ၊ ပြဿနာအားချဉ်းကပ်ဖြေရှင်းတတ်သူ၊ တစ်ခါတစ်ရံ၌ ဘက်ပြိုင်တိုက်ခိုက်လိုစိတ်ရှိသူ၊ ငြင်းခုံတတ်သူ၊ အလွယ်တကူ အလျှော့မပေးတတ်သူ၊ ခေါင်းမာသူ၊ တစ်ခါတစ်ရံ စိတ်သဘောထားကျဉ်းမြောင်းပြီး မိမိကိုယ်ကျိုးကိုသာ ကြည့်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ လက်သည်းခွံတည်ဆောက်ပုံ အလွန်ကျယ်ဝန်းပြန့်ကားနေပါက လက္ခဏာရှင်သည် စိတ်သဘောထားဆိုးယုတ်သူ၊ ရက်စက်ကြမ်းကြုတ်သူ၊ သည်းခံလိုစိတ်မရှိသူဖြစ်ကြောင်းနှင့် နှလုံးရောဂါရရှိနိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**လက်သည်းခွံသည် ဘေးသို့ပြန်ကားသည်ထက် ပို၍ ရှည်နေပါသလား (လက်သည်းခွံရှည်လွန်းပါသလား)**

ရှည်လျားသော လက်သည်းခွံဖြစ်ပါက ထိုးထွင်းဉာဏ်အားကောင်းသူ၊ အနုပညာရပ်၌ထူးချွန်သူ၊ အမှန်တရားကိုလိုလားသူ၊ လွတ်လပ်ပျော်ရွှင်ပေါ်ပေါက်စွာနေတတ်သူ၊ ကိုယ်ကာယပိုင်း အင်အားလျော့နည်းသောကြောင့် မနှစ်မြို့သော အဖြစ်အပျက်မြင်ကွင်းများအား ဥပေက္ခာပြုတတ်သူ၊ ငြိမ်းချမ်းစွာနေတတ်ခြင်းကြောင့် ဒေါသဖြစ်ခဲသူ၊ ရင်ဘတ်နှင့် အဆုတ်တို့၌ ပြဿနာရှိနေတတ်

www.burmeseclassic.com

သူဖြစ်ကြောင်း ဖော်ပြသည်။

**လက်သည်းခွံသည် သပ်ပုံသဏ္ဌာန် (အောက်ခြေခွံကျဉ်းပြီး ထိပ်ဖျားခွံကားနေသော ပုံသဏ္ဌာန်) ဖြစ်နေပါသလား**

အထက်ပါပုံစံအတိုင်းဖြစ်နေပါက စိုးရိမ်သောကရောက်ရသူ၊ အာရုံကြောဆိုင်ရာရောဂါဝေဒနာရရှိသူ၊ စိုးရိမ်ပူပန်မှုများကြောင့် စိတ်ဓာတ်ကျဆင်းရသူ၊ စိတ်ပင်ပန်းနွမ်းနယ်နေသူ ဖြစ်ကြောင်း ဖော်ပြသည်။

**လက်သည်းခွံရှည်လျားပြီး ကျဉ်းမြောင်းနေပါသလား (သိမ်းငှက်၊ စွန်ရဲတို့၏ခြေသည်းကဲ့သို့ ရှည်လျားချွန်တက်နေပါသလား)**

လက်သည်းခွံတို့ ရှည်လျားကျဉ်းမြောင်းသူသည် တစ်ကိုယ်ကောင်းဆန်ပြီး တစ်ဖက်သားအပေါ် စာနာမှုမရှိတတ်သူ၊ မိမိတစ်ကိုယ်တော်အကျိုးစီးပွားအတွက်လောဘကြီးသူ၊ ခေါင်းမာတတ်သူဖြစ်ကြောင်းနှင့် အာဟာရဓာတ်ချို့တဲ့၍ ရောဂါရောဂါဝေဒနာရရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**လက်သည်းခွံများ၏ အောက်ခြေရှိ ပန်းကုံးတစ်ဝိုက်တွင်လခြမ်းကွက်ပုံများပါရှိနေပါသလား**

လခြမ်းကွက်များသည် ကိုယ်အင်္ဂါအစိတ်အပိုင်းများ ကောင်းမွန်နေသည့် အခြေအနေများကို ဖော်ပြသည်။

အကယ်၍ လခြမ်းကွက်များ အပြာရောင်သန်းနေပါက သွေးကြောနှင့်ဆိုင်သောရောဂါလက္ခဏာများရှိလာနိုင်မည့်သဘော ကြိုတင်အသိပေးနေခြင်းပင် ဖြစ်သည်။

လက်သည်းခွံတွင် လခြမ်းကွက်များမပါရှိပါက လက္ခဏာပညာရှုထောင့်အရ ကိုယ်ခန္ဓာတည်ဆောက်ပုံ၌ အားနည်းချက်ရှိနေသူ၊ စနစ်တကျ သုတေသနပြု၍ အဖြေရှာရန်လိုအပ်သူ ဖြစ်ကြောင်း အသိပေးနေပါသည်။

**လက်သည်းခွံပေါ်တွင် ဒေါင်လိုက်အစင်းကြောင်းများရှိနေပါသလား**

အကယ်၍ရှိနေပါက အသက်အရွယ်အိုမင်းသူ၏ လက်သည်းခွံနှင့် နှိုင်းယှဉ်လေ့လာနိုင်သည်။ အဆိုပါ လက္ခဏာရှင်သည် အဆစ်အမြစ်ရောင်ရမ်းကိုက်ခဲသည့် ဝေဒနာခံစားရသူ၊ ဒူလာရောဂါရရှိသူ၊ နာတာရှည်စိတ်ဖိစီးသည့် ဝေဒနာခံစားရသူ၊ အရေပြားရောဂါတစ်ခုခုရရှိသူဖြစ်ကြောင်း ဖော်ပြသည်။

**လက်သည်းခွံပေါ်၌ အဖြူစက်များရှိနေပါသလား**

အဖြူစက်များရှိနေပါက ကယ်လ်(လ်)ဆီယမ်ဓာတ်ချို့တဲ့သူ၊ အလုပ်ပင်ပန်းလွန်းသူ၊ စိတ်မွန်းကျပ်သူ၊ အာဟာရဓာတ်ချို့တဲ့သူ၊ အသည်းဆိုင်ရာလုပ်ငန်းများပုံမှန်မဟုတ်သူ၊ အသည်းရောဂါဖြစ်သူအဖြစ် ရည်ညွှန်းသည်။

လက်သည်းခွံ၏ အရောင်များကို လေ့လာပါက -

**နီနေပါသလား**

အကယ်၍ နီနေပါက သွေးတိုးခြင်း၊ သွေးဖိအားများခြင်း စသည့် ကျန်းမာရေးဆိုင်ရာလက္ခဏာများအား ဖော်ပြသည်။

**ပန်းရောင်သန်းနေပါသလား**

ပန်းရောင်သန်းနေပါက ကျန်းမာရေးကောင်းသူ (သို့) အသင့်အတင့်ကောင်းသူဖြစ်ကြောင်း ညွှန်ပြသည်။

**အပြာရောင်သန်းနေပါသလား**

အပြာရောင်သန်းသောလက်သည်းခွံသည် သွေးလည်ပတ်မှုဆိုင်ရာရောဂါများအား ရည်ညွှန်းသည်။ အကယ်၍ လက်တစ်ဖက်ရှိ လက်ချောင်းများတွင် အပြာရောင်သန်းနေပါပြီဆိုပါက ကျန်းမာရေးအတွက် ကြိုတင်ဆေးစစ်ချက်များရယူသင့်ကြောင်း ကြိုတင်အသိပေးနေခြင်းပင် ဖြစ်သည်။

**လက်သည်းခွံအရောင်မှိန်ဖျော့ပြီး အရောင်မရှိသလိုဖြစ်နေပါသလား**

အထက်ပါအခြေအနေအရ လက္ခဏာရှင်သည် အစားအသောက်ဆင်းရဲပြီး အာဟာရဓာတ်ချို့တဲ့သူ၊ အားနည်းပြီးမူးဝေတတ်သူ၊ အသည်းကြွပ်ရောဂါရသူ၊ အသည်းနှင့် ကျောက်ကပ်ဆိုင်ရာ ရောဂါအမျိုးမျိုးခံစားရမည့်သူဖြစ်ကြောင်း ကြိုတင်အသိပေးနေပါသည်။

## အပိုင်း (၃)

### နောက်ဆက်တွဲ လေ့လာစရာများ အထွေထွေရှင်းလင်းချက်များ (နက္ခတ်ဗေဒင်ပညာရှင်များအတွက်)

နက္ခတ်ဗေဒင်ပညာနှင့် လက္ခဏာပညာရပ်သည် ပညာရပ်ဆိုင်ရာဝေါဟာရအသုံးအနှုန်းများအရ ဆက်စပ်လျက်ရှိနေကြောင်း ထိုသို့ ဆက်စပ်ရသာမက ဖော်ပြပါ ပညာရပ်နှစ်ခုအား ပေါင်းစပ်လျက် လူသားတို့၏ ဘဝတစ်သက်တာအခြေအနေအရပ်ရပ်အား ခွဲခြမ်းစိတ်ဖြာ အဖြေထုတ်ပေးနိုင်မည် ဖြစ်သည်။

လက္ခဏာပညာရှင်အများစုအနေဖြင့် လက္ခဏာပညာရပ်၏ အခြေခံကျသော အချက်အလက်များအား ပိုမိုထင်ရှားပေါ်လွင်စေရန် နက္ခတ်ဗေဒင်ပညာရပ်ကိုပါ တွဲဖက်အသုံးပြုတတ်ကြသည်ကို လေ့လာတွေ့ရှိရသည်။ ထို့အတူ နက္ခတ်ဗေဒင်ပညာရှင်တို့အနေဖြင့်လည်း အဓိပ္ပာယ်နှစ်ခွထွက်သောဟောကိန်းများအား တိကျရှင်းလင်းသွားစေရန် လက္ခဏာပညာရပ်အား တွဲဖက်အသုံးပြုပေးသင့်သည်။

လက္ခဏာပညာရပ်နှင့် နက္ခတ်ဗေဒင်ပညာရပ်တို့ သိသိသာသာ ဆက်နွယ်နေပုံကို နမူနာပုံစံ (လက်ဝါးပြင်ပုံ)၌ အသေးစိတ် လေ့လာနိုင်မည် ဖြစ်သည်။

နမူနာလက်ဝါးပြင်အား လေ့လာပါက (လက်မမှလွဲ၍) လက်ချောင်း (၄) ချောင်း၏ လက်ဆစ်ရိုး (အဆင့် ၃ ဆင့် တစ်ခုစီအား) (၁၂) ရာသီခွင်စက်ဝိုင်းမှ ရာသီရုပ်အသီးသီးက ကိုယ်စားပြုထားပုံကို တွေ့ရမည်ဖြစ်သည်။ ထိုအခါ လက်မသည် ၎င်း (အတ္တ) သဘောကို ရည်ညွှန်းပြီး လက္ခဏာပညာထုံးတမ်းအရ ၎င်းလက်မအား သောကြာဂြိုဟ် ကိုယ်စားပြုလက်ချောင်းအဖြစ် သတ်မှတ်ထားသည်။

လက်မ၏ သဘာဝအရ လက်ချောင်း (၄) ချောင်းအား ဆန့်ကျင်ဘက်အနေအထားဖြင့် ကျွန်ုပ်တို့အား နည်းပညာများ အဆင့်ဆင့်တိုးတက်လာအောင် ဝိုင်းဝန်းကူညီပေးနေသည့် လက်ချောင်း ဖြစ်သည်။

အကယ်၍ လက်မ မရှိပါက မည်သည့် ပစ္စည်းကိရိယာကိုမျှ စွဲမြဲခိုင်ခံ့အောင် တာရှည်မကိုင်နိုင်ခြင်းကြောင့် နည်းပညာတိုးတက်မှုများလည်း ရှိလာနိုင်မည် မဟုတ်ပါ။

လက်ချောင်းရိုးများပေါ်၌ အဓိက အရေးပါသော အမှတ်သင်္ကေတ (၄)မျိုး အနက် တစ်မျိုးမျိုးပါရှိနေပါက အောက်ပါအဓိပ္ပာယ်အသီးသီးအား ကြိုတင်သိထားမှသာ မှန်ကန်သောအခြေသုတ် ပေးနိုင်မည် ဖြစ်သည်။

**ဒေါင်လိုက်လမ်းကြောင်းများ**

ကောင်းသော [illegible]



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်ဗေဒင်ဆိုင်ရာ
ဝေါဟာရအသုံးအနှုန်းများက
လက္ခဏာပညာရပ်နှင့်
ဆက်စပ်မှုရှိနေပုံ

Aries, ♈
Taurus, ♉
Gemini, ♊
Cancer, ♋
Leo, ♌
Virgo, ♍
Libra, ♎
Scorpio, ♏
Sagittarius, ♐
Capricorn, ♑
Aquarius, ♒
Pisces, ♓

Moon, ☽
Sun, ☉
Mercury, ☿
Venus, ♀
Mars, ♂
Jupiter, ♃
Saturn, ♄
Uranus, ♅
Neptune, ♆
Pluto, ♇

ကိုယ်စားပြုသည်။

**အလှူးလိုက်လမ်းကြောင်းများ**

စွမ်းအင်များအား ပိတ်ဆို့တားဆီးသည့် အဓိပ္ပာယ်ကို ရည်ညွှန်းသည်။

**သဲဆန်ခါကွက်များ**

အပြုံင်အဆိုင် စုဆောင်းရသည့် စွမ်းအင်များ ဖြစ်ကြောင်း ဖော်ပြသည်။

**ကြက်ခြေခတ်များ**

စွမ်းအင်များအား ထိထိရောက်ရောက် အသုံးမချလိုက်ရဘဲ ကြားသို့ သွေဖည်သွားသည့်သဘောကို ဖော်ပြသည်။

နက္ခတ်ဗေဒင်ပညာအရ ဒေါင်လိုက်လမ်းကြောင်းအားလုံး ကောင်းသော အတိတ်နိမိတ်ဖြစ်သည်။ အကယ်၍ အလှူးလိုက်လမ်းကြောင်းဆိုပါက နောက်ကြောင်းပြန်လှည့်သည့်အခြေအနေ၊ ကောင်းရာမှ ဆိုးရာသို့ သွားသည့် အခြေအနေကို ညွှန်ပြသည်။

နက္ခတ်ဗေဒင်ပညာအရ သဲဆန်ခါကွက်များသည် 'ကြားနေ' (ဆိုးလွန်၊ ကောင်းလွန်း တစ်ဖက်စွန်းမရောက်သည့်) အခြေအနေကို ရည်ညွှန်းသည်။ သို့သော် ကြက်ခြေခတ်များဖြစ်ပါက မကောင်းသောနိမိတ်ကိုရည်ညွှန်းသည်။

နက္ခတ်ဗေဒင်ပညာအရ ဂြိုဟ်သွားလမ်းကြောင်းနှင့် အခြားသော အခြေအနေများအား လက်ဝါးပြင်ရှိ ဂြိုဟ်ခုံများနှင့် နှိုင်းယှဉ်ဖော်ပြနိုင်သည်။ စကြဝဠာအတွင်းရှိ ဂြိုဟ်များ၏သွားလာလှုပ်ရှားရပ်တည်မှုအပေါ် အခြေခံ၍ လူသားတို့၏ ကံကြမ္မာအား တွက်စစ်နိုင်ခြင်းကြောင့် လူသားသည် စကြဝဠာအတွင်းရှိဂြိုဟ်များက ရောင်ပြန်ဟပ်နေသော လောကပုံစံငယ်တစ်ခုပင် ဖြစ်သည်။

| | |
|---|---|
| Aries | - မိဿရာသီ |
| Taurus | - ပြိဿရာသီ |
| Gemini | - မေထုန်ရာသီ |
| Cancer | - ကရကဋ်ရာသီ |
| Leo | - သိဟ်ရာသီ |
| Virgo | - ကန်ရာသီ |
| Libra | - တူရာသီ |
| Scorpio | - ဗြိစ္ဆာရာသီ |
| Sagittarius | - ဓနုရာသီ |
| Capricorn | - မကာရရာသီ |
| Aquarius | - ကုံရာသီ |
| Pisces | - မိန်ရာသီ |

| | |
|---|---|
| Moon | - လ - တနလ်ာဂြိုဟ် |
| Sun | - နေ - တနင်္ဂနွေဂြိုဟ် |
| Mercury | - ဗုဒ္ဓဟူးဂြိုဟ် |
| Venus | - သောကြာဂြိုဟ် |
| Mars | - အင်္ဂါဂြိုဟ် |
| Jupiter | - ကြာသပတေးဂြိုဟ် |
| Saturn | - စနေဂြိုဟ် |
| Uranus | - ယူရေနပ်(စ်)ဂြိုဟ် |
| Neptune | - နက်(ပ်)ကျွန်းဂြိုဟ် |
| Pluto | - ပလူတိုဂြိုဟ် |

ဆရာမော်



www.burmeseclassic.com

www.burmeseclassic.com

# ကြည်ဇိန်ဒင်္ဂါ ကြေငယ်ပုံ အိပ်ဝါရင်

## တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နှေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** -သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်းလောင်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ တောင်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို ပုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် စက်ပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းစသည့်နေရာများသို့သွားရောက်၍ သန့်ရှင်းကိစ္စများကူညီဆောင်ရွက်ပေးပါ။

**နလုံးသားရေရာအခက်အခဲတွေ့နေသူများ** -ခြံ၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။

**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌဿဂါထာရွတ်မန်းပြီးစားပါ။ လမ်းလျှောက်ပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သောထီသည်ထံမှာ ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## တနလာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နှေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းများ ကပ်လှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိုရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး အဓိဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ စနေနံပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ပန်းခြောက်များစွန့်ပစ်ပေးခြင်း၊ အမှိုက်များကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းများဆောင်ရွက်ပါ။

**နလုံးသားရေရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်လေးများဝတ်မသွားပါနှင့်။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကိုအစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - ကြာသပတေးနာမည်ရှင်များနှင့် ထီစပ်တူထိုးပါ။ (၅) ဂဏန်းများစွာပါအောင်ရွေး ပါ။



www.burmeseclassic.com

www.burmeseclassic.com

### အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုံတိုး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှည်းနှင့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို မကြာခဏလက်နှင့်ထိပြီး ဒီဝါတပတိဂါထာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံ့ဘွဲ့အမည်ရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္မာဒ္ဓေဂါထာတော်ရွတ်၍ ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။
**နှလုံးသားရေရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။
**ကျန်းမာရေး** - လိပ်စာ၊ ငါးစာကျွေးပါ၊ သို့မဟုတ် ငါးအရှင်လေးများ တစ်နိုင်ဝယ်၍ ဘေးမဲ့လွှတ်ပေးပါ။
**ထိကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

### ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုံတိုးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်းဘုရား (၅) ဆူလှည့်၍ ပန်းပေါင်းစုံ (၅) မျိုးစီ ကပ်လှူပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကြာသပတေးနာမည်ရှင်နှင့်တိုင်ပင်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့် စတီခေါက်ပြီးမှ သောကြာနာမည်ရှင်နှင့်စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုံတိုးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမပြုတော့သည့် စက်ပစ္စည်းအဟောင်း၊ အပျက်၊ အစုတ်များကို ချက်ချင်းရှာဖွေရှင်းလင်းစွန့်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှ လမ်းလျှောက်သွားလျှင် နီးသော ဘုရားစေတီတစ်ဆူ၏ရင်ပြင်တော်၊ တန်ဆောင်း စသည်တို့တွင် တံမြက်စည်းများလှည်းပါ။ အမှိုက်များကောက်ပါ။
**နှလုံးသားရေရာအခက်အခဲတွေ့နေသူများ** - ခိုစာမကြာမကြာကျွေးပါ။
**ကျန်းမာရေး** - နွမ်းပါးသော သက်ကြီးရွယ်အို့များကိုတွေ့လျှင် ဆေးဝါး၊ ဓာတ်စာ၊ ငွေကြေးများကို တတ်နိုင်သမျှ လှူပေးပါ။
**ထိကံကောင်းလိုသူများ** - ကြာသပတေးနာမည်ရှင်နှင့်ထီစပ်ထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။

### ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုံတိုးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိ အစဉ်သော ဘုရားရှိခိုးဂါထာကို ပုံတိုးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျီးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ဆီမီးများသောက်တော်ရေများ ကပ်လှူပူဇော်ပြီး အဓိဋ္ဌာန်ပုံတိုးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး၊ ဆီမီးထွန်းညှိပူဇော်ပါ။ မွေးနံ့ပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္မာဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။ နေ့စဉ်ရွတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** -ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။
**ကျန်းမာရေး** - စိတ်ဝေဒနာရှင်များနှင့်တွေ့တိုင်း အလှူဒါနလေးများတစ်နိုင်ပြုလုပ်ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှကြုံသောထီဆိုင်တွင် (၆) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းလာခဲ့ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ့ အသီး အညှန့် အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နှေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အဂၤါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းများကပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့် ၌ ပဌာန်း၌ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။ မကြာမကြာဆောင်ရွက်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သောဘုရားစေတီတစ်ဆူတွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း၊ မြက်နုတ်ခြင်းများဆောင်ရွက်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ အလျှော့ပေးပါ။
**ကျန်းမာရေး** - စာကလေးလွတ်သောကုသိုလ်ပြုပါ (သို့) စာကလေးများ အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** -တနင်္ဂနွေထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နှေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးဝါး၊ ဓာတ်စာများ တတ်အားသရွေ့လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို မြောက်အုရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံ့မှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီးရေသပ္ပာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းသို့သွား၍ကုဋီများကိုရေဆေးပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ ဆန့်ကျင်ဘက်စကားများမပြောပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ တစ်နိုင်ဇီဝိတဒါနလွှတ်ခြင်းပြုပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ ထိုးပါ။ ကြိုက်ရာထိုးလာပါစေ။ ထီကောင်းတတ်ပါသည်။

ယခုလတွင်-
ကြာသပတေးစ ဗုဒ္ဓဟူးပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမို ရွှတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့် အောင်မြင်မှုများစွာရယူပါ။
ဘရှိန်း-ဖိုးဝေ-ဘုန်းလှ-ပန်းရင်

မိမိကောင်းမှုအကြောင်းမြှ
ဆုမတောင်းဘဲပြည့်ပါစေ

ပြည်သိန်းကြေ



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဧပြီလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်




(၁-၄-၂၀၁၅) နေ့
သာယာနဇာတာခွင်

(၁၁-၄-၂၀၁၅) နေ့
သာယာနဇာတာခွင်

(၁၁-၄-၂၀၁၅) နေ့
သာယာနဇာတာခွင်

၂၀၁၅ခုနှစ် ဧပြီလ၏ ပထမ(၁၀) ရက်ကာလတွင် ဆေးကုသမှုဆိုင်ရာလုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ ပညာရေးဆိုင်ရာလုပ်ငန်း၊ ဓာတ်ငွေ့နှင့်တခြားလောင်စာလုပ်ငန်းများ၊ စွေးကွက်အကျပ်အတည်းတွေ့မည်။ အကျဘက်သို့ယိုင်နေမည်။ သံနှင့်သံထည်ပစ္စည်း၊ တွင်းထွက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ စက်နှင့်စက်ပစ္စည်းများ စွေးကွက်ကမောက်ကမရှိနေဦးမည်။ ရွှေစွေးကွက်တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ အကျဘက်သို့ ပို့ရွေ့တတ်မည်။ ငွေကြေးစွေးကွက်တည်ငြိမ်သယောင်နှင့် ရုတ်တရက်ထိုးတက်တတ်၊ ထိုးကျတတ်မည်။ လယ်ယာဥယျာဉ်ထွက်ပစ္စည်းများ၊ ငါးနှင့်ရေထွက်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စာနယ်ဇင်းပစ္စည်းများ စွေးကွက်ငြိမ်နေမည်။

၂၀၁၅ ခုနှစ် ဒုတိယ (၁၀)ရက်ကာလတွင် ရွှေနှင့်ရွှေထည်ပစ္စည်းများ၊ စာနယ်ဇင်းပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ သစ်နှင့်ပရိဘောဂပစ္စည်းများ၊လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းများ၊ ယမကာပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ ဓာတ်ငွေ့နှင့် တခြားလောင်စာများ တက်ရိပ်ကိုတွေ့မြင်ရသော်လည်း ရုတ်တရက် အောက်စွေးသို့ပြုတ်ကျတတ်မည်။ တွင်းထွက်ပစ္စည်းများ၊ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ၊ ငွေကြေးစွေးကွက်များ တက်စေးကျစွေးရှုပ်ထွေးနေသဖြင့် ခန့်မှန်းရခက်နေမည်။ တည်ခိုခန်းလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ မီးဖိုချောင်သုံးပစ္စည်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အနုပညာဆိုင်ရာလုပ်ငန်း၊ ပျော်ပွဲရွှင်ပွဲဆိုင်ရာလုပ်ငန်းများ စီးပွားရေးအကွက်အကွင်း မတည်မငြိမ်ရှိနေမည်။

၂၀၁၅ခုနှစ် ဧပြီလ တတိယ (၁၀) ရက်ကာလတွင် အင်တာနက်နှင့်တယ်လီဖုန်းဆိုင်ရာလုပ်ငန်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဆိုင်ရာ၊ စာနယ်ဇင်းဆိုင်ရာလုပ်ငန်း၊ ယမကာဆိုင်ရာလုပ်ငန်း၊ ဓာတုပစ္စည်းဆိုင်ရာလုပ်ငန်း၊ ဓာတ်ငွေ့နှင့်တခြားလောင်စာလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းများ စွေးကွက်မတည်မငြိမ်ရှိနေမည်။ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ပရိဘောဂနှင့်သစ်လုပ်ငန်း အထည်အလိပ်လုပ်ငန်း၊ နိဗ္ဗာန်ကုန်လုပ်ငန်းများ စွေးကွက်တည်ငြိမ်နေသော်လည်း အချိန်မရွေးဖောက်ပြန်နိုင်သည်။ ရွှေစွေးကွက်၊ ငွေကြေးစွေးကွက်တည်ငြိမ်နေသော်လည်း အကျဘက်ယိုင်တတ်သည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

'ကတိသစ္စာ တည်သောအခါ၊ သြဇာလေးနက် ပေါ်ဆိတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏'။

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။။

ဤကမ္ဘာမြေပေါ်တွင် ပေါက်ရောက်ကြသော နွယ်မြက်သစ်ပင်တို့ သည်ကား ဆေးအတိသာဖြစ်ပါ၏။ မသိသူကျော်သွား၏။ သိသောသူဖော်ဘား၏။

ဤနေရာတွင် ယောကျ်ားများ ပန်းသေ၊ ပန်းညှိုး၊ ပန်းကပ်ဖြစ်ကာ ဤဘဝတွင်ကား လူဖြစ်ကျိုးနှဲ့ပြီဟု ထင်မှတ်ကာ မိမိကိုယ်ကို သေကြောင်းကြံသူများလည်းရှိခဲ့ကြ၏။

လူဆိုသည်မှာ ခွန်အားဗလသည် အထူးအရေးကြီးလှပါ၏။ ခွန်အားဗလရှိသောသူသည် မည်သည့်အရာကိုမျှ မမှုချေ။ ဆောင်ရွက်နိုင်၏။ ယင်းကြောင့်လည်း ဤလောကတွင် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူ၍လည်း ဗလငါးတန်ရှိလေ၏။

ယောကျ်ားများပျော်ရွှင်စေသော ဆေးတစ်လက်တင်ပြပါမည်။ ဤဆေး၏ အတိမ်အနက်တို့ကိုလည်း ခန့်မှန်း၍ ရနိုင်ပါလိမ့်မည်။

**ဆေးကား ဤသို့ပင်တည်း**

ကျောက်သွေး၊ ငါးကြီးအန်ဖတ်၊ ငှက်သိုက် တစ်ကျပ်သားစီ။

ကြာကုံကုမံ၊ လေသိုက်၊ နှမ်းဆီ စစ်စစ် (၂၀) ကျပ်သား။ အုန်းနို့ (၂၀) ကျပ်သား။ ကိတ်မုန့်ခြောက်နှစ်ချပ်၊ ပျားရည် (၂၀) ကျပ်သား၊ ထောပတ် (၂၀) ကျပ်သား၊ နွားနို့စစ်စစ် (၂၀) ကျပ်သား၊ စာကလေးဥ နှစ်ဥ၊ သဘာဝကြက်ဥနှစ်ဥ၊ ဖျံသို တစ်ကျပ်သား။

**ပြုလုပ်နည်း**

အမှုန့်ပြုစရာများကို အမှုန့်ပြုပါ။ အားလုံးကိုပေါင်းစပ်ပါ။ မီးနွေးနွေးနှင့် တစ်ပွက်ဆူအောင်ချက်ပါ။ ဆူလာလျှင် ထုတ်ပါ။ အအေးခံပါ။ လေလုံသော ပုလင်းကြီးမှာထည့်ပြီး သိမ်းဆည်းထားပါ။

**သုံးဆောင်ပါရန်**

ဆေးကို လက်ဖက်ရည်ဇွန်းကလေးနှင့် မနက်တစ်ဇွန်း၊ နေ့လယ်တစ်ဇွန်း၊ ညအိပ်ရာဝင်သောအချိန်တွင် တစ်ဇွန်း မှန်မှန်သုံးဆောင်ပေးပါလေ။

**ဆေး၏အကျိုးသွား**

ပန်းသေ၊ ပန်းညှိုး၊ ပန်းကပ်ရောဂါများကို ချက်ချင်းပျောက်ကင်းပါလိမ့်မည်။ လူဖြစ်ကျိုးနှဲ့ပြီထင်မှတ်နေသော သူတို့မှာ ဤဆေးတော်ကို ဖော်စားပါ။ လူဖြစ်ကျိုးနပ်ပါလိမ့်မည်။

ရခိုင်ဘုရင်မင်းများလက်ထက်က ဤဆေးကို အမြဲတစေ ဖော်စပ်သုံးဆောင်ခဲ့ကြ၏။ ယောကျ်ားကောင်းမောင်းမတစ်ထောင်ဟု ဆိုစမှတ်ပြုကြ၏။

**မှတ်ချက် -**

ဖျံသိုကို လုံးဝသေမှထည့်ပေးပါ။ လုံးဝမသေဘဲနှင့် ထည့်သွင်း အသုံးမပြုရန် ရေးရခိုင်သမားတော်ကြီးများက အဆိုအမိန့်ရှိခဲ့ပါ၏။

တစ်နည်း - ပန်းသေပျောက်ဆေး

**ဆေးကား**

အုန်းသီးအခြောက်တစ်လုံးနှစ်သွေးပါ။ အရည်ကိုယူပါ။ ထောပတ် (၅) ကျပ်သား၊ ဇာတိပွိလ်သီး (၂) လုံး ပျားရည်စစ်စစ် (၅) ကျပ်သား ထန်းလျက် (၅၀) ကျပ်သား၊ နွားနို့စစ်စစ် တစ်ပိဿာ၊ သကြား (၁၀) ကျပ်သား။

**ပြုလုပ်နည်း -**

အားလုံးကိုပေါင်းပါ။ အမှုန့်ထောင်းစရာတို့ကို အမှုန့်ထောင်းပေးပါ။ အိုးသစ်တွင်ထည့်၍ မတူးမခြစ်ရအောင် ချက်ပါ။

**သုံးဆောင်ပါရန်**

မနက်လက်ဖက်ရည်ဇွန်းတစ်ဇွန်း၊ နေ့လယ်တစ်ဇွန်း၊ ညအိပ်ရာဝင်တစ်ဇွန်း မှန်မှန်သောက်ပါ။

**အကျိုးသွား**

ပန်းသေ၊ ပန်းညှိုး၊ ပန်းကပ်ရောဂါများ ပျောက်ကင်း ချမ်းသာပါလိမ့်မည်။ လက်တွေ့စမ်းသပ်နိုင်ပါ၏။

တိုင်းရင်းဆေးပညာကို သေချာသိမယူလိုပါ။

လေ့လာမှတ်သားအကျိုးများကြပေလိမ့်မည်။

တိုင်းရင်းဆေးဗဟုသုတပြည့်စုံနိုင်ကြပါစေ။

ကျန်းမာကြပါစေ ခင်းသာကြပါစေ။

သစ္စာမေဆွာကြွင်း

မဟာန္တယိ (ခန့်ထားဆရာသိုက်)



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးလက်ဆောင်။

နှစ်ဦးလက်ဆောင်ကို စတင်ဖတ်ရှုလိုက်တဲ့အတွက် 'မင်္ဂလာပါ' လို့ နှုတ်ဆက်ရင်းနဲ့ လေးလေးစားစား ဂါရဝပြုလိုက်ပါတယ်။

နှစ်သစ်မင်္ဂလာတွေနဲ့ပြည့်နေတဲ့ နှစ်ဦးကိုရောက်လာပါပြီ။

နှစ်ဦးနှစ်ဖျားကစလို့ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းလိုက်ပြီး ရှောင်သင့်တာလေးတွေ ရှောင်၊ ဆောင်သင့်တာလေးတွေဆောင်နိုင်အောင် -

လိုအပ်မယ်ထင်တာကလေးတွေနဲ့ အကြံပြုလိုက်ပါရစေ။

ဦးဆုံး -

ရတနာမြတ်(၃)ပါးကို ဦးထိပ်ထားပြီး စားလည်း သရဏဂုံ (၃) ပါး၊ သွားလည်း သရဏဂုံ (၃) ပါး၊ အိပ်လည်း သရဏဂုံ (၃) ပါး ဖြစ်နေသင့်ပါတယ်။

စိတ်ညစ်ရင်လည်း သရဏဂုံ (၃) ပါး၊ စိတ်ချမ်းသာရင်လည်း သရဏဂုံ(၃)ပါး ဖြစ်နေဖို့လိုပါတယ်။ နှုတ်ကမပြတ်ရွတ်နေသလို ဘုရား၊တရား၊သံဃာကိုလည်း ကြည်ညိုစိတ်အပြည့်နဲ့ နှလုံးသွင်းနေဖို့ပါပဲ။

စိတ်ပါမှရွတ်လိုက်တယ်၊ မပါရင် မရွတ်ဘူးဆိုတာမျိုးမဖြစ်ဖို့ဘဲလိုပါတယ်။ ရွတ်ရင် ဝစီကံကုသိုလ်က အလိုလိုရပြီးသားပါ။ မရွတ်ရင်တော့ ဘာမှဖြစ်မလာသေးဘူးပေါ့။

တချို့ဆိုရင် -

နှစ်ဦးနှစ်ဖျားကစပြီး တစ်နေ့ကို ဂုဏ်တော် (၁၀၀၀) -

တချို့က သမ္မဒ္ဓေဂါထာ(၁၀၀၀)-

တချို့က ဖုဋ္ဌဿဂါထာ (၁၀၀၀) ရွတ်ကြပါတယ်။ တစ်နှစ်လုံးရွတ်ကြပါတယ်။ ရွတ်နေရင်းနဲ့ကို တဖြည်းဖြည်း အကျိုးပေးလာကြတာချည်းပါပဲ။

တချို့က ပဌာန်းကျမ်းမြတ်ကြီးကို နှစ်ဦးနှစ်ဖျားကစပြီးပူဇော်မယ်၊ တချို့က မဟာသမယသုတ် (၇) သုတ်စလုံးကို ပူဇော်မယ်ဆိုပြီး နှေစဉ်ဝတ်မပျက်ပူဇော်ကြတာတွေလည်းရှိပါတယ်။ အဲဒါ့အပြင်စရာကောင်းလောက်အောင် ထူးခြားသွားကြလွန်းလို့ ဟုတ်ပါ့မလားလို့တောင် မမေးရဲပါဘူး။ လက်တွေ့တွေ့ပါ။

တချို့က မရိတ်ကြီး (၁၁) သုတ်ကို နှစ်စဉ်ကစပြီး မပြတ်တမ်းပူဇော်ခဲ့လို့ ဘဲန်းတွေကဲ့တွေကြီးလာလိုက်ကြတာမှ-



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ဦးလက်ဆောင်

## ဆရာဦးမောင်မောင်သန်း

(ရန်ကုန်၊ အင်းစိန်မြို့)

တချို့ကျတော့ ဂုဏ်တော်ပုတီး တွေစိပ်ကြတယ်။ အမျိုးမျိုးပေါ့။ ဗုဒ္ဓါနုဿတိဘာဝနာ စီးမြန်းကြတာရှိသလို အာနာပါန ရှုမှတ်ကြတာတွေလည်း အများကြီး။

အားလုံးဟာ တစ်မျိုးစီအောင်မြင်ကြ၊ ထူးခြားကြပါပေတယ်။

ထူးမှာပေါ့။

ကိုယ်တိုင်လုပ်တဲ့ကောင်းကျိုးကိုး။

ကိုယ်လုပ်တော့ကိုယ်ရတာပေါ့။

ကိုယ်မလုပ်ရင် ကိုယ်မရဘူးပေါ့။

နှစ်ဦးနှစ်ဖျားကစပြီး ဒီကုသိုလ်ကြီးတွေကို မပျက်မကွက်ပြုလာတဲ့အခါကျတော့ သစ္စာလည်းပြုလို့ရတယ်။

ရာဝင်အိုးကြီးထဲကို ရေတစ်ပေါက်တစ်ပေါက် ကျလာသလိုပါပဲ။ တဖြည်းဖြည်းနဲ့ပြည့်လာတဲ့အခါကျတော့ လိုသလိုခပ်သုံးလို့ရပါပြီ။

အိုးပြည့်အောင် ရေမခံနိုင်ခဲ့ရင် ခပ်သုံးစရာရေဆိုတာလည်း ဖြစ်လာမှာ မဟုတ်ပါဘူး။

ဒါက -

အကျင့်စရဏာဝိုင်းပါ။

ရွတ်ဖတ်ခြင်း။ ပုတီးစိပ်ခြင်းနဲ့ကဲ့ကောင်းခြင်းတွေနဲ့ပြည့်နေပြီဆိုမှတော့ အကုသိုလ်တော်တော်ကင်းနေပါပြီ။

တစ်ဒုစရိုက်တွေကိုလည်းထိန်းထားထယ်ဆိုရင် -

ကာမဂုဏ်စရိုက်ကိုလည်းထိန်းနိုင်ပါပြီ။

သူတို့ထဲမှာ ထိန်းခဲ့တဲ့လုတဲ့ မနောဒုစရိုက်ကို ထိထိရောက်ရောက် ထိန်းနိုင်ဖို့က အရေးအကြီးဆုံးဖြစ်နေပါတယ်။

နှစ်ဦးကစလို့ -

ထိန်းနိုင်သလောက်ရအောင်ထိန်းပါ။

ထိန်းပါဆိုထို့ -

တစ်ခါတစ်ခါ ထိန်းရခက်ခဲတဲ့ ကိစ္စတွေ၊ အကြောင်းအရာတွေရှိ ကောင်းရှိနေပါဦးမယ်။

မှန်ပါတယ် -

တစ်ခုရယ်လေးကြားထဲက ဂဂါဂ ကိလိန်။ ဒေါသကိလိန်း၊ စိတ်ညစ်ရမှု ဆိုပြီးပြောတယ်။ ကိုသူတွေတောင် ဆုံးရှုံး ထိန်းမနိုင် ဖြစ်ခဲ့ရတာရယ်ခြင်းခြင်း ထွက်ပြီးအော်ဟစ်ပစ်ပေါက်ကွဲတာအခါမျိုး တွေ ခဏခဏတွေ့နေကြတယ်။

တတယ်ထိန်းရခက်တဲ့ကိစ္စတွေရှိပါတယ်။

ဘာပဲဖြစ်ပြစ် နှစ်ဦးကစပြီး ဖြစ်အောင်တော့ထိန်းရင်း ကုသိုလ်စိတ်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းယူဖို့ အကြံပြုတာပါ။

ရတနာမြတ်(၃)ပါးကိုဦးထိပ်ထားပြီး အချိန်ရှိသရွေ့ သတိတရနဲ့ကြည်ညိုနေပြီဆိုတာနဲ့ စိတ်ဓာတ်အင်အားတွေ တော်တော်မြင့်တက်နေပါပြီ။

ဒါဆို တော်တော်လေး ကုသိုလ်စိတ်တွေပွားနေပါပြီ။

ဒီလိုပွားပြီဆိုရင်တော့ အနီးဆုံးမှာဖြစ်ပေါ်လာနိုင်တဲ့ ကုသိုလ်၊ အကုသိုလ်စိတ်တွေကို သတိထားဖို့လိုပါတယ်။

ဒါကတော့ -

တချို့ပေါ့လေ၊ မိဘကိုမိဘလို့ မရိုသေမိတဲ့သူတွေတချို့အတွက် အကြံပေးချင်တာပါ။

အလုပ်တွေဖိစီးလို့၊ စိတ်ဖိစီးမှုတွေများလို့ မိဘကိုပြန်အော်မိတာပဲဖြစ်ဖြစ်၊ စကားမပြောဘဲနေမိတာပဲဖြစ်ဖြစ် မိဘရှေ့မှာ 'သောက်'၊ 'သောက်' ဆိုပြီး မိုက်မိုက်ရိုင်းရိုင်းတိုင်းထွာပြောဆိုမိတာပဲဖြစ်ဖြစ် အပြစ်ကအပြစ်ပါပဲ။

တစ်ကန့်စီထားပေါ့လေ။

'အမေတို့ဘာသိလို့လဲ၊ အဖေဘာနားလည်လို့လဲ' ဆိုပြီး ကက်ကက်လန်ပြန်ပြောတဲ့သူမျိုးတွေလည်း တွေ့ဖူးပါတယ်။ ချမ်းသာခြင်း၊ ကျန်းမာခြင်းဆိုတာတွေနဲ့ ဝေးသွားကြပါပြီ။

အမေတော့ ဘာမှမသိပါဘူးဟုတ်ပါလိမ့်မယ်။ ဒါပေမယ့် ဒီလိုပြန်ပြောတဲ့သူမှာ အသိတရားတွေ အဲသလိုရှိနေအောင် မွေးဖွားပေးလိုက်တဲ့ မိခင်ဆိုတာ မမေ့သင့်ပါဘူး။

အဖေနားမလည်ပါဘူး။ ဟုတ်ပါတယ်၊ နားလည်မှုတွေများလှတဲ့လုပ်ငန်းရှင်ကြီးဖြစ်လာတဲ့အထိ ပြုစုပျိုးထောင်ပေးခဲ့တဲ့ဖခင် ဆိုတာတော့ သတိလေးထားကြည့်ပေါ့။

အမေနဲ့ အဖေဟာ ကျိကျိတက်ချမ်းသာတဲ့သူတွေမဟုတ်ရှာကြပေမယ့် ကျိကျိတက်ချမ်းသာလာတဲ့ ဦးနှောက်ပိုင်ရှင်သားသမီးကို မွေးဖွားလာနိုင်တာ၊ စောင့်ရှောက်ကျွေးမွေးလာနိုင်တာကိုက ကိုယ်တွေလိုက်လို့မမီတဲ့ သူတို့ဂုဏ်ပဲ။ သူတို့အရည်အချင်းပဲ။

သူတို့ဟာ ကိုယ့်လောက် ပညာတွေမတတ်ဘူးဆိုတဲ့စိတ်နဲ့ ခပ်ဖယ်ဖယ်မဖြစ်မိပါစေနဲ့၊ တိုင်ပင်နေလို့ အလကားပါဆိုတဲ့စိတ်မျိုး နည်းနည်းမှမဝင်မိပါစေနဲ့။

မြင်ဖူးပါတယ်။

ကားအစီးနှစ်ဆယ်လောက်ပိုင်ပြီး လုပ်ငန်းကြီးသုံးခုကို ပိုင်ဆိုင်ထားသူတစ်ယောက်။ သူဟာ ဘာလုပ်လုပ် အသက်ရှစ်ဆယ်နားနီးနေပြီဖြစ်တဲ့ သူ့အမေကို သူတိုင်ပင်ပါတယ်။

သူ့အမေက -

"ဟဲ့-မောင်ပု၊ နင်ဒီလုပ်ငန်းလေးမှာ ဒါဖြည့်လိုက်လေ"

ဆိုရင် ချက်ချင်းလုပ်ပါတယ်။

"အမေ၊ ကျွန်တော်ဒါကိုဒီလိုလေးလုပ်ချင်တယ်၊ ကောင်းပါ့မလား။ အမေစဉ်းစားပေးပါဦး"

ဆိုပြီး ရိုရိုသေသေစကားပြောတဲ့သူပါ။ သူ့အမေကို တိုင်ပင်ပြီးမှလုပ်ပါတယ်။ သူတောင်(၅၀)နားတဖြည်းဖြည်းနီးလာပါပြီ။ ခုထိ တကယ့်ကလေးလေးလိုပါပဲ။ သူက ရှိသေတော့ သူမိသားစုတွေကပါ သူ့အမေကို ရိုသေလိုက်ကြတာမှ။

ကြည်နူးစရာပါ။

အဖေပြောရင် အဖေကိုလိုက်ဟန့်နေတဲ့သားသမီးတွေ၊ အမေပြောရင် အမေကိုလိုက်ဟန့်နေတဲ့သားသမီးတွေ တွေ့ဖူးပါတယ်။ ဘာမှဖြစ်မလာကြပါဘူး။ စီးပွားရေးအောင်မြင်မှု၊ လုပ်ငန်းအောင်မြင်မှုဆိုတာ သူတို့အတွက် ငါးရှဉ့်ဖမ်းရသလိုပါပဲ။ သူတို့တွေဟာ သူတို့သာတတ်၊ သူတို့သာသိ၊ သူတို့ပြောတာသာအမှန်ဖြစ်နေကြပါတယ်။ အဲဒါကိုကမ္ဘာနေမှန်းမသိကြပါဘူး။ ပြုပြင်ပေးမယ့်သူမရှိဘဲ မြောက်ထိုးပင့်ကော်ပြောနေကြသူတွေနဲ့သာ ပေါင်းသင်းဆက်ဆံနေမိလို့ကတော့ တော်တော်ကလေး သတိထားရမှာပါ။

မိဘကို ဟန့်တယ်ဆိုကတည်းက ဘယ်လိုမှမကောင်းနိုင်ပါဘူး။ ဒီမိဘတွေကြောင့် ကိုယ်ဟာ ဒီလိုကြီးပွားလာတာ၊ ဒီလိုဘုန်းကံရှိလာတာ၊ ဒီလိုဘဝရောက်လာတာ။ ကိုယ်က သူတို့ကို ဘယ်လောက်အထိ ဂရုစိုက်ပြီးခဲ့ပါပြီလဲ၊ ဘယ်လောက်ထိ ဝတ်ကြီးဝတ်ငယ်ပြုပြီးပါပြီလဲတွေးပါ။ ဘယ်လိုမှဆပ်လို့မကုန်နိုင်တဲ့ကျေးဇူးတွေကို ဘယ်လောက်ထိဆပ်ပြီးပြီထင်နေလို့လဲ။

ဒါ မိဘတွေအပေါ် မှာမထားသင့်တဲ့မာနတွေ၊ မထားသင့်တဲ့စိတ်ထားတွေ၊ မပြောသင့်တဲ့စကားတွေ၊ မဟန့်သင့်တဲ့ အမူအရာတွေမပြုမိအောင်ပါ။

နှစ်ဦးကတည်းကစပြီး ကိုယ့်ကိုယ် ကိုယ်သတိထားလိုက်ပါတော့။

ဒီလိုဆင်ခြင်သင့်တာလေးတွေကို တကယ်လို့များ သတိမမှုမိရင် သတိလေးထားမိလိုက်အောင်လို့ပါ။

ကိုယ်က တစ်ကျပ်ဖိုးလောက်သိတတ်တာနဲ့ ကိုယ့်ကို တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း၊ တစ်သန်းမက မေတ္တာတွေ ဝေလျှံနေအောင်ပေးမယ့် မိဘတွေ သက်ရှိထင်ရှားရှိနေကြပါလားဆိုတာ မမေ့ဖို့ပါ။

ပြီးတော့ -

လူမှုဆက်ဆံရေး။

ဒါကတော့ သိပ်ထွေထွေထူးထူးကျယ်ကျယ်ဝန်းဝန်းမပြောလိုပါဘူး။

ကိုယ်တိုင်လည်း ကြိုးစားနေသူဖြစ်အတွေ့အကြုံလေးတွေထဲကရတဲ့ ဗဟုသုတတွေနဲ့ပဲ အကြံပြုပါရစေ။

ကိုယ့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး စိတ်ဖိစီးမှုတွေများနေပြီဆိုရင် -

'ငါတော်တော်ဟုတ်နေပြီ' လို့ပဲ တွေးသင့်ပါတယ်။

ဘာလို့လဲ။

ကိုယ်ဟာ အရေးပါအရာရောက်တဲ့သူဖြစ်နေပြီမို့ ဒီလိုအလုပ်တွေများတာ တွေးရခေါ် ရတာတွေများတာ။

ကိုယ်သာ ဘာမှမဟုတ်ရင် ကိုယ့်မှာ ဘာအလုပ်မှရှိမှာမဟုတ်တော့ဘူး။ ဟိုလိုလိုဒီလိုလိုနဲ့ ဘဝဟာအီလည်လည်ကြီးဖြစ်နေမှာပဲ။

ပြောကြလေ့ရှိပါတယ်။

အလုပ်ထဲမှာ အတိုက်အခိုက်တွေ အရမ်းများတာပဲဆိုတဲ့စကား။

မှန်ပါတယ်။

ကိုယ်ကမြင့်လာတာကိုး။ တန်ဖိုးရှိလာတာကိုး။ သူများအာရုံစိုက်လာလောက်အောင် တော်လာတာကိုး။ အဲဒါလေးတွေလောက်တော့ရှိမှာပေါ့။ ဒါဟာ သေသေချာချာစဉ်းစားကြည့်ရင် ကိုယ့်ကိုယ်ကိုယ်အင်မတန်ဘဝင်မြင့်လို့ မကောင်းဘူးလား။

စဉ်းစားကြည့်လေ။

ကိုယ်ကဘာမှမဟုတ်တဲ့လူတစ်ယောက်ဆိုရင် ဘယ်သူက အရေးတယူလုပ်ပြီး အာရုံစိုက်မှာလဲ။ ကိုယ်ရှိမှန်းတောင် သိမှာမဟုတ်ဘူး။

ဒါကိုကြည့်ခြင်းအားဖြင့် ကိုယ်ဟာ ဘယ်လောက်တန်ဖိုးရှိနေပြီလဲဆိုတာကို ပြန်သတိထားလိုက်ပါ။

လူတိုင်းဟာ တစ်ဦးနဲ့တစ်ဦး အမြင်ချင်းမတူညီကြတာလေးတွေရှိကြတာကို နားလည်ပေးရပါလိမ့်မယ်။

ဂုဏ်ယူပါ။

သူများကကိုယ့်ကိုမနာလိုကြဘဲ သူများမနာလိုလောက်အောင်မြင့်လာလို့ပဲဆိုပြီး ဂုဏ်ယူလိုက်ပါ။ ဒီလိုမြင့်လာ

www.burmeseclassic.com

တာကို သူတို့ကအသိအမှတ်ပြုပေးခြင်း တစ်မျိုးနဲ့ အသိအမှတ်ပြုပေးနေကြတာပဲဖြစ်ပါတယ်။ ပီတိဖြစ်ပါ။ ပြန်ပြီး လေးစားလိုက်ပါ။

မြင့်မားနေတဲ့ သစ်ပင်ကြီးတွေ၊ လှပတဲ့သစ်ပင်ကြီးတွေကို သတိထားမိကြပေမယ့် ကိုယ်လျှောက်သွားနေတဲ့ လမ်းပေါ်က မြက်တို့၊ သစ်ပင်ရိုင်းလေးတွေတို့ကို ဘယ်သူမှသတိထားမိကြမှာ မဟုတ်ပါဘူး။

ကိုယ်ကတန်ဖိုးရှိနေပြီပဲ။

ခပ်ငယ်ငယ်တုန်းက အာစရိယ ဆရာသခင်ကျေးဇူးရှင်ပြောခဲ့တဲ့ စကားလေးတစ်ခွန်းဟာ ခုထိ နားထဲမှာစွဲထင်နေပါတယ်။

ဆရာက ဘာပြောလဲဆိုတော့ -

"လူတွေကကွာ ငါ့ကို ဆရာကျတော့မယ်၊ ကျတော့မယ်နဲ့ ပြောနေကြတယ်။ ကျတော့မယ်ပြောနေကြတဲ့လူတွေက မြေကြီးကနေ ကြွကိုမကြွဘူး။ ငါကသာ တဖြည်းဖြည်းတက်တက်သွားလို့ သူတို့ခမျာမော့ကြည့်ပြီးပြောနေကြတာ"

ဆိုတဲ့ စကားလေးပါပဲ။

ဒီလိုပါပဲ။

ကိုယ်ကြိုးစားဖို့က ကိုယ့်အလုပ်ပါပဲ။

တစ်ခါတလေကျ ခပ်နိမ့်နိမ့် စကားလုံးလေးတွေနဲ့ အပြောခံရရင် ဒေါသထွက်ရတာတွေကြုံမှာပါ။

ဒါကိုယ်ရှုံးသွားတာပါပဲ။

ဒေါသပဲထွက်ထွက်၊စိတ်မကောင်းပဲဖြစ်ဖြစ် ကိုယ့်ရင်ကိုလှုပ်ခတ်နိုင်အောင် လုပ်နိုင်တဲ့လူက ကိုယ့်ထက်ပိုစွမ်းသွားပါပြီ။ ကိုယ်အဲဒီလိုဒေါသထွက်နေတာတို့၊ သူကြောင့်စိတ်ဆင်းရဲနေရတာတို့ ခံစားနေရချိန်ကို သူတောင် သိမှာမဟုတ်ပါဘူး။

ဒါဖြင့် ကိုယ်စိတ်တိုနေရတာကြီးက ကြောင်တောင်တောင်ကြီးဖြစ်ပြီး သူက မသိဖြစ်မနေဘူးလား။

သူသိတော့ကော -

"ဟား-တွေ့လား၊ ငါပြောထဲ့လိုက်တာ ဟိုကောင်တော့ထိသွားပြီ။ မှတ်ထား အဲဒါ"

ဆိုတဲ့စကားနဲ့ ပိုပြီးတော့တောင် ဂုဏ်ယူနေပါဦးမယ်။ သူနိုင်တာကို ပိုပြီး ဂုဏ်ဖော်နေပါဦးမယ်။

ဒါကြောင့် -

ကိုယ့်အလုပ်ကိုယ်လုပ်ပါ။

အတိုက်အခံတွေ၊ ရန်တွေများလွန်းလို့ ဒီလိုမျိုးစိတ်ဓာတ်ကလည်း မထားနိုင်သေးလို့ဆိုရင် ဘုရားစေတီမှာသွားသွားပြီးတံမြက်စည်းလှည်းပါ။ သမ္မဒ္ဒေဂါထာရွတ်ပြီးလှည်းပါ။

အမှိုက်တွေလိုက်ကောက်ပါ။

ငါ့မှာရှိတဲ့ မကောင်းတဲ့အရာမှန်သမျှ အမှိုက်တွေနဲ့အတူပါသွားပါရော လားဆိုတဲ့စိတ်နဲ့ ပိတိဖြစ်ပြီးလှည်းပါ။ အမှိုက်ရှင်းပါ။

ဒါလေးက ဘာမှမဟုတ်ပါလားဆိုပြီး မတွေးပါနဲ့။

လက်တွေ့ကပိုကောင်းပါတယ်။

ခဏခဏပြုလုပ်ပေးပါ။

နှစ်စကတည်းကစပြီး မေတ္တာသုတ်ကို ပြိုဟ်သက်အလိုက်ရွတ်ပါ။ တနင်္ဂနွေနေ့ဆိုရင် (၆) ခေါက်ရွတ်။ ပြီးတာနဲ့ ဆရာတော်ဘုရားကြီးများ မေတ္တာပို့သလို အရှေ့မြောက်အရပ်၌ရှိသော . . . ဆိုပြီး မေတ္တာပို့ပါ။

အဲဒီအတိုင်း သူ့နေ့နဲ့သူပို့ပါ။

တစ်လ၊ နှစ်လလောက်ဆိုရင် ဘယ်လောက် ထူးခြားပြီလဲဆိုတာကို လက်တွေ့ကြုံရပါလိမ့်မယ်။ ဒါလည်း ပေးချင်တဲ့နှစ်ဦးလက်ဆောင်ပါပဲ။

မေတ္တာပွားတတ်အောင်ကျင့်ယူပါ။

ဆိုကြပါစို့။ လမ်းလျှောက်တဲ့အခါတွေ့တဲ့လူမှန်သမျှကို မေတ္တာလွှမ်းခြုံပါ။ ဌက်လေးတွေကိုမြင်လည်း မေတ္တာလှမ်းပို့ပါ။ ခွေးလေးတွေ၊ ကြောင်လေးတွေကိုမြင်ရင်လည်း မေတ္တာလှမ်းပို့ပါ။ မြို့နယ်တစ်မြို့နယ်ကို ဖြတ်သန်းတိုင်းလည်း အဲဒီမြို့နယ်နဲ့ပတ်သက်တဲ့ မမြင်ရ၊ မြင်ရပုဂ္ဂိုလ်တွေကို မေတ္တာပို့ပါ။ မြို့တော်ရှင်၊ နယ်တော်ရှင်၊ ရွာတော်ရှင်၊ ကွင်းပိုင်၊ နယ်ပိုင်တွေဆိုတာရှိပါတယ်။ သစ်ပင်ကြီးတွေကိုမြင်တိုင်း ရက္ခစိုးကြီးတွေကို မေတ္တာပို့ပါ။

ကြာရင်အကျင့်ရလာပါလိမ့်မယ်။

မြင်တာနဲ့မေတ္တာပို့ကတ်တဲ့အကျင့် ဖြစ်လာပါလိမ့်မယ်။

ဘယ်လိုထူးခြားလဲ ဆိုရင်တော့ လက်တွေ့က ပိုကောင်းပါတယ်။ ခရီးဝေးသွားကြတဲ့သူတွေဆိုရင် ပိုပြီးတော့ တောင်သိလာပါလိမ့်မယ်။

ရန်များတာကိုမတွေးပါနဲ့။

ရန်များတာကို တွေးလိုက်တာနဲ့ ကိုယ့်ရဲ့ရုပ်တွေ၊ စိတ်တွေထိခိုက်သွားတတ်ပါတယ်။ အချိန်တွေကုန်ပါတယ်။

တန်ဖိုးကြီးမားတဲ့ ဦးနှောက်ဟာ တန်ဖိုးမရှိတဲ့အတွေးတွေနဲ့ အချိန်ကုန်နေတတ်ပါတယ်။

အမြင့်နဲ့ အနိမ့်တွေ၊ ချစ်တာနဲ့ မုန်းတာတွေ ဒါတွေတွေးမနေပါနဲ့တော့။ ရှိနေတဲ့အကြောင်းတရားတွေချည်းပါပဲ။ အထူးတွေးနေစရာမလိုပါဘူး။

သူများက ကိုယ့်ကို အကောင်းမမြင်ပါလားလို့ ခံစားလိုက်ရတာနဲ့ ကိုယ်ကကော ဘယ်လောက်ကောင်းအောင် နေနေလို့လဲဆိုတာမမေ့ပါနဲ့။ ကိုယ့်ကိုယ် ကိုယ်ပဲ ပြန်ဝေဖန်ပါ။

ကိုယ်ဘာလိုသေးလဲ၊ ကိုယ့်ဟာ ကိုယ်ရှာဖွေပါ။

ကိုယ့်ကိုနှိမ့်ချပြောဆိုခဲ့သူတွေကို ပြန်ပြီးကျေးဇူးတင်ပါ။

သူတို့ဟာ ကိုယ့်ကိုအရောင်တင်ပေးကြသူတွေပါပဲ။

ကိုယ့်စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သာ လိုအပ်ချက်တွေရှာပါ။

ရှေးရှေးက ပညာရှိကြီးများဆိုမိန့်ကြသလို ရေလိုက်ပါ။ ရေရဲ့သဘောဟာ အေးချမ်းလှပါတယ်။ ဘယ်ပုံစံနဲ့ ဖြစ်ဖြစ်တည်ပါတယ်။ လေးထောင့်ပုံးထဲရောက်သွားရင် လေးထောင့်အနေအထားနဲ့တည်သလို ဝိုင်းနေတဲ့ပုံးထဲရောက်ပြန်ရင်လည်း ဝိုင်းနေတဲ့အတိုင်းတည်ပြန်တာပါပဲ။ အန်စာတုံးခွက်လေးတွေထဲမှာဆိုရင်လည်း အဲဒီပုံစံမျိုးတည်သွားပါတယ်။ ခြေဆေးဆေး၊လက်ဆေးဆေး၊ အညစ်အကြေးဆေးဆေး၊ ဘာအတွက်ပဲသုံးသုံး၊ သောက်ပဲသောက်သောက်၊ ပန်းလှလှလေးတွေကိုပဲမျှောမျှော၊ ပုပ်ပွနေတဲ့ကောင်ကိုပဲမျှောမျှော၊ တံတွေးပဲထွေးချချ ရေဟာ ဒီအတိုင်းပါပဲ။ ဆန့်ကျင်ခြင်း၊ ငြင်းဆန်ခြင်းမရှိသလိုပါဘဲ။

သူ့ကြောင့် သက်ရှိတွေရှင်သန်မှုရကြပေမယ့် သူဟာဘာကိုမှအားမထုတ်ဘဲ သူသဘာဝအတိုင်းစီးဆင်းနေတတ်တာပါ။

အင်မတန်မာကျောလှတဲ့ကျောက်တောင်၊ ကျောက်ဆောင်ကြီးတွေတောင်မှ ရေရဲ့တိုက်စားမှုကိုခံရတဲ့အခါ ပဲ့ထွက်ရ၊ ကြေမွသွားရတာပါပဲ။ ဒါပေမယ့် ရေဟာ ပျော့ပျောင်းပြီး ကျောက်စိုင်ကျောက်ခဲကြီးတွေရဲ့ မာကျောမှုကို အားလုံးသိကြတဲ့အတိုင်းပါပဲ။

ဒါကြောင့် ရေလိုကျင့်ခိုင်းတဲ့ ရှေးပညာရှိကြီးတွေရဲ့ အဆုံးအမသြဝါဒများဟာ အင်မတန်မှ မှတ်သားနာယူဖို့ကောင်းပါတယ်။ သူတို့ရဲ့အဆိုအမိန့်တွေဟာ လောကခံတရားကို ကြံ့ကြံ့ခံနိုင်ဖို့ အားအင်တွေမွေးဖွားပေးလိုက်

www.burmeseclassic.com

သလိုပါပဲ။

မြေကြီးလိုသည်းခံပါ။

ဒါလည်း ရှေးပညာကြီးများရဲ့ အဆုံးအမပါပဲ။

မြေကြီးဟာလည်း သူ့အပေါ်မှာ တံတွေးပဲထွေးချချ၊ အညစ်အကြေးပဲ စွန့်စွန့်၊ တူးပဲတူးတူး၊ ဆွဲပဲဆွဲဆွဲ ဘာမှ မပြောဘဲ သည်းခံနေသလိုပါပဲ။ အပူနဲ့ လောင်းချချ၊ အအေးန့်လောင်းချချ ဘာမှကိုမတုံ့ပြန်ပါဘူး။

သူဟာ လုပတဲ့ပန်းမန်လေးတွေကို ရှင်သန်စေနိုင်သလို အရိပ်ကြီးမားလှတဲ့သစ်ပင်ကြီးတွေ၊ စားပင်သီးပင်ကြီးတွေကိုလည်း ရှင်သန်စေနိုင်ပါတယ်။ ဒါကိုကလည်း သူ့ရဲ့သတ္တိတွေထဲက တစ်ခုပါ။

ဒါကြောင့် -

မြေကြီးလိုကျင့်အောင်လည်း ကြိုးစားရပါလိမ့်မယ်။

ရေရဲ့သတ္တိနဲ့ မြေရဲ့သတ္တိကို တဖြည်းဖြည်းချင်း ထဲထဲဝင်ဝင်စဉ်းစားနေသင့်ပါတယ်။

ဒီလိုလေးတွေစဉ်းစားပြီးပြီဆိုရင် - ကိုယ့်ကိုယ်ကိုယ်လည်းပြန်သုံးသပ်လေ့ရှိပြီဆိုရင် -

ကောင်းမှုကုသိုလ်တွေနဲ့လည်း တဖြည်းဖြည်း အားပြည့်လာပြီဆိုရင် -

ကိုယ့်ရဲ့ အောင်မြင်မှုအတွက် ကိုယ့်ကိုယ်ကိုယ်တွေးဖို့လိုလာပါပြီ။

ကိုယ့်ရဲ့အောင်မြင်မှုဟာ ကိုယ့်အပေါ်မှာ အများကြီးတည်နေတယ်ဆိုတာ မေ့ထားလို့မရပါဘူး။

အောင်မြင်မှုတွေ ပိုင်ဆိုင်လာဖို့အတွက် ကိုယ့်ကိုယ်ကိုယ် ကြိုးစားဖို့ တွန်းအားပေးပါ။

မအောင်မြင်ကြတဲ့သူတွေဟာ များသောအားဖြင့် မဖြစ်နိုင်ပါဘူးဆိုတဲ့ အပျက်စိတ်အပျက်အတွေးတွေကြောင့်ပါပဲ။

မဖြစ်နိုင်ပါဘူးလို့တွေးလိုက်တာနဲ့ အဲဒီစိတ်ကြီးက အခုအခံကြီးဖြစ်သွားပါပြီ။

ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်မဖြစ်နိုင်ပါဘူးလို့ ဘယ်တော့မှမပြောမိအောင် သတိထားပါ။ သတိထားရင်းကနေ မဖြစ်နိုင်ပါဘူးဆိုတဲ့စကားလုံး ကိုယ့်ဆီမှာ လုံးဝပျောက်ကွယ်သွားပြီဆိုတာနဲ့ ကိုယ်ဟာ ဘာမဆိုဖြစ်လာနိုင်အောင် ကြိုးစားနေတဲ့သူဖြစ်နေပါပြီ။ ဒီလိုဖြစ်လာပြီဆိုတာနဲ့ အောင်မြင်မှုများစွာတို့ကို ပိုင်ဆိုင်လာပြီဆိုတာ ကိုယ်တိုင်လက်တွေ့ကြုံရပါလိမ့်မယ်။

ဒါပေမယ့် မဖြစ်နိုင်ပါဘူးဆိုတဲ့ စကားလုံးဟာ ဟိုးမသိစိတ်ထဲမှာ နှစ်ပေါင်းကာလကြာရှည်စွာ ကိန်းအောင်းလာခဲ့တာမို့ ချက်ချင်းထွက်မသွားသေးခင်မှာ ဘာမှမဖြစ်လာသေးတာကိုတော့ သတိထားရပါလိမ့်မယ်။ ပါးစပ်က ငါအောင်မြင်နေပြီဆိုပြီး ဘယ်နခေါက်ပဲ ပြောနေပြောနေ ဘယ်နခွန်းပဲပြောနေပြောနေ တစ်ခါတစ်ခါ ဟုတ်ကောဟုတ်ပါ့မလားဆိုတဲ့အတွေးက ဖျတ်ခနဖျတ်ခနဲပြန်ပြန်ဝင်လာတတ်တာ သတိထားရပါလိမ့်မယ်။ ဒါအဖျက်စိတ်ပါပဲ။ အဲဒါကို အပြီးအပိုင်ရှင်းသွားအောင် စိတ်ထဲကထုတ်နိုင်သွားတဲ့သူတွေရဲ့ အောင်မြင်မှုတွေဟာ ပြောမယုံကြည်မှသိပါပဲ။

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်က လူငယ်လေးတစ်ယောက်ဟာ သူမိဘတွေနဲ့အတူ အိမ်ကိုလာလည်ရင် လာတာက လမ်းလျှောက်လာတာပါပဲ။ ဒါပေမယ့် ပါးစပ်ကဘာပြောလဲဆိုတော့ မာစီဒီးနဲ့လာတာ၊ ဟိုနားမှာ ရပ်ထားတယ်ဆိုပြီး တစ်နေရာရာကို မေးငေါ်ပြတတ်ပါတယ်။

သူကနှစ်ဆယ်တောင်မပြည့်သေးပါဘူး။ သူမိဘတွေက သူ့ပခုံးလေးကို ပုတ်ပြီး ရယ်ပြီး -

"ဟဲ့ - ဒီကလေးက လူကြီးကို နောက်စရာလား"

ဆိုပြီးပြောတဲ့အခါ -

"နောက်တာမဟုတ်ဘူး၊ကွန်တော် မာစီဒီးကို တကယ်စီးပြီးလာကိုလာမှာမို့ ကြိုပြောထားတာ"

လို့ ပြန်ပြောပါတယ်။

BURMESE CLASSIC

ခု သူဟာ မာစီဒီးနဲ့ တကယ် ရောက်ရောက်လာနေပါပြီ။ ဟိုတုန်းထဲက သူပြောခဲ့တဲ့အတိုင်း ကားဘယ်နားရပ်ထားလဲမေးရင် ဟိုနားမှာရပ်ထားတယ်လို့ မေးလေးငေါ်ပြတုန်းပါမဲ့။ ဒါပေမယ့် အခု သူမေးငေါ်ပြတာက မာစီဒီးကားလေးဖြစ်နေပါပြီ။သေးသေးကြိုးကြိုးမာစီဒီးကားလေးပါပဲ။ စီးနိုင်နေပါပြီ။ သူဟာ ရာသီကုန်သီးနှံပွဲရုံလုပ်ရင်းကနေ ကားစီးလာတဲ့ကလေးပါ။

သူ့အပြုံးဟာ ဟိုးတုန်းထဲကအပြုံးအတိုင်းပါပဲ။

ဒါကြောင့် -

မဖြစ်နိုင်ပါဘူး ဆိုတဲ့စိတ်တွေ လုံးဝပျောက်ကွယ်သွားတဲ့ထိ ရှင်းပစ်ပါ။ မဖြစ်နိုင်ဘူးဆိုတာဘာမှမရှိပါဘူး။ မဖြစ်သေးတာဘဲရှိပါတယ်။

ကိုယ့်ရဲ့ အောင်မြင်မှုဟာ ကိုယ့်အပေါ်မှာပဲ မူတည်ပါတယ်။

ကံကောင်းချိန်ကိုထိုင်စောင့်နေလို့ အလုပ်မဖြစ်ပါဘူး၊ မရေရာပါဘူး။ အခုကံကောင်းဖို့က အခုပဲစတင်ရမှာပါ။

ဒါဖြင့် -

အခုထဲက စတင်နိုင်ဖို့ ရည်မှန်းချက်အပြည့်နဲ့ ကြိုးစားလိုက်ပါ။

အောင်မြင်နေတဲ့သူတွေက ဆက်ကာဆက်ကာ အောင်မြင်မှာဖြစ်သလို အောင်မြင်ခါနီးဖြစ်နေသူတွေဆိုရင်လည်း အောင်မြင်ပါပြီ။

အခုမှ စတင်ခြင်းကို အစပြုနေပြီဆိုရင်လည်း အောင်မြင်ဖို့သေချာသွားပါပြီ။

တန်ဖိုးရှိလှတဲ့ အချိန်တိုင်းမှာ အောင်မြင်ခြင်းနဲ့ဆိုင်တာတွေကိုပဲတွေးပါ၊ စဉ်းစားပါ၊ ယုံကြည်ပါ။

တစ်ခုအကြံပြုချင်ပါတယ်။

အညွှန့်တလူလူဆိုတာရှိပါတယ်။

ကိုယ့်အညွှန့်ကို ကိုယ်မချိုးဖဲ့မိပါစေနဲ့။

အဲဒါကတော့ -

ဆိုကြပါစို့၊ ကြာသပတေးဆိုပါစို့။ သပြေညွှန့်ချိုးတာမျိုးပေါ့။ ခူးပြီး ဘုရားပူဇော်တာမျိုးကို မဆိုလိုပါဘူး။ ဖျိုးခနဲ ဖောက်ခနဲ အဓိပ္ပာယ်မရှိ လှမ်းခူးချိုးကြတာကိုပြောတာပါ။

အညွှန့်ဆိုတာ တလူလူပဲရှိနေရပါမယ်။

ကိုယ့်အညွှန့်ဟာ အမြဲတမ်းလိုလို ဘုရားပူဇော်နေသင့်တာမျိုးပါ။ ဘယ်ဘုရားစေတီကိုပဲ ဘုရားဖူးသွားသွား ကိုယ့်ရဲ့ အညွှန့်နုပန်းတွေနဲ့ ပူဇော်ခြင်းဟာ အင်မတန်မှ ထိရောက်တာ လက်တွေ့ကြုံရပါလိမ့်မယ်။ ဝေဖြာနေအောင် ပူဇော်ဖို့ပဲလိုပါတယ်။

ဒါက -

ခုနပြောတဲ့ အောင်မြင်မှုတွေအတွက် အမှန်တကယ် ထိရောက်ထက်မြက်စွာ ကြိုးစားနေကြသူတွေ၊ ကြိုးစားကြတော့မယ်သူတွေအတွက် ရတနာမြတ် (၃) ပါးကို ပူဇော်ခြင်းတစ်မျိုးနဲ့ ပါရမီဖြည့်လိုက်တာပါ။ တစ်ဒေါင့်တစ်နေရာကနေ ပါရမီဖြည့်လိုက်တာပါ။

ကောင်းခြင်းတစ်ခုကို နေ့စဉ်ပြုပါ။

တစ်နေ့ကို သမ္မာဒေဝါဏာပုဏ္ဏ တစ်ပတ်စီပ်တယ်ဆိုပါစို့။ တစ်နှစ်ပြည့်တဲ့အခါ ပုတီးပတ်ရေပေါင်းမနည်းတော့ပါဘူး။ သစ္စာပြုလို့ရပါပြီ။ တစ်နေ့မှ မစိပ်

www.burmeseclassic.com

ဖြစ်သေးရင် တစ်ခုမှရဦးမှာမဟုတ်ပါဘူး။ ဒါကြောင့် နှစ်ဦးကနေစပြီး ကောင်းခြင်းတစ်ခု နေ့စဉ်ပြုပါ။

အညွှန့်တလူလူဖြစ်အောင်နေပါ။

ဒီနေရာမှာ -

တစ်ခုအကြံပေးချင်တာလေးရှိပါတယ်။

အဲဒါကတော့ အိမ်တွေက ဘုရားဆောင်ကိုကြည့်လိုက်ပါ။

ဘုရားဆောင်ရဲ့မီးလုံးဟာ အိမ်မကြီးထက်မှိန်နေတာတို့၊ အရောင်မထွက်ဖြစ်နေတာတို့ဆိုရင် လင်းအားကောင်းတဲ့မီးမျိုးကိုပြောင်းပြီး ပူဇော်ပါ။ ဘုရားဆောင်မီး အရောင်မှိန်နေတဲ့အတွက် အဲဒီအိမ်မှာရှိတဲ့ အိမ်ထောင်ဦးစီးတွေ ထိခိုက်တတ်ပါတယ်။ ဩဇာမဲ့တတ်ပါတယ်။ အောက်လူတွေအရမ်းကိုဆန့်ကျင်ဘက်ပြုကြပါတယ်။ လေ့လာကြည့်လိုက်ပါ။

အရင်ဆုံးလက်တွေ့လေ့လာကြည့်လိုက်ပါဦး။

တကယ်ထိနေပြီဆိုရင် ဘုရားဆောင်ကို အရောင်ထွက်နေအောင် အလင်းဖွင့်ပူဇော်ပါ။ ပြူးတူးပြဲတဲကြီး လင်းမှရယ် မဟုတ်ပါဘူး။

မှိန်တိန်တိန်လေးဖြစ်နေရာကနေ လင်းသွားရင်ရပါပြီ။ အရောင်ထွက်လာပြီ၊ ထွန်းလင်းလာပြီဆိုရပါပြီ။

ဒီလိုပြောင်းလဲလိုက်တဲ့အတွက်-

အိမ်ထောင်ဦးစီးတွေဟာ ရောဂါထူပြောနေတာတွေ၊ ဘာဖြစ်လို့ဖြစ်မှန်းမသိဖြစ်နေတာတွေ၊ လုပ်ရကိုင်ရတာ ဘယ်လိုမှ အဆင်မပြေဖြစ်နေတာတွေ အားလုံး ထူးထူးခြားခြား လျော့ပါးသွားပြီး စိတ်ချမ်းသာတာတွေနဲ့စပြီးပြည့်လာပြီသာမှတ်ပါ၊ အောင်မြင်လာပြီသာမှတ်ပါ။

ဒါဟာလည်း -

နှစ်ဦးမှာ သူရဇပရိသတ်ကြီးကို ပေးချင်လွန်းလှတဲ့ လက်ဆောင်ပါပဲ။

ဒါဖြင့် -

သတ်အံ့ဆဲဆဲ သတ္တဝါလေးတွေကို ကယ်မှာလား၊ ကယ်ပါ။

ရတနာမြတ် (၃) ပါးဂုဏ်ကျေးဇူးတော်တွေကို ဦးထိပ်ပန်ဆင်ပြီး အဓိဋ္ဌာန်တွေဝင်မှာလား၊ ဝင်ပါ။

အားလုံးကို နှစ်ဦးကနေစပြီး မင်္ဂလာရှိရှိနဲ့ စတင်လိုက်ပါ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်ထားပါ။

ကိုယ့်ကိုယ်ကိုယ်မှ မယုံကြည်ရင် ဘယ်သူကမှ ကိုယ့်ကိုယုံမှာမဟုတ်တော့ပါဘူး။

ကိုယ့်ကိုယ်ကိုယ့်မှ တန်ဖိုးမထားရင် ဘယ်သူကမှလဲ ကိုယ့်ကိုတန်ဖိုးထားမှာမဟုတ်တော့ပါဘူး။

ဖြစ်နိုင်ရင်တော့ -

နိမိတ်ဆိုးတွေကိုလည်းရှောင်ပါ။

သူငယ်ချင်းတစ်ယောက်နဲ့ စကားလက်ဆုံကျလို့ စကားပြောဖြစ်ပါသေးတယ်။

သူက ဘာပြောလဲဆိုတော့ -

သူငယ်ချင်းရယ်တဲ့၊ မင်းပြောတဲ့ နိမိတ်မရှိဒိဋ္ဌိငင်းအကြိုနဲ့ပတ်သက်ပြီးပြောပါရစေတဲ့။ ပြောလေဆိုတော့ မင်းလည်း တစ်နေ့သေမှာပဲ၊ ငါလည်း တစ်နေ့သေမှာပဲလေကွာတဲ့။ ဒီရှုပ်ပုံတွေကဆန်းလို့လားတဲ့။ တစ်နေ့သွားရမယ့်လမ်းပဲလေတဲ့။

ဟုတ်တယ်၊ တို့တွေ စတင်ပြီး အူဝဲဆိုပြီးမွေးလာတာဟာ သေဖို့ပဲ သူငယ်ချင်းလို့ ပြန်ပြောလိုက်တယ်။

မွေးခြင်းရဲ့တစ်ဖက်မှာ သေခြင်းဆိုတာရှိပြီးသား။ တို့တွေသွားနေကြတာ အဲဒီသေခြင်းဆီကိုပဲ။ ဒါပေမယ့် တစ်နေ့သေရမှာပဲဆိုပြီး မင်းဒီအတိုင်းထိုင်နေမလား၊ ငုတ်တုတ်နေမလား၊ အိပ်နေမလား။ ဟာ - ငါတော့ သေရမှာပဲဆိုပြီး ဘာအလုပ်မှမလုပ်ဘဲ နေတော့မလားလို့။

ဒီတော့ သူကပြောတယ်။

ဟာ - ဘယ်ဒီလိုနေလို့ဖြစ်မလဲတဲ့။ စားဖို့၊ နေဖို့ ရှာရဖွေရမှာပေါ့တဲ့။

အေး - ဒါဖြင့်အသက်ရှင်နေသမျှ ကာလပတ်လုံးမှာ စားဖို့ရှိတယ်။ နေဖို့ရှိတယ်။ မိဘတွေကို လုပ်ကျွေးပြုစုဖို့ရှိတယ်။ ကိုယ့်မိသားစုကို မပူမပင်ရအောင်ထားနိုင်ဖို့ရှိတယ်။ လှူဖို့တွေရှိတယ်။ ဒါတွေဟာ သင့်တင့်လျောက်ပတ်တဲ့ ရှာဖွေမှုရှိမှဖြစ်မှာလေ။ ဒါဖြင့် ဒီလိုရှာဖွေဖို့အတွက် ငွေကြေးဥစ္စာရှိဖို့တော့ လိုတာပေါ့။ တစ်ပြားမှမမရှာတော့ဘဲ ငါတစ်နေ့သေမှာပဲဆိုပြီး မင်းငုတ်တုတ်ထိုင်နေလို့မှမဖြစ်တာ။ ဒီတော့ စီးပွားရှာရင် စီးပွားတော့ဖြစ်အောင်ရှာမှပေါ့။ အဲဒီလိုရှာဖို့က လာဘ်ရှိရမယ်။ လာဘ်ရွှင်ရမယ်။ ဇမ္ဗူဒီပါ-လက်မှာ-တောင်ကျွန်း-ဩဘာနိမိတ်ထွန်း ဆိုတာရှိတယ်။ မင်းမယုံရင် မင်းပဲခံပါ။ လက်တွေ့ကပိုကောင်းပါတယ်။ မင်းမီသားစုကိုတော့ ဒုက္ခမပေးပါနဲ့ဆိုပြီး ပြောပြခဲ့ရပါတယ်။

မှန်ပါတယ်။

ခပ်ငယ်ငယ်တုန်းက သခင်ဦးတစ်ခုမှာ (၉) ရက် တရားသွားသူးထိုင်တဲ့သူငယ်ချင်းနဲ့လိုက်ပြီးတရားထိုင်ဖူးပါတယ်။ သူက နာရီပိုင်းနဲ့ တစ်နေ့ပဲသုံးနာရီသွားထိုင်တဲ့ (၉) ရက်ပါ။

သူနောက်ကိုလိုက်သွားပြီးလို့ ထိုင်ဖူးပါတယ်။ တစ်ရက် နှစ်ရက် လောက်ပါပဲ၊ အတွေ့အကြုံတော်တော် ရခဲ့ပါတယ်။

အဲဒီမှာ မမြင်ရတဲ့လောကရဲ့ အကြောင်းကို သူငယ်ချင်းပြောပြလို့ သိခဲ့ရပါတယ်။ နောက်ပိုင်းကျတော့ သူတို့ခမျာ အမျှလိုချင်လို့သာ သူတို့ရဲ့မှန်းသိအောင် ကြိုးစားကြပုံတွေကိုသိပြီး တော်တော်စိတ်မကောင်းဖြစ်ခဲ့မိရာက သူတို့ကိုတော်တော်ခင်ခဲ့ပါတယ်။ သွားလေရာ ရောက်လေရာ ကြုံလေရာမှာ သူတို့ကို အထူးအမျှဝေ၊ မေတ္တာပို့ရပါတယ်။ ထူးထူးခြားခြား အမျှဝေရပါတယ်။ သူတို့ကိုပို့ပို့ကိုလွှဲလွှဲမေတ္တာပို့ရလို့ ပီတိလည်းဖြစ်ရပါတယ်။ သူတို့ကို အမျှဝေ၊ မေတ္တာပို့သွန်းလို့ အများကြီး အကူအညီရခဲ့တာတွေဆိုရင်လည်း တော်တော်အံ့သြဖို့ကောင်းပါတယ်။

ဆရာနဲ့လိုက်ပြီးတော့ အကျွတ်အလွတ်ပွဲတွေလည်း လေး ငါးကြိမ်မကလုပ်ခဲ့ရဖူးပါတယ်။ ထူးဆန်းတာတွေလည်း အများကြီးကြုံခဲ့ရဖူးပါတယ်။ ဆရာကခဏခဏပြောပါတယ်။ သူတို့ဟာ အင်မတန်ဖြူစင်ကြပါပေတယ်လို့ ခဏခဏပြောပါတယ်။ တကယ်လည်း ကြုံလာရတဲ့အခါ အရမ်းကိုဖြူကြပါတယ်။ ဒုက္ခမပေးကြပါဘူး။ သူတို့ဟာ အမျှအတန်းလိုချင်လို့ ပုံစံတစ်မျိုးမျိုးနဲ့ ပြကြရှာတာပါ။

ဒါပေမယ့် -

စောစောကပြောတဲ့ ရပ်ဆိုင်းသွားတဲ့နိမိတ်ကျတော့ လက်ရှိရှာဖွေနေတဲ့ စီးပွားအတွက် ရှင်သန်ခြင်းရဲ့ ဆန့်ကျင်ဘက်ဖြစ်သွားပါပြီ။ သူနေရာနဲ့သူပေ့။

ဒါကြောင့် ရပ်ဆိုင်းခြင်းနိမိတ်သေဆုံးခြင်းနိမိတ်ဟာ ရှင်သန်ထက်မြက်နေရမယ့်စီးပွားရေးနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်လို့ သူငယ်ချင်းကိုပြောခဲ့တာဖြစ်ပါတယ်။

ဘာမှမမရှာဘဲ ဒီတိုင်းထိုင်စားနေတာပါဆိုရင်တော့ ဘယ်သူမဆို ဘဏ်လို့ ဘာမှမဖြစ်ပါဘူး။

ဒါကလည်း -

လိုအပ်မယ်ထင်တဲ့သူတွေအားလုံး



www.burmeseclassic.com

www.burmeseclassic.com

သာပေးလိုက်တဲ့လက်ဆောင်ပါ။

လိုအပ်မယ်ထင်ရင် နောက်ထပ် အချိန်လေးယူပြီး နှစ်ခါ၊ သုံးခါလောက် ပြန်ဖတ်ကြည့်ပါဦးလို့ မေတ္တာရပ်ခံချင်ပါတယ်။

ဖတ်ပြီးတိုင်း ကောင်းတာပဲတွေးပါ။

ကောင်းတာပဲပြောပါ။

ကောင်းတာပဲပြောပါ ဆိုတာက ကိုယ့်စိတ်ထဲမှာ ကိုယ်နေမကောင်းတာကအစ သာယာမနေပါနဲ့။

တချို့ဆို တစ်နေရာမှာ အသိတွေ မိတ်ဆွေတွေနဲ့ဆုံပြီဆိုတာနဲ့ -

'ကျွန်မမှာသွေးတိုးရှိတယ်'

'ကျွန်မလည်း ဘာထူးလဲ၊ ဆေးနဲ့လူနဲ့မပြတ်ဘူး'

'အမယ် - ကျွန်မက ဆီးချိုရော၊ သွေးတိုးရော၊ အစာအိမ်ရော'

'ကျွန်မလည်း ဆီးချိုရှိတာပဲ၊ ဟို တောင်သွားကုမလားလို့'

ဆိုတာမျိုးတွေဟာ သာယာနေသလိုပါပဲ။ ကိုယ်နေမကောင်းတာကို သူများကမစစ်ရဘဲ ကိုယ့်ဟာကိုယ်တွင်တွင်ပြောနေတာမျိုးဖြစ်နေပါတယ်။

အဲဒီလိုလူတွေတွေ့လိုက်ရင် ဘယ်တော့မှနေကောင်းတယ်မရှိပါဘူး။ ဘာလို့လဲဆိုတော့ သူတို့အားရပါးရပြောတဲ့ သူတို့နေမကောင်းမှုတွေဟာ လေထဲမှာ အတော်ပဲ့လွင့်သွားလို့ပါပဲ။ ပဲ့တင်ထပ်သွားလို့ပါပဲ။

ဒါကြောင့် ချချာတာမပြုင်ပါနဲ့။

အရေးကြီးတာက ကျန်းမာနေဖို့ပါပဲ။ အဲဒါကသာ လာဘ်တစ်ပါးပါ။

လိုအပ်မယ်ထင်တာလေးတွေကို ရွေးပြီးလက်ဆောင်ပေးလိုက်တာဖြစ်ပါတယ်။

ဒါတွေမလိုပါဘူး ဆိုတဲ့သူတွေ အတွက်တော့ မဟုတ်ပါဘူး ဆိုတာကို ရှင်းပြရင်းနဲ့ပဲ -

နှစ်ဦးလက်ဆောင်ကို -

အစမှအဆုံးတိုင် ဖတ်ရှုပေးခဲ့တဲ့ အတွက် ကျေးဇူးတွေအများကြီးတင်ပါတယ်လို့ လေးလေးစားစား ဂါရဝစကား ဆိုရင်း -

နှစ်ဦးမှစ၍ -

ကျန်းမာခြင်း -

ချမ်းသာခြင်း -

အောင်မြင်ပြည့်စုံခြင်း -

များစွာနှင့်ပြည့်စုံနိုင်ကြပါစေ။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



# ဆရာဦးမောင်မောင်သန်း

## (ရင်ကိုအေးမြစေသား)

(၃၁) ကြိမ်မြောက်-

ထီဖွင့်ပွဲကြီးလာပါခေတ့်မည်။

ချမ်းသာကြသူများစွာ ပေါ်ထွန်းလာကြပေဦးတော့မည် ဖြစ်၏။

အလွန်မှပိတိဖြစ်ရပါသည်။

**တနင်္ဂနွေသားသမီးများ**

မတ်လ ၇၊ ၁၇၊ ၂၁၊ ၂၅ ရက်များတွင် ထီထိုးပါ။

ဘုရားရှင်အား ပန်းပေါင်းစုံ(၅)မျိုး၊ သစ်သီး (၅) မျိုးနှင့် ဆွမ်းတော်ကပ်လှူပါ။ (၃) ရက်၊ (၇) ရက် (သို့) (၅)ရက် ကပ်လှူပြီးမှ ထီထိုးပါ။

ဧပြီလတွင် ၆၊ ၄၊ ၈၊ ၇ ဂဏန်းများနှင့် ကံစမ်းနေပါသည်။

**တနလာသားသမီးများ**

BURMESE CLASSIC

မတ်လ ၈၊ ၁၁၊ ၁၅၊ ၁၈၊ ၂၅ ရက်များမှာ ထီထိုးပါ။

သရဏဂုံ-၃၀ ကို အနည်းဆုံး (၉) ရက် အဓိဋ္ဌာန်ဝင်ပြီး အဓိဋ္ဌာန်ပုတီးများ စိပ်ပါ။ (၅)ပတ် (သို့) (၁၀)ပတ်ရအောင် စိပ်ပါ။ (ဘုရားရှိခိုးစာအုပ်များထဲတွင် ရှာဖွေတွေ့ရှိနိုင်ပါသည်) ပြီးမှထီထိုးပါ။

ဧပြီလတွင် ၄၊ ၈၊ ၅၊ ၂၊ ၉ ဂဏန်းများနှင့် ကံစမ်းပါသည်။

**အင်္ဂါသားသမီးများ**

မတ်လ ၉၊ ၂၀၊ ၂၂၊ ၂၇ ရက်များတွင် ထီထိုးပါ။

အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲများတွင် အလှူဒါနပြုပါ။

အကယ်၍ ပူဇော်ပြီးသွားသောနေရာများမှာဆိုလျှင် ကိုယ်တိုင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ရွတ်ဖတ်ပူဇော်ပါ။ (၉) ရက်ပူဇော်ပါ။

ဧပြီလတွင် ၆၊ ၂၊ ၉၊ ၇ ဂဏန်းများနှင့် ကံစမ်းပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

မတ်လ ၇၊ ၁၃၊ ၂၁၊ ၂၄ ရက်များတွင် ထီထိုးပါ။

ဘုရားရှင်ကို နေ့စဉ် ဆွမ်း (၃)လုံး ကပ်လှူပါ။ (၉) ရက်ပြည့်ပြီးမှ ထီထိုးပါ။ ထီထိုးခါနီး တစ်ခုခုကျက်သောနိမိတ်ကိုမြင်လျှင်၊ ကြားလျှင် မထိုးပါနှင့်တော့။

ထီထိုးဖြစ်မှ ၄၊ ၈၊ ၇ ဂဏန်းများကို ရွေးထိုးပါ။

**ကြာသပတေးသားသမီးများ**

မတ်လ ၇၊ ၈၊ ၁၄၊ ၂၂၊ ၂၇ ရက်များတွင် ထီထိုးပါ။

မည်သည့်နေရာရပ်ကွက်တွင်မဆို ဘုရားရှင်ရုပ်ပွားတော်မြတ် ဒေသစာရီကြွ၍ အပူဇော်ခံယူတော်မူသော နိမိတ်ထူးကို မြင်သည်နှင့် ထီထိုးလိုက်ပါလေ။

ဧပြီလ ၆၊ ၅၊ ၂၊ ၉ ဂဏန်းများ ကံစမ်းပါသည်။

**သောကြာသားသမီးများ**

မတ်လ ၉၊ ၁၅၊ ၁၉၊ ၂၃ ရက်များမှာထီထိုးပါ။

မိုင်ပေါင်းများစွာ ဝေးလံသော ဒေသသို့ တန်ခိုးကြီးဘုရားဖူးသွားဖြစ်လျှင် ရုပ်ဝေးမှာ ထီထိုးခဲ့ပါ။ မသွားဖြစ်လျှင် သွားမည့်မိတ်ဆွေများနှင့် တစ်ဆင့် ထီထိုးခိုင်းလိုက်ပါ။

ဧပြီလတွင် ၆၊ ၄၊ ၈၊ ၇ ဂဏန်းများနှင့် ကံစမ်းသည်။

**စနေသားသမီးများ**

မတ်လ ၉၊ ၁၆၊ ၂၀၊ ၂၄၊ ၂၇ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူမှ ရုပ်ပွားတော်တစ်ဆူဆူအား ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးမှ ထီထိုးပါ။

ဧပြီလတွင် ၆၊ ၅၊ ၂၊ ၉ ဂဏန်းများနှင့် ကံစမ်းပါသည်။

၂၀-၃-၂၀၁၅ သောကြာနေ့တွင် (၇) ရက်သားသမီးမည်သူမဆိုထီထိုးပါ။ ၃-၁-၅-၂ ဂဏန်းတစ်လုံးလုံးပါပါစေ။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဝင်ကဗျာများ
# ပေါ်ပေါက်လာပုံနှင့်
# သဘာဝဖြစ်စဉ်များ

ရင်ကိုအေး မြစေသာ

၂၀၁၅ ခုနှစ်၊ ဧပြီလ

BURMESE CLASSIC .com

## တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကျိုးပေးဆုံးနံသင့်ပုဂ္ဂိုလ်မှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည်။ အကူအညီများတောင်းခြင်း၊ အကြံဉာဏ်များရယူခြင်း၊ တိုင်ပင်ခြင်းများပြုပါ။ (၂) ဂဏန်း ရှောင်ပြီးအလုပ်လုပ်ပါ။ လက်ဝတ်ရတနာဝင်မည်။ စက်ပစ္စည်းမမျှော်လင့်ဘဲဝင်မည်။ ငွေဝင်စေမည့်ဂါထာများဖြစ်သော ဒိဝါတပတိဂါထာ၊ ရှင်သီဝလိ-၁၀ဂါထာများကို နေ့စဉ်မပျက်မကွက်ရွတ်ဖတ်ပူဇော်ခြင်း၊ အမိဌာန်ပုတီးများစိပ်ခြင်းဖြင့် မလို အပ်သော ငွေကုန်ကြေးကျမှုများကင်းဝေးပါလိမ့်မည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက် များရှောင်ပါ။ ရင်ပြည့်စာများလွန်ကဲစွာမစားပါနှင့်။ ပြည့်အင့်နေအောင်မစားပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာ နေပါမည်။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းများကောင်းမည်။ ပညာရေးကောင်းနေပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ မိတ်ကောင်းဆွေကောင်းများတွေ့မည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ မမျှော်လင့်ဘဲ စိတ်ညစ်ရတတ်ပါသည်။ ခိုလေးများကို နေ့စဉ် အစာကျွေးပါ။ ငါးလေးတွေကို ခဏခဏအစာကျွေးပါ။ အရေးတကြီးကိစ္စတစ်ခုခုဆောင်ရွက် တော့မည်ဆိုလျှင် ဘုရားတစ်ဆူဆူကို အရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၅) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာကိစ္စဆီသွားပါ။ အောင်မြင်ပါလိမ့်မည်။ ထီထိုးရန်အတွက် (၄၊ ၈၊ ၅၊ ၆) ဂဏန်းတွေနှင့် ကံစပ်နေပြီး ဗုဒ္ဓဟူးနံ၊ ကြာသပတေးနံထီထိုင်တွေ့မှာထိုးပါ။

**ယတြာ ။ ။** *ကလေးများကို ရွှေရင်အေးတိုက်ကွေးဒါန်ပြုပါ။*

## တနလာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကျိုးပေးဆုံးနံသင့်ပုဂ္ဂိုလ်မှာ သောကြာ နာမည်ရှင်၊ သောကြာသားသမီးများဖြစ်ပါသည်။ တနလာသားသမီးများလည်း ဒုတိယအကျိုးပေးတတ်ပါသည်။ (၇) ဂဏန်း ရှောင်ပြီးအလုပ်လုပ်ပါ။ စက်ပစ္စည်းများပျက်၍ အသစ်ဝယ်မည်ဆိုလျှင် သေသေချာချာကြည့်ရှုစစ်ဆေးပြီးမှ ဝယ်သင့်၊ မဝယ်သင့် စဉ်းစားပါ။ လူမျိုးကွဲများနှင့်ကံမစပ်ပါ။ အမှုအခင်းဖြစ်နေတဲ့သူတွေကို အာမခံပေးတော့မည်ဆိုလျှင်လည်း စဉ်းစားပါ။ အိမ် ဝယ်မည်ဆိုပါက အကျိုးပေးတဲ့နာမည်ရှင်တွေနှင့်တိုင်ပင်ပါ။ အတိုက်အခံ ရန်များနေသည်ဟုထင်ပါက ဘုရားစေတီများသို့ မကြာမကြာသွားပြီး တံမြက်စည်းလှည်းပါ။ မီးလုံး၊ မီးချောင်းအကျွမ်းတွေထုတ်ပစ်ပါ။ ဆွေမျိုးသားချင်းတွေနှင့်ပတ်သက်ပြီး စကားပြောဆင်ခြင်ရပါမည်။ ပညာရေးကံတွေကောင်းနေမည်။ အိပ်ရေးပျက်လွန်စွာမခံပါနှင့်။ ကျန်းမာရေးကောင်းနေမည်။



www.burmeseclassic.com

www.burmeseclassic.com

ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ ခရီးတစ်ခုခုကြောင့်စိတ်ဝမ်းကွဲတတ်ပါသည်။ ငွေဝင်နေသော်လည်း လောင်းကစားမှန်သမျှ အကျိုးမပေး၍ ရှောင်ရပါမည်။ စိတ်အေးချမ်းမှုရှိအောင် တရားဘာဝနာများနှင့်နေထိုင်ပါ။ အလုပ်စာမေးပွဲဖြေထားသူများ အလုပ်ရရှိပါတော့မည်။ ရာထူးတိုးဖို့ မျှော်လင့်နေသူများ သတင်းကောင်းကြားရမည်။ ထိဝါသနာပါသူများ သောကြာနံ့၊ တနင်္လာနံ့ထိဆိုင်များတွင် (၆၊ ၄၊ ၂ ၉) ဂဏန်းများနှင့် ကံစမ်းနေပါသည်။

**ယတြာ ။ ။ *ဘုရားရှင်ကို သစ်သီး (၆) မျိုးနှင့် ပူဇော်ပါ။***

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး မည်သည့်ကိစ္စမဆို အကောင်းဆုံးအကျိုးပေးသည့်သူများမှာ ဗုဒ္ဓဟူးသားသမီး၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီး (၂) ပတ်၊ (၃) ပတ်ရအောင်စိပ်ပါ။ အမှုအခင်းဖြစ်နေသူများကို အာမခံပေးရမည်ဆိုလျှင် စဉ်းစားပါ။ လူမျိုးကွဲနှင့် အကျိုးမပေးသောကာလ ဖြစ်ပါသည်။ လောင်းကစားကိစ္စများကင်းအောင်နေပါ။ ကျန်းမာရေးကောင်းစေရန် အတွက် မကြာမကြာဆေးလှူပါ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများ သာယာနေစေရန် စကားပြောဆင်ခြင်ရပါမည်။ အပူသောကနှင့်ရောက်လာတတ်သောသူများကြောင့် အိမ်တွင်းရေးအဆင်မပြေဖြစ်ထတ်ပါသည်။ တတ်နိုင်သမျှ ကူညီပံ့ပိုးပေးခြင်းမျိုးပြုပါ။ ညအိပ်လက်ခံမည်ဆိုပါက စဉ်းစားပါ။ ဝဉ်ညာရေးကံများ ဒကောင်းလာစေရန် အပျော်အပါး၊ အပေါင်းအသင်းများနှင့် အချိန်ကုန်မခံပါနှင့်။ သွားချင်၊ လာချင်စိတ်တွေလျှော့ပါ။ ချစ်တတ်သူတွေ၏ နှလုံးသားရေးရာကိစ္စများ စကားပြောလွန်သွားသလိုမျိုးဖြစ်တတ်၍ ထိန်းပြောပါ။ ရာထူးထိုးကိစ္စများအတွက် ပဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်ပါ။ အရေးတကြီးကိစ္စရှိပါက ဘုရားစေတီတစ်ဆူဆူကိုအရင်သွားပြီး ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၈) တိုင် ထွန်းညှိပူဇော်ပြီးမှ လိုရာသွားပါ။ ထိထိုးရန်အတွက် ဗုဒ္ဓဟူးနံ့ထိဆိုင်တွင် (၄၊ ၈) ဂဏန်းများနှင့်စသောထီလက်မှတ်လေးများနှင့် ကံစမ်းနေပါသည်။

**ယတြာ ။ ။ *မွန်မမြင်များအား တွေ့သည့်နေရာမှာ ငွေကြေး အာဟာရထိရောက်စွာလှူပေးပါ။***

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် အကောင်းဆုံးကူညီနိုင်မည့်သူ၊ အကြံပေးမည့်သူများမှာ သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဆိုင်ကယ် (၃) ယောက်စီးခြင်းအထူးရှောင်ပါ။ ဆိုင်ကယ်မောင်း၊ ကားမောင်းလည်းမလောပါနှင့်။ အတိုက်အခံများနေလျှင် ဝ စကြာဂါထာ၊ သမ္မဒ္ဓေဂါထာတွေကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ပညာရေးကံများပို၍ကောင်းလာစေရန် စာသင်သားရဟန်းတော်၊ စာသင်သားကိုရင်လေးများကို လိုအပ်သောစာအုပ်စာရေးကိရိယာများလှူပါ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးများသာယာနေစေရန် စကားတစ်ခွန်းကို နားပူအောင်ပြောမနေပါနှင့်။ အပူများတဲ့သူလာညည်းနေရင်လည်း အားရပါးရနားမထောင်ပါနှင့်။ အကြောင်းကိစ္စရှိတိုင်း ဘုရားစေတီတစ်ဆူဆူကိုသွားပြီး ရုပ်ပွားတော်ရှေ့မှာ ဖယောင်းတိုင် (၉) တိုင် ထွန်းညှိပူဇော်ပြီးမှသွားပါ။ ကျန်းမာရေးအတွက် ဖုဋ္ဌဿဂါထာကိုပုတီးစိပ်ပါ။ ဆေးလှူပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ စိတ်ချမ်းသာမှုရှိစေရန် စာကလေးခဏခဏ လွှတ်ပေးပါ။ ငါးအရှင်လေးများ လွှတ်ပေးပါ။ မမျှော်လင့်ဘဲ ရာထူးတိုးပြီး ပြောင်းတာမျိုးဖြစ်တတ်ပါသည်။ ငွေကုန်များတတ်သော်လည်း ထပ်ဝင်လာပါလိမ့်မည်။ စက်ပစ္စည်းဟောင်းများရှိပါက ပြင်လို့ရလျှင်ပြင်ပြီး မရပါက စွန့်ထုတ်ပစ်လိုက်ပါ။ ထိဝါသနာပါသူများ သောကြာနံ့ထိဆိုင်တွင် (၆၊ ၄၊ ၈၊ ၂ ၉) ဂဏန်းတွေပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *စိတ်ရောဂါဝေဒနာရှင်များကို ကူညီပါ။ ထောက်ပံ့ပါ။ ငွေ၊ အာဟာရလှူပေးပါ။***

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးအကျိုးပေးသူ၊ ကူညီမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများဖြစ်ပါသည်။ စနေနာမည်ရှင်များတို့က အကျိုးပေးပါသော်လည်း အဝေးမှာရောက်နေသောကြောင့် ထင်သလောက် အားကိုး၍မရဘဲဖြစ်နေတတ်ပါသည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စပ်တူရွယ်ယာလုပ်ငန်းများအားလုံး အကျိုးမပေးသေး၍ ရှောင်လိုက်ပါ။ ကျန်းမာရေးကောင်းနေစေရန် ဦးခေါင်းမကောင်းသူတွေကို ဆေးလှူပါ။ ငွေကြေးတတ်နိုင်သမျှလှူပါ။ ရွှေပြားသက်နံကပ်လှူခြင်းများလည်းပြုပါ။ ပညာရေးတွင် အောင်မြင်မှုများရစေရန် ဆက်တိုက်ကြိုးစားရပါလိမ့်မည်။ သို့သော် အိပ်ရေးလွန်စွာမဖျက်ပါစေနှင့်။ သူငယ်ချင်းများနှင့် အချိန်ကုန်မခံပါနှင့်။ အပူနှင့်ရောက်လာသော အိမ်ထောင်ပျက်သူ၊ အမှုအခင်းဖြစ်သူ၊ သူစိမ်းများ ညအိပ်လက်ခံတော့မည်ဆိုလျှင် အများကြီးစဉ်းစားပါ။ ကိုယ့်အိမ်ထောင်ရေးတွင် ပြဿနာများ မမျှော်လင့်ဘဲပေါ် တတ်ပါသည်။ ငယ်ရွယ်သူများအတွက် ချစ်သူအပြိုင်ပေါ် တတ်သည်။ သို့သော် ကိုယ့်စေတနာအတိုင်း ကိုယ်သာလျှင် ပိုင်ဆိုင်ဖြစ်သွားပါလိမ့်မည်။ အကြောင်းကိစ္စရှိပါက ဘုရားစေတီ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆူဆူသို့သွား၍ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ရွှက်လှုပ်နန်းများ ကပ်လှူပူဇော်ပြီးမှသွားပါ။ ထိုဝါသနာရှင်များအတွက် ဘုဒ္ဓဟူးနံထိဆိုင်များတွင် (၄၊ ၈၊ ၆၊ ၇) ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ယတြာ ။ ။ *ဘုရားရှင်အား ပန်းပေါင်းစုံ (၆) မျိုးနှင့် ပူဇော်ပါ။***

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကျိုးပေးမည့်သူများမှာ တနလ်းနာမည်ရှင်၊ တနလ်းသားသမီးများ ဖြစ်ပါသည်။ ဘုဒ္ဓဟူးနာမည်ရှင်၊ ဘုဒ္ဓဟူးသားသမီးများလည်း အကျိုးပေးပါမည်။ (၃) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ယခုလအတွင်း စက်ပစ္စည်းဟောင်းတွေမဝင်ပါစေနှင့်။ အစုတ်များရှိပါက အမြန်စွန့်ထုတ်ပစ်လိုက်ပါ။ အတိုက်အခံများရှိပါက သမ္မဒ္ဒေဂါထာ၊ 'ဝ' စကြာဂါထာကို နေ့စဉ်ပုတီး (၁) ပတ်ရအောင် စိပ်ပါ။ စာကလေးတွေကို ဆန်ပက်ကျွေးပါ။ နီးရာ ဘုရားစေတီကိုမကြာမကြာသွားပြီး ရင်ပြင်တော်တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။ အိမ်တွင်းရေးများကလည်း စိတ်ချမ်းသာမှုရရှိပါတော့မည်။ ကျန်းမာရေးကောင်းနေစေရန် စိတ်ကျန်းမာရေးညံ့နေသူများအား အာဟာရ၊ ငွေလျှုဒါန်းပါ။ ဖုဋ္ဌဿဂါထာတော်ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ပညာရေးကံဆက်တိုက်ကောင်းနေပါသည်။ ကြိုးစားလေ အောင်မြင်လေဖြစ်မည်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ အစစအဆင်ပြေပါမည်။ လုပ်ငန်းခွင်မှာ ရာထူးတိုးတက်ပြောင်းလဲပြီး ကြီးမားတဲ့တာဝန်တွေ ထမ်းဆောင်ရတတ်ပါသည်။ အောင်မြင်မှုများရရှိပါလိမ့်မည်။ ထီထိုးရန်အတွက် ဘုဒ္ဓဟူးနံ၊ တနလ်းနံ ထီဆိုင်များတွင် (၄၊ ၈၊ ၅၊ ၂ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ယတြာ ။ ။ *ယခုလ တစ်ရက်အချိန်ယူပြီး ဘုရား (၉) ဆူပြည့်အောင်သွားရောက်ဖူးမြော်ပါ။***

## စနေသားသမီးများ

BURMESE CLASSIC .com

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကျိုးပေးမည့်သူများမှာ သောကြာနာမည်ရှင်၊ စနေနာမည်ရှင်များဖြစ်ပါသည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အလှူမင်္ဂလာပွဲများတွင် ပါဝင်ဆောင်ရွက်ပေးရခြင်း၊ ကိုယ်တိုင်လည်း အလှူအတန်းများလုပ်ဖြစ်ခြင်းတို့ကြောင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေမည့်လ ဖြစ်ပါသည်။ ဘုရားဖူးခရီးစေ့မြားလည်းထွက်ဖြစ်မည်။ အဓိဋ္ဌာန်များ ထူးထူးခြားခြားအောင်မြင်လာပါလိမ့်မည်။ ရတနာမြတ် (၃) ပါးရဲ့ ဂုဏ်ကျေးဇူးတော်ကို ဦးထိပ်ထားပြီး အဓိဋ္ဌာန်တွေခဏာခဏဝင်ပါ။ ကျန်းမာရေးကောင်းနေစေရန် စာကလေးများလွှတ်ခြင်း၊ ဆေးလှူခြင်းများ ဆောင်ရွက်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ လမ်းများများလျှောက်ပေးပါ။ ပညာရေးကောင်းပါသည်။ အခြားကိစ္စတွေအတွက် အချိန်ပေးရတာများလွန်းပြီး ပညာရေးဘက်ကို ပေါ့နေတတ်ပါသည်။ ကိုယ့်ပညာရေးကိုလည်း အာရုံစိုက်လိုက်ပါ။ စာသင်သား သံယာတော်၊ သီလရှင် စသည်တို့ကို စာအုပ်၊ ဘောလ်ပင်များလှူပါ။ အောင်မြင်မှုများရရှိပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ၊ လူမှုရေးကိစ္စများ စသည်တို့တွင် စိတ်ကသိကအောက်ဖြစ်ရတတ်၍ နေ့စဉ် ၂၄-ပစ္စည်းကို (၂၄) ဆောင်ရွက်ပါ။ ဘုရားစေတီတွေမှာ မကြာခဏတံမြက်စည်းသွားလှည်းပါ။ အထူးသဖြင့် အိပ်ရာအနားတွင် စုက်ပစ္စည်းအဟောင်းအစုတ်တွေမရှိပါစေနှင့်။ ချစ်တတ်သူတွေကတော့ ငါးအနှင်းလေးတွေ ခဏခဏလွှတ်ပေးပါ။ ထီထိုးရန်အတွက် (၆၊ ၃၊ ၇၊ ၄) ဂဏန်းတွေကိုပါအောင်ရွေးချယ်ပါ။ ခရီးသွားရင်းလမ်းမှာထိုးခဲ့ပါ။

**ယတြာ ။ ။ *နဂါးရုံဘုရားတစ်ဆူဆူသို့သွားပါ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ဖတ်ပူဇော်ပြီး သက်ဆိုင်ရာများအားထုံးကို အမျှပေးဝေပါ။***

ရင်ကိုနေအားမြေစသဘင်

# ဆရာဦးမောင်မောင်သန်း

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက်၊ ငေါင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com